# စာစဥ် ၂၀ : အပိုင်း ၁

## အပိုင်း ၃၅၁ : ငါကမင်းကို မထိန်းနိုင်ဘူးလို့ မင်းကထင်နေတာလား?

"ရှီးဟောင်၊ ဘာကိစ္စများလဲ?" ယခုအချိန်တွင် လင်းဖုန်းသည်၊ သူ့အား မည်သို့ကိုင်တွယ်ရမည်ကို အနည်းနှင့်အများ သိနေခဲ့ပြီ ဖြစ်သည်။

သူက ကျီစယ်လာသည့်အချိန်တွင် အကောင်းဆုံး တုံ့ပြန်မှုမှာ၊ သူ၏ပေါက်ကရများကို ပြန်မဖြေပဲ

စကားလမ်းကြောင်း ပြောင်းလိုက်ခြင်းသာ ဖြစ်သည်။

သင်သည် မြောင်ရှီးဟောင်နှင့် အငြင်းပွားသည့် အချိန်တွင်၊ သူသည် စကားအစအနကို လိုက်၍ အတင့်ပိုရဲလာကာ ရောင့်တက်လာမည် ဖြစ်သည်။ သင်သည် သူ့အား ဒေါသထွက်လာသည့် အချိန်တွင်၊ သူက သင့်အား ဂရုစိုက်ခြင်းကို ပြသနေသကဲ့သို့ နေကာ၊ သူက ဘာမှမများသကဲ့သို့ ဟန်ဆောင်နေမည် ဖြစ်သည်။

ထို့ကြောင့်ပင် ထိုကဲ့သို့ ဖြစ်ရပ်များကို
ကိုင်တွယ်ရာတွင် အကောင်းဆုံးမှာ၊
စကားလမ်းကြောင်းကို လေးနက်သော
အကြောင်းအရာများသို့ အလျှင်အမြန်
ပြောင်းလိုက်ခြင်း ဖြစ်သည်။

မြောင်ရှီးဟောင်သည် ပေါ့ပျက်ပျက်ပုံစံမျိုး
ပေါက်နေခဲ့သော်လည်း၊ သူ၏
မျက်လုံးမှတဆင့် လင်းဖုန်းသည် သူ့အား
သတင်းတစ်ခု ပေးစရာရှိသည်ကို
ခန့်မှန်းနိုင်ခဲ့သည်။

မြောင်ရှီးဟောင်သည် သူ၏နှုတ်ခမ်းများကို တွန့်လိုက်ကာ၊ လင်းဖုန်းအား အနည်းငယ် ဝမ်းနည်းသည့် ပုံစံမျိုးဖြင့် ကြည့်လိုက်သည်။ လင်းဖုန်းသည် သူ၏ တစ်ကိုယ်လုံးမှ ကြက်သီးမွေးညင်းများ ထလာသည်ကို ခံစားလိုက်ရသည်။

"ထျန်းဟောင်နဲ့ ထွမ်းထွမ်းတို့ ဖမ်းခေါ်လာခဲ့တဲ့ မြေခွေးမိစ္ဆာကို ကျွန်တော်ကြည့်ပြီးသွားပြီ" မြောင်ရှီးဟောင်သည် သူ၏ညာလက်ကို မြှောက်လိုက်ကာ၊ ဆွဲဆောင်မှု ရှိလှစွာဖြင့် သူ၏ဆံပင်အား သပ်တင်လိုက်သည်။

"ဒီအမြီးရှစ်ခု မြေခွေးက မိစ္ဆာသခင် စွမ်းအားတွေကို ပိုင်ဆိုင်ထားတယ်။ ပြီးတော့ သူက မီးတောက်မြေခွေးလည်း ဖြစ်တယ်။ သူမရဲ့ အကောင်းဆုံး အချိန်မှာ၊ ကျွန်တော်က သူမရဲ့ ပြိုင်ဘက်မဟုတ်ဘူး"

"ကျွန်တော်က အခြေတည်ဝိညာဉ် နောက်ဆုံး အဆင့်ကို ရောက်ရှိသွားပြီး၊ ကျွန်တော့်ရဲ့ စကြာဝဠာ ပုံသဏ္ဍာန်ကို ဖန်ဆင်းနိုင်မယ်ဆိုရင်တော့၊ ကျွန်တော်က သူမကို တိုက်ခိုက်နိုင်စွမ်း ရှိမယ်"

လင်းဖုန်းက သူ၏ခေါင်းအား ညိတ်လိုက်သည်။ "ထွမ်းထွမ်းရဲ့ အဆိုအရဆိုရင်၊ ဒီမိန်းဓာရဲ့ နာမည်က ဟူရန်ရန်တဲ့။ သူမက မဟာလွင်တီးခေါင် ကုန်းမြေမှာ နာမည်အတော်ကြီးပြီး၊ သူမကို မီးတောက်မြေခွေး သခင်လို့ ခေါ်ကြတယ်တဲ့။ သူမက အမြီးကိုးခု ကောင်းကင်မြေခွေးရဲ့ အချစ်ဆုံး သမီးပဲ"

မြောင်ရှီးဟောင်သည် သူ၏မျက်ခုံးမွေးများကို ညင်သာစွာနှင့် ဆွဲနှုတ်လိုက်သည်။ "အိုး၊ သူမလား? ကျွန်တော်က ဟူရန်ရန်ဆိုတဲ့ နာမည်ကို ကြားဖူးတယ်။ သူမက

လက်ရှိမျိုးဆက်တွေထဲမှာ အထင်ရှားဆုံး မိစ္ဆာတစ်ယောက် ဖြစ်တယ်။ သူမက ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတရဲ့ တပည့်ဖြစ်တဲ့ လုံရဲ့နဲ့၊ အဆင့်တစ်ဆင့်ထဲမှာ ရှိနေတယ်"

ပြီးတာနှင့် မြောင်ရှီးဟောင်၏ မျက်နှာသည် ရုတ်ချည်းပင် ပြောင်းလဲသွားခဲ့၏။ သူသည် လင်းဖုန်းအား မိတ်ဆွေမဆန်သော အကြည့်ဖြင့်၊ ခြေဆုံးခေါင်းဆုံး ကြည့်နေခဲ့သည်။

လင်းဖုန်းက သူ့အား ထူးဆန်းစွာဖြင့် ကြည့်လိုက်ကာ မေးလိုက်သည်။ "မင်းကဘာများ လုပ်နေတာလဲ?"

မြောင်ရှီးဟောင်က သူ့အား လေးနက်သည့် မျက်နှာထားနှင့် မေးလိုက်သည်။ "အရှင်၊ အရှင်က ဟိုမြေခွေးမိစ္ဆာကို စွဲမက်နေပြီမလား?"

လင်းဖုန်းက သူ့အား မျက်လုံးပြူးကာ ကြည့်လိုက်သည်။ "အဓိပ္ပာယ် မရှိတာတွေ!"

"အာ? အရှင်က မသိဘူးလား?"
မြောင်ရှီးဟောင်၏ မျက်နှာသည်
လေးနက်နေသေးသော်လည်း၊ သူ၏ကိုယ်မှာ
ပြေလျော့သွားခဲ့သည်။ သို့သော်လည်း
သူသည် လင်းဖုန်းအား လေးနက်စွာဖြင့်၊
စိုက်ကြည့်နေဆဲ ဖြစ်သည်။ "အရှင်၊ အရှင်က
ဟူရန်ရန်အကြောင်း
ဘယ်လောက်သိထားလဲ?"

လင်းဖုန်းသည် သူ၏မျက်ခုံးများကို
အနည်းငယ် တွန့်လိုက်ကာ
ပြန်ဖြေလိုက်သည်။ "ဒီနေ့အချိန်အထိတော့
ထွမ်းထွမ်းပြောသလောက်ပဲ

သိထားသေးတယ်။ ဒီမိစ္ဆာက
ဘာများထူးခြားနေလို့လဲ?"

"ဒါက ပြဿနာပဲ.." မြောင်ရှီးဟောင်က
တိုးညင်းစွာ ပြောလိုက်သည်။ သို့သော်လည်း
သူ၏ခေါင်းကို မော့လိုက်ကာ၊ လင်းဖုန်းအား
အမူအရာ ကင်းမဲ့စွာဖြင့် ကြည့်လိုက်သည်။
"ပြဿနာ မရှိဘူး၊ ဘာပြဿနာမှ မရှိပါဘူး။
ဘာမှမဖြစ်ဘူး၊ အရှင်က မသိလေ
ပိုကောင်းလေပဲ"

သူက ပြီးတာနှင့် ရေရွတ်နေခဲ့သည်။
"ဒီမြေခွေးမိစ္ဆာက

လူပုံဖန်ဆင်းနိုင်လောက်အောင်
မတည်ငြိမ်သေးဘူး။ အင်၊ ဒါဆိုရင် ပြဿနာ
မရှိပါဘူး။ မသိတာပဲ ကောင်းပါတယ်၊
မသိတာက အမြဲတမ်း ပိုကောင်းပါတယ်"

လင်းဖုန်းသည် သူ၏အရှေ့သို့
လျှောက်လာခဲ့ကာ မေးလိုက်သည်။
"ဘာဖြစ်နေတာလဲ? မသိတာက အမြဲတမ်း
ပိုကောင်းတယ်ဆိုတာ၊ ဘာကို ဆိုလိုတာလဲ?'

"ဘာမှမဟုတ်ဘူး၊ ဘာမှမဟုတ်ဘူး!"
မြောင်ရှီးဟောင်သည် ရယ်လိုက်ကာ၊
လင်းဖုန်းသည် တည်ငြိမ်စွာနှင့်

သူ့အားစိုက်ကြည့်နေသည်ကို တွေ့လိုက်ရသောအခါ၊ သူ၏စိတ်ထဲတွင် နောင်တ အနည်းငယ် ရသွားခဲ့သည်။

သူ၏ပါးစပ်သည် တွန့်သွားခဲ့ကာ၊ ရုတ်တရက်ပြောလိုက်သည်။ "အရှင်၊ ကျွန်တော်ဒီကနေ့ လာရတဲ့ အဓိက အကြောင်းရင်းက၊ ဟိုဟာင်းလင်းပြင် ဘုရားကျောင်းက အမှိုက်ကောင်တွေကြောင့်ပဲ"

လင်းဖုန်းသည် မြောင်ရှီးဟောင်အား အေးစက်စွာနှင့် စိုက်ကြည့်နေခဲ့သည်။

မြောင်ရှီးဟောင်သည် နဂိုပုံစံအတိုင်း ပေါ့တန်တန် မနေခဲ့ပဲ၊ အလွန်အမင်း လေးနက်သည့်ပုံ ပေါက်နေခဲ့သည်။

ထို့ကြောင့်ပင် လင်းဖုန်းသည်၊ ဤလူဆိုးက စကားလမ်းကြောင်း လွှဲချင်နေသည်ကို သိနေခဲ့ခြင်း ဖြစ်သည်။

"ဘာကိစ္စလဲ၊ ပြောကြည့်လေ" လင်းဖုန်းသည် သူ၏မျက်လုံးများအား ထောင့်ကပ်လိုက်၍၊ ထပ်မမေးတော့ပေ။ ထို့အစား သူသည် မြောင်ရှီးဟောင်အား ဆက်ပြောစေခဲ့သည်။

မြောင်ရှီးဟောင်သည် အသက်ကို ညင်သာစွာ ရှူထုတ်လိုက်ကာ ပြောလိုက်သည်။ "ကျွန်တော်က ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ အတွင်းသတင်း တစ်ခုကို ရခဲ့တယ်။ တာအိုခြေလှျင် ခရီးသည် ပန်ကျဲဟာ ရာထူးအချခံလိုက်ရပြီး၊ အခုအချိန်မှာ ပိုင်ယွင်တောင်မှာ တံခါးပိတ်ပြီး လေ့ကျင့်နေတယ်တဲ့"

သူက အချိန်အနည်းငယ်မျှ ရပ်သွားပြီး ဆက်ပြောလိုက်သည်။ "သူ့ကိုကြည့်ရတာ၊ တစ်ဆို့ကြန့်ကြာနေတဲ့ အတားအဆီးတွေကို ချိုးဖောက်သွားနိုင်ပြီး၊ အခုအချိန်မှာ

အင်မော်တယ် ဝိညာဉ် အဆင့်ကို
ရောက်အောင် ကြိုးစားနေတယ်နဲ့ တူတယ်!"

လင်းဖုန်းသည် ကောင်းကင်သို့
မော့ကြည့်လိုက်သည်။ "လက်စသတ်တော့
ဒီလိုကိုး.."

ဟင်းလင်းပြင် ဘုရားကျောင်းမှ
ဗဟိုတပည့်များသည် သာမန်လူများ
မဟုတ်ကြပေ။ အစပထမတွင် ပန်ကျဲသည်
ရှုကျိုးတိုက်ပွဲတွင် ရှုံးနိမ့်သွားသောအခါ၊ သူ၏
ဂုဏ်သိက္ခာသည် အကြီးအကျယ်
ကျဆင်းသွားခဲ့သည်။ သို့သော်လည်း

သူ၏ဆုံးရှုံးမှု အတိုင်းအတာ အစစ်အမှန်အား၊ သူတစ်ယောက်တည်းသာ သိပေသည်။

"နောက်ထပ် တာအိုခြေလျှင် ခရီးသည် အသစ်က ဘယ်သူများ ဖြစ်လာမလဲ?" လင်းဖုန်းသည် သိလိုစိတ် ပြင်းပြနေခဲ့သည်။ "ယန့်မင်းရွဲ့က ဒီနေရာကို ဒုတိယအကြိမ် ယူနိုင်မှာ မဟုတ်ဘူး။ သူမက တခြားနည်းနဲ့ အကျိုးအမြတ် ရရှိနိုင်မှာ ဖြစ်ပေမဲ့၊ တာအိုခြေလျှင် ခရီးသည် နေရာကို ထပ်မရနိုင်တော့မှာ သေချာနေတယ်။ သူမဟာ ဟင်းလင်းပြင် ဘုရားကျောင်းရဲ့

သမီးတော် အဖြစ်ကို အခေါ်ခံရဖို့ ပိုပြီးတော့ သင့်တော်တယ်"

မြောင်ရှီးဟောင်သည်လည်း သူ၏ခေါင်းအား သဘောတူစွာဖြင့် ညိတ်လိုက်၏။ သူ၏နှုတ်ခမ်းများအား ကွေးလိုက်ကာ၊ သူသည် ရှီးတိုးရှန့်တန့် ပုံစံဖြင့် ပြုံးလိုက်သည်။ "အရှင်ပြောတာမှန်တယ်။ ယန့်မင်းရွဲ့က ပိုင်ယွင်တောင်ကို ပြန်တဲ့အခါ၊ သူမက တာအိုခြေလျှင် ခရီးသည် ရာထူးကိုတော့ ပြန်ယူတော့မှာ မဟုတ်ဘူး။ ဟင်းလင်းပြင် ဘုရားကျောင်းက သူမကို ဘယ်လို

စီစဉ်ပေးမလဲ ဆိုတာကိုတော့၊ ဘယ်သူကမှ မသိဘူး"

"တာအိုခြေလျှင် ခရီးသည် အသစ်အနေနဲ့ကတော့..." မြောင်ရှီးဟောင်၏ အမူအရာသည် အတန်ငယ် လေးနက်လာခဲ့ကာ၊ ဖြည်းညင်းစွာဖြင့် ပြောလိုက်သည်။ "ဒီကအစ်ကို ရှီးဟောင်က သတင်းတချို့တော့ ကြားထားတယ်။ ဒါပေမဲ့ ဒါက တီးတိုးပြောနေကြတဲ့ စကားတစ်ခုသာ ဖြစ်တယ်"

"တာအိုခြေလျှင် ခရီးသည် အသစ်ဟာ၊ ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ မျိုးဆက်သစ် တပည့်တွေရဲ့ အထဲက မဖြစ်နိုင်ဘူး။ သူက ယန့်မင်းရှဲ့နဲ့ ပန်ကျဲတို့ရဲ့ ဂျူနီယာတွေ မဖြစ်နိုင်ပဲ၊ သူတို့ အုပ်စုထဲက ဒါမှမဟုတ် သူတို့ရဲ့ စီနီယာ တစ်ယောက်တောင် ဖြစ်နိုင်တယ်"

လင်းဖုန်း၏ မျက်လုံးအစုံမှာ တောက်ပလာခဲ့သည်။ "အိုး၊ သူက ရှေ့ဆောင်လမ်းစဥ် ပါတီက ဖြစ်မလား၊ ဒါမှမဟုတ် ကွန်ဆာဗေးတစ် ပါတီကပဲ ဖြစ်မလား?"

မြောင်ရှီးဟောင်သည် သေချာသည့် ပုံစံဖြင့် ပြောလိုက်သည်။ "သံသယ ဖြစ်ဖွယ်ရာ မရှိပဲ၊ ကွန်ဆာဗေးတစ် ပါတီက ဖြစ်လိမ့်မယ်"

လင်းဖုန်းသည် ဘာမှဆက်မပြောခဲ့ပဲ၊ သူ၏ခေါင်းအတွင်းတွင် အတွေးပေါင်း မြောက်မြားစွာ ပေါ်လာခဲ့သည်။ သူ၏နေရာကို ဆက်ခံသူသည် သူ့လိုပင် ရှေ့ဆောင်လမ်းစဥ် ပါတီမှ ဖြစ်ခဲ့ပါမူ၊ ပန်ကျဲ၏ ရာထူးမှ စွန့်လွှတ်မှုသည် သိပ်ပြီးမှ ပြဿနာရှိမည် မဟုတ်ပေ။

ဘာပဲပြောပြော၊ ပန်ကျဲသည် အမှားအယွင်း လုပ်မိသည် မဟုတ်ပေ။ သူသည် သူ၏ အမှားများကို ပြန်လည်ပေးဆပ်သည့် အနေဖြင့်၊ ရာထူးမှ နှုတ်ထွက်သွားသည်နှင့် မတူချေ။ အနည်းနှင့်အများ ဆိုသလို၊ သူသည် ယန့်မင်းရွဲ့၏ ချောက်ချခြင်းကို ခံခဲ့ရပေသည်။

သို့သော်လည်း ယခုအချိန်တွင် ကွန်ဆာဗေးတစ်ပါတီမှ အဖွဲ့ဝင်တစ်ယောက်သည်၊ ပန်ကျဲ၏ နေရာသို့ ဝင်ရောက်ခဲ့ပြီ ဖြစ်သည်။ ဒါသည် ဘာကိုဆိုလိုနေသနည်းဆိုလျှင်၊ ဟင်းလင်းပြင် ဘုရားကျောင်း အတွင်းတွင် ကွန်ဆာဗေးတစ်

ပါတီနှင့် ရှေ့ဆောင်လမ်းစဉ် ပါတီတို့က ပဋိပက္ခအကြီးကြီး ဖြစ်ခဲ့ခြင်း၊ သို့မဟုတ် နှစ်ဦးနှစ်ဘက်တို့က အတိုက်အခိုက် ခေတ္တရပ်စဲထားခဲ့ခြင်းတို့ ဖြစ်နိုင်ပေသည်။

လင်းဖုန်းက ပြုံးလိုက်သည်။ "တာအိုခြေလျှင် ခရီးသည် အသစ်ဟာ လျှို့ဝှက်ဆန်းကြယ်တယ် ဆိုပေမဲ့၊ အနေးနဲ့အမြန် သူက သူ့ကိုယ်သူ ဖော်ပြရမှာပဲ"

မြောင်ရှီးဟောင်က ခေါင်းညိတ်လိုက်သည်။ "အရှင်ပြောတာ မှန်တယ်"

"ဒါဆိုရင် မိစ္ဆာမြေခွေးက..." လင်းဖုန်းက မူလ အကြောင်းအရာကို စကားပြန်စလိုက်၏။

မြောင်ရှီးဟောင်၏ မျက်နှာသည် အနည်းငယ် ပြောင်းလဲသွားခဲ့ကာ၊ ကောင်းကင်သို့ ကြည့်လိုက်၍ သမ်းဝေလိုက်သည်။ "အရှင်၊ ကျွန်တော်က ဒီရက်ပိုင်းအတွင်း ကောင်းကောင်း မအိပ်ရသေးဘူး။ တစ်ရေးပြန်ပြီး အိပ်လိုက်ဦးမယ်။ စိတ်လျှော့၊ စိတ်လျှော့"

ပြီးတာနှင့် လင်းဖုန်းဘာမှ ပြန်မပြောနိုင်ခင်တွင်၊ သူသည် အဝေးသို့ လျှောက်သွားခဲ့သည်။

အဝေးမှ မြောင်ရှီးဟောင်၏ လှုပ်ခါနေသော ခါးကိုကြည့်လိုက်ရင်း၊ သူသည် အလျင်စလိုပုံမပေါက်အောင် အတင်းထိန်းချုပ်ထားနေခဲ့ကြောင်းကို သတိပြုမိလိုက်သည်။ လင်းဖုန်းသည် ရယ်ချင်စိတ် ပေါက်လာခဲ့ကာ၊ "မင်းကငါ့ကို ဖုံးလို့ရမယ် ထင်နေတာလား? ရှီးဟောင်၊ မင်းက နုပါသေးတယ်"

နောက်ဆုံးတွင် လင်းဖုန်းသည် မြောင်ရှီးဟောင်အား ကိုင်တွယ်ရန်၊ နည်းလမ်းတစ်ခုအား ရရှိသွားခဲ့ပြီ ဖြစ်၍ အမတန်ကိုမှ ပျော်ရွှင်နေခဲ့သည်။ ထို့အပြင် မြောင်ရှီးဟောင် မပြောလည်း၊ သူသည် ဟူရန်ရန် အကြောင်းကို ပို၍သိရှိရန် နည်းလမ်းရှာနိုင်မည် ဖြစ်သည်။

"သူက ဘာကိုများ ဖုံးကွယ်ထားချင်နေတာလဲ?" လင်းဖုန်းသည် ချက်ချင်းပင် စိတ်ဝင်စားလာခဲ့သည်။ သူသည် ထွမ်းထွမ်းအား ခေါ်လိုက်ကာ မေးလိုက်သည်။ "ဟူရန်ရန်နဲ့ ပတ်သတ်ပြီးတော့ မင်းအရင်က

ပြောပြထားတဲ့ အချက်အလက်တွေအပြင်၊
ငါသိထားသင့်တဲ့ အချက်တွေ ဘာရှိသေးလဲ?"

ထွမ်းထွမ်းသည် မဟာလွင်တီးခေါင်
ကုန်းမြေတွင် ကြီးပြင်းလာခဲ့သူ ဖြစ်သည်။
သူမသည် မိစ္ဆာကလန်များနှင့် ပတ်သတ်၍၊
မြောင်ရှီးဟောင်ထက် အများကြီး
ပိုသိနိုင်ပေသည်။ ထို့အပြင် သူမသည်
ကောင်းကင်မြေခွေး မျိုးနွယ်စုနှင့် ဆက်ဆံရေး
မကောင်းသဖြင့်၊ ရန်သူအကြောင်းကို
ပိုမိုသိရှိနိုင်မည် ဖြစ်သည်။

လင်းဖုန်းစဥ်းစားမိသလောက်ဆိုလျှင်၊ ကောင်းကင်မြေခွေး မျိုးနွယ်စုတို့၏ အကြောင်းကို စုံစမ်းချင်လျှင် မေးမြန်းဖို့ အသင့်တော်ဆုံးသူမှာ ထွမ်းထွမ်းပင် ဖြစ်သည်။

မည်သူက သိထားမည်နည်း၊ ထိုစကားကို ကြားပြီးသောအခါ ထွမ်းထွမ်းသည် မှင်သက်သွားခဲ့၏။ သူမ၏ မျက်နှာပေါ်တွင် ထူးဆန်းသော အမူအရာတစ်ခု ပေါ်လာခဲ့ပြီး၊ လင်းဖုန်းအား အချိန်အတန်ကြာ စိုက်ကြည့်နေခဲ့သည်။ သူ့အား အထင်သေးစွာဖြင့်ကြည့်၍ ပြောလိုက်သည်။

"ရှင်က ဟန်ဆောင်ထားနေပေမဲ့၊
ရှင်တို့ယောက်ျားတွေ အားလုံးက
တစ်ပုံစံထဲပါပဲ!"

လင်းဖုန်းသည် သူမ၏ အပြုအမူကြောင့်
ပါးစပ်အဟောင်းသား ဖြစ်သွားခဲ့သည်။
သူသည် အခြေအနေကို မည်ကဲ့သို့
တုံ့ပြန်ရမည်ကို မသိပဲ၊ ထွမ်းထွမ်းအား
လည်ဂုတ်မှ ဆွဲကိုင်ကာ လေပေါ်သို့
မြှောက်လိုက်သည်။ "ကောင်မစုတ်လေး၊
အသားမနာသေးတော့ ကန်းတက်နေတယ်၊
ဟုတ်လား?"

"ငါ့ကိုအောက်ချ၊ ငါ့ကိုအောက်ချ!"
ထွမ်းထွမ်းသည် လေထဲတွင် သူမ၏
ခြေထောက်အစုံကို ယက်ကန်ယက်ကန်
လုပ်နေ၍၊ အဆက်မပြတ် ရုန်းကန်နေခဲ့သည်။
သူမသည် လင်းဖုန်းအား သံသယများဖြင့်
ပြည့်နေသော မျက်လုံးအစုံဖြင့်
ကြည့်လိုက်ကာ မေးလိုက်သည်။
"ကျွန်မပြောတာ မှားလို့လား? ရှင်ကလည်း
ဟူရန်ရန်ကို စိတ်ဝင်စားနေတယ်
မဟုတ်လား? မဟုတ်လို့ရှိရင် ဘာဖြစ်လို့
သူမရဲ့ သတင်းကို ဒီလောက်အထိ
စိတ်ဝင်စားနေရတာလဲ?"

"မိန်းမတွေက သူမကို စိတ်ဝင်စားတယ်ဆိုတာ ကျွန်မက လက်ခံနိုင်ပါသေးတယ်။ ဒါပေမဲ့ ရှင်တို့ ယောက်ျားတွေက ဒီလောက်အထိ အသိဉာဏ် တိမ်တာကို မယုံနိုင်ဘူး။ ရှင်တို့အကုန်လုံးက သူမရဲ့ မြူဆွယ်မှုကို ခံနေရတယ်!"

သူမ၏ စကားအား ကြားရသောအခါ၊ လင်းဖုန်းသည် ဒေါသမထွက်သွားခဲ့ပဲ မေးလိုက်သည်။ "မင်းက ခနနေတုံးက 'ရှင်တို့ယောက်ျားတွေ'လို့ ပြောလိုက်တယ်။ ဒါက ဘာကိုဆိုလိုနေတာလဲ?"

ထွမ်းထွမ်းသည် မှင်သက်သွားခဲ့၏။ သူမ၏ ရှန်းကန်နေမှုကို ရပ်လိုက်ကာ၊ လင်းဖုန်းအား စပ်စုစွာဖြင့် ကြည့်လိုက်သည်။ "ဘာလဲ၊ ရှင်က တကယ်မသိဘူးလား?"

လင်းဖုန်းသည် သူမအား အောက်သို့ချလိုက်ကာ ပြုံးလိုက်သည်။ "ငါက သူမရှိနေမှန်းကို မင်းပြောမှသာ သိခဲ့ရတာလေ၊ မင်းမမှတ်မိဘူးလား?"

"ဟုတ်သားပဲ!" ထွမ်းထွမ်သည် သူမနဖူးကို သူမပြန်ရိုက်လိုက်ကာ၊ လင်းဖုန်းအား ကြည့်လိုက်သည်။ "ပြီးတော့၊ ဟူရန်ရန်က

အခုအချိန်မှာ အရမ်းကို
အားနည်းနေတာဆိုတော့၊ သူမက
လူသားပုံစံကိုတောင် မဖန်ဆင်းနိုင်ဘူး။ ရှင်က
သူမရဲ့ လူပုံစံကို အရင်က မမြင်ဖူးဘူး
မဟုတ်လား?"

ထွမ်းထွမ်းက လေးနက်စွာဖြင့်
ပြောလိုက်သည်။ "ဟူရန်ရန်ဟာ
မီးတောက်မြေခွေး သခင်မလို့
နာမည်တွင်နေတယ်။ ဒါပေမဲ့
မဟာလွင်တီးခေါင် ကုန်းမြေက
မိစ္ဆာအတော်များများဟာ သူမကို
'မြေခွေးအချစ်နတ်မိမယ်'လို့ ခေါ်ကြတယ်။

သူမဟာ မဟာလွင်တီးခေါင် ကုန်းမြေမှာ အားလုံးက သတ်မှတ်ထားတဲ့ အလှပဆုံး နတ်မိမယ်တစ်ပါးပဲ"

"သူမက လိုက်ဖို့အတွက် ချင်းချိုးတောင်ကို လာကြတဲ့ မိစ္ဆာတွေဟာ၊ တောင်တစ်တောင်လုံးကိုတောင်မှ ပြားပြားဝပ်သွားစေနိုင်တယ်"

လင်းဖုန်းက အံ့အားသင့်သွားခဲ့သည်။ "သူမက လုံရဲ့ထက် ပိုလှသလား?"

ထွမ်းထွမ်း၏ နှုတ်ခမ်းအစုံမှာ တွန့်သွားခဲ့သည်။ "ရှင်တို့ လူသားမျိုးနွယ်စုတို့ရဲ့ သတ်မှတ်ချက်အရဆိုရင်၊ သူတို့နှစ်ယောက်က အတူတူလောက်ပဲ။ ဒါပေမဲ့ မိစ္ဆာမျိုးနွယ်စုတို့ရဲ့ သတ်မှတ်ချက်အရဆိုရင်၊ လုံရဲ့ဟာ အသိပညာ ကျော်ကျော်စိမ်းသစ်ပင်သာ ဖြစ်တယ်။ သူမဟာ မြေခွေးနဲ့ရော၊ လူသားတွေနဲ့ရော နှိုင်းယှဉ်လို့ မရဘူး"

သူမသည် လင်းဖုန်းအား မျက်လုံးထောင့်ကပ်၍ ကြည့်လိုက်သည်။ "ဟူရန်ရန်က သူမရဲ့ လူသားပုံစံနဲ့

လူသားကမ္ဘာထဲကို လာခဲ့တုံးက၊ မဟာချင်
အင်ပါယာရဲ့ အင်မော်တယ် ဝိညာဥ် အဆင့်က
မင်းသားတစ်ပါးရဲ့ မျက်စိကျခြင်းကို
ခံခဲ့ရဖူးတယ်။ သူမရဲ့ ငြင်းပယ်မှုကို
ခံလိုက်ရအပြီးမှာ၊ သူဟာ အင်အားသုံးပြီး
အကြမ်းဖက်ဖို့ ကြိုးစားခဲ့တဲ့အတွက်၊
ကောင်းကင်မြေခွေး မဟာပဏ္ဍိတ
ကိုယ်တိုင်က လာပြီးတော့ သူမကို
ဘေးကင်းစေရန်အတွက် ပြန်ခေါ်ခဲ့ရဖူးတယ်"

"ဒါက မဟာလွင်တီးခေါင် ကုန်းမြေမှာ
ဒဏ္ဍာရီတစ်ပုဒ် ဖြစ်သွားပြီး၊ ဟူရန်ရန်ရဲ့
ကျော်ကြားမှုကို ပိုပြီးတော့

ပျို့နှံ့သွားစေခဲ့တယ်။ တစ်ချိန်တည်းမှာပဲ သူမဟာ မဟာလွင်တီးခေါင် ကုန်းမြေအတွင်းမှာ၊ အကျော်ကြားဆုံး အလှဘုရင်မ ဖြစ်လာခဲ့တယ်"

လင်းဖုန်းသည် သူမ၏ ဇာတ်လမ်းအား နားထောင်၍ အပြီးတွင်၊ စိတ်ဝင်စားစွာနှင့် ပြုံးလိုက်သည်။ "ဒါဆိုရင်တော့ သူမကို ခေါ်လာခဲ့တဲ့အတွက်၊ မင်းကို ကျေးဇူးတင်ရမှာပေါ့"

ထွမ်းထွမ်းသည် အသံတိုးတိုးဖြင့် မသဲမကွဲ ရေရွတ်လိုက်ကာ၊ သူမ၏ခေါင်းကို

လှည့်သွားခဲ့သည်။ "ယောင်ကျားတွေ
အားလုံးက အတူတူတွေချည်းပါပဲ။
အပေါ်ယံဆန်လွန်းတယ်!"

"အထီးတစ်ကောင်နဲ့ မိတ်လိုက်ချင်နေတဲ့
ကောင်မလေး တစ်ယောက်က၊ ငါ့ကို
အပေါ်ယံဆန်တယ်လို့ ပြောဖို့အတွက်
အခွင့်အရေး မရှိဘူး" လင်းဖုန်းက
ပြုံးလိုက်ကာ သူ၏ခေါင်းအား ခါလိုက်သည်။
သူသည် ရင်ထဲမှ တမျိုးကြီး ခံစားလိုက်ရ၍
ကြည့်လိုက်ရာ၊ ရှောင်ပုတန်လေးက သူ့အား
ထူးဆန်းသည့် အမူအရာဖြင့်
ကြည့်နေသည်ကို တွေ့လိုက်ရ၏။

သူ့အား အရိုအသေ ပေးလိုက်ပြီးနောက်၊ ရှောင်ပုတန်သည် သူ၏ပါးစပ်အား ဟလိုက်ကာ ထူးခြားသည့် လေသံဖြင့် ပြောလိုက်သည်။ "ဆရာခင်ဗျ၊ ဟိုမြေခွေးမိစ္ဆာဟာ ခဏနေကအထိ သေချင်ယောင်ဆောင်နေခဲ့ပြီး၊ အခုအချိန်မှ ရုတ်တရက်ပဲ ဆရာ့ကို တွေ့ချင်တယ်လို့ ပြောလာခဲ့တယ်"

## စာစဥ် ၂၀ : အပိုင်း ၂

# အပိုင်း ၃၅၂ : ကောင်းကင်ကမ္ဘာဖျက်မီးတောက်

လင်းဖုန်းသည် ရှောင်ပုတန်၏
အနောက်မှနေ၍ သူ၏ဂူအတွင်းသို့
လိုက်သွားခဲ့သည်။ ဂူအတွင်းတွင်
လူနှစ်ယောက်တို့သည်၊
တစ်ယောက်ကိုတစ်ယောက်
ကသိကအောက်ဖြစ်လှစွာနှင့်
စိုက်ကြည့်နေကြသည်။

ပို၍တိကျစွာနှင့် ပြောရလျှင်၊
လူတစ်ယောက်နှင့် မိန္ဓာတစ်ယောက်တို့

ဖြစ်ကြသည်။ တစ်ယောက်သည် အနက်နှင့် ခရမ်းရောင် ဝတ်စုံကို ဝတ်ဆင်ထားသော လူတစ်ယောက်ဖြစ်သည်။ သူသည် လင်းဖုန်း၏ တပည့်ကြီး ရှောင်ယန်ဖြစ်ကာ၊ ကျန်တစ်ယောက်သည် ဟူရန်ရန်ဖြစ်သည်။

"အာ? သူမက လူသားပုံစံကိုတောင် ဖန်ဆင်းနေနိုင်ပြီလား? သူမရဲ့ အကြွင်းမဲ့ မီးတောက်ကို ကျင့်ကြံနိုင်မှုဟာ၊ ငါထင်ထားတာထက် ပိုပြီးတော့ မြန်တာပဲ။ ကြည့်ရတာ သူမရဲ့ ကျင့်ကြံမှု ပါရမီက၊ ထိပ်တကာ့ထိပ်မှာ ရှိနေတာပဲ" ဒါသည် ဟူရန်ရန်အား တွေ့ပြီးနောက်တွင်၊

လင်းဖုန်း၏ ခေါင်းထဲသို့ ဝင်လာသည့်
ပထမဆုံး အတွေးဖြစ်သည်။

သို့သော်လည်း ပြီးတာနှင့် သူသည်
မြောင်ရှီးဟောင်နှင့် ထွမ်းထွမ်းတို့က
အဘယ်ကြောင့် သူ့အား အထင်လွဲရသနည်း
ဆိုသည်ကို သဘောပေါက်သွားခဲ့သည်။

အဘယ်ကြောင့်ဆိုသော် ဟူရန်ရန်
ဖန်ဆင်းထားသည့် လူပုံစံမှာ
မယုံနိုင်လောက်အောင်
ချောမောလှပသောကြောင့် ဖြစ်သည်။

ရိုးသားစွာနှင့် ပြောရလျှင် လုံရဲ့၊ ယန့်မင်းရွဲ့နှင့် ရှောင်ယန်၏ ငယ်ချစ်ဦး ရှောင်ကျန်းအာတို့သည်၊ ပြင်ပပုံသဏ္ဍာန်အားဖြင့် သူမနှင့် ယှဉ်နိုင်သည်။ သို့သော်လည်း သူမတို့၏ အလှအပမှာ အနည်းငယ် ချုပ်တည်းနှောင်ဖွဲ့ထားမှုများရှိသည်။ မိစ္ဆာမယ် လုံရဲ့ပင် အပါအဝင် ဖြစ်သည်။

အခြားတစ်ဘက်တွင်မူ ဟူရန်ရန်သည် ရင်သပ်ရှုမောဖွယ် ကောင်းလှအောင် လှပလွန်း၏။ သူမအား ပထမဦးဆုံး

တွေ့လိုက်သည်နှင့်ပင်၊
အသက်ရှူမှားသွားစေမည် ဖြစ်သည်။

သူမ၏ မျက်နှာတွင် မည်သည့်
အပြစ်အနာအဆာမှ မရှိပဲ၊
ကျောက်စိမ်းရုပ်လေးအလား
ချောမွေ့လွန်းနေသည်။

သူမ၏ အမူအရာမှာမူ ရေခဲကဲ့သို့
အေးစက်နေကာ၊ မည်သူ့ကိုမှ ဂရုမစိုက်သည့်
အသွင်ရှိနေသည်။ သူမ၏ ဆွဲဆောင်မှုနှင့်
ဆန့်ကျင်ဘက် ဖြစ်နေသော်လည်း၊ သူမ၏
အေးစက်မှုသည် သူမ၏ အလှကို

ပို၍ထင်ပေါ်စေခဲ့ကာ၊ ရေခဲနတ်မိမယ်အလား ဖြစ်စေခဲ့သည်။

လင်းဖုန်းသည် သူ၏ခေါင်းကို လှည့်လိုက်၍ ရှောင်ယန်အား ကြည့်လိုက်ရာ၊ သူသည် အလွန်အမင်းကို ရှက်ကိုးရှက်ကန်း ဖြစ်နေသည်ကို တွေ့လိုက်ရ၏။ သူ၏လက်ကိုပင် မည်သည့်နေရာတွင် ထားရမှန်း သိမနေခဲ့ပေ။

လူပျိုပေါက်လေးနှင့် ဆွဲဆောင်မှု အားကောင်းသော မြာကလေးနှင့် အတူတကွထားပြီး၊ သူတို့နှစ်ယောက်တည်း

အချိန်ခဏကြာ အတူရှိနေခြင်းသည်၊ လူငယ်လေးအား အမတန်မှပင် ကသိကအောက် ဖြစ်နေစေခဲ့သည်။

ရှောင်ပုတန်၏ အမူအရာသည်လည်း ထူးခြားနေခဲ့ပြီး၊ သူ၏အကြည့်သည် သူ၏ အစ်ကိုကြီးနှင့် ဟူရန်ရန်တို့ အကြားတွင် လူးလားခေါက်တုံ့ပြန် နေခဲ့သည်။ သူသည် စပ်စုလိုစိတ်များဖြင့် ပြည့်နေခဲ့ပြီး သူ၏ ထူးခြားသော အကြည့်သည်၊ ရှောင်ယန်အား မြေကြီးထဲတွင် အပေါက်တစ်ပေါက်ရှာကာ ဝင်ပုန်းချင်စိတ် ပေါက်နေစေခဲ့သည်။

လင်းဖုန်းသည် ဟူရန်ရန်အား ကြည့်လိုက်ကာ မေးလိုက်သည်။ "မင်းကငါနဲ့ တွေ့ချင်နေတာလား?"

ဟူရန်ရန်သည် သူမ၏ခေါင်းကိုမော့ကာ လင်းဖုန်းအား ကြည့်လိုက်သည်။ သူမ၏ အမူအရာမှာ ရေခဲကဲ့သို့ အေးစက်နေကာ သူမ၏ခေါင်းအား ညိတ်လိုက်သည်။ "ရှင်က အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ ခေါင်းဆောင်လား? ကျွန်မက အရိုအသေ ပြုပါတယ်"

လင်းဖုန်း၏ မျက်နှာသည် အမူအရာ
ကင်းမဲ့နေခဲ့၍၊ သူမအား မျက်လုံးတည့်တည့်
စိုက်ကြည့်လိုက်သည်။ အချိန်အတော်ကြီး
ကြာမှသာ၊ သူကခေါင်းကိုညိတ်လိုက်ကာ
ပြောလိုက်သည်။ "ကြည့်ရတာ မင်းက
ပင်ကိုအားဖြင့် အေးစက်တဲ့သူပဲ။
ကောင်းကင်မြေခွေး မျိုးနွယ်စုမှာ
မွေးလာတဲ့အတွက်၊ မင်းမှာ
အမတန်ကောင်းတဲ့ အလားအလာတွေရှိပြီး၊
ရုပ်ရည်ရူပကာကလည်း
အလွန်တင့်တယ်လှပါတယ်"

ဟူရန်ရန်၏ မျက်လုံးအစုံတွင် အရှက်ရသည့် အရိပ်အယောင်များ ပေါ်လာခဲ့ကာ၊ ကံမကောင်းသည့် အတိတ်က ဖြစ်ရပ်များအား ပြန်လည်စဉ်းစားမိခဲ့သည်။ သို့သော်လည်း သူမသည် လင်းဖုန်း၏ မျက်လုံးအတွင်းသို့ စိုက်ကြည့်လိုက်သောအခါ၊ သူ၏အကြည့်သည် သန့်စင်နေသည်ကို တွေ့လိုက်ရ၏။ သူမအား အတိတ်က စိတ်အနှောင့်အယှက် များစွာ ဖြစ်စေခဲ့ရသော၊ တဏှာရာဂ အကြည့်များကို မတွေ့ရချေ။

ဟူရန်ရန်သည် အချိန်အတန်ကြာ ငြိမ်သက်သွားပြီးမှ ဆက်ပြောလိုက်သည်။

"ရှင်ပြောတာ မှန်ပါတယ်။ ကျွန်မက ကိစ္စအတော်များများကို ကျွန်မအလိုကျ လုပ်နိုင်ခဲ့တယ်"

လင်းဖုန်းသည် သူ၏ခေါင်းကို ညိတ်လိုက်ကာ၊ ရုတ်တရက် သူ၏လက်ကို မြှောက်လိုက်သည်။ ခရမ်းရောင် တိမ်တိုက် တစ်စုသည် ဟူရန်ရန်အား လွှမ်းခြုံသွားခဲ့သည်။

သူမသည် ထိတ်လန့်တုန်လှုပ်သွားခဲ့သော်လည်း၊ မကြာမီပင် လင်းဖုန်း၏ မှော်ကျိန်စာသည်

သူမအား အကျဉ်းချထားရန် မဟုတ်ပဲ၊ သူမ၏ ခန္ဓာကိုယ် အတွင်းမှ စွမ်းအားပြောင်းလဲမှုများကို အာရုံခံရန် ဖြစ်မှန်းကို သိလိုက်ရ၏။

လင်းဖုန်း၏ အသိစိတ်သည် မကြာမီမှာပင်၊ ဟူရန်ရန်၏ ခန္ဓာကိုယ် အတွင်းမှ ပစ်မှတ်တစ်ခုကို တွေ့လိုက်ရသည်။ သူသည် အငြိုးတရားများဖြင့် ပြည့်နှက်နေသော မည်းမှောင်နေသည့် ကမ္ဘာဖျက် မီးတောက် တစ်ခုဖြစ်သည်။

"ကောင်းကင် ကမ္ဘာဖျက်မီးတောက်!" ဒါက မဟာအကြွင်းမဲ့ မီးတောက် ခုနှစ်မျိုးအထဲက တစ်ခုပဲ" လင်းဖုန်းသည် စနစ်အတွင်းတွင် စစ်ဆေးကြည့်လိုက်သည်။ ချက်ချင်းပင် သူသည် ဟူရန်ရန်၏ ခန္ဓာကိုယ် အတွင်းမှ မထိန်းချုပ်နိုင်သော မီးတောက်သည်၊ ကောင်းကင် ကမ္ဘာဖျက်မီးတောက် ဖြစ်မှန်းကို သိလိုက်ရသည်။

ကောင်းကင် ကမ္ဘာဖျက် မီးတောက်သည် အနက်ရောင်ဖြစ်သည်။ ငရဲပြည်က ရောင်ခြည်နတ်ဆိုး မီးတောက်ကဲ့သို့ပင်၊ သူသည် မိစ္ဆာမီးတောက် တစ်ခုဖြစ်သည်။

သူပေါ်လာသည့် အချိန်တိုင်းတွင်၊ သူသည် ကပ်ဆိုးများကို ဖြစ်ပေါ်စေပေသည်။

ထိုကဲ့သို့သော အကြွင်းမဲ့မီးတောက်သည် အခြားသက်ရှိများကို လောင်ကျွမ်း၍၊ သူ့ကိုယ်သူ အားကောင်းလာအောင် ပြုလုပ်လေ့ရှိသည်။ သူသည် လူသားနှင့် မိစ္ဆာ ကျင့်ကြံသူများ၏ စွမ်းအားများကို စုပ်ယူနိုင်ရုံတင် မကပဲ၊ သူသည် အရေအတွက် အသာစီးရပါက အခြား အကြွင်းမဲ့ မီးတောက်များကိုပင် ဝါးမျိုနိုင်စွမ်း ရှိပေသည်။

နတ်ရေကန်ဂိုဏ်း၏ ရေခဲလောင်ကျွမ်းခြင်း နည်းစနစ်သည်၊ ထိုဂိုဏ်းမှ အင်မော်တယ်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူတစ်ယောက်က တီထွင်ခဲ့ခြင်း ဖြစ်သည်။ သူသည် ကောင်းကင် ကမ္ဘာဖျက် မီးတောက်၏ စွမ်းအားများကို အမှတ်မထင် တွေ့ရှိခဲ့ရခြင်းမှနေ၍၊ သူ၏ဂိုဏ်းမှ မီးလျှံနှင့် ရေခဲတို့အား နားလည်ခြင်းနှင့် ပူးပေါင်း၍ ထိုအစွမ်းထက်သော မှော်ကျိန်စာအား တီထွင်ခဲ့ခြင်း ဖြစ်သည်။

ရေခဲလောင်ကျွမ်းမှု နည်းစနစ်သည် ပြိုင်ဘက်၏ မှော်စွမ်းအင်များအား

လောင်စာအဖြစ် အသုံးပြု၍၊ သူ့ကိုယ်သူ အားကောင်းအောင် ပြုလုပ်နိုင်သည်။ သို့သော်လည်း ဒါသည် ယာယီသာ ဖြစ်သည်။ မှော်ကျိန်စာသာ ရပ်တန့်သွားပါက မှော်ကျိန်စာကနေ ဖန်ဆင်းထားသော မီးတောက်သည့်လည်း၊ ပြိုင်ဘက်၏ ကိုယ်ပိုင် မှော်စွမ်းအင်နှင့်အတူ ငြိမ်းသွားမည်ဖြစ်သည်။

သို့သော်လည်း ကောင်းကင်ကမ္ဘာဖျက် မီးတောက်သည် ပြိုင်ဘက်၏ မှော်စွမ်းအင်များအား စားသုံးအပြီးတွင်၊ သူ့ကိုယ်သို့ အမြဲတမ်း သန်မာစေရန် အားဖြည့်နိုင်စွမ်း ရှိသည်။

ဒါသည် ကောင်းကင်ကမ္ဘာဖျက်
မီးတောက်အား အထူးကြမ်းတမ်းစေသည့်
အချက်ပင်ဖြစ်သည်။ မီးစလေး
တစ်ခုဘဝမှနေ၍ သူသည် ကမ္ဘာကြီးအား
မီးပင်လယ်ကြီးဖြင့် ဖုံးလွှမ်းစေ၍၊ အဆုံးမဲ့
ကျယ်ပြန့်လာအောင် ပြုလုပ်နိုင်စွမ်း
ရှိပေသည်။

ရှုထောင့်တစ်ဘက်မှနေ၍ ကြည့်လိုက်လျှင်
ကောင်းကင်ကမ္ဘာဖျက် မီးတောက်သည်၊
ငရဲပြည်က ရောင်ခြည်နတ်ဆိုး
မီးတောက်ထက် ပို၍ ပြဿနာ

ပေးနိုင်ပေသည်။ သူသည် အနောက်က
မီးတောက်လောက် ဖျက်ဆီးနိုင်စွမ်း
အားမကောင်းသော်လည်း၊ သူသည်
တွယ်ကပ်နေတတ်၍ ကိုင်တွယ်ရန်
ခက်ခဲပေသည်။

ကောင်းကင်ကမ္ဘာဖျက် မီးတောက်နှင့်
ငရဲပြည်က ရောင်ခြည်နတ်ဆိုး
မီးတောက်တို့သည်၊ အကြွင်းမဲ့မီးတောက်
ခုနှစ်မျိုးတို့အနက် ဖျက်ဆီးနိုင်စွမ်း
အကောင်းဆုံးနှင့် အသေစေနိုင်ဆုံး
မီးတောက်များအဖြစ် သတ်မှတ်ခြင်း
ခံထားရပေသည်။

သို့သော်လည်း ဟူရန်ရန်၏ ကိုယ်တွင်းမှ ကောင်းကင်ကမ္ဘာဖျက် မီးတောက်သည်၊ ပြောင်းလဲမှုအချို့ ဖြစ်ပေါ်နေခဲ့သည်။ သူသည် တစ်ပိုင်းတစ်စ မြှုပ်နေသည့်ပုံ ပေါက်နေခဲ့သည်။

အကြွင်းမဲ့ မီးတောက်၏ စွမ်းအားများသည် ဟူရန်ရန်၏ မိစ္ဆာစွမ်းအားများနှင့် တိုက်ခိုက်နေခဲ့သော်လည်း၊ သူ၏ ဝါးမျိုနိုင်သည့် စွမ်းရည်များကို မဖော်ပြခဲ့ပေ။

ထိုကဲ့သို့သော တွေ့ရှိမှုသည် လင်းဖုန်းအား စဉ်းစားခန်း ဝင်စေခဲ့သည်။
"ပုံမှန်အားဖြင့်ဆိုရင်၊ ကောင်းကင်ကမ္ဘာဖျက် မီးတောက်ကို ကျင့်ကြံချင်တဲ့သူတွေဟာ ဒွိဟပွားနေရတယ်။ သူတို့က သူတို့ရဲ့ မှော်စွမ်းအင်တွေကို အသုံးပြုရင်းနဲ့၊ ဒီမီးတောက်ရဲ့ ဝါးမျိုခြင်းတွေကို ခံနေရတယ်"

အကယ်၍ ကျင့်ကြံမှုက ကျရှုံးသွားခဲ့လျှင်၊ တစ်ယောက်၏ မှော်စွမ်းအင်သည် ကောင်းကင်ကမ္ဘာဖျက် မီးတောက်၏ လောင်စာအဖြစ်သို့ ပြောင်းလဲသွားမည် ဖြစ်ကာ၊ သူသည် ပို၍ပို၍ ကြီးမားစွာ

တောက်လောင်လာမည် ဖြစ်သည်။ ပြီးတာနှင့် ပို၍ပို၍ ထိန်းချုပ်ရန် ခက်ခဲလာမည် ဖြစ်သည်။

နောက်ဆုံးတွင် ကျင့်ကြံသူ၏ တစ်ကိုယ်လုံးအား ဝါးမျိုပစ်လိုက်မည် ဖြစ်သည်။ ထို့ကြောင့်ပင် နှစ်ပေါင်းထောင်နှဲ့ချီ၍ ကြာသည့်တိုင်အောင်၊ ကောင်းကင်ကမ္ဘာဖျက် မီးတောက်အား ထိန်းချုပ်နိုင်သည့် သူမှာ အနည်းငယ်သာ ရှိခဲ့၏။

မြောက်မြားစွာသောသူတို့သည်
မရေမတွက်နိုင်သော အချိန်နှင့်
အရင်းအမြစ်များကို အသုံးချ၍၊
ကောင်းကင်ကမ္ဘာဖျက် မီးတောက်အား
ကျင့်ကြံနိုင်ရန် ကြိုးစားခဲ့ကြဖူး၏။
သို့သော်လည်း နောက်ဆုံးတွင်
အများစုတို့သည်၊ သူ၏ အစာအဖြစ်သာ
ပြောင်းလဲသွားကြသည်။

လင်းဖုန်းသည် သူ၏အသိစိတ်အား
ရုပ်သိမ်းလိုက်သည့် အချိန်တွင်၊
ဟူရန်ရန်သည် နှုတ်ခမ်းကို

အသာစေ့ထားခဲ့ကာ စကားတစ်ခွန်းမှ မပြောခဲ့ပေ။

"မင်းက ကောင်းကင်မြေခွေး မဟာပဏ္ဍိတနဲ့ ဆက်သွယ်ချင်နေတာလား?" လင်းဖုန်းက မေးလိုက်သည်။

ဟူရန်ရန်က ခေါင်းညိတ်ပြလိုက်သည်။ "ဟုတ်ကဲ့၊ အရှင်က ကျွန်မရဲ့ တောင်းဆိုမှုကို ဖြည့်ဆည်းပေးနိုင်လိမ့်မယ်လို့ မျှော်လင့်နေပါတယ်"

လင်းဖုန်း၏ ခွင့်ပြုချက် မရလျှင် ဟူရန်ရန်တွင် အသံလွှင့်ကျောက်တုံး ရှိနေလျှင်ပင်၊ သူမသည် ပြင်ပကမ္ဘာနှင့် အဆက်အသွယ် ပြုလုပ်နိုင်မည် မဟုတ်ပေ။

"ကောင်းပြီလေ၊ လုပ်စရာရှိတာ လုပ်ပါ" တစ်ခဏအတွင်းပင် လင်းဖုန်းသည်၊ ဟူရန်ရန်အတွက် ယုကျင်းတောင်မှ အတားအဆီးများကို ဖယ်ရှားပေးလိုက်သည်။

ဟူရန်ရန်သည် လင်းဖုန်းအား ကျေးဇူးတင်လိုက်ကာ ချက်ချင်းပင် အသံလွှင့်ကျောက်တုံးအား ဖိချေလိုက်၍၊

သူမ၏ မိခင်ဖြစ်သူ ကောင်းကင်မြေခွေး မဟာပဏ္ဍိတနှင့် ဆက်သွယ်လိုက်သည်။

အဆက်အသွယ်ရသည်နှင့် တပြိုင်နက်၊ အခြားတစ်ဘက်မှ တည်ငြိမ်သော အသံတစ်ခုက ပေါ်ထွက်လာခဲ့သည်။ "ရန်ရန်၊ အခုဘယ်ရောက်နေတာလဲ?" ထိုအသံသည် မယုံနိုင်စရာ ကောင်းလောက်အောင် အနိမ့်အမြင့် မရှိပဲ၊ တစ်ညီတည်း ဖြစ်နေသည်။ ဒါသည် ကမ္ဘာကြီး တစ်ခုလုံးအား ခလောက်ဆန် ရှုပ်ထွေးစေနိုင်သည့်၊ ကောင်းကင်မြေခွေး

မဟာပဏ္ဍိတ၏ အသံဖြစ်ကြောင်းကို
ယုံနိုင်ရန် ခက်ခဲလှပေသည်။

ဟူရန်ရန်အား မိစ္ဆာမျိုးနွယ်စုအတွင်းမှ
အလှပဆုံး အမျိုးသမီးဟု ပြောရသည့်
အကြောင်းရင်းမှာ၊ မည်သူကမှ
မိစ္ဆာပဏ္ဍိတဆယ်ပါးထဲတွင်
တစ်ပါးအပါအဝင်ဖြစ်သော၊
ကောင်းကင်မြေခွေး မဟာပဏ္ဍိတအား
မချဉ်းကပ်ရဲကြသောကြောင့် ဖြစ်သည်။

ကောင်းကင်မြေခွေး မဟာပဏ္ဍိတ၊ သို့မဟုတ်
အမြီးကိုးခု မဟာပဏ္ဍိတသည်၊

ကောင်းကင်မြေခွေး မျိုးနွယ်စု၏
ခေါင်းဆောင်ဖြစ်သည်။ လုံရဲ့၏ ဆရာဖြစ်သူ
ကောင်ကင်ကျက်သရေ မဟာပဏ္ဍိတ၊
ထွမ်းထွမ်း၏ ဖခင်ဖြစ်သော
တောက်တီမဟာပဏ္ဍိတ၊ ရွှေကျီး
မဟာပဏ္ဍိတတို့နှင့်အတူ၊ သူတို့သည် မိစ္ဆာ
မဟာပဏ္ဍိတဆယ်ပါးဟု ခေါ်ကြပေသည်။
သူတို့သည် မဟာလွင်တီးခေါင် ကုန်းမြေမှ
ထိပ်သီးမိစ္ဆာများ ဖြစ်ကြသည်။

ထိုမိစ္ဆာသည် အခြားသူများကဲ့သို့
တိုက်ခိုက်ရေး နည်းစနစ်များ
မကျွမ်းကျင်သော်လည်း၊ သူမ၏

အိတ်အတွင်းတွင် လှည့်ကွက်များ အပြည့်ရှိသည်။ သူမသည် သံသယဖြစ်ဖွယ် မရှိပဲ မဟာလွင်တီးခေါင် ကုန်းမြေမှ ထိပ်သီးမိစ္ဆာများ အကြားတွင် တစ်ယောက် အပါအဝင် ဖြစ်သည်။

ထိုအနိမ့်အမြင့် မရှိသော အသံသည် ထပ်မံ၍ မေးလိုက်ပြန်၏။ "မင်းမှာ အခက်အခဲတွေ ရှိနေသလား?"

ဟူရန်ရန်သည် သူမ၏ မိခင်အား သူမသည် မည်ကဲ့သို့ ကောင်းကင်ကမ္ဘာဖျက် မီးတောက်အား ရရှိခဲ့သည်ကို

ပြန်ပြောပြလိုက်သည်။ ပြီးတာနှင့် သူမ၏ လက်ရှိ အခြေအနေအား ဖော်ပြခဲ့၏။ သူမသည် ရှောင်ပုတန်နှင့် ထွမ်းထွမ်းတို့၏ ကောက်ယူလာခြင်း ခံခဲ့ရသည့် အပိုင်းကိုမူ၊ တမင်သက်သက် မပြောပဲ ချန်ထားခဲ့သည်။

ကောင်းကင်မြေခွေး မဟာပဏ္ဍိတသည် အချိန်အတော်ကြာ ငြိမ်သက်သွားပြီးမှ မေးလိုက်သည်။ "ရန်ရန်၊ မင်းက ကောင်းကင်ကမ္ဘာဖျက် မီးတောက်ကို ထိန်းချုပ်နိုင်ဖို့ အချိန်ဘယ်လောက် လိုဦးမလဲ?"

ဟူရန်ရန်သည် လင်းဖုန်းအား တစ်ချက်ကြည့်လိုက်ပြီးမှ ပြန်လှည့်သွားခဲ့သည်။ သူမက ဖြည်းညင်းစွာနှင့် ပြန်ဖြေလိုက်သည်။ "သမီးက အတိအကျတော့ မပြောနိုင်ဘူး၊ ဒါပေမဲ့ သိပ်တော့ မကြာလောက်ပါဘူး"

ကောင်းကင်မြေခွေး မဟာပဏ္ဍိတသည် အချိန်အတန်ကြာ ထပ်မံငြိမ်သက်သွားပြီးမှ၊ လင်းဖုန်းထံသို့ တိုက်ရိုက်ပြောလိုက်သည်။ "မာစတာလင်း၊ ကျွန်မရဲ့ သမီးဟာ အခုအချိန်မှာ ကောင်းကင်ကမ္ဘာဖျက် မီးတောက်နဲ့ ပြဿနာ တက်နေပြီး၊

စွမ်းအားမဲ့နေပါတယ်။ ကျွန်မကလည်း သူမကို မဟာလွင်တီးခေါင် ကုန်းမြေကို ပြန်ပြီးမှ မခေါ်နိုင်သေးဘူး"

လင်းဖုန်းသည် ဟန်ပန်အမူအရာ ကင်းမဲ့စွာနှင့် ဆက်၍နားထောင်နေခဲ့သည်။ ကောင်းကင်မြေခွေး မဟာပဏ္ဍိတသည် ဆက်ပြောရန် ရှိသေးသည်ကို သူက သိနေခဲ့သည်။

"မာစတာလင်းက အခုအချိန်မှာ တောက်တီ မဟာပဏ္ဍိတရဲ့ သမီးကို စောင့်ရှောက်ထားပြီး၊ သူမကို ရုပ်ခန္ဓာကိုယ် အသစ်လည်း

ပြန်လည်ဖန်တီးပေးထားတယ်လို့ သိရပါတယ်။ ဒီလိုမျိုး အခြေအနေမှာ ကျွန်မကလည်း အားနာစွာနဲ့ တောင်းဆိုမှုတစ်ခု ပြုလုပ်ချင်ပါတယ်" ကောင်းကင်မြေခွေး မဟာပဏ္ဍိတသည် ဖြည်းညင်းစွာနှင့် ပြောလိုက်သည်။ "ရန်ရန်ကို ရှင့်ရဲ့နေရာမှာ ခဏလောက် ခိုလှုံခွင့် ပြုပါလို့ တောင်းဆိုပါရစေ"

"မာစတာလင်းရဲ့ တပည့်ကြီးဟာ မဟာသူရိယ အကြွင်းမဲ့ မီးတောက်နဲ့ ငရဲပြည်က ရောင်ခြည်နတ်ဆိုး မီးတောက်ကို ထိန်းချုပ်နိုင်တယ်လို့ သိရပါတယ်။ ရှင်က

အကြွင်းမဲ့မီးတောက်တွေနဲ့ ပတ်သတ်ပြီး အတွေ့အကြုံ တော်တော်ရှိမယ်လို့ ကျွန်မက ယုံကြည်ပါတယ်။ ကျွန်မရဲ့ သမီးကို ကောင်းကင်ကမ္ဘာဖျက် မီးတောက်ကို ကျင့်ကြံနိုင်အောင်၊ အကူအညီ ပေးနိုင်မယ်လို့လည်း မျှော်လင့်မိပါတယ်"

နောက်ဆုံးတွင် ကောင်းကင်မြေခွေး မဟာပဏ္ဍိတက ပြောလိုက်သည်။ "အကယ်၍ ကျွန်မရဲ့ သမီးဟာ ကောင်းကင်ကမ္ဘာဖျက် မီးတောက်ကို ကျင့်ကြံသွားနိုင်လို့ရှိရင်၊ သူမက ရှင့်ကို တစ်ဝက်ခွဲပေးပါလိမ့်မယ်။

ပြီးတော့လည်း ရှင့်ရဲ့ကျေးဇူးကို ကျွန်မက မှတ်ထားမှာပါ"

လင်းဖုန်းသည် မည်သို့မျှ ပြန်မဖြေခဲ့ပေ။

သူ၏ဘေးတွင် ဟူရန်ရန်၏ မျက်နှာတွင် အံ့ဩသော အမူအရာတစ်ခု ပေါ်လာခဲ့သည်။ သို့သော်လည်း ထိုအမူအရာသည် ရုတ်ချည်းပင် ပျောက်ကွယ်သွား၍၊ ပုံမှန်အတိုင်း ခံစားချက် ကင်းမဲ့သော မျက်နှာက ပြန်လည်အစားထိုးသွားခဲ့သည်။

"ကိစ္စမရှိဘူး" လင်းဖုန်းက
အချိန်အနည်းငယ်မျှ စဥ်းစား၍
ပြန်ဖြေလိုက်သည်။ ကောင်းကင်မြေခွေး
မဟာပဏ္ဍိတသည် ငြိမ်သက်စွာဖြင့်
ပြောလိုက်သည်။ "အနှောင့်အယှက်
ပေးရတဲ့အတွက် ဝမ်းနည်းပါတယ်၊
မာစတာလင်း၊ ကျေးဇူးတင်ပါတယ်ရှင့်"

ပြီးတာနှင့်သူမသည် ဟူရန်ရန်အား
ပြောလိုက်သည်။ "ရန်ရန်၊ ကျင့်ကြံမှု
အပေါ်မှာ အာရုံစိုက်ပါ။ မင်းက
ကောင်းကင်ကမ္ဘာဖျက် မီးတောက်ကို

ထိန်းချုပ်နိုင်လို့ရှိရင်၊ ချင်းချိုးတောင်ကို ပြန်ခဲ့ပါ"

ဟူရန်ရန်က အေးစက်စွာဖြင့် ပြန်ဖြေလိုက်သည်။ "ကျွန်မနားလည်ပါတယ်"

ဆက်သွယ်မှု ပြတ်တောက်သွား အပြီးတွင်၊ လင်းဖုန်းသည် ရှောင်ယန်အား ဝေ့ကြည့်လိုက်ကာ သာမန်သာ ပြောလိုက်သည်။ "မင်းရဲ့တာဝန် ဖြစ်သွားပြီ"

ရှောင်ယန်သည် မှင်သက်သွားခဲ့ပြီး၊ မျက်နှာကြီးမှာ ရှုံ့မဲ့သွားခဲ့သည်။ သူသည်

လင်းဖုန်းအား စိတ်ချင်းဆက်သွယ်၍ ပြောလိုက်သည်။ "ဆရာ၊ တခြားတစ်ယောက်ကို တာဝန်ယူခိုင်းလို့ မရဘူးလား?"

လင်းဖုန်းကသူ့အား ပြုံးစစဖြင့် မေးလိုက်သည်။ "ဘာလဲ? မင်းက မတတ်နိုင်မှာ စိုးရိမ်နေတာလား?"

"ပုံမှန်ဆိုရင် ကိစ္စမရှိပါဘူး" ရှောင်ယန်က ခါးသီးစွာ ပြုံး၍ ပြောလိုက်သည်။ "ဒါပေမဲ့ အခုကျွန်တော့် အခြေအနေက မှော်စွမ်းအင်တွေ မသုံးနိုင်ရုံတင် မကပဲ၊

ခန္ဓာကိုယ် အတွင်းက အကြွင်းမဲ့မီးတောက်
သုံးခုကို ထိန်းချုပ်နေရတဲ့အတွက်၊
အမြဲတမ်းလိုလို စိတ်လှုပ်ရှားပြီး
ရှုပ်ထွေးနေတယ်"

လင်းဖုန်းက ပြုံးလိုက်သည်။
"ဒါဆိုပိုကောင်းတာပေါ့။ ဒီလိုမျိုး
အခြေအနေမှာ မင်းရဲ့ အာရုံစူးစိုက်မှုကို
လေ့ကျင့်လို့ ရတာပေါ့။ ဒီလိုမျိုး
စွဲမက်ဖွယ်ရာတစ်ခုက ဘေးမှာ
ရှိနေတယ်ဆိုတော့၊ ဒီကိစ္စပြီးသွားလို့ရှိရင်
မင်းရဲ့ အာရုံစူးစိုက်နိုင်စွမ်းဟာ
ထိပ်တန်းအဆင့်ကို ရောက်သွားလိမ့်မယ်"

"ကံကောင်းပါစေ၊ ရှောင်ယန်! ဪ၊ မမေ့နဲ့ဦး၊ မင်းရဲ့ ငယ်ချစ်ဦးက မင်းကို စောင့်မျှော်နေတယ်နော်။ မင်းက တဏှာရာဂစိတ်တွေကို မထိန်းချုပ်နိုင်လို့ရှိရင်၊ သူမကို ဘယ်လိုမျက်နှာနဲ့ ပြန်တွေ့မလဲ?"

ရှောင်ယန်က ထစ်ငေါ့ထစ်ငေါ့ဖြင့် ပြောလိုက်သည်။ "ဆရာ၊ ဆ.. ဆရာက ကျွန်တော့်ကို တမင်သက်သက် ထောင်ချောက်ဆင်နေတာပဲ!"

"မဟုတ်ဘူး၊ ဒါက လေ့ကျင့်မှု တစ်မျိုးပဲ" လင်းဖုန်းက ပြုံးဖြီးဖြီးဖြင့် တွေးနေခဲ့သည်။ "မင်းကို ကြည့်စမ်းပါဦး! အတိတ်ဘဝတုံးက ငါဟာ ဒီလိုမျိုး ကိစ္စတွေ အများကြီး ကြုံတွေ့ဖူးတဲ့အတွက်၊ အခုအချိန်မှာ တည်တည်ငြိမ်ငြိမ် လုပ်ဆောင်နိုင်တာပေါ့။ မင်းက ဒီလောက် ဖိအားလေးကို မခံနိုင်ရင်တော့၊ ရယ်စရာကြီး မဖြစ်နေဘူးလား"

သူသည် ရှောင်ယန်၏ ပုခုံးအား ပုတ်လိုက်ကာ ပြောလိုက်သည်။ "ကောင်းပြီ၊ ဒီလိုပဲ ဆုံးဖြတ်လိုက်ပြီ။ ငါတို့ရဲ့ ညှိသည်ကို

နေရာချထားပြီးရင်၊ တိပိဋကကျမ်းစာခန်းမဆောင်ကို လာခဲ့"

သူသည် ရှောင်ပုတန်ဘက်သို့ လှည့်လိုက်သည်။ "ငါ့နောက်ကိုလိုက်ခဲ့။ ဒုတိယမျိုးဆက် တပည့်တွေက အခြေခံ ခိုင်မာစွာ တည်ဆောက်နိုင်ခဲ့ပြီ။ မင်းက ဆရာလုပ်ဖို့ အချိန်ရောက်ပြီ"

## စာစဥ် ၂၀ : အပိုင်း ၃

## အပိုင်း ၃၅၃ : ပန်းပေါင်းတစ်ရာ ဖူးပွင့်လာခြင်း

ကူရာမဲ့စွာဖြင့် ပြုံးနေသော ရှောင်ယန်အား ဟူရန်ရန်နှင့် နှစ်ယောက်တည်း ထားခဲ့လိုက်၍၊ လင်းဖုန်းသည် ရှောင်ပုတန်နှင့် ထွက်ခွာသွားခဲ့သည်။

အစောပိုင်းတွင် ဇူရီသည် သူ၏ စာမေးပွဲ လျှောက်လွှာများနှင့်အတူ၊ ယုကျင်းတောင်ပေါ်သို့ ပြန်ရောက်လာခဲ့သည်။

တောင်ပေါ်သို့ ပြန်ရောက်လာ အပြီးတွင်၊ ဇူရီသည် ဒုတိယမျိုးဆက် တပည့်များအား သင်ကြားမှု တာဝန်ကို ခန်းနန်ဟွာထံမှ လွှဲပြောင်းရယူလိုက်သည်။

ယုကျင်းတောင်ပေါ်မှ စိတ်ဝိညာဉ်စွမ်းအင်
အမြောက်အမြားနှင့်အတူ၊ ဆယ်ကျော်သက်
တစ်အုပ်စုတို့သည် လျှင်မြန်စွာနှင့်
တိုးတက်လာခဲ့၏။ သူတို့၏
တိုးတက်မှုနှုန်းသည် အံ့သြမှင်သက်ဖွယ်
ကောင်းလှပေသည်။ ဇူရီသည် သူတို့၏
အနားတွင် မရှိသော်လည်း၊ သူတို့သည်
ရေသာမခိုနေကြပေ။ ဇူရီသည်
ယုကျင်းတောင်ပေါ်သို့ ပြန်ရောက်အပြီးတွင်
သူတို့၏ ကျင့်ကြံမှုများကို ဆန်းစစ်လိုက်ရာ၊
သူတို့အားလုံးအား ကျေနပ်အားရနေခဲ့သည်။

လင်းဖုန်းကလည်း ဝမ်းမြောက်နေခဲ့သည်။
"သူတို့က ဒီနှုန်းအတိုင်းသာ
ဆက်လက်တိုးတက်လာခဲ့မယ် ဆိုရင်၊
ငါတို့ဂိုဏ်းရဲ့ အခြေခံ အုတ်မြစ်ဟာ
အမတန်ကိုမှပဲ တည်ငြိမ်နေမှာပဲ။
တပည့်တွေရဲ့ ကျင့်ကြံမှုအဆင့်
တိုးမြင့်ဖို့အပြင်၊ ငါတို့ဂိုဏ်းက
ပြင်ဆင်မွမ်းမံမှုတစ်ခု လိုဦးမယ်"

ဟွမ်ဟိုင် စိတ်ဝိညာဉ် အစည်းအဝေးတွင်
သူတို့ဂိုဏ်း၏ ရေပန်းစားမှုသည်
မြင့်တက်လာခဲ့ကာ၊ နာမည်တစ်လုံးကို
ရေးထိုးနိုင်ခဲ့သည်။ မူလကောင်းကင်

ကမ္ဘာကြီး တစ်ခုလုံးတွင် ရှိသေအလေးထားမှု နေရာတစ်ခုကို ရနိုင်ဖို့အတွက်ဆိုလျှင်၊ ထိုခြေလှမ်းသည် အမတန်မှ အရေးကြီးသည်။

ဂိုဏ်း၏ ပြင်ပပုံရိပ်က မြင့်တက်လာသည်နှင့် အမျှ၊ အတွင်းမှ အထောက်အပံ့များနှင့် လေ့ကျင့်မှုများကလည်း လိုက်တက်လာဖို့ လိုအပ်သည်။ ထိုနှစ်မျိုးစလုံး ညီမျှစွာ တိုးတက်နေမှသာ၊ ဂိုဏ်းသည် ဆက်လက်၍ ရှေ့ဆက်တိုးတက်နိုင်မည် ဖြစ်သည်။

မဟူရာကောင်းကင် ရတနာသစ်ပင်နှင့် အထပ်သုံးထပ် တိပိဋက

ကျမ်းစာခန်းမဆောင် ထံသို့ ရောက်လာပြီး၊ လင်းဖုန်းသည် သူ၏အနောက်မှ တစ်ခစ်ခစ် ရယ်မောနေသော ရှောင်ပုတန်လေးနှင့်အတူ အတွင်းသို့ လှမ်းဝင်လိုက်သည်။

လင်းဖုန်း၏ စိတ်ချင်းဆက်သွယ်၍ ပေးလိုက်သော အမိန့်များကို ရရှိခဲ့၍ ဇူရီ၊ ယွဲ့ဟုန်ယန်နှင့် ယန်ချင်တို့သည်လည်း၊ အဆောက်အအုံ အတွင်းသို့ ရောက်ရှိလာကြသည်။ နောက်ဆုံးတွင်မှ ရောက်လာသူမှာ ရှောင်ယန်ဖြစ်သည်။

ဝမ်လင်းသည် လင်းဖုန်း၏ ခွင့်ပြုချက်အရ မလာခဲ့ပေ။ သူသည် သူ၏ စွမ်းအင်အားလုံးကို တံခါးပိတ် လေ့ကျင့်မှု အတွင်းတွင် နစ်မြှုပ်ထားခဲ့၍၊ ရွှေရောင်ဗဟိုချက် အဆင့်အား မကြာခင်တွင် ဖော်ဆောင်နိုင်ရန် မျှော်လင့်နေပေသည်။ လင်းဖုန်း၏ စောင့်ရှောက်မှုနှင့်အတူ၊ သူသည် ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာအတွင်းတွင် ကျင့်ကြံနေခဲ့သည်။

လင်းဖုန်းသည် တိပိဋ္ဌက ကျမ်းစာခန်းမဆောင်၏ အလယ်တွင်

ရပ်နေခဲ့ကာ၊ သူတို့အား ပြုံးကာမေးလိုက်သည်။ "မင်းတို့အားလုံးက တိပိဋကကျမ်းစာခန်းမဆောင်ရဲ့ ထူးခြားမှုတွေကို သိထားကြတယ်မလား?"

ရှောင်ယန်နှင့် ကျန်သောသူများသည်၊ သူတို့၏ ခေါင်းများကို ညိတ်လိုက်ကြ၏။ သူတို့သည် စာအုပ်စင်များက ဗလာဖြစ်နေကြသော်လည်း၊ တစ်စုံတစ်ယောက်က သူတို့၏ တာအိုနည်းစနစ်များ၊ မှော်ကျိန်စာများနှင့် ဖြည့်လိုက်မည် ဆိုပါက၊ စာအုပ်စင်များသည် သူတို့အား လိုအပ်သည့် ကျမ်းစာများ အဖြစ်သို့ ပြောင်းလဲပေးလိုက်မည် ဖြစ်သည်။

ထို့အပြင် ကျမ်းစာသည် မပြည့်မစုံ ဖြစ်နေသေးပါကလည်း၊ စာအုပ်စင်တွင် လိုအပ်နေသော အရာများကို တွက်ချက်၍ ပြည့်စုံအောင် ဖြည့်ပေးနိုင်မည် ဖြစ်သည်။

ဒါသည် အလွန်ကိုမှ ထူးခြားသော စွမ်းရည်ဖြစ်၍၊ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ နောက်ပိုင်း တပည့်များသည် အခြားဂိုဏ်းများမှ ကျမ်းစာများ၊ ကျင့်စဥ်များအား တစ်စိတ်တစ်ပိုင်း ပါလာခဲ့မည်ဆိုလျှင်၊ အပြည့်အစုံ ပြန်လည်ဖန်တီးနိုင်မည် ဖြစ်သည်။

သူတို့၏ အရှေ့မှ စာအုပ်စင်များသည်
ယခုအချိန်တွင် ကျိုးတိုးကျဲတဲ
ဖြစ်နေကြသေးကာ၊ ကောင်းကင်ကိုးလွှာ
မိုးကြိုးနည်းစနစ်၊ အေကာလာ ပညာရပ်နှင့်
အခြား ကျမ်းစာများ၊ မှော်ကျိန်စာများ
ဆယ်ခုလောက်သာ ရှိကြသေးသည်။
သို့သော်လည်း အချိန်နှင့်အမျှ ပို၍ပို၍
များပြားသော ကျမ်းစာများကို
စုဆောင်းလာနိုင်မည် ဖြစ်ကာ၊
တကမ္ဘာလုံးတွင်ပင် တာအိုနည်းစနစ်များ၊
မှော်ကျိန်စာများ အပြည့်စုံဆုံး စာကြည့်တိုက်
တစ်ခု ဖြစ်လာနိုင်ပေသည်။

"ဒီကနေ့မှာ ဆရာက မင်းတို့ကို အိမ်စာတချို့ လုပ်ခိုင်းမယ်" လင်းဖုန်းက ပြုံးကာပြောလိုက်သည်။ "ငါတို့ဂိုဏ်းရဲ့ အမှတ်တံဆိပ်ဖြစ်တဲ့ မဟာကောင်းကင် တာအိုကျမ်းစာ၏ အရေအတွက်သုံးခု အင်းရှစ်ကွက်နဲ့၊ မင်းတို့ရဲ့ နားလည်သဘောပေါက်မှုနဲ့ ဖန်ဆင်းထားတဲ့ မှော်ကျိန်စာတွေနဲ့ ပေါင်းစည်းပြီး၊ မင်းတို့ တစ်ယောက်ချင်းဆီရဲ့ ကိုယ်ပိုင် ဖန်တီးထားတဲ့ တာအိုနည်းစနစ်တွေ မန္တန်တွေကို လိုချင်တယ်"

"ငါက ရှုပ်ထွေးခက်ခဲတဲ့၊ နက်နဲတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေကို မလိုချင်ဘူး။ မင်းတို့တတွေရဲ့ တကယ်နားလည်သဘောပေါက်ထားတဲ့၊ တတ်ကျွမ်းထားတဲ့ အရာတွေကိုပဲ လိုချင်တယ်"

လင်းဖုန်းသည် ပြုံးလိုက်ကာ၊ သူ၏တပည့်တစ်ယောက်ချင်းစီအား ကြည့်လိုက်သည်။ "ဆရာက မင်းတို့ကို အလုပ်ပိုတွေ လုပ်ခိုင်းနေတယ်လို့ မယူဆစေချင်ဘူး။ ဒါက မင်းတို့ကို အများကြီး တိုးတက်စေနိုင်တဲ့

လေ့ကျင့်မှု တစ်ခုပဲ။
မင်းတို့တစ်ယောက်ချင်းစီ အတွက်ပေါ့"

"ဝမ်လင်းကတော့ သူ့ရဲ့ ရွှေရောင်ဗဟိုချက်
ဖန်ဆင်းဖို့အတွက် အလုပ်ရှုပ်နေတာရင်း၊
အခုအချိန်မှာ အရေးကြီးတဲ့ အချိန်တစ်ခုကို
ရောက်နေတာကြောင့်၊
အခုလောလောဆယ်တော့ မလာနိုင်သေးဘူး။
ဒါပေမဲ့ သူက ရွှေရောင်ဗဟိုချက်ကို
ဖော်ဆောင်ပြီးသွားရင်၊ သူလည်းပဲ ဒါကို
လုပ်ရလိမ့်မယ်"

ဖူရီက ပြောလိုက်သည်။ "ကျွန်တော်က ဆရာ့ရဲ့ ရည်ရွယ်ချက်ကို နားလည်ပါတယ်။ ကျွန်တော်တို့ရဲ့ ကိုယ်ပိုင်ကျမ်းစာတွေကို ရေးသားခြင်းအားဖြင့်၊ ကျွန်တော်တို့က ကျွန်တော်တို့ စွမ်းအားတွေရဲ့ အသိအမြင်တွေကို နောက်ထပ်တစ်ခေါက် ဖြတ်သန်းရမှာဖြစ်ပြီး၊ အဆင့်တစ်ဆင့်တိုင်းကို ရှင်းလင်းပြတ်သားစွာ နားလည်နိုင်မှာပဲ ဖြစ်တယ်။ ဒါက အနာဂတ်မှာ ကျွန်တော်တို့ကို ပိုမိုလျှင်မြန်စွာ ကျင့်ကြံနိုင်စေမှာ ဖြစ်တယ်၊ ဆရာသခင် ဟုတ်တယ်မို့လား?"

ရှောင်ယန်က သူ၏ခေါင်းအား
ညိတ်လိုက်သည်။ "ဒါက တရားကျင့်ခြင်း
နည်းတစ်မျိုးပဲ။ ကျွန်တော်တို့
သိထားတာတွေကို ပြန်လည်ပြုစု
ရေးသားရတဲ့အတွက်၊ ကိုယ့်ကိုယ်ကိုယ်
ပြန်လည်ဆင်ခြင်နိုင်ပြီး လိုအပ်နေတဲ့
အရာတွေကို ပြန်လည်တွေ့ရှိနိုင်တယ်"

ရှောင်ပုတန်သည် သူ၏မျက်လုံးများကို
ကလယ်ကလယ် လုပ်လိုက်ကာ၊
ပြုံး၍မေးလိုက်သည်။ "ဆရာခင်ဗျ၊
ဒီတာဝန်မှာ အချိန် အကန့်အသတ် ရှိလား?"

လင်းဖုန်းသည် သူ့အား အပြုံးတစ်ဝက်ဖြင့် ကြည့်လိုက်ကာ ပြောလိုက်သည်။
"အချိန်အကန့်အသတ် မရှိဘူး။ မင်းက မင်းရဲ့ ကိုယ်ပိုင်ကျမ်းစာကို ပြီးဆုံးတာနဲ့ တပြိုင်နက်၊ ဒီပိဋကက ကျမ်းစာခန်းမထဲကနေ ထွက်သွားနိုင်တယ်"

"အာ?" ရှောင်ပုတန်လေးသည် မှင်သက်သွားခဲ့သည်။ ကျန်သောသူများ အားလုံးတို့သည် ရှောင်ပုတန်အား သရော်သလိုနှင့် ကြည့်လိုက်ကြသည်။
"မင်းက မင်းစားချင်နေတဲ့ အစားအသောက်တွေကို

စဉ်းစားနေသေးတာလား?" လင်းဖုန်းက မေးလိုက်သည်။

ရှောင်ပုတန်သည် သဘောမကျသော လေသံဖြင့် တုံ့ပြန်လိုက်သည်။ "မဟုတ်ပါဘူး! ကျွန်တော်က အရေးကြီးတာနဲ့ အရေးမကြီးတာကို ခွဲတတ်ပါတယ်ဗျ! အစားအသောက်က ပြီးမှစားလို့ ရတာပဲ!"

"ဒါပေမဲ့ ကျွန်တော်က ဒီတိပိဋကကျမ်းစာခန်းမဆောင်ကနေ အချိန်မီ မထွက်နိုင်ခဲ့ရင်၊ ထွမ်းထွမ်းက ကျွန်တော်

ရှာထားသမျှ အကုန်လုံးကို စားပစ်လိမ့်မယ်ဗျ။ သူမက အားနာတတ်တဲ့သူမျိုး မဟုတ်ဘူး"

ရှောင်ပုတန်လေးသည် လင်းဖုန်းအား ကြည့်လိုက်သည်။ "ဆရာ၊ ကျွန်တော်က ဒီကျမ်းစာခန်းမဆောင်ထဲမှာ ရှိနေတဲ့ အချိန်မှာ၊ ထွမ်းထွမ်းကို ချုပ်နှောင်ထားပေးပါလား?"

အားလုံးသည် ထိုစကားကို ကြားလိုက်ရသောအခါ၊ ကိုယ်နဖူးကိုယ် ပြန်ရိုက်လိုက်ကြ၏။ လင်းဖုန်းသည်ပင် ရှောင်ပုတန်လေး၏ ခေါင်းအား

ပုတ်လိုက်ကာ၊ "စိတ်မပူနဲ့၊ စိတ်မပူနဲ့။ ငါကမင်းရဲ့ စားသောက်ဖွယ်ရာတွေကို စောင့်ရှောက်ပေးမယ်"

ဟာသများ ပြီးဆုံးသွားသောအခါ၊ လင်းဖုန်းသည် ခပ်တည်တည် ပြန်နေလိုက်ပြီး ပြောလိုက်သည်။ "မင်းတို့အားလုံးနီးပါးဟာ၊ ငါတို့ဂိုဏ်းရဲ့ တာအိုနည်းစနစ်တွေကို အတိုင်းအတာ တစ်ခုအထိ နားလည်နိုင်ကြပြီ။ ဇူရီရဲ့ သင်ကြားပြသမှုအောက်မှာ၊ ဒုတိယမျိုးဆက်က တပည့်တွေ အားလုံးကလည်း အခြေခံ ပိုင်နိုင်အောင် လေ့ကျင့်နိုင်ကြပြီ"

"ဒါကြောင့်မို့ မင်းတို့အားလုံးဟာ မင်းတို့ရဲ့ ကိုယ်ပိုင်ကျမ်းစာတွေကို ပြုစုပြီးသွားကြတဲ့အခါ၊ ဒုတိယ မျိုးဆက်ထဲက ထူးချွန်တဲ့ တပည့်တွေကို မင်းတို့ကို ဆရာအဖြစ်နဲ့ သတ်မှတ်ခိုင်းရမယ်။ သူတို့က မင်းတို့ရဲ့ တရားဝင် တပည့်တွေ ဖြစ်လာကြမယ်"

ရှောင်ယန်နှင့် ကျန်သောသူများသည်၊ အချင်းချင်း အကြည့်များ ဖလှယ်လိုက်ကြသည်။ ဇူရီနှင့် ယွဲ့ဟုန်ယန်တို့မှာ သာမန်အတိုင်းသာ

ရှိနေကြ၍၊ ရှောင်ယန်နှင့် ရှောင်ပုတန်တို့သည် ပြုံးနေကြသည်။ သူတို့သည် ထိုအရာအား စိတ်ဝင်စားနေကြသည်။ သို့သော်လည်း ယန်ချင်တစ်ယောက်မှာ စိတ်မသက်မသာ ဖြစ်နေပေသည်။

လင်းဖုန်းက ဖြည်းဖြည်းချင်း ဆက်ပြောလိုက်သည်။ "ဘယ်သူက မင်းတို့ရဲ့ တရားဝင်တပည့် ဖြစ်လာမလဲ ဆိုတာကိုတော့၊ ဆရာက သူတို့ကို ဖိအားပေးမှာ မဟုတ်ဘူး။ မင်းတို့အနောက်ကို ဆရာတင်ချင်တဲ့သူတွေက တင်လိမ့်မယ်။ ကံကြမ္မာကလည်း အရေးပါတဲ့ အစိတ်အပိုင်း

တစ်ရပ်အနေနဲ့ ပါဝင်နေလိမ့်မယ်။ ပြီးတော့ မင်းတို့က သူတို့နဲ့ အပြန်အလှန် ဆက်ဆံပုံတွေရောပေါ့"

"ဒီကနေ့မှာ မင်းတို့ကို ကျမ်းစာပြုစုခိုင်းခြင်းနဲ့အတူ၊ ငါကလည်း အနာဂတ်မှာ အလားအလာရှိတဲ့ တပည့်တွေကို သင်ကြားပေးဖို့ သင်ရိုးကို ရေးဆွဲပေးမယ်။ ဒါက သူတို့ကို မှားယွင်းတဲ့ အရာတွေကို သင်ကြားပေးခြင်းမှ ကာကွယ်ပေးလိမ့်မယ်" လင်းဖုန်းက ပြုံး၍ ဆက်ပြောလိုက်သည်။

"မင်းတို့ရဲ့ တရားဝင် တပည့်တွေဟာ ချီသာဝက အဆင့်ကို ရောက်ပြီးသွားကြရင်၊ မင်းတို့ရဲ့ကိုယ်ပိုင် တာအိုနည်းစနစ်ကို ဖြစ်ဖြစ်၊ ဇူရီရဲ့ ဇူကျိ အရေအတွက်သုံးခု အင်းရှစ်ကွက် ကျမ်းစာကို ဖြစ်ဖြစ်၊ ကျင့်ကြံလို့ရတယ်။ ဒါအတွက် ကန့်သတ်တားမြစ်ချက်တွေ မရှိဘူး"

"ဒါပေမဲ့ မင်းတို့ရဲ့ တပည့်တွေက အခြေခံအုတ်မြစ် အဆင့်ကို ရောက်ပြီးသွားလို့ရှိရင်၊ သူတို့က ဇူကျိ အရေအတွက်သုံးခု အင်းရှစ်ကွက် ကျမ်းစာကို

ကျင့်ကြံစရာ မလိုတော့ဘူး။ မင်းတို့ရဲ့ ကိုယ်ပိုင် မှော်ကျိန်စာတွေကို ကျင့်ကြံရမယ်"

ရှောင်ပုတန်က ပြုံးကာပြောလိုက်သည်။ "ဒုတိယ စီနီယာရဲ့ ကျမ်းစာက ချီသာဝက အဆင့် ကျင့်ကြံသူတွေအတွက် အသင့်တော်ဆုံးဆိုတော့၊ ပြောင်းလဲစရာ မလိုလောက်ပါဘူး"

လင်းဖုန်းက ပြောလိုက်သည်။ "မင်းတို့ အကုန်လုံးအတွက်၊ ငါ့ရဲ့ တာအိုနည်းစနစ်တွေဟာ 'ဆရာက လမ်းပြပြီး၊ တပည့်တွေက အနောက်ကနေ

လိုက်လျှောက်ရတယ်' ဆိုတဲ့ ပုံစံဖြစ်တယ်။
မင်းတို့က ကိုယ်ပိုင်တာအိုနည်းစနစ်တွေကို
ပြုစုတဲ့ အချိန်မှာလည်း၊
အရေးအကြီးဆုံးအချက်က အရေးအပါဆုံး
အနှစ်သာရတွေကို လက်ဆင့်ကမ်းနိုင်ဖို့ပဲ"

"ငါမြင်ချင်တာက စာကြောင်းတစ်ခုတည်းကို
ကော်ပီတစ်ထောင် ပွားထားတာထက်၊
ပန်းပွင့်ပေါင်း တစ်ရာတို့ကို ဖူးပွင့်လာစေဖို့ပဲ"

တပည့်များအားလုံးက
ခေါင်းညိတ်လိုက်ချိန်တွင်၊ ယန်ချင်သည်
အနည်းငယ် ချီတုံချတုံ ဖြစ်နေခဲ့သည်။

သူသည် ယွဲ့ဟုန်ယန်အား ကြည့်လိုက်ကာ၊ ဘာကိုမှ မပြောခဲ့ပေ။

လင်းဖုန်းသည် သူ့အား သတိပြုမိလိုက်ကာ မေးလိုက်သည်။ "ယန်ချင်၊ မင်းမှာ ပြောစရာ တစ်ခုခုများ ရှိသလား?"

ယန်ချင်သည် သူ့အား ဦးညွှတ်လိုက်ကာ ဖြေလိုက်သည်။ "ဆရာ၊ ကျွန်တော်က ဂိုဏ်းကိုဝင်ထားတာ သိပ်မကြာသေးဘူး။ ကျွန်တော့်ရဲ့ မဟာကောင်းကင် တာအိုကျမ်းစာ၏ အရေအတွက်သုံးခု အင်းရှစ်ကွက်ကို နားလည်မှုဟာ၊

မလုံလောက်သေးဘူးလို့ ခံစားနေရပါတယ်။ ကျွန်တော်က ဒီလိုမျိုး တာဝန်ကြီးကို ယူနိုင်မယ်လို့ မထင်ပါဘူး"

လင်းဖုန်းသည် ယန်ချင်အား ကြည့်လိုက်ကာ ပြုံးလိုက်သည်။ သူ့တပည့်၏ ခံစားချက်များကို နားလည်နေပေသည်။

သူတင်ပြခဲ့သော ပြဿနာမှာ အကြောင်းရင်း တစ်ချက်ဖြစ်သည်။ အခြားအကြောင်းရင်း တစ်ရပ်မှာ၊ သူသည် ယုကျင်းတောင်ပေါ်တွင် အချိန်အတန်ကြာ ပိုနေခဲ့သော်လည်း၊ ဒုတိယမျိုးဆက် တပည့်များနှင့်အတူ

လင်းဖုန်း၏ ဂိုဏ်းအတွင်းသို့ အတူတူ ဝင်ခဲ့ခြင်းဖြစ်သည်။

သို့သော်လည်း ယန်ချင်နှင့် ယွဲ့ဟုန်ယန်တို့က ဂိုဏ်းအတွင်းသို့ ဝင်လိုက်သည်နှင့်၊ လင်းဖုန်းက သူတို့အား လက်ရင်းတပည့်အဖြစ် ချက်ချင်းလက်ခံခဲ့ခြင်း ဖြစ်သည်။ ဒုတိယမျိုးဆက် တပည့်များအား သူတို့၏ ဆရာအဖြစ်ကို ခံယူရန် တောင်းဆိုရခြင်းသည်၊ အနည်းငယ် ကသိကအောက် ဖြစ်စရာ ဖြစ်နေပေသည်။

သို့သော်လည်း ထိုအကြောင်းပြချက်ကို အလွယ်တကူ ရှင်းပြ၍ မဖြစ်နိုင်ပေ။ ဒါသည် သူတစ်ယောက်တည်းနှင့် သက်ဆိုင်သောကိစ္စ မဟုတ်ချေ။ ယွဲ့ဟုန်ယန်သည်လည်း အတူတူပင် ဖြစ်သည်။ သူမသည်လည်း ရှကျိုးမှ ဂိုဏ်းဖွင့်ပွဲ အခမ်းအနားတွင်၊ ဂိုဏ်းအတွင်းသို့ ဝင်ရောက်ခဲ့ခြင်း ဖြစ်သည်။

လင်းဖုန်းသည် ပြုံးလိုက်ကာ ပြောလိုက်သည်။ "မင်းရဲ့ကိုယ်ပိုင် တာအိုနည်းစနစ်တွေကို အရင်ပြုစုလိုက်ပါဦး။ လုံလောက်သလား ဆိုတာကို ငါတည်းဖြတ်ပေးပါမယ်"

ယန်ချင်သည် သူ၏ခေါင်းကို
ညိတ်လိုက်သည်။ သူ၏ဘေးမှ
ယွဲ့ဟုန်ယန်သည် သူ့အားတစ်ချက်
ကြည့်လိုက်ကာ၊ ဘာကိုမျှ မပြောခဲ့ပေ။

ရှုထောင့်တစ်မျိုးမှ ကြည့်ရလျှင်၊
ယွဲ့ဟုန်ယန်နှင့် ယန်ချင်တို့သည် ဆင်တူသော
အရာများ ရှိကြသည်။
သူတို့နှစ်ယောက်စလုံးတို့သည်
တိုက်ရိုက်တဲ့တိုးဆန်သော အကျင့်စရိုက်များ
ရှိကြသည်။ သူတို့သည်
အရာတော်တော်များများကို ဇီဇာကြောင်သော
အကျင့်မျိုး မရှိကြပေ။

ယန်ချင်၏ စိုးရိမ်ပူပန်မှုများကို
ယွဲ့ဟုန်ယန်သည်လည်း ခံစားနေရ၏။
သို့သော်လည်း သူမ၏ အထင်အမြင်သည်
ယန်ချင်နှင့် ကွာခြားသည်။ သူမသည်
ဘာမှမပြောခဲ့ပဲ၊ လင်းဖုန်း၏
ဆုံးဖြတ်ချက်ကိုသာ စောင့်နေဖို့ရန်
ဆုံးဖြတ်ချက် ချထားခဲ့သည်။

အမှန်အတိုင်း ပြောရလျှင်၊
လင်းဖုန်းသည်လည်း ယန်ချင်
ကသိကအောက် ဖြစ်နေရခြင်း
အကြောင်းရင်းအား သိပေသည်။

သို့သော်လည်း ယွဲ့ဟုန်ယန်နှင့်
ယန်ချင်တို့သည် ဒုတိယမျိုးဆက်
တပည့်များနှင့် ကွဲပြားပေသည်။

သူတို့က ဂိုဏ်းအတွင်းသို့ မဝင်သေးခင်တွင်၊
ရှောင်ယန်နှင့် ကျန်သောသူများနှင့် အတူ
ရှကျိုးမြို့မှ တိုက်ပွဲတွင်
ပါဝင်ဆင်နွဲခဲ့ကြသည်။
သူတို့နှစ်ယောက်စလုံးတို့သည်
အခြေခံအုတ်မြစ် အဆင့်တွင် ရှိကြပြီဖြစ်၍၊
သူတို့၏ စမှတ်များသည် ကျန်သော
ဒုတိယမျိုးဆက် တပည့်များနှင့်
ကွဲပြားခြားနားပေသည်။

ထို့အပြင် သူတို့၏ အလားအလာ
တန်ဖိုးများမှာ၊ ဒုတိယမျိုးဆက်
တပည့်များထက် အများကြီး ပိုမြင့်နေသည်။

သို့သော်လည်း အခြားသူများက
ယွဲ့ဟုန်ယန်နှင့် ယန်ချင်တို့သည်၊
အနာဂတ်တွင် အောင်မြင်နိုင်မည်လော
ဆိုသည်ကို မသေချာကြပေ။
လင်းဖုန်းတစ်ယောက်တည်းသာ သူတို့၏
အနာဂတ် အလားအလာများကို
သေချာသိခြင်း ဖြစ်သည်။

ယွဲ့ဟုန်ယန်နှင့် ယန်ချင်တို့သည်
အခြေခံအုတ်မြစ် နောက်ဆုံး အဆင့်နှင့်
အလယ်အလတ် အဆင့်တို့တွင် အသီးသီး
ရှိနေခဲ့ကြပြီ ဖြစ်သော်လည်း၊ လူအများစုမှာ
လင်းဖုန်းသည် သူတို့အား မျက်နှာသာ
ပေးသည်ဟု ထင်နေကြမည်မှာလည်း
ပုံမှန်ပင်ဖြစ်သည်။

ထို့ကြောင့်ပင် လင်းဖုန်းကလည်း
တွေးနေခဲ့သည်။ "လူတစ်ယောက်ရဲ့
နှလုံးသားဟာ နားလည်ဖို့ အခက်ခဲဆုံးပဲ။
ဒါပေမဲ့လည်း မှန်ကန်တဲ့
တိုက်တွန်းနှိုးဆော်မှုတွေနဲ့

အစီအမံတွေနဲ့ဆိုရင်၊ ဘာမှ စိုးရိမ်စရာ မရှိပါဘူး"

လင်းဖုန်းသည် အရာအားလုံးအား အသေအချာ တွက်ချက်ထားပြီးသာဖြစ်၍၊ ဘာမှသိပ်ပြီး ဂရုစိုက်မနေခဲ့ပေ။

သူ၏တပည့်များသည် တိပိဋ္ဌက ကျမ်းစာခန်းမဆောင် အတွင်းတွင် သူတို့၏ ကိုယ်ပိုင်ကျမ်းစာများကို ပြုစုနေကြချိန်တွင်၊ လင်းဖုန်းသည် တစ်ယောက်တည်း လမ်းလျှောက်ထွက်လာကာ ဆေးခန်းမဆောင် အတွင်းသို့ ဝင်လိုက်သည်။

သူသည် ခန်းမဆိုင်းဘုတ်ကို မော့ကြည့်လိုက်ကာ သက်ပြင်းတစ်ချက် ချလိုက်သည်။ "ရှောင်ယန်က တခြားတစ်ခုကို လုပ်နေရတယ် ဆိုတော့၊ ဒီကနေ့မှာ ငါ့ကိုယ်ငါပဲ စမ်းသပ်ကြည့်ရမယ်။ ဒါတွေက ဖော်စပ်ရ မခက်ဘူးလို့ မျှော်လင့်ရတာပဲ"

သူသည် ဆေးဖော်စပ်ခန်းသို့ ဝင်သွားခဲ့ပြီး စိတ်ဝိညာဉ် အားဖြည့်ဆေးပင်နှင့်၊ အခြားပြင်ဆင်ထားသော ဆေးအမယ်များကို ထုတ်ယူလိုက်သည်။ သူ၏ လက်ချောင်းများကို လှုပ်လိုက်ကာ၊

စိတ်ဝိညာဉ် အားဖြည့်ဆေးလုံး၏
ဆေးညွှန်းအား ထုတ်ယူလိုက်၏။

သူ၏လက်ဖဝါးနှစ်ခုအား ပူးကပ်လိုက်ရာ၊
မဟာသူရိယ အကြွင်းမဲ့ မီးတောက်သည်
ကောင်းကင်နှလုံးသား မီးတောက် ဆေးမီးဖို
အတွင်းသို့ ကျရောက်သွားခဲ့သည်။
'ဝုန်း'ဟူသော အသံကြီးနှင့်အတူ၊
မီးဖိုအတွင်းမှ မီးတောက်များသည်
တောက်လောင်လာခဲ့သည်။

မြေပြင်ပေါ်တွင် အရေအတွက်သုံးခု
အင်းရှစ်ကွက်၏ ပုံရိပ်များနှင့်

လင်းလက်လာခဲ့သည်။ သူ၏လက်ကို ဖွေ့ယမ်းလိုက်ရာ၊ လေပြင်းမီးတောက် ယပ်တောင်သည် စတင်ခတ်လာခဲ့သည်။

စိတ်ဝိညာဥ် အားဖြည့်ဆေးပင်ကို အဓိကထား၍၊ လင်းဖုန်းသည် ဆေးအမယ်များကို မီးဖိုအတွင်းသို့ ပစ်သွင်းလိုက်ရာ၊ ချက်ချင်းပင် ဆေးရနံ့များက သင်းပျံ့လာခဲ့သည်။

လင်းဖုန်းသည် ဆေးမီးဖိုကြီးအား ကြည့်လိုက်ကာ ရင်ထဲတွင် စိုးရိမ်ပူပန်လာခဲ့သည်။ "လခွမ်းပဲ၊ ငါက

မိုးကြိုးဆေးလုံးကို ဖော်စပ်ပြီးနောက်မှာ၊ တစ်ခါမှ ဆေးမဖော်ဖူးတော့ဘူး။ မရင်းနှီးမကျွမ်းဝင်တဲ့ အလုပ်ကို လုပ်နေရတော့၊ ငါ့ရဲ့မျက်နှာမှာ အိုးမည်းတွေများ ပေသွားမလား?"

## စာစဉ် ၂၀ : အပိုင်း ၄

## အပိုင်း ၃၅၄ : ပစ္စည်းကောင်းတွေဆိုတာ ရဖို့မလွယ်ဘူး

ရှောင်ယန်၏ အဂ္ဂိရတ် ပါရမီအား ရှာဖွေတွေ့ရှိအပြီးတွင်၊ လင်းဖုန်းသည်

ဆေးဝါးဖော်စပ်မှု တာဝန်အားလုံးကို ရှောင်ယန်အား ပျော်ရွှင်စွာနှင့် ပေးအပ်ထားခဲ့လေသည်။ ရှောင်ယန်ကလည်း သူ့အား စိတ်မပျက်စေရပေ။ ဂိုဏ်းအတွင်းမှ ဆေးဝါး အားလုံးနီးပါးအား၊ ရှောင်ယန်က ဖော်စပ်ထားခြင်း ဖြစ်သည်။

ကောင်းကင်ရွှေရောင် ခန်းမဆောင်နှင့် ကောင်းကင်နှလုံးသား မီးတောက် ဆေးမီးဖိုနှင့်အတူ၊ ရှောင်ယန်သည် ဆေးအမယ်များကို အသုံးပြုရာတွင် အလွန်ကို ကျင်လည်ပေသည်။ သူသည် ဆေးအမယ်

တစ်ခုကိုမှ အလဟဿ မဖြစ်စေပဲ၊
လင်းဖုန်းအား ပျော်ရွှင်စေနိုင်ခဲ့ပေသည်။

အကယ်၍ ဆေးဖော်စပ်ခြင်းသည် နည်းစနစ်
တစ်မျိုးသက်သက်သာဆိုလျှင်၊
ကျင့်ကြံမှုအဆင့် မြင့်မားသော ကျင့်ကြံသူ
တစ်ယောက်သည် အောင်မြင်မှုနှုန်း ပိုများမည်
ဖြစ်သည်။ သို့သော်လည်း အဖြစ်မှန်မှာ
ဤကဲ့သို့ မဟုတ်ချေ။ ဥပမာ ဆေးဝါးတစ်ရာ
ဂရန်းမာစတာသည် သူ၏စွမ်းရည်ကြောင့်၊
မဟာလွင်တီးခေါင် ခေးဂိုဏ်းမှ
အကျိုးအမြတ်များစွာ ရရှိခဲ့သည်။

သူ၏ ဆေးဖော်စပ်နိုင်မှု စွမ်းရည်အား
အသုံးချ၍၊ အခြေတည် ဝိညာဉ် အဆင့်မှ
ဆေးဝါးတစ်ရာ ဂရန်းမာစတာသည်၊
အင်မော်တယ်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ
အချို့ထက် ပို၍ အသုံးဝင်ခဲ့သည်။

လင်းဖုန်းသည် ကောင်းကင်နှလုံးသား
မီးတောက် ဆေးမီးဖိုအတွင်းမှ အပူချိန်အား
သေချာစွာနှင့် ထိန်းချုပ်နေခဲ့သည်။ ဒါသည်
သူ၏ စိတ်ဝိညာဉ် အားဖြည့်ဆေးလုံးအား
ပထမဆုံး အကြိမ်အဖြစ် ဖော်စပ်ခြင်း
ဖြစ်သဖြင့်၊ ရှေ့ဆက်နေရင်းနှင့်
အဆင့်ပေါင်းများစွာအား လေ့လာနေခဲ့ရသည်။

သို့သော်လည်း လင်းဖုန်းအား
ပျော်ရွှင်စေသည့် အချက်မှာ၊
ဖြစ်စဉ်တစ်ခုလုံးတွင် မတော်တဆမှုများ
ကြီးကြီးကျယ်ကျယ် မဖြစ်ခဲ့ခြင်း ဖြစ်သည်။
ဆေးမီးဖို အတွင်းမှ ဆေးရန့်များ သင်းပျံ့စွာ
ထွက်ပေါ်လာခဲ့သည်။ ဆေးရန့်များသည်
ကောင်းကင်ပေါ်တွင် စုဝေးသွားကြပြီး၊
မပျံ့လွင့်သွားကြပေ။ ထို့အစား သူတို့သည်
တိမ်တိုက်များအဖြစ်သို့
ပြောင်းလဲသွားကြသည်။

"အချိန်အတော် ကြာပြီးတဲ့တိုင်အောင်၊
ငါ့ရဲ့လက်ရည်တွေက မကျသေးဘူးပဲ"
လင်းဖုန်းသည် မြောက်ကြွမြောက်ကြွ
ဖြစ်နေခဲ့၍၊ ယုံကြည်မှုရှိစွာ ပြုံးလိုက်သည်။

တရုတ်နာရီ ၄၉နာရီ အပြီးတွင်၊ ဆေးမီးဖို
အပေါ်မှ တိမ်တိုက်များသည်
ရွှေရောင်အဖြစ်သို့ ပြောင်းသွားကြသည်။
ထို့အပြင် တိမ်တိုက်များမှနေ၍ ဗုံတီးသံကဲ့သို့
အသံများ ထွက်လာခဲ့သည်။ (တရုတ်နာရီ
တစ်နာရီသည် အနောက်တိုင်းနာရီ
နှစ်နာရီနှင့် တူညီသည်)

လင်းဖုန်းသည် ဆေးမီးဖိုအား
စိုက်ကြည့်နေကာ၊ အရေးအကြီးဆုံး အချိန်သို့
ရောက်နေပြီဖြစ်ကြောင်း သိခဲ့လိုက်သည်။
သူသည် စိတ်ဝိညာဥ် အားဖြည့်ဆေးလုံးအား
အောင်မြင်စွာ ဖော်စပ်နိုင်မည်လော
ဟူသည်မှာ၊ ယခု နောက်ဆုံးအဆင့်ပေါ်တွင်
မူတည်နေသည်။

သူသည် လက်ချောင်းများအား လှုပ်လိုက်ရာ၊
လေထဲတွင် သွေးတစ်စက်
ပေါ်ထွက်လာခဲ့သည်။ ထိုသွေးစက်သည်
အဆက်အပြတ် လှုပ်ခါနေခဲ့ကာ၊
အတွင်းမှနေ၍ နဂါးအသံကဲ့သို့

ကျယ်လောင်သော အသံတစ်ခုသည်
ထွက်ပေါ်လာ၏။

ထိုသွေးစက်သည် လေထဲတွင်
ပုံပြောင်းသွားခဲ့ကာ၊ ပျံသန်းနေသော
နဂါးတစ်ကောင်၏ပုံကို ဖန်ဆင်းခဲ့သည်။

ဒါသည် မဟူရာနဂါး ကျဲယု၏
ပေးဆပ်မှုဖြစ်သည်။ အစပိုင်းတွင်
လင်းဖုန်းသည် ကျဲယုအား သွေးလှူခိုင်းသည့်
အချိန်တွင်၊ ကျဲယုသည် ငိုမဲ့မဲ့ ဖြစ်နေခဲ့သည်။

လင်းဖုန်းသည် သူ၏လက်အား အသာအယာ ဖော့ယမ်းလိုက်ရာ၊ နဂါးသွေးစက်သည် ကောင်းကင်နှလုံးသား မီးတောက် ဆေးမီးဖို အတွင်းသို့ ကျသွားခဲ့သည်။

ရွှေရောင်တိမ်တိုက်များသည် ပြန့်ကျဲသွားကြကာ၊ အသံကျယ်ကြီး တစ်သံအား ကြားလိုက်ရသည်။ အံ့အားသင့်ဖွယ်ကောင်းသော လျှို့ဝှက်ဆန်းကြယ်သည့် အော်ရာတစ်ခုသည်၊ ကောင်းကင်နှလုံးသား မီးတောက် ဆေးမီးဖိုမှ ထွက်လာ၍ ကောင်းကင်ပေါ်သို့ ပျံတက်သွားခဲ့သည်။

"အောင်မြင်သွားပြီ!" လင်းဖုန်း၏ မျက်နှာတွင် အပြုံးပန်းများ ဖူးပွင့်လာခဲ့သည်။

သို့သော်လည်း နောက်ဆုံးအဆင့် မပြီးဆုံးခင်လေးတွင်၊ ကောင်းကင်နှလုံးသား မီးတောက် ဆေးမီးဖို အတွင်းမှ အော်ရာသည် ချက်ချင်းပြောင်းသွားခဲ့သည်။

နဂိုက တည်ငြိမ်အေးဆေးနေသော အော်ရာသည်၊ ရုတ်ချည်းပင် ပြင်းထန်လှုပ်ရှားလာခဲ့သည်။ မထိန်းချုပ်နိုင်သော

စွမ်းအားလျှိုင်းလုံးများသည် တစ်လုံးပြီးတစ်လုံး ရိုက်ခတ်လာခဲ့သည်။

ကောင်းကင်နှလုံးသား မီးတောက် ဆေးမီးဖို၏ အနားတစ်ဝိုက်မှ လေဟာနယ် အတွင်းတွင်၊ အပြောင်းအလဲ တစ်ခုက ရုတ်တရက် ပေါ်လာခဲ့သည်။ ရုတ်တရက်ပင် ဟင်းလင်းပြင် မိုးကြိုးကပ်ဘေး တစ်ခုသည် ပေါ်လာခဲ့၍၊ ရွှေရောင်တိမ်တိုက်များကို ပစ်ချလိုက်သည်။

မူလက တည်ငြိမ်နေသော တိမ်တိုက်များသည် ရုတ်တရက်

ကြောက်မက်ဖွယ်ရာ ပုံစံသို့
ပြောင်းသွားခဲ့သည်။ အတွင်းမှနေ၍
ထိတ်လန့်ဖွယ် ညည်းညူသံတစ်ခုက
ထွက်ပေါ်လာ၏။ အတွင်းမှနေ၍
ရက်စက်ကြမ်းကြုတ်သည့် တစ်စုံတစ်ခုက
မွေးဖွားလာခဲ့ သကဲ့သို့ ဖြစ်သည်။

ထိုမြင်ကွင်းကို ကြည့်လိုက်ကာ၊
လင်းဖုန်းသည် သူ၏ မျက်မှောင်များအား
ကြုတ်လိုက်သည်။ "ဒါက တကယ်ကိုပဲ
ဆေးလုံးကပ်ဘေးပဲ။ ငါက တကယ်ကို
ထင်မထားမိဘူး"

ကျင့်ကြံသူ တစ်ယောက်သည် ကျင့်ကြံမှုများ ပြုလုပ်နေစဉ် မိစ္ဆာစိတ်ရိုင်းများကို ရင်ဆိုင်ရသကဲ့သို့၊ စိတ်ဝိညာဉ် စွမ်းအင်များဖြင့် ပြည့်နေသော အရည်အသွေး ကောင်းမွန်သည့် ဆေးလုံးသည်၊ ကျင့်ကြံမှု ဖြစ်စဉ်အတွင်းတွင် မိစ္ဆာစိတ်ရိုင်းများ ဖြစ်ပေါ်လာတတ်သည်။ အကယ်၍ ထိုမိစ္ဆာစိတ်ရိုင်းများကို မဖြေရှင်းနိုင်ပါက၊ ထိုဆေးလုံး၏ စိတ်ဝိညာဉ် စွမ်းအင်များသည် မိစ္ဆာစိတ်ရိုင်းများ၏ စုပ်ယူခြင်းအား ခံလိုက်ရမည် ဖြစ်သည်။

မိစ္ဆာစိတ်ရိုင်းများသည် လုံလောက်အောင် သန်မာလာပါက၊ သူတို့သည် ရုပ်လုံး အကောင်အထည် ပေါ်လာနိုင်ကြသည်။ သူတို့သည် ကြမ်းတမ်းသော ဒေါသရှိသည့် တကယ့်မိစ္ဆာ အစစ်တစ်ကောင် အဖြစ်သို့ ပြောင်းလဲသွားနိုင်သည်။

အကယ်၍ ထိုမိစ္ဆာသည် ဟင်းလင်းပြင် မိုးကြိုးကပ်ဘေးအား အောင်မြင်စွာနှင့် ကျော်ဖြတ်နိုင်လျှင်၊ သူသည် ကောင်းကင်သို့ ပျံသန်း၍ မြေပေါ်တွင် လျှောက်သွားနိုင်သည့် စွမ်းရည်ကို ရရှိနိုင်မည် ဖြစ်သည်။ ထိုအချိန်တွင် သူသည် အခြေတည် ဝိညာဉ်

အဆင့်မှ မိစ္ဆာတစ်ကောင် ဖြစ်သွားမည် ဖြစ်သည်။

ဤဖြစ်စဥ်တွင် 'ဆေးလုံးကပ်ဘေး' ဟူသည်မှာ၊ ဆေးလုံးအတွင်းမှ မိစ္ဆာစိတ်ရိုင်းများအား ဖျက်ဆီးရန် ဖြစ်သည်။ ထိုကဲ့သို့ ပြုလုပ်ခြင်းဖြင့် ဆေးလုံးသည် အဆင့်တစ်ဆင့် ပို၍မြင့်သွားနိုင်ပေသည်။

"... ပြဿနာက၊ ငါက 'ဆေးလုံးကပ်ဘေး'ကို ဘယ်လိုမျိုး ရင်ဆိုင်ရမလဲ မသိတာပဲ"

လင်းဖုန်းသည် ခါးသီးစွာနှင့် ပြုံးလိုက်ကာ၊ ဆေးမီးဖို အတွင်းမှ မဟာသူရိယ အကြွင်းမဲ့ မီးတောက်အား သေချာစွာ ထိန်းညှိနေခဲ့သည်။ အချို့အရာများသည် တစ်ယောက်၏ စွမ်းအားကိုသာ အသုံးပြု၍၊ ဖြေရှင်းနိုင်သော အရာများ မဟုတ်ပေ။ အကယ်၍ အင်အားများကို အသုံးပြု၍ ဆေးလုံးအတွင်းမှ မိစ္ဆာစိတ်ရိုင်းများကို အကြမ်းနည်းဖြင့် ဖျက်ဆီးခဲ့လျှင်၊ ဆေးလုံးသည်လည်း တစ်ပါတည်း ပျက်စီးသွားနိုင်ခြေ ရှိသည်။ ထိုအခါတွင် ဖြစ်စဉ်တစ်ခုလုံးသည် အလကား ဖြစ်သွားမည် ဖြစ်သည်။

သူသည် သူ၏ခေါင်းကို မော့လိုက်ကာ၊ ကောင်းကင်ယံမှ ပြိုးပြိုးပြက်ပြက် လက်နေသော လျှပ်စီးများကို ကြည့်လိုက်သည်။ လင်းဖုန်းသည် သူ၏လက်ချောင်း ငါးချောင်းစလုံးအား ဆန့်တန်းလိုက်၍၊ ကရာတေးလက်ဝါးအတိုင်း ခုတ်ချလိုက၏။ ကောင်းကင်၏ စည်းရိုးများ မှော်ကျိန်စာအား ထုတ်ဖော်လိုက်ကာ၊ သူ၏ ပစ်မှတ်မှာ ရုပ်လုံးပေါ်လာနေပြီ ဖြစ်သော ဆေးမီးဖို၏ အတွင်းမှ စိတ်ဝိညာဉ် အားဖြည့်ဆေးလုံးပင် ဖြစ်သည်။

ထိုမှော်ကျိန်စာဖြင့် ဆေးလုံးအတွင်းမှာ ခက်ထန်စွာ လှုပ်ရှားနေသော မိစ္ဆာစိတ်ရိုင်းကို ချုပ်နှောင်လိုက်သည်။ သူသည် အနှောင်အဖွဲ့များကို လှုပ်ရှားရုန်းကန်နေခဲ့သော်လည်း၊ အတော်ကြီး ငြိမ်သက်သွားခဲ့သည်။

လင်းဖုန်းသည် သူ၏ရင်ထဲမှနေ၍ တွေးနေခဲ့သည်။ "ဒီမှော်ကျိန်စာကို အသုံးပြုရတာက ယာယီအနေနဲ့သာ ဖြစ်တယ်။ သူက ဖိနှိပ်ထားရုံသာ တတ်နိုင်ပြီး၊ တကယ့်အရင်းခံ ပြဿနာကို မဖြေရှင်းနိုင်ဘူး။ တကယ်လို့ ငါက

မိစ္ဆာစိတ်ရိုင်းကို ဖြေရှင်းနိုင်ခဲ့တယ်ဆိုရင်တောင်မှ၊ ဆေးလုံးကလည်း ဒဏ်ရာရသွားလိမ့်မယ်။ ငါ့တပည့်တွေက ဆေးလုံးကို သောက်သုံးလိုက်ရင်၊ သူတို့ရဲ့ စိတ်ထဲမှာလည်း မိစ္ဆာစိတ်ရိုင်းတွေ ပေါ်လာနိုင်တယ်"

"အဓိက အရင်းခံ ပြဿနာကို ဖြေရှင်းနိုင်ဖို့၊ ငါက မှော်ကျိန်စာထက်စာရင် ဆေးကျင့်ကြံမှု နည်းစနစ်ကို သုံးမှရမယ်"

ထိုအချက်ကို တွေးမိသည်နှင့် လင်းဖုန်းသည်၊
ဆေးမီးဖို အတွင်းမှ မဟာသူရိယ အကြွင်းမဲ့
မီးတောက်၏ အပူချိန်ကို တိုးမြှင့်လိုက်သည်။

ဆေးမီးဖို အတွင်းမှနေ၍
ဆေးလုံးအမည်းများသည်
ထွက်ပေါ်လာကြ၏။ ထိုဆေးလုံးများသည်
အဆက်မပြတ် တုန်ခါနေကြကာ၊
သူတို့အတွင်းမှ တစ်ခုတစ်ခုက
ထွက်ပေါ်လာမည့်သကဲ့သို့ ဖြစ်နေကြသည်။

လင်းဖုန်းသည် မဟာသူရိယ အကြွင်းမဲ့
မီးတောက်၏ အလင်းတန်းများအား

ထိန်းချုပ်နေခဲ့သည်။ သူသည် ဆေးလုံးများ၏ အပြင်ဘက် အလွှာကို ခွာချချင်နေခဲ့ခြင်း မဟုတ်ပဲ၊ ဆေးလုံးတစ်လုံးချင်းစီ၏ အလယ်ဗဟို ချက်မသို့ နက်ရှိုင်းစွာ ဦးတည်နေခဲ့ခြင်း ဖြစ်သည်။

ဖြစ်စဥ်တစ်လျှောက်စလုံးတွင် လင်းဖုန်းသည် မဟာသူရိယ အကြွင်းမဲ့ မီးတောက်၏ အလင်းတန်းအား သေချာစွာ ထိန်းချုပ်နေခဲ့၍၊ ဆေးလုံးများကို ပြာမကျစေရန် ပြုလုပ်နေခဲ့သည်။

မဟာသူရိယ အကြွင်းမဲ့ မီးတောက်သည်
ဆေးလုံးတစ်ခုချင်းစီ၏ အတွင်းသို့ နက်ရှိုင်းစွာ
ဝင်ရောက်သွားနိုင်သည့် အချိန်မှ၊
လင်းဖုန်းသည် မီးတောက်၏ စွမ်းအားကို
အစွမ်းကုန် ဖောက်ခွဲပစ်ခဲ့သည်။

ဆေးလုံးများသည် ညည်းညူသံများကို
ထုတ်လွှတ်ခဲ့ကာ၊ ဆေးမီးဖို အတွင်းတွင်
ပြင်းထန်စွာနှင့် တုန်ခါလာကြသည်။
ပေါက်ကွဲတော့မည့်ဆဲဆဲ ဖြစ်နေကြသည်။

လင်းဖုန်း၏ မျက်နှာ အမူအရာသည်
ပြောင်းလဲမှုမရှိပဲ၊ မဟာသူရိယ အကြွင်းမဲ့

မီးတောက်ကိုသာ အသေအချာ
ကစားနေခဲ့သည်။ သူသည်
လေပြင်းမီးတောက် ယပ်တောင်နှင့်
ခတ်ပေးနေခဲ့သည်။ ယပ်တောင်မှ
လေပြည်များသည် ကောင်းကင်နှလုံးသား
မီးတောက် ဆေးမီးဖို အတွင်းသို့
ညင်သာစွာဖြင့် ဝင်ရောက်သွားခဲ့သည်။
ဆေးမီးဖိုအတွင်းမှ မီးတောက်များ၏
အပူချိန်သည် နောက်တစ်ဆင့်
တက်သွားခဲ့ကာ၊ ဒေါသတကြီးဖြင့်
တုန်ခါနေသော ဆေးလုံးများအား
ငြိမ်သက်စေခဲ့သည်။

ဆေးမီးဖို၏အောက်တွင်၊ အရေအတွက်သုံးခု
အင်းရှစ်ကွက်၏ ပုံရိပ်များသည်
စတင်လင်းလက်လာကြသည်။ သူ၏
တောက်ပလှသော ရွှေရောင်အလင်းတန်းများ
အောက်တွင်၊ ပေါက်ကွဲခါနီးဖြစ်နေသော
ဆေးမီးဖိုအတွင်းမှ မီးတောက်များသည်
ပြန်လည်ငြိမ်သက်သွားကြသည်။

ကောင်းကင်နှလုံးသား မီးတောက် ဆေးမီးဖို၏
အောက်မှ မီးတောက်များသည်
ငြိမ်သက်သွားကြသောအခါ၊
ပေါက်ကွဲခါနီးဖြစ်နေသော
ဆေးလုံးများသည်လည်း

ငြိမ်သက်သွားကြသည်။ သူတို့၏ အတွင်းမှ မိစ္ဆာစိတ်ရိုင်းများသည်၊ မဟာသူရိယ အကြွင်းမဲ့ မီးတောက်၏ တောက်ပသော အလင်းတန်းများအောက်တွင် အချေမှုန်း ခံလိုက်ကြရသည်။

ဆေးမီးဖို၏ အပေါ်မှ ရွှေရောင်တိမ်တိုက်များသည် နဂိုမူလ တည်ငြိမ်နေသော အခြေအနေသို့ ပြန်ရောက်သွားခဲ့သည်။

လင်းဖုန်းသည် ကျယ်လောင်စွာနှင့် ရယ်လိုက်ကာ၊ သူ၏လက်ဝါးနှစ်ဘက်အား

တီးလိုက်သည်။ ရွှေရောင်တိမ်တိုက်များသည် ဆေးမီးဖို အတွင်းသို့ ပြန်ဝင်သွားခဲ့ကာ၊ အဖုံးက ပွင့်လာခဲ့သည်။ အတွင်းမှနေ၍ တောက်ပနေသော အလင်းတန်းတစ်ခုက ပေါ်ထွက်လာခဲ့ကာ၊ ဆေးရနံ့များဖြင့် သင်းပျံ့ကြိုင်လှိုင်နေခဲ့သည်။

အဖြူရောင် အလင်းတန်းများသည် တစ်တန်းပြီးတစ်တန်း ဆေးမီးဖိုအတွင်းမှ ထွက်ပေါ်လာကြကာ၊ လင်းဖုန်းသည် သူတို့အားလုံးအား သိမ်းဆည်းလိုက်သည်။

ထိုဆေးလုံးများသည် ကလေးငယ်
တစ်ယောက်၏ လက်သီးဆုပ်လောက်ရှိကာ၊
လုံးဝဖြူဆွတ်နေ၍ တစ်ဝက်တစ်ပျက်
ထွင်းဖောက်မြင်နေရသည်။

ဆေးလုံးများ၏ အလယ်တွင် အနက်ရောင်
ဗဟိုချက်တစ်ခုကို တွေ့နိုင်သည်။
ထိုအနက်ရောင် ဗဟိုချက်များသည်
တံလျှပ်များကဲ့သို့ ဝင်းလဲ့လဲ့
တောက်ပနေကြ၏။ ဖြည့်၍မရသော
အပေါက်တစ်ခုကဲ့သို့ ဖြစ်နေခဲ့၏။

ဆေးလုံးတစ်လုံးစီသည် ကျင့်ကြံသူ
တစ်ယောက်၏ အရိုးအရင်းမြစ်အား
ဆထက်တံပိုး တိုးတက်စေနိုင်၏။
ထိုဆေးလုံးသည် စိတ်ဝိညာဉ်
အားဖြည့်ဆေးလုံး ဖြစ်၏။

လင်းဖုန်းသည် သူ၏ခေါင်းကို ကျေနပ်စွာနှင့်
ညိတ်လိုက်သည်။
"ပစ္စည်းကောင်းလေးတွေဆိုတာ ရဖို့
အမြတန်မှ ခက်ခဲတာပဲ။ ဒါပေမဲ့
ကံကောင်းစွာနဲ့ ဒီတစ်ခေါက်တော့
အောင်မြင်သွားပြီ"

သူသည် စိတ်ဝိညာဉ် အားဖြည့်ဆေးလုံးအား ယူလိုက်ကာ၊ ကောင်းကင်နှလုံးသား မီးတောက် ဆေးမီးဖို အတွင်းမှ မီးတောက်အား ငြိမ်းသက်လိုက်သည်။ လင်းဖုန်းသည် ဆေးဖော်စပ်ခန်း အတွင်းမှ ထွက်လာ၍၊ သူ၏အသိစိတ်သည် စနစ်ကြီး၏ အတွင်းသို့ ဝင်သွားခဲ့သည်။

လတိုင်းတွင် သူသည် ကံစမ်းမဲ တစ်ခေါက်နှိုက်ခွင့်ရှိသည်။ အခုအချိန်သည် နောက်တစ်လ ရောက်ခဲ့ပြန်ပြီ။

လင်းဖုန်းသည် ကံစမ်းမဲ စနစ်အတွင်းသို့ ဝင်ရောက်ခဲ့၍၊ ဟိုဟိုဒီဒီ ပတ်ကြည့်နေခဲ့၏။ သူ၏အကြည့်သည် စက်ဝိုင်းကားချပ် စနစ်အတွင်းမှ ပစ္စည်းတစ်ခု၏ အပေါ်သို့ ကျရောက်သွားခဲ့သည်။

ဒါသည် ကြည်လင်တောက်ပသော အလင်းတန်းများဖြင့် ဝင်းလက်နေသော၊ ဖြူစင်သန့်ရှင်းသည့် ကျောက်စိမ်းတုံးလေး ဖြစ်သည်။

လင်းဖုန်းသည် ထိုကျောက်စိမ်းအား ယခင်က မြင်ဖူးခဲ့၏။ ဒါသည် ယွဲ့ဟုန်ယန်

ပိုင်ဆိုင်ထားသော အရာတစ်ခု ဖြစ်သည်။
ဒါသည် အဝီစိ ငရဲမုန်တိုင်းကိုပင်
စုပ်ယူနိုင်သည့် အရာတစ်ခု ဖြစ်သည်။ ဒါသည်
ဗလာကျောက်စိမ်း ဖြစ်သည်။

ထိုဗလာကျောက်စိမ်း၏ အရွယ်အစားသည်၊
ယွဲ့ဟုန်ယန်၏ လက်ကောက်ထက်ပင်
ပို၍ကြီးနေသေးသည်။

"ဒီအိုင်တမ်လေးက မဆိုးဘူး။
သိုလှောင်အိတ်တစ်ခု ပြုလုပ်ဖို့ အကောင်းဆုံး
ပစ္စည်းတစ်ခုပဲ။ သူ့ကို ထွင်းထုပြီးရင်၊
သိုလှောင်အိမ် အများအပြား

ပြုလုပ်လို့ရတယ်" လင်းဖုန်းက ဆုံးဖြတ်ချက်ချလိုက်သည်။ "ကောင်းပြီ၊ မင်းကိုပဲ ရွေးချယ်လိုက်ပြီဟေ့!"

သူသည် ဗလာကျောက်စိမ်း၏ နံပါတ်ကို မှတ်ထားလိုက်ကာ တွက်ချက်မှုများ အနည်းငယ် ပြုလုပ်လိုက်၍၊ စက်ဝိုင်းကားချပ်ကို လှည့်လိုက်ပြီး သူ၏ကံစမ်းမဲအား စတင်လိုက်သည်။

လင်းဖုန်းသည် စက်ဝိုင်းကားချပ်စနစ်အား နားလည်နေခဲ့ပြီ ဖြစ်သော်လည်း၊ သူလိုချင်တာကို ရဖို့မှာ ၂၅%သာ ရှိပေသည်။

အခေါက်တိုင်းတွင် သူလိုချင်သော ပစ္စည်းများ ရရန် မဖြစ်နိုင်ပေ။ အတိတ်တွင်လည်း သူလွဲချော်ခဲ့သော အကြိမ်ပေါင်း မြောက်မြားစွာ ရှိခဲ့သည်။

သို့သော်လည်း အခြားစနစ်များနှင့် စာလျှင်၊ စက်ဝိုင်းကားချပ်စနစ်သည် လင်းဖုန်း ယုံကြည်ချက် အရှိဆုံးသော စနစ်ဖြစ်သည်။

ဤအချိန်တွင် လင်းဖုန်း၏ ကံသည် သိပ်မဆိုးခဲ့ပေ။ သူသည် ဗလာကျောက်စိမ်းအား လက်ဝယ် ရရှိခဲ့သည်။

လင်းဖုန်းသည် သူ၏လက်အတွင်းမှ ဗလာကျောက်စိမ်းအား ကြည့်ကာ တွေးလိုက်သည်။ "မဆိုးဘူးကွ၊ သူက အရွယ်အစား သေးငယ်ပေမဲ့၊ သိုလှောင်အိတ်ပေါင်း တစ်ရာလောက် ပြုလုပ်လို့ရမယ်"

သူ၏မှော်စွမ်းအင်များဖြင့်၊ သူသည် ထိုကျောက်စိမ်းအား အစိတ်အပိုင်းငယ်များ တစ်ရာအဖြစ်သို့ ဖြတ်တောက်လိုက်သည်။ အစိတ်အပိုင်း တစ်ခုစီသည် အရွယ်အစား သေးသေးလေး အဖြစ်သို့ ပြောင်းသွားခဲ့သည်။

သို့သော်လည်း ထိုကျောက်စိမ်း အပိုင်းအစ သေးသေးလေး တစ်ခုအတွင်းတွင်၊ ပစ္စည်းသိုလှောင်ရန် နေရာအများအပြား ရှိပေသည်။

လင်းဖုန်းသည် သူ၏လက်ချောင်းများကို လှုပ်လိုက်ရာ၊ ခရမ်းရောင် ဓာတ်ငွေ့များသည် လေထဲသို့ ထွက်လာခဲ့သည်။ ထိုဓာတ်ငွေ့များသည်လည်း အစိတ်အပိုင်း ၁၀၀အဖြစ်သို့ ကွဲသွားခဲ့ကာ၊ ဗလာကျောက်စိမ်း အစတစ်ရာ အပေါ်သို့ ညီမျှစွာနှင့် ကျသွားခဲ့သည်။ သူတို့သည်

ဗလာကျောက်စိမ်း လက်စွပ် အကွင်းတစ်ရာ
အဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။

လင်းဖုန်းသည် သူ၏ရင်ထဲတွင် တွေးနေခဲ့၏။
"ရှောင်ယန်နဲ့ ကျန်တဲ့
လက်ရင်းတပည့်တွေကို၊
တစ်ယောက်တစ်ကွင်းစီ ပေးရမယ်။ နန်းဟွာနဲ့
ရှီးဟောင်တို့လည်း တစ်ကွင်းစီရမယ်။
ဟိုနဂါးအိုကြီး ကျဲယုကိုလည်း
သွေးလှူထားတဲ့အတွက် တစ်ကွင်းပေးရမယ်"

"ထွမ်းထွမ်းအနေနဲ့ကတော့ သူမရထားတဲ့ အရာအားလုံးကို သူမရဲ့ ဝမ်းဗိုက်ထဲမှာပဲ သိမ်းထားတဲ့အတွက်၊ သူမကို ပေးဖို့မလိုဘူး"

လင်းဖုန်းက ပြီးတာနှင့် တွေးလိုက်သည်။
"ကျန်တဲ့တပည့်တွေ အနေနဲ့၊ ငါက နည်းနည်းတော့ စဉ်းစားရဦးမယ်။ ရှောင်ယန်နဲ့ ကျန်တဲ့သူတွေက ကိုယ်ပိုင်တပည့်တွေကို လက်ခံပြီးသွားရင်၊ ကြိုးစားတဲ့ တပည့်တွေကို ဆုချတဲ့ အနေနဲ့လည်း ပေးလို့ရတာပဲ"

"ဒါက သူတို့ကို ပိုပြီးတော့ ကြိုးစားချင်စိတ်ရှိလာအောင်၊ လှုံ့ဆော်ပေးတဲ့

သဘောမျိုးလည်း ဖြစ်သွားမယ်။ တရားမျှတမှု ရှိအောင်တော့ စည်းမျဉ်းစည်းကမ်းတွေတော့ ချမှတ်ပေးရမှာပေါ့"

လင်းဖုန်း စဉ်းစားနေဆဲမှာပင်၊ သူ၏ရင်ထဲတွင် တစ်ချက်လှုပ်ရှားသွားခဲ့သည်။ ပြုံးလိုက်ကာ တွေးလိုက်သည်။ "ဝမ်လင်းက အောင်မြင်သွားပြီလား?"

ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာ အတွင်းမှ ပြောင်းလဲမှုများကို ခံစားမိ၍၊ လင်းဖုန်းသည် သူ့အတွင်းသို့

ပျံသန်းသွားခဲ့သည်။ ကောင်းကင်စကြာဝဠာ
အလင်းတန်းကမ္ဘာ အတွင်းတွင်၊
ပြန်လည်ငြိမ်းချမ်း နေခဲ့ပြီ ဖြစ်သည်။
လပ်ကီးသည် ရတနာ
သစ်ပင်ငယ်လေး၏အောက်တွင်
အိပ်ပျော်နေ၍၊ အဘိုးအိုသည် သူ့ဘာသာသူ
စစ်တုရင် ကစားနေခဲ့သည်။

ရောမ ခားကြီးသည်လည်း သူ့နဂိုပုံစံ
ပြန်ရောက်သွားခဲ့ပြီ ဖြစ်သည်။ ခားအိမ်ကြီးကို
ကျောပေါ်တွင် လွယ်ထားသော
ကညာပျိုသည်၊ မည်သည့် ပြောင်းလဲမှုမျိုးကိုမှ
မဖော်ပြခဲ့ပေ။ သူမသည် မဟူရာကောင်းကင်

ရတနာသစ်ပင်အား ပတ်နေဆဲဖြစ်သည်။
သူမ၏ လမ်းကြောင်းနှင့် ခြေလှမ်းတို့သည်
ယခင်က အတိုင်းသာ ဖြစ်သည်။

သစ်ပင်၏အောက်တွင် ဝမ်လင်းသည်
တင်ပုလ္လင်ခွေ ထိုင်နေခဲ့သည်။ သူ့အား
သေမင်းအော်ရာများ ပြည့်နှက်နေသည့်
အနက်ရောင် ခ ဘတ်ငွေ့များက
လွှမ်းခြုံထားခဲ့သည်။

သို့သော်လည်း ထိုအနက်ရောင် ခဘတ်ငွေ့များ
အတွင်းတွင်၊ အသက်စွမ်းအင်နှင့်တူသော
အရာတစ်ခုကိုလည်း ခံစားနေနိုင်ခဲ့သည်။

သူသည် မြေကြီးအတွင်းမှ ပေါ်ထွက်လာတော့မည့် မျိုးစေ့ငယ်လေး တစ်ခုနှင့် တူနေခဲ့သည်။ အစို့အညှောက် ထွက်လာတော့မည့် အပင်ပေါက်လေး တစ်ခုအလား ဖြစ်နေခဲ့သည်။

## စာစဉ် ၂၀ : အပိုင်း ၅

## အပိုင်း ၃၅၅ : ပင်ပန်းကြီးစွာ ကြိုးစားခဲ့ခြင်းမှ ရလဒ်များကို ရရှိခြင်း

လင်းဖုန်းသည် ဝမ်လင်း၏ဘေးမှနေ၍ သူ၏တပည့်အား ကြည့်နေခဲ့သည်။

ဝမ်လင်းသည် သေမင်းအော်ရာထက်ပင်
ပို၍မည်းမှောင်ကာ အထီးကျန်သည့်၊
အနက်ရောင် မြူခိုးငွေ့များ အကြားတွင်
လွှမ်းခြုံ၍ နေခဲ့သည်။ သူ့တွင် အစွန်းနှစ်ဘက်
စွမ်းအားတို့၏ အဆီအနှစ်များ ပါဝင်နေကာ၊
သေခြင်းနှင့် ရှင်ခြင်းတို့၏ အစွန်းတရား
နှစ်ဘက်တို့၏ သဘောတရားများကို
သယ်ဆောင်ထားခဲ့သည်။

အနက်ရောင် မြူခိုးငွေ့များ အကြားတွင်၊
တစ်ယောက်သည် သဘာဝ ဓာတ်ရှစ်ပါးများ
ဖြစ်ကြသော - ကောင်းကင်၊ မြေကြီး၊

လေပြင်း၊ မိုးကြိုး၊ ရေပြင်၊ မီးတောက်၊ တောင်တန်းနှင့် ရေအိုင်တို့က ပေါင်းစည်း၍ လွင့်မျောနေကြကာ၊ အသစ်စက်စက် ကမ္ဘာတစ်ခုအား တည်ဆောက်နေသည်ကို ရေးရေးလေး မြင်နိုင်ပေသည်။ သို့သော်လည်း ထိုကမ္ဘာလေးသည် ဖွဲ့စည်းပြီးသည်နှင့် တပြိုင်နက်၊ ဖျက်ဆီးနိုင်သည့် စွမ်းအားများကြောင့် ပြိုကွဲသွားခဲ့လေသည်။

သို့သော်လည်း ကမ္ဘာကြီးသည် တစ်စစီ ဖြစ်သွားသော်လည်း၊ မကွယ်ပျောက်သွားခဲ့ပေ။ ထို့အစား သူသည် ပြန်လည်မွေးဖွားလာခဲ့ပြီး၊ ပို၍ပို၍

သိပ်သည်းလာသော သန်မာသည့်
အသက်စွမ်းအင်တို့သည် အနက်ရောင်
မြူခိုးငွေ့များအတွင်းမှ ထွက်ပေါ်လာခဲ့သည်။

လင်းဖုန်းသည် တည်ငြိမ်နေသော ဝမ်လင်း၏
အမူအရာအား ကြည့်လိုက်ကာ၊
သူ၏ခေါင်းအတွင်းတွင် အတိတ်မှ
မှတ်ဉာဏ်အချို့က ပြန်ပေါ်လာခဲ့သည်။

သူသည် ဝမ်လင်းအား မည်သည့်အချိန်၊
မည်သည့်နေရာတွင် စတင်တွေ့ခဲ့သည်ကို
မှတ်မိလိုက်သည်။ ထိုအချိန်သည် သူသည်
စတုတ္ထမြောက် တပည့်အား အသည်းအသန်

လိုက်ရှာနေချိန် ဖြစ်သည်။ သူသည် ဝမ်လင်းအကြောင်းကို သတင်းကြားမိ၍၊ ဟန်တောင်ကျောင်းတော်အား အလျှင်အမြန် သွားခဲ့သော်လည်း၊ ဝမ်လင်းသည် ဟန်တောင်ကျောင်းတော် အတွင်းသို့ ဝင်ရောက်သွားပြီးစ ဖြစ်သည်။

ထိုအချိန်မှ ဝမ်လင်းသည် အမှိုက်ကောင်ဟူ၍ သတ်မှတ်ခြင်းကို ခံနေရချိန် ဖြစ်သည်။ အချို့သူများသည် သူက ဟန်တောင်ကျောင်းတော်သို့ ဝင်နိုင်ခဲ့သော်လည်း၊ ကျင့်ကြံနိုင်မည် မဟုတ်ဟုပင် ထင်နေကြသည်။ သူ့အား

တပည့်အဖြစ် လက်ခံရခြင်းမှာလည်း၊ ဝမ်လင်းသည် ကိုယ့်ကိုယ်ကိုယ် သတ်သေခဲ့၍၊ သူတို့ကျောင်းတော်က နာမည်ပျက်မည် စိုး၍ဖြစ်သည်။

ထိုကျောင်းတော်အတွင်းတွင် ဝမ်လင်းသည် အမြဲတမ်း ဟာသအလုပ်ခံရ၍၊ လူတိုင်း၏ သရော်လှောင်ပြောင်စရာ ပစ်မှတ်ဖြစ်ခဲ့သည်။

သို့သော်လည်း ယခုအချိန်တွင် ယခင်မှ အရှုံးသမားသည်၊ သူ၏ ရွှေရောင်ဗဟိုချက်အား ဖော်ဆောင်ရန် အဆင်သင့် ဖြစ်နေ၍၊ လူအများစုက

သူတို့တစ်သက်သာတွင် အိမ်မက်အဖြစ်သာ မက်နိုင်ခဲ့သည့် အတားအဆီး တစ်ခုအား ဖြတ်ကျော်ရန် အဆင်သင့် ဖြစ်နေပေပြီ။

ရွှေရောင်ဗဟိုချက် အဆင့် မတိုင်ခင်တွင် လေ့ကျင့်မှုနှင့် တိုးတက်မှုများသည်၊ ကျင့်ကြံသူ တစ်ယောက်၏ အရိုးအရင်းမြစ် အပေါ်တွင် အဓိက မူတည်နေပေသည်။ ရွှေရောင်ဗဟိုချက်အား ဖန်ဆင်းပြီးသွားလျှင်မူ၊ သူ၏ ရွှေရောင်ဗဟိုချက်မှာ အဆင့်မြင့်နေခဲ့လျှင်၊ နောက်ထပ် တိုးတက်မှုများသည် သဘောပေါက် နားလည်နိုင်စွမ်းနှင့်

စိတ်စွမ်းအင်တို့ အပေါ်တွင်
မှုတည်နေပေသည်။

ပြီးတော့လည်း ထိုအချက်နှစ်ချက်တို့သည်၊
ဝမ်လင်း၏ အဓိက အားသာချက်များပင်
ဖြစ်ကြသည်။ အမှန်အတိုင်းဆိုရလျှင်
ဝမ်လင်းသည်၊ သူတို့တွင် အမှတ်အပြည့်ကိုပင်
ရထားလေသည်။

ပြီးတော့်လည်း အန္တိမ စိတ်ဝိညာဉ်
ကျောက်ပုလ္လင်၊ စိတ်ဝိညာဉ်
အားဖြည့်ဆေးလုံးနှင့် ကောင်းကင်ဖာထေး
နွယ်ပင်တို့၏ အထောက်အပံ့တို့နှင့်အတူ၊

ဝမ်လင်း၏ အရိုးအရင်းမြစ်သည့် ယခုကထက် အများကြီး ပိုတိုးတက်လာခဲ့ပြီ ဖြစ်သည်။

သူ၏ ရွှေရောင်ဗဟိုချက်၏ အရည်အသွေးမှာမူ၊ ယနေ့၏ စွမ်းဆောင်ရည်များအပေါ်တွင် မူတည်နေပေသည်။

နောက်ဆုံးတွင် ဖျက်ဆီးမှု အော်ရာများ အတွင်းမှ အသက်စွမ်းအင်များသည် အမြင့်ဆုံး အချိန်သို့ ရောက်လာသောအခါ၊ ဝမ်လင်းသည် သူ၏ မျက်လုံးအစုံအား ဖွင့်လိုက်ကာ သူ၏ တစ်ကိုယ်လုံးအား ရစ်ပတ်လွှမ်းခြုံထားသော

ဖျက်ဆီးမှု အော်ရာများသည်၊
အသက်စွမ်းအင်များဖြင့် ပေါက်ကွဲနေသော
အသက်အော်ရာများ အဖြစ်သို့
ပြောင်းလဲသွားခဲ့သည်။

ဝင်ရိုးစွန်းနှစ်ဘက်သည် ပြောင်းလဲသွားခဲ့၍၊
သေခြင်းနှင့် ရှင်ခြင်းတို့သည်
နေရာလဲသွားခဲ့သည်။

သူ၏ အော်ရာပင်လယ် အတွင်းမှ
စိတ်ဝိညာဉ်တာဝါသည်၊ သူ၏အပေါ်တွင်
ခရမ်းရောင် လုံခွက်တစ်ခုရှိနေသည်။
ယခုအချိန်တွင် ထိုခရမ်းရောင်

လုံခွက်အတွင်းမှ ရွှေရောင်ဗဟိုချက်
ပုံရိပ်ရေးရေးလေးသည်၊ အသက်စွမ်းအင်
အော်ရာတို့၏ အားဖြည့်မှုကို ခံနေရ၍
မှော်စွမ်းအင်များဖြင့် ပြည့်ဝလာခဲ့သည်။

ဖြည်းညင်းစွာ သို့သော်လည်း တည်ငြိမ်စွာဖြင့်၊
ထိုမှေးမှိန်နေသော ပုံရိပ်လေးသည် ပို၍
ကြည်လင်ပြတ်သားလာခဲ့ကာ၊
မျက်စိကျိန်းစေခဲ့သော အလင်းတန်း
တစ်ခုအား ထုတ်လွှတ်လိုက်၍၊ သူသည်
ရွှေရောင်ဗဟိုချက် တစ်ခုအဖြစ်သို့
အသွင်ပြောင်းသွားခဲ့သည်။

ထိုရွှေရောင်ဗဟိုချက်သည် သန့်စွမ်းသော ရွှေခရမ်းရောင် အလန်းတန်းဖြင့်၊ အသက်စွမ်းအင် အော်ရာများဖြင့် တောက်ပနေခဲ့သည်။

ရွှေရောင်ဗဟိုချက်ကို အောင်မြင်စွာဖြင့် ဖော်ဆောင်၍ အပြီးတွင်၊ ဝမ်လင်းသည် ရုပ်ပိုင်းဆိုင်ရာရော စိတ်ပိုင်းဆိုင်ရာပါ ပြောင်းလဲသွားခဲ့၏။

ရွှေရောင်ဗဟိုချက်သည် တစ်ချက်တုန်ခါသွားကာ၊ စကြာဝဠာ တစ်ခု၏ အစအလား သိပ်သည်းလှသော အနက်ရောင်

မြူခိုးငွေ့များအား ထုတ်လွှတ်ခဲ့သည်။
ယခင်က အသက်စွမ်းအင်များသည်
ထပ်ဖန်တစ်ခါ၊
ကြောက်မက်ဖွယ်ကောင်းသော ဖျက်ဆီးခြင်း
အေ်ာရာများအဖြစ်သို့
ပြန်ပြောင်းသွားကြသည်။

ဝမ်လင်း၏ ရွှေရောင်ဗဟိုချက် အနားတွင်
လှည့်ပတ်နေသော အနက်ရောင် ဖျက်ဆီးခြင်း
စွမ်းအားများသည်၊ မိုးအုံ့သောနေ့တွင်
နေမင်းကြီးအား ဖုံးကွယ်ထားသော
တိမ်ညိုတိမ်မည်းများနှင့် တူနေခဲ့သည်။
သို့သော်လည်း အနက်ရောင်

တိမ်တိုက်များသည် နေမင်းကြီးထံမှ
နွေးထွေးမှုများကို မတားဆီးနိုင်သည့်အတိုင်း၊
တစ်ယောက်သည် ဝမ်းလင်း၏
ရွှေရောင်ဗဟိုချက် အတွင်းမှ
အသက်စွမ်းအင်၏ အော်ရာနှင့်
စွမ်းအားများကို ခံစားမိနေနိုင်လေသည်။

လင်းဖုန်းသည် မျက်နှာတွင်
အားရကျေနပ်နေသော အပြုံးတစ်ခု
ပေါ်လာခဲ့ကာ၊ သူ၏ခေါင်းကို
ညိတ်လိုက်သည်။ "ကောင်းတယ်၊
အရမ်းကောင်းတယ်!"

ဝမ်လင်းသည် ခရမ်းရောင် ဗဟိုချက်အား
ဖော်ဆောင်နိုင်ခဲ့ရုံတင် မကပဲ၊
ပုံမှန်မဟုတ်သော မြင်ကွင်းများကိုပင်
ဖန်တီးနိုင်ခဲ့သေးသည်။ ဒါသည် အပြည့်စုံဆုံး
မျှော်လင့်နိုင်သော ရလဒ်ဖြစ်သည်။

ဝမ်လင်း၏ ဇွဲကောင်းကောင်းနှင့်
ကြိုးစားအားထုတ်မှုများသည်၊ ယခုအချိန်တွင်
အသီးအပွင့်များကို ရိပ်သိမ်းနိုင်ခဲ့ပြီ ဖြစ်သည်။
ယခုမှစ၍ သူ၏
ရှေ့ဆက်လျှောက်ရမည့်လမ်းသည်၊
ယခုကနှင့် ယှဥ်လိုက်လျှင် အလွန်ပင်
ချောမွေ့သွားတော့မည် ဖြစ်သည်။ သူ၏ ပါရမီ

လက်ဆောင်များသည် မြင့်မားသော
ရေပန်းတစ်ခုအလား၊ ကမ္ဘာကြီး
တစ်ခုလုံးအား အံ့သားသင့်စေတော့မည်
ဖြစ်သည်။

ယခင်က ဟွမ်ဟိုင်စိတ်ဝိညာဉ်
အစည်းအဝေးတွင်၊ ဝမ်လင်းသည်
အခြေခံအုတ်မြစ် စဦးပိုင်း အဆင့်မှ
ကျင့်ကြံသူ တစ်ယောက်၏ အဆင့်အတန်းဖြင့်
တောက်ယုတင်းနှင့် ဟော်ချန်းတို့အား
အနိုင်ယူခဲ့ကာ၊ လူအားလုံးတို့၏
အထင်အမြင်များကို ပြောင်းလဲနိုင်ခဲ့သည်။

သို့သော်လည်း လင်းဖုန်း၏ မျက်စိအတွင်းတွင် ဝမ်လင်း၏ စွမ်းဆောင်ရည်များသည်၊ သူ့တွင် ပိုင်ဆိုင်ထားသော အလားအလာများနှင့်စာလျှင် ဘာမှ မဟုတ်သေးပေ။ သူသည် ဖုန်များသဲများနှင့် ပေကျံနေသော ပုလဲတစ်လုံးပင် ဖြစ်နေသေး၏။ သူသည် မည်မျှအထိ ကောင်းလာနိုင်သည်ကို ထိုအချိန်က တစ်ယောက်မှ မသိခဲ့ကြပေ။

ယခုအချိန်တွင် ဝမ်လင်းသည် သူ၏အပေါ်တွင် တင်နေသော ဖုန်မှုန့်များကို ဖယ်ရှားနိုင်ခဲ့ပြီ ဖြစ်ကာ၊ သူအမှန်တကယ်

ပိုင်ဆိုင်သည့် တောက်ပသည့် အပိုင်းကို ဖော်ပြနိုင်ခဲ့ပြီ ဖြစ်သည်။

သူ၏ နည်းလမ်းများသည် ဇူရီနှင့် အနည်းငယ် ဆင်တူပေသည်။ သူတို့ နှစ်ယောက်စလုံးတို့သည် ကျင့်ကြံမှု နောက်တစ်ဆင့် မတက်ခင်တွင်၊ အများအပြား စုဆောင်းထားခဲ့ပြီး ဖြစ်သည်။ သို့သော် ဇူရီ၏ တိုးတက်မှုနှုန်းသည် တည်တည်ငြိမ်ငြိမ်နှင့် ဆက်တိုက် အဆက်မပြတ် တိုးတက်နေခဲ့သည်။ ဇူရီသည် ကျင့်ကြံမှုနှုန်း နှေးကွေးသော ဝမ်လင်းထက်စာလျှင်၊ အခက်အခဲများ အနည်းငယ်သာ

ရင်ဆိုင်ရသည်။ ဝမ်လင်း၏ အမြန်နှုန်းသည်
ဖြည်းဖြည်းချင်း လှုပ်ရှားနေသော
မီးတောင်တစ်ခုက၊ ရုတ်တရက်
ပေါက်ကွဲလာခဲ့သည်နှင့် တူနေပေသည်။

အချိန်ကာလ တိုတိုလေး အတွင်းတွင်၊
ဝမ်လင်းသည် အခြေခံအုတ်မြစ် စဦးပိုင်း
အဆင့်မှ၊ ရွှေရောင်ဗဟိုချက် စဦးပိုင်း
အဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။
ထိုကဲ့သို့သော အမြန်နှုန်းသည်
လူများစွာတို့အား အံ့ဩမှင်သက်စေမည်
ဖြစ်သည်။

ဝမ်လင်းသည် မတ်တက်ထရပ်ခဲ့ကာ၊ သူ၏ အော်ရာသည် သီးသန့်ဆန်၍ သူ၏ ပါရမီများ စွမ်းအင်များကို ဖုံးကွယ်ထားနိုင်သည့် လူတစ်ယောက်နှင့် တူနေခဲ့သည်။ ဆရာနှင့်တပည့် နှစ်ယောက်စလုံးတို့သည် ငြိမ်သက်နေခဲ့သော်လည်း၊ သူတို့နှစ်ယောက်စလုံးတို့သည် တစ်ယောက်နှင့်တစ်ယောက် အတွေးပေါင်း များစွာတို့ကို ဝေမျှပြီးသား ဖြစ်နေခဲ့သည်။

ပြင်ပကမ္ဘာတွင် နှစ်နှစ်သာ ရှိသေးသော်လည်း၊ ကောင်းကင်စကြာဝဠာ အလင်းတန်း ကမ္ဘာ အတွင်းတွင် တစ်ချိန်လုံးနီးပါး နေနေခဲ့သော

ဝမ်လင်းအတွက်မူ အချိန်အကြာကြီးဟု ထင်နေရသည်။

ဝမ်လင်းသည် လင်းဖုန်း၏ သင်ကြားမှုအောက်သို့ စတင်ရောက်ရှိလာချိန်တွင်၊ ရှောင်ပုတန်နှင့် ကျန်သောသူများသည် ချီသာဝက အဆင့်ဧနှင့် အထက်သို့ ရောက်ရှိနေကြပြီး ဖြစ်သည်။ သို့သော်လည်း သူသည် ကျန်သောသူများအား ချီသာဝက အဆင့် ၁မှစ၍ အမှီလိုက်ခဲ့ရသည်။

သူသည် နောက်ဆုံးတွင် ချီသာဝက အဆင့်၁၂ မဟာစက်ဝိုင်း ပြည့်စုံခြင်းသို့

ရောက်နိုင်ခဲ့သည့် အချိန်တွင်၊ ရှောင်ပုတန်၊ ရှောင်ယန်နှင့် ဇူရီတို့သည် အခြေခံအုတ်မြစ် အဆင့်သို့ ရောက်နေခဲ့သည်မှာ ကြာလှပြီ ဖြစ်သည်။

ဝမ်လင်းသည် အခြေခံအုတ်မြစ် အဆင့်သို့ နောက်ဆုံးတွင် တက်လှမ်းနိုင်သည့် အချိန်တွင်၊ သူ၏ အပေါင်းအဖော် တပည့်များသည် ရွှေရောင်ဗဟိုချက်အား ဖော်ဆောင်နိုင်ပြီးကြပြီ ဖြစ်သည်။

သူသည် သူ့အဖော်များ၏ အရိပ်များ အနောက်က အမြဲတမ်း ပြေးလိုက်နေရသူ

ဖြစ်သည်။ အမှန်အတိုင်း ပြောရလျှင်
ပြိုင်ပွဲတစ်လျှောက်တွင်၊ ထိုအရိပ်များသည်
ပို၍ပို၍ ဝေးကွာလာကြသည် ဖြစ်၏။
ထိုကဲ့သို့သော စိတ်ပျက်မှုများ၊ မျှော်လင့်ချက်
ပျက်သုဥ်းမှုများသည်၊ လူအတော်များများ၏
ယုံကြည်မှုနှင့် စိတ်ဓာတ်တို့အား
ရိုက်ချိုးပစ်နိုင်မည် ဖြစ်သည်။

တဖြည်းဖြည်းနှင့် ယွဲ့ဟုန်ယန်နှင့်
ယန်ချင်တို့ပင်၊ ဝမ်လင်းအား
ကျော်တက်သွားနိုင်ခဲ့ကြသည်။

ဝမ်လင်းသည် ဟွမ်ဟိုင်စိတ်ဝိညာဉ်
အစည်းအဝေးတွင် စတင်စာရင်းပေးခဲ့စဉ်က၊
သူသည် လူအားလုံးတို့၏ လှောင်ရယ်စရာ
ဖြစ်နေခဲ့သည်။

တစ်ချက်ကြည့်လိုက်ရုံနှင့်ပင်၊
လူများစွာတို့သည် ဝမ်လင်းအား အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းမှ အားအနည်းဆုံး
တပည့်အဖြစ် သတ်မှတ်ခဲ့ကြသည်။
သူတို့သည် သူ့အား ပညာရှိများ အကြားက
တစ်ယောက်တည်းသော သာမန်လူအဖြစ်
ထင်မှတ်နေကြသည်။ သူ့အား လင်းဖုန်းက
အဆုံးအဖြတ် မှားယွင်းစွာနှင့် လက်ခံခဲ့သော၊

တစ်ဦးတည်းသော တပည့်အဖြစ်
ယုံကြည်နေကြ၏။

ဝမ်လင်းသည် သူတို့၏ မှတ်ချက်များကို
တုံ့ပြန်ရန် မည်သို့မှ မကြိုးစားခဲ့ပေ။ သူသည်
စကားလုံးများဖြင့် အငြင်းပွားခြင်းအား
ဝါသနာမပါပေ။ သူ၏
လုပ်ဆောင်ချက်များဖြင့်သာ၊ ကိုယ့်ကိုယ်ကိုယ်
အဖတ်ဆည်နိုင်ရန် ကြိုးစားခဲ့ပေသည်။

လင်းဖုန်းသည် သူ့အား လူအားလုံးထက်ပို၍
နားလည်ပေသည်။ သူသည်
ဝမ်လင်းစိုက်ထုတ်ခဲ့သမျှ ကြိုးစားမှုများ

အားလုံးကို သိရှိပြီးဖြစ်၍၊ မျှော်လင့်ချက်
ကင်းမဲ့နေသူ တစ်ယောက်အဖြစ်မှ
ယနေ့ကဲ့သို့ အံ့သြဖွယ်ရာ ပုဂ္ဂိုလ်တစ်ယောက်
အဖြစ်သို့ ပြောင်းလဲလာပုံကို
တွေ့နိုင်ခဲ့ပေသည်။

ကြည့်ရတာ ဝမ်လင်းသည် လှိုဏ်ခေါင်း၏
အဆုံးမှ အလင်းရောင်ဆီသို့၊ နောက်ဆုံးတွင်
ရောက်နိုင်ခဲ့ပြီ ဖြစ်သည်။

ဝမ်လင်းသည် လင်းဖုန်း၏ အရှေ့တွင်
ဖြည်းညင်းစွာဖြင့် ဦးညွှတ်လိုက်ကာ
ပြောလိုက်သည်။ "ဆရာသခင်၊

ကျန်နေသေးတဲ့ ရက်တွေမှာလည်း၊
ကျွန်တော့်ကို ရှေ့ဆက်ပြီးတော့
ဉာဏ်အလင်းပွင့်အောင် ကူညီပေးပါဦး"

ဒါသည် ပြောနေကျ တိုတောင်းသော
စကားတစ်ခွန်း ဖြစ်သော်လည်း၊ ဝမ်လင်း၏
ပုံမှန်ဆိုလျှင် တည်ငြိမ်နေသော အသံသည်
ယခုအချိန်တွင် တုန်ခါနေပေသည်။

သူ၏အရှေ့တွင် ရပ်နေသော
သူ၏ကျေးဇူးကြောင့်ပင်၊ သူသည် ယခုကဲ့သို့
လုံးဝအသစ်ဖြစ်သော ကမ္ဘာတစ်ခု အတွင်းသို့
ရောက်ရှိနိုင်ခဲ့ခြင်း ဖြစ်သည်။ သူ့အား

ကဲ့ရဲ့ရှုတ်ချသော မှတ်ချက်များစွာ
ရှိနေလင့်ကစား၊ လင်းဖုန်းသည်
သူ၏အနောက်တွင် ခိုင်မာစွာနှင့်
မားမားမတ်မတ်ရပ်တည်ကာ
ကာကွယ်ပေးခဲ့သူ ဖြစ်သည်။

လင်းဖုန်းသည် သူ၏လက်ကို
ဆန့်တန်းလိုက်ကာ၊ ဝမ်လင်းအား
ဦးညွှတ်နေသော အနေအထားမှ
ပြန်လည်တည့်မတ်ပေးလိုက်သည်။ သူက
ပြုံးလိုက်ကာ၊ "ငါက
ပြောနေကြစကားတစ်ခွန်း ရှိတယ်။ မင်းက
အောင်မြင်မှုကို ရရှိပြီးသွားရင်၊ မင်းရဲ့

ကြိုးစားအားထုတ် လျှောက်လှမ်းခဲ့ရတဲ့ လမ်းကြောင်းကို အမြဲတမ်း ပြန်ကြည့်ဖို့ပဲ"

"မင်းပြုလုပ်ခဲ့ရတဲ့ အနစ်နာ ခံရမှုတွေကို ဘယ်တော့မှ မမေ့ရဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒါတွေက မင်းရဲ့ နောက်ထပ်အောင်မြင်မှုတွေကို ပိုမိုလွယ်ကူစွာနဲ့ ယူဆောင်ပေးနိုင်မှာမို့ပဲ"

ဝမ်လင်းသည် သူ၏ခေါင်းအား ပြင်းထန်စွာနှင့် ညိတ်လိုက်သည်။ "ဟုတ်ကဲ့၊ ဆရာ့ရဲ့ အဆုံးအမတွေ အတွက် ကျေးဇူးအများကြီး တင်ပါတယ်"

လင်းဖုန်းက ပြုံးလိုက်သည်။ "မင်းက ဒီတစ်ခေါက်မှာ အတွေးအမြင်သစ် တချို့ကို ရရှိခဲ့တယ် မဟုတ်လား?"

ဝမ်လင်းက ပြန်၍ ပြုံးပြလိုက်သည်။ "ကျွန်တော်က ဆရာ့ရဲ့ လမ်းညွှန်မှုတွေကို လိုပါသေးတယ်" စကားဆုံးသည်နှင့် ဝမ်လင်းသည် သူ၏ ရွှေရောင်ဗဟိုချက်အား အသက်သွင်းလိုက်ရာ၊ သူ၏ အောရာသည် အထီးကျန်သည့် ဖိနှိပ်မှုများကို ပေးစွမ်းနိုင်သော၊ မယုံနိုင်စရာ အေးစက်မည်းမှောင်သည့်

အောင်ရာတစ်ခုအဖြစ်သို့
ပြောင်းလဲသွားခဲ့သည်။ မရဏာ
နတ်ဘုရားသည် သေမျိုးကမ္ဘာအတွင်းသို့
ဆင်းသက်လာခဲ့ပြီး၊ ကမ္ဘာကြီး တစ်ခုလုံးအား
ငရဲအဖြစ်သို့ ပြောင်းလဲပစ်လိုက်သကဲ့သို့
ဖြစ်သည်။

လင်းဖုန်းသည် အသိအမှတ်ပြုသည့် အနေဖြင့်၊
သူ၏ခေါင်းအား ညင်သာစွာဖြင့်
ညိတ်လိုက်သည်။ "ကြည့်ရတာ ဝမ်လင်းရဲ့
ငရဲကမ္ဘာ ဖျက်ဆီးမှုအဆင့်က၊
ရွှေရောင်ဗဟိုချက် အဆင့်ကို

ရောက်သွားပြီးတော့ ပိုပြီး
အားကောင်းလာပြီနဲ့ တူတယ်"

အခြေခံအုတ်မြစ် အဆင့်တွင် ရှိစဉ်ကဆိုလျှင်၊
ဝမ်လင်းသည် ငရဲကမ္ဘာ ဖျက်ဆီးမှုအဆင့်
အတွင်းသို့ ဝင်ရောက်သွားပြီးသည့်
အချိန်တွင်၊ သူ၏ကိုယ်ပိုင်
မှော်စွမ်းအင်များကိုသာ အသုံးချ၍ ဖျက်ဆီးမှု
စွမ်းအားများအဖြစ်သို့ ပြောင်းလဲနိုင်ခဲ့သည်။

သို့သော်လည်း ယခုတွင် သူသည် သူ၏
ဖျက်ဆီးမှု အဆင့်အား
အသက်သွင်းလိုက်ပါက၊ လေဟာနယ်နှင့်

ဟင်းလင်းပြင်တို့အား တိုက်စားနိုင်ခဲ့ပြီ
ဖြစ်သည်။ ဝမ်လင်းသည်
ဖျက်ဆီးမှုအော်ရာဖြင့် သူ၏ဘေးမှ
လေဟာနယ်များကို အရည်ကျိုနိုင်ခဲ့ပြီ
ဖြစ်သည်။

ထိုဟင်းလင်းပြင်နှင့် လေဟာနယ်
အတွင်းပိုင်းသည်၊ ဝမ်လင်း၏
ကစားရာနယ်မြေ အဖြစ်သို့
ပြောင်းလဲသွားမည် ဖြစ်သည်။ သူသည်
ထိုနေရာအတွင်းတွင် တိုက်ခိုက်ခဲ့ပါက၊ သူ၏
မှော်ကျိန်စာ တိုက်ခိုက်မှုများသည်
ဆတက်ထမ်းပိုး တိုးတက်လာမည် ဖြစ်သည်။

ဝမ်လင်း၏ ပြိုင်ဘက်သည် သူ၏ ကစားကွင်း အတွင်းတွင်၊ အဆုံးမဲ့ ဖျက်ဆီးမှု အောင်ရာများ၏ ဖိနှိပ်မှုကို ခံစားနေရမည် ဖြစ်သည်။ မှော်ကျိန်စာများ၊ မှော်စွမ်းအင်များတို့သည်၊ ဖျက်ဆီးမှု အောင်ရာများ၏ ဘာမှမရှိခြင်း အဖြစ်သို့ ပြောင်းလဲခြင်းအား ခံခဲ့ရမည် ဖြစ်သည်။

ဝမ်လင်းသည် ဆက်လက်၍ တိုးတက်လာမည် ဆိုပါက၊ သူသည် သူ၏ကိုယ်ပိုင် စွမ်းအင်ဖြင့် သီးသန့်ကမ္ဘာငယ် တစ်ခုအား ဖန်ဆင်းနိုင်မည် ဖြစ်သည်။ သန့်စင်သော ဖျက်ဆီးမှု

စွမ်းအားများဖြင့် တည်ဆောက်ထားသော ကမ္ဘာဖြစ်သည်။ ထိုကမ္ဘာအတွင်းသို့ ဆွဲယူခြင်းကို ခံလိုက်ရသော ရန်သူများအဖို့၊ သူတို့သည် အဆုံးမဲ့ စွမ်းအားများ၏ အပြစ်ပေးခြင်းကို ခံစားကြရမည် ဖြစ်၏။

ဝမ်လင်းသည် သူ၏လက်အစုံတို့အား ပူးကပ်လိုက်ရာ၊ ဟင်းလင်းပြင်၏ အလယ်တွင် မည်းနက်နေသော လမ်းကြောင်းတစ်ကြောင်းသည် ပေါ်လာခဲ့သည်။ ဒါသည် ငရဲကမ္ဘာသို့ သွားသောလမ်းမှလွဲ၍ အခြားမဟုတ်ပေ။

သို့သော်လည်း ဝမ်လင်း
ထုတ်လွှတ်ချင်နေခဲ့သော မှော်ကျိန်စာသည်
ငရဲကမ္ဘာသို့ သွားသောလမ်း မဟုတ်ပေ။
အမှန်အတိုင်း ပြောရလျှင် ငရဲကမ္ဘာသို့
သွားသောလမ်းသည်၊ ဤမှော်ကျိန်စာ၏
အစပိုင်းသာ ဖြစ်သည်။ လမ်း၏ အဆုံးတွင်
တစ်ယောက်သည် ကျယ်ပြန့်လှသော
မြစ်တစ်စင်းအား တွေ့နိုင်ပေသည်။

ဤမြစ်၏ ထူးခြားသော အပိုင်းမှာ၊ သူ့တွင်
အားကောင်းလှသော ရေစီးကြောင်းများ
ရှိသော်လည်း၊ ငြိမ်သက်နေခြင်း ဖြစ်သည်။
ဒါသည် သဘာဝ၏

ထူးချွန်ပြောင်မြောက်သော
ဖန်ဆင်းမှုတစ်ခုအလား ဖြစ်နေခဲ့သည်။

မြစ်ရေသည် ဝင်လုဆဲဆဲနေမင်း၏
အလင်းရောင်အလား၊ အဝါရောင်
သန်းနေခဲ့သည်။ သူ့ထံမှနေ၍
အရာအားလုံးကို သန့်စင်စေ၍
ဖျက်ဆီးနိုင်သော စွမ်းအားများက
ဖြာထွက်နေခဲ့သည်။ ဒါသည်
ကြီးစိုးလွှမ်းမိုးနိုင်၍ ထူးခြားသော ငရဲကမ္ဘာ
အကြွင်းမဲ့ရေမှလွဲ၍ အခြားမဟုတ်ပေ။

ရွှေရောင်ဗဟိုချက် အဆင့်သို့ ရောက်ရှိအပြီးတွင်၊ ဝမ်လင်းသည် နောက်ဆုံးတွင် ငရဲကမ္ဘာ ပုတီးလုံး၏ အစစ်အမှန် စွမ်းအားများကို အသုံးချနိုင်ခဲ့ပြီ ဖြစ်သည်။ သူသည် ငရဲကမ္ဘာ အကြွင်းမဲ့ရေ အမြောက်အမြားကို ဆင့်ခေါ်နိုင်၍၊ သူ၏မှော်စွမ်းအင်ဖြင့် သန့်စင်ကာ သူ၏ မှော်ကျိန်စာ အတွင်းတွင် အသုံးချနိုင်ခဲ့ပြီ ဖြစ်သည်။

မေ့ပျောက်ခြင်း မြစ်ရေ!

ငရဲကမ္ဘာသို့ သွားသောလမ်းနောက်တွင်၊
ဝမ်လင်းသည် နောက်ထပ်နည်းစနစ်
တစ်ခုဖြစ်သော၊ မေ့ပျောက်ခြင်း မြစ်ရေအား
တီထွင်နိုင်ခဲ့သည်။

လင်းဖုန်းသည် ထိုမြစ်ရေနှင့်
တိုက်ရိုက်ထိတွေ့ခဲ့ခြင်း မရှိခဲ့သော်လည်း၊
သူ့ထံမှနေ၍ ဖြာထွက်နေသော
စွမ်းအားများကို အာရုံခံနိုင်ခဲ့ပေသည်။
သူသည် ဖျက်ဆီးခြင်း စွမ်းအားမှနေ၍
တည်ဆောက်ထားခြင်း ဖြစ်ပြီး၊
ဖန်ဆင်းခြင်းနှင့် ဖျက်ဆီးခြင်းတို့၏

နက်နဲသိမ်မွေ့သော သဘောတရားများမှနေ၍ ဖွဲ့စည်းထားခြင်း ဖြစ်သည်။

"ကောလဟာလတွေ အရဆိုရင်၊ မေ့ပျောက်ခြင်းမြစ်ဟာ ငရဲကမ္ဘာကို သွားတဲ့လမ်းနဲ့ တကယ့် ငရဲပြည်နဲ့ နယ်စပ်အကြားမှာ တည်ရှိတာပဲ" လင်းဖုန်းက သူ၏ခေါင်းကို ဖြည်းညင်းစွာဖြင့် ညိတ်လိုက်သည်။ "တစ်ချိန်တည်းမှာပဲ သူက သက်ရှိကမ္ဘာနဲ့ သေမင်းကမ္ဘာတို့ရဲ့ ဆုံမှတ်နေရာမှာ တည်ရှိတာလည်း ဖြစ်တယ်။ ဝမ်လင်းရဲ့ မှော်ကျိန်စာဟာ ငရဲကမ္ဘာ အကြွင်းမဲ့ရေရဲ့ စွမ်းအားတွေကို အပြည့်အဝ

အသုံးချနိုင်ခဲ့ရုံတင် မကပဲ၊ အသက်စွမ်းအင်နဲ့ သေမင်းစွမ်းအင်တို့ရဲ့ ဉာဏ်ပညာတွေကို ပေါင်းစည်းထားနိုင်စွမ်းလည်း ရှိတယ်"

မေ့ပျောက်ခြင်းမြစ်ရေ မှော်ကျိန်စာအား ဖော်ပြပြီးနောက်တွင်၊ ဝမ်လင်းသည် သူ၏ မှော်စွမ်းအင်များကို ရုပ်သိမ်းလိုက်ကာ ဖျက်ဆီးခြင်း စွမ်းအင်များသည်လည်း ကွယ်ပျောက်သွားခဲ့သည်။

"အမှန်အတိုင်း ပြောရရင်၊ ကျွန်တော့်မှာ နောက်ထပ် မှော်ကျိန်စာ တစ်ခု ရှိပါသေးတယ်။ ဒါပေမဲ့ အခုအချိန်မှာ သူက

ပုံကြမ်းအဆင့်မှာပဲ ရှိသေးတယ်"
ဝမ်လင်းသည် ကသိကအောက် ဖြစ်နေသော အမူအရာဖြင့် ပြောလိုက်သည်။ "ကျွန်တော်က အကောင်အထည် မဖော်နိုင်ခင်၊ အနည်းငယ် ပြုပြင်မွမ်းမံမှုတွေ ပြုလုပ်ဖို့ လိုပါသေးတယ်"

လင်းဖုန်းက ပြုံးစစဖြင့် ပြောလိုက်သည်။ "အိုး၊ တကယ်လား? အဲ့ဒီအချိန်ကို မြန်မြန်ရောက်နိုင်ဖို့ မျှော်လင့်နေပါတယ်။ ဒါပေမဲ့ အခုအချိန်မှာ မင်းကို လုပ်ခိုင်းစရာလေးတွေ ရှိသေးတယ်"

လင်းဖုန်းသည် တပည့်များကို လက်ခံ၍ တာအိုဝါဒ ဖြန့်ဖြူးပေးရန် အစီအစဥ်အား ဝမ်လင်းအား ပြောပြလိုက်ရာ၊ ဝမ်လင်းသည် ခေါင်းညိတ်ကာ ပြောလိုက်သည်။ "ကျွန်တော် နားလည်ပါတယ်၊ ဆရာသခင်"

လင်းဖုန်းနှင့် ဝမ်လင်းတို့သည် ကောင်းကင်စကြဝဠာ အလင်းတန်းကမ္ဘာ အတွင်းမှ ထွက်ခွာလာခဲ့၍၊ တိပိဋ္ဌက ကျမ်းစာခန်းမဆောင်သို့ ဦးတည်လိုက်ကြသည်။ သူတို့သည် ခန်းမဝင်ပေါက်သို့ ရောက်လာသောအခါ၊ လင်းဖုန်း၏ မျက်ခုံးများသည်

မြင့်တက်သွားခဲ့ကာ အပြုံးတစ်ခုအား ဖော်ပြလိုက်သည်။ "ဝမ်လင်း၊ ကြည့်ရတာ မင်းရဲ့ အဖော်တွေက တစ်ခုခု ပြီးမြောက်ခဲ့ပြီ ထင်တယ်"

## စာစဥ် ၂၀ : အပိုင်း ၆

## အပိုင်း ၃၅၆ : အောင်မြင်တိုးတက်ကြီးပွားလာကြခြင်း

လင်းဖုန်းသည် တိပိဋကကျမ်းစာခန်းမဆောင် အတွင်းမှ လှုပ်ရှားမှုများကို အာရုံခံလိုက်ခြင်းဖြင့်၊

တစ်စုံတစ်ယောက်သည် နားလည်သဘောပေါက်မှု အဆင့်နောက်တစ်ဆင့်သို့ တက်သွားနိုင်ပြီ ဖြစ်ကြောင်းကို သိနေခဲ့သည်။ ထိုသူသည် မဟာကောင်းကင်တာအိုကျမ်းစာ၏ အရေအတွက်သုံးခုအင်းရှစ်ကွက်အား အခြေခံကာ၊ သူ၏ ကိုယ်ပိုင်နားလည်မှုများကို ပေါင်းစည်း၍ မှော်ကျိန်စာ အသစ်တစ်ခုကို တီထွင်နိုင်ခဲ့ပြီ ဖြစ်သည်။

ဝမ်လင်းသည်လည်း ပျော်ရွှင်သော အမူအရာတစ်ခုကို ပြသခဲ့သည်။ "ကြည့်ရတာ ဒုတိယ စီနီယာနဲ့ တူတယ်" ယခင်ကလည်း

ဇူရီသည် ဇူကျိ အရေအတွက်သုံးခု အင်းရှစ်ကွက် ကျမ်းစာအား တီထွင်ခဲ့သူ ဖြစ်သည်။ ဇူရီသည် သီအိုရီ ရှုထောင့်များ အပါအဝင်၊ တာအိုဝါဒအား နားလည်မှုတွင် ပို၍အားကောင်းသောသူ တစ်ယောက်ဖြစ်သည်။

ဆရာတပည့် နှစ်ယောက်သားတို့သည် ခန်းမအတွင်းသို့ ဝင်လိုက်သည်နှင့်၊ ခန်းမအလယ်တွင် ရှောင်ယန်၊ ဇူရီနှင့် ကျန်သောသူများသည် ကျောချင်းဆိုင်ကာ ထိုင်နေကြသည်ကို တွေ့လိုက်ရသည်။ သူတို့သည် စာအုပ်စင်များကို

မျက်နှာမူထားကြကာ စက်ဝိုင်းပုံစံအတိုင်း ထိုင်နေကြသည်။

သူတို့အားလုံး၏ အရှေ့မှ စာအုပ်စင်တွင် အကောင်အထည် အဖြစ်ကို စတင်ပြောင်းလဲနေသည့်၊ မှုန်ဝါးဝါး ကျမ်းစာပုံရိပ်လေး တစ်ခုစီအား တွေ့နိုင်ပေသည်။ သူသည် တကယ်ကျမ်းစာ တစ်စောင်အဖြစ် ရုပ်လုံးပေါ်လာရန်အတွက် အဆင့်တစ်ဆင့်သာ လိုတော့သည်။

သူတို့အားလုံး၏ အထဲတွင် ဇူရီ၏ တာအိုကျမ်းစာသည် ရုပ်လုံးပေါ်လာခဲ့ပြီ

ဖြစ်၍၊ ရှေးဟောင်းကျမ်းစာ
တစ်စောင်တစ်ခု၏ အသွင်သို့
ပြောင်းသွားခဲ့ကာ၊ စာအုပ်စင်ပေါ်တွင်
ငြိမ်းချမ်းစွာနှင့် တင်နေခဲ့သည်။

လင်းဖုန်းနှင့် ဝမ်လင်းတို့၏ ရောက်လာမှုကို
အာရုံခံမိလိုက်သဖြင့်၊ ဇူရီသည်
သူ၏မျက်လုံးအစုံကို ဖွင့်လိုက်ကာ
လင်းဖုန်းရှိရာဘက်သို့ ဦးညွှတ်လိုက်သည်။
"ဆရာ့ကို နှုတ်ခွန်းဆက်သပါတယ်"

ပြီးတာနှင့် သူသည် ဝမ်လင်းဘက်သို့
လှည့်လိုက်ကာ၊ "တတိယ ဂျူနီယာကိုလည်း

ရွှေရောင်ဗဟိုချက် အဆင့်ကို
တက်ရောက်သွားနိုင်တဲ့အတွက်
ဂုဏ်ပြုပါတယ်"

ဝမ်လင်းက သူ၏ခေါင်းကို ညိတ်လိုက်သည်။
"ဒုတိယ စီနီယာကို ကျေးဇူးတင်ပါတယ်"

ဇူရီသည် စာအုပ်စင်ပေါ်မှ
ရှေးဟောင်းကျမ်းစာအား ယူလိုက်ကာ၊
လင်းဖုန်းထံသို့ ပေးလိုက်သည်။ "ဆရာ၊
ဒါကတော့ ကျွန်တော့်ရဲ့ အတွေးအမြင်တွေကို
စုဆောင်းထားတဲ့ ကျမ်းစာ၊ ယန်စန်း
အရေအတွက်သုံးခု အင်းရှစ်ကွက်၏

ရွှေရောင်အပိုင်းများ ဖြစ်ပါတယ်။ ဆရာက ဝေဖန်သုံးသပ်ပေးပါဦး"

လင်းဖုန်းသည် ထိုရှေးဟောင်းကျမ်းစာအား ယူလိုက်ကာ၊ သူ၏ သဘာဝလွန် အသိစိတ်ဖြင့် စာအုပ်အတွင်းမှ စာသားများကို ကြည့်ရှုလိုက်သည်။ သူသည် သူ၏ခေါင်းကို ညိတ်လိုက်ကာ ပြောလိုက်သည်။ "မဆိုးဘူး၊ အရမ်းကောင်းတယ်"

ဇူရီသည် သူ၏ တာအိုဝါဒအား နားလည်မှုများကို နည်းစနစ် ကျနစွာနှင့် ဘာသာပြန်ထားခဲ့သည်။ ယန်စန်း

အရေအတွက်သုံးခု အင်းရှစ်ကွက်၏
ရွှေရောင်အပိုင်းများသည်၊ ဇူကို
အရေအတွက်သုံးခု အင်းရှစ်ကွက်
ကျမ်းစာအား အခြေခံပြု၍ ပြုစုထားခြင်း
ဖြစ်သည်။

နက်ရှိုင်းသော ဗဟုသုတများ အရဆိုလျှင်၊
ယန်စန်း အရေအတွက်သုံးခု အင်းရှစ်ကွက်
ရွှေရောင်အပိုင်းများသည်၊ ဇူကို
အရေအတွက်သုံးခု အင်းရှစ်ကွက်
ကျမ်းစာအား အဆင့်မြှင့်တင်ထားသော
အပိုင်းသစ်များ သက်သက် မဟုတ်ပေ။
သို့တွင် ဇူရီ၏ ကောင်းကင်နှင့် မြေကြီးတို့အား

သဘောပေါက် နားလည်ထားသည့်
အယူအဆ၊ သဘောတရားများကို
ထည့်သွင်းပြုစုထားခြင်း ဖြစ်သည်။

လင်းဖုန်းသည် မြောက်ပိုင်းလေပြင်း
ပင်လယ်အတွင်းတွင်၊ ဇူရီ ရေးသားခဲ့သော
လှပသည့် စာစီစာကုံး၏ အငွေ့အသက်
အရိပ်များကို သေချာစွာ တွေ့နေရလေသည်။

ယန်စန်း အရေအတွက်သုံးခု အင်းရှစ်ကွက်၏
ရွှေရောင်အပိုင်းများသည်၊ ဇူရီ၏
လူ့သဘာဝများ အပေါ်
ရှုမြင်သုံးသပ်ချက်များကို

ထည့်သွင်းပေါင်းစည်းထားခြင်း ဖြစ်သည်။ သူသည် ရှေ့ဆက်ရမည့် လမ်းကြောင်းများ၊ ကိုယ့်ကိုယ်ကိုယ် တိုးတက်အောင် လေ့ကျင့်နည်းများနှင့် ရှေ့ဆောင်လမ်းပြသူတို့၏ စိတ်ဓာတ်များကိုပါ ထည့်သွင်းရေးသားထားသည်။

လင်းဖုန်းသည် အသေအချာ စဥ်းစားနေခဲ့သည်။ "အခုအချိန်မှာ ဒီရွှေရောင်အပိုင်းများက စာပိုဒ်နှစ်ပိုဒ်ပဲ ရှိသေးတယ်။ တကယ်လို့များ ဇူရိက စာစီစာကုံး တစ်ပုဒ်လုံးကို အပြီးသတ်နိုင်ခဲ့လို့ရှိရင်၊ သူ့ရဲ့ ကောင်းကင်နဲ့

မြေကြီး၊ တာအိုဝါဒကို နားလည်နိုင်မှုတို့က
တကယ့်ကို ထူးချွန်ပြောင်မြောက် လာခဲ့မှာပဲ။
ဘာပဲပြောပြော ဒီရွှေရောင်အပိုင်းများဟာ
အခုတောင် တကယ်ထူးခြားတဲ့
ကျမ်းစာတစ်စောင် ဖြစ်နေပြီ။

တပည့်အသစ်များသည် ဇူရီ၏ ဇူကျိ
အရေအတွက်သုံးခု အင်းရှစ်ကွက်
ကျမ်းစာနှင့်၊ ယန်စန်း အရေအတွက်သုံးခု
အင်းရှစ်ကွက်တို့၏ ရွှေရောင်အပိုင်းများကို
လေ့ကျင့်နိုင်ခဲ့မည်ဆိုလျှင်၊ သူတို့၏ ကျင့်ကြံမှု
ခရီးလမ်းသည် မည်မျှ ချောမွေ့နိုင်မည်ကို
မှန်းဆကြည့်နိုင်ပေသည်။

သို့သော်လည်း ဇူရီသည် အလုပ်ကြိုးစားမှု၏ အရေးပါမှုကို နားလည်သူ ဖြစ်သဖြင့်၊ သူသည် သူ၏ တပည့်များအား ဘာမှမသင်ယူခင်တွင်၊ လွယ်ကူသော ဖြတ်လမ်းလိုက်မည်ကို ခွင့်ပြုမည် မဟုတ်ချေ။ သို့သော်လည်း ဇူကျိ အရေအတွက်သုံးခု အင်းရှစ်ကွက် ကျမ်းစာနှင့် ရွှေရောင်အပိုင်းများတို့၏ အကြားမှ ချောမွေ့သော အဆက်အစပ်သည်၊ လေ့ကျင့်မှု တိုးတက်စေခြင်းကို များစွာ အထောက်အကူ ပြုနိုင်မည် ဖြစ်သည်။

အမှန်ဆိုလျှင် အခြားဂိုဏ်းမှ ကျမ်းစာများသည်လည်း၊ ယခုကဲ့သို့ပင် ချောမွေ့စွာ အဆင့်တက်နိုင်ခြင်း နည်းလမ်းမျိုးကို အသုံးပြုနေကြသည်။

လင်းဖုန်းသည် အချိန်အတော်ကြာအောင် ငြိမ်သက်နေခဲ့ပြီးမှ ဆက်လိုက်သည်။ "ဇူရီ၊ မင်းရဲ့ လုပ်ဆောင်ချက်တွေက အရမ်းကောင်းတယ်။ ဒါပေမဲ့ မင်းက တပည့်တွေကို ရွေးချယ်တဲ့ နေရာမှာ၊ သတိကြီးကြီးထားရမယ်"

ဓူရီသည် ဉာဏ်ကောင်းသော သူတစ်ယောက်ဖြစ်သည့်အားလျှော်စွာ၊ လင်းဖုန်းက ဘာပြောချင်နေသည်ကို သဘောပေါက်လိုက်သည်။ "ကျွန်တော် နားလည်ပါတယ်။ ကျွန်တော်က စာအုပ်ကြီးအတိုင်းပဲ လုပ်တတ်တဲ့ တပည့်တစ်အုပ်စုကို မွေးထုတ်ပေးမှာ မဟုတ်ပါဘူး"

"လေ့ကျင့်မှုဆိုတာ အတားအဆီးတွေကို ဆက်တိုက်ချိုးဖောက်နိုင်တဲ့ အရာဖြစ်ရမယ်ဆိုတာကို၊ ဒီရွှေရောင် အပိုင်းများထဲမှ ကျွန်တော်က အသေအချာ ဖွင့်ပြထားပါတယ်။

သူတို့က ဒီလိုမျိုး နားလည်နိုင်စွမ်း ရှိမှသာ၊ တာအိုဝါဒရဲ့ အသိဉာဏ်နဲ့ ခက်ခဲနက်နဲမှုတွေကို အပြည့်အဝ သဘောပေါက်နိုင်စွမ်း ရှိမှာပါ"

ဇူရီက ဆက်ပြောလိုက်သည်။ "ဒါက အခြေခံအုတ်မြစ် အဆင့်က ကျွန်တော့်ရဲ့ တပည့်တွေကို လက်ဆင့်ကမ်းပေးမယ့် ကျမ်းစာပဲ ဖြစ်ပါတယ်။ သူတို့က ရွှေရောင်ဗဟိုချက် အဆင့်ကို ရောက်သွားပြီးရင်တော့၊ ပိုပြီးတော့ နားလည်သဘောပေါက်လာနိုင်ကြမှာပဲ ဖြစ်ပါတယ်"

လင်းဖုန်းသည် သူ၏ခေါင်းအား
ကျေနပ်စွာဖြင့် ညိတ်လိုက်သည်။
ရှောင်ယန်တို့ဘက်သို့ လှည့်ကြည့်လိုက်ရာ၊
ရှောင်ယန်နှင့် ရှောင်ပုတန်တို့၏
ကျမ်းစာများသည်လည်း အကောင်အထည်
ပေါ်လာကြပြီ ဖြစ်ကြောင်းကို တွေ့လိုက်ရ၏။

ရှောင်ယန်နှင့် ရှောင်ပုတန်တို့သည် သူတို့၏
မျက်လုံးအစုံကို ဖွင့်ကြည့်လိုက်ရာ၊ သူတို့၏
ဆရာအား တွေ့လိုက်ရသည်။ သူတို့သည်
ပြုံးလိုက်ကာ နှုတ်ဆက်လိုက်ကြ၏။
"မင်္ဂလာပါ၊ ဆရာသခင်"

ဘေးတွင်ရပ်နေသော ဝမ်လင်းအား တွေ့လိုက်ရသည့် အချိန်တွင်၊ သူတို့သည် တပြိုင်နက် ပြုံးလိုက်ကြကာ ဂုဏ်ပြုလိုက်ကြသည်။

သူတို့၏ ပြုံးစိစိ ဖြစ်နေသော အမူအရာများကို ဝမ်လင်းက မည်သို့မှ သဘောမထားခဲ့ပဲ၊ သူ၏ခေါင်းကိုသာ ခါလိုက်ကာ ပြုံးလိုက်သည်။ "ငါက အခုမှ ခရီးအစပဲ ရှိပါသေးတယ်။ ကျေးဇူးပြုပြီး မလှောင်ပါနဲ့၊ ဂျူနီယာလေး"

လင်းဖုန်းက ပြုံးလိုက်ကာ ပြောလိုက်သည်။
"ကဲ၊ ငါ့ကို မင်းတို့ ပြုစုထားတဲ့
ကျမ်းစာတွေကို ပေးဖတ်ပါဦး" ရှောင်ယန်နှင့်
ရှောင်ပုတန်တို့သည် သူတို့၏ ခေါင်းများကို
အသီးသီး ညိတ်လိုက်ကြကာ၊
"ကျွန်တော်တို့ကို ဝေဖန်သုံးသပ်ပေးပါဦး၊
ဆရာသခင်"

"အာ၊ ထင်ထားတဲ့ အတိုင်းပဲ" လင်းဖုန်းသည်
သူတို့၏ ကျမ်းစာများကို ရရှိလိုက်သည်နှင့်
တပြိုင်နက်၊ ခေါင်းစဉ်များကို
ဖတ်ကြည့်လိုက်ရာ အထဲတွင်
ပါမည့်အရာများကို မှန်းဆ၍ ရနေခဲ့ပေသည်။

ရှောင်ယန်၏ ကျမ်းစာအား တောက်လောင်နေသော ကောင်းကင်ဘုံ ဟူ၍ နာမည်ပေးထားသည်။ သူသည် ကောင်းကင်နှင့် မြေကြီးတို့၏ အကန့်အသတ် အတွင်းတွင် ရှိနေကြသော၊ မီးတောက်များ၏ ဖြစ်ပေါ်လာပုံနှင့် လျှို့ဝှက်နက်နဲပုံများကို အကျယ်ချဲ့၍ ရှင်းပြထားသည်။

သူသည် မီးပညာရပ်များကို အထူးပြု၍ လေ့လာထားခြင်းကြောင့်နှင့် တူသည်၊ ရှောင်ယန်၏ ကျမ်းစာသည် မဟာကောင်းကင် တာအိုကျမ်းစာ၏

အရေအတွက်သုံးခု အင်းရှစ်ကွက်နှင့်
အတန်ငယ် မသက်ဆိုင်သကဲ့သို့
ထင်နေရသည်။ အမှန်အတိုင်း ပြောရလျှင်
သူသည် သူ၏ကိုယ်ပိုင် လုံးလုံးလျားလျား
သီးသန့်ဖြစ်သော၊ ထူးခြားဆန်းသစ်သည့်
မီးကျမ်းစာတစ်ခုအား ပြုစုနိုင်ခဲ့လေသည်။

သို့သော်လည်း အမှန်တရားကို ပြောရလျှင်၊
ရှောင်ယန် ပြုစုထားသော ကျမ်းစာ၏ အဓိက
အကျဆုံး အခြေခံများသည်၊
မဟာကောင်းကင် တာအိုကျမ်းစာ၏
အရေအတွက်သုံးခု အင်းရှစ်ကွက်၏

ဉာဏ်ပညာများအပေါ်တွင် အခြေပြုထားခြင်း ဖြစ်သည်။

ဒါသည် ရှောင်ယန်၏ ရွှေရောင်ဗဟိုချက် အဆင့်ကို တက်လှမ်းခဲ့စဉ် အချိန်တုံးကနှင့် တူနေ၏။

ဇူရိနှင့် ရှောင်ပုတန်တို့သည် ယင်မီးတောက် ကပ်ဘေးအား ကျော်လွှားသွားပြီး၍ ရွှေရောင်ဗဟိုချက် အလယ်အလတ် အဆင့်အား တက်လှမ်းနိုင်ပြီးသော အချိန်တွင်၊ သူတို့သည် ဘေးပတ်ဝန်းကျင်မှ မတူညီ ကွဲပြားသော စိတ်ဝိညာဉ် စွမ်းအင်

အမျိုးအစား ရှစ်မျိုးကို စုပ်ယူနိုင်ခဲ့ကာ၊
အရေအတွက်သုံးခု အင်းရှစ်ကွက်၏
ပုံရိပ်များကို ဖန်တီးနိုင်ခဲ့သည်။

ရှောင်ယန်၏ ရွှေရောင်ဗဟိုချက် အဆင့်အား
တက်လှမ်းနိုင်သည့် အချိန်မှပင်၊ သူသည်
ယင်မီးတောက်၏ စွမ်းအားများကို
စုပ်ယူနိုင်ခဲ့သည်။ ရှောင်ယန်သည်
ဘေးပတ်ဝန်းကျင်မှ မီးအနွယ်ဝင် စိတ်ဝိညာဉ်
စွမ်းအင်တစ်မျိုးကိုသာ စုပ်ယူနိုင်ခဲ့ခြင်း
မဟုတ်ပဲ၊ သူသည် အခြားစိတ်ဝိညာဉ်
စွမ်းအင်များအား ယင်မီးတောက်၏

လောင်စာအဖြစ်
လောင်ကျွမ်းပစ်ခဲ့ခြင်းကြောင့် ဖြစ်သည်။

ရှောင်ယန်သည် မဟာကောင်းကင်
တာအိုကျမ်းစာ၏ အရေအတွက်သုံးခု
အင်းရှစ်ကွက်၏ အနှစ်သာရများကို
နားလည်၍ အပြီးတွင်၊ သူသည်
ဖြည်းဖြည်းခြင်း သူ၏စွမ်းအားများကို
မီးပညာရပ် လမ်းစဥ်ပေါ်သို့ အထူးပြု၍
အာရုံစိုက်ထားခဲ့သည်။
လမ်းကြောင်းတစ်လျှောက် ရရှိလာခဲ့သော
အခြား အတွေးအမြင်များကို မီးပညာရပ်
ဉာဏ်အလင်း ပွင့်စေရန်အတွက်၊

အကိုးအကား အနေဖြင့်သာ အသုံးချခဲ့ခြင်း ဖြစ်သည်။

ရှောင်ယန်သည် မဟာကောင်းကင် တာအိုကျမ်းစာ၏ အရေအတွက်သုံးခု အင်းရှစ်ကွက်အား စတင်လေ့ကျင့်ခါစတွင်၊ ဇူရိကဲ့သို့ပင် အတွေးအမြင် အမျိုးမျိုးအား ရရှိခဲ့သည်။ သို့သော်လည်း ဇူရိ၏ ဖန်တီးမှုများနှင့် ကွဲပြားစွာ၊ ရှောင်ယန်သည် ဖျက်ဆီးခြင်း လမ်းစဥ်ကို လိုက်သွားခဲ့သည်။ ထို့ကြောင့်ပင် သူပထမဦးဆုံး တီထွင်ခဲ့သော မှော်ကျိန်စာမှာ၊ အရေအတွက်သုံးခု အင်းရှစ်ကွက် ဖြိုခွဲခြင်းပင် ဖြစ်သည်။

သို့သော်လည်း လေ့ကျင့်မှု၏
နောက်ပိုင်းကာလများတွင်၊ ရှောင်ယန်၏
မှော်ကျိန်စာများ အပေါ်တွင်
နားလည်သဘောပေါက်မှုမှာ နောက်ထပ်
ပြောင်းလဲတိုးတက်လာခဲ့သည်။

ထိုကဲ့သို့ ပြောင်းလဲတိုးတက်မှုများသည်၊
မဟာသူရိယ အကြွင်းမဲ့ မီးတောက်နှင့်
ငရဲပြည်က ရှောင်ခြည်နတ်ဆိုး
မီးတောက်တို့အား ကျင့်ကြံနိုင်မှု
အပေါ်တွင်လည်း မူတည်နေပေသည်။
သို့သော်လည်း အခြေခံအားဖြင့် သူတို့သည်

သူ၏ ကိုယ်ပိုင် အကျင့်စရိုက်နှင့် ဝါသနာများ အပေါ်တွင် မူတည်နေခဲ့၏။

ထို့ကြောင့် တစ်ယောက်သည် အလေးအနက် အသေအချာ သုံးသပ်ကြည့်လိုက်မည် ဆိုလျှင်၊ ရှောင်ယန်၏ တောက်လောင်နေသော ကောင်းကင်ဘုံ ကျမ်းစာသည်၊ ဇူရီ၏ ရွှေရောင်အပိုင်းများ ထက်ပင်၊ မဟာကောင်းကင် တာအိုကျမ်းစာ၏ အရေအတွက်သုံးခု အင်းရှစ်ကွက်နှင့် ဆက်စပ်နေသည်ဟု ဆိုနိုင်ပေသည်။

သူသည် မဟာကောင်းကင် တာအိုကျမ်းစာ၏ အရေအတွက်သုံးခု အင်းရှစ်ကွက်၏ မီးပညာရပ်အား အထူးအလေးပေးထားသည့် ကျမ်းစာခွဲ တစ်စောင်နှင့် တူနေခဲ့သည်။

ရှောင်ပုတန်၏ ကျမ်းစာသည် ထိုအချက်တွင် ရှောင်ယန်နှင့် ဆင်နေခဲ့သော်လည်း၊ အတွင်းစာသားများသည် အကြီးအကျယ် ကွာခြားပေသည်။

ရှောင်ပုတန်သည် သူ၏ ကျမ်းစာအား လေပြင်းနှင့် မိုးကြိုးတို့၏ အမှန်လမ်းစဥ်ဟု နာမည်ပေးထားခဲ့သည်။ သူ၏

မဟာကောင်းကင် တာအိုကျမ်းစာ၏
အရေအတွက်သုံးခု အင်းရှစ်ကွက်ကို
သဘောပေါက်မှုများ အပြင်၊ ကောင်းကင်နှင့်
မြေကြီးတို့အား နားလည်မှုများအား
ထည့်သွင်းထားခဲ့သည်။

ရှောင်ယန်၏ မီးတောက်တစ်ခုတည်း
အပေါ်တွင်သာ အထူးပြု
အလေးထားခဲ့ခြင်းနှင့် မတူပဲ၊
ရှောင်ပုတန်သည် မိုးကြိုးနှင့်
လေပြင်းခတ်များကို တစ်မျိုးစီ
ခွဲခြားထားခဲ့ရန် မကြိုးစားခဲ့ပေ။ သူ၏
ကျမ်းစာအတွင်းတွင် လေပြင်းနှင့်

မိုးကြိုးတို့သည် ညီညွတ်စွာနှင့် အတူတကွ
ပူးတွဲတည်ရှိနေခဲ့ပြီး၊ တစ်မျိုး၏
စွမ်းအားအပေါ်တွင် တစ်မျိုးက
မှီခိုနေကြလေသည်။

ထိုကျမ်းစာသည် ရှောင်ပုတန်၏
မဟာကောင်းကင် တာအိုကျမ်းစာ၏
အရေအတွက်သုံးခု အင်းရှစ်ကွက်၏
နားလည်သဘောပေါက်မှုကို အခြေခံကာ၊
အစွန်းနှစ်ဘက်မှ ခေတ်နှစ်မျိုး၏
အတွေးအမြင်များကို
ဆက်စပ်ပေါင်းစည်းထားခြင်း ဖြစ်သည်။

အစွန်းနှစ်ဘက်တို့၏ ဖန်တီးနိုင်မှု
စွမ်းရည်များနှင့် အရေအတွက်သုံးခု
အင်းရှစ်ကွက်တို့၏ စွမ်းအားများကို နားလည်
သဘောပေါက်နိုင်မှုတို့က
တိုးတက်လာသည်နှင့်အညီ၊ ရှောင်ပုတန်သည်
ဝင်ရိုးစွန်းနှစ်ဘက်တို့၏
အကန့်အသတ်များကို ချိုးဖောက်နိုင်ခဲ့ကာ၊
နောက်ထပ်ပိုမြင့်သည့် အဆင့်တစ်ခုသို့
တက်လှမ်းသွားနိုင်ခဲ့သည်။

ဒါသည် ရှောင်ပုတန်၏
နောက်ဆုံးနည်းစနစ်ဖြစ်သော၊

ရွှမ်ပဟွမ်ကမ္ဘာလေးခု မှော်ကျိန်စာ ဖြစ်ပေါ်လာရခြင်း အကြောင်းဖြစ်သည်။

လင်းဖုန်းသည် သူတို့နှစ်ယောက်စလုံးတို့၏ ကျမ်းစာများကို လေ့လာဖတ်ရှု ပြီးသွားသည့်အခါ၊ ကျေနပ်အားရစွာနှင့် ခေါင်းကိုညိတ်လိုက်သည်။ "မဆိုးဘူး၊ မင်းတို့ အားစိုက်ထားတဲ့ လျှို့လဝီရိယတွေကို ငါက တွေ့မြင်နိုင်တယ်"

ရွှေရောင်ဗဟိုချက် အဆင့်သို့ ရောက်ရှိနေကြပြီးသော ရှောင်ယန်နှင့် ကျန်နှစ်ယောက်တို့နှင့်စာလျှင်၊

အခြေခံအုတ်မြစ် အဆင့်တွင်သာ
ရှိနေကြသေးသော ယွဲ့ဟုန်ယန်နှင့်
ယန်ချင်တို့မှာ အများကြီး ပိုနေ့းပေသည်။
သူတို့နှစ်ယောက်စလုံးတို့သည် လင်းဖုန်း၏
သင်ကြားမှုအောက်သို့ အများကြီး
နောက်ကျပြီးမှ ရောက်ရှိလာကြခြင်း ဖြစ်ကာ၊
မဟာကောင်းကင် တာအိုကျမ်းစာ၏
အရေအတွက်သုံးခု အင်းရုစ်ကွက်အား
နားလည်ရန် လေ့ကျင့်ရသည့်
အချိန်သည်လည်း ပို၍ အကန့်အသတ်
ရှိခဲ့သည်။

သို့သော်လည်း သူတို့နှစ်ယောက်စလုံးတို့၏ စာအုပ်စင်များသည် ယခုအချိန်တွင် ကျမ်းစာပုံရိပ် ရေးရေးလေး ပေါ်လာခဲ့ပြီ ဖြစ်ကာ၊ မိနစ်နှင့်အမျှ ရုပ်လုံးအကောင်အထည် ပေါ်နေခဲ့ပြီ ဖြစ်သည်။

ဒါသည် သူတို့က လမ်းကြောင်းမှန်ပေါ်သို့ ရောက်နေခဲ့ပြီ ဖြစ်သည်ကို ပြသနေခဲ့ခြင်း ဖြစ်သည်။ ဒါသည် တွေးခေါ်ပုံများ၏ လွတ်လပ်မှုနှင့် သူတို့၏ အတွေးအမြင်များကို အဆက်မပြတ် သန့်စင်နေနိုင်ခဲ့ခြင်းကို ပြသခဲ့ခြင်းလည်း ဖြစ်သည်။

"ဆရာ၊ ကျွန်တော်ကလည်း ကျွန်တော့်ရဲ့ ကျမ်းစာကို ပြုစုလိုက်ဦးမယ်" ဝမ်လင်းသည် ပြောလိုက်၍ စာအုပ်စင် တစ်ခုထံသို့ ဦးတည်သွားလိုက်သော်လည်း၊ လင်းဖုန်း၏ ဟန့်တားခြင်းကို ခံလိုက်ရသည်။

လင်းဖုန်းက ပြုံးလိုက်သည်။ "ဝမ်လင်း၊ မလောပါနဲ့။ ဟုန်ယန်နဲ့ ယန်ချင်တို့ရဲ့ နည်းစနစ်တွေကို ပြီးတဲ့အထိ အရင်စောင့်ကြည့်လိုက်ပါဦး။ ငါ့မှာ မင်းတို့ကို လုပ်ခိုင်းစရာ တစ်ခုရှိသေးတယ်။ မင်းတို့က ဒီကိစ္စပြီးသွားတဲ့ အချိန်မှ၊

ကိုယ်နည်းစနစ်တွေကိုယ် ပြန်ပြီး
တီထွင်ဖန်တီးကြပေါ့"

ဝမ်လင်းသည် အတန်ငယ်
အံ့အားသင့်သွားခဲ့ကာ ခေါင်းညိတ်လိုက်သည်။
"ဟုတ်၊ ဆရာသခင်" သူသည် ရှောင်ယန်နှင့်
ကျန်နှစ်ယောက်တို့အား ဝေ့ကြည့်လိုက်ကာ၊
သူ၏ခေါင်းအတွင်းတွင် ပြည့်နှက်နေသော
မေးခွန်းများ၏ အဖြေကို စဉ်းစားနေခဲ့သည်။

ရှောင်ယန်၊ ဇူရီနှင့် ရှောင်ပုတန်တို့သည်လည်း
အံ့အားသင့်နေကြကာ၊
တစ်ယောက်ကိုတစ်ယောက်

ကြည့်လိုက်ကြ၍ ခေါင်းများကို
ခါယမ်းလိုက်ကြပေသည်။

သူတို့သည် သိလိုစိတ် ပြင်းပြစွာဖြင့်
အချင်းချင်း ကြည့်နေကြကာ၊ ငြိမ်သက်စွာဖြင့်
စောင့်နေခဲ့ကြသည်။

ယွဲ့ဟုန်ယန်နှင့် ယန်ချင်တို့သည် သူတို့၏
ကျမ်းစာများကို အချိန်တစ်ချိန်တည်း နီးပါးပင်
ပြီးဆုံးသွားကြသည်။ အဘယ်ကြောင့်ဆိုသော်
ယွဲ့ဟုန်ယန်သည် ကျင့်ကြံမှုအဆင့်
ပိုမြင့်သောလည်း၊ ယန်ချင်၏ သဘောပေါက်
နားလည်နိုင်စွမ်းသည် ပို၍

မြင့်မားသောကြောင့် ဖြစ်သည်။ သူတို့၏ ကျမ်းစာများသည် တပြိုင်နက်တည်းပင် အကောင်အထည် ပေါ်လာကြသည်။

သူတို့သည် သူတို့၏ မျက်လုံးအစုံတို့အား ဖွင့်လိုက်ကြ၍၊ လင်းဖုန်းအား ဦးညွှတ်ကာ နှုတ်ဆက်လိုက်ကြသည်။ သူတို့သည် ဝမ်လင်းက ရွှေရောင်ဗဟိုချက် အဆင့်သို့ ရောက်ရှိသွားခြင်းကို အံ့သြမှင်သက်သွားကြ၍ ဂုဏ်ပြုလိုက်ကြသည်။

လင်းဖုန်းသည် သူတို့၏ ကျမ်းစာများကို စစ်ဆေးလိုက်၍ သူထင်ထားသည့် အတိုင်း၊

သူတို့တွင် သူတို့၏ လေ့ကျင့်မှုနှင့်
အတွေးအမြင်များကို
ထည့်သွင်းထားနိုင်ခဲ့သည်ကို တွေ့လိုက်ရ၏။
အနည်းငယ် တိုးတက်ရန်
လိုနေသေးသော်လည်း၊ သူတို့သည်
တစ်စုံတစ်ရာ ကြီးမြတ်သော
လမ်းကြောင်းအား အစပြုနိုင်ခဲ့ပြီ ဖြစ်သည်။

ယွဲ့ဟုန်ယန်၏ ကျမ်းစာကို ဟင်းလင်းပြင်၏
အစစ်အမှန် ပညာရပ်ဟု
အမည်ပေးထားသည်။ ရှောင်ယန်ကဲ့သို့ပင်
သူမသည် လမ်းကြောင်းတစ်ခုတည်း
အပေါ်တွင် အာရုံစိုက်ထားခဲ့ကာ၊ သူ၏

စာသားများ အားလုံးသည် ဟင်းလင်းပြင်၏
ရှုပ်ထွေးခက်ခဲသော သိမ်မွေ့နက်နဲမှုများကို
စောင်းပေးကာ ဖော်ပြထားခဲ့သည်။

ယခင်အချိန်က ယွဲ့ဟုန်ယန်၏
ဟင်းလင်းပြင်အပေါ်တွင်
နားလည်သဘောပေါက်မှုများမှာ၊
ရှောင်ပုတန်နှင့် ကွဲပြားခြားနားနေခဲ့သည်။
သူမသည် ဟင်းလင်းပြင်၏ ဖျက်ဆီးနိုင်မှု
စွမ်းအားများကိုသာ အာရုံစိုက်ထားခဲ့သည်။

သို့သော်လည်း ယနေ့တွင် သူမ၏
နည်းစနစ်ဖြစ်သော ဟင်းလင်းပြင်၏

အစစ်အမှန် ပညာရပ်တွင်၊ လင်းဖုန်းသည်
သူမ၏ ဟင်းလင်းပြင်
ဒိုင်မန်းရှင်းများအပေါ်တွင်
နားလည်သဘောပေါက်မှုများမှာ၊
အဆင့်တစ်ဆင့် တက်သွားပြီ ဖြစ်ကြောင်းကို
သိရှိလိုက်ရသည်။

ယန်ချင်သည် သူ၏ကျမ်းစာအား
လင်းဖုန်းအား လှမ်းပေးလိုက်၍၊
ကသိကအောက် ဖြစ်စွာနှင့် ပြုံးလိုက်သည်။
"အမှန်ဆိုရင်တော့ ဒါက
ဘာမှသိပ်မဟုတ်ပါဘူး"

လင်းဖုန်းသည် သူ၏ကျမ်းစာအား သူ၏ သဘာဝလွန် စိတ်စွမ်းအင်ဖြင့် စမ်းစစ်လိုက်ကာ ပြုံးလိုက်သည်။ "ဒါက တော်တော်လေးကို မဆိုးပါဘူး။ ကြည့်ရတာ မင်းက မင်းရဲ့ အချိန်တွေကို အလဟဿ မဖြစ်စေခဲ့ဘူးနဲ့ တူတယ်။ ဒီတစ်ခေါက် ကျင့်ကြံပြီးသွားရင်၊ မင်းက မင်းရဲ့လုံ့ခွက်ကို ဖန်ဆင်းဖို့ အဆင်သင့် ဖြစ်လောက်ပြီ"

အမှန်အတိုင်းပြောရလျှင် လင်းဖုန်း၏ အမြင်တွင်၊ ယွဲ့ဟုန်ယန်နှင့် ယန်ချင်တို့သာ မကပဲ၊ ဇူရီနှင့် ကျန်သောသူများ၏ ကျမ်းစာများတွင်လည်း ဟာကွက်ယိုကွက်များ

ရှိနေပေသည်။ သို့သော်လည်း ဒါသည် သူတို့၏ လက်ရှိ ကျင့်ကြံမှု အဆင့်ကြောင့်သာ ဖြစ်သည်။

အနာဂတ်တွင် သူတို့သည် သူတို့၏ ကျမ်းစာများကို လုံးဝပြည့်စုံသွားသည့်အထိ သန့်စင်နိုင်မည်ဟု၊ လင်းဖုန်းက အပြည့်အဝ ယုံကြည်နေခဲ့သည်။

ထိုအချိန် ရောက်လာသော အချိန်တွင်၊ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းတွင် အခြားဂိုဏ်းများ၏ တန်ဖိုးအထားရဆုံး မည်သည့် နည်းစနစ်များနှင့်မဆို စိန်ခေါ်နိုင်သော၊

မရေမတွက်နိုင်သည့် စွမ်းအားကြီးသည့် နည်းစနစ်များစွာတို့ကို ပိုင်ဆိုင်နိုင်တော့မည် ဖြစ်သည်။

"အရမ်းကောင်းတယ်၊ အကုန်လုံး ငါ့ရဲ့အနောက်ကို လိုက်ခဲ့ကြ" လင်းဖုန်းသည် ပြုံးလိုက်ကာ သူ၏တပည့်များကိုခေါ်၍ တိပိဋက ကျမ်းစာခန်းမဆောင် အတွင်းမှ ထွက်ခဲ့လိုက်သည်။ ယုကျင်းတောင်ထိပ်သို့ ရောက်သွားသောအခါ၊ လင်းဖုန်းသည် သူ၏လက်နှစ်ဘက်အား ပူးကပ်လိုက်ကာ သင်္ကေတ တစ်ခုအား ဖော်ဆောင်လိုက်သည်။

"ဘုန်း!" ယုကျင်းတောင် တစ်ခုလုံးသည် တုန်ခါသွားခဲ့သည်။

## စာစဉ် ၂၀ : အပိုင်း ၇

## အပိုင်း ၃၅၇ : နောက်ဆုံးတွင် ဆရာများ ဖြစ်သွားကြခြင်း

ယုကျင်းတောင်၏ တုန်ခါသွားခြင်းနှင့်အတူ ရှောင်ယန်၊ ဇူရီနှင့် ကျန်သောသူများ၏ မျက်နှာများအပေါ်တွင် တုန်လှုပ်နေသော အမူအရာများ ပေါ်လာခဲ့သည်။

အဘယ်ကြောင့်ဆိုသော် သူတို့သည်၊
ယုကျင်းတောင်ပေါ်မှ ရောမ ကျောက်တုံးကြီး
ခြောက်တုံးတို့သည် ပွဲထွက်လာကြသည်ကို
တွေ့ရှိခဲ့ရခြင်းကြောင့် ဖြစ်သည်။
လင်းဖုန်းသည် ထိုကျောက်တုံး
ခြောက်တုံးတို့အား၊ အပေါ်မှ
ဟင်းလင်းပြင်တွင် လွတ်လပ်စွာ
လွင့်မျောနေစေခဲ့သည်။

ထိုကျောက်တုံးကြီး ခြောက်တုံးတို့မှာ ရောမ
အဖြူရောင် ကျောက်စိမ်းတုံးကြီး
ခြောက်တုံးကဲ့သို့ တောက်ပနေကြကာ၊
တောင်ပူစာလေး တစ်လုံး၏

အရွယ်အစားလောက် ရှိကြသည်။ သူတို့သည် ပုံသဏ္ဍာန် အမျိုးမျိုး ရှိနေကြ၍၊ လင်းဖုန်းကလည်း အရေးသိပ်မထားခဲ့ပေ။

ထိုကျောက်တုံးကြီးများသည် ယုကျင်းတောင်၏ ကိုယ်ထည်မှ ထွက်ခွာသွားခဲ့သော်လည်း၊ သူ၏ ထိန်းချုပ်မှုအောက်မှတော့ လုံးဝ ထွက်မသွားခဲ့ပေ။ သူတို့သည် ယုကျင်းတောင်အား လှည့်ပတ်နေသော အရံဂြိုဟ်များကဲ့သို့ ဖြစ်နေကြကာ၊ စိတ်ဝိညာဉ်တောင်ကြီးအား

ကာကွယ်စောင့်ရှောက်နေသကဲ့သို့
ဖြစ်နေကြသည်။

ထိုအချိန်တွင် လင်းဖုန်းသည် ယုကျင်းတောင်၊
မဟူရာကောင်းကင် ရတနာသစ်ပင်နှင့်
ကောင်းကင်ကို လှည့်ပတ်နေသော
ခရမ်းရောင် တိမ်တိုက်တို့နှင့် တစ်သားတည်း
ဖြစ်သွားခဲ့ကာ၊ ယခင်က တစ်ခါမှ မရဖူးသော
လိုက်လျောညီထွေဖြစ်လှသော
မျှခြေတစ်ခုအား ရောက်ရှိသွားခဲ့သည်။

မဟူရာကောင်းကင် ရတနာသစ်ပင်၏
သစ်ကိုင်းများမှာ တုန်ခါလာခဲ့၍၊ ပင်စည်နှင့်

အနီးဆုံးဖြစ်သော မယုံနိုင်လောက်အောင် ထူထဲသော သစ်ရွက်များဖြင့် ပြည့်နေသည့် သစ်ကိုင်းခြောက်ကိုင်းတို့သည်၊ သူတို့ဘာသာ ကြွေကျလာကြသည်။

ပြီးတာနှင့် သူတို့သည် ရောင်စဥ်အလင်းတန်း ခြောက်တန်းအဖြစ်သို့ အသွင်ပြောင်းသွားကြကာ၊ ယုကျင်းတောင်၏ အစွန်းနှင့် လေပေါ်တွင် မျောလွင့်နေကြသော ကျောက်တုံးကြီး ခြောက်တုံးတို့အား ဆက်သွယ်ပေးလိုက်ကြသည်။

ကောင်းကင်ကို လှည့်ပတ်နေသော
ခရမ်းရောင် တိမ်တိုက်တို့သည်လည်း
ထိုးတက်လာကြကာ၊ ယုကျင်းတောင်နှင့်
ကျောက်တုံးကြီး ခြောက်တုံးတို့၏ အကြားမှ
သစ်ကိုင်းများ အပေါ်တွင်၊ ခရမ်းရောင်
တံတားများအဖြစ် ဖန်ဆင်းလိုက်ကြသည်။

ခရမ်းရောင် တိမ်တိုက်များသည်
ကျယ်ပြန့်လာကြကာ၊ ကျောက်တုံးကြီး
ခြောက်တုံးတို့အား လုံးဝဖုံးလွှမ်းသွားခဲ့သည်။
သူတို့သည် ယုကျင်းတောင်နှင့်
သီးသန့်ဖြစ်နေသော်လည်း၊
တစ်ချိန်တည်းတွင်ပင် ယုကျင်းတောင်၏

ကိုယ်ထည်နှင့် နီးကပ်သော ဆက်သွယ်မှုများ ရှိနေခဲ့သည်။

ပြီးတာနှင့် လင်းဖုန်းသည် ပြုံးလိုက်ကာ၊ သူ၏ တပည့်များထံသို့ လှည့်ကြည့်လိုက်သည်။

ရှောင်ယန်နှင့် ကျန်သောတပည့် ငါးယောက်တို့သည်၊ သူတို့၏ အရှေ့တွင် ပေါ်လာခဲ့သော အရာများကို တွေတွေကြီး စိုက်ကြည့်နေကြသည်။ အချိန်အတော်ကြီး ကြာပြီးမှသာ သတိပြန်ဝင်လာနိုင်ကြသည်။ သူတို့သည် တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်လိုက်ကြပြီး၊ ယုကျင်းတောင်၏

အပေါ်မှ လေထုထဲတွင် လွင့်မျောနေကြသော အဖြူရောင် ကျောက်စိမ်းသဏ္ဍာန် ကျောက်တုံးကြီးများအား စိုက်ကြည့်လိုက်ကြသည်။ သူတို့သည် ရင်ထဲမှ ခန့်မှန်းမှုများ ပြုလုပ်နိုင်ကြကာ၊ ပျော်ရွှင်သော အမူအရာများ ပေါ်လာခဲ့သည်။

ရှောင်ပုတန်သည် သူ၏ တံတွေးအား မျိုချလိုက်ကာ၊ လင်းဖုန်းအနားသို့ ကပ်၍ မေးလိုက်သည်။ "ဆရာ၊ ဒါက ကျွန်တော်တို့ဟာတွေလား?"

ကျန်သောသူများသည်လည်း သူတို့၏ အကြည့်များကို ကျောက်တုံးကြီးများထံ ပို့ထားနေဆဲတွင်၊ ရှောင်ပုတန်လေး၏ မေးခွန်းအဖြေကို သိချင်နေကြ၍ သူတို့၏ စကားဝိုင်းကို အသေအချာ နားထောင်နေကြသည်။

လင်းဖုန်းက ပြုံးလိုက်သည်။ "ငါက မင်းတို့ကျမ်းစာတွေ အသီးသီးကို အားရကျေနပ်ခဲ့တယ်။ မင်းတို့က ငါ့ရဲ့ မျှော်မှန်းချက်တွေနဲ့ ပြည့်စုံနေတဲ့အပြင်၊ တချို့ဆိုရင် ကျော်တောင်သွားသေးတယ်။ အစောက ငါပြောထားတဲ့အတိုင်း၊

မင်းတို့အားလုံးက ကိုယ်တိုင်ဆရာဖြစ်နိုင်ဖို့ အရည်အချင်းတွေနဲ့ ပြည့်မှီနေပြီ"

"မင်းတို့က ဆရာဖြစ်ကြတော့မယ့် သူတွေဆိုတော့၊ မင်းတို့က ကိုယ်ပိုင်ကျင့်ကြံမှု ဗိမာန်တစ်ခုရှိဖို့ လိုအပ်တယ်။ ဒါကြောင့် ဆရာက မင်းတို့ကို ဗိမာန်ခြောက်ခု တည်ဆောက်ပေးမယ်!"

လင်းဖုန်းသည် ရှောင်ယန်နှင့် ကျန်သောသူများအား ကြည့်လိုက်ကာ ဆက်ပြောလိုက်သည်။
"ငှက်ငယ်လေးတွေဟာ လေစီးကြောင်းကို

ရင်ဆိုင်ဖို့အတွက်၊ အသိုက်ကနေ အချိန်တန်ရင် ထွက်ရတာပဲ။ ဒါကြောင့်မို့ ဒီကနေ့ဟာ မင်းတို့ရဲ့ ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်တည်နိုင်ဖို့အတွက်၊ ပထမဦးဆုံး ခြေလှမ်းတစ်ခု ဖြစ်တယ်။ မင်းတို့က ငါ့ရဲ့ဗိမာန်ကနေ ထွက်သွားကြပြီ ဖြစ်ပေမဲ့၊ ယုကျင်းတောင်ပေါ်မှာပဲ ရှိကြသေးတယ်"

"အနာဂတ်ကာလတွေမှာ မင်းတို့ရဲ့ ကျင့်ကြံမှု အဆင့်တွေက နောက်တစ်ဆင့်ကို တက်သွားခဲ့ပြီး၊ ယုကျင်းတောင်ရဲ့ အပြင်မှာ သင့်တော်တဲ့ နေရာတစ်ခု တွေ့ရင်လည်း၊

မင်းတို့က အဲ့ဒီနေရာမှာ ကိုယ်ပိုင်ကမ္ဘာကို ဖန်တီးချင်လည်း ရတယ်"

ရှောင်ပုတန်သည် လင်းဖုန်း၏ စကားများကြောင့် လန့်သွားခဲ့ကာ ဆန္ဒပြလိုက်သည်။ "ဆရာက ကျွန်တော်တို့ကို ကန်ထုတ်ချင်နေတာလား?"

လင်းဖုန်းသည် ရယ်ရမ်းသွေးလိုက်ကာ ခေါင်းကိုခါလိုက်ပြီး၊ သူ၏ခေါင်းကို ပုတ်လိုက်သည်။ "ရိုးအတဲ့ ကောင်ကလေး၊ မင်းက ယုကျင်းတောင်ပေါ်ကို ပြန်ချင်တဲ့အချိန် ပြန်လာလို့ ရတယ်လေ။

မင်းတို့က မထွက်သွားချင်ရင်ပဲ ဖြစ်ဖြစ်၊ သင့်တော်တဲ့ ဘုံဗိမာန်ကို မတွေ့ရင်ပဲ ဖြစ်ဖြစ်၊ ဒီမှာ တစ်သက်လုံး နေသွားချင်လည်း ကိစ္စမရှိဘူး။ ငါက မင်းတို့ကို ကျွေးထားဖို့ မတတ်နိုင်တာမှ မဟုတ်တာ"

ရှောင်ယန်သည် ငြိမ်သက်နေခဲ့ကာ အရှေ့သို့ ရုတ်တရက် ထွက်လာခဲ့ကာ၊ လင်းဖုန်းအား ဦးညွှတ်လိုက်သည်။ "ကျွန်တော်က အမြဲတမ်း အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ တပည့်တစ်ယောက် ဖြစ်နေမှာပါ။ ဆရာ့ရဲ့ တပည့်တစ်ယောက် အမြဲတမ်း ဖြစ်နေမှာပါ။ နောက်ဆုံးအချိန်အထိပေါ့!"

ပုံမှန်အချိန်တွင် နောက်တီးနောက်တောက် လုပ်တတ်သည့် ရှောင်ပုတန်လေး အပါအဝင် ကျန်သောသူ အားလုံးတို့သည်၊ တည်ကြည်လေးနက်သော အမူအရာများဖြင့် လင်းဖုန်းထံသို့ ဦးညွှတ်လိုက်ကြကာ၊ တပြိုင်နက်တည်း ပြောလိုက်ကြသည်။ "ကျွန်တော်တို့က အမြဲတမ်း အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ တပည့်တွေပဲ ဖြစ်နေမှာပါ။ ကျွန်တော်တို့က အမြဲတမ်း ဆရာသခင်ရဲ့ တပည့်တွေ ဖြစ်နေကြမှာပါ!"

လင်းဖုန်းသည် သူတို့အားလုံးအား ကြည့်လိုက်ကာ ကြည်နူးချမ်းမြေ့စွာနှင့် ပြုံးလိုက်၍၊ သူ၏ခေါင်းအား ဖြည်းဖြည်းချင်း ညိတ်လိုက်သည်။ "မင်းတို့က ဒီကိစ္စကို ဒီလောက်အထိ ရင်ထဲမှာ ထားနေစရာ မလိုပါဘူး။ ငါ့အနေနဲ့ဆိုရင် မင်းတို့က အနာဂတ်မှာ မင်းတို့နဲ့ ထိုက်တန်တဲ့ အောင်မြင်မှုတွေကို ရရှိတာကို မြင်ချင်နေတာပါ"

လင်းဖုန်းသည် ယုကျင်းတောင်၏ အပေါ်မှ ကျောက်တုံးကြီး ခြောက်တုံးအား လက်ညှိုးထိုးကာ ဆက်ပြောလိုက်သည်။

"ဒီကျောက်တုံးခြောက်တုံးဟာ
ကွဲပြားခြားနားမှုတွေ သိပ်မရှိကြပေမဲ့၊
မင်းတို့က ကိုယ်ကြိုက်တဲ့ ကျောက်တုံးကို
ကိုယ်ရွေးရင် ကောင်းမယ်လို့ ထင်တယ်။
ရွေးချယ်ပြီးသွားရင်၊ နောက်ထပ်ဆက်ပြီး
ထပ်ရွေးဖို့ဟာတွေ ရှိသေးတယ်"

"မင်းတို့က မင်းတို့ရဲ့ ကိုယ်ပိုင်ဗိမာန်ကို
ဘယ်လိုအလှဆင်မလည်း ဆိုတာကို
ကိုယ်ကိုယ်တိုင် ဆုံးဖြတ်ရမယ်။ မင်းတို့က
အရင်းအမြစ်တွေ စိုက်ထုတ်ပြီး၊
ကိုယ့်ပြဿနာကိုယ် ဖြေရှင်းရမယ်။ ဆရာက

မင်းတို့ မတတ်နိုင်တဲ့ ပြဿနာကိုသာ ဖြေရှင်းပေးမယ်"

ရှောင်ယန်နှင့် ကျန်သောသူများမှာ လင်းဖုန်း၏ စကားကို ကြားရသောအခါ၊ ပျော်ရွှင်၍ စိတ်လှုပ်ရှားသွားကြပေသည်။

သူတို့ခြောက်ယောက်သားတို့သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေကြ၍၊ ရှောင်ယန်ကစပြီး တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်သည်။ "ဒီလိုမျိုး ကိစ္စမှာတော့၊ အစ်ကိုကြီး အနေနဲ့ ညီငယ် ညီမငယ်တွေကို အရင်ဦးစားပေးလိုက်ပါမယ်"

ဇူရီက ပြုံးလိုက်ကာ ထောက်ခံလိုက်သည်။ "အစ်ကိုကြီး ပြောတာမှန်တယ်။ ဒါဆိုရင် အငယ်ဆုံးလေးကပဲ စတာပေါ့"

ဝမ်လင်း၊ ယွဲ့ဟုန်ယန်နှင့် ယန်ချင်တို့သည် သူတို့၏ ခေါင်းများကို ညိတ်လိုက်ကြရာ၊ ရှောင်ပုတန်က စပ်ဖြီးဖြီးနှင့် ပြုံးလိုက်သည်။ "ဟီးဟီး! ဒါဆိုရင် ကျွန်တော်ကလည်း အချိန်မဖြုန်းတော့ပါဘူး!"

သူသည် လင်းဖုန်းအနားသို့ ကပ်သွားခဲ့ကာ၊ တိုးတိုးလေး မေးလိုက်သည်။ "ဆရာခင်ဗျ၊ ဘယ်ကျောက်တုံးက အကောင်းဆုံးလဲ

ဆိုတာကို ကျွန်တော့်ကို တိတ်တိတ်ကလေး ပြောပြလို့ရလား?"

ထိုအရာကို တွေ့ရသောအခါ၊ ရှောင်ယန်နှင့် ကျန်သောသူများမှာ သူ့အားလက်ညှိုးထိုး၍ ပွဲကျကုန်ကြသည်။ "ကောင်စုတ်ကလေး၊ မဟုတ်တရုတ် အကြံတွေဆိုရင် မင်းက ထိပ်ဆုံးချည်းပဲ!"

ရှောင်ပုတန်လေးသည် ပြုံးဖြဲဖြဲဖြင့် သူတို့အား ပြန်ပြောင်ပြလိုက်သည်။

လင်းဖုန်းက ပြုံးလိုက်သည်။ "သူတို့က အမှန်အတိုင်း ပြောရရင်၊ အတူတူတွေချည်းပါပဲ။ ဒါပေမဲ့ အနာဂတ်မှာ ဘယ်လိုမျိုး ပုံစံပေါက်လာမလဲ ဆိုတာက၊ မင်းတို့ရဲ့ အုပ်ချုပ်မှုအပေါ်မှာ မူတည်နေတယ်"

ရှောင်ပုတန်သည် ကျောက်တုံးကြီးများကို အကဲခတ်လိုက်ကာ၊ သစ်ကိုင်းနှင့် ခရမ်းရောင် တိမ်တိုက်တို့ဖြင့် ဖွဲ့စည်းထားသည့် ရောင်စုံတံတားတစ်ခု အပေါ်သို့ ခုန်တက်လိုက်၍၊ ပြုံးကာပြောလိုက်သည်။

"ဒါဆိုရင်တော့ ကျွန်တော်က ဒီတစ်ခုကို ရွေးလိုက်ပြီ"

ပြီးတာနှင့် သူသည် သူ၏ အနာဂတ် ဘုံဗိမာန်အား ကြည့်လိုက်ကာ၊ ပြောလိုက်သည်။ "ဘယ်လောက်အထိ ကြီးကျယ်ခမ်းနားတဲ့ ဘုံဗိမာန်လဲ!"

လင်းဖုန်းသည်လည်း ပြုံးလိုက်ကာ၊ သူ၏ကိုယ်ပိုင် ကြိုးပမ်းအားထုတ်မှုများကို ကျေနပ်အားရနေပေသည်။ အစောပိုင်းမှ လုပ်ရပ်သည် လင်းဖုန်းအား ၁၀၀% အင်အားစိုက်ထုတ်စေခဲ့ရသည်။ အမှန်အတိုင်း

ပြောရလျှင် သူသည် သူ၏
စံချိန်ဟောင်းများကိုပင် ချိုးဖျက်လိုက်ရသည်။

သူနှင့် ယုကျင်းတောင်၊ မဟူရာကောင်းကင်
ရတနာသစ်ပင်နှင့် ကောင်းကင်ကို
လှည့်ပတ်နေသော
ခရမ်းရောင်တိမ်တိုက်တို့၏ ဆက်သွယ်မှုသည်
တစ်ခါမှ ဤကဲ့သို့ မနီးကပ်ဖူးပေ။
ထို့ကြောင့်ပင် သူသည်
သီးသန့်ဖြစ်နေသော်လည်း ယုကျင်းတောင်နှင့်
နီးစပ်စွာ ဆက်သွယ်ထားသည့်၊
ဗိမာန်ခြောက်ခုကို ဖန်တီးနိုင်ခဲ့ခြင်းဖြစ်သည်။

ရှောင်ယန်နှင့် ကျန်သောသူများသည်
တိပိဋကကျမ်းစာခန်းမ အတွင်းတွင်၊ သူတို့၏
အတွေးအမြင်များကို စုစည်း၍
ကျမ်းစာများကို ဖန်တီးနေခဲ့ခြင်းသည်၊
သူတို့၏ နည်းစနစ်များနှင့် တာအိုဝါဒတို့အား
နားလည်မှုများကို ထိရောက်စွာ
တိုးတက်စေနိုင်ခဲ့ခြင်း ဖြစ်သည်။
လင်းဖုန်းအတွက်လည်း သူ၏ လတ်တလော
လုပ်ဆောင်ချက်များသည်၊ တူညီသော
အကျိုးသက်ရောက်မှုများကို ရရှိစေခဲ့သည်။

ယခုအချိန်တွင် လင်းဖုန်းသည်
သူ၏နည်းစနစ်များနှင့် ပတ်သတ်၍

တိုးတက်မှု သိပ်မရှိသေးသော်လည်း၊ သူ၏
အခြေခံအုတ်မြစ်များသည် ယခင်ကထက်
အများကြီး ခိုင်မာလာခဲ့ကာ၊ အနာဂတ်တွင်
ပြုလုပ်မည့် ကျင့်ကြံမှုများသည်
အတိတ်ကထက် အများကြီးပို၍
ချောမွေ့လွယ်ကူသွားတော့မည် ဖြစ်သည်။

ရှောင်ပုတန် အပြီးတွင်၊
ကျန်သောသူများသည်လည်း ဗိမာန်တစ်ခုစီကို
ရွေးချယ်လိုက်ကြသည်။
လင်းဖုန်းပြောထားသည့် အတိုင်း ထိုဗိမာန်
အားလုံးတို့သည်၊ ယုကျင်းတောင်မှ
တူညီသော ကျောက်တုံးများကို အသုံးပြု၍

တည်ဆောက်ထားခြင်း ဖြစ်သည်။ သူတို့၏ အရွယ်အစားတို့သည်လည်း ကွဲပြားခြားနားကြခြင်း မရှိ၍၊ တပည့်များ အကြားတွင် စကားများစရာ အကြောင်းလဲ မရှိပေ။

အားလုံးတို့၏ ရွေးချယ်မှု ပြီးသွားသောအခါ၊ လင်းဖုန်းသည် ရှောင်ပုတန်၏ ဗိမာန်ထံသို့ အားလုံးကို ခေါ်သွားခဲ့သည်။

"ထျန်းဟောင်၊ မင်းက မင်းရဲ့ ဗိမာန်ကို ကိုယ်ကိုယ်တိုင် တည်ဆောက်ရမယ်။ မင်းမလုပ်နိုင်တဲ့ အပိုင်းကိုပဲ ဆရာက

ဝင်ကူပေးမှာ ဖြစ်တယ်" လင်းဖုန်းသည် သူတို့အုပ်စုအား ရောင်စုံတိမ်တိုက် တံတားအပေါ်မှ ခေါ်သွားခဲ့ကာ၊ ရောမ ကျောက်တုံးကြီး အပေါ်သို့ ရောက်သွားခဲ့သည်။ လင်းဖုန်းသည် ရှောင်ပုတန်အား ပြုံးပြလိုက်ကာ ဆက်ပြောလိုက်သည်။ "နည်းနည်းပါးပါး အားထည့်ပြီး လုပ်ပေါ့ကွာ၊ နောက်ဆိုရင် မင်းက ဒီနေရာမှာ နေရတော့မှာ"

ရှောင်ပုတန်သည် သူ၏ခေါင်းအား စိတ်လှုပ်ရှားစွာဖြင့် ညိတ်လိုက်ကာ၊ သူ၏လက်အား ကျောနောက်တွင်

ပစ်ထားခဲ့၍ လူကြီးတစ်ယောက်အလား
လမ်းလျှောက်နေခဲ့သည်။

သူသည် သက်တောင့်သက်သာဖြင့်၊
အလွန်ကိုမှ ဖြည်းညင်းသော ခြေလှမ်းဖြင့်
လမ်းလျှောက်နေခဲ့သည်။ သူသည်
ခြေလှမ်းတစ်လှမ်းအား လှမ်းပြီးတိုင်းတွင်၊
တမင်သက်သက် ရပ်နားနေသကဲ့သို့
ဖြစ်သည်။

သူ၏ ခြေလှမ်းတစ်လှမ်း အဆုံးတွင်
ကျောက်တုံးကြီး၏ ပုံသဏ္ဌာန်မှာ

ပြောင်းလာခဲ့ပြီး၊ ပတ်ဝန်းကျင်မှ ခရမ်းရောင် တိမ်တိုက်များက တုန်ခါလာခဲ့သည်။

လင်းဖုန်းသည်လည်း ဘေးမှနေပြီး ထိုင်မကြည့်နေခဲ့ပဲ၊ သူ၏ မှော်စွမ်းအင်ကို အသုံးချ၍ ကျောက်တုံးကြီးနှင့် ရှောင်ပုတန်တို့၏ အကြားမှ ဆက်သွယ်မှုများကို အားဖြည့်ပေးနေခဲ့သည်။ သူ၏ ကူညီမှုသည် ရှောင်ပုတန်လေးအား ကျောက်တုံးကြီးကို အလွယ်တကူနှင့် ပုံသွင်းနိုင်စေခဲ့သည်။

ရှောင်ပုတန်သည် သူ၏ ဗိမာန်အား
တည်ဆောက်နေခြင်းသည်၊
ကျောက်တုံးကြီးအား သန့်စင်နေသည့်
ဖြစ်စဥ်နှင့် အတူတူပင် ဖြစ်သည်။

"ဒီကျောက်တုံးမှာ အချိန်ကာလရဲ့
သဘောတရား အဆီအနှစ်တွေ
ပါဝင်နေတယ်" ရှောင်ပုတန်သည်
ရှေ့တိုးနောက်ဆုတ် လုပ်နေဆဲတွင်၊ သူသည်
ကျောက်တုံးကြီး၏ အတွင်းတွင်ရှိနေသော
သဘောတရား အချို့ကို
နားလည်သဘောပေါက်နိုင်ခဲ့ပြီ ဖြစ်သည်။
သူသည် ရုတ်တရက် လမ်းလျှောက်နေခြင်းမှ

ရပ်လိုက်ကာ၊ သူ၏ လက်အစုံအား
စုစည်းလိုက်၍ ရေရွတ်လိုက်သည်။ "ဝဠာ!"

"ဝဠာ"ဟူသော စကားလုံးသည်
အသက်ဝင်လာသောအခါ၊
ကျောက်တုံးကြီးအား သန့်စင်နေသော
ဖြစ်စဥ်သည် အကြီးအကျယ်
မြန်ဆန်လာခဲ့သည်။ သူ၏ ဘုံဗိမာန်အား
တည်ဆောက်နေသော ဖြစ်စဥ်မှနေ၍၊
ရောင်ပုတန်၏ ရွှမ်ဟွမ်ကမ္ဘာလေးခုအား
နားလည်သဘောပေါက်မှုသည် ပို၍
တိုးတက်လာခဲ့သည်။ နောက်ဆုံးတွင်

'စကြာ'ဟူသော စကားလုံးသည်
ပေါ်ထွက်လာခဲ့သည်။

ရှောင်ပုတန်လေးသည်
အဖြူရောင်ကျောက်စိမ်း ကျောက်တုံးကြီး၏
အမြင့်ဆုံးအပိုင်းတွင် အေးချမ်းစွာဖြင့်
ထိုင်နေခဲ့ကာ၊ ကောင်းကင်ကို
လှည့်ပတ်နေသော
ခရမ်းရောင်တိမ်တိုက်များနှင့် 'စကြာ' နှင့်
'ဝဠာ' ဟူသော စကားလုံး နှစ်လုံးတို့သည်
ရှေ့နောက်တန်းစီလျှက် သူ့အား
လည်ပတ်နေကြသည်။

လင်းဖုန်းသည် ညင်သာစွာနှင့် ပြုံးလိုက်ကာ သူ၏လက်ချောင်းများကို ဆန့်တန်းလိုက်၍၊ အဖြူရောင်ကျောက်စိမ်း ကျောက်တုံးကြီးအား ပုတ်လိုက်သည့်သဏ္ဍာန်ကို ပြုလုပ်လိုက်သည်။ ပြီးတာနှင့် ကျောက်တုံးကြီး၏ ဖွဲ့စည်းမှု ပုံသဏ္ဍာန်သည်၊ အဆင့်ဆင့် ပြောင်းလဲတိုးတက်လာခဲ့သည်။

ရှောင်ပုတန်လေး ရှိနေသော ကျောက်တုံးထိပ်ဖျားသည် တဖြည်းဖြည်းနှင့် ချိုင့်ဝင်လာခဲ့ကာ၊ နောက်ဆုံးတွင် ရောမ လှိုမြောင်းကြီး တစ်ခုအဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။

လျှိုမြောင်၏ အလယ်တွင် ရပ်နေကာ၊ ရှောင်ပုတန်သည် အပေါ်ဘက်သို့ အချိန်အကြာကြီး ရပ်ကြည့်နေခဲ့ပြီးမှ၊ သူ၏ မှော်စွမ်းအင်နှင့် မှော်ကျိန်စာများကို ရုပ်သိမ်းလိုက်သည်။ သူသည် လင်းဖုန်းအား ကြည့်လိုက်ကာ ပြောလိုက်သည်။ "ဆရာ၊ အခုလေးတင် ကျွန်တော်က ရှမ်ဟွမ်ကမ္ဘာလေးခု မှော်ကျိန်စာကို၊ ဘယ်လိုလုပ်ပြီး ထပ်မံတိုးတက်အောင် လုပ်ရမလဲ ဆိုတာကို တွေ့ရှိခဲ့တယ်။ ဒီခံစားချက်က တကယ့်ကို အံ့ဩဖွယ် ကောင်းလှတာပဲ"

လင်းဖုန်းက ပြုံးလိုက်သည်။ "ဒါက ပုံမှန်ပါပဲ။ မင်းရဲ့ တာအိုဝါဒကို နားလည်မှုနဲ့ ကိုယ်ပိုင်နည်းစနစ်တွေက နောက်ထပ်ထပ်ပြီးတော့ တိုးတက်လာခဲ့ပြီ။ ဒါပေမဲ့ ဒါက ရှေ့ဆက်ရဦးမယ့် ခရီးရှည်ကြီးအတွက် အစပဲ ရှိသေးတယ်။

"အခုအချိန်မှာ မင်းက မင်းရဲ့ ဗိမာန်ကို နာမည်ပေးရမယ့် အချိန်ရောက်ပြီ"

ရှောင်ပုတန်သည် ပြုံးလိုက်ကာ လှိုဏ်မြောင်း၏အောက်ခြေမှနေ၍ ရောင်စုံတိမ်တိုက် တံတားပေါ်သို့

တွေဝေနေခြင်း အလျဉ်းမရှိပဲ ခုန်တက်လာခဲ့သည်။ သူ၏ညာဘက်မှ ချောက်ကမ်းပါးတစ်ခု၏ နေရာကောင်း တစ်နေရာတွင်၊ သူ၏ ဗလာလက်ဖြင့် ရေးသားလိုက်သည်။

မြေရိုင်းလျှိုမြောင်

ပြီးတာနှင့် ရှောင်ပုတန်သည် လူကြီးပုံ ပြန်ဖမ်းလိုက်ကာ၊ သူ၏လက်သီးများကို ဆုပ်လိုက်ကာ အားလုံးအား နှုတ်ဆက်လိုက်သည်။ "ကျွန်တော့်ရဲ့

မြေရိုင်းလျှိုမြောင်ကနေ ကြိုဆိုပါတယ်။
အားလုံးပဲ ကိုယ့်အိမ်လိုပဲ သဘောထားကြပါ"

ကျန်သောသူများသည် ရှေးခေတ်ကာလသို့ ပြန်ရောက်သွားသကဲ့သို့၊ လျှိုမြောင်အတွင်းမှ ရှေးကျသော ကမ္ဘာဦးအော်ရာများကို ခံစားခဲ့လိုက်ရသည်။ သို့သော်လည်း ထိုအော်ရာအတွင်းမှနေ၍ သူတို့သည် အဆုံးမဲ့ ဖြစ်နိုင်ခြေများ ရှိနေသကဲ့သို့၊ သန့်စွမ်းသော အသက်စွမ်းအင် အော်ရာများကိုလည်း တပြိုင်နက်တည်း ခံစားနေခဲ့ရသည်။ သက်ရှိများနှင့် ဖန်ဆင်းခြင်းတို့သည်၊ ယခုမှ

စတင်ကာ ဆင့်ကဲပြောင်းလဲ
တိုးတက်လာတော့မည့် အတိုင်းဖြစ်သည်။

လင်းဖုန်းသည် ပြုံးလိုက်ကာ
သူ၏လက်နှစ်ဘက်အား စုစည်းလိုက်ရာ၊
ကောင်းကင်စကြာဝဠာ အလင်းတန်း ကမ္ဘာ
အတွင်းမှနေ၍ အလင်းတန်း နှစ်ခုက
ပျံသန်းထွက်ပေါ်လာခဲ့သည်။ သူတို့သည်
ကောင်းကင်ပေါ်မှ ပျံသန်းလာခဲ့ကာ၊
မြေရိုင်းလျှိုမြောင် အတွင်းသို့ ကျလာခဲ့သည်။
သူတို့သည် လေပြင်းတိုက်ခတ်
မှော်အင်းကွက်နှင့် မိုးကြိုးခတ်
မှော်အင်းကွက်တို့ပင် ဖြစ်သည်။ သူတို့သည်

ယခုအချိန်တွင် လျှိုမြောင်၏
အလယ်ဗဟိုတွင် နေရာယူလိုက်ကာ၊
လေပြင်းမိုးကြိုး မွေးဖွားခြင်း မှော်အင်းကွက်
ဝက်ပါကို ဖွဲ့စည်းလိုက်သည်။

အနာဂတ်မှာ ဒီဝက်ပါက မင်းဗိမာန်ရဲ့
ပစ္စည်းဖြစ်သွားပြီ" လင်းဖုန်းက
ဆက်ပြောလိုက်သည်။
"အခုလောလောဆယ်တော့ ကွေနွားဘုရင်ကို
ယုကျင်းတောင်ပေါ်မှာပဲ ထားထားဦးမယ်။
ငါတို့က သင့်တော်တဲ့ လေအနွယ်ဝင်
စိတ်ဝိညာဉ် သားရဲတစ်ကောင်ကို

တွေ့မယ်ဆိုရင်၊ သူတို့နှစ်ကောင်စလုံးကို ဒီနေရာကို ရွှေ့လာခဲ့မယ်"

ရှောင်ပုတန်သည် သူ၏ခေါင်းကို ပြင်းထန်စွာနှင့် ညိတ်လိုက်သည်။ "ကျွန်တော်က သားရဲတွေ၊ ဆေးပင်တွေ၊ အသီးတွေ အားလုံးကို ကျွန်တော့်ရဲ့ ဗိမာန်ထဲကို ရွှေ့ထားလိုက်မယ်"

"ကောင်စုတ်လေး!" လင်းဖုန်းသည် ပြုံး၍ သူ၏ခေါင်းကို ခါလိုက်ကာ၊ ရှောင်ယန်နှင့် ကျန်သောသူများကို ကြည့်လိုက်သည်။ "ကဲ၊ သွားကြစို့။ မင်းတို့လည်း မင်းတို့ရဲ့

ဗိမာန်တွေကို ဘယ်လိုမျိုး မွမ်းမံမလဲ
ဆိုတာကို ကြည့်ရသေးတာပေါ့"

## စာစဥ် ၂၀ : အပိုင်း ၈

## အပိုင်း ၃၅၈ : ကိုယ်ပိုင် ဘုံဗိမာန်ငယ်များ

ရှောင်ပုတန် အပါအဝင်
ကျန်သောသူများသည်၊ မြေရိုင်းလှိုမြောင်မှ
ထွက်လာကြ၍ ယန်ချင်၏
အဖြူရောင်ကျောက်စိမ်း
ကျောက်တုံးအနားသို့ ရောက်လာခဲ့သည်။

ယန်ချင်၏ မျက်နှာပေါ်တွင် စိတ်ပူနေသည့် အမူအရာများ ပေါ်နေခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ရွှေရောင်ဗဟိုချက် အဆင့်သို့ ရောက်နေပြီးသော ရှောင်ယန်နှင့် ကျန်သောသူများ၊ အခြေခံအုတ်မြစ် နောက်ဆုံး အဆင့်သို့ ရောက်နေသော ယွဲ့ဟုန်ယန်တို့နှင့် မတူပဲ၊ သူသည် သူ၏ကိုယ်ပိုင် ဘုံဗိမာန်ကို ဖွင့်လှစ်ကာ တပည့်များကို လက်ခံသင်ကြားပေးရန် ယုံကြည်ချက် ရှိမနေသောကြောင့် ဖြစ်သည်။

သို့သော်လည်း သူ၏ ကိုယ်ပိုင်ဖန်တီးထားသော နည်းစနစ်များကို

လင်းဖုန်းက
အားပေးထောက်ခံထားသောကြောင့်၊ သူ၏
စွမ်းဆောင်ရည်များ အပေါ်တွင်
အနည်းငယ်တော့ ယုံကြည်မှု ရှိနေပေသည်။

လင်းဖုန်း၏ အကူအညီနှင့် အတူ
ယန်ချင်သည်၊ သူ၏ကိုယ်ပိုင်
အဖြူရောင်ကျောက်စိမ်း ကျောက်တုံးအား
သန့်စင်နိုင်ခဲ့ပေသည်။ သို့သော်လည်း သူ၏
နိမ့်ကျသော ကျင့်ကြံမှု အဆင့်အတန်းကြောင့်၊
သူသည် ရှောင်ပုတန်ထက် အချိန်အနည်းငယ်
ပိုယူခဲ့ရသည်။

ယန်ချင်သည် ကျောက်တုံး၏ ပုံသဏ္ဍာန်နှင့်
ပတ်သတ်၍ ပြင်ဆင်မှုများ သိပ်မလုပ်ခဲ့ပေ။
သူသည် ကျောက်တုံးကြီးအတွင်းတွင်
အပေါက်တစ်ခုကိုသာ ဖန်တီးခဲ့သည်။

ထို့အပြင် ကျောက်တုံး၏ အက်ကွဲကြောင်းများ
အကြားတွင်၊ မြစိမ်းရောင်
ရေစီးကြောင်းတစ်ခုက စီးဆင်းနေပေသည်။
ဒါသည် မဟာလမင်း အကြွင်းမဲ့ရေမှလွဲ၍
အခြားမဟုတ်ပေ။

ကျောက်တုံးများ အပေါ်သို့ ကောင်းကင်ကို
လှည့်ပတ်နေသော ခရမ်းရောင်

တိမ်တိုက်များက ကျဆင်းလာခဲ့ကာ၊ မြေဆီလွှာများ အဖြစ်သို့ ပြောင်းလဲသွားကြသည်။ ထိုမြေများ အပေါ်တွင် ပန်းပေါင်းစုံတို့က ဖူးပွင့်လာကြ၍၊ တောင်တန်းနှင့်တူသော ဗိမာန်သည် လွန်စွာပင် စိမ်းစို၍ နေပေသည်။

ကျောက်တုံးကြီး အတွင်းမှ ဂူ၏အပေါ်တွင်၊ နောက်ထပ် အပေါက်တစ်ခု ထပ်ရှိသေးသည်။ ထိုအပေါက်မှနေ၍ လှိုဏ်ဂူကြီး တစ်ခုလုံးအား အလင်းပေးနေကာ၊ တည်ငြိမ်အေးချမ်းသော အော်ရာများကို ထုတ်လွှတ်ပေးနေခဲ့သည်။ တစ်ယောက်သည် အသေအချာ

နားထောင်လိုက်ပါက၊ လှိုဏ်ဂူအတွင်းတွင်
မဟာလမင်း အကြွင်းမဲ့ရေ၏ ရေစီးသံများကို
ကြားနေရမည် ဖြစ်သည်။

ကြည်လင်လန်းဆန်း သန့်စင်သော
ခံစားမှုအပေါ် မူတည်၍
အမှတ်ပေးမည်ဆိုလျှင်၊ ယန်ချင်၏
ဂူအတွင်းမှ အပြင်အဆင်များသည်
အမှတ်ကောင်းကောင်းရမည်မှာ
သေချာနေပေသည်။

ယန်ချင်သည် အပြင်မှနေ၍ သူ၏လှိုဏ်ဂူအား
တွေတွေကြီး စိုက်ကြည့်နေသည်ကို

ကြည့်လိုက်ကာ၊ ယွဲ့ဟုန်ယန်သည် သူ့အား ညင်သာစွာနှင့် မေးလိုက်သည်။
"နင့်ရဲ့လှူဏ်ဂူကို ဘယ်လိုနာမည် ပေးမလဲ? တိမ်တိုက်ရေပြင်ဂူ?"

"မဟုတ်ဘူး" ယန်ချင်သည် အချိန်အတန်ကြာ ငြိမ်သက်နေခဲ့ပြီးမှ၊ အသက်ပြင်းပြင်း တစ်ချက်ကို ရှူလိုက်ကာ ပြောလိုက်သည်။
"ကျွန်တော်က တိမ်တိုက်ရေပြင်ဂူကို ဘယ်တော့မှ မေ့နိုင်မှာ မဟုတ်ဘူး။ ဒါပေမဲ့ အခုအချိန်မှာ ကျွန်တော်က အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ တပည့်တစ်ယောက် ဖြစ်နေပြီ။ ပြီးတော့ ကျွန်တော်က

ဆရာသခင်ရဲ့ တပည့်တစ်ယောက်လည်း ဖြစ်တယ်။ ဆရာက ကျွန်တော်တို့ကို အတိတ်ကိုပဲ တစ်ချိန်လုံး လွမ်းဆွတ်တမ်းတမနေပဲ၊ အရှေ့ကိုသာ မျှော်ကြည့်ရမယ်လို့ အမြဲတမ်း ဆုံးမသတိပေးထားတယ်"

သူသည် သူ၏လက်ကို မြှောက်လိုက်ကာ၊ ဂူပြင်ပမှ ကျောက်နရံအပေါ်တွင် 'နိဗ္ဗာန်ကမ္ဘာ'ဟူသော စာလုံးလေးလုံးအား ရေးလိုက်သည်။

"ကျွန်တော်က ဒီနေရာမှာပဲ နိဗ္ဗာန်ကို ရရှိမယ်။ ဆရာက ကျွန်တော့်ကို ဘဝအသစ် တစ်ခု ပေးထားတယ်။ ကျွန်တော့်ရဲ့ ဘုံဗိမာန်ကို နိဗ္ဗာန်ကမ္ဘာလို့ပဲ ခေါ်လိုက်မယ်"

ယွဲ့ဟုန်ယန်၊ ရှောင်ယန်နှင့် ကျန်သောသူများသည်၊ ယန်ချင်ပြောလိုက်သော စကားများကို ကြားလိုက်သောအခါ ဟန်မဆောင်ပဲ ပြုံးလိုက်ကြသည်။ ရှောင်ယန်သည် အရှေ့သို့ ထွက်လာခဲ့ကာ၊ ယန်ချင်၏ ပုခုံးအားပုတ်လိုက်ကာ ပြောလိုက်သည်။ "ငါတို့အားလုံးကလည်း ဆရာ့ကြောင့်

ဘဝအသစ် တစ်ခုကို ရရှိခဲ့တယ်။ ငါတို့အားလုံးကလည်း ငါတို့ရဲ့ ကိုယ်ပိုင် နိဗ္ဗာန်ကို ရရှိထားကြပြီ"

ယန်ချင်က ပါးစပ်အဟောင်းသား ဖြစ်သွားခဲ့သည်။ "ကျွန်တော်က စကားပြောတာ လောကြီးသွားတယ်နဲ့ တူတယ်"

ဇူရီက သူ၏ခေါင်းအား ခါလိုက်ကာ ပြုံးလိုက်သည်။ "ဒီစကားတွေက မင်းရဲ့ ရင်ဘတ်ထဲက လာခဲ့တာပဲ ဖြစ်မယ်။ ဘာမှမဖြစ်ပါဘူး"

"မင်းကြိုက်တဲ့ နာမည်ကို မင်းပေးလို့ရတယ်။ ယန်ချင် မင်းရဲ့သဘောပဲ" လင်းဖုန်းက ပြုံးလိုက်ကာ ပြောလိုက်သည်။ "ဒါပေမဲ့ မင်းတို့ရဲ့ အောင်မြင်မှုတွေက မင်းတို့ရဲ့ ကိုယ်ပိုင်ကြိုးစား အားထုတ်မှုတွေကနေ ရရှိလာခဲ့ကြတာပဲ။ ဆရာက မင်းတို့ကို လမ်းမှန်ရောက်အောင် လမ်းပြပေးရုံ သက်သက်ပါပဲ"

"တကယ်လို့ မင်းတို့က အလားအလာတွေ၊ စွမ်းရည်တွေ မရှိခဲ့လို့ရှိရင်၊ ဆရာက နတ်ဘုရား ဖြစ်နေရင်တောင် မင်းတို့လိုမျိုး

အံ့ဖွယ်ကောင်းတဲ့ တပည့်မျိုးတွေကို မွေးထုတ်နိုင်မှာ မဟုတ်ဘူး"

လင်းဖုန်းသည် သူ၏လက်ကို ဝှေ့ယမ်းလိုက်ကာ ပြောလိုက်သည်။ "ကဲ၊ ဆက်သွားကြစို့။ အခုအချိန်မှာ ဟုန်ယန်ရဲ့ အလှည့်ရောက်ပြီ"

ယွဲ့ဟုန်ယန်က ပြုံးလိုက်သည်။ "ကျွန်မက တကယ်ပဲ ဆရာ့ရဲ့ အကူအညီကို လိုအပ်နေတယ်" သူတို့အုပ်စုသည် ယွဲ့ဟုန်ယန်၏ အဖြူရောင်ကျောက်စိမ်း ကျောက်တုံးကြီး အပေါ်သို့

ရောက်လာခဲ့သည်။ လင်းဖုန်း၏ ကူညီမှုနှင့်အတူ ယွဲ့ဟုန်ယန်သည် သူမ၏ ကျောက်တုံးအား သန့်စင်နိုင်ခဲ့သည်။

ကျောက်တုံးကြီးအား ချိုင့်ဝှမ်းတစ်ခု အသွင်သို့ ပြောင်းလဲပြီးသွားသော အချိန်တွင်၊ ယွဲ့ဟုန်ယန်သည် လင်းဖုန်းထံသို့ လှည့်လိုက်ပြီး ဦးညွတ်လိုက်သည်။ "ဆရာ၊ ဆရာ့ရဲ့ အကူအညီကို လိုအပ်နေပါတယ်"

လင်းဖုန်းက ပြန်မေးလိုက်သည်။ "မင်းကငါ့ကို ဘယ်လိုမျိုး ကူညီစေချင်သလဲ?"

ယွဲ့ဟုန်ယန်သည် သူမ၏ နှုတ်ခမ်းများကို တင်းတင်းစေ့လိုက်ကာ၊ သူမ၏ မွေးရပ်မြေကို လွမ်းဆွတ်သည့် အမူအရာများ ပေါ်လာခဲ့သည်။ သူမက ဖြည်းညင်းစွာနှင့် ပြောလိုက်သည်။ "ကျွန်မက ကောင်းကင်ကို လှည့်ပတ်နေသော ခရမ်းရောင် တိမ်တိုက်တွေကို၊ ဆီးနှင်းအပြည့်နဲ့ ကောင်းကင်ကြီး အဖြစ် ပြောင်းလဲသွားတာကို လိုချင်တယ်။ ကျွန်မက မဟာကောင်းကင် တာအိုကျမ်းစာ၏ အရေအတွက်သုံးခု အင်းရှစ်ကွက်ကို အတန်ငယ် နားလည်ခဲ့ပေမဲ့၊ လေပြင်းနဲ့ ဆီးနှင်းဓာတ်တွေကို လုံလောက်အောင် နားမလည်သေးဘူး"

အားလုံးတို့သည် ယွဲ့ဟုန်ယန်၏ နာကျင်စရာ အတိတ်ဖြစ်ရပ်များကို သိထားကြသဖြင့်၊ သူတို့၏ စိတ်ထဲတွင် လေးလံမှုများကို ခံစားခဲ့လိုက်ရသည်။

လင်းဖုန်းသည် သူ၏ခေါင်းကို ညိတ်လိုက်ကာ၊ သူ၏လက်ချောင်းများကို လှုပ်ရှားလိုက်သည်။ ထိုချိုင့်ဝှမ်းအား လွှမ်းခြုံနေကြသော ကောင်းကင်ကို လှည့်ပတ်နေသော ခရမ်းရောင် တိမ်တိုက်များသည်၊ ဖြူဆွတ်နေသော ဆီးနှင်းပွင့်များအဖြစ် ပြောင်းသွားကြသည်။ ဆီးနှင်းပွင့်များသည်

ကောင်းကင်မှနေ၍ ကျဆင်းလာကြကာ၊
မကြာမီ အချိန်အတွင်းတွင်
ချိုင့်ဝှမ်းတစ်ခုလုံးသည် ဆီးနှင်းလွှင်ပြင်
တစ်ခုအဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။

ယွဲ့ဟုန်ယန်သည်လည်း သူမ၏
မှော်စွမ်းအင်များကို အသုံးပြုလိုက်ကာ၊
ခရမ်းရောင် တိမ်တိုက်အချို့ကို လေပြင်းများ
အဖြစ်သို့ အသွင်ပြောင်းလိုက်သည်။
မကြာမီတွင် ချိုင့်ဝှမ်းတစ်ခုလုံးသည်၊
တစ်ဝူးဝူးဖြင့် တိုက်နေသော
လေပြင်း၏အသံများဖြင့်
ပြည့်နှက်သွားခဲ့သည်။

သူမသည် လေပြင်းနှင့် ဆီးနှင်းများ၏
မြင်ကွင်းကို တွေတွေကြီး စိုက်ကြည့်နေခဲ့ကာ၊
ပြောစရာ စကားလုံး ရှာမရ ဖြစ်နေခဲ့သည်။
"အချိန်တွေ အကြာကြီး ရှိသွားပြီ...
အရမ်းကြာသွားခဲ့ပြီ..."

လင်းဖုန်းသည် သူမအား ကြည့်လိုက်ကာ
သက်ပြင်းတစ်ချက်ချလိုက်ကာ၊
ကျောက်နရံပေါ်တွင် စာလုံးအချို့ကို
ရေးလိုက်သည်။

ဆီးနှင်းမုန်တိုင်း ချိုင့်ဝှမ်း!

"ကျေးဇူးပါ၊ ဆရာသခင်" ယွဲ့ဟုန်ယန်သည် သတိပြန်ဝင်လာခဲ့ကာ၊ လင်းဖုန်းအား ရင်ထဲ အသည်းထဲမှနေ၍ ကျေးဇူးတင်စကား ပြောကြားလိုက်သည်။ ဒါသည် သူမ၏ ဗိမာန်အတွက်၊ သူမ၏ ရင်ထဲတွင် ရှိနေသော နာမည်ပင် ဖြစ်သည်။

ဆံနီမလေးသည် အလွန်ပင် စိတ်ဓာတ်ခိုင်မာသော ကောင်မလေးဖြစ်ကာ၊ သူမ၏ ကြေကွဲမှုများသည် စက္ကန့်အနည်းငယ်သာ ကြာခဲ့သည်။ လျှင်မြန်စွာနှင့်ပင် သူမသည် သူမ၏

ဝမ်းနည်းမှုများမှ ရုန်းထွက်နိုင်ခဲ့ကာ၊ လင်းဖုန်း၏ ဦးဆောင်မှုအောက်တွင် သူတို့အုပ်စုသည် ဝမ်လင်း၏ ဘုံဗိမာန်သို့ ရောက်လာခဲ့သည်။

ဝမ်လင်း၏ ဘုံဗိမာန်သည် သူတို့အား အံ့အားသင့်စေခဲ့သည်။

ရှောင်ပုတန်သည် ရှောင်ယန်နှင့် ကျန်သောသူများဘက်သို့ လှည့်လိုက်ကာ တိုးတိုးလေး ပြောလိုက်သည်။ "ကျွန်တော်က တတိယ စီနီယာရဲ့ ဗိမာန်က ယင်လေပြင်းတွေ တိုက်ခတ်နေပြီး၊

ဖျက်ဆီးခြင်း အော်ရာတွေနဲ့ ပြည့်နေမယ်လို့ ထင်နေတာ"

ရှောင်ယန်နှင့် ယွဲ့ဟုန်ယန်တို့သည် သဘောတူလှစွာနှင့် ခေါင်းညိတ်လိုက်ကြသည်။ ယန်ချင်သည် သူ၏တံတွေးကို မျိုချလိုက်ကာ တိုးတိုးလေး ပြောလိုက်သည်။ "ကျွန်တော်ကလည်း တတိယ စီနီယာရဲ့ ဗိမာန်ကို ထျန်းဟောင်ပြောထားသလောက် ဆိုးမယ်လို့ မတွက်ထားပေမဲ့၊ သူ့ဆီမှာ ငရဲကမ္ဘာ အကြွင်းမဲ့ရေတွေနဲ့ ပြည့်နေမယ်လို့ ထင်ထားခဲ့တာ"

ရှောင်ယန်သည် ခြောက်ကပ်စွာနှင့် ရယ်လိုက်သည်။ "ငါကလည်း ဒီအတိုင်းပဲ တွေးထားတာပဲ။ ဒါပေမဲ့ ကြည့်ရတာ တတိယ ဂျူနီယာက လုံးဝကို ကွဲပြားခြားနားတဲ့ အရာတစ်ခုကို လုပ်ထားတာပဲ"

တစ်ချိန်လုံး ငြိမ်သက်နေခဲ့သော ဇူရီက ရုတ်တရက် ပြောလိုက်သည်။ "တတိယ ဂျူနီယာရဲ့ တာအိုဝါဒကို နားလည် သဘောပေါက်မှုတို့က၊ ကျွန်တော်တို့အားလုံး ထင်ထားတာထက်ကို ပိုမြင့်နေတာပဲ"

သူသည် ရှောင်ပုတန်နှင့် ရှောင်ယန်တို့ထံကို ကြည့်လိုက်ကာ ပြောလိုက်သည်။ "တတိယ ဂျူနီယာက ရွှေရောင်ဇဟိုချက် စဦးပိုင်း အဆင့်မှာသာ ရှိသေးပေမဲ့၊ သူ့ရဲ့ သဘောပေါက် နားလည်နိုင်မှုနဲ့ အတွေးအမြင်တွေက ကျွန်တော်တို့ထက်တောင် ပိုကောင်းနိုင်တယ်။ ကျွန်တော်တို့က ရွှေရောင်ဇဟိုချက် အလယ်အလတ် အဆင့်ကို ရောက်နေပေမဲ့လို့ပေါ့"

ရှောင်ယန်နှင့် ရှောင်ပုတန်တို့သည် အဝေးတွင် ရပ်နေသော ဝမ်လင်းအား

ကြည့်လိုက်ကြကာ၊ သူတို့ ကြားလိုက်သော
အရာကို သေချာစွာ
သုံးသပ်လေ့လာနေခဲ့သည်။

ယွဲ့ဟုန်ယန်နှင့် ယန်ချင်တို့သည်ပင်လျှင်
ဇူရိ၏ ထင်မြင်မှုကို စိတ်ဝင်စားလာကြကာ၊
သူတို့ တတ်သလောက် မှတ်သလောက်
စဉ်းစားတွေးခေါ်နေကြသည်။

လင်းဖုန်းသည် ဘေးမှနေ၍ ပြုံးလိုက်ကာ
တွေးလိုက်သည်။ "ဝမ်လင်းက အခုအချိန်မှာ
သူ့ရဲ့ သဘောပေါက် နားလည်နိုင်စွမ်း
အမှတ်ပြည့်ကို အပြည့်အဝ အသုံးချနိုင်ခဲ့ပြီပဲ။

ငါကိုယ်တိုင်ကလည်း နောက်ပိုင်းမှာ သူ့ပြုစုမယ့်၊ တိပိဋကကျမ်းစာခန်းမဆောင်ထဲက ကျမ်းစာကို ကြည့်ရဖို့ စိတ်ဝင်စားနေပြီ"

ဝမ်လင်း၏ ဗိမာန်မှာ ယန်ချင်နှင့် သိပ်မကွာလှပေ။ အဖြူရောင်ကျောက်စိမ်း ကျောက်တုံးကြီး၏ ပုံစံသည် အပြောင်းအလဲ ကြီးကြီးမားမား မရှိပေ။ သူသည် ကောင်းကင်ကို လှည့်ပတ်နေသော ခရမ်းရောင်တိမ်တိုက်များကို အသုံးချလိုက်ကာ၊ မြေဆီလွှာများအဖြစ် ပြောင်းလဲခဲ့၍ အပင်တချို့အား

စိုက်ပျိုးခဲ့သည်။ ပြီးတာနှင့် ဝမ်လင်းသည် မြက်ခင်းပင်ပေါ်တွင် သစ်သားအိမ်လေး တစ်ခုအား ဆောက်လိုက်သည်။

သူ၏ ဗိမာန်သည် ထူးမခြားနေခဲ့သလို တောက်ပြောင်၍လည်း မနေခဲ့ပေ။ ရှောင်ပုတန်နှင့် ယန်ချင်တို့၏ ရယ်စရာကောင်းသော ခန့်မှန်းချက်များသည် တစ်ခုမှ မမှန်ခဲ့၍၊ ဖျက်စီးခြင်း အော်ရာရော၊ ငရဲကမ္ဘာ အကြွင်းမဲ့ရေပါ မရှိခဲ့ပေ။

သူသည် ရိုးစင်း၍ သာမန်သာ ဖြစ်သည်။ စိမ်းလန်းလှသော တောင်တန်းများ

အကြားတွင်၊ သစ်ပင်ငယ်လေးများသည် သေးငယ်သော ခြံဝင်းတစ်ခုအား သေသပ်စွာဖြင့် ခြံစည်းရိုး ခတ်ထားခဲ့သည်။ ခြံဝင်းအတွင်းတွင်  သစ်သားအိမ်လေး တစ်လုံးက ရှိနေခဲ့သည်။ ထိုတဲအိမ်လေးသည် ပျက်စီးမနေခဲ့သလို၊ ဝင်းလက်တောက်ပကာလည်း မနေခဲ့ပေ။ သူသာ သာမန်တဲလေး တစ်လုံးသာ ဖြစ်သည်။

ဝမ်လင်းသည် ခြံဝင်းတံခါးအနားတွင် ရပ်နေခဲ့ကာ၊ ကြည်လင်လန်းဆန်း၍ တက်ကြွနေသည့်ပုံ ပေါက်နေခဲ့၏။ သူသည်

အပြုံးတစ်ခုကို ပြုံးလိုက်၍၊ လင်းဖုန်းနှင့် ကျန်သောသူများအား ကြည့်လိုက်သည်။

လင်းဖုန်းသည် သူ၏ခေါင်းအား ညိတ်လိုက်သည်။ "ရိုးစင်းမှုနဲ့ စစ်မှန်မှုတို့ရဲ့ မူလအခြေအနေကို ပြန်သွားခြင်း။ စစ်မှန်သော အရာနဲ့ စိတ်ကူးယဉ်ပုံဖော်ထားတဲ့ အရာတို့ကို သဘောပေါက် နားလည်ခြင်း။ ကောင်းတယ် ဝမ်လင်း၊ အရမ်းကောင်းတယ်"

ဝမ်လင်းသည် ပြုံးလိုက်ကာ အားလုံးကို ကျေးဇူးတင်စကား ပြောလိုက်သည်။

"ဒီတစ်ခေါက်မှာတော့ စီနီယာနဲ့ ဂျူနီယာတွေကို ကျေးဇူးတင်ရမှာပဲ။ အားလုံးရဲ့ တီထွင်ဖန်တီးထားကြတဲ့ နည်းစနစ်တွေနဲ့ မှော်ကျိန်စာတွေကို ကြည့်ပြီးမှ၊ ကျွန်တော်က အတော်ကို သင်ယူခဲ့ရပြီး ရွှေရောင်ဗဟိုချက်ကို ဖန်ဆင်းပြီး မကြာခင်မှာပဲ၊ နောက်ထပ် သိသိသာသာ တိုးတက်အောင် လုပ်ဆောင်နိုင်ခဲ့တယ်"

ဇူရီသည် ရိုးသားပွင့်လင်းစွာနှင့် ပြောလိုက်သည်။ "ကျွန်တော် ဒီကနေ့မှာ တွေ့လိုက်ရတဲ့ အရာတွေ အားလုံးဟာ၊

ကျွန်တော့်ကို နောက်ထပ်တစ်ခေါက် ပို့ပြီးတော့ ဉာဏ်အလင်း ပွင့်စေခဲ့တယ်။ ကျွန်တော့်ကို တာအိုဝါဒနဲ့ ပတ်သတ်ပြီး သင်ကြားပေးကြတဲ့အတွက်၊ အားလုံးကို ကျေးဇူးတင်ပါတယ်"

ရှောင်ယန်၊ ရှောင်ပုတန်၊ ယွဲ့ဟုန်ယန်နှင့် ယန်ချင်တို့သည်၊ အလှည့်ကျ ဝမ်လင်းအား ပြန်လည် တုံ့ပြန်ခဲ့သည်။

လင်းဖုန်းသည် ပြုံးလိုက်သည်။ "ဝမ်လင်း၊ မင်းရဲ့ ဗိမာန်ကို နာမည်တစ်ခု ပေးပါဦး"

ဝမ်လင်းသည် ခေါင်းညိတ်ပြလိုက်ကာ၊
နာမည်တစ်ခုကို ရေးချလိုက်သည်။
ဒီတစ်ခေါက်တွင် သူသည် ကျောက်နရံများ
အပေါ်တွင် ထွင်းထုခြင်း မဟုတ်ပဲ၊
ခြံစည်းရိုးတိုင်များတွင် ရေးသားခဲ့ခြင်း
ဖြစ်သည်။

သစ်တောဗိမာန်!

ထိုအရာကို မြင်လိုက်သော် လင်းဖုန်းသည်
ကျယ်လောင်စွာနှင့် ရယ်မောလိုက်ကာ၊
စိတ်လက်ပေါ့ပါးစွာနှင့် မှော်ကျိန်စာတစ်ခုကို

ထုတ်ဖော်လိုက်၍၊ အားလုံးကို ဇူရီ၏
ဗိမာန်ထံသို့ ခေါ်သွားခဲ့သည်။

ဇူရီ၏ အဖြူရောင်ကျောက်စိမ်း
ကျောက်တုံးကြီးအပေါ်သို့
ရောက်သွားသောအခါ၊ ဇူရီသည် သန့်စင်ခြင်း
ဖြစ်စဥ်ကို ချက်ချင်း မစတင်ခဲ့ပေ။ ထို့အစား
သူသည် ကျောက်တုံးကြီး အပေါ်တွင်
ငြိမ်သက်စွာနှင့် ထိုင်နေခဲ့ကာ၊
ကျောက်တုံးပေါ်မှ ရောင်ပြန်ဟပ်နေမှုများကို
မျက်လုံးအစုံဖြင့် သေချာစွာ
စိုက်ကြည့်နေခဲ့သည်။

ယွဲ့ဟုန်ယန်နှင့် ယန်ချင်တို့သည် ဇူရီက ဘာတွေးနေသည် ဆိုသည်ကို၊ ဝိုးတိုးဝါးတား ခန့်မှန်းနိုင်ခဲ့သည်။ သို့သော်လည်း သူတို့သည် မြူခိုးများအကြားမှ ပန်းတစ်ပွင့်အား စိုက်ကြည့်နေရသကဲ့သို့ ဖြစ်နေခဲ့သည်၊ မြင်ကွင်းမှာ မသဲမကွဲ ဖြစ်နေခဲ့သည်။

သို့သော်လည်း ရှောင်ယန်နှင့် ရှောင်ပုတန်တို့မှာ၊ ဇူရီက ဘာလုပ်ရန် ကြံစည်နေသည်ကို အသေအချာ တွေ့နိုင်ခဲ့သည်။ ရှောင်ယန်က သက်ပြင်းချလိုက်သည်။ "တတိယ ဂျူနီယာရဲ့ ဗိမာန်ကို တွေ့ပြီးတဲ့နောက်မှာ၊ ဒုတိယ

ဂျူနီယာကပဲ အနည်းငယ် သတိလွတ်သလို
ဖြစ်သွားတာ မဟုတ်ပဲ၊ ငါကလည်း
ငါ့ဗိမာန်ကို ဘယ်လိုလုပ်ရမလဲ ဆိုတာကို
အနည်းငယ် စိတ်ရှုပ်ထွေးသွားခဲ့တယ်"

ရှောင်ပုတန်သည် ပြုံးလိုက်ကာ၊
"ကျွန်တော့်ရဲ့ ဗိမာန်ကို
အရင်ဆောက်လိုက်တာ
ကံကောင်းသွားတယ်။ မဟုတ်လို့ရှိရင်
ကျွန်တော်လည်း အခုအချိန်မှာ၊
ဦးနှောက်ခြောက်အောင်
စဉ်းစားနေရတော့မယ်"

ဝမ်လင်းသည် ဘေးမှနေ၍
ရယ်နေခဲ့သော်လည်း၊ စကားတစ်ခွန်းကိုမှ
မပြောခဲ့ပေ။ သူသည် ဇူရီအား
စိတ်ဝင်တစားဖြင့် စိုက်ကြည့်နေခဲ့ကာ၊ ဇူရီက
မည်သို့ပြုလုပ်မည်ကို စဉ်းစားနေခဲ့သည်။

"မင်းက အခုအချိန်မှာ တွေဝေနေခဲ့ပေမဲ့၊
ဇူရီက မင်းလိုမျိုးပဲ ဆုံးဖြတ်ချက်
ချလိမ့်မယ်လို့ ငါက ယုံကြည်နေတယ်"
လင်းဖုန်းသည် ရှောင်ယန်အား
ကြည့်လိုက်ကာ ပြုံးလိုက်သည်။

ရှောင်ယန်သည် ပြုံးဖြီးဖြီး ဖြစ်သွားခဲ့သည်။ "ဆရာ၊ ဆရာက ကျွန်တော့်အကြောင်းကို အတော်နားလည်တာပဲ။ ဒါပေမဲ့ ဒီလိုမျိုး ကိစ္စတွေနဲ့ ပတ်သတ်လာရင်၊ ဆုံးဖြတ်ချက် ချရတာက သိပ်မလွယ်ဘူးဗျ"

လင်းဖုန်းသည် ရှောင်ပုတန်အား ကြည့်လိုက်သည်။ "မင်းအနေနဲ့ကတော့၊ ထျန်းဟောင်၊ မင်းက အရင်ဆုံး ပြုလုပ်ရပြီး၊ စိတ်ဆုံးဖြတ်ချက် ချရတဲ့ ဒုက္ခကနေ လွတ်မြောက်သွားခဲ့တယ်။ ဒါပေမဲ့ မင်းက ဒီလိုမျိုး အခြေအနေကို ရောက်နေခဲ့ရင်လည်း၊ ဇူရီနဲ့ ရှောင်ယန်တို့အတိုင်းပဲ ပြုလုပ်ခဲ့မှာပဲ"

ရှောင်ပုတန်သည် တစ်ခစ်ခစ်နှင့် ရယ်နေခဲ့ကာ၊ လင်းဖုန်းသည် ယွဲ့ဟုန်ယန်နှင့် ယန်ချင်တို့ဘက်ကို လှည့်လိုက်သည်။ "ဇူရီဘာလုပ်မလဲဆိုတာကို ကြည့်ထားကြ၊ ဒါက မင်းတို့အားလုံးအတွက် သင်ခန်းစာ ကောင်းကောင်းတစ်ခု ဖြစ်လာနိုင်တယ်"

ယွဲ့ဟုန်ယန်နှင့် ယန်ချင်တို့သည် အတွေးများမှ လန့်နိုးလာကြပြီး၊ ဇူရီ၏ အပေါ်သို့ အကြည့်များကို ရွှေ့ပြောင်းလိုက်ကြသည်။ ထိုအချိန်တွင် ဇူရီသည် နောက်ဆုံးတွင်

အဖြူရောင်ကျောက်စိမ်း ကျောက်တုံးကြီးအား သန့်စင်မှုအား စတင်ခဲ့ပေသည်။

လင်းဖုန်းသည် အားပေးသည့် အပြုံးကို ပြုံးလိုက်ကာ၊ သူ၏ မှော်စွမ်းအင်ဖြင့် ဇူရီအား ကူညီခဲ့လိုက်သည်။

ဇူရီ၏ ကျောက်တုံးကြီးသည် လျှင်မြန်စွာနှင့် ပုံစံပြောင်းလဲလာခဲ့ကာ၊ အလျားနှင့် အနံတို့သည်လည်း ပြောင်းလဲလာခဲ့သည်။ လျှင်မြန်စွာနှင့်ပင် မြေပြင်ကျယ်ကြီး တစ်ခုက ပေါ်လာခဲ့သည်။ သူသည် သက်တန့်တိမ်တိုက် တံတားဖြင့် ယုကျင်းတောင်အား

ဆက်သွယ်ထားသည့်၊ စစ်တုရင်ခုံကြီး
တစ်ခုနှင့် တူနေခဲ့သည်။

မြေပြင်ကျယ်ကြီးပေါ်တွင် ကောင်းကင်ကို
လှည့်ပတ်နေသော ခရမ်းရောင်
တိမ်တိုက်များက စုစည်းလာကြကာ၊ ရောမ
ဘုံကျောင်းကြီး တစ်ခုကို ဖန်ဆင်းလိုက်သည်။

ဘုံကျောင်း၏ အပြင်ဘက်သည်
ခမ်းခမ်းနားနားကြီး မဟုတ်သော်လည်း၊
ကြီးကျယ်မြင့်မြတ်လှပေသည်။ သူ့ထံမှနေ၍
သမိုင်းဝင် အမွေအနှစ် တန်ဖိုးများ
တွေ့ရှိနေရသကဲ့သို့ ဖြစ်သည်။ သူ၏ ပုံစံသည်

ကိန်းကြီးခန်းကြီးနိုင်သော အော်ရာများ ရှိမနေပေ။ သို့သော်လည်း သူ့ထံမှနေ၍ လူတိုင်းက ဦးညွှတ်၍ လမ်းညွှန်မှု အဆုံးအမများကို နာခံရန် အသင့်ရှိနေနိုင်သည့်၊ အော်ရာများကို ထုတ်လွှတ်နိုင်ခဲ့သည်။

အတိတ်မှနေ၍ အနာဂတ်ဆီတို့ မောင်းနှင်ခြင်း။

ကိုယ့်ကိုယ်ကိုယ် အမြဲမပြတ် တိုးတက်နေအောင် ကြံဆခြင်း။

အတိတ်မှ ပညာရှင်များထက် သာလွန်ခြင်း။

မိမိထက်ပို၍ကောင်းအောင် ကြိုးစားခြင်း။

ထိုဘုံကျောင်းသည် ဇူရီ၏ အတွေးအမြင်
ဒဿနများ၏ ရုပ်လုံး အကောင်အထည်အဖြစ်
ဖော်ပြထားခြင်း ဖြစ်သည်။

ဇူရီသည် သူ၏ သန့်စင်နေမှုများကို
မရပ်တန့်ခဲ့ပဲ၊ ဘုံကျောင်း၏အပေါ်မှ
ဆိုင်းဘုတ်တွင် စာလုံးအလှ
ရေးထိုးလိုက်သည်။

# ကောင်းကင်ဘုံကျောင်း!

ကောင်းကင် နတ်သင်္ကေတသည်၊
သင်္ကေတပေါင်း ၆၄မျိုး အတွင်းမှ ပထမ
သင်္ကေတ ဖြစ်သည်။ ကောင်းကင်သည်
အချိန်ကာလထက်ပို၍ တာရှည်ခံနိုင်သည့်
နည်းတူ၊ လူတစ်ယောက်သည် ခက်ခဲသော
အချိန်ကာလများကို ဖြတ်သန်းနိုင်ရန်အတွက်၊
မိမိ၏ စွမ်းရည်များနှင့် စရိုက်များကို
အမြဲတစေ သန့်စင်နေရမည်။
အကောင်းမြင်ဝါဒနှင့် စိတ်ဓာတ်တို့သည်၊
လူတစ်ယောက်အား အခွင့်အရေးများကို

ဖန်တီးစေနိုင်ပြီး၊ အမှန်တရားနှင့်
သန့်စင်မှုများကို ပျော်ရွှင်ခံစားစေနိုင်သည်။

ထိုအရာကို တွေ့လိုက်ပြီးနောက်၊
ယွဲ့ဟုန်ယန်နှင့် ယန်ချင်တို့သည်
နားလည်သွားသောပုံများ ပေါက်သွားကြပြီး၊
တပြိုင်နက်တည်း
အာမေဋ္ဌိတ်ပြုလိုက်ကြသည်။ "သြော်၊
လက်စသတ်တော့ ဒီလိုကိုး!"

ရှောင်ယန်နှင့် ရှောင်ပုတန်တို့သည်၊
တစ်ယောက်မျက်နှာကို
တစ်ယောက်ကြည့်လိုက်ကြကာ

ပြုံးလိုက်ကြသည်။ ဝမ်လင်းသည်လည်း လေးစားသော အကြည့်ဖြင့် ကြည့်ကာ ခေါင်းညိတ်ခဲ့လိုက်သည်။

## စာစဉ် ၂၈ : အပိုင်း ၆

## အပိုင်း ၃၅၆ : ရောက်ဖို့ နည်းနည်းလေးပဲ လိုတော့တယ်

လင်းဖုန်းသည် ဇူရီက အဖြူရောင်ကျောက်စိမ်း ကျောက်တုံးကြီးအား သန့်စင်၍ ကောင်းကင်ဘုံကျောင်းအား တည်ဆောက်ခဲ့သည်ကို တွေ့ရသောအခါ၊

သူ၏မျက်နှာတွင် နွေးထွေးသော အပြုံးတစ်ခု ပေါ်လာခဲ့သည်။

ဝမ်လင်း၏ မူလဘူတသို့ ပြန်သွား၍ စစ်မှန်စွာ နေထိုင်ခြင်း၏ အရေးကြီးမှုကို သဘောပေါက်သွားခြင်းသည်၊ ဇူရီနှင့် ရှောင်ယန်တို့ကို အတွေးအမြင်သစ်များ မွေးဖွားစေနိုင်ခဲ့၍ ချီးကျူးရန် ထိုက်တန်လှပေ၏။

သို့သော်လည်း ထိုလမ်းကြောင်းသည် ဝမ်လင်း၏ လမ်းကြောင်းဖြစ်သည်။ ဇူရီနှင့် ရှောင်ယန်တို့ အနေနှင့်၊ ဒါသည် ကိုးကားမှု

တစ်ခုသက်သက် ဖြစ်သည်။ အကယ်၍
သူတို့သည် ဝမ်လင်းအတိုင်း
လိုက်လံကျင့်ကြံပါက၊ သူတို့၏
ကိုယ်ပိုင်စရိုက်များကို စွန့်ပစ်ကာ
သူများနောက် လိုက်သကဲ့သို့
ဖြစ်သွားပေလိမ့်မည်။

ဇူရီသည် ထိုအချက်အား
သဘောပေါက်နေခဲ့သဖြင့်၊ သူသည်
မှန်ကန်သော ဆုံးဖြတ်ချက်တစ်ခုကို
ချနိုင်ခဲ့သည်။ ဇူရီ၊ ရှောင်ယန်နှင့်
ရှောင်ပုတန်တို့သည် ဝမ်လင်းအတိုင်း၊
စိတ်ဓာတ်ကြွခိုင်၍ လွတ်လပ်စွာ နေလိုသူများ

ဖြစ်ကြသည်။ သူတို့သည် အခြားသူများ၏ အကြံအစည်များ၊ စကားလုံးများကြောင့် လွယ်ကူစွာ စိတ်လှုပ်ရှားတတ်သူများ မဟုတ်ကြပေ။

ယွဲ့ဟုန်ယန်နှင့် ယန်ချင်တို့ပင် ယခုအဖြစ်အပျက်များကို လေ့လာသင်ယူနိုင်ခဲ့လျှင်၊ မှန်ကန်သော ဆုံးဖြတ်ချက်များကို ချနိုင်ကြမည် ဖြစ်သည်။ ယခုအချိန်တွင် သူတို့သည် ကျင့်ကြံမှုအဆင့် နိမ့်နေသေးသောကြောင့်၊ ချက်ချင်းတော့ နားမလည်နိုင်ကြသေးပေ။

တပည့်ခြောက်ယောက်သားတို့သည် အချင်းချင်း စိုက်ကြည့်လိုက်ကြကာ၊ တပြိုင်နက် ရယ်လိုက်ကြသည်။

ရှောင်ပုတန်သည် ပြုံးလိုက်ကာ ဝမ်လင်းအား ပြောလိုက်သည်။ "တတိယ စီနီယာ၊ စီနီယာ ရှုံးသွားပြီ။ သူတို့တစ်ယောက်ကိုမှ မဆွဲဆောင်နိုင်ခဲ့ဘူး"

ဝမ်လင်းသည် ပြုံးလိုက်၍ သူ၏ခေါင်းကို ခါလိုက်သည်။ "ရှုံးသွားတာပဲ ကောင်းပါတယ်ကွာ"

ရှောင်ယန်က ရယ်လိုက်ကာ၊ "ဟုတ်ပြီ၊ နောက်ဆုံးလူရဲ့ အလှည့်ကို ရောက်လာပြီ" အားလုံးတို့သည် ရှောင်ယန်နှင့်အတူ နောက်ဆုံး အဖြူရောင်ကျောက်စိမ်း ကျောက်တုံးကြီးပေါ်သို့ ရောက်လာကြသည်။ ရောက်ရှိခဲ့သည်နှင့် တပြိုင်နက်၊ ရှောင်ယန်သည် သန့်စင်ခြင်းအား ချက်ချင်းစတင်လိုက်သည်။

ရှောင်ယန်၏ ကျင့်ကြံမှု စွမ်းအင်များ အားလုံးတို့သည်၊ သူ၏ကိုယ်အတွင်းမှ အကြွင်းမဲ့မီးတောက် သုံးခုအား ထိန်းချုပ်ရန် အသုံးပြုထားရသည်။ ထို့ကြောင့်

လင်းဖုန်းသည် ခြင်းချက်အနေဖြင့် သူ၏ မှော်စွမ်းအင်များကို အသုံးပြုကာ၊ ရှောင်ယန်၏ စိတ်ထဲတွင် ရှိနေသော အကြံအစည်များကို အကောင်အထည် ဖော်ပေးခဲ့သည်။ ရှောင်ယန်လုပ်ဖို့လိုသည်မှာ ကျောက်တုံးကို မည်သည့်ပုံစံ ဖော်ဆောင်မည်၊ မည်သည့်နေရာတွင် သစ်ပင်စိုက်မည် စသည်တို့ကို တွေးလိုက်ရုံပင် ဖြစ်သည်။

ရှောင်ယန်သည် ကျောက်တုံးကြီး၏ ပုံစံအား အများအပြား မပြောင်းလဲခဲ့ပေ။ သူပြုလုပ်ခဲ့သည်မှာ ကျောက်တုံး၏

အတွင်းပိုင်းတွင် ဂူတစ်လုံးကို ဖော်ဆောင်ခဲ့ခြင်း ဖြစ်သည်။ အတွင်းပိုင်း မွမ်းမံမှုများ ပြုလုပ်ပြီးသွားသည်နှင့်၊ ရှောင်ယန်သည် ဂူအတွင်းသို့ ဝင်သွားခဲ့ကာ မျက်နှာကြက်အား အချိန်အတန်ကြာ စိုက်ကြည့်နေခဲ့သည်။ သူသည် အနောက်ကို လှည့်လိုက်ကာ လင်းဖုန်းအား မေးလိုက်သည်။ "ဆရာ၊ ကျွန်တော်က မျက်နှာကြက်မှာ အပေါက် ခုနစ်ပေါက် ဖောက်ချင်တယ်"

လင်းဖုန်း၏ မျက်လုံးအစုံသည် လင်းလက်လာခဲ့ကာ ရယ်လိုက်သည်။ "မင်းရဲ့

ရည်မှန်းချက်တွေကို ငါက ဘာဖြစ်လို့
မဖြည့်ဆည်းပေးရမှာလဲ?"

သူ၏စကားဆုံးသည်နှင့် လင်းဖုန်းသည်
သူ၏လက်အား ဝှေ့ယမ်းလိုက်ရာ၊
မျက်နှာကြက်ပေါ်တွင် အပေါက်ခုနှစ်ပေါက်
ပေါ်လာခဲ့သည်။

ဇူရီနှင့် ကျန်သောသူများသည် ရှောင်ယန်၏
ရည်မှန်းချက်များကို အထင်ကြီးသွားကြကာ၊
အာမေဋိတ် ဝိုင်းပြုလိုက်ကြသည်။
"ဘယ်လောက်အထိ ကြီးမားလှတဲ့
ရည်ရွယ်ချက်လဲ၊ အစ်ကိုကြီး!"

ရှောင်ယန်သည် ပြုံးလိုက်ကာ သူ၏အတွင်းမှ မှော်စွမ်းအင်ကို အသုံးပြုလိုက်ရာ၊ မီးတောက်သုံးခုက သူ၏ ကိုယ်တွင်းမှနေ၍ ပေါ်ထွက်လာခဲ့၏။ တစ်ခုမှာ ခရမ်းပြာရောင်ဖြစ်၍၊ ကျန်တစ်ခုမှာ ရွှေရောင်တောက်တောက် ဖြစ်ကာ၊ နောက်ဆုံးတစ်ခုမှာ အတွင်းတွင် အနီနှင့်အပြာ အရောင်များ ပါဝင်နေသော ရွှေရောင်ဖျော့ဖျော့ဖြစ်သည်။ သူတို့သည် ငရဲပြည်က ရောင်ခြည်နတ်ဆိုး မီးတောက်၊ မဟာသူရိယ အကြွင်းမဲ့ မီးတောက်နှင့် နန်းမင် အကြွင်းမဲ့ မီးတောက်တို့ ဖြစ်ကြသည်။

သူတို့သည် ရှောင်ယန်က သူ၏ကိုယ်တွင်းမှ မီးတောက် အရင်းအမြစ်များမှနေ၍ ထုတ်ယူခဲ့သော၊ အကြွင်းမဲ့မီးတောက်တို့၏ စွမ်းအားများ ဖြစ်ကြသည်။ ရှောင်ယန်က သူ၏ နည်းစနစ်ကို အသုံးပြုလိုက်သည်ကို ကြည့်လိုက်ကာ၊ လင်းဖုန်းကလည်း မတော်တဆမှုများ ဖြစ်ပျက်လာမည်ကို တားဆီးသည့် အနေနှင့်၊ သူ၏ မှော်စွမ်းအင်များဖြင့် ရှောင်ယန်အား ကူညီလိုက်သည်။

ထိုမီးတောက်သုံးခုတို့သည် လင်းဖုန်း၏
ဖိနှိပ်မှုအောက်တွင် အေးအေးချမ်းချမ်း၊
ငြိမ်ငြိမ်သက်သက် ရှိနေကြသည်။
သို့သော်လည်း သူတို့ကို
ကြည့်လိုက်ခြင်းအားဖြင့်၊
ကျန်နေသောသူများသည် ရင်ထဲတွင်
ကြောက်ရွံ့စိတ်များ မဖြစ်ပေါ်လာဟု
တစ်ယောက်မှ မပြောရဲကြပေ။

မီးတောက်တစ်ခုစီသည်
ဂူ၏မျက်နှာကြက်ပေါ်မှ
အပေါက်တစ်ပေါက်စီတွင်
နေရာယူလိုက်ကြကာ၊ ငြိမ်သက်စွာနှင့်

တောက်လောင်နေကြ၏။ ကျန်သော
အပေါက်လေးပေါက်တို့သည် ယခု
လောလောဆယ်တွင်
ဗလာဖြစ်နေကြသေး၏။

လင်းဖုန်းသည် ရှောင်ယန်အား ကူညီသည့်
အနေဖြင့်၊ ထိုမီးတောက်သုံးခုတို့အား
တည်ငြိမ်နေအောင် မှော်စွမ်းအင်ဖြင့်
ချိတ်ပိတ်ထားပေးခဲ့သည်။

ရှောင်ယန်သည်
သူ၏ဝိမာန်နှင့်စိတ်ချင်းဆက်သွယ်လိုက်ကာ၊
အဖြူရောင်ကျောက်စိမ်း ကျောက်တုံးကြီး၏

စွမ်းအားသည် ဖြည်းဖြည်းချင်းနှင့် အကြွင်းမဲ့မီးတောက် သုံးခုတို့၏ စွမ်းအားနှင့် မျှခြေတစ်ခုသို့ ရောက်သွားခဲ့သည်။

ဂူ၏ပြင်ပမှနေ၍ ကြည့်လိုက်လျှင် နဂိုက ဖြူဖွေးနေ၍ အပြစ်အနာအဆာ မရှိသော ရောမ ကျောက်တုံးကြီးသည်၊ ယခုအခါတွင် တောင်၏အလယ်မှာနေ၍ တောက်ပလှသော မီးတောက်များဖြင့် လင်းလက်နေခဲ့၍၊ တောင်တစ်တောင်လုံးသည် တောက်လောင်နေသကဲ့သို့ ဖြစ်နေခဲ့ပြီး ကြီးကျယ်ခမ်းနားသော မြင်ကွင်းမျိုးကို ပေးစွမ်းနိုင်ခဲ့သည်။

လင်းဖုန်းသည် ပြုံးလိုက်ကာ ပြောလိုက်သည်။ "အခုလောလောဆယ်တော့ ငါ့ရဲ့ မှော်စွမ်းအင်ကို အသုံးပြုပြီး၊ မင်းရဲ့ ဗိမာန်ကို စောင့်ရှောက်ထားပေးမယ်။ ဒါပေမဲ့ မင်းက အကြွင်းမဲ့မီးတောက် သုံးခုတို့ကို အောင်မြင်စွာနဲ့ သန့်စင်သွားနိုင်ခဲ့ရင်၊ မင်းက ကိုယ့်ကိုယ်ကိုယ် ပြန်ပြီးမှ ထိန်းသိမ်းရမယ်"

ရှောင်ယန်က သူ၏ခေါင်းအား ညိတ်လိုက်သည်။ "ဟုတ်ကဲ့ပါ၊ ဆရာသခင်"

ရှောင်ပုတန်သည် ရှောင်ယန်အနားသို့ကပ်ကာ ပြုံးလိုက်သည်။ "အစ်ကိုကြီး! အစ်ကိုကြီးက တကယ့်ကို ရည်မှန်းချက်ကြီးတဲ့သူပဲ! အစ်ကိုကြီးက အကြွင်းမဲ့မီးတောက် ခုနှစ်မျိုးလုံးကို စုဆောင်းချင်နေတာလား?"

"အရင်က တစ်ယောက်မှ မလုပ်ဖူးသေးဘူးမလား?" ရှောင်ယန်က ပုခုံးကို တွန့်လိုက်ကာ ဆက်ပြောလိုက်သည်။ "ဒါဆိုရင် ငါက ပထမဆုံး လုပ်နိုင်တဲ့သူ ဖြစ်လာမှာပေါ့"

လင်းဖုန်းသည် သူ့အား စိုက်ကြည့်နေခဲ့ကာ တွေးလိုက်သည်။ "ကောင်စုတ်လေး၊ ငါ့မှာက မင်းအပေါ်မှာ ၂၀၀% ယုံကြည်ချက်ရှိတယ်။ တောင်ပေါ်မှာလည်း မင်းကိုစောင့်နေတဲ့ နောက်ထပ် အကြွင်းမဲ့မီးတောက် တစ်ခုရှိနေသေးတယ်။ မင်းက အခုလောလောဆယ် လက်ရှိ မီးတောက်သုံးခုကို အရင်ဖြေရှင်းပါဦး"

ယန်ချင်သည် သိလိုစိတ် ပြင်းပြစွာနှင့် မေးလိုက်သည်။ "အစ်ကိုကြီး၊ အစ်ကိုကြီးရဲ့ ဗိမာန်ကို ဘယ်လိုနာမည် ပေးမှာလဲဗျ?"

ရှောင်ယန်က ရယ်လိုက်သည်။ "မင်းသိသားပဲ၊ ငါက ကိုယ့်ကိုယ်ကိုယ် ခေါင်းကိုက်စေတဲ့ အရာတွေကို မလုပ်ချင်ဘူး ဆိုတာကို"

သူသည် လင်းဖုန်းဘက်သို့ လှည့်လိုက်ကာ ပြောလိုက်သည်။ "ဆရာကပဲ ကျေးဇူးပြုပြီးတော့ ကျွန်တော့်ကို ရေးပေးပါ။ ကျွန်တော့်ရဲ့ ကျမ်းစာကို တောက်လောင်နေသော ကောင်းကင်ဘုံလို့ နာမည်ပေးထားတော့၊ ကျွန်တော့်ရဲ့ ဗိမာန်ကို ငရဲမီး ချောက်ကမ်းပါးလို့ နာမည်ပေးလိုက်မယ်။

ရှောင်ပုတာန်နှင့် ကျန်သောသူများသည် တပြိုင်နက် ဝိုင်းအော်လိုက်ကြသည်။ "ဝိုး၊ အစ်ကိုကြီး! အစ်ကိုကြီးက ဆင်ခြေဆင်လက်ပေးတဲ့နေရာမှာ အတော့်ကို တော်တာပဲ! ဘယ်လောက်အထိ အပျင်းထူနိုင်ဦးမှာလဲ!"

လင်းဖုန်းသည် ပြုံးလိုက်ကာ ကျောက်တုံးကြီးပေါ်တွင်၊ 'ငရဲမီး ချောက်ကမ်းပါး' ဟူသော နာမည်ကို ရေးထွင်းပေးလိုက်သည်။

ကျောက်တုံးကြီးပေါ်မှ မီးတောက်များသည် တောက်လောင်နေဆဲတွင်၊ သူ့အပေါ်မှ စကားလုံးများသည်လည်း တောက်လောင်နေသကဲ့သို့ ဖြစ်နေခဲ့ပြီး၊ အသက်စွမ်းအင်များဖြင့် ပြည့်နှက်နေသည်ဟု ထင်နေရသည်။

"ကြည့်ရတာ ငါ့တို့ရဲ့ အလုပ်တွေက ပြီးသွားပြီနဲ့ တူတယ်" လင်းဖုန်းသည် သူ၏ လက်ဝါးများကို စုစည်းလိုက်ရာ၊ ဗိမာန်ခြောက်ခုစလုံးနှင့် သူတို့၏ကိုယ်ပိုင် တိမ်တိုက် တံတားများသည်လည်း တုန်ခါသွားကြကာ၊ ဟင်းလင်းပြင်၏

စွမ်းအားများသည် ဗိမာန်တစ်ခုချင်း၏
အတွင်းသို့ စီးဆင်းဝင်ရောက် သွားကြသည်။
တုန်ခါမှုများ ငြိမ်သက်သွားသောအခါ၊
ကြီးမားလှသော အဆောက်အအုံများ၏
စိတ်ဝိညာဉ် စွမ်းအင်များတို့သည်လည်း
တည်ငြိမ်သွားကြ၏။

ဟင်းလင်းပြင် လောကအတွင်းတွင်
ကောင်းကင်ကို လှည့်ပတ်နေသော
ခရမ်းရောင် တိမ်တိုက်များသည်၊
တိမ်တိုက်ပင်လယ် တစ်ခုအဖြစ်သို့
အသွင်ပြောင်းသွားကြသည်။
ကျယ်ပြောလှသော ထိုတိမ်တိုက်

ပင်လယ်ကြီး အတွင်းတွင်၊
တောက်လောင်နေသော ငရဲမီး
ချောက်ကမ်းပါး၊ ကျောင်းဆောင်နှင့်
တူနေသော ကောင်းကင်ဘုံကျောင်း၊
အေးချမ်းငြိမ်သက်နေသော သစ်တောဗိမာန်၊
နှင်းကျနေ၍ လေထန်နေသော
ဆီးနှင်းမုန်တိုင်း ချိုင့်ဝှမ်း၊
စိမ်းလန်းစိုပြည်နေသော နိဗ္ဗာန်ကမ္ဘာနှင့်
ရေးကျလှသော မြေရိုင်းလျှို့မြောင်တို့က
ရှိနေကြသည်။ ဗိမာန်ခြောက်ခုတို့သည်
ယုကျင်းတောင်အား ပတ်ပတ်လည် ဝိုင်းရံ၍
ကာကွယ်ထားသည့်အလား ဖြစ်နေကြ၏။

စိတ်ဝိညာဉ် စွမ်းအင် အရင်းအမြစ်
တစ်ခုတည်းဖြင့် နီးကပ်စွာ
တည်ဆောက်ထားကြသောကြောင့်၊
သူတို့သည် တစ်ခုတည်း အဖြစ်
သတ်မှတ်၍ရသည်။ သို့သော်လည်း
ကွဲပြားခြားနားသော ဗိမာန်များသည်၊
ကိုယ်ပိုင် ကိုယ်ရည်ကိုယ်သွေးများနှင့် ပုံစံများ
ရှိခြင်းကြောင့်၊ သီးသန့်အရာများ
အနေဖြင့်လည်း သတ်မှတ်၍ ရနေသည်။

ရှောင်ယန်၊ ဇူရီနှင့် ကျန်သောသူများသည်၊
ထိုမြင်ကွင်းအား ပါးစပ်အဟောင်းသားနှင့်
ကြည့်နေကြသည်။ ယုကျင်းတောင်ပေါ်တွင်

ခန်းနန်ဟွာ၊ မြောင်ရှီးဟောင်၊ ကျဲယု၊ ကွေနွားဘုရင်၊ ထွမ်းထွမ်းနှင့် ကျူးကော်ဖန်းလင်တို့သည်လည်း သူတို့၏ နေရာများမှ ထွက်လာကြ၍၊ သူတို့၏ အရှေ့မှ အံ့ဖွယ်မြင်ကွင်းကို ကြည့်လိုက်ကာ မှင်သက်နေကြသည်။ သူတို့သတိပြန်ဝင်လာကြသော အချိန်တွင်၊ တပြိုင်နက်ထဲ လက်ခုပ်တီးကာ အားပေးလိုက်ကြသည်။

ဒုတိယမျိုးဆက် တပည့်များ တစ်အုပ်စုတို့သည်လည်း၊ သူတို့၏ အိပ်ဆောင်များ၏ ပြတင်းပေါက်များတွင်

လက်ထောက်ကာ၊ သူတို့အရှေ့မှ
မယုံနိုင်ဖွယ်ရာ မြင်ကွင်းကို ကြည့်နေခဲ့ကာ
ဆွံ့အနေကြ၏။

အတိတ်ကာလတွင် သူတို့သည်
သူတို့၏ဂိုဏ်းက အမတန် သန့်မာသည်ဟုသာ
သိထားကြ၏။ ယနေ့တွင်မူ သူတို့သည်
သူတို့ဂိုဏ်း၏ အရင်းအမြစ်နှင့်
စွမ်းအားများကို၊ ပို၍နားလည်လာကြကာ
မျှော်မှန်းချက်များ ပိုမိုမြင့်လာခဲ့သည်။

သူ၏ပြကွက်သည် သူတပည့်များနှင့်
ကျန်သောသူများကိုပါ

အကျိုးသက်ရောက်စေခဲ့သည်ကို တွေ့လိုက်ရ၍၊ လင်းဖုန်းသည် ရင်ထဲတွင် တွေးနေခဲ့သည်။ "ငါ့ဂိုဏ်းက နေရာတစ်ခုကို ရောက်တော့မယ်။ အနည်းငယ် ပြုပြင်မွမ်းမံပြီးရင်၊ သူ့ကို ရပ်တန့်လို့ ရတော့မှာ မဟုတ်ဘူး"

လင်းဖုန်းသည် ပြုံးလိုက်ကာ သူ၏ မှော်စွမ်းအင်များကို အသုံးပြုလိုက်ကာ၊ ရွှေသမင်နှင့် အနက်ရောင် စိတ်ဝိညာဉ် မြွေနဂါးတို့ကို ရှောင်ပုတာန်၏ မြေရိုင်းလျှိုမြောင်အတွင်းသို့

ပစ်ထည့်လိုက်သည်။ ပြီးတာနှင့် သူသည် ထွမ်းထွမ်ကိုပါ ထည့်သွင်းလိုက်သည်။

သူ့ဆရာက ရွှေသမင်တို့အား သူ၏ လျှိုမြောင်းအတွင်းသို့ ပစ်ထည့်လိုက်သည်ကို ကြည့်နေခဲ့၍ သွားရည်ကျနေခဲ့သော ရှောင်ပုတန်သည်၊ ထွမ်းထွမ်းကိုပါ ပစ်ထည့်လိုက်သည်ကို တွေ့လိုက်ရသောအခါ မျက်လုံးမျက်ဆန်ပြူးသွားလေသည်။ "ဆရာ! ဟိုအစားပုတ်မကို ဘာဖြစ်လို့ ထည့်လိုက်တာလဲ? ဆရာက ကြက်အုပ်ထဲကို မြေခွေးတစ်ကောင် ထည့်သွင်းလိုက်တာ မဟုတ်ဘူးလား?"

လင်းဖုန်းက ပြုံးလိုက်သည်။ "ယုကျင်းတောင် တစ်ခုလုံးကို ပတ်ကြည့်လိုက်ရင်၊ သူမကို ထိန်းထားနိုင်မယ့် တစ်ခုတည်းသော နေရာက မင်းရဲ့နေရာပဲ ဖြစ်တယ်။ ဒါကြောင့်မို့ မင်းက ထုံးစံအတိုင်း၊ သူမကို တာဝန်ယူရလိမ့်မယ်"

ကျန်သောသူများသည် တစ်ဟားဟားနှင့် ရယ်လိုက်ကြ၍၊ ရှောင်ယန်သည် ရှောင်ပုတန်၏ ပုခုံးအား ပြင်းထန်စွာနှင့် ပုတ်လိုက်သည်။ "ချစ်လှစွာသော ဂျူနီယာလေး၊ အနည်းဆုံးတော့ သူမက မင်းရဲ့နေရာမှာ ပုံမှန်အစာတွေကို

စားလို့ရတာပေါ့။ သူမက နေရာတကာကို ပတ်ပြီးမှ အစာတွေ လိုက်ခိုးနေတာထက်စာရင်၊ အများကြီး တော်သေးတာပေါ့။ ငါကလည်း ငါ့ရဲ့ဆေးလုံးတွေကို သူမရဲ့ ခိုးတာ မခံချင်ဘူး"

ဇူရီ၊ ဝမ်လင်းနှင့် ယွဲ့ဟုန်ယန်တို့သည် ရယ်နေကြသော်လည်း၊ ယန်ချင်မှာမူ သူ၏ရယ်ချင်စိတ်ကို ကြိုးစားချုပ်တည်းနေခဲ့သည်။ ယန်ချင်သည် ထွမ်းထွမ်းအား အလွန်အမင်း ကြောက်ရွံ့ဆဲပင် ရှိသေးသည်။

ယန်ချင်သည် ဆေးတောင်ကြားအား
တာဝန်ယူရသောသူ ဖြစ်သည်။
ထွမ်းထွမ်းသည် ဆေးပင်များကို ဖြစ်စေ၊
မဟာလမင်း အကြွင်းမဲ့ရေကို ဖြစ်စေ၊
မကြာခဏ လာရောက်ခိုးယူလေ့ရှိရာ၊
ယန်ချင်မှာ သူမနှင့် ပတ်သတ်၍
အိမ်မက်ဆိုးပေါင်း များစွာရှိနေသည်။ သူသည်
သူမကို ပြောမရသလို၊
တိုက်ခိုက်ရာတွင်လည်း မနိုင်နိုင်ပေ။

ရှောင်ပုတန်လေး၏ မျက်နှာသည်
ထိုသတင်းအား ကြားပြီးသွားသောအချိန်တွင်၊
မုန့်ကြိုးလိမ်ကဲ့သို့ တွန့်လိမ်သွားခဲ့သည်။

လင်းဖုန်းသည် သူ၏ အကြံကို
ဆက်လက်အကောင်အထည် ဖော်လိုက်ကာ၊
နောက်ထပ် မှော်စွမ်းအင် အလင်းတန်း
နှစ်ခုတို့သည် တိပိဋကက
ကျမ်းစာခမ်းမဆောင်နှင့်
ကောင်းကင်ရွှေရောင် ခန်းမဆောင် အပေါ်သို့
ကျရောက်သွားခဲ့သည်။

သူသည် ရှောင်ယန်နှင့်
ဝမ်လင်းတို့ဘက်သို့လှည့်ကာ
ပြောလိုက်သည်။ "ငါက ကောင်းကင်ရွှေရောင်
ခန်းမဆောင်နဲ့ တိပိဋ္ဋက
ကျမ်းစာခန်းမဆောင်တို့ကို ငရဲမီး
ချောက်ကမ်းပါးနဲ့ သစ်တောဗိမာန်တို့နဲ့
အသီးသီး ဆက်သွယ်ထားပြီးပြီ။ ငါမင်းတို့ကို
ပေးထားတဲ့ တိုကင်တွေနဲ့၊ မင်းတို့ရဲ့
ဗိမာန်တွေကနေ အဲ့ဒီအဆောက်အအုံတွေ
အထဲကို တိုက်ရိုက်ဝင်နိုင်တယ်"

ဝမ်လင်းသည် သူ၏ခေါင်းအား
ညိတ်လိုက်သည်။ အခြားတစ်ဘက်တွင်မူ

ရှောင်ယန်သည်၊ ထွမ်းထွမ်းအား
စောင့်ကြည့်ရသည့် ဒုက္ခမှ ကင်းလွတ်သွားခဲ့ပြီ
ဖြစ်၍ ပျော်နေခဲ့သည်။ သူသည် မျက်နှာကြီး
ရှုံ့မဲ့နေသော ရှောင်ပုတန်အားကြည့်၍
အလုပ်ရှုပ်နေခဲ့သည်။

လင်းဖုန်းက သူ့အားပြုံးကာ မေးလိုက်သည်။
"ဘာလဲ? မင်းက မင်းနေရာမှာလည်း၊
အဖော်တစ်ယောက် လိုချင်နေလို့လား?"

သူ့စကား စကားကို ကြားလိုက်သောအခါ၊
ရှောင်ယန်သည် သွားများအကုန်ပေါ်အောင်
ပြုံးလိုက်သည်။ "ဘယ်ဟုတ်ပါ့မလဲ၊

ဆရာရယ်။ ကျွန်တော်က
လက်ရှိအခြေအနေနဲ့တင် ပျော်နေပါပြီ!"

သူသည် နောက်ဆုံးတွင် ထွမ်းထွမ်းဟူသော
အိမ်မက်ဆိုးမှာ လွတ်မြောက်နိုင်ခဲ့ပြီ ဖြစ်၍၊
အဘယ်ကြောင့် နောက်ထပ်
အိမ်မက်ဆိုးများကို လိုချင်ပါမည်နည်း။

လင်းဖုန်းသည် သူ့၏စိတ်ကို
နားလည်နေသည်ဖြစ်၍၊ ခေါင်းကိုခါကာ
ပြုံးလိုက်၏။ သူသည် တပည့်တစ်အုပ်စုကို
ဦးဆောင်ကာ၊ တိပိဋကက
ကျမ်းစာခန်းမဆောင်သို့ ပြန်ခေါ်သွားခဲ့သည်။

တိပိဋ္ဌကက ကျမ်းစာခန်းမဆောင်သို့ မဝင်မီ၊ လင်းဖုန်းသည် ဇူရီဘက်သို့ လှည့်ကာပြောလိုက်သည်။ "ကျန်တဲ့သူတွေကို ကြေငြာထားလိုက်။ သုံးရက်အကြာမှာ ဆရာက သင်ခန်းစာတစ်ခု ပို့ချမယ်။ ဒုတိယမျိုးဆက် တပည့်တွေအကုန် တက်ရောက်ရမယ်။ မင်းတို့ကလည်း စိတ်ဝင်စားလို့ရှိရင်၊ လာနားထောင်နိုင်တယ်"

ဇူရီက ပြန်ဖြေလိုက်သည်။ "ကျွန်တော် နားလည်ပါတယ်၊ ဆရာသခင်"

ရှောင်ယန်နှင့် ကျန်သောသူများသည်လည်း အချင်းချင်းကြည့်လိုက်ကာ ပြုံးလိုက်ကြသည်။ "ကျွန်တော်တို့အားလုံး လာနားထောင်ပါ့မယ်၊ ဆရာသခင်!" လင်းဖုန်း၏ လက်ရင်းတပည့်များ အနေဖြင့်၊ သူတို့သည် အတိတ်တွင် လင်းဖုန်း၏ အဆုံးအမများကို နားထောင်ခြင်းအားဖြင့်၊ အကျိုးကျေးဇူး မြောက်မြားစွာတို့ကို ရရှိခဲ့ကြသည်။ ထို့ကြောင့် သူတို့သည် နောက်ထပ်တစ်ခေါက် ထပ်နားထောင်ရမည် ဆိုလျှင်လည်း၊ ငြီးငွေ့ကြမည် မဟုတ်ပေ။

လင်းဖုန်းသည် သူတို့အားလုံးတို့အား
လက်ညှိုးထိုးကာ အမိန့်ပေးလိုက်သည်။
"မင်းတို့ရဲ့ ဗိမာန်တွေဆီကို ပြန်သွားကြပြီး
ပြင်ဆင်ထားကြ။ ကိုယ့်ရဲ့ ကိုယ်ပိုင်နေရာနဲ့
အကျွမ်းတဝင်ဖြစ်အောင် လုပ်ထားကြ"

"ငါ့ရဲ့ သင်ခန်းစာပြီးရင်၊ ငါက ဒုတိယမျိုးဆက်
တပည့်တွေ အထဲက အထူးချွန်ဆုံး
တပည့်တွေကို ရွေးထုတ်ပြီး၊ မင်းတို့ရဲ့
ဗိမာန်တွေကို ဝင်ခိုင်းပြီး မင်းတို့ရဲ့
တပည့်တွေအဖြစ် သတ်မှတ်စေမယ်"

ရှောင်ယန်၊ ဇူရီနှင့် ကျန်သောသူများသည် ချက်ချင်းပင် လေးနက်လာကြကာ၊ လင်းဖုန်းအရှေ့တွင် ဦးညွှတ်လိုက်ကြသည်။ "ကျွန်တော်တို့က အစွမ်းကုန် ကြိုးစားကြပါမယ်။ စိတ်ချသာနေပါ၊ ဆရာသခင်!"

လင်းဖုန်းက သူ၏ခေါင်းကို ညိတ်လိုက်ကာ ပြုံးလိုက်သည်။ "ဘယ်သူက မင်းတို့ရဲ့ တပည့်တွေ ဖြစ်လာမလဲ ဆိုတာကို၊ ငါက အတင်းအကျပ်ကြီး ဖိအားပေးမှာမဟုတ်ဘူး။ ကံကြမ္မာရဲ့ အတိုင်းပဲ ဖြစ်လာလိမ့်မယ်"

"ငါက တပည့်အရေအတွက်ကို သတ်မှတ်ပြီးရင်၊ သူတို့က မင်းတို့ကို ရွေးချယ်လိမ့်မယ်။ သူတို့မှာ ရွေးချယ်ဆုံးဖြတ်နိုင်ဖို့ အခွင့်အရေး ရှိတယ်" လင်းဖုန်းက ဆက်ပြောလိုက်သည်။ "အဲ့ဒီလိုပဲ၊ မင်းတို့ကလည်း ဒီတပည့်တွေကို၊ မင်းတို့ရဲ့ တပည့်အနေနဲ့ လက်ခံနိုင်မလားဆိုတာကို ဆုံးဖြတ်ခွင့်ရှိတယ်။ မင်းတို့က သူတို့ကို စာမေးပွဲစစ်ဖို့၊ မေးခွန်းတွေ ကြိုတင်ထုတ်ထားနိုင်တယ်"

"ဒါကြောင့်မို့ ဒီအချိန်တိုတိုလေး သုံးရက်အတွင်းမှာ၊ မင်းတို့က ဒီလိုမျိုး

အရေးကြီးတဲ့ ကိစ္စတွေကို အသေအချာ ပြင်ဆင်ထားရမယ်။ ဒုတိယမျိုးဆက် တပည့်တွေကို ဂရုတစိုက်နဲ့ အသေအချာ လေ့လာထားရမယ်။

မင်းတို့သဘောကျတဲ့သူတွေ ပါသလားဆိုတာကို စောင့်ကြည့်ထားရမယ်။ ဒါကလည်း မင်းတို့ရဲ့ သုံးသပ်နိုင်တဲ့ စွမ်းရည်ကို စစ်ဆေးတာပဲ ဖြစ်တယ်။ ငါကလည်း မင်းတို့ ကြိုက်နှစ်သက်တဲ့ တပည့်တွေက၊ ငါ့ရဲ့ စမ်းသပ်မှု အချက်အလက်တွေကို အောင်မြင်သလား ဆိုတာကို ကြည့်ရတာပေါ့"

သူ၏စကားကို ကြားပြီးသည်နှင့်၊ သူ၏တပည့် တစ်အုပ်စုတို့သည် ပြုံးလိုက်ကြကာ၊ သူတို့၏ တာဝန်အသစ်ကို ထမ်းဆောင်ရန် စိတ်အားထက်သန် နေကြပေသည်။

ရှောင်ပုတန်က ပြုံးလိုက်သည်။ "ဒီစကားကို နားထောင်ရတာ စိတ်လှုပ်ရှားစရာ ကောင်းနေပေမဲ့၊ ဒုတိယ စီနီယာက အရေးအများကြီး ပိုမသာနေဘူးလား!"

ဇူရီသည် ပြုံးလိုက်ကာ ငြိမ်သက်နေခဲ့သည်။ သို့သော်လည်း သူ၏ ယခုအပြုံးမှာ လူယုတ်မာ အပြုံးနှင့် တူနေခဲ့သည်။

ကျန်သောသူများသည် ဟာသသဘောမျိုးနှင့် လက်သီးများကို ထောင်ပြလိုက်ကြကာ၊ တပြိုင်နက်တည်း ကြုံးဝါးလိုက်ကြသည်။ "သိပ်ပြီးလဲ ပျော်မနေပါနဲ့! အချိန်စောပါသေးတယ်!"

လင်းဖုန်းလည်း ပြုံးလိုက်ကာ၊ "ကဲ၊ တော်လောက်ပြီ။ မင်းတို့ရဲ့ ပြင်ဆင်မှုတွေကို သွားလုပ်ကြဖို့ အချိန်တန်ပြီ" သူသည် ဝမ်လင်းအား လှည့်ကြည့်လိုက်ကာ ပြောလိုက်သည်။ "ဝမ်လင်း၊ အရင်သွားပြီး ပြင်ဆင်မှုတွေ လုပ်လိုက်ဦး။

နောက်တစ်ခေါက်မှ တိပိဋကကျမ်းစာခန်းမဆောင်ကို လာကြတာပေါ့"

ဝမ်လင်းသည် သူ၏ခေါင်းအား ညိတ်လိုက်သည်။ "စိတ်ချပါ ဆရာသခင်၊ ကျွန်တော်က မမေ့ပါဘူး"

သူ့တပည့်များနှင့် ကိစ္စပြီးသွားသောအခါ၊ လင်းဖုန်းသည် တိပိဋကကျမ်းစာခန်းမဆောင် အတွင်းသို့ ဝင်လာခဲ့ကာ၊ စာအုပ်စင်များ၏ အလယ်တွင် ရပ်နေလိုက်သည်။ သူ၏ လက်ဝါးများဖြင့် လက်ခုပ်တီးလိုက်ရာ၊ အလင်းတန်း တစ်ခုပြီး

တစ်ခုတို့သည် သူ၏ခန္ဓာကိုယ် အတွင်းမှ ထွက်လာခဲ့သည်။

## စာစဉ် ၂၇ : အပိုင်း ၁၇

## အပိုင်း ၃၆၇ : တစ်စုံတစ်ယောက်က သူလျှိုထည့်ထားခြင်း

လင်းဖုန်း၏ ခန္ဓာကိုယ် အတွင်းမှ အလင်းတန်း တစ်တန်းပြီးမှ တစ်တန်းတို့သည် ထွက်ပေါ်လာကြ၍၊ စာကြည့်တိုက် အတွင်းမှ စာအုပ်စင်များ အပေါ်တွင် ကျလာခဲ့ပြီး၊ ထွန်းလင်းတောက်ပသော

တာအိုနည်းစနစ်များ၊ မှော်ကျိန်စာများ
အဖြစ်သို့ အသွင်သဏ္ဌာန် ပြောင်းသွားခဲ့သည်။

လင်းဖုန်း၏ မှော်စွမ်းအင် အစွမ်းတန်ခိုးများ
အောက်တွင် သင်္ကေတများ၊ စာလုံးများသည်
လင်းလက်စွာနှင့် ကခုန်နေကြပြီး၊
ကျမ်းစာများအဖြစ် ရုပ်လုံး အကောင်အထည်
ပေါ်လာခဲ့သည်။

ရုပ်လုံးပေါ်နှုန်းမှာ အထူးမမြန်လှသော်လည်း၊
ကျမ်းစာပေါင်း
မြောက်မြားစွာကတပြိုင်နက်တည်း
အကောင်အထည် ပေါ်နေကြခြင်း ဖြစ်သည်။

သူ့အရင်တစ်ခေါက်က ထည့်သွင်းထားသော အေကာလာ ပညာရပ်အပြင်၊ ဒီတစ်ခေါက်တွင် လင်းဖုန်းသည် သူ့အရင်က စုဆောင်းထားသော တာအိုနည်းစနစ်များ ဖြစ်ကြသည့်၊ ကောင်းကင်ကိုးလွှာ မိုးကြိုးနည်းစနစ်၊ ခိစတိဂါဘ သျှတ္တရ၊ ကောင်းကင်လေပြင်း တာအိုကျမ်းစာ၊ ကြယ်စင်ချိုးဖျက် ပညာရပ်၊ ငရဲကမ္ဘာ နိဗ္ဗာန် ကျမ်းစာ၊ မဟာတောင်တန်း ကျမ်းစာ၊ သဲနှုန်းလျှို့ဝှက် မှတ်တမ်း အစရှိသည်တို့ကို ထည့်သွင်းကာ သူ၏ စာကြည့်တိုက်အား တိုးပွားများပြားစေရန် လုပ်လိုက်သည်။

ထို့ပြင် အခြားမှော်ကျိန်စာများစွာကိုလည်း ထည့်သွင်းလိုက်သေးသည်။ ဝက်ပါ : ကောင်းကင်ကိုးလွှာ မိုးကြိုးဆင့်ခေါ်ချက်၊ သိုင်းကျမ်းများ : ထင်ရာစိုင်း ခားပျံ၊ ပျောက်ကွယ်ခြင်း နည်းစနစ် : တိမ်လွှာနဂါး လွတ်မြောက်ခြင်း နည်းစနစ်၊ မှော်ကျိန်စာများ : ကောင်းကင်လှောင်အိမ် မှော်အင်းကွက်၊ အသေးအဖွဲ သံသရာ နည်းစနစ်… အစရှိသည်တို့ကိုလည်း လင်းဖုန်းသည် တိပိဋကကျမ်းစာခန်းမဆောင်ထံသို့ ထည့်သွင်းလိုက်သည်။

တာအိုနည်းစနစ်များမှ ဆင်းသက်လာသော မော်ကျိန်စာများ ဖြစ်ကြသည့် အမျက်ဒေါသ အေကာလာ မီးတောက်၊ ညက်ညောသော ခိစတိဂါဘ ခန္ဓာကိုယ်၊ ငရဲကမ္ဘာ ရုပ်သေးရုပ် ဖန်ဆင်းခြင်း နည်းစနစ်၊ ငရဲကမ္ဘာ နတ်လက်ချောင်း အစရှိသည်တို့သည် သက်သက်ဖန်ဆင်းရန်မလိုပဲ၊ မူလ တာအိုနည်းစနစ်ကို လေ့လာခြင်းအားဖြင့် ရရှိနိုင်မည် ဖြစ်သည်။

အကယ်၍ သူတို့အား သီးသန့်လေ့လာမည်ဆိုလျှင်၊ သူတို့၏ အနှစ်သာရများကို အတိအကျ နားလည်နိုင်ရန် မဖြစ်နိုင်ပေ။

အချိန်တို့သည် လျှင်မြန်စွာနှင့် ကုန်ဆုံးသွားကြသည်။ လင်းဖုန်းသည် ကျမ်းစာများ အားလုံးတို့ကို ထည့်သွင်းပြီးဆုံးသွားသော အချိန်တွင်၊ သူသည် တိပိဋက ကျမ်းစာခန်းမဆောင်နှင့် ဒုတိယ အထပ်သို့ တက်လာခဲ့သည်။ နရံမှ တွဲလောင်းကျနေသော စာလိပ်များနှင့် ကျယ်ပြန့်ရှင်းလင်းနေသော ဒုတိယ အထပ်ကို

ကြည့်လိုက်၍၊ လင်းဖုန်းသည် ခေါင်းကို အသာညိတ်လိုက်သည်။

သူတို့အတွင်းမှ စာလိပ်နှစ်လိပ်တို့သည်၊ ပုံရိပ်များ ရှိနေသည်။ သူတို့သည် မဟာကောင်းကင် နေမင်းရောင်စဉ် ကျမ်းစာနှင့် မဟာလမင်းအား အစစ်အမှန် နားလည်ခြင်း ကျမ်းစာတို့၏ အမှန်တရားများကို ထည့်သွင်းထားခြင်း ဖြစ်သည်။ ထိုစာလိပ်နှစ်ခုမှ လွဲ၍၊ ကျန်စာလိပ်များသည် ဗလာနတ္တိ ဖြစ်နေကြ၏။

လင်းဖုန်းသည် သူ၏ လက်ချောင်းများကို လှုပ်လိုက်ရာ၊ နောက်ထပ် တာအိုနည်းစနစ်တို့၏ အမှန်တရား နှစ်မျိုးတို့သည် ဗလာဖြစ်နေသော စာလိပ်နှစ်ခု အပေါ်တွင် ကျသွားကြသည်။ စာလိပ်တစ်ခု အပေါ်တွင် ကျယ်ပြန့်သော ကမ္ဘာမြေကြီး၏ပုံနှင့်၊ ကျန်စာလိပ် တစ်ခုအပေါ်တွင် မည်းမှောင်နေသော တိမ်တိုက်များနှင့် လေပြင်းများတို့၏ ပုံများသည် ပေါ်လာကြသည်။

လင်းဖုန်းသည် နိုင်ငံတို့၏ ကောင်းကင်စာအုပ်နှင့် လေနတ်ဘုရား

ဒြပ်မဲ့လေပြင်း နည်းစနစ်များကို၊ စာလိပ်များအတွင်းသို့ ထည့်သွင်းလိုက်ခြင်း ဖြစ်သည်။

ထိုကိစ္စများ ပြီးသွားသောအခါ၊ လင်းဖုန်းသည် တိပိဋကကျမ်းစာခန်းမဆောင်မှ ထွက်လာခဲ့၍၊ သူ၏ အကြည့်သည် အဝေးမှ တပည့်ခန်းဆောင်ထံသို့ ကျရောက်သွားခဲ့သည်။

တာအိုနည်းစနစ်များနှင့် မှော်ကျိန်စာများကို အာရုံစိုက်ကာ ပြုစုနေခဲ့သော်လည်း၊ လင်းဖုန်းသည် အချိန်မည်မျှ

ကုန်လွန်သွားခဲ့ပြီကိုလည်း သတိထားနေခဲ့သည်။ အခုအချိန်သည် သူက ဒုတိယ မျိုးဆက်များအား သူကိုယ်တိုင် သင်ခန်းစာ ပို့ချမည်ဟု ပြောထားသော၊ အချိန်သုံးရက် ပြည့်သွားခဲ့ပြီ ဖြစ်သည်။

ထိုအချိန်တွင် တပည့်ခန်းဆောင် အတွင်းမှ ဒုတိယမျိုးဆက် တပည့်များသည်လည်း၊ စိတ်လှုပ်ရှားမှုများ အပြည့်ဖြစ်နေကြသည်။ ဤသုံးရက်အတွင်းတွင် သူတို့သည်၊ ယခုအချိန်ကို စိတ်အားထက်သန်စွာနှင့် စောင့်မျှော်နေခဲ့ကြခြင်း ဖြစ်သည်။

သူတို့သည် သူတို့၏ ဂိုဏ်းချုပ်ဖြစ်သော လင်းဖုန်းအား၊ အစောကြီးကတည်းကပင် လေးစားအားကျနေကြသည်။ သို့သော်လည်း သူ၏ မျက်နှာကိုပင် တွေ့ရန် ခက်ခဲလှ၏။ အခုအချိန်တွင် လင်းဖုန်းက ကိုယ်တိုင် သင်ခန်းစာ ပို့ချမည် ဆို၍၊ သူတို့အတွက် မဟာပွဲတော်ကြီး တစ်ခုသဖွယ် ဖြစ်နေခဲ့သည်။

ဂိုဏ်းဖွင့်ပွဲ မတိုင်မီက ရှကျိုးမြို့ပြင်မှ တိုက်ပွဲတွင်၊ လင်းဖုန်းသည် နတ်ဘုရားကဲ့သို့ ယုကျင်းတောင်ဖြင့် ရောက်ရှိလာခဲ့ပြီး၊ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းအား အုပ်စုဖွဲ့

ဝိုင်းဝန်းတိုက်ခိုက်ခဲ့ကြသော အင်အားစု
အသီးသီးတို့အား၊ သူ၏လက်ချောင်းများကို
လှုပ်ရှုံနှင့်တင် လုံးဝချေမှုန်းနိုင်ခဲ့သော
မြင်ကွင်းသည်၊ တပည့်သစ်လေးများ၏
ခေါင်းထဲတွင် ထာဝရ ခတ်နှိတ်ပြီးသား
ဖြစ်နေခဲ့သည်။

လွန်ခဲ့သော သုံးရက်က
ဗိမာန်ခြောက်ဆောင်တို့အား
ဖွင့်လှစ်နိုင်ခဲ့ခြင်းသည်၊ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းအတွက် နောက်ထပ်
ကြီးကျယ်ခမ်းနားသော အလင်းရောင်
တစ်ခုကို ထပ်ထည့်နိုင်ခဲ့ခြင်း ဖြစ်သည်။

တပည့်သစ်များ တစ်ယောက်ချင်းဆီသည် ဂုဏ်ယူခြင်းများနှင့်အတူ၊ ပြင်းပြသော စိတ်အားထက်သန်မှုများနှင့်လည်း ပြည့်ဝနေကြသည်။

ခပ်ဝဝနှင့် တပည့်တစ်ယောက်သည် တပည့်ခန်းမဆောင်၏ ပြတင်းပေါက်ကို မှီထားကာ၊ တမ်းတတပ်မက်သည့် အမူအရာဖြင့် ပြောလိုက်သည်။ "အစ်ကိုဖုန်း၊ ကျွန်တော်တို့က ဘယ်အချိန်မှာ ဒီလိုမျိုး ဗိမာန်တွေကို ရရှိနိုင်ပါ့မလဲ?"

သူ၏ဘေးတွင် မထီမဲ့မြင် အပြုံးနှင့် ဆယ်ကျော်သက် တစ်ယောက်သည် သမ်းဝေလိုက်၏။ "ကျင့်ကြံမှုကို အရင်အာရုံစိုက်ပါ၊ ဒါတွေကို နောက်မှပြော။ အရမ်းမြင့်မြင့်ကြီး မမှန်းနဲ့"

ထိုဆယ်ကျော်သက်အား ကြည့်လိုက်ကာ၊ လင်းဖုန်းသည် ဖွဖွလေး ပြုံးလိုက်သည်။ သူ့အား မှတ်မိနေခဲ့သည်။ သူ၏နာမည်မှာ လျှိုရှုဖုန်းဖြစ်သည်။

ရှကျိုးမြို့ပြင်မှ ဂိုဏ်းဖွင့်ပွဲ အခမ်းအနား မတိုင်ခင်တွင်၊ သူနှင့် သူ့အဖော်များသည်

သူ၏ ဂိုဏ်းအတွင်းသို့ ဝင်ရန်အတွက် ရှကျိုးသို့လာခဲ့ကြသည်။ သို့သော်လည်း သူတို့သည် လမ်းတစ်ဝက်တွင် လေနတ်ဘုရားဂိုဏ်း၏ တားဆီးမှုကို ခံခဲ့ရကာ၊ ရှောင်ယန်နှင့် မြောင်ရှီးဟောင်တို့ကို ဝင်ကယ်ခဲ့၍၊ မဟာတိုက်ပွဲတစ်ခုအား ကန့်လန့်ကာ ဖွင့်ပေးခဲ့သည်။

သူသည် အမြဲတမ်း မထီမဲ့မြင်ပုံစံ ပေါက်နေ၍၊ ဘာကိုမှ ဂရုမစိုက်သည့်ပုံစံ ဖြစ်နေသည်။ သို့သော်လည်း သူ့တွင် သန်မာ၍ အရှုံးမပေးသော စိတ်ဓာတ်ရှိသည်။ ထိုအချိန်တုံးက သူသည် ချီဓာတ်ကို

မကျင့်ကြံရသေးသော်လည်း၊ လေနတ်ဘုရားဂိုဏ်းမှ ရွှေရောင်ဗဟိုချက် အဆင့် အကြီးအကဲက၊ တရားမျှတသည့် ပုံစံဖြင့် ဖိအားပေးခဲ့သည်ကို ကြံ့ကြံ့ခံကာ ရင်ဆိုင်ခဲ့သည်။

သူ၏ဘေးမှ လေဟာနယ် အတွင်းကို စိုက်ကြည့်နေခဲ့သော ခပ်ဝဝ ကောင်လေးကို ကြည့်လိုက်ကာ၊ လျှိုရှုဖုန်းက သူ့အား ဖွဖွလေး ပုတ်လိုက်သည်။ "'မြစ်ထဲကငါးကို စိုက်ကြည့်နေမဲ့အစား၊ အိမ်ကိုပြန်ပြီးမှ ပိုက်ကွန်ကို ယက်လုပ်တာက ပိုကောင်းတယ်'။ (ဆန္ဒသာရှိပြီး ဘာမှ

အလုပ်မလုပ်လျှင် အကျိုးမရှိဟု ဆိုလိုသော တရုတ်စကားပုံ ဖြစ်သည်) မင်းရဲ့ နည်းစနစ်တွေ မှော်ကျိန်စာတွေကို ကြိုးစားပြီးလေ့ကျင့်၊ ဒီကနေ့မှာ ဂိုဏ်းချုပ်က သင်ခန်းစာ ပို့ချပြီးရင်၊ ငါတို့ကို စာမေးပွဲစစ်ဖို့ရှိတယ်"

ဖက်တီးလေးက ခေါင်းညိတ်လိုက်သည်။ "ဟုတ်တယ်၊ ခဏနေကြရင် ကျွန်တော်က အသေအချာ နားထောင်ရမယ်။ ဒါပေမဲ့၊ အစ်ကိုဖုန်း၊ အစ်ကိုက ဘာမှစိတ်ပူစရာ မလိုပါဘူး၊ အစ်ကိုက စစ်ဆေးမှုကို အောင်မြင်မှာ သေချာပါတယ်"

လျှိုရှဖုန်းက ပုခုံးကို တွန့်လိုက်သည်။ "ဒါက ပြောဖို့ခက်ပါတယ်။ ဘာကို စစ်ဆေးမယ် ဆိုတာကို ဘယ်သူက သိလို့လဲ? ငါမပြောနဲ့၊ ဟိုသုံးယောက်တောင်မှပဲ ယုံကြည်မှုအပြည့်ရှိတာ မဟုတ်ဘူး"

ထိုစကားကို ကြားရသောအခါ၊ ဖက်တီးတပည့်လေး၏ မျက်နှာမှာ အီးမှန်သကဲ့သို့ ရှုံ့မဲ့သွားခဲ့သည်။ "စီနီယာရှုနဲ့ စီနီယာလီကတော့ ထားလိုက်ပါတော့။ ဒါပေမဲ့ ဘာဖြစ်လို့ ဟိုမုန်းစရာကောင်းတဲ့ တောသားလေးက ဒီလောက်အထိ

တော်နေရတာလဲ? ဘယ်လိုလုပ်ပြီး တရားမျှတမှာလဲ?"

သူစကားပြောနေရင်းနှင့်၊ ထိုဖက်တီးလေးမှာ ကျောထဲတွင် စိမ့်ကနဲ ဖြစ်သွားခဲ့သည်။ သူသည် လှည့်ကြည့်လိုက်သောအခါ၊ အေးစက်သော အကြည့်တစ်ခုကြောင့် ဘာမှမမြင်သကဲ့သို့ ဖြစ်သွားခဲ့သည်။ အသက်ပြင်းပြင်း တစ်ချက်ရှူလိုက်ကာ၊ သူက အော်လိုက်သည်။ "ယင်းလော်ရှ၊ မင်းက မင်းရဲ့ ခေါးပျံ အစုတ်ပလုတ်တွေနဲ့ ငါ့ကို ထပ်ချိန်ဦးမယ်ဆိုရင်၊ ငါကမင်းကို သတ်မယ်ကွ!"

အခန်းအတွင်းမှ လူများအားလုံးတို့သည် ဤမြင်ကွင်းကို ရိုးနေကြပြီ ဖြစ်သော်လည်း၊ လင်းဖုန်းသည် ထိုဖြစ်ရပ်အား စိတ်ဝင်တစားဖြင့် စိုက်ကြည့်နေခဲ့သည်။

ပုံမှန်အရဆိုလျှင် လူများသည် စက်ဝိုင်းပုံစံကို ဖန်ဆင်းချင်ကြသည်။ ထူးခြားသော လူတစ်ယောက်ကို ဗဟိုတွင်ထား၍၊ လူအချို့သည် သူ့အနားကို ဝန်းရံထားကြကာ အုပ်စုငယ်တစ်ခု ဖွဲ့စည်းကြသည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ ဒုတိယမျိုးဆက် တပည့်များသည်လည်း၊ သူတို့၏ ရင်းနှီးမှုများ၊ ပတ်သတ်မှုများ အပေါ်ကို မူတည်၍ ဝါဒတူ အစုအဖွဲ့များ ဖွဲ့ထားကြသည်။ ဥပမာ အနေဖြင့် သစ္စာရှိသည့်၊ အကောင်းမြင်တတ်သည့်၊ ပျော်ရွှင်တတ်သည့်အပြင် ကျင့်ကြံမှု အဆင့်လည်း မြင့်သော လျှို့ရှုဖုန်းသည် ထိုအုပ်စုတစ်စုများ အထဲမှ တစ်စု၏ ခေါင်းဆောင်ဖြစ်သည်။

သို့သော်လည်း မည်သည့်နေရာတွင်မဆို ခြွင်းချက်များ ရှိကြသည်။

အချို့လူနည်းစုများသည် အခြားသူများနှင့် ပူးပေါင်းလေ့ မရှိကြပဲ၊ သူတို့ဘာသာ သူတို့ နေလေ့ရှိကြ၏။

ထိုဖက်တီးတပည့် စိုက်ကြည့်နေခဲ့သည့်၊ ကြံ့လှိုင်၍ အသားခပ်မည်းမည်းနှင့် ဆယ်ကျော်သက် တစ်ယောက်သည်၊ ထိုကဲ့သို့သော လူတစ်ယောက်ဖြစ်သည်။ သူသည် ထောင့်တစ်ထောင့်တွင် တစ်ယောက်တည်း ထိုင်နေခဲ့၍၊ အခြားမည်သူနှင့်မှ စကားပြောနေခြင်း မရှိပေ။

သူ့ကို တစ်ချက်ငေ့ကြည့်လိုက်ရာ၊ လင်းဖုန်းက ထိုဆယ်ကျော်သက်သည် ဒုတိယမျိုးဆက် တပည့်များ အတွင်းတွင်၊ ကျင့်ကြံမှုနှင့် ပတ်သတ်၍ အကောင်းဆုံး တပည့်များထဲမှ တစ်ယောက်ဖြစ်မှန်းကို သိခဲ့လိုက်သည်။ သို့သော်လည်း အခြားသူများသည် သူ့ကို တွေ့လိုက်ရသည့် အခါတိုင်း ဝေးဝေးရှောင်သွားကြ၏။ သူတို့၏ မျက်နှာပေါ်တွင် မနှစ်မြို့သည့် အမူအရာများကို တွေ့နိုင်ပေသည်။

ထိုဆယ်ကျော်သက်၏ နာမည်သည် ယင်းလော်ရှ ဖြစ်၏။ သူ၏ပုံစံသည်

တောသားတစ်ယောက်နှင့် အလွန်အမင်း တူနေခဲ့သည်။ သူသည် အထီးကျန် ဝံပုလွေ တစ်ကောင်နှင့် တူနေ၍ တစ်ယောက်တည်း ထိုင်နေကာ၊ သူစိမ်းများကို ဝေးဝေးနေရန် သတိပေးသည့် အော်ရာများကို တိတ်တဆိတ် ထုတ်လွှတ်နေခဲ့သည်။

သူ၏ညာလက်တွင် ခားတိုတစ်ချောင်းအား ကိုင်ထားခဲ့သည်။ သူသည် ပစ်ပေါက်တော့မည့် ပုံစံဖြင့် ပြောင်းပြန်ကိုင်ထားခဲ့၏။ ထိုအချိန်တွင် သူသည် ခားကို သူ့၏အရှေ့တွင် ထားလိုက်ကာ၊ လျှို့ရှုဖုန်း၏ ဘေးမှ

ဖက်တီးလေးကို ချိန်ရွယ်ထားသည့် ပုံစံဖြင့် ကြည့်နေခဲ့၏။

ထိုဖက်တီးလေး၏ ဒေါသတကြီး အော်ဟစ်လိုက်သံကို ကြားလိုက်ရသော်၊ ယင်းလော်ရှသည် ဂရုမစိုက်သော အပြုံးဖြင့် ပြုံးလိုက်ကာ၊ ဝံပုလွေ၏ အစွယ်နှင့်တူသော သွားများကို ဖော်ပြလိုက်သည်။
"ငါ့ကိုသတ်မယ်? လာခဲ့လေ၊ ငါစောင့်နေတယ်"

ဖက်တီးတပည့်လေးမှာ ပါးစပ်အဟောင်းသား ဖြစ်သွား၏။ ယင်းလော်ရှထံမှ

မဖုံးကွယ်ထားသော သတ်ဖြတ်လိုစိတ်များကို ခံစားခဲ့လိုက်ရသည်။

အခန်းအတွင်းတွင် ရှိနေကြသော သူများအားလုံးတို့၏ မျက်မှောင်များသည် ကြုတ်သွားကြသည်။ သူတို့အားလုံး နီးပါးတို့သည် ယင်းလော်ရှ ခေးပျံ၏ ချိန်ရွယ်ခြင်းကို ခံဖူးကြသူများ ဖြစ်၏။ သူသည် တစ်ခါမှ တကယ် မပစ်လွှတ်ဖူးသော်လည်း၊ လူအားလုံးတို့မှာ ပြင်းထန်သော လူသတ်လိုစိတ်များကို ခံစားနိုင်ကြသည်။

"စိတ်ဝင်စားစရာပဲ၊ ဝံပုလွေ ပေါက်စတစ်ကောင်" လင်းဖုန်း၏ မျက်လုံးအစုံသည် လင်းလက်သွားခဲ့သည်။ ထိုဆယ်ကျော်သက်သည် အမှန်တကယ် လူသတ်ဖူးကြောင်း သူပြောနိုင်ပေသည်။ ပြီးတော့ လူတစ်ယောက်တည်း မဟုတ်ပေ။ သူသည် နောက်ထပ် လူတစ်ယောက်ကို ထပ်သတ်ရန်လည်း တွန့်ဆုတ်နေခြင်းအလျဉ်း မရှိပေ။

ခေးပုံဖြင့် အခြားသူများအား ချိန်ရွယ်ခြင်းသည်၊ အမှန်ဆိုလျှင် သူ၏ ကိုယ်ပိုင်အကျင့် ဖြစ်၏။ သို့သော်လည်း

အချိန်ခံရသောသူမှာ အမုန်တကယ်
စိတ်တိုလာ၍ လှုပ်ရှားလာခဲ့မည် ဆိုလျှင်၊
ယင်းလော်ရှသည့် ဘာမှ မစဥ်းစားနေပဲ
ခေးပုံအား ပစ်လွှတ်လိုက်မည် ဖြစ်သည်။

သူသည် အသက်ငယ်ငယ်လေးပင်
ရှိသေးသော်လည်း၊ သူ၏ အရိုးထဲမှနေ၍
သွေးဆာနေသော စိတ်များကို
တွေ့နိုင်ပေသည်။ မည်သည့် ဥပဒေများ၊
စည်းမျဥ်းစည်းကမ်းများကို ဂရုမစိုက်သော
လူပေလူတေ တစ်ယောက် ဖြစ်၏။

လျှိုရှုဖုန်းသည် မတ်တတ်ရပ်လိုက်ကာ၊ ဖက်တီးလေး၏ အရှေ့မှ ဝင်ကာလိုက်သည်။ "ယင်းလော်ရှ၊ မင်းက အစွမ်းသိပ်ထက်နေတယ်ဆိုလဲ တစ်ခြားလူတွေကို ပြဿနာသွားရှာလေ။ တပည့်အချင်းချင်း ပြဿနာရှာရတာကို သိပ်ဟုတ်နေပြီလို့ ထင်နေလား? မင်းက တကယ်ဆော့ချင်တယ် ဆိုရင်၊ ငါဒီမှာရှိတယ်" သူက ပျင်းရိစွာနှင့် ပြောလိုက်သည်။

ယင်းလော်ရှသည် ပြုံးလိုက်ကာ၊ ဂရုမစိုက်ပဲနှင့် ပြောလိုက်သည်။ "မင်းလား? မလုံလောက်သေးဘူး"

ထိုအချိန်တွင် ခရမ်းရောင်ဝတ်စုံကို ဝတ်ထားသော ဆယ်ကျော်သက် တစ်ယောက်သည်၊ တံခါးကို တွန်းဖွင့်ကာ ဝင်လာခဲ့သည်။ လူအုပ်ကြီးနှင့် တစ်ယောက်တည်း ရင်ဆိုင်နေခဲ့သော ယင်းလော်ရှအား ကြည့်လိုက်ကာ မျက်မှောင်ကြုတ်လိုက်၏။ "ကဲ၊ ရပ်လိုက်ကြတော့။ ဂိုဏ်းချုပ်က သင်ခန်းစာ ပို့ချတော့မယ့် အချိန်ရောက်နေပြီ။ အားလုံးပဲ အပြင်ထွက်ပြီး စုစည်းလိုက်ကြ"

ထိုလူပေါ်လာသောအခါ ယင်းလော်ရှသည် လှိုရှုဖုန်းအား ချက်ချင်း လျစ်လျူရှုလိုက်သည်။ ထိုခရမ်းရောင် ဝတ်စုံနှင့် ဆယ်ကျော်သက်အား ကြည့်လိုက်ကာ၊ သူ၏ မျက်လုံးအစုံသည် အေးစက်စွာနှင့် တောက်ပလာခဲ့သည်။ "ရှုယွင်စန်း"

ခရမ်းရောင် ဝတ်စုံနှင့် ရှုယွင်စန်းသည် တည်ငြိမ်စွာနှင့် ပြောလိုက်သည်။ "သွားကြစို့၊ အကြီးအကဲဇူက အချိန်မှန်ဖို့ကို အလေးအနက် ပြောထားတယ်။ အားလုံးပဲ နောက်မကျကြစေနဲ့"

လျှိုရှုဖုန်းသည် ပုခုံးတွန့်လိုက်ကာ၊ ရှူယွင်စန်း
အနောက်သို့ ဦးစွာ လိုက်သွားလိုက်သည်။
ကျန်သောသူများ အားလုံးတို့သည်လည်း
သူ့အနောက်သို့ လိုက်လာကြ၏။
ဖက်တီးတပည့်လေးသည် တံခါးပေါက်
အဝတွင် ရပ်လိုက်ကာ၊ ယင်းလော်ရှအား
ကြည့်လိုက်ကာ နှာမှုတ်လိုက်သည်။
"ယင်းလော်ရှ၊ မင်းက မင်းပြောသလို
တကယ်တော်တယ်ဆိုရင်၊ စီနီယာရှူကို
အနိုင်တိုက်နိုင်လို့လား? ဟွန့်၊
ဂိုဏ်းစဖွင့်ကတည်းက အခုအချိန်အထိ၊ သူ့ကို
တစ်ခေါက်မှ မနိုင်သေးဘူး မဟုတ်လား?"

ထိုစကားကို ကြားလိုက်ရသော်၊ ယင်းလော်ရှသည် ဒေါသမထွက်သွားခဲ့ပဲ ခေါင်းညိတ်လိုက်သည်။ "ဒီတစ်ခေါက်ကျရင်၊ ဂိုဏ်းချုပ်ရဲ့ သင်ခန်းစာပြီးရင်စစ်မဲ့ စာမေးပွဲက အခွင့်အရေးတစ်ခု ဖြစ်လာလိမ့်မယ်"

သူသည် သွားကိုဖြီး၍ ပြုံးပြလိုက်ရာ၊ ဖြူဖွေးနေသော သွားအနောက်မှနေ၍ သွေးစလေးတစ်စကို တွေ့နိုင်ခဲ့သည်။ နောက်ထပ် ထပ်ပြီး သရော်ချင်နေသေးသော်လည်း၊

ဖက်တီးလေးသည် တံတွေးကို မျိုချလိုက်ကာ လှည့်ထွက်သွားလိုက်သည်။

လင်းဖုန်း၏ အသိစိတ်သည် သူတို့၏ အနောက်မှလိုက်၍ တပည့်ခန်းဆောင် အတွင်းမှ ထွက်လာခဲ့ကာ၊ ဒုတိယမျိုးဆက်မှ တပည့် နှစ်ဆယ့်ရှစ်ယောက်စလုံးတို့ စုစည်းနေကြသည်ကို တွေ့လိုက်ရ၏။ သူသည် သူတို့အား ဝေ့ကြည့်လိုက်ကာ အကဲခတ်လိုက်သည်။ သူတို့အတွင်းတွင် အထူးချွန် အထက်မြက်ဆုံးသူ လေးယောက်ရှိသည်။ ဂိုဏ်းစဖွင့်သည်မှ နှစ်လကျော်သာ ရှိသေးသော်လည်း၊

သူတို့သည် ချီကျင့်ကြံမှုများကို စတင် ပြုလုပ်နိုင်ကြပြီ ဖြစ်ပြီး၊ အတော်တိုးတက်မှုများ ရရှိနေကြပြီ ဖြစ်သည်။

ရှုယွင်စန်း၊ ယင်းလော်ရှနှင့် လျိုရှဖုန်းတို့အပြင်၊ နောက်ဆုံးတစ်ယောက်မှာ ဆယ်ကျော်သက် ကောင်မလေး တစ်ယောက်ဖြစ်သည်။ သူမသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ခရမ်းရောင်ဝတ်စုံကို ဝတ်ဆင်ထားကာ၊ အရပ်ရှည်ရှည်ဖြင့် လှပကြော့ရှင်းပေသည်။ သူမ၏ မျက်နှာပေါ်တွင် နွေးထွေးသော အပြုံးကို

ပန်ဆင်ထား၍၊ သူမ၏ ကျက်သရေရှိသော ပုံစံဖြင့် တွဲလိုက်လျှင် ဆွဲဆောင်မှု အားကောင်းသော ပုံစံပေါက်နေပေသည်။

လင်းဖုန်းသည် သူမအား စိုက်ကြည့်လိုက်သည်။ "ငါမှတ်ထားတာ မမှားရင်၊ သူမရဲ့ နာမည်က လီရှင်းဖေးပဲ"

ဒုတိယမျိုးဆက် တပည့်များအတွင်းမှ အုပ်စုသုံးစုတို့တွင် သူမ၊ ရှုယွင်စန်းနှင့် လျှိုရှုဖုန်းတို့က ခေါင်းဆောင်များ ဖြစ်ကြသည်။

ဇူရီသည် တပည့်ခန်းဆောင် အရှေ့တွင် မတ်တတ်ရပ်နေခဲ့သည်။ ဒုတိယမျိုးဆက် တပည့်များ အစုံအလင် ရောက်ရှိလာကြသည်ကို တွေ့လိုက်ရသော်၊ သူ၏လက်ကို ဝှေ့ယမ်းလိုက်ကာ သူ၏ မှော်စွမ်းအင်ဖြင့် သူတို့အားလုံးအား ခေါ်ဆောင်သွားခဲ့ကာ၊ မဟူရာကောင်းကင် ရတနာသစ်ပင်၏ သစ်ရွက်တစ်ရွက် အပေါ်တွင် နေရာချပေးလိုက်သည်။ ထိုသစ်ရွက်သည် လွင်ပြင်ကျယ်ကြီး တစ်ခုအလား ကျယ်ပြန့်နေပေသည်။

တပည့်များသည် တင်ပုလ္လင်ခွေကာ ထိုင်လိုက်ကြသည်။ ဇူရီကလည်း ပို၍မြင့်သော သစ်ရွက်တစ်ရွက် အပေါ်တွင် ထိုင်ချလိုက်သည်။

ထိုနေရာတွင် ရှောင်ယန်၊ ရှောင်ပုတန်၊ ဝမ်လင်းနှင့် ယန်ချင်တို့သည် ရောက်နေကြပြီး ဖြစ်သည်။ ဇူရီ ရောက်လာသည်ကို တွေ့လိုက်ကြသော်၊ သူတို့သည် လက်သီးများကို ဆုပ်လိုက်ကြကာ နှုတ်ဆက်လိုက်ကြပြီး၊ ဇူရီကလည်း ပြန်လည် နှုတ်ဆက်လိုက်သည်။

ခဏာအကြာတွင် ယွဲ့ဟုန်ယန်သည်
ရှောင်ဟွမ်းကျိနှင့် ကျန်သော ကလေးများကို
ခေါ်လာခဲ့ကာ၊ မဟူရာကောင်းကင်
ရတနာသစ်ပင် အပေါ်သို့ ပျံသန်းလာခဲ့သည်။
လင်းဖုန်းသည် ထိုကလေးများကို
အထူးအခွင့်အရေး အနေနှင့်၊ တက်ရောက်ခွင့်
ပြုထားခဲ့သည်။

ထိုကလေးများသည် ယခင်က
ဆေးလူသားများအဖြစ်သို့
အပြောင်းခံရလုနီးနီး ဖြစ်နေခဲ့၏။ သူတို့၏
ကိုယ်အတွင်းတွင် ဆေးစွမ်းအင်နှင့်
စိတ်ဝိညာဉ် စွမ်းအင်များ

အမြောက်အမြားတို့ကို
သိုလှောင်ထားနိုင်ကြကာ၊ အကူအညီ
အနည်းငယ်ဖြင့် ချီကျင့်ကြံမှုကို
ပြုလုပ်နိုင်ကြ၏။ ထို့ကြောင့် ယခုအချိန်တွင်
သူတို့၏ ကျင့်ကြံမှုအဆင့်မှာ၊ ဒုတိယမျိုးဆက်
တပည့်များထက် အများကြီး ပိုမြင့်နေကြ၏။

ထို့ကြောင့် ဤဆယ်ကျော်သက်
တပည့်များသည် ဖိအားများစွာတို့ကို
ခံစားနေရပြီး၊ တစ်စက်ကလေးမှပင်
ကျင့်ကြံမှုနှင့် ပတ်သတ်၍ မပေါ့ဆရဲကြပေ။

"ဒါပေမဲ့ နောက်ဆုံးမှာတော့၊
ဒီကလေးလေးတွေရဲ့ အလားအလာက
ဂိုဏ်းက တပည့်တွေကို မမီနိုင်ကြဘူး"
လင်းဖုန်းက တွေးလိုက်သည်။ "သူတို့က
ရှောင်ပုတန်တို့ တတွေလောက်
မကြမ်းနိုင်ကြပေမဲ့၊ ဒီဒုတိယမျိုးဆက်
တပည့်တွေ အထဲကနေ အလားအလာ
ကောင်းတဲ့ တပည့်အချို့
ပေါ်ထွက်လာနိုင်တာပဲ။ ဒါပေမဲ့..."

လူအုပ်ကြီးအား ကြည့်လိုက်ကာ၊ လင်းဖုန်း၏
မျက်နှာတွင် အပြုံးတစ်ဝက်
ပေါ်ပေါက်လာခဲ့သည်။ "အသီးအနှံတွေက

စမှည့်ရုံ ရှိသေးတယ်၊ ဝက်ဝံက အကျိုးအမြတ်တွေကို ခိုးယူဖို့ ရောက်လာခဲ့ပြီ။ ဒီအကွက်က နည်းနည်းလေး ရိုးလွန်းတယ်လို့ မထင်ဘူးလား?"

ဤတပည့်အသုတ်တွင် အခြားအင်အားစုများမှ ထည့်သွင်းထားသော သူလျှိုများလည်း ပါနေပေသည်။ လင်းဖုန်းသည် တပည့်လက်ခံပွဲ အခမ်းအနားကတည်းက ရှာဖွေတွေ့ရှိခဲ့သော်လည်း၊ သူသည် မဖော်ထုတ်ခဲ့ပဲ၊ တမင်သက်သက် သူတို့အား ဆက်နေရန် ခွင့်ပြုထားခဲ့သည်။

အခုအချိန်တွင် လင်းဖုန်းသည် မရိုးသားသော ပုံစံဖြင့် ရယ်နေခဲ့သည်။
"ဖော်ထုတ်ခံလိုက်ရတဲ့ သူလျှိုပာ၊
ဆန့်ကျင်ဘက် ရလဒ်တွေကို
ပေးစွမ်းနိုင်လိမ့်မယ်"

## စာစဉ် ၂၀ : အပိုင်း ၁၁

## အပိုင်း ၃၆၁ : လင်းဖုန်း၏ စာမေးပွဲ

လင်းဖုန်းသည် အစောကြီးကတည်းက၊ သူ၏ ဂိုဏ်းအတွင်းသို့ အခြားလူများသည်

သူလျှိုများ လွှတ်လာကြမည်ဟု
မျှော်လင့်ထားပြီးသား ဖြစ်သည်။
သို့သော်လည်း ရုကျိုးမှ ဂိုဏ်းဖွင့်ပွဲ
အခမ်းအနားမှသာ စတင်၍၊ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းသည် တစ်ကမ္ဘာလုံး၏
အာရုံစိုက်မှုအား ခံခဲ့ရခြင်း ဖြစ်သည်။
ထိုအရှိန်သည် အခုလတ်တလော ဟွမ်ဟိုင်
စိတ်ဝိညာဉ် အစည်းအဝေးတွင်၊ နောက်ထပ်
အဆင့်တစ်ခု ထပ်မြင့်သွားခဲ့သည်။

သူက တပည့်များကို စတင်လက်ခံသည့်
အချိန်တွင်ပင်၊ အချို့သူများသည်
သူလျှိုများကို ထည့်သွင်းရန်

ကြိုးစားနေကြသည်။ သူလျှိုမှာ
တစ်ယောက်တည်းပင် ဖြစ်သော်လည်း၊
အချို့လူများသည့် အတော်ကြီးကို
ပြင်းပြင်းထန်ထန် ကြိုးစားထားကြသည်။

သို့သော်လည်း လင်းဖုန်းသည်
နဂိုမူလဂိုဏ်းအား မစွန့်ခွာပဲ သူ့ထံသို့
ရောက်လာခဲ့သောသူအား၊ စနစ်ကြီး၏
ကျေးဇူးဖြင့် ချက်ချင်း ဖော်ထုတ်နိုင်ခဲ့သည်။

လင်းဖုန်းသည် သူ့အား
လက်ရင်းတပည့်အနေဖြင့်
လက်မခံခဲ့သော်လည်း၊ ထိုသူသည်

သူ၏တပည့် တစ်ယောက်ယောက်၏ လက်အောက်သို့ ရောက်ရှိသွားမည် ဖြစ်သဖြင့်၊ သူအား လက်ခံရန် ဆုံးဖြတ်ခဲ့သည်။ နောက်တွင် သူသည် အသုံးဝင်လာနိုင်ကာ၊ မမျှော်မှန်းထားသော အကျိုးအမြတ်များကို ပေးနိုင်လေသည်။

လင်းဖုန်း သတိထားရမည့်သူမျိုးမှာ၊ မူလဂိုဏ်းမှ ထုတ်အပယ်ခံရပြီးမှ သူ့ဂိုဏ်းသို့ လာရောက်ရန် စေအခိုင်းခံရသူများပင် ဖြစ်သည်။ ထိုကဲ့သို့သော သူလျှိုများကိုမူ ဖော်ထုတ်ရန် မလွယ်ပေ။

သို့သော်လည်း ထိုကဲ့သို့သော သူမျိုးမှာ
သူ့ဂိုဏ်းဟောင်း၏ နည်းစနစ်များကို
ကျင့်ကြံနိုင်ခြင်း မရှိပဲ၊
အကျိုးကျေးဇူးများကိုလည်း ခံစားနိုင်မည်
မဟုတ်သဖြင့်၊ သူ၏ သစ္စာရှိမှုသည်
ကြံ့ကြံ့ခံနိုင်မည် မဟုတ်ချေ။ သူသည် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းဘက်သို့ပင်
ပါလာနိုင်ပေသည်။

ဘာပဲပြောပြော လူသားများသည်
အကျိုးအမြတ်နှင့် ကိုယ့်ဖို့သာ
ကြည့်ကြသူများ များပေသည်။ အကယ်၍
ယခုလက်ရှိဂိုဏ်းသည် သင့်အား

ကောင်းမွန်စွာ ဆက်ဆံ၍၊ တောက်ပသော
အနာဂတ်အား ပေးနိုင်သည်ဆိုလျှင်၊
အဘယ်ကြောင့် သခင်ဟောင်းအား
သစ္စာရှိနေမည်နည်း?

သို့သော်လည်း သူ့အား လွှတ်လိုက်သော
သူများမှာ၊ သူ့အား ထိန်းချုပ်ဖို့
အခြားနည်းလမ်းများလည်း
ရှိနေနိုင်သေးသည်။ သို့သော်လည်း
လင်းဖုန်းအတွက်လည်း ဖြေရှင်းရန်
နည်းလမ်းများစွာ ရှိပေသည်။

"ဒီတစ်ခေါက်က တော်သေးတယ်။ နောက်ထပ်တစ်ခေါက် တံခါးဖွင့်ပြီး တပည့်တွေကို လက်ခံမယ်ဆိုရင်၊ သူလျှိုတွေ အများအပြား ပါလာနိုင်မှာပဲ" လင်းဖုန်းသည် ဒုတိယမျိုးဆက် တပည့်များအတွင်းမှ တစ်ယောက်အား၊ စိုက်ကြည့်နေခဲ့ကာ ရယ်နေခဲ့သည်။ "ကောင်ကလေး၊ မင်းကို ဘယ်သူကများ လွှတ်လိုက်တာလဲ?"

"အခုအချိန်မှာ မသိသေးလည်း ကိစ္စမရှိပါဘူး၊ မင်းအကြောင်း ကောင်းကောင်းသိရဖို့ အချိန်အများကြီး ရှိသေးတယ်"

ခြေတစ်လှမ်း လှမ်းလိုက်ရုံနှင့်ပင် လင်းဖုန်းသည် ဟင်းလင်းပြင် အတွင်းမှ ထွက်လာခဲ့ကာ၊ မဟူရာကောင်းကင် ရတနာသစ်ပင်၏ သစ်ကိုင်းတစ်ကိုင်း အပေါ်တွင် ရပ်နေခဲ့သည်။ သူသည် စွမ်းအင်အော်ရာများကို တမင်သက်သက် မထုတ်လွှင့်နေခဲ့သော်လည်း၊ မဟူရာကောင်းကင် ရတနာသစ်ပင်၏ သစ်ရွက်အပေါ်တွင် ထိုင်နေကြသူများ အားလုံးတို့သည်၊ သူတို့က အဆုံးမဲ့ ကြယ်စင်ကောင်းကင်ကြီးအား ကြည့်နေခဲ့ရသကဲ့သို့ ခံစားနေကြရ၏။

လက်ရင်းတပည့်များ ဖြစ်ကြသော
ရှောင်ယန်တို့တတွေသည် လင်းဖုန်းအား
ပထမဦးစွာ ဦးညွှတ်လိုက်ကြသည်။
"ဆရာသခင်ကို ကြိုဆိုပါတယ်"

ဆယ်ကျော်သက် တစ်အုပ်စုတို့သည်
ယခုမှပင် သတိများ ပြန်ဝင်လာကြကာ၊
ကလေးလေးများနှင့် အတူ လင်းဖုန်းအား
လေးစားစွာဖြင့် ဦးညွှတ်လိုက်ကြသည်။
"ဂရန်းမာစတာရဲ့ ကြည်ညိုဖွယ်ရာ
ရောက်ရှိလာမှုကို ကြိုဆိုပါတယ်!"

"ပြန်ထကြပါ" လင်းဖုန်း၏ အမူအရာသည် တည်ငြိမ်သော ဥပေက္ခာအပြည့်နှင့် ဖြစ်သည်။ သူ၏ ခရမ်းရောင် ဝတ်စုံသည် ကျက်သရေ ရှိလှစွာဖြင့် လှုပ်ခါနေခဲ့သည်။ သူသည် မဟူရာကောင်းကင် ရတနာသစ်ပင်နှင့် တစ်သားတည်း ဖြစ်နေသကဲ့သို့ ဖြစ်နေခဲ့၏။ ရတနာသစ်ပင်၏ သစ်ကိုင်းတစ်ခု အပေါ်တွင် ထိုင်နေ၍၊ လင်းဖုန်းသည် သူ၏ ပထမ သင်ခန်းစာကို ပို့ချနေခဲ့သည်။

လင်းဖုန်းသည် ရှင်းလင်းပြောကြားရန် အလွန်တရာမှ ခက်ခဲနက်နဲသော နည်းစနစ်များကို မရွေးချယ်ခဲ့ပေ။ ထို့အစား

သူသည် ဇူရီ၏ ဇူကျို အရေအတွက်သုံးခု
အင်းရှစ်ကွက် ကျမ်းစာအတွင်းမှ၊
အစိတ်အပိုင်း အသေးလေးတစ်ခုကိုသာ
ရွေးချယ်ခဲ့၏။

သူသည် ကျမ်းစာအား တစ်လုံးချင်း
ရှင်းပြနေခြင်းလည်း မပြုခဲ့ပေ။ လင်းဖုန်းသည်
စာအုပ်အတွင်းမှ အပိုင်းတစ်ခုကို ဥပမာ
အနေဖြင့် ထုတ်ပြခဲ့၍၊ သူတို့၏
သဘောပေါက် နားလည်နိုင်ရန်
ကူညီပေးခဲ့သည်။

ဤသင်ခန်းစာတွင် လင်းဖုန်းသည် သူတို့အား ထိုကျမ်းစာအား ကျင့်ကြံရမည့် မှန်ကန်သော နည်းလမ်းကို လမ်းညွှန်ပေးခဲ့၍၊ ရှင်းလင်းပြတ်သားသော ဗျူဟာမြောက် လမ်းကြောင်းကို ညွှန်ပြပေးခဲ့သည်။

သူတို့က မည်ကဲ့သို့ နားလည်သဘောပေါက်ခဲ့မည်မှာ၊ လူတစ်ယောက်ခြင်း၏ ဉာဏ်ပညာ စွမ်းရည်နှင့် သက်ဆိုင်နေပေသည်။

ယခင်ကလည်း လင်းဖုန်းသည် ရောင်ယန်နှင့် ကျန်သော လက်ရင်းတပည့်များကို၊

ဤအတိုင်းပင် သင်ကြားပြသပေးခဲ့သည်။
သို့သော်လည်း ယခု ဒုတိယမျိုးဆက်
တပည့်များသည်၊ သဘောပေါက်
နားလည်နိုင်စွမ်းနှင့် ပါရမီတို့တွင် သူတို့နှင့်
ယှဉ်နိုင်ကြမည် မဟုတ်သဖြင့်၊ လင်းဖုန်းသည်
နောက်ထပ်ပို၍ အသေးစိတ် ရှင်းပြခဲ့ရသည်။

နောက်ဆုံးတွင် လင်းဖုန်း၏
သင်ကြားပြသမှုဆိုင်ရာ အတွေးအခေါ်သည်၊
လူတစ်ယောက်အား ငါးပေးဖို့ထက်စာလျှင်
ငါးမျှားခြင်းအား သင်ကြားပေးဖို့သာ
ဖြစ်သည်။

ငါးသည် ရလဒ်ဖြစ်၍၊ ငါးမျှားခြင်းသည် နည်းလမ်းဖြစ်သည်။ ငါးတစ်ကောင်သည် ဆာလောင်ခြင်းကို တစ်ရက်တာ ဖြေဖျောက်ပေးနိုင်သော်လည်း၊ ဆာလောင်မှု၏ ရေရှည်ပြဿနာအား ဖြေရှင်းရန် မတတ်နိုင်ပေ။ အကယ်၍ သင်သည် အမြဲတမ်းစားဖို့ ငါးများကို ရလိုလျှင်၊ ငါးမျှားသည့် နည်းလမ်းကို တတ်မြောက်ရန် လိုအပ်ပေသည်။

ဒါသည် သူ့ပို့ချသော သင်ခန်းစာ၏ အနှစ်သာရ ဖြစ်သည်။ သင်ခန်းစာ ပြီးဆုံးသွားသော အချိန်တွင်၊ လင်းဖုန်းသည်

သူတို့အား မေးခွန်းများမေးရန် ခွင့်ပြုခဲ့သည်။ ထို့နောက် သူသည် သူတို့၏ ကျင့်ကြံမှုနှင့် ပတ်သတ်သော သံသယများကို ဖြေရှင်းပေးခဲ့သည်။ မေးခွန်းများသည် ဘက်ပေါင်းစုံမှ ဖြစ်နိုင်သလို၊ နည်းစနစ် တစ်မျိုး၏ သီးသန့်ပြဿနာများလည်း ဖြစ်နိုင်သည်။

ဒါသည် အမှန်ဆိုလျှင် ရှောင်ယန်နှင့် ကျန်သော လက်ရင်းတပည့်များသာ ရနိုင်သော အခွင့်အရေး ဖြစ်သည်။ ယနေ့တွင် ဒုတိယမျိုးဆက် တပည့်များသည် ရှားရှားပါးပါး ရရှိခဲ့သော အခွင့်အရေး

တစ်ခုအား လက်လွတ်မခံကြပဲ၊ အပြည့်အဝ အသုံးချခဲ့ကြ၏။

သူတို့ မေးလာသော မေးခွန်းများကို လင်းဖုန်းသည် စိတ်ရှည်စွာနှင့် တစ်ခုပြီးတစ်ခု ဖြေကြားပေးခဲ့သည်။ ရှောင်ဟွမ်းကျိနှင့် အခြားကလေးများ၏ မေးခွန်းများပင် အပါအဝင် ဖြစ်၏။

သူ၏စကားများကို ကြားရသောအခါ၊ ဆယ်ကျော်သက်များသည် ချက်ချင်းပင် အလင်းရောင်များကို တွေ့လိုက်ရသကဲ့သို့ ခံစားခဲ့ရသည်။ သို့သော်လည်း သူတို့သည်

မေးခွန်းများနှင့်သာ ဆက်စပ်၍
တွေးခေါ်နိုင်ကြသည်။ သို့သော်လည်း
ရှောင်ယန်အပါအဝင် ကျန်သော
လက်ရင်းတပည့်များသည်၊
အတွေးနက်နေကြ၏။ တစ်ချက်သာ
ထိတွေ့လိုက်ရခြင်းသည်၊ အလားတူသော
အတွေးအမြင် များစွာတို့ကို
ဖြစ်ပေါ်စေခဲ့သည်။

လင်းဖုန်း၏ မေးခွန်းတစ်ခုချင်းကို အသေးစိတ်
ဖြေဆိုခဲ့ခြင်းသည် သူတို့၏ နားအတွင်းသို့
ကျရောက်ခဲ့ကာ၊ ဆင့်ကဲအတွေးများကို

ပွားများစေခဲ့ကာ နောက်ထပ်
စဥ်းစားစရာများစွာတို့ကို ရရှိစေခဲ့သည်။

သင်ခန်းစာ ပို့ချမှု အပြီးတွင် အကျိုးအမြတ်
အများဆုံး ရရှိသွားသူတို့မှာ၊ ရှောင်ယန်နှင့်
အပေါင်းပါများသာ ဖြစ်ပေသည်။

ဇူရီသည် သက်ပြင်းတစ်ချက် ချလိုက်ကာ
သူ၏ ဂိုဏ်းတူမောင်နှမများကို၊
မှော်စွမ်းအင်ဖြင့် အသံလွှင့်ကာ
ပြောလိုက်သည်။ "ဒီကနေ့မှ ဆရာရဲ့
သင်ကြားမှုကို ကြားလိုက်ရတဲ့ အခါမှာ၊
အရင်တုံးက တပည့်တွေကို တစ်ချိန်လုံး

လွဲမှားစွာ သင်ကြားပေးမိခဲ့တယ်လို့
ခံစားလိုက်ရတယ်"

အချင်းချင်း ကြည့်လိုက်ကြကာ၊ ရှောင်ယန်နှင့်
ကျန်သောသူများသည်လည်း
တပြိုင်နက်တည်း ခါးသီးစွာ ပြုံးလိုက်ကြ၏။
ရှောင်ယန်၏ မျက်နှာသည် ရှုံ့မဲ့နေခဲ့ကာ၊
"အစက တပည့်တွေကို လက်ခံရမယ်
ဆိုတာကို ခပ်ပေါ့ပေါ့ပဲ သဘောထားခဲ့တယ်။
ဒါပေမဲ့ အခုတော့ ခပ်လန့်လန့် ဖြစ်နေပြီ"

ရှောင်ပုတန်၊ ယွဲ့ဟုန်ယန်နှင့် ယန်ချင်တို့သည်
လျှင်မြန်စွာနှင့် ခေါင်းညိတ်လိုက်ကြသည်။

ဝမ်လင်း၏ မျက်မှောင်များမှာ ကြုတ်သွားခဲ့ကာ၊ "ဒါက ဘာကို ဆိုလိုနေသလဲ ဆိုတော့၊ ကျွန်တော်တို့က ပိုပြီးတော့ ကြိုးစားရဦးမယ် ဆိုတာပဲ"

လင်းဖုန်းကလည်း သူ၏ ပထမ သင်ခန်းစာသည်၊ သူ့တပည့်များ၏ တပည့်များ လက်ခံရမည့် ယုံကြည်ချက်ကို ရိုက်ချိုးခဲ့သည်ကို သိနေခဲ့သည်။

ရိုးသားစွာနှင့် ပြောရလျှင် ဤသင်ခန်းစာ အပြီးတွင်၊ သူကိုယ်တိုင်ကလည်း အကျိုးအမြတ် အချို့ကို ရရှိခဲ့သည်။ သူသည်

ရှောင်ယန်တို့ တတွေကို
ပြောထားဖူးသည့်အတိုင်း၊ အခြားလူများကို
တာအိုဝါဒ သင်ကြားပေးရမည်ဆိုလျှင်၊
ကိုယ်ကိုယ်တိုင်က ပထမဦးစွာ
ကျေကျေညက်ညက် နားလည်နိုင်ရမည်
ဖြစ်သည်။

ဆရာအနေနှင့် တပည့်များကို
သင်ကြားပေးသည့် ဖြစ်စဉ်တွင်၊
သူကိုယ်တိုင်ကလည်း အတွေးအမြင်သစ်များ
ရရှိလာနိုင်ပေသည်။

ထို့အပြင် ချီကျင့်ကြံခြင်း အဆင့်မှာသာ ရှိနေကြသေးသော ဆယ်ကျော်သက်များကို သင်ကြားပေးရာတွင်၊ ရှောင်ယန်နှင့် ကျန်သောသူများကို သင်ကြားပေးရသည်နှင့် မတူပေ။ သူတို့သည် ကျင့်ကြံမှုကို ယခုမှ စတင်ကြသူများ ဖြစ်သဖြင့်၊ မေးနေကျမဟုတ်သော ဘယ်ကနေ ပေါ်လာမှန်း မသိသည့်၊ မေးခွန်း ထူးထူးဆန်းဆန်းများလည်း ထွက်ပေါ်လာခဲ့သည်။

ထိုမေးခွန်းများကို ဖြေဆိုရန်အတွက် လင်းဖုန်းအနေဖြင့်၊ သူ၏ကိုယ်ပိုင်

တာအိုများကို နက်နက်ရှိုင်းရှိုင်း နားလည်ရန် လိုအပ်ပေသည်။ တစ်ခါတစ်ရံတွင် သူသည် ထူးထူးခြားခြား မေးခွန်းများကြောင့် အတွေးအမြင်သစ် အချို့ကိုပင် ရရှိခဲ့ပေသည်။ အချို့မှာ အသုံးဝင်ပြီး၊ အချို့မှာ အသုံးမဝင်ပေ။ သို့သော်လည်း ဘာပဲပြောပြော၊ အားသစ်တိုးစေသော အတွေ့အကြုံတစ်ခု ဖြစ်ခဲ့သည်။

မသိနားမလည်သေးသော ကလေးတစ်ယောက်၏ စကားတစ်ခွန်းသည်၊ တစ်ခါတစ်ရံတွင် လူကြီးတစ်ယောက်အား အသိအမြင် တိုးစေသကဲ့သို့ ဖြစ်သည်။

နည်းလမ်းပေါင်း တစ်သန်းတို့သည် နောက်ဆုံးတွင်၊ တာအိုဠ်သာ အဆုံးသတ်သွားမည် ဖြစ်သည်။ အကြီးမားဆုံး အမှန်တရားများသည် အရိုးရှင်းဆုံးများ ဖြစ်ကြ၏။ အမှန်တရား များစွာတို့သည် အမှန်အားဖြင့် ဆိုရလျှင်၊ အချင်းချင်း ဆက်သွယ်မှုများ ရှိနေကြ၏။

သင်ခန်းစာ ပို့ချမှု ပြီးဆုံးသွားသောအခါ အားလုံးတို့သည် ခေါင်းများကို ငုံ့ထားကြကာ၊ လင်းဖုန်း သင်ကြားခဲ့သမျှ စာကြောင်းတိုင်း၊

စကားလုံးတိုင်းအား နှလုံးသွင်း
ဆင်ခြင်နေကြသည်။

သူတို့က ပို၍ စဉ်းစားလေလေ၊
ထိုစကားလုံးများက ပို၍ အဓိပ္ပာယ် ရှိလေလေ
ဖြစ်သည်။ သူတို့၏ ကျင့်ကြံမှုအဆင့်
ပိုမြင့်လေလေ၊ ထိုစကားလုံးများ အတွင်းမှ
အနှစ်သာရများကို ပိုနားလည်လေလေ
ဖြစ်သည်။ ဤအချိန်တွင် သူတို့သည်
လင်းဖုန်းနှင့် ပို၍ နီးကပ်လာသကဲ့သို့
ခံစားလာရသည်။ သူတို့၏ ဆရာသည်
ကောင်းကင်ကဲ့သို့ မြင့်မား၍၊
ပင်လယ်ကြီးကဲ့သို့ ကျယ်ပြန့်သည်။ သူ၏

ဇဟာသုတများသည် အဆုံးအဆမရှိပဲ၊ သူ၏ ကျင့်ကြံမှု အတိမ်အနက်သည် အဖြေမရှိသော ပဟေဠိပုစ္ဆာ တစ်ခုကဲ့သို့ ဖြစ်နေ၏။

လင်းဖုန်းသည် သူ၏အရှေ့မှ တပည့်များ အားလုံးကို တည်ငြိမ်စွာနှင့် ကြည့်နေခဲ့သည်။ သူ၏ မျက်နှာတွင် မြင်ရန်ခက်ခဲသည့် အပြုံးတစ်ခုကို ပြုံးထားခဲ့သည်။ သူသည် သူတို့အား မလောခဲ့ပဲ စိတ်ရှည်လက်ရှည်ဖြင့် စောင့်ဆိုင်းနေခဲ့သည်။

အချိန်အတော် ကြာပြီးသွားသောအခါ ရှောင်ယန်၊ ဇူရီ၊ ဝမ်လင်းနှင့်

ရှောင်ပုတန်တို့သည်
ဦးစွာထရပ်လိုက်ကြသည်။ သူတို့သည်
စကားတစ်ခွန်းမှ မပြောပဲ၊ လင်းဖုန်းထံသို့
တပြိုင်နက်တည်း ဦးညွှတ်လိုက်ကြသည်။

ခဏအကြာတွင် ယွဲ့ဟုန်ယန်နှင့်
ယန်ချင်တို့၏ မျက်လုံးများသည်၊
ပြတ်သားကြည်လင်လာကြသည်။
သူတို့သည်လည်း မတ်တတ်ရပ်လိုက်ကြကာ၊
လင်းဖုန်းထံသို့ ရိုသေစွာနှင့်
ဦးညွှတ်လိုက်ကြသည်။

နောက်ပိုင်းတွင် ဒုတိယမျိုးဆက် တပည့်များနှင့် ဂိုဏ်းအတွင်းမှ ကလေးငယ်တို့သည်၊ တစ်ယောက်ပြီး တစ်ယောက် မတ်တတ်ထရပ်လာကြ၏။ အားလုံးတို့သည် မျက်နှာတွင် ပျော်ရွှင်မှု များစွာတို့နှင့်၊ လင်းဖုန်းအား ကြည်ညိုလေးစားစွာ အရိုအသေ ပြုလိုက်ကြ၏။

လင်းဖုန်းလည်း ပြုံးလိုက်ကာ၊ သူတို့အား လက်ဝှေ့ယမ်းလိုက်၍ သက်သာသလို နေစေခဲ့သည်။ နောက်ဆုံးတစ်ယောက်က အတွေးများကို သဘောပေါက်သွား အပြီးတွင်၊

လင်းဖုန်းသည် ရယ်လိုက်ကာ ပြောလိုက်သည်။ "ဒီကနေ့မှာ သင်ခန်းစာပို့ချမှုအပြင်၊ မင်းတို့ကို စာမေးပွဲ စစ်ချင်သေးတယ်"

သူသည် ဇူရီအား ကြည့်လိုက်ကာ၊ ခေါင်းကို အသာအယာ ညိတ်ပြလိုက်သည်။

ဇူရီသည် သူ့အား ဦးညွှတ်လိုက်ကာ၊ တပည့်များဘက်သို့ လှည့်ကာ ပြောလိုက်သည်။ "ဒီကနေ့မှာ ဂရန်းမာစတာရဲ့ စာမေးပွဲကို အောင်မြင်စွာ ဖြတ်ကျော်နိုင်တဲ့ သူတွေက၊ အဆင့်တစ်ဆင့်

တက်နိုင်မှာ ဖြစ်တယ်။ သူ/သူမတို့ကို ငါတို့ခြောက်ယောက်ရဲ့ တရားဝင် တပည့်တွေအဖြစ် လက်ခံပြီး၊ ငါတို့ရဲ့ သင်ကြားပြသမှုတွေကို ရရှိမှာ ဖြစ်တယ်"

"ပြီးတော့၊ သူ/သူမတို့ဟာ အခြားသော အခွင့်အရေးတွေအပြင်၊ တိပိဋကကျမ်းစာခန်းမဆောင်ကိုလည်း ဝင်ခွင့်ရမှာ ဖြစ်တယ်"

လူအုပ်ကြီးသည် တဖြည်းဖြည်းနှင့် လှုပ်လှုပ်ရှားရှား ဖြစ်လာခဲ့သည်။ သူတို့သည် အများအားဖြင့် တည်ငြိမ်စွာနှင့် အမိန့်ကို

နာခံနေကြသေးသည်ကို ကြည့်လိုက်ကာ၊ ဇူရီသည် စိတ်ကျေနပ်လှစွာဖြင့် ခေါင်းကိုညိတ်လိုက်ကာ ပြောလိုက်သည်။

"စာမေးပွဲ မအောင်တဲ့သူတွေကလည်း စိတ်ဓာတ်ကျစရာ မလိုဘူး။ ငါကမင်းတို့ကို အချိန်အားလျှော်စွာ တာအိုနည်းစနစ်တွေကို သင်ကြားပေးမှာ ဖြစ်တယ်။ ပြီးတော့ နောက်တစ်ချိန်မှာ တရားဝင် တပည့်တွေအဖြစ် တက်လှမ်းနိုင်ဖို့ အခွင့်အရေးတွေလည်း ရှိဦးမယ်။ မင်းတို့ပြုလုပ်ရမှာက သေသေချာချာ ကြိုးစားလေ့ကျင့်ကြဖို့ပဲ"

"မင်းတို့လေးတွေ အနေနဲ့၊ မင်းတို့က ဆရာတစ်ယောက်ကို ရှာချင်တယ်ဆိုရင်၊ ဂရန်းမာစတာရဲ့ စာမေးပွဲကို ဝင်ဖြေလို့ရတယ်။ မင်းတို့က အောင်သွားခဲ့ရင်၊ ငါတို့ရဲ့ တရားဝင်တပည့်တွေ ဖြစ်လာနိုင်တယ်။ မင်းတို့က မအောင်ခဲ့ရင်တောင်မှ ကောင်းကောင်းစွမ်းဆောင်နိုင်လို့ရှိရင်၊ ငါတို့ဂိုဏ်းရဲ့ တရားဝင်တပည့် ဖြစ်လာနိုင်တယ်။ ဝင်ဖြေမဖြေ ဆိုတာကတော့ မင်းတို့ရဲ့ ဆန္ဒအပေါ်မှာ မူတည်နေတယ်" ဇူရီက ရှောင်ဟွမ်းကျိနှင့် အခြားကလေးများကို ပြောလိုက်သည်။

ရှောင်ဟွမ်းကျိနှင့် အခြားသူများမှာ ဘာပဲပြောပြော ကလေးငယ်များသာ ရှိကြသေးသည်။ သူတို့သည် ခန်းနန်ဟွာ၊ ဇူရီနှင့် ယွဲ့ဟုန်ယန်တို့ထံမှ ချီကျင့်ကြံမှု နည်းစနစ်များကို သင်ယူထားရသည် ဆိုသော်လည်း၊ အများစုမှ စိတ်ပါလက်ပါ သိပ်မရှိကြချေ။ ကလေးအနည်းငယ်တို့သာ သူတို့၏ မျက်နှာများပေါ်တွင်၊ စိတ်လှုပ်ရှားမှုများ မျှော်လင့်မှုများကို တွေ့နိုင်၏။

"မေးခွန်းတစ်ခု ရှိပါတယ်" ထိုအချိန်တွင် လူအုပ်ထဲမှ တစ်စုံတစ်ယောက်သည် ရုတ်တရက် ထမေးလိုက်သည်။
"ကျွန်တော်တို့က စာမေးပွဲကို အောင်သွားရင်၊ အကြီးအကဲတွေရဲ့ တပည့်ပဲ ဖြစ်လာနိုင်မှာလား? ကျွန်တော်တို့ရဲ့ စွမ်းဆောင်ရည်က ထူးချွန်ပြောင်မြောက်ခဲ့ရင်၊ ဂိုဏ်းချုပ်ရဲ့ လက်ရင်းတပည့်ရော မဖြစ်နိုင်ဘူးလား?"

လူအားလုံးတို့၏ မျက်နှာတွင် ထိတ်လန့်တုန်လှုပ်မှုများနှင့်အတူ၊ စကားပြောသူအား လှမ်းကြည့်လိုက်ကြ၏။

သူသည် ကြုံလိုသော အသားမည်းမည်းနှင့်
သွန်သင်ရခက်သည့် ပုံစံရှိသော
ဆယ်ကျော်သက်၊ ယင်းလော်ရှ ဖြစ်သည်။

ရှောင်ပုတန်နှင့် ကျန်သောသူများသည်၊
အချင်းချင်း ကြည့်လိုက်ကြကာ
ရယ်ရမ်းသွေးလိုက်ကြသည်။
"ဒီကောင်စုတ်လေး.. မဆိုးဘူး၊
ငါသဘောကျတယ်" ရှောင်ယန်က
ကျယ်လောင်စွာ ရယ်မော၍ ပြောလိုက်သည်။

ဇူရီသည် ယင်းလော်ရှအား
တစ်ချက်ကြည့်လိုက်ကာ၊ ဘာကိုမှ မပြောခဲ့ပဲ

လင်းဖုန်းကိုသာ ကြည့်လိုက်သည်။ "မင်းက လုံလောက်အောင် ကောင်းနေရင် ရတာပေါ့" လင်းဖုန်းက ဒေါသမထွက်ပဲနှင့် ပြောလိုက်သည်။

ယင်းလော်ရှသည် ကျေနပ်စွာဖြင့် ခေါင်းညိတ်လိုက်ကာ၊ သူ၏မျက်လုံးများမှာ စိတ်လှုပ်ရှားမှုများနှင့် တောက်ပလာခဲ့သည်။

လင်းဖုန်းအား သတိထားမိစေခဲ့သော အချက်မှာ၊ ပရိသတ်များထဲတွင် ယင်းလော်ရှသာမကပဲ၊ ရှူယွင်စန်း၊ လီရှင်းဖေးတို့၏ မျက်လုံးများပါ

တောက်ပလာကြခြင်း ဖြစ်သည်။ အမြဲတစေ ပျင်းရိပျင်းတွဲ ဖြစ်နေခဲ့သော လျှို့ရှုဖုန်းပင်လျှင်၊ လေးနက်သည့်ပုံစံ ပေါက်လာခဲ့သည်။

ပါရမီရှင်များသည် မည်သည့်အခါမှ၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု မလျှော့နည်းကြပေ။ သူတို့နှင့် အတူတူ ဂိုဏ်းအတွင်းသို့ ဝင်ခဲ့ကြ၍၊ အခုအချိန်တွင် သူတို့ထက် အများကြီး သာနေကြကာ၊ သူတို့၏ ဆရာများပင် ဖြစ်လာနိုင်ကြသော ယွဲ့ဟုန်ယန်နှင့် ယန်ချင်တို့ကို ကြည့်လိုက်ကြပြီး၊ ပါရမီရှင်

လူငယ်လေးများတို့သည်
တိုက်ပွဲဝင်စိတ်များနှင့် ပြည့်လာခဲ့သည်။

လင်းဖုန်း၏ နှုတ်ခမ်းများသည် အနည်းငယ်
ပြုံးယောင်သမ်းသွားခဲ့ကာ၊ သူ၏
လက်ချောင်းများကို အနည်းငယ်
လှုပ်ခါလိုက်သည်။ လေထုထဲတွင် ခရမ်းရောင်
တိမ်တိုက်တစ်ခုက ပေါ်လာခဲ့၍၊ ရောမ
ခရမ်းရောင် နန်းတော်ကြီး အဖြစ်သို့
ပြောင်းသွားခဲ့သည်။ ထိုနန်းတော်ကြီးသည်
မဟူရာကောင်းကင်
ရတနာသစ်ပင်၏ဘေးတွင်

ကပ်လျှက်တည်ရှိပြီး၊ သူ၏ တံခါးဝသည် လူအုပ်ကြီးထံသို့ မျက်နှာမူထားခဲ့သည်။

"ငါ့ရဲ့ စာမေးပွဲက ရိုးရှင်းပါတယ်။ မင်းတို့ရဲ့ အရှေ့မှာ ရှိနေတာက၊ ဝင်္ကပါ တစ်ခုဖြစ်တယ်။ အထဲမှာ လမ်းကြောင်းတွေ အများကြီး ရှိပေမဲ့၊ ဝင်ပေါက်နဲ့ ထွက်ပေါက်က တစ်ခုတည်း ရှိတယ်" လင်းဖုန်းသည် ဘက်မလိုက်ပဲနှင့် ပြောလိုက်သည်။ "ငါက မင်းတို့ကို တစ်ရက် အချိန်ပေးမယ်။ ဒီဝင်္ကပါထဲကနေ အပြင်ကို ထွက်လာနိုင်တဲ့ သူတွေက၊ စာမေးပွဲအောင်တယ်လို့ ပြောရမယ်"

သူတို့၏ အရှေ့မှ ရောမ ခရမ်းရောင်
နန်းတော်ကြီးကို ကြည့်လိုက်ကာ၊
ဆယ်ကျော်သက်များသည်
မှင်သက်နေကြသည့်ပုံ ပေါက်နေကြသည်။
သူတို့က လင်းဖုန်း၏ စာမေးပွဲသည်၊
အနည်းဆုံးတော့ ဤမျှအထိ
ရိုးစင်းလိမ့်မည်ဟု ထင်မထားကြပေ။

ရှောင်ယန်နှင့် ကျန်သောသူများသည်ပင်
အတန်ငယ် အံ့ဩသွားခဲ့ကြ၏။ သို့သော်လည်း
သူတို့သည် ထိုခရမ်းရောင် တိမ်တိုက်
ဝင်္ကပါကို အသေအချာ

လေ့လာစူးစမ်းပြီးကြသည့် အချိန်တွင်၊ သူတို့အားလုံးတို့၏ မျက်နှာပေါ်တွင် သဘောပေါက်သည့် အမူအရာများ ပေါ်လာကြသည်။ ရှောင်ယန်နှင့် ရှောင်ပုတန်တို့သည် သူများတတွေ ဒုက္ခရောက်တော့မည်ကို သဘောကျသည့် အမူအရာများဖြင့်၊ အသံမထွက်ပဲ ကြိတ်၍ ရယ်နေကြ၏။

ယန်ချင်သည် သက်ပြင်းတစ်ချက် ချလိုက်ကာ၊ တပည့်များကို စာနာထောက်ထားစွာနှင့် ပြောလိုက်သည်။ "မင်းတို့က သတိကြီးကြီးထားမှရမယ်။

ဒီဝက်ံပါက မင်းတို့ကို စမ်းသပ်မယ့်
အရာတွေက အများကြီး ရှိတယ်။ မင်းတို့က
အမှားအယွင်း အနည်းငယ် လုပ်မိလို့ရှိရင်
တစ်ရက်အတွင်း မပြောနဲ့၊ မင်းတို့ရဲ့
တစ်သက်လုံးတောင် ထွက်လာနိုင်မှာ
မဟုတ်ဘူး"

## စာစဥ် ၂၀ : အပိုင်း ၁၂

## အပိုင်း၃၆၂ : ခရမ်းရောင်တိမ်တိုက် ဝက်ံပါ

ထိုစကားများကို ကြားခဲ့ရသောအခါ၊
တပည့်များ၏ စိတ်ခံတတ်များသည်

ကယောက်ကယက် ဖြစ်သွားကြသည်။
မျက်လုံးအစုံပေါင်း များစွာတို့သည်
ခရမ်းရောင်တိမ်တိုက် ဝင်္ကပါကို
ထပ်မံသုံးသပ် လိုက်ကြပြီး၊ သူတို့၏
မျက်စိမျက်နှာများသည် ပျက်လာကြ၍
သတိထားသော အမူအရာများ
ပေါက်လာကြသည်။

အဖွဲ့သုံးဖွဲ့၏ အဖွဲ့ဝင်တို့၏ အကြည့်များသည်
ရှူယွင်စန်း၊ လီရှင်းဖေးနှင့် လျှို့ရှုဖုန်းတို့၏
အပေါ်တွင် ကျရောက်လာကြသည်။

ရှုယွင်စန်းနှင့် လျှိုရှုဖုန်းတို့သည် ဝက်ပါကို
တိတ်ဆိတ်စွာနှင့် အကဲခတ်နေကြပြီး၊
လီရှင်းဖေးက တိတ်တဆိတ်
သက်ပြင်းတစ်ချက် ချလိုက်သည်။
"ဒီဝက်ပါထဲကို ဝင်သွားပြီးရင်
အဖြစ်နိုင်ဆုံးက၊ သူတပါးတွေနဲ့
အဆက်အသွယ် ပြတ်သွားပြီး
ကိုယ့်ဘာသာကိုယ် ရုန်းကန်ရမှာပဲ"

သူမ၏ အသံသည်
သိမ်မွေ့ချိုသာလှသော်လည်း၊ အခုအချိန်တွင်
သူမ၏ ဘေးနားတွင် ရှိသောသူများ၏
နားထဲတွင် နားဝင်မချိုခဲ့ပေ။

ရှုယွင်စန်းသည် လှည့်လိုက်ကာ တည်ငြိမ်စွာနှင့် ပြောလိုက်သည်။ "ငါတို့က တစ်ယောက်ချင်းစီ မဝင်ပဲနဲ့ အတူတကွ ဝင်သွားကြမယ် ဆိုရင်လည်း၊ ငါတို့ကို ခရမ်းရောင် တိမ်တိုက်တွေက ခွဲခြားလိုက်ပြီး၊ တစ်ယောက်နဲ့တစ်ယောက် အကူအညီ ပေးလို့မရအောင် အဆက်အသွယ်တွေ ဖြတ်ထားလိုက်မှာပဲ"

လူအုပ်ကြီးသည် ထိုအချိန်တွင် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၍၊ လင်းဖုန်းအား

တစ်စိတ်တစ်ဝမ်းတည်း
လှမ်းကြည့်လိုက်ကြသည်။

လင်းဖုန်းသည် တည်ငြိမ်စွာနှင့်သာ ရှိနေခဲ့၍၊ တိတ်ဆိတ်ငြိမ်သက် နေခဲ့သည်။ သူ၏ဘေးမှ ဇူရိက ပြောလိုက်သည်။ "အားလုံးက ဝက်ပါထဲကို အတူတကွ ဝင်ကြရမယ်။ ဂရန်းမာစတာက ဒီဝက်ပါထဲကို လေဟာနယ် စွမ်းအင်တွေ ပေါင်းစည်းထားတယ်။ ဒိုင်မန်းရှင်း တစ်ခုအထဲမှာ လေဟာနယ် အပိုင်းတွေ အများရှိ ရှိနေတယ်"

"ဝက်ံပါ အထဲကို ဝင်သွားကြတဲ့ လူတိုင်းဟာ၊ သီးသန့်လေဟာနယ် တစ်ခုထဲကို ရောက်သွားလိမ့်မယ်။ မင်းတို့က အဲ့ဒီလေဟာနယ်ထဲမှာ တစ်ယောက်တည်းသောသူပဲ ဖြစ်လိမ့်မယ်။ အဲ့ဒီအတွက်ကြောင့် မင်းတို့က ဝက်ံပါအထဲက ထွက်နိုင်မလား ဆိုတာက၊ မင်းတို့ကိုယ်တိုင် အပေါ်မှာပဲ မူတည်နေတယ်"

ဆယ်ကျော်သက် တစ်အုပ်စုတို့မှာ ပါးစပ်အဟောင်းသားနှင့်၊ ပင့်သက်ရှိုက်လိုက်ကြသည်။ သူတို့၏ အရှေ့မှ ခရမ်းရောင်တိမ်တိုက် ဝက်ံပါအား

ကြည့်လိုက်ကြ၍၊ သူတို့၏ မျက်နှာပေါ်တွင် ကြောက်ရွံ့မှုများ၊ စိုးရိမ်ပူပန်မှုများ ပေါ်လာကြ၏။

ရှုယွင်စန်းနှင့် လီရှင်းဖေးတို့၏ အမူအရာများသည်လည်း လေးနက်လာကြသည်။ သူတို့သည် အကြားအာရုံ၊ အမြင်အာရုံ စသည်တို့ကိုသာ အကျိုးသက်ရောက်မှု ရှိမည်ဟု ထင်နေကြသော်လည်း၊ လင်းဖုန်း၏ နည်းလမ်းများသည် သူတို့၏ ဉာဏ်မမှီသော နေရာတွင် ရှိနေခဲ့၏။

ခရမ်းရောင်တိမ်တိုက် ဝင်္ကပါ အတွင်းသို့ ဝင်ရောက်သွားကြမည့် လူတစ်ဦးချင်းစီသည်၊ သီးသန့်လေဟာနယ် အတွင်းသို့ တစ်ယောက်တည်း ရောက်ရှိသွားမည် ဖြစ်သည်။ ထိုနေရာတွင် သူသည် တစ်ယောက်တည်း ရှိနေမည် ဖြစ်၏။

ဇူရီက ဆက်ပြောလိုက်သည်။ "တရားမျှတမှု ရှိစေဖို့အတွက် လေဟာနယ် တစ်ခုချင်းစီတိုင်းမှာ၊ ဝင်္ကပါရဲ့ အနေအထားနဲ့ အရပ်မျက်နှာတွေက တစ်ပုံစံတည်းပဲ ဖြစ်မှာဖြစ်တယ်"

"မင်းတို့မှာ မေးစရာမေးခွန်း မရှိခဲ့ရင်၊ မင်းတို့က စဝင်လို့ရပြီ။ အခုကနေစတင်ပြီး အချိန်ရေတွက်ပြီ - တစ်ရက်"

လူအုပ်ကြီးကို ကြည့်လိုက်ရင်း၊ လင်းဖုန်း၏ နှုတ်ခမ်းတို့သည် ပြုံးယောင်သန်းလာခဲ့သည်။ "မင်းတို့ကို သဲလွန်စတစ်ခု ပေးလိုက်မယ်။ မင်းတို့က စာအုပ်ကြီး အတိုင်းပဲ မစဉ်းစားပဲ လိုက်လျောညီထွေ ဖြစ်အောင် ကြိုးစားပြီး၊ အကန့်အသတ်တွေရဲ့ အထဲကနေ ခုန်ထွက်ရမယ်။ မင်းတို့ရဲ့ နှလုံးသားအတိုင်း စဉ်းစားမယ်ဆိုရင် ပုံရိပ်ယောင်တွေကို

ကျော်လွှားနိုင်ပြီး၊ ဒီဝက်ံပါထဲက ထွက်ဖို့က မခက်ခဲ့ပါဘူး"

ထိုစကားကို ကြားလိုက်ရသောအခါ၊ လူအားလုံးတို့သည် နောက်ထပ်တစ်ခေါက် အတွေးများနှင့် ငြိမ်သက်သွားခဲ့ကြသည်။

အချိန်အတော်ကြီးကြာမှ လျှို့ရှုဖုန်းသည် ဝက်ံပါ၏ ဝင်ပေါက်ကို ကြည့်လိုက်ကာ၊ ရုတ်တရက် ရယ်လိုက်သည်။ "သွားကြစို့၊ ငါတို့က ဆရာတွေရဲ့ သင်ကြားမှုကို လိုက်ရှာနေကြတာ၊ ဒီကနေ့အတွက်ပဲ မဟုတ်ဘူးလား?" သူ၏စကား ဆုံးသည်နှင့်

သူသည်၊ ဝင်ပေါက်ရှိရာသို့
ခြေလှမ်းကျဲကြီးများနှင့်
လျှောက်လှမ်းသွားခဲ့သည်။ သို့သော်လည်း
ပုံရိပ်တစ်ခုမှာ သူ့ထက်ပင် လျှင်မြန်နေသေး၏
- ယင်းလော်ရှ။

ဝက်ပါ ဝင်ပေါက်အနီးသို့ ရောက်လာခဲ့သော
ယင်းလော်ရှသည် သူ၏ခြေလှမ်းကို
ခေတ္တရပ်လိုက်ကာ၊ ရှုယွင်စန်းအား
လှမ်းကြည့်လိုက်၏။ သူသည်
ဘာမှမပြောခဲ့သော်လည်း၊ သူ၏
ရည်ရွယ်ချက်မှာ ထင်ရှားနေသည်။

သူတို့ ဂိုဏ်းအတွင်းသို့ စတင်ကတည်းက ကျင့်ကြံမှု အဆင့်ပင်ဖြစ်ဖြစ်၊ ဇူရီစစ်သော အသေးစား စာမေးပွဲလေးများပင် ဖြစ်ဖြစ်၊ ရှုယွင်စန်းသည် ဒုတိယမျိုးဆက် တပည့်များ အတွင်းတွင် အမြဲတမ်း ပထမရခဲ့သည်။ ထိုအချိန်တွင် ယင်းလော်ရှသည် ရှုယွင်စန်း၏ အနောက်တွင်၊ အနည်းငယ်သာ နောက်ကျကျန်နေခဲ့သည်။

တစ်ခါတရံတွင် သူတို့နှစ်ယောက်စလုံးတို့သည် တစ်ယောက်နှင့်တစ်ယောက် အသာစီး မရပဲ၊ သရေသာ ကျခဲ့သည်။ သို့သော်လည်း

ယင်းလော်ရှသည် တစ်ခါမှ ရှုယွင်စန်းအား အနိုင်မရဖူးပေ။

တောရိုင်းလွင်ပြင်များ အတွင်းတွင် ကျင်လည်ကျက်စားလေ့ရှိသော မီးခိုးရောင် ဝံပုလွေ တစ်ကောင်ကဲ့သို့ အထီးကျန်ကာ မာနကြီးသော အသားမည်းမည်း အရိုးပြိုင်းပြိုင်းနှင့် ဆယ်ကျော်သက်၏ မျက်စိထဲတွင်၊ ရှုယွင်စန်း တစ်ယောက်သာ သူ၏ပြိုင်ဆိုင်ရန် ထိုက်တန်ပေသည်။ လီရှင်းဖေးနှင့် လျှိုရှုဖုန်းတို့ အပါအဝင် ကျန်သောသူများသည်၊ စကားပြောရန်ပင် ထိုက်တန်ခြင်း မရှိပေ။

ယင်းလော်ရှ၏ စိန်ခေါ်မှုကို ရင်ဆိုင်ခဲ့ရသော အချိန်တွင်၊ ရှုယွင်စန်းသည် ခါတိုင်းကဲ့သို့ပင် တည်ငြိမ်စွာနှင့် ခေါင်းကိုဖြည်းညင်းစွာ ညိတ်ပြလိုက်သည်။

သူ့အနေနှင့် ယင်းလော်ရှသည် ပြိုင်ဘက်ကောင်း တစ်ယောက်ဖြစ်သည်။ သူ၏ အနောက်တွင် ခြေလှမ်းတစ်ဝက်လောက်သာ နောက်ကျနေခဲ့သော ယင်းလော်ရှ၏ ဖိအားကြောင့်သာ မဟုတ်လျှင်၊ သူသည်လည်း

ဤကဲ့သို့ အလျှင်အမြန် တိုးတက်လာနိုင်မည် မဟုတ်ပေ။

ရှုယွင်စန်းသည် သူ၏စိန်ခေါ်မှုအား လက်ခံလိုက်သည်ကို တွေ့ရပြီးနောက်၊ ယင်းလေ်ရှသည် အေးစက်စွာနှင့် ပြုံးလိုက်ပြီး အနောက်သို့လှည့်ကာ၊ ခရမ်းရောင်တိမ်တိုက် ဝက်ပါအတွင်းသို့ ဝင်သွားခဲ့သည်။

မကျေမနပ် ဖြစ်နေသော တပည့်တစ်ယောက်သည် ရှုယွင်စန်းအား ပြောလိုက်သည်။ "စီနီယာရှု၊ သူ့ကို

သင်ခန်းစာလေး
ကောင်းကောင်းပေးလိုက်ပါဗျ!"

ရှုယွင်စန်းသည် ဖွဖွလေး ပြုံးလိုက်သည်။
"စိတ်မပူပါနဲ့၊ ငါကရှုံးမှာ မဟုတ်ပါဘူး"
ထိုစကားများကို ပြောလိုက်သော်လည်း
ရှုယွင်စန်းသည် နေရာမှနေ မလှုပ်ရှားခဲ့ပဲ၊
နဂိုနေရာမှာပင် ငြိမ်သက်စွာ ရပ်နေခဲ့ကာ
ခရမ်းရောင်တိမ်တိုက် ဝင်္ကပါအား
မမှိတ်မသုန် စိုက်ကြည့်နေခဲ့သည်။

အချိန်အတော်ကြီး ကြာပြီးသွား၍
ကျန်သောသူများ အားလုံးတို့သည်

ဝက်ပါအတွင်းသို့ ဝင်သွားကြပြီး သွားမှပင်၊ ရှုယွင်စန်းသည် သက်ပြင်းအရှည်ကြီး တစ်ချက်ကို ချလိုက်ကာ အတွင်းသို့ ဝင်သွားခဲ့သည်။

"ဒုတိယ စီနီယာ၊ သူတို့က စီနီယာရဲ့ လက်အောက်မှာ သင်ကြားနေတာဆိုတော့၊ သူတို့ကို စီနီယာက အသိဆုံး ဖြစ်မှာပဲ။ သူတို့အထဲက ပထမဦးဆုံး ထွက်လာနိုင်မယ့်သူက ဘယ်သူများ ဖြစ်မယ်လို့ သင်သလဲဗျ?" ထိုအချိန်တွင် ရှောင်ပုတန်က ဇူရီအား စပ်ဖြီးဖြီးဖြင့် မေးလိုက်သည်။ "ပြီးတော့

တစ်ရက်အတွင်းမှာ
လူဘယ်နှစ်ယောက်လောက် အောင်မြင်စွာနဲ့
ထွက်လာနိုင်မယ်လို့ ထင်သလဲ?"

"အထဲကနေ ထွက်လာနိုင်တဲ့သူတွေက
လက်နှစ်ဘက်နဲ့ ရေတွက်လို့ရမယ်" ဇူရီက
တည်ငြိမ်စွာနှင့် ဖြေလိုက်သည်။
"ဝင်္ကပါထဲကနေ ပထမဦးဆုံး
ထွက်လာနိုင်မယ့်သူ အနေနဲ့ကတော့..."

သူသည် ခရမ်းရောင်တိမ်တိုက် ဝင်္ကပါအား
တစ်ချက်ကြည့်လိုက်ပြီး၊ "ဆရာ့ရဲ့ ဝင်္ကပါက...
ကြည့်ရတာ ရိုးရှင်းပေမဲ့၊ ဟိုတပည့်တွေ

အနေနဲ့ဆိုရင်၊ ဒါက ဘက်ပေါင်းစုံကို စစ်ဆေးတာပဲ"

"ပထမ၊ သူက သူတို့ကို စိတ်ဝိညာဉ် စွမ်းအင်နဲ့ ပတ်သတ်တဲ့ စိတ်ခံစားမှု စွမ်းရည်တွေကို စစ်ဆေးတယ်။ ဒါက သူတို့ရဲ့ အရိုးအရင်းမြစ်ကို စစ်ဆေးတာပဲ။ သူတို့ရဲ့ စိတ်အာရုံခံမှု ကောင်းလေလေ၊ စိတ်ဝိညာဉ် စွမ်းအင်တွေရဲ့ လှုပ်ရှားမှုကနေ ဝင်္ကပါရဲ့ လျှို့ဝှက်ချက်တွေကို ဖော်ထုတ်နိုင်ဖို့ အခွင့်အရေး ပိုများလေလေပဲ ဖြစ်တယ်"

"နောက်တစ်ချက်က သူတို့ရဲ့ စိတ်စွမ်းအင်ကို စစ်ဆေးတာ။ သူတို့က ဝက်ပါအတွင်းက ကစဉ့်ကလျား ဖြစ်မှုတွေကို၊ စိတ်လှုပ်ရှားမှု ကင်းမဲ့ပြီး တည်ငြိမ်စွာနဲ့ ကြံ့ကြံ့ခံပြီး ရင်ဆိုင်နိုင်ရမယ်။ ဒါမှသာ သူတို့ကို လမ်းမှားပို့နေတဲ့ ပုံရိပ်ယောင်တွေကို ထွင်းဖောက်မြင်နိုင်ပြီး မှန်ကန်တဲ့ ဆုံးဖြတ်ချက်ကို ချမှတ်နိုင်မှာ ဖြစ်တယ်"

"နောက်ဆုံးမှာ သူတို့ရဲ့ အသိဉာဏ်နဲ့ လိုက်လျောညီထွေမှုတွေကို စစ်ဆေးတာ။ တကယ်လို့ သူတို့က ဒီဝက်ပါရဲ့ အနောက်မှာ ကွယ်ဝှက်ထားတဲ့ အစစ်အမှန်

လျှို့ဝှက်ချက်တွေကို မဖော်ထုတ်နိုင်လို့ရှိရင်၊ နံပါတ်ငါး ဂျူနီယာ ပြောထားတဲ့ အတိုင်းပဲ၊ သူတို့က တစ်ရက်မပြောနဲ့ တစ်သက်လုံးတောင်မှ အထဲကနေ ထွက်လာနိုင်မှာ မဟုတ်ဘူး"

ထိုစကားများကို ပြော၍အပြီးတွင်၊ ဇူရီ၏ မျက်နှာတွင် ခါးသီးသော အပြုံးတစ်ခုက ပေါ်လာခဲ့သည်။ "ငါက သူတို့ကို နည်းစနစ်တွေ သင်ကြားပေးခဲ့တယ် ဆိုပေမဲ့၊ ငါက သူတို့နဲ့ အချိန်အနည်းသာ ထိတွေ့ခဲ့တာ။ ငါက သူတို့အကြောင်းကို ထဲထဲဝင်ဝင်သိတယ်လို့ မပြောရဲဘူး"

"ငါပြောရဲတာက ဝင်္ကပါအထဲက ပထမဦးဆုံး ထွက်လာနိုင်တဲ့ သူက ရှူယွင်စန်း၊ ယင်းလော်ရှ၊ လီရှင်းဖေးနဲ့ လျှိုရှုဖုန်းတို့ လေးယောက်ထဲက တစ်ယောက်ဖြစ်လိမ့်မယ် ဆိုတာကိုပဲ" ခေတ္တမျှ ငြိမ်သွားပြီး သူက ဆက်ပြောလိုက်သည်။ "ငါက ရှူယွင်စန်းနဲ့ ယင်းလော်ရှတို့ကို ပိုထင်တယ်"

သူတို့၏ ဆွေးနွေးနေမှုများကို နားထောင်နေရင်း၊ လင်းဖုန်း၏ မျက်နှာပေါ်တွင် အပြုံးတစ်ခု ပေါ်လာခဲ့ကာ၊ သူ၏ဘေးမှ လေဟာနယ်

တစ်ခုဆီသို့လှည့်ကာ ပြောလိုက်သည်။
"နန်းဟွာ၊ ရှီးဟောင်၊ မင်းတို့ရဲ့ အမွေတွေကို
ဆက်ခံဖို့၊ တပည့်တချို့ ရွေးဖို့ကို
စိတ်ဝင်စားသလား?"

လေထုထဲမှ အက်ကွဲကြောင်းနှစ်ခု
ပေါ်လာခဲ့၍၊ ခန်းနန်းဟွာနှင့်
မြောင်ရှီးဟောင်တို့ နှစ်ယောက်သား
ပေါ်လာကြသည်။ ခန်းနန်းဟွာက
ပြုံးလိုက်ကာ ခေါင်းကိုခါလိုက်သည်။
"လူကြီးလူကောင်း တစ်ယောက်က၊
တခြားလူရဲ့ ပစ္စည်းတွေကို မတပ်မက်ရဘူး။
ကျွန်တော်က ဝင်ပါမှာ မဟုတ်ပါဘူး"

မြောင်ရှီးဟောင်ကလည်း ရယ်ရမ်းသွေးလိုက်၏။ "ကျွန်တော်ကလည်း တပည့်တစ်ယောက်ကို သွန်သင်ဖို့ အချိန်နဲ့ စိတ်ဝင်စားမှု မရှိဘူး။ တကယ်လို့ ကျွန်တော်က တပည့်တစ်ယောက်ကို လိုချင်လို့ရှိရင်၊ အမြင့်ဆုံးတောင်ကိုပဲ တက်ရတက်ရ၊ အနက်ဆုံး သမုဒ္ဒရာထဲကိုပဲ ဆင်းရဆင်းရ၊ ကျွန်တော့်ရဲ့ နည်းစနစ်နဲ့ တာအိုတွေနဲ့ အသင့်တော်ဆုံး၊ ကျွန်တော် သဘောအကျဆုံး ကလေးတစ်ယောက်ကို ကိုယ်တိုင်ရွေးချယ်မှာ ဖြစ်ပါတယ်"

ခရမ်းရောင်တိမ်တိုက် ဝက်ပါအား
ကြည့်လိုက်ကာ၊ သူသည်
စိတ်လက်ပေါ့ပါးစွာနှင့် ပြောလိုက်သည်။
"ဒါပေမဲ့ အခုတော့ ကျွန်တော်က အရှင့်ရဲ့
ဝက်ပါထဲကနေ ဘယ်သူက ထိပ်ဆုံး
ထွက်လာနိုင်မလဲ ဆိုတာကို
စိတ်ဝင်စားနေတယ်"

လင်းဖုန်းက ဖွဖွလေး ပြုံးလိုက်သည်။
"ဒါဆိုရင်လည်း စိတ်ရှည်လက်ရှည်နဲ့
စောင့်ကြတာပေါ့"

အခုအချိန်တွင် ကလေးများ အပါအဝင်
တပည့် ဒါဇင်ပေါင်း များစွာတို့သည်၊
ဝက်ပါအတွင်းသို့ ရောက်နေခဲ့၏။
သို့သော်လည်း လင်းဖုန်း၏ လေဟာနယ်
ထိန်းချုပ်ထားမှုတို့ကြောင့်၊ သူတို့
တစ်ယောက်ခြင်းသည် သီးသန့်လေဟာနယ်
တစ်ခုစီတွင် ရောက်နေခဲ့သည်။

သူတို့သည် အခြားလူများကို အားကိုး၍
မရနိုင်သောအခါ၊ ကိုယ့်အားကိုယ်ကိုး၍
ကိုယ့်ဒူးကိုယ်ချွန်ကာ၊ ကိုယ့်အကျီလက်ဝ
အတွင်းမှ ဖဲချပ်များကို
ကိုယ်ထုတ်သုံးရတော့မည် ဖြစ်သည်။

အချို့သူများသည် ပုံမှန်နည်းလမ်းများဖြင့် ကြိုးစားခဲ့ကြသည်။ သူတို့သည် ဝင်္ကပါမှ လမ်းတိုင်းကို လျှောက်သွားကြည့်ကြပြီး၊ လမ်းဆုံးနှင့် တွေ့သောအခါ ပြန်လှည့်လာ၍ နောက်ထပ် လမ်းကြောင်းတစ်ခုအား ကြိုးစားခဲ့သည်။

လီရှင်းဖေးသည် ထိုနည်းလမ်းကို အသုံးပြုနေသော သူတစ်ယောက်ဖြစ်သည်။ ဝင်္ကပါကြီးမှာ အလွန်ကို ကြီးမားလှသည် ဖြစ်၍၊ သူ၏ အဆုံးအစကို လုံးဝ မြင်တွေ့နိုင်ရခြင်း မရှိပေ။ သူမ၏

စိတ်ရှည်သည်းခံနိုင်မှုမှာ
အားကောင်းလှသော်လည်း၊ ထိုကဲ့သို့
မဆုံးနိုင်သော လမ်းပိတ်များနှင့်သာ
ကြုံတွေ့နေရသောအခါ၊ သူမသည်
စိုးရိမ်ပူပန်လာခဲ့သည်။

အထူးသဖြင့် အချိန်တစ်ခေါက်တွင် သူမက
နဂိုနေရာကို ပြန်လာခဲ့ချိန်တွင်၊
သူမချန်ထားခဲ့သော အမှတ်အသားများသည်
ပြောင်းလဲနေသည်ကို သတိထားမိခဲ့သည်။
အကယ်၍ သူမသည် အချိန်မီသာ
သတိမထားမိပါက၊ လမ်းမှားသို့
လျှောက်လှမ်းမိမည် ဖြစ်ပြီး၊ ဝက်ပါထဲတွင်

လုံး၀ မျက်စိလည် လမ်းပျောက်သွားခဲ့မည် ဖြစ်သည်။

လီရှင်းဖေးသည် ထိတ်လန့်စွာနှင့် ပင့်သက်ရှိုက်လိုက်သည်။ သူမ၏ ယခင်က အမှတ်အသားများသည်၊ တစ်ခါမှ မမှားခဲ့ပေ။ အကယ်၍ သူမသည် ကိုယ့်ကိုယ်ကိုယ် ကျေနပ်နေပြီး သတိလွတ်သွားပါက၊ ဤအခေါက်တွင် ဒုက္ခလှလှ တွေ့သွားနိုင်သည်။

ထိုကဲ့သို့ အမှတ်အသားချန်ထား၍ ခရီးသွားခြင်းသည်၊ တစ်နေရာတွင်

အမှားတစ်ခုကို အချိန်မီသာ မတွေ့ခဲ့ပါက၊ တစ်ယောက်သည် အမှတ်အသားအတိုင်း ဆက်လျှောက်သွားလျှင်၊ ပြင်၍ရတော့မည် မဟုတ်ပဲ လမ်းပျောက်သွားမည် ဖြစ်သည်။

သတိကောင်း၍ သေချာစေ့စပ်သော လီရှင်းဖေးသည်၊ ကံကောင်းစွာနှင့် အမှားကို စောစီးစွာ သတိထားမိခဲ့၍ သူမ၏ အမှားများကို ပြင်နိုင်ခဲ့သည်။ သို့သော်လည်း သူမနှင့် နည်းလမ်းအတူတူ ကျင့်သုံးခဲ့သော လူများစွာတို့မှာ၊ သူတို့၏ ပြဿနာများကို အချိန်မီ မပြင်နိုင်ခဲ့ပဲ၊ ဤဝက်ပါမှနေ၍ သူတို့ထားခဲ့သော အမှတ်အသားများကို

တိတ်တဆိတ် ပြောင်းလဲခဲ့မည်ကို လုံးဝမထင်ထားကြပေ။ နောက်ဆုံးတွင် သူတို့သည် ဝက်ပါအတွင်းတွင် မျက်စိလည်ကုန်ကြ၍၊ သူတို့သည် မည်သည့်အရပ်ကို မျက်နှာမူ၍ သွားလာနေကြသည်ကိုပင် သိနိုင်စွမ်း မရှိကြတော့ပေ။

အချိန်ကြာလာသည်နှင့်အမျှ ဝက်ပါသည် သူတို့ချန်ထားခဲ့သော အမှတ်အသားများကို ပြုပြင်ပြောင်းလဲရုံနှင့်ပင် မကျေနပ်တော့ပဲ၊ အရှက်ကင်းမဲ့စွာဖြင့် သူတို့ မသွားခဲ့ဖူးသော လမ်းကြောင်းများတွင်ပါ အမှတ်အသား

အသစ်များကို မှတ်သားခဲ့လိုက်သည်။
ထို့ကြောင့် တပည့်အချို့တို့သည်
လမ်းသေတစ်ခုတွင် ပိတ်မိနေကြကာ၊
ထွက်ပေါက်မပြောနှင့် ဝင်ပေါက်ထံကိုပင်
ပြန်လည်မလာနိုင်ကြတော့ပေ။

အချို့သူများသည် အမှတ်အသားချန်ထား၍
ရှာဖွေခြင်း နည်းလမ်းအား
အသုံးပြုခဲ့ကြသကဲ့သို့၊ အချို့သူများသည်
ပင်ကိုယ်အသိ နည်းလမ်းကို အသုံးပြုခဲ့သည်။
သူတို့သည် သူတို့၏ ဗီဇစိတ်အတိုင်း
လျှောက်လှမ်းနေကြ၏။

ဤနည်းလမ်းမှာ ယုတ္တိမတန်သလို ဖြစ်နေခဲ့သော်လည်း၊ ပင်ကိုယ်ဗီဇစိတ်ဖြင့် သွားခြင်းဆိုသည်မှာ၊ အမှန်ဆိုလျှင် ဝက်ပါအတွင်းမှ စိတ်ဝိညာဉ်စွမ်းအင်တို့ စီးဆင်းပုံကို အာရုံခံ၍ လမ်းရှာခြင်းဖြစ်သည်။

လှိုရှဖုန်းသည် ထိုနည်းလမ်းကို အသုံးပြုသူ တစ်ယောက်ဖြစ်သည်။ သူသည် အရှေ့သို့ လျှောက်လှမ်းသွားရတွင်၊ လမ်းဆုံလမ်းခွနှင့် ကြုံတွေ့ရသည့် အချိန်တိုင်း၊ သူသည် သူ၏အာရုံခံ၍ ပေါ်လာသော လမ်းကြောင်းကို တွေဝေနေခြင်း အလျဉ်းမရှိပဲ ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။

"ဒီနည်းလမ်းက အလုပ်ဖြစ်တယ်ဟ"
လှျိုရှဖုန်း၏ မျက်နှာတွင် အပြုံးတစ်ခု
ပေါ်လာခဲ့သည်။ ယခုအချိန်အထိ
လျှောက်လှမ်းခဲ့ရာတွင်၊ အံ့ဩဖွယ်
ကောင်းလောက်အောင် သူသည်
လမ်းပိတ်တစ်ခုနှင့်မှ မတိုးသေးခဲ့ပေ။
လမ်းဆုံလမ်းခွတိုင်းတွင် သူ၏
ရွေးချယ်မှုသည် လမ်းမှန်ကို
ရွေးချယ်နိုင်ခဲ့သည်။

လမ်းပိတ်များနှင့် မတွေ့ကြုံရပဲ မှားယွင်းသော
လမ်းကြောင်းများတွင် အချိန်မဖြုန်းရသဖြင့်၊

လျှိုရှုဖုန်း၏ တိုးတက်မှုနှုန်းမှာ သူများထက်စာလျှင် မြန်ဆန်သည်ဟု ပြော၍ရသည်။

"ဝက်ံပါက ဘယ်လောက်ပဲ ကြီးတယ်ပြောပြော၊ အဆုံးမဲ့လောက်အောင် မကြီးမားခဲ့ရင်တော့၊ တစ်နေ့မှာ သူ့ကို ကျော်လွှားအောင်မြင်နိုင်မှာပဲ" လျှိုရှုဖုန်းက တွေးနေခဲ့၏။ သို့သော်လည်း လျှောက်လှမ်းနေခဲ့သည်မှာ အချိန်အတော်ကြာ ရှိနေခဲ့ပြီ ဖြစ်သော်လည်း၊ သူသည် အရှေ့သို့ အနည်းငယ်သာ ရောက်နေသေးသည်။ သူသည်

လမ်းပိတ်တစ်ခုနှင့်မှ မကြုံတွေ့ခဲ့သော်လည်း၊ ဝက်ပါကြီးသည် တကယ့်ကို အဆုံးမဲ့ဟု ထင်နေရ၏။

"ဒီဝက်ပါထဲက စိတ်ဝိညာဉ် စွမ်းအင်တွေရဲ့ စီးဆင်းပုံက ငါ့ကို အထင်မှားစေခဲ့တာပဲ" လျှိုရှုဖုန်းသည် သူက ခရမ်းရောင်တိမ်တိုက် ဝက်ပါ၏ လှည့်ကွက်အတွင်းသို့ ကျရောက်သွားသည်ကို၊ လျှင်မြန်စွာဖြင့် သဘောပေါက်လိုက်သည်။ "ဒီဝက်ပါအထဲမှာ လမ်းဆုံလမ်းခွတွေ အများကြီးရှိပြီး၊ ငါက လျှောက်ပြီးသား လမ်းတွေကို ထပ်လျှောက်နေမိတာပဲ ဖြစ်ရမယ်။ ဒါကြောင့်

ငါက အရှေ့ကို မရောက်နိုင်တာပဲ။ ငါက ဒီတစ်နေရာထဲမှာ စက်ဝိုင်းပုံစံ ပတ်ပြီးလျှောက်မိနေတာနဲ့ တူတယ်"

သူသည် စိတ်မပျက်သွားခဲ့သလို၊ ဒေါသလည်း ထွက်မလာခဲ့ပေ။ ပေါ့ပျက်ပျက်နှင့် နမော်နမဲ့နိုင်ပုံ ရသော ဆယ်ကျော်သက်သည်၊ အမှန်တွင် အလွန်တည်ငြိမ်သောသူ ဖြစ်သည်။

အသက်ပြင်းပြင်း တစ်ချက်ရှူလိုက်ပြီး လျှိုရှုဖုန်းသည်၊ သူလာခဲ့ရာ လမ်းကြောင်းသို့ ပြန်လှည့်သွားလိုက်သည်။ ယခုအခေါက်တွင် သူသည် အရင်ကထက်ပို၍ ဂရုတစိုက်

ရှိနေခဲ့သည်။ သူသည် လမ်းကြောင်းတစ်ခုကို ညွှန်ပြနေသော အလွန်အားကောင်းသည့် စိတ်ဝိညာဥ် စွမ်းအင် စီးဆင်းမှု တစ်ခုနှင့် ကြုံတွေ့ခဲ့ရသော အချိန်တွင်၊ ပြောင်းပြန်လမ်းကြောင်းအား ရွေးချယ်ခဲ့သည်။

အချိန်ခဏကြာသွားပြီးသောအချိန်တွင်၊ လျှို့ရှုဖုန်းသည် ဝက်ပါ၏ ဝင်ပေါက်ထံသို့ ပြန်ရောက်လာခဲ့သည်။ သူသည် စိတ်သက်သာရာ ရစွာဖြင့် သက်ပြင်းတစ်ချက်ကို ချလိုက်သည်။ အနည်းဆုံးတော့ သူသည် ဝက်ပါ အတွင်းတွင်

လုံးဝ လမ်းမပျောက်သွားခဲ့ပေ။ သို့သော်လည်း
သူသည် စတင်၍ စိုးရိမ်ပူပန်လာခဲ့သည်။
သူသည် ဘာအကျိုးမှ မရှိပဲ
အချိန်အများကြီးကို ဖြုန်းတီးမိခဲ့ကာ၊
နောက်ဆုံးတွင် စမှတ်ထံသို့သာ
ပြန်ရောက်လာခဲ့သည်။

လင်းဖုန်းနှင့် ကျန်သောသူများ
ကြည့်ရှုရန်အတွက်၊ လေဟာနယ်
တစ်ခုချင်းဆီမှ ပုံရိပ်များသည် လေပေါ်သို့
ထုတ်လွှင့်နေခဲ့သည်။

တပည့်များ၏ အခြေအနေ အသီးသီးကို ကြည့်နေကြခြင်းအားဖြင့်၊ လင်းဖုန်းနှင့် သူ့တပည့်များ အပါအဝင်၊ ခန်းနန်းဟွာနှင့် မြောင်ရှီးဟောင်တို့ကလည်း စိတ်ဝင်တစား ဖြစ်နေကြသည်။ ရှောင်ယန်သည် သူ၏ခေါင်းကို ဆက်တိုက်ခါနေခဲ့ကာ ရယ်ရမ်းသွေးနေခဲ့၏။ "ထင်ထားတဲ့ အတိုင်းပဲ၊ တကယ့်ကို မလွယ်ကူဘူး"

သူ၏ဘေးတွင် ဇူရီသည် ရယ်သံတိုးတိုးလေးဖြင့် ရယ်လိုက်သည်။ "သူတို့နှစ်ယောက်ကတော့၊ ဂိုဏ်းထဲကို စဝင်တဲ့ နေ့ကတည်းက ယှဥ်ပြိုင်နေကြတာပဲ"

သူ၏ အကြည့်နောက်ကို
လိုက်ကြည့်ခြင်းအားဖြင့်၊ အားလုံးတို့သည်
ရှုယွင်စန်းနှင့် ယင်းလော်ရှတို့၏ ပုံရိပ်နှစ်ခုကို
တွေ့လိုက်ရသည်။

ထိုနှစ်ယောက်တို့သည် တိုက်ဆိုင်စွာနှင့်ပင်၊
အရုပ်မျက်နှာများကို ရှာဖွေရန် အတွက်
တူညီသော နည်းလမ်းတစ်ခုကို
ရွေးချယ်ခဲ့ကြသည်။

## စာစဥ် ၂၀ : အပိုင်း ၁၃

# အပိုင်း ၃၆၃ : ပုန်းကွယ်နေတဲ့သူ တစ်ယောက် ရှိသေးတယ်

ယင်းလော်ရှသည် ဝက်ပါအတွင်းသို့ ပထမဦးစွာ ဝင်ရောက်ခဲ့သူ ဖြစ်သော်လည်း၊ သူသည် အထဲသို့ ရောက်သည်နှင့် ချက်ချင်း ရပ်တန့်ခဲ့သည်။ ဝင်ပေါက်တွင် ရပ်နေခဲ့ကာ သူသည် လမ်းနှစ်ခွကို ကြည့်နေခဲ့ကာ၊ ရမ်းသမ်းပြီးမှ မသွားခဲ့ပေ။ ထို့အစား သူသည် မျက်လုံးအစုံကို မှိတ်လိုက်ကာ၊ ဝက်ပါ အတွင်းမှ စိတ်ဝိညာဉ် စွမ်းအင်များ၏ စီးဆင်းပုံကို တိတ်ဆိတ်စွာနှင့် အာရုံခံနေခဲ့သည်။

သူသည် သဘာဝအားဖြင့်
ပုန်ကန်တော်လှန်တတ်၍ အာခံတတ်သော
စရိုက်ရှိသော်လည်း၊ ကမ္ဘာ့ရှုံးထိုး
ပြုလုပ်တတ်သူတစ်ယောက် မဟုတ်ပေ။
ငယ်စဉ်ကတည်းက နေရာတစ်ခုပြီးမှ
တစ်ခုကို လေလွင့်နေရသည့်အတွက်၊ သူ့တွင်
သူနှင့် ရွယ်တူများထက် များစွာပိုသာသော
အန္တရာယ်အား အာရုံခံနိုင်သည့် ဗီဇနှင့်
စွမ်းရည်တို့ ရှိပေသည်။ မတွေ့ကြုံဖူးသော
ပတ်ဝန်းကျင် တစ်ခုအတွင်းသို့
ရောက်နေခဲ့သောအခါ၊ သူသည် ပို၍
တည်ငြိမ်နေသကဲ့သို့ သတိလည်း
ပိုထားနေခဲ့၏။

သူသည် တောရိုင်းမြက်မည်း အတွင်းတွင် တစ်ကောင်တည်း ကျင်လည်ကျက်စားနေသည့်၊ မီးခိုးရောင် ဝံပုလွေ တစ်ကောင်နှင့် တူနေသည်။ ဝံပုလွေ ဆိုသည်မှာ သဘာဝအားဖြင့် သွေးအေးခြင်း၊ ရက်စက်ခြင်း၊ ကောက်ကျစ်ခြင်းနှင့် သတိကြီးခြင်းတို့ကို ပေါင်းစပ်ထားသည့်၊ အကျင့်စရိုက် ရှိသည့် သတ္တဝါ ဖြစ်၏။

အချိန်အတော် ကြာပြီးမှသာ ယင်းလော်ရှသည် သူ၏ မျက်လုံးအစုံတို့အား ဖွင့်လိုက်သည်။ သူ၏ အရှေ့မှ ဝက်ပါအား

ကြည့်လိုက်ကာ၊ သူ၏ မျက်လုံးအစုံတို့သည် တောက်ပလာခဲ့သည်။ သူ၏ပတ်လည်မှ လေထုသည် လေးလံစွာနှင့် လှုပ်ရှားလာခဲ့သည်။

ဒါသည် ကိုယ်ကျင့်စရိုက်နှင့် သက်ဆိုင်သည်။ အကယ်၍ ဝင်္ကပါသာ သာမန်ပုံစံသာဖြစ်၍ ထူးခြားသည့်ပုံ မပေါက်ခဲ့လျှင်၊ သူသည် လျှို့ရှုဖုန်းကဲ့သို့ စိတ်ဝိညာဉ်စွမ်းအင် လှုပ်ရှားမှုများကို အာရုံခံ၍ ဗီဇအတိုင်း ရွေးချယ်ခဲ့မည် ဖြစ်သည်။

သို့သော်လည်း သူ၏ ဦးနှောက်အတွင်းတွင်း ခံစားချက် ရေးရေးလေး တစ်ခုကို အာရုံခံနေရသည်။ ဝက်ပါ၏ စိတ်ဝိညာဉ်စွမ်းအင် လှုပ်ရှားမှုများသည်၊ သူ့အား တမင်သက်သက် လှည့်စားရန် ကြံစည်နေသည် ဟူ၍ ဖြစ်သည်။

ခဏလောက် စဉ်းစားအပြီးတွင်၊ ယင်းလော်ရှသည် သူ၏ ဝတ်ရုံမှ ပိုးစလေး တစ်စအား ရုတ်တရက် ယူလိုက်၍၊ ချည်မျှင်စ တစ်စကို ဂရုတစိုက်ဖြင့် ဆွဲထုတ်လိုက်သည်။

သူသည် ချည်မျှင်စ၏ အဆုံးကို ဝင်ပေါက်တွင် ချည်ထားခဲ့၍ ချည်မျှင်စကို သေချာစွာ ကိုင်ထားခဲ့ကာ၊ ဝင်္ကပါ၏ အတွင်းသို့ သတိတကြီးဖြင့် ဝင်သွားခဲ့သည်။

သူ၏ ပိုးမျှင်စ ကုန်သွားသောအခါ သူသည် နောက်ထပ် တစ်စကို ထပ်ထုတ်လိုက်၍၊ နဂိုချည်စနှင့် ချည်လိုက်ကာ ရှေ့သို့ ဆက်လျှောက်သွားခဲ့သည်။

ယင်းလော်ရှသည် မမြင်ရသော်လည်း ဝင်္ကပါ၏ ပြင်ပမှနေ၍၊ ရှောင်ယန်၊ ဇူရီနှင့် ကျန်သောသူများသည်၊ အခြားလေဟာနယ်

တစ်ခုတွင် ရှုယွင်စန်းသည် ယင်းလော်ရှုနှင့်
တူညီသော နည်းလမ်းကို
အသုံးပြုနေခဲ့သည်ကို တွေ့နေကြရ၏။

လုံ့လဝီရိယကောင်း၍ ခေါင်းအေးအေး
ထားတတ်သော ဆယ်ကျော်သက်သည်၊
လမ်းမပျောက်စေရန် ချည်ကြိုးကိုပင်
အသုံးပြု၍ ဝင်္ကပါအတွင်းတွင်
လမ်းကြောင်းမှန်ကို ရှာနေခဲ့သည်။

လင်းဖုန်းသည်လည်း ထိုမြင်ကွင်းကို
စိတ်ဝင်တစားဖြင့် စောင့်ကြည့်နေခဲ့သည်။
"ငါ့ရဲ့ အရင်ဘဝက ဂရိဒဏ္ဍာရီတွေ အထဲမှာ၊

မင်းသားတစ်ယောက်ကလည်း ဒီနည်းလမ်းကို အသုံးပြုပြီး၊ အရင်က လူတစ်ယောက်မှ မလွတ်မြောက်ခဲ့ဖူးတဲ့ ဝင်္ကပါတစ်ခုကနေ အောင်မြင်စွာနဲ့ ထွက်လာနိုင်တယ် ဆိုတာကို မှတ်မိခဲ့သလိုပဲ"

"ဉာဏ်ပညာဆိုတာ အားလုံးနဲ့ သက်ဆိုင်တဲ့ အမှန်တရားလို့ပဲ ပြောရမယ်နဲ့ တူတယ်" လင်းဖုန်း၏ နှုတ်ခမ်းများသည် ပြုံးယောင်သန်းလာခဲ့ပြီး၊ "ကိစ္စမရှိပါဘူး။ မင်းက ငါ့ရဲ့ အတိတ်က မှတ်ဉာဏ်တွေကို နှိုးဆွပေးနိုင်ခဲ့တဲ့အတွက်၊ မင်းကို ဆုချတဲ့ အနေနဲ့ ချမ်းသာပေးလိုက်မယ်"

အကယ်၍ လင်းဖုန်းကသာ ဆန္ဒရှိပါက၊
သူသည် လီရှင်းဖေးနှင့် ကျန်သောသူများ၏
အမှတ်အသားများကို ပြုလုပ်ခဲ့သကဲ့သို့၊
ရှုယွင်စန်းနှင့် ယင်းလော်ရှတို့၏
ချည်ကြိုးများကို ဖြတ်ပစ်နိုင်မည် ဖြစ်သည်။

ဆယ်ကျော်သက် နှစ်ဦးတို့၏
ရွေ့လျားနေသော ပုံရိပ်များကို
ကြည့်လိုက်ကာ၊ လင်းဖုန်း၏
နှုတ်ခမ်းအစုံတွင် ပြုံးယောင်သန်းလာခဲ့သည်။
"ဒါပေမဲ့ မင်းတို့က ဒီလိုနည်းနဲ့ ဝင်ပါထဲကနေ

ထွက်နိုင်မယ်လို့ ထင်နေရင်တော့၊
ရိုးအတယ်လို့ ပြောရမှာပဲ"

မကြာမီတွင် ယင်းလေ်ရှနှင့်
ရှုယွင်စန်းတို့သည်၊ တပြိုင်နက်တည်း
လိုလိုပင် ပြဿနာ တစ်ခုကို
ရှာဖွေတွေ့ရှိခဲ့လေသည်။

သူတို့နှစ်ယောက် စလုံးတို့သည် ဝက်ပါ
တစ်ခုလုံး နီးပါးကို လျှောက်ခဲ့ကြပြီးပြီ
ဖြစ်သည်။ သို့သော်လည်း နောက်ဆုံးတွင်
သူတို့သည် တုန်လှုပ်ဖွယ်ရာ အမှန်တရား
တစ်ခုကို ရှာဖွေတွေ့ရှိခဲ့လိုက်သည်။

လမ်းကြောင်းတိုင်း၊ တစ်ခုချင်းတိုင်းသည်၊ လမ်းပိတ်တစ်ခုကို ဦးတည်နေခဲ့ခြင်းဖြစ်သည်။

ယင်းလော်ရှသည့် ဒေါသတကြီးဖြင့် ရေရွတ်လိုက်သည်။ "ဘယ်လိုမျိုး ဝက်ပါမျိုးလဲ? ဝင်ပေါက်တစ်ခုပဲ ရှိပြီး၊ ထွက်ပေါက်မရှိဘူး။ ငါ့ကို အရူးလာလုပ်နေတာလား?"

နောက်ထပ် လေဟာနယ်တစ်ခု အတွင်းတွင်၊ ရှုယွင်စန်း၏ မျက်နှာသည်လည်း မိုးကြိုးတိမ်တိုက် တစ်ခုကဲ့သို့

မှောင်မည်းနေခဲ့သည်။ ဤခရမ်းရောင် တိမ်တိုက် ဝင်္ကပါသည့် အမှန်တကယ်တော့၊ အပြည့်အဝ ချိတ်ပိတ်ထားသည့် နန်းတော်တစ်ခုဖြစ်သည်။ ဝင်ပေါက်တစ်ခုသာ ရှိ၍၊ ထွက်ပေါက်လုံးဝ မရှိပေ။

ရှိသမျှ စွမ်းအား အကုန်လုံး စိုက်ထုတ်ပြီးမှ၊ သူတို့က အရှုံးအလုပ် ခံနေရခြင်း ဖြစ်သည်။ သူတို့နေရာတွင် ခံစားကြည့်ပါက၊ မည်သူမဆို ရူးမတတ် ဒေါသထွက်ကြမည် ဖြစ်သည်။

"စိတ်ငြိမ်ငြိမ်ထား၊ စိတ်ငြိမ်ငြိမ်ထား" ရှုယွင်စန်းသည် နန်းတော်က ထိပ်ဖျားသို့

လှမ်းကြည့်လိုက်က၊ တွေးလိုက်သည်။
"ဂရန်းမာစတာက ဒီစိန်ခေါ်မှုကို ချမှတ်ခဲ့တာဟာ၊ ငါတို့ကို ကစားဖို့ လုပ်ထားတာ မဟုတ်လောက်ဘူး။ ငါက လမ်းကြောင်းအမှန်ကို မတွေ့သေးလို့ပဲ ဖြစ်မယ်"

ချည့်မျှင်ကြိုးအတိုင်း သူသည် ဝင်ပေါက်သို့ ပြန်လည် ရောက်ရှိလာခဲ့၏။ သူ၏ အရှေ့မှ အသူရာ ချောက်အတိုင်း ဖြန့်ကြက်နေခဲ့သော ဝက်ပါအား ကြည့်လိုက်က၊ သူသည် အတွေးနက်နေခဲ့၍ ငြိမ်သက်သွားခဲ့သည်။

ထိုအချိန်တွင် ယင်းလော်ရှသည် အစပိုင်းတွင်
ဒေါသအိုး ပေါက်ကွဲမှု အပြီးတွင်၊
ပြန်လည်တည်ငြိမ် လာခဲ့ပြီ ဖြစ်သည်။
ရှုယွင်စန်းကဲ့သို့ပင် သူသည် ဝင်ပေါက်သို့
ပြန်လည်ရောက်ရှိလာခဲ့ကာ၊ ပြဿနာကို
အဖြေရှာ စဥ်းစားလျှက်ရှိသည်။

အလကားနေရင်း စိတ်ပျက်
ဒေါသထွက်နေခြင်းသည် မလိုလားအပ်သော
သဘောထားဖြစ်သည်။ ဒါသည် သူတို့အား
ဝင်္ကပါ၏ လှည့်ကွက်အတွင်းသို့
ကျရောက်သွားစေမည် ဖြစ်သည်။
ယင်းလော်ရှသည် ဤဝင်္ကပါ၏

အဓိကရည်ရွယ်ချက်သည် သူ့အား အလောတကြီးဖြင့် ဒေါသထွက်အောင် ဆွပေးကာ၊ သူ၏ ခိုင်မာသော စိတ်ခေတ်ကို ရိုက်ချိုးခြင်းပင် ဖြစ်မည်ဟု သံသယ ဝင်လာခဲ့၏။

ရှုယွင်စန်းနှင့် ယင်းလော်ရှတို့ နှစ်ယောက်စလုံးတို့သည် တည်ငြိမ်လာကြပြီး၊ အတွေးနက်နေကြသည်ကို ကြည့်လိုက်၍၊ လင်းဖုန်းသည် ဖြည်းညင်းစွာနှင့် ခေါင်းညိတ်လိုက်သည်။

"အလားအလာရှိတယ်။ သူတို့

နှစ်ယောက်စလုံးက
အလားအလာကောင်းတွေ ရှိကြတယ်"

လင်းဖုန်းနှင့် ကျန်သောသူများသည်
ပြင်ပမှနေ၍ အကဲခတ်နေကြ၏။
လူတစ်ယောက်ချင်းစီသည်
သီးသန့်လေဟာနယ် အတွင်းတွင်
တစ်ယောက်တည်း ရောက်နေကြသည် ဖြစ်၍၊
အခက်အခဲနှင့် ကျရှုံးမှုများနှင့်
ကြုံတွေ့ရသောအချိန်တွင်၊ သူတို့၏
ကွဲပြားခြားနားသော
စိတ်အခြေအနေများသည် ဘွားဘွားကြီး
ပေါ်လာကြပေသည်။

အချို့တပည့်များသည် အရိုးအရင်းမြစ်နှင့်
သဘောပေါက် နားလည်နိုင်စွမ်းတို့တွင်
အမှတ်ကောင်းကောင်းများ ရထားကြ၏။
သို့သော်လည်း သူတို့၏ စိတ်စွမ်းအားတို့မှာ
အတန်ငယ် အားနည်းနေကြသည်။
ဝက်ပါအတွင်းတွင် အပိတ်နှောင်ခံထားရသည့်
အခြေအနေတွင်၊ သူတို့၏ စိုးရိမ်ပူပန်မှု၊
ဒေါသထွက်မှု အစရှိသည့်
စိတ်ခံစားမှုများသည်၊ သူတို့၏
ဆုံးဖြတ်ချက်များအား များစွာ
အကျိုးသက်ရောက်မှု ရှိခဲ့သည်။

အချိန်ကြာလာသည်နှင့်အမျှ
တပည့်များအတွင်းမှ ကွာခြားမှုများသည်၊
ပို၍ပို၍ ကျယ်ပြန့်လာခဲ့သည်။ အချို့သည်
ဝက်ပါအတွင်းတွင် လုံးဝပိတ်မိနေကြသည်။
တစ်ချက်ကြည့်လိုက်ရုံနှင့်ပင် သူတို့သည်၊
အကူအညီမပါပဲ လုံးဝထွက်နိုင်ကြလိမ့်မည်
မဟုတ်ဟု ပြောနိုင်ပေသည်။

အချို့လူ အနည်းငယ်မှာမူ ဝက်ပါ အတွင်းတွင်
လမ်းကြောင်းများကို ရှာဖွေနိုင်စွမ်း
ရှိနေကြ၏။ သို့သော် သူတို့သည်
လမ်းကြောင်းအမှန်ကို ရှာမတွေ့ခဲ့ကြ၍၊
ဝင်ပေါက်သို့ပင် ပြန်လာကြကာ

အခြေအနေကို
ပြန်လည်သုံးသပ်နေခဲ့ကြသည်။

ထိုအချိန်တွင် လင်းဖုန်၏
အသံလွှင့်ကျောက်တုံး တစ်ခုသည်
ရုတ်တရက် တုန်ခါလာခဲ့၏။ ကျောက်တုံးအား
ခွဲခြေလိုက်သောအခါ မကြားရတာ
ကြာပြီဖြစ်သော အသံတစ်ခုသည်၊
တစ်ဘက်ခြမ်းမှနေ၍ ထွက်လာခဲ့သည်။

"အရှင်လင်း၊ မတွေ့ရတာ ကြာပြီ"
တစ်ဘက်မှသူမှာ အံ့သြစရာ
ကောင်းလောက်အောင်၊ ပိုင်ယွင်တောင်သို့

ပြန်သွားခဲ့ပြီ ဖြစ်သော ယန့်မင်းရွှဲ့
ဖြစ်နေခဲ့သည်။

"သြော်၊ လက်စသတ်သော မိတ်ဆွေယန့်ပဲ၊
ခင်ဗျားရဲ့ အသံကို မကြားရတာ
ကြာသွားခဲ့ပြီ" လင်းဖုန်းက
ပြန်ဖြေလိုက်သည်။

"ရှင့်ရဲ့ တပည့်တွေက ဟွမ်ဟိုင် စိတ်ဝိညာဉ်
အစည်းအဝေးမှာ ဗိုလ်စွဲခဲ့ကြတဲ့အတွက်၊
ရှင်ကို အရင် ဂုဏ်ပြုစကား ပြောရဦးမယ်"
ယန့်မင်းရွှဲ့က တိုးညင်းစွာ
ရယ်၍ပြောလိုက်သည်။

"ကျေးဇူးတင်ပါတယ်၊ မိတ်ဆွေယန့်"
ခဏလောက် နားလိုက်ပြီးမှ လင်းဖုန်းက
မေးလိုက်သည်။ "ဒီအစည်းအဝေးမှာ
ဖြစ်သွားခဲ့တဲ့ အရာတွေနဲ့ ပတ်သတ်ပြီး၊
ခင်ဗျားက ကြားခဲ့သေးလား?"

"မင်းရွဲ့က ဒီကိစ္စကို သိပြီးသွားပါပြီ"
ယန့်မင်းရွဲ့က ပြန်ဖြေလိုက်သည်။
"ကြယ်တာရာကိုးလုံး ကောင်းကင်ချေမှုန်း
ဝက်ပါက ပြန်ပေါ်လာတဲ့အတွက်၊
ကျွန်မကလည်း ထိတ်လန့်တုန်လှုပ်မိပါတယ်။
ကံကောင်းစွာနဲ့ အရှင်လင်းတို့၊

အန်းလျှန်မင်းသားတို့တတွေရဲ့
ဝင်ရောက်တားဆီးမှုကြောင့်၊
အခြေအနေတွေက ထင်သလောက်
မဆိုးသွားခဲ့ဘူး"

"ဒါပေမဲ့လည်း ကြယ်တာရာကိုးလုံး
ကောင်းကင်ချေမှုန်း ဝက်ံပါက၊
မိစ္ဆာကလန်တွေရဲ့ လက်ထဲကို
ထပ်မံကျရောက်သွားခဲ့ပြန်ပြီ။ ဒါက
နတ်ဘုရားနယ်မြေ တစ်ခုလုံးအတွက်
သတင်းဆိုးပဲ။ မင်းရွှဲ့ရော၊ မင်းရွှဲ့ရဲ့ဂိုဏ်းကပါ
ဒီကိစ္စကို အထူးအာရုံစိုက်ပြီး
ဆောင်ရွက်နေပါတယ်။ ဒီတစ်ကြိမ်မှာ

မင်းရွှဲ့ဂိုဏ်းရဲ့ တာဝန်ပေးချက်အရ၊ ကျွန်မက ဒီကိစ္စကို စုံစမ်းစစ်ဆေးဖို့ တာဝန်ကျပါတယ်"

လင်းဖုန်း၏ မျက်လုံးအစုံမှ တောက်ပလာခဲ့သည်။ "အိုး? ခင်ဗျားက ဒီကိစ္စကို တာဝန်ယူရတာလား? ဒါဆိုရင် ခင်ဗျားတို့ရဲ့ တာအိုခြေလျှင်ခရီးသည် အသစ်ကရော?"

ယန့်မင်းရွှဲ့သည် အနည်းငယ် တုံ့ဆိုင်းသွားခဲ့ပြီးမှ၊ တည်ငြိမ်စွာနှင့် ပြန်ဖြေလိုက်သည်။ "ဂိုဏ်းက စီနီယာလင်းအတွက် တခြားစီမံထားတာတွေ

ရှိပါတယ်။ အသေးစိတ်ကိုတော့ ကျွန်မလည်း
သိပ်မသိပါဘူး"

လင်းဖုန်းကလည်း အနည်းငယ် သိနေခဲ့ပြီး
ဖြစ်သဖြင့်၊ ယန့်မင်းရှဲ့ကလည်း
ဆက်လက်ဖုံးကွယ် မထားတော့ပဲ
လင်းဖုန်းအား တိုက်ရိုက်ပြောလိုက်သည်။
"ကျွန်မရဲ့ အကြီးဆုံး စီနီယာ
လင်းတောက်ဟန်က၊ ဂျူနီယာ ပန်ကျဲ
နှုတ်ထွက်သွားအပြီးမှာ
အသစ်ခန့်အပ်လိုက်တဲ့ တာအိုခြေလျှင်
ခရီးသည် အသစ်ပဲ ဖြစ်ပါတယ်"

ယန့်မင်းရွှေ့၏ အသံသည် မသေချာမှုများနှင့် ပြည့်နေခဲ့သည်။
"ကျွန်မမှတ်မိသလောက်ဆိုရင်၊ လွန်ခဲ့တဲ့ သုံးနှစ်လောက်က မင်းရွှေ့ရဲ့ ခန္ဓာကိုယ်ဟာ လုံးရဲ့နဲ့ အပြင်းအထန် တိုက်ခိုက်အပြီးမှာ ပျက်စီးသွားခဲ့ပြီး၊ စိတ်ဝိညာဉ် အပိုင်းအစလေး တစ်ခုအနေနဲ့သာ လက်စွပ်တစ်ကွင်းထဲမှ ခိုလှုံနေခဲ့ရတယ်။ ကျွန်မက ပြန်လည်နိုးထလာနိုင်တဲ့ အချိန်မှာ၊ အရှင်လင်းနဲ့ ပထမဦးဆုံး စတွေ့ခဲ့တာပဲ"

"အဲ့ဒီအချိန်တုံးက ရှိနေကြတဲ့ သူတွေက အရှင်လင်းရဲ့ တပည့်ကြီးဖြစ်တဲ့

ရှောင်ယန်အပြင်၊ တပည့်လေး
ရှီထျန်းဟောင်ပဲ ရှိသေးတယ်"

ယန့်မင်းရွဲ့က ရုတ်တရက် အတိတ်က ဖြစ်ရပ်များကို ပြန်ဖော်ခဲ့သည့်အတွက်၊ လင်းဖုန်းက အတန်ငယ် အံ့သြသွားခဲ့သည်။ သို့သော်လည်း ယန့်မင်းရွဲ့က ပြောစရာ စကားများ ကျန်နေသေးသည်ကို သိခဲ့သည့်အတွက်၊ သူသည် ကြားဖြတ်ဝင်မပြောခဲ့ပဲ ငြိမ်သက်စွာသာ နားထောင်နေခဲ့သည်။

ထင်ထားသည့် အတိုင်းပင်၊ ယန့်မင်းရွှဲ့က ဆက်ပြောလိုက်၏။ "အဲ့ဒီအချိန်တုံးက ကျွန်မက အရှင်လင်းရဲ့ တပည့်လေး ရှီထျန်းဟောင်က၊ အမတန်ကို ထူးချွန်ပြောင်မြောက်တဲ့ ပင်ကိုစွမ်းရည် ရှိတယ်ဆိုတာကို ပြောခဲ့တယ်။ သူနဲ့ ယှဉ်နိုင်တဲ့လူဆိုလို့ ဘယ်သူ့ကိုမှ မတွေ့ဖူးပဲ၊ ကျွန်မရဲ့ စီနီယာ တစ်ယောက်ကိုသာ တွေ့ဖူးတယ်လို့ ပြောခဲ့တယ်"

လင်းဖုန်း၏ မျက်လုံးသူငယ်အိမ်တို့မှာ အတန်ငယ် ကျဉ်းမြောင်းသွားခဲ့သည်။

"ခင်ဗျားပြောတဲ့ တစ်ယောက်က၊
လင်းတောက်ဟန်ပေါ့?"

"ဟုတ်ပါတယ်" ယန့်မင်းရွှဲ့က ညင်သာစွာဖြင့်
ပြန်ဖြေလိုက်သည်။ စကားဆုံးသည်နှင့်
သူမက ငြိမ်သက်သွားခဲ့၏။

သူမသည် လင်းတောက်ဟန်က
ပင်ကိုစွမ်းရည် အလွန်ထက်မြက်သည်ဟုသာ
ပြောထားခဲ့ကာ၊
အခြားအကြောင်းအရာများကို
မပြောခဲ့သော်လည်း၊ ယန့်မင်းရွှဲ့က ယခုကဲ့သို့
အလေးအနက်ထားကာ ပြောခဲ့သည့်အတွက်၊

သူသည် သာမန်လူ မဖြစ်နိုင်ဟု လင်းဖုန်းက အလေးအနက် ယုံကြည်နေခဲ့သည်။

ဘာပဲပြောပြော ယခုအချိန်တွင် ယန့်မင်းရွဲ့သည်၊ အင်မော်တယ် ဝိညာဉ် အဆင့်သို့ ရောက်ရှိသွားနိုင်ခဲ့ပြီ ဖြစ်သည်!

ရှကျိုးမြို့ပြင်က ဂိုဏ်းဖွင့်ပွဲ အခမ်းအနားတွင် ယန့်မင်းရွဲ့နှင့် တွေ့ခဲ့သည့် အချိန်ကတည်းက၊ လင်းဖုန်းသည် ဤအကြောင်းကို သတိထားမိခြင်း ဖြစ်သည်။ ထို့ကြောင့် သူက ယန့်မင်းရွဲ့အား ထိုအချိန်က ဂုဏ်ပြုစကား ပြောခဲ့ခြင်းဖြစ်၏။ သူမသည်

ပြန်လည်မွေးဖွားနိုင်ရုံတင် မကပဲ၊ ယခင်ကထက်ပင် ပိုမြင့်အောင် တက်လှမ်းနိုင်ခဲ့သည်။

လင်းဖုန်းသည် ခေါင်းကို အနည်းငယ် ညိတ်လိုက်ကာ၊ တည်ငြိမ်စွာနှင့် မေးလိုက်သည်။ "ဒါဆိုရင်လည်း ဆက်မေးပါရစေ၊ ခင်ဗျားရဲ့ စီနီယာက ဟင်းလင်းပြင် ဘုရားကျောင်းထဲမှာ၊ ရှေ့ဆောင်လမ်းစဉ် ပါတီကလား၊ ကွန်ဆာဗေးတစ် ပါတီကလား?"

ယန့်မင်းရှဲ့သည် လင်းဖုန်းက သူမ၏ဂိုဏ်းအတွင်းမှ အဖွဲ့များကို သိရှိနေခြင်းကို မအံ့ဩနေသလို၊ သူမ၏ အသံတွင်လည်း မနှစ်မြို့ခြင်းမျိုးကို မပြခဲ့ပေ။ "အစ်ကိုကြီးက ဒီထောင်စုနှစ် အတွင်းမှာ၊ ကွန်ဆာဖေးတစ် ပါတီရဲ့ အထူးချွန်ဆုံး တပည့်တစ်ယောက် ဖြစ်ပါတယ်"

"မထင်မှတ်ထားတာတွေ မဖြစ်ခဲ့ရင်၊ အစ်ကိုကြီးက ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ ခေါင်းဆောင်နေရာကို အနာဂတ်မှာ ရယူနိုင်မှာပဲ ဖြစ်ပါတယ်"

ရုတ်တရက်ပင် လင်းဖုန်း၏
တည်ငြိမ်နေသည်ဟု ထင်နေရသည့်
မျက်နှာပေါ်တွင်၊ ပြုံးယောင်သန်းလာခဲ့သည်။
"ဒီလိုမျိုး ပုဂ္ဂိုလ်က ပိုင်ယွင်တောင်မှာ
အေးအေးဆေးဆေး ကျင့်ကြံမနေပဲ၊
တောင်အောက်ကို ရုတ်တရက်
ဆင်းလာတယ်ဆိုတော့၊ သူ့ရဲ့ပစ်မှတ်က
ဘယ်သူများ ဖြစ်မလဲ?"

"မိစ္ဆာကလန်၊ စူတောင်၊ မဟာကျိုး..."
ယန့်မင်းရွဲ့က အနည်းငယ်
ရယ်ရမ်းသွေးလိုက်သည်။ "အခုဆိုရင်၊
အရှင်လင်းပါ သူ့ရဲ့ပစ်မှတ် ဖြစ်နေနိုင်တယ်"

"ဒါဆိုရင်တော့ ကျုပ်အတွက် ဂုဏ်ယူစရာကြီး ဖြစ်နေမှာပဲ" လင်းဖုန်းက ပြုံးလိုက်သည်။

ယန့်မင်းရွှဲ့သည် စကားမပြောတော့ပဲ နှုတ်ခမ်းသာ အပေါ်သို့ တွန့်သွားခဲ့သည်။ သူမသည် ရုတ်တရက် တစ်ခုခုအား သတိရလာသည့် ပုံစံဖြင့် ပြုံးလိုက်သည်။ "အိုး၊ ဟုတ်သားပဲ၊ အရှင်လင်း၊ ကျွန်မ အခုလတ်တလောမှာ သတင်းတစ်ခုရထားတယ်။ မဟာကျိုး အင်ပါယာက ရှင့်ဂိုဏ်းအတွင်းမှာ သူလျှိုတစ်ယောက် ထည့်ထားတယ် ဆိုပဲ"

လင်းဖုန်း၏ မျက်လုံးမှာ လင်းလက်လာခဲ့ကာ တွေးလိုက်သည်။ "သူမက အခုအချိန်မှာ မဟာကျိုး အင်ပါယာနဲ့ မဟာမိတ် ဖွဲ့ထားတာ မဟုတ်ဘူးလား၊ ဘာဖြစ်လို့ သူတို့ကို သစ္စာဖောက်ခဲ့ရတာလဲ?"

ဤအရာကို တွေးမိသည်နှင့် လင်းဖုန်းသည် ခေါင်းညိတ်လိုက်ကာ၊ ဘာမှ ဖုံးကွယ်ထားဖို့ မကြိုးစားခဲ့ပဲ၊ "လက်စသတ်တော့ သူ့ကို မဟာကျိုး အင်ပါယာက လွှတ်လိုက်တာကိုး"

"ဩော်၊ အရှင်လင်းက သိနေပြီးပြီပဲ" ယန့်မင်းရှဲ့က တိုးညင်းစွာဖြင့် ပြောလိုက်သည်။ "ဒါက ကျိုးကေရာဇ် လျှမ်ပန်းရဲ့ အကြံဖြစ်တယ်။ သူက ကြိုတင်ပြီး အစီအစဉ်တွေ ရေးဆွဲလေ့ရှိတယ်"

သူမက တိတ်တဆိတ် ဆက်ပြောလိုက်သည်။ "ကျွန်မသိထားသလောက်ဆိုရင် မဟာကျိုး အင်ပါယာ အပြင်၊ ကျွန်မရဲ့ဂိုဏ်းဖြစ်တဲ့ ဟင်းလင်းပြင် ဘုရားကျောင်းကလည်း၊ ရှင့်ရဲ့ဂိုဏ်းဖွင့်ပွဲ အခမ်းအနားကို အခွင့်ကောင်းယူပြီး အံ့ဖွယ်

ကောင်းကင်ဘုံဂိုဏ်းမှာ သူလျှိုတစ်ယောက် ထည့်ထားသေးတယ်"

လင်းဖုန်း၏ မျက်လုံးအစုံမှာ ရုတ်တရက် ကျဉ်းမြောင်းသွားခဲ့သည်။ "ကျုပ်ပြောထားတဲ့ အတိုင်းပဲ၊ ကျုပ်က တကယ်ကို ဂုဏ်ယူမိပါတယ်" သူက တိုးညင်းစွာဖြင့် ပြန်ပြောလိုက်သည်။

"အရှင်လင်းက သိထားရင် ပြီးတာပါပဲ" နောက်ထပ် အလ္လာပ သလ္လာပ စကားများကို အနည်းငယ် ပြောအပြီးတွင်၊ ယန့်မင်းရွှဲ့သည် စကားဝိုင်းကို လက်စသတ်လိုက်သည်။

အချိန်ခေတ္တမျှ စဥ်းစားခဲ့အပြီးတွင်
လင်းဖုန်းသည် သူ၏ခေါင်းကို မော့လိုက်ကာ၊
ခရမ်းရောင်တိမ်တိုက် ဝက်ပါအတွင်းမှ
ပုံရိပ်များကို ကြည့်လိုက်သည်။

အချိန်အတန်ကြာ စိုက်ကြည့်ခဲ့ အပြီးတွင်၊
လင်းဖုန်း၏ နှုတ်ခမ်းများသည်
ပြုံးယောင်သန်းလာခဲ့သည်။

ဤအချိန်တွင် ရှုယွင်စန်းနှင့်
ယင်းလော်ရှတို့အပြင်၊ လီရှင်းဖေးသည်လည်း
ဝက်ပါ၏ ဝင်ပေါက်သို့ ပြန်ရောက်နေခဲ့ပြီ
ဖြစ်သည်။ တစ်ချိန်တည်းတွင်

လှျိုရှုဖုန်းသည်လည်း စတင်ရာ နေရာသို့ ပြန်ရောက်ခဲ့ပြီ ဖြစ်သည်။ သူ၏ခေါင်းကို ခါလိုက်ကာ သူ၏အရှေ့မှ ဧရာမ ဝင်္ကပါကြီးအား၊ စိတ်ဒုက္ခရောက်စွာနှင့် ကြည့်နေခဲ့သည်။

ထိုမြင်ကွင်းအား ကြည့်လိုက်ကာ ရှောင်ယန်သည် ဇူရီဘက်သို့ လှည့်လိုက်သည်။ "မင်းရဲ့ ခန့်မှန်းချက်တွေက မှန်သားပဲ"

"ဘာပဲပြောပြော ကျွန်တော်က သူတို့ကို သင်ပြပြရတဲ့သူဆိုတော့၊ သူတို့ရဲ့ အကြောင်းကို

အူမချေးခါးမကျန် သိတယ်လို့ မပြောနိုင်ပေမဲ့၊ အကြမ်းဖျင်းလောက်တော့ သိထားပါတယ်" ဇူရိက ပြန်ဖြေခဲ့၏။

သူသည် သက်ပြင်းတိုးတိုးလေး တစ်ချက်အား ချလိုက်သည်။ "ဒါပေမဲ့ ဆရာဖန်တီးထားတဲ့ ဝက်ပါကနေ ထွက်နိုင်ဖို့ဆိုရင်၊ သူတို့က အများကြီး လိုသေးတယ်"

ရှောင်ပုတန်က ရယ်ရမ်းသွေးလိုက်သည်။ "အမှန်ဆိုရင် သူတို့ ဝက်ပါထဲကို မဝင်ခင်မှာ၊ ဆရာပေးထားတဲ့ သဲလွန်စက အတော့်ကို ပြည့်စုံရှင်းလင်းနေပြီပဲ"

# စာစဥ် ၂၀ : အပိုင်း ၁၄

## အပိုင်း ၃၆၄ : ဝက်ပါအတွင်းမှ ထွက်ရန် မှန်ကန်သော နည်းလမ်း

"စာအုပ်ကြီး အတိုင်းပဲ မစဥ်းစားပဲ လိုက်လျောညီထွေ ဖြစ်အောင် ကြိုးစားပြီး၊ အကန့်အသတ်တွေရဲ့ အထဲကနေ ခုန်ထွက်ရမယ်။ မင်းတို့ရဲ့ နှလုံးသားအတိုင်း စဥ်းစားမယ်ဆိုရင် ပုံရိပ်ယောင်တွေကို ကျော်လွှားနိုင်ပြီး၊ ဒီဝက်ပါထဲက ထွက်ဖို့က

မခက်ခဲ့ပါဘူး" ရှောင်ပုတန်က ပျော်ရွှင်မြူးတူးစွာနှင့် ပြောလိုက်သည်။

သူ၏ဘေးတွင် ဝမ်လင်းက တိတ်တဆိတ်ဖြင့် ပြောလိုက်သည်။ "ကိုယ့်ရဲ့ စိတ်ခံတတ်တွေကို မယိမ်းယိုင်စေပဲ ခိုင်မာစွာ ထားရမယ်။ ကိုယ့်ရင်ထဲက အစစ်အမှန် ပုံရိပ်နဲ့ ပုံရိပ်ယောင်တွေကို  ဖယ်ရှားရမယ်"

သူသည် ခရမ်းရောင်တိမ်တိုက် ဝက်ပါအတွင်းသို့ ငေးကြည့်လိုက်ကာသည်။ "ကျွန်တော်က အထဲကို မဝင်ရပေမဲ့၊ ဒီဝက်ပါအထဲက ခရမ်းရောင်

တိမ်တိုက်တွေက သွေးလေချောက်ချားပြီး
စိတ်ကယောက်ကတမ်း ဖြစ်စေတယ်
ဆိုတာကို သတိထားမိတယ်။
စိတ်ရှုပ်ထွေးမှုတွေ၊
စိတ်အနှောင့်အယှက်တွေကို ဖယ်ရှားပြီး
နှလုံးသားကို ကြည်လင်စွာ ထားနိုင်မှ၊
ဝဏ်ပါအထဲကနေ ထွက်နိုင်မယ့် နည်းလမ်းကို
ရှာနိုင်မှာ ဖြစ်တယ်"

သူ့လက်ရင်းတပည့်များ၏ စကားဝိုင်းကို
နားထောင်နေရင်း လင်းဖုန်း၏ အကြည့်သည်၊
လေပေါ်မှ ဒုတိယမျိုးဆက် တပည့်များ၏
ပုံရိပ်အပေါ်သို့ ကျရောက်သွားခဲ့သည်။

"ပင်ကိုစွမ်းရည် ခြားနားမှုက ကြီးမားသေးတာပဲ" သူသည် တိတ်တဆိတ်နှင့် သက်ပြင်းတစ်ချက် ချလိုက်သည်။

အကယ်၍ ရောင်ယန်နှင့် ကျန်သောသူများ ဖြစ်ခဲ့လျှင်၊ သူတို့သည် ချီသာ၀က အဆင့်မှာပင် ဖြစ်စေကာမူ၊ ၀က်ပါအတွင်းသို့ ၀င်သွားပြီးလျှင် လင်းဖုန်း၏ သဲလွန်စများဖြင့်၊ မှန်ကန်သော လမ်းကြောင်းကို လျှင်မြန်စွာနှင့် ရှာတွေ့နိုင်မယ် ဖြစ်သည်။ ယခု ဒုတိယမျိုးဆက် တပည့်များမှာ အထူးချွန်ဆုံးသော တပည့်များသည်ပင်လျှင်၊

အရင်ဆုံး ဝက်ပါအတွင်းမှ နရံများကို
ဝင်တိုက်မိပြီးမှ ဝင်ပေါက်သို့ ပြန်လာကာ၊
အသစ်တစ်ဖန် ပြန်စဉ်းစားနေရသည်။

သို့သော်လည်း လင်းဖုန်းသည် ထိုအရာများကို
ကြိုတင်မျှော်လင့်ပြီးသား ဖြစ်၏။
ဂိုဏ်းတစ်ဂိုဏ်းသည် ရှောင်ယန်တို့ကဲ့သို့
ရှာမှရှားသော ပါရမီရှင်များကို လိုအပ်သကဲ့သို့၊
ဂိုဏ်း၏ အခြေခံအဖြစ် ပါရမီ အမျိုးမျိုးရှိသော
တပည့်များကိုလည်း လိုအပ်မည် ဖြစ်သည်။
သူတို့နှစ်မျိုးက အချင်းချင်း အပြန်အလှန်
စောင့်ရှောက်ခြင်းအားဖြင့်၊ ဂိုဏ်းတစ်ဂိုဏ်း၏

ရေရှည်တိုးတက်အောင်မြင်မှုကို သေချာစေနိုင်မည် ဖြစ်သည်။

ဝက်ပါအတွင်းတွင် ရှုယွင်စန်း၏ မျက်လုံးအစုံသည် ရုတ်တရက် တောက်ပလာခဲ့သည်။ သူသည် သူ၏အနောက်မှ ဝင်ပေါက်ကို ပြန်လှည့်ကြည့်လိုက်၏။ "စာအုပ်ကြီး အတိုင်းပဲ မစဥ်းစားပဲ လိုက်လျောညီထွေ ဖြစ်အောင် ကြိုးစားပြီး၊ အကန့်အသတ်တွေရဲ့ အထဲကနေ ခုန်ထွက်ရမယ်။ မင်းတို့ရဲ့ နှလုံးသားအတိုင်း စဥ်းစားမယ်ဆိုရင်

ပုံရိပ်ယောင်တွေကို ကျော်လွှားနိုင်ပြီး၊
ဒီဝက်ပါထဲက ထွက်ဖို့က မခက်ခဲ့ပါဘူး"

"ဝင်ပေါက်ကပဲ ထွက်ပေါက်ဖြစ်နေမလား?"
သူသည် ဝင်ပေါက်ရှိရာသို့
လျှောက်လာလိုက်သော်လည်း၊ မမြင်နိုင်သော
အရံအတားတစ်ခု၏ တားဆီးထားခြင်းကို
ခံလိုက်ရသည်။

ရှုယွင်စန်းသည် စိတ်ဓာတ်မကျသွားခဲ့ပဲ
အနည်းငယ်သာ
မျက်မှောင်ကြုတ်သွားခဲ့သည်။
"မဟုတ်ဘူးလား? တကယ်လို့

ဒီလိုပဲသာဆိုရင်၊ ဒါက ကလေးကစားတဲ့ လှည့်စားတဲ့ ကစားနည်းမျိုးပဲ ဖြစ်သွားမယ်"

သူသည် ပြန်လှည့်လိုက်ကာ ဝက်ပါအား အသေအချာ သုံးသပ်လိုက်သည်။ ဝင်ပေါက်မှ ဝင်လာပြီးသည်နှင့် အရှေ့တွင်၊ ဘေးတစ်ဘက်တစ်ချက်စီတွင် လမ်းတစ်ကြောင်းစီရှိသော ခရမ်းရောင် နရံကြီး ရှိသည်။ သို့သော်လည်း ရှုယွင်စန်းသည် စမ်းသပ်ကြည့်ပြီးသား ဖြစ်သည်။ လမ်းကြောင်း နှစ်ခုစလုံးတို့သည် လမ်းမှန်များမဟုတ်ပဲ၊ နောက်ဆုံးတွင်

လမ်းပိတ်များတွင်သာ
အဆုံးသတ်သွားကြသည်။

ရှုယွင်စန်းသည် ဤ၀က်ပါတွင်
ထွက်ပေါက်ရှိသည်ကို ယုံကြည်နေသည်။
သို့သော်လည်း ထွက်ပေါက်ကို
ရှာမတွေ့ခြင်းသာ ဖြစ်သည်။

ခဏအကြာတွင် ရှုယွင်စန်း၏
မျက်လုံးအစုံသည် တောက်ပလာခဲ့၏။
သူသည် နောက်ထပ်တစ်ဖန်
ခရမ်းရောင်တိမ်တိုက် ၀က်ပါအတွင်းသို့
၀င်သွားခဲ့သည်။

ဝင်ပေါက်မှ လမ်းကြောင်းများမှာ
ယခင်ကအတိုင်းပင် တစ်ကြောင်းမှာ
ဘယ်ဘက်၊ တစ်ကြောင်းမှာ ညာဘက်သို့
ခွဲသွားနေ၏။ သို့သော်လည်း ဤတစ်ကြိမ်တွင်
ရှုယွင်စန်းသည် သူတို့နှစ်ခုအတွင်းတွင်
တစ်ခုကိုမှ မရွေးခဲ့ပေ။ သူသည်
တည့်တည့်သာ လျှောက်သွားခဲ့၍၊ အရှေ့မှ
ခရမ်းရောင် နရံကြီးကို
ထိပ်တိုက်တိုးခဲ့လိုက်သည်။

ရှုယွင်စန်းသည် ဤခရမ်းရောင် နရံကြီးကို
ဖျက်ဆီးရန်အတွက်၊ စွမ်းအားများကို

ထုတ်မသုံးခဲ့ပေ။ သူသည်
စိတ်ခေတ်ပြတ်သားစွာနှင့်
တစ်လှမ်းပြီးတစ်လှမ်း၊ နရုံဆီသို့ ဦးတည်၍
လျှောက်လှမ်းသွားခဲ့သည်!

ထူးဆန်းသော မြင်ကွင်းတစ်ခုက
ပေါ်ပေါက်လာခဲ့သည်။ ခရမ်းရောင် နရုံမှနေ၍
ရေကန့်လန့်ကာ တစ်ခုကဲ့သို့၊ လှိုင်းတွန့်များက
ပေါ်ထွက်လာခဲ့သည်။ ရှုယွင်စန်း၏
ခန္ဓာကိုယ်သည် နရုံအား
တိုက်ရိုက်ဖြတ်သန်းကာ၊ အခြားတစ်ဘက်သို့
ရောက်ရှိသွားခဲ့သည်။

ထိုမြင်ကွင်းအား ကြည့်နေခဲ့ကာ ဝက်ပါ၏ ပြင်ပတွင် ရှောင်ယန်၊ ဇူရီနှင့် ကျန်သောသူများက စတင်၍ ရယ်လိုက်ကြ၏။

"နောက်ဆုံးမှာ တစ်စုံတစ်ယောက်က သဘောပေါက်သွားပြီပဲ။ ကျွန်တော်က စိတ်လှုပ်ရှားလွန်းလို့ သေတော့မယ်" ရှောင်ပုတန်က အသံစူးစူးဖြင့် ရယ်လိုက်သည်။ "ဒါက ဒီလောက်အထိ ရိုးစင်းတာကို၊ ဘာဖြစ်လို့ တစ်ယောက်ကမှ အရင်က မစဥ်းစားမိကြတာလဲ?"

ရှောင်ယန်နှင့် ကျန်သောသူများသည် ဆွံ့အစွာနှင့် သူတို့၏ ခေါင်းများကို ခါလိုက်ကြ၏။ ဤဝက်ပါသည် လုံးဝကို ချိတ်ပိတ်ထားခြင်းကြောင့်၊ လမ်းကြောင်းတစ်ခုချင်းဆီကို လျှောက်သွားနေခြင်းဖြင့် လမ်းကြောင်းမှန်ကို ရှာတွေ့မည် မဟုတ်ပေ။ ဝင်ပေါက်သာရှိ၍ ပုံမှန်နည်းလမ်းအားဖြင့် ထွက်ပေါက်မရှိသော ဝက်ပါတစ်ခု ဖြစ်သည်။

မှန်ကန်သော ဖြေရှင်းနည်းမှာ ဝင်ပေါက်မှနေ၍၊ နရံများကို ဖြတ်၍ တည့်တည့်လျှောက်လှမ်းရန် ဖြစ်သည်။

ဤလမ်းအတိုင်း ခရမ်းရောင်တိမ်တိုက် ဝက်ပါတစ်ခုလုံးအား ဖြတ်၍ ကျော်ဖြတ်ရန် ဖြစ်သည်။

ရှောင်ပုတန်သည် ရယ်ရမ်းသွေး၍ ဆက်ပြောလိုက်သည်။ "အမှန်ဆိုရင် ဒီဝက်ပါကို ဖြေရှင်းရတာက လွယ်ပါတယ်။ တစ်ယောက်က ပုံမှန်တွေးနေကျ အတွေးတွေရဲ့ အထဲကနေ ချိုးဖောက်ထွက်ရမယ်။ ဒါပေမဲ့ ဆရာ့ရဲ့ ဝက်ပါကလည်း၊ သူတို့တွေရဲ့ နဂို အမှတ်အသားတွေကို ပြုပြင်တဲ့အထိကို အရက်မဲ့လှပါတယ်။ ဒီလို ဝက်ပါမျိုးကို

စည်းကမ်းတွေကို လိုက်နာပြီး ဖြတ်ကျော်ချင်တယ် ဆိုရင်တော့၊ ခံသွားရမှာပဲ မဟုတ်ဘူးလား?"

ဝက်ပါအတွင်းတွင် လမ်းကြောင်းအမှန်ကို ရှာဖွေနိုင်ပြီးနောက်တွင်၊ ရှုယွင်စန်းသည် သူ၏ ထင်မြင်ချက်အား မှန်မမှန် စမ်းသပ်ရန် အခြားနေရာများတွင်လည်း စမ်းသပ်ခဲ့သေးသည်။ နောက်ဆုံးတွင် ဝင်ပေါက်နှင့် တည့်တည့်ဖြစ်သော နရံသည်သာလျှင် ထွက်ပေါက်ဖြစ်ပြီး၊ ကျန်သောနေရာများ အားလုံးတွင် သူသည် နရံနှင့်သာ ဝင်ဆောင့်ခဲ့မိသည်။

ရှုယွင်စန်းသည် လမ်းကြောင်းတစ်လျှောက်မှ နရံများကို ဖြတ်ကျော်၍၊ အရှေ့သို့ ဆက်လျှောက်လာခဲ့သည်။ လမ်းတစ်ဝက်သို့ ရောက်သောအခါ၊ သူသည် ဖြောင့်တန်းနေသော လမ်းကြောင်းတစ်ခုကို ရင်ဆိုင်တွေ့လိုက်ရသည်။

သူသည် ထိုလမ်းကြောင်းအတိုင်း ဆက်လျှောက်နေခဲ့၏။ သူသည် လမ်းဆုံလမ်းခွနှင့် ထပ်မံကြုံတွေ့ ခဲ့ရသောအခါ၊ သူသည် ဘယ်ဘက်ကိုမှ မရွေးချယ်ခဲ့ပဲ နရံကိုသာ

ဖြတ်လျှောက်ခဲ့သည်။ ထင်ထားသည့်အတိုင်း သူသည် နရံအား ဖြတ်ကျော်နိုင်ခဲ့ပြန်သည်။

ထိုလမ်းအတိုင်း ဆက်လျှောက်လာခဲ့ရာ၊ ရှုယွင်စန်းသည် မကြာမီတွင် ခရမ်းရောင်တိမ်တိုက် ဝင်္ကပါ အတွင်းမှ ထွက်လာနိုင်ခဲ့သည်။ သူသည် နောက်ဆုံးနရံအား ဖြတ်ကျော်ပြီးသောအခါ၊ ဝင်္ကပါ၏ အပြင်ဘက်သို့ ရောက်ရှိလာခဲ့သည်။

ရှုယွင်စန်း၏ မျက်နှာတွင် အောင်မြင်မှုကြောင့်ဖြစ်သော အပြုံးတစ်ခုက ပေါ်ပေါက်လာခဲ့သည်။ သို့သော်လည်း

ချက်ချင်းပင် သူသည် သူ၏အနောက်တွင် တစ်စုံတစ်ခုကို ခံစားမိခဲ့ရသည်။ သူက အနောက်သို့ လှည့်ကြည့်လိုက်ရာ၊ သူနှင့် မရှေးမနှောင်းပင် ဝက်ပါအတွင်းမှ လူတစ်ယောက် ထွက်လာသည့်ကို တွေ့လိုက်ရ၏။ ပိန်ပိန်ပါးပါး အသားမည်းမည်းနှင့် ယင်းလော်ရှသည်လည်း၊ နရံကို ဖြတ်ကျော်၍ ထွက်လာခဲ့သည်။

သူတို့နှစ်ယောက်သည် အကြည့်ချင်း ဖလှယ်လိုက်ကြ၏။ ယင်းလော်ရှသည် သူ၏ခေါင်းကို ခါလိုက်သည်။ "ငါကမင်းကို အနိုင်မယူနိုင်သေးဘူး" ရှုယွင်စန်းသည်

ပြုံးလိုက်သည်။ "နောက်ပိုင်းမှာ အခွင့်အရေးတွေ ပေါ်လာပါလိမ့်မယ်"

သိပ်မကြာမီမှာပင် လီရှင်းဖေးနှင့် လှိုရှုဖုန်းတို့သည်လည်း၊ ဝက်ပါ၏ ဖုံးကွယ်ထားသော လှိုဂူဝှက်ချက်တို့အား သဘောပေါက်နိုင်ကြ၍၊ တစ်ယောက်ပြီးမှ တစ်ယောက် ထွက်လာနိုင်ခဲ့ကြသည်။

လင်းဖုန်းသည် ရှောင်ယန်နှင့် ကျန်သောသူများကို လှည့်ကြည့်လိုက်ကာ ပြောလိုက်သည်။ "ကဲ၊ မင်းတို့ကလည်း သွားပြီးတော့ ပြင်ဆင်မှုတွေ

သွားလုပ်ထားကြဦး။ ငါ့ရဲ့စမ်းသပ်မှု ပြီးဆုံးသွားရင်၊ မင်းတို့က တပည့်ရွေးရမယ့် အချိန်ကို ရောက်လာတော့မယ်။ ပွင့်ပွင့်လင်းလင်း ပြောရရင် အလားအလာ ရှိတဲ့သူတွေက သိပ်မများပဲ၊ သူတို့မှာလည်း ရွေးချယ်ပိုင်ခွင့် ရှိနေကြတယ်။ မင်းတို့သဘောကျတဲ့သူက မင်းတို့နား ရောက်လာမလား ဆိုတာကို စောင့်ကြည့်ကြတာပေါ့"

ဇူရီနှင့် ကျန်သောသူများသည် အပြုံးများကို ဖလှယ်လိုက်ကြပြီး၊ သူတို့၏ကိုယ်ပိုင်

ဗိမာန်များဆီသို့ အလင်းတန်းများအဖြစ်
ပျံ့သန်းထွက်ခွာသွားကြသည်။

ငရဲမီး ချောက်ကမ်းပါး၊
ကောင်းကင်ဘုံကျောင်း၊ သစ်တောဗိမာန်၊
ဆီးနှင်းမုန်တိုင်းချိုင့်ဝှမ်း၊ နိဗ္ဗာန်ကမ္ဘာနှင့်
မြေရိုင်းလျှိုမြောင် - ဗိမာန်ခြောက်ခုတို့သည်
တပြိုင်နက်တည်း တောက်ပသော
အလင်းတန်းများဖြင့် လင်းလက်လာခဲ့သည်။

ရှောင်ယန်သည် သက်တန့်တိမ်တိုက်
တံတား၏ သယ်ယူပို့ဆောင်ခြင်း စွမ်းရည်ဖြင့်၊

ငရဲမီး ချောက်ကမ်းပါးသို့ ပြန်လာနိုင်ခဲ့သည်။
"ဆရာ၊ ကျွန်တော့်ကို ကူညီပါဦး"

လင်းဖုန်းသည် ပြုံးလိုက်ကာ
အတွေးတစ်ချက်နှင့်ပင်၊ ငရဲမီး
ချောက်ကမ်းပါးမှ အကြွင်းမဲ့မီးတောက်
သုံးခုတို့သည် ပြင်းထန်လှပစွာဖြင့်
ကခုန်လာကြသည်။ ငရဲပြည်က
ရောင်ခြည်နတ်ဆိုး မီးတောက်နှင့် နန်းမင်
အကြွင်းမဲ့ မီးတောက်တို့သည်
အဖိနှိပ်ခံလိုက်ရ၍၊ မဟာသူရိယ အကြွင်းမဲ့
မီးတောက်သာလျှင် နေမင်း၏

ရွှေရောင်အလင်းတန်းများဖြင့် ကျန်ရှိနေခဲ့သည်။

"မင်းက နန်းမင် အကြွင်းမဲ့ မီးတောက်ကို မထိန်းချုပ်နိုင်သေးဘူး။ ငရဲပြည်က ရောင်ခြည်နတ်ဆိုး မီးတောက်က ကြမ်းတမ်းလွန်းတယ်။ မဟာသူရိယ အကြွင်းမဲ့ မီးတောက်ဆိုရင် လုံလောက်ပြီ" လင်းဖုန်းက ရှောင်ယန်အား မှော်စွမ်းအင်ဖြင့် အသံလွှင့်ကာ ပြောလိုက်သည်။ ရှောင်ယန်က ခေါင်းညိတ်လိုက်ကာ၊ ငရဲမီး ချောက်ကမ်းပါးတွင် စိတ်ရှည်စွာဖြင့် စောင့်မျှော်နေခဲ့သည်။

အချိန်မှာ လျှင်မြန်စွာနှင့် ပြည့်သွားခဲ့ပြီး လင်းဖုန်းက အကဲခတ်လိုက်ရာ၊ ဝက်ပါအတွင်းမှ အောင်မြင်စွာနှင့် ထွက်လာနိုင်သူမှာ ၁၁ယောက်သာ ရှိသည်ကို တွေ့လိုက်ရ၏။ ဒုတိယမျိုးဆက် အတွင်းမှ တပည့်၉ယောက်နှင့် ကျန်နှစ်ယောက်မှ ရှောင်ဟွမ်းကျိုနှင့် အခြားကလေး တစ်ယောက်ဖြစ်သည်။

ချီကျင့်ကြံမှုတွင် ကလေးများသည် ပို၍အားကောင်းသော်လည်း၊ အရိုးအရင်းမြစ်၊ သဘောပေါက် နားလည်နိုင်စွမ်းနှင့်

အထူးသဖြင့် စိတ်စွမ်းအားတို့တွင် သူတို့သည် အားနည်းသဖြင့်၊ သူတို့အတွင်းမှ အနည်းငယ်သည်သာလျှင် စမ်းသပ်မှုကို အောင်မြင်စွာနှင့် ကျော်ဖြတ်နိုင်ခဲ့ကြသည်။

"အချိန်ပြည့်ပြီ" လင်းဖုန်းသည် သူ၏လက်အား တည်ငြိမ်စွာနှင့် ဝှေ့ယမ်းလိုက်ရာ၊ ခရမ်းရောင်တိမ်တိုက် ဝင်္ကပါကြီးသည် ရုတ်ချည်းပင် ကွယ်ပျောက်သွားခဲ့သည်။ ခရမ်းရောင် တိမ်တိုက်များသည် ဝင်္ကပါအတွင်းမှာ ကျန်နေကြသောသူများကို မတင်ပေးလိုက်ခဲ့၏။

ထိုဆယ်ကျော်သက်များ၏ မျက်နှာများတွင်
ညှိုးငယ်သော အကြည့်များပေါ်လာခဲ့၍၊
ရှုယွင်စန်းနှင့် ကျန်သောသူများအား
ကြည့်လိုက်ကာ လေးစားအားကျသော
အကြည့်များဖြင့် ပြည့်လာခဲ့သည်။

လင်းဖုန်းသည် လေပေါ်တွင် ရပ်နေခဲ့ကာ၊
သူ၏ ပုံစံသည် စကြာဝဠာနှင့်
တစ်သားတည်းကဲ့သို့ ဖြစ်နေခဲ့သည်။
သူ၏အသံသည်
အလွန်မကျယ်လှသော်လည်း၊ လေဟာနယ်
တစ်ခုလုံးတွင် ပဲ့တင်ခတ်နေခဲ့သည်။

"စမ်းသပ်မှုကို အောင်မြင်ခဲ့တဲ့ လူတွေက၊ မင်းတို့ရဲ့ ကိုယ်ပိုင်ဆန္ဒနဲ့ ရွေးချယ်နိုင်ကြတယ်။ မင်းတို့ရဲ့ စိတ်ထဲမှာရှိတဲ့ ဆရာရဲ့ ဗိမာန်ကို ဆက်သွားနိုင်ကြတယ်။ ဒါက မင်းတို့ရဲ့ ဒုတိယ စမ်းသပ်မှု ဖြစ်သွားလိမ့်မယ်။ ဗိမာန်တိုင်းမှာ ကွဲပြားခြားနားတဲ့ အကာအကွယ် ဝက်ပါနဲ့ အတားအဆီးတွေ ရှိကြတယ်။ သူတို့ကို အောင်မြင်စွာနဲ့ ဖြတ်ကျော်နိုင်မှသာ၊ မင်းတို့ရဲ့ စမ်းသပ်မှုက ပြီးဆုံးမှာဖြစ်တယ်။ မအောင်မြင်တဲ့သူတွေက နောက်ထပ် အခွင့်အရေးတစ်ခုကို ထပ်စောင့်ရမှာ ဖြစ်တယ်"

ရှုယွင်စန်း၊ ယင်းလော်ရှုတို့နှင့်
ကျန်သောသူများ၏ စိတ်ခေတ်များသည်၊
ချက်ချင်းပင် ပြန်လည်ပြုတ်ကျသွားကြသည်။
ခရမ်းရောင်တိမ်တိုက် ဝင်္ကပါအတွင်းမှ
ထွက်လာနိုင်၍ လျှော့ထားသော
စိတ်များသည်၊ ချက်ချင်းပင်
ပြန်လည်တင်းကြပ်သွားကြ၏။ သူတို့သည်
ရိုသေလေးစားလှစွာဖြင့် လင်းဖုန်းအား
တပြိုက်နက် ဦးညွှတ်လိုက်ကြသည်။
"အရှင့်ရဲ့ ဆန္ဒအတိုင်းပါ"

မအောင်မြင်ခဲ့ကြသော ကျန်နေသေးသည့် တပည့်နှင့် ကလေးများသည်လည်း၊ အဝေးမှ ဗိမာန်ခြောက်ခုအား စိတ်ဝင်စားစွာဖြင့် စိုက်ကြည့်နေကြသည်။ သူတို့သည် ဆရာရွေးရန် အခွင့်အရေး မရခဲ့သော်လည်း၊ ရှုယွင်စန်းနှင့် ကျန်သောသူများက ဒုတိယ စမ်းသပ်မှုအား အောင်မြင်နိုင်မည်လောကို သိချင်နေကြ၏။

တစ်ချိန်တည်းမှာပင် သူတို့သည် ရှောင်ယန်နှင့် ကျန်သောသူများက၊ မည်သို့သော အခက်အခဲမျိုးကို ပြင်ဆင်ထားကြမည်ကို သိချင်နေကြသည်။

စပ်စုလိုစိတ်အပြင် နောက်တစ်ခါက်
သူတို့က စာမေးပွဲ ဖြေဆိုသည့်အခါ၊
မည်ကဲ့သို့သော ပြင်ဆင်မှုများ
ပြုလုပ်ထားရမည်ကို သိချင်နေကြခြင်း
ဖြစ်သည်။

သူတို့သည် ဆရာရွေးချယ်ပိုင်ခွင့်
ရှိကြသည်ကို ကြိုတင်သိရှိထားပြီး
ဖြစ်ကြသဖြင့်၊ ရှုယွင်စန်းနှင့်
ကျန်သောသူများသည် မည်သူ့ကို
ရွေးချယ်မည်ကို စိတ်ထဲတွင်
ကြိုတင်စဉ်းစားထားပြီးသား ဖြစ်နေကြ၏။
ထို့ကြောင့် ယခုအချိန်တွင် သူတို့သည်

ချီတုံချတုံ မဖြစ်နေကြပဲ လင်းဖုန်းအား ပြိုင်တူဦးညွှတ်လိုက်ကြကာ၊ သူတို့၏ ပစ်မှတ်ဗိမာန်များဆီသို့ အသီးသီး ချီတက်သွားကြသည်။

ယင်းလော်ရှသည် လင်းဖုန်းအား တစ်ချက်စိုက်ကြည့်လိုက်ကာ၊ သူ၏အံကို တိတ်တဆိတ် ကြိတ်လိုက်သည်။ "တကယ်လို့များငါက ဝက်ပါထဲက အဖြေမှန်ကို ချက်ချင်းဖော်ထုတ်နိုင်ခဲ့ရင်၊ ရှုယွင်စန်းကို နိုင်ရုံတင်မကပဲ ဂရန်းမာစတာကိုပါ ဆရာအဖြစ် ရနိုင်ဦးမယ်"

လင်းဖုန်းသည် ထို၁၁ယောက်တို့၏
ရွေးချယ်မှုများကို တိတ်တဆိတ်
လေ့လာနေခဲ့၍၊ သူ၏မျက်နှာတွင်
စိတ်ဝင်စားသည့် အပြုံးတစ်ခု ပေါ်လာခဲ့သည်။
"စိတ်ဝင်စားစရာပဲ"

လူအရေအတွက်နှင့်ဆိုလျှင်၊ ရှောင်ယန်နှင့်
ဇူရိတို့သည် နာမည်အကြီးဆုံး ဆရာများ
ဖြစ်ကြသည်။ သူတို့နှစ်ယောက်
ပေါင်းလိုက်လျှင် တပည့်တစ်ဝက်ကျော်အား
ဆွဲဆောင်နိုင်ခဲ့သည်။

ဒါသည် အကြောင်းရင်းပေါင်း
များစွာတို့ကြောင့် ဖြစ်၏။ ဒုတိယမျိုးဆက်
တပည့်များသည် တစ်ယောက်မှ ဟွမ်ဟိုင်
စိတ်ဝိညာဉ် အစည်းအဝေးသို့
မတက်ရောက်ခဲ့ရပေ။ သူတို့ပြန်လာသော
အခါတွင်လည်း၊ အစည်းအဝေးမှ
အကြောင်းအရာများကို သူတို့အား
တစ်ယောက်မှ မပြောပြခဲ့ပေ။ ထို့ကြောင့်
သူတို့သည် ထိုအစည်းအဝေးမှ၊ လင်းဖုန်း၏
လက်ရင်းတပည့်များ၏
စွမ်းဆောင်ရည်များကို မသိခဲ့ကြပေ။

လင်းဖုန်း၏ လက်ရင်းတပည့်
ခြောက်ယောက်တို့နှင့် ပတ်သတ်၍၊
ဆယ်ကျော်သက်တို့သည် အမှန်ဆိုလျှင်
သိပ်၍ နားမလည်သေးကြပေ။ ထို့ကြောင့်
သူတို့သည်၊ သူတို့၏ ယခင်မှ ထင်မြင်ချက်များ
အပေါ်တွင်သာ မူတည်၍ ရွေးချယ်ခဲ့ကြသည်။

သူတို့အထဲတွင် ရှောင်ယန်သည် လင်းဖုန်း၏
တပည့်ကြီးဖြစ်ကာ၊ ဇူရီသည်
သူတို့ဂိုဏ်းအတွင်းသို့ စဝင်ကတည်းက
နည်းစနစ်များကို တာဝန်ယူ သင်ကြားပေးခဲ့သူ
ဖြစ်သည်။ ထို့ကြောင့် သူတို့နှစ်ယောက်သည်

နာမည်အကြီးဆုံး ဖြစ်နေရသည်မှာ၊ အကျိုးအကြောင်း ဆီလျော်ပေသည်။

လူငယ်များ အနေနှင့် လင်းဖုန်း လက်ရင်းတပည့်များ၏ အစွမ်းအစကို တိုက်ရိုက်ကြည့်ရှုခဲ့ရခြင်းမှာ၊ ဂိုဏ်းဖွင့်ပွဲ မတိုင်ခင်မှ ရှကျိုးမြို့ပြင် တိုက်ပွဲတွင် ဖြစ်သည်။ ရွှေရောင်ဗဟိုချက် အဆင့်မှ ရှောင်ယန်၊ ဇူရီနှင့် ရှောင်ပုတန်တို့သည်၊ အခြေတည်ဝိညာဉ် အဆင့်မှ အကြီးအကဲ တစ်ယောက်စီတို့ကို ခုခံကာကွယ်နိုင်ခဲ့ကာ၊ ရှိသမျှလူတို့အား အံ့သြတုန်လှုပ်စေခဲ့သည်။

အခြေခံအုတ်မြစ် စဦးပိုင်း အဆင့်မှ
ဝမ်လင်းမှာ မထင်ရှားခဲ့သည်မှာ၊
အမှန်တရားပင် ဖြစ်သည်။

ရှောင်ပုတန် အနေနှင့်မူ၊ သူ၏
အသွင်အပြင်မှာ ချစ်စရာကောင်းသော
ကလေးငယ်တစ်ယောက် ပုံစံသာ
ရှိသေးသည်။ သူတို့သည် သူ့၏ စွမ်းအင်နှင့်
ခွန်အားများကို သိနေကြသော်လည်း၊ သူ့ထက်
အသက်ပိုကြီးကြသော ဒုတိယမျိုးဆက်
တပည့်များအနေဖြင့်၊ သူ၏တပည့်အဖြစ်
ခံယူရန် ဆန္ဒမရှိကြပေ။ ထို့ကြောင့် သူ၏

မြေရိုင်းလျှိုမြောင်တွင် ကြွက်တစ်ကောင်
ကြောင်တစ်မြီးမှ မရှိခဲ့ပေ။

ထို့ကြောင့် ယခင်က
စိတ်လှုပ်ရှားတက်ကြွနေခဲ့သော
ရှောင်ပုတန်လေးသည်၊
စိတ်ပျက်လက်ပျက်ဖြင့် မြေရိုင်းလျှိုမြောင်၏
ဝင်ပေါက်ရှေ့တွင် လက်မှိုင်ချကာ
ထိုင်နေခဲ့ပြီး၊ တပည့်များက
အခြားဗိမာန်များထံသို့
လျှောက်သွားနေကြသည်ကို တွေတွေကြီး
စိုက်ကြည့်နေခဲ့သည်။

ယန်ချင်၏ နိဗ္ဗာန်ကမ္ဘာသည်လည်း
အလားတူပင် ကန္တာရသဖွယ်
ခြောက်ကပ်နေခဲ့၏။ ယခင်က ယန်ချင်နှင့်
ဒုတိယမျိုးဆက် တပည့်များသည်၊ ဂိုဏ်းဖွင့်ပွဲ
အခမ်းအနားတွင် အတူတကွ ဂိုဏ်းထဲသို့
ဝင်ခဲ့ကြသူများ ဖြစ်သည်။ နောက်ဆုံးတွင်
သူက ခုန်ပျံကျော်လွှားကာ၊ လင်းဖုန်း၏
လက်ရင်းတပည့် တိုက်ရိုက်ဖြစ်သွားခဲ့သည်။

သူတို့သည် ယန်ချန်မှာ အခြေခံအုတ်မြစ်
အဆင့်သို့ ရောက်ရှိနေပြီ ဖြစ်သည်ကို
သိနေခဲ့ကြသော်လည်း၊ ထိုလူငယ်များမှာ

မာနရှိသေးကြပြီး သူ့ထံသို့သွားကာ
သူ၏တပည့်အဖြစ် မခံယူလိုကြပေ။

လင်းဖုန်းက ယန်ချင်အား အကဲခတ်လိုက်ရာ၊
သူသည် စိတ်တည်ငြိမ်နေရုံတင် မကပဲ
စိတ်သက်သာရာပင် ရနေခဲ့သည်ကို
တွေ့လိုက်ရ၏။

သူသည် သူနှင့်အတူတူ ဂိုဏ်းအတွင်းသို့
ဝင်ခဲ့သော သူများကို၊ တပည့်အဖြစ်
လက်ခံရန် ကသိကအောက် ဖြစ်နေခဲ့သည်။
ထို့ကြောင့် ယခုအခြေအနေတွင် သူက
စိတ်လက်ပေါ့ပါးနေခဲ့ခြင်း ဖြစ်သည်။

"ရည်မှန်းချက် မရှိတဲ့ ကောင်စုတ်လေး!" လင်းဖုန်း၏ နှုတ်ခမ်းများသည် တွန့်သွားခဲ့ကာ၊ "မင်းကို သင်ကြားပြသဖို့ ငါက အတော်ကြိုးစားရဦးမယ်"

တစ်ချိန်တည်းတွင်ပင် ယွဲ့ဟုန်ယန်သည် ယန်ချန်နည်းတူ၊ ကသိကအောက် အခြေအနေနှင့် ကြုံတွေ့နေရသည်။ သို့သော်လည်း သူမသည် ခြောက်ယောက်အတွင်းတွင် တစ်ဦးတည်းသော အမျိုးသမီး ဖြစ်သဖြင့်၊

သူမကို ရွေးချယ်လိုသူ တပည့်အချို့လည်း ရှိသေးသည်။

သူမနှင့် နီးကပ်သော ဆက်ဆံရေးရှိသည့် ရှောင်ဟွမ်းကျိအပြင်၊ ဒုတိယမျိုးဆက်မှ အမျိုးသမီး တပည့်တစ်ဦးသည် ဆီးနှင်းမုန်တိုင်း ချိုင့်ဝှမ်းအား ရွေးချယ်ခဲ့သည်။

လင်းဖုန်းသည် နူးညံ့သိမ်မွေ့ ညင်သာပုံပေါက်နေသည့် ထိုမိန်းကလေးအား ရယ်ချင်စွာဖြင့် ကြည့်လိုက်ကာ၊ သူ၏ခေါင်းကို ဆက်တိုက်ခါယမ်းလိုက်သည်။ "မင်းက

ဒီတစ်ခေါက်တော့ မှားသွားပြီ။ ဟုန်ရန်ရဲ့ ကြမ်းတမ်းခက်ထန်တဲ့ ပုံစံကို၊ အမျိုးသမီး တော်တော်များများက သင်ယူနိုင်မှာ မဟုတ်ဘူး"

ထိုအချိန်မှာပင် ဒုတိယမျိုးဆက် တပည့်များအတွင်းတွင် အထူးချွန်ဆုံး ဖြစ်ကြသော၊ ရှုယွင်စန်း၊ ယင်းလော်ရှ၊ လီရှင်းဖေးနှင့် လျှိုရှုဖုန်းတို့သည်၊ သူတို့၏ ရွေးချယ်မှုများကို အသီးသီး ပြုလုပ်လိုက်ကြသည်။

## စာစဉ် ၂၀ : အပိုင်း ၁၅

# အပိုင်း ၃၆၅ : ဒုတိယမျိုးဆက် တပည့်များက ဆရာများကို ရွေးချယ်ခြင်း

ဒုတိယမျိုးဆက် တပည့်များအတွင်းမှ ပါရမီရှင် လေးယောက်အနက် တစ်ယောက် အပါအဝင် ဖြစ်သူ၊ လျို့ရှုဖုန်းသည် ရှောင်ယန်၏ ငရဲမီး ချောက်ကမ်းပါးအား ရွေးချယ်ခဲ့၏။

သူ၏ အနီးကပ်မိတ်ဆွေ ဖြစ်သော ဖက်တီးသည် ခရမ်းရောင်တိမ်တိုက် ဝင်္ကပါအတွင်းမှ နောက်ဆုံးမိနစ်တွင်

ထွက်လာနိုင်ခဲ့၍၊ စမ်းသပ်မှု ဒုတိယပိုင်းတွင် ပါဝင်ခွင့် ရှိခဲ့သည်။ သူသည် လျို့ရှုဖုန်း၏ အနောက်တွင်၊ သူ၏ ရွေးချယ်နိုင်ခွင့်များကို စဥ်းစားနေခဲ့၍ မေးလိုက်သည်။"အစ်ကိုဖုန်း၊ ကျွန်တော်က ဘယ်တစ်ယောက်ကို ရွေးရမယ်လို့ ထင်သလဲ?"

လျို့ရှုဖုန်းသည် သူ၏ခြေလှမ်းများကို ရပ်တန့်လိုက်ကာ၊ သူ့အား ထူးခြားစွာနှင့်ကြည့်လိုက်သည်။ "ဒါက မင်းဘာသာမင်း ချမှတ်ရမယ့် ဆုံးဖြတ်ချက်လေ"

ဖက်တီးသည် ရှက်ကိုးရှက်ကန်းဖြင့် ရယ်လိုက်သော်လည်း၊ လျှိုရှဖုန်းအား အကူအညီ တောင်းခံနေသည့် မျက်လုံးများဖြင့် ဆက်ကြည့်နေခဲ့သည်။

လျှိုရှဖုန်းသည် သူ့အား ပျင်းရိပျင်းတွဲဖြင့် ပြန်ဖြေလိုက်သည်။ "အကြီးအကဲဇူဟာ ငါတို့ရဲ့ အဓိက သင်ကြားပြသသူ ဖြစ်ပြီး၊ ဂရန်းမာစတာရဲ့ အမိန့်နဲ့ ငါတို့လို တပည့်သစ်တွေကို အခြေခံနည်းစနစ်တွေကို သင်ကြားပြသပေးခဲ့တယ်။ တကယ်လို့ မထင်ထားတာတွေ မဖြစ်ခဲ့ရင်၊ အကြီးအကဲဇူဟာ နောက်ထပ်တပည့်သစ်တွေ

ထပ်ခေါ်လို့ရှိရင်လည်း၊ နည်းပြဆရာချုပ်
ဖြစ်ဦးမှာပဲ"

"အနာဂတ်မှာ တပည့်သစ်တွေက ပိုပိုပြီးတော့
များလာဖို့ရှိတယ်။ အကြီးအကဲဇူက
လူသစ်တွေရဲ့ သံသယတွေကို ဖြေရှင်းပေးဖို့၊
တစ်ခါတစ်ရံမှသာ ဂရန်းမာစတာလိုမျိုး
သင်ခန်းစာ ပို့ချပေးနိုင်မှာပဲ။ ဒါဆိုရင်
တပည့်သစ်တွေကို နေ့စဉ် သင်ကြားပြသဖို့က
အကြီးအကဲဇူရဲ့ တရားဝင်တပည့်တွေရဲ့
အပေါ်ကို ကျရောက်လာမယ်"

ဖက်တီးက ချီတုံချတုံ ဖြစ်စွာနှင့် မေးလိုက်သည်။ "ဒါဆိုရင်၊ အစ်ကိုဖုန်း ဆိုလိုချင်နေတာက..."

လှိုရှဖုန်းသည် သူ၏လက်ဖဝါးဖြင့် မေးထောက်လိုက်ပြီးမှ၊ မယုတ်မလွန် ပြန်ဖြေလိုက်သည်။ "တခြားအရာတွေကို လျစ်လျူရှုထားလိုက်ရင်တောင်၊ အကြီးအကဲဇူရဲ့ ကျယ်ပြန့်လှတဲ့ လူမှု အသိုင်းအဝိုင်းက၊ သူ့ကို ဆရာအဖြစ် တင်တဲ့သူတွေအတွက် အသုံးဝင်လာလိမ့်မယ်။ အခုမှ အသစ်ဝင်လာတဲ့ တပည့်အသစ်တွေက၊ သူနဲ့

ဆက်ဆံရေးကောင်းတွေ တည်ဆောက်ဖို့ ကြိုးစားကြလိမ့်မယ်။ တခြားအကြီးအကဲတွေရဲ့ လက်အောက်ကို ရွေးချယ်ခဲ့ကြတဲ့ တပည့်တွေတောင်မှ၊ အကြီးအကဲဇူက သူတို့ရဲ့ ပထမဆုံး ဆရာဖြစ်ခဲ့တဲ့အတွက် ကျေးဇူးတင်ကြလိမ့်မယ်"

"အစ်ကိုဖုန်း၊ အစ်ကိုက ဒီလိုပြောနေမှတော့၊ ဘာဖြစ်လို့ အစ်ကိုဖန်းက အကြီးအကဲဇူရဲ့ ကောင်းကင်ဘုံကျောင်းကို မရွေးချယ်ခဲ့တာလဲ?" ဖက်တီးက သိလိုစိတ် ပြင်းပြစွာနှင့် မေးလိုက်သည်။

လျှိုရှုဖုန်းသည် သာမန်သာ ရယ်ရမ်းသွေးလိုက်၏။ "ငါက အကြီးအကဲ ရှောင်ရဲ့အောက်မှာ၊ လွတ်လွတ်လပ်လပ်နဲ့ သက်သက်သာသာ နေလို့ရတယ်။ တခြားဘာရည်ရွယ်ချက် ကြီးကြီးမားမားမှ မရှိဘူး။ အေးဆေးသက်သာစွာ နေလို့ရရင် ငါ့အတွက် အကောင်းဆုံးပဲ"

ဖက်တီးသည် ပြီးတာနှင့် ဆုံးဖြတ်ချက် ချလိုက်သည်။ "ကျွန်တော်ကလည်း အစ်ကိုဖုန်းနဲ့ လိုက်မယ်"

လှိုုရှဖုန်းက ရယ်ရမ်းသွေးလိုက်သည်။
"ငါမင်းကို ပြောပြီးသားပဲ၊ ဒါက မင်းကိုယ်တိုင်
ချမှတ်ရမယ့် ဆုံးဖြတ်ချက်တစ်ခုပဲ"

"ကျွန်တော်ကလည်း အသေအချာ
စဉ်းစားပြီးသားပါ" ဖက်တီးက လေးနက်သော
လေသံဖြင့် ပြန်ဖြေလိုက်သည်။
"အကြီးအကဲဇူရဲ့အောက်မှာ
လေ့ကျင့်ရခြင်းက ကျွန်တော့်အတွက်
အကောင်းဆုံး ဖြစ်ပေမဲ့၊ အကြီးအကဲဇူရဲ့
စည်းကမ်းတွေက တင်းကျပ်လွန်းတယ်။
ကျွန်.. ကျွန်တော်က သူနဲ့ မသင့်လျော်ဘူး"

လျှိုရှဖုန်းက သူ၏ပုခုံးကိုတွန့်ကာ ပြုံးလိုက်သည်။ "မင်းက သေချာစဥ်းစားပြီးပြီဆိုတော့၊ သွားကြစို့။ မင်းနဲ့ ညီအစ်ကိုလို အတူတူ လေ့ကျင့်ရတာလည်း မဆိုးပါဘူး"

နှစ်ယောက်သား အချင်းချင်း ကြည့်လိုက်ကြကာ ရယ်လိုက်ကြ၏။ ပြီးတာနှင့် ရှောင်ယန်၏ ငရဲမီး ချောက်ကမ်းပါးသို့ ပြိုင်တူချီတက်သွားကြလေသည်။

လှိုင်ရှုဖုန်း ပြောထားသကဲ့သို့ တပည့်အမြောက်အမြားတို့သည်၊ ဇူရီအား ဆရာအဖြစ် ရွေးချယ်ခဲ့ကြသည်။ သူတို့အတွင်းတွင် ရှုယွင်စန်းလည်း အပါအဝင် ဖြစ်သည်။

"အကြီးအကဲဇူက တပည့်အသစ်တွေရဲ့ အခြေခံ ပညာရေးကို အမြဲတမ်း တာဝန်ယူနေရတယ်။ အချိန်ကြာလာတာနဲ့ အမျှ သူ့ရဲ့အဖွဲ့ဟာ၊ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှာ အသန်မာဆုံး အဖွဲ့ဖြစ်လာမှာပဲ။ ဂရန်းမာစတာနဲ့ ကျန်တဲ့

အကြီးအကဲတွေက ဒီဖြစ်ရပ်ကို ဒီအတိုင်းပဲ ခွင့်ပြုနိုင်ကြမလား မသိဘူး"

ရှုယွင်စန်းသည် ကိုယ့်ကိုယ်ကိုယ် စဉ်းစားနေခဲ့သည်။ "ဒါပေမဲ့ ဒီအားသာချက် မရှိရင်တောင်၊ ငါက ကောင်းကင်ဘုံကျောင်းကိုပဲ ရွေးချယ်ခဲ့မှာပဲ။ အကြီးအကဲဇူက ချီသာဝက အဆင့်မှာ လေ့ကျင့်ရတဲ့၊ ဇူကျိ အရေအတွက်သုံးခု အင်းရှစ်ကွက် ကျမ်းစာတို့ ပြုစုခဲ့တယ်။ သူက ဒီနည်းစနစ်ကို အကျွမ်းကျင်ဆုံးဖြစ်ပြီး သူ့ရဲ့လက်အောက်မှာ သင်ကြားရလို့ရှိရင်၊

ငါ့အတွက် အကျိုးကျေးဇူး အများဆုံး ရနိုင်ပြီး ကျန်တဲ့သူတွေထက် နှာတဖျား ပိုသာနိုင်မှာပဲ"

"အနာဂတ်မှာ တွေ့ကြုံရမယ့် အခြေခံအုတ်မြစ် အဆင့်နည်းစနစ်တွေကလည်း၊ ဇူကျိ အရေအတွက်သုံးခု အင်းရှစ်ကွက် ကျမ်းစာနဲ့ အခြေခံ သဘောတရား အတူတူပဲ ဖြစ်မှာပဲ။ ဒီ့အတွက် ငါက တခြား အကြီးအကဲတွေရဲ့ လက်အောက်မှာ လေ့ကျင့်တာထက်စာရင်၊ လုံ့လတစ်ဝက် စိုက်ထုတ်ရုံနဲ့ အကျိုးတရား နှစ်ဆရနိုင်မှာ ဖြစ်တယ်။ ဒါဆိုရင်လည်း

ငါ့အဖော်တွေထက် ခြေတစ်လှမ်းမက သာသွားနိုင်တယ်"

"ဒီလိုမျိုး အားသားချက်တွေကို နည်းနည်းချင်း စုဆောင်းသွားနိုင်လို့ရှိရင်၊ တဖြည်းဖြည်းနဲ့ ကွာဟချက်က ကြီးမားလာနိုင်မယ်" ရှုယွင်စန်းသည် အသက်ပြင်းပြင်းတစ်ချက် ရှူလိုက်သည်။ "ငါက တစ်စုံတစ်ခုကို လုပ်ဆောင်လို့ရှိရင်၊ အကောင်းဆုံးဖြစ်ဖို့ ရည်မှန်းထားရမယ်။ အကြီးအကဲဇူကို ရွေးချယ်တာက၊ ငါ့အတွက် အသင့်တော်ဆုံး ရွေးချယ်မှု ဖြစ်မှာပဲ"

ရှုယွင်စန်းသည် အချိန်ကြာမြင့်စွာ
တွေးခေါ်သုံးသပ်ပြီးမှ
ကောင်းကင်ဘုံကျောင်းကို
ရွေးချယ်ခဲ့သော်လည်း၊ ယင်းလော်ရှ၏
ဆုံးဖြတ်ချက်သည် အများကြီးပို၍
လွယ်ကူပေသည်။ သူသည် ရှုယွင်စန်း
ရွေးချယ်သည့်နောက်သို့ လိုက်မည်ဖြစ်၏။
သို့မှသာ သူသည် သူ၏ကိုယ်ပိုင်စွမ်းအင်ကို
တိုင်းတာနိုင်ရန်၊ ရှုယွင်စန်းနှင့် မကြာခဏ
ယှဉ်ပြိုင်နိုင်မည် ဖြစ်သည်။

အကယ်၍သူသည် အခြားအဖွဲ့အား
ရွေးချယ်ခဲ့ပါမူ၊ သူသည် ထိုအုပ်စုအတွင်းတွင်

အသန်မာဆုံး ဖြစ်ခဲ့လျှင်လည်း ဘာအဓိပ္ပာယ်မှ ရှိမည်မဟုတ်ပေ။ သူသည် ယခင်က ရှုယွင်စန်းအား တစ်ခါမှ မနိုင်ဖူးသဖြင့်၊ အခြားသူများသည် သူက ရှုယွင်စန်းအား ကြောက်ရွံ့သည်ဟု ထင်ကြမည် ဖြစ်ကာ၊ သူအား တမင်သက်သက် ရှောင်ရှားခဲ့သည်ဟု ပြောကြမည် ဖြစ်သည်။

လင်းဖုန်းသည် တစ်ယောက်ကိုတစ်ယောက် ရှိသည်ဟုပင် သဘောမထားကြပဲ၊ ရေ့တည့်တည့်သို့သာ စိုက်ကြည့်နေ၍ ကောင်းကင်ဘုံကျောင်းထံသို့

ခြေလှမ်းကျဲကြီးများနှင့်
လျှောက်သွားနေကြသော၊ ရှုယွင်စန်းနှင့်
ယင်းလော်ရှတို့အား ကြည့်လိုက်ကာ၊
ရယ်ရမလို ငိုရမလို ဖြစ်သွားခဲ့၏။

"ဒါက အရမ်းကိုပဲ ပြဇာတ်ဆန်လွန်းတယ်။
မင်းတို့က တစ်သက်လုံး ထာဝရ
ပြိုင်ဘက်တွေ ဖြစ်နေကြရင်လည်း၊ ငါက
ပြဿနာ မရှိပါဘူး။ ဒါပေမဲ့ ဒီလိုမျိုး
အချစ်အမုန်း ဇာတ်လမ်းတွေကိုတော့
မခင်းကြပါနဲ့။ ငါက အသက်တဖြည်းဖြည်းနဲ့
ကြီးလာပြီ၊ ဒီလိုမျိုး ဒရာမာတွေကို
မခံစားနိုင်တော့ဘူး"

လင်းဖုန်းသည် ပြီးတာနှင့် သူ၏အကြည့်ကို အခြားတစ်နေရာသို့ ရွှေ့လိုက်သည်။ "ဒါပေမဲ့ မင်းက ဘာဖြစ်လို့ အဲ့ဒီကို သွားတာလဲ? သူ့ကိုသနားလို့လား?"

ထိုနေရာတွင် ကျက်သရေနှင့် ပြည့်စုံကာ ချောမောလှပသော၊ ခရမ်းရောင် ဝတ်စုံနှင့် မိန်းမပျို တစ်ယောက်သည်၊ ဝမ်လင်း၏ တောအုပ်ဗိမာန်သို့ လျှောက်လှမ်းနေခဲ့သည်။ သူမသည် ဝမ်လင်းအား ဆရာအဖြစ် ရွေးချယ်သော တစ်ဦးတည်းသောသူ ဖြစ်သည်။

သူမ၏ ဆုံးဖြတ်ချက်သည် လူများအားတို့အား အံ့အားသင့်စေခဲ့သည်။ သူမကဲ့သို့ ဒုတိယ မျိုးဆက်မှ တပည့်မျိုးသည်၊ လင်းဖုန်း၏ လက်ရင်းတပည့် ခြောက်ယောက်တို့၏ ကျင့်ကြံမှု အဆင့်အား မသိနိုင်ပေ။ ယခုအချိန်တွင် ဝမ်လင်းအပေါ်မှ အမြင်မှာ၊ ရှကျိုးမြို့ပြင်မှ တိုက်ပွဲမှ သူ၏ စွမ်းဆောင်ရည် အပေါ်တွင်သာ မူတည်၍ အခြေခံထားခြင်း ဖြစ်သည်။

ထိုအချိန်တွင် သူ၏ ကျင့်ကြံမှု အဆင့်မှာ ရှောင်ယန်၊ ဇူရီနှင့် ရှောင်ပုတန်တို့ထက်

သိသိသာသာကြီး နိမ့်ကျနေခဲ့ပြီး၊ သူ၏
စွမ်းဆောင်ရည်တို့မှာလည်း
သူတို့သုံးယောက်တို့ထက် များစွာ
နိမ့်ကျနေပေသည်။

ဝမ်လင်းသည် ကျင့်ကြံမှုများနှင့်သာ
အလုပ်ရှုပ်နေခဲ့ပြီး၊ သူ့ကိုယ်သူ တံခါးပိတ်
လေ့ကျင့်နေခဲ့ကာ သူ၏ မျက်နှာအား
မြင်ရရန်ပင် ခဲယဉ်းလေသည်။ သူသည်
လက်ရင်းတပည့် ခြောက်ယောက်
အတွင်းတွင် လျှို့ဝှက်ဆန်းကြယ်မှု
အရှိဆုံးသူဖြစ်၍၊ ဂိုဏ်းဖွင့်ပွဲ အခမ်းအနား
အပြီးမှစ၍ သူ၏ စွမ်းဆောင်ရည်များကို

ဒုတိယမျိုးဆက် တပည့်များအားလုံး တစ်ခါမှ ထပ်တွေ့ရခြင်း မရှိခဲ့ပေ။

လီရှင်းဖေးသည် ဘေးမှ ဝိုင်းကြည့်နေကြသူများ၏ သံသယ အကြည့်များကို လျစ်လျူရှုထားခဲ့၏။ သူမတွင် သူမ၏ ကိုယ်ပိုင် သုံးသပ်ချက် ရှိပေသည်။ "နည်းစနစ်တွေ အပြင်၊ အရေးအကြီးဆုံးက အရင်းအမြစ်တွေပဲ။ အကြီးအကဲရှောင်က ဆေးဖော်စပ်ဆောင်ကို တာဝန်ယူရတယ်။ ဒါပေမဲ့ သူ့ဆီကို တပည့်တွေ အများကြီး သွားနေကြပြီ။ အကြီးအကဲယန်က ဆေးတောင်ကြားကို တာဝန်ယူရတယ်။

ဒါပေမဲ့ သူ့က ဂိုဏ်းကို ဝင်တာ မကြာသေးပဲ၊
သူ့ရဲ့ ကျင့်ကြံမှု အဆင့်က
အကြီးအကဲဝမ်လောက် မမြင့်သေးဘူး"

"အကြီးအကဲဝမ်က တိပိဋကကျမ်းစာခန်းမဆောင်ကို တာဝန်ယူရတယ်။
ဒါကြောင့် ငါက တခြားလူတွေ ကြည့်လို့မရတဲ့
တာအိုနည်းစနစ်တွေ၊ မှော်ကျိန်စာတွေကို
အထူးအခွင့်အရေး အနေနဲ့ ကြည့်လို့ရမှာပဲ"

လင်းဖုန်းသည် ရှုယွင်စန်း၊ ယင်းလော်ရှု၊
လီရှင်းဖေးနှင့် လျှိုရှုဖုန်းတို့အား
ကြည့်လိုက်ကာ၊ ပြုံးယောင်သန်းလာခဲ့၍

မှတ်ချက်ချလိုက်သည်။ "ဘယ်လောက်အထိ စိတ်ဝင်စားစရာ ကောင်းလိုက်သလဲ"

ထိုအချိန်တွင် ခရမ်းရောင်တိမ်တိုက် ဝက်ပါအတွင်းမှ စမ်းသပ်မှုကို အောင်မြင်ခဲ့ကြသော၊ တပည့် ၁၁ယောက်တို့၏ ရွေးချယ်မှုသည် ပေါ်လွင်လာခဲ့ပြီ ဖြစ်သည်။

ဇူရီ၏ ဂိုဏ်းခွဲသည် မျှော်လင့်ထားတဲ့ အတိုင်း နာမည်အကြီးဆုံး ဖြစ်ခဲ့သည်။ လူအားလုံး၏ တစ်ဝက်နီးပါးဖြစ်သော တပည့်ငါးယောက်အား ဆွဲဆောင်နိုင်ခဲ့၏။

သူတို့အတွင်းတွင် ဒုတိယမျိုးဆက် တပည့်များ အတွင်းတွင် အထူးချွန်ဆုံး ဖြစ်ကြသော၊ ရှုယွင်စန်းနှင့် လျှိုရှုဖုန်းတို့ ပါဝင်ကြသည်။

ကျန်သောသူ ခြောက်ယောက်အတွင်းတွင်၊ သူတို့အချင်းချင်း အကြားတွင် နံပါတ်လေးဟု ဆို၍ရနိုင်သော လျှိုရှုဖုန်း အပါအဝင်၊ တပည့်သုံးယောက်တို့သည် ရှောင်ယန်အား ရွေးချယ်ခဲ့၏။ တပည့်နှစ်ယောက်မှာ ယွဲ့ဟုန်ယန်အား ရွေးချယ်ခဲ့ပြီး၊ ဝမ်လင်းအား ရွေးချယ်သူမှာ လီရှင်းဖေး တစ်ယောက်သာ ရှိပေသည်။

ရှောင်ပုတန်နှင့် ယန်ချင်တို့မှာ ဘဲဥမကွဲခဲ့ပေ။ သို့သော်လည်း သူတို့နှစ်ယောက်၏ တုံ့ပြန်မှုများမှာ ကွဲပြားနေကြသည်။ ရှောင်ပုတန်သည် မှိုင်တွေညှိုးငယ်နေခဲ့၍၊ ယန်ချင်မှာမူ စိတ်သက်သာသည့်ပုံ ပေါက်နေခဲ့သည်။

ထိုအရာကို မြင်တွေ့ရသော် ခန်းနန်းဟွာသည် မျက်မှောင်ကြီးကို ကြုတ်လိုက်ကာ၊ လင်းဖုန်းဘက်သို့ လှည့်လိုက်သည်။ "အရှင်၊ ဒုတိယမျိုးဆက် တပည့်တွေကို ဒီလိုမျိုး လွတ်လွတ်လပ်လပ် ပေးရွေးချယ်လိုက်တော့၊

ထျန်းဟောင်နဲ့ ယန်ချင်တို့က တစ်ယောက်မှ မရခဲ့ဘူး။ ဒါက သူတို့ရဲ့ မာနတွေကို မထိခိုက်စေဘူးလား?"

ပုံမှန်ဆိုလျှင် ဂရုမထားတတ်သည့် မြောင်ရှီးဟောင်ပင် စိုးရိမ်သည့်ပုံ ပေါက်လာခဲ့သည်။ "ဟုတ်တယ်။ ပြီးတော့ ဒါက ဂျူနီယာ တပည့်တွေရဲ့ မျက်စိထဲမှာ သူတို့ရဲ့ ဂုဏ်သိက္ခာ ကျသွားခဲ့မှာ ဖြစ်တယ်"

လင်းဖုန်းက ပြုံးလိုက်သည်။ "ဒုတိယမျိုးဆက် တပည့်တွေကို လွတ်လပ်ခွင့် ပေးလိုက်တာ၊ ဘာမှမမှားဘူး။ ဒါက သူတို့ကို အခွင့်အရေး

ပေးလိုက်ရုံတင် မကပဲ၊ သွယ်ဝိုက်တဲ့နည်းနဲ့ သူတို့ရဲ့ ဆုံးဖြတ်နိုင်စွမ်းကို စစ်ဆေးလိုက်တာ မဟုတ်ဘူးလား?"

"ရှောင်ပုတန်နဲ့ ယန်ချင်တို့က ဒီအကြောင်းကို ကြိုသိပြီးသား။ ရှောင်ပုတန်က စိတ်မကောက်ရတာ ကြာလို့၊ စိတ်ပျက်ချင် ယောင်ဆောင်နေတာ။ ငါက ဒီလိုမျိုး လုပ်ရခြင်းရဲ့ ရည်ရွယ်ချက်ကို သူတို့ကို အစောကြီးကတည်းက ပြောပြပြီးသား"

ခန်းနန်းဟွာသည် အနည်းငယ် မှင်သက်သွားခဲ့၏။ သူနှင့်

မြောင်ရိုးပေါင်တို့သည် အချင်းချင်း
ကြည့်လိုက်ကြကာ၊ သူတို့ ရွေးချယ်ထားသည့်
ဂိုဏ်းခွဲအသီးသီး၏ အရှေ့တွင်
ရောက်ရှိနေကြပြီ ဖြစ်၍၊
နောက်ထပ်စမ်းသပ်မှု ခံယူရန်
အသင့်ဖြစ်နေကြပြီ ဖြစ်သော၊ တပည့်
၁၁ယောက်တို့အား လှမ်းကြည့်လိုက်ကြသည်။

ရှောင်ယန်နှင့် ကျန်သောသူများသည်၊ သူတို့၏
အနာဂတ် တပည့်များကို စစ်ဆေးမည့်
စမ်းသပ်မှုများကို ပေါ့ပေါ့တန်တန်
မလုပ်ထားကြပေ။ သူတို့သည်လည်း
အရည်အသွေး ပြည့်ဝသော

တပည့်များကိုသာ၊ သူတို့၏ တရားဝင် တပည့်များအဖြစ် လက်ခံလိုကြသည်။

လင်းဖုန်း၏ အစွမ်းကုန် ပြုစုပျိုးထောင်ခြင်းကို ခံခဲ့ကြရသူများ ဖြစ်ကြသဖြင့်၊ သူ၏ လက်ရင်းတပည့် ခြောက်ယောက်တို့သည် မသိစိတ်မှနေ၍ လင်းဖုန်းအား အတုခိုးနေမိကြသည်။

မူလကောင်းကင် ကမ္ဘာကြီးတွင် ဂုဏ်သိက္ခာရှိသော နာမည်တစ်လုံးအား ထူထောင်နိုင်အပြီးတွင်၊ လင်းဖုန်းအား လူအများက ဝိုင်းဝန်းချီးကျူးနေကြသော

အချက်နှစ်ချက်ရှိသည်။ ပထမ အချက်မှာ မည်သူကမှ ထွင်းဖောက်၍ မမြင်နိုင်သည့်၊ သူ၏ လျှို့ဝှက်နက်နဲသော ကျင့်ကြံမှု အဆင့်အတန်း ဖြစ်သည်။ သူ၏ မှော်ကျိန်စာများမှာ ခက်ခဲသိမ်မွေ့၍၊ ကောင်းချီးမင်္ဂလာနှင့် ပြည့်စုံသော ယုကျင်းတောင်ကဲ့သို့ သီးသန့်ကမ္ဘာတစ်ခုကိုလည်း ပိုင်ဆိုင်ထားနိုင်ခဲ့ကာ၊ လူများစွာတို့၏ လေးစားအားကျခြင်းကို ခံနေရသည်။

ဒုတိယ အချက်မှာ သူတို့အား စိန်ခေါ်ချင်ကြသည့် ပြိုင်ဘက်များ

အားလုံးတို့အား ကပ်ဆိုးများ ပေးစွမ်းနိုင်သည့်၊ သူ၏ လက်ရင်းတပည့် ခြောက်ယောက်တို့ ဖြစ်ကြသည်။

ဝမ်လင်းသည် ဟွမ်ဟိုင် စိတ်ဝိညာဉ် အစည်းအဝေးတွင် သူ၏ အစွမ်းအား ထုတ်ဖော်ပြသ၍ အပြီးဝယ်၊ ပြင်ပလူများ အားလုံးတို့သည် လင်းဖုန်း၏ တပည့်ရွေးသည့် မျက်လုံးအစုံတို့သည်၊ ကြောက်မက်ဖွယ် ကောင်းလောက်အောင် စူးရှထက်မြက်လွန်းသည်ဟု ခံစားနေကြရပြီး၊ သူတို့၏ ခေါင်းပေါ်မှ ဆံပင်မွေးများပင် ထောင်လာကြသည်။

သူသည် တစ်ယောက်ကိုမှ မှားယွင်း၍ လက်ခံခဲ့ခြင်း မရှိခဲ့ပေ။ သူ၏ လက်ရင်းတပည့် တစ်ယောက်ချင်းတိုင်းသည်၊ နတ်ဘုရားနယ်မြေ တစ်ခုလုံးတွင် ဂုဏ်ယူဝင့်ကြွားနိုင်သော မိုးကျရွှေကိုယ်များ ဖြစ်ကြသည်။

သူ၏ ထိုကဲ့သို့ ထူးခြားသော အရည်အသွေးတို့သည်၊ သူ၏ လက်ရင်းတပည့်များ၏ စိတ်အတွင်းတွင် မသိမသာနှင့်ရော သိသိသာသာနှင့်ပါ၊ စိမ့်ဝင်နေကြပြီ ဖြစ်သည်။ သူတို့၏ မသိစိတ်

အတွင်းတွင် ယခုကဲ့သို့ စိတ်ဆန္ဒများဖြင့် ပြည့်နှက်နေကြ၏။ "ငါက ဆရာ့လိုမျိုး ဖြစ်ချင်တယ်။ ငါလက်ခံတဲ့ တပည့်တွေ အားလုံးကလည်း၊ အကုန်လုံး ထူးချွန်ပြောင်မြောက်တဲ့ သူတွေပဲ ဖြစ်ရမယ်။ သူတို့ တစ်ယောက်ချင်းဆီကလည်း၊ ကမ္ဘာကြီးကို တုန်လှုပ်စေနိုင်တဲ့ သူတွေပဲ ဖြစ်ရမယ်"

ထို့ကြောင့် ရှုယွင်စန်း၊ ယင်းလော်ရှု၊ လီရှင်းဖေးနှင့် လျှိုရှုဖုန်းတို့သည်၊ လူငယ် ပါရမီရှင်လေးများအဖြစ် သူတို့၏ စွမ်းရည်များကို သက်သေပြထားကြပြီးသား

ဖြစ်ကြသော်လည်း၊ ရှောင်ယန်နှင့်
ကျန်သောသူများ၏ စမ်းသပ်မှုများကို
ရင်ဆိုင်ရသောအခါ၊ အလွန်အမင်းကို
ခက်ခက်ခဲခဲနှင့် ကြိုးစားဖြေရှင်းခဲ့ရပေသည်။

ဝမ်လင်းသည် အထူးသဖြင့် ညှာတာခြင်း
အလျဉ်းမရှိပေ။ လီရှင်းဖေးသည် သူ့အား
ဆရာအဖြစ် ရွေးချယ်ထားသော
တစ်ဦးတည်းသောသူ ဖြစ်သည့်အချက်ကို၊
လုံးဝ လျစ်လျူရှုထားခဲ့သည်။ သူသည်
လီရှင်းဖေးအား ဖယ်ရှားခဲ့ပါက၊
ရှောင်ပုတန်နှင့် ယန်ချင်တို့ကဲ့သို့ အထီးကျန်
ဖြစ်သွားလိမ့်မည်ကို မေ့နေသကဲ့သို့ ဖြစ်သည်။

အားလုံးပြီးဆုံးသွားသောအခါ၊ တပည့်များ၏
တစ်ဝက်နီးပါးတို့သည်
အံ့ဩဖွယ်ကောင်းလောက်အောင်၊
ဖယ်ရှားခြင်းကို ခံခဲ့ရ၏။ ရှုယွင်စန်း၊
ယင်းလော်ရှု၊ လီရှင်းဖေး၊ လျှိုရှုဖုန်း၊
ရှောင်ဟွမ်းကျိနှင့် ဖက်တီးတို့သာလျှင်၊
နောက်ဆုံး စမ်းသပ်မှုကို ကျော်လွှားနိုင်ခဲ့၍၊
သူတို့ အကြီးအကဲများ၏ ဂိုဏ်းခွဲများ
အတွင်းသို့ ဝင်ခွင့်ရခဲ့သည်။

ရှောင်ပုတန်သည် မြေရိုင်းလျှိုမြောင်၏
အပေါက်ဝတွင် လက်နှစ်ဘက်ဖြင့် မေးစေ့ကို

ထောက်ထား၍ တစ်ယောက်တည်း ထိုင်နေခဲ့ကာ၊ စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းကို ခါယမ်းနေခဲ့သည်။ "မင်းတို့နဲ့ မသင့်တော်တဲ့ စိန်ခေါ်မှုတွေကို၊ ဘာဖြစ်လို့ အချည်းနှီး ကြိုးစားပြီးတော့ သွားချင်နေကြရတာလဲ? ငါက မင်းတို့ကို ဘာဆက်ပြောလို့ ရဦးမှာလဲ?"

စမ်းသပ်မှုများ ပြီးဆုံးသွားသောအခါတွင် အားလုံးတို့သည်၊ မဟူရာကောင်းကင် ရတနာသစ်ပင်၏ အောက်တွင် နောက်ထပ်စုဝေးခဲ့ကြသည်။ လင်းဖုန်းက

ဤအခေါက် စစ်ဆေးမှု၏ ရလဒ်များကို
ကြေငြာပေးခဲ့သည်။

တပည့်အများစုတို့သည်
စိတ်ပျက်လက်ပျက်ဖြင့် ဝမ်းနည်းပက်လက်
ဖြစ်နေကြသည်ကို တွေ့လိုက်ရသောအခါ၊
ဇူရီသည် သူတို့၏ အနားသို့
ကိုယ်တိုင်ကိုယ်ကျ သွားရောက်ခဲ့ပြီး၊
သူတို့အား တိုးတက်ရန် လိုနေသည့်
အပိုင်းများကို ပြောကြားပေးခဲ့ကာ၊
နောက်ထပ်ပို၍ ကြိုးစားကြရန်
တိုက်တွန်းပေးခဲ့သည်။

ရှုယွင်စန်းနှင့် အခြား ရွေးချယ်ခံခဲ့ရသည့် တပည့်များသည်လည်း၊ ကျန်သောသူများအား နှစ်သိမ့်အားပေးကြကာ အားလုံးတို့ကို တပည့်ခန်းဆောင်အတွင်းသို့ ပြန်လည်ခေါ်ဆောင်သွားကြသည်။ ပြီးတာနှင့် သူတို့သည် သူတို့၏ အသုံးအဆောင်များကို သိမ်းဆည်းလိုက်ကြပြီး၊ သူတို့၏ ဆရာ အသီးသီးတို့၏ ဗိမာန်များသို့ ရွှေ့ပြောင်းရန် ပြင်ဆင်နေကြ၏။

လင်းဖုန်းသည် ဝမ်လင်း၏ ကျောကို ပုတ်လိုက်ကာ၊ ပြုံး၍ပြောလိုက်သည်။ "ဝမ်လင်း၊ အားလုံးက ပင်ပန်းနေကြပြီ။

အခုအချိန်က မင်းရဲ့ တိပိဋ္ဋကက
ကျမ်းစာခန်းမဆောင်ကို သွားဖို့
အလှည့်ကျပြီ"

ဝမ်လင်းသည် သူ၏ခေါင်းအား
ညိတ်လိုက်ကာ၊ ပြန်ဖြေလိုက်သည်။
"စိတ်မပူပါနဲ့၊ ဆရာသခင်။ ကျွန်တော်က
ဒီရက်ပိုင်းတွေ အတွင်းမှာ ကျွန်တော့်ရဲ့
ကျမ်းစာကို ကြိုးစားပြီးတော့ ပြုစုနေပါတယ်။
ခေါင်းထဲမှာ၊ အကြမ်းဖျင်းတော့
ရုပ်လုံးပေါ်နေပါပြီ။ မကြာခင်မှာပဲ ကျမ်းစာ
အပြည့်အစုံကို အပြီးသတ်နိုင်တော့မယ်ဆိုတာ
သေချာနေပါတယ်"

တိပိဋ္ဌကက ကျမ်းစာခန်းမဆောင် အတွင်းသို့ ဝင်သွားခဲ့သော ဝမ်လင်းအား ကြည့်လိုက်ကာ၊ လင်းဖုန်းသည် သူ့နဖူးသူ ပြန်ရိုက်လိုက်သည်။ "ငါက ဒါကို မေ့တော့မလို့"

ခလေ့ထုံးစံအရ လင်းဖုန်းသည် သူ၏လက်ရင်း တပည့်များက ရွှေရောင်ဗဟိုချက်ကို ဖော်ဆောင်နိုင်ခဲ့ပြီးသော အခါတွင်၊ အခြေတည်ဝိညာဥ် အဆင့်မှ မှော်အိုင်တမ်အား ဆုလက်ဆောင်အဖြစ် ပေးအပ်လေ့ရှိသည်။ ယခုအချိန်တွင် ဝမ်လင်းက ရွှေရောင်ဗဟိုချက် အဆင့်သို့

ရောက်ရှိသွားပြီးသော်လည်း၊ သူ့အတွက် အခြေတည်ဝိညာဉ် မှော်အိုင်တမ်ကို ပေးအပ်ရခြင်း မရှိသေးပေ။

လင်းဖုန်းတွင် လက်ဆောင်ပေးစရာ အခြေတည်ဝိညာဉ် အဆင့်မှ မှော်အိုင်တမ်ဖြစ်သော၊ နတ်သမီးမိစ္ဆာ ရွှေသရဖူ ရှိနေပြီးသား ဖြစ်သည်။ သို့သော်လည်း လင်းဖုန်းသည် သူ့တပည့်များအား မှော်အိုင်တမ်များ ချီးမြှင့်ရာတွင်၊ ပေါ့ပေါ့တန်တန် သဘောထားလေ့ မရှိပေ။ သူသည် သူ့တပည့်များ၏ လိုအပ်ချက်များနှင့်

ကိုက်ညီသော အခြေအနေများကို
ထည့်သွင်းစဉ်းစားလေ့ ရှိသည်။
နတ်သမီးမိစ္ဆာ ရှေ့သရဖူသည်
အထင်ကြီးဖွယ်ရာ မှော်အိုင်တမ်တစ်ခု
ဖြစ်သော်လည်း၊ သူသည် ဝမ်လင်းနှင့်
လိုက်လျောညီထွေဖြစ်ခြင်း မရှိပေ။

လင်းဖုန်းသည် ခေတ္တမျှ စဉ်းစားလိုက်၍
သူ၏လက်အား လှန်လိုက်ရာ၊ အလင်းတန်း
စက်လုံးလေး တစ်ခုသည် သူ၏
လက်ဝါးအတွင်းတွင် ပေါ်လာခဲ့သည်။

စာစဉ် ၂၀ : အပိုင်း ၁၆

# အပိုင်း ၃၆၆ : ဒဂ်ီးပြား၏ မျက်နှာပြင်နှစ်ဘက်

အဖြူရောင် စက်လုံးလေး တစ်ခုသည်
လင်းဖုန်း၏ လက်ဖဝါး အတွင်းတွင်
ပေါ်လာခဲ့သည်။ သူ၏ အလယ်ဗဟိုတွင်
တစ်ချိန်က ကြီးကျယ်ခမ်းနား၍
အင်အားကြီးမားခဲ့သော်လည်း၊ ယခုအခါတွင်
အသက်ငင်နေသည့် ရောမ
ဆင်ဖြူကြီးတစ်ကောင် ရှိနေသည်။

အသက်လေး၊ ငါးနှစ်သာ ရှိသေးသည့်
ကောင်လေးတစ်ယောက်သည်၊ ဆင်ပေါ်တွင်

ထိုင်နေခဲ့သည်။ ဒါသည် ရှကျိုးမြို့ပြင်က ဂိုဏ်းဖွင့်ပွဲ အခမ်းအနားတွင် လင်းဖုန်းဖမ်းဆီးခဲ့သည့်၊ အခြေတည်ဝိညာဉ် အဆင့်မှ ဆင်တိမ် ဂရန်းမာစတာ ဖြစ်သည်။

ဆင်တိမ် ဂရန်းမာစတာသည် ခွန်းလွန်တောင်ခြေ မြောက်ပိုင်းမှ၊ ဆင်တိမ်ဂိုဏ်း၏ ဂိုဏ်းခေါင်းဆောင် ဖြစ်သည်။ သူသည် အမှန်ဆိုလျှင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ဖွင့်ပွဲအခမ်းအနားကို လာတက်သူ ဖြစ်သော်လည်း၊ ပန်ကျဲနှင့် ခုန်းယန်တို့၏ လှွမ်းမိုးမှုကြောင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းအား တိုက်ခိုက်ခဲ့သူ

ဖြစ်သည်။ နောက်ပိုင်းတွင် လင်းဖုန်း၏ အနိုင်တိုက်ခြင်းကို ခံခဲ့ရကာ၊ ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။

သူ၏ ရုပ်ခန္ဓာကိုယ်သည် အေးရီးစ်ကိုယ်ပွား၏ အမှုန့်ခြေခြင်းကို ခံခဲ့ရပြီး၊ သူ၏ အခြေတည်ဝိညာဉ်က ထွက်ပြေးမည် ကြံခဲ့စဉ်တွင်၊ လင်းဖုန်းက ဖမ်းဆီးထားခဲ့သည်။ ထို့နောက်ပိုင်းတွင် လင်းဖုန်းက သူ့အား အာရုံမစိုက်ခဲ့ပေ။ သို့သော်လည်း သူ၏ အခြေတည်ဝိညာဉ်အား အမြဲဖိနှိပ်ထားခဲ့၍၊ သူ့ဒဏ်ရာများအား ကုစားခြင်းကို ဟန့်တားထားခဲ့ကာ

အားနည်းသော အခြေအနေတွင် ထားထားခဲ့သည်။

လင်းဖုန်းသည် သူ့အား အလျှင်အမြန် ဖြေရှင်းခဲ့လျှင်၊ သူ၏ ခံစားရမှုများမှာ သက်သာမည် ဖြစ်သည်။ သို့သော်လည်း သူသည် သေမိန့်အကျခံထားရသော ရာဇဝတ်သားကဲ့သို့ ဖြစ်နေခဲ့သည်။ သူ၏ခေါင်းပေါ်တွင် ခေါင်းဖြတ်စက်ကြီးတစ်ခု ရှိနေခဲ့ပြီး၊ ဓားသွားက မည်သည့်အချိန်တွင် ကျဆင်းလာမည်ကို မသိခြင်းသည်၊ သူ့အား သေသည်ထက်ပင် ပို၍ဆိုးစေခဲ့၏။

မည်သည့်အချိန် သေရမည်မှန်း မသိပဲ စိုးရိမ်ပူပန်စိတ်များနှင့် အချိန်ကြာမြင့်စွာ နေခဲ့ရပြီးနောက်တွင်၊ ဆင်တိမ်ဂရန်း မာစတာသည် အခြေတည် ဝိညာဉ်ကို ဖော်ဆောင်ပြီးသား ဖြစ်သော်လည်း၊ သူ၏ စိတ်ဓာတ်သည် လွန်စွာ အားနည်းနေခဲ့ပြီ ဖြစ်သည်။ ရွှေရောင်ဗဟိုချက်ကို ဖော်ဆောင်ပြီးသည့် အချိန်မှစ၍ မခံစားရသည်မှာ ကြာပြီဖြစ်သည့် ကြောက်စိတ်သည်၊ သူ၏ နှလုံးသားအား ဆုပ်ညှစ်ကာ အိမ်မက်ဆိုးသဖွယ် ခြောက်လှန့်သေခဲ့သည်။

သူသည် လင်းဖုန်းကို မြင်သည်နှင့်
တပြိုင်နက်၊ ဆင်တိမ်ဂရန်းမာစတာသည်
ရုတ်ချည်းပင် ကြောက်ရွံ့စွာနှင့်
လှုပ်ပင်မလှုပ်ရဲခဲ့ပေ။ "ကျွန်တော့်ကို
ဒီတစ်ခေါက်မှာ ခွင့်လွှတ်ပေးလိုက်ပါ၊ စီနီယာ။
ကျွန်တော်က ကျွန်တော့်ရဲ့
ဆင်တိမ်ဂိုဏ်းသားတွေနဲ့တကွ၊ အဲ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းကို သစ္စာခံပါ့မယ်"

သူသည် ထပ်မံ၍
အသနားခံချင်နေခဲ့သော်လည်း၊
လင်းဖုန်းသည် ဆင်တိမ် ဂရန်းမာစတာ၏
မျက်ခုံးအကြားတွင်

လက်ကိုထောက်ခဲ့လိုက်ပြီ ဖြစ်သည်။
"ကိုယ်စိုက်ပျိုးတာကို ကိုယ်ရိပ်သိမ်းရတာပဲ"

"မလုပ်နဲ့!" ဆင်တိမ် ဂရန်းမာစတာသည်
ကြောက်ရွံ့ထိတ်လန့်စွာနှင့်
အော်ဟစ်လိုက်သော်လည်း၊
ရုန်းကန်ရန်အတွက် ခွန်အား တစ်စက်မှ
မရှိခဲ့တော့ပေ။

အချိန်ပေါင်းများစွာ
ဖြတ်သန်းကျော်လွန်ပြီးသွားသကဲ့သို့
ခံစားရအပြီးတွင်၊ သူ၏ မျက်လုံးအစုံသည်
ဖျော့တော့မှေးမှိန်သွားခဲ့ကာ၊ စိတ်ခံစားမှု

အရိပ်အယောင် အားလုံးတို့
ပျောက်ကွယ်သွားခဲ့သည်။ သူသည် မူလဘူတ
ဥပေက္ခာ စိတ်ခံစားမှုမျိုးကိုသာ
ပိုင်ဆိုင်နိုင်ခဲ့သည်။ သူသည် အသိဉာဏ်
ဟူသမျှ ဆုံးရှုံးသွားခဲ့ကာ၊ အခုလေးတင်
မွေးဖွားလာခဲ့သော မွေးကင်းစ
ကလေးငယ်အတိုင်း ဖြစ်နေခဲ့သည်။

ဆင်တိမ် ဂရန်းမာစတာ၏ အခြေတည်
ဝိညာဉ်သည်၊ သူ၏အောက်မှ ရောမ
ဆင်ဖြူတော်နှင့် ပေါင်းစည်းသွားခဲ့သည်။
သူ၏ အရွယ်အစားသည် လျှင်မြန်စွာနှင့်
ကျုံ့ဝင်လာခဲ့ကာ၊ နောက်ဆုံးတွင်

သေးငယ်သော ဆင်ပုံစံ
ကျောက်စိမ်းရုပ်ထုလေးအဖြစ်သို့
ပြောင်းလဲသွားခဲ့၍၊ လင်းဖုန်း၏
လက်ဝါးအတွင်းသို့ ကျရောက်လာခဲ့သည်။

လင်းဖုန်းသည် သူ၏ လက်ချောင်းများဖြင့်
ကျောက်စိမ်းဆင်ရုပ်ထု၏ နောက်ကျောကို
ပွတ်သပ်လိုက်ရာ၊ ထိုကျောက်စိမ်း
ဆင်ရုပ်ထု၏ မျက်လုံးသည်
တောက်ပလာခဲ့သည်။

ကျောက်စိမ်းဆင်ရုပ်ထုလေးသည်
အသက်ဝင်လာသကဲ့သို့၊ လင်းဖုန်း၏

လက်ဖဝါး အတွင်းတွင် ကွေးကွေးလေး အိပ်နေခဲ့သည်။ လင်းဖုန်းသည် သူ့အား လှန်လိုက်ကာ သူ၏ ဝမ်းဗိုက်အောက်ပိုင်းတွင်၊ ရေးကျသော သင်္ကေတ တစ်ခုအား ထွင်းထုခဲ့လိုက်၏။ ထိုသင်္ကေတ၏ ပုံစံသည် သွေးကဲ့သို့ နီရဲနေခဲ့၍၊ ကျောက်စိမ်းရုပ်ထုအတွင်းသို့ စိမ့်ဝင်သွားခဲ့သည်။

ကျောက်စိမ်းဆင်ရုပ်ထုလေး၏ မျက်စိအတွင်းမှ အလင်းရောင်တို့သည်၊ သူ၏ ခန္ဓာကိုယ် အတွင်းသို့ ပြန်လည်ဝင်ရောက်သွားခဲ့သည်။

လင်းဖုန်းသည် ပြုံးလိုက်ကာ၊ "ဒီရတနာကို ဆင်တိမ်တံဆိပ်လို့ ခေါ်ရမယ်။ ဒါက ဝမ်လင်းအတွက် အသင့်တော်ဆုံးပဲ"

လင်းဖုန်းသည် ဆင်တိမ်တံဆိပ်အား ဖန်တီး၍ ပြီးဆုံးသွားသော အချိန်တွင်၊ ဝမ်လင်းသည်လည်း တိပိဋက ကျမ်းစာခန်းမဆောင် အတွင်းတွင် သူ၏ ကျမ်းစာအား အပြီးသတ်နိုင်ခဲ့သည်။

လင်းဖုန်းသည် တိပိဋက ကျမ်းစာခန်းမဆောင် အတွင်းသို့ ဝင်လိုက်၍၊

ပြုံးကာမေးလိုက်သည်။ "ဝမ်လင်း၊ အရာအားလုံး အဆင်ပြေရဲ့လား?"

ထိုအချိန်တွင် ဝမ်လင်းသည် စာအုပ်စင် တစ်ခု၏ အရှေ့တွင်၊ မျက်မှောင်ကြုတ်၍ တင်ပုလ္လင်ခွေကာ ထိုင်နေခဲ့သည်။ သူ၏အရှေ့တွင် ရှိနေသော မှော်ကျိန်စာ ကျမ်းစာအား အတွေးနက်စွာဖြင့် စိုက်ကြည့်နေခဲ့သည်။

လင်းဖုန်းက အတွင်းသို့ ဝင်လာသည်ကို မြင်လိုက်သောအခါ၊ သူသည် ချက်ချင်းထကာ နှုတ်ဆက်ခဲ့လိုက်သည်။ "ဆရာသခင်"

လင်းဖုန်းသည် သူ၏ ထူးခြားနေသော အမူအရာကို သတိထားမိလိုက်၍၊ အနည်းငယ် ပဟောင့်ဖြစ်သွားခဲ့သည်။ "ဘာဖြစ်လို့လဲ? ပြဿနာ တစ်ခုခုများ တွေ့ခဲ့သလား?"

ဝမ်လင်းသည် စာအုပ်စင်ပေါ်မှာ ကျမ်းစာကို ယူလိုက်ကာ၊ အခက်တွေ့နေသည့် ပုံစံဖြင့် လင်းဖုန်းအား လှမ်းပေးလိုက်သည်။ "ကျွန်တော်က ကျမ်းစာကို ပြုစုလို့ ပြီးသွားပါပြီ။ ဆရာက စစ်ဆေးကြည့်ပါဦး"

"ဒီကျမ်းစာက ပြီးသွားပေမဲ့၊ ကျွန်တော်က မလုံလောက်သေးဘူးလို့ ထင်နေတယ်။ ကျွန်တော်စိတ်ထဲမှာ ကြံစည်ထားတဲ့ ပြီးပြည့်စုံတဲ့ အခြေအနေကိုရောက်ဖို့၊ နည်းနည်းလေး လိုနေသေးတယ်"

လင်းဖုန်း၏ မျက်လုံးအစုံမှာ ကျဉ်းမြောင်းသွားခဲ့သည်။ "အိုး?" သူသည် ဝမ်လင်းထံမှ ကျမ်းစာ စာအုပ်ကို ယူလိုက်၍၊ သူ၏ သဘာဝလွှန် အသိစိတ်နှင့် စစ်ဆေးလိုက်သည်။

ဝမ်လင်းဖန်တီးခဲ့သည့် ကျမ်းစာမှာ၊ 'ကောင်းကင် အဆုံးစွန် လမ်းကြောင်း သုတ္တန်' ဖြစ်သည်။ သူ့ကို ဝမ်လင်း၏ ကျင့်ကြံမှုလမ်းကြောင်း အစမှစတင်၍၊ ကောင်းကင်နှင့် မြေကြီးတို့၏ နိယာမများကို နားလည်မှုဖြင့် ရေးသားဖန်တီးထားခြင်း ဖြစ်သည်။ သူ့ကို မဟာကောင်းကင် တာအိုကျမ်းစာ၏ အရေအတွက်သုံးခု အင်းရှစ်ကွက်အား အခြေခံအဖြစ် ထားခဲ့၍၊ အစွန်းနှစ်ဘက် အင်အားစု ပတ်ဝန်းကျင်အဖြစ် ဖျက်ဆီးမှု စွမ်းအားများဖြင့် တည်ဆောက်ထားခြင်း ဖြစ်သည်။

သို့သော်လည်း လင်းဖုန်းသည် ဝမ်လင်း ပြောထားသည့်အတိုင်း၊ ထိုကျမ်းစာသည် လုံးဝ ပြီးပြည့်စုံသည့် အခြေအနေ တစ်ခုသို့ ရောက်ရန် ခြေတစ်လှမ်း လိုနေသေးသည်ကို တွေ့လိုက်လိုက်ရသည်။

ပြဿနာသည် ကျမ်းစာ၏ အပိုင်းများက ပြည့်စုံခြင်း၊ မပြည့်စုံခြင်း အပေါ်တွင် မူတည်မနေပေ။ အကယ်၍ အပိုင်းများက မပြည့်မစုံ ဖြစ်နေပါက၊ တိပိဋကက ကျမ်းစာခန်းမဆောင်၏ ပထမအထပ်၏ အထူးအစွမ်းဖြင့် ပြည့်စုံအောင် ဖြည့်ပေးခဲ့မည် ဖြစ်သည်။

ဝမ်လင်း၏ ကောင်းကင် အဆုံးစွန်
လမ်းကြောင်း သုတ္တန်သည်၊ အပိုင်းအားဖြင့်
ပြည့်စုံနေပြီ ဖြစ်သည်။ သူလိုနေသော
အရာမှာ နက်ရှိုင်းမှု အဆင့်ဖြစ်သည်။

လင်းဖုန်း၏ အခြားတပည့် ငါးယောက်တို့၏
ဖန်တီးထားသော ကျမ်းစာများမှာလည်း၊
နက်ရှိုင်းမှု အဆင့်များ လိုနေခဲ့သေးသည်။
သို့သော်လည်း သူတို့၏ အဆင့်မမီခြင်းမှာ
သူတို့၏ လက်ရှိ ကျင့်ကြံမှု အဆင့်များ၏
အကန့်အသတ်ကြောင့် ဖြစ်သည်။

သူတို့သည် ကျင့်ကြံမှု လမ်းကြောင်းတွင် ရှေ့ဆက်သွားနိုင်ကြသည်နှင့်အမျှ သူတို့၏ ကျမ်းစာများသည် ပို၍နက်ရှိုင်းလာကြမည် ဖြစ်သည်။ ပြီးတော့ သူတို့အားလုံးတို့သည် ကောင်းကင်နှင့် မြေကြီးတို့၏ နိယာမများနှင့် ပတ်သတ်၍၊ သူတို့ သိရှိထားသမျှ ကိုယ်ပိုင်နားလည်မှု အားလုံးတို့ကို အစွမ်းကုန် ထည့်သွင်းထားနိုင်ခဲ့ကြပြီး ဖြစ်သည်။

ဝမ်လင်းမှာ မတူပေ။ သူ၏ ကျမ်းစာကို 'အဆုံးစွန် လမ်းကြောင်း'ဟု အမည်ပေးထားသော်လည်း၊ သူသည် သူ၏လက်ရှိ အလားအလာများ အားလုံးတို့ကို

ထည့်သွင်းထားနိုင်ခြင်း မရှိခဲ့ပေ။ သို့ဖြစ်၍ သူ၏ ကျမ်းစာမှာ တစ်ခုခု အနည်းငယ် လိုနေသကဲ့သို့ ဖြစ်နေခဲ့၏။

သူသည် သူ၏ကျမ်းစာအား ပြီးပြည့်စုံအောင် ဖြည့်ဆည်းချင်နေသော်လည်း၊ မည်သို့ပြုလုပ်ရမည်မှန်းမသိ ဖြစ်နေခဲ့သည်။ အမှန်တရား ဆိုသည်မှာ ရက်စက်တတ်ပေသည်။ ထို့ကြောင့် ဝမ်လင်းမှာ ပူပင်သောက ရောက်နေကာ၊ စိတ်အနှောင့်အယှက် ဖြစ်နေခဲ့ခြင်း ဖြစ်၏။

လင်းဖုန်းသည် သူ၏လက်အတွင်းမှ ကောင်းကင် အဆုံးစွန် လမ်းစဥ် သုတ္တန်ကို ကြည့်လိုက်၍၊ စိတ်ထဲတွင် အတွေးတစ်ခု ပေါ်လာခဲ့သည်။ "ဝမ်လင်း၊ အခုချက်ချင်း ငရဲကမ္ဘာရဲ့ ဖျက်ဆီးခြင်း အဆင့်ကို ထုတ်ဖော်လိုက်စမ်း" လင်းဖုန်း အမိန့်ပေးလိုက်သည်။

ဝမ်လင်းကလည်း သူပြောသည့်အတိုင်း လိုက်လုပ်လိုက်သည်။ သူ၏ ခန္ဓာကိုယ် အတွင်းမှ ရွှေရောင်ဗဟိုချက်သည် တုန်ခါလာခဲ့၍၊ အနက်ရောင် ဖျက်ဆီးခြင်း ချီခါတ်များ အမြောက်အမြား ထွက်လာခဲ့၏။

ငရဲကမ္ဘာ နန်းတော်မှ အရှင်သခင်အလား ဖြစ်နေခဲ့သည်။

"ဆရာ၊ ကျွန်တော်က ဒီကျမ်းစာကို ပြုစုနေတဲ့ အချိန်တုံးက၊ ကျွန်တော်က အခုလိုမျိုး ငရဲကမ္ဘာရဲ့ ဖျက်ဆီးခြင်း အဆင့်ကို ရောက်နေခဲ့တာ"

လင်းဖုန်းသည် ခေါင်းညိတ်လိုက်ကာ စိတ်ရှည်လက်ရှည်နှင့် ပြောလိုက်သည်။ "ငါသိပြီ" ပြီးတာနှင့် ဝမ်လင်းအား ကြည့်လိုက်ကာ၊ သူ့ကိုယ်သူ

သက်ပြင်းချလိုက်၏။ "လက်စသတ်တော့ ဒီလိုကိုး"

"မင်းက ရွှေရောင်ဗဟိုချက်ကို စတင်ဖန်ဆင်းပြီးစတုံးက၊ ငရဲကမ္ဘာရဲ့ ဖျက်ဆီးခြင်း အဆင့်ကို ထုတ်ပြတုံးက ငါသတိမထားမိခဲ့ဘူး" လင်းဖုန်းက သဘောပေါက် နားလည်သွားသည့်ပုံဖြင့် ပြောလိုက်သည်။ "ဒါပေမဲ့ အခုတော့ အနီးကပ် သေချာလေ့လာပြီးတဲ့နောက်မှာတော့၊ ငါထင်ထားတာတွေက မှန်နေခဲ့တယ်။ ပြဿနာဖြစ်စေတဲ့ အချက်တွေကို တွေ့လိုက်ပြီ"

နှစ်ပေါင်းများစွာ
ကြိုးပမ်းအားထုတ်မှုများသည် ဝမ်လင်းအား၊
အခြေခံအုတ်မြစ် စဦးပိုင်း အဆင့်မှ
ရွှေရောင်ဗဟိုချက် စဦးပိုင်း အဆင့်သို့
စုဆောင်းထားသော စွမ်းအားများအားလုံးကို
အသုံးချလိုက်ကာ တက်နိုင်စေခဲ့သည်။

သူ၏ စွမ်းအားစုဆောင်းမှုများသည်
ကမ္ဘာမြေကြီးကို တုန်ခါစေနိုင်ပြီး၊ သူ၏
နှလုံးသားကို နှစ်ပေါင်များစွာ
ဖုံးလွှမ်းထားသော အနက်ရောင် မြူခိုးများက
နောက်ဆုံးတွင် လွင့်ပြယ်သွားခဲ့သည်။ သူ၏

စိတ်အခြေအနေသည် ပို၍ပေါ့ပါးလာခဲ့ကာ၊ အရင်က အချိန်အကြာကြီး ထားရှိခဲ့သော ကျောက်တုံးမျက်နှာကြီးနှင့်စာလျှင် များစွာပို၍ ပြုံးလာနိုင်ခဲ့သည်။

ကျေနပ်အားရ၍၊ ဂုဏ်သိက္ခာကြီးမြင့်ခြင်း။ ထိုစကားလုံးများသည် ဝမ်လင်း၏ လက်ရှိ စိတ်အခြေအနေကို ဖော်ပြနိုင်သော စကားလုံးများ ဖြစ်ကြသည်။

သို့သော်လည်း ဒဂ်ါးပြားတစ်ခုတွင် မျက်နှာပြင် နှစ်ဘက်ရှိသည်။ စွမ်းအားများစွာ တိုးတက်သွားပြီးနောက်တွင်၊ သူ၏

စိတ်အခြေအနေမှာ ကောင်းမွန်လာခဲ့ကာ
စိတ်ခေါက်ကျခြင်း၊ အဖိနှိပ် ခံရခြင်း
စသည်တို့ကို မခံစားရတော့ပေ။
သို့သော်လည်း ဘေးထွက်ဆိုးကျိုး
တစ်ခုရှိခဲ့ပေသည်။ သူ၏ ငရဲကမ္ဘာ၏
ဖျက်ဆီးမှုအဆင့်သည့် ယခင်ကလောက်
အားမကောင်းတော့ပေ!

ဒါသည် ဝမ်လင်း၏ စွမ်းအားများမှာ
လျော့နည်းသွားသည်ဟု ဆိုလိုနေခြင်း
မဟုတ်ပေ။ နှိုင်းယှဥ်ရမည်ဆိုလျှင်၊
ယခုဝမ်လင်းသည် ယခင်ဝမ်လင်း

အယောက်နှစ်ဆယ်အား၊ အသာလေး
အနိုင်ယူ တိုက်ခိုက်နိုင်ပေသည်။

ဝမ်လင်းသည် သူယခင်က ခံစားခဲ့ရသော
အဖိနှိပ် ခံနေရကာ၊ စိတ်ဓာတ်ကျနေခဲ့သည့်
စိတ်အခြေအနေမျိုးကို မခံစားရတော့ခြင်း
ဖြစ်သည်။

ဝမ်လင်း၏ ငရဲကမ္ဘာ ဖျက်ဆီးခြင်း
အဆင့်သည်၊ တစ်ယောက်၏
မှော်စွမ်းအင်များကို အလွန်အမင်း
အားကောင်းသည့် ဖျက်ဆီးခြင်း
စွမ်းအားများကို ပြောင်းလဲပေးနိုင်သည့်၊

အစွန်းရောက် နည်းစနစ် တစ်ခုဖြစ်သည်။
ပြောင်းလဲခြင်းက အစွန်းရောက်လေလေ၊
စွမ်းအားက ပိုကြီးလေလေ ဖြစ်သည်။

ဝမ်လင်းသည် ဖျက်ဆီးခြင်းနှင့် ဖန်ဆင်းခြင်း
စွမ်းအားတို့၏ အနောက်မှ
သဘောတရားများကို
နားလည်သဘောပေါက်နိုင်ခဲ့သည်။ သူသည်
တစ်ခုနှင့် တစ်ခု လုံးလုံးကြီး
ဆန့်ကျင်နေခဲ့သော အစွန်းနှစ်ဘက်မှ၊
စွမ်းအားများကို ပေါင်းစည်းနိုင်ခဲ့သည်။

ထိုကဲ့သို့သော နည်းစနစ်မျိုးကို
လေ့ကျင့်ခြင်းသည်၊ ဝမ်လင်းအပေါ်တွင်
ကျရောက်နေသော ကြီးမားလှသည့်
ဖိအားများနှင့် လိုက်လျောညီထွေ ရှိနေခဲ့၏။

သူ၏ စီနီယာများနှင့် ဂျူနီယာများက ပို၍ပို၍
သန်မာလာချိန်တွင်၊ သူတို့၏ အကြားမှ
ကွာဟမှုများသည် ပို၍ပို၍
ကြီးမားလာခဲ့သည်။ သူသည် ပြင်ပလူများ၏
လှောင်ပြောင်သရော်ခြင်း၊ အပြစ်တင်
ကဲ့ရဲ့ခြင်းများကို ကြံ့ကြံ့ခံခဲ့ရသည်။

သို့သော်လည်း သူ၏ မယိမ်းမယိုင်
ကြံ့ကြံ့ခံနိုင်ခဲ့သော စိတ်စွမ်းအားတို့ကြောင့်၊
ဝမ်လင်း၏ စိတ်နှလုံးတို့သည်
လမ်းမလွဲသွားခဲ့ပဲ၊ ဖိအားတို့အား
လှုံ့ဆော်မှုအဖြစ် ပြောင်းလဲပေးနိုင်ခဲ့သည်။
သူ၏ ငရဲကမ္ဘာ ဖျက်ဆီးခြင်း အဆင့်အား
သွယ်ဝိုက်သော နည်းလမ်းဖြင့်
အဆင့်မြှင့်ပေးနိုင်ခဲ့သည်။

"မင်းရဲ့ ငရဲကမ္ဘာ ဖျက်ဆီးခြင်း အဆင့်ဟာ
မင်းရဲ့ စိတ်ဝိညာဉ်နဲ့ မှော်စွမ်းအင်တို့
ပေါင်းစပ်ဖွဲ့စည်းထားတဲ့ ရလဒ်ပဲဖြစ်တယ်"
လင်းဖုန်းက ပြောလိုက်သည်။ "ကျင့်ကြံသူ

တစ်ယောက်ရဲ့ စိတ်ခံစားချက်တွေဟာ
အစွန်းတစ်ဘက်ကို ရောက်လာလေလေ၊
သူ့မှော်စွမ်းအင်ကနေ ဖျက်ဆီးခြင်း
စွမ်းအားတွေကို ပိုပြီးတော့ ပြီးပြည့်စုံအောင်
ပြောင်းလဲနိုင်လေလေပဲ ဖြစ်တယ်"

ခြုံ၍ပြောရလျှင် ဝမ်လင်း၏ ယခုလက်ရှိ
စိတ်အခြေအနေသည်၊ သူ၏ကျင့်ကြံမှုအဆင့်
တိုးတက်လာခြင်းနှင့်အတူ၊
စိတ်လက်ပေါ့ပါးသော ပုံစံဖြစ်နေခဲ့၏။
တောအုပ်ဗိမာန်တွင် နေရခြင်းသည်လည်း
သူ့အား သဘာဝနှင့် ထိတွေ့စေခဲ့ကာ၊ သူ၏
မှော်ကျိန်စာများကို အကျိုးသက်ရောက်မှု

ရှိပေသည်။ ဇူရီနှင့် အခြားသူများသည်လည်း၊ သူ၏ အတွေးအမြင်များမှနေ၍ အကျိုးအမြတ် များစွာ ရရှိခဲ့ကြသည်။

သို့သော်လည်း ထိုကဲ့သို့သော စိတ်အခြေအနေသည်၊ ငရဲကမ္ဘာ ဖျက်ဆီးခြင်း အဆင့်အား နဂိုလောက် အစွမ်းမရှိ ဖြစ်သွားစေခဲ့၏။

ကောင်းကင် အဆုံးစွန် လမ်းစဉ် သုတ္တန်အား ပြုစုခဲ့သည့် ဖြစ်စဉ်တွင်၊ ဝမ်လင်းသည် သူအရင်က ဝင်ရောက်ခဲ့သည့် ငရဲကမ္ဘာ ဖျက်ဆီးခြင်း အဆင့်ကို ရောက်ရှိနိုင်ခြင်း

မရှိခဲ့ပေ။ ကံမကောင်းစွာနှင့် သူ၏
စိတ်အခြေအနေသည် အတော်ကြီးကို
ပြောင်းလဲသွားခဲ့သောကြောင့်၊ မည်သည့်
အစွန်းတစ်ဘက်ကိုမှ ဝင်ရောက်ရန်
မသင့်တော်တော့ပေ။

လင်းဖုန်း၏ ရှင်းပြချက်ကို
နားထောင်အပြီးတွင်၊ ဝမ်လင်းသည်
ဘာဖြစ်နေခဲ့သည်ကို
သဘောပေါက်သွားခဲ့ကာ၊ ကိုယ့်ကိုယ်ကိုယ်
ရယ်လိုက်သည်။ "ကျွန်တော်က
ရေတစ်ဝက်သာ ပြည့်သေးတဲ့၊
ရေတစ်ပုံးလိုမျိုး ဖြစ်နေတာပဲ"

"မင်းကိုယ်မင်းလဲ အပြစ်တင်နေစရာ မလိုပါဘူး" လင်းဖုန်းက သူ၏ခေါင်းကို ခါလိုက်ကာ ရယ်ရမ်းသွေးလိုက်သည်။ "မင်းရဲ့ အတွေးအမြင်တွေက ကောင်းမွန်တယ်။ မင်းဦးတည်နေတဲ့ လမ်းကြောင်းကလည်း ကောင်းမွန်တယ်။ စိတ်အခြေအနေကိုသာ အခုလောလောဆယ် မပြုပြင်ရသေးတာပဲ ရှိတယ်"

ဝမ်လင်းက ခေါင်းညိတ်လိုက်သည်။ "ကျွန်တော်က ဒီကျမ်းစာကို ပိုပြီးတော့ နက်ရှိုင်းအောင် ပြုပြင်ပါ့မယ်"

"အလောတကြီး လုပ်စရာ မလိုဘူး"
လင်းဖုန်းက အချိန်အနည်းငယ်
စဥ်းစားလိုက်ကာ၊ ရုတ်တရက်
မေးလိုက်သည်။ "စကားမစပ်၊ မင်းက မင်းရဲ့
ဇာတိမြေက အမျိုးတွေဆီကို အလည်ပြန်ဖို့
အစီအစဥ်တွေ မရှိဘူးလား?"

ထိုစကားအား ကြားလိုက်ရသော်၊
ဝမ်လင်းသည် ရုတ်တရက် မှင်သက်သွားခဲ့ကာ
ဆွံ့အသွားခဲ့သည်။

ပြင်ပကမ္ဘာတွင် ကုန်လွန်ခဲ့သော အချိန်သည်၊ သူအိမ်ကနေ စတင်ထွက်လာခဲ့သည့် အချိန်မှ စတွက်လိုက်သော် နှစ်နှစ်ခန့်မျှသာ ရှိသေးသော်လည်း၊ ဝမ်လင်းသည် ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာ အတွင်းတွင် တစ်ချိန်လုံး လေ့ကျင့်ခဲ့သည် ဖြစ်သဖြင့်၊ သူ၏ ကိုယ်ပိုင်နာရီတွင်မူ အချိန်ပေါင်းများစွာတို့က ကုန်လွန်သွားခဲ့ပြီ ဖြစ်သည်။

အတိတ်ကာလတွင် သူသည် ကျင့်ကြံမှု တစ်ခုတည်းတွင် အာရုံစိုက်ထားခဲ့ကာ၊ သူ၏ စွမ်းအားများ အားလုံးကို

လေ့ကျင့်မှုအတွင်းတွင် ထည့်သွားထားခဲ့၏။ တောင်၏ပြင်ပတွင် နေ့နှင့်ည မည်မျှအထိ ပြောင်းသွားပြီကို သတိမမူမိခဲ့ချေ။ အခုအချိန်တွင် လင်းဖုန်းက ဤအကြောင်းအရာကို စကားစလာခဲ့သဖြင့်၊ သူ၏နှလုံးသား အတွင်းတွင် သူ၏ မိသားစုနှင့် ပတ်သတ်သော အရာများသည် ရုတ်တရက် ပေါ်လာခဲ့သည်။

သူသည် သူ၏ ရွှေရောင်ဗဟိုချက်အား အောင်မြင်စွာ ဖော်ဆောင်နိုင်ခဲ့ပြီ ဖြစ်သဖြင့်၊ အိမ်သို့ပြန်လျှင်လည်း ရင်ကော့ခေါင်းမော့ပြီး ပြန်နိုင်တော့မည် ဖြစ်ကာ၊ သူ၏

မိဘများကိုလည်း ဂုဏ်ယူစေနိုင်ခဲ့ပြီ ဖြစ်သည်။

ဝမ်လင်းသည် သူ့စိတ်သူ ပြန်လည်တည်ငြိမ်အောင် ကြိုးစားလိုက်ကာ၊ ဖြည်းဖြည်းချင်း ပြန်ဖြေလိုက်၏။
"ကျွန်တော်က အိမ်ပြန်ဖို့ကို အလောတကြီး မလုပ်သေးပါဘူး။ ကျွန်တော်ရဲ့ ကျမ်းစာကို ပြည့်စုံအောင် လုပ်ပြီး၊ ကျွန်တော့်ရဲ့ တပည့်ကို သင်ကြားပြသဖို့ စီစဉ်ရပါဦးမယ်။ လီရှင်းဖေးရဲ့ ကျင့်ကြံမှုက လမ်းကြောင်းမှန်ပေါ်ကို ရောက်သွားပြီးမှ၊ အိမ်ပြန်မယ်ဆိုလည်း နောက်မကျသေးပါဘူး"

"ဒါကိုတော့ မင်းကိုယ်မင်း ဆုံးဖြတ်ရမယ်"
လင်းဖုန်းက ဆက်ပြောလိုက်သည်။
"'မေတ္တာအပြည့်နဲ့ မိခင်တစ်ယောက်ရဲ့
လက်ထဲက အပ်ချည်ကြိုးဟာ၊
ခြေဦးတည့်ရာသွားနေတဲ့
သားရဲ့အဝတ်တွေကို ဖာထေးနိုင်တယ်' ဆိုတဲ့
စကားတစ်ခွန်းလဲရှိတယ်။ မိဘတွေဆိုတာက
သူတို့နဲ့ ခွဲခွာနေတဲ့ သားသမီးတွေကို၊
အဝေးရောက်နေတဲ့ အချိန်တွေဟာ
ဘယ်လောက်ပဲ တိုတောင်းတယ် ဆိုပါစေ၊
လွမ်းနေကြသေးတာပဲ"

ဝမ်လင်းသည် ခေါင်းကို တစ်ဆတ်ဆတ်နှင့် ညိတ်လိုက်သည်။ သူသည် လင်းဖုန်းအား ကြည့်လိုက်ကာ၊ ရင်ထဲမှနေ၍ နွေးထွေးနှင့် ခံစားလိုက်ရသည်။

ဝမ်လင်း ထွက်ခွာသွား အပြီးတွင်၊ လင်းဖုန်းသည် တိပိဋက ကျမ်းစာခန်းမဆောင်၏ တတိယ အထပ်သို့ တစ်ယောက်တည်း တက်လာခဲ့ကာ၊ ပြတင်းပေါက်မှနေ၍ ပြင်ပမှ ရှုခင်းများအား ရှုစားနေခဲ့၏။ ထိုအချိန်တွင် သူ၏ အသံလွှင့် ကျောက်တုံးတစ်တုံးက ကွဲကြေသွားခဲ့ကာ၊ လင်းဖုန်းအား သတင်းတစ်ခုကို

ဖော်ပြခဲ့သည်။ ထိုသတင်းသည် ကောင်းကင်ကုန်သည်များ ဂေဟာမှ၊ အကြီးအကဲ စွန်းဖူ၏ ထံမှဖြစ်သည်။

စွန်းဖူ၏ သတင်းအား နားထောင်အပြီးတွင်၊ လင်းဖုန်း၏ မျက်ခုံးများသည် တွန့်သွားခဲ့သည်။ "မဟာကျိုး အင်ပါယာရဲ့ နံပါတ်လေးမင်းသား လျှမ်ကန်းဟာ၊ အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို အလည်လာချင်တယ် ဆိုပါလား?"

"ခဏနေပါဦး၊ ဂိုဏ်းချုပ်လင်း" စွန်းဖူ၏အသံ ကွယ်ပျောက်သွားအပြီးတွင်၊

လူငယ်တစ်ယောက်၏ အသံက ပေါ်လာခဲ့သည်။ ထိုအသံသည် ဩဇာအာဏာနှင့် ပြည့်စုံ၍၊ မြင့်မြတ်သည့်ပုံ ပေါက်နေခဲ့၏။ သို့သော်လည်း သူသည် လင်းဖုန်းအား ရိုးသားနှိမ့်ချစွာနှင့် နှုတ်ဆက်ခဲ့သည်။

လျှမ်ကန်းပြောခဲ့သည်မှာ သူက ခွန်းလွန်တောင် အနီးအနားတွင် ခရီးထွက်နေသည်ဖြစ်၍၊ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ခွန်းလွန်တောင်ခြေ မြောက်ပိုင်းတွင် အငြင်းပွားဖွယ်ရာမရှိ ခေါင်းဆောင်ဖြစ်နေခဲ့သဖြင့်၊ သူသည်

အလည်အပတ်သဘောမျိုးဖြင့်
လာရောက်လို၍၊ ဂိုဏ်းခေါင်းဆောင်
လင်းဖုန်းထံမှလည်း အကြံဉာဏ်များ၊
လမ်းညွှန်မှုများ တောင်းခံလိုနေသည်။

"မဟာကျိုး အင်ပါယာ..." လင်းဖုန်းသည်
သူ၏ တောင်းဆိုမှုကို
ချက်ချင်းသဘောတူခဲ့ပြီးနောက်၊ ဇူရီအား
မှော်စွမ်းအင်ဖြင့် အသံလွှင့်ကာ
ဆင့်ခေါ်ခဲ့သည်။

## စာစဉ် ၂၀ : အပိုင်း ၁၇

# အပိုင်း၃၆၇ : ထူးဆန်းသော လူငယ်တစ်ယောက်

ရှကျိုးမြို့ပြင်မှ ဂိုဏ်းဖွင့်ပွဲ အခမ်းအနား အပြီးတွင်၊ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ခွန်းလွန်တောင်ခြေ မြောက်ပိုင်းမှ အစွမ်းအထက်ဆုံးဂိုဏ်း ဖြစ်သည်ဟု အားလုံးက လက်ခံထားကြသည်။

ထိုနေ့က အခမ်းအနားတွင် ခွန်လွန်းတောင်၏ မြောက်ပိုင်းမှ၊ ဂိုဏ်းကြီးဂိုဏ်းငယ် အားလုံးနီးပါးတို့က တက်ရောက်ခဲ့ကြသည်။ မူလက ဤနေရာတွင် လွှမ်းမိုးမှု အရှိဆုံးဟု

ဆိုရမည့် ဆင်တိမ်ဂိုဏ်းသည်၊ ဟင်းလင်းပြင် ဘုရားကျောင်းနှင့် စူတောင်ခေါးဂိုဏ်းတို့အား မျက်နှာလုပ်လို၍၊ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် လင်းဖုန်းအား တိုက်ခိုက်ခဲ့၏။ နောက်ဆုံးတွင် ဆင်တိမ် ဂရန်းမာစတာအား လင်းဖုန်းသည် အသာအယာ အရှင်ဖမ်းနိုင်ခဲ့ကာ၊ အားလုံးကို အံ့သြမှင်သက်စေခဲ့သည်။

ထို့အပြင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ဂုဏ်သိက္ခာသည် ပို၍ပို၍ မြင့်တက်လာခဲ့ကာ၊ ခွန်းလွန်တောင်ခြေ တောင်ပိုင်းမှ စွမ်းအားအကြီးဆုံးဂိုဏ်းဖြစ်၍၊ ယခင်က

ခွန်းလွန်တောင်၏ အုပ်ချုပ်သူဖြစ်သော
လေနတ်ဘုရားဂိုဏ်းအား
ကျော်တက်သွားနိုင်ခဲ့သည်။

လေနတ်ဘုရားဂိုဏ်းသည် ထိုနေရာတွင်
ဆုံးရှုံးမှု ကြီးမားစွာ ခံစားခဲ့ရသည်။ သူတို့၏
အခြေတည်ဝိညာဉ် အဆင့်မှ ဂရန်းမာစတာ၊
မာစတာ ဆိုင်ကလုန်းသည် ယုကျင်းတောင်၏
အညှာအတာ ကင်းမဲ့စွာ
နင်းခြေသတ်ဖြတ်မှုကို ခံခဲ့ရသည်။
သို့သော်လည်း သူတို့သည် လင်းဖုန်းအား
လက်စားလာမချေရဲကြပေ။

ဒါသည့် လေဟာနယ် အတွင်းတွင်
လွတ်လပ်စွာ သွားလာနိုင်သော၊
ယုကျင်းတောင်၏ စွမ်းရည်အား
ကြောက်ရွံ့မှုလည်း
တစ်စိတ်တပိုင်းပါနေသည်။ သို့သော်လည်း
ပြင်ပလူများ အတွက်မူ၊ ဒါသည့် မာနကို
မျိုသိပ်ကာ ရှုံးနိမ့်မှုကို လက်ခံလိုက်ခြင်း
ဖြစ်သည်။

လျှမ်ကန်းသည် မဟာကျိုး အင်ပါယာ၏
မင်းသားတစ်ယောက်ဖြစ်ပြီး၊
နိုင်ငံအတွင်းတွင် ဂုဏ်သိက္ခာကြီးမားကာ
လေးစားရသော အဆင့်အတန်း ရှိသူဖြစ်၏။

သို့သော်လည်း ထို့ကြောင့်ပင် သူက
ခွန်းလွန်တောင်၊ အထူးသဖြင့်
သူ၏တောင်ခြေမြောက်ပိုင်းသို့
ခရီးထွက်လာရာတွင်၊ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း၏ ခေါင်းဆောင်အား
လာရောက်တွေ့ဆုံရခြင်း ဖြစ်သည်။

သူ၏ ကိုယ်ပိုင် ရည်ရွယ်ချက်များက
မည်သို့ပင် ဖြစ်စေကာမူ၊ သူသည်
သူ့ကိုယ်သူသာ ကိုယ်စားပြုသည် မဟုတ်ပဲ၊
မဟာကျိုး အင်ပါယာ တစ်ခုလုံးအား
ကိုယ်စားပြုနေခြင်း ဖြစ်သည်။

လင်းဖုန်းသည် ထိုသတင်းအား ရရှိသောအခါ၊ မဟာကျိုး အင်ပါယာနှင့် ပတ်သတ်၍ သတိထားရမည့် သူများကို ပြောပြထားသည့်၊ ယန့်မင်းရွှဲ့၏ သတင်းအချက်အလက်များသည် သူ၏ခေါင်းအတွင်းတွင် ပေါ်လာခဲ့သည်။

"ကျိုးကေရာဇ် လျှမ်ပန်းရဲ့ သားလေးယောက်စလုံးတို့က အသိဉာဏ်ထက်မြက်ပြီး၊ သဘောထားကြီးမြတ်ကာ စိတ်ဓာတ်တွေ ခိုင်မာကြတယ်။ သူတို့အားလုံးက ရွှေရောင်ဗဟိုချက် အဆင့်ရဲ့ အထိတ်အထိပ်မှာ ရှိနေကြပြီး၊ အားလုံးက

မဟာကျိုး အင်ပါယာရဲ့ အိမ်ရှေ့မင်းသား ရာထူးကို ပြင်းထန်စွာ ပြိုင်ဆိုင်နေကြတယ်"

အနည်းငယ် စဉ်းစားလိုက်အပြီးတွင်၊ လင်းဖုန်းသည် လျှမ်ကန်း၏ အလည်အပတ်အား လက်ခံလိုက်ကာ၊ ဇူရီအား သူ့အားဧည့်ခံရန် တာဝန်ပေးလိုက်၏။

လာရောက်လည်ပတ်မည့်သူ၏ အဆင့်အတန်းအား သိရပြီးသွားသောအခါ၊ ဇူရီသည် ပြုံးလိုက်သည်။ "စိတ်မပူပါနဲ့ ဆရာသခင်၊ ကျွန်တော့်တာဝန်သာ ထားလိုက်ပါ"

ဆရာတပည့် နှစ်ယောက်သားတို့သည်၊ တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ ရယ်လိုက်ကြ၏။ လင်းဖုန်းက မေးလိုက်သည်။ "တခြားလူတစ်ယောက်ရဲ့ တရားဝင်ဆရာ ဖြစ်သွားရတဲ့ ခံစားချက်က ဘယ်လိုလဲ?"

ဇူရီက ပြုံးဖြီးဖြီးဖြင့် ဖြေလိုက်သည်။ "ကျွန်တော်က လူပေါင်းများစွာတို့ကို သင်ကြားပြသဖူးတော့၊ အခုအချိန်မှာ ဒီတာဝန်ကို ယူလိုက်ရပေမဲ့ ဘာမှပိုပြီး ထူးခြားတယ်လို့ မခံစားရပါဘူး"

လင်းဖုန်းသည် ခေါင်းညိတ်လိုက်ကာ ဇူရီအပါအဝင်၊ ကျန်သော သူ၏ လက်ရင်းတပည့် ငါးယောက်တို့အား အသံလွှင့်ကာ တစ်စုံတစ်ခုအား ပြောလိုက်သည်။

"ဘယ်လို?" သူတို့အားလုံးတို့သည် ပါးစပ်အဟောင်းသား ဖြစ်သွားကြသည်။ ဇူရီက လင်းဖုန်းအား အံ့အားသင့်စွာနှင့် မေးလိုက်သည်။ "ဆရာ၊ ဒီလိုသာဆိုရင်၊ ဘာ.. ဘာဖြစ်လို့…"

လင်းဖုန်းက ပြုံးလိုက်ကာ ပြန်ဖြေလိုက်သည်။ "အန္တရာယ် မရှိပါဘူး။ သူတို့ကို ထိန်းသိမ်းထားတာ အသုံးဝင်လာနိုင်တယ်"

ဇူရီသည် ထိုကိစ္စအား ဆင်ခြင်သုံးသပ်လိုက်ကာ၊ ခေါင်းညိတ်လိုက်သည်။ "ကျွန်တော် နားလည်ပါပြီ။ စိတ်ချပါ ဆရာသခင်၊ ကျွန်တော်က ဘာဆက်လုပ်ရမလဲ ဆိုတာကို သိပါတယ်။ အစ်ကိုကြီးနဲ့ ကျန်တဲ့သူတွေကလည်း ဒီပြဿနာကို သတိထားမိကြပါပြီ"

လင်းဖုန်းကလည်း ခေါင်းညိတ်လိုက်ကာ ပြုံးလိုက်သည်။ ဇူရီကလည်း သူ့အဆောင်ကို ပြန်သွားခဲ့၏။ လင်းဖုန်းသည် ပြီးတာနှင့် သူ၏ သဘာဝလွှန် အသိစိတ်အာ အသုံးပြု၍ တပည့်ခန်းဆောင်အား အကဲခတ်လိုက်ရာ၊ သူတို့အားလုံးတို့သည် အထူးကြိုးစားကာ လေ့ကျင့်နေကြသည်ကို တွေ့ရှိလိုက်ရသည်။

အစောပိုင်းက စမ်းသပ်မှုကို ကျရှုံးခဲ့ကြသော တပည့်များသည်၊ ယခင်က သူတို့၏ ကစားဖော်များသည် တရားဝင်တပည့်များ ဖြစ်သွားကြသည်ကို စိုက်ကြည့်၍သာ နေနိုင်ကြ၏။ ဒါသည် သူတို့၏

ကြိုးစားလိုစိတ်များကို များစွာ လှုံ့ဆော်ပေးနိုင်ခဲ့သည်။ ဘာပဲပြောပြော သူတို့သည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း အတွင်းသို့ ဝင်နိုင်ခြင်းသည်၊ ပါရမီများ ပါခဲ့ခြင်းကြောင့်ပင် ဖြစ်သည်။

အထူးသဖြင့် ဗိမာန်ခြောက်ခု၏ တံခါးဝများသို့ ရောက်ပြီးမှ ကျရှုံးခဲ့ရသူများက၊ ပို၍ကြိုးစား လေ့ကျင့်နေကြသည်။ ပန်းတိုင်သို့ လှမ်းမြင်နေရပြီးမှ ရှုံးနိမ့်သွားရခြင်းသည်၊ အားလုံးအတွက် ပို၍ခံရခက်သော အချက်ပင် မဟုတ်ပါလော။

လျှို့ရှုဖုန်းနှင့် ဖက်တီးတို့သည် ပြန်လာ၍ သူတို့၏ အပေါင်းအဖော်များအား နှစ်သိမ့်ပေးခြင်းသည်၊ သူတို့အများစု၏ ရင်ထဲမှ ကြိုးစားလိုစိတ်များကို နှိုးဆွပေးနိုင်ခဲ့သည်။

ယင်းလော်ရှသည် အထီးကျန် ဝံပုလွေဖြစ်ကာ တစ်ယောက်တည်း နေလေ့ရှိသဖြင့်၊ သူ့တွင် မိတ်ဆွေများ မရှိပေ။ ရှူယွင်စန်းနှင့် လီရှင်းဖေးတို့သည် အခြားအတွေးများ ရှိနေခဲ့၏။ သူတို့သည် သူတို့၏ မိတ်ဆွေများအား သွားရောက်နှစ်သိမ့်လျှင်၊ သူတို့အား လာပြီးဝင့်ကြွားနေသည်ဟု

အထင်ခံရမည်ကို စိုးရိမ်နေသဖြင့်၊
ထိုအချိန်တွင် သူတို့အနားသို့
မလာရောက်ခဲ့ပေ။

လှိုဂျူဖုန်းနှင့် ဖက်တီးတို့သာလျှင်
ဘာမှဂရုမစိုက်ပဲ ပြေးလာခဲ့ကာ၊ သူတို့၏
မိတ်ဆွေများကို လာရောက်နှစ်သိမ့်ခဲ့ခြင်း
ဖြစ်သည်။

အမျိုးတူငှက်များသည်
တစ်ကိုင်းတည်းနားလေ့ ရှိကြသည်။
အတိတ်ကာလတွင် အတူတကွ
ပေါင်းဖော်ခဲ့ကြသဖြင့် သူတို့၏

မိတ်ဆွေများသည် ပျော်ပျော်နေတတ်ကြကာ၊
အမြင်ကျယ်သူများ ဖြစ်ကြသည်။
လျှို့ရှုဖုန်းနှင့် ဖက်တီးတို့မှာ
လာရောက်ကြွားဝါနေခြင်း မဟုတ်ဟု
ခံစားနေကြကာ၊ သူတို့၏ မိတ်ဆွေများက
အောင်မြင်သွားချိန်တွင်ပင် သူတို့အား
မမေ့ကြခြင်းကိုပင် ဝမ်းသာနေကြ၏။

ကောင်လေးတစ်ယောက်သည် ဖက်တီး၏
အင်္ကျီလက်စကို ဆွဲလိုက်ကာ၊ အင်္ကျီစတွင်
ရေးထိုးထားသည့် မီးတောက်ပုံစံအား
သေချာကြည့်လိုက်သည်။ "အစ်ကိုဖုန်းနဲ့

မင်းရဲ့ အင်္ကျီတွေ အပေါ်မှာ၊ အမှတ်တံဆိပ် အပိုတစ်ခု ပါနေပါလား?"

ဖက်တီးသည် ဟိတ်ဟန်အပြည့်ဖြင့်၊ အင်္ကျီလက်စအား ရှမ်းကနဲ့ ဖွေ့ယမ်းလိုက်၏။ "ဒါက ငရဲမီး ချောက်ကမ်းပါးရဲ့ အထိမ်းအမှတ် တံဆိပ်ပဲ"

ဂိုဏ်းအတွင်းသို့ ဝင်အပြီးတွင် ဒုတိယမျိုးဆက် တပည့်များ အားလုံးတို့သည်၊ ဇူရီက ခရမ်းရောင် တိမ်တိုက်များဖြင့် ဖန်တီးထားသည့် ဝတ်စုံများကိုသာ ဝတ်ဆင်ကြရသည်။ ဒါသည် ထိုက်ကျိ

အမှတ်တံဆိပ် ခတ်နှိပ်ထားသော ခရမ်းရောင် ဝတ်စုံဖြစ်သည်။

လှိုင်းဖုန်းနှင့် ဖက်တီးတို့သည် ရောင်ယန်၏ လက်အောက်သို့ ရောက်ရှိသွားသောအခါ၊ သူတို့၏ ဝတ်စုံများသည် ခရမ်းရောင် ဖြစ်နေသေးသော်လည်း၊ အင်္ကျီအနားသတ်တွင် မီးတောက်ပုံစံ တံဆိပ်က ပိုလာခဲ့သည်။

ထိုပုံရိပ်သည် စုတ်ချက်အနည်းငယ်နှင့်သာ ရေးဆွဲထားသော်လည်း၊ မီးတောက်၏ ပုံစံမှာ ကခုန်နေသည့်အလား အသက်ဝင်လှသည်။

လင်းဖုန်းသည် ထိုမြင်ကွင်းအား ကြည့်လိုက်ကာ ပြုံးလိုက်သည်။ သူ၏ သဘာဝလွန် အသိစိတ်ဖြင့် အကဲခတ်လိုက်ရာ၊ ရှောင်ယန်၏ ငရဲမီး ချောက်ကမ်းပါးသာမက အခြားလက်ရင်းတပည့်များက လက်ခံထားသော တပည့်များ ဝတ်စုံများတွင်လည်း၊ သူတို့၏ကိုယ်ပိုင် အမှတ်တံဆိပ်များ ခတ်နှိပ်ထားသည်ကို တွေ့လိုက်ရ၏။

ဖက်တီးက မောက်မာစွာ ပြုံးမူနေပုံကို ကြည့်လိုက်ကာ၊ သူ၏ မိတ်ဆွေများက ပြက်ရယ်ပြုလိုက်ကြသည်။ "မင်းက ကြက်ကန်းဆန်အိုးတိုးသွားတာပါ။ အစ်ကိုဖုန်းနဲ့အတူ ငရဲမီး ချောက်ကမ်းပါးကို ဝင်ခွင့်ရထားတာက၊ မင်းက ကံအတော်ကောင်းလို့ပဲ!"

"မင်း.. မင်းတို့ လျှောက်ပြောနေတာ!" ဖက်တီးသည် နောက်ဆုတ်သွား၍၊ အပြစ်ရှိကာ အရှက်ရသည့် ပုံစံမျိုး ဖြစ်သွားခဲ့သည်။ သူသည် လင်းဖုန်း၏ ခရမ်းရောင်တိမ်တိုက် ဝက်ပါအား အချိန်မီ

အောင်မြင်ခဲ့သည်မှာ၊ ကံကောင်း၍ပင်
ဖြစ်သည်။

သူသည် ဝက်ပါအတွင်းတွင် ခေါင်းမပါသော
ကြက်ဖကဲ့သို့ လျှောက်ပြေးနေခဲ့သည်။
သူသည် သူ၏ခေါင်းကို
ကြိမ်ဖန်များစွာကုတ်၍
စဉ်းစားနေခဲ့သော်လည်း၊ အဖြေကို စဉ်းစား၍
မရခဲ့ချေ။ နောက်ဆုံးတွင် စိတ်ရှုပ်ထွေးစွာဖြင့်
နရံကို ခေါင်းနှင့်ဆောင့်လိုက်ရာမှ၊
ကံအားလျော်စွာ ဝက်ပါ၏ လျှို့ဝှက်ချက်ကို
တွေ့ရှိခဲ့ရခြင်း ဖြစ်သည်။

သူသည် ငရဲမီး ချောက်ကမ်းပါးမှ နောက်ပိုင်း စမ်းသပ်ချက်ကိုလည်း၊ လျှို့ရှုဖုန်း၏ အကူအညီနှင့် အောင်သည်ဆိုရုံမျှ အောင်ခဲ့ခြင်း ဖြစ်သည်။ သူစမ်းသပ်ချက်အား အောင်မြင်ပြီးသွားသည့် အချိန်တွင်၊ ရှောင်ယန်က သူ့အား ကြိုးစား၍ အားတင်းကာ ပြုံးပြခဲ့သည့် အပြုံးအား ပြန်အမှတ်ရမိချိန်တွင်၊ ဖက်တီးသည် အပြစ်ရှိသည်ဟု ပို၍ပင် ခံစားလာခဲ့ရသည်။

လျှို့ရှုဖုန်းနှင့် ဖက်တီးတို့နှင့်အတူ ငရဲမီး ချောက်ကမ်းပါး၏ စမ်းသပ်ချက်အား ပါဝင်ဖြေဆိုခဲ့၍ ကျရှုံးခဲ့သည့် လူငယ်လေးမှာ၊

ရှုယွင်စန်း၏ အဖွဲ့ဝင်ဖြစ်သည်။
သူတို့နှစ်ယောက်အား မြင်လိုက်သောအခါ၊
သူ၏မျက်လုံးများမှနေ၍ ထိန်းချုပ်၍
မရနိုင်သော ဝမ်းနည်းမှုနှင့် ဒေါသများဖြင့်
တောက်လောင်လာခဲ့သည်။

အခြားတပည့်များသည် ဖက်တီးအား
မြည်တွန်တောက်တီးနေကြသည်ကို၊
လျှိုရှုဖုန်းက သဘောကျစွာဖြင့်
ကြည့်နေခဲ့သည်။ ပြီးတာနှင့်
တစ်စုံတစ်ယောက်သည် လျှိုရှုဖုန်း၏
အရှေ့သို့ ရောက်လာခဲ့ကာ၊ စပ်စုစွာနှင့်
မေးလိုက်သည်။ "အစ်ကိုဖုန်း၊ ဂရန်းမာစတာ

ပြောထားတာက တရားဝင် တပည့်တွေအဖြစ် အရွေးခံရတဲ့ သူတွေကို ဆုချမယ်လို့ ပြောထားတယ်။ အစ်ကိုဖုန်းတို့ နှစ်ယောက်က ဘာတွေများ ရခဲ့သလဲ?"

လျှိုရှဖုန်းသည် သူ၏ ဆုလာဘ်အာ ဖုံးကွယ်ထားရန် မကြိုးစားခဲ့ပေ။ သူ၏ညာလက်ကို ဆန့်တန်းလိုက်ကာ အားလုံးကို ပြသလိုက်၏။ သူသည် အတွင်းတွင် အဖြူရောင် ကျောက်စိမ်းတစ်စအား ထည့်သွင်းမြှုပ်နှံထားသည့် လက်စွပ်လေး တစ်ကွင်းအား ဝတ်ဆင်ထားခဲ့သည်။

"ဒါက သာမန်သိုလှောင်အိတ်တွေထက် ဆယ်ဆကျော် ပိုဆန့်တဲ့ သိုလှောင်လက်စွပ်ဖြစ်တယ်။ အလွန်အမင်းကို အသုံးတည့်တဲ့ ပစ္စည်းလေးဖြစ်တယ်"

အခြားတပည့်များသည် အားကျစွာနှင့် ဝိုင်းဝန်းကြည့်ရှုနေကြလေသည်။ ဖက်တီးကလည်း ဟိတ်ဟန်ပါပါနှင့် မာနကြီးသော ကြက်ဖကြီး တစ်ကောင်ပမာ၊ သူ၏ညာလက်အား ဆတ်ကနဲ ဆန့်တန်းပြလိုက်သည်။

"တခြားကော ဘာများရှိသေးလဲ?"
အားလုံးတို့သည် သူတို့အား ဝိုင်း၍
နားပူနားဆာ ပြုလုပ်နေကြ၏။

ဖက်တီးသည် ချောင်းတစ်ချက် ဟန့်လိုက်ကာ
ပြောလိုက်သည်။ "ငါတို့က ဆေးလုံးတွေ
အများကြီးကိုလည်း ရရှိခဲ့တယ်။
သာမန်ဆေးလုံးတွေဖြစ်တဲ့ စွမ်းအင်စုဆောင်း
ဆေးလုံးတို့၊ စွမ်းအင်ကျင့်ကြံ ဆေးလုံးတို့ကို
စကားထဲတောင် ထည့်မပြောဘူး။
အထူးကောင်းမွန်တဲ့ ဆေးလုံးတွေက
မဟာမိုးကြိုး ပြန်လည်ရှင်သန်ခြင်း ဆေးလုံးနဲ့
အရံအတား ချိုးဖောက်ဆေးလုံးတွေပဲ"

"တစ်ခုက ရုပ်ခန္ဓာကိုယ် ဒဏ်ရာတွေကို ကုသတဲ့ နေရာမှာ အံ့ဩဖွယ်ရာ အစွမ်းတွေကို ပိုင်ဆိုင်ထားတယ်။ တစ်ယောက်က သေအံ့မူးမူး ဖြစ်နေတဲ့ အချိန်မှာတောင်၊ သူက ဒဏ်ရာတွေကို ကုစားနိုင်စွမ်း ရှိတယ်" ဖက်တီးသည် အဓာဝဇ္ဇနန်းရှင်ရှင်ဖြင့် ဆက်ပြောနေခဲ့သည်။

"အရံအတား ချိုးဖောက်ဆေးလုံးကတော့၊ ကျင့်ကြံမှုတွေမှာ ကြုံတွေ့ရတတ်တဲ့ တစ်ဆို့ကြန့်ကြာစေတဲ့ အတားအဆီးတွေကို အလွယ်တကူ ကျော်လွှားနေနိုင်တယ်"

ဖက်တီးသည် ပြီးတာနှင့်
ခေတ္တရပ်တန့်သွားခဲ့သည်။ သူ၏
စိတ်ကြီးဝင်နေသော မျက်နှာတွင်
သနားချင်ယောင်ဆောင်နေသော
အပြုံးတစ်ခုပေါ်လာခဲ့၍၊ သူ၏ဘယ်လက်ဖြင့်
သူ၏ညာလက်မှ သိုလှောင်လက်စွပ်လေးအား
တယုတယ ပွတ်သပ်နေခဲ့သည်။ 'ဝှစ်'ကနဲ၊
သူသည် အဆောင်လက်ဖွဲ့ အချို့အား
ထုတ်ယူလိုက်သည်။ လက်စွပ်အတွင်းမှနေ၍
ကြောက်မက်ဖွယ်ရာ မှော်စွမ်းအင်တို့သည်
ပေါ်ထွက်လာခဲ့၍၊ ရှိနေသောလူများ
အားလုံးကို ကြောက်ရွံ့တုန်လှုပ်စေခဲ့သည်။

ထိုအဆောင်လက်ဖွဲ့များ အတွင်းတွင်၊ အထူးသဖြင့် နီရဲနေသော အဆောင်လက်ဖွဲ့တစ်ခု အတွင်းမှ ထွက်ပေါ်နေသော အားကောင်းလှသည့် စွမ်းအားများသည်၊ သူတို့၏ ရင်အတွင်းတွင် ထိတ်လန့်မှုများအား ဖြစ်ပေါ်စေခဲ့၏။

"ဒါက ငါတို့ ရရှိခဲ့တဲ့ အဆောင်လက်ဖွဲ့တွေပဲ။ ငါတို့ရရှိခဲ့တဲ့ အခြေခံအုတ်မြစ် အဆင့်က အဆောင်လက်ဖွဲ့ ငါးခုကိုတော့ စကားထဲထည့်ပြီး မပြောတော့ဘူး။ ဒါလေးက ရွှေရောင်ဗဟိုချက် အဆင့်က

အဆောင်လက်ဖွဲ့ တစ်ခုပဲ!" ဖက်တီးသည် လေလုံးထွားထွားဖြင့် ဆက်ပြောနေခဲ့သည်။

"ငါတို့က ချီသာဝက အဆင့်မှာပဲ ရှိသေးပေမဲ့၊ ငါတို့ကို ရွှေရောင်ဗဟိုချက် အဆင့်က အဆောင်လက်ဖွဲ့ တစ်ခုကို ပေးထားပြီးပြီ။ ပြီးတော့ ဆရာက ပြောထားသေးတယ်၊ ငါတို့ရဲ့ ကျင့်ကြံမှု အဆင့်တွေ မြင့်တက်လာရင်၊ နောက်ထပ်ပေးဖို့ ပစ္စည်းကောင်းလေးတွေလည်း ရှိသေးတယ်တဲ့"

လှူငယ်တစ်ယောက်က အံ့ဩတကြီးဖြင့် အာမေဋ္ဍိတ်သံ ပြုလိုက်သည်။ "ကျွန်တော် အရင်တုံးက ကြားထားတာက၊ ဂိုဏ်းကြီးတွေ အတော်များများက ချီသာဝက အဆင့်က တပည့်တွေကို၊ ရွှေရောင်ဗဟိုချက် အဆင့်က အဆောင်လက်ဖွဲ့ တစ်ခါမှ မပေးဖူးဘူးတဲ့။ တချို့လူ အနည်းငယ်ကသာ ခရီးသွားရင်းနဲ့ ကံကောင်းလို့ ရနိုင်ခဲ့ကြပြီး၊ တချို့ကတော့ ချမ်းသာကြွယ်ဝတဲ့ မိသားစုက သူတို့ရဲ့ မျိုးဆက်တွေကို အကာအကွယ် အနေနဲ့ ပေးထားတာ"

ဖက်တီးက သူ၏ခေါင်းအား မော့လိုက်သည်။ "ငါတို့ဂိုဏ်းမှာကတော့ ဒီလိုမဟုတ်ဘူး။ ငါတို့က ဂိုဏ်းကို စစဝင်ချင်းမှာပဲ ချီကိုတောင် စုစည်းနိုင်စွမ်း မရှိခင်သေးမှာ၊ လူတိုင်းကို အကာအကွယ် အနေနဲ့ အခြေခံအုတ်မြစ် အဆင့်က အဆောင်လက်ဖွဲ့ သုံးခုစီ ပေးထားခဲ့တယ်။ အခုငါတို့က လက်ရင်းတပည့်တွေ ဖြစ်သွားကြတော့၊ ရွှေရောင်ဗဟိုချက် အဆင့်က အဆောင်လက်ဖွဲ့ကိုရပြီ။ ဆရာက ဒါတောင် အစပဲ ရှိသေးတယ်လို့ ပြောထားတယ်။ ငါတို့ဆရာက တခြားဆရာတွေထက် ပိုပြီးတော့..."

သူ၏စကားမဆုံးမီတွင် လျှိုရှုဖုန်းက သူ့အား ရုတ်တရက် ဆွဲလိုက်ပြီး၊ အားလုံးကို အပြုံးဖြင့် နှုတ်ဆက်လိုက်သည်။ "ဘာပဲပြောပြော၊ အားလုံးက သေချာကြိုးစားကြရမယ်။ ဆရာက အနာဂတ်မှာ စမ်းသပ်မှုတွေ လုပ်ဦးမယ်လို့ ပြောထားတယ်၊ ဒါကြောင့် မကြာခင်မှာပဲ တစ်ခုလာချင်လာနေမှာ"

အားလုံးတို့က အားမာန်အပြည့်ဖြင့် ခေါင်းညိတ်လိုက်ကြသည်။ လျှိုရှုဖုန်းသည် လှည့်လိုက်ကာ မည်သူမှ မကြည့်နေသည့် အချိန်တွင်၊ သူ့အား မျက်နှာထား တင်းတင်းဖြင့် ကြည့်လိုက်သည်။

ဖက်တီးကလည်း ရှက်ကိုးရှက်ကန်းဖြင့် ပြန်ရယ်ပြလိုက်သည်။ ရှောင်ယန်နှင့် နီးစပ်စွာ နေရခြင်းကြောင့်၊ သူတို့သည် အခြားဂိုဏ်းခွဲများထက်စာလျှင် ဆေးလုံးမျိုးစုံတို့ကို ဝေစုပိုရလေသည်။

ရှောင်ယန်သည် သူတို့က ဤအကြောင်းအရာများကို အခြားသူများအား ပြောပြခြင်းအား ပိတ်ပင်မထားပေ။ ဇူရီနှင့် ကျန်သောသူများကလည်း ခန့်မှန်းထားကြပြီးသား ဖြစ်၏။ သို့သော်လည်း လျှို့ရှဖုန်းသည် ဖက်တီးအား သူတို့ရရှိနေသည့်

အခွင့်အရေးများကို၊ အခြားသူများအား မပြောပြရန် ကြိုတင်မှာကြားထားခဲ့သည်။ သို့သော်လည်း ဖက်တီးသည် ကြွားဝါချင်စိတ်များနေသဖြင့်၊ စိတ်မထိန်းနိုင်ပဲ ပြောမိခဲ့ခြင်းဖြစ်သည်။

လင်းဖုန်းသည် သူ၏အရှေ့မှာ ဓာတ်လမ်းကို ရယ်ချင်လှစွာဖြင့် ကြည့်နေခဲ့သည်။ "ဒီဖက်တီးက ဒုတိယမျိုးဆက် တပည့်တွေထဲမှာ၊ ကောင်းချီးမင်္ဂလာ အမှတ်အကောင်းဆုံးပဲ။ ဘာပဲပြောပြော ကံကောင်းခြင်းကလည်း အားသာချက် တစ်ရပ်ပဲဖြစ်တယ်"

လျှိုရှုဖုန်းနှင့် ဖက်တီးတို့သည် သူတို့၏ ရရှိခဲ့သော အကျိုးအမြတ်များအား ပြောပြခဲ့ချိန်တွင်၊ အခြားတပည့်များ၏ လေ့ကျင့်ကြိုးစားလိုစိတ်များသည် ပို၍ပြင်းပြလာခဲ့သည်။ စံနမူနာထားကာ အားကျရမည့် သူများအဖြစ် သရုပ်ဆောင်ပေးမည့်သူများ ရှိနေခြင်းကြောင့်၊ လင်းဖုန်းသည် ကျေနပ်အားရစွာဖြင့် ခေါင်းညိတ်လိုက်သည်။

"ဆရာ၊ ကျွန်တော်တို့ ရောက်ပါပြီ" လင်းဖုန်းသည် ဇူရီ၏ အသံကို ကြားလိုက်ရ၍၊

သူ၏လက်ဖြင့် လေပေါ်တွင်
လိုင်းတစ်ကြောင်းကို ဆွဲလိုက်သည်။
လေဟာနယ် အတွင်းတွင်
အက်ကွဲကြောင်းတစ်ခု ပေါ်လာခဲ့ကာ၊
အတွင်းမှ လူတစ်စု ထွက်လာခဲ့သည်။
ရှေ့ဆုံးမှ ဦးဆောင်လာသူမှာ ဇူရီဖြစ်၍
သူ၏နောက်မှ ကပ်ပါလာသူမှာ၊ ရွှေသရဖူအား
ဆောင်းထား၍ ကျောက်စိမ်းဝတ်စုံများကို
ဝတ်ဆင်ထားကာ၊ လက်တွင် ပိုးယပ်တောင်
တစ်ခုအား ကိုင်ထားသော
လူငယ်လေးတစ်ယောက် ဖြစ်သည်။

ထိုလူငယ်သည် လင်းဖုန်းအား
ချက်ချင်းဦးညွှတ်လိုက်ကာ
နှုတ်ဆက်လိုက်သည်။ "ကျွန်တော်က
မဟာကျိုး အင်ပါယာက
လျှမ်ကန်းဖြစ်ပါတယ်။ အဲ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းခေါင်းဆောင်၊
စီနီယာလင်းကို နှုတ်ခွန်းဆက်သပါတယ်"

သူသည် ကျင့်ကြံမှု ကမ္ဘာတွင် ဂျူနီယာ
တစ်ယောက်က အဆင့်မြင့် စီနီယာ
တစ်ယောက်အား နှုတ်ဆက်သကဲ့သို့
သင့်တင့်လျှောက်ပတ် လေးစားသော်လည်း
တစ်ယောက်၏ အဆင့်အတန်းကို

မနိမ့်ကျစေခဲ့သည့်၊ မယုတ်မလွန် အမူအရာမျိုးဖြင့် နှုတ်ဆက်ခဲ့သည်။

လင်းဖုန်းသည်လည်း အသိအမှတ်ပြုသောအားဖြင့် ခေါင်းညိတ်လိုက်သည်။ "နံပါတ်လေး မင်းသားက အားနာစရာ မလိုပါဘူး။ ကျုပ်က ကျိုးကေရာဇ်နဲ့ အဆက်အသွယ် ရှိပေမဲ့၊ ကိုယ်တိုင်ကိုယ်ကျ တွေ့ဖို့ကံ ပါမလာသေးဘူး။ ဒီကနေ့မှာ မင်းသားကို တွေ့လိုက်ရခြင်းက၊ ကေရာဇ်ကို သတိရသွားစေပါတယ်"

လျှမ်ကန်းက အလျှင်အမြန်
ပြန်ပြောလိုက်သည်။ "ကျွန်တော်က
ဖခမည်းတော်နဲ့ ဘယ်လိုလုပ်ပြီး
နှိုင်းလို့ရမှာလည်း? ဒါပေမဲ့လည်း
ခမည်းတော်က စီနီယာလင်းနဲ့
တွေ့လိုတယ်လို့ မကြာခဏ ပြောပါတယ်"

"အနာဂတ်မှာ အခွင့်အရေး ပေါ်လာမှာပါ"
လင်းဖုန်းက ပြုံးလိုက်ကာ၊ လျှမ်ကန်း၏
အနောက်မှ လူများကို ‌ဝေ့ကြည့်လိုက်၏။
အခြေတည် ဝိညာဉ် နောက်ဆုံး အဆင့်မှ
ကျင့်ကြံသူ နှစ်ယောက်တို့သည်၊
ကိုယ်ရံတော်များသဖွယ်

ဘေးတစ်ဘက်တစ်ချက်မှ
ဝန်းရံထားကြသည်။

သူတို့၏ဘေးတွင် စာသင်သားပုံစံနှင့်
ရွှေရောင်ဗဟိုချက် အလယ်အလတ် အဆင့်မှ
ကျင့်ကြံသူ တစ်ယောက်က ရပ်နေခဲ့သည်။
သို့သော်လည်း လင်းဖုန်းအား
အာရုံထားမိစေခဲ့သောသူမှာ၊ ချီသာဝက
အဆင့်တွင်သာ ရှိနေသေးသည့် နောက်ဆုံးမှ
ဆယ်ကျော်သက် ကျင့်ကြံသူတစ်ယောက်
ဖြစ်သည်။ လျှမ်ကန်း၏ အခြား
အခြွေအရံများက သူ့အား
ဦးညွတ်နှုတ်ဆက်ခဲ့ချိန်တွင်၊ သူသည်

ထိုဆယ်ကျော်သက်အား အာရုံစိုက်၍ ကြည့်ရှုနေခဲ့သည်။

လျှမ်ကန်းတွင် အခြေခံအရံများ ပေါ်များစွာ ရှိလိမ့်မည် ဖြစ်သည်။ သူက ယုကျင်းတောင်ပေါ်သို့ သူနှင့်အတူ ခေါ်လာသူများမှာ၊ သူအယုံကြည်ရဆုံး လက်အောက်ငယ်သားများသာ ဖြစ်ပေလိမ့်မည်။ ထိုအသက် ၁၄-၅နှစ်လောက်သာ ရှိဦးမည့် ချီသာဝက အဆင့်မှ ဆယ်ကျော်သက်လေးသည်၊ ဘာများပို၍ ထူးခြားနေပေသနည်း?

"သူက အခုလေးတင် ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်လိုက်တယ်။ ငါနားကြားမမှားဘူး ဆိုရင်တော့၊ သူ့နာမည်က ချူးယန်ပဲ"

## စာစဉ် ၂၀ : အပိုင်း ၁၈

## အပိုင်း ၃၆၈ : ဒါက အိမ်မက်လား၊ အနာဂတ်က အဖြစ်မှန်လား?

ဘာပဲပြောပြော လျှမ်ကန်းသည် မဟာကျိုး အင်ပါယာမှ မင်းသားတစ်ပါးသာ ဖြစ်ပြီး၊ အိမ်ရှေ့မင်းသား မဟုတ်ပေ။ သူသည် ကြယ်စင်သူတော်စင်မှ

ကိုယ်တိုင်စောင့်ရှောက်ခြင်းအား ခံရသော၊
မဟာချင် အင်ပါယာမှ
ချုံးယွင်မင်းသားနှင့်တော့ ယှဉ်၍မရချေ။
သို့သော်လည်း အခြေတည် ဝိညာဉ် အဆင့်မှ
ဂရန်းမာစတာ နှစ်ယောက်၏
ကာကွယ်ခြင်းအား ခံရခြင်းသည်လည်း၊
အတော်ဟုတ်နေပြီဟု ပြော၍ရ၏။

ရွှေရောင်ဗဟိုချက် အဆင့်မှ
သက်လတ်ပိုင်းလူကြီးသည်၊ ကြည့်ရသည်မှာ
ရဲစွမ်းသတ္တိရှိ၍ ဉာဏ်ပညာနှင့် ပြည့်စုံသည်ဟု
ထင်နေရသည်။ ဒါကလည်း ပုံမှန်ဖြစ်သည်။
ကျင့်ကြံမှု အဆင့်အတန်း ပိုမြင့်တိုင်း၊

အသိဉာဏ် ပိုရှိသည်ဟု ပြော၍မရပေ။
အထူးသဖြင့် အိမ်ရှေ့မင်းသား ရာထူးအတွက်
ပြိုင်ဆိုင်နေသည့် လျှမ်ကန်းသည်၊
အကြံပေးမည့် ပညာရှိတစ်ယောက်ကို
လိုအပ်ပေသည်။

ထိုလူများနှင့် ယှဉ်လိုက်သော်၊
ချူးယန်ဟုသော လူငယ်သည် အနည်းငယ်
ကွဲပြားခြားနားပေသည်။

သူသည် သာမန်သာ ဝတ်စားထားသော်လည်း၊
သူ၏ပုံစံမှာ အခြားသူများနှင့် မတူနေပေ။

အထူးသဖြင့် သူသည် သူ့အသက်အရွယ်မှ လူငယ်များနှင့် မတူသော၊ စိတ်ခါတ်ကျသည့် အရိပ်အယောင်များကို သူ၏မျက်ဝန်းတွင် တွေ့နေရသည်။

လင်းဖုန်းသည် ဇူရီအား မေးလိုက်သည်။ "ဇူရီ၊ မင်းက ချူးယန်နဲ့ စတွေ့ကတည်းက၊ သူက ဒီပုံစံအတိုင်းပဲလား?"

"ဆရာ ကျွန်တော်က သူနဲ့ ပထမဆုံး အကြိမ် စတွေ့တုံးက၊ သူက သူ့ကိုယ်သူ သေချာစွာ ဖုံးကွယ်ထားခဲ့တယ်။ ကြည့်ရတာ သူက လျှမ်ကန်းရဲ့ နောက်လိုက်တစ်ယောက်

ပုံစံမျိုးပဲ" ဇူရီသည် လင်းဖုန်း၏ မေးခွန်းကို သူ၏ မှော်စွမ်းအင်ဖြင့် ပြန်ဖြေလိုက်သည်။ "အစတုံးက လျှမ်ကန်းက သူ့ကို တောင်ပေါ်ကို ခေါ်လာတုံးကလည်း၊ ကျွန်တော်က သတိမထားမိဘူး။ သူက လျှမ်ကန်းရဲ့ လူယုံတစ်ယောက်လို့ပဲ ထင်နေခဲ့တယ်"

"ဒါပေမဲ့ လူအုပ်ကြီးနဲ့ ခွဲလာပြီး ဒီကိုလာတဲ့ ခရီးမှာ၊ ကျွန်တော်တို့ ခြောက်ယောက်ပဲ ကျန်တော့တဲ့ အချိန်မှာမှ သူက ဒီလိုမျိုးပုံစံ ဖြစ်သွားတာ"

ဇူရီသည် ချူးယန်အား ဝေ့ကြည့်လိုက်ရင်း၊ "သူက ဘာကိုမှ ဖုံးကွယ်ထားတဲ့ပုံ မပေါက်တော့ဘူး။ သူက ကျွန်တော့်ကိုတောင် အထူးနှုတ်ဆက်လိုက်သေးတယ်။ ဒါပေမဲ့ ဒီနှုတ်ဆက်ခြင်းက ကျွန်တော့်ရဲ့ ကျင့်ကြံမှုနဲ့ စွမ်းရည်တွေကို လေးစားတဲ့ အနေနဲ့သာ ဖြစ်ပြီး၊ ကျွန်တော့်ရဲ့ အဆင့်အတန်းနဲ့ မသက်ဆိုင်ဘူး"

လျှမ်ကန်းသည်လည်း လင်းဖုန်း၏ အကြည့်မှာ၊ ချူးယန်အပေါ်သို့ ကျရောက်နေသည်ကို သတိပြုမိခဲ့သည်။ သူသည် အနည်းငယ် ချီတုံချတုံ ဖြစ်ပြီးမှ

ပြောလိုက်သည်။ "ရဲဘော်ချူးက ကျွန်တော့်ရဲ့ မိတ်ဆွေဖြစ်ပြီး၊ ကျွန်တော့်ကို အကူအညီများစွာ ပေးခဲ့ပါတယ်။ အန္တရာယ်တွေကို ကာကွယ်ဖို့အတွက်၊ သူက သာမန်သာ ဝတ်ဆင်ထားတာပါ"

ချူးယန်သည် အနည်းငယ်ပြုံးလိုက်ကာ၊ လင်းဖုန်းအား နှုတ်ဆက်လိုက်သည်။ "တမျိုးမထင်ပါနဲ့၊ အကြီးအကဲ။ နံပါတ်လေး မင်းသားနဲ့ ကျွန်တော်က ရွေးချယ်စရာ မရှိလို့ပါ"

သူသည် သူ့ကိုယ်သူ လှောင်ပြောင်လိုက်သည်။ "ကျွန်တော့်ရဲ့ ကျင့်ကြံမှုအဆင့်က နိမ့်ကျနေတော့၊ လုပ်ကြံသတ်ဖြတ်သူသာ လာခဲ့လို့ရှိရင် အသက်ဆုံးရှုံးရမှာပါ"

"အိုး? ကိုယ့်ကိုယ်ကိုယ် သိပ်ပြီး ဒုက္ခမခံပါနဲ့" လင်းဖုန်းက ပြန်ဖြေလိုက်သည်။

ထိုစကားကို ကြားရအပြီးတွင် လျှမ်ကန်းနှင့် အခြားသူသုံးယောက်တို့သည်၊ မျက်မှောင်များကို ကြုတ်လိုက်သည်။

ချူးယန်မှာ ပို၍ပင် လေးနက်လာသည့်ပုံ
ပေါက်လာခဲ့၏။

ချူးယန်သည် ခေါင်းမော့လိုက်ကာ၊
လင်းဖုန်းအား
တည့်တည့်စိုက်ကြည့်လိုက်သည်။
အချိန်ခဏမျှသာ ကြာသော်လည်း၊
သူ၏အပြုအမူမှာ ရိုင်းစိုင်းသည့်ပုံ
ပေါက်သွားခဲ့သည်။

ထိုအချိန်တွင် လင်းဖုန်းက ချူးယန်သည်
အလွန် ခေါင်းမာသောသူ ဖြစ်မည်ဟု
ခံစားလိုက်ရသည်။

ကြည့်ရတာ သူသည် ကောင်းကင်ကိုးလွှာအား ဆွဲဖွင့်လို၍၊ မည်သည့်အရာကိုမှ အညှံ့မခံဟူသော ပုံစံပေါက်နေခဲ့သည်။ သူသည် ချီသာဝက အဆင့်သာ ရှိသေးသော်လည်း၊ လင်းဖုန်းသည် ထိုကဲ့သို့ ခံစားနေခဲ့ရသည်။

သူ့ကိုယ်ပေါ်မှ အော်ရာအား လင်းဖုန်းသည် အလွန်အမင်း ရင်းနှီးကျွမ်းဝင်နေခဲ့သည်။ သူသည် သူ့အား ဖုံးလွှမ်းထားသော အော်ရာအား တစ်ချိန်လုံး တွေ့မြင်နေခဲ့သည်။

ဒါသည် ကံကြမ္မာနှင့် ပြည့်စုံသော လူတစ်ယောက်၏ အော်ရာပင် မဟုတ်ပါလော။

အသေးစိတ် အချက်အလက်များမှာ ခြားနားသော်လည်း၊ အခြေခံ ကြီးစိုးလွှမ်းမိုးနိုင်သည့် အော်ရာမှာ အတူတူပင် ဖြစ်သည်။

"ငါက ဒီအော်ရာပုံစံမျိုး ရှိတဲ့သူတွေနဲ့ နေ့တိုင်းတွေ့နေရတယ်၊ အထူးသဖြင့် ဒီလိုမျိုး ကြီးစိုးလွှမ်းမိုးနိုင်တဲ့ အော်ရာမျိုးပေါ့" လင်းဖုန်းက သူ၏ခေါင်းအတွင်းတွင်

ရယ်လိုက်ကာ၊ ဇူရီနှင့်
စိတ်ချင်းဆက်သွယ်လိုက်သည်။ "ဇူရီ၊ မင်းက
ချူးယန်အပေါ်မှာ ဘယ်လိုမြင်သလဲ?"

"ငါက သူ့ကို ပထမဆုံး မြင်တဲ့အခါမှာ၊
ခံစားရတဲ့ ခံစားချက်ကို ပြောတာ"

ဇူရီသည် သူ၏မျက်ခုံးများကို ပင့်လိုက်သည်။
"စစတွေ့ချင်း အထင်အမြင်? ဒါက
ဖော်ပြဖို့တော့ သိပ်မလွယ်ဘူး။ နည်းနည်း
ကသိကအောက်ဖြစ်ပြီး၊ နည်းနည်း
စာနာထောက်ထားကာ၊ နည်းနည်းလည်း
မနှစ်သက်သလို ဖြစ်တယ်"

"မနှစ်သက်ဘူးဆိုတာက ဖြစ်နိုင်တယ်"
လင်းဖုန်းက စိတ်ထဲတွင် တွေးနေခဲ့သည်။
"ပုံစံတူတဲ့ လူတွေက အချင်းချင်း
ထိပ်တိုက်ရင်ဆိုင်တတ်ကြတယ်။
မင်းတို့နှစ်ယောက်စလုံးက ကောင်းကင်ဘုံက
ကောင်းချီးပေးထားတဲ့ သူတွေဆိုတော့၊
အချင်းချင်း မနှစ်သက်တာက ပုံမှန်ပါပဲ"

ရှောင်ယန်နှင့် ကျန်သောသူများ
အကြားတွင်လည်း ထိုအတိုင်းပင် ဖြစ်သည်။
စစတွေ့ချင်း ခံစားရချိန်တွင် အတူတူပင်
ဖြစ်၏။ အချိန်ကြာလာသည်နှင့်အမျှ

အချင်းချင်း ဆက်ဆံမှု များပြားလာသည့် အချိန်တွင်မှ၊ ချစ်ခင်ရင်းနှီးမှုများ ဖြစ်လာခြင်း ဖြစ်သည်။

လင်းဖုန်းသည် ထိုလူငယ်အား ပြုံးစစဖြင့် ကြည့်လိုက်သည်။ ချူးယန်သည် ရင်ထဲမှနေ၍ ခါးသီးစွာ ရယ်လိုက်ကာ ဦးညွှတ်လိုက်သည်။ "အကြီးအကဲ၊ ကျေးဇူးပြုပြီး ကျွန်တော့်ကို မလှောင်ပါနဲ့"

သူသည် အတန်ငယ် မသက်မသာ ဖြစ်သွားခဲ့၏။ "ငါ့ရဲ့ လျှို့ဝှက်ချက်တွေကို သူသိသွားပြီလို့တော့ မပြောနဲ့နော်။

အကြီးအကဲတွေ ပြောထားတာ မှန်တယ်။ သူက အရမ်းကို လျှို့ဝှက်နက်နဲတာပဲ။ ငါက သတိထားပြီး၊ သူနဲ့သိပ်ပြီး အနီးကပ် မဆက်ဆံမှရမယ်"

"သူက အရည်အသွေးတွေနဲ့ ပြည့်စုံနေပေမဲ့၊ ဆရာရှိပြီးသား ဖြစ်ပါတယ်။ သူက ဆရာနဲ့ အဆက်အသွယ် ဖြတ်တောက်လိုက်မှသာ၊ သင့်ရဲ့တပည့် ဖြစ်လာနိုင်မှာပါ"

လင်းဖုန်းသည် သူ့အား စွမ်းရည်စိစစ်သော ကိရိယာနှင့် စစ်ဆေးကြည့်ရာ၊ နောင်တရစရာ ဖြစ်သွားခဲ့လေသည်။

သူသည် ချူးယန်အနေရခက်အောင်
နောက်ထပ်ဘာမှ ဆက်မလုပ်တော့ပေ။
ချူးယန်သည် သူ့ထံမှ ဖုံးကွယ်ထားသော
အရာများရှိနေသည်။ သူက
ဘာပဲပြောလိုက်ပြောလိုက်၊ ချူးယန်အား
ထိတ်လန့်တုန်လှုပ် စေနိုင်ခဲ့သည်။ သူသည်
လျှန်ကန်းနှင့် ကျန်သောသူများ၏ သံသယ
မဖြစ်အောင်လည်း စဥ်းစားရဦးမည် ဖြစ်သည်။

လင်းဖုန်းသည် သူ၏ မှော်စွမ်းအင်ကို
အသုံးပြုလိုက်၍ ချူးယန်အား မေးလိုက်သည်။
"မင်းရဲဆရာက ဘယ်သူများလဲ?"

ချူးယန်သည် ရင်ထဲမှနေ၍
စိတ်သက်သာရာရစွာနှင့်
သက်ပြင်းတစ်ချက်အား
ကြိတ်၍ချလိုက်သည်။ "ကြည့်ရတာ သူက
ငါ့ရဲ့ ကျောထောက်နောက်ခံကိုသာ
ပြောနိုင်တာထင်တယ်?"

သူသည် လင်းဖုန်းအား ပြန်ဖြေလိုက်သည်။
"ကျွန်တော့်ဆရာက
မုန့်ချောင်ယန်ဖြစ်ပါတယ်။ သူနဲ့အရှင်နဲ့
တစ်ခါတွေ့ဖူးပါတယ်။ သူက

အရှင့်အကြောင်းကို အမြဲပြောလေ့ရှိပြီး၊
အရှင့်ကို နမူနာယူပြီး လေ့ကျင့်လေ့ရှိပါတယ်"

လင်းဖုန်း၏ ခေါင်းအတွင်းတွင်၊
တည်ငြိမ်အေးဆေးသော သက်လတ်ပိုင်း
လူကြီးတစ်ယောက်၏ ပုံစံပေါ်လာခဲ့သည်။

"လက်စသတ်တော့ သူက ထာဝရ
တောင်တန်းဂိုဏ်းရဲ့ တပည့်တစ်ယောက်ကိုး"
လင်းဖုန်းသည် အတန်ငယ်
စိတ်ပျက်လက်ပျက် ဖြစ်သွားခဲ့သည်။
ဝူယွမ်လန်နှင့် မုန့်ချောင်ယန်တို့သည် ရှကျိုးမှ
ဂိုဏ်းဖွင့်ပွဲ အခမ်းအနားတွင်၊

ကိုယ့်အကျိုးကိုယ်သာ ကြည့်ခဲ့သော်လည်း
လင်းဖုန်းသည် သူတို့အား အပြစ်မတင်ခဲ့ပေ။
သူတို့အတွက် ဘာအကျိုးအမြတ်မျှ
မရှိနိုင်သောအရာအား၊ မည်သူက
အသက်စွန့်၍ ဝင်ကူညီမည်နည်း။

သို့သော်လည်း သူတို့က
ဘာမှအားစိုက်ထုတ်မှုများ မလုပ်ထားပဲ၊
နောက်ပိုင်းတွင် အကူအညီ
လာတောင်းခံခဲ့ပါကလည်း၊ လင်းဖုန်းသည်
သူတို့အား ဂရုစိုက်နေမည် မဟုတ်ပေ။

ခြံ၍ပြောရလျှင် လင်းဖုန်းသည် ဝူယွမ်လန်နှင့် မုန့်ချောင်ယန်တို့ အပေါ်တွင်၊ ကောင်းမွန်သော အထင်အမြင်များ ရှိခဲ့သည်။ အထူးသဖြင့် မုန့်ချောင်ယန်ဖြစ်သည်။

"ကြည့်ရတာ ချူးယန်နဲ့ သူ့ဆရာနဲ့က၊ ဆက်ဆံရေးကောင်းတွေ ရှိတယ်နဲ့တူတယ်" လင်းဖုန်းသည် သူ၏ခေါင်းကို ခါယမ်းလိုက်ကာ ရယ်လိုက်သည်။ "ငါက ဒီအကြောင်းကို ဆက်မတွေးတော့ပါဘူး။ သူတို့ ဆရာတပည့်နှစ်ယောက်သား၊ သူတို့ရဲ့ သမိုင်းကြောင်းကို

ကောင်းကောင်းရေးထိုးနိုင်ပါစေလို့
ဆုတောင်းပေးလိုက်ပါတ်"

လင်းဖုန်းသည် မဟာကောင်းကင်
ခန်းမဆောင်တွင်၊ ခေါင်းဆောင်နေရာတွင်
ထိုင်လိုက်သည်။ လျှမ်ကန်းနှင့်
ကျန်သောသူများက သူ၏အနားတွင်
ထိုင်ခဲ့လိုက်သည်။ ဇူရီသည် သူတို့နှင့်
မျက်နှာခြင်းဆိုင် နေရာတွင်
နေရာယူလိုက်၏။ သူတို့သည်
စကားစမြည်များ ပြောနေကြသည်။

ချူးယန်သည် အဝေးဆုံးထိုင်ခုံတွင် တိတ်ဆိတ်စွာ ထိုင်နေခဲ့သည်။ သူသည် စကားပြောသည်ထက် ပို၍ နားထောင်နေပေသည်။ လျှမ်ကန်းနှင့် ကျန်သောသူများကလည်း၊ ချူးယန်သည် လေ့လာသူ သက်သက်သာ ဖြစ်ပြီး စကားနည်းသူဖြစ်မှန်းကို သိထားကြသည်။

သို့သော်လည်း ယခုအချိန်တွင် ချူးယန်သည် စိတ်ပျံ့လွင့်လျက်ရှိသည်။

"အဲ့ဒါက အိမ်မက်ဖြစ်ပြီး၊ အခုအချိန်က အမှန်တရားလား၊ ဒါမှမဟုတ် အဲ့ဒါက

အမှန်တရားဖြစ်ပြီး၊ အခုက
အိမ်မက်မက်နေတာလား?"

ချူးယန်သည် သိပ်မကြာခင်က သူနှင့် သူ၏ ဂိုဏ်းမှာ ဂျူနီယာများသည်၊ လေ့ကျင့်နေရင်း သတိလစ်သွားခဲ့သည်ကို မှတ်မိနေသေးသည်။ ထိုအချိန် အတွင်းတွင် သူတို့သည် အဖြစ်အပျက်ပေါင်း များစွာကို ရင်ဆိုင်တွေ့ကြုံခဲ့ရပြီး၊ အချိန်ကာလ အလွန်ကြာမြင့်ခဲ့သည်ဟု ယူဆနေရ၏။

ထိုအရာများသည်
တကယ်အဖြစ်အပျက်များဖြင့် တူညီနေခဲ့ပြီး၊

ဖြစ်ပျက်မည့် အရာများကို
ဖြစ်ပျက်နေကြသည်။ ချူးယန်သည်
ဘေးတွင်ရပ်ကြည့်နေခဲ့ပြီး၊ သူ၏
အနာဂတ်လမ်းကြောင်းကို ကြည့်နေရသကဲ့သို့
ဖြစ်နေခဲ့သည်။ အရာအားလုံးကို
အသေးစိတ်တွေ့မြင်ရပြီး၊ သူတွေ့ခဲ့သော
သူများသည်လည်း၊ အစစ်အမှန်အတိုင်း
ဖြစ်နေခဲ့သည်။

သို့သော်လည်း အဆုံးသတ်မှာ ကြေကွဲဖွယ်ရာ
ဖြစ်သွားခဲ့သည်။

ချူးယန်သည် ထာဝရ တောင်တန်းဂိုဏ်း၏ ကျဆုံးမှုကို တွေ့မြင်ခဲ့ရပြီး၊ သူတို့နေခဲ့သော နေရာက ပြာပုံအတိ ဖြစ်သွားသည်ကို တွေ့ခဲ့ရသည်။ သူ့ဂိုဏ်းအဖွဲ့ဝင်များ၏ အလောင်းများကို နေရာတကာတွင် တွေ့မြင်နိုင်ပြီး၊ သူ၏ဆရာ မုန့်ချောင်ယန်သည်လည်း ထာဝရတောင်တန်းဂိုဏ်းနှင့်အတူ ကြွေလွင့်သွားခဲ့သည်။

ထိုအချိန်မတိုင်ခင်က သူသည် မုန့်ချောင်ယန်၏ စောင့်ရှောက်မှုအောက်တွင်

ရှိနေခဲ့ပြီး၊ ထိုကပ်ဆိုး မည်ကဲ့သို့
ဆိုက်ခဲ့သည်ကို မသိခဲ့ပေ။

ပြီးတာနှင့် သူသည် အသက်စွန့်၍
အကြောင်းရင်းကို လိုက်လံစုံစမ်းခဲ့ရာ၊ ထာဝရ
တောင်တန်းဂိုဏ်းသည် စူတောင်ဓားဂိုဏ်းနှင့်
မဟာကျိုး အင်ပါယာတို့၏
ပဋိပက္ခအကြားတွင်၊ ချအကျွေးခံလိုက်ရသော
ပွန်းတစ်ကောင် ဖြစ်နေမှန်းကို သိခဲ့ရသည်။

ထာဝရ တောင်တန်းဂိုဏ်းသည်
စူတောင်ဓားဂိုဏ်း အပေါ်တွင် မှီခိုနေရပြီး၊
လျှမ်ကန်းသည် စူတောင်ဓားဂိုဏ်းသို့

လည်ပတ်ရန် အစီအစဉ်ဆွဲထားသည်။ သူသည် ခွန်းလွန်တောင်၏ အနီးသို့ အရောက်တွင်၊ စူတောင်ခါးဂိုဏ်းသည် ထာဝရတောင်တန်းဂိုဏ်းအား လျှမ်ကန်းအား ညွှန်ခံစေခဲ့သည်။

အစပထမတွင် အရာအားလုံးသည် အဆင်ပြေနေ၏။ နောက်ပိုင်းတွင် လျှမ်ကန်းသည် ခွန်းလွန်တောင်ခြေ မြောက်ပိုင်းတွင် အလုပ်ကြံခံလိုက်ရသည်။ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့အပြီးတွင်၊ သူသည် သစ္စာအဖောက်ခံခဲ့ရကြောင်း

ပေါ်ပေါက်လာခဲ့သည်။ ထိုသူလျှိုမှာ ထာဝရ တောင်တန်းဂိုဏ်းမှ ဖြစ်သည်။

ထို့ကြောင့် ထာဝရ တောင်တန်းဂိုဏ်းသည် မဟာကျိုး အင်ပါယာ၏ အမျက်ထွက်ခြင်းကို ခံခဲ့ရကာ၊ အဖျက်စီး ခံခဲ့ရခြင်း ဖြစ်သည်။ ထိုဖြစ်ရပ်သည် အစသာ ရှိသေးသည်။ နောက်ပိုင်းတွင် ပဋိပက္ခများ ဆက်တိုက်ဖြစ်လာခဲ့ကာ၊ မဟာကျိုး အင်ပါယာနှင့် စူတောင်ဓားဂိုဏ်းတို့၏ ဆက်ဆံရေးများသည် ဆိုးရွားလာခဲ့သည်။

မဟာကျိုး အင်ပါယာနှင့်
ရင်ဆိုင်ခဲ့ရသော်လည်း၊ ချူးယန်သည်
ဒူးမထောက် လက်မမြှောက်ခဲ့ပေ။ သူသည်
တစ်ချိန်ချိန်တွင် လက်စားပြန်ချေနိုင်ရန်၊
ကျင့်ကြံမှုများကို ကြိုးစား၍
ပြုလုပ်နေခဲ့သည်။

ကျင့်ကြံမှု ဖြစ်စဉ်တွင် သူသည် ရှေးဟောင်း
ယွင်ထန်းကမ္ဘာသို့ ရောက်သွားခဲ့ကာ၊
လျှင်မြန်စွာနှင့် ရင့်ကျက်လာခဲ့သည်။

ထိုရှေးဟောင်း ယွင်ထန်းကမ္ဘာတွင်ပင် သူ၏
အချစ်ဦးနှင့် တွေ့ခဲ့ခြင်း ဖြစ်သည်။

သို့သော်လည်း နောက်ဆုံးတွင်
သူမအားလည်း ဆုံးရှုံးခဲ့လိုက်ရသည်။

ထိုအတွေ့အကြုံသည် လွန်စွာ
စစ်မှန်လှသဖြင့်၊ ချူးယန်သည်
ထိုအကြောင်းကို တွေးလိုက်တိုင်း
ရင်ကွဲပက်လက် ဖြစ်နေခဲ့၏။ "တကယ်လို့
ဒါက အိမ်မက်သာဖြစ်ခဲ့ရင်၊ ငါက
ဘယ်တော့မှ နိုးထမလာပါစေနဲ့လို့
ဆုတောင်းပါတယ်။ တကယ်လို့ ဒါက
အနာဂတ်ကို ဖော်ပြတဲ့ အိမ်မက်တစ်ခု
ဖြစ်ခဲ့ရင်တော့၊ ဒီလိုကြေကွဲဖွယ်ရာ
ဖြစ်ရပ်မျိုးကို လုံးဝအဖြစ်မခံနိုင်ဘူး!"

ထိုကမ္ဘာတွင် ချူးယန်သည် အကြောင်း တစ်စုံတစ်ခုကြောင့် သေသွားခဲ့၏။ သူသေသွားသော အချိန်သည် ဤကမ္ဘာတွင် သူသတိပြန်ရလာသော အချိန်ဖြစ်ပြီး၊ သူနှင့် အခြားဂိုဏ်းဝင်များ ပြန်လည်နိုးထလာနိုင်ကြသည်။

ကြေကွဲဖွယ်ရာ ဖြစ်ရပ်ဆိုးများကို ဖြစ်ခြင်းမှ ကာကွယ်ရန်၊ ချူးယန်သည် သူနိုးထလာချိန်မှ စတင်၍ ပြင်ဆင်မှုများကို ပြုလုပ်နေခဲ့သည်။

သူသည် ယခင်ကထက် အများကြီး ပိုမိုသော ပင်ကိုစွမ်းရည်နှင့် ဉာဏ်ပညာတို့ကို ရရှိခဲ့ပြီး၊ သူ့ဂိုဏ်းမှ အကြီးအကဲ ဝူယွမ်လန်၏ အသိအမှတ်ပြုခြင်းကို ခံခဲ့ရ၏။

ဝူယွမ်လန်၏ စကားအရရော၊ သူသိထားခဲ့သော အရာများနှင့် ပေါင်းလိုက်သော်၊ သူသည် ထိုကမ္ဘာတွင် ထာဝရ တောင်တန်းဂိုဏ်း၏ ကျဆုံးခဲ့ရခြင်းအား သဘောပေါက်လာခဲ့သည်။

သူ၏ ဒုတိယ ဂိုဏ်းအကြီးအကဲ ဖြစ်သော၊ ထာဝရ တောင်တန်းဂိုဏ်း၏ သြဇာအာဏာ ကြီးမားသော ပုဂ္ဂိုလ်တစ်ယောက်သည်၊ ဝူချင်လှျို၏ လာဘ်ပေးထားခြင်းကို ခံထားရ၏။ ထာဝရ တောင်တန်းဂိုဏ်းသည် စူတောင်ခေါးဂိုဏ်းအား မှီခိုနေရပြီး၊ ဝူချင်လှျို၏ ပစ်မှတ်တစ်ခုဖြစ်သည်။ လျှမ်ကန်းအား လုပ်ကြံသတ်ဖြတ်ခြင်းသည် သူ၏ အကြံအစည် ဖြစ်သည်။

သူ၏ ရည်ရွယ်ချက်မှာ စူတောင်ခေါးဂိုဏ်းနှင့် မဟာကျိုး အင်ပါယာတို့ အကြားတွင် ပဋိပက္ခများ ဖြစ်ပေါ်စေရန်ဖြစ်ပြီး၊

သူတို့အချင်းချင်း ရန်စောင်နေကာ မဟာချင်
အင်ပါယာကို ဂရုမစိုက်နိုင်စေရန် ဖြစ်သည်။

ထိုအချိန်တွင် ဝူချင်လှျိုသည် မဟာချင်
အင်ပါယာမှ မိသားစုကြီး လေးခုတို့၏
စွမ်းအားများကိုလည်း ချိနဲ့အောင်
ပြုလုပ်ခဲ့သည်။

ဝူချင်လှျိုသည် သူတို့၏ မဟာချင်
အင်ပါယာ၏ အဓိက ရန်သူနှစ်ယောက်အား
အောင်မြင်စွာနှင့် အချင်းချင်း
ရန်တိုက်ပေးနိုင်ခဲ့ပြီး၊ မဟာချင် အင်ပါယာကို

အားနည်းအောင် ပြုလုပ်နေသည့် အဓိက
အကြောင်းရင်းအားလည်း ဖြေရှင်းနိုင်ခဲ့သည်။

သို့သော်လည်း ထာဝရ တောင်တန်းဂိုဏ်း
အတွက်မှာ ကြေကွဲစရာ ဖြစ်သွားခဲ့သည်။
သူတို့သည် ဝူချင်လျှိုက ကြိုးကိုင်ထားသည့်၊
မဟာကျိုး အင်ပါယာနှင့်
စူတောင်ခေးဂိုဏ်းတို့၏ ကစားပွဲတွင်၊
လိုသည့်နေရာတွင် အချကျွေးခံလိုက်ရသည့်
ပွန်းတစ်ကောင်ပမာ ဖြစ်သွားခဲ့သည်။

ဖြစ်ပျက်တော့မည့် အရာအားလုံးကို
သိထားခဲ့သည့်အတွက်၊ ချူးယန်သည်

မဖြစ်ခင် ကြို၍တားဆီးနိုင်ရန်
ကြိုးစားနေခဲ့သည်။ သို့သော်လည်း သူသည်
လင်းဖုန်းအား တွေ့လိုက်ရသော အခါတွင်၊
ကြောက်ရွံ့စိတ်များ ပေါ်ပေါက်လာခဲ့သည်။

"ငါ့အိမ်မက်ထဲက မြင်ခဲ့ရတဲ့ အနာဂတ်
လမ်းကြောင်းတွေက အကုန်အမှန်လား?
ဒါဆိုရင် ဘာဖြစ်လို့ အဲ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်က၊
ငါ့ရဲ့အိမ်မက်ထဲမှာ မပါခဲ့ရတာလဲ?"

## စာစဥ် ၂၀ : အပိုင်း ၁၉

# အပိုင်း ၃၆၉ : မသိစိတ်က ခုခံလိုခြင်း

ချူးယန်၏ မျက်ခွံများမှာ
အောက်သို့တွဲကျနေခဲ့ပြီး၊ သူ၏အကြည့်ကို
သူ၏အရှေ့မှ အုတ်တုံးများ အပေါ်တွင်
ပို့ထားခဲ့သည်။ သို့သော်လည်း သူ၏ အာရုံများ
အားလုံးကို လင်းဖုန်း၏ အပေါ်တွင်
ထားထားခဲ့သည်။

အဘယ်ကြောင့်ဆိုသော် သူသည်
အလွန်အမင်းကို ကြောက်ရွံ့နေသောကြောင့်
ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူ၏
ဘဝလမ်းကြောင်းသည် မဖြောင့်ဖြူးတော့ပဲ၊

သူ့အရင်ကလို အားကိုး၍ မရသောကြောင့် ဖြစ်သည်။ သို့သော်လည်း ဒါသည် သူ၏ဘဝအား ပြောင်းလဲမှု ဖြစ်စေနိုင်သော အကြီးမားဆုံး အခွင့်အရေး ဖြစ်သည်။

အကယ်၍ လင်းဖုန်းတစ်ယောက်တည်းဆိုလျှင်၊ ချူးယန်သည် ကိုယ့်ကိုယ်ကိုယ် နှစ်သိမ့်၍ ရနိုင်သေးသည်။ သူသည် တစ်ယောက်တည်း တံခါးပိတ် လေ့ကျင့်နေသူဖြစ်၍၊ ပြင်ပကမ္ဘာနှင့် အဆက်အသွယ် မရှိသလောက် ဖြစ်နိုင်သည်။ ပြီးမှ လေ့ကျင့်မှု ပြီးဆုံး၍ မူလကောင်းကင် ကမ္ဘာသို့ ပြန်ထွက်လာခြင်း

ဖြစ်မည်။ ထို့ကြောင့် ချူးယန်က အရင်က လင်းဖုန်းအား မတွေ့ခဲ့ရခြင်း ဖြစ်နိုင်သည်။

သို့သော်လည်း အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကိုပါ ထည့်တွက်လိုက်ပါက၊ လုံးဝကို ကွဲပြားခြားနားသော ကိစ္စနှစ်ရပ်ဖြစ်သည်။

ထိုအချိန်က ဝူချင်လျှိုသည် မဟာချင် အင်ပါယာအား ခြိမ်းခြောက်နေသည့်၊ မိသားစုကြီး လေးခု၏ စွမ်းအားများကို ဖယ်ရှားနိုင်ခဲ့သည်။ ထိုအချိန်တွင် သူသည် တော်ဝင်မိသားစု၏ ဘက်မှဖြစ်သည်။

သို့သော်လည်း ယခုအချိန်တွင်မူ၊ ဝူချင်လျှိုသည် မိသားစုကြီးများနှင့် နီးကပ်သော ဆက်ဆံရေးရှိကာ၊ သူတို့နှင့် ပူးပေါင်း၍ တော်ဝင်မိသားစုအား ဖိအားပေးနေခဲ့သည်။

ဝူချင်လျှိုသည် မိသားစုကြီးများနှင့် မည်သည့်ရည်ရွယ်ချက်ဖြင့် နီးကပ်စွာ ဆက်ဆံနေခဲ့သည် ဖြစ်ဖြစ်၊ ဒါသည် ချူးယန်၏ အတွေ့အကြုံများနှင့် ကွာခြားနေ၏။

အကယ်၍ တစ်စုံတစ်ခုက လွဲချော်နေခဲ့သော်၊ အရာအားလုံးက လွဲချော်နိုင်ရန်အတွက် ဖြစ်နိုင်ခြေများ ရှိနေ၏။ ကြိုးတန်း သေးသေးလေး၏ အပေါ်တွင် လျှောက်လှမ်းနေရသော ချူးယန်အဖို့မှာ၊ ခြေတစ်လှမ်း မှားသွားပါက ပြုတ်ကျသွားကာ ပြန်လည် အဖတ်ဆည်၍ မရတော့သည့် အခြေအနေသို့ ရောက်သွားနိုင်သည်။

ချူးယန်သည် တစ်ခါတစ်ရံတွင် ထိုအဖြစ်အပျက်များမှာ အိမ်မက်သာ ဖြစ်ပြီး၊ သူ၏ စိတ်ကူးယဉ်နေမှုများသာ ဖြစ်ပါစေဟု ဆုတောင်းမိသည်။

သို့သော်လည်း လွဲချော်မှု
တစ်ချို့တစ်လေမှလွဲ၍၊ ကျန်သော
အဖြစ်အပျက်များသည် ချူးယန်၏
အတွေ့အကြုံအတိုင်း ဖြစ်ပျက်လာခဲ့သည်။

ဥပမာအားဖြင့် လျှမ်ကန်းသည်
စူတောင်ဓားဂိုဏ်းသို့
အလည်လာချင်နေခဲ့သည်။ သူသည်
စူတောင်သို့ မလာမီ၊ ခွန်းလွန်တောင်သို့
အရင်လာခဲ့၏။

"သူမက သူမရဲ့ ကလေးဘဝတုံးက ဒဏ်ရာအကြီးအကျယ် ရခဲ့ပြီး၊ သူမရဲ့ ဘဝကို ပြောင်းလဲစေခဲ့တယ်လို့ ပြောခဲ့ဖူးတယ်" ချူးယန်က ထိတ်လန့်တုန်လှုပ်စွာဖြင့် တွေးလိုက်သည်။ "သူမက ငါ့ကို အသေးစိတ် မပြောပြခဲ့ပေမဲ့၊ ဒါက ခွန်းလွန်တောင်မှာ ဖြစ်ခဲ့တာလို့ ပြောခဲ့တယ်"

"ခွန်းလွန်တောင်၊ ခွန်းလွန်တောင်၊ ကျိန်စာသင့်နေတဲ့ ခွန်းလွန်တောင်၊ ဘာဖြစ်လို့ အရာအားလုံးက ဒီနေရာမှာပဲ ဖြစ်ခဲ့တာလဲ?" ချူးယန်သည် သူ၏ခန္ဓာကိုယ်အား ရုတ်တရက် လှည့်လိုက်ကာ၊

မဟာကောင်းကင် ခန်းမဆောင်၏ အမိုးကို လှမ်းကြည့်လိုက်သည်။ "ဒါပေမဲ့ ခွန်းလွန်တောင်က ဒီလောက်ကြီးတာ၊ ငါက ဘယ်နေရာမှာ ဖြစ်ခဲ့သလဲ ဆိုတာကိုတောင် မသိပဲနဲ့"

"ရဲဘော်ချူး၊ ဘာဖြစ်နေတာလဲ?"

ချူးယန်သည် အနည်းငယ် ထိတ်လန့်သွားခဲ့၏။ သူ၏သတိ ပြန်ဝင်လာအပြီးတွင် ရွှေရောင်ဗဟိုချက် အဆင့်မှ သက်လက်ပိုင်း စာသင်သားက၊ သူ့အား တိတ်တဆိတ်

စိုက်ကြည့်နေခဲ့သည်ကို တွေ့လိုက်ရသည်။ သို့သော် သူ၏မျက်လုံးအစုံက စပ်စုလိုစိတ်များကို ဖော်ပြနေခဲ့သည်။

လျှမ်ကန်းကလည်း စိတ်ပူသည့် ပုံစံဖြင့် စိုက်ကြည့်နေခဲ့သည်။ ချူးယန်သည် ချောင်းတစ်ချက် ဆိုးလိုက်၍၊ လျှမ်ကန်းနှင့် သက်လက်ပိုင်း စာသင်သားတို့အား သီးခြားစီ ခေါင်းညိတ်ပြလိုက်၏။ ပြီးတာနှင့် လင်းဖုန်းအား လက်နှစ်ဘက်ဆုပ်၍ အရိုအသေ ပြုလိုက်သည်။ "ကျွန်တော်က မဟာကောင်းကင် ခန်းမဆောင်ရဲ့ ကြီးကျယ်ခမ်းနားမှုတွေကို မြင်လိုက်ရပြီး၊

သတိလက်လွတ် ဖြစ်သွားမိပါတယ်။ အရှင့်ကို စိတ်အနှောင့်အယှက် ဖြစ်စေခဲ့မယ်ဆိုရင် ခွင့်လွှတ်ပါလို့ တောင်းပန်ပါရစေ"

လင်းဖုန်းက ပြုံးလိုက်သည်။
"ဘာမှမဖြစ်ပါဘူး"

သူသည် လျှမ်ကန်းအား လှည့်ကြည့်လိုက်သည်။ "မင်းက ခွန်းလွန်တောင် အနီးတစ်ဝိုက်ကို ခရီးထွက်ချင်တဲ့ ဆန္ဒရှိတာကို ဝမ်းသာပါတယ်။ မင်းရဲ့ အဖေကိုလည်း သတိရကြောင်း ပြောပေးလိုက်ပါဦး"

လျှမ်ကန်းကလည်း လင်းဖုန်းက နှုတ်ဆက်စကား ပြောနေပြီဆိုသည်ကို သိလိုက်၍၊ မတ်တတ်ချက်ချင်း ထရပ်လိုက်သည်။ "အနှောင့်အယှက် ပေးမိတာကို ခွင့်လွှတ်ပါ"

လင်းဖုန်းသည် ဇူရိက သူတို့အား မဟာကောင်းကင် ခန်းမဆောင်မှ ဦးဆောင်၍၊ ထွက်ခွာသွားသည်ကို ကြည့်နေခဲ့၏။

လူအုပ်ကြီးသည် ခန်းမဆောင်မှ ထွက်ခွာသွားအပြီးတွင် အနောက်သို့

ပြန်လည်ကြည့်လိုက်ကာ၊ သူ၏
ကြီးကျယ်ခမ်းနားမှုများကို
အံ့အားသင့်နေကြသည်။

ချူးယန်သည် ထိုခန်းမဆောင်အား
ကြည့်နေခဲ့ကာ၊ သူ၏ စိတ်အတွင်းတွင်
အတွေးများစွာ ပေါ်လာခဲ့၏။
"လျှမ်ကန်းဘက်ကပဲ ကြည့်ကြည့်၊ ထာဝရ
တောင်တန်းဂိုဏ်းဘက်ကပဲ ကြည့်ကြည့်၊
ဒီအံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း
ခေါင်းဆောင်က၊ ပြဿနာတွေကို
ဖြေရှင်းနိုင်ဖို့ အကောင်းဆုံး အကူအညီပဲ။ ဒါ..

ဒါပေမဲ့ ငါကသူနဲ့ အများကြီး မဆက်ဆံချင်နေဘူး"

"သူက အရမ်းကို လျှို့ဝှက်ဆန်းကြယ်လွန်းတယ်။ အထူးသဖြင့် အရင်အတိတ်ကာလက၊ သူ့ရဲ့အကြောင်းကို တစ်ခါမှ မကြားဖူးဘူး" ချူးယန်က သက်ပြင်းချလိုက်သည်။ "ဒါကလည်း အတိတ်ကာလတုံးက ငါ့ရဲ့ ဗဟုသုတ မပြည့်စုံမှုကြောင့် ဖြစ်ပါစေလို့ပဲ ဆုတောင်းရမယ်"

စိတ်ရှုပ်နေသော ချူးယန်နှင့် မတူပဲ၊ လျှမ်ကန်းမှာမူ အနည်းငယ် စိတ်ပျက်လက်ပျက် ဖြစ်နေခဲ့သည်။ သူ၏ ပထမဆုံး အကြိမ် လာရောက်လည်ပတ်မှုကို၊ လင်းဖုန်းက ကြီးကျယ်စွာ ကြိုဆိုခဲ့ခြင်းမှာ သူ၏ ဉ်ေ့ဝတ်ကျေပွန်မှုကို ပြသခဲ့ခြင်း ဖြစ်သည်ဟု သိနေခဲ့သော်လည်း၊ မဟာကျိုး အင်ပါယာမှ မင်းသားများ၏ နန်းလုပွဲအား လင်းဖုန်းက စိတ်မဝင်စားဟူ၍ သိနေခဲ့သည်။

မဟာကျိုး အင်ပါယာ၏ နန်းတွင်းတွင် ရွှမ်ကျိအမတ် ဇူဟုန်ဝူသည် လွှမ်းမိုးမှု ကြီးမား၍၊ သူသည် အိမ်ရှေ့မင်းသားအား

ထောက်ခံသူ ဖြစ်သည်။ ဒါသည် ပုဂ္ဂိုလ်ရေး မပါပဲ၊ ဇူဟုန်ဝူသည် နာမည်နှင့် ဂုဏ်သိက္ခာအား အလွန်ဂရုစိုက်ခြင်းကြောင့် ဖြစ်သည်။

ဇူဟုန်ဝူ၏ ထောက်ခံမှုနှင့်အတူ၊ လျှမ်ပန်းကသာ သဘောထား မပြောင်းခဲ့ပါက၊ အိမ်ရှေ့မင်းသား၏ နေရာသည် အမတန် တည်ငြိမ်ပေသည်။

ဇူရီသည် သူတို့အား ယုကျင်းတောင်ပေါ်မှ လိုက်ပို့၍အပြီးတွင်၊ လျှမ်ကန်းသည် သက်ပြင်းချလိုက်၏။ "ဇူရီက ရွှမ်ကျိအမတ်ရဲ့

အတောက်ပဆုံး ဆက်ခံသူပဲ။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်က တကယ့်ကို ထက်မြက်လှပါတယ်"

သူ၏ဘေးမှ သက်လတ်ပိုင်း စာသင်သားသည်၊ ဇူရီပျောက်ကွယ်သွားသည့် နေရာကို ကြည့်လိုက်ကာ ရုတ်တရက်ပြောလိုက်သည်။ "အရှင်မင်းသား၊ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်က ကြည့်ရတာ တသီးတခြား နေတတ်တဲ့ပုံပေါက်တယ်။ ကြည့်ရတာ ဒီကိစ္စမှာ ဝင်ပါမယ့် သဘောမရှိဘူး"

"ဒါပေမဲ့လည်း အခြားတစ်ဘက်မှာ၊ ဇူရီနဲ့ မိတ်ဆွေလုပ်ထားတာ မမှားပါဘူး။ တကယ်လို့ ကျွန်တော်တို့က သူ့ရဲ့ ယုံကြည်မှုကို ရလို့ရှိရင်၊ သူ့ဆရာရဲ့ ယုံကြည်မှုကို ရတာနဲ့ အတူတူပဲ"

သူဘာဆိုလိုချင်နေသနည်း ဆိုသည်ကို အားလုံးက သိပေသည်။ ဇူရီသည် လင်းဖုန်း၏ လက်ရင်းတပည့်ဖြစ်သည်။ အကယ်၍ သူသည် အခက်အခဲနှင့် ကြုံတွေ့ရသည်ရှိသော်၊ လင်းဖုန်းသည် ဝင်ရောက်စွက်ဖက်မည် ဖြစ်သည်။ အချိန်တိုတိုလေး အတွင်းမှာပင်၊ လင်းဖုန်း၏

သူ့တပည့်များအား ကာကွယ်စောင့်ရှောက်တတ်သော ဂုဏ်သတင်းသည်၊ မူလကောင်းကင် ကမ္ဘာကြီး တစ်ခုလုံးတွင် ကျော်ကြားနေပြီ ဖြစ်သည်။

ထို့အပြင် လင်းဖုန်းအား ထည့်မတွက်လျှင်ပင်၊ ဇူရိသည် ဇူဟုန်ဝူ၏ သားအရင်းဖြစ်သည်။ အကယ်၍ ဇူဟုန်ဝူက အိမ်ရှေ့မင်းသားအား ထောက်ခံ၍၊ သူ၏သားက လျှမ်ကန်းအား ထောက်ခံမည်ဆိုလျှင်၊ အိမ်ရှေ့မင်းသားနှင့် ဇူဟုန်ဝူတို့၏ နာမည်အား ထိခိုက်စေမည် ဖြစ်သည်။

ချူးယန်က ပြောလိုက်သည်။ "ဒီအကြံက မဆိုးဘူး၊ သူ့ကို အကောင်အထည်ဖော်ဖို့ အချိန်လည်း ရှိသေးတယ်"

"ဇူရီက မဟာကျိုး အင်ပါယာကို ဒီတစ်နှစ် စာမေးပွဲကို ဝင်ဖြေဖို့ ပြန်လာလိမ့်မယ်။ သူ့ရဲ့ အဓိက ရည်ရွယ်ချက်က သူ့အမေရဲ့ ဂုဏ်သိက္ခာကို အဖတ်ဆည်နိုင်ဖို့ပဲ။ တကယ်လို့ တစ်ယောက်က သူ့ကို အကူအညီ ပေးနိုင်လို့ရှိရင်၊ အခြေအနေတွေက ချောမွေ့နိုင်မှာ ဖြစ်ပြီး နှစ်ဦးနှစ်ဘက် အကျိုးရှိနိုင်လိမ့်မယ်"

ချူးယန်က ဆက်ပြောလိုက်သည်။
"အထူးသဖြင့်၊ ဇူရီနဲ့ ရွှမ်ကျိုအမတ်တို့က
တစ်ယောက်နဲ့တစ်ယောက် ပဋိပက္ခတွေ
အမြဲဖြစ်နေကြတယ်။ ဒီအထိက
အကုန်အဆင်ပြေတယ်၊ ဒါပေမဲ့..."

"ကျွန်တော်တို့ တွေးမိတဲ့ဟာတွေကို၊ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်နဲ့
ဇူရီတို့ကလည်း တွေးမိကြမှာပဲ" ချူးယန်က
သူ၏စကားကို ပြောင်းလိုက်သည်။
"ဒါကြောင့်ပဲ ကျွန်တော်တို့ဘက်က
ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်း

ဆက်ဆံရမယ်။ တကယ်လို့ ကျွန်တော်တို့က အကြံအစည်နဲ့ ဆက်ဆံလို့ရှိရင်၊ ရလဒ်တွေက ကောင်းနိုင်မှာ မဟုတ်ဘူး"

သက်လတ်ပိုင်း စာသင်သားက ပြုံးလိုက်သည်။ "အရှင်မင်းသားက ဘာပဲလုပ်လုပ် ရိုးသားပွင့်လင်းစွာပဲ လုပ်တတ်တယ်"

ချူးယန်သည် ပြုံးလိုက်ကာ တိတ်ဆိတ်သွားခဲ့သည်။ သူသည် ထိုစာသင်သား၏ အမြင်ကို လက်ခံပေသည်။ သူသည် လျှမ်ကန်း၏ အနောက်ကို သစ္စာရှိစွာ

လိုက်ပါနေသူ ဖြစ်သည်။ သူသည်
ဉာဏ်ပညာနှင့် ပြည့်စုံ၍
တည်ငြိမ်အေးဆေးသူလည်း ဖြစ်၏။

သို့သော်လည်း လင်းဖုန်းနှင့် ဆက်ဆံရာတွင်၊
ချူးယန်သည် မသိစိတ်ကနေ
ဝေးဝေးနေချင်နေပေသည်။ သူသည်
စဉ်းစားဆင်ခြင်စိတ်ဖြင့်
ထိန်းချုပ်နိုင်သော်လည်း၊ သူ့အား
စိတ်ပါလက်ပါဖြင့် ချဉ်းကပ်ရန် မဖြစ်နိုင်ပေ။

ထို့အပြင် သူ့တွင် ရင်ထဲမှ
လွှမ်းဆွတ်တမ်းတမှုများ ရှိနေခဲ့သည်။

"သူမက ဘယ်နေရာမှာလဲ? သူမပြောထားတဲ့ ပုံအရဆိုရင်၊ သူမက အသက်ကိုးနှစ်အချိန်က နွေရာသီမှ ဒဏ်ရာရခဲ့တာပဲ။ ဒါဆိုရင် အခုအချိန်ပတ်လည်ပဲ မဟုတ်လား? ခွန်းလွန်တောင်ရဲ့ ဘယ်နေရာမှာပါလိမ့်?"

ယုကျင်းတောင်ပေါ်တွင် ရှိရှိသည့် လျှမ်ကန်း၊ ချူးယန်နှင့် ကျန်သောသူတို့အား လိုက်ပို့အပြီးတွင်၊ လင်းဖုန်းသည် ထိုကိစ္စအား ဆက်မတွေးနေတော့ပေ။

သူသည် ချူးယန်၏ အသေးစိတ် အချက်အလက် တန်ဖိုးများကို

မသိခဲ့ရသော်လည်း၊ ကြည့်ရတာ
အတော်ကြီးကို ကောင်းမည့်ပုံ
ပေါက်နေသည်။ သို့သော်လည်း
ယခုအချိန်တွင် သူနှင့်
မသက်ဆိုင်တော့သဖြင့်၊ လင်းဖုန်းသည်
ထိုအကြောင်းကို ဆက်မတွေးနေတော့ချေ"

လင်းဖုန်းသည် ကောင်းကင်စကြာဝဠာ
အလင်းတန်း ကမ္ဘာသို့ ပြန်လာခဲ့ပြီး၊ တစိမ့်စိမ့်
စဉ်းစားနေခဲ့သည်။ "ငါ့ရဲ့ စွမ်းရည်တွေကို
မြှင့်တင်နိုင်ဖို့အတွက်၊ ငါ့မှာ
လမ်းကြောင်းသုံးကြောင်း ရွေးဖို့ရှိတယ်"

"ပထမ၊ နည်းလမ်းတစ်ခု ရှာပြီးတော့ ဒီခါးကို ထိန်းချုပ်နိုင်အောင် လုပ်ရမယ်။ ဒီခါး သုံးပုံတစ်ပုံရဲ့ စွမ်းအားဟာ၊ ပုန်းကွယ်နေသော နဂါးချောက်၊ အသွင်သဏ္ဍာန် ခြောက်မျိုးခါးနဲ့ နတ်ဆိုးအရိပ်ခါးတို့ထက်တောင် ပိုမိုကြီးမားတယ်လို့ ခံစားနေရတယ်။ တကယ်လို့ငါက ခါးတစ်ချောင်းလုံးကို ထိန်းချုပ်နိုင်ပြီး ကောင်းကင် အကာအကွယ်ထီးနဲ့တွဲပြီးမှ၊ တိုက်စစ်နဲ့ခံစစ် အတွဲအဘက် ပြုလုပ်နိုင်မယ်ဆိုရင် အချင်းချင်း အထောက်အကူ ပြုနိုင်လိမ့်မယ်"

"ဒုတိယ အနေနဲ့၊ ငါက ယင်-ယန်
ဖန်ဆင်းခြင်းနဲ့ ယိုယွင်းခြင်း ဝက်ပါရဲ့
စွမ်းအားကို ထပ်ပြီးတော့ အားဖြည့်ရမယ်။
ဖန်ဆင်းခြင်းနဲ့ ယိုယွင်းခြင်း အသွင်သဏ္ဍာန်
ခြောက်မျိုးအထဲမှာ၊ ကောင်းကင်နဲ့
မြေကြီးတို့ရဲ့ ပြောင်းလဲခြင်းကိုသာ
ပြည့်စုံအောင် ပြုလုပ်နိုင်သေးပြီး၊
သူ့ရဲ့အလားအလာတွေကို အစွမ်းကုန်
ဖော်ထုတ်နိုင်သေးတယ်။ ကျန်နေသေးတဲ့
ငါးမျိုးတွေက ထုတ်ဖော်ဖို့ အလားအလာတွေ
ရှိသေးတယ်"

လင်းဖုန်းသည် မဟူရာကောင်းကင် ရတနာသစ်ပင်၏ အပေါ်တွင် ထိုင်နေခဲ့ကာ၊ သူ၏အပေါ်မှ လေဟာနယ်အား ကြည့်လိုက်သည်။ "တတိယ အနေနဲ့ကတော့၊ ပိုပြီးတော့ စိတ်ချရတဲ့ နည်းလမ်းပဲ ဖြစ်တယ်။ ငါ့ရဲ့ ကျင့်ကြံမှုအဆင့်တွေကို တိုးမြင့်အောင် ပြုလုပ်ပြီး၊ တခြားပစ္စည်းတွေကို အားမကိုးပဲ ငါ့ရဲ့စွမ်းအားတွေကို မြှင့်တင်ရမယ်"

သူသည် အသက်ကို ဖြည်းညင်းစွာ ရှူထုတ်လိုက်ကာ၊ သူ၏လက်ဝါးဖြင့် သူ၏ဦးခေါင်းအား ရိုက်လိုက်ရာ၊ တောက်ပသော အလင်းတန်းတစ်ခုက

လင်းလက်လာခဲ့သည်။
လင်းဖုန်းပုံစံနှင့်တူသော ကလေးငယ်
တစ်ယောက်သည် သူ၏ခေါင်းပေါ်တွင်
ပေါ်လာခဲ့၏။ ဒါသည် သူ၏ အခြေတည်
ဝိညာဉ် ဖြစ်သည်။

ထိုကလေးငယ်၏ အသွင်အပြင်အား
ကြည့်ရသော်၊ သူသည် အနည်းဆုံး
သုံးနှစ်၊လေးနှစ် အရွယ်မျှရှိသည်။ ဒါက
ဘာကိုဆိုလိုနေသနည်း ဆိုသော်၊
လင်းဖုန်းသည် အခြေတည် ဝိညာဉ် စဦးပိုင်း
အဆင့်၏ အထွတ်အထိပ်တွင် ရောက်နေခဲ့ပြီ
ဖြစ်သည်။

လင်းဖုန်းသည် သူ၏ အခြေတည် ဝိညာဉ်က ကောင်းကင်နှင့် မြေကြီးတို့၏ လမ်းစဉ်နှင့် ပူးပေါင်းနေခဲ့ကာ၊ ကောင်းကင်နှင့် မြေကြီးတို့မှ အဆုံးမဲ့ စွမ်းအင်တို့က သူ့အား အားဖြည့်ပေးနေခဲ့သည်ဟု ခံစားမိနေခဲ့သည်။

သို့သော်လည်း ထိုအားဖြည့်မှုမှာ ပေါ်လိုက်ပျောက်လိုက် ဖြစ်နေသေး၏။ လင်းဖုန်းသည် စုဆောင်းထားသည်မှာ လုံလောက်နေပြီ ဖြစ်သော်လည်း၊ သူ၏ စိတ်အခြေအနေမှာ တစ်စုံတစ်ခု လိုအပ်နေသေးသည်ဟု သိနေခဲ့သည်။

အကယ်၍ အားဖြည့်မှုသည် တည်ငြိမ်လာခဲ့ပြီဆိုလျှင်၊ သူသည် ကောင်းကင်ကိုးလွှာမှ ကြည်လင်သော လေထုကို စုပ်ယူနိုင်မည် ဖြစ်ပြီး၊ သူ့မှော်စွမ်းအင်အား နောက်ထပ်အဆင့် တစ်ခုသို့ရောက်အောင် စွမ်းဆောင်နိုင်မည် ဖြစ်သည်။

"ထိုင်စောင့်နေလို့ကတော့ ဘာမှဖြစ်မလာဘူး" လင်းဖုန်းသည် ထိုအချက်ကို လျှင်မြန်စွာနှင့် သဘောပေါက်လာခဲ့သည်။ သူသည် ခေတ္တမျှ

စဥ်းစားလိုက်ကာ၊ သူ၏ မူလခန္ဓာကိုယ်သည် ကောင်းကင်စကြာဝဠာ အလင်းတန်း ကမ္ဘာအတွင်းတွင် နေနေခဲ့သေးသော်လည်း၊ သူ၏ သံမဏိသစ်ပင် ကိုယ်ပွားသည် ယုကျင်းတောင်မှ ထွက်ခွာခဲ့ကာ ခွန်းလွန်တောင်ပေါ်သို့ ရောက်လာခဲ့သည်။

သူ၏ သံမဏိသစ်ပင် ကိုယ်ပွားသည် ခွန်းလွန်တောင်အတွင်းတွင်၊ ဖြည်းဖြည်းခြင်း လျှောက်သွားနေခဲ့သည်။

ပန်းပင်များ၊ ရှေးဟောင်း သစ်ပင်များ၊
တောင်ကြားများ၊ ထပ်နေသော
တောင်ထိပ်များ၊ တိမ်တိုက်ပင်လယ်များ…

လင်းဖုန်းသည် ထိုမြင်ကွင်းတစ်ခုချင်းစီအား
လေ့လာနေခဲ့ကာ၊ ကောင်းကင်နှင့်
မြေကြီးတို့၏ ကြီးကျယ်ခမ်းနားလှသော
ဖန်တီးမှုများအား ခံစားနေခဲ့သည်။

လင်းဖုန်းသည် သူ၏ သံမဏိသစ်ပင်
ကိုယ်ပွားမှတဆင့်  အံ့ဩဖွယ်ရာ
မြင်ကွင်းများကို ခံစားနေခဲ့စဉ်တွင်၊ သူ၏
မူလကိုယ်ခန္ဓာသည် ယုကျင်းတောင်ပေါ်တွင်

ကျောက်ရုပ်ကြီး တစ်ခုပမာ ငြိမ်သက်နေခဲ့သည်။ သူ၏ အသက်လက္ခဏာများသည် ဖြည်းဖြည်းချင်း ပျောက်ကွယ်လာခဲ့၏။

လင်းဖုန်းသည် သူ၏စွမ်းအားများ အားလုံးကို သူ၏ သံမဏိသစ်ပင် ကိုယ်ပွားထံသို့ လွှဲပြောင်းမပေးထားပဲ၊ သူ၏ခန္ဓာကိုယ်မှ တမင်သက်သက် ခွဲခြားထားခဲ့ကာ၊ လှုပ်ရှားခြင်းနှင့် ငြိမ်သက်ခြင်း ဟူသော ဆန့်ကျင်ဘက် အခြေအနေနှစ်ခုအား ဖန်တီးနေခဲ့ခြင်း ဖြစ်သည်။

သူ၏ မူလခန္ဓာကိုယ် အပေါ်တွင်၊ ကလေးငယ် အလင်းတန်း ပုံရိပ်လေးသည် တင်ပုလ္လင်ခွေ ထိုင်နေခဲ့သည်။ သူ၏အပေါ်တွင် သန့်စင်သော လေထုတစ်တန်းသည် ပို၍ပို၍ သိသာလာခဲ့၏။ ကောင်းကင်ကိုးလွှာမှ သန့်စင်သောလေ အမြောက်အမြားသည် သူ၏ခန္ဓာကိုယ် အတွင်းသို့ ဝင်ရောက်သွားခဲ့ကာ၊ သူ၏ အသွေးအသားနှင့် စိတ်ဝိညာဉ်တို့အား သန့်စင်ပေးခဲ့သည်။

ထိုသန့်စင်သောလေ၏ စွမ်းအားအောက်ဝယ်၊ လင်းဖုန်း၏ အခြေတည် ဝိညာဉ်သည် ဆက်လက်၍ သန်မာလာခဲ့သည်။ သူ၏

အသွင်သဏ္ဍာန်သည် သုံးလေးနှစ် အရွယ်မှ
ခုနှစ်နှစ် ရှစ်နှစ် အရွယ်သို့
ပြောင်းလဲသွားခဲ့သည်။

ရုတ်ချည်းပင် သူ၏ သံမဏိသစ်ပင်
ကိုယ်ပွားသည် လှုပ်ရှားနေရာမှ
ရပ်တန့်သွားခဲ့ကာ၊ သူ၏ ခန္ဓာကိုယ်သည်
တောင့်တင်းသော သံမဏိသစ်ပင်
တစ်ပင်အလား ဖြစ်သွားခဲ့သည်။

သူ၏ ယုကျင်းတောင်ပေါ်မှာ
မူလခန္ဓာကိုယ်မှာမူ အသက်လက္ခဏာများ

ပြန်ပေါ်လာခဲ့၍၊ သူ၏ မျက်လုံးအစုံအား ရုတ်ချည်းဖွင့်လိုက်သည်။

သူ၏ အခြေတည်ဝိညာဉ်သည် လင်းဖုန်း၏ ခေါင်းအတွင်းသို့ ဖြည်းဖြည်းချင်း ပြန်လည်ဝင်ရောက်သွားခဲ့သည်။ လင်းဖုန်း၏ မျက်နှာပေါ်တွင် အပြုံးတစ်ခု ဖူးပွင့်လာခဲ့၏။ သူသည် မတ်တတ်ထရပ်လိုက်ကာ၊ သံမဏိသစ်ပင် ကိုယ်ပွားသည်လည်း အသက်လက္ခဏာများ ပြန်ပေါ်လာခဲ့သည်။ သူသည် ယုကျင်းတောင်ပေါ်သို့ ပြန်လာရန် ပြင်ဆင်လိုက်သည်။

ထိုအချိန်တွင် လင်းဖုန်း၏ သံမဏိသစ်ပင် ကိုယ်ပွားသည် ရုတ်တရက် မှော်စွမ်းအင် လှုပ်ရှားမှုများကို ခံစားမိလိုက်ရသည်။ တိုက်ပွဲတစ်ပွဲက ဖြစ်ပွားနေခဲ့သည်နှင့် တူနေ၏။

"ကျင့်ကြံမှု အဆင့်နိမ့်တယ်၊ ဒါပေမဲ့ နည်းစနစ်က ထူးခြားတယ်" လင်းဖုန်းက ပြုံးလိုက်သည်။ ခွန်းလွန်တောင်ခြေ မြောက်ပိုင်းသည် သူ၏အိမ်ကွင်းသဖွယ် ဖြစ်နေခဲ့သဖြင့်၊ လင်းဖုန်းသည် သိပ်ပြီးမှ ဂရုမစိုက်ခဲ့ပေ။ သူသည် အခြားသူများ ဝင်ရောက်လာခြင်းမှ ဟန့်တားထားရန်၊

အတားအဆီးများကိုလည်း ပြုလုပ်ထားခြင်း မရှိပေ။

သို့သော်လည်း လင်းဖုန်း၏ နားထဲမှ အသံတစ်သံသည် သူ့အား စိတ်လှုပ်ရှားစေခဲ့သည်။ "အိုး၊ မူလကောင်းကင် ကမ္ဘာက တစ်စုံတစ်ယောက်လား?"

## စာစဥ် ၂၀ : အပိုင်း ၂၀

## အပိုင်း ၃၇၀ : ရှေးဟောင်းကမ္ဘာမှ ဧည့်သည်တစ်ယောက်

လင်းဖုန်း၏ သံမဏိသစ်ပင် ကိုယ်ပွားသည် တောင်ကြားများအတွင်းတွင် လျှင်မြန်စွာ ရွေ့လျားနေခဲ့၍၊ လျှိုမြောင်တစ်ခုအတွင်းသို့ မကြာခင်တွင် ရောက်ရှိသွားခဲ့သည်။ ထိုလျှိုမြောင်သည် ချက်ချင်းပင် လင်းလက်စွာနှင့် တောက်ပသွားခဲ့၏။

"အိုး?" လင်းဖုန်းသည် မျက်မှောင်ကြီးကို အတန်ငယ်ကြုတ်လိုက်သည်။ ထိုအလင်းတန်းကို ဖော်ထုတ်လိုက်သော မှော်အိုင်တမ်သည် ရွှေရောင်ဗဟိုချက်

အဆင့်မှ မှော်အိုင်တမ်သာ ဖြစ်သည်။
မည်ကဲ့သို့မျှ ထူးခြားမှုများ မရှိခဲ့ပေ။

လင်းဖုန်းအား အံ့သြစေသော အချက်မှာ၊
ထိုမှော်အိုင်တမ်အား အသုံးပြုခဲ့သူမှာ
ချီသာဝက အဆင့်မှ ကျင့်ကြံသူတစ်ယောက်
ဖြစ်နေခြင်း ဖြစ်သည်။

ပုံမှန်အားဖြင့် ဆိုသော်၊ လင်းဖုန်း၏ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း အပါအဝင်
ဂိုဏ်းအများစုသည်၊ တပည့်တစ်ယောက်၏
ကျင့်ကြံမှု အဆင့်ထက်
တစ်ဆင့်သာပိုမြင့်သော

မှော်အိုင်တမ်များကိုသာ ပေးကြခြင်း
ဖြစ်သည်။

လင်းဖုန်းသည် သူ၏ တပည့်များ အပေါ်တွင်
လွန်စွာ ရက်ရောသောသူဖြစ်သည်။ သူ၏
ရက်ရောမှုများကို အခြားဂိုဏ်းများကပင်
အားကျနေရ၏။ ရှောင်ယန်တို့တတွေသည်
အခြေခံအုတ်မြစ် အဆင့်တွင် ရှိကြတုံးက၊
သူတို့သည် ရွှေရောင်ဗဟိုချက် အဆင့်မှ
မှော်အိုင်တမ် တစ်ခုစီ ရှိကြ၏။

သူတို့သည် ရွှေရောင်ဗဟိုချက်ကို
ဖော်ဆောင်နိုင်အပြီးတွင်၊ သူတို့အား

အခြေတည်ဝိညာဉ် အဆင့်မှ မှော်အိုင်တမ် တစ်ခုစီ ပေးထားခဲ့သည်။ သူတို့သည် အခြေတည်ဝိညာဉ်အား ဖန်ဆင်းနိုင်ခဲ့ပါကလည်း၊ လင်းဖုန်းသည် သူတို့အား မှော်ရတနာ တစ်ခုစီ ပေးဦးမည် ဖြစ်သည်။ သို့သော်လည်း ထိုအချိန်မှာ လိုဦးမည်ဖြစ်ပြီး၊ လင်းဖုန်းကလည်း ထိုကဲ့သို့ တတ်နိုင်မလား ဆိုသည်ကို မသေချာသေးပေ။

အစောပိုင်းက ရှင်းယွင်တောင်ထိပ်တွင်၊ မီးတောက်နဂါး ကောင်းကင်ချပ်ဝတ်တန်ဆာအား ရှောင်ယန်အား ပေးလိုက်ချိန်တွင်၊

ထိုတိုက်ပွဲသည် ရှောင်ယန်နှင့် ရှီချုံးယွမ်တို့၏
အကြားမှ တိုက်ပွဲမဟုတ်တော့ပဲ၊
မီးတောက်နဂါး
ကောင်းကင်ချပ်ဝတ်တန်ဆာနှင့်
နတ်ဆိုးအရိပ်ခေါးတို့၏ အကြားမှ တိုက်ပွဲနှင့်
ပိုတူသွားခဲ့သည်။

ချီသာဝက အဆင့်မှ ကျင့်ကြံသူ
တစ်ယောက်အား ရွှေရောင်ဗဟိုချက် အဆင့်မှ
မှော်အိုင်တမ်ကို ပေးထားခြင်းသည်၊
လင်းဖုန်း၏ အရှေ့မှ ဖြစ်ရပ်ကဲ့သို့
နမြော်စရာကြီး ဖြစ်သွားပေမည်။

သူသည် ဒါအား မတော်တဆ
ကောက်ရထားခြင်း မဟုတ်လျှင်၊
တစ်စုံတစ်ယောက်က သူ့အား အရမ်းကို
အလိုလိုက်ထားခြင်း ဖြစ်ရမည်။

အကယ်၍ အကြီးအကဲ တစ်ယောက်၏
စောင့်ရှောက်မှုကို ပေးထားချင်လျှင်၊
ရွှေရောင်ဗဟိုချက် အဆင့်မှ
အဆောင်လက်ဖွဲ့က ပို၍ သင့်တော်ပေသည်။

လင်းဖုန်းသည် လျှိုမြောင်အတွင်းသို့
ရောက်ရှိသွားသောအချိန်တွင်၊ အသက် ၁၂-
၁၃နှစ်ခန့် ရှိသော မိန်းကလေး

တစ်ယောက်သည်၊ အခြေခံအုတ်မြစ် အဆင့်မှ ပြိုင်ဘက်သုံးယောက်တို့၏ ဝိုင်းရံမှုကို ခံနေခဲ့ရသည်။ ကြည့်ရသည်မှာ ရွှေရောင်ဗဟိုချက် အဆင့်က မှော်အိုင်တမ်သာ မရှိလျှင်၊ သူမသည် ရှုံးနိမ့်နေခဲ့ပြီ ဖြစ်သည်။

သို့သော်လည်း သူမသည် အနေးနှင့်အမြန် ရှုံးနိမ့်တော့မည် ဖြစ်၏။ အကယ်၍ သူမ၏ ပြိုင်ဘက်တို့သည် သူမအား အရှင်ဖမ်းလိုခြင်း မရှိခဲ့လျှင်၊ သူမသည် ယခုအချိန်တွင် သေနေလောက်ပြီ ဖြစ်သည်။

"ကျောင်းမိသားစုနဲ့ လော်မိသားစုတို့နဲ့
စစ်ဖြစ်ချင်နေတယ်ဆိုတော့၊ မင်းတို့ရဲ့
ယန်မိသားစုက ရှေးဟောင်း
ယွင်ထန်းကမ္ဘာမှာ
ခြေကုပ်ယူချင်နေတာလား?"

ထိုမိန်းကလေးသည် သူ၏လက်ကို
လှုပ်လိုက်၍ ဓားအလင်းတန်း တစ်ခုကို
ထုတ်လွှတ်လိုက်ကာ၊ ပြိုင်ဘက်များကို
နောက်ဆုတ်စေခဲ့လိုက်၏။

အခြေခံအုတ်မြစ် အဆင့်မှ
ကျင့်ကြံသူများသည်

ထိုမိန်းကလေးငယ်လေး၏ လက်အတွင်းမှာ ခေါ်းကိုကြည့်လိုက်ကာ၊ သူတို့၏ မျက်လုံးအတွင်းတွင် သတိထားမှုနှင့် လောဘများဖြင့် ပြည့်လာခဲ့သည်။ သူမ၏ စကားကို ကြားအပြီးတွင် သူတို့က ရယ်လိုက်သည်။ "မိသားစု နှစ်ခုစလုံးနဲ့ စစ်ဖြစ်ရတာ၊ လွယ်ကူတဲ့ကိစ္စ မဟုတ်ဘူး။ ဒါပေမဲ့ ငါတို့က ဒီသတင်းကို ဘယ်ပေးဖြန့်ပါ့မလဲ?"

"ငါတို့က နင့်ကို အခက်တွေ့အောင် မလုပ်ချင်ပါဘူး။ နင်က လော်မိသားစုက

ဟိုကံဆိုးမလေးဆီကို ခေါ်သွားပေးရင်၊ နင့်ကို လွှတ်ပေးမယ်လေ"

ထိုမိန်းကလေးက သူတို့အား သရော်သလိုဖြင့် ကြည့်လိုက်သည်။ "ငါကဒီလောက် အယုံလွယ်လိမ့်မယ်လို့ ထင်နေတာလား?"

ထိုကျင့်ကြံသူများက ရယ်လိုက်သည်။ "ကျွင်းကျိနင်၊ နင်က ယုံယုံ မယုံယုံ၊ ငါတို့က ဒီကနေ့မှာ နင့်ဆီကနေ ဟိုလော်မိသားစုက ကောင်မစုတ်လေးရဲ့ နေရာကို ပြောခိုင်းရမယ်"

ထိုကောင်မလေးမှာ ဒေါသထွက် ခါးသီးစွာနှင့်၊ သူမ၏ လီယွမ်ခေးအား တင်းကျပ်စွာနှင့် ဆုပ်ကိုင်လိုက်သည်။

"ငါ့ရဲ့ နမော်နမဲ့နိုင်မှုကိုပဲ အပြစ်တင်ရမယ်။ ငါက အသံလွှင့်ကျောက်တုံးကို ပြုတ်ကျစေခဲ့တယ်" ကျွင်းကျိနင်သည် သူမ၏ ရင်ထဲမှနေ၍ ကျိန်ဆဲနေခဲ့သည်။
"မဟုတ်လို့ရှိရင်၊ အိမ်ကနေပြီး အကူအညီ တောင်းခံလို့ မရခဲ့ရင်တောင်၊ ခရမ်းရောင် တိမ်တိုက်ဂိုဏ်းကနေပြီး စစ်ကူတောင်းခံလို့ရတယ်"

သူမသည် ကိုယ့်ကိုယ်ကိုယ် တည်ငြိမ်အောင် ကြိုးစားလိုက်၍၊ သူမ၏ မေ့ာ်စွမ်းအင်များကို ပြန်လည်ဖြည့်တင်းပေးနိုင်သော ဆေးလုံးနှစ်လုံးအား မျိုချလိုက်သည်။ သူမ၏ လီယွမ်ဓားကို ဇွေ့ယမ်းလိုက်၍၊ သူမ၏ ရန်သူများအား နောက်ထပ် နောက်ဆုတ်စေခဲ့သည်။

သူမသည် လှျိုမြောင်း၏ အခြေအနေကို အကဲခတ်လိုက်ကာ၊ လွတ်မြောက်နိုင်ရန် အခွင့်အရေးအား ရှာဖွေနေခဲ့၏။ "ချင်းဝူက ဘယ်လိုနေမှန်း မသိဘူး။ သူမက

ခဏာနေတုံးက ဒဏ်ရာရသွားခဲ့တယ်၊ သူမရဲ့
ဒဏ်ရာက ပြင်းထန်သလား မသိဘူး?"

ကျွင်းကျိနင်သည် လှျိုမြောင်အား
ရှာဖွေနေသည့် အချိန်တွင်၊ အရပ်ရှည်ရှည်
ကြေးနီရောင် အသားအရေနှင့်
လူငယ်တစ်ယောက်က
တောင်ကုန်းတစ်ခုပေါ်မှနေ၍၊ သူတို့၏
တိုက်ပွဲအား စိတ်ဝင်တစားဖြင့်
ကြည့်ရှုနေသည်ကို တွေ့လိုက်ရ၏။

ကျွင်းကျိနင်သည် မှင်သက်သွားခဲ့သည်။
"ဒီလူက ဘယ်အချိန်က ရောက်လာတာလဲ?

သူ့ကို အရင်က မတွေ့မိပါဘူး။
လီယွမ်ခေးကတောင် ငါ့ကို သတိမပေးခဲ့ဘူး"

ကျွင်းကျိနင်၏ စိတ်ရှုပ်ထွေးသွားသော
အမူအရာကို ကြည့်လိုက်ကာ၊
ထိုကျင့်ကြံသူများကလည်း သူတို့အား
လှည့်စားနေသည်ဟု စိုးရိမ်သွားကြသည်။
သူတို့အနက်မှ တစ်ယောက်သည် သူမ၏
အကြည့်နောက်သို့ လိုက်၍ကြည့်လိုက်ရာ၊
သူသည်လည်း အံ့ဩထိတ်လန့်သွားခဲ့သည်။

သူတို့၏ ပြိုင်ဘက်က
လှည့်စားနိုင်သော်လည်း၊

ကိုယ်အချင်းချင်းကတော့ လှည့်စားမည် မဟုတ်ချေ။ ထို့ကြောင့် ကျန်သောလူနှစ်ယောက်ကလည်း သတိထား၍ လှည့်ကြည့်လိုက်ရာ၊ လင်းဖုန်း၏ သံမဏိသစ်ပင် ကိုယ်ပွားအား တွေ့လိုက်ရကာ၊ တုန်လှုပ်သွားခဲ့၏။ "ဒီလူက ငါတို့ ဘာမှမသိလိုက်ပဲ ရောက်နေခဲ့တာလား?"

လင်းဖုန်းသည် သူ့ကိုယ်သူ ပုန်းကွယ်နေဖို့ စိတ်ပင်မကူးခဲ့ပေ။ သူသည် တောင်ကုန်းပေါ်တွင်သာ ဒီအတိုင်းရပ်နေခဲ့၍၊ အောက်မှတိုက်ပွဲအား ကြည့်ရှုနေခဲ့သည်။

သူသည် ထိုအချိန်တွင် စိတ်ထဲမှ အလွန်နေ၍ ကောင်းနေခဲ့သည်။ "ကြည့်ရတာ မိသားစုတစ်ခုရဲ့ နည်းစနစ်တွေကို အမွေဆက်ခံတာက၊ တပည့်ခံတာလို့ ပြောလို့မရဘူး။ ဒီလိုသာဆိုရင် အနာဂတ်မှာ တပည့်တွေကို ထပ်ပြီးလက်ခံလိုက်ရှိရင်၊ အဲ့ဒီကျင့်ကြံမှု မိသားစုတွေထဲက ပါရမီရှင်တွေကိုလည်း ရွေးလို့ရပြီပေါ့"

"မကောင်းတဲ့ အကြံရှိတဲ့ လူအချို့ကို ဖယ်လိုက်လို့ရှိရင်၊ အလားအလာရှိတဲ့

ပါရမီရှင်တွေက အများကြီးပဲ။ မဆိုးဘူး၊ မဆိုးဘူး"

လင်းဖုန်းသည် ပြုံးလိုက်ကာ သူ၏ စွမ်းရည်စိစစ်ခြင်း ကိရိယာအား ကြည့်လိုက်သည်။ "စနစ်၏ တွက်ချက်မှု ပြီးဆုံးသွားပါပြီ။ ပစ်မှတ်၏ အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်"

"အရိုးအရင်းမြစ် - ၈၊ သဘောပေါက် နားလည်နိုင်စွမ်း - ၇၊ စိတ်စွမ်းအား - ၆၊ ကောင်းချီးမင်္ဂလာ - ၇"

"သုံးသပ်ချက် : ပစ်မှတ်၏ ပင်ကိုစွမ်းရည်မှာ အနည်းငယ် မြင့်မားသော အဆင့်တွင် ရှိပါတယ်။ ဗဟိုတပည့် ဖြစ်လာနိုင်ရန် အရည်အချင်းနှင့် ပြည့်စုံပါတယ်။ ပစ်မှတ်အား တပည့်အဖြစ် သိမ်းသွင်းရန် အကြံပြုပါတယ်"

လင်းဖုန်းက သူ၏ခေါင်းကို ညိတ်လိုက်သည်။ "စုစုပေါင်းတန်ဖိုး ၂၈ရှိတယ်။ ၃၀တော့ မပြည့်တဲ့အတွက် ငါရဲ့ လက်ရင်းတပည့် လုပ်ဖို့တော့ အဆင့်မမီဘူး။ ဒါပေမဲ့ ရှောင်ပုတန် တပည့်လုပ်လို့တော့ ရတယ်"

"အမှတ် ၃၇ ပြည့်ဖို့ကလည်း
လွယ်တဲ့ကိစ္စမဟုတ်ဘူး" လင်းဖုန်းက
တွေးလိုက်ကာ၊ ကျွင်းကျိနင်၏ မှော်စွမ်းအင်
လှုပ်ရှားမှုများကို သေချာစွာနှင့်
အကဲခတ်လိုက်သည်။ သူသည် ခေါင်းထဲတွင်
အချက်အလက် အချို့ကို
မှတ်သားလိုက်သည်။

ယုကျင်းတောင်ပေါ်တွင် လင်းဖုန်း၏
မူလခန္ဓာကိုယ်သည်၊ ကောင်းကင်စကြာဝဠာ
အလင်းတန်း ကမ္ဘာ အတွင်းမှ
ထွက်လာပြီဖြစ်သည်။ သူသည် မဟာနဂါး
ကျဲယုအား ဆင့်ခေါ်လိုက်၏။ ကျဲယုက

သူ၏အရှေ့သို့ ရောက်လာအပြီးတွင် ဦးညွှတ်လိုက်သည်။ "ဆရာ၊ ကျွန်တော့်ကို ဘာများ ညွှန်ကြားဖို့ ရှိပါသလဲ?"

လင်းဖုန်းက မေးလိုက်သည်။ "ကျဲယု၊ ငါမှတ်ထားတာ မမှားရင်၊ မင်းက ရှေးဟောင်းယွင်ထန်း ကမ္ဘာထဲမှာ မိသားစုကြီး၇ခု ရှိတယ်လို့ ပြောဖူးတယ်။ ပြီးတော့ အဲ့ဒီမိသားစု ၇ခုဟာ၊ နတ်ဘုရားနယ်မြေထဲက အင်အားစု ၇ခုကို ကိုယ်စားပြုတယ်လို့ ပြောဖူးတယ်"

ကျဲယုသည် ခေါင်းညိတ်လိုက်ကာ ပြန်ဖြေလိုက်သည်။ "ဟုတ်ပါတယ်။ သူတို့မိသားစုတွေထဲက တစ်ခုဟာ၊ ဟင်းလင်းပြင် ဘုရားကျောင်းကို ကိုယ်စားပြုပါတယ်။ ကျွန်တော်က ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ အဖွဲ့ဝင်တစ်ယောက် အနေနောက်ကနေ လိုက်ပြီးတော့၊ ရှေးဟောင်းယွင်ထန်း ကမ္ဘာထဲကို ဝင်ဖူးတဲ့အတွက် အဲ့ဒီကမ္ဘာရဲ့ သတင်းတွေကို သိနေခဲ့တာပါ"

"ခရမ်းရောင်တိမ်တိုက် ဂိုဏ်းကလည်း ရှေးဟောင်းယွင်ထန်း ကမ္ဘာထဲမှာ

ရှိတယ်မလား? သူတို့မှာရော ကိုယ်ပိုင် ကိုယ်စားပြုတဲ့ မိသားစုများ ရှိသလား?" လင်းဖုန်းက မေးလိုက်သည်။ ကျဲယုက သူ၏ခေါင်းကို ညိတ်လိုက်ကာ၊ "မှန်ပါတယ်။ ခရမ်းရောင် တိမ်တိုက်ဂိုဏ်းကို ကိုယ်စားပြုတဲ့ မိသားစုက၊ ကျွင်းမိသားစု ဖြစ်ပါတယ်"

လင်းဖုန်းသည် အခြေအနေ အရပ်ရပ်ကို သဘောပေါက်သွားခဲ့ကာ၊ ခေတ္တမျှ တွေးနေခဲ့သည်။ "ရှေးဟောင်းယွင်ထန်း ကမ္ဘာမှာ ယန်မိသားစုရော ရှိသလား?"

ကျဲယုက သေချာစွာနှင့် ဖြေလိုက်၏။ "ရှိပါတယ်။ ယန်မိသားစုကလည်း မိသားစုကြီး ၇ခုထဲမှာ ပါပါတယ်။ ယန်မိသားစုရဲ့ အနောက်မှာက သံသရာဂိုဏ်း ရှိပါတယ်"

"သံသရာဂိုဏ်း?" လင်းဖုန်းသည် အချိန်အနည်းငယ်မျှ စဥ်းစားလိုက်သည်။ သူသည် ထိုဂိုဏ်းအား ကြားဖူးသော်လည်း၊ ကောလဟာလ အနေဖြင့်သာ ကြားဖူးခြင်းဖြစ်သည်။ သူတို့ဂိုဏ်းနှင့် တစ်ခါမှ မဆက်ဆံဖူးချေ။

သံသရာဂိုဏ်းသည် နတ်ဘုရားနယ်မြေ၏
တောင်ပိုင်းမှ၊ စွမ်းအားကြီးသော
ဂိုဏ်းတစ်ဂိုဏ်းဖြစ်သည်။ သူသည် မဟာကျိုး
အင်ပါယာမှနေ၍၊ ရှေးဟောင်းကမ္ဘာ
စိမ့်မြေဖြင့် ခွဲခြားထားသည်။
သူ၏တောင်ပိုင်းတွင် မိစ္ဆာကလန်တို့၏
မဟာလွင်တီးခေါင် ကုန်းမြေတို့နှင့်
ဆက်သွယ်ထားသော၊ မဟာ လေဟာနယ်
ဆက်ကြောင်းသာ ရှိတော့သည်။

လူသားကျင့်ကြံသူတို့၏ သတ်မှတ်ချက်အရ၊
သံသရာဂိုဏ်းသည် ခရမ်းရောင်
တိမ်တိုက်ဂိုဏ်း၊ နတ်ရေကန်ဂိုဏ်း၊

ကောင်းကင်မာစတာ ခေါင်းဂိုဏ်းတို့နည်းတူ ကြီးမားသော အင်အားစု တစ်ခုဖြစ်သည်။ သို့သော်လည်း သူတို့သည် မြင့်မြတ်နယ်မြေ သုံးခု၊ မဟာချင်နှင့် မဟာကျိုး အင်ပါယာတို့ထက်တော့ အားနည်းသည်။

သို့သော်လည်း
လင်းဖုန်းနားလည်ထားသည်မှာ၊ သံသရာဂိုဏ်းသည် အလွန်သန်မာသော ဂိုဏ်းတစ်ဂိုဏ်း ဖြစ်ခဲ့သည်။ သူသည် အဆင့်တစ်ဆင့် ကျသွားရခြင်းမှာ၊ ဂိုဏ်းအတွင်းမှ ကြီးမားလှသော ပြည်တွင်းစစ် တစ်ခုကြောင့် ဖြစ်သည်။ သူသည် မဟာချင်

အင်ပါယာ၏ အတွင်းမှ၊ အငြင်းပွားမှုများထက် များစွာပို၍ ဆိုးဝါးပေသည်။

မဟာချင် အင်ပါယာမှ တော်ဝင်မိသားစုနှင့် မိသားစုကြီးများ၏ ဆက်ဆံရေးသည် သိပ်မပြေလည်လှသော်လည်း၊ အားလုံးသည် တည်ငြိမ်သော အခြေအနေတွင် ရှိနေသည်။ နှစ်ဦးနှစ်ဘက် စလုံးတို့သည် အချင်းချင်း ထိန်းသိမ်းနိုင်စွမ်း ရှိကြသည်။

သံသရာဂိုဏ်းမှာမူ၊ လွန်ခဲ့သော နှစ်ပေါင်း တစ်သိန်းခန့်ကတည်းက၊ ဂိုဏ်းတွင်းမှ ဂိုဏ်းခွဲအချင်းချင်းတို့သည် သဘောထား

ကွဲလွဲမှုများ ဖြစ်ခဲ့ကြ၏။
သမိုင်းအလိုအရဆိုလျှင်၊
အက်ကွဲကြောင်းပေါင်း များစွာတို့
ပေါ်ပေါက်ခဲ့ကြ၏။

ထို့အပြင် မိစ္ဆာကမ္ဘာနှင့် ဖြစ်ပွားသော
စစ်ပွဲတွင်၊ သံသရာဂိုဏ်းမှ
ကျင့်ကြံသူများသည် ကြီးမားသော အရှုံးနှင့်
ရင်ဆိုင်ခဲ့ရသည်။ စစ်ပွဲအပြီးတွင်
သံသရာဂိုဏ်းသည် လမ်းစဉ်ခြောက်ခု
ကွဲသွားခဲ့သည် - ကောင်းကင်၊ အသူရာ၊
လူသား၊ သားရဲ၊ ငရဲနှင့်ကျတ်တစ္ဆေ
ဟူ၍ဖြစ်သည်။ သူတို့အချင်းချင်းသည်

တစ်ဖွဲ့နှင့်တစ်ဖွဲ့ ကတောက်ကဆမျိုးစွာ ဖြစ်ပွားခဲ့ကာ၊ သံသရာဂိုဏ်း၏ လွှမ်းမိုးနိုင်မှုကို အကျိုးသက်ရောက်မှု ရှိစေခဲ့သည်။

ထိုအချိန်မှစ၍ အကြီးအကဲများစွာတို့သည် ထွက်ခွာသွားကြ၍၊ အခြားနေရာများတွင် ကိုယ်ပိုင်ဂိုဏ်းများကို ထူထောင်ခဲ့ကြလေသည်။

သူတို့အထဲမှ တစ်ယောက်သည် မဟာချင် အင်ပါယာမှ မိသားစုကြီး လေးစုအတွင်းတွင်

အပါအဝင်ဖြစ်သော၊ ဟော်မိသားစုကို
တည်ထောင်ခဲ့ခြင်း ဖြစ်သည်။

အတိတ်တွင် လင်းဖုန်းသည် ဝမ်လင်းအား၊
တစ္ဆေတစ်ထောင်ဂိုဏ်းမှ စီးခုံးနန်၏
လက်အတွင်းမှ ကယ်တင်ခဲ့ရဖူးသည်။ ဒါသည်
သံသရာဂိုဏ်း၏ ကျတ်တစ္ဆေလမ်းစဥ်မှ
ဆင်းသက်လာသောဂိုဏ်း ဖြစ်သည်။

ထိုမှနေတဆင့် သံသရာဂိုဏ်းသည်၊
အတိတ်က မည်မျှလောက်
တိုးတက်စည်ပင်ခဲ့သနည်း ဆိုသည်မှာ
သိသာနေ၏။

သံသရာဂိုဏ်း၏ သွေးကွဲမှုများသည်
ယနေ့အချိန်အထိ
ဆက်လက်ဖြစ်ပွားနေခဲ့သည်။
လမ်းစဥ်ခြောက်ခု၏ ပဋိပက္ခများမှာ
ပြေငြိမ်းဖို့ရန် အလားအလာများ မရှိနေခဲ့ပေ။

"ရှေးဟောင်းယွင်ထန်း ကမ္ဘာမှာ
ယန်မိသားစုဟာ၊ လော်မိသားစုနဲ့
မဟာရန်ဖြစ်တယ်။ သူတို့မိသားစု နှစ်ခုရဲ့
နယ်နိမိတ်တွေက နီးစပ်စွာနဲ့ ဆက်စပ်နေပြီး၊
သူတို့ရဲ့ ယှဥ်ပြိုင်မှုက
နှစ်ပေါင်းထောင်နဲ့ချီပြီးမှ ရှည်ကြာနေပြီ"

ကျဲယုက ဆက်ပြီး ရှင်းပြလိုက်သည်။ "လေဘ်မိသားစုက မဟာကျိုး အင်ပါယာရဲ့ ကိုယ်စားလှယ်ဖြစ်တယ်"

ထိုစကားကို ကြားရသောအခါ၊ လင်းဖုန်းသည် သူ၏မျက်မှောင်ကြီးအား ကြုတ်လိုက်သည်။ "မဟာကျိုး အင်ပါယာနဲ့ သံသရာဂိုဏ်း အတွင်းမှာ၊ ရန်ငြိုးရန်စ ရှိတယ်လို့တော့ မကြားမိပါဘူး"

ကျဲယုက သူ၏ခေါင်းကို ညိတ်လိုက်၏။ "အရှင် ပြောတာမှန်တယ်။ ဒါက ယန်နဲ့လေဘ် မိသားစုတို့ရဲ့ အငြင်းပွားမှု သက်သက်ပဲ။

သူတို့ဟာ နတ်ဘုရား နယ်မြေထဲမှာ
သံသရာဂိုဏ်းနဲ့ မဟာကျိုး အင်ပါယာတို့ရဲ့
အကျိုးအမြတ်တွေရယ်၊ တန်ဖိုးရှိတဲ့
အရင်းအမြစ်တွေရယ်ကို
မထိခိုက်လို့ရှိရင်တော့၊ သူတို့နှစ်ဂိုဏ်းစလုံးက
မမြင်ချင်ယောင်ဆောင်နေကြတာပဲ"

ကျဲယု၏ စကားအရ လင်းဖုန်းသည်
နတ်ဘုရားနယ်မြေ အတွင်းမှ
အင်အားစုကြီးများ၏ အငြင်းပွားမှုသည်၊
ရှေးဟောင်းယွင်ထန်း ကမ္ဘာသို့
ကူးစက်လာခြင်း မရှိသေးသည်ကို
သိလိုက်ရ၏။ မိသားစုကြီး ၇စုတို့သည်

ကျောထောက်နောက်ခံများ ရှိကြသော်လည်း၊
သူတို့တွင် လွတ်လပ်စွာ ဆုံးဖြတ်နိုင်ခွင့်
အချို့လည်း ရှိကြသေး၏။

ဥပမာ အနေနှင့်၊ မဟာကျိုး အင်ပါယာနှင့်
မဟာချင် အင်ပါယာတို့သည် ဆက်ဆံရေးများ
မကောင်းကြသော်လည်း၊ သူတို့ အသီးသီး
ထောက်ခံထားကြသည့် လော်မိသားစုနှင့်
တန်မိသားစုတို့သည်၊ ရန်သူဖြစ်ကြရမည်ဟု
မဆိုလိုပေ။

ထို့အတူပင် ရှေးဟောင်းယွင်ထန်း
ကမ္ဘာအတွင်းမှ မိသားစုနှစ်ခု၏

တင်းမာနေသော ဆက်ဆံရေးသည်၊ သူတို့၏ ကျောထောက်နောက်ခံများကလည်း ထိုကဲ့သို့ ဖြစ်နေရမည်ဟု မဆိုလိုပေ။

လင်းဖုန်းက ရယ်လိုက်သည်။
"စိတ်ဝင်စားစရာပဲ"

ခွန်းလွန်တောင်ပေါ်တွင်လည်း၊ သူ၏ သံမဏိသစ်ပင် ကိုယ်ပွားသည် ကျွင်းကျိုနင်နှင့် ယန်မိသားစုတို့မှ ကျင့်ကြံသူတို့၏ တိုက်ပွဲကို ကြည့်လိုက်ကာ ရယ်နေခဲ့သည်။ သူရှိနေခြင်းကြောင့် သူတို့ နှစ်ဦးနှစ်ဘက်တို့မှာ

တိုက်ခိုက်နေကြသော်လည်း၊ စိတ်က
လင်းဖုန်းထံတွင် ရောက်နေခဲ့သည်။

လင်းဖုန်း၏ ရုတ်တရက်
ပေါ်ပေါက်လာမှုသည်၊ သူက
မည်သည့်ဘက်ကို ကူညီမည်မှန်း
မသိနေရသဖြင့်၊ အားလုံးအား ရင်တမမနှင့်
ဖြစ်စေခဲ့သည်။

ကျွင်းကျိနင်သည် လင်းဖုန်းအား
ကြည့်လိုက်ပြီး၊ သူမ၏ မျက်လုံးအစုံမှာ
ရုတ်တရက် တောက်ပလာခဲ့သည်။

"ဒီလူရုပ်နေတဲ့ပုံက သူ့အိမ်အထဲမှာ ရုပ်နေတဲ့ပုံပဲ။ မဟုတ်မှလွဲရော..."

## စာစဥ် ၂၁ : အပိုင်း ၁

## အပိုင်း ၃၇၁ : ခြေမွပစ်ခြင်း

သာမန်လူတစ်ယောက် အနေနှင့်ဆိုလျှင်၊ သူ၏ကိုယ်ပိုင်နေရာနှင့် ကျန်သောသူများ၏ နေရာတွင် နေပုံထိုင်ပုံများက တူမည်မဟုတ်ပေ။ ဒါသည် ကြောက်ရွံ့ခြင်း၊ သတိထားခြင်းများကြောင့် မဟုတ်ပဲ၊

လူတစ်ယောက်၏ မွေးရာပါ ကိုယ့်ကိုယ်ကိုယ် ခုခံကာကွယ်မှု စနစ်ကြောင့် ဖြစ်သည်။

လင်းဖုန်းသည် တောင်ကုန်းပေါ်မှနေ၍ ကျွင်းကျိနင်နှင့် ယန်မိသားစုမှ ကျင့်ကြံသူတို့၏ တိုက်ခိုက်မှုအား ကြည့်နေခြင်းသည်၊ အိမ်ရှင်က သူ့အိမ်အတွင်းသို့ ကျူးကျော်ဝင်ရောက်ကာ ရန်ဖြစ်နေကြသော ကလေးတို့အား၊ ရယ်ချင်စိတ်ဖြင့် ကြည့်နေသကဲ့သို့ ဖြစ်သည်။

သူ၏ အပြုအမူတို့သည် ကျွင်းကျိနင်အား အတွေးပွားစေခဲ့သည်။ "ခွန်းလွန်တောင်ခြေ

မြောက်ပိုင်းဟာ၊ အခုတလောမှာ နာမည်ကြီးလာတဲ့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ နေရာဖြစ်တယ်။ သူက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက တပည့်များလား?"

ထိုအကြောင်းတွေးမိသည်နှင့် သူမ၏ စိတ်ထဲတွင် မျှော်လင့်ချက် ရောင်ခြည်များ သန်းလာခဲ့သည်။ "အဖေက ပြောတာကြားဖူးတယ်။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနဲ့ ခရမ်းရောင် တိမ်တိုက်ဂိုဏ်းတို့က၊ နီးကပ်တဲ့ ဆက်ဆံရေး ရှိကြတယ်။ ငါတို့ရဲ့ ကျွင်းမိသားစုက အံ့ဖွယ်

ကောင်းကင်ဘုံဂိုဏ်းနဲ့ အဆက်အသွယ်
မရှိသေးပေမဲ့၊ ဆက်ဆံရေး တည်ဆောက်လို့
ဖြစ်နိုင်တယ်။ သူကငါ့ရဲ့ ကယ်တင်ရှင်
ဖြစ်နိုင်တယ်"

သူမအား တိုက်ခိုက်လာမှုများကို
ရှန်းကန်ရှောင်ရှားလိုက်၍၊ ကျွင်းကျိနင်သည့်
လင်းဖုန်းအား အော်ပြောလိုက်သည်။
"စီနီယာက အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းကလားရှင့်"

သူမ၏စကားအား ကြားလိုက်ရသော်၊ သူမကို
ဝိုင်းရံတိုက်ခိုက်နေကြသည့် ယန်မိသားစုမှ

ကျင့်ကြံသူ သုံးယောက်တို့သည် အံ့သြထိတ်လန့်သွားကြသည်။ သူတို့သည် လင်းဖုန်းအား ဝိုင်းကြည့်လိုက်ကြကာ၊ အတန်ငယ် သတိထားနေခဲ့ကြသည်။

သူတို့သည် ရှေးဟောင်းယွင်ထန်း ကမ္ဘာမှ လာခဲ့၍၊ နတ်ဘုရားနယ်မြေ အတွင်းတွင်း ထင်ရှားကျော်ကြားလာခဲ့သည့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း အကြောင်းကို သိပ်မသိသော်လည်း၊ သူတို့သည် သူတို့ရောက်နေသည့် ခွန်းလွန်တောင်ခြေ မြောက်ပိုင်း၏ အကြောင်းကိုတော့ လေ့လာထားကြသည်။

အကယ်၍ ထိုသူသည် အခြားဂိုဏ်းမှ ဖြစ်ခဲ့လျှင်၊ သူတို့သည် သိပ်ဂရုစိုက်မည် မဟုတ်ပေ။ သို့သော်လည်း သူသည် အဖွဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ ဖြစ်ခဲ့လျှင်မူ၊ သူတို့သည် သတိတကြီးနှင့် ဆက်ဆံရမည် ဖြစ်သည်။ မဟုတ်လျှင် သူတို့ဒုက္ခ ကောင်းကောင်းရောက်သွားလိမ့်မည် ဖြစ်သည်။

လင်းဖုန်းသည် ကျွင်းကျိနင်အား စိတ်ဝင်တစားဖြင့် ကြည့်နေခဲ့သည်။ သူမသည် အသက် ၁၁နှစ် ၁၂နှစ်သာ ရှိသေးသော်လည်း၊

လင်းဖုန်းက သူမသည် ရှောင်ပုတန်ကဲ့သို့
ဉာဏ်နီဉာဏ်နက် များသောသူ
ဖြစ်ကြောင်းကို သိရှိလိုက်၏။

သို့သော်လည်း ရှောင်ပုတန်သည်
လိမ္မာပါးနပ်သောသူ ဖြစ်သည်။ လင်းဖုန်းသည်
သူ့၏အကြောင်းကို မသိပါက၊ သူသည်
ရှောင်ပုတန်အား ချစ်စရာကောင်းသော
ကောင်လေးဟု ထင်မိမည် ဖြစ်၏။

ကျွင်းကျိနင်သည် အလောတကြီးနှင့်
ပြောလိုက်သည်။ "စီနီယာ၊ ကျွန်မက
ခရမ်းရောင် တိမ်တိုက်ဂိုဏ်းရဲ့

ဆက်ခံသူတစ်ယောက် ဖြစ်ပါတယ်။ ကျွန်မတို့ ဂိုဏ်းနှစ်ဂိုဏ်းရဲ့ ရင်းနှီးမှုကို ထောက်ရှုပြီး၊ ကျွန်မကို အကူအညီ ပေးပါရှင့်"

ယန်မိသားစုမှ ကျင့်ကြံသူများသည် ထိတ်လန့်တုန်လှုပ်သွားကြကာ၊ ဘာလုပ်ရမည်မှန်း မသိကြတော့ချေ။

ကျွင်းမိသားစုသည် ရှေးဟောင်းယွင်ထန်း ကမ္ဘာတွင် ခရမ်းရောင် တိမ်တိုက်ဂိုဏ်း၏ ကိုယ်စားပြုသူ ဖြစ်သော်လည်း၊ သူတို့သည် ခရမ်းရောင် တိမ်တိုက်ဂိုဏ်းမှာ တာအိုနည်းစနစ်နှင့် မှော်ကျိန်စာများကို၊

အကြံဉာဏ်များသာ
ပေးခြင်းခံရသူများဖြစ်သည်။ သူတို့အား
ခရမ်းရောင် တိမ်တိုက်ဂိုဏ်း၏ ဂိုဏ်းခွဲဟု
မဆိုနိုင်ပေ။

သို့သော်လည်း ကျွင်းကျိနင်သည် ခရမ်းရောင်
တိမ်တိုက်ဂိုဏ်းနှင့် ဆက်ဆံရေးကောင်းများ
ရှိသည်ကိုတော့ မငြင်းနိုင်ပေ။ ယန်မိသားစုမှ
ကျင့်ကြံသူများသည် လင်းဖုန်းအား
စိုးရိမ်စွာနှင့် ကြည့်လိုက်ကြသည်။
"တကယ်လို့ ဒီလူက ခရမ်းရောင်
တိမ်တိုက်ဂိုဏ်းနဲ့ ကျွင်းမိသားစုတို့ရဲ့
အကြားက ကွဲပြားမှုတွေကို မခွဲနိုင်ရင်တော့၊

သူက ကျွင်းကျိနင်ရဲ့ အရှုးလုပ်တာကို ခံရတော့မှာပဲ"

သူတို့အနက်မှ တစ်ယောက်သည် ထွက်လာကာ၊ လင်းဖုန်းအား လက်ဝှေ့ယမ်းပြလိုက်သည်။ "မိတ်ဆွေ၊ ကျုပ်တို့နဲ့ သူမဟာ ကိုယ်ရေးကိုယ်တာ ရန်ငြိုးရန်စတွေ ရှိနေတာဖြစ်တယ်။ ခင်ဗျားက ဝင်မစွက်ပါဘူးလို့ မျှော်လင့်ပါတယ်"

လင်းဖုန်းက အနည်းငယ် ပြုံးလိုက်၏။ "တကယ်လို့ မင်းတို့သုံးယောက်က သူမကို

အခုလွှတ်ပေးလိုက်ရင်၊ ပြဿနာကို ဒီမှာပဲ
အဆုံးသတ်လိုက်မယ်"

ယန်မိသားစုမှ ကျင့်ကြံသူ
သုံးယောက်တို့သည်
ကြောက်မက်ဖွယ်ကောင်းစွာ
ကြည့်လိုက်ကြသည်။ "ဒါဆိုရင်လည်း
ကျုပ်တို့ကို အဆိုးမဆိုပါနဲ့"
သူတို့သုံးယောက်သား အချင်းချင်း
ကြည့်လိုက်ကြကာ၊ ခေါင်းများကို တပြိုင်နက်
ညိတ်လိုက်ကြသည်။
သူတို့တစ်ယောက်ချင်းသည် အလံငယ်လေး
တစ်ခုကို ထုတ်လိုက်ကြ၏။

အနက်ရောင် အလံများမှာ
လေတိုက်ရာအတိုင်း လှုပ်ရှားနေခဲ့၍၊
လျှင်မြန်စွာနှင့်ပင် ပေပေါင်းများစွာမြင့်သော
အလံကြီး အဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။
အလံရွေ့လျားသွားသည်နှင့်အတူ၊
ငရဲကိုးထပ်မှ လေပြင်းများက
တိုက်ခတ်လာခဲ့သည်။

ယန်မိသားစုမှ ကျင့်ကြံသူ
သုံးယောက်သားတို့သည် မန္တရားများကို
စတင်မန်းမှုတ်လိုက်ကြသည်။ ရောမ တြိဂံပုံ
ဝင်္ကပါတစ်ခုသည် မြေပြင်ပေါ်တွင်

ပေါ်လာခဲ့ကာ၊ လျှို့မြောင်တစ်ခုလုံးအား
ဖုံးလွှမ်းသွားခဲ့၏။

ရှုပ်ထွေးလှသော ပုံစံများသည်
ခရမ်းရောင်အလင်းတန်းများဖြင့်
လင်းလက်စွာ တောက်ပနေခဲ့သည်။
ကျွင်းကျိန်သည့် အလွန်အမင်း
ထိတ်လန့်တုန်လှုပ်သွားခဲ့ပြီး
အော်ဟစ်လိုက်သည်။ "လျှပ်စီးသန့်စင်ခြင်း
ဝက်ပါ"

ဝက်ပါ၏ ထောင့်သုံးထောင့်မှနေ၍
အလင်းတန်း တစ်တန်းစီ ထွက်လာခဲ့သည်။

သူတို့သည် လေဟာနယ် အတွင်းတွင် ဆုံစည်းသွားခဲ့၍ ရောမ အလင်းတန်း စက်လုံးတစ်ခု အဖြစ်သို့ ပြောင်းလဲသွားခဲ့၏။ ထိုစက်လုံးလေးမှနေ၍ မိုးမရွာသော တိမ်ညိုတိမ်မည်းများကဲ့သို့၊ မိုးခြိမ်းသံများ ထုတ်လွှတ်နေခဲ့သည်။

အလင်းတန်း စက်လုံးကြီးသည် လင်းဖုန်းနှင့် ကျွင်းကျိနင်တို့၏ အပေါ်တွင် လွင့်မျောနေခဲ့ကာ၊ ကြောက်မက်ဖွယ်ရာ အော်ရာများကို ထုတ်လွှတ်နေခဲ့ပြီး၊ သူ၏ မော်စွမ်းအင် လှုပ်ရှားမှုများမှာ အားကောင်းလှပေသည်။

လင်းဖုန်းသည် အံ့ဩစွာနှင့် ထိုမြင်ကွင်းအား ကြည့်နေခဲ့သည်။ "တော်တော်ကောင်းတဲ့ ဝက်ပါပဲ။ ကြည့်ရတာ ယန်မိသားစုက ငရဲဂိုဏ်းခွဲနဲ့ နီးကပ်တယ် ထင်တယ်"

ယန်မိသားစုမှ ကျင့်ကြံသူ သုံးယောက်တို့သည်၊ လင်းဖုန်း၏ ရေရွတ်သံကို ကြားလိုက်သောအခါ ကြံရာမရ ဖြစ်သွားကြသည်။ သူသည် သူတို့၏ အကြောင်းအရာများကို သိရှိနေရုံမက၊ ယန်မိသားစု၏ အနောက်တွင် သံသရာဂိုဏ်းက ရှိနေသည်ကို

သိနေသော်လည်း သိပ်ပြီး ဂရုစိုက်နေသည့်ပုံ မပေါ်ချေ။

ဤသူသည် အရူးဖြစ်လျှင်ဖြစ်၊ မဖြစ်လျှင် အလွန် စွမ်းအားကြီးသောသူ ဖြစ်ရမည်။

သို့သော်လည်း သူတို့သုံးယောက်သားတို့သည်၊ သူတို့ ပူးပေါင်းထုတ်လွှတ်လိုက်ခဲ့သည့် လျှပ်စီးသန့်စင်ခြင်း ဝက်ပါအား ယုံကြည်ချက်အပြည့် ရှိနေခဲ့သည်။

အမှန်အတိုင်း ပြောရလျှင် အခြေခံအုတ်မြစ် အဆင့်မှ ကျင့်ကြံသူများသည်၊ ထိုဝက်ပါအား

ထိန်းချုပ်နိုင်စွမ်း မရှိပေ။ ရွှေရောင်ဗဟိုချက်
အဆင့်မှ ကျင့်ကြံသူများပင်လျှင်၊
သူတို့အစွမ်းနှင့် သက်သက်သာဆိုလျှင်
ထိန်းချုပ်နိုင်မည် မဟုတ်ပေ။

သို့သော်လည်း သူတို့တွင် ပါလာသော
အလံသုံးခုကြောင့် ဆောင်ရွက်နိုင်ခဲ့၏။

ထိုအလံ သုံးခုတို့သည် အခြေခံအုတ်မြစ်
အဆင့်မှ မှော်အိုင်တမ်များ ဖြစ်ကြသည်။
ထိုအလံများသည် သူတို့ဘာသာဆိုလျှင်
မည်သို့မျှ အသုံးမဝင်ချေ။

သူတို့၏ ရည်ရွယ်ချက်များသည် အတူတူဖြစ်သည်။ လျှပ်စီးသန့်စင်ခြင်း ဝက်ပါအား ဖော်ဆောင်ရန် ဖြစ်သည်။

ပြီးတော့ ထိုလျှပ်စီးသန့်စင်ခြင်း ဝက်ပါ၏ စွမ်းအားသည် တစ်ယောက်အား ကျေနပ်အားရစေနိုင်သည်။ လင်းဖုန်းသည် ထိုအလင်းတန်း စက်လုံး၏ အတွင်းတွင် ပါဝင်နေသည့်၊ ကြီးမားကျယ်ပြန့်သော ကြောက်မက်ဖွယ်ရာ လျှပ်စီးအနွယ်ဝင် စိတ်ဝိညာဉ် စွမ်းအင်တို့အား ခံစားနေရ၏။ ထိုနေရာ တစ်ခုလုံးကို

လျှပ်စီးမျက်နှာကြက်များဖြင့်
ဖုံးလွှမ်းထားသကဲ့သို့ ဖြစ်နေခဲ့သည်။

သို့သော်လင်းဖုန်းအနေနှင့် ဂရုစိုက်စရာ
မလိုခဲ့ပေ။ သူသည် ထို၀က်ပါအား
စိတ်ဝင်တစားဖြင့် ကြည့်လိုက်ကာ၊
ချီးကျူးလိုက်သည်။ "သံသရာဂိုဏ်းရဲ့
နည်းစနစ်တွေဟာ တကယ်ကို
ထူးခြားလှပါပေတယ်"

နှစ်ပေါင်း သောင်းနှင့်သိန်းနှင့်ချီ၍
သက်တမ်းရှိသည်ဖြစ်၍၊ သံသရာဂိုဏ်းမှ
လမ်းကြောင်းခြောက်ခုတို့သည်၊

တာအိုနည်းစနစ်များ မှော်ကျိန်စာများနှင့် ပတ်သတ်၍ အကြီးအကျယ် တိုးတက်မှုများ ရှိနေကြသည်။

သံသရာ လမ်းခြောက်သွယ် အနက်တွင်၊ အသူရာ လမ်းစဥ်မှ ရုပ်ခန္ဓာကိုယ်သိုင်းပညာရပ်များနှင့် လူသတ်နည်းစနစ်များသည် အကြမ်းတမ်းဆုံး ဖြစ်ကြသည်။

သားရဲလမ်းစဥ်မှ ကျင့်ကြံသူများသည် စိတ်ဝိညာဥ် သားရဲများအား မွေးမြူရာတွင် ထူးချွန်၍၊ ထိုသားရဲများကို တိုက်ပွဲများတွင်

အသုံးပြုကြသည်။ သူတို့ကိုယ်တိုင်ကမူ တိုက်ခိုက်ရတွင် မထူးချွန်ကြပေ။

ကျတ်မိစ္ဆာလမ်းစဥ်မှ သူများသည် စိတ်ဝိညာဥ် တစ္ဆေများအား မွေးမြူရာတွင် အထူးပြုထားကြသည်။ သူတို့၏ ကျင့်ကြံမှု စွမ်းရည်များသည် သားရဲလမ်းစဥ်မှ သူများကဲ့သို့ ဖြစ်၏။ သူတို့သည် သူတို့၏ စိတ်ဝိညာဥ် တစ္ဆေများလောက် စွမ်းအားမကောင်းလှပေ။

သို့သော်လည်း သားရဲလမ်းစဥ်နှင့် ကျတ်မိစ္ဆာလမ်းစဥ်မှ ကျင့်ကြံသူများသည်၊

သူတို့၏ စိတ်ဝိညာဉ် သားရဲများနှင့်
စိတ်ဝိညာဉ် တစ္ဆေများ၏ စွမ်းအားကြောင့်၊
အဆင့်တူသော ကျင့်ကြံသူများထက်
တိုက်ပွဲစွမ်းအားများ ပိုကောင်းကြသည်။

လူသားလမ်းစဥ်မှ ကျင့်ကြံသူများသည်
သူတို့၏ အလိုဆန္ဒများ၊ စိတ်ခံစားချက်များ
အပေါ်တွင် အခြေခံကာ ကျင့်ကြံကြသည်။
သူတို့တွင် နည်းစနစ်များ၊ ပုံရိပ်ယောင်များ
အစရှိသော မှော်ကျိန်စာပေါင်း
များစွာရှိကြသည်။ သို့သော်လည်း တိုက်ခိုက်မှု
စွမ်းရည်တွင် သူတို့သည် အားအနည်းဆုံး
ဖြစ်ကြသည်။

သို့သော်လည်း လူသားလမ်းစဉ်မှ
ကျင့်ကြံသူများသည် သူတို့၏ အလိုဆန္ဒများ၊
စိတ်ခံစားမှုများမှ အတွေ့အကြုံ ရရှိခဲ့သဖြင့်၊
သူတို့၏ စိတ်စွမ်းအားများသည်
လျှင်မြန်စွာနှင့် တိုးတက်နိုင်ကြသည်။
သူတို့၏ ကျင့်ကြံမှုတွင်လည်း
တစ်ဆိုကြန့်ကြာစေသော
အတားအဆီးများကို၊ လျှင်မြန်စွာ
ကျော်လွှားနိုင်ကြသည်။

သူတို့သည် သံသရာဂိုဏ်း၏
တာအိုနည်းစနစ်များနှင့် မှော်ကျိန်စာများကို

အလွယ်တကူ ကျင့်ကြံနိုင်ကြသည်။ သူတို့၏ မြင့်မားသော ကျင့်ကြံမှု အဆင့်များဖြင့်၊ တိုက်ခိုက်မှုစွမ်းရည် နိမ့်ကျခြင်းကို ကုစားနိုင်ခဲ့သည်။

ကောင်းကင်လမ်းစဉ်ကမူ သံသရာ လမ်းစဉ်ခြောက်သွယ်တွင်၊ ထိပ်ဆုံးမှ ရည်တည်နေပေသည်။ သံသရာဂိုဏ်း၏ ဂိုဏ်းတွင်းပဋိပက္ခများသည် အခြားဂိုဏ်းများက စုစည်း၍၊ ကောင်းကင်လမ်းစဉ်အား ရင်ဆိုင်ခဲ့ကြခြင်း ဖြစ်သည်။

ငရဲလမ်းစဉ် အနေနှင့်မူ သူတို့၏ အဓိက နည်းစနစ်များမှာ ဝက်ပါများ ဖြစ်ကြသည်။ ဝက်ပါပေါင်း မျိုးစုံတို့ ရှိကြသည်။ လျှင်မြန်၍ အားနည်းသော၊ နှေးကွေး၍ အားကောင်းသော၊ နေရာအသေတွင် ထူထောင်ထားသော၊ ယူဆောင်သွား၍ရသော၊ လူတစ်ယောက်တည်းနှင့် ထိန်းချုပ်၍ရသော... အစရှိသဖြင့် အဆုံးမဲ့ငရဲကဲ့သို့ ဝက်ပါပေါင်း များစွာရှိလေသည်။

လင်းဖုန်းသည် သူ၏ခေါင်းကိုခါလိုက်ကာ ရယ်လိုက်၏။ "တာအိုနည်းစနစ်တွေ၊

မှော်ကျိန်စာတွေ မြောက်မြားစွာတို့ဟာ၊ အမျိုးအစား စုံလင်ပြီး ကြီးကျယ်ခမ်းနားလှပါတယ်။ ဒါပေမဲ့ သူတို့က ဒါတွေကို အသုံးပြုပြီး၊ ကိုယ့်ဂိုဏ်းသား အချင်းချင်းကို ရင်ဆိုင်ခဲ့ကြတယ်။ သေလွန်သွားကြပြီးတဲ့ သံသရာဂိုဏ်းက အကြီးအကဲတွေ သိမယ်ဆိုရင်တော့၊ သူတို့က ဘယ်လိုများ ခံစားရမှာပါလိမ့်?"

"သံသရာဂိုဏ်းရဲ့ လမ်းစဉ်ခြောက်သွယ်က တကယ့်ကို တိုးတက်လာခဲ့ကြတယ်။ တကယ်လို့ သူတို့ လမ်းစဉ် ခြောက်သွယ်ကသာ တစ်ခုတည်းအဖြစ်ကို

ပေါင်းစည်းနိုင်ခဲ့မယ်ဆိုရင်၊ သူတို့က အဖျက်စီး ခံလိုက်ရတဲ့ မဟာမိုးကြိုး ကျောင်းတော်ကြီးရဲ့ နေရာကို ဝင်ပြီးတော့ အစားထိုးနိုင်မှာပဲ။ စူတောင်ခ်ားဂိုဏ်းနဲ့ ဟင်းလင်းပြင် ဘုရားကျောင်းတို့နဲ့အတူ၊ သူတို့က မြင့်မြတ်နယ်မြေ အသစ်တစ်ခု ဖြစ်လာနိုင်မယ်"

ကျွင်းကျိနင်သည် လင်းဖုန်းအား စိတ်လှုပ်ရှားစွာဖြင့် အော်ပြောလိုက်သည်။ "ဘာတွေများ ရယ်နေတာလဲ။ အကြံရှိရင်လည်း မြန်မြန်ထုတ်တော့၊ အကြံမရှိရင်တော့ မြန်မြန်ပြေးမှရမယ်!"

သူမသည် လင်းဖုန်းအား သူမ၏
အရှုပ်ထုပ်အတွင်းသို့ ဆွဲထည့်မိသဖြင့်
နောင်တရနေသည့်ပုံ ပေါက်နေခဲ့၏။

သူမအား အရှင်ဖမ်းနိုင်ရန်အတွက်၊ သူမ၏
ပြိုင်ဘက်များသည် သူတို့၏ စွမ်းအားများကို
အစွမ်းကုန် မထုတ်ကြသေးချေ။ အကယ်၍
သူတို့သည် လျှပ်စီးသန့်စင်ခြင်း ဝင်္ကပါအား
အစောကြီးကတည်းက အသုံးပြုလိုက်ပါမူ၊
လီယွမ်ဓားသည်လည်း သူမအား
အကာအကွယ်ပေးနိုင်မည် မဟုတ်ပေ။
ဘာပဲပြောပြော လီယွမ်ဓားသည်

ဓားအိုင်တမ်တစ်ခု ဖြစ်ခဲ့ပြီး၊
ကာကွယ်ခြင်းသည် သူ၏ အဓိက
အားသာချက် မဟုတ်ပေ။

လင်းဖုန်းသည် အနည်းငယ် ပြုံးလိုက်ကာ၊
သူ၏ခေါင်းကို ခါလိုက်သည်။ "စိတ်မပူပါနဲ့"

သူ၏စကား ဆုံးသည်နှင့်၊ သူ၏ ခေါင်းအပေါ်မှ
အလင်းတန်း စက်လုံး၏ ခရမ်းရောင်
အလင်းတန်းသည် ဘေးတစ်ဘောင်း
ဦးတည်ချက်ဖြင့် လင်းလက်လာခဲ့သည်။
သူသည် အသံမထွက်ခဲ့သော်လည်း၊

တိုတ်ဆိတ်မှုအတွင်းတွင် ဖျက်ဆီးနိုင်မှု စွမ်းအားများစွာ ပါနေခဲ့သည်။

လင်းဖုန်းသည် ကြည့်ပင်မကြည့်ပဲနှင့် သူ၏လက်သီးဖြင့် ထိုးချလိုက်၏။ သူသည် သူ၏အပေါ်မှ လေဟာနယ် အတွင်းမှ လေထုကို တိုက်ရိုက်ဖြိုခွဲနိုင်ခဲ့သည်။ ထိုမှတဆင့် နားကွဲလုမတတ် အသံတစ်ခုက ပေါ်လာခဲ့သည်။

ထိုပေါက်ကွဲမှု စွမ်းအားသည် ချက်ချင်းပင် ခရမ်းရောင် အလင်းတန်းအား လွင့်ပြယ်သွားစေခဲ့၏။

ယန်မိသားစုမှ ကျင့်ကြံသူ သုံးယောက်တို့သည် ပါးစပ်အဟောင်းသား ဖြစ်သွားကြ၏။ "ငါတို့ရဲ့ မျက်စိတွေကပဲ အမြင်မှားနေတာလား!"

"စွမ်းအားအရမ်းကြီးတာပဲ!" ကျွင်းကျိနင်သည် သူမ၏ ခံစားချက်များကို ထိန်းချုပ်လိုက်ကာ၊ အလောတကြီး အော်လိုက်သည်။ "အလံတွေ၊ အလံတွေက သူတို့ရဲ့ ဝက်ပါကို ချိုးဖောက်ဖို့ အဓိက သော့ချက်ဖြစ်တယ်! တကယ်လို့ အလံတစ်ခုကိုသာ ဖျက်ဆီးနိုင်ခဲ့ရင်၊ ဝက်ပါတစ်ခုလုံးက..."

သူမ၏ စကားမဆုံးမီပင်၊ ကျွမ်းကျိုနင်သည် ဆွံ့အသွားခဲ့၏။ သူမ၏ မျက်လုံးများကို ပြူးကျယ်စွာနှင့် ဖွင့်ထားလိုက်ကာ၊ လင်းဖုန်းအား မှင်သက်စွာနှင့် ကြည့်နေခဲ့သည်။

သူမက လင်းဖုန်းသည် ရုတ်တရက် ငြိမ်သက်စွာနှင့် ရပ်နေခဲ့သည်ကို တွေ့လိုက်ရ၏။ သူ၏အောက်မှ တောင်ကုန်းမှာမူ တစ်စုံတစ်ယောက်က ဖြိုခွဲခဲ့သည့်အတိုင်း ကြေမွသွားခဲ့သည်။ သူသည် အပေါ်သို့ ပျံသန်းသွားခဲ့ကာ၊

အလင်းတန်း စက်လုံးအား
ဖမ်းကိုင်လိုက်သည်။

"မလုပ်နဲ့!" ကျွင်းကျိနင်သည်
စိတ်လှုပ်ရှားလွန်းသဖြင့်၊ ရူးမတတ်
ဖြစ်သွားခဲ့သည်။ သူမသည် ထိုဝက်ံပါ၏
တိုက်ခိုက်မှုသည် တစ်ခေါက်နှင့် မပြီးသည်ကို
သိနေခဲ့၏။ ထိုဝက်ံပါသည် သူ၏
ပြိုင်ဘက်များကို လုံးဝပျက်စီးသွားသည့်အထိ၊
ဆက်လက်တိုက်ခိုက်ခြင်း ဖြစ်သည်။

ထိုအလင်းတန်း စက်လုံး၏ အတွင်းတွင်၊
မရေမတွက်နိုင်သော လျှပ်စီးစိတ်ဝိညာဥ်

စွမ်းအင်ပေါင်း မြောက်မြားစွာတို့ ပါဝင်နေ၏။
သူသည် လျှပ်စီး၏ တိုက်ခိုက်မှု
တစ်ခေါက်ထက် များစွာပို၍
စွမ်းအားကြီးပေသည်။

ယန်မိသားစုမှ ကျင့်ကြံသူ
သုံးယောက်တို့သည် ဝမ်းသာအားရ
ဖြစ်သွားကြသည်။ သူတို့၏
စိတ်ခတ်များသည် ကျွင်းကျိနင်နှင့်
ဆန့်ကျင်ဘက် ဖြစ်နေကြ၏။
"မင်းကတော်တော် သတ္တိကောင်းတာပဲ။
မင်းက အလံကိုသာ တိုက်ခိုက်မယ်ဆိုရင်၊

ဝက်ပါကို ဖျက်စီးကောင်း
ဖျက်စီးနိုင်လိမ့်မယ်"

"ဒါပေမဲ့ အခုတော့၊ မင်းက ကိုယ်သေတွင်း
ကိုယ်တူးနေတာပဲ!"

သူတို့သုံးယောက်သားသည် တစ်ဟင်းဟင်းနှင့်
ရယ်လိုက်ကြ၏။ ကျွင်းကျိနင်သည်
လီယွမ်ဓားကို အမိန့်ပေးလိုက်ကာ၊
လင်းဖုန်းအား ကယ်တင်ရန် ကြိုးစားခဲ့သည်။
သို့သော်လည်း ပြီးတာနှင့် သူတို့သည်
အံ့သြဖွယ်ရာ မြင်ကွင်းတစ်ခုအား
မြင်လိုက်ကြရသည်။

လေထုထဲတွင် လင်းဖုန်း၏
လက်နှစ်ဘက်သည် လက်သည်းများအဖြစ်
ပြောင်းလဲသွားခဲ့၍၊ အလင်းတန်း စက်လုံးအား
ဆုပ်ကိုင်လိုက်ကာ တိုက်ရိုက်ပင်
ခြေမွပစ်ခဲ့သည်!

အလင်းတန်း စက်လုံးသည် ပေါက်ကွဲသွားခဲ့၍၊
အတွင်းမှ အဆုံးမဲ့ လျှပ်စီးစိတ်ဝိညာဉ်
စွမ်းအားများသည် လျှပ်စီးတန်းများ အဖြစ်သို့
ပြောင်းလဲသွားခဲ့၏။ သို့သော်လည်း သူတို့
ဘာမှ မလုပ်နိုင်ခဲ့စဉ်မှာပင်၊ လွင့်ပြယ်သွားခဲ့ပြီ
ဖြစ်သည်။

လင်းဖုန်း၏ လက်သည်းများသည်၊
အလင်းတန်း စက်လုံးအတွင်းရှိ
လျှပ်စီးသန့်စင်ခြင်း ဝက်ပါ၏ အရင်းမြစ်ကို
ဖျက်စီးပစ်ခဲ့ပြီ ဖြစ်သည်။ သူ၏
ပျက်စီးသွားခြင်းနှင့်အတူ
တြိဂံဝက်ပါပုံစံသည်လည်း
ပျောက်ကွယ်သွားခဲ့၏။

မြေပြင်ပေါ်မှ အနက်ရောင်
အလံသုံးခုတို့သည်လည်း၊
အပေါက်ကြီးတစ်ခုဖြင့် ပျက်စီးသွားခဲ့သည်။

ကျန်သော ကျင့်ကြံသူများသည် အလွန်အမင်းကို ကြောက်ရွံ့ထိတ်လန့်နေခဲ့၍၊ လင်းဖုန်းအား တုန်လှုပ်စွာဖြင့် ကြည့်နေခဲ့ကြသည်။ "သူက ဘယ်သူများလဲ? ရွှေရောင်ဗဟိုချက် အဆင့်က ကျင့်ကြံသူ တစ်ယောက်ကတောင်၊ ဒီဝက်ပါကို ဒီလိုမျိုး လွယ်လွယ်ကူကူ မဖျက်ဆီးနိုင်ဘူး!"

လင်းဖုန်းက ကျွင်းကျိနင်အား ငုံ့ကြည့်လိုက်ကာ ပြောလိုက်သည်။ "ငါတို့က ဘယ်ဖြစ်လို့ ဒီလောက်အထိကြီး ဒုက္ခခံဖို့ လိုမလဲ?"

ကျွင်းကျိနင်သည့် ပါးစပ်အပေါင်းသားနှင့် ဖြစ်နေခဲ့သည်။ သို့သော်လည်း ချက်ချင်းပင် သူမ၏ အမူအရာများက ပြောင်းသွားခဲ့၏။ "သွားပြီ၊ ဒီအလံသုံးခုတို့က ဒီအခြေခံအုတ်မြစ် အဆင့် ကျင့်ကြံသူ သုံးယောက်တို့က ပြုလုပ်ထားတာ မဟုတ်လောက်ဘူး။ သူတို့ရဲ့ အကြီးအကဲတွေက ပြုလုပ်ပေးထားတာပဲ ဖြစ်ရမယ်။ အခုတော့ သူတို့ ပျက်စီးသွားပြီဆိုတော့၊ အကြီးအကဲတွေကို အကြောင်းကြားပြီးသား ဖြစ်သွားလောက်ပြီ"

လင်းဖုန်းက ရယ်လိုက်သည်။ "သူတို့က ရောက်တောင်ရောက်လာပြီ"

သူ၏စကား မဆုံးခင်တွင်ပင်၊ အဝေးမှ မိုးကုတ်စက်ဝိုင်းတွင် လေဟာနယ် အက်ကွဲကြောင်း တစ်ခုက ပေါ်လာခဲ့သည်။ ထိုအတွင်းမှ ပုံရိပ်တစ်ခုက ထွက်လာခဲ့၏။

မှိုင်တွေချနေကြသော ယန်မိသားစု ကျင့်ကြံသူများသည်၊ ယခုအခါ အားတက်လာကြသည်။ "ဂရန်းမာစတာ ရောက်လာပြီ!"

သူသည် မုတ်ဆိတ်မွေး အရှည်ကြီးနှင့် သက်လတ်ပိုင်းလူကြီး တစ်ယောက်ဖြစ်သည်။

သူသည် လင်းဖုန်းအား အေးစက်စွာနှင့် စိုက်ကြည့်လိုက်သည်။ "မင်းက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက တပည့်ဆိုလည်း ဘာဖြစ်လဲ? ငါက မင်းရဲ့ စီနီယာတွေ၊ အကြီးအကဲတွေရဲ့ ကိုယ်စား သင်ခန်းစာ ပေးလိုက်မယ်။ မင်းက ယန်မိသားစုကို ပြဿနာ လာလုပ်ချင်နေတယ် ဟုတ်လား? မင်းက ဘယ်သူပဲဖြစ်ဖြစ်၊ ဒီနေရာမှာ သေရမယ်"

သူ၏စကားဆုံးသည်နှင့် လင်းဖုန်းအား လက်ညှိုးတစ်ချောင်းဖြင့် ညွှန်ပြလိုက်ရာ၊

လင်းဖုန်း၏ ခြေထောက်တွင် ဝက်ပါတစ်ခုက ရုတ်တရက် ပေါ်ပေါက်လာခဲ့သည်။

## စာစဥ် ၂၁ : အပိုင်း ၂

## အပိုင်း ၃၇၂ : ဘယ်သူက ဘယ်သူ့ကို ဆုံးမမှာလဲ?

ဝက်ပါ၏ အလင်းတန်းသည် လင်းလက်သွားခဲ့၏။ သို့သော်လည်း လင်းဖုန်းသည် သိပ်ပြီးမှ ဂရုမစိုက်ခဲ့ပေ။ ကျွင်းကျိနင်သည် သူမ၏ ကျောရိုးတစ်လျှောက်တွင် စိမ့်ကနဲ

ဖြစ်သွားခဲ့သည်။ သူမ၏ တစ်ကိုယ်လုံးသည် ထုံကျဉ်နေခဲ့ပြီး၊ ကြောက်ရွံ့မှုကြောင့် သူမ၏ တစ်ကိုယ်လုံးမှ သွေးများသည် ခဲလုမတတ် ဖြစ်နေခဲ့သည်။

သူမသည် သူမ၏ ရင်တွင်းမှနေ အော်နေခဲ့သည်။ "အခြေတည်ဝိညာဉ် အဆင့်က အကြီးအကဲ တစ်ယောက်! ယန်မိသားစုရဲ့ အခြေတည်ဝိညာဉ် အဆင့်က အကြီးအကဲ၊ ယန်ရှု!"

ယန်ရှုသည် ကျွင်းကျိနန်အား မျက်စိထဲပင်
ထည့်မထားခဲ့ချေ။ သူ၏ အာရုံများ အားလုံးကို
လင်းဖုန်းပေါ်တွင် စူးစိုက်ထားခဲ့၏။

လူငယ်မျိုးဆက် တပည့်များအား
အလံသုံးခုအား ပေးထားခဲ့သူမှာ သူပင်ဖြစ်၏။
ထို့ကြောင့် လင်းဖုန်းသည် လျှပ်စီးသန့်စင်ခြင်း
ဝက်ပါ၏ စွမ်းအားများကို
ချိုးဖျက်လိုက်သောအခါ၊
အာရုံခံအမိဆုံးသူမှာလည်း သူပဲဖြစ်သည်။

"ရွှေရောင်ဗဟိုချက် အဆင့်က
ကျင့်ကြံသူတစ်ယောက်? ဒါပေမဲ့ မင်းရဲ့

စွမ်းအားတွေက သန်မာလွန်းတယ်။ အံ့ဖွယ်ကောင်းကင်ဘုံဂိုဏ်းက သူများတွေပြောထားတဲ့အတိုင်း၊ အတော်ကိုထူးခြားတဲ့ဂိုဏ်းပဲ ဖြစ်တယ်" ယန်ရှူသည် လင်းဖုန်းအား မပျော်မရွှင် ဖြစ်လှစွာနှင့်ကြည့်လိုက်၍၊ အေးစက်စွာနှင့်ပြောလိုက်သည်။ "ဒါပေမဲ့ မင်းက အံ့ဖွယ်ကောင်းကင်ဘုံဂိုဏ်းကဆိုတိုင်း၊ ကိုယ်လုပ်ချင်တာ လုပ်လို့ရမယ်လို့တော့ မထင်နဲ့ကွ"

"မင်းရဲ့ ဂိုဏ်းခေါင်းဆောင် ရှိနေမယ်ဆိုရင်တော့၊ ငါကသူ့ကို

မျက်နှာပေးရဦးမှာပေါ့။ ဒါပေမဲ့ မင်းလိုမျိုး
ရွှေရောင်ဗဟိုချက် အဆင့်က
အသေးအဖွဲလေးတွေကတော့၊
သင်ခန်းစာကောင်းကောင်း ပေးမှရမယ်"

သူ၏စကားဆုံးသည်နှင့် ယန်ရှုသည် သူ၏
လက်ဖဝါး အစုံတို့ကို ပူးကပ်လိုက်ရာ၊
ရေခဲငရဲဝက်ပါသည့် လင်းဖုန်းအား
သေအောင်အေးခဲသွားစေမည့်
အအေးဓာတ်များကို ထုတ်လွှတ်လိုက်သည်။

သူသည် လင်းဖုန်းဘေးပတ်ဝန်းကျင်ကို
အကဲခတ်လိုက်ကာ၊ ခက်ထန်သော

အမှုအရာတစ်ခု ပေါ်လာခဲ့သည်။ သူသည် လင်းဖုန်းအား သတ်လိုစိတ်အား ဖွင့်ဟစ်ပြခဲ့၏။ သူသည် စတင်တိုက်ခိုက်လိုက်ပြီ ဖြစ်သဖြင့်၊ လင်းဖုန်းအား ဤနေရာတွင် အပြတ်ရှင်းလိုက်ကာ၊ ဂိုဏ်းသို့ ပြန်လည်သတင်းပို့ရန် အခွင့်အရေး ပေးတော့မည် မဟုတ်ချေ။

သို့သော်လည်း ယန်ရှု၏ စွမ်းအားကြီးသော ဝက်ပါအား ကြည့်လိုက်ကာ၊ လင်းဖုန်း ပြုံးလိုက်သည်။ "ငါကလည်း ယန်မိသားစု

အကြီးအကဲတွေရဲ့ ကိုယ်စား၊ မင်းကို
သင်ခန်းစာကောင်းကောင်း ပေးရတာပေါ့"

သူ၏စကား ဆုံးသည်နှင့် လင်းဖုန်းသည်
သူ၏လက်အား မလိုက်ကာ၊
အရေအတွက်သုံးခု အင်းရှစ်ကွက်
ကောင်းကင်တူအား ဖော်ထုတ်လိုက်သည်။

စက္ကန့်အနည်းငယ်လေး အတွင်းတွင်ပင်၊
လင်းဖုန်း၏ အနားတွင်ရှိသော ကောင်ကင်
စိတ်ဝိညာဉ် စွမ်းအင်များတို့သည်
ပြိုကွဲသွားခဲ့၏။

အရေအတွက်သုံးခု အင်းရှစ်ကွက်၏ ပုံရိပ်များ ဖြစ်ကြသော၊ ကောင်းကင်၊ မြေကြီး၊ လေပြင်း၊ မိုးကြိုး၊ ရေပြင်၊ မီးတောက်၊ တောင်တန်းနှင့် ရေအိုင်တို့သည်၊ အလင်းပုံရိပ်များအဖြစ် သဏ္ဍာန်ပေါ်လာကြ၏။ ထိုပုံရိပ် ရှစ်မျိုးတို့သည် လင်းဖုန်း၏ လက်သီးအနားတွင် ဝိုင်းပတ်ကာ ရစ်ဝဲနေကြ၏။

ကောင်းကင်နှင့် မြေကြီးတို့သည် အတူအကွ ယှဉ်တွဲသွားကြကာ၊ လေပြင်းနှင့် မိုးကြိုးတို့သည် အသက်ဝင်လာကြသည်။ မီးတောက်နှင့်ရေပြင်တို့မှာ

ပေါင်းစပ်သွားကြ၍၊ တောင်တန်းနှင့်
ရေအိုင်တို့မှာ အချင်းချင်း မှီခိုနေကြ၏။

စွမ်းအား သဘောတရား ရှစ်မျိုးတို့သည်
အချင်းချင်း တွဲဖက်သွားကြ၍၊ သူတို့၏
စွမ်းအားများအား အချင်းချင်း
ပေါင်းစည်းခဲ့ကြသည်။ လွန်စွာကြီးမားသော
အရှိန်အဟုန် တစ်ခုအား ဖန်ဆင်းနိုင်ခဲ့၍၊
ပို၍ပို၍ အားကောင်းလာခဲ့သည်။

ပြီးတာနှင့် လွန်စွာ
ကြီးမားအားကောင်းလှသော

စွမ်းအားတစ်ခုသည်၊ အရာအားလုံးတို့ကို ပြိုကျပျက်စီး သွားစေခဲ့သည်။

ထိုကဲ့သို့ အင်အားများ တိုးပွားလာ၍ အဆုံးမဲ့ ပြိုကျပျက်စီးခြင်း ဖြစ်စဥ်သည်၊ လင်းဖုန်း၏ လက်သီးစွမ်းအားကို ယန်ရှူအပါအဝင် ကျန်သောသူများ အားလုံးအား အံ့ဩမှင်သက်စေသည့် အဆင့်သို့တိုင်အောင် တိုးတက်လာစေခဲ့သည်။

သံမဏိသစ်ပင် ကိုယ်ပွားသည် ရွှေရောင်ဗဟိုချက် အဆင့်မှ ကျင့်ကြံမှုသာ ရှိသေးသော်လည်း၊ လင်းဖုန်း၏

အရေအတွက်သုံးခု အင်းရှစ်ကွက်
ကောင်းကင်တူသည့် ယန်ရှု၏
ရေခဲငရဲဝက်ပါအား
လုံးဝဖျက်ဆီးပစ်နိုင်ခဲ့သည်။

ကျွင်းကျိနင်နှင့် ယန်မိသားစုမှ ကျင့်ကြံသူ
သုံးယောက်တို့သည် လွန်စွာမှ ရင်သပ်ရှုမော
ဖြစ်နေခဲ့၏။ သူတို့၏ အရှေ့မှ မြင်ကွင်းသည်၊
သူတို့၏ အတိတ်မှာ အတွေ့အကြုံများနှင့်
ဗဟုသုတများ အားလုံးတို့ကို
ရိုက်ချိုးဖျက်ဆီးပစ်နိုင်ခဲ့သည်။

ယန်ရှုသည် ပထဝီဝင် ပတ်ဝန်းကျင်
အနေအထားတို့ကို အသုံးမပြုခဲ့ကာ၊
မှော်အိုင်တမ် များကိုလည်း
မထုတ်သုံးခဲ့သော်လည်း၊
သူဖန်ဆင်းထားသော ဝက်ပါ၏
စွမ်းအားများသည် မယုံနိုင်အောင်
အစွမ်းထက်လှသည်။ ကောင်းကင်၏
စွမ်းအားများကို ယူသုံးနိုင်ခြင်းနှင့်အတူ၊
ရှားပါး၍ အားကောင်းသော ဝက်ပါတစ်ခုအား
ဖန်တီးနိုင်ခဲ့၏။

ယန်ရှုသည် အခြေတည် ဝိညာဉ် အဆင့်မှ
အကြီးအကဲတစ်ယောက် ဖြစ်သည်။ သူ၏

ပြိုင်ဘက်မှာမူ ရွှေရောင်ဗဟိုချက်
အဆင့်တွင်သာ ရှိသေး၏။ ကျွင်းကျိုနင်နှင့်
ကျန်သော ကျင့်ကြံသူများ၏ အမြင်တွင်၊
ဤတိုက်ပွဲသည် မစခင်ကတည်းက
ရှုံးနိမ့်နေပြီးသား တိုက်ပွဲဖြစ်သည်။

သို့သော်လည်း မည်သူက
ထင်ထားမိမည်နည်း၊ လင်းဖုန်းသည် ယန်ရှု၏
ဝက်ပါအား လက်သီးတစ်ချက်နှင့်ပင်
ဖျက်စီးပစ်နိုင်ခဲ့သည်။ ဒါသည် အလွန်တရာမှ
အံ့ဩထိတ်လန့်ဖွယ်ရာ ကောင်းလှသော
ရလဒ်ဖြစ်၏။

ယန်ရှုကိုယ်တိုင်သည်ပင် မှင်သက်နေခဲ့သည်။ သူသည် လင်းဖုန်းအား ကြည့်လိုက်ကာ၊ သူ၏ အမူအရာများသည် အရင်ကထက်ပို၍ လေးနက်လာခဲ့သည်။ "မင်းက ဘယ်သူများလဲ? ကောလဟာလတွေ အရဆိုရင်၊ အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှာ အဆင့်တူအတွင်းမှာ အနိုင်ယူလို့ မရနိုင်တဲ့ လူထူးလူဆန်းတွေ အများကြီး ရှိကြတယ်။ ပြီးတော့ အခြေတည် ဝိညာဥ် အဆင့်က ကျင့်ကြံသူ တစ်ယောက်ကိုတောင် အနိုင်ယူနိုင်တဲ့၊ ရွှေရောင်ဗဟိုချက် အဆင့်က ကျင့်ကြံသူတွေတောင် ရှိကြတယ်တဲ့"

"ငါက အစတုံးက ဒါတွေဟာ ကောလဟာလတွေလို့သာ ထင်ထားခဲ့တယ်။ ဘယ်သူက သိမှာလဲ၊ ဒါက တကယ်အမှန် ဖြစ်နေခဲ့လိမ့်မယ်လို့"

လင်းဖုန်းသည် ယန်ရှူအား ကြည့်လိုက်ကာ တွေးလိုက်သည်။ "မင်းကလည်း ဒီနေ့အထိတောင်၊ အတွေ့အကြုံမရှိသေးတဲ့ လူလိုမျိုး လုပ်ဆောင်နေခဲ့တာကိုလည်း ဘယ်သူက သိမှာလဲ"

ယန်ရှူသည် ယခုအချိန်တွင် လုံးဝလေးနက်လာခဲ့ပြီ ဖြစ်သည်။ သူသည်

ဘေားပတ်ဝန်းကျင်အား အကဲခတ်လိုက်သည်။
"ပထဝီဝင် အခြေအနေတွေက
အကောင်းဆုံးနေရာမှာ မရှိဘူး။ ဒါကြောင့်မို့
ဝက်ပါက သူ့ရဲ့ အလားအလာ အစွမ်းကုန်ကို
မဖော်ထုတ်နိုင်ခဲ့ဘူး။ ဒါပေမဲ့ အနည်းဆုံးတော့
သူ့စွမ်းအားတွေရဲ့ ရှစ်ဆယ်
ရာခိုင်နှုန်းလောက်ကိုတော့
ထုတ်ဖော်နိုင်ခဲ့တာပဲ။

သူသည် သူ၏လက်ကို ဝှေ့ယမ်းလိုက်ရာ၊
အဖြူရောင် အလင်းတန်းလေး တစ်ခုသည်
လေဟာနယ် အတွင်းမှ ရုတ်တရက်
ထွက်ပေါ်လာခဲ့သည်။ ပြီးတာနှင့် သူသည်

ရေခဲနှင့် ပြုလုပ်ထားသော ရောမ တံခါးကြီး
အဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။

တစ်ချိန်တည်းမှာပင် ယန်ရှု၏
လက်အတွင်းမှာ မှော်ကျိန်စာသည်
ပြောင်းလဲသွားခဲ့၍၊ သူ၏
မှော်စွမ်းအင်များသည် ထူထဲစွာ ကျလာသော
နှင်းများ အဖြစ်သို့ အသွင်ပြောင်းသွားခဲ့သည်။
ခွန်းလွန်တောင်နှင့်တကွ သူ၏
ဘေးပတ်ပတ်လည်တို့သည် ရေခဲများနှင့်
ဖုံးလွှမ်းသွားခဲ့၏။ မြေပြင်ပေါ်မှနေ၍ အမတန်
ကြီးမားသော ရောမ ဝက်ပါ မြေပုံတစ်ခုသည်
ပေါ်ပေါက်လာခဲ့သည်။

"ရေခဲငရဲဝက်ပါ၊ ရေခဲငရဲသို့ သွားသောတံခါး၊ ပွင့်စမ်း!"

လေဟာနယ် အတွင်းတွင် ယန်ရှူ၏ ရေခဲငရဲ တံခါးသည် ဖြည်းဖြည်းချင်း ပွင့်လာခဲ့သည်။ အတွင်းမှနေ၍ အေးစက်နေသော လေပြင်းများက စတင်တိုက်ခတ်လာခဲ့၏။ တံခါး၏ အခြားတစ်ဘက်တွင်၊ ရေခဲဆီးနှင်းများနှင့်သာ ပြုလုပ်ထားသည်ဟု ထင်နေရသည့် ငရဲတစ်ခုရှိနေခဲ့သည်။ သူ့ထံမှနေ၍ သေမင်းအော်ရာများကို ထုတ်လွှတ်နေခဲ့၏။

အပြင်ဘက်မှ ကြည့်လိုက်လျှင်၊ သူသည်
လွန်စွာမှပင် မှောင်မည်းနေခဲ့သည်။
မိုတ်တုတ်မိုတ်တုတ် ဖြစ်နေခဲ့သော
အလင်းရောင် အောက်တွင်၊ ရေခဲရုပ်ထု
တစ်ခု၏ အစိတ်အပိုင်း အချို့ကိုသာ
တွေ့နိုင်ခဲ့သည်။

ထိုငရဲအတွင်းသို့ ဝင်ရောက်ခဲ့ကြသူ
မှန်သမျှတို့သည်၊ ရလဒ်တစ်မျိုးတည်းကိုသာ
ရရှိခဲ့ကြ၏။ ထိုရလဒ်မှာ သူတို့၏
အသွေးအသားမှစ၍ စိတ်ဝိညာဉ်များသည်
အေးခဲသွားခဲ့ကာ၊ ရေခဲရုပ်ထုများအဖြစ်

ပြောင်းလဲသွားကြမည် ဖြစ်သည်။ သူတို့သည် ပြန်လည်ဝင်စားနိုင်ရန် အခွင့်အရေးများ မရှိတော့၍၊ ရေခဲငရဲ၏ အတွင်းတွင်သာ အိပ်ပျော်နေခဲ့မည် ဖြစ်သည်။

ထိုတံခါး ပွင့်သွားသောအခါ လင်းဖုန်းသည်၊ ထိုဝက်ပါလွှမ်းခြုံထားသော လေဟာနယ်များသည် တွန့်လိမ်သွားခဲ့သည်ဟု ခံစားခဲ့ရ၏။ ထိုတံခါးနှင့် ဝက်ပါတို့သည် အရာတစ်ခုတည်း အဖြစ်သို့ ပြောင်းသွားခဲ့၍၊ လူအားလုံးတို့ကို ရေခဲငရဲ၏ နယ်နိမိတ်အတွင်းသို့ ဆွဲသွားချင်နေခဲ့သည်။

ယန်ရှုသည်လည်း ပျောက်ကွယ်သွားခဲ့ကာ၊ သူ၏ခန္ဓာကိုယ် တစ်ခုလုံးသည် ထိုဝက်ံပါနှင့် ပေါင်းစည်းသွားခဲ့သည်။

"ဒီဝက်ံပါက ပိုပြီးတော့ အားကောင်းတယ်လို့ ထင်ရတယ်" လင်းဖုန်းက ရယ်လိုက်၏။ "ဒါပေမဲ့ စိတ်မကောင်းစရာက၊ ငါက ဆက်ကြည့်ဖို့ စိတ်မရှည်တော့ဘူး"

လင်းဖုန်းသည် သူ၏လက်ကို မြှောက်လိုက်ကာ၊ ခရမ်းရောင် တိမ်တိုက် တစ်ခုအား ထုတ်လွှတ်လိုက်သည်။ သူသည်

ကောင်းကင်ကမ္ဘာငယ် တစ်ခုအဖြစ်သို့ ပြောင်းလဲသွားခဲ့၍၊ ကျွင်းကျိုနင်အား အတွင်းတွင် ထည့်ထားခဲ့လိုက်သည်။ မဟုတ်လျှင် သူမသည် အေးခဲပြီး သေသွားပေလိမ့်မည်။

ကျွင်းကျိုနင်သည် ခရမ်းရောင် တိမ်တိုက်ကမ္ဘာ အတွင်းသို့ ရောက်သွားပြီးသော အခါတွင်၊ အစပထမတွင် စိုးရိမ်ပူပန်နေခဲ့သည်။ "ရေခဲငရဲဝက်ပါက ယန်မိသားစုရဲ့ စွမ်းအားအကြီးဆုံး ဝက်ပါတွေ အထဲမှာ၊ တစ်ခုအပါအဝင် ဖြစ်တယ်။ သူက အေးခဲတဲ့ ပတ်ဝန်းကျင်မှာ အသုံးပြုခဲ့တာ

မဟုတ်ပေမဲ့၊ ယန်ရှူက အခြေတည် ဝိညာဉ် အဆင့်က ကျင့်ကြံမှုအဆင့်နဲ့ ထုတ်ဖော်ထားခဲ့တာ။ ပြီးတော့ အခြေတည် ဝိညာဉ် အဆင့်က သူ့ရဲ့ မှော်အိုင်တမ်နဲ့၊ သူက ဒီနေရာကို ရေခဲငရဲအဖြစ်ကို ဖန်တီးနိုင်ခဲ့တယ်"

"ဒီလူက ကမ္ဘာငယ်လေး တစ်ခုကို ဖန်တီးနိုင်ခဲ့ပေမဲ့၊ ဒါက ရေခဲငရဲကို ဘယ်လိုလုပ်ပြီး ခုခံနိုင်ပါ့မလဲ?"

သူမသည် စိုးရိမ်ပူပန်နေခဲ့သော်လည်း အချိန်အနည်းငယ် ကြာသွားအပြီးတွင်၊

သူမသည် ကောင်းကင်ကမ္ဘာငယ် အတွင်းမှ တည်ငြိမ်မှုများက မပျက်သွားခဲ့သည်ကို သတိပြုမိလိုက်၏။ သူသည် ရေခဲငရဲ၏ အငွေ့အသက်များကို တစ်စက်မျှပင် မခံစားခဲ့ရချေ။ ဒါသည် ကျွင်းကျိနင်အား အံ့ဩတုန်လှုပ်စေခဲ့သည်။ "အားလုံးက မှားနေတာလား၊ ဒီလူက ရွှေရောင်ဗဟိုချက် အဆင့်က ကျင့်ကြံမှုအဆင့်တော့ မကဘူးထင်တယ်"

လင်းဖုန်း၏ သံမဏိသစ်ပင် ကိုယ်ပွားသည်၊ အမှန်တွင် ရွှေရောင်ဗဟိုချက် အဆင့်က ကျင့်ကြံမှုသာ ရှိနေသေး၏။ သို့သော်လည်း

သူ၏ တာအိုနည်းစနစ်နှင့် မှော်ကျိန်စာများနှင့် ဆိုလျှင်၊ သူသည် အခြေတည် ဝိညာဉ် အဆင့်မှ ပြိုင်ဘက်အား ဂရုစိုက်စရာ မလိုပေ။

သူ၏ သံမဏိသစ်ပင် ကိုယ်ပွားနှင့် အေးရိုးစ်ကိုယ်ပွားတို့သည် အတူတူပင် ဖြစ်သည်။ သူတို့၏ စွမ်းအားများသည် သူတို့၏ မှော်ကျိန်စာများ အပေါ်တွင် မူတည်မနေပေ။ အကယ်၍ မှော်ကျိန်စာကိုသာ အသုံးချ၍ ယန်ရှုအား တိုက်ခိုက်ခဲ့လျှင်၊ သူတစ်ပါး၏ အားသာချက်အား ကိုယ်၏အားနည်းချက်ဖြင့်

သွားရောက် တိုက်ခိုက်နေသကဲ့သို့ ဖြစ်နေပေလိမ့်မည်။

လင်းဖုန်း၏ သံမဏိသစ်ပင် ကိုယ်ပွားသည် အချိန်နှင့် လေဟာနယ်တို့၏ အံ့ဖွယ်စွမ်းအားများကို အမွေဆက်ခံခဲ့ရသော်လည်း၊ သူသည် ဟင်းလင်းပြင် မိုးကြိုးကပ်ဘေးများကို ရင်မဆိုင်ရသေးသောကြောင့်၊ သူ၏ သဘောပေါက် နားလည်နိုင်စွမ်းတို့သည် အကန့်အသတ် ရှိပေသည်။

ပြီးတော့လည်း သံမဏိသစ်ပင် ကိုယ်ပွား၏ စွမ်းအားများမှာ၊ သူ၏ အသွေးအသား၏ ခွန်အားနှင့် မာကျောမှုပင် ဖြစ်၏။ "ကဲ၊ ငါအခု တီထွင်ထားတဲ့ မှော်ကျိန်စာ အသစ်နဲ့ မင်းကို စမ်းကြည့်ရတာပေါ့ကွာ"

လင်းဖုန်းသည် ရင်ထဲမှနေ၍ ရယ်မောလိုက်သည်။ သူ၏ သံမဏိသစ်ပင် ကိုယ်ပွား၏ ခန္ဓာကိုယ် တစ်ခုလုံးသည် စွမ်းအားများနှင့် ပြည့်လျှံလာခဲ့၍၊ သူ၏ သွေးကြောဆုံမှတ်များသည် တုန်ခါလာကြသည်။ သူ၏ ခန္ဓာကိုယ်

တစ်ခုလုံးသည် အနက်ရောင် အလင်းတန်း အလွှာတစ်လွှာဖြင့် လင်းလက်လာခဲ့၏။

ယန်ရှုသည် ထိုမြင်ကွင်းအား မြင်လိုက်သောအခါ၊ သူသည် အနည်းငယ် ကြောက်ရွံ့လာခဲ့သည်။ သူ၏ ခေါင်းပေါ်သို့ အန္တရာယ်၏ အငွေ့အသက်များက ရောက်ရှိလာခဲ့၏။

သူဘာမှမတုံ့ပြန်နိုင်ခင်တွင်၊ လင်းဖုန်း၏ ပုံရိပ်မှာ လျှပ်ကနဲ ဖြစ်သွားခဲ့ကာ၊ သူ၏ ခန္ဓာကိုယ် တစ်ခုလုံးသည် လေဟာနယ် အတွင်းတွင် ပျောက်ကွယ်သွားခဲ့သည်။

"ဘုန်း!"

လင်းဖုန်း ထပ်ပေါ်လာသော အချိန်တွင်၊
မိုးကြိုးကဲ့သို့ ကျယ်လောင်သော
အသံတစ်ခုသည် လေဟာနယ် အတွင်းတွင်
ပေါ်လာခဲ့သည်။ ပြီးတာနှင့်
လင်းလက်တောက်လောင်နေသော
နေမင်းတစ်စင်းက ပေါ်ထွက်လာခဲ့သည်။

အရုဏ်ဦး ရောက်လာခဲ့သကဲ့သို့၊
အမှောင်ထုများသည် ချက်ချင်း
လွင့်ပြယ်ပျောက်ကွယ်သွားခဲ့၏။

သို့သော်လည်း သူသည် အားလုံးအား
မျှော်လင့်ချက် အနည်းငယ်ကို
ပေးစွမ်းနိုင်ခဲ့၏။ ကြောက်ရွံ့မှုများ၊
အထီးကျန်မှုများ အားလုံးတို့ကို
ပျောက်ကွယ်သွားစေခဲ့သည်။

ကပ်ဆိုးများ၊ နိမိတ်ဆိုးများ၊ ပျက်စီးခြင်းများ၊
သေဆုံးခြင်းများ!

တောက်လောင်နေသော နေမင်းကြီးသည်၊
ထိုအရာများ အားလုံးကို နေရောင်အောက်မှ
ဆီးနှင်းများကဲ့သို့
ပျောက်လွင့်ပျက်ပြယ်သွားစေခဲ့သည်။

ယန်ရှူတစ်ယောက်တည်းသာ ထိုနေမင်း၏
ပုံသဏ္ဍာန်ကို ရှင်းလင်းစွာ မြင်ခဲ့ရသည်။
ဒါသည် လူတစ်ယောက်၏ လက်သီးဖြစ်၏။
ရွှေရောင်မီးတောက် တစ်ခုဖြင့်
လောင်ကျွမ်းနေသော သံမဏိ လက်သီးတစ်ခု
ဖြစ်၏!

လင်းဖုန်းသည် ရေခဲငရဲ၏ ဘေးတွင်
ရပ်နေခဲ့၍၊ သူ၏ ညာလက်သည် ထူးခြားသော
ပုံစံတစ်မျိုးဖြင့် လက်သီးတစ်ခုအား
ဖန်ဆင်းခဲ့သည်။

ရေခဲငရဲနှင့် နီးလာလေလေ၊ အအေးချိန်က များလာလေလေ ဖြစ်သည်။ လင်းဖုန်းသည် ရေခဲအရိုက်ခံရခါနီး ဖြစ်နေခဲ့၏။ သို့သော်လည်း ရေခဲများသည် လင်းဖုန်း၏ အနားသို့ ရောက်မလာနိုင်ခင်တွင်၊ လင်းဖုန်း၏ လက်သီးကြောင့် အရည်ပျော်သွားခဲ့သည်။

"အသွင်သဏ္ဍာန်လေးမျိုး ကောင်းကင်ခွဲခြမ်း ကျမ်းစာ။ မီး။ မဟာကောင်းကင် နေမင်းလက်သီး!"

ယန်ရှုကြည့်နေစဉ် အချိန်အတွင်းမှာပင်၊ လင်းဖုန်းသည် သူ၏လက်သီးကို

အသုံးပြုလိုက်ကာ၊ ရေခဲငရဲ တံခါးအား ထိုးခွဲလိုက်သည်။ သူသည် ချက်ချင်းပင် အစိတ်စိတ် အမြွှာမြွှာ ကွဲကြေသွားခဲ့၍၊ မြေပြင်ပေါ်သို့ ပြုတ်ကျသွားခဲ့သည်။

သို့သော်လည်း ထိုကွဲကြေသွားသော အစိတ်အပိုင်းများသည် မြေပြင်ပေါ်သို့ မကျမီတွင်ပင်၊ သူတို့သည် လေထုအလယ်မှ ပြင်းထန်လှသော အပူရှိန်ကြောင့် အရည်ပျော်သွားခဲ့သည်။ နှင်းအစား လျှို့မြောင်ထဲတွင် မိုးများသာ ရွာသွန်းလာခဲ့သည်။

ရေခဲငရဲမှာ လင်းဖုန်း လက်သီး၏
ဖျက်ဆီးခြင်းအား ခံခဲ့ရ၏!

လင်းဖုန်းသည် လက်သီးမြှောက်လျှက်သား
အနေအထားနှင့်ပင်၊ လေဟာနယ်
အတွင်းတွင် ရှိနေခဲ့သည်။ ထိုနေရာမှ
အမှောင်ထုသည် အလင်းရောင်နှင့်
အစားထိုးသွားပြီး၊ ပတ်ဝန်းကျင်မှ
လေထုသည် အငွေ့ပျံနေခဲ့သည်။
ထိုနေရာသည် ချက်ချင်းပင် သဲကန္တာရအလား
ဖြစ်သွားခဲ့သည်။

လင်းဖုန်းသည် ရပ်တန့်ပြီးမှ မနေခဲ့ပေ။ မဟာကောင်းကင် နေမင်းလက်သီးအား ထပ်သုံးလိုက်ကာ၊ ရေခဲငရဲ၏ ကျန်နေသော အစိတ်အပိုင်းများကို ညှာတာမှု ကင်းမဲ့စွာနှင့် ထိုးချနေခဲ့သည်။

ယန်ရှုသည် ကြောက်ရွံ့ထိတ်လန့်စွာနှင့် အော်ဟစ်လိုက်ကာ၊ သူ၏ခေါင်းအပေါ်မှ အလင်းတန်းသည် မှိတ်တုတ်မှိတ်တုတ် ဖြစ်လာခဲ့သည်။ သူသည် အခြေတည် ဝိညာဥ်အား ဖော်ဆောင်နိုင်ခဲ့ ပြီးချိန်မှစ၍၊ သူသည် ရွှေရောင်ဗဟိုချက် အဆင့်မှ ကျင့်ကြံသူတစ်ဦး၏ ယခုကဲ့သို့

အခြေအနေမျိုးဖြစ်အောင်
ချောင်အပိတ်ခံရလိမ့်မည်ဟု တစ်ခါမှ
တွေးထားခဲ့ခြင်း မရှိပေ။

သူ၏ အခြေတည် ဝိညာဥ်မှ
အဆီအနှစ်တို့အား၊ ရေခဲငရဲ အပေါ်တွင်
စုစည်းထားခဲ့ခြင်း ဖြစ်သည်။ ဝုန်းကနဲ
မြည်သံနှင့်အတူ ကျန်သော ရေခဲငရဲ၏
ကျန်သော တံခါးတစ်ဝက်သည် ပွင့်လာ၍၊
ဖျက်ဆီးတတ်သော ခါတ်ငွေ့နှင့်အတူ
ရေခဲလေပြင်းများသည် တိုက်ခတ်လာခဲ့၏။

အချိန်ခဏတာ အတွင်းတွင်၊ ငရဲကမ္ဘာနှင့် လူသားကမ္ဘာတို့သည် ဆက်စပ်ထားခဲ့သလို ဖြစ်သွားခဲ့၏။

လင်းဖုန်း၏ လက်အတွင်းတွင် ကိုင်ထားခဲ့သော နေမင်းသည်၊ အချိန်နှင့် လေဟာနယ်တို့ကို တွန့်လိမ်စေခဲ့သည့် ရေခဲငရဲ၏ စွမ်းအားများနှင့် အားပြိုင်နေကာ၊ သူတို့ နှစ်ခုစလုံးတို့သည် ကွယ်ပျောက်သွားကြ၏။

ထိုနေရာ တစ်ခုလုံးသည် ဆီးနှင်းလွင်ပြင်ကြီး တစ်ခုကဲ့သို့၊ ရေခဲအပိုင်းအစများနှင့် ပြည့်နေခဲ့သည်။

ထိုတိုက်ပွဲမှနေ၍ ပျောက်ကွယ်သွားခဲ့သော တောက်လောင်နေသည့် နေမင်းကြီးသည်၊ အဆုံးမဲ့ မီးလျှံပင်လယ်ကြီး အဖြစ်သို့ ပြောင်းသွားခဲ့ကာ၊ မိုးကုတ်စက်ဝိုင်း တစ်ခုလုံးအား ဖုံးလွှမ်းသွားခဲ့သည်။

ခွန်းလွန်တောင်သည် ထိုအချိန်တွင် ထူးဆန်းသော နေရာတစ်ခုအဖြစ် ပြောင်းလဲသွားခဲ့သည်။ အပေါ်ပိုင်းသည်

ရွှေရောင်မီးတောက်များဖြင့် ပြည့်နေခဲ့ပြီး၊ အောက်တစ်ခြမ်းသည် ဆီးနှင်းများဖြင့် ဖြူဖွေးနေခဲ့၏။ ထိုအပိုင်းနှစ်ပိုင်းတို့သည် သိသိသာသာ ခြားနားနေခဲ့ပြီး၊ ကမ္ဘာကြီး၏ အဆုံးသတ်သောနေ့ ရောက်ရှိလာပြီဟု ထင်နေရသည်။

ယန်ရှု၏ မျက်နှာသည် ရှုံ့မဲ့နေခဲ့ပြီး၊ သူ၏ အခြေတည် ဝိညာဥ်သည် ရေခဲငရဲအတွင်းမှ ပျံသန်းထွက်ခွာလာခဲ့သည်။ သူသည် ဘာမှတွေဝေနေခြင်း မရှိပဲ၊ သူ၏ ခန္ဓာကိုယ် အတွင်းသို့ လျှင်မြန်စွာနှင့် ရုပ်သိမ်းလိုက်သည်။ သူသည် ကောင်းကင်ကို

မော့ကြည့်လိုက်ကာ၊ သူ၏ ပါးစပ်အား ကျယ်လောင်စွာ ဟလိုက်၍၊ ကွဲကြေနေသော ရေခဲငရဲအား သူ၏ ပါးစပ်အတွင်းသို့ မျိုချလိုက်သည်။ သူသည် နောက်သို့ တစ်ချက်မှ ပြန်လှည့်မကြည့်တော့ပဲ ထွက်ပြေးချင်နေခဲ့သည်။

ကောင်းကင်ကမ္ဘာငယ်၏ ကာကွယ်မှုအောက်တွင်၊ ကျွင်းကျိနင်သည် အန္တရာယ်များကို ရှောင်ရှားနိုင်ခဲ့သည်။ သို့သော်လည်း ယခင်က ထိပ်တိုက်တွေ့ဆုံမှုများမှ ဖြစ်ပေါ်လာသော

စွမ်းအားများသည်၊ ကောင်းကင်ကမ္ဘာငယ်အား အနည်းငယ် ပျက်စီးစေနိုင်ခဲ့သည်။

သူမသည် ကောင်းကင်ပေါ်သို့ တွေတွေကြီး ကြည့်နေခဲ့သည်။ မီးပင်လယ်ကြီးသည် နှစ်ပိုင်းပိုင်းသွားခဲ့ကာ၊ အတွင်းမှနေ၍ ပုံရိပ်တစ်ခုက ပေါ်ထွက်လာခဲ့၏။ ဒါသည် လင်းဖုန်း၏ သံမဏိသစ်ပင် ကိုယ်ပွားဖြစ်သည်။

လင်းဖုန်းသည် ထွက်ပြေးနေသော ယန်ရှူအား ကြည့်လိုက်ကာ၊ အေးစက်စွာဖြင့်

ရယ်လိုက်သည်။ "အခုမှ ပြေးမယ်ဆိုရင်တော့၊ သိပ်ပြီးနောက်ကျသွားပြီ"

## စာစဥ် ၂၁ : အပိုင်း ၃

## အပိုင်း ၃၇၃ : ကျွန်မက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ကို မြင်ဖူးတယ်!

လင်းဖုန်းသည် ထွက်ပြေးနေချင်ခဲ့သော ယန်ရှုအား ကြည့်လိုက်ကာ ဖွဖွလေး ရယ်လိုက်ပြီး၊ သူ၏ ညာလက်အား မဟာကောင်းကင် နေမင်းလက်သီးအဖြစ်

ဆုပ်လိုက်သည်။ သူ၏ လက်သီးမှနေ၍ မီးတောက်မီးလျှံများက တောက်ပလာခဲ့၍၊ တောက်ပလှသော နေမင်းတစ်စင်း အသွင်သို့ ပြောင်းလဲသွားခဲ့၏။ အလင်းတန်းများမှာ မျက်စိကျိန်းလောက်ပေသည်။

ခဏအကြာတွင် လင်းဖုန်းသည် သူ၏ လက်သီးဖြင့် လေဟာနယ် အတွင်းသို့ ထိုးချလိုက်သည်။ လေဟာနယ်သည် တွန့်လိမ်သွားခဲ့၍၊ ယန်ရှုသည် ကမ္ဘာနှစ်ခု၏ အကြားတွင် ပိတ်မိနေခဲ့၏။ သူသည် သွေးတစ်လုတ်အား အန်ထုတ်လိုက်ကာ၊ ဤကမ္ဘာအတွင်းသို့ ပြန်ရောက်လာခဲ့သည်။

သူသည် လင်းဖုန်းအား
ကြောက်ရွံ့ထိတ်လန့်သော အမူအရာဖြင့်
စိုက်ကြည့်နေခဲ့သည်။

"သူရဲ့ စွမ်းအားတွေက အလွန်သန်မာရုံတင်
မကပဲ၊ သူက အချိန်ကာလနဲ့
လေဟာနယ်တို့ရဲ့ လျှို့ဝှက်ချက်တွေကိုပါ
နားလည်သဘောပေါက်ထားခဲ့တယ်။ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းက လာတဲ့သူတွေတိုင်းက
လူထူးလူဆန်းတွေချည်းပဲလား"

ယန်ရှုသည် သူ၏ ပါးစပ်အား အကြီးကြီး
ဟလိုက်ကာ၊ ကြေမွနေသော ရေခဲငရဲ

အပိုင်းအစများကို အန်ထုတ်လိုက်သည်။
ပြီးတာနှင့် သူသည် သွေးများကို
ဆက်တိုက်အန်ထုတ်နေခဲ့၏။
နောက်ဆုံးတွင်မူ သူသည် ရေခဲငရဲ
တစ်ခုလုံးကို အန်ထုတ်ခဲ့လိုက်သည်။

တစ်ချိန်တည်းတွင် သူ၏ အခြေတည်
ဝိညာဉ်သည် ပေါ်ထွက်လာခဲ့၍၊ အဆီအနှစ်
အငွေ့အဖြစ်ဖြင့် ရေခဲငရဲတံခါးအပေါ်တွင်
ကျရောက်သွားခဲ့သည်။ ထိုကဲ့သို့
အဆင့်များစွာဖြင့် ရေခဲငရဲသည်
အသက်စွမ်းအင် အနည်းငယ်ကို
ပြန်လည်ရရှိနိုင်ခဲ့သည်။

ဤမြင်ကွင်းသည် ကျွင်းကျိနင်၏
စိတ်အတွင်းတွင် ထာဝရ
ခတ်နှိပ်ထားခဲ့ပြီးသား ဖြစ်သွားခဲ့ကာ၊
လင်းဖုန်း၏ စွမ်းအားများကို
အံ့သြတုန်လှုပ်နေခဲ့သည်။

"ယန်ရှူက သူရဲ့အသက်ကို စွန့်ပြီးမှ
တိုက်ခိုက်နေခဲ့ရတာပဲ" ကျွင်းကျိနင်သည်
သူမ၏ ပါးစပ်ကို အတန်ငယ် ဟလိုက်ပြီး၊
အံ့အားသင့်သော အမူအရာများကို
ပြသနေခဲ့သည်။ "ရွှေရောင်ဗဟိုချက်
အဆင့်က တစ်စုံတစ်ယောက်က၊ အခြေတည်

ဝိညာဉ် အဆင့်က အကြီးအကဲတစ်ယောက်ကို ဒီလို အကျပ်အတည်းဖြစ်အောင် လုပ်နိုင်တယ်။ ပြီးတော့ သူကိုယ်တိုင်က အပျော်ကစားနေတဲ့အတိုင်း လုပ်နေခဲ့တယ်"

ယန်ရှူသည် လင်းဖုန်းအား မျက်စိပျက် မျက်နှာပျက်စွာဖြင့် ကြည့်လိုက်သည်။ "မင်းကဘယ်သူလဲ? မင်းရဲ့ ကျင့်ကြံမှုအဆင့်နဲ့ဆိုရင်၊ မင်းက ပေါ့သေးသေးတော့ မဟုတ်နိုင်ဘူး။ ဂိုဏ်းချုပ်ရဲ့ တပည့်ခြောက်ယောက်ထဲမှာ၊ မင်းက ဘယ်တစ်ယောက်လဲ?"

လင်းဖုန်းသည် ယန်ရှူအား စိတ်ဝင်တစားဖြင့် ကြည့်နေခဲ့ကာ ရုတ်တရက် ရယ်လိုက်သည်။ "အခြေတည် ဝိညာဉ် အဆင့်က ကျင့်ကြံသူ တစ်ယောက် အနေနဲ့ဆိုရင်၊ ခင်ဗျားက တစ်ယောက်ယောက်နဲ့ တိုက်ခိုက်လို့ရှိရင် ဒီလောက်အထိ စကားပြောဖို့ မလိုဘူး။ ခင်ဗျားက ဒီလိုမျိုး လေရှည်နေတဲ့ပုံက၊ အချိန်ဆွဲနေပြီး စစ်ကူတစ်ယောက်ကို စောင့်နေတာမလား?"

ယန်ရှူ၏ အမူအရာသည် အပြောင်းလဲသွားခဲ့သော်လည်း၊ သူသည် တိတ်ဆိတ်သွားခဲ့၍ ပါးစပ်ကို မဟတော့ပေ။

သူ၏ အကြံအစည်သည် လင်းဖုန်း၏ ဖော်ထုတ်မှုကို ခံလိုက်ရလေသည်။

ကျွင်းကျိနင်သည် မှင်သက်သွားခဲ့၍ လင်းဖုန်းအား စိတ်လှုပ်ရှားစွာဖြင့် အော်ပြောလိုက်သည်။ "ယန်မိသားစုကနေ ခွန်းလွန်တောင်ကိုလာတဲ့၊ အခြေတည် ဝိညာဉ် အဆင့် ကျင့်ကြံသူက နှစ်ယောက်ရှိတယ်။ သူက နောက်ထပ် အကြီးအကဲ တစ်ယောက်ကို စောင့်နေတာ နေမှာ!"

"စိတ်မပူပါနဲ့၊ သူက ထပ်ပြီးတော့ မစောင့်နိုင်တော့ပါဘူး" လင်းဖုန်းသည်

သူ၏ခေါင်းအား ခါလိုက်ကာ၊ သူ၏လက်ကို ဝှေ့ယမ်းလိုက်ကာ စက်ဝိုင်းပုံစံ ဆွဲလိုက်သည်။ စက်ဝိုင်းအတွင်းတွင် အလင်းတန်း မှိန်မှိန်လေး တစ်ခု ပေါ်လာခဲ့၍၊ ပုံရိပ်ယောင် တစ်ခုအဖြစ်သို့ ပြောင်းသွားခဲ့သည်။

စက်ဝိုင်းအတွင်းမှ ပုံရိပ်သည် တဖြည်းဖြည်းနှင့် ရုပ်လုံးပေါ်လာသောအခါ၊ ယန်ရှုသည် ပို၍ ထိတ်လန့်တုန်လှုပ်သည့်ပုံပေါက်လာခဲ့သည်။

ကျွင်းကျိုနင်သည် စပ်စပ်စုစုဖြင့်
လှမ်းကြည့်လိုက်ကာ၊ ရုတ်တရက်
ကြောက်ရွံ့စွာနှင့် အော်ဟစ်လိုက်၏။

ထိုပုံရိပ်အတွင်းတွင် ကောင်းကင်သည်
သဲများဖြင့် ပြည့်နေပြီး၊ ကမ္ဘာကြီး
တစ်ခုလုံးသည် အနက်နှင့် အဝါရောင်
သန်းနေခဲ့သည်။

အနက်ရောင် ဝတ်စုံနှင့် ခက်ထန်ပုံရသော
အကြီးအကဲ တစ်ယောက်သည်၊ ရောမ
တံခါးကြီး၏ အရှေ့တွင် တင်ပုလ္လင်ခွေ၍
ထိုင်နေခဲ့သည်။ သူ၏ ခေါင်းပေါ်တွင်

ကလေးငယ်ပုံစံ အလင်းရောင်
ပုံရိပ်လေးတစ်ခုကို တွေ့နိုင်သည်။
အခြေတည် ဝိညာဥ် အဆင့်ကို
ဖော်ဆောင်နေခဲ့ခြင်း ဖြစ်သည်။

တံခါး၏ အနောက်တွင် မရေမတွက်နိုင်သော
အနက်ရောင် သဲမှုန်များသည် စတင်၍
ပျံသန်းထွက်လာခဲ့၏။ သဲမှုန်
တစ်ခုချင်းစီတိုင်းတွင်၊ ကြောက်မက်ဖွယ်ရာ
ဖျက်ဆီးနိုင်မှု စွမ်းအားများက
ပါဝင်လာခဲ့သည်။ သာမန်လူ
တစ်ယောက်အတွက်မူ သဲမှုန်
တစ်မှုန်ချင်းစီသည်၊ သူ၏

ဖျက်ဆီးနိုင်စွမ်းများနှင့် သူတို့အား
သတ်နိုင်ပေသည်။

တစ်ယောက်၏ စိတ်ဝိညာဉ်သည်
အနက်ရောင် သဲမှုန်များ၏ ကန့်သတ်ခြင်းကို
ခံလိုက်ရကာ၊ တံခါးများ၏ အနောက်ဘက်မှ
အဆုံးမဲ့ ငရဲတွင် မြှုပ်နှံခြင်းကို ခံလိုက်ရမည်
ဖြစ်သည်။

ယန်ရှု၏ ရေခဲငရဲနှင့် ကွဲပြားခြားနားလှစွာ၊
ထိုအနက်ရောင် ဝတ်စုံနှင့် အကြီးအကဲ၏
ဝက်ပါမှာ အနက်ရောင် သဲမှုန်ငရဲ ဖြစ်၏။

သူသည် သူ၏ အခြေတည် ဝိညာဉ် အဆင့်မှ မှော်အိုင်တမ်ဖြစ်သော၊ သဲမှုန်ငရဲတံခါးအား အသုံးပြုကာ အနက်ရောင် သဲမှုန်ဝက်ပါအား အားဖြည့်ပေးရန် ကြိုးစားနေခဲ့သည်။ သူသည် အချိန်ကာလနှင့် လေဟာနယ်တို့အား၊ အနက်ရောင် သဲမှုန်ဝက်ပါ အတွင်းသို့ ဆွဲသွင်းရန် ကြိုးစားနေခဲ့သည်။

.. အနည်းဆုံးတော့ သူသည် ထိုကဲသို့ ပထမဦးစွာ ပြုလုပ်ရန် ကြိုးစားနေခဲ့၏။

သို့သော်လည်း သူသည် ယခုအချိန်တွင် စိတ်ပျက်လက်ပျက်ဖြင့်သာ

လက်ပိုက်ကြည့်နေခဲ့ရသည်။
သဲမှုန်ငရဲအတွင်းမှ ထွက်ပေါ်လာကြသော
အနက်ရောင် သဲမှုန်များသည် အပြင်သို့
မထွက်လာနိုင်ကြပဲ၊ ချက်ချင်းပင်
တံခါးအတွင်းသို့ ပြန်ရောက်သွားခဲ့ကြသည်။

အဝါရောင် သဲမှုန်များသည် လေဟာနယ်၏
အလယ်တွင် လွင့်မျောနေခဲ့၍၊
ဝတ်စုံအနက်ရောင် အကြီးအကဲနှင့်
အနက်ရောင်သဲမှုန် ငရဲတို့အား
ဝန်းရံထားခဲ့သည်။ သူသည် ဖျက်ဆီး၍
မရသည့်အပြင်၊ အလယ်ဗဟိုသို့
အဆက်မပြတ်ပင် ကျုံ့ဝင်လာခဲ့သည်။

အနက်ရောင်သဲမှုန်တို့သည် မည်မျှပင် ခက်ထန်သော်လည်း၊ သူသည် ယခုအချိန်တွင် နောက်ဆုတ်ရန်သာ တတ်နိုင်ခဲ့သည်။

အဖြူရောင် ဝတ်စုံနှင့် လူငယ်တစ်ယောက်သည်၊ တိမ်တိုက်များ၏ အပေါ်တွင် ငြိမ်သက်စွာနှင့် တင်ပုလ္လင်ခွေ ထိုင်နေခဲ့သည်။ တိမ်ပေါ်တွင် လေပြည်လေညင်းများ တိုက်ခတ်နေခဲ့သော်လည်း၊ သူ၏အောက်တွင်မူ အဝါရောင် လွင်ပြင်ကြီး ဖြစ်နေခဲ့၏။ အနက်ရောင် ဝတ်စုံနှင့်

အကြီးအကဲသည် ထိုကမ္ဘာအတွင်းတွင် ရှန်းကန်နေခဲ့ရသည်။

ယန်ရှုသည် အဝါရောင် သဲမှုန်များသည် သူ့အား ပို၍ပို၍ တင်းကျပ်စွာ ရစ်လွှမ်းလာခဲ့သည်ကို ကြည့်ရုံသာ ကြည့်နေနိုင်ခဲ့ပြီး၊ သူ၏ ရဲဘော်ရဲဘက်မှာမူ နောက်သို့သာ ဆုတ်နိုင်ခဲ့သည်။

အဖြူရောင် ဝတ်စုံနှင့် လူငယ်သည် သူ၏အောက်သို့ တည်ငြိမ်စွာဖြင့် ကြည့်လိုက်သည်။ သူသည် သူ၏

လက်နှစ်ဘက်စလုံးတို့ကို မြှောက်လိုက်၍၊
မှော်ကျိန်စာ နှစ်ခုကို ဖန်ဆင်းလိုက်သည်။

ထိုမှော်ကျိန်စာ နှစ်ခုတို့သည်
သူ၏ရင်ဘတ်အရှေ့တွင် ပူးပေါင်းသွားကြ၏။
သူသည် သေးငယ်ပါးလွှာသည်ဟု
ထင်နေရသော်လည်း၊ ကောင်းမွန်စွာ
ကျင့်ကြံထားသော ရေစီးကြောင်း တစ်ခုသည်
အဝါရောင် သဲပြင်ကြီး၏ အပေါ်သို့
ကျဆင်းလာခဲ့သည်။

ကျင့်ကြံထားသော ရေစီးကြောင်းနှင့် အဆုံးမဲ့
သဲပြင်တို့သည် ပေါင်းစည်းသွားခဲ့ကာ၊

အဝါရောင် သဲမှုန်များကို လွန်စွာလေးလံလာစေခဲ့၍၊ အဆုံးမဲ့ သဲပင်လယ်ကြီး အဖြစ်သို့ ပြောင်းလဲသွားစေခဲ့သည်။ သူသည် အနက်ရောင် ဝတ်စုံနှင့် အကြီးအကဲအား ထပ်၍ ဖိအားများကို ပေးနေခဲ့သည်။

အနက်ရောင် ဝတ်စုံနှင့် အကြီးအကဲမှာ။ ဆူနာမီ လှိုင်းလုံးကြီးအတွင်းမှ လှေငယ်တစ်စင်းပမာ ဖြစ်နေခဲ့၏။ သူသည် ရုန်းကန်လှုပ်ရှားရန် ကြိုးစားနေခဲ့သော်လည်း၊ လွယ်ကူစွာနှင့်ပင် အလွှမ်းမိုးခံလိုက်ရသည်။

ယန်ရှုနှင့် ကျွင်းကျိုနင်တို့သည်
ထိုမြင်ကွင်းအား တွေဝေစွာနှင့်
ကြည့်နေခဲ့သည်။ သူတို့သည်
အနက်ရောင်ဝတ်စုံ အကြီးအကဲနှင့် သူ၏
သဲမှုန်ငရဲတို့သည်၊ အဆုံးမဲ့ သဲပင်လယ်ကြီး၏
ဝါးမျိုမှုကို ခံလိုက်ရသည်ကို မြင်တွေ့နေရ၏။
သူ၏အထဲမှ မည်သည့်အရာမှ
ပြန်ထွက်မလာခဲ့ပေ။

အချိန်အတော်ကြီး ကြာပြီးမှသာ
သဲမှုန်များသည် လှုပ်ရှားမှု ရပ်တန့်သွားခဲ့ကာ၊
လေဟာနယ်၏ အလယ်တွင် ရောမ

သဲဘောလုံးကြီး အဖြစ်သို့
ပြောင်းလဲသွားခဲ့သည်။

သဲဘောလုံးကြီး၏ အလယ်မှနေ၍
ကြောက်မက်ဖွယ်ရာ မှော်စွမ်းအင်
တုန်ခါမှုကြီး တစ်ခုသည် ပေါ်ထွက်လာခဲ့ကာ၊
အတွင်းမှ လွတ်မြောက်ရန်
ကြိုးစားနေခဲ့သည်။

ကျွင်းကျိန်သည် မတတ်နိုင်ပဲ
စိုးရိမ်ပူပန်နေခဲ့၏။ ယန်ရှုမှာမူ
ထိုအနက်ရောင် ဝတ်စုံနှင့် အကြီးအကဲမှာ
မလွတ်မြောက်နိုင်ခဲ့၍၊ အရှင်အဖမ်းခံရမည့်

အစား သူ၏ အခြေတည် ဝိညာဥ်အား
ဖောက်ခွဲရန် ကြိုးစားနေခဲ့သည်ကို၊
စိတ်ပျက်လက်ပျက်ဖြင့်သာ
ကြည့်နေနိုင်ခဲ့သည်။

အဖြူရောင် ဝတ်ရုံနှင့် လူငယ်သည်
လှုပ်ခါနေသော သဲဘောလုံးအား
ကြည့်လိုက်ကာ၊ သူ၏လက်ကို
ဆန့်တန်းလိုက်၍ မှော်ကျိန်စာ တစ်ခုအား
ထုတ်ဖော်လိုက်သည်။ ပြီးတာနှင့် သူသည်
သဲဘောလုံးအား လှုပ်ခါလိုက်၏။

သဲဘောလုံးသည် ရုတ်တရက် လှုပ်ရှားလာ၍၊ အတွင်းမှ ကြောက်မက်ဖွယ်ရာ စွမ်းအားက ပေါက်ကွဲထွက်လာခဲ့သည်။ သူသည် သဲဘောလုံး၏ အတွင်းပိုင်းအထိ ဖိအားများ ပေးစွမ်းနိုင်ခဲ့သည်။

ထိုဖိအားသည် သူ့ပြိုင်ဘက်၏ အခြေတည်ဝိညာဉ် ဖောက်ခွဲခြင်းအား၊ အကျိုးမရှိ ဖြစ်စေခဲ့သည်။ ဖောက်ခွဲခြင်းမှ ပေါ်ထွက်လာသော စွမ်းအားများသည်၊ သဲဘောလုံး အတွင်းမှ ကြီးမားသော စွမ်းအားများ၏ ဖိနှိပ်ခြင်းအား ခံလိုက်ရသည်။

"ကျုပ်က ခင်ဗျားကို သတ်ဖို့ မရည်ရွယ်ပါဘူး။ ကျုပ်သခင်က ခင်ဗျားကို ဘာလုပ်မလဲ ဆိုတာကို ဆုံးဖြတ်မှာပါ" အဖြူရောင် ဝတ်ရုံနှင့် လူငယ်မှာ ခန်းနန်ဟွာ ဖြစ်၏။ "ခင်ဗျားရဲ့ အခြေတည် ဝိညာဉ်ကို ဖောက်ခွဲခြင်းဟာ ကျုပ်ကို ဘာမှမဖြစ်စေပဲ၊ ခင်ဗျားရဲ့အသက်ကိုသာ ဆုံးရှုံးခဲ့ရတယ်"

သဲဘောလုံး အတွင်းမှ ခုခံမှုများသည် တဖြည်းဖြည်းနှင့် အားနည်းလာခဲ့ကာ၊ စွမ်းအားများကလည်း ကျဆင်းလာခဲ့သည်။

ယန်ရှု၏ စွမ်းအင်များသည်လည်း
ကုန်ခမ်းသွားခဲ့ကာ၊ သူသည် ခုခံရန်
စိတ်ဓာတ်လည်း မရှိတော့ပေ။
ချောမောသော်လည်း နွဲ့နှောင်းသည့်
ခရမ်းရောင် ဝတ်စုံနှင့်
လူငယ်တစ်ယောက်သည်၊
လင်းဖုန်း၏ဘေးတွင် ပေါ်လာခဲ့၏။

အခြေတည်ဝိညာဉ် အဆင့်မှ အကြီးအကဲ
နှစ်ယောက်တို့ကို ခန်းနန်ဟွာနှင့်
မြောင်ရှီးဟောင်တို့အား ထိန်းသိမ်းရန်
ပေးထားခဲ့ပြီးနောက်တွင်၊ လင်းဖုန်း၏

အာရုံတို့သည် ကျွင်းကျိုနင်၏ အပေါ်သို့ ပြန်ရောက်လာခဲ့သည်။

"မင်းက ခရမ်းရောင် တိမ်တိုက်ဂိုဏ်းကလို့ ပြောထားတာလား?"

လင်းဖုန်း၏ မေးခွန်းကို ကြားအပြီးတွင်၊ ကျွင်းကျိုနင်၏ ခန္ဓာကိုယ်သည် တုန်ခါသွားခဲ့သည်။ သူမသည် လင်းဖုန်းအား ကြည့်လိုက်အပြီးတွင်၊ အနည်းငယ် ကြောက်ရွံ့စိတ်များ ပေါ်လာခဲ့သည်။

"တကယ်လို့ငါကသူ့ကို ဒိုင်းအဖြစ်နဲ့ အသုံးချခဲ့တာကိုသိရင်၊ သူက ဒေါသထွက်ကောင်း ထွက်နိုင်ပြီး အခြေအနေတွေ မလှပဲ ဖြစ်သွားနိုင်တယ်" ကျွင်းကျိနင်သည် သူမ၏ မျက်လုံးများကို ကလယ်ကလယ် လုပ်လိုက်ပြီး၊ ချောင်းတစ်ချက် ဆိုးလိုက်သည်။

"စီနီယာ.. မဟုတ်ဘူး၊ အကြီးအကဲ၊ ကျွန်မက ခရမ်းရောင် တိမ်တိုက်ဂိုဏ်းရဲ့ လက်ရင်းတပည့် မဟုတ်ပေမဲ့၊ ကျွန်မတို့ မိသားစုရဲ့ ကျင့်ကြံမှု နည်းစနစ်တွေက နှစ်ပေါင်းများစွာကတည်းက ခရမ်းရောင်

တိမ်တိုက်ဂိုဏ်းကနေ ဆင်းသက်လာတာ ဖြစ်တဲ့အတွက်ကြောင့်၊ ကျွန်မက.. အင်.. ခရမ်းရောင် တိမ်တိုက်ဂိုဏ်းရဲ့ တပည့်တစ်ဝက်လို့ ပြောလို့ရပါတယ်ရှင့်"

သူမသည် လင်းဖုန်းအား ကြည့်လိုက်သည်။ "ဒီအကြီးအကဲက ကြည့်ရတာ သိပ်မရင်းနှီးနေဘူး။ ကျွန်မက အကြီးအကဲကို ဟွမ်ဟိုင် စိတ်ဝိညာဉ် အစည်းအဝေးမှာ မတွေ့ဖူးဘူး"

လင်းဖုန်းက သူမအား ကြည့်လိုက်သည်။ "မင်းကလည်း ဟွမ်ဟိုင် စိတ်ဝိညာဉ် အစည်းအဝေးကို သွားတက်သေးတာလား?"

သူမသည် ဟွမ်ဟိုင် စိတ်ဝိညာဉ် အစည်းအဝေးသို့ မတက်ခဲ့သော်လည်း၊ သူမသည် ခရမ်းရောင် တိမ်တိုက်ဂိုဏ်းမှ တပည့်တစ်ယောက်ဖြစ်သော လီကွေ့ရင်နှင့် လွန်စွာရင်းနှီးပေသည်။ လီကွေ့ရင်သည် သူမအား အတော်ကို ချစ်ခင်ပြီး၊ သူတို့နှစ်ယောက် သိပ်မကြာခင်က တွေ့ခဲ့စဉ်တွင်၊ သူမအား ဟွမ်ဟိုင် စိတ်ဝိညာဉ်

အစည်းအဝေး အကြောင်းအား
ပြောပြထားခဲ့သည်။

သူမသည် စိတ်ကိုတည်ငြိမ်စွာ
ကြိုးစားလိုက်ကာ ဖြေကြားလိုက်၏။
"ကျွန်မက တက်ရောက်ခဲ့ပေမဲ့၊ ကျွန်မရဲ့
ကျင့်ကြံမှု အဆင့်က နိမ့်တဲ့အတွက်ကြောင့်၊
ပရိသတ်အနေနဲ့သာ ပါဝင်ခဲ့ရပါတယ်။ ဒါပေမဲ့
အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ အကြီးအကဲ
အသီးသီးတွေရဲ့ စွမ်းဆောင်မှုတွေက၊
ကျွန်မရဲ့ ဦးနှောက်တွေအထဲကနေ
မထွက်သေးပါဘူး"

သူမသည် လီကွေရင် သူမအား ပြောပြခဲ့သမျှ အကုန်လုံးကို ကြိုးစား၍ ပြန်လည်စဉ်းစားနေခဲ့သည်။ ယွဲ့ဟုန်ယန်၏ နေလခေးဂိုဏ်းမှ ခေးစုံတွဲနှင့် တိုက်ခိုက်မှုမှ စတင်၍၊ ဝမ်လင်း၏ တောက်ယုတင်းနှင့် အကြိတ်အနယ် တိုက်ပွဲအပါအဝင်၊ ဇူရီနှင့် ကျောင်ကျုံချန်းတို့၏ တိုက်ပွဲ၊ ရှောင်ပုတန်လေး၏ ဖိုင်နယ်သို့ ချီတက်ရာ ခရီးလမ်း၊ အစရှိသဖြင့် သူမကြားခဲ့ရသော အရာများကို သေချာစွာ ပြန်လည်စဉ်းစားနေခဲ့၏။

နောက်ဆုံးတွင် သူမသည် ဇူရီနှင့် ရှောင်ပုတန်တို့ အကြားမှ သမိုင်းဝင် တိုက်ပွဲအား မမေ့နိုင်ခဲ့ပေ။

"ကျွန်မက ပြန်ပြီး စဥ်းစားမိလေလေ၊ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက အရမ်းကို အစွမ်းထက်မှန်း တွေးမိလေလေပဲ" ကျွင်းကျိနင်သည် ပြောရင်းပြောရင်း စိတ်ပါလာခဲ့ကာ၊ နောက်ဆုံးတွင် အမတန်မှ စိတ်လှုပ်ရှားနေခဲ့၏။

"ကျွန်မက လီကွေရင်နောက်ကို လိုက်ပြီးတော့၊ အံ့ဖွယ်

ကောင်းကင်ဘုံဂိုဏ်းက အကြီးအကဲတွေကို အရိုအသေတွေ လိုက်ပေးခဲ့ပါတယ်" နောက်ဆုံးတွင် ကျွင်းကျိနင်သည် စကားကြမ်းကျွံသွားခဲ့သည်။ "ကျွန်မက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ ခေါင်းဆောင်ကိုတောင် တွေ့ခဲ့ရသေးတယ်!"

ပြောလိုက်အပြီးမှပင် သူမသည် အနည်းငယ် နောင်တရသွားခဲ့သည်။ "မကောင်းတော့ဘူး၊ ငါရှီးတာ နည်းနည်းများသွားပြီ"

သူသည် လင်းဖုန်းအား တစ်ချက်ခိုးကြည့်လိုက်သည်။ "သူက

ယန်ရှုကို အနိုင်တိုက်နိုင်ခဲ့ပြီး၊ မဟာသူရိယ အကြွင်းမဲ့ မီးတောက်ရဲ့ စွမ်းအားသဘောတရားတွေကို အသုံးပြုနိုင်စွမ်းရှိတယ်"

"ဟွမ်ဟိုင် စိတ်ဝိညာဉ် အစည်းအဝေးမှာ မပါဝင်ခဲ့တာက၊ စီနီယာ အကျဆုံး တပည့်ဖြစ်တဲ့ ရှောင်ယန်ပဲ ဖြစ်တယ်။ ရှောင်ယန်က ရွှေရောင်ဗဟိုချက် အဆင့်မှာ ရှိနေပြီး၊အကြွင်းမဲ့ မီးတောက်တွေကို ထိန်းချုပ်နိုင်စွမ်း ရှိတယ်လို့လဲ ကြားထားတယ်။ သူက ရှောင်ယန်များ ဖြစ်နေမလား?"

ကျွင်းကျိနင်သည် ဂရုတစိုက်နှင့် မေးလိုက်သည်။ "ကျွန်မက စီနီယာရဲ့ နာမည်ကို မသိရသေးဘူး၊ စီနီယာက ရှောင်ယန်များလား?"

သူမ၏ စကားမဆုံးခင်တွင်ပင် အလင်းတန်း ပုံရိပ်များသည် ရုတ်တရက် ဝေဝါးသွားခဲ့သည်။ သူမသည် မူးဝေသလို ခံစားခဲ့ရပြီး၊ အမြင်ပြန်လည် ကြည်လင်လာသော အချိန်တွင် သူမသည် ကြီးကျယ်ခမ်းနားသော ခန်းမဆောင် တစ်ခုအတွင်းသို့ ရောက်နေခဲ့ပြီ ဖြစ်သည်။

ခန်းမအတွင်းမှ အဓိကနေရာ အပေါ်တွင်၊ ခရမ်းရောင် ဝတ်စုံကို ဝတ်ဆင်ထားသော လူငယ်တစ်ယောက်က ထိုင်နေခဲ့သည်။ သူသည် ခန်းမဆောင်နှင့် တစ်သားတည်းလို ဖြစ်နေ၍၊ စကြာဝဠာကြီးကဲသို့ ကြီးမားကျယ်ပြန့်သည်ဟု ထင်နေရ၏။

ကျွင်းကျိနင်က စိတ်ရှုပ်ထွေးနေဆဲတွင်၊ ထိုခရမ်းရောင် ဝတ်စုံနှင့် လူငယ်က ဖွဖွလေး ရယ်လိုက်သည်။ "ဟွမ်ဟိုင် စိတ်ဝိညာဉ် အစည်းအဝေးကို တက်ရောက်တဲ့ လူတွေက၊ ငါတို့ အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း အပြင်၊

စုစုပေါင်း ၄၈၇ယောက် ရှိတယ်။ ငါကမင်းကို ဘာဖြစ်လို့ မမှတ်မိပါလိမ့်?"

ကျွင်းကျိနင်က ပါးစပ်အဟောင်းသား ဖြစ်နေခဲ့၍၊ ထိုခရမ်းရောင် ဝတ်စုံနှင့် လူငယ်အား ကြက်သေသေကာ စိုက်ကြည့်နေခဲ့သည်။ ခဏအကြာမှပင် သူမသည် သတိပြန်ဝင်လာခဲ့၍၊ ထစ်ငေါ့ထစ်ငေါ့ဖြင့် မေးလိုက်သည်။ "အ.. အရှင်က..."

သူသည် ရယ်လိုက်ကာ ပြန်ဖြေလိုက်၏။ "ငါက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ ခေါင်းဆောင်၊ လင်းဖုန်းပဲ"

ကျွင်းကျိုနင်သည် လင်းဖုန်းအား ဘာမှမပြောနိုင်ပဲ ကြည့်နေခဲ့သည်။ သူမသည် တုန်ခါနေ၍ တစ်စုံတစ်ခုအား ပြောမည်ကြံနေခဲ့သော်လည်း၊ ရုတ်တရက် မူးမေ့ကာ လဲသွားခဲ့သည်။

လင်းဖုန်းသည် ရယ်လိုက်ကာ၊ "မင်းက တကယ့်ကို ကလေးဆန်တာပဲ၊ မူးမေ့တိုင်း ကစားနေသေးတယ်"

ခရမ်းရောင် တိမ်တိုက်တစ်စသည်
ကျွင်းကျိနင်အား ထူမပေးလိုက်သည်။
သူမမည်သို့မှ မတုံ့ပြန်နိုင်ခင်တွင်ပင်၊ သူမ၏
တစ်ကိုယ်လုံးသည် အပ်ပေါင်းများစွာနှင့်
အထိုးခံနေရသကဲ့သို့ ထုံကျဉ်စွာ
ခံစားလာခဲ့ရသည်။

သူမသည် အံ့ဩတုန်လှုပ်သွားခဲ့ကာ၊
လျှင်မြန်စွာနှင့်ပင်
မတ်တတ်ထရပ်လိုက်သည်။ သူမ၏
မျက်နှာတွင် အပြစ်ရှိသည့် အမူအရာများ
ပေါ်လာခဲ့ကာ၊ လျှင်မြန်စွာနှင့်

တောင်းပန်လိုက်သည်။ "ကျေးဇူးပြုပြီးတော့ ကျွန်မကို ခွင့်လွှတ်ပေးပါ"

သူမသည် သူမကိုယ်သူမ ပါးပြင်နှိုက်ချင်နေခဲ့သည်။ "အရှုံးမ၊ ပြောလို့ကောင်းတိုင်း လျှောက်ပြောနေတယ်။ အခုတော့ ဒုက္ခကောင်းကောင်းတွေ့ပြီ!"

## စာစဥ် ၂၁ : အပိုင်း ၄

## အပိုင်း ၃၇၄ : ကိုယ့်ကိုယ်ကိုယ် ဖိတ်ခေါ်ခြင်း

လင်းဖုန်းသည် ကျွင်းကျိနင်အား တည်ငြိမ်စွာဖြင့် စိုက်ကြည့်လိုက်သည်။ "မင်းက ရှေးဟောင်းယွင်ထန်း ကမ္ဘာက ကျွင်းမိသားစုကမလား?"

ကျွင်းကျိနင်သည် ခေါင်းကိုညိတ်လိုက်ကာ၊ လင်းဖုန်းအား သတိတကြီးဖြင့် စိုက်ကြည့်လိုက်သည်။ လင်းဖုန်းက စိတ်တိုသည့် အမူအရာများကို မပြပဲ ဖော်ရွေသည် ပုံစံမျိုးကို ပြနေခဲ့သဖြင့်၊ သူမသည် စိတ်သက်သာရာ ရစွာဖြင့် သက်ပြင်းတစ်ချက်ကို ချလိုက်သည်။

"ကျွန်မနာမည်က ကျွင်းကျိနင် ဖြစ်ပါတယ်။ ကျွန်မက ကျွင်းမိသားစုကပါ" ကျွင်းကျိနင်နှင့် အမှန်အတိုင်း ဖြေကြားလိုက်သည်။ "ဒါပေမဲ့ ကျွန်မက တကယ်ကိုပဲ ခရမ်းရောင် တိမ်တိုက်ဂိုဏ်းရဲ့ တပည့်တစ်ဝက်လို့ ပြောလို့ရပါတယ်။ ကျွန်မက ခရမ်းရောင် တိမ်တိုက်ဂိုဏ်းမှာ တစ်နှစ်လောက် လေ့ကျင့်ဖူးပါတယ်"

လင်းဖုန်းသည် သူမအား ကြည့်လိုက်ကာ ဖြည်းဖြည်းချင်း မေးလိုက်သည်။ "ငါသိထားရသလောက်ဆိုရင်၊ ယန်မိသားစုနဲ့ လော်မိသားစုတို့က မဟာရန်သူတွေဖြစ်တယ်။

သူတို့က ကျွင်းမိသားစုနဲ့ သိပ်မတည့်လှပေမဲ့၊ ပုံမှန်ဆိုရင် ရန်ရှာလေ့မရှိဘူး။ ဒါပေမဲ့ အခုကိစ္စက ဘယ်လိုဖြစ်တာလဲ?"

ကျွင်းကျိနင်က အလောတကြီး ပြန်ဖြေလိုက်သည်။ "ကျွန်မက အရှင့်ရဲ့ ကူညီမှုကို လိုအပ်နေပါတယ်"

"ကျွန်မက ကျွန်မရဲ့ အဖော်တစ်ယောက်နဲ့ နတ်ဘုရားကမ္ဘာကို အလည်လာခဲ့တာ၊ လမ်းမှာ ယန်မိသားစုက ကျင့်ကြံသူတွေရဲ့ တိုက်ခိုက်မှုကို ခံရပြီး၊ တစ်ယောက်နဲ့တစ်ယောက် အဆက်အသွယ်

ပြတ်သွားခဲ့ပါတယ်။ သူမက အခုအချိန်မှာ ဒဏ်ရာအပြင်းအထန် ရထားပြီး၊ အသက်အန္တရာယ် စိုးရိမ်နေရပါတယ်။ ကျေးဇူးပြုပြီးတော့ သနားကြင်နာသောအားဖြင့် သူမကို ကယ်တင်ပေးပါ"

လင်းဖုန်းက မေးလိုက်သည်။ "သူမက လော်မိသားစုကလား?"

ကျွင်းကျိနင်က ခေါင်းကို တစ်ဆတ်ဆတ်နှင့် ညိတ်လိုက်သည်။ "ဟုတ်ပါတယ်၊ သူမရဲ့ နာမည်က လော်ချင်းဝူ ဖြစ်ပါတယ်။ ကျွန်မနဲ့

သူမက ငယ်စဉ်ကတည်းက သိခဲ့တာပါ။ ဟင်း၊ သူမကသာ ကျွန်မနဲ့ လိုက်မလာခဲ့ဘူးဆိုရင်၊ ယန်မိသားစုရဲ့ လုပ်ကြံတာကို ခံရမှာမဟုတ်ဘူး"

လင်းဖုန်းသည် သူ၏ခေါင်းအား ညိတ်လိုက်သည်။ အကယ်၍ သူမသည် ကျွင်းကျိနင်နှင့်အတူ နတ်ဘုရား နယ်မြေအား မလာခဲ့လျှင်၊ လော်ချင်းဝူသည် ယခုကဲ့သို့ ဖြစ်ရပ်ဆိုးနှင့် ကြုံရမည် မဟုတ်ချေ။ ပြီးတော့ လော်ချင်းဝူက ယန်မိသားစု၏ အာရုံကျမှုကို မခံရလျှင်၊ ကျွင်းကျိနင်ကလည်း အတိုက်ခိုက်ခံရမည် မဟုတ်ပေ။ မည်သူက

မည်သူ့ကို ဒုက္ခရောက်စေသည်မှာ
ပြောရခက်ပေသည်။

ကျွင်းကျိုနင်၏ ဖော်ပြချက်အရ၊
လင်းဖုန်းသည် လော်မိသားစုက
လော်ချင်းဝူအား စောင့်ရှောက်ရန်၊
အခြေတည်ဝိညာဉ် အဆင့်မှ အကြီးအကဲ
တစ်ယောက်အား ထည့်ပေးလိုက်သည်ကို
သိရှိခဲ့သည်။ သို့သော်လည်း သူသည်
ယန်မိသားစုမှ အခြေတည်ဝိညာဉ် အဆင့်
အကြီးအကဲ နှစ်ယောက်အား မခုခံနိုင်သဖြင့်၊
ယန်ရှုသည် လော်ချင်းဝူအား ဒဏ်ရာရအောင်
လုပ်နိုင်စေခဲ့သည်။

သူတို့နှစ်ယောက် ကွဲကွာသွားအပြီးတွင်၊ ကျွင်းကျိုနင်သည် မဟာသယ်ယူပို့ဆောင်ခြင်း အဆောင်လက်ဖွဲ့ကို အသုံးပြုလိုက်ကာ ထွက်ပြေးလွတ်မြောက်ခဲ့သည်။ သို့သော်လည်း သူမသည် လော်ချင်းဝူနှင့် မကွဲကွာမီ ပြန်လည်တွေ့ဆုံရန် အချိန်းအချက် ပြုလုပ်ထားခဲ့သဖြင့်၊ ယန်မိသားစုမှ ကျင့်ကြံသူများသည် သူမ၏ အနောက်သို့ လိုက်ခဲ့ကြသည်။

လင်းဖုန်းသည် သူ၏ မျက်ခုံးအစုံကို ပင့်လိုက်ကာ တွေးလိုက်၏။ "သူမက

လော်ချင်းဝူနဲ့ ငယ်ငယ်ကတည်းက ခင်မင်ရင်းနှီးလာခဲ့တယ်လို့ ပြောထားတယ်။ သူမက လော်ချင်းဝူကို ညီမတစ်ယောက်လို ဆက်ဆံနေတာပဲ။ လော်ချင်းဝူက သူမထက် အသက်ငယ်ရမယ်"

"ယန်မိသားစုက ဘာဖြစ်လို့ ဒီလိုမျိုး ကောင်မလေး တစ်ယောက်ကို အသည်းအသန် ဖြစ်နေရတာလဲ။ ပြီးတော့ ဒီလိုမျိုး ကောင်မငယ်ငယ်လေးက၊ ယန်ရှုရဲ့ တိုက်ခိုက်တာကို ခံရပြီးတော့ မသေရတာလဲ။ သူ့ရဲ့စွမ်းအင်နဲ့ဆိုရင်၊ သူမကို အသာလေး

ခြေမွပစ်လို့ရတယ်။ သံသယဖြစ်စရာ
အချက်တွေ အများကြီးရှိတယ်"

လင်းဖုန်းသည် ကျွင်းကျိနင်အား
ကြည့်လိုက်ကာ မေးလိုက်သည်။
"လော်ချင်းဝူကို သတ်ဖို့ ယန်မိသားစုက
အခြေတည်ဝိညာဉ် အဆင့် အကြီးအကဲ
နှစ်ယောက်ကို လွှတ်လိုက်တာလား?"

ကျွင်းကျိနင်က သူမ၏ခေါင်းကို ခါလိုက်သည်။
"ချင်းဝူက တစ်စိတ်တစ်ပိုင်းပါ။ နောက်ထပ်
အကြောင်းရင်း တစ်ခုက သူတို့က
ကျွန်မတို့ကို လိုက်လံစောင့်ရှောက်နေတဲ့

လော်မိသားစုက နံ့ပါတ်ခြောက်
ဂရန်းမာစတာကို သတ်ဖြတ်ချင်လို့ပဲ
ဖြစ်ပါတယ်"

"ဒါကပိုပြီးတော့ အကျိုးအကြောင်း
ဆီလျော်တယ်" လင်းဖုန်းက သူ၏ခေါင်းကို
အတန်ငယ် ညိတ်လိုက်သည်။ သူက
ကျဲယုထံမှ သိထားရသလောက်ဆိုလျှင်၊
ရှေးဟောင်း ယွင်ထန်းကမ္ဘာက မိသားစု
၇စုတို့သည် ပါရမီရှင် လူငယ်လေးများအား၊
အခြေတည်ဝိညာဉ် အဆင့်မှ ဂရန်းမာစတာ
တစ်ယောက်စီဖြင့် အကာအကွယ်
ပေးထားကြသည်။

သို့သော်လည်း အလယ်ကမ္ဘာသာဖြစ်သည့် ရှေးဟောင်းယွင်ထန်း ကမ္ဘာတွင်၊ ဒါသည် ကြီးမားသော ပြဿနာဖြစ်သည်။ သူတို့အတွင်းတွင် ဟင်းလင်းပြင် မိုးကြိုးကပ်ဘေး မရှိချေ။ ထို့ကြောင့် ရွှေရောင်ဗဟိုချက် အဆင့်မှ ကျင့်ကြံသူများသည် အခြေတည်ဝိညာဥ်ကို ဖော်ဆောင်တော့မည်ဆိုလျှင်၊  သူတို့သည် အခက်အခဲနှင့် ကြုံတွေ့နေရ၏။ သူတို့သည် ရွေးချယ်စရာ မရှိပဲ လေဟာနယ် လမ်းကြောင်းများမှတဆင့်၊ နတ်ဘုရား နယ်မြေကို လာရကာ မိုးကြိုးကပ်ဘေးကို ကျော်လွှားရခြင်း ဖြစ်သည်။

ဒါသည်လည်း နတ်ဘုရား နယ်မြေမှ
မဟာအင်အားစုများသည်၊
ရှေးဟောင်းယွင်ထန်းကမ္ဘာကို
လွှမ်းမိုးထားနိုင်သော အဓိက အကြောင်းရင်း
တစ်ရပ်ဖြစ်သည်။

ထို့ကြောင့် ရှေးဟောင်းယွင်ထန်း ကမ္ဘာတွင်
အခြေတည်ဝိညာဉ် အဆင့်မှ
ကျင့်ကြံသူများ၏ အရေအတွက်မှာ
အလွန်နည်း၏။ မည်သည့် မိသားစုမှ
ဖြစ်စေကာမူ၊ အခြေတည်ဝိညာဉ် အဆင့်မှ

ကျင့်ကြံသူ တစ်ယောက်၏ ဆုံးရှုံးမှုမှာ
ကြီးမားသည့် ဆုံးရှုံးမှု ဖြစ်သည်။

ယန်မိသားစု အနေဖြင့် ဒါသည်
လော်ချင်းဝူနှင့် ကျွင်းကျိနင်တို့အား
လိုက်လံစောင့်ရှောက်သည့်
အခြေတည်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ
လော်ချီအား လုပ်ကြံသတ်ဖြတ်ရန်
အခွင့်ကောင်း ဖြစ်သည်။

သို့သော် လော်ချင်းဝူသည်လည်း
အဓိကပစ်မှတ် တစ်ခုဖြစ်၏။

"ဒါက ရှေးဟောင်းယွင်ထန်း ကမ္ဘာမှာ အတော်များများ သိနေကြတဲ့ ကိစ္စတစ်ခုပဲ၊ ငါက ပြောလိုက်ရင် ကောင်းမလား မသိဘူး" ကျွင်းကျိနင်သည် အချိန်အနည်းငယ်မျှ ချီတုံချတုံ ဖြစ်နေပြီးမှ ပြောလိုက်သည်။

"သူတို့က လော်မိသားစုရဲ့ နံပါတ်ခြောက် ဂရန်းမာစတာကို သတ်ချင်တဲ့ အပြင်၊ ဒီအခွင့်အရေးကို တစ်ခါတည်း အသုံးချပြီး ချင်းဝူကိုပါ အပြတ်ရှင်းပစ်ချင်နေတယ်။ သူမက မွေးရာပါ ပါရမီရှင် တစ်ယောက်ဖြစ်တယ်။ သူမ စမွေးလာကတည်းက သူမမှာ

ကောင်းကင်ယင် စိတ်ဝိညာဉ် ပုလဲ ပါလာခဲ့တယ်"

လင်းဖုန်းသည် သိချင်စိတ် ပြင်းပြသွားခဲ့သည်။ "အိုး၊ ကောင်းကင်ယင် စိတ်ဝိညာဉ် ပုလဲ!"

စနစ်ကြီးအား စစ်ဆေးလိုက်အပြီးတွင် လင်းဖုန်းသည် ကောင်းကင်ယင် စိတ်ဝိညာဉ် ပုလဲဆိုသည်မှာ၊ ရှောင်ပုတန်၏ အန္တိမ စိတ်ဝိညာ တာဝါကဲ့သို့ပင် ဖြစ်မှန်းကို သိလိုက်ရ၏။ သူသည် ကောင်းကင်ဘုံမှ မွေးဖွားလာခဲ့ပြီး၊ လူတစ်ယောက်၏

ခန္ဓာကိုယ်တွင် မွေးရာပါ ပါလာနိုင်သော စိတ်ဝိညာဉ် အိုင်တမ်တစ်ခု ဖြစ်သည်။

ထိုပုလဲသည် ပိုင်ရှင်၏ ပတ်ဝန်းကျင်တွင် အသန့်စင်ဆုံး ရွှမ်းယင်လေထုကို စုဆောင်းပေးနိုင်ကာ၊ ပိုင်ရှင်အား အားဖြည့်ပေးနိုင်၏။ သူသည် ပိုင်ရှင်အား ယင်အနွယ်ဝင် မှော်ကျိန်စာများကို သာမန်လူများထက် ပို၍ အလွယ်တကူ လေ့ကျင့်စေနိုင်၏။ သူသည် ယင်အမျိုးအစား တာအိုနည်းစနစ်များကို လေ့ကျင့်ရာတွင်၊ သန့်စင်သော ယင်ခန္ဓာကိုယ် ပြီးလျှင် ဒုတိယ အစွမ်းအထက်ဆုံးသော ပစ္စည်းတစ်ခု ဖြစ်၏။

ကောင်းကင်ယင် စိတ်ဝိညာဉ် ပုလဲအား ပိုင်ဆိုင်ထားသူသည်၊ ရှောင်ပုတန်၏ အန္တိမ စိတ်ဝိညာဉ် တာဝါကဲ့သို့ ပိုင်ရှင်အား အခြေခံအုတ်မြစ် အလယ်အလတ် အဆင့်နှင့် မွေးဖွားလာခြင်း မဟုတ်သော်လည်း၊ သူသည် အနာဂတ်တွင် စိတ်ဝိညာဉ် တာဝါအား ထူထောင်ရာတွင် ထိုပုလဲအား အခြေခံအဖြစ် အသုံးချကာ အော်ရာပင်လယ်ကို ဖန်ဆင်းနိုင်သည်။ ပထမအဆင့် စိတ်ဝိညာဉ် တာဝါအား ဖန်ဆင်းနိုင်မည်မှာ၊ တစ်ရာရာခိုင်နှုန်း အသေအချာပင် ဖြစ်သည်။

အတိတ်က ရှမ်းယင်လေထုအား
စုဆောင်းခဲ့မှုများနှင့်၊ ပိုင်ရှင်၏
စိတ်စွမ်းအားနှင့် သဘောပေါက်
နားလည်နိုင်စွမ်းတို့နှင့်သာဆိုလျှင်၊ အန္တိမ
စိတ်ဝိညာဉ် တာဝါကိုပင် ဖော်ဆောင်နိုင်မည်
ဖြစ်သည်။

ထိုကဲ့သို့သော အရိုးအရင်းမြစ်သည်
မယုံနိုင်ဖွယ်ဖြစ်၏။

တစ်ရာရာခိုင်နှုန်း ပထမအဆင့် စိတ်ဝိညာဉ်
တာဝါအား ဖန်ဆင်းနိုင်ခြင်းသည်၊
တစ်ရာရာခိုင်နှုန်း ပထမအဆင့် လုံခွက်ကို

ဖော်ဆောင်နိုင်မည်ဟု ဆိုလိုခြင်းဖြစ်သည်။ အနာဂတ်တွင် အကြီးအကဲများ၏ ထောက်ပံ့မှုနှင့်ဆိုလျှင်၊ အမှားအယွင်း တစ်စုံတစ်ရာ မရှိခဲ့လျှင်၊ ခရမ်းရောင် ဆေးလုံးကို ဖန်ဆင်းနိုင်မည်မှာ သေချာနေ၏။

ခရမ်းရောင် ဆေးလုံးအား ဖန်ဆင်းနိုင်ခြင်း၏ နောက်ပိုင်းတွင်၊ ယင်မီးတောက်နှင့် ယင်လေပြင်းတို့၏ ကပ်ဘေးများ၊ ဟင်းလင်းပြင် မိုးကြိုးကပ်ဘေးများနှင့် ကြုံရမည်ဖြစ်သည်။ အကယ်၍ တစ်ယောက်၏ စိတ်စွမ်းအားနှင့် သဘောပေါက် နားလည်နိုင်စွမ်းတို့ကသာ

ကျင့်ကြံမှုနောက်ကို လိုက်နိုင်၍၊
အကြီးအကဲများ၏ အထောက်အပံ့နှင့်ဆိုလျှင်၊
လော်ချင်းဝူသည် အခြေတည်ဝိညာဉ်
အဆင့်သို့ ရောက်ရှိနိုင်မည် ဖြစ်သည်။

အခြေခံအုတ်မြစ်က ခိုင်မာလေလေ၊
အနာဂတ်တွင် လျှောက်ရမည့် ခရီးလမ်းက
ချောမွေ့လေလေ ဖြစ်မည်။ လော်ချင်းဝူ၏
ပင်ကိုစွမ်းရည်နှင့် ဆိုလျှင်၊ သူမသည်
လော်မိသားစု၏ အရေးတယူ ပြုခြင်းကို
ခံရမည် ဖြစ်၏။ သူမ၏ ခြေလှမ်းတိုင်းသည်
တည်ငြိမ်နေမည် ဖြစ်ကာ၊ အခြေတည်ဝိညာဉ်
အဆင့်သို့ ရောက်ရှိပြီးလျှင်ပင်၊ သူမတွင်

မဖော်ထုတ်ရသေးသော အလားအလာများစွာ ကျန်ဦးမည် ဖြစ်သည်။

သူမသည် မိန်းကလေး တစ်ယောက်သာ ဖြစ်သော်လည်း၊ သူမသည် စောစောစီးစီးသာ မသေခဲ့လျှင် လော်မိသားစု၏ အနာဂတ် ထောက်တိုင်ဖြစ်လာမည်မှာ သေချာနေ၏။

ထို့ကြောင့်ပင် ယန်မိသားစုသည် သူမအား သတ်နိုင်သော အခွင့်အရေးကိုသာ ရရှိခဲ့ပါက၊ လက်လွှတ်ခံမည် မဟုတ်ချေ။

လင်းဖုန်းသည် သူ၏ခေါင်းကို အတန်ငယ်ညိတ်လိုက်ကာ၊ တစ်စုံတစ်ခုအား ရုတ်တရက် စဉ်းစားမိလိုက်သည်။ သူသည် ကျွမ်းကျိနင်အား အမှုမထားသလိုနှင့် မေးလိုက်၏။ "အခြေတည်ဝိညာဉ် အဆင့်က ကျင့်ကြံသူ တစ်ယောက်ရဲ့ တိုက်ခိုက်မှုအောက်ကနေ အသက်ရှင် နေနိုင်တဲ့အတွက်၊ သူမရဲ့ ကျင့်ကြံမှု အဆင့်က ဘယ်လောက်များလဲ"

ကျွင်းကျိနင်သည် စိုးရိမ်ပူပန်နေခဲ့ကာ လင်းဖုန်းသည် သူမအား ကယ်တင်နိုင်ဖို့ရန် ဆုတောင်းနေခဲ့သည်။ လင်းဖုန်းသည်

သူမအား ဘာမေးမေး၊ သူမသည် မဆိုင်းမတွ ပြန်ဖြေလိုက်သည်။ "သူမက အခုအချိန်မှာ ၉နှစ်သာ ရှိသေးပြီး၊ သူမက ချီသာဝက အဆင့်၈ကို ရောက်နေပါပြီ"

လင်းဖုန်းက ဆက်မေးလိုက်သည်။ "သူမ စတင်ကျင့်ကြံတာ အချိန်ဘယ်လောက် ကြာပြီးလဲ၊ မင်းကရော"

ကျွင်းကျိနင်သည် လင်းဖုန်းအား နားမလည်နိုင်သလို ကြည့်လိုက်သော်လည်း၊ အမှန်အတိုင်းပင် ပြန်ဖြေလိုက်၏။ "သူမ စတင်ကျင့်ကြံတာ ၂နှစ် ရှိပါပြီ။

ကျွန်မကတော့ နည်းနည်းနောက်ကျတယ်။
ကျွန်မက ၃နှစ်ပဲ ရှိသေးတယ်"

လင်းဖုန်းသည် လျှင်မြန်စွာဖြင့် တွက်ချက်လိုက်သည်။ လော်ချင်းဝူ၏ အခြားအချက်အလက်များသည်၊ သူမ၏ အရိုးအရင်းမြစ်နှင့် သိပ်ကွာလိမ့်မည် မဟုတ်ဟု ပြောနိုင်ခဲ့သည်။

ဒါသည် တန်းတူနှိုင်းယှဥ်လိုက်ခြင်းအားဖြင့် သိနိုင်ပေသည်။ ရှောင်ယန်သည် ၈နှစ်မှစတင်၍ ကျင့်ကြံခဲ့သည်။ ၁၂နှစ်တွင် သူသည် ချီသာဝက နောက်ဆုံးအဆင့်သို့

ရောက်ခဲ့၍၊ ရုတ်ရုတ်သဲသဲ ဖြစ်စေနိုင်ခဲ့သည်။
ဟင်းလင်းပြင် ဘုရားကျောင်း၏
မျက်စိကျခြင်းကိုပင် ခံခဲ့ရ၏။

ကျွင်းကျိနင်သည် ချီသာဝက အဆင့်၁၁တွင်
ရောက်နေခဲ့ပြီ ဖြစ်သည်။ ၃နှစ်အတွင်းတွင်
ထိုအဆင့်သို့ ရောက်နိုင်ခြင်းသည်
ရှောင်ယန်နှင့် သိပ်မကွာချေ။

သူမသည် ရှောင်ယန်လောက် ပင်ကိုစွမ်းရည်
မထက်မြက်သော်လည်း၊ သူမ ရရှိခဲ့သော
အရင်းအမြစ် ပစ္စည်းများနှင့် ကျင့်ကြံသော
တာအိုနည်းစနစ်များသည် ရှောင်ယန်ထက်

များစွာသာပေသည်။ ထို့ကြောင့် သူတို့၏ အမြန်နှုန်းများသည် တူညီနေကြခြင်း ဖြစ်သည်။

အကယ်၍ ပစ္စည်း အထောက်အပံ့ခြင်းသာ ကွာခြားခဲ့လျှင်၊ ကွာခြားမှုကလည်း ကြီးမားမည် ဖြစ်သည်။ ရှောင်ကျန်းအာသည် ထိုအသက်တွင် အခြေခံအုတ်မြစ် အဆင့်သို့ ရောက်ရှိနေခဲ့ပြီး ဖြစ်သည်။

လော်ချင်းဝူအနေနှင့်မူ သူမသည် ချီသာဝက အဆင့်၈သို့ ၂နှစ်အတွင်း ရောက်ခဲ့ခြင်းမှာ၊

ကျွင်းကျိနင်နှင့် ရှောင်ယန်တို့ထက်
အနည်းငယ် ပိုမြန်ပေသည်။

ကျွင်းကျိနင်၏ လေသံအရ လင်းဖုန်းသည်၊
သူမသည် ကျွင်းမိသားစုတွင်
အလွန်အရေးပေး ခံရသူဟု ပြောနိုင်ခဲ့သည်။
သူမသည် ခရမ်းရောင် တိမ်တိုက်ဂိုဏ်းသို့ပင်
တစ်နှစ်လေ့ကျင့်ရန် အပို့ဆောင်
ခံထားရသည်။ ထို့ကြောင့် သူမရရှိသော
အရင်းအမြစ် ပစ္စည်းများမှာ၊ လော်ချင်းဝူနှင့်
မတိမ်းမယိမ်းပင် ဖြစ်ပေလိမ့်မည်။

ထိုသို့ တွက်ဆလိုက်လျှင်၊ လော်ချင်းဝူ၏ ပင်ကိုစွမ်းရည်သည် ကျွင်းကျိနင်ထက် ပိုသာပေမည်။

ကျွင်းကျိနင်၏ အချက်အလက် လေးခုပေါင်း တန်ဖိုးသည် ၂၈ဖြစ်၏။ လော်ချင်းဝူ၏ အချက်အလက် တန်ဖိုးများသည် ထို့ထက်ပင် မြင့်ဦးမည် ဖြစ်သည်။

"၃ဂကိုများ ရောက်နိုင်မလား" လင်းဖုန်းသည် သူ၏စိတ်ထဲမှ တွေးနေခဲ့၏။ အကယ်၍ ၃ဂသို့သာ ရောက်နိုင်ခဲ့လျှင်၊ သူ၏

လက်ရင်းတပည့်ဖြစ်ရန် အရည်အချင်း
ပြည့်မှီမည် ဖြစ်သည်။

အမှတ်၃၀ရရန် လွန်စွာခက်ခဲပြီး၊
လူထူးလူဆန်းများသာ ရနိုင်ကြသည်။
ပါရမီရှင်လေးများ စုဝေးနေကြသည့်
ဟင်းလင်းပြင် ဘုရားကျောင်းတွင်ပင်၊
ထိုသူများမှာ ရှားပါးပစ္စည်းများ ဖြစ်ကြ၏။

သာမန်ဂိုဏ်း သို့မဟုတ် မိသားစု တစ်ခုတွင်၊
တစ်စုံတစ်ယောက်ကသာ ထိုအဆင့်သို့
ရောက်နိုင်ပါက၊ သူသည် သူ့ဂိုဏ်း၏
အနာဂတ်ထောက်တိုင် ဖြစ်လာမည်

ဖြစ်သည်။ သူတို့သည် ထူးကဲစွာ တိုးတက်လာနိုင်ပြီး၊ သူတို့ဂိုဏ်းအား အဆင့် နောက်တစ်ဆင့်သို့ပင် မြှင့်တင်ပေးနိုင်သည်။

ထိုအချိန်တွင် လင်းဖုန်းသည် ဆုံးဖြတ်ချက် ချလိုက်သည်။ သူသည် ထိုသူအား လွယ်လွယ်နှင့် လက်လွှတ်ခံမည် မဟုတ်ချေ။ ထို့အပြင် သူမသည် ယခုအချိန်တွင် ဒုက္ခရောက်နေ၏။ ဒီထက်ကောင်းသော အခွင့်အရေးလည်း ရှိတော့မည် မဟုတ်ပေ။

သို့သော်လည်း သူမသည် ကျင့်ကြံမှု ကမ္ဘာတွင် မိသားစုကြီး တစ်ခုဖြစ်သည့်

လော်မိသားစုမှ ဖြစ်သည်။ သူမသည် ငယ်စဉ်ကတည်းမှ အလိုလိုက်ခြင်း ခံထားရသူလည်း ဖြစ်သည်။ ထို့ကြောင့် သူမသည် သူမ၏ မိသားစုနှင့် လွယ်လွယ်ကူကူ ခွဲခွာနိုင်မည်တော့ မဟုတ်ချေ။ သူသည် သူမအား တပည့်အဖြစ် လက်ခံနိုင်လျှင်ပင်၊ သူမအား သူ့အနားတွင် ခေါ်ထားရန် ခက်ခဲမည် ဖြစ်သည်။

အကယ်၍ တစ်စုံတစ်ယောက်သည် လော်မိသားစုမှတဆင့်၊ သူမအပေါ်တွင် လွှမ်းမိုးနိုင်ပါက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းအတွက်

အကျိုးယုတ်စေမည် ဖြစ်၏။ လင်းဖုန်းသည် ကိုယ့်ခြေထောက်ကိုကိုယ် သေနတ်ဖြင့် ပြန်ပစ်သကဲ့သို့ ဖြစ်သွားပေမည်။

လင်းဖုန်းသည် သူမအား အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းအတွက်၊ သူမ၏ မိသားစုအား သစ္စာဖောက်ရန် အတွက်လည်း တောင်းဆိုချင်စိတ် မရှိပေ။ သို့သော်လည်း သူမအား အနည်းဆုံးတော့ နှစ်ဦးနှစ်ဘက် စလုံးပေါ်တွင် တူညီမျှတသော သဘောထားတော့ ရှိစေချင်သည်။

"စီစဉ်ရမယ့် ကိစ္စတွေ အများကြီး
ရှိသေးတယ်" လင်းဖုန်းက တွေးလိုက်သည်။
"သူမကို အရင်တွေ့ပြီးမှပဲ၊ အခြေအနေကို
ကြည့်ပြီးမှ ဆုံးဖြတ်ချက်တွေ ထပ်ချရမယ်"

ကျွင်းကျိနင်သည် သူမ၏ ကံကြမ္မာကို
စောင့်ဆိုင်းနေသည့်အတိုင်း၊ လင်းဖုန်းအား
စိတ်မသက်မသာဖြင့် ကြည့်နေခဲ့သည်။
သူ့အား စိတ်အနှောင့်အယှက်
ဖြစ်သွားမည်ကိုလည်း စိုးသည့်အတွက်၊
သူ့အား ထပ်ပြီးမှ လောခြင်း၊
အသနားခံခြင်းတို့ကိုလည်း မလုပ်ရဲခဲ့ပေ။

"တကယ်လို့ မဖြစ်နိုင်ရင်လည်း၊ ခရမ်းရောင် တိမ်တိုက်ဂိုဏ်းက အကြီးအကဲတွေကို ဆက်သွယ်ရမယ်။ ဒါပေမဲ့ အချိန်မမီမှာကိုလည်း စိုးရိမ်ရတယ်"

ကျွင်းကျိနင်သည် တွေးတောနေဆဲတွင်ပင်၊ လင်းဖုန်းက သူမအား လှည့်ကြည့်လိုက်သည်။ "ထားလိုက်ပါတော့၊ ငါတို့က ကံဆိုးလို့ တွေ့ခဲ့ရတာဆိုတော့၊ မင်းကို ကူညီလိုက်ပါ့မယ်"

ကျွင်းကျိနင်သည် ဝမ်းမြောက်သွားခဲ့ကာ၊ သူမတို့၏ ဆုံမှတ်ကို ပြောပြမည်ဟု

ဟန်ပြင်လိုက်သည်။ လင်းဖုန်းသည်
ရယ်လိုက်ကာ သူ၏ခေါင်းအား ခါလိုက်သည်။
"ပြောပြဖို့ မလိုပါဘူး"

သူသည် သူ၏ သဘာဝလွန် အသိစိတ်အား
အစွမ်းကုန် ဖြန့်ကြက်လိုက်ကာ၊
အချိန်ကာလနှင့် လေဟာနယ်တို့ကို
ကျော်ဖြတ်၍ ခွန်းလွန်တောင်တန်း
တစ်ခုလုံးအား စစ်ဆေးလိုက်သည်။

နေရာ အတော်များများကို
ရှာဖွေပြီးသော်လည်း၊ သူသည်
တစ်စုံတစ်ခုကိုမှ မတွေ့ရှိရချေ။ ထို့နောက်

သူသည် ယုကျင်းတောင်ကို ထိန်းချုပ်လိုက်၍ အချိန်ကာလနှင့် လေဟာနယ်တို့အား ရွှေ့ပြောင်းလိုက်ကာ၊ အသေးစိတ် ရှာဖွေလိုက်၏။ နေရာအချို့အား စစ်ဆေးပြီးသွားသောအခါ၊ သူသည် တစ်စုံတစ်ခုကို ရှာဖွေ့တွေ့ရှိခဲ့သည်။

ဒါသည် ဒဏ်ရာ အပြင်းအထန် ရရှိထားသော အခြေတည် ဝိညာဥ် အဆင့်မှ ကျင့်ကြံသူ တစ်ယောက်က၊ အနီရောင် ဝတ်ဆင်ထားသော မိန်းကလေး တစ်ယောက်အား သယ်ဆောင်ထား၍၊ ပင်ပန်းကြီးစွာ လှုပ်ရှားနေခဲ့ခြင်း ဖြစ်သည်။

လင်းဖုန်းသည် လျှမ်ကန်းနှင့်
ချူးယန်တို့သည်လည်း ဤနေရာတွင်
ရှိနေခြင်းကြောင့် အတန်ငယ်
အံ့သြသွားခဲ့သည်။ ယုကျင်းတောင်သို့
လာစဥ်ကနှင့်စာလျှင်၊ လျှမ်ကန်း၏ အဖွဲ့သား
အင်အားပိုတောင့်နေခဲ့သည်။

သူတို့သည် ထိုအချိန်တွင် အနားယူနေကြပြီး၊
ချူးယန်သည် အကြောင်းအရာ တစ်ခုကြောင့်
ပင်မအုပ်စုမှ ခွဲထွက်လာခဲ့၍၊ တစ်စုံတစ်ခုအား
စိုးရိမ်ပူပန်စွာနှင့် ရှာဖွေနေခဲ့သည်။

# စာစဥ် ၂၁ : အပိုင်း ၅

## အပိုင်း ၃၇၅ : တာဝန်မဲ့သော ကလေးနှစ်သက်သူ

လင်းဖုန်းသည် သူ၏ သဘာဝလွန် အသိစိတ်ကို အသုံးပြု၍ ဘေးပတ်ဝန်းကျင်အား ရှာဖွေနေခဲ့ရာ၊ အနီရောင် ဝတ်စုံနှင့် ကောင်မလေး တစ်ယောက်သည် အပြင်းအထန် ဒဏ်ရာရထားခဲ့သည်ကို တွေ့လိုက်ရ၏။

သူသည် ထိုကောင်မလေးက လော်ချင်းဝူ
ဖြစ်မှန်းကို သိလိုက်ရ၏။ လင်းဖုန်းသည်
သူမ၏ ခန္ဓာကိုယ် အတွင်းတွင်
ကောင်းကင်ယင် စိတ်ဝိညာဥ် ပုလဲအား
အာရုံခံနိုင်ခဲ့သည်။

ပြီးတော့ ထိုပုလဲသည် ကွဲကြေလုနီးနီး
ဖြစ်နေခဲ့၍၊ လင်းဖုန်းအား
စိုးရိမ်ပူပန်စေခဲ့သည်။ ပုလဲ၏
မျက်နှာပြင်ပေါ်တွင် အက်ကွဲကြောင်းများနှင့်
ပြည့်နေ၍၊ အရောင်မှာ အတန်ပင်
မှေးမှိန်နေခဲ့သည်။ သူ၏ အတွင်းမှ

ရွှမ်းယင်စိတ်ဝိညာဉ် စွမ်းအင်များကလည်း လွင့်ပြယ်လုနီးပါး ဖြစ်နေခဲ့၏။

ထို့အပြင် ပျက်စီးလုနီးပါး ဖြစ်နေခဲ့သော ပုလဲကြောင့်၊ လော်ချင်းဝူ၏ မှော်စွမ်းအင် များသည်လည်း တဖြည်းဖြည်း ယိုစိမ့်နေခဲ့သည်။

"ကြည့်ရတာ ဒီကောင်းကင်ယင် စိတ်ဝိညာဉ် ပုလဲရဲ့ အစွမ်းကြောင့်နဲ့တူတယ်။ ဒါက သူမကို ယန်ရှူရဲ့ စွမ်းအင်တွေကို ခုခံဖို့ အကူအညီ ပေးထားတာ၊ မဟုတ်လို့ရှိရင် သူမက ဒီအချိန်မှာဆိုရင် သေနေလောက်ပြီ"

လင်းဖုန်းသည် သက်ပြင်းတစ်ချက် ချလိုက်ကာ၊ သူ၏ စွမ်းရည်စိစစ်သော ကိရိယာကို ထုတ်ယူလိုက်၍၊ လော်ချင်းဝူ၏ အချက်အလက် လေးမျိုးအား စစ်ဆေးလိုက်သည်။

"အရိုးအရင်းမြစ် - ၉၊ သဘောပေါက် နားလည်နိုင်စွမ်း - ၈၊ စိတ်စွမ်းအား - ၇၊ ကောင်းချီးမင်္ဂလာ - ၆"

လင်းဖုန်းသည် သူ၏ခေါင်းအား ညိတ်လိုက်သည်။ "ထင်ထားတဲ့ အတိုင်းပဲ၊ စုစုပေါင်း ၃၀ရှိတယ်။ တကယ်လို့ သူမက

ကပ်ဆိုးဘေးဆိုးနဲ့ မတွေ့ရဘူးဆိုရင်၊ သူမက တော်တော် ထူးချွန်ပြောင်မြောက်တဲ့သူ ဖြစ်လာမှာပဲ။ စိတ်မကောင်းစရာ ကောင်းတာက၊ အသက်ရှင်နေတဲ့ ပါရမီရှင် တစ်ယောက်ကသာ သူ့ရဲ့ အလားအလာတွေကို အသုံးချနိုင်ပြီး၊ တကယ့်စွမ်းအားရှင်တစ်ယောက် ဖြစ်လာနိုင်မှာ ဖြစ်တယ်"

သူ၏ စွမ်းရည်စိစစ်သော ကိရိယာ အပေါ်တွင်၊ လော်ချင်းဝူ၏ အရိုးအရင်းမြစ်သည် အဆက်မပြတ် မှိတ်လိုက်လင်းလိုက် ဖြစ်နေခဲ့သည်။ ခဏအကြာတွင် ၅မှတ်

ဖြစ်သွားလိုက်၊ ခဏအကြာတွင်
ဇွမှတ်ဖြစ်သွားလိုက် ဖြစ်နေခဲ့၏။

အကယ်၍သာ ကောင်းကင်ယင် စိတ်ဝိညာဉ်
ပုလဲကသာ ကြေမွသွားခဲ့လျှင်၊ လော်ချင်းဝူ၏
အရိုးအရင်းမြစ်မှာ သိသိသာသာ
ကျဆင်းသွားလိမ့်မည်ဟု လင်းဖုန်းက
သိနေခဲ့၏။

ဒါသည့် ရှောင်ပုတန်က အန္တိမ စိတ်ဝိညာဉ်
တာဝါအား အထုတ်ယူခံလိုက်ရခြင်းနှင့်
မတူညီပေ။ သူမရှိပဲနှင့် ရှောင်ပုတန်သည်
သူ၏ ကိုယ်ပိုင် ကျင့်ကြံမှုနှင့်ပင်၊ ပထမအဆင့်

စိတ်ဝိညာဥ်တာဝါအား ဖော်ဆောင်နိုင်ခဲ့သည်။ နောက်ပိုင်းတွင် ပထမအဆင့် လုံခွက်နှင့် ခရမ်းရောင် ဆေးလုံးကိုလည်း ဖော်ဆောင်နိုင်ခဲ့၏။

အန္တိမ စိတ်ဝိညာဥ် တာဝါ မရှိတော့သော်လည်း၊ ရှောင်ပုတန်၏ အရိုးအရင်းမြစ်မှာ မယုံနိုင်လောက်အောင် မြင့်မားပေသည်။

"ဒါပေမဲ့ ဒါက သူ့ရဲ့ ကံကြမ္မာပဲ ဖြစ်တယ်။ ဒီလိုကံကြမ္မာမျိုးကို လူအများကြီးက မရနိုင်ဘူး" လင်းဖုန်းသည် သူ၏ခေါင်းကို

ခါလိုက်ကာ၊ မျက်မှောင်ကြီးကို
ကြုတ်လိုက်သည်။ "တကယ်လို့ ဒါက
ရုပ်ခန္ဓာကိုယ် ထိခိုက်မှု၊ ဒါမှမဟုတ်
စိတ်ဝိညာဥ် ဒဏ်ရာဆိုရင်၊ ကုစားလို့
ဖြစ်နိုင်သေးတယ်။ ဒါပေမဲ့ အခုက ဒီပုလဲဟာ
ကွဲကြေလုနီးပါး ဖြစ်နေခဲ့ပြီ။ ဒီပြဿနာက
ကျော်လွှားဖို့ အမတန်မှ ခက်ခဲတာပဲ"

လော်ချင်းဝူနှင့် ဒဏ်ရာရထားသော
အခြေတည် ဝိညာဥ် အဆင့်မှ ဂရန်းမာစတာ
တစ်ယောက်အပြင်၊ လင်းဖုန်းသည်
လျှမ်ကန်း၏ အုပ်စုအတွင်းမှ ခွဲထွက်လာ၍၊

တစ်စုံတစ်ခုကို လိုက်ရှာနေသော ချူးယန်အား တွေ့လိုက်ရသည်။

ယခုချူးယန်မှာ ယုကျင်းတောင်ပေါ်တွင် တွေ့ခဲ့ရသော ချူးယန်နှင့် အတော်ပင် ကွဲပြားခြားနားပေသည်။

ယခင်က သူသည် အတွေ့အကြုံ မရှိသောပုံ ပေါက်နေခဲ့သော်လည်း၊ သူ၏ အကြည့်သည် ဘဝ၏ အတက်အကျ၊ အနိမ့်အမြင့် မျိုးစုံတို့အား ကြုံတွေ့ခဲ့ရပုံ ပေါက်နေခဲ့၏။ လင်းဖုန်းသည် သူ၏ မျက်လုံးအတွင်းသို့ စိုက်ကြည့်လိုက်သော အခါတွင်၊ သူသည်

ဘဝလောကဓံမျိုးစုံကို ခံစားခဲ့ပြီးသော
သူတစ်ယောက်နှင့် တူနေခဲ့၏။

သို့သော်လည်း ယခုချူးယန်သည်
အလွန်အမင်း စိတ်လှုပ်ရှားနေသည့်ပုံ
ပေါက်နေခဲ့သည်။ သူ၏ စိုးရိမ်ပူပန်နေသော
စိတ်အခြေအနေ အတွင်းမှ၊ မျှော်လင့်ချက်နှင့်
ပျော်ရွှင်မှု ရေးရေးလေးအား တွေ့နိုင်ပေသည်။

လင်းဖုန်းက သူသည် သူ့ကိုယ်သူ
အပြစ်တင်နေခဲ့၍၊ သူ၏ မျက်လုံးများတွင်
နောင်တနှင့် ဒေါသများ ရှိနေခဲ့သည်ကို
တွေ့နိုင်ခဲ့သည်။

ထိုကဲ့သို့သော် စိတ်အခြေအနေမျိုးနှင့် ချူးယန်၏ သတိလက်လွတ် ဖြစ်နေသော အမူအရာကို ကြည့်လိုက်ပြီး၊ လင်းဖုန်း၏ စိတ်အတွင်းတွင် သိချင်စိတ်များ ပြင်းပြလာခဲ့သည်။

သူသည် ယန်ချင်၏ နှုတ်ခမ်းမှ တစ်စုံတစ်ခုကို ရေရွတ်နေခဲ့သည်ကို တွေ့နေရသည်။ အသေအချာ နားထောင်ကြည့်လိုက်သော်၊ စကား အပိုင်းအစများ ဖြစ်နေသည်ကို တွေ့ခဲ့ရ၏။

"အန္တရာယ်ရှိလို့ မဖြစ်ဘူး.. အန္တရာယ်.. အန္တရာယ် လုံးဝရှိလို့ မဖြစ်ဘူး။ ချင်းဝူ၊ ချင်းဝူ၊ ချင်းဝူ..." ချူးယန်သည် တောင်ကြောတစ်လျှောက် လျှောက်သွားနေခဲ့ကာ၊ ကျီးကန်းတောင်းမှောက် လိုက်ကြည့်နေခဲ့၏။ "အစောပိုင်းက ငါတွေ့ခဲ့တဲ့ အနီရောင် အဝတ်စက၊ ရှေးဟောင်းယွင်ထန်း ကမ္ဘာ အတွင်းမှာပဲ တွေ့ရတဲ့ အမျိုးအစားဖြစ်တယ်"

"ဒါက သူမအကြိုက်ဆုံး အရောင်ပဲ၊ ငါက ဘယ်တော့မှမေ့မှာ မဟုတ်ဘူး!" ချူးယန်သည် ဤအချိန်တွင် အလွန်အမင်း

စိုးရိမ်လျှက်ရှိသည်။ "ချင်းဝူ၊ ချင်းဝူ၊ ငါ့ရဲ့ အချစ်တုံးလေး၊ မင်းကဘယ်မှာလဲ? မင်းက ပြဿနာနဲ့တွေ့လို့ မဖြစ်ဘူး!"

လင်းဖုန်းသည် အံ့ဩတုန်လှုပ်သွားခဲ့၏။

"သူက သူမကို ပြောနေတယ်လို့တော့ ငါ့ကိုမပြောနဲ့နော်!" လင်းဖုန်းသည် ကြက်သေသေသွားခဲ့ကာ၊ သူ၏ အကြည့်သည် ချူးယန်နှင့် လော်ချင်းဝူတို့ အကြားတွင် ခေါက်တုံ့ပြန်နေခဲ့သည်။

သူ၏ ဇနီးအား ရှာဖွေနေသည့်ပုံ ပေါက်နေခဲ့သော ချူးယန်အား ကြည့်လိုက်၍၊ အရွယ်မရောက်သေးသော ဝတ်ရုံနီ ကောင်မလေးကို ကြည့်လိုက်ကာ၊ လင်းဖုန်းသည် စိတ်မသက်မသာ ဖြစ်လာခဲ့သည်။

"မင်းရဲ့ပုံစံကို ကြည့်ရတာ မင်းက အသက်မကြီးသေးပေမဲ့၊ အရွယ်တော့ ရောက်နေပါပြီ။ လက်စသတ်တော့ မင်းက ကလေးလေးတွေကို သဘောကျတတ်တဲ့၊ ထူးခြားတဲ့ အန်ကယ်လေး ဖြစ်နေတာကိုး" လင်းဖုန်းသည် အသက်ပြင်းပြင်း ရှူလိုက်ကာ၊

ချူးယန်အားကြည့်၍ ပြောလိုက်သည်။
"မင်းမှာက ဒီလိုမျိုး အာသီသရှိခဲ့မှန်းကို
ငါကအစက မသိခဲ့ဘူး"

"သူမက အသက်သိပ်မကြီးသေးပေမဲ့၊ သူမက
ရှာမှရှားတဲ့ အလှပိုင်ရှင် ဖြစ်လာမယ်ဆိုတာကို
ငါက ပြောနိုင်ပါတယ်။ ဒါပေမဲ့ မင်းက
နည်းနည်းလေးတော့ တရားလွန်
ဖြစ်မနေဘူးလား?"

ချူးယန်သည် လင်းဖုန်းက သူ့အား
မေတ္တာပို့သနေမှန်းကို မသိရှာခဲ့ပေ။

သူသည် လျှမ်ကန်းတို့ အဖွဲ့နှင့် လိုက်ပါလာစဉ် အတွင်းတွင်၊ သူသည် တောင်ပေါ်တွင် အနီရောင်အကျီစ တစ်ခုအား တွေ့ခဲ့ရ၏။ ထိုအဝတ်စ သည် ရှေးဟောင်းယွင်ထန်း ကမ္ဘာတွင်သာ တွေ့နိုင်သည့် အရာတစ်ခု ဖြစ်မှန်းကို သိလိုက်ရ၍၊ သူသည် မိုးကြိုးအပစ်ခံရသည့်အတိုင်း ဖြစ်သွားခဲ့သည်။ ထို့အပြင် ထိုအရောင်သည် သူ့အသည်းလေး၏ အကြိုက်ဆုံးအရောင် ဖြစ်နေခဲ့သည်။

ယခုရက်ပိုင်း အတွင်းတွင်၊ သူသည် ညအိပ်ရာဝင်တိုင်း သူ၏ အနီရောင် နတ်သမီးလေးအား ထည့်မက်နေခဲ့သည်။

ချူးယန်အနေနှင့် ဒါသည် ပုံရိပ်ယောင်သာ ဖြစ်ပါစေဟု ဆုတောင်းနေခဲ့သော်လည်း၊ သူ၏ မသိစိတ်ထဲမှနေ၍ ဒါသည် အနာဂတ်တွင် ဖြစ်လာမည့် အဖြစ်မှန် ဖြစ်သည်ဟူ၍ သိနေခဲ့သည်။

"ဒါက ချင်းဝူပဲ ဖြစ်ရမယ်။ အချိန်နဲ့ နေရာတို့က ကိုက်ညီနေတယ်။ ငါက နေရာ အတိအကျကို မသိပေမဲ့၊ သူမက ငါနဲ့

အရမ်းနီးကပ်နေပြီလို့ ခံစားနေရတယ်။ ငါက သူမကို တွေ့အောင်ရှာပြီး၊ ရအောင် ကယ်တင်ရမယ်"

သူသည် ချူးယန်၏ စကားများကို ကြားလိုက်ရသောအခါ၊ လင်းဖုန်းသည် အံ့သြသွားခဲ့သည်။ "မဟုတ်သေးပါဘူး။ သူ့စကားတွေအရဆိုရင်၊ သူက ချင်းဝူက ဒဏ်ရာရနေတယ် ဆိုတာကို သိနေခဲ့တဲ့ပုံပဲ။ သူတို့က အရင်ကများ အချင်းချင်း တွေ့ဖူးကြသလား?"

လင်းဖုန်းသည် ချူးယန်အား အသေအချာ အကဲခတ်လိုက်ရာ၊ သူ၏ ခံစားချက်သည် အလွန်အမှန် စစ်မှန်နေ၍၊ ချင်းဝူနှင့် အလွန်အမင်း နီးကပ်သော ဆက်ဆံရေး ရှိနေတဲ့ပုံ ပေါက်နေခဲ့၏။

"ပြီးတော့ နောင်တတရားနဲ့အတူ၊ အတိတ်က အမှားတွေကို ပြန်ပြီးတော့ ပေးဆပ်လိုနေတဲ့ ပြင်းထန်တဲ့ ခံစားချက်တွေကိုလည်း တွေ့နေရတယ်" လင်းဖုန်းက တစိမ့်စိမ့် တွေးနေခဲ့သည်။ "လခွမ်းပဲ၊ သူက ကလေးငယ်တွေကို ကြိုက်တတ်တဲ့သူသာ

မကပဲ၊ အရင်က သူမကို နာကျင်အောင်
ပြုလုပ်ထားခဲ့ဖူးတာလား?"

"မင်းက အရွယ်မရောက်သေးတဲ့
ကလေးမလေးကို ကိုယ်ထိလက်ရောက်
ကျူးလွန်ပြီးတဲ့အပြင်၊ မင်းရဲ့
အပြုအမူတွေအတွက် တာဝန်မယူဘူး။
မင်းက လူရော ဟုတ်သေးရဲ့လား?"

လင်းဖုန်းသည် ချူးယန်အား
စိတ်ပျက်လက်ပျက်ဖြင့် ကြည့်လိုက်ကာ၊
သူ၏ အကြည့်အား လော်ချင်းဝူထံသို့
ရွှေ့လိုက်သည်။ သူသည် သူမအား

သနားသွားခဲ့ကာ၊ "အခုတလောမှာ ကလေးငယ်လေးတွေက ဒီလိုမျိုး အဖြစ်အပျက်တွေကို အများကြီး တွေ့ကြုံနေရတာပဲ"

"ကံကောင်းတာက မင်းက ဟိုတဏှာရူးရဲ့ စော်ကားတာကို မခံခဲ့ရတာပဲ၊ မဟုတ်လို့ရှိရင် မင်းက စိတ်ဒဏ်ရာပါ ရသွားနိုင်တယ်"

လင်းဖုန်းသည် သက်ပြင်းတစ်ချက် ချလိုက်ကာ၊ သူ၏လက်အား ဖော့ယမ်းလိုက်သည်။ ခရမ်းရောင် တိမ်တိုက်တစ်စသည် ကျဆင်းလာခဲ့ကာ၊

လော်ချင်းဝူနှင့် အခြေတည် ဝိညာဉ် အဆင့်မှ ဂရန်းမာစတာတို့အား ဖုံးလွှမ်းခဲ့လိုက်သည်။

လော်မိသားစုမှ နံပါတ်ခြောက် ဂရန်းမာစတာသည် အဖြူရောင် ဆံပင်ဖြင့် အကြီးအကဲဖြစ်သည်။ သူသည် ဒဏ်ရာရထားခဲ့သော်လည်း၊ သတိက အလွန်ကောင်းနေသေးသည်။ သူသည် လင်းဖုန်း မှော်စွမ်းအင်၏ အလွှမ်းခြုံကို ခံလိုက်ရသောအခါ၊ သူ၏ အခြေအနေမှာ သိပ်မကောင်းသော်လည်း ခုခံခဲ့ရန် ကြိုးစားလိုက်၏။

"ကျုပ်က အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ ခေါင်းဆောင်၊ လင်းဖုန်းဖြစ်ပါတယ်။ ကျုပ်က ကျွင်းကျိုနင်ရဲ့ အကူအညီ တောင်းခံချက်အရ၊ ခင်ဗျားတို့ကို လာကူညီတာ ဖြစ်ပါတယ်" လင်းဖုန်းသည် တိုးညင်းစွာနှင့် ပြောလိုက်သည်။

ထိုအကြီးအကဲသည် လင်းဖုန်း၏ နာမည်အား ကြားလိုက်ရအပြီးတွင်၊ ရုန်းကန်နေလည်း အချည်းနှီးပဲ ဆိုသည်ကို သိလိုက်ရပြီး၊ လော်ချင်းဝူကိုသာ တင်းကျပ်စွာနှင့် ထွေးပွေ့ထားခဲ့၍ ငြိမ်သက်သွားခဲ့သည်။

လင်းဖုန်းသည် သူတို့နှစ်ယောက်အား ခွဲခြားထားရန် ဆန္ဒမရှိခဲ့ပဲ၊ သူတို့အား ယုကျင်းတောင်ပေါ်သို့သာ ခေါ်ဆောင်သွားခဲ့သည်။

သူမထွက်သွားခင် သူသည် ချူးယန်ဘက်သို့ လှည့်ကြည့်လိုက်ကာ၊ သက်ပြင်းတစ်ချက်အား ချလိုက်သည်။ ပြီးတာနှင့် သူသည် မှော်စွမ်းအင်ကို စုစည်းလိုက်ကာ၊ မဟာသယ်ယူပို့ဆောင်ခြင်း အဆောင်လက်ဖွဲ့ တစ်ခုကို ရေးဆွဲလိုက်၍ ဖောက်ခွဲခဲ့လိုက်သည်။

ထိုကိစ္စများ ပြီးသည်နှင့်၊ လင်းဖုန်းသည် လေဟာနယ် အတွင်းသို့ ပျောက်ကွယ်သွားခဲ့လေသည်။

မဟာသယ်ယူပို့ဆောင်ခြင်း အဆောင်လက်ဖွဲ့အား အာရုံခံမိလိုက်၍၊ လျှမ်ကန်း၏ဘေးမှ အခြေတည် ဝိညာဉ် အဆင့် ကျင့်ကြံသူ တစ်ယောက်သည် ချက်ချင်း ရောက်လာခဲ့ကာ၊ ချူးယန်အား တွေ့လိုက်ရသည်။

ချူးယန်သည် စိတ်ကိုတည်ငြိမ်စွာ ထားလိုက်ကာ၊ ဓါတ်လမ်းတစ်ပုဒ်ဆင်၍

ပြောပြလိုက်သည်။ အခြေတည် ဝိညာဉ်
အဆင့်မှ ကျင့်ကြံသူကလည်း၊ သူ့အား
ထိုနေရာမှ ချက်ချင်းခေါ်သွားခဲ့၏။

"နောက်ဆုံးမှာတော့၊ ငါက သူမနဲ့ နဲနဲလေး
လွဲသွားတာပဲ" ချူးယန်သည်
နောင်တအနည်းငယ် ရနေခဲ့သည်။
သို့သော်လည်း သူသည် စိတ်သက်သာရာ
ရသွားခဲ့သည်။ "မဟာ သယ်ယူပို့ဆောင်ခြင်း
အဆောင်လက်ဖွဲ့ကို သုံးနိုင်သေးတဲ့အတွက်၊
သူမရဲ့ အခြေအနေက
ဒီလောက်မဆိုးသေးဘူးလို့ ယူဆရတယ်"

လော်ချင်းဝူသည် အမှန်တကယ်လည်း လုံခြုံသွားခဲ့ပြီ ဖြစ်သည်။ သူမသည် ဒဏ်ရာ အပြင်းအထန် ရရှိထားခဲ့သော်လည်း၊ လင်းဖုန်းသည် သူ၏ မှော်စွမ်းအင်ဖြင့် သူမအား ကာကွယ်ပေးထားသောကြောင့် အခုလောလောဆယ်တွင် စိုးရိမ်စရာ မလိုပေ။

လင်းဖုန်းအား ခေါင်းကိုက်စေသည့် အရာမှာ၊ သူမ၏ ခန္ဓာကိုယ် အတွင်းမှ ပျက်စီးနေသည့် ကောင်းကင်ယင် စိတ်ဝိညာဉ် ပုလဲပင် ဖြစ်၏။ သူသည် ပြန်ကောင်းအောင် လုပ်ဖို့ရာ၊ အတော့်ကို ခက်ခဲလှပေသည်။

ဒါသည် အက်ကွဲနေသော
ရွှေရောင်ဗဟိုချက်နှင့် မတူပေ။
ကောင်းကင်ယင် စိတ်ဝိညာဥ် ပုလဲသည်
ကောင်းကင်ဘုံမှ မွေးဖွားလာခဲ့ခြင်း ဖြစ်သည်။
ကောင်းကင်ဖာထေး နွယ်ပင်သည်
အနာအဆာများ အားလုံးတို့ကို
ဖာထေးနိုင်သော်လည်း၊ ကောင်းကင်ဘုံမှ
ပစ္စည်းတစ်ခု အပေါ်တွင် အသုံးပြု၍ မရချေ။

လင်းဖုန်းသည် ယုကျင်းတောင်ပေါ်တွင်
လော်ချင်းဝူနှင့် ကျွင်းကျိနင်တို့အား
ကယ်တင်ပေးခဲ့သည်ကို
ကြည့်လိုက်အပြီးတွင်၊ အဖြူရောင် ဆံပင်နှင့်

အကြီးအကဲသည် စိတ်သက်သာရာ ရသွားခဲ့၏။

သူစိတ်လျှော့လိုက်သည်နှင့် တပြိုင်နက်၊ သူဖိနှိပ်ထားခဲ့သော ဒဏ်ရာများသည် စတင်၍ ထကြွလာခဲ့သည်။ ကံကောင်းစွာနှင့်ပင် လင်းဖုန်းက သူ၏ဘေးတွင် ရှိနေခဲ့သည်။ လင်းဖုန်းသည် သူ၏ လက်ချောင်းများဖြင့် ခရမ်းရောင် တိမ်တိုက်များကို ဆင့်ခေါ်ခဲ့ကာ၊ ထိုအကြီးအကဲအား လွှမ်းခြုံလိုက်သည်။ ခရမ်းရောင်တိမ်တိုက် အတွင်းတွင် ကျောက်စိမ်း အလင်းတန်း တစ်ခုက လင်းလက်နေခဲ့၏။ ခရမ်းရောင်

တိမ်တိုက်များနှင့် မဟာလမင်း အကြွင်းမဲ့ရေတို့သည်၊ ထိုအကြီးအကဲ၏ အသွေးအသားနှင့် စိတ်ဝိညာဉ်တို့ကို ကုစားပေးနေခဲ့သည်။

ခဏအကြာတွင် ထိုအကြီးအကဲ၏ အခြေအနေမှာ တည်ငြိမ်သွားခဲ့၏။ သူသည် အခြေတည် ဝိညာဉ် အဆင့်တွင် ရှိနေခဲ့သော်လည်း၊ လုပ်ကြံခံခဲ့ရခြင်းနှင့် လော်ချင်းဝူအား စောင့်ရှောက်ခဲ့ရခြင်းတို့က၊ သူ၏ ခန္ဓာကိုယ်ကို အလွန်အမင်း အားနည်းစေခဲ့သည်။

ထိုအကြီးအကဲသည် လင်းဖုန်းအား ဦးညွှတ်လိုက်သည်။ "လော်မိသားစုက လော်ချီက အရှင့်ရဲ့ ကျေးဇူးတရားတွေကို မှတ်ထားပါ့မယ်"

လင်းဖုန်းသည် သူ၏လက်အား ဝှေ့ယမ်းလိုက်၏။ "အားနာနေစရာ မလိုပါဘူး"

လော်ချီသည် လော်ချင်းဝူအား စိုးရိမ်စွာနှင့် ကြည့်လိုက်ကာ မေးလိုက်သည်။ "မာစတာလင်း၊ ကျွန်တော့် မြေးမလေးရဲ့ အခြေအနေက ဘယ်လိုရှိသလဲ?"

လော်ချီတွင် မြေးယော်ကျားလေး တစ်ယောက်မှ မရှိချေ။ သူ၏ နောက်လာနောက်သားများအနက်၊ သူသည် လော်ချင်းဝူအား အချစ်ဆုံးဖြစ်သည်။

အမှန်အတိုင်းပြောရလျှင်၊ ယန်ရှူနှင့် အခြား အခြေတည် ဝိညာဥ် အဆင့်မှ ကျင့်ကြံသူ တစ်ယောက်တို့က ပူးပေါင်း၍ သူ့အား တိုက်ခိုက်မည် ဆိုလျှင်၊ လော်ချီသည် အနိုင်မတိုက်နိုင်သော်လည်း၊ ထွက်ပြေးမည်ဆိုလျှင် လွတ်မြောက်နိုင်မည် ဖြစ်သည်။

သို့သော်လည်း အခြေအနေများသည် လျှင်မြန်စွာနှင့် ဖြစ်ပေါ်လာခဲ့၏။ စတင်အလုပ်ကြံ ခံရချိန်တွင်၊ သူသည် လော်ချင်းဝူတို့ ကျွင်းကျိနင်တို့နှင့် အတူရှိမနေခဲ့ပေ။ မိန်းကလေး နှစ်ယောက်တို့အား ကယ်ဆယ်ရန်အတွက်၊ သူသည် သူ့ကိုယ်သူ ဒဏ်ရာအရခံလိုက်ရသည်။

သူက အန္တရာယ်မှ လွတ်မြောက်လာခဲ့သော အချိန်တွင်လည်း၊ သူပထမဆုံး စိုးရိမ်ပူပန်မှုမှာ လော်ချင်းဝူ၏ အခြေအနေပင် ဖြစ်သည်။

လင်းဖုန်းသည် သူ့အားကြည့်လိုက်ကာ၊ ကျွင်းကျိုနင်ကို ကြည့်လိုက်သည်။ ပြီးမှ ဖြည်းညင်းစွာဖြင့် ပြန်လည်ဖြေကြားလိုက်၏။ "သူမရဲ့ ခန္ဓာကိုယ်ရော စိတ်ဝိညာဉ်ပါ ဒဏ်ရာရထားခဲ့ပေမဲ့၊ ကျုပ်ရဲ့ ကုသချက်ကြောင့် ဘာပြဿနာမှ မရှိတော့ပါဘူး"

"ဒါပေမဲ့ သူမရဲ့ ခန္ဓာကိုယ် အတွင်းက ကောင်းကင်ယင် စိတ်ဝိညာဉ် ပုလဲကတော့ ကြေမွလုနီးပါး ဖြစ်နေပြီ"

ထိုစကားကို ကြားလိုက်ရသော်၊ လော်ချီနှင့် ကျွင်းကျိုနင်တို့သည် အံ့ဩတုန်လှုပ်သွားကြသည်။ လော်ချီသည် ထိတ်လန့်စွာနှင့် အော်လိုက်သည်။ သူသည် လင်းဖုန်းကိုပင် ဂရုမစိုက်နိုင်တော့ပဲ၊ လော်ချင်းဝူထံသို့ ပြေးသွားခဲ့ကာ သူမအား အလောတကြီး စစ်ဆေးခဲ့သည်။

လင်းဖုန်းသည် သူ၏မှော်စွမ်းအင်ကို ရုပ်သိမ်းလိုက်ပြီး၊ လော်ချီအား သူမအား စမ်းသပ်ခွင့် ပေးလိုက်သည်။ ခဏအကြာတွင် လော်ချီသည် တုန်လှုပ်နေသော အမူအရာဖြင့်

ရေရွတ်လိုက်သည်။ "အိုး၊ မကောင်းတော့ဘူး၊ ပုလဲက တကယ်ကိုပဲ ကြေမွတော့မယ်"

ကျွင်းကျိုနင်၏ နှုတ်ခမ်းအစုံသည် တုန်ခါလာခဲ့ကာ၊ သူမသည် မျက်ရည်ကျတော့မည့်ဆဲဆဲ ဖြစ်နေခဲ့သည်။

## စာစဥ် ၂၁ : အပိုင်း ၆

## အပိုင်း ၃၇၆ : ဖြေရှင်းနည်း

ကောင်းကင်ယင် စိတ်ဝိညာဉ် ပုလဲကို ဆုံးရှုံးရခြင်းသည်၊ လော်ချင်းဝူ အပေါ်တွင် မည်ကဲ့သို့ အကျိုးသက်ရောက်မှုများ ရှိနိုင်သည်ကို သိထားကြသဖြင့်၊ လော်ချီနှင့် ကျွင်းကျိနင်တို့ နှစ်ယောက်စလုံးတို့သည် လွန်စွာမှပင် စိတ်ဓာတ်များ ကျသွားကြသည်။

အထူးသဖြင့် ကျွင်းကျိနင်ဖြစ်၏။ သူမသည် သူမ၏ လက်များဖြင့် ခေါင်းကို ကိုင်ထားခဲ့ကာ၊ သူမ၏ ခေါင်းအတွင်းတွင် အသံတစ်ခုက မြည်ဟည်းနေခဲ့သည်။ "ချင်းဝူကို ဒီလိုမျိုး ဖြစ်စေခဲ့တာ ငါ့ကြောင့်ပဲ။ တကယ်လို့သာ သူမက ငါ့အနောက်ကို

မလိုက်ခဲ့ဘူးဆိုရင်၊ ဒီလိုမျိုး အဖြစ်ဆိုးနဲ့ ကြုံရမှ မဟုတ်ဘူး။ ကောင်းကင်ယင် စိတ်ဝိညာဉ် ပုလဲသာ မရှိတော့ဘူးဆိုရင်၊ ငါ့လိုမျိုး အခြေအနေ ရှိဦးပါ့တော့မလား"

လင်းဖုန်းသည် ကျွင်းကျိနင်နှင့် လော်ချီတို့၏ အမူအရာတို့အား ကြည့်လိုက်ကာ၊ သူတို့က မည်သည့်အတွက်ကြောင့် ဤကဲ့သို့ ဝမ်းနည်းနေရသည်ကို သိနေခဲ့သည်။

ကျင့်ကြံမှု မိသားစု တစ်ခု အတွင်းတွင်၊ တပည့်များသည် မိသားစု၏ အခြေအနေကိုလိုက်၍ အရင်းအမြစ်များ၊

အကျိုးအမြတ်များကို ခံစားနိုင်ပေသည်။
သို့သော်လည်း သူတို့သည်
တာဝန်များကိုလည်း ယူရမည် ဖြစ်သည်။
ဥပမာအားဖြင့် မိသားစုအား အကျိုးရှိနိုင်သော
လက်ထပ်မှုတစ်ခု ဖြစ်သည်။

ထိုကိစ္စအနေနှင့်ဆိုရလျှင် အမျိုးသားနှင့်
အမျိုးသမီး နှစ်ဘက်စလုံး အတူတူပင် ဖြစ်၏။
အမျိုးသားများ အနေနှင့် ရွေးချယ်မှု
လွတ်လပ်ခွင့် အနည်းငယ် ပိုများသော်လည်း၊
အကန့်အသတ်တော့ ရှိပေသည်။

စွမ်းအားသည်သာ အဓိကဖြစ်သည့် ကျင့်ကြံမှု ကမ္ဘာတွင်၊ တစ်ယောက်၏ စွမ်းအားက ပိုကြီးလေလေ၊ သူကပို၍ လွတ်လပ်စွာ ရွေးချယ်နိုင်လေလေ ဖြစ်သည်။

ဥပမာအားဖြင့် အကယ်၍ ရှောင်ယန်သည် ဝူကျိုးမြို့သို့ ပြန်သွားပါက၊ သူ့အား လက်ထပ်ရန် မည်သူကမှ ကမ်းလှမ်းရဲကြမည် မဟုတ်ချေ။

တစ်ယောက်သည် စွမ်းအားမပြည့်စုံသေးလျှင် ကိစ္စသိပ်မရှိပေ။ သို့သော်လည်း သူတို့သည် လုံလောက်သော အလားအလာများ ရှိခဲ့ပါက၊

တာဝန်ယူရပေမည်။ လော်ချင်းဝူသည် သူတို့အနက်မှ တစ်ယောက်ဖြစ်သည်။

သို့သော်လည်း ယခုအချိန်တွင် ကောင်းကင်ယင် စိတ်ဝိညာဉ် ပုလဲသည် ကြေမွတော့မည် ဖြစ်ပြီး၊ သူမ၏ ခေါင်းပေါ်မှ အလင်းတန်း စက်ဝိုင်းသည် ကွယ်ပျောက်တော့မည် ဖြစ်သည်။ ပြီးတော့လည်း သူမသည် သူမ ဘာဖြစ်တော့မည်ကိုလည်း သိထားခြင်း မရှိသေးပေ။

လော်ချီ၊ သူမ၏ မိဘနှစ်ပါးနှင့်
ဆွေမျိုးရင်းချာများက သူမအား
ချစ်မြတ်နိုးကြသေးမည် ဖြစ်သော်လည်း၊
သူမသည် ကျန်သော မိသားစုဝင်များ၏
ဖိအားကို ခံစားရမည် ဖြစ်သည်။

အခြားတစ်ဘက်တွင်မူ ဂိုဏ်းတစ်ခုတွင်
ထိုဖြစ်စဥ်မှာ ရှားသော်လည်း ရှိနိုင်သေးသည်။
မုယုံယန်ရန်သည် ဥပမာကောင်း
တစ်ခုဖြစ်၏။

လင်းဖုန်းသည် ထိုဓလေ့ထုံးစံအား
လက်မခံသလို၊ ကန့်လည်း မကန့်ကွက်ချေ။

ထိုကိစ္စတွင် မှန်သည်၊ မှားသည်ဟူ၍ မရှိချေ။
တစ်ယောက်သည် မည်သည့်ဘက်တွင်
ရပ်တည်သည် ဆိုသည့်အပေါ်တွင်သာ
မူတည်နေသည်။

သူသည် လော်ချင်းဝူ၏ ကောင်းကင်ယင်
စိတ်ဝိညာဉ် ပုလဲကို ပျက်စီးခြင်းမှ
ကာကွယ်နိုင်ရန်၊ မည်ကဲ့သို့ ပြုလုပ်နိုင်မည်ကို
တွေးတောနေခဲ့သည်။

လင်းဖုန်းသည် အလားအလာ
လွန်စွာကောင်းမွန်သည့်
တစ်စုံတစ်ယောက်က၊ ဤအတိုင်းပင် သူမ၏

စွမ်းရည်များကို ဆုံးရှုံးသွားရမည်ကို မလိုမလား ဖြစ်နေခဲ့၏။

"ကောင်းကင်ဖာထေး နွယ်ပင်နဲ့ မဟာလမင်း အကြွင်းမဲ့ရေတို့က အသုံးမဝင်ဘူး။ ခရမ်းရောင် တိမ်တိုက်တွေကတောင် ဘာမှလုပ်လို့မရဘူး" လင်းဖုန်းသည် စဥ်းစားရင်း စဥ်းစားရင်းနှင့်၊ အကြံတစ်ခု ရလာခဲ့သည်။ "စနစ်ကြီးရဲ့ အထဲမှာ အသုံးဝင်တာများ ရှိနေမလား?"

"အိုး၊ နေပါဦး၊ စနစ်.. စနစ်ကြီး!" လင်းဖုန်း၏ ခေါင်းအတွင်းတွင် အကြံတစ်ခုက

ပေါ်လာခဲ့၏။ "ငါကဒါကို ဘာဖြစ်လို့
မေ့နေရတာလဲ?"

လင်းဖုန်းသည် အလျားသုံးပေ၊
အထူတစ်ပေရှိသော မီးခိုးဖြူရောင်
စိတ်ဝိညာဉ် ကျောက်တုံးတစ်ခုအား
ထုတ်ယူလိုက်သည်။

ပြင်ပမှ ကြည့်ခဲ့လျှင်၊ သူသည်
သာမန်ပုံစံမျိုးသာ ဖြစ်၏။ အထဲတွင်လည်း
သန်မာသော စိတ်ဝိညာဉ်စွမ်းအင်
လှုပ်ရှားမှုမျိုးလည်း မရှိချေ။ သူ့ကို

ကြည့်ရသည်မှာ သာမန်ကျောက်တုံး
တစ်ခုအလား ထင်နေရ၏။

အမှန်အတိုင်း ပြောရလျှင်၊ ဒါသည်
လင်းဖုန်းက စနစ်ကြီးအတွင်းမှ ကံစမ်းမဲ
ပေါက်ထားသော မှော်ရတနာ သန္ဓေလောင်း
တစ်ခုဖြစ်သည်။ သူ့အား ဝိညာဉ်ဖန်ဆင်း
တံဆိပ်ဟုခေါ်သည်။

သူ၏ ပုံစံသည် လွန်စွာမှ ချောမွေ့လှ၍၊
အပြစ်အနာအဆာများ တစ်ခုမှ မရှိချေ။
ထို့အပြင် သူ၏ အပေါ်တွင် သင်္ကေတများ၊
မြေပုံများလည်း မရှိပေ။ ထိုမီးခိုးဖြူရောင်

ကျောက်တုံးမှနေ၍ ခရမ်းရောင် အလင်းတစ်ခု ပေါ်ထွက်နေခဲ့၏။ သူ့တွင် စိတ်ဝင်စားစရာ အချက်တစ်ခုမှ မရှိနေပေ။

သို့သော်လည်း တစ်ယောက်သည် သူ၏ သဘာဝလွန် အသိစိတ်ကို အသုံးပြု၍ ကြည့်လိုက်ပါမူ၊ သူသည် ထိုကျောက်တုံးအတွင်းမှ စကြာဝဠာကြီး တစ်ခုလုံးအား အားဖြည့်ပေးနိုင်သည့်၊ အဆုံးမဲ့ အသက်စွမ်းအင်များကို ခံစားရနိုင်ပေသည်။

ဒါသည် အသက်စွမ်းအင်၏ စွမ်းအား သဘောတရားများပင် ဖြစ်၏။

လင်းဖုန်းသည် ဝိညာဥ်ဖန်ဆင်း တံဆိပ်အား ကြည့်လိုက်၍၊ အတွေးနက်နေခဲ့သည်။ "ဒီအိုင်တမ်လေးရဲ့ သဘောတရားတွေက နောက်ဘဝရဲ့ ပုံရိပ်ရော၊ ဖန်ဆင်းခြင်းရဲ့ စွမ်းအားတွေပါ ပါနေခဲ့တယ်။ တကယ်လို့ငါက သူ့ရဲ့ အတွင်းစွမ်းအားတွေကို ထုတ်ယူနိုင်ခဲ့မယ်ဆိုရင်၊ လော်ချင်းဝူရဲ့ ကောင်းကင်ယင် စိတ်ဝိညာဥ် ပုလဲကို ကုစားနိုင်လိမ့်မယ်"

ပြဿနာမှာကား ထိုသန္တေလောင်း၏ ထူးခြားနက်နဲသည့်

အကျိုးသက်ရောက်မှုများမှာ၊ သူ့အား
မှော်ရတနာ တစ်ခုအဖြစ်
ဖန်ဆင်းပြီးသွားမှသာ ခံစားနိုင်မည် ဖြစ်သည်။

အချိန်အနည်းငယ် ကြာအောင်
တွေးလိုက်ပြီးနောက်၊ သူသည်
အဖြေရှာနိုင်ခဲ့သည်။

"ငါက အစက ဒီမှော်ရတနာကို အသုံးချပြီးမှ၊
ယင်-ယန် ဖန်ဆင်းခြင်းနဲ့ ယိုယွင်းခြင်း ဝက်ပါ
အတွင်းက၊ 'ရှင်ခြင်းနဲ့ သေခြင်းတို့ရဲ့
ပြောင်းလဲချက်' အထဲက ဗဟိုချက်
တစ်ခုအနေနဲ့ အသုံးပြုချင်နေတာ။

ကြည့်ရတာ အခုတော့ အစီအစဉ်
ပြောင်းမှရမယ် ထင်တယ်"

ငါက ဒါကို မှော်ရတနာအဖြစ် အောင်မြင်စွာ
မသန့်စင်နိုင်ပဲ၊ သူ့ရဲ့ အလားအလာတွေကို
အပြည့်အဝ အသုံးမချနိုင်ခဲ့ဘူး ဆိုရင်တောင်မှ၊
သူ့ရဲ့ အကျိုးသက်ရောက်မှုက အလွန်ကို
ကြီးမားလိမ့်မယ်"

လင်းဖုန်းသည် ချောင်ဝေထံမှ
အနိုင်ရလာသော ဝင်ရိုးစွန်းနှစ်ဘက်
နတ်ပန်းပွင့်အား၊ သူ၏ တပည့်များ ကျင့်ကြံဖို့
အတွက်သာ အသုံးပြုသည် မဟုတ်ပဲ၊

ဝိညာဉ်ဖန်ဆင်း တံဆိပ်အား ကျင့်ကြံရာတွင်
အသုံးပြုရန်လည်း အစီအစဉ်ဆွဲထားသည်။

ဝင်ရိုးစွန်းနှစ်ဘက် နတ်ပန်းပွင့်၏
အကူအညီနှင့်အတူ၊ ယင်-ယန် ဖန်ဆင်းခြင်းနဲ့
ယိုယွင်းခြင်း ဝက်ံပါမှ 'ရှင်ခြင်းနှင့်
သေခြင်းတို့၏ ပြောင်းလဲမှု'၏ စွမ်းအားဖြင့်၊
ဝိညာဉ်ဖန်ဆင်း တံဆိပ်မှ စွမ်းအား
တစ်စိတ်တစ်ဒေသကို ထုတ်ယူ၍
ဖြစ်နိုင်ပေသည်။

ထိုကဲ့သို့ လုပ်ဆောင်လိုက်လျှင်၊
လော်ချင်းဝူ၏ ပုလဲသည် တည်ငြိမ်လာနိုင်၍
ပြန်၍ ပြုပြင်၍ပင် ရနိုင်သည်။

အကယ်၍ ဝိညာဉ်ဖန်ဆင်း တံဆိပ်အား
မှော်ရတနာ တစ်ခုအဖြစ် ကျင့်ကြံနိုင်ခဲ့လျှင်၊
သူသည် ကောင်းကင်ယင် စိတ်ဝိညာဉ်
ပုလဲအား ပြန်လည်ပြုပြင်ရန် ယုံကြည်ချက်
အပြည့်ရှိမည် ဖြစ်၏။

သို့သော်လည်း ပြင်ဆင်မှုများ၊
လေ့ကျင့်မှုများစွာတို့ကို လုပ်ဆောင်ရဦးမည်

ဖြစ်သည်။ လော်ချင်းဝူသည်
စောင့်ဆိုင်းဖို့အတွက် အချိန် ရှိပါမည်လော။

လင်းဖုန်းနှင့် လော်ချီတို့၏
ပြုစုစောင့်ရှောက်မှုအောက်တွင်၊ သူမသည်
နိုးထလာနိုင်ခဲ့သည်။ သူမသည် လောချီနှင့်
ကျွင်းကျိနင်တို့အား တွေ့လိုက်ရသောအခါ၊
သူမ၏ နှုတ်ခမ်းများက တုန်ခါလာခဲ့၍
မျက်ရည်များ ကျလာခဲ့သည်။

"နံပါတ်ခြောက် ဂရန်းမာစတာ၊ မမကျိနင်.."

လော်ချီနှင့် ကျွင်းကျိနင်တို့သည် သူမကို ဝိုင်းရံလိုက်ကြသည်။ သူတို့သည် ရင်လေးနေကြသော်လည်း၊ အားတင်း၍ သူမအား ပြုံးပြလိုက်ကြ၏။

"ချင်းဝူ၊ ဒါက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ ခေါင်းဆောင်၊ မာစတာလင်း ဖြစ်တယ်။ သူက ငါတို့ကို ကူညီခဲ့တဲ့သူဖြစ်တယ်။ သူ့ကို မြန်မြန်ကျေးဇူးတင်လိုက်ပါ" လော်ချီသည် သူမ၏ အခြေအနေ တည်ငြိမ်လာသည်ကို တွေ့လိုက်ရသော်၊ သူမအား လင်းဖုန်းကို ကျေးဇူးတင်ခိုင်းလိုက်၏။

လင်းဖုန်း၏ ပြုစုကုသမှုအောက်တွင်၊ လော်ချင်းဝူ၏ ပြင်ပဒဏ်ရာများသည် ကောင်းမွန်လာခဲ့ပြီ ဖြစ်သည်။ သူမသည် မတ်တတ်ထရပ်လိုက်ကာ၊ လင်းဖုန်းအား ဦးညွှတ်လိုက်၏။ "ချင်းဝူက အန်ကယ်လင်းကို ကျေးဇူးတင်ပါတယ်ရှင့်"

လော်ချီသည် ငိုရမလို၊ ရယ်ရမလို ဖြစ်သွားခဲ့ကာ၊ သူမအား ပြုပြင်ပေးလိုက်သည်။ "သူ့.. သူ့ကို အကြီးအကဲလင်းလို့ ခေါ်ရမယ်လေ"

သူသည်လည်း မည်သို့ပြုလုပ်ရမည်မသိ ဖြစ်နေခဲ့၏။ ပြင်ပကမ္ဘာအတွက် လင်းဖုန်း၏ အသက်သည်၊ ပဟေဠိ အကြီးစားတစ်ခု ဖြစ်နေခဲ့သည်။ သူသည် လူငယ်ပုံစံ ဖြစ်နေခဲ့သော်လည်း၊ သူသည် အသက်မည်မျှ နေခဲ့ပြီးပြီဆိုသည်ကို၊ မည်သူကမှ မသိခဲ့ချေ။

လင်းဖုန်းသည် မပျော်မရွှင် ဖြစ်သွားသည့်ပုံ မပေါက်သွားခဲ့သည်ကို တွေ့လိုက်ရမှပင်၊ လော်ချီနှင့် ကျွင်းကျိနင်တို့က စိတ်သက်သာရာ ရစွာဖြင့် သက်ပြင်းများကို ချနိုင်ခဲ့သည်။

လော်ချင်းဝူသည် သူမ၏ခေါင်းကို မော့လိုက်ကာ၊ လင်းဖုန်းအား ကြည့်လိုက်သည်။ အချိန်အနည်းငယ် စဥ်းစားလိုက်ပြီးမှ၊ သူမသည် အဆင့်မြင့် ကျင့်ကြံသူများ၏ ပုံစံတို့သည် သူတို့၏ အသက်အတိုင်း ဖြစ်မနေကြသည်ကို တွေးမိလိုက်သည်။

ထို့ကြောင့် လော်ချင်းဝူသည် သူမကိုယ်သူမ တည်ငြိမ်အောင် ပြုလုပ်လိုက်၍၊ လင်းဖုန်းအား ပြန်လည် နှုတ်ဆက်လိုက်သည်။ "ချင်းဝူက အကြီးအကဲလင်းကို ကျေးဇူးတင်ပါတယ်ရှင့်"

လင်းဖုန်းသည် သူမအား ကြည့်လိုက်ကာ၊
သူ၏လက်ကို ဝှေ့ယမ်းလိုက်၏။
"ကိစ္စမရှိပါဘူး"

သူသည် လော်ချီအား ကြည့်လိုက်သည်။
"ခင်ဗျားရဲ့ ဒဏ်ရာတွေက မကြာခင်မှာ
ကောင်းလာပြီး၊ ခင်ဗျားက အခုဆိုရင်
ခင်ဗျားရဲ့ အင်အားတစ်ဝက်ကို ပြန်ရခဲ့ပြီ။
ခင်ဗျားက ဘာဆက်လုပ်မယ်လို့
စဉ်းစားထားလဲ"

လော်ချီသည် သက်ပြင်းတစ်ချက် ချလိုက်သည်။ "ကျုပ်က ကျုပ်ရဲ့စွမ်းအား တစ်ဝက်ကို ပြန်ရခဲ့ရင်၊ ချင်းဝူကို ရှေးဟောင်းယွင်ထန်း ကမ္ဘာကို ပြန်ခေါ်သွားတော့မယ်။ သူမရဲ့ လက်ရှိအခြေအနေ အရဆိုရင်၊ မိသားစု တစ်ခုလုံးကနေပြီး ဒီပြဿနာကို ဘယ်လိုဖြေရှင်းရမလဲ ဆိုတာကို စဥ်းစားရမယ်။ ဟင်း၊ တကယ်လို့ ကောင်းကင်ယင် စိတ်ဝိညာဥ် ပုလဲက ပျက်စီးသွားမယ်ဆိုရင်၊ သူမ..."

လော်ချီသည် နောက်ထပ်ထပ်၍
မတွေးရဲတော့ချေ။ ထိုအချိန်တွင်
လော်ချင်းဝူသည် သူ၏ အင်္ကျီလက်စကို
ဆွဲလိုက်ကာ၊ သနားစဖွယ် ပြောလိုက်သည်။
"နံပတ်ခြောက် ဂရန်းမာစတာ၊ ကျွန်မက
အိမ်ပြန်ပြီး မိဘတွေနဲ့ ပြန်တွေ့ချင်တယ်"

လော်ချီသည် လော်ချင်းဝူ၏ မျက်နှာအား
ကြည့်လိုက်ကာ၊ ရင်ထဲမှနေ၍
ခါးသီးနေခဲ့သည်။ သူ၏ မြေးမလေးသည်၊
သူမရင်ဆိုင်ရမည့် အရာများကို မသိသေးချေ။

သူသည် နွေးထွေးစွာ ပြုံးပြလိုက်ကာ၊ တမင်သက်သက်မေးလိုက်သည်။ "ဘာဖြစ်လို့လဲ? ဖိုးဖိုးက မင်းကို ကောင်းကောင်း မပြုစုလို့၊ အဖေအမေတို့ကို ပြန်တိုင်မလို့လား?"

လော်ချင်းဝူသည် လော်ချီအား ဖက်ထားလိုက်ကာ ရယ်လိုက်သည်။ "ဖိုးဖိုးက ကျွန်မကို အချစ်ဆုံးပါ။ ကျွန်မက ဖိုးဖိုးရော၊ ဖေဖေမေမေတို့ကိုရော ကျွန်မရဲ့ဘေးမှာ ရှိနေစေချင်တယ်။ ပြီးတော့၊ ပထမ ဂရန်းမာစတာ၊ ဒုတိယ ဂရန်းမာစတာ၊

တတိယ ဂရန်းမာစတာ၊ ဦးလေးကြီး၊ ဒုတိယ ဦးလေး၊ စတုတ္ထဦးလေး..."

"ကောင်းပါပြီ! ကောင်းပါပြီ!" လော်ချီ၏ မျက်နှာမှာ ပြုံးဖြီးဖြီး ဖြစ်သွားခဲ့သည်။ "ငါတို့အားလုံးက မင်းဘေးနားမှာ၊ ကာကွယ်စောင့်ရှောက်ပေးမှာပါ"

လော်ချင်းဝူက တောက်ပစွာနှင့် ပြုံးလိုက်သော အချိန်တွင်၊ ကျွင်းကျိနင်သည် အနောက်ကို လှည့်လိုက်ကာ ငိုမဲ့မဲ့ ဖြစ်နေခဲ့သည်။

လင်းဖုန်းသည် ထိုမြင်ကွင်းအား
ကြည့်လိုက်ကာ၊ သူ၏ရင်တွင်
သက်ပြင်းတစ်ချက်အား ချလိုက်သည်။
အကယ်၍ လော်ချင်းဝူသည် အိမ်ပြန်သွား၍၊
သူမ၏ ကောင်းကင်ယင် စိတ်ဝိညာဉ် ပုလဲ၏
ပြဿနာသည် မဖြေရှင်းရသေးပါက၊
သူမသည် အရင်ကနှင့် ကွဲပြားခြားနားစွာ
အဆက်ဆံ ခံရပေတော့မည်။

ပုံမှန်အားဖြင့်ဆိုလျှင် သူမသည် ယခုကဲ့သို့
ဖြစ်နေခဲ့လျှင်လည်း၊ သူမ၏ မိဘများနှင့်
လော်ချီတို့သည် သူမအား
ကောင်းကောင်းမွန်မွန် ဆက်ဆံကြဦးမည်

ဖြစ်သည်။ သို့သော်လည်း အခြားသူများ၏ ဆက်ဆံရေး ပြောင်းလဲမှုများကို၊ သူမသည် ခံနိုင်ရည် ရှိပါမည်လော။

လော်ချီသည် သူမအား ချော့မော့နေရင်းနှင့် သူ၏ မျက်မှောင်များသည် ကြုတ်သွားခဲ့၏။ "တကယ်လို့ ငါတို့က ရှေးဟောင်းယွင်ထန်း ကမ္ဘာကို ပြန်လို့ရှိရင်၊ ဟိုယန်မိသားစုက ငနဲနှစ်ကောင်ကို ဖြေရှင်းရဦးမယ်"

ကျွင်းကျိနင်က ရုတ်တရက် အော်ပြောလိုက်သည်။ "ဂရန်းမာစတာ၊ ဟိုအခြေတည် ဝိညာဉ် အဆင့်က

ဂရန်းမာစတာ နှစ်ယောက်ကို
မာစတာလင်းက ဖမ်းဆီးလိုက်ပြီ"

လော်ချီသည် အံ့သြသွားခဲ့ကာ၊ သူ၏
မျက်လုံးအစုံမှာ တောက်ပလာခဲ့၏။
ကျွင်းကျိနင်၏ ပြောပြချက်အရ၊
သူတို့နှစ်ယောက်သည် အဖမ်းသာ ခံခဲ့ရ၍
အသက်မခံရသေးသော်လည်း၊ ယန်မိသားစု
အနေဖြင့် အခြေတည် ဝိညာဉ် အဆင့်က
ဂရန်းမာစတာ နှစ်ယောက်တို့ကို နတ်ဘုရား
နယ်မြေတွင် ဆုံးရှုံးရပေတော့မည်။ အကယ်၍
လင်းဖုန်းသည် သူတို့အား အလှဲအလှယ်

ပြုလုပ်ရန် လက်ခံလျှင်ပင်၊
ဤမျှရိုးရှင်းလိမ့်မည် မဟုတ်ချေ။

ဤကဲ့သို့သာ ဖြစ်ခဲ့လျှင်၊ သူတို့သည်
ရှေးဟောင်းယွင်ထန်း ကမ္ဘာသို့ ပြန်ရန်
လွယ်ကူတော့မည့် အပြင်၊ ယန်နှင့်လော်
မိသားစု နှစ်ခုတို့၏ စွမ်းအားမျှခြေသည်လည်း
ပြောင်းလဲသွားတော့မည် ဖြစ်သည်။

ကျွင်းကျိနင်သည် လော်ချီအား
အရာအားလုံးကို ပြန်ပြောပြလိုက်၏။
လော်ချီသည် လင်းဖုန်းအား

ကျေးဇူးတင်ချင်နေခဲ့သော်လည်း၊ ဘယ်ကနေ စပြောရမှန်း မသိခဲ့ပေ။

လင်းဖုန်းသည် သူတို့အား ကယ်တင်ခဲ့၍၊ အကူအညီ ကြီးကြီးမားမား ပေးခဲ့သည်။ သို့သော်လည်း လင်းဖုန်းသည် ယခုဘာတွေးနေမှန်းကို မှန်းဆရန် ခက်ခဲပေသည်။

အကယ်၍ လင်းဖုန်းသည်၊ လော်ချီနှင့် ယန်မိသားစုမှ အခြေတည် ဝိညာဥ် အဆင့် ဂရန်းမာစတာတို့ တိုက်ခိုက်နေစဥ် အချိန်တွင် ရောက်ရှိလာခဲ့ပါက၊ သူတို့သည်

နယ်မြေကျူးကျော်လာသည်ဟု ယူဆကာ
သူတို့သုံးယောက်စလုံးအား ဖမ်းဆီးမည်လော။

လော်ချီသည် အရမ်းကာရော မပြုလုပ်ရဲခဲ့ပေ။
သူသည် လင်းဖုန်းအား နောက်ထပ်တစ်ခါ
ကျေးဇူးတင်လိုက်၍၊ အချိန်အနည်းငယ်
ဒဏ်ရာကို ကုစားလိုက်၏။ ပြီးတာနှင့်သူသည်
လော်ချင်းဝူအား ခေါ်လိုက်ကာ၊ ပြန်ရန်
ဟန်ပြင်လိုက်သည်။

ယခုအချိန်တွင် ကောင်းကင်ယင် စိတ်ဝိညာဉ်
ပုလဲသည်၊ အစွန်းနှစ်ဘက် နတ်ပန်းပွင့်၏
ကုစားမှုကြောင့် တည်ငြိမ်နေခဲ့ပြီ ဖြစ်သည်။

သို့သော်လည်း သူမသည် တာအိုနည်းစနစ်များကို ကျင့်ကြံ၍ မရတော့ပေ။ အကယ်၍ သူမသည် စိတ်ဝိညာဉ် စွမ်းအင်များကို စုပ်ယူလိုက်ပါက၊ ပုလဲသည် ချက်ချင်း ကွဲကြေသွားခဲ့မည် ဖြစ်သည်။

လော်ချီသည် စိုးရိမ်စိတ်များဖြင့် ပြည့်နေခဲ့ပြီး၊ အိမ်တွင် ဖြေရှင်းရန် အဖြေတစ်ခုကို ရရှိနိုင်လိမ့်မည်ဟု မျှော်လင့်နေခဲ့သည်။ အတိတ်ကလည်း ကောင်းကင်ယင် စိတ်ဝိညာဉ် ပုလဲအား ပိုင်ဆိုင်ထားသော တစ်စုံတစ်ယောက် ရှိခဲ့ဖူး၍၊ မိသားစု

အကြီးအကဲ၏ လက်ထဲတွင် သတင်း အချက်အလက်များစွာတို့ ရှိနေခဲ့၏။ ဒါသည် လော်ချီ၏ နောက်ဆုံး မျှော်လင့်ချက် ဖြစ်သည်။

လင်းဖုန်းသည် သူတို့အား မဟာန့်တားခဲ့ပေ။ သူသည် လော်ချင်းဝူအား တပည့်အဖြစ် လက်ခံချင်နေသော်လည်း၊ သင့်တော်သော အချိန်က မရောက်လာသေးချေ။

လင်းဖုန်းအတွက်သာ မဟုတ်ပေ၊ လော်ချင်းဝူနှင့် သူမ၏ မိသားစုတို့ အတွက်လည်း အချိန်ကောင်း မဟုတ်ခဲ့ပေ။

"မမကျိနင်၊ အစ်မက ကျွန်မတို့နဲ့ လိုက်ပြန်မှာ မဟုတ်ဘူးလား?" လော်ချင်းဝူသည် သူမ၏ မျက်လုံးများကို ပြူးလိုက်ကာ၊ ကျွင်းကျိနင်အား မေးလိုက်သည်။

ကျွင်းကျိနင်က ရယ်လိုက်ကာ၊ "မမက မပြန်သေးဘူး။ အခုအချိန် အိမ်ပြန်ခဲ့ရင်၊ မမရဲ့ အဖေက သင်ခန်းစာ ကောင်းကောင်းပေးလိမ့်မယ်"

သူမသည် လင်းဖုန်းအား တစ်ချက်ခိုးကြည့်လိုက်သည်။

"အကြီးအကဲလင်း၊ ကျွန်မက ဒီနေရာမှာ ရက်ပေါင်းအနည်းငယ်လောက် ဆက်နေလို့ရမလား? ကျွန်မက ဘာပြဿနာမှ မရှာဘူးလို့ ကတိပေးပါတယ်"

## စာစဉ် ၂၁ : အပိုင်း ၇

## အပိုင်း ၃၇၇ : သံသရာဂိုဏ်း၏ အလည်အပတ် ရောက်ရှိလာခြင်း

ကျွင်းကျိုနင်သည် တောက်ပစွာ ပြုံးနေခဲ့သော်လည်း၊ သူမ၏ အပြုံးအတွင်းတွင် စိုးရိမ်ပူပန်မှု များစွာတို့ကို

ကွယ်ဝှက်ထားကြောင်းကို လင်းဖုန်းက တွေ့နေရသည်။

"အိမ်ကထွက်ပြေးချင်နေတဲ့ အလိုအလိုက်ခံထားရတဲ့ နောက်ထပ် သမီးပျိုတစ်ယောက်" လင်းဖုန်းက ခေါင်းခါလိုက်သည်။ သူသည် ကျွင်းကျိနင်အား ကြည့်လိုက်ကာ မေးလိုက်သည်။ "မင်းကဒီမှာ နေချင်သေးတယ်ဆိုရင်၊ ငါ့အတွက် ကိစ္စမရှိပါဘူး။ ဒါပေမဲ့ မင်းရဲ့ မိသားစုဝင်တွေ၊ ဒါမှမဟုတ် ခရမ်းရောင် တိမ်တိုက်ဂိုဏ်းက လာပြီးတော့ မင်းကို ကြိုမယ်ဆိုရင်တော့၊ ငါကသူတို့ကို တားမှာမဟုတ်ဘူး"

ကျွင်းကျိုနင်၏ အပြုံးသည် အေးခဲသွားခဲ့ကာ၊ သူမသည် လေလျော့သွားသွာ ပူပေါင်းတစ်လုံးကဲ့သို့ ဖြစ်သွားခဲ့၏။ သူမသည် လော်ချင်းဝူနှင့် လော်ချီတို့အား သနားစဖွယ်ကြည့်လိုက်သည်။

သူတို့က ရှေးဟောင်းယွင်ထန်း ကမ္ဘာအတွင်းသို့ ပြန်သွားသောအခါ၊ လော်မိသားစုသည် သူမက လင်းဖုန်းနှင့် အဆက်အသွယ်ရှိခဲ့မှန်းကို သိပေလိမ့်မည်။

လော်ချင်းဝူနှင့် သူမတို့သည် လော်ချီ၏
စောင့်ရှောက်မှုဖြင့် နတ်ဘုရား
နယ်မြေအတွင်းသို့ လာခဲ့သည့် သတင်းသည်၊
ရေးဟောင်းယွင်ထန်း ကမ္ဘာအတွင်းသို့
ရောက်ရှိသွားပါက၊ ကျွင်းမိသားစုသည်
သူမက လင်းဖုန်းထံတွင် ရှိနေမည်ကို
ခန့်မှန်းနိုင်မည် ဖြစ်သည်။

လင်းဖုန်း၏ စကားအရဆိုလျှင် အကယ်၍
ကျွင်းမိသားစုက ရောက်မလာခဲ့လျှင်၊ သူသည်
စတင်၍ မည်သူ့ကိုမှ ပြောပြမည် မဟုတ်ချေ။
သို့သော်လည်း သူတို့က သူမအကြောင်း

စုံစမ်းခဲ့သည်ရှိသော်၊ လင်းဖုန်းသည် အမှန်တရားကို ပြောပြလိမ့်မည် ဖြစ်သည်။

ကျွင်းကျိနင်သည် သူမဖခင်၏ ဒေါသအကြောင်းကို ပြန်လည်စဉ်းစားမိလိုက်သော်၊ သူမ၏ ကျောရိုးတစ်လျှောက်တွင် စိမ့်ကနဲ ဖြစ်သွားခဲ့၏။ သူမသည် လော်ချီ၏ လက်မောင်းကို ကိုင်လိုက်ကာ ခါယမ်းလိုက်သည်။ "ဂရန်းမာစတာလော်၊ ကျွန်မရဲ့ အဖေနဲ့ အဘိုးတို့က ကျွန်မအကြောင်းကို မေးခဲ့ရင်၊ ကျွန်မနဲ့ အဆက်အသွယ်ပြတ်သွားတယ်လို့

ပြောပေးပါနော်၊ ကျွန်မဒီမှာ ရှိနေကြောင်းကို မပြောပြပါနဲ့"

လော်ချင်းဝူအား ဘာမှရှင်းပြနေစရာ မလိုခဲ့ပေ။ သူတို့သည် ငယ်စဉ်ကတည်းက အတူတကွ ဆော့ကစားလာကြသည် ဖြစ်၍၊ သူမသည် ကျွင်းကျိနင်အား နားလည်ပေသည်။ အဓိက အချက်မှာ လော်ချီ၏ ဆုံးဖြတ်မှုပင် ဖြစ်သည်။

"ကျိနင်၊ ငါက နင်ကြီးပြင်းလာတာကို စောင့်ကြည့်နေခဲ့တဲ့သူပါ" လော်ချီက သက်ပြင်းတစ်ချက် ချလိုက်သည်။ "ငါက

ဒီကိစ္စကို ထိန်ချန်ပေးထားလို့ရတယ်။ ဒါပေမဲ့ ကျွင်းမိသားစုရဲ့ သမီးတစ်ယောက် အနေနဲ့၊ နင်က အနေနဲ့ အမြန်တော့ အိမ်ပြန်ရမှာပဲ"

လော်ချီသည် ကျွင်းကျိုနင်အား ကြည့်လိုက်ကာ၊ လော်ချင်းဝူ၏ အနာဂတ်ကို မြင်နေရ၏။ သူသည် ဘာမှမတတ်နိုင်ပဲ၊ ရင်ထဲမှ ခါးသီးစွာ ခံစားနေရသည်။

ကျွင်းကျိုနင်သည် သက်ပြင်းတိုးတိုးလေး ချလိုက်ကာ၊ သူမ၏ ခေါင်းကို ညိတ်လိုက်သည်။ "ဂရန်းမာစတာလော်၊ ကျွန်မက နားလည်ပါတယ်။ ကျွန်.. ကျွန်မက

အခုလောလောဆယ်၊ စိတ်လက်ပေါ့ပါးစွာနဲ့ လျှောက်သွားချင်သေးလို့ပါ"

လော်ချီက ပြန်ဖြေလိုက်သည်။
"ထားလိုက်ပါတော့၊ မာစတာလင်းကလည်း ဘာမှ မပြောဘူးဆိုတော့၊ နင်နေခဲ့လို့ ရပါတယ်။ ငါကနင့်အတွက် စိတ်ပူစရာလည်း မလိုတော့ဘူး"

လော်ချီသည် ကျွင်းကျိနင်နှင့် စကားပြောနေသည့် အချိန်တွင်၊ လင်းဖုန်းသည် လော်ချင်းဝူအား အကဲခတ်နေခဲ့၏။ သူမသည်လည်း သူမ၏

မျက်လုံးကို ပြူးထားခဲ့ကာ၊ လင်းဖုန်းအား စိုက်ကြည့်နေခဲ့သည်။

လင်းဖုန်းသည် ယခုအချိန်တွင် နတ်ဘုရားနယ်မြေအတွင်းတွင်၊ နာမည်ကျော်ကြားနေပြီဖြစ်သည်။ သို့သော်လည်း ရှေးဟောင်းယွင်ထန်း ကမ္ဘာတွင်၊ အဓိက အင်အားစုများ၏ ခေါင်းဆောင်များကသာ သူနှင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းအား သိရှိကြသေးသည်။ ကျင့်ကြံမှု အဆင့်နိမ့်သေးသော တပည့်များအနေနှင့်၊ သူ၏နာမည်အား ကြားဖူးထားခဲ့ခြင်း မရှိကြသေးပေ။

"အကြီးအကဲလင်း၊ နံပါတ်ခြောက်
ဂရန်းမာစတာ ပြောထားတာ၊ အရှင်က
အရမ်းကို တော်တယ်ဆို၊ ဟုတ်သလား"
လော်ချင်းဝူသည် လင်းဖုန်းက တည်ငြိမ်နေ၍
သဘောကောင်းသည့်ပုံ ပေါက်နေခဲ့သဖြင့်၊
မကြောက်မရွံ့နှင့် မေးလိုက်သည်။

လင်းဖုန်းက ဖွဖွလေး ပြုံးလိုက်သည်။
"မင်းကလည်း ကျင့်ကြံမှုမှာ ကြိုးစားလို့ရှိရင်၊
အနာဂတ်မှာ တော်လာမှာပေါ့"

သူမသည် သူမ၏ခေါင်းကို ပြင်းထန်စွာနှင့် ညိတ်လိုက်ကာ ပြောလိုက်သည်။ "ကျွန်မက ဒဏ်ရာတွေကနေ ပြန်ကောင်းလာရင်၊ သေချာကြိုးစား လေ့ကျင့်ပြီး တစ်နေ့ကျရင် စွမ်းအားကြီးလာအောင် လုပ်မယ်။ ယန်မိသားစုက ကျွန်မကိုလာပြီး အနိုင်ကျင့်ဦးမယ်ဆိုရင်၊ သူတို့ကို ပြန်ပြီးမှ သင်ခန်းစာပေးလိုက်မယ်!"

လင်းဖုန်းသည် ပြုံးလိုက်ကာ သူ၏ခေါင်းအား ညိတ်လိုက်သည်။ လော်ချင်းဝူသည် သူမ၏ နံပါတ်ခြောက် ဂရန်းမာစတာသည်ပင်၊

လင်းဖုန်း၏ အရှေ့တွင် ရိုကျိုးစွာဖြင့် နေရသည်ကို သတိပြုမိခဲ့သည်။

"ဒါပေမဲ့ အကြီးအကဲလင်းက ငါ့အပေါ်မှာ သဘောကောင်းပြီး၊ အရမ်းဂရုစိုက်တာပဲ" လော်ချင်းဝူသည် သူမ၏ခေါင်းကို လှည့်လိုက်ကာ၊ လင်းဖုန်းအား ကြည့်လိုက်သည်။ "အနာဂတ်မှာ ဒီနေရာကို လာဆော့လို့ ရမလားရှင့်"

လင်းဖုန်းသည် အနည်းငယ် အံ့သြသွားခဲ့ကာ၊ ဘာမှပြန်မပြောခဲ့ပေ။

လော်ချီကလည်း ထိုစကားကို
ကြားလိုက်သောအခါ၊ တုန်လှုပ်စွာနှင့်
အလောတကြီး ပြောလိုက်သည်။ "ချင်းဝူ၊
စကားကိုကြည့်ပြော၊ မရိုင်းရဘူး"

လော်ချင်းဝူသည် သူမ၏ နှုတ်ခမ်းအား
စူလိုက်ကာ၊ ဘာမှမပြောတော့ပေ။
သို့သော်လည်း လင်းဖုန်းသည် လော်ချီ၏
စကားကို ဂရုမစိုက်ခဲ့ပဲ၊ ခရမ်းရောင်
တိမ်တိုက်တစ်စအား လျှို့ဝှက်စွာနှင့်
လော်ချင်းဝူ၏ ခန္ဓာကိုယ် အတွင်းတွင်
ထည့်သွင်းလိုက်၏။ သူသည် ကောင်းကင်ယင်
စိတ်ဝိညာဉ် ပုလဲအတွင်းသို့

ဝင်ရောက်သွားခဲ့၍၊ ဝင်ရိုးစွန်းနှစ်ဘက် နတ်ပန်းပွင့်၏ ပွင့်ချပ်များ၏ စိတ်ဝိညာဉ် စွမ်းအင်များနှင့် ပူးပေါင်းသွားခဲ့သည်။

"မင်းရဲ့ နံပါတ်ခြောက် ဂရန်းမာစတာနဲ့ လိုက်ပြန်သွားလိုက်၊ တကယ်လို့ အိမ်မှာ မပျော်ဘူးဆိုရင်၊ ဒီကို လာလည်နိုင်တယ်"

လော်ချင်းဝူသည် လင်းဖုန်း၏ မှော်စွမ်းအင်ဖြင့် လွှင့်ကာပြောလိုက်သော အသံအား ကြားလိုက်ရသောအခါ၊ တောက်ပစွာ ပြုံးလိုက်သည်။ သို့သော်လည်း ထိုအပြုံးအား ချက်ချင်း ရုပ်သိမ်းလိုက်၍၊

မကျေမနပ် ဖြစ်နေသော အမှုအရာကို ပြန်ဖမ်းလိုက်သည်။

ထိုအချိန်တွင် သူမသည် သူမလိုချင်သော အရာကို ရသွားပြီ ဖြစ်သဖြင့် ကျေနပ်ပျော်ရွှင်နေခဲ့သည်။ သူမအား ပို၍ အားရစေသည့် အချက်မှာ၊ သူမ၏ ကိုယ်ပိုင်လျှို့ဝှက်ချက် တစ်ခုကိုလည်း ရရှိခဲ့သောကြောင့် ဖြစ်သည်။

လော်ချီ၏ ဒဏ်ရာများမှာ ပြန်လည်သက်သာသည်နှင့်၊ သူသည် လင်းဖုန်းအား နှုတ်ဆက်လိုက်ကာ

လော်ချင်းဝူအား ရှေးဟောင်းယွင်ထန်း ကမ္ဘာသို့ ပြန်ခေါ်သွားခဲ့သည်။ ကျွင်းကျိနင်နှင့် လောချင်းဝူတို့မှာ တစ်ယောက်နှင့်တစ်ယောက် ခွဲခွာရသည်ကို ဝမ်းနည်း၍ နေလေသည်။

လော်ချီနှင့် လော်ချင်းဝူတို့အား လင်းဖုန်းက လိုက်လံပို့ဆောင်ပေးခဲ့သည်ကို ကြည့်လိုက်၍၊ ကျွင်းကျိနင်သည် ရင်ထဲမှနေ၍ ဟာတာတာကြီး ခံစားလိုက်ရသည်။ ခဏအကြာတွင် သူမ၏သတိ ပြန်ဝင်လာခဲ့၍၊ လင်းဖုန်းအား တစ်ချက်ခိုးကြည့်လိုက်၏။ သူမက သတိကြီးစွာဖြင့် မေးလိုက်သည်။

"အကြီးအကဲ၊ ချင်းဝူရဲ့ ကောင်းကင်ယင်
စိတ်ဝိညာဥ် ပုလဲက အရင်အတိုင်း ပြန်ဖြစ်ဖို့
မဖြစ်နိုင်တော့ဘူးလား?"

သူမသည် ဝေခွဲမရ ဖြစ်နေခဲ့၏။
တစ်ဘက်တွင် သူမသည် လော်ချင်းဝူအတွက်
စိတ်ပူနေခဲ့သလို၊ အခြားတစ်ဘက်တွင်လည်း
လင်းဖုန်းအား အနှောင့်အယှက် ပေးသကဲ့သို့
ဖြစ်သွားမည်ကို စိုးရိမ်နေခဲ့သည်။

လင်းဖုန်း၏ အမူအရာသည် မပြောင်းလဲခဲ့ပဲ၊
တည်ငြိမ်စွာနှင့်သာ ဖြေလိုက်သည်။ "ဒါက

သူမရဲ့ ကံကြမ္မာနဲ့လည်း သက်ဆိုင်နေတယ်။
ဒီအချိန်မှာ ပြောဖို့က စောသေးတယ်"

"အိုး?" ထိုစကားကို ကြားခဲ့သော်လည်း၊
ကျွင်းကျိနင်သည် သိပ်နားမလည်ခဲ့ပေ။
လင်းဖုန်း၏ စကားမှနေ၍ ကောက်ချက်တစ်ခု
ချချင်ခဲ့သော်လည်း၊ မချနိုင်ခဲ့ချေ။

လင်းဖုန်းသည် သူမအား ကြည့်လိုက်ကာ၊
ခရမ်းရောင် တိမ်တိုက်တစ်စကို
ထုတ်လွှတ်လိုက်သည်။ သူသည် သူမအား
ရှောင်ပုတန်၏ မြေရိုင်းလျှိုမြောင်ကို
ပို့လိုက်၏။

ထိုနေရာတွင် သစ်သီးပင်များ၊ စိတ်ဝိညာဉ်
သားရဲများ အုပ်စုလိုက်ဖြင့်
ပြည့်နှက်နေခဲ့သည်။ ထိုနေရာသည်
တဖြည်းဖြည်းနှင့် အသက်ဝင်လာခဲ့ပြီ ဖြစ်၏။

သို့သော်လည်း ထိုလှိုဏ်မြောင်အတွင်းတွင်
ပုံရိပ်နှစ်ခုက ဆော့ကစားနေကြကာ၊
လှိုဏ်မြောင်တောင်ကြား အတွင်းမှ ရှုခင်းအား
အကျည်းတန်စေခဲ့သည်။ သူတို့သည်
အကြီးအကျယ် ဗရုတ်သုတ်ခ
ပြုလုပ်နေကြခြင်း ဖြစ်သည်။

ကျွင်းကျိနင်သည် လှိုမြောင်အတွင်းသို့ ရုတ်တရက် ပေါ်လာခဲ့ကာ၊ ထိုမြင်ကွင်းအား ကြည့်နေခဲ့၏။ ကောင်မလေး နှစ်ယောက်တို့သည်၊ သူမအနားမှ လေပြင်းသကဲ့သို့ ဖြတ်ကျော်သွားကြသည်။ သူတို့ထံမှ ထွက်ပေါ်လာသော် လေများသည်၊ ကျွင်းကျိနင်အား လွင့်ပါသွားတော့မည်ကဲ့သို့ ဖြစ်သွားခဲ့၏။

ထိုကောင်မလေးများ၏ အနောက်တွင်၊ အသက် ၁၁နှစ် ၁၂နှစ်သာ ရှိဦးမည့် ကောင်လေးတစ်ယောက်သည်၊ သူတို့အား လိုက်ဖမ်းနေသည်။

"အကျင့်မကောင်းတဲ့ဟာတွေ၊ ငါ့ဆီက အစာတွေကို လာခိုးပြန်ပြီလား?"

လင်းဖုန်း၏ အသံသည် လေဟာနယ် အတွင်းမှာ ထွက်ပေါ်လာခဲ့သည်။ "ထျန်းဟောင်၊ ငါက မင်းရဲ့နေရာကို ညွှန့်သည်အသစ် တစ်ယောက်ပို့လိုက်တယ်။ သူမက ဂရုစိုက်လိုက်ပါဦး"

ထိုလူငယ်မှာ ရှောင်ပုတန်မှလွဲ၍ အခြားမဟုတ်ချေ။ သူ့ဆရာ၏ စကားကို ကြားလိုက်သည်နှင့်၊ သူသည်

လိုက်ဖမ်းနေခြင်းမှ ရပ်လိုက်ကာ
ကျွင်းကျိနင်အား ကြည့်လိုက်သည်။

ကျွင်းကျိနင်သည် သူ့အား
အသေအချာကြည့်လိုက်ကာ၊ သူမ၏
ရင်ထဲမှနေ၍ တိတ်တဆိတ် ချီးကျူးလိုက်၏။
"အတော့်ကို ကြည့်လို့ကောင်းတဲ့
လူငယ်လေးပဲ!"

မည်သူက ထင်ထားမည်နည်း၊
ရှောင်ပုတန်သည် သူ၏နှုတ်ခမ်းအား
စူလိုက်ကာ ညည်းတွားလိုက်သည်။
"နောက်တစ်ယောက် လာပြန်ပြီလား။

ဘာဖြစ်လို့ ဒီလိုကံဆိုးမလေးတွေကို
ကျွန်တော့်အနားပဲ ပို့နေတာလဲ"

ကျွင်းကျိနင်၏ အပြုံးသည် အေးခဲသွားခဲ့ကာ၊
မပျော်မရွှင် ဖြစ်သွားခဲ့သည်။ "ငါခုနက
ပြောထားခဲ့တာကို ပြန်ရုပ်သိမ်းတယ်!"

ထွမ်းထွမ်းနှင့်
ကျူးကော်ဖန်းလင်တို့သည်လည်း မကျေမနပ်
ဖြစ်သွားကြသည်။ သူတို့က တပြိုင်နက်ထဲ
အော်ဟစ်လိုက်ကြသည်။ "နင်က
အကျင့်မကောင်းတဲ့ ကောင်စုတ်လေးပဲ၊
ရှောင်ပုတန်!"

"ငါက မကြာခင်မှာ ဆရာဖြစ်တော့မှာ၊ ရှောင်ပုတန် မဟုတ်တော့ဘူး" ရှောင်ပုတန်သည် သူ့နေရာတွင် ရပ်နေလိုက်ကာ၊ လင်းဖုန်း၏ အတုကို ခိုးလိုက်၍ သူ၏လက်နှစ်ဘက်အား ကျောနောက်တွင် ပစ်ထားလိုက်၏။ "ငါက မကြာခင် ငါ့ရဲ့ စီနီယာတွေလိုပဲ လူကြီးဖြစ်တော့မှာ!"

ထွမ်းထွမ်းနှင့် ကျူးကော်ဖန်းလင်တို့သည် တပြိုင်နက်ထဲ အော်ဟာစ်လိုက်ကြ၏။

"ဘယ်သူက မနေ့ကအထိ
နို့သောက်နေသေးတာလဲ?"

ရှီထျန်းဟောင်၏ အမူအရာသည်
မပြောင်းလဲသွားခဲ့ပဲ တည်ငြိမ်စွာနှင့်
ပြန်ဖြေလိုက်သည်။ "ဒါက ငါ့ရဲ့
ကိုယ်ပိုင်ဝါသနာ တစ်ခုပဲ။
အကြီးအကဲမြောင်ကလည်း
နည်းနည်းသောက်တာပဲ"

"အခုအထိ ကိုယ့်ကိုယ်ကိုယ်
အမွှမ်းတင်နေသေးတယ်!" ထွမ်းထွမ်းနှင့်
ကျူးကော်ဖန်းလင်တို့သည်၊ သူ့အား

တပြိုင်နက်ထဲ လက်မများကို
အောက်စိုက်ချပြလိုက်သည်။

ကျွင်းကျိနင်သည် သူ၏အရှေ့မှ
သုံးယောက်သားကို၊ ပါးစပ်အဟောင်းသားနှင့်
ကြည့်နေခဲ့၍ ညည်းညူလိုက်သည်။
"အကြီးအကဲလင်း၊ ရှင်က ကျွန်မကို
ဘယ်လိုနေရာမျိုးကို ပို့လိုက်တာလဲ"

လင်းဖုန်းအနေနှင့် လူတစ်ယောက်
ပိုလာခြင်းသည်၊ သူ့အတွက်
ဘာမှသိပ်မထူးခြားပေ။ သို့သော်လည်း
နောက်ထပ်ရောက်ရှိလာသော

လူတစ်ယောက်သည်၊ လင်းဖုန်းအား
စိတ်အနှောင့်အယှက် ဖြစ်စေခဲ့၏။

ယုကျင်းတောင်သည်
လေဟာနယ်အတွင်းတွင်
ဖုံးကွယ်ထားခဲ့သဖြင့်၊ အခြားလူများ အနေဖြင့်
လင်းဖုန်းအား လာတွေ့ရန် မလွယ်ကူပေ။

လင်းဖုန်းသည် ရှကျိုးမှ
ကောင်းကင်ကုန်သည်များ ဂေဟာနှင့်၊
ဆက်ဆံရေးကောင်းများကို
တည်ဆောက်ထားနိုင်ခဲ့သည်။
ကောင်းကင်ကုန်သည်များ ဂေဟာတွင်၊

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့်
တိုက်ရိုက်ဆက်သွယ်နိုင်သည့်
အသံလွှင့်ကျောက်တုံး တစ်ခုရှိနေသည်။
ထိုဆက်သွယ်မှုကို ကောင်းကင်ကုန်သည်များ
ဂေဟာနှင့် ဆက်ဆံရေးကောင်းများ
ရှိနေသည့်၊ မြောင်ရှီးဟောင်က
တာဝန်ယူထားပေသည်။

"ငရဲကမ္ဘာ သူတော်စင်?" လင်းဖုန်းသည်
မြောင်ရှီးဟောင်အား အံ့အားသင့်စွာနှင့်
ကြည့်လိုက်သည်။

မြောင်ရှီးဟောင်သည် ရှက်ပြုံးပြုံးလိုက်က၊
သူ၏ခေါင်းကို ညိတ်လိုက်၏။
"သံသရာဂိုဏ်းက ငရဲလမ်းစဥ်မှာ
အင်မော်တယ် ဝိညာဥ် အဆင့်က အကြီးအကဲ
နှစ်ယောက်ရှိတယ်လို့ ကြားထားတယ်။
သူတို့အထဲမှာ မင်းကျွန်းက ကျင့်ကြံမှုအဆင့်
ပိုမြင့်ပြီး၊ ငရဲလမ်းစဥ်ရဲ့
ခေါင်းဆောင်ဖြစ်တယ်။ ဒါပေမဲ့ သူက
သူ့ကိုယ်သူ ဖော်ပြလေ့ သိပ်မရှိဘူး။
နောက်တစ်ယောက်က ငရဲကမ္ဘာ သူတော်စင်
လျှိုကျိုခွန်း ဖြစ်တယ်။ သူက ငရဲလမ်းစဥ်ရဲ့
ကိစ္စတွေကို တာဝန်ယူရတဲ့ လူတစ်ယောက်
ဖြစ်တယ်"

လင်းဖုန်းသည် လျှိုကျိုခွန်း ရောက်လာခဲ့သော ရည်ရွယ်ချက်များကို သိနေခဲ့သည်။

ရှေးဟောင်းယွင်ထန်း ကမ္ဘာမှ ယန်မိသားစု၏ အခြေတည်ဝိညာဉ် အဆင့်မှ အကြီးအကဲ နှစ်ယောက်တို့သည်၊ လင်းဖုန်း၏ လက်တွင်းသို့ ကျဆင်းနေခဲ့၏။ ရှေးဟောင်းယွင်ထန်း ကမ္ဘာ၏ ထူးခြားသော ဝိသေသ လက္ခဏာများကြောင့်၊ ထိုအကြီးအကဲ နှစ်ယောက်စလုံးတို့သည် အလွန်အမင်း အရေးကြီးကြသူများ ဖြစ်ကြ၏။ သူတို့နှစ်ယောက်စလုံးတို့သည် မသေကြသေး၍၊ ယန်မိသားစုသည် မည်သို့ပင်

လုပ်ရလုပ်ရ သူတို့အား ပြန်ခေါ်နိုင်ရန် ကြိုးစားကြမည် ဖြစ်သည်။

အင်မော်တယ် ဝိညာဉ် အဆင့်ကို ရောက်ရှိပြီးသော ယန်မိသားစု၏ ခေါင်းဆောင်သာလျှင်၊ လင်းဖုန်းနှင့် ဆွေးနွေးနိုင်သော အဆင့်အတန်း ရှိသည်။ သို့သော်လည်း သူသည် ရှေးဟောင်းယွင်ထန်း ကမ္ဘာမှ အရမ်းကာရော မထွက်ရဲခဲ့ပေ။ လော်ချင်းဝူအား လုပ်ကြံမှုသည် လော်မိသားစုအား ဒေါသထွက်စေခဲ့၍၊ သူတို့သည် သူမအတွက် လက်စားချေရန် အခွင့်အရေး စောင့်နေခဲ့မည် ဖြစ်သည်။

သို့သော်လည်း သူတို့သည် သူတို့၏
အကြီးအကဲ နှစ်ယောက်အားလည်း
ကယ်တင်ရမည် ဖြစ်၍၊ ရွေးချယ်စရာ
မရှိတော့ပဲ နတ်ဘုရား နယ်မြေမှ
သံသရာဂိုဏ်းအား အကူအညီ
တောင်းခဲ့ရပေသည်။

ယန်မိသားစုသည် အကယ်၍
အခြားနည်းလမ်းများ ရှိခဲ့ပါက၊
သံသရာဂိုဏ်းအား အကူအညီတောင်းမည်
မဟုတ်ဟု လင်းဖုန်းက သိနေခဲ့သည်။ ယခု
သံသရာဂိုဏ်းမှ အကူအညီသည်

ယန်မိသားစုကို နှစ်ပေါင်းများစွာ
ခြောက်လှန့်နေမည် ဖြစ်၏။

လျှိုကျိုခွန်းသည် ပိန်ပိန်ပါးပါးနှင့်
အားနည်းသော သက်လတ်ပိုင်း
လူတစ်ယောက်နှင့် တူနေခဲ့၍၊ သူ၏
ပါးရိုးများက အနည်းငယ်မောက်ပေသည်။
သူ၏ အသားအရည်မှာ ကြေးနီရောင်
သန်းနေခဲ့၍၊ သူ၏ နှုတ်ခမ်းများမှာ
ပြုံးယောင်သန်းနေခဲ့၏။ သူ့တွင် ငရဲလမ်းစဉ်
ကျင့်ကြံသူများ၏ အသက်ကင်းမဲ့သော
အော်ရာများကို မတွေ့ရပေ။

လျှိုကျိုခွမ်းအား တွေ့လိုက်သည်နှင့်
လင်းဖုန်းက ရယ်လိုက်သည်။ "ငရဲကမ္ဘာ
သူတော်စင်က ယုကျင်းတောင်ကို
လာလည်တာ ဂုဏ်ယူပါတယ်"

"မာစတာလင်းက အားနာနေပြန်ပါပြီ"
လျှိုကျိုခွန်းက သူ၏ လက်အား
ဝှေ့ယမ်းလိုက်သည်။ "ကျုပ်က မပြောမဆိုနဲ့
ရုတ်တရက် ရောက်လာခဲ့တော့၊
မာစတာလင်းကို တောင်းပန်ပါတယ်"

သူသည် ဝေ့လည်ကြောင်ပတ် မပြောနေခဲ့ပဲ၊
လိုရင်းကိုသာ တိုက်ရိုက်ပြောလိုက်၏။

"ရှေးဟောင်းယွင်ထန်း ကမ္ဘာက
ယန်မိသားစုရဲ့၊ အခြေတည်ဝိညာဥ် အဆင့်
ကျင့်ကြံသူ နှစ်ယောက်ဟာ၊
ခွန်းလွန်တောင်ခြေ မြောက်ပိုင်းကို
ကျူးကျော်ဝင်ရောက်မိပါတယ်။
မာစတာလင်းက သူတို့ကို အပြစ်ပေးခြင်းဟာ
အကြောင်းညီညွတ်ပါတယ်။ ဒါပေမဲ့
မာစတာလင်းက သူတို့ကို
ထောက်ထားညှာတာ ပေးစေလိုပါတယ်"

"ကျုပ်ရဲ့ ဒီကနေ့ လာရောက်ရခြင်းဟာ
သူတို့နှစ်ယောက်ကို လွှတ်ပေးဖို့

လာရောက်ညှိနှိုင်းခြင်း ဖြစ်ပါတယ်။
သံသရာဂိုဏ်းက ဒီကျေးဇူးကို မမေ့ပါဘူး"

လင်းဖုန်းသည် လျှိုကျိုခွန်း၏ သံသရာဂိုဏ်းမှ
ဝင်ပါလာမှုကို သိပ်ဂရုမထားခဲ့ပေ။ သူသည်
ခရမ်းရောင် တိမ်တိုက်တစ်စအား
ထုတ်လွှတ်လိုက်ကာ၊ ကျင့်ကြံသူ
နှစ်ယောက်သည် မြေပြင်ပေါ်သို့ ကျလာခဲ့၏။
လင်းဖုန်းသည် ဖွဖွလေး ရယ်လိုက်သည်။
"ခင်ဗျားက အားနာလွန်းနေပါတယ်။ သူတို့က
ခွန်းလွန်တောင်ပေါ်မှာ ရုတ်ရုတ်သဲသဲ
လာလုပ်ခဲ့ရုံပဲ ရှိတာပါ။ ခင်ဗျားကို
မျက်နှာပေးရတာ ကိစ္စသိပ်မရှိပါဘူး"

ထိုစကားကို ကြားလိုက်ရသော်လည်း၊ လျှိုကျိုခွန်း၏ အမူအရာသည် ပြောင်းလဲသွားခြင်း မရှိပေ။ သို့သော်လည်း လင်းဖုန်းဆက်ပြောလိုက်သော စကားကို ကြားလိုက်ရ အပြီးတွင်၊ သူ၏ နှလုံးသားမှာ အေးခဲသွားခဲ့သည်။ "ဒါပေမဲ့ သူတို့ကို ရှာဖွေတွေ့ရှိ အပြီးမှာ၊ သူတို့က အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက သူတွေကို တိုက်ခိုက်ခဲ့တယ်။ ကျုပ်က ဒါကိုတော့ လွယ်လွယ်ကူကူနဲ့ ခွင့်မလွှတ်နိုင်ဘူး"

ဒါသည် လျှိုကျိုခွန်းက ကြိုတင်သိရှိထားသော ကိစ္စမဟုတ်ချေ။ သူသည် လင်းဖုန်းအား ကြည့်လိုက်ကာ၊ "မာစတာလင်း..."

ထိုအချိန်တွင် သံမဏိသစ်ပင် ကိုယ်ပွားသည် လင်းဖုန်း၏ဘေးသို့ တိတ်တဆိတ် ရောက်ရှိလာခဲ့၏။ သူသည် အပြုံးတစ်ဝက်နှင့် ယန်ရှူအား စိုက်ကြည့်နေခဲ့သည်။

သူ့အားမြင်လိုက်ရပြီးနောက်၊ ယန်ရှူနှင့် ကျန်သော ကျင့်ကြံသူသည် သူတို့ငြင်း၍ မရတော့မှန်း သိလာကြသည်။ သူတို့သည် သုန်မှုန်သွားကြ၏။

လှိုကျိုခွန်း၏ စိတ်ခေတ်သည်လည်း ပြုတ်ကျသွားခဲ့သည်။

## စာစဥ် ၂၁ : အပိုင်း ၈

## အပိုင်း ၃၇၈ :  အယောင်ဆောင်သူတစ်ယောက်

သူတို့နှစ်ယောက်အား ကြည့်လိုက်ကာ၊ လှိုကျိုခွန်းသည် ဒေါသထွက်လာခဲ့သည်။ "ရှေးဟောင်းယွင်ထန်း ကမ္ဘာက ဒီလိုမျိုး

စည်းကမ်းမရှိတဲ့ သူတွေကို အမြဲတမ်း မွေးထုတ်ပေးတယ်!"

လင်းဖုန်းပြောထားသကဲ့သို့ သူတို့သည် ဖြတ်သန်းသွားလာရုံ သက်သက်ဖြစ်ကာ၊ လင်းဖုန်း၏ အဖမ်းကို ခံလိုက်ရသည်ဆိုလျှင် ပြဿနာမှာ သိပ်မကြီးကျယ်ချေ။ လှိုကျိခွန်းက ကိုယ်တိုင်လာ၍ လင်းဖုန်းနှင့် ဆွေးနွေးလိုက်လျှင်၊ ပြဿနာမှာ ပြေလည်သွားနိုင်သည်။

အကယ်၍ ကလေးအချို့က အခြားလူ၏ အိမ်သို့သွားရှုပ်၍ အိမ်ရှင်က မိသွားခဲ့လျှင်၊

မိဘများက ကိုယ်တိုင်ကိုယ်ကျ
သွား၍တောင်းပန်ခဲ့လျှင် ပြေပြေလည်လည်
ဖြစ်သွားနိုင်သည်။

အကယ်၍ တစ်ယောက်သည်
ပိုင်နက်ကျူးကျော်ရုံတင် မကပဲ အိမ်ရှင်ကိုပါ
ရိုက်နှက်ချင်သည် ဆိုပါက၊ ဒါသည် ပြဿနာ
အသေးစားတစ်ခု မဟုတ်တော့ပေ။

လင်းဖုန်းသည် သူတို့အား မသတ်ခဲ့သည်မှာ
အလွန်တရာပင် သနားညှာတာရာ
ကျနေပြီဖြစ်သည်။

အကယ်၍ လျှိုကျိုခွန်းသည် သူလိုချင်သော အရာများကို စကားအနည်းငယ်ဖြင့်သာ ရခဲ့မည် ဆိုပါက၊ ခွန်းလွန်တောင်ခြေ မြောက်ပိုင်းမှ လင်းဖုန်း၏ ဂုဏ်သိက္ခာသည် အဖတ်ဆည်၍မရ ဖြစ်သွားခဲ့မည် ဖြစ်သည်။

အကယ်၍ တစ်စုံတစ်ယောက်သည် သံသရာဂိုဏ်းသို့လာ၍ ပြဿနာလာရှာကာ၊ ဂိုဏ်းခေါင်းဆောင်ကိုပင် ရိုက်နှက်ရန် ကြံစည်မည် ဆိုပါက၊ သူသည် ထိုသူတို့အား ငရဲ၏ အောက်ဆုံးထပ်တွင် မြှုပ်နှံထား၍၊ လူပြန်ဝင်စားခွင့်ပင် မပေးဟု၊ လျှိုကျိုခွမ်း ကိုယ်တိုင်ကပင် ဝန်ခံရပေလိမ့်မည်။

သို့သော်လည်း ယခုအချိန်တွင် သူသည် လူလာရွေးသည့်သူ ဖြစ်နေ၍၊ မည်ကဲ့သို့ ပြုလုပ်ရမည်ကို မသေမချာ ဖြစ်နေခဲ့၏။ သူသည် ထိုနှစ်ယောက်တို့အား အေးစက်စွာဖြင့် ကြည့်လိုက်သည်။ ပြီးတာနှင့် သူသည် လင်းဖုန်းဘက်သို့ လှည့်ကြည့်လိုက်ကာ တည်ငြိမ်စွာနှင့် ပြောလိုက်သည်။ "ကိစ္စက ဒီအခြေအနေ အထိတောင် ရောက်လာမှတော့၊ သံသရာဂိုဏ်းက ခင်ဗျားကို လျှော်ကြေးပေးဖို့ အဆင်သင့်ပါပဲ။ ဒါပေမဲ့ ကျုပ်က သူတို့နှစ်ယောက်ကို ဒီကနေ့မှာ အပါခေါ်သွားရမယ်"

သံသရာဂိုဏ်း၏ ပြည်တွင်းစစ်သည်
နိမ့်လိုက်မြင့်လိုက် ဖြစ်နေရာမှ၊
ယခုအချိန်တွင် လမ်းစဥ်ခြောက်သွယ်တို့၏
ပြိုင်ဆိုင်မှုသည် အလွန်ပြင်းထန်သည့်
အခြေအနေသို့ ရောက်ရှိနေခဲ့သဖြင့်၊
ယန်မိသားစုမှ အရင်းအမြစ်များသည်
ငရဲလမ်းစဥ်အတွက်
အလွန်အရေးကြီးပေသည်။

သူ၏ စွမ်းအားကို ထိန်းသိမ်းပြီး
ယန်မိသားစုအား ကျေနပ်စေရန်အတွက်၊
လျှိုကျိခွန်းသည် အင်အားမသုံးပဲ

ထိုကျင့်ကြံသူ နှစ်ယောက်အား တစ်ခုခုနှင့် အလှဲအလှယ်ပြုလုပ်ရန် ပြင်ဆင်လာခဲ့သည်။ ယန်မိသားစုသည် ပြဿနာရှာကြသူများ ဖြစ်ကြသဖြင့်၊ သူတို့သည် လိုအပ်သော တန်ဖိုးကို ပေးဆပ်ရပေလိမ့်မည်။

လင်းဖုန်းသည် တရားလွန် တောင်းဆိုခဲ့လျှင်လည်း၊ သူက ကြောက်ရွံ့နေမည် မဟုတ်ချေ။ လင်းဖုန်းသည် အလွန်အမင်း လောဘကြီးကဲပါက၊ အလွန်ဆုံး အပေးအယူ ပျက်ရုံသာ ရှိပေမည်။

ကျင့်ကြံမှု ကမ္ဘာကြီးတွင်၊ လူကောင်းများက အသာစီးရနေ၍ လူဆိုးများက အားနည်းနေခဲ့သည်။ သံသရာဂိုဏ်းသည် ယုတ်ညံ့သော တာအိုနည်းစနစ်များကို ဆက်လက်၍ မလေ့ကျင့်ကြသော်လည်း၊ သူတို့၏ လုပ်ထုံးလုပ်နည်းများသည် မိစ္ဆာပုံစံနှင့် သိပ်မကွာကြပေ။

သူတို့၏ အင်အားများကို ထိန်းသိမ်းရန်အတွက်၊ ငရဲကမ္ဘာလမ်းစဉ်သည် လိုအပ်လျှင် ခြေတစ်လှမ်း ဆုတ်လိမ့်မည် ဖြစ်၏။ သို့သော်လည်း မည်သို့မှ သည်းမခံနိုင်သော အခြေအနေသို့

ရောက်ခဲ့လျှင်မူ၊ သူတို့သည် စစ်ပွဲကြီးတစ်ပွဲကို
ဆင်နွဲလိမ့်မည် ဖြစ်သည်။

အကယ်၍ ပြင်ပရန်သူနှင့်သာ
တိုက်ခိုက်ခဲ့ပါက၊
လမ်းစဉ်ခြောက်သွယ်တို့သည် စုပေါင်း၍
ရန်သူအား ခုခံကြမည် ဖြစ်သည်။

လျှို့ကျိုခွမ်းသည် တည်ငြိမ်သည့်ပုံ
ပေါက်နေခဲ့သော်လည်း၊ သူသည်
လင်းဖုန်းအား ဆက်လက်၍
စိုက်ကြည့်နေခဲ့ပြီး၊ သူ၏ မျက်လုံးအစုံမှာ
ငရဲကိုးထပ်အလား မည်းမှောင်၍ နေခဲ့၏။

လင်းဖုန်းသည် သူ့အားပြန်ကြည့်လိုက်၍၊ သူသည် ယခင်အတိုင်းပင် တည်ငြိမ်အေးဆေးလျှက်ရှိသည်။

"သံသရာဂိုဏ်းမှာ ရှားပါးတဲ့ ရတနာ တစ်မျိုးရှိတယ်။ ဒါကို သေမင်းခါတ်ငွေ့ ကျောက်တုံးလို့ခေါ်တယ်။ ကျုပ်က သူ့ကို ကြားဖူးခဲ့တာ အချိန်အကြာကြီးရှိခဲ့ပေမဲ့၊ တစ်ခုမှ မတွေ့ဖူးဘူး" လင်းဖုန်းက လျှိုကျိခွန်းအား ဟန်ပန် အမူအရာ ကင်းမဲ့စွာဖြင့်၊ သူ၏ မျက်လုံးများအထဲသို့ စိုက်ကြည့်လိုက်သည်။

သူသည် တည်ငြိမ်စွာဖြင့် ဆက်ပြောလိုက်၏။ "သူတို့ကို လွှတ်ပေးရတာ ကိစ္စမရှိပါဘူး။ ဒါပေမဲ့ ကျုပ်က အပြန်အလှန် အနေနဲ့ အဲ့ဒီ သေမင်းခေါင်းခွံ ကျောက်တုံးကို လိုချင်တယ်"

သူ၏စကား ဆုံးသည်နှင့် လင်းဖုန်းသည် သူ၏ မှော်စွမ်းအင်ကို အသုံးချလိုက်ကာ၊ ထိုကျင့်ကြံသူ နှစ်ယောက်ကို ပြန်သိမ်းလိုက်သည်။ "ကျုပ်လက်ထဲကို သေမင်းခေါင်းခွံ ကျောက်တုံး ရောက်ပြီးရင်၊

ဒီနှစ်ယောက်က ယုကျင်းတောင်ပေါ်ကနေ ခွာလို့ရမယ်"

လျှိုကျိချွန်းသည် မလှုပ်ရှားခဲ့ပဲ ခပ်တည်တည်နှင့်သာ နေခဲ့ကာ၊ အမူအရာ ပြောင်းလဲသွားခြင်း မရှိခဲ့ပေ။

သို့သော်လည်း လျှိုကျိချွမ်းသည် တိုက်ခိုက်ချင်နေသည်မှာ လက်ယားနေပြီ ဖြစ်သည်။ သို့သော်လည်း သူသည် စိတ်ကို အစွမ်းကုန် ထိန်းချုပ်ထားခဲ့သည်။

လင်းဖုန်းတောင်းဆိုခဲ့သော
အချက်အလက်များသည်၊ လျှိုကျိုခွမ်းအား
မသက်မသာ ခံစားစေခဲ့ရသည်။ သူ့အနေနှင့်
ထိုအရာကို ဖြည့်ဆည်းရန် ခက်ခဲသော်လည်း၊
ထို့အတွက်နှင့် လင်းဖုန်းအား
ရန်လုပ်ရရန်မှာလည်း မတန်ချေ။

သေမင်းခါတ်ငွေ့ ကျောက်တုံးသည်
အမှန်တကယ်ပင်၊ သံသရာဂိုဏ်း၏
ထူးခြားရှားပါးသော ရတနာ တစ်မျိုးပင်
ဖြစ်သည်။ သို့သော်လည်း သူသည် ငရဲကမ္ဘာ
လမ်းစဥ်က ပိုင်ဆိုင်သော ပစ္စည်းမဟုတ်ချေ။
သူသည် အသူရာ လမ်းစဥ်က ပိုင်ဆိုင်သော

ပစ္စည်းတစ်မျိုး ဖြစ်၏။ သူ့တွင် သေမင်းနှင့် ခက်ထန်ကြမ်းတမ်းမှုတို့၏ အသန့်စင်ဆုံး စွမ်းအင်များကို ပေါင်းစည်းထားခြင်း ဖြစ်သည်။

ဒါသည် အင်မော်တယ်ဝိညာဉ် အဆင့်မှ အကြီးအကဲ တစ်ယောက်က သူ့ဘာသာသူ ဖန်ဆင်း၍ရနိုင်သော ပစ္စည်းတစ်ခု မဟုတ်ချေ။ ဒါသည် အသူရာ နည်းစနစ်ကဲ့သို့ သေမင်း တာအိုနည်းစနစ်များကို ကျင့်ကြံထားကြသော၊ ကျင့်ကြံသူ တစ်အုပ်စုတို့က ပူးပေါင်း၍ နှစ်ပေါင်းများစွာ ကြိုးစားသန့်စင်ကြရခြင်း ဖြစ်သည်။ ဒါသည်

မရေမတွက်နိုင်သော ကျင့်ကြံသူများ၏
စိတ်ပိုင်းဖြတ်မှုများနှင့်၊ ကြံရာမရဖြစ်စွာ
လွတ်မြောက်လိုသော စွမ်းအား
သဘောတရားများကို
ပေါင်းစပ်ဖွဲ့စည်းထားခြင်း ဖြစ်သည်။

သူတို့သည် ရှားပါးလှသော်လည်း အသူရာ
လမ်းစဉ်မှ ကျင့်ကြံသူ
တစ်ယောက်အတွက်မှာ၊ အလွန်အမင်း
အသုံးမဝင်လှပေ။

သေမင်းအော်ရာများသည် အလွန်အမင်း
သန့်စင်ပါက၊ ခံနိုင်ရည်ရှိရန် ခက်ခဲပေမည်။

အခြေတည် ဝိညာဉ်၌ နောက်ဆုံး အဆင့်မှ
ကျင့်ကြံသူ တစ်ယောက်သည်ပင်လျှင်၊
သူ့အား ကိုင်တွယ်နိုင်ရန် ခက်ခဲ၍
ဆက်လက်ကျင့်ကြံနိုင်ရန် မလွယ်ကူပေ။

အင်မော်တယ်ဝိညာဉ်၌ အဆင့်မှ ကျင့်ကြံသူ
တစ်ယောက်သည်၊ ထိုသေမင်းအော်ရာတို့အား
ခံနိုင်ရည် ရှိသော်လည်း၊ သူ၏
ကျင့်ကြံမှုအတွက် အလွန်အမင်း
အသုံးမဝင်လှချေ။

သို့သော်လည်း လျှိုကျိခွန်းသည် သူ့အား
ဒီအတိုင်း သွားတောင်းပါက၊ အသူရာ

လမ်းစဉ်က သူ့အား ကြင်နာမှုကင်းစွာနှင့် သတ်ဖြတ်မည် ဖြစ်သည်။ တွေးလိုက်ရုံနှင့်ပင် သူသည် ကြက်သီးထလာခဲ့၏။

လင်းဖုန်းအား အချိန်အတန်ကြာ စိုက်ကြည့်နေခဲ့ပြီး၊ လျိုကျိခွန်းသည် သူ၏ခေါင်းကို ညိတ်လိုက်ကာ ပြောလိုက်သည်။ "ကျုပ်ကတိပေးတယ်"

"ဒါဆိုရင် ခင်ဗျားရဲ့ သတင်းကောင်းကို စောင့်နေပါ့မယ်" လင်းဖုန်းသည် ဖွဖွလေး ပြုံးလိုက်သည်။ သူ၏လက်ကို လေဟာနယ် အတွင်းတွင် စက်ဝိုင်းပုံစံ ရေးဆွဲလိုက်ရာ၊

လေဟာနယ် ကွက်လပ်တစ်ခု
ပေါ်လာခဲ့သည်။

လှိုက်ချိခွန်းသည် ထိုအတွင်းသို့ ဝင်သွားခဲ့ကာ၊
ယုကျင်းတောင်မှ ထွက်ခွာသွားခဲ့၏။

လင်းဖုန်းသည် နေရာတွင်သာ ရပ်နေ၍၊
အချိန်အနည်းငယ်ကြာအောင်
စဉ်းစားနေခဲ့သည်။ "ဒါက
အံ့ဩပျော်ရွှင်ဖွယ်ရာ အံ့အားသင့်စေမှုပဲ။
တကယ်လို့သာ ဒီသေမင်းခေတ်ငွေ
ကျောက်တုံးကို ရခဲ့ရင်၊ ငါ့ရဲ့ စွမ်းအားတွေက
ပိုပြီးတော့ ကြီးမားလာလိမ့်မယ်"

"ဆရာ၊ ကျွန်တော့်မှာ တင်ပြစရာ အရေးကြီးကိစ္စတစ်ခု ရှိပါတယ်" ရုတ်တရက်ပင် ရှောင်ပုတန်၏ အသံသည် ပေါ်လာခဲ့၏။

လင်းဖုန်းသည် သူဘာပြောမည်ကို အနည်းငယ် သိချင်သွားခဲ့သည်။ ရှောင်ပုတန် ရောက်လာသောအခါ၊ သူ၏ ဘေးတွင် ထွမ်းထွမ်းနှင့် ကျူးကော်ဖန်းလင်သာမက၊ ယန်ချင်ပါ ပါလာခဲ့သည်ကို တွေ့လိုက်ရ၏။ သူ၏ အမူအရာမှာ လွန်စွာ လေးနက်နေ၏။

ရှောင်ပုတန်သည် သူ၏ အခြေတည် ဝိညာဉ်အဆင့် မှော်အိုင်တမ်ဖြစ်သော၊ ဗလာနတ္တိ အစိမ်းရောင် ဆေးမီးဖိုကိုပါ ယူဆောင်လာခဲ့သည်။ ဤအချိန်တွင် ဆေးမီးဖို၏ အရွယ်အစားမှာ အတော့်ကို ကြီးမားနေ၍၊ အထဲတွင် တစ်စုံတစ်ယောက် ရှိနေပေသည်။

သူသည် အလွန်ဆုံး အသက် ၁၄နှစ် ၁၅နှစ်သာ ရှိသေးသော လူငယ်တစ်ယောက်ဖြစ်သည်။ သူ၏ ခန္ဓာကိုယ်သည် အလွန်အားနည်း နေခဲ့၍၊ မေ့မျောနေခဲ့သည်။

ထိုသူသည် ပြင်းထန်စွာ ဒဏ်ရာရရှိထားခဲ့၍၊ ကုသမှုကို ခံယူထားခဲ့ပြီးသား ဖြစ်သည်။ သူ၏ အသက်အန္တရာယ်မှာ စိုးရိမ်စရာ မရှိတော့ပဲ၊ ကုစားမှု၏ သဘာဝဖြစ်စဥ်အတိုင်း မေ့မျောနေခြင်း ဖြစ်သည်။ ခဏအကြာတွင် သူသည် သတိရလာခဲ့၏။

"ကောင်းတယ်" လင်းဖုန်းသည် ယန်ချင်အား ချီးကျူးလိုက်သည်။ ရှောင်ပုတန်သည် သူ၏ မှော်စွမ်းအင်ဖြင့် ထိုလူငယ်၏ ခန္ဓာကိုယ်အား ကုသနိုင်သော်လည်း၊ ယခုကဲ့သို့

ပြောင်မြောက်လှသည့် ကုသမှုမျိုးကို
ယန်ချင်ကသာ ဆောင်ရွက်နိုင်ပေမည်။

ယန်ချင်သည် ရယ်လိုက်သော်လည်း၊
ခဏအကြာတွင် သူ၏ အပြုံးမှာ
ပျောက်ကွယ်သွားခဲ့သည်။ "ဆရာ၊ တစ်ခုခုက
မှားနေတယ်နဲ့ တူတယ်"

လင်းဖုန်းသည် သူ၏ခေါင်းကို ညိတ်လိုက်ကာ၊
တည်ငြိမ်စွာနှင့် မေးလိုက်သည်။ "ဟုတ်ပြီ၊
ဘာမှားနေသလဲ ဆိုတာကို ပြောပါဦး"

ရှောင်ပုတန်သည် ဆေးမီးဖိုအား ချလိုက်၍၊ လင်းဖုန်းအား အသေးစိတ် ရှင်းပြလိုက်သည်။ "ဆရာ၊ ကျွန်တော်က ထွမ်းထွမ်းနဲ့ ဖန်းလင်တို့နဲ့ ခွန်းလွန်တောင်ပေါ်မှာ ဆော့နေတုံး၊ ဒီဒဏ်ရာ အပြင်းအထန် ရထားတဲ့ လူငယ်လေးကို တွေ့လိုက်ရတယ်"

"ကျွန်တော်က ကျွန်တော့်ရဲ့ မှော်စွမ်းအင်နဲ့ သူ့အခြေအနေကို တည်ငြိမ်အောင် လုပ်ပေးလိုက်တယ်။ သူသတိရလာတော့၊ ကျွန်တော်တို့ကို အကူအညီ တောင်းခံခဲ့တယ်" ရှီထျန်းဟောင်သည် ပို၍ လေးနက်သောပုံ ပေါက်လာခဲ့သည်။ "ဒါပေမဲ့ သူက

ကျွန်တော်တို့ဟာ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းက ဆိုတာကို
သိလိုက်တော့၊ သူက စိတ်လှုပ်ရှားသွားပြီး
ရုန်းကန်ခဲ့တယ်။ ပြီးတော့၊ ပြီးတော့သူက
ပြောသေးတယ်..."

လင်းဖုန်း၏ မျက်လုံးသူငယ်အိမ်များမှာ
ကျဉ်းမြောင်းသွားခဲ့သည်။ "ပြီးတော့သူက
သူ့ကိုတိုက်ခိုက်ခဲ့တဲ့သူက အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းက ဆက်ခံသူလို့
ပြောသေးတယ် ဟုတ်လား"

ရှောင်ပုတန်၏ မျက်ခုံးများမှာ
မြင့်တက်သွားခဲ့၍၊ "ဟုတ်တယ်၊ ဆရာသခင်"

ယန်ချင်သည် ပို၍ လေးနက်လာခဲ့ကာ၊
ထွမ်းထွမ်းနှင့် ကျူးကော်ဖန်းလင်တို့သည်
ရှုပ်ထွေးသော အမူအရာများ ဖြစ်နေကြ၏။

ယုကျင်းတောင်၏ ထူးခြားသော ဝိသေသ
လက္ခဏာများကြောင့်၊ ယုကျင်းတောင်သို့
ဝင်ရန်ထွက်ရန် အတွက် များစွာသော
အကန့်အသတ်များ ရှိသည်။
ယုကျင်းတောင်အား
စိတ်ကြိုက်ဝင်ထွက်နိုင်သော၊

တစ်ဦးတည်းသောသူမှာ လင်းဖုန်းပင် ဖြစ်သည်။

အခြားသူများ အနေဖြင့် ဝင်ချင်ထွက်ချင်လျှင်၊ လေဟာနယ် ပုံရိပ်ယောင် စီးဆင်းမှုများကို ဖြတ်သန်းရမည် ဖြစ်သည်။ အခြေတည် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူများ ဖြစ်ကြသော ခန်းနန်းဟွာနှင့် မြောင်ရှီးဟောင်တို့မှာ၊ လင်းဖုန်းက မဟန့်တားလျှင် အပြင်သို့ စိတ်ကြိုက်ထွက်နိုင်သည်။ သို့သော်လည်း ပြန်ဝင်ရန်အတွက်မူ၊ သူတို့သည် မတတ်နိုင်ကြပေ။

လင်းဖုန်းအပြင် ယုကျင်းတောင်ပေါ်သို့
ဝင်လိုထွက်လိုလျှင်၊ လင်းဖုန်း
ဖန်တီးထားသော အဆောင်လက်ဖွဲ့များကို
အသုံးပြုရမည် ဖြစ်၏။
ထိုအဆောင်လက်ဖွဲ့များကို လင်းဖုန်း၏
လက်ရင်းတပည့် ခြောက်ယောက်တို့နှင့်၊
ခန်းနန်းဟွာ၊ မြောင်ရှီးဟောင်တို့ကသာ
ပိုင်ဆိုင်ထားကြလေသည်။

ကျန်သောသူများ ဖြစ်ကြသော ထွမ်းထွမ်း၊
ကျူးကော်ဖန်းလင်၊
ကျဲယုနှင့်ကွေန့္ဓားဘုရင်တို့ပင်
မပိုင်ဆိုင်ထားကြပေ။

ထွမ်းထွမ်းနှင့် ကျူးကော်ဖန်းလင်တို့သည် အပြင်သို့ ထွက်လိုပါက၊ သူတို့သည် ရှောင်ပုတန်၏ အနောက်သို့ လိုက်ကြရမည် ဖြစ်သည်။

ဒုတိယ မျိုးဆက်တပည့်များ အားလုံးတို့သည် တောင်ပေါ်သို့ ရောက်ခဲ့စဥ်မှစ၍၊ တစ်ခါမှ တောင်အောက်သို့ မဆင်းရသေးချေ။

ပြီးတော့လည်း ထိုအဆောင်လက်ဖွဲ့များမှာ လင်းဖုန်း၏ မှော်စွမ်းအင်ဖြင့် ပြုလုပ်ထားခြင်း

ဖြစ်သည်။ သူတို့အား အသုံးပြုလိုက်သည်နှင့် လင်းဖုန်းက ချက်ချင်းသိပေလိမ့်မည်။

ယခုလတ်တလောတွင် ရှောင်ပုတန်နှင့် ဟိုနှစ်ယောက်မှလွဲ၍၊ ကျန်သောသူများ အားလုံးတို့သည် ယုကျင်းတောင် အပေါ်တွင်သာ ရှိနေကြသည်။

သူပြောသော 'အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ တပည့်' ဆိုသူများမှာ၊ အယောင်ဆောင် လူရမ်းကားများပင် ဖြစ်ကြပေမည်။

ယန်ချင်က ပြောလိုက်၏။ "ဆရာခင်ဗျ၊ ဒီလူငယ်လေးကို ကယ်တင်ပြီးတဲ့နောက်မှာ၊ သူက အချိန်အနည်းငယ် သတိရလာခဲ့တယ်။ သူက ကျွန်တော်တို့ကို သတိထားနေပေမဲ့၊ ကျွန်တော်တို့က သူ့ဆီကနေ သတင်းအချက်အလက် တစ်ချို့ကို မေးလို့ရခဲ့တယ်"

ယန်ချင်၏ ဖော်ပြချက်ကို ကြားရပြီးသောအခါတွင်၊ လင်းဖုန်း၏ မျက်ခုံးအစုံသည် တွန့်သွားခဲ့သည်။

ထိုလူငယ် ပြောပုံအရဆိုလျှင်၊ သူသည် ခွန်းလွန်တောင်မှ ရွာသားတစ်ယောက် ဖြစ်၏။ ကံကောင်းစွာနှင့် တာအိုနည်းစနစ် အချို့ကို ရရှိခဲ့ကာ ကိုယ်တိုင်လေ့လာမှု အပြီးတွင်၊ သူသည် ချီကျင့်ကြံမှုတွင် အခြေခံ အချို့ကို ရရှိခဲ့၏။ သူသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို အမြဲတမ်း လေးစားအားကျနေ၍၊ တပည့်တစ်ယောက်အဖြစ် လက်ခံရန် မျှော်လင့်နေခဲ့သည်။

သူသည် ရှကျိုးမှ ဂိုဏ်းဖွင့်ပွဲ အခမ်းအနား အကြောင်းကို ကြားသိခဲ့ရ၍၊ အခွင့်အရေး ရလိုရငြား ရှကျိုးသို့ သွားခဲ့သည်။

အမှန်အတိုင်း ပြောရလျှင် ဂိုဏ်းဖွင့်ပွဲ အခမ်းအနား အပြီးတွင်၊ အားကျကြသူ အများအပြားတို့သည် တပည့်အဖြစ် လျှောက်လွှာတင်ရန် လာခဲ့ကြ၏။ သူတို့သည် ယုကျင်းတောင်ကို မရှာနိုင်ကြ၍၊ ရှကျိုးသို့သာ သွားခဲ့ကြရသည်။

လင်းဖုန်းသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း အတွင်းသို့ ဝင်ချင်သော သူများကို လက်ခံရန်၊

ကောင်းကင်ကုန်သည်များ ဂေဟာအား
အကူအညီ တောင်းခံထားခဲ့သည်။
ခန်းနန်းဟွာနှင့် မြောင်ရှီးဟောင်တို့သည်
အလှည့်ကျ ရှကျိုးသို့ သွားရောက်ကာ၊
စိတ်ဝင်စားသူများကို လင်းဖုန်း၏
စမ်းသပ်မှုအား ဖြေဆိုရန် ယုကျင်းတောင်သို့
ခေါ်လာခဲ့သည်။

သို့သော်လည်း လင်းဖုန်း၏ စမ်းသပ်မှုများကို
တစ်ယောက်မှ မအောင်မြင်ခဲ့ပေ။
အလားအလာ ကောင်းသောသူများကို
ဂိုဏ်းဖွင့်ပွဲ အခမ်းအနား ကတည်းက
လက်ခံခဲ့ပြီးသား ဖြစ်၏။ တစ်ချိန်တည်းမှာပင်

ပယ်ချခံခဲ့ရသူများလည်း အများအပြား
ရှိခဲ့သည်။

ထိုလူငယ်သည်လည်း သူ၏ကံကို စမ်းသပ်ရန်
ရှကျိုးသို့ လာရောက်ခဲ့ခြင်း ဖြစ်သည်။

မည်သူက သိမည်နည်း၊
ခွန်းလွန်တောင်တွင်ပင် သူသည် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းကဟုဆိုသော
လူတစ်ယောက်နှင့် တွေ့ခဲ့သည်။ သူသည်
စွမ်းရည်တစ်ခု နှစ်ခုအား ထုတ်သုံးလိုက်ကာ၊
ထိုလူငယ်အား အနိုင်ယူခဲ့လိုက်သည်။

ထိုလူငယ်မှာ မပြည့်စုံသည် နည်းစနစ် တစ်ခုကို ကံအားလျော်စွာ ရရှိခဲ့ခြင်း ဖြစ်သည်။ သူသည့် တကယ့်ကမ္ဘာအား မမြင်ဖူးသေးချေ။ သူ့ရှေ့မှလူမှာ အစွမ်းအလွန်ထက်သည့်ပုံ ပေါက်နေ၍၊ သူသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှပင် ဖြစ်မည်ဟု ယုံကြည်ကာ သူ့နောက်သို့ လိုက်သွားခဲ့၏။

မည်သူက ထင်ထားမည်နည်း၊ ထိုသူသည် လမ်းတစ်ဝက်တွင် ရပ်တန့်ကာ သူ့အား အနိုင်ကျင့်ခဲ့သည်။ သူ့အား အသုံးချ၍

ယဇ်ပူဇော်သည့် မှော်ကျိန်စာကိုပင်
ကျင့်ကြံချင်နေခဲ့၏။

ထိုလူငယ်သည် အသက်စွန့်၍
ခုခံတိုက်ခိုက်ကာ
ထွက်ပြေးလာနိုင်ခဲ့သော်လည်း၊ အပြင်းအထန်
ဒဏ်ရာရရှိခဲ့သည်။ နောက်ပိုင်းတွင်
ရှောင်ပုတန်တို့နှင့် တွေ့ဆုံခဲ့ခြင်း
ဖြစ်ပေသည်။

ယန်ချင်သည် ဤအထိပြောပြီးသည်နှင့်၊
ခေတ္တမျှ ရပ်နားလိုက်ကာ
ဆက်ပြောလိုက်သည်။ "ဆရာ၊ ကျွန်တော်က

သူ့ကို ဒဏ်ရာတွေ ကုသပေးနေတုံးမှာ၊
သူ့အပေါ်ကို အသုံးချထားတဲ့ မှော်ကျိန်စာက
အရမ်းကို ရင်းနှီးနေတယ်လို့ ခံစားခဲ့ရတယ်"

ရှီထျန်းဟောင်က သဘောတူစွာနှင့်
ခေါင်းညိတ်လိုက်၏။ "ဟုတ်တယ်"

သူက ရယ်လိုက်သည်။ "ဟီးဟီး၊
ရန်သူဟောင်း တစ်ယောက်ပဲ!"

## စာစဥ် ၂၁ : အပိုင်း ၉

## အပိုင်း ၃၇၉ : ရင်းနှီးပြီးသား ရန်သူ

ရင်းနှီးပြီးသားသူ ဖြစ်ကြောင်းကို ရှောင်ပုတန်က ပြောအပြီးတွင်၊ ယန်ချင်၏ မျက်လုံးအစုံသည် တောက်ပလာခဲ့၏။

"ဒါဆိုရင် ငါအရင်က မြင်ထားတဲ့ ဟာတွေက မမှားနေဘူးပေါ့"

လင်းဖုန်းက ပြန်ဖြေလိုက်သည်။

"မင်းတို့ပြောတာ မှန်တယ်။ ငါက ငါတို့သိပြီးသား သူတစ်ယောက်ပဲ။ ရှကျိုးက တိုက်ပွဲအပြီးမှာ သူတို့က ငြိမ်သက်သွားခဲ့ပြီး၊ နောက်ထပ်ဘာမှ လှုပ်ရှားမှုတွေ

မလုပ်ကြခဲ့ကြဘူး။ သူတို့ဂိုဏ်းရဲ့
အင်မော်တယ်ဝိညာဉ် အဆင့်က
ကျင့်ကြံသူက၊ တံခါးပိတ်ပြီး
လေ့ကျင့်နေတယ်လို့
သတင်းကြားထားခဲ့တယ်"

"အခုကြည့်ရတာတော့ သူတို့က
လက်စားချေဖို့ ပြောင်ကျကျ ရင်မဆိုင်ရဲတော့၊
အမှောင်ထဲကနေ တိတ်တဆိတ် ယုတ်မာတဲ့
နည်းလမ်းတွေကို အသုံးပြုခဲ့ကြတာပဲ"

ရှောင်ပုတန်က ပြောလိုက်သည်။ "ဆရာ၊ နောက်ထပ် သံသယဖြစ်ဖွယ် အချက်တစ်ခု ရှိသေးတယ်"

သူသည် ဆေးမီးဖိုအတွင်းတွင် မေ့မျောနေသော လူငယ်အား လက်ညှိုးထိုး၍ ပြောလိုက်သည်။ "သူ့ကို တိုက်ခိုက်ခဲ့တဲ့ သူရဲ့မှော်စွမ်းအင်ကို အကဲခတ်ရရင်၊ သူ့ရဲ့ ကျင့်ကြံမှု အဆင့်က မနိမ့်ဘူး။ တကယ်လို့ သူ့ကို သတ်ချင်ရင်၊ လွယ်လွယ်ကူကူ သတ်လို့ရတယ်။ သူက ဘယ်လိုလုပ်ပြီးမှ အသက်ရှင်နိုင်မှာ မဟုတ်ဘူး"

ယန်ချင်က ပြောလိုက်၏။ "သူက သူ့ကို တမင်သက်သက် မသေအောင် လုပ်ထားတာ။ ဒါမှ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ နာမည်ကို ဖျက်ခြင်းဆိုတဲ့၊ သူတို့ရဲ့ ရည်ရွယ်ချက်က ထမြောက်နိုင်မှာပေါ့"

ရှီထျန်းဟောင်က သူ၏ခေါင်းအား တဆတ်ဆတ်နှင့် ညိတ်လိုက်၏။ "ဒါက သူတို့ရဲ့ ရည်ရွယ်ချက် အစစ်အမှန်ပဲ ဖြစ်လိမ့်မယ်"

"ငါကတော့ ဒီလောက်ပဲ မထင်သေးဘူး"
လင်းဖုန်းက ထိုလူငယ်အား ကြည့်လိုက်ကာ
ပြောလိုက်သည်။ "ငါ့နောက်ကိုလိုက်ခဲ့"

လင်းဖုန်း၏ မူလကိုယ်သည်
ယုကျင်းတောင်ပေါ်တွင် ကျန်နေခဲ့သည်။
သူသည် သံမဏိသစ်ပင် ကိုယ်ပွားကို
အသုံးပြု၍ ရှောင်ပုတန်နှင့်
ကျန်သောသူများကို ခေါ်ဆောင်သွားခဲ့ကာ၊
ခွန်းလွန်တောင်ပေါ်တွင်
ဆင်းသက်လိုက်သည်။

ဆင်းသက်ပြီးသည်နှင့် လင်းဖုန်းက တိုးတိုးလေး ပြောလိုက်သည်။ "မင်းတို့ရဲ့ စိတ်ဝိညာဉ် အသိစိတ်တွေကို ဖြန့်ကြက်ပြီး၊ လေနတ်ဘုရားဂိုဏ်းက လူက သူ့ကိုယ်သူ လုပ်ဆောင်နေတာလား၊ လေနတ်ဘုရားဂိုဏ်းရဲ့ အကြံကို အကောင်အထည် ဖော်နေတာလား ဆိုတာကို ဖော်ထုတ်ကြရမယ်"

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ တပည့်ဟန်ဆောင်၍၊ ထိုလူငယ်အား ဒဏ်ရာရအောင် လုပ်ခဲ့သောသူမှာ လေနတ်ဘုရားဂိုဏ်းက ကျင့်ကြံသူ

တစ်ယောက်၏ အောင်ရာများကို
ပိုင်ဆိုင်ထားခဲ့သည်။

လင်းဖုန်းက သူတို့အား ချထားပေးခဲ့သော
နေရာမှာ၊ ခွန်းလွန်တောင်၏
မြောက်ဘက်အစွန်းပိုင်းတွင် ဖြစ်၏။
မြောက်ဘက်သို့ ဆက်သွားလိုက်လျှင်၊
ရှကျိုးတည်ရှိရာ သဲကန္တာရ နေရာသို့
ရောက်သွားတော့မည် ဖြစ်သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ
တပည့်များသည် အရှေ့ဘက်သို့ ဦးတည်ကာ
ဆက်သွားခဲ့ကြသည်။ သူတို့သည်

တဖြည်းဖြည်းနှင့် ရှာဖွေသော နေရာများကို ချဲ့ထွင်ခဲ့ကြကာ၊ ပိုက်စိတ်တိုက် စစ်ဆေးခဲ့ကြသည်။

လင်းဖုန်း၏ မူလခန္ဓာကိုယ်မှာ ရှာဖွေရာတွင် ဦးဆောင်သူဖြစ်သည်။ သူ၏ သဘာဝလွန် အသိစိတ်သည် အလွန်တရာ ဝေးကွာစွာ ရောက်ရှိနိုင်ပေသည်။ အချိန်တစ်ခုမျှ ရှာအပြီးတွင်၊ လင်းဖုန်းသည် တစ်စုံတစ်ခုအား ရှာဖွေတွေ့ရှိခဲ့၏။

"အိုး? ဒါက လေနတ်ဘုရားဂိုဏ်းကတော့ မဟုတ်ဘူး။ ဒါပေမဲ့ အရင်က ရင်းနှီးပြီးသား

သူတစ်ယောက်ပဲ။ ဒါပေမဲ့ သူတို့က
ဒီလိုနေရာမျိုးမှာ ပေါ်လာတာ သိပ်ပြီးတော့
မသင့်လျော်ဘူးလို့တော့ ထင်တယ်။

ဒါသည် မဟာချင် အင်ပါယာမှ မိသားစုကြီး
လေးခုတွင် တစ်ခုအပါအဝင် ဖြစ်သော
ယုမိသားစုမှ မှော်စွမ်းအင် လှုပ်ရှားမှုများ
ဖြစ်သည်။ သူတို့အတွင်းတွင် ရွှမ်းမင်မန္တန်အား
လေ့ကျင့်ထားကြသော၊ တပည့်အချို့လည်း
ရှိနေကြ၏။ အနိမ့်ဆုံးသော
ကျင့်ကြံသူသည်ပင် အခြေခံအုတ်မြစ်
အဆင့်တွင် ရှိနေ၏။

ယုမိသားစုမှ ကျင့်ကြံသူများအပြင်၊
ဒဏ်ရာရထားကြကာ မယုံနိုင်သော
အမှုအရာရှိနေကြသည့်
လူငယ်နှစ်ယောက်တို့ကလည်း ရှိနေကြသည်။

ထိုလူငယ်နှစ်ယောက် အနက်မှ
တစ်ယောက်က တုန်တုန်ရီရီဖြင့်
ပြောလိုက်သည်။ "ငါက အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းက လူတွေက
ဒီလောက်အထိ ယုတ်မာကြလိမ့်မယ်လို့
မထင်ထားကြဘူး။ ဒါက မွန်းစတားတွေနဲ့
ဘာများထူးခြားလို့လဲ!"

အခြားလူငယ် တစ်ယောက်သည်
သဘောတူစွာနှင့် ခေါင်းကိုညိတ်လိုက်သည်။

သူတို့နှစ်ယောက်၏ ဘေးတွင်၊
အခြေခံအုတ်မြစ် အဆင့်မှ ဝတ်ရုံဖြူနှင့်
လူငယ်တစ်ယောက်က ရပ်နေခဲ့သည်။
သူသည် ယုမိသားစုမှ မျိုးဆက်တပည့်
တစ်ယောက်ဖြစ်၏။ ထိုနှစ်ယောက်တို့
ပြောနေကြသော စကားများကို
ကြားလိုက်သောအခါ၊ သူ၏မျက်နှာတွင်
ယုတ်မာသော အပြုံးတစ်ခု ပေါ်လာခဲ့သည်။

ထိုဝတ်ရုံဖြူနှင့် လူငယ်သည် အခြားလူငယ် နှစ်ယောက်အား ကြည့်လိုက်ကာ၊ နွေးထွေးစွာနှင့် ပြောလိုက်သည်။ "ကျင့်ကြံမှုကမ္ဘာဆိုတာ ဒီလိုမျိုးပဲ၊ မင်းတို့ထင်သလိုမျိုး ပြီးပြည့်စုံနေတာ မဟုတ်ဘူး။ ကျင့်ကြံသူ အမြောက်အမြားတို့ဟာ အကန့်အသတ်မဲ့တဲ့ စွမ်းအားတွေကို ရရှိနိုင်ဖို့၊ ရက်စက်တဲ့ လုပ်ရပ်တွေကို လုပ်ရတယ်"

"ငါတို့က ဒါကို မိစ္ဆာလမ်းစဉ်လို့ခေါ်တယ်။ ဒီလိုမျိုး ကျင့်ကြံသူတွေရဲ့ လက်ထဲမှာ သေရတဲ့ သူတွေက၊ သွေးစွန်းတဲ့ တိုက်ပွဲမှာ

သေရတဲ့ လူတွေထက်တောင်
ပိုများသေးတယ်"

သူတို့နှစ်ယောက်စလုံးတို့သည်
အသက်ပြင်းပြင်း ရှူလိုက်ကြ၍၊ သူတို့၏
မျက်နှာများပေါ်တွင် အံ့သြထိတ်လန့်သော
အမူအရာများ ပေါ်လာကြသည်။

ဝတ်ရုံဖြူနှင့် လူငယ်သည် ပြီးတာနှင့်
ဆက်ပြောလိုက်သည်။
"ကျင့်ကြံသူတစ်ယောက် အနေနဲ့၊ ငါက
အသက်စွန့်ပြီး ကံကြမ္မာအတွက်
ရုန်းကန်နေရတယ်။ ဒါပေမဲ့ တခြားလူတွေကို

ငါ့အနေနဲ့ တစ်ခါမှ ဒုက္ခမပေးခဲ့ဖူးဘူး။ ငါတို့က ဒီမိစ္ဆာတွေကို မုန်းတီးပြီး၊ သူတို့ကို ဖျက်ဆီးဖို့အတွက် တစ်ချိန်လုံး တိုက်ပွဲဝင်နေခဲ့တယ်"

"အချိန်ကြာလာတာနဲ့အမျှ မိစ္ဆာလမ်းစဉ်ကို လိုက်တဲ့သူတွက၊ ဖြည်းဖြည်းချင်းနဲ့ လျော့နည်းလာခဲ့တယ်။ ငါတို့လို လမ်းမှန်ဂိုဏ်းတွေရဲ့ ဖိအားတွေအောက်မှာ၊ သူတို့က ငါတို့လိုမျိုး လမ်းမှန်ဂိုဏ်းသားတွေ ပုံစံမျိုး ဟန်ဆောင်လာကြတယ်။ ဒါပေမဲ့ သူတို့ရဲ့ ရည်ရွယ်ချက် အစစ်အမှန်က အားလုံးကို လိမ်ညာပြီး၊ သူတို့ရဲ့

တစ်ကိုယ်ကောင်းဆန်တဲ့ အကြံအစည်တွေကို ပြည့်မြောက်ဖို့ပဲ"

အဖြူရောင် ဝတ်စုံနှင့် လူငယ်က ဆက်ပြောလိုက်၏။ "အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက ဒီလိုမျိုး မိစ္ဆာဂိုဏ်း တစ်ခုပဲဖြစ်တယ်။ သူတို့ရဲ့ ရက်စက်ကြမ်းကြုတ်မှုတွေကို မင်းတို့နှစ်ယောက်က ပထမဦးစွာ ခံစားလိုက်ရတာပဲ ဖြစ်တယ်"

ထိုလူငယ် နှစ်ယောက်တို့မှာ ထိတ်လန့်တုန်လှုပ်သွားခဲ့ကာ၊ ဒေါသများ

ထွက်လာကြသည်။ သူတို့သည်
အမုန်းတရားများနှင့် ပြည့်နှက်နေသော်လည်း၊
ကြောက်လန့်နေကြသေး၏။
"ကျွန်တော်တို့က သူတို့ဟာ ဒီလောက်အထိ
ရက်စက်ကြမ်းကြုတ်ကြမှန်း မသိကြဘူး။
ကျွန်တော်တို့က အဲ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းကို
ဝင်တောင်ဝင်ချင်ကြသေးတယ်။
ကျွန်တော်တို့က မျက်စိကန်းနေတဲ့
သူတွေပါပဲ!"

အဖြူရောင် ဝတ်စုံနှင့် လူငယ်က
သူ၏ခေါင်းကို ခါလိုက်ကာ ရယ်လိုက်သည်။

"မင်းတို့ကို အပြစ်တင်လို့တော့ မရပါဘူး။
မင်းတို့နှစ်ယောက်က ငါတို့ကမ္ဘာအတွင်းကို
မရောက်ဖူးဘူးဆိုတော့၊ မင်းတို့မသိသေးတဲ့
အရာတွေက အများကြီး ရှိသေးတယ်"

သူတို့အနက်မှ တစ်ယောက်က
ကြောက်ရွံ့စွာနှင့် မေးလိုက်သည်။
"ရှကျိုးမှာတုံးက အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းဟာ တပည့်တွေ
အများကြီးကို လက်ခံသွားတယ်လို့
ကြားထားတယ်။ သူတို့တွေ အကုန်လုံးလည်း
ဒီလိုမျိုး..."

"အကုန်လုံးတော့ ဖြစ်ချင်မှ ဖြစ်မှာပေါ့။ ဒါပေမဲ့ သူတို့တွေထဲမှာ၊ အများကြီးက စွမ်းအားတွေ အတော်ကောင်းနေလောက်ပြီ" အဖြူရောင် ဝတ်စုံနှင့် လူငယ်က နှောင်တရနေသော လေသံဖြင့် ပြောလိုက်သည်။ "ရှကျိုးမြို့က ဂိုဏ်းဖွင့်ပွဲ အခမ်းအနား ဆိုတာက၊ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ မင်းတို့တစ်တွေလို မသိနားမလည်တဲ့ သူတွေကို ဆွဲဆောင်မှု ပြုလုပ်တဲ့ လှည့်စားမှု တစ်ရပ်ပဲ"

"အဲ့ဒီအချိန်တုံးက ယုမိသားစု အပါအဝင် လူအများကြီးတို့က သူတို့ကို တားဆီးဖို့

သွားခဲ့ကြတယ်။ ဒါပေမဲ့ သူတို့ရဲ့
မိစ္ဆာစွမ်းအင်တွေက ဒီလောက်အထိ
သန်မာလိမ့်မယ်လို့ ငါတို့က မသိခဲ့ဘူး။
မထင်မှတ်ထားတဲ့ အခြေအနေတွေကြောင့်၊
ငါတို့ကလန်က ထိပ်သီးပညာရှင်တွေက
အဲ့ဒီကို အချိန်မီ မရောက်သွားနိုင်ကြဘူး။
ဒါကြောင့်ပဲ အုံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက
ဒီလိုမျိုး အခွင့်အရေးမျိုးကို ရသွားခဲ့တာ"

သူသည် လူငယ်နှစ်ယောက်အား ကြည့်ကာ
ပြောလိုက်သည်။ "ဒါကလည်း လမ်းမှန်ကို
ယုံကြည်ကြတဲ့ သူတွေအဖို့တော့၊
နောင်တရစရာ အဖြစ်တစ်ခုဖြစ်တယ်။

တကယ်လို့ ငါတို့က အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းကို ဟန့်တားနိုင်ခဲ့ရင်၊
လူတွေအများကြီးကို ကယ်တင်နိုင်ခဲ့မှာ"

ဝတ်ရုံဖြူနှင့် လူငယ်က နောင်တရသည့်
အမူအရာများကို ပြုလိုက်သောအခါ၊
ထိုလူငယ် နှစ်ယောက်တို့က သူ့အား
နှစ်သိမ့်ပေးလိုက်ကြသည်။ "အကြီးအကဲ၊
ကိုယ့်ကိုယ်ကိုယ်လည်း သိပ်ပြီးတော့
အပြစ်မတင်ပါနဲ့။ ခင်ဗျားကလည်း ဒီလိုမျိုး
ဖြစ်စေချင်ခဲ့တာမှ မဟုတ်တာ"

"ဟုတ်တယ်၊ ဒါကြောင့်ပဲ ငါတို့က
အဲ့ဒီအဖြစ်တွေကို ကာမိအောင်၊ အခုအချိန်မှာ
အစွမ်းကုန် ကြိုးစားနေကြတာပဲ။ ငါတို့က
ကျန်တဲ့သူတွေကို၊ အဲ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းရဲ့ အလှည့်စား
မခံရအောင် ကာကွယ်နိုင်မယ်လို့
မျှော်လင့်ရတာပဲ"

ဝတ်ရုံဖြူနှင့် လူငယ်သည် ထိုလူငယ်
နှစ်ယောက်တို့ကို ကြည့်လိုက်ကာ၊
အပြုံးတစ်ခု ပေါ်ပေါက်လာခဲ့သည်။
"အနည်းဆုံးတော့ ငါတို့ရဲ့ ကြိုးစားမှုတွေဟာ
အချည်းနှီးမဖြစ်ခဲ့ဘူးပေါ့"

သူတို့အနက်မှ တစ်ယောက်သည် စိတ်ပိုင်းဖြတ်ပြီးသော အမူအရာဖြင့်၊ ဝတ်ရုံဖြူနှင့် လူငယ်အား ဦးညွှတ်လိုက်သည်။ "အကြီးအကဲ၊ ကျေးဇူးပြုပြီးမှ ကျွန်တော့်ကို တပည့်အဖြစ်နဲ့ လက်ခံပေးပါ။ ကျွန်တော်က အကြီးအကဲရဲ့ နည်းစနစ်တွေကို သင်ကြားပြီး၊ အဆင့်တစ်ဆင့်ကို ရောက်သွားခဲ့ရင် အကြီးအကဲနောက်ကို လိုက်ပြီးမှ၊ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို ခုခံပါမယ်!"

"တကယ်လို့ အကြီးအကဲက ကျွန်တော်တို့ကို အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့

မိစ္ဆာလက်တွေကနေ မကယ်တင်ခဲ့ဘူးဆိုရင်၊ ကျွန်တော်တို့က သေတာ ကြာနေပါပြီ" ကျန်လူငယ်တစ်ယောက်ကလည်း သူ့ထံသို့ အလောတကြီးဖြင့် ဦးညွှတ်လိုက်သည်။ "အကြီးအကဲ၊ ကျွန်တော့်ကိုလည်း လက်ခံပါ။ ကျွန်တော်ကလည်း အင်အားကြီးအောင် လုပ်ပြီးမှ၊ မိစ္ဆာတွေကို ဖယ်ရှားချင်ပါတယ်။ သူများတွေကို အနိုင်ကျင့်ခြင်းကနေ ကာကွယ်ပေးချင်ပါတယ်"

ဝတ်ရုံဖြူနှင့် လူငယ်သည် တစ်ချက်ရယ်လိုက်သည်။ ထိုလူငယ် နှစ်ယောက်စလုံးတို့၏

အရိုးအရင်းမြစ်များသည် သိပ်မဆိုးလှချေ။ သူသည် သူ၏ခေါင်းကို လျှင်မြန်စွာဖြင့် ညိတ်လိုက်၏။ "မင်းတို့ နှစ်ယောက်စလုံးက ဒီလိုမျိုး စိတ်ထားရှိတာ မဆိုးဘူး။ ငါက အပြစ်ပေး ခံရမယ် ဆိုရင်တောင်၊ မင်းတို့နှစ်ယောက်ကို ကောင်းကောင်းသင်ပေးရမယ်။ မင်းတို့နှစ်ယောက်စလုံးက တစ်နေ့မှာ ကျင့်ကြံမှု ကမ္ဘာရဲ့ ထောက်တိုင်တွေ ဖြစ်လာကြပြီး၊ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို အနိုင်ယူနိုင်ကြလိမ့်မယ်"

ဝတ်ရုံဖြူနှင့် လူငယ်သည် အတန်ငယ်
ကျေနပ်သွားခဲ့သည်။ "နောက်ထပ်
အရည်အသွေး ကောင်းတဲ့
တပည့်နှစ်ယောက်ကို ရပြန်ပြီ!"

သူသည် ကျေနပ်ဝမ်းမြောက်နေဆဲတွင်၊ သူ၏
နားအတွင်းတွင် အသံတစ်ခုက ရုတ်တရက်
မြည်ဟည်းလာခဲ့၏။ "မင်းရဲ့ ပြဇာတ်က
ပုံကြီးသိပ်ချဲ့လွန်းရာ မကျဘူးလား?"

ဝတ်ရုံဖြူ လူငယ်သည်
အံ့သြတုန်လှုပ်သွားခဲ့သည်။ သူ၏
အမူအရာသည် ပြောင်းသွားခဲ့၍၊

သူ့ခေါင်းပေါ်မှ လေဟာနယ်သည် ခရမ်းရောင် ဖြစ်သွားခဲ့၏။

ယုမိသားစုမှ ကျင့်ကြံသူ တစ်အုပ်စုသည် ထိတ်လန့်နေကြကာ၊ သူတို့၏ အရှေ့တွင် လူနှစ်ယောက် ပေါ်လာသည်ကို တွေ့လိုက်ရသည်။ ပထမ တစ်ယောက်မှာ ကြေးနီရောင် အသားအရေနှင့် အရပ်ရှည်ရှည် လူတစ်ယောက် ဖြစ်သည်။

"သူ့ကို မတွေ့ဖူးဘူး" ဝတ်ရုံဖြူနှင့် လူငယ်သည် သူ၏ စိတ်ကို တည်ငြိမ်အောင် ထိန်းလိုက်သည်။ သူသည် အံ့ဖွယ်

ကောင်းကင်ဘုံဂိုဏ်းမှ အရေးကြီးသော လူများ၏ ပုံစံများကို၊ မှတ်ထားထားပြီးသား ဖြစ်သည်။ သို့သော်လည်း သူသည် သံမဏိသစ်ပင် ကိုယ်ပွားအာ တစ်ခါမှ မတွေ့ဖူးချေ။ သို့သော်လည်း ရှောင်ပုတန်ကိုမူ ချက်ချင်း မှတ်မိလိုက်သည်။

"ရှီထျန်းဟောင်!"

ယုမိသားစုမှ ကျင့်ကြံသူအားလုံးတို့သည် မျက်နှာများ ပျက်သွားကြသည်။ ရှောင်ပုတန် ရှိနေခြင်းကို ရှီမိသားစုမှ မနှစ်သက်သကဲ့သို့၊ ယုမိသားစုကလည်း မနှစ်သက်ကြပေ။

အရင်တစ်ချိန်က သေခါနီး ဖြစ်နေခဲ့သော
ကလေးလေးသည်၊ ယခုအချိန်တွင်
ဤမျှလောက်ထိ သန်မာလာကာ၊ သူတို့အား
ဒုက္ခပြန်ပေးနိုင်လိမ့်မည်ဟု မည်သူမျှ
မစဥ်းစားမိခဲ့ကြချေ။

ဟွမ်ဟိုင် စိတ်ဝိညာဥ် အစည်းအဝေးတွင်
ရှိထျန်းဟောင်သည် အားလုံးကို
အထင်ကြီးစေခဲ့ကာ၊ ဇူရိကိုပင်
အနိုင်ယူနိုင်ခဲ့သည်။ သူ၏ နာမည်သည်
တစ်စနှင်တစ်စ ကျော်ကြားလာပြီ ဖြစ်၏။

သူ့အား တစ်ချိန်လုံး အသေအချာ
စောင့်ကြည့်နေသော ယုမိသားစုသည်၊
သူ့အား အဘယ်မှာ မမှတ်မိပဲ ရှိနိုင်ပါအံ့နည်း။

အဖြူရောင် ဝတ်စုံနှင့် လူငယ်သည်၊ သူ့ရှေ့မှ
လူများအားလုံးမှာ သူ၏ပြိုင်ဘက်
မဟုတ်မှန်းကို သိလိုက်ရ၏။ သူသည်
တိတ်တဆိတ်နှင့် သလင်းကျောက် တစ်ခုကို
ခြေမွလိုက်သော်လည်း၊ မည်သို့မှ တုံ့ပြန်မှု
မရှိခဲ့ပေ။

"ဒါက ခရမ်းရောင် မြူခိုးငွေ့တွေ ကြောင့်ပဲ!"
သူသည် သူ၏ခေါင်းကို မော့လိုက်၍

ကြည့်လိုက်ရာ၊ ဘေးပတ်ဝန်းကျင်
တစ်ခုလုံးသည် ခရမ်းရောင် တိမ်တိုက်များ၏
ဖုံးလွှမ်းထားခြင်းကို ခံနေရပြီ ဖြစ်ကြောင်းကို
တွေ့လိုက်ရ၏။ သူသည် အံကိုတင်းတင်း
ကြိတ်လိုက်၍၊ နောက်ထပ် စိတ်ဝိညာဉ်
အဆောင်လက်ဖွဲ့ တစ်ခုအား ခြေမွလိုက်ရာ၊
အဖြူရောင် အလင်းတန်း တစ်ခုသည်
ကောင်းကင်ယံသို့ ထိုးတက်သွားခဲ့၏။

ဒါသည် ယုမိသားစုမှ အခြေတည်ဝိညာဉ်
အဆင့် အကြီးအကဲ တစ်ယောက်က
ဖန်တီးထားခြင်း ဖြစ်သည်။
ထိုအဆောင်လက်ဖွဲ့သည် တိုက်ခိုက်မှု

စွမ်းရည်များ မရှိသော်လည်း၊ လေဟာနယ်ကို
ထိုးဖောက်သွားနိုင်၏။

သို့သော်လည်း ထိုအဖြူရောင်
အလင်းတန်းသည့် ခရမ်းရောင်
တိမ်တိုက်များနှင့် ကြုံတွေ့လိုက်ရသောအခါ၊
သူသည် မဖြတ်ကျော်သွားနိုင်ပဲ အချုပ်နှောင်
ခံလိုက်ရသည်။

ဝတ်ရုံဖြူနှင့် လူငယ်သည် ကြံရာမရဖြစ်ကာ၊
မသဲမကွဲ ရေရွတ်လိုက်သည်။ "ပရိယာယ်
များလှချည်လား!"

လင်းဖုန်းသည် ထိုစကားကို ကြားလိုက်ပြီး၊ သူ၏ခေါင်းကို ခါလိုက်ကာ ရယ်လိုက်သည်။ "ဒီအချိန်မှာတောင် မင်းက လှုပ်ရှားဖို့ ဆန္ဒရှိသေးတယ်။ မင်းရဲ့ စိတ်စွမ်းအားက သိပ်မဆိုးဘူးပဲ"

သူ၏ စိတ်စွမ်းအားသည် အကျိုးတော့ ရှိပေသည်။ အနည်းဆုံးတော့ ထိုလူငယ်နှစ်ယောက်တို့သည် လင်းဖုန်းတို့အား မုန်းတီးစွာနှင့် စိုက်ကြည့်နေကြ၏။ သူတို့၏ ခန္ဓာကိုယ်များသည် တုန်ခါနေကြကာ၊ မျက်နှာများတွင် ကြောက်ရွံ့သော အမူအရာများ ပေါ်နေကြသော်လည်း၊ သူတို့၏

အကြည့်များသည် စိတ်ပိုင်းဖြတ်ထားမှုများနှင့် ပြည့်နေခဲ့သည်။

လင်းဖုန်းသည် သူတို့အား ကြည့်ပင်မကြည့်ခဲ့ပဲ၊ ယုမိသားစုမှ ကျင့်ကြံသူများကိုသာ စိတ်ဝင်စားနေခဲ့သည်။ သူကပြောလိုက်၏။ "ကြည့်ရတာ မင်းတို့တစ်ဖွဲ့ထဲရဲ့ အကြံတော့ မဟုတ်လောက်ဘူး" လေနတ်ဘုရားဂိုဏ်းကလည်း မင်းတို့နဲ့ ပူးပေါင်းကြံစည်ကြတာပဲ ဖြစ်ရမယ်"

"လေနတ်ဘုရားဂိုဏ်းကလည်း အံ့ဖွယ်ကောင်းကင်ဘုံဂိုဏ်း ဟန်ဆောင်ပြီး၊ လူတွေကို လက်ခံပြီးမှ တိုက်ခိုက်တယ်။ ပြီးတာနဲ့ မင်းတို့က ကယ်တင်ရှင်တွေ ဟန်ဆောင်ပြီး၊ သူတို့ကို ကူညီတယ်။ ကောင်းလိုက်တဲ့ သရုပ်ဆောင်မှု!" လင်းဖုန်း၏ အမူအရာသည် တည်ငြိမ်နေခဲ့သည်။

"ငါ့ဂိုဏ်းရဲ့ ဂုဏ်သိက္ခာကို ချနိုင်တဲ့အပြင်၊ ပါရမီရှိတဲ့ သူတွေကိုလည်း လက်ခံနိုင်သေးတယ်။ မင်းတို့က ခဲတစ်လုံးထဲနဲ့ ငှက်နှစ်ကောင် ပစ်နေတာပဲ"

ရှောင်ပုတန်သည် ဒဏ်ရာရနေသော
လူငယ်အား ခေါ်ပြန်လာစဉ်က၊ လင်းဖုန်းသည်
သူ၏ စွမ်းရည်စစ်ဆေးသော ကိရိယာဖြင့်၊
သူ၏ အရည်အချင်းအား စစ်ဆေးခဲ့သည်။
စုစုပေါင်း ရလဒ်မှာ ၂၃ဖြစ်၏။ သူသည်
အရမ်းကြီးမမြင့်သော်လည်း၊ အရမ်းကြီးလည်း
နိမ့်မနေခဲ့ပေ။

သူ့အရှေ့မှ လူငယ်နှစ်ယောက်တို့သည်လည်း၊
အစွမ်းအစများ သိပ်မသေးလှချေ၊
အထူးသဖြင့် အရိုးအရင်းမြစ်များ ဖြစ်သည်။

လေနတ်ဘုရားဂိုဏ်းဖြစ်စေ၊ ယုမိသားစု ဖြစ်စေ၊ သူတို့သည် ပါရမီရှိသော သူများကို ပစ်မှတ်အရင် ထားလိုက်သည်။ သူတို့သည် လင်းဖုန်းကဲ့သို့ စွမ်းရည်စိစစ်သော ကိရိယာ မရှိကြသော်လည်း၊ ထိုလူငယ်များ၏ အရိုးအရင်းမြစ်များမှာ နိမ့်သလား၊ မြင့်သလား ဆိုသည်ကိုတော့ ခွဲခြားနိုင်ကြ၏။

လင်းဖုန်းက ရယ်လိုက်သည်။
"လေနတ်ဘုရားဂိုဏ်းက ယုမိသားစုအတွက် လုပ်ပေးတာတော့ မဖြစ်နိုင်ဘူး။ မင်းတို့က အချင်းချင်း ပူးပေါင်းဆောင်ရွက်ကြတာ မဟုတ်လား"

သူသည် သူ၏ သဘာဝလွန်
စိတ်စွမ်းအားတို့ကို၊ အရပ်လေးမျက်နှာသို့
အစွမ်းကုန် ထုတ်လွှတ်လိုက်၏။ မကြာမီတွင်
သူသည်၊ လေနတ်ဘုရားဂိုဏ်းမှ
တပည့်အချို့ကို တွေ့လိုက်ရ၏။

## စာစဥ် ၂၁ : အပိုင်း ၁၀

## အပိုင်း ၃၈၀ : ထောင်ချောက်

လေနတ်ဘုရားဂိုဏ်းနှင့် ယုမိသားစုတို့သည်
အတူတကွ ကြံစည်နေကြသည် ဖြစ်သဖြင့်၊

သူတို့သည် တစ်ယောက်နှင့်တစ်ယောက်
အဝေးကြီး မရှိနိုင်ကြပေ။

လင်းဖုန်းသည် သူ၏ သဘာဝလွန်
အသိစိတ်ကို အသုံးချ၍
ဘေးပတ်ဝန်းကျင်အား လေ့လာလိုက်ရာ၊
လျှင်မြန်စွာပင် လေနတ်ဘုရားဂိုဏ်းမှ
ကျင့်ကြံသူ တစ်အုပ်အား တွေ့လိုက်ရသည်။
ထင်ထားသည့် အတိုင်းပင် သူတို့၏
အနားတွင် ဒဏ်ရာရထား၍
ဒေါသထွက်နေသော၊ ပင်ကိုစွမ်းရည်
အနည်းငယ်ရှိသည့်
လူငယ်နှစ်ယောက်ကိုလည်း တွေ့လိုက်ရ၏။

ယုမိသားစုမှ ကျင့်ကြံသူ နှစ်ယောက်တို့သည်
ထိုလူငယ် နှစ်ယောက်တို့၏ အရှေ့တွင်
အုံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ
တပည့်များအဖြစ် ဟန်ဆောင်ထားကြပြီး၊
လေနတ်ဘုရားဂိုဏ်းမှ တပည့်များက
သူတို့အား လာကယ်ကြခြင်း ဖြစ်သည်။

ထိုအချိန်တွင် လေနတ်ဘုရားဂိုဏ်းမှ
ကျင့်ကြံသူ တစ်ယောက်နှင့် အခြား
ကျင့်ကြံသူ တစ်ယောက်တို့သည်၊
အဝေးတစ်နေရာတွင် အချေအတင်
ပြောနေကြသည်ကို တွေ့လိုက်ရ၏။ "မင်းက

သူတို့ကို ရှာမတွေ့တာနဲ့ပဲ၊ ငါတို့ကို အပြစ်လာတင်နေတာလား"

သူနှင့် အချင်းများနေသောသူမှာ ယုမိသားစုမှ ဖြစ်ကြောင်းကို လင်းဖုန်းက ပြောနိုင်ခဲ့သည်။ သူသည် မျက်နှာမည်းမှောင်နေခဲ့ပြီး၊ "ကျုပ်တို့က ချိန်းထားတဲ့ နေရာမှာ စောင့်နေခဲ့တယ်၊ ဒါပေမဲ့ တစ်ယောက်မှ ပေါ်မလာတော့၊ ခင်ဗျားတို့နားပဲ လာရှာရတာပေါ့"

သူသည် သူ၏အရှေ့မှ လေနတ်ဘုရားဂိုဏ်းက ကျင့်ကြံသူအား ကြည့်လိုက်ကာ

ရယ်လိုက်သည်။ "မင်းက
ဘာမှမသိဘူးလို့တော့ မပြောနဲ့နော်။ ငါကြိုပြီး
သတိပေးထားလိုက်မယ်။ တကယ်လို့
မင်းတို့က သူတို့အားလုံးကို တပည့်တွေအဖြစ်
သိမ်းသွင်းချင်ခဲ့ရင်၊ သူတို့ကို တိုက်ခိုက်တဲ့
သူတွေနဲ့ တစ်ဂိုဏ်းထဲမှန်း
သိသွားခဲ့အချိန်ကြတော့၊
လုပ်ဇာတ်ခင်းထားတာ
ပေါ်မသွားပေဘူးလား"

"ဒီအကြောင်းကြောင့်ပဲ ငါတို့နှစ်ဂိုဏ်းက
ပူးပေါင်းဆောင်ရွက်ကြတာ မဟုတ်ဘူးလား"

လေနတ်ဘုရားဂိုဏ်းက ကျင့်ကြံသူက နှာမှုတ်လိုက်သည်။ "ငါက အဲ့လောက်အထိ မတုံးပါဘူး။ ငါက ဒါကို နားလည်ပါတယ်။ ငါက ရှင်းအောင် တစ်ခါတည်း ပြောထားလိုက်မယ်။ ငါက အဲ့ဒီကောင်လေးကို မင်းရဲ့လမ်းကြောင်းထဲ တစ်ခါထဲ ထည့်ပေးလိုက်ပြီ။ ပြီးတာနဲ့ မင်းနဲ့တွေ့တာပါ၊ အဲ့ဒီကောင်လေး ဘယ်ရောက်သွားလဲ ဆိုတာကိုတော့၊ ငါလည်းမသိဘူး"

ယုကလန်မှ ကျင့်ကြံသူများ၏ မျက်နှာများသည် ပို၍ မည်းမှောင်လာကြ၏။

"တကယ်လို့ မင်းပြောတာက အမှန်သာဆိုရင်၊ မမျှော်လင့်တာ တစ်စုံတစ်ခု ဖြစ်သွားခဲ့ပြီပဲ"

"မင်းပြောတဲ့အတိုင်းဆိုရင်..."
လေနတ်ဘုရားဂိုဏ်းမှ ကျင့်ကြံသူသည်လည်း ငတုံးတစ်ယောက် မဟုတ်ချေ။ သူသည် တစ်စုံတစ်ခုအား တွေးမိလိုက်ကာ၊ သူ၏ အမူအရာသည် ပြောင်းလဲသွားခဲ့၏။
"တစ်ယောက်ယောက်ကများ သူ့ကို ကယ်လိုက်တာလား"

ယုမိသားစုမှ ကျင့်ကြံသူက သူ၏ခေါင်းကို ညိတ်လိုက်သည်။ "အဲ့ဒီကောင်လေးက

ချိုကျင့်ကြံမှုမှာ အခြေခံပဲ ရှိသေးတာ။ သူက အခြေခံအုတ်မြစ် အဆင့်က ငါတို့နှစ်ယောက်ရဲ့ ရှာဖွေမှုအောက်ကနေ မလွတ်သွားနိုင်ဘူး။ တစ်ခုတည်းသော ဖြစ်နိုင်ချေက တတိယလူတစ်ယောက်က ကယ်သွားခဲ့တာပဲ"

သူ၏ မျက်နှာတွင် ကြောက်ရွံ့သော အရိပ်အယောင်များ ပေါ်လာခဲ့သည်။ "အဆိုးဆုံးကတော့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက တပည့်တွေက၊ သူ့ကိုတွေ့သွားပြီး ခေါ်သွားမှာကိုပဲ ဖြစ်တယ်"

သူတို့စကား ပြောနေဆဲမှာပင်၊ သူတို့၏ အပေါ်မှ ကောင်းကင်သည် ရုတ်တရက် ခရမ်းရောင် သန်းသွားခဲ့ကာ၊ လေဟာနယ် တစ်ခုလုံးအား ခရမ်းရောင် တိမ်တိုက်များနှင့် ဖုံးလွှမ်းသွားခဲ့သည်။

အားလုံး၏ အမူအရာများက ပြောင်းသွားကြသည်။ ခဏအကြာတွင် လင်းဖုန်းနှင့် သူ၏ တပည့်များသည်၊ သူတို့၏ အရှေ့တွင် ပေါ်လာကြ၏။ လင်းဖုန်းသည် သူ၏ခေါင်းကို ရှောင်ပုတန်ဘက်သို့ လှည့်လိုက်ကာ ပြောလိုက်သည်။
"မင်းကယ်လာတဲ့ ကောင်လေးက၊ သူတို့ရဲ့

လက်ထဲကနေ လွတ်မြောက်လာတဲ့
တစ်ယောက်ပဲ"

ရှီထျန်းဟောင်သည် လေနတ်ဘုရားဂိုဏ်းနှင့်
ယုမိသားစုမှ ကျင့်ကြံသူ အုပ်စုအား၊
ကြည့်လိုက်ကာ ပြောလိုက်သည်။
"တိုက်ဆိုင်လိုက်တာ၊ ငါတို့က သူကို
တွေ့ခဲ့လိုက်တယ်"

တစ်ဘက်မှ အုပ်စုမှာ မည်သို့မှပင် မခုခံနိုင်ပဲ၊
အဖမ်းခံလိုက်ကြရ၏။

ထိုအုပ်စုထဲမှ အလှည့်စားခြင်း
ခံထားကြရသော ကလေးနှစ်ယောက်တို့သည်၊
ယုမိသားစုမှ လူငယ်များကဲ့သို့ အစပိုင်းတွင်၊
လင်းဖုန်းနှင့် ကျန်သောသူများကို
မမြင်မကြည့်ကြပေ။ သို့သော်လည်း
လင်းဖုန်းသည် ထိုအုပ်စုနှစ်ခုအား
စုစည်းပေးလိုက်သောအခါ၊
အလိမ်အညာခံခဲ့ကြရသော လူငယ်များမှာ
အမူအရာများ ပြောင်းလဲသွားကြသည်။

သူတို့အား တိုက်ခိုက်ခဲ့ကြသော
အုပ်စုရန်သူများမှာ၊ ထိုအုပ်စုအတွင်းတွင်
ရှိနေကြ၏။

ခဏကြာမျှ တွေဝေသွားကြအပြီးတွင်၊
ထိုလူငယ်များသည် ဘာဖြစ်သွားကြသနည်း
ဆိုသည်ကို ရိပ်စားမိခဲ့ကြသည်။
သူတို့အားလုံးသည်
အလှည့်စားခံခဲ့ရခြင်းကြောင့် ဒေါသများ
ထွက်လာခဲ့ကြ၏။

သူတို့သည် အစပိုင်းတွင် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းကို
နာကြည်းမုန်းတီးခဲ့ရခြင်းမှာ၊ သူတို့
လေ့လာသိရှိခဲ့ရသော အမှန်တရားသည်၊

သူတို့ မျှော်လင့်ထားကြသည်နှင့် လွန်စွာ ကွာခြားနေကြခြင်းကြောင့် ဖြစ်သည်။

သူတို့သည် တပည့်အဖြစ် လက်ခံနိုင်ရန်အတွက် ဆန္ဒများ ပြင်းပြနေကြပြီး၊ သူတို့ အိုင်ဒေါအဖြစ် သတ်မှတ်ထားကြသော သူများသည် မွန်းစတားများ ဖြစ်နေကြသည်ဟု တွေ့ရှိခဲ့ရခြင်း ဖြစ်၏။ ထို့ကြောင့် သူတို့က မကျေမနပ်ဖြစ်ကာ ဒေါသထွက်နေကြခြင်း ဖြစ်သည်။

သို့သော်လည်း ယခုအချိန်တွင် သူတို့သည် အမှန်တရားကို ရှာဖွေတွေ့ရှိသွားကြပြီ ဖြစ်၏။ သူတို့သည် သူတို့၏ အမှန်းတရားများကို၊ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ လေနတ်ဘုရားဂိုဏ်းနှင့် ယုမိသားစုထံသို့ ရွှေ့ပြောင်းသွားခဲ့ကြပြီ ဖြစ်သည်။

သူတို့အားလုံးတို့သည် ယုကျင်းတောင်ပေါ်သို့ ပြန်လာခဲ့ကြကာ၊ လင်းဖုန်းသည် ထိုလူငယ်များကို ရှောင်ပုတန်နှင့် ယန်ချင်တို့၏ လက်အတွင်းကို အပ်ခဲ့လိုက်သည်။

လင်းဖုန်းသည် မျက်နှာသုန်မှုန်နေသော အဖြူရောင် ဝတ်စုံနှင့် လူငယ်အား ကြည့်လိုက်သည်။ "မင်းဘာသာမင်း ဝန်ခံတာကောင်းမယ်။ ငါကမင်းရဲ့ စိတ်ဝိညာဉ်ကို မရှာချင်ဘူး"

အဖြူရောင် ဝတ်စုံနှင့် လူငယ်သည် တုန်ခါသွားခဲ့ကာ ဖြေလိုက်သည်။ "ကျွန်တော်က ယုမိသားစုရဲ့ တတိယဇနီးရဲ့ မျိုးဆက်ဖြစ်တဲ့ ယုချန်းဖြစ်ပါတယ်။ ကျွန်တော်က ခင်ဗျားကို မြင်ဖူးပါတယ်"

ယုချန်းသည် လင်းဖုန်းအား မည်သည့်အရာမျှ ဖုံးကွယ်၍ မရသည်ကို သိနေခဲ့သဖြင့်၊ သူသိသမျှ အကုန်လုံးအား လင်းဖုန်းအား ပြောပြခဲ့သည်။ သူသည် အကြံအစည်ကို စီစဥ်သူ မဟုတ်ပဲ၊ ခိုင်းသမျှကို လုပ်ခဲ့ရသူသာ ဖြစ်၏။ သူ၏ အနာဂတ် နေ့များသည် လှပတော့မည် မဟုတ်တော့ဟု သိနေခဲ့သော်လည်း၊ လင်းဖုန်းသည် သူကဲ့သို့သော ပွန်းသေးသေးလေးကို အရေးတယူ လုပ်မည်မဟုတ်ဟု ယုံကြည်နေခဲ့သည်။

ယုချန်း၏ ဝန်ခံမှုများကို ကြားခဲ့ရ အပြီးတွင်၊ လင်းဖုန်းသည် ယုမိသားစုနှင့် လေနတ်ဘုရားဂိုဏ်းတို့သည် အမှန်တကယ် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်ဟု သိခဲ့လိုက်သည်။ ထို့အပြင် လှုပ်ရှားနေကြသူများသည် ထိုနှစ်ဖွဲ့တည်းသာ မဟုတ်သေးပေ။

ခွန်းလွန်တောင်တွင် ဖြန့်ကြက်ထားသော သူတို့အုပ်စုများအပြင်၊ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းထံတွင် တပည့်ခံရန် ရှကျိုးသို့ လာကြသူများကိုလည်း၊ လမ်းခရီးတွင်

ဝင်ရောက်နှောင့်ယှက်သူများလည်း
ရှိကြသေး၏။

အလားအလာ သိပ်မကောင်းသော သူများကို
သူတို့က လွှတ်ပေးလိုက်သော်လည်း၊ ပါရမီ
ပါသူများကိုမူ သူတို့က တားဆီးခဲ့ကြသည်။

အုပ်စုတစ်ခုစီတွင် လေနတ်ဘုရားဂိုဏ်းနှင့်
ယုမိသားစုတို့မှ လူများကို ရောထားကြသည်။
သူတို့ နှစ်အုပ်စုတို့သည် တစ်ဖွဲ့နှင့်တစ်ဖွဲ့
အနည်းငယ် ခြားထား၍၊ အသံလွှင့်
ကျောက်တုံးများနှင့် အချင်းချင်း
ဆက်သွယ်ကြ၏။ ဒါသည် သူတို့

ပူးပေါင်းဆောင်ရွက်သည့်
နည်းလမ်းဖြစ်သည်။

တစ်ခါတရံတွင် သူတို့သည် အလားအလာ
မကောင်းသော သူများကိုလည်း
ရပ်တန့်ခဲ့ကြသည်။ ပြီးတာနှင့်
သူတို့အချင်းချင်း သရုပ်ဆောင်ကြကာ၊ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း၏ နာမည်ကို
ဖျက်ဆီးရန် ကြိုးစားကြခြင်း ဖြစ်သည်။

"ယုမိသားစုက အခြေတည် ဝိညာဉ်
အလယ်အလတ် အဆင့်က အကြီးအကဲ
တစ်ယောက်က၊ ဒီကိစ္စကို ကြိုးကိုင်ဖို့

ခွန်းလွှန်တောင်ကို လာခဲ့တယ်?" လင်းဖုန်းက သူ၏ခေါင်းကို ဖြည်းဖြည်းချင်း ညိတ်လိုက်သည်။ "အဟန့်တား ခံခဲ့ရတဲ့ သူတွေကို၊ သူ့ဆီကို ပို့ရတယ်"

"လေနတ်ဘုရားဂိုဏ်းကလည်း ဒီအတိုင်းပဲ"

သူသိချင်သော အရာများကို သိရအပြီးတွင်၊ လင်းဖုန်းသည် ဇူရီအား ခေါ်လိုက်ကာ သူတို့အား ခေါ်ဆောင်သွားစေခဲ့သည်။ သူတို့အား မဟူရာကောင်းကင် ရတနာသစ်ပင်၏ အောက်တွင် တစ်ယောက်ချင်းစီ ရပ်စေခဲ့ကာ၊

လေဟာနယ်ကို စိုက်ကြည့်ခိုင်းထားပြီး
စကားတစ်ခွန်းမှ ပေးမပြောခဲ့ပေ။

ခဏအကြာတွင်၊ ဇူရီသည်
ပြန်ရောက်လာခဲ့၏။ ရှီထျန်းဟောင်၊
ဝမ်လင်းနှင့် တပည့်တစ်အုပ်စုတို့သည်
လင်းဖုန်း၏ အရှေ့သို့ ရောက်ရှိလာကြသည်။
ရှောင်ယန်တစ်ယောက်သာ တံခါးပိတ်၍
လေ့ကျင့်နေခဲ့ကာ၊ လင်းဖုန်းသည် သူ့အား
အနှောင့်အယှက် မပေးခဲ့ပေ။

ခန်းနန်းဟွာနှင့်
မြောင်ရှီးဟောင်တို့သည်လည်း

ရောက်ရှိလာကြသည်။ ခန်းနန်းဟွာသည် သူ၏ မျက်မှောင်ကြီးအား ကြုတ်လိုက်ကာ၊ ဘာကိုမှ မပြောခဲ့ပေ။ မြှောင်ရှီးဟောင်သည် လင်းဖုန်းအား မျက်လုံးထောင့်ကပ်၍ ကြည့်လိုက်ကာ ပြောလိုက်သည်။ "အရှင်၊ ကျွန်တော်တို့က ဘာမှမလုပ်ပဲ ထိုင်ကြည့်နေလို့တော့ မဖြစ်ဘူး"

လင်းဖုန်းသည် ဖွဖွလေး ပြုံးလိုက်သည်။ "စိတ်လျှော့၊ ရှီးဟောင်။ ဘာလုပ်ရမလဲဆိုတာ ငါသိတယ်"

ထိုအချိန်တွင် ဇူရီနှင့် ကျန်သောသူများသည် ဘာဖြစ်နေသနည်းဆိုသည်ကို သဘောပေါက်သွားကြပြီ ဖြစ်သည်။ လင်းဖုန်းသည် ယုချန်း၏ ဝန်ခံချက်များကို သူတို့အားလုံးအား ပြောပြခဲ့ပြီး ဖြစ်၏။ အားလုံးသည် စိတ်လှုပ်ရှားနေကြပြီး၊ မပျော်မရွှင် ဖြစ်နေကြ၏။

"ဆရာ၊ ကျွန်တော်က တစ်ခုခု မှားနေတယ်လို့ ခံစားနေရတယ်" ဇူရီက အချိန်အနည်းငယ်မျှ စဉ်းစားပြီးနောက် ပြောလိုက်သည်။

လင်းဖုန်းသည် သူ့စကားကို ကြားလိုက်ရသောအခါ တစ်ချက်ပြုံးလိုက်သည်။ သူ၏ညာလက်ကို ဆန့်တန်းလိုက်ကာ၊ ဇူရီအား ညွှန်လိုက်သည်။ "ဇူရီ၊ မင်းက အတော့်ကို အသေးစိတ် စဉ်းစားတတ်တယ်"

ယန်ချင်နှင့် ယွဲ့ဟုန်ယန်တို့သည် မှင်သက်သွားကြ၏။ ရှောင်ပုတန်သည်လည်း အတန်ငယ် ထူးခြားသည်ဟု ထင်နေခဲ့သည်။ ဝမ်လင်းကလည်း အကြောင်းအရာများကို သုံးသပ်နေခဲ့သည်။

ခန်းနန်းဟွာနှင့်
မြောင်ရှီးဟောင်တို့သည်လည်း၊ အချင်းချင်း
ကြည့်လိုက်ကြကာ စဥ်းစားခန်း ဝင်နေကြ၏။

လင်းဖုန်းသည် ရှောင်ပုတန်အား
ကြည့်လိုက်ကာ မေးလိုက်သည်။
"ထျန်းဟောင်၊ မင်းက ဘယ်လိုမျိုး
လုပ်ချင်သလဲ"

ရှီထျန်းဟောင်က ပြန်ဖြေလိုက်သည်။
"ယုကလန်နဲ့ လေနတ်ဘုရားဂိုဏ်းက
အခြေတည် ဝိညာဥ် အဆင့်
ဂရန်းမာစတာတွေကို အရင်ရှာရမယ်။

သူတို့က ခွန်းလွန်တောင်ကို ဝင်သွားကြတဲ့ နှစ်ဦးနှစ်ဘက်က တပည့်တွေရဲ့ နေရာအတိအကျကို သိကြမှာပဲ။ ဒီလိုဆိုရင် ကျွန်တော်တို့က သူတို့အားလုံးကို တစ်ခါတည်းနှင့် ဖမ်းဆီးနိုင်မယ်"

"ပြီးတော့ အခုဖမ်းထားတဲ့ တပည့်တွေက ပြန်မလာကြဘူး ဆိုရင်၊ အဲ့ဒီအခြေတည် ဝိညာဥ် အဆင့်က ဂရန်းမာစတာ နှစ်ယောက်က၊ အဖမ်းခံထားကြရပြီ ဆိုတာကို ရိပ်မိကြမှာပဲ"

လင်းဖုန်းက ရယ်လိုက်သည်။ "ဒါဆိုရင် ငါ့ကို ပြောပြစမ်းပါဦး၊ ဘယ်သူက သူတို့ကို သွားဖမ်းဖို့ အသင့်တော်ဆုံးလဲ?"

ရှီထျန်းဟောင်က ပြန်ဖြေလိုက်သည်။ "အခုအချိန်မှာ အခြေအနေကို ရှင်းရှင်းလင်းလင် သိထားပြီဆိုတော့၊ ဆရာက ကိုယ်တိုင်လှုပ်ရှားစရာ မလိုပါဘူး။ ဒုတိယ စီနီယာ၊ တတိယ စီနီယာ၊ အကြီးအကဲခန်း၊ အကြီးအကဲမြောင်၊ ကျဲယု၊ ကွေ့နွားဘုရင်၊ ထွမ်းထွမ်းနဲ့ ကျွန်တော် အပါအဝင် လူရှစ်ယောက်ရှိတယ်။ အဲ့ဒီအထဲက

လေးယောက်ကို ရွေးလိုက်ရင်၊ နိုင်ပွဲက သေချာနေပြီ"

"ကျွန်တော်က ယုမိသားစုက ဂရန်းမာစတာကို တွေ့ချင်နေတယ်.." သူက အခုအထိ ပြောပြီးသွားသော်၊ ရှီထျန်းဟောင်သည် ရုတ်တရက် ရပ်တန့်သွားပြီး၊ သဘောပေါက်သွားသကဲ့သို့ ဖြစ်သွားခဲ့သည်။ သူသည် ဇူရီဘက်သို့ လှည့်ကာ ကြည့်လိုက်ရာ၊ ဇူရီကသူ့အား ခေါင်းညိတ်ပြလိုက်သည်။

သူသည် လင်းဖုန်းအား ပြန်လှည့်ကြည့်လိုက်သည်။ လင်းဖုန်းက ဖွဖွလေး ပြုံးလိုက်ရာ၊ ရှီထျန်းဟောင်က သဘောပေါက်သွားခဲ့သည်။ သူသည် ငြိမ်သက်သွားသော်လည်း၊ သူ၏ အကြည့်မှ ပို၍ပို၍ အေးစက်လာခဲ့ကာ၊ ရယ်လိုက်သည်။ "ဟေး၊ ယုမိသားစု!"

အားလုံးတို့သည်လည်း တစ်ဖြည်းဖြည်း သဘောပေါက်လာကြကာ၊ ယွဲ့ဟုန်ယန်က နှာမှုတ်လိုက်သည်။ "ထောင်ချောက်!"

ယန်ချင်သည်လည်း အတန်ငယ် ဒေါသထွက်လာခဲ့၏။ "သူတို့က အတော်ယုတ်မာကြတာပဲ။ ဒါက ဂျူနီယာလေးကို ထောင်ချောက်ဆင်ထားကြတာပဲ"

ဝမ်လင်းက ပြောလိုက်သည်။ "ဂျူနီယာလေးက အဓိက ပစ်မှတ်ဖြစ်တယ်။ ဒါပေမဲ့ ငါတို့အားလုံးလည်း ပါကြတာပဲ။ သူတို့က အနိုင်ယူနိုင်ဖို့ ယုံကြည်ချက်မရှိတဲ့ ဆရာသခင်ကလွဲလို့၊ ကျန်တဲ့သူတွေ အားလုံးကို ထောင်ချောက်ဆင်ထားကြမှာပဲ"

လင်းဖုန်း၏ အမူအရာသည် ပြောင်းလဲခြင်း မရှိပဲ၊ ရယ်ပင်ရယ်ချင်နေခဲ့သည်။ သူသည် သူ့ဘေးနားမှ လူအားလုံးကို ကြည့်လိုက်ကာ၊ ပြောလိုက်သည်။ "ငါတို့ဂိုဏ်းက နတ်ဘုရား နယ်မြေမှာ အင်အားကြီးထွားလာတဲ့အတွက်၊ တခြားအင်အားစုတွေရဲ့ မုန်းတီးခြင်းကို ခံရမှာပဲ။ ဒါက ကြိုတင်ပြီးမှ တွက်ထားလို့ရတဲ့ အရာတစ်ခု ဖြစ်တယ်"

ယုချန်းအား စစ်ဆေးမေးမြန်း အပြီးတွင်၊ လင်းဖုန်းသည် ယုမိသားစုနှင့် လေနတ်ဘုရားဂိုဏ်းတို့၏ အကြံသည်၊ ဟွမ်ဟိုင်စိတ်ဝိညာဉ် အစည်းအဝေး

အပြီးတွင်ပင် စတင်လုပ်ဆောင်ကြသည်ဟု ထင်နေခဲ့သည်။ ကြည့်ရသည်မှာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ပြောင်မြောက်သော စွမ်းဆောင်ရည်၊ အထူးသဖြင့် ရှောင်ပုတန်သည် သူတို့အား အစပျိုးစေခဲ့ခြင်း ဖြစ်၏။

"လေနတ်ဘုရားဂိုဏ်း၊ ယုမိသားစု.. ဟားဟား!" လင်းဖုန်းသည် ရယ်လိုက်ကာ ခရမ်းရောင် တိမ်တိုက် တစ်စအား ထုတ်လွှတ်လိုက်၍၊ ထွမ်းထွမ်းအား သူ့အရှေ့သို့ ခေါ်လိုက်သည်။

လင်းဖုန်းက ပြောလိုက်သည်။ "ထွမ်းထွမ်း၊ ငါကနင့်ကို နင့်ရဲ့ဖခင်၊ တောက်တီ မဟာပဏ္ဍိတနဲ့ ပူးပေါင်းဆောင်ရွက်စေလိုတယ်"

ထွမ်းထွမ်းသည် လင်းဖုန်းအား အံ့ဩစွာနှင့် ကြည့်လိုက်သည်။ သူမသည် ရုပ်ခန္ဓာကိုယ်အား ပြန်လည် ဖန်ဆင်းပြီးသွားသော်လည်း၊ မဟာလွင်တီးခေါင် ကုန်းမြေအား ပြန်သွားရန် ရည်ရွယ်ချက် မရှိခဲ့ပေ။ သူမသည ဤနေရာမှ စားကောင်းသောက်ဖွယ်များကို

မက်မောနေခဲ့သဖြင့်၊
ယုကျင်းတောင်ပေါ်တွင်သာ ဆက်နေခဲ့သည်။

သို့သော်လည်း လင်းဖုန်းသည် သူမအား
ကူညီ၍၊ သူမ၏ မိသားစုနှင့်
ပြန်လည်ဆက်သွယ်ပေးခဲ့သည်။
ထွမ်းထွမ်းအား အံ့ဩစေသည်မှာ သူမ၏
ဖခင်သည် အချိန်အတော်ကြာ
စဉ်းစားပြီးနောက်၊ သူမအား နတ်ဘုရား
နယ်မြေတွင်သာ ဆက်နေစေခဲ့ခြင်း ဖြစ်သည်။
သူမသည် သူမပြန်ချင်သည့် အချိန်တွင်
ပြန်လာ၍ရသည်။

ထိုအချိန်မှလွဲ၍ လင်းဖုန်းသည်၊ တောက်တီ မဟာပဏ္ဍိတနှင့် မည်သည့်ဆက်သွယ်မှုများ မရှိခဲ့ပေ။ ယခုတွင် သူသည် ထိုကဲ့သို့ တောင်းဆိုခဲ့ခြင်းကြောင့်၊ ထွမ်းထွမ်းသည် အနည်းငယ် အံ့ဩနေခဲ့သည်။

ဆက်သွယ်ပြီးသွားသောအချိန်တွင် တစ်ဘက်မှနေ၍၊ အသံတိုးတိုး တစ်ခုကို ကြားခဲ့ရသည်။ "ကျန်းမာပါစ၊ မာစတာလင်း?"

"ကျန်းမာပါတယ်၊ မဟာပဏ္ဍိတ" လင်းဖုန်းက ပြန်ဖြေလိုက်သည်။ "ကျုပ်က ကျုပ်က

ဒီကနေ့မှာ ခင်ဗျားကို၊ တစ်စုံတစ်ယောက်နဲ့ ဆက်သွယ်စေချင်တယ်"

တောက်တီ မဟာပဏ္ဍိတသည် ပြန်ဖြေလိုက်သည်။ "ဘယ်သူများလဲ"

လင်းဖုန်းသည် နာမည်တစ်ခုအား ပြောလိုက်ရာ၊ တောက်တီ မဟာပဏ္ဍိတသည် ချက်ချင်း တိတ်ဆိတ်သွားခဲ့သည်။ လင်းဖုန်းသည် သူ့အား မလောခဲ့ပဲ၊ ငြိမ်သက်စွာသာ စောင့်ဆိုင်းနေခဲ့၏။

ခဏအကြာတွင်၊ တောက်တီ မဟာပဏ္ဍိတက ပြန်ဖြေလိုက်သည်။ "ကောင်းပြီ!" ပြီးတာနှင့် ဆက်သွယ်မှုက ပြတ်တောက်သွားခဲ့၏။

လင်းဖုန်းသည် သူ၏ခေါင်းကို လှည့်လိုက်ကာ၊ အားလုံးကို လှမ်းကြည့်လိုက်သည်။ "ငါက မင်းတို့အားလုံးကို အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို၊ ဘယ်သူကမှ အနိုင်ကျင့်လို့ မရဘူးလို့ ပြောထားတယ်"

"ငါတို့က ရန်သူနဲ့ မိတ်ဆွေတို့ကို ခွဲခြားသိရမယ်။ တကယ်လို့ ရန်သူတွေက

ရန်စလာခဲ့မယ် ဆိုရင်တော့၊ သူတို့ကို ငရဲပြည်
ပို့ပေးလိုက်မယ်"

သူသည် ဖွဖွလေး ရယ်လိုက်သည်။
"ဂိုဏ်းဖွင့်ပွဲ အခမ်းအနားက တိုက်ပွဲဟာ၊
ငါတို့ရဲ့ နာမည်ကို ကြေညာတဲ့ ပထမဆုံး
တိုက်ပွဲဖြစ်တယ်။ ကြည့်ရတာ
တချို့သူတွေက အရိုက်ခံချင်နေကြတယ်
ဆိုတော့လည်း၊ သွေးမြေကျအောင်
လုပ်ပေးရသေးတာပေါ့"

## စာစဥ် ၂၁ : အပိုင်း ၁၁

# အပိုင်း ၃၈၁ : အကြွေးဆပ်ရန် အချိန်ကျပြီ

တောက်တီ မဟာပဏ္ဍိတနှင့်
ဆက်သွယ်အပြီးတွင်၊ လင်းဖုန်းသည် သူ၏
လက်ချောင်းများကို လှုပ်လိုက်ရာ၊
အလင်းစက်လေး တစ်စက်သည် လေဟာနယ်
အတွင်းသို့ ရောက်ရှိသွားခဲ့သည်။
ထိုအလင်းစက်မှနေ၍ အလင်းတန်း ပုံရိပ်လေး
တစ်ခုအဖြစ်သို့ ပြောင်းလဲသွားခဲ့၏။

ထိုအလင်းတန်း ပုံရိပ်လေးသည် ပုံရိပ်ယောင်
တစ်ခုအဖြစ်သို့ အသွင်ပြောင်းသွားခဲ့သည်။
သူသည် တည်ငြိမ်လာခဲ့ကာ ရွှေရောင်

မီးပင်လယ်တစ်ခုအား ထုတ်လွှတ်လိုက်သည်။
အားလုံးတို့သည် နေမင်းအား
ကြည့်နေခဲ့ရသကဲ့သို့ ခံစားနေရ၏။

ထိုကဲ့သို့ ကြီးကျယ်သော မဟာသူရိယ
အကြွင်းမဲ့ မီးတောက်အား
ပိုင်ဆိုင်ထားသောသူဖြစ်၍၊ ထိုသူ၏
အဆင့်အတန်းကို ချက်ချင်း သိနိုင်ပေသည်။

မိစ္ဆာ မဟာပဏ္ဍိတ ဆယ်ပါး အနက်မှ၊
သူသည် ရှေ့ကျီး မဟာပဏ္ဍိတ ဖြစ်သည်။

လင်းဖုန်းက ပြောလိုက်သည်။ "ရွှေကျီး မဟာပဏ္ဍိတ၊ ကျုပ်က ခင်ဗျားဆီက ဘာမှ မကြားရတာ အချိန်အကြာကြီး ရှိသွားပြီ"

အခြားဘက်တွင် မီးလျှံများ တောက်လောင်နေသည့် အသံကိုသာ ကြားနေရ၏။ အချိန်ခဏ ကြာပြီးသောအခါ၊ အက်ကွဲသော အသံတစ်ခုက ထွက်ပေါ်လာသည်။ "အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်"

လင်းဖုန်းက ရယ်လိုက်သည်။ ရှကျိုးမှ ဂိုဏ်းဖွင့်ပွဲ အခမ်းအနား အပြီးတွင်၊ သူသည်

မီးလျှံကျီးကန်း မိစ္ဆာအုပ်ချုပ်သူနှင့် မီးလျှံကျီးကန်း သခင်လေးတို့အား ပြန်လွှတ်ပေးလိုက်သည်။ သူတို့ မပြန်ခင် သူသည် ရွှေကျီး မဟာပဏ္ဍိတကို လက်ဆင့်ကမ်းရန်အတွက်၊ ခရမ်းရောင်တိမ်တိုက် တစ်စအား ထည့်ပေးခဲ့သည်။

ထိုအချိန်မှစ၍ လင်းဖုန်းသည် ရွှေကျီး မဟာပဏ္ဍိတနှင့် အဆက်အသွယ် ရရှိခဲ့၍၊ သဘောတူညီမှုများပင် ရယူနိုင်ခဲ့သည်။

"ခင်ဗျားရဲ့ သဘောက၊ အချိန်ကျပြီလား"
ရွှေကျီး မဟာပဏ္ဍိတက မေးလိုက်သည်။

လင်းဖုန်းက ရယ်လိုက်သည်။ "ကျုပ်တို့ရဲ့
မျက်စိအောက်မှာပဲ၊ ကျေးဇူးပြုပြီးမှ
အဆင်သင့် ပြင်ဆင်ထားပါ။ အချိန်ကျတာနဲ့
ကျုပ်က ခင်ဗျားကို
အကြောင်းကြားလိုက်မယ်"

ခဏကြာအောင် ငြိမ်သက်သွားပြီးမှ ရွှေကျီး
မဟာပဏ္ဍိတသည် သူ၏ ပါးစပ်အား
ဟလိုက်သည်။ "ဒါဆိုရင်လည်း

ကောင်းပြီလေ။ ကျုပ်က ခင်ဗျားဆီက
သတင်းကောင်းကို မျှော်နေမယ်"

ထိုအလင်းတန်း ပုံရိပ်က
ပျောက်သွားသောအခါ၊ ခန်းနန်းဟွာသည်
သူ၏ မျက်ခုံးအား ပင့်လိုက်သည်။ သူ၏
မှော်စွမ်းအင်ကို အသုံးပြုလိုက်၍၊
လင်းဖုန်းအား အသံလွှင့်လိုက်၏။ "အရှင်၊
တကယ်လို့များ ကျွန်တော်တို့က
မိစ္ဆာကလန်တွေနဲ့ အဆက်အသွယ် ပြုလုပ်တဲ့
သတင်းက ပြန့်သွားလို့ရှိရင်၊ ကျွန်တော်တို့ရဲ့
နာမည် ပျက်သွားလိမ့်မယ်"

သူသည် လင်းဖုန်း၏ ဆုံးဖြတ်ချက်အား မေးခွန်းထုတ်နေခြင်း မဟုတ်ပဲ၊ စိုးရိမ်ပူပန်နေခြင်းသာ ဖြစ်သည်။ ယခုလက်ရှိ အချိန်တွင်၊ လူသားမျိုးနွယ်နှင့် မိစ္ဆာကလန်တို့သည် ဆန့်ကျင်ဘက်တွင် ရှိနေကြဆဲ ဖြစ်ကြသည်။

လင်းဖုန်းသည် သူ့အားကြည့်လိုက်ကာ၊ ကျန်သောသူများကိုလည်း ကြည့်လိုက်သည်။ သူ၏ နှုတ်ခမ်းများသည် ပြုံးယောင်သန်းလာခဲ့၍၊ "ငါက သူတို့နဲ့ ပူးပေါင်းဆောင်ရွက်နေတယ်လို့၊ ဘယ်သူက ပြောသလဲ"

ခန်းနန်းဟွာသည် အံ့သြသွားခဲ့ကာ၊ တွေးတောနေခဲ့သည်။ ခဏအကြာတွင် သူသည် သဘောပေါက်သွားသည့်ပုံနှင့် မေးလိုက်သည်။ "အရှင့်ရဲ့ အကြံက ဘယ်လိုများလဲ"

လင်းဖုန်းက ပြုံးလိုက်သည်။ "ငါတို့ရဲ့ တိုက်ပွဲက လေနတ်ဘုရားဂိုဏ်းနဲ့ ယုမိသားစုတို့ကို တိုက်ခိုက်ဖို့ပဲ။ ဒါပေမဲ့ ဒီအတိုင်းသာဆိုရင် ပျင်းစရာ ကောင်းလိမ့်မယ်"

"ဒီအကြောင်း ပြောရရင်၊ သူတို့ကို ဒီလိုမျိုး အခွင့်အရေး ပေးတဲ့အတွက်၊ ကျေးဇူးတင်ရမယ်"

လင်းဖုန်း၏ အမိန့်ပေးမှုအောက်တွင်၊ ရှောင်ပုတန်နှင့် ကျန်သောသူများသည် သူတို့၏ မျက်နှာများ အပေါ်တွင် အပြုံးများ ပေါ်လာကြ၏။ သူတို့သည် စိတ်လှုပ်ရှားနေကြကာ၊ ပြင်ဆင်မှုများကို ပြုလုပ်နေခဲ့ကြသည်။

"တစ်ခုကလွဲလို့၊ အားလုံးက နေသားတကျ ဖြစ်သွားပြီ" သူတစ်ယောက်တည်း

ကျန်ခဲ့သည့် အချိန်မှပင်၊ လင်းဖုန်းသည်
အဝေးသို့ မျှော်ကြည့်လိုက်ကာ၊
ကိုယ့်ကိုယ်ကိုယ် တီးတိုး ရေရွတ်နေခဲ့သည်။

***************

ခွန်လွန်းတောင် အလယ်နေရာမှ
တောင်ပြောက်ခွဲခြားထားသည့် နယ်မြေမှ
တောင်တန်းများ အပေါ်တွင်၊ ကျင့်ကြံသူ
တစ်အုပ်စုသည် စုဝေးနေကြသည်။

သူတို့သည် အတူတကွ ရပ်နေကြကာ၊
သူတို့အကြားတွင် လူငယ်လေးများ

မြောက်မြားစွာ ရှိနေကြသည်။ သူတို့၏
ကိုယ်ပေါ်တွင် ဒဏ်ရာများစွာ
ရထားကြသော်လည်း၊ သူတို့သည်
စိတ်အခြေအနေများ တည်ငြိမ်နေကြ၏။
သူတို့ထံမှ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းအား
ကျိန်ဆဲနေသံများကိုပင် ကြားနေရ၏။

တောင်တန်းများ အတွင်းတွင်၊
ရွှေရောင်ဗဟိုချက် အဆင့်မှ ကျင့်ကြံသူ
လေးယောက်တို့သည်၊ အဖြူရောင် ဝတ်စုံနှင့်
အကြီးအကဲ တစ်ယောက်အား
တပြိုင်နက်တည်း ဦးညွှတ်လိုက်ကြသည်။
"တတိယ ဂရန်းမာစတာ၊ ကျွန်တော်တို့

လက်ခံခဲ့တဲ့ ပါရမီရှင် လူငယ်ပေါင်း ၁၆ယောက် ရှိပါတယ်"

အဖြူရောင် ဝတ်စုံနှင့် အကြီးအကဲသည် မီးတောင်ကျောက်တုံး တစ်ခုအပေါ်တွင်၊ ငြိမ်သက်စွာနှင့် ထိုင်နေခဲ့သည်။ သူ၏ ခေါင်းစမှ ခြေဆုံးအထိတိုင်အောင်၊ သူ၏ မှော်စွမ်းအင် အရိပ်အယောင်များ တစ်စမှ မရှိခဲ့ပဲ၊ လေဟာနယ်နှင့် တစ်သားတည်းအလား ဖြစ်နေခဲ့၏။ သူ၏ခေါင်းအပေါ်တွင် ကောင်းကင်ကိုးလွှာမှ သန့်စင်သော လေထုကို တွေ့နေရသည်။

ထိုအဖြူရောင် ဝတ်စုံနှင့် အကြီးအကဲသည်၊ ထိုကျင့်ကြံသူ တစ်အုပ်စုကို ခွန်းလွန်တောင်အတွင်းသို့ ဦးဆောင်လာသည့်၊ အခြေတည် ဝိညာဉ် အလယ်အလတ် အဆင့်မှ ဂရန်းမာစတာ ဖြစ်သည်။ သူ၏ နာမည်မှာ ယုရှီးလင် ဖြစ်၏။

ထိုရွှေရောင်ဗဟိုချက် အဆင့်မှ ကျင့်ကြံသူ လေးယောက်၏ တင်ပြမှုအား နားထောင်ပြီးသွားသောအခါ၊ ယုရှီးလင်သည် သူ၏ခေါင်းကို ကျေနပ်စွာနှင့် ညိတ်လိုက်သည်။ "မဆိုးဘူး"

ရွှေရောင်ဗဟိုချက် အဆင့်မှ ကျင့်ကြံသူ တစ်ယောက်က ထပ်ပြောလိုက်သည်။ "အခုအချိန်ထိ ပြန်မလာသေးတဲ့၊ အုပ်စုသုံးခု ရှိသေးတယ်။ သူတို့ ပြန်လာတဲ့ အချိန်ကျရင်၊ နောက်ထပ် တပည့်တွေ ပါလာဦးမှာပဲ"

ယုရှီးလင်က ညွှန်ကြားလိုက်သည်။ "မင်းတို့က အနည်းဆုံးတော့ တစ်ရက်ကိုတစ်ခေါက်၊ ဆက်သွယ်မှု ပြုလုပ်ရမယ်။ တကယ်လို့ တပည့်တစ်ယောက် ပျောက်ဆုံးနေတယ် ဆိုရင်၊ ငါ့ကိုချက်ချင်း သတင်းပို့ရမယ်"

သူတို့လေးယောက်သားတို့သည်
ခေါင်းညိတ်လိုက်ကြကာ၊
ပြန်ထွက်သွားခဲ့ကြသည်။

ယုမိသားစုမှ ကျင့်ကြံသူများ အားလုံးတို့သည်
အဝေးတွင်သာ နေနေကြ၍၊
သူတို့ဂရန်းမာစတာ၏ အနားယူနေမှုကို
အနှောင့်အယှက် မပေးရဲကြပေ။ ယုရှီးလင်က
တစ်ယောက်တည်း ကျန်နေခဲ့သော
အချိန်တွင်၊ သူသည်
မီးတောက်ကျောက်တုံးပေါ်မှ ထလိုက်၍
ကောင်းကင်ယံသို့ ဦးညွှတ်လိုက်သည်။

"မာစတာ၊ အားလုံးက အစီအစဥ်အတိုင်း ဖြစ်နေပါတယ်"

"အလားအလာ နိမ့်ကျတဲ့ သူတွေကို လွှတ်လိုက်ပါပြီ။ သူတို့က ရှကျိုးကို ရောက်သွားပြီးကြတဲ့ အချိန်ကျရင်၊ ဒီသတင်းကို ဖြန့်ကြပါတော့မယ်။ အံ့ဖွယ်ကောင်းကင်ဘုံဂိုဏ်းကလည်း ဒီသတင်းကို ကြားပြီးတဲ့နောက်မှာ၊ ဒီနေရာကို လာပြီးတော့ စုံစမ်းစစ်ဆေးကြမှာပဲ ဖြစ်ပါတယ်"

ကောင်းကင်ယံတွင် ရေစက်တစ်စက်က ပေါ်လာခဲ့ကာ၊ လေဟာနယ် အတွင်းတွင် လွင့်မျောနေခဲ့သည်။

သာမန်လူတစ်ယောက် အနေနှင့်မူ၊ ထိုရေစက်သည် အလွန်အမင်းကို သေးငယ်၍ သေချာမြင်နိုင်မည် မဟုတ်ပေ။ သို့သော်လည်း အခြေတည် ဝိညာဉ် အဆင့်မှ ဂရန်းမာစတာသည် ထိုရေစက်လေးအား မြင်လိုက်သောအခါ၊ ထိုရေစက်သည် ကောင်းကင် တစ်ခုလုံးအား လွှမ်းခြုံထားသကဲ့သို့ ခံစားနေခဲ့ရ၏။ ထိုရေစက်သည် အဆုံးအစမဲ့၍၊

ကောင်းကင်တစ်ခုလုံးကို အေးခဲစေခဲ့သည်ဟု ခံစားနေရသည်။

ထိုရေစက်လေး အတွင်းမှ အသံတစ်ခုသည် ထွက်ပေါ်လာခဲ့သည်။ ထိုအသံကို ယုရှီးလင်မှလွဲ၍ ကျန်သောသူများ မကြားခဲ့ရပေ။ ထိုအသံသည် အမတန်မှ ဩဇာအာဏာနှင့် ပြည့်စုံ၍၊ ယုရှီးလင်ထံသို့ ပျံ့လွင့်လာခဲ့သည်။

"တကယ်လို့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်က မပေါ်လာခဲ့ရင်၊ အားလုံးကို မင်းတို့ကပဲ ဆောင်ရွက်ရမယ်။

အချက်တစ်ချက်ပဲ ရှိတယ်၊ ရှိထျန်းဟောင်ကို ဘယ်နည်းနဲ့မှ မလွတ်စေနဲ့"

ယုရှီးလင်သည် ထိုအမိန့်ကို ကြားပြီးသော အချိန်တွင်၊ သူ၏ခေါင်းအား လျှင်မြန်စွာဖြင့် ညိတ်လိုက်သည်။ "မာစတာရဲ့ အမိန့်အတိုင်းပါ"

ကောင်းကင်ပေါ်မှ ရေစက်သည်၊ ချက်ချင်းပင် ရုတ်တရက် ပျောက်ကွယ်သွားခဲ့၏။

***************

ယုကျင်းတောင်ပေါ်တွင် လင်းဖုန်းသည်၊ မဟာကောင်းကင် ခန်းမဆောင် အတွင်းတွင် ထိုင်နေခဲ့သည်။ သူသည် သူ၏ထိုင်ခုံတွင် တင်ပုလ္လင်ခွေ ထိုင်နေခဲ့ကာ၊ သူ၏ မျက်လုံးများကို မှိတ်ထားခဲ့သည်။

ရုတ်တရက်ပင် သူသည် သူ၏မျက်လုံးများကို ဖွင့်လိုက်ကာ၊ ခရမ်းရောင် တိမ်တိုက် တစ်စအား ထုတ်လွှတ်လိုက်သည်။ သူသည် လေဟာနယ် တံခါးတစ်ချပ်ကို ဖွင့်လှစ်လိုက်ကာ၊ ငရဲကမ္ဘာသူတော်စင် လျှိုကျိခွန်းက ဝင်လာသည်ကို တွေ့လိုက်ရ၏။

လျှိုကျိခွန်း၏ မျက်နှာသည်
သူတို့စတွေ့ခဲ့သည့် အချိန်ကဲ့သို့ပင်၊
အပြုံးတစ်ခုကို ဖော်ပြခဲ့၏။

"မာစတာလင်း၊ ဂိုဏ်းဖွင့်ပွဲ အခမ်းအနားတုံးက
ကျုပ်တို့က လာပြီးမှ ဂုဏ်မပြုလိုက်ရဘူး။
ကျုပ်တို့ တစ်ဂိုဏ်းလုံးက အဲ့ဒီအတွက်
နောင်တရလို့ မဆုံးပါဘူး" လျှိုကျိခွန်းက
ပြောလိုက်သည်။ "ဒီသေမင်းခါတ်ငွေ့
ကျောက်တုံးနဲ့ဆိုရင်၊ မာစတာလင်းက
ကျေနပ်မယ်လို့ မျှော်လင့်မိပါတယ်"

သူ၏စကားဆုံးသည်နှင့်၊ လှိုက်ချိခွန်းသည် အနက်ရောင် မီးတောင်ကျောက်တုံး တစ်ခုအား ထုတ်ယူလာခဲ့သည်။ သူသည် သူ၏လက်အတွင်းတွင် ကြက်ဥတစ်လုံး အရွယ်သာ ရှိသော်လည်း၊ လှိုက်ချိခွန်းက သူ၏မှော်စွမ်းအင်အား အသုံးပြု၍ လေဟာနယ်ကို ချုံ့ထားသောကြောင့် ဖြစ်သည်ဟု၊ လင်းဖုန်းက သိနေခဲ့သည်။ ထိုအနက်ရောင် မီးတောင်ကျောက်တုံး၏ အရွယ်အစားသည်၊ အနည်းဆုံးတော့ တဲအိမ်ငယ်လေး တစ်လုံးအရွယ်ခန့် ရှိပေလိမ့်မည်။

သူသည် လျှိုကျိုခွန်း၏ မှော်စွမ်းအင်ဖြင့် ဖိနှိပ်ထားခြင်းကို ခံနေရသော်လည်း၊ လင်းဖုန်းသည် သူ၏ အတွင်းမှ ထွက်ပေါ်နေသော သေမင်းအော်ရာများသည်၊ လွန်စွာ အသက်ရှူကျပ်စေခဲ့သည်ကို သတိထားမိခဲ့သည်။

လင်းဖုန်းသည် သူ၏ မှော်စွမ်းအင်များကို အသုံးပြု၍ ခုခံခဲ့ရ၏။

"သူက တကယ့်ကို စွမ်းအားကြီးတာပဲ။ ငါခန့်မှန်းတာ မမှားဘူး။ ဒါက ငါလိုနေတဲ့ အရာတစ်ခုဖြစ်တယ်!" လင်းဖုန်းသည်

လှိုင်းထနေသော သူ၏ မှော်စွမ်းအင်များကို ဖိနှိပ်ခဲ့လိုက်သည်။ သူသည် ကောင်းကင်၏ စည်းရိုးများကို လျှို့ဝှက်စွာနှင့် အသုံးပြုလိုက်မှပင်၊ အတော်နေ၍ ကောင်းသွားခဲ့သည်။

လင်းဖုန်းသည် သူ၏ ရင်ထဲမှနေ၍ တွေးနေခဲ့သည်။ "မဟာကောင်းကင် တာအိုကျမ်းစာကို ကျင့်ကြံထားတဲ့အတွက်၊ ငါ့ရဲ့ စွမ်းရည်တွေဟာ အဆင့်တူတွေထက်ကို အများကြီး သာလွန်နေခဲ့တယ်။ ဒါပေမဲ့ ငါက ဒီလိုမျိုး မသက်မသာ ခံစားနေရသေးတယ်။ အင်မော်တယ်ဝိညာဥ် အဆင့်က ကျင့်ကြံသူ

အချို့သော ဒီသေမင်းကျောက်တုံးကို ခုခံနိုင်မှာဖြစ်ပြီး၊ သူ့ကို ကျင့်ကြံမှုမှာ အသုံးပြုဖို့ဆိုရင် ပိုပြီးတော့ ခက်ခဲသွားပြီ"

"သာမန် အင်မော်တယ်ဝိညာဉ် အဆင့်က ကျင့်ကြံသူတစ်ယောက် မပြောနဲ့၊ အသူရာ လမ်းစဉ် ဒါမှမဟုတ် ရှေးက နတ်ဘုရား သတ်ဖြတ်ခြင်း ကျောင်းတော်က သူတွေတောင်မှ၊ ဒီကျောက်တုံးက သိပ်ပြီးမှ အသုံးဝင်မှာ မဟုတ်ဘူး။ ဒါပေမဲ့ ငါ့အတွက်တော့ ဒါက ရတနာ တစ်ပါးဖြစ်တယ်"

လင်းဖုန်းသည် လျှိုကျိုခွန်းအား ကြည့်လိုက်ကာ၊ ရယ်လိုက်သည်။ "ခင်ဗျားက အရမ်းကြွင်နာတတာပဲ။ ကျုပ်က ခင်ဗျားတို့ဂိုဏ်းကို ကျေးဇူးအထူးတင်ပါတယ်"

သေမင်းခတ်ငွေ့ ကျောက်တုံးအား ရရှိပြီးသွားသောအခါ၊ လင်းဖုန်းသည် သူ၏လက်ကို ဝှေ့ယမ်းလိုက်ရာ မှော်စွမ်းအင် တစ်စနှင့်အတူ၊ ယန်ရှူနှင့် အခြားကျင့်ကြံသူ တစ်ယောက်တို့သည် မြေပြင်ပေါ်သို့ ကျလာခဲ့သည်။

လျှိုကျိုခွန်းသည် သူတို့ နှစ်ယောက်စလုံးအား ကြည့်လိုက်ကာ၊ အနာဂတ်မှာ ဉာဏ်ကိုလွှာပြီးမှ လုပ်ဆောင်ရမယ်။ မဆင်မခြင် ပြုလုပ်ရင် ကိုယ်ပဲ ဒုက္ခရောက်လိမ့်မယ်"

အခြေတည်ဝိညာဉ် အဆင့်မှ အကြီးအကဲများ ဖြစ်သဖြင့်၊ ယန်ရှုနှင့် အနက်ရောင် ဝတ်စုံဝတ်ထားသော  ကျင့်ကြံသူတို့သည်၊ ရှေးဟောင်းယွင်ထန်း ကမ္ဘာတွင် ကြီးစိုးလွှမ်းမိုးနိုင်သောသူများ ဖြစ်ကြသည်။ လူအများသည် သူတို့အား မျက်နှာလုပ်ရန်သာ အမြဲတမ်း ကြိုးစားနေကြ၏။ သူတို့က

ယခုကဲ့သို့ ဆိုးရွားစွာ အဆုံးမခံရသည့်
နောက်ဆုံးအချိန်ကို၊ သူတို့သည်
မှတ်ပင်မမှတ်မိကြတော့ပေ။

သို့သော်လည်း လျှိုကျိုခွန်း၏ အရှေ့တွင်၊
သူတို့နှစ်ယောက်စလုံးတို့သည်
ကသိကအောက် ဖြစ်လှစွာနှင့် ခေါင်းငုံ့၍သာ
နေနိုင်ကြ၏။ သူတို့သည် မပျော်မရွှင်
ဖြစ်သည့်ပုံကိုပင် မပြရဲကြပေ။ "အရှင့်ရဲ့
ဆုံးမတာတွေကို ကျွန်တော်တို့
မှတ်ထားပါ့မယ်"

သူတို့နှစ်ယောက် စလုံးတို့သည်၊
လင်းဖုန်းထံသို့ ဦးညွှတ်လိုက်ကြသည်။
"ကျွန်တော်တို့ကို ချမ်းသာပေးတဲ့ အတွက်၊
ကျေးဇူးတင်ပါတယ်"

လင်းဖုန်းသည် သူ၏ခေါင်းကို အနည်းငယ်
ညိတ်ပြလိုက်၍၊ သူတို့အား
ဆက်မကြည့်တော့ပေ။ ထို့အစား သူသည်
လျှိုကျိုခွန်းနှင့်သာ စကားစမြည် ပြောနေခဲ့၏။

ခေတ္တမျှ စကားပြောပြီးနောက်တွင်၊
လျှိုကျိုခွန်းသည် သူတို့နှစ်ယောက်နှင့်
ပြန်သွားခဲ့သည်။

လင်းဖုန်းသည် ပြုံးလိုက်ကာ ပြောလိုက်သည်။ "ဖြည်းဖြည်းသွားပါ၊ ကျုပ်က လိုက်မပို့တော့ဘူး"

လျှိုကျိခွန်းက ပြန်ဖြေလိုက်၏။ "ရပါတယ်၊ ကျုပ်တို့က ကိုယ့်ကိုယ်ပဲ သွားလိုက်ပါမယ်" စကားဆုံးသည်နှင့် သူသည် ကျင့်ကြံသူနှစ်ယောက်အား ခေါ်လိုက်ကာ၊ လင်းဖုန်း တည်ဆောက်ထားသည့် လေဟာနယ် လှိုဏ်ခေါင်းမှနေ၍ ယုကျင်းတောင်မှ ထွက်သွားခဲ့သည်။

သူတို့သုံးယောက်သား ထွက်ခွာသွားအပြီးတွင်၊ လင်းဖုန်းသည် သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်လိုက်၏။ "နောက်ဆုံးတော့ လက်ထဲရောက်လာပြီ"

သူသည် ကောင်းကင်ကမ္ဘာငယ် အတွင်းမှ သေမင်းခတ်ငွေ့ ကျောက်တုံးအား ယူဆောင်လိုက်ရာ၊ သူသည် အဆက်မပြတ် တုန်ခါနေသည်ကို တွေ့လိုက်ရ၏။ သူ၏အတွင်းမှ အနက်ရောင် ခတ်ငွေ့များက အဆက်မပြတ် ထွက်လာခဲ့ကာ၊ ကောင်းကင်ကမ္ဘာငယ်အား ဖန်ဆင်းထားသည့် ခရမ်းရောင်

တိမ်တိုက်များကို အဆက်မပြတ်
တိုက်ခိုက်နေခဲ့သည်။

ခရမ်းရောင် တိမ်တိုက်များသည်၊
အသက်စွမ်းအင်၏ ဖန်တီးမှုနှင့်
ဆင့်ကဲတိုးတက်လာမှုများကို
ပိုင်ဆိုင်ထားခြင်း ဖြစ်သည်။ ထို့ကြောင့်
သူသည် သေမင်းခေတ်ငွေ့များမှ
ထွက်လာသော၊ အနက်ရောင်
ခေတ်ငွေ့များနှင့် ဆန့်ကျင်ဘက် ဖြစ်နေခဲ့၏။
နှစ်ဦးနှစ်ဘက်တို့၏
ထိပ်တိုက်တွေ့ဆုံမှုကြောင့်၊

ကောင်းကင်ကမ္ဘာငယ်သည်
ပြိုကျတော့မည့်အလား ဖြစ်နေခဲ့သည်။

"ဖြည်းဖြည်း၊ ဖြည်းဖြည်း" လင်းဖုန်းက
ဖွဖွလေး ပြုံးလိုက်သည်။ "ခရမ်းရောင်
တိမ်တိုက်တွေက ဖန်ဆင်းခြင်းနဲ့
တိုးတက်ပြောင်းလဲခြင်း စွမ်းအား
သဘောတရားတွေကို ပိုင်ဆိုင်ထားတဲ့၊
ကောင်းကင်နဲ့ မြေကြီးတို့ရဲ့ သန့်စင်တဲ့
လေထုပဲဖြစ်တယ်။ ဒါပေမဲ့ ဒါက
မင်းရဲ့ပြိုင်ဘက်ဖြစ်တဲ့၊ အသက်ကို ဖန်တီးတဲ့
ရှေးအကျဆုံး စွမ်းအားဖြစ်တဲ့ ဟုန်းမန်ကနေ
ဆင်းသက်လာတာ မဟုတ်ဘူး"

လင်းဖုန်းသည် သူ၏ လက်ချောင်းများကို အသုံးပြုလိုက်ကာ၊ လေဟာနယ် အတွင်းတွင် အလင်းစက်လေး တစ်ခုအား ဖန်တီးလိုက်သည်။ သူသည် ဝက်ပါငယ်လေး တစ်ခုအဖြစ်သို့ ပြောင်းလဲသွားခဲ့၏။ ထိုဝက်ပါ၏ အရွယ်အစားမှာ သေးငယ်သော်လည်း၊ သူ၏အပေါ်မှ သင်္ကေတများမှာ အလွန်အမင်း ရှုပ်ထွေးလှ၏။ သူသည် ပုံစံပေါင်း များစွာတို့ဖြင့် ဖန်ဆင်းထားခြင်း ဖြစ်သည်။

လင်းဖုန်းသည် သူ၏ အတွင်းတွင်
တစ်စုံတစ်ခုအား ထည့်လိုက်ပြီးမှ၊
သေမင်းခံတပ်ငွေ ကျောက်တုံးအား
ထည့်လိုက်သည်။ ထိုအရာသည်
ဝိညာဥ်ဖန်ဆင်း တံဆိပ်ဖြစ်၏။

မှော်ရတနာ သန္ဓေလောင်း နှစ်ခုတို့သည်
ဝင်္က်ပါအတွင်းတွင်၊ ပူးပေါင်းသွားကြသည်။
သေမင်းခံတပ်ငွေ ကျောက်တုံးသည် ပို၍
ခက်ထန်လာရုံတင်မကပဲ၊ နဂိုက
သာမန်ပုံစံသာ ရှိနေခဲ့သည် ဝိညာဥ်ဖန်ဆင်း
တံဆိပ်သည်ပင် ထူးခြားသော
လှုပ်ရှားမှုများကို ပြုလုပ်လာခဲ့၏။

အဆုံးမဲ့ စွမ်းအားများကို ပိုင်ဆိုင်ထားသော မြင့်မြတ်သော တစ်စုံတစ်ရာက အိပ်ပျော်ရာမှ နိုးလာခဲ့၍၊ စကြာဝဠာကြီးအား တည်ငြိမ်အောင် ပြုလုပ်ခဲ့ကာ၊ ကောင်းကင်နှင့် မြေကြီးတို့အား တစ်ဖန်ဖွင့်လှစ်ပေးခဲ့ သကဲ့သို့ ဖြစ်သည်။

လင်းဖုန်းသည် ရယ်လိုက်သည်။ "အရမ်းကောင်းတယ်။ ငါထင်ထားတဲ့ အတိုင်းပဲ၊ သေမင်းခါတ်ငွေ့ ကျောက်တုံးက ဝိညာဉ်ဖန်ဆင်း တံဆိပ်ရဲ့ စိတ်ဝိညာဉ် စွမ်းအင်တွေကို လှုံ့ဆော်ပေးနိုင်ခဲ့တယ်"

ပြီးတာနှင့် သူသည် ဝိညာဉ်ဖန်ဆင်း တံဆိပ်၏ စွမ်းအားအတွင်းသို့ ဝင်ရိုးစွန်းနှစ်ဘက် နတ်ပန်းပွင့်၏ ပွင့်ချပ်ကို ထည့်လိုက်သည်။ ဝက်ပါအတွင်းတွင် စွမ်းအားကောင်းသော အသက်စွမ်းအား တစ်ခုသည် ပေါ်ပေါက်လာခဲ့၏။

သေမင်းခတ်ငွေ့ ကျောက်တုံးမှာမူ ထောင့်တစ်ထောင့်သို့ အပို့ဆောင် ခံလိုက်ရသည်။ နောက်ဆုံးတွင် သူသည် ဒေါသထွက်နေသော သားရဲတစ်ကောင်ကဲ့သို့ သူ၏ ကိုယ်ထည်အပေါ်တွင်

လွန်စွာခက်ထန်သော အနက်ရောင်
မျဉ်းကြောင်းပုံစံများ ပေါ်လာခဲ့၏။
သူနှင့်ထိတွေ့နေသော နေရာများတွင်
အသက်စွမ်းအားများ လျော့နည်းလာခဲ့သည်။

ဝိညာဉ်ဖန်ဆင်း တံဆိပ်နှင့် ဝင်ရိုးစွန်းနှစ်ဘက်
နတ်ပန်းပွင့်တို့သာ အခြိမ်းခြောက်ခံနေရသည်
မဟုတ်ပဲ၊ ဝက်ံပါ၏ လှုပ်ရှားမှုများသည်ပင်
ဖရိုဖရဲ ဖြစ်လာခဲ့သည်။ သူသည်
သေမင်းအော်ရာများ၏ လွှမ်းမိုးမှုကို ခံနေရ၍၊
တဖြည်းဖြည်း အားနည်းလာကာ သေမင်းနှင့်
ရင်ဆိုင်ရသကဲ့သို့ ဖြစ်နေခဲ့သည်။

"စန္ဒာဖျက်ဆီး သေမင်းခတ်ငွေ့!
ငါအောင်မြင်သွားပြီ!" လင်းဖုန်းသည်
သွားများအားလုံးပေါ်အောင် ပြုံးလိုက်သည်။
"အခုအချိန်မှာ ငါ့မှာ အရာအားလုံး
ပြည့်စုံသွားပြီ။ အကြွေးဆပ်ဖို့ အချိန်ကျပြီ"

သူသည် သူ၏ဝက်ပါကို သိမ်းဆည်းလိုက်ကာ၊
ယုမိသားစုမှ အခြေခံအုတ်မြစ် အဆင့်
ကျင့်ကြံသူခေါင်းဆောင်အား ပြောလိုက်သည်။
"မင်းတို့က အခု အခြားတစ်ဘက်နဲ့
ဆက်သွယ်မှုတွေကို
ဖြတ်တောက်လိုက်လို့ရပြီ"

# စာစဉ် ၂၁ : အပိုင်း ၁၂

## အပိုင်း ၃၈၂ : အချိန်ကျပြီ

ယုချန်းနှင့် သူ့အုပ်စုတို့သည် ယုရှီးလင်နှင့် ဆက်သွယ်မှုများကို ဖြတ်လိုက်ကြသည်။ ယုရှီးလင်ကလည်း သူတို့ ဒုက္ခရောက်နေကြမှန်းကို ချက်ချင်းသိသွားခဲ့ပြီး၊ လင်းဖုန်းက သူတို့၏ လုပ်ဆောင်ချက်များကို ရိပ်မိသွားပြီဟု သိခဲ့လိုက်သည်။ ယုမိသားစုနှင့် လေနတ်ဘုရားဂိုဏ်းတို့သည်၊ အဲ့ဖွယ်

ကောင်းကင်ဘုံဂိုဏ်းအား တန်ပြန်ရန်အတွက် အစီအစဉ်များကို ဆွဲထားခဲ့ကြလေသည်။

လင်းဖုန်းသည် ထိုအချက်အား စဉ်းစားထားပြီးသား ဖြစ်သည်။ သူသည် ယုမိသားစုနှင့် လေနတ်ဘုရားဂိုဏ်းက သူလာတော့မည်ကို သိနေခြင်းအား၊ ကြောက်ရွံ့ခြင်းအလျဉ်း မရှိချေ။ သူသည် ကိစ္စများကို တမင်သက်သက် ပုံကြီးချဲ့နေခြင်း ဖြစ်၏။

သူသည် လျှိုကျိုခွန်းက သေမင်းခတ်ငွေ့ ကျောက်တုံးအား လာပို့မည်ကို

စောင့်နေရသေးသဖြင့်၊ ယုချန်းတို့အား ယုရှီးလင်နှင့် ဆက်သွယ်မှု ချက်ချင်း မဖြတ်ခိုင်းခဲ့ခြင်း ဖြစ်သည်။

အကယ်၍ ဆက်သွယ်မှုက ပြတ်တောက်သွားပြီး၊ အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက မရောက်လာပါက၊ ဖြစ်နိုင်ခြေ သုံးမျိုးသာ ရှိပေမည်။

ပထမ၊ ယုချန်းနှင့် သူ့အုပ်စုတို့သည် အခြားပြဿနာ တစ်စုံတစ်ရာနှင့် ကြုံတွေ့ခဲ့၍၊ ဆက်သွယ်မှု ပြတ်တောက်သွားခြင်း ဖြစ်သည်။ မည်သည့်ပြဿနာ

ဖြစ်မည်ဆိုသည်ကို၊ ယုရှီးလင် အနေနှင့် အတည်ပြုရန် လွယ်ပေသည်။

ဒုတိယ၊ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ထိုစော်ကားမှုများကို သည်းခံနေခဲ့ခြင်း ဖြစ်သည်။ သို့သော်လည်း လင်းဖုန်း၏ စရိုက်အရ၊ ဒါသည် မဖြစ်နိုင်ချေ။

ဒါဆိုလျှင် တတိယ တစ်မျိုးသာ ဖြစ်နိုင်တော့သည်။ လင်းဖုန်းသည် ယင်းမှာ ထောင်ချောက်တစ်ခု ဆိုသည်ကို သိ၍၊ သူတို့ မျှော်လင့်ထားသည့်အတိုင်း မလှုပ်ရှားခြင်း ဖြစ်သည်။ ယုမိသားစုနှင့်

လေနတ်ဘုရားဂိုဏ်းတို့သည်၊ လင်းဖုန်းက မည်သို့ လှည့်ကွက်များ သုံးလာမည်ကို ရင်တမမနှင့် စောင့်နေရမည် ဖြစ်သည်။

သူ၏ ပြိုင်ဘက်များကို သတိမထားမိစေရန်၊ လင်းဖုန်းသည် ယုချန်းနှင့် သူ့အုပ်စုကို ဖမ်းမိပြီးခဲ့သော်လည်း၊ အဆက်အသွယ်များ မဖြတ်တောက်ခဲ့ခြင်း ဖြစ်မည်။

လင်းဖုန်း၏ မှော်စွမ်းအင် ထိန်းချုပ်မှုအောက်တွင်၊ ယုချန်းနှင့် ကျန်သောသူများသည် လှည့်ကွက်များ သုံးချင်လျှင်လည်း ဖြစ်နိုင်မည် မဟုတ်ချေ။

ယခုအချိန်တွင် အချိန်တန်ပြီဖြစ်၍၊ သူသည် ယုချန်းအား သူတို့နှင့် ဆက်သွယ်မှုများကို ဖြတ်တောက်စေလိုက်ကာ၊ ယုရှီးလင်တို့အား သတိပေးလိုက်ခြင်း ဖြစ်၏။ ဒါသည် လင်းဖုန်းက ပြန်လည်တိုက်ခိုက်တော့မည် ဆိုသည်ကို၊ သူတို့အား ယုံကြည်စေခဲ့ခြင်း ဖြစ်သည်။

ပြီးတာနှင့် သူသည် သူ၏ သံမဏိသစ်ပင် ကိုယ်ပွားနှင့်အတူ ဇူရီ၊ ဝမ်လင်း၊ ခန်းနန်းဟွာ၊ မြောင်ရှီးဟောင်၊ ကျဲယုနှင့် ကျန်သောသူများကို ခေါ်လိုက်ကာ၊

ယုရှီးလင်၏ ပုန်းအောင်းနေသည့် နေရာကို သွားခဲ့လိုက်သည်။

ရှောင်ယန်မှလွဲ၍၊ ကျန်သော အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း တစ်ခုလုံးက လှုပ်ရှားခဲ့ကြ၏။

သို့သော်လည်း လင်းဖုန်း၏ မူလခန္ဓာကိုယ်သည် သူတို့အနောက်သို့ မလိုက်သွားခဲ့ပဲ၊ ယုကျင်းတောင်ပေါ်တွင် နေနေခဲ့သည်။ သူသည် ပြုံးလိုက်ကာ ခရမ်းရောင် တိမ်တိုက်တစ်စအား ထုတ်လွှတ်လိုက်၍၊ အလင်းတန်း ပုံရိပ်ယောင်

တစ်ခုအဖြစ် ပြောင်းလဲစေခဲ့၏။ သူသည် ရွှေကျီး မဟာပဏ္ဍိတနှင့် ပြန်လည်ဆက်သွယ်လိုက်သည်။ "အချိန်တန်ပြီ"

"ကောင်းပြီ!" ရွှေကျီး မဟာပဏ္ဍိတသည် ပြန်လည်ဖြေကြားလိုက်ကာ၊ ဆက်သွယ်မှုက ပြတ်တောက်သွားခဲ့သည်။

ရွှေကျီး မဟာပဏ္ဍိတနှင့် ဆက်သွယ်မှု အပြီးတွင်၊ လင်းဖုန်းသည် နောက်ထပ် ခရမ်းရောင် တိမ်တိုက် တစ်စအား ထုတ်လွှတ်လိုက်ကာ၊ နောက်ထပ်

အလင်းတန်း ပုံရိပ်ယောင် တစ်ခုအား ဖော်ပြလိုက်သည်။

တစ်ဘက်မှ အသံတစ်ခု ထွက်လာခဲ့သည်။ "စနေပြီလား?"

လင်းဖုန်းက ပြန်ဖြေလိုက်သည်။ "ခင်ဗျားက ရွှေကျီးထက် နောက်မကျပဲ ရောက်လာရင်တော့ ကောင်းလိမ့်မယ်"

တစ်ဘက်မှလူက ရယ်လိုက်သည်။ "စိတ်ချပါ၊ ကျုပ်တို့က အစောကြီး ရောက်နေမှာပါ"

ဆက်သွယ်မှု ပြတ်တောက်သွား အပြီးတွင်၊ လင်းဖုန်းက ပြုံးလိုက်သည်။ "ကြည့်ရတာ ငါကလည်း လှုပ်ရှားတော့မှနဲ့ တူတယ်"

လေဟာနယ် အတွင်းတွင်၊ ယုကျင်းတောင်သည် ရုတ်တရက် ခါယမ်းသွားခဲ့ကာ၊ မဟူရာကောင်းကင် ရတနာသစ်ပင်၏ သစ်ရွက်များက လှုပ်ခါလာခဲ့၏။ သူတို့သည် သက်တံ့ရောင်စုံ အလင်းတန်းများဖြင့် လင်းလက်လာခဲ့၍၊ ခဏအကြာတွင် တောင်ကြီးတစ်ခုလုံးသည် လေဟာနယ် အတွင်းမှ ပျောက်ကွယ်သွားခဲ့သည်။

ခွန်းလွန်တောင်ပေါ်တွင်မူ၊ လင်းဖုန်း၏
သံမဏိသစ်ပင် ကိုယ်ပွားသည့် ကျဲယုနှင့်
ကွေ့နွားဘုရင်ပေါ်မှ စီးနင်းလိုက်ပါလာသော
အုပ်စုအား ဦးဆောင်နေခဲ့သည်။
သိပ်မကြာခင်တွင် သူတို့သည်၊ ယုရှီးလင်နှင့်
လေနတ်ဘုရားဂိုဏ်းတို့၏
ပုန်းအောင်းနေသော နေရာအား
ရောက်ရှိလာခဲ့သည်။

လင်းဖုန်းက တည်ငြိမ်စွာနှင့် ပြောလိုက်သည်။
"အားလုံးပဲ သတိထားကြပါ"
အားလုံးကလည်း ခေါင်းညိတ်လိုက်ကြ၍၊

အရပ်မျက်နှာ အသီးသီးသို့
ထွက်ခွာသွားကြ၏။

ခန်းနန်းဟွာ၊ ကွေန္ဒွားဘုရင်၊ ဇူရီ၊ ဝမ်လင်းနှင့်
ယန်ချင်တို့သည် တစ်အုပ်စု ဖြစ်ကြသည်။
သူတို့သည် လေနတ်ဘုရားဂိုဏ်းအား
ရှာဖွေနေကြ၏။

မြောင်ရှီးဟောင်၊ ရှောင်ပုတန်၊ ထွမ်းထွမ်း၊
ကျဲယုနှင့် ယွဲ့ဟုန်ယန်တို့သည် နောက်ထပ်
တစ်အုပ်စု ဖြစ်ကာ၊ ယုရှီးလင်အား
တာဝန်ယူခဲ့သည်။

ကျဲယုသည် သူ၏ နဂါးပုံစံကို ပြန်လည်ပြောင်းလိုက်သည်။ သူသည် လွန်စွာကြီးမားသော ခန္ဓာကိုယ်ဖြင့် ကောင်းကင်ပေါ်တွင် ပျံသန်းနေခဲ့၏။ ရှောင်ပုတန်သည် သူ၏ ခေါင်းပေါ်တွင် ရပ်နေခဲ့ကာ၊ သူ၏အောက်မှ လျှိုမြောင်အတွင်းသို့ တိတ်ဆိတ်စွာ ကြည့်နေ၍ ပြောလိုက်သည်။ "ကျဲယု၊ ဆင်းကြစို့"

ကျဲယုသည် ခေါင်းညိတ်လိုက်ကာ၊ အနက်ရောင် အလင်းတန်း အဖြစ်သို့ ပြောင်းလဲသွားခဲ့၏။ သူသည် အောက်မှ

လျှိုမြောင်အတွင်းသို့၊ ကြယ်ကြွေသကဲ့သို့
ဆင်းသက်သွားခဲ့သည်။

အောက်မှတောင်ကြား အတွင်းတွင်၊
ယုရှီးလင်သည် သူတို့အား စောင့်နေခဲ့သည်။
သူသည် ကျဲယု၏ မှော်စွမ်းအင်
လှုပ်ရှားမှုများကို အာရုံခံမိနေသဖြင့်၊ သူ၏
လက်ဝါးနှစ်ဘက်အား ချက်ချင်း
ပူးကပ်လိုက်၏။ ရွှမ်းမင် အကြွင်းမဲ့ရေသည်
ပေါ်လာခဲ့ကာ၊ ရောမ ရေခဲဒိုင်းကြီး အဖြစ်သို့
ပြောင်းသွားခဲ့သည်။

ကျဲယုသည် ထိုရေခဲဒိုင်းကြီးပေါ်သို့
လှံတစ်စင်းပမာ ပြင်းထန်စွာ
ကျရောက်လာခဲ့၍ ထိုးဖောက်သွားနိုင်ခဲ့သည်။

သို့သော်လည်း ကျဲယု၏
စွမ်းအားများမှာလည်း၊ ဒိုင်းကြောင့်
ကုန်ခမ်းသွားခဲ့သည်။ သူ၏ အရှိန်မှာ
ရပ်တန့်သွားခဲ့သည်။

"ရွှမ်းမင် အကြွင်းမဲ့ရေက အတော့်ကို
ထူးခြားတာပဲ။ သူက
ရွှမ်းမင်သားရဲတွေလောက်
စွမ်းအားမကြီးပေမဲ့၊ အတော့်ကို ရှားပါးတဲ့

အရာဖြစ်တယ်" ကဲ့သို့ယူသည့် မိစ္ဆာသခင် စဦးပိုင်း အဆင့်တွင်သာ ရှိသေးသော်လည်း၊ နဂါးကလန်သည့် သဘာဝအားဖြင့် သန်မာကြသဖြင့်၊ သာမန် အခြေတည် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ တစ်ယောက်အား ရင်ဆိုင်ရာတွင် ခက်ခဲလိမ့်မည် မဟုတ်ချေ။

သို့သော်လည်း ရွှမ်းမင် အကြွင်းမဲ့ရေအား ပိုင်ဆိုင်ထားသည့်၊ အခြေတည် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ တစ်ယောက်ဖြစ်သည့် ယုရှီးလင်အား ရင်ဆိုင်ရာတွင်၊ သူသည် သေချာစွာ ဂရုစိုက် ရင်ဆိုင်ရမည် ဖြစ်သည်။

သို့သော်လည်း တစ်စုံတစ်ယောက်သည် သူ့အား ထိုအခွင့်အရေးအား မပေးခဲ့ချေ။ ရှောင်ပုတန်သည် ကောင်းကင်ပေါ်သို့ ပျံတက်သွားခဲ့၍၊ လျှပ်စီးတစ်တန်း အဖြစ်သို့ ပြောင်းလဲသွားခဲ့ကာ၊ ယုရှီးလင်ထံသို့ ကျဲယုထက်ပင် ခက်ထန်စွာနှင့် ခုန်အုပ်ခဲ့လိုက်သည်။

ယုရှီးလင်က နှာမှုတ်လိုက်သည်။ "မင်းက ဘယ်လောက် ခံနိုင်ရည်ရှိသလဲ ဆိုတာကို ကြည့်ရတာပေါ့"

သူသည် မှော်ကျိန်စာ တစ်ခုအား ထုတ်လွှတ်လိုက်ရာ၊ ရွှမ်းမင် အကြွင်းမဲ့ရေ အမြောက်အမြားတို့သည် လေဟာနယ် အပေါ်တွင် ပေါ်ထွက်လာခဲ့၏။ သူတို့က ပေါင်းစည်းသွားကြကာ၊ ရှောင်ပုတန်အား တားဆီးခဲ့လိုက်သည်။

ရှောင်ပုတန်၏ ခန္ဓာကိုယ်သည် မိုးကြိုးလျှပ်စီးများဖြင့် ပြည့်နှက်နေခဲ့ကာ၊ သူ၏ တစ်ကိုယ်လုံးသည် နှစ်မီတာမြင့်သော ဘီလူးကြီးသဏ္ဍာန် ဖြစ်သွားခဲ့သည်။ ခက်ထန်ကြမ်းတမ်းသော လက်သီးဖြင့်၊

သူသည် ရွှမ်းမင် အကြွင်းမဲ့ရေအား
တိုက်ရိုက်ထိုးချလိုက်သည်။

ရွှမ်းမင် အကြွင်းမဲ့ရေသည်
တုန်ခါသွားခဲ့သော်လည်း၊ ပြိုကွဲ၍
မသွားခဲ့ချေ။

ရှီထျန်းဟောင်သည် အသက်ပြင်းပြင်း
တစ်ချက်ရှူလိုက်ကာ၊ သူ၏ ကိုယ်အတွင်းမှ
အပေါက်ကိုးပေါက် ရွှေရောင်ဗဟိုချက်က
လှုပ်ခါလာခဲ့၏။ ရွှေရောင်ဗဟိုချက်သည်
ပွင့်လာခဲ့ကာ စိတ်ဝိညာဉ်စွမ်းအင်
အမြောက်အမြားတို့အား စုပ်ယူခဲ့၍၊

လွန်စွာကြီးမားသော အင်အားအဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။

ရှီထျန်းဟောင်၏ ခွန်အားများသည် တိုးတက်လာခဲ့၍၊ လျှပ်စီးမိုးကြိုး စွမ်းအားများသည်လည်း ပြန်လည်မွေးဖွားလာခဲ့သည်။ သူ၏ မိစ္ဆာနတ်ဘုရား ပုံစံသည် ပို၍ မကြီးမားလာခဲ့သော်လည်း၊ မူလ အစိမ်းဖျော့ရောင် ပုံသဏ္ဍာန်သည် လုံးဝ မည်းနက်သွားခဲ့သည်။

ထိုကဲ့သို့ ခက်ထန်သော စွမ်းအားများကို ရှမ်းမင် အကြွင်းမဲ့ရေသည့် မခုခံနိုင်တော့ပဲ၊ တစ်လွှာပြီး တစ်လွှာ ပျက်စီးလာခဲ့၏။

ယုရှီးလင်သည် အနည်းငယ် စတင်၍ ကြောက်ရွံ့စ ပြုလာခဲ့သည်။ သူသည် ရှောင်ပုတန်က အခြေတည် ဝိညာဉ် အဆင့်က ကျင့်ကြံသူများထက် မနည်းသော၊ မှော်စွမ်းအင်များကို ပိုင်ဆိုင်ထားသည်ဟု ကြားဖူးထားခဲ့၏။ ယုရှီးလင်သည် သူက ကောင်းကင်ကိုးလွှာမှ သန့်စင်သော လေထုကို စုပ်ယူနိုင်ပြီ ဖြစ်သဖြင့်၊ ကျန်သော အခြေတည် ဝိညာဉ် အဆင့်မှ

ကျင့်ကြံသူများထက် ပိုသာပြီဟု
ယုံကြည်နေခဲ့သည်။ အနည်းဆုံးတော့
ရှောင်ပုတန်အား အလွယ်တကူ
ဖိနှိပ်ထားနိုင်မည်ဟု မျှော်လင့်ထားခဲ့၏။

သို့သော်လည်း ယခုတိုက်ခိုက်မှု အပြီးတွင်
သူသည် အသာစီး ရရှိခဲ့သော်လည်း၊
နိုင်ပွဲရရှိရန်မူ ကွာဟချက်က
ကျဥ်းမြောင်းလွန်းမှန်း သိရှိခဲ့ရသည်။

သူ၏နှုတ်မှ မန္တရားများကို မန်းမှုတ်နေခဲ့ကာ၊
ယုရှီးလင်သည် ကြောက်မက်ဖွယ်ရာ
အော်ရာများကို ပိုင်ဆိုင်ထားသော၊ ရွှမ်းမင်

အကြွင်းမဲ့ရေအား နောက်ထပ်
ထိန်းချုပ်လိုက်သည်။ သူသည် ရှေးပဝေသဏီ
ခေတ်ကတည်းက တည်ရှိနေသကဲ့သို့ သူ၏
ဘေးပတ်ပတ်လည်မှ အရာအားလုံးကို
အေးခဲစေခဲ့သည်။ ဘေးတွင်ရှိသော
လေဟာနယ်များပင် အပါအဝင် ဖြစ်၏။

ရှီထျန်းဟောင်၏ မိစ္ဆာနတ်ဘုရား
ပုံသဏ္ဍာန်သည်၊ မသိသာသော
မျက်နှာသွင်ပြင် အမူအရာ တစ်ခုအား
ပြုလုပ်လိုက်သည်။

သို့သော် ယုရှီးလင်သည် ရှီထျန်းဟောင်၏
မျက်နှာမှာ၊ အပြုံးတစ်ခုအား
ပြုံးလိုက်သည်ဟု ခံစားမိနေခဲ့သည်။

အသံတိုးတိုးလေးတစ်ခု ထွက်လာခဲ့၍၊
ရှီထျန်းဟောင်၏ ခေါင်းပေါ်တွင်
ဆေးမီးဖိုလေးတစ်ခု ပေါ်လာခဲ့၏။
အစိမ်းရောင် အလင်းတန်းများ
လင်းလက်သွားခြင်းနှင့် အတူ၊
ရှီထျန်းဟောင်၏ မှော်စွမ်းအင်သည်
ပို၍ထိုးတက်လာခဲ့သည်။ ကမ္ဘာကို
လှုပ်ခါစေနိုင်သော စွမ်းအားများသည်၊

တစ်လွှာပြီးတစ်လွှာ ရွှမ်းမင် အကြွင်းမဲ့ရေအား တိုက်ခိုက်နေခဲ့သည်။

ရှီထျန်းဟောင်သည် မသဲမကွဲ အသံပြုလိုက်ကာ၊ သူ၏ လက်သီးဖြင့် အရေအတွက်သုံးခု အင်းရှစ်ကွက်၏ ကောင်းကင်တူအစုံကို ထုတ်ဖော်လိုက်၏။

ဖျက်ဆီးနိုင်သော စွမ်းအားတစ်ခုအား ဆက်တိုက်ထုတ်လွှတ်နေခဲ့ကာ၊ ရွှမ်းမင် အကြွင်းမဲ့ရေအား ဖျက်ဆီးနေခဲ့သည်။

ယုရှီးလင်၏ အမူအရာသည်
မပြောင်းလဲသွားခဲ့ပဲ၊ သူ၏ လက်အစုံအား
ပူးကပ်လိုက်ကာ ကောင်းမွန်စွာ
ကျင့်ကြံထားသော ရွှမ်းမင် အကြွင်းမဲ့ရေ
တစ်စက်သည် သူ၏ခေါင်းပေါ်တွင်
ပေါ်လာခဲ့သည်။ သူသည် ဆက်တိုက်
ကျုံ့ဝင်လာခဲ့ကာ၊ နောက်ဆုံးတွင်
သန့်စင်သော အမှောင်ထုတစ်ခု အဖြစ်သို့
ပြောင်းလဲသွားခဲ့၏။

"ရှေးပဝေသဏီက ရွှမ်းမင်မြား"
ယုရှီးလင်သည် သူ၏ စွမ်းအားများကို
ထုတ်ဖော်လိုက်ကာ၊ အနက်ရောင်

ရေစက်သည် အလင်းတန်း တစ်ခုအဖြစ်သို့ ပြောင်းလဲသွားခဲ့၍၊ ရှီထျန်းဟောင်အား မြားသဏ္ဍာန်ဖြင့် တိုက်ခိုက်လိုက်သည်။

ရှေးပဝေသဏီမှ ရှမ်းမင်မြားသည် လေဟာနယ်ကို ဖြတ်ကျော်ကာ ပျံသန်းလာခဲ့၍၊ အနောက်တွင် အနက်ရောင် အကြောင်းတစ်ခုအား ချန်ထားခဲ့၏။ သူသည် သူ၏ မှော်စွမ်းအင် အကြွင်းအကျန်များ မဟုတ်ချေ။ ထိုမြားက လေဟာနယ်ကို ဖြတ်သန်းကျော်လွှားရာမှ ချန်ထားရစ်ခဲ့သော၊ အက်ကွဲကြောင်း တစ်ခုပင် ဖြစ်၏။

ရှေးပဝေသဏီမှ ရွှမ်းမင်မြား ဖြတ်သန်းလာရာ
လမ်းကြောင်းတစ်လျှောက်ရှိ၊
အရာအားလုံးတို့သည်
ကြေမွကျန်ရစ်ခဲ့ကြသည်။

ရှောင်ပုတန်သည် ထိုမြားနှင့်
ရင်ဆိုင်ခဲ့ရသောအခါ၊ သူ၏ခေါင်းအား
မော့လိုက်ကာ အော်ဟစ်လိုက်သည်။
"စကြာ!"

ရွှမ်းဟွမ်ကမ္ဘာ လေးခု မှော်ကျိန်စာမှ 'စကြာ'
စကားလုံးသည် အသက်ဝင်လာခဲ့ကာ၊
ကောင်းကင်တစ်ခုလုံးအား ဖုံးလွှမ်းနိုင်သော

စွမ်းအားကြီး တစ်ခုသည်၊ လေဟာနယ်အား အထောက်အပံ့ ပေးခဲ့လိုက်သည်။

သို့သော်လည်း ယုရီးလင်၏ ကျင့်ကြံမှုအဆင့်သည်၊ ဟွမ်ဟိုင်စိတ်ဝိညာဉ် အစည်းအဝေးမှ စုန့်ချင်းယွင်ထက် များစွာသာလွန်နေခဲ့သည်။ ရှောင်ပုတန်၏ ကျင့်ကြံမှုသည် ရွှေရောင်ဗဟိုချက် အဆင့်တွင်သာ ရှိသေးသဖြင့်၊ သူသည် ရေးပဝေသဏီမှ ရွှမ်းမင်မြားကို လုံးဝရပ်သွားအောင် မစွမ်းဆောင်နိုင်ခဲ့ပေ။

သို့သော်လည်း 'စကြာ'ဟူသော စကားလုံးက လေဟာနယ်အား အထောက်အပံ့ ပေးထားခဲ့၍၊ ကြီးစိုးလွှမ်းမိုးနိုင်သော ရေးပဝေသဏီမှ ရွှမ်းမင်ပြားသည်ပင်လျှင်၊ သူ၏ အလားအလာအား အစွမ်းကုန် မဖော်ထုတ်နိုင်ခဲ့ပေ။ သူ၏ အမြန်နှုန်းသည် သိသိသာသာကြီးပင် ကျဆင်းသွားခဲ့၏။ အစပိုင်းတွင် သူသည် လျှပ်စီးကဲ့သို့ လျှင်မြန်နေသော်လည်း၊ ယခုအချိန်တွင် ရှေ့ဆက်ရန် ရုန်းကန်နေခဲ့ရသည်။

ရှီထျန်းဟောင်သည် သူ၏နဖူးအား ပုတ်လိုက်ရာ၊ အဖြူရောင် အလင်းတန်း

တစ်ခုက ထွက်ပေါ်လာခဲ့၏။ လေဟာနယ်
အတွင်းတွင်၊ ဖြူဖွေး၍ ရှေးကျလှသည့်
ကြေးမုံအပိုင်း တစ်ခုက ပေါ်လာခဲ့သည်။
ဒါသည် သူက ဟွမ်ဟိုင်စိတ်ဝိညာဉ်
အစည်းအဝေးတွင်၊ စုန့်ချင်းယွင်ထံမှ
အနိုင်ရရှိလာခဲ့သည့် မိုးသောက်ပန်း ဝင်ရိုးစွန်း
ကြေးမုံဖြစ်သည်။

လင်းဖုန်း၏ ကူညီမှုဖြင့်၊ ရှောင်ပုတန်သည်
ထိုအိုင်တမ်အား သန့်စင်နိုင်ခဲ့၏။

မိုးသောက်ပန်း ဝင်ရိုးစွန်း ကြေးမုံသည်၊
လေဟာနယ် အတွင်းမှ ရှေးပဝေသဏီမှ

ရွှမ်းမင်မြားကို  ချိန်ရွယ်လိုက်သည်။
အပြာရောင် အလင်းတန်း တစ်ခုသည်
သူ့အတွင်းမှ ထွက်ပေါ်လာခဲ့၍၊ ရွှမ်းမင်မြားကို
လွှမ်းခြုံခဲ့လိုက်သည်။

အကယ်၍ ရွှမ်းမင်အကြွင်းမဲ့ရေအား
ကြေးမုံတစ်ခုတည်းဖြင့် ရင်ဆိုင်ခဲ့လျှင်၊
ယုရှီးလင်၏ ရွှမ်းမင် အကြွင်းမဲ့ရေက
အသာစီးရမည် ဖြစ်၏။ သို့သော်လည်း
ယခုအချိန်တွင် ရှေးပဝေသဏီမှ
ရွှမ်းမင်မြားသည်၊ ရှီထျန်းဟောင်၏
'စကြာ'စကားလုံး၏ ဖိနှိပ်ထားခြင်းအား
ခံထားရခြင်းကြောင့်၊ မိုးသောက်ပန်း ဝင်ရိုးစွန်း

ကြေးမုံသည် ရွှမ်းမင်မြားအား
ဖြိုခွဲဖျက်ဆီးနိုင်ခဲ့သည်။

မြောင်ရိုးဟောင်နှင့် ကျဲယုတို့သည်
မလှုပ်ရှားကြသေးပေ။ ထိုအချိန်တွင်
ထွမ်းထွမ်းနှင့် ယွဲ့ဟုန်ယန်တို့သည်၊
ယုမိသားစုမှ ရွှေရောင်ဗဟိုချက် အဆင့်နှင့်
အခြေခံအုတ်မြစ် အဆင့်မှ
ကျင့်ကြံသူများအား၊ လှျို့မြောင်အတွင်းတွင်
လိုက်ရှာနေကြ၏။

သို့သော်လည်း ထိုအချိန်တွင်၊
အဝေးတစ်နေရာမှ လွန်စွာကြီးမားလှသော

အင်အားတစ်ခုသည် ရုတ်ချည်း
ပေါ်ထွက်လာခဲ့သည်။

မြောင်ရှီးဟောင်သည် ကျဲယုအား
ကြည့်လိုက်သည်။ "အရှင်ခန့်မှန်းထားတဲ့
အတိုင်းပဲ"

အဝေးမှ မိုးကောင်းကင်ထက်တွင်
အက်ကွဲကြောင်းတစ်ခု ပေါ်လာခဲ့ကာ၊
အတွင်းမှနေ၍ တစ်စုံတစ်ယောက်က
ထွက်လာခဲ့သည်။ သူ၏ မှော်စွမ်းအင်သည်
ကြောက်မက်ဖွယ်ကောင်းကာ၊ သူ၏
ခေါင်းပေါ်တွင်

ကောင်းကင်ကိုးလွှာသို့တိုင်အောင် ထိုးတက်သွားခဲ့သော သန့်စင်သော လေထုတစ်တန်းအား တွေ့နိုင်၏။ သူသည် ယုမိသားစုမှ နောက်ထပ် အခြေတည်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ တစ်ယောက်ဖြစ်သည်။

သို့သော်လည်း ထိုသူသည် မောက်မာထောင်လွှားခြင်း မပြခဲ့ပေ။ လေဟာနယ် ကွက်လပ်အတွင်းမှ ထွက်လာပြီးနောက်၊ သူသည် အနောက်မှ လူတစ်ယောက်အား ကြိုဆိုခဲ့၏။

သူသည် အဖြူရောင် ဝတ်စုံနှင့် အကြီးအကဲ တစ်ယောက်ဖြစ်သည်။ သူသည် ရှိထျုန်းဟောင်၊ မြောင်ရှီးဟောင်နှင့် ကျန်သောသူများကို အကဲခတ်လိုက်၍၊ နှာမှုတ်လိုက်သည်။ "ဟွန့်၊ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းလား"

သူ၏ခေါင်းပေါ်မှနေ၍ ပုံရိပ်တစ်ခု ထွက်လာခဲ့၍၊ ဆယ်ပေကျော်ရှိသည့် ဘီလူးကြီးအဖြစ်သို့ ပြောင်းလဲသွားခဲ့၏။

ထိုဘီလူးကြီးသည် လေဟာနယ်အတွင်းမှ ထွက်လာခဲ့သည်။ သူ့တွင်

လက်တစ်ဘက်သာရှိ၍၊ သူ၏
မျက်နှာတွင်လည်း မျက်လုံးတစ်လုံးသာ
ရှိသည်။ သူ၏မျက်လုံးမှာ
ရေခဲသလင်းကျောက် အဖြစ်သို့
အေးခဲနေခဲ့သည့် ရေစက်တစ်စက်နှင့်
တူနေခဲ့၏။ သူ၏ထံမှနေ၍ ဤနေရာ
တစ်ခုလုံးကို အေးခဲစေနိုင်သည့်၊
သန်မာလှသော စွမ်းအားတစ်ခုကို
ထုတ်လွှတ်နေခဲ့သည်။

ထိုဘီလူးပေါ်ထွက်လာသောအခါ၊
ခွန်းလွန်တောင်၏ ပတ်ပတ်လည်
နေရာအားလုံးသည် နှင်းလွှင်ပြင်တစ်ခု

အဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။
မှောင်မည်းနေကာ တစ်ယောက်အား
စိတ်ဓာတ်ကျစေနိုင်ခဲ့၏။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ
တပည့်များသည် ထိုမြင်ကွင်းအား
တွေ့လိုက်သောအခါ၊ သူတို့သည်
ကြောက်ရွံ့သွားကြသည်။

မြောင်ရှီးဟောင်က ပြောလိုက်သည်။
"စကြာဝဠာ ပုံသဏ္ဍာန်၊ အခြေတည်ဝိညာဉ်
နောက်ဆုံး အဆင့်"

# စာစဉ် ၂၁ : အပိုင်း ၁၃

## အပိုင်း ၃၈၃ : တိုက်ပွဲအတွင်းမှ တစ်သမတ်တည်း ပြောင်းလဲမှုများ

ကျင့်ကြံမှု ကမ္ဘာအတွင်းတွင်၊ ကျင့်ကြံမှုအဆင့် တစ်ဆင့်နှင့် တစ်ဆင့် အကြားဝယ်၊ ကြီးမားသော ကွာဟချက်များ ရှိနေကြ၏။ ချီသာဝက အဆင့်၊ အခြေခံအုတ်မြစ် အဆင့်၊ ရွှေရောင်ဗဟိုချက် အဆင့်၊ အခြေတည်ဝိညာဉ် အဆင့်နှင့် အင်မော်တယ် ဝိညာဉ် အဆင့်တို့ ဖြစ်ကြ၏။ လူပေါင်းများစွာတို့သည် ကျင့်ကြံမှု အဆင့်တက်ရန် ကျရှုံးခဲ့ကြသည်။

အဆင့်ကြီး တစ်ခုအတွင်းတွင်လည်း၊ ကျင့်ကြံမှု အဆင့်ငယ်များအား ခွဲခြားထားသေးသည်။ အဆင့်ကွာခြားခဲ့လျှင် စွမ်းရည်များလည်း ကွာခြားကြမည် ဖြစ်သည်။

အင်မော်တယ် ဝိညာဉ် အဆင့်အောက်တွင်၊ အဆင့်တစ်ခုနှင့် တစ်ခုအကြား ကွာခြားချက် အကြီးမားဆုံး ခြားနားချက် သုံးခုတို့မှာ၊ အစဉ်အလိုက် အောက်ပါအတိုင်း ဖြစ်ကြ၏။ အခြေတည်ဝိညာဉ် အလယ်အလတ်နှင့် နောက်ဆုံး အဆင့်၊ ရွှေရောင်ဗဟိုချက် အဆင့် အလယ်အလတ်နှင့် စဦးပိုင်းအဆင့်၊

ချီသာဝက အဆင့်၁၁နှင့် အဆင့် ၁၂တို့
ဖြစ်ကြသည်။

အခြေတည်ဝိညာဥ် အလယ်အလတ်
အဆင့်နှင့် နောက်ဆုံးအဆင့်တို့၏
ကြီးမားသော ခြားနားချက်မှာ၊ စကြာဝဠာ
ပုံသဏ္ဍာန်ကြောင့်ပင် ဖြစ်သည်။

စကြာဝဠာ ပုံသဏ္ဍာန်သည် ကျင့်ကြံသူ
တစ်ယောက်၏၊ တစ်သက်သာ ကျင့်ကြံမှုနှင့်
မှော်စွမ်းအင်များ၏ အနှစ်သာရကို
ပေါင်းစပ်ဖွဲ့စည်းထားခြင်း ဖြစ်၏။ ဒါသည်
အင်မော်တယ် ဝိညာဥ်ကို

မဖော်ဆောင်နိုင်သေးသည့်၊
အခြေတည်ဝိညာဉ်၏ အဆုံးစွန်
အခြေအနေပင် ဖြစ်သည်။

ရှကျိုးမှ ဂိုဏ်းဖွင့်ပွဲ အခမ်းအနားတွင်
အခြေတည်ဝိညာဉ် စဦးပိုင်း အဆင့်မှ
မြောင်ရှီးဟောင်သည်၊ အခြေတည်ဝိညာဉ်
အလယ်အလတ် အဆင့်မှ ယုချင်းစန်းအား
ရင်ဆိုင်ခဲ့ရသည်။ နိုင်ပွဲရရန်မှာ
ခက်ခဲသော်လည်း၊ သူသည် ကြောက်ရွံ့ခြင်း
မရှိခဲ့ပေ။

ယခုမူ သူသည် အခြေတည်ဝိညာဉ်
အလယ်အလတ် အဆင့်သို့ ရောက်ရှိခဲ့ပြီ
ဖြစ်၍၊ ယုချင်းစန်းနှင့် ထပ်မံယှဉ်ပြိုင်ရလျှင်
အနိုင်ယူနိုင်တော့မည် ဖြစ်သည်။

သို့သော်လည်း စကြာဝဠာ ပုံသဏ္ဍာန်ကို
ကျင့်ကြံထားပြီးသည့်၊ ယုမိသားစုမှ
ဂရန်းမာစတာ ယုရိလွမ်အား
ယှဉ်ပြိုင်ရမည်ဆိုလျှင်၊ သူသည်
ဖိအားကြီးကြီးမားမားနှင့် ရင်ဆိုင်ရမည်
ဖြစ်သည်။

ရောင်ပြန်ကြေးမုံ၊ ရှားစောင်းသစ်ခွ၊ ချန်းလန်ရေပြင် နည်းစနစ် စသော အဆင့်မြင့် မှော်ကျိန်စာများသည်၊ သူ့အား ယုရိလွှမ်နှင့် တန်းတူယှဉ်ပြိုင်စေနိုင်သည့် အရာများပင် ဖြစ်၏။ သို့သော်လည်း ထိုအရာများသည် သူ့အား အကာအကွယ်ပေးရုံသာ တတ်နိုင်၏။ တိုက်ပွဲက အချိန်ကြာလာသည်နှင့်အမျှ၊ သူသည် နောက်ဆုံးတွင် ရှုံးနိမ့်မည်သာ ဖြစ်သည်။ သူထွက်ပြေးလွတ်မြောက် နိုင်မည်လော ဆိုသည်က၊ နောက်တစ်ကဏ္ဍဖြစ်သည်။

ယုရိလွမ်သည် ကောင်းကင်ပေါ်၌သာ ငြိမ်သက်စွာ ရပ်နေခဲ့သည်။ သူသည် ဘာမှ မလုပ်ခဲ့ပဲ၊ သူ၏ ၁၀ပေမြင့်သော စကြာဝဠာ ပုံသဏ္ဍာန်ကိုသာ ဖော်ပြခဲ့သည်။ ထိုမျက်လုံးတစ်လုံး ဘီလူးသွားသည့် နေရာတိုင်းတွင် ရေခဲများနှင့် ကာဆီးသွားခဲ့၏။ သက်ဝင်လှုပ်ရှားနေသော သားရဲဖြစ်စေ၊ ခိုင်မာသော တောင်ထိပ်ဖြစ်စေ၊ အနက်ရောင် ရေခဲသလင်းကျောက်များအဖြစ် ပြောင်းလဲသွားကြသည်။

မြောင်ရှီးဟောင်၏ ရောင်ပြန်ကြေးမုံသည်၊ အခြားသူတို့၏ မှော်ကျိန်စာများကို

ကူးယူနိုင်သည့် ထူးခြားသည့်
အစွမ်းသတ္တိရှိနေ၏။ သို့သော်လည်း
စကြာဝဠာ ပုံသဏ္ဍာန်၏ တိုက်ခိုက်မှုနှင့်
ကြုံခဲ့ရသော်၊ သူသည် စွမ်းအားမဲ့သွားခဲ့သည်။
ကြေးမုံ၏ မျက်နှာပြင်သည်၊ မျက်လုံးတစ်လုံး
ဘီလူး၏ အပြာရောင် ရေခဲမျက်စိနှင့်
တွေ့လိုက်ရသော အချိန်တွင်၊  သူသည်လည်း
အနက်ရောင် သလင်းကျောက် တစ်ခုအဖြစ်
ပြောင်းလဲသွားခဲ့သည်။

လေအေးတစ်ချက် ဝှေ့လိုက်သောအခါ
အနက်ရောင် ရေခဲသလင်းကျောက်များသည်၊

အမှုန့်များအဖြစ် ကြေမွသွားခဲ့၍
ကောင်းကင်ပေါ်မှ ဖြာကျလာခဲ့၏။

ချန်းလန်ရေပြင် နည်းစနစ်သည်
မအေးခဲသွားပဲ အပြာရောင် အလင်းရောင်
အချို့အား ဖြိုခွဲနိုင်ခဲ့သော်လည်း၊
ထိုအပြာရောင် အလင်းရောင်များ
ဖြာကျလာသောအချိန်တွင် အသုံးမဝင်
ဖြစ်သွားခဲ့သည်။

နောက်ဆုံးတွင် ပေါက်ကွဲမှုစွမ်းအား
အလွန်ပြင်းထန်သည့်၊ ရှားစောင်းသစ်ခွ
တစ်ခုသာ ကျန်တော့သည်။ သူသည်

အကျိုးသက်ရောက်မှု အနည်းငယ်အား ပေးစွမ်းနိုင်ခဲ့၏။ အပြာရောင် အလင်းတန်းသည် သူ၏ ရန်သူအား တိုက်ခိုက်တော့မည် ကြံလိုက်လျှင်၊ မြောင်ရှီးဟောင်သည် ရှားစောင်းသစ်ခွကို အသုံးချလိုက်၍ သူ့အား ခုခံလိုက်သည်။ သူ၏ ပြင်းထန်လှသည့် ပေါက်ကွဲအားကြောင့်၊ သူသည် အပြာရောင် အလင်းတန်းအား ယာယီဖျက်ဆီးနိုင်ခဲ့သည်။

သို့သော်လည်း ရှားစောင်းသစ်ခွအား အသုံးပြုရခြင်းသည်၊ သူ၏ မှော်စွမ်းအင်ကို လျှင်မြန်စွာနှင့် ကုန်ခမ်းစေခဲ့သည်။

မြောင်ရှီးဟောင်သည် သူ့ကို လွတ်လပ်စွာ အသုံးမပြုနိုင်ခဲ့ပေ။ သူသည် ကြံရာမရ ဖြစ်ခဲ့သည့် အခြေအနေသို့ ရောက်မှသာ၊ အသုံးပြုနိုင်ခြင်း ဖြစ်သည်။ သို့တိုင်အောင် သူ၏ မှော်စွမ်းအင်များသည် လျှင်မြန်စွာနှင့် လျော့နည်းလာသည်ကို ခံစားမိနေခဲ့သည်။

အခြေတည်ဝိညာဉ် အလယ်အလတ် အဆင့်သို့ ရောက်သွားခြင်းသည်၊ တစ်ယောက်အား သူ၏ ကိုယ်အတွင်းသို့ ကောင်းကင်ကိုးလွှာမှ သန့်စင်သော လေထုအား စုပ်ယူနိုင်စွမ်း ရှိစေခဲ့သည်။

ထိုကျင့်ကြံသူ၏ မှော်စွမ်းအင်အား ပြန်လည်ဖြည့်တင်းပေးခဲ့မည် ဖြစ်သည်။

သို့သော်လည်း သစ်ခွရှားစောင်းအား တစ်ခေါက် အသုံးပြုလိုက်ခြင်းသည်၊ မြောင်ရှီးဟောင်၏ မှော်စွမ်းအင်အား အမြောက်အမြား ကုန်ဆုံးစေခဲ့၏။ ယခုအချိန်တွင် သူ၏ စွမ်းအားများသည် ကုန်လုနီးပါး ဖြစ်နေခဲ့ပြီ ဖြစ်သည်။

"အရှင်၊ တကယ်လို့ အရှင်က မလှုပ်ရှားသေးဘူးဆိုရင်၊ ကျွန်တော်က ခံနိုင်တော့မှာ မဟုတ်ဘူး"

မြောင်ရှီးဟောင်သည် နာကျင်စွာနှင့် တွေးလိုက်သည်။ ကံကောင်းစွာနှင့်ပင် ယုရိလန်၏ တိုက်ခိုက်မှုများကို သူသည် ခုခံနိုင်ခဲ့ခြင်း ဖြစ်သည်။ မဟုတ်လျှင် သူ၏ ဆက်တိုက် တိုက်ခိုက်မှုများကြောင့်၊ အနေးနှင့်အမြန် တစ်စုံတစ်ယောက်က ကျဆုံးတော့မည် ဖြစ်သည်။

ကျန်သောသူများ အနက်၊ ကျဲယုသည် အခြေတည်ဝိညာဥ် အလယ်အလတ် အဆင့်မှ ဂရန်းမာစတာ တစ်ယောက်အား ထိန်းထားနိုင်သည်။ သူသည် ကျင့်ကြံမှုအဆင့် တစ်ဆင့်နိမ့်သော်လည်း၊ သူ၏ မွေးရာပါ

နဂါးစွမ်းအားများကြောင့်
အရေးသာနိုင်ခဲ့သည်။

ယုရိလွမ်သည် သူ၏ စွမ်းအားများကို
မြောင်ရှီးဟောင်ထံသို့ ဦးတည်ခဲ့သော်လည်း၊
တိုက်ခိုက်မှုများ၏ လှိုင်းလုံးများသည်
ရှီထျန်းဟောင်၊ ကျဲယုနှင့်
ကျန်သောသူများအား ပြဿနာများ
အကြီးအကျယ် ပေးနိုင်ခဲ့သည်။

အစပထမတွင် သူတို့သည် ပြိုင်ဘက်များနှင့်
လက်ရည်တူ ယှဉ်ပြိုင်နိုင်ခဲ့ကြသော်လည်း၊

ယခုအချိန်တွင် သူတို့သည်
အရေးနိမ့်လာကြပြီ ဖြစ်သည်။

ထွမ်းထွမ်းနှင့် ယွဲ့ဟုန်ယန်တို့သည်
နှစ်ယောက်သာ ရှိသော်လည်း၊
လှိုမြောင်အတွင်းတွင် ယုမိသားစုမှ
ရွှေရောင်ဗဟိုချက် အဆင့်နှင့်
အခြေခံအုတ်မြစ် အဆင့်မှ ကျင့်ကြံသူ
တစ်အုပ်စုတို့အား အနိုင်တိုက်နိုင်ခဲ့ကြသည်။

သို့သော်လည်း ယုရိလွမ်၏
ရောက်ရှိလာမှုသည်၊ သူတို့အပေါ်တွင်လည်း
အကျိုးသက်ရောက်မှုများ ရှိခဲ့သည်။

သူ၏အော်ရာသည် သူတို့နှစ်ယောက်အား ဖိနှိပ်ထား၍၊ သူတို့၏ ခြေလက်များသည် တောင့်တင်းနေကာ မှော်စွမ်းအင်များကလည်း နှေးကွေးနေကြ၏။ မှော်စွမ်းအင်အား ထုတ်သုံးရာတွင် အတော့်ကို အားစိုက်နေရသည်။

တခဏတွင်းချင်းပင် ယွဲ့ဟုန်ယန်နှင့် ထွမ်းထွမ်းတို့သည်၊ အသာစီး တိုက်ခိုက်နေရာမှ ဝိုင်းဝန်း၍ ချောင်ပိတ်တိုက်ခိုက်ခြင်းကို ပြန်ခံနေရသည်။

ယုရိလွမ်သည် မြောင်ရှီးဟောင်အား ကြည့်လိုက်ကာ ပြောလိုက်သည်။ "မင်းတို့က စစ်ကူတွေကို စောင့်နေမယ်ဆိုရင်၊ လက်လျှော့လိုက်တော့။ သူတို့က သူတို့ကိုယ်တိုင်ကိုတောင် မကာကွယ်နိုင်ကြတော့ဘူး"

သူ၏စကားဆုံးသည်နှင့် အဝေးမှနေ၍ မှော်စွမ်းအင် တုန်ခါမှုကြီး နှစ်ခုတို့သည် ပေါ်ပေါက်လာခဲ့၏။ ကြည့်ရသည်မှာ ရောမ လေဆင်နှာမောင်း နှစ်ခုတို့က ထင်တိုင်းကြဲနေကြခြင်းနှင့် တူနေသည်။

လေပြင်းမုန်တိုင်းများသည် အရပ်မျက်နှာ
ပေါင်းစုံသို့ ပြင်းထန်စွာနှင့်
တိုက်ခိုက်နေကြ၏။ အဝေးမှ
မိုးကောင်းကင်သည် ကြည့်ရသည်မှာ၊
အစိတ်အပိုင်းပေါင်း များစွာအဖြစ်သို့
ပြိုကွဲသွားတော့မည်နှင့် တူနေခဲ့သည်။

ထိုစွမ်းအားများမှာ ယုရိလွမ်၏
စွမ်းအားများအလား အစွမ်းထက်နေခဲ့၏။

ထိုနေရာတွင် စကြဝဠာ ပုံသဏ္ဍာန်အား
ကျင့်ကြံထားကြသော၊ အခြေတည်ဝိညာဥ်
နောက်ဆုံး အဆင့်မှ ကျင့်ကြံသူ

နှစ်ယောက်တို့ကို တွေ့နိုင်ပေသည်။ သူတို့၏ မှော်စွမ်းအင် လှုပ်ရှားမှုများကို ကြည့်လိုက်ရခြင်းအားဖြင့်၊ သူတို့သည် လေနတ်ဘုရားဂိုဏ်းမှ ဖြစ်မည်ဟု ပြောနိုင်ပေသည်။

ယုရိလွမ်၏ အသံသည် ကျယ်လောင်ခြင်း မရှိသော်လည်း၊ ပွဲတင်သံဖြင့် မြည်ဟည်းနေခဲ့၏။ "မင်းတို့အားလုံးက ထင်ရာစိုင်းနေခဲ့တာ အချိန်အတော်ကြာသွားခဲ့ပြီ။ ဒီကနေ့မှာတော့ မင်းတို့ရဲ့ လုပ်ရပ်တွေအတွက်၊ ပြန်ပြီးပေးဆပ်ရတော့မယ်"

သူသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ လူအားလုံးကို တည်ငြိမ်စွာဖြင့် ကြည့်လိုက်ကာ၊ သူ၏ လေသံသည် ဥပေက္ခာ အပြည့်နှင့်ဖြစ်သည်။ သူသည် သာမန်အရာ တစ်ခုအား ပြောကြားနေသကဲ့သို့ ဖြစ်၏။

ယုရိလွမ် အနေနှင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည်၊ အလွန်တရာမှ အလားအလာကောင်းသော ဂိုဏ်းတစ်ဂိုဏ်းဖြစ်သည်။ လင်းဖုန်း၏ ကျင့်ကြံမှုသည် လွန်စွာ အစွမ်းထက်၍၊

တပည့်များသည်လည်း ပါရမီရှင်များ ဖြစ်ကြသည်။

သို့သော်လည်း အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် အချိန်ကောင်းကို မရောက်သေးပေ။ ရှောင်ယန်၊ ရှီထျန်းဟောင်နှင့် ကျန်သောသူများသည် ကျင့်ကြံမှု အဆင့်အတန်းများ မမြင့်ကြသေးချေ။ သူတို့သည် စွမ်းအားထက်ကြသော်လည်း၊ အကန့်အသတ်များ ရှိကြပေသည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း အတွင်းတွင် လင်းဖုန်းအပြင်၊ ကျင့်ကြံမှု အဆင့်အတန်း အမြင့်မားဆုံးသူမှာ မြောင်ရှီးဟောင် ဖြစ်သည်။ ဂိုဏ်းတစ်ခုလုံးတွင် အစွမ်းထက်သော ခေါင်းဆောင်တစ်ယောက်နှင့်၊ သူနှင့် စွမ်းအားများစွာ ကွာခြားလှသော တပည့်တစ်အုပ်စုသာ ရှိသေးသည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ခေါင်းဆောင်အနေနှင့်၊ မြောက်ပိုင်းလေပြင်း ပင်လယ်တွင် ကြယ်တာရာကိုးလုံး ကောင်းကင်ချေမှုန်း ဝက်ပါအား

ခုခံပေးခြင်းအားဖြင့်၊ သူ၏ အံ့သြဖွယ်ရာ စွမ်းအားများကို သက်သေပြခဲ့ပြီးသား ဖြစ်သည်။ သူ၏ တပည့်များသည်လည်း၊ ကျင့်ကြံမှု အဆင့်တူလျှင် ပြိုင်ဘက်မရှိချေ။

သို့သော်လည်း ဂိုဏ်းတစ်ဂိုဏ်း၏ အရေးအပါဆုံး ဖြစ်သော၊ အခြေတည်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ အဆင့်တွင်၊ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် အင်အားနည်းနေသေး၏။

သိပ်မဝေးလှသော အနာဂတ်ကာလတွင်၊ ရှောင်ယန်နှင့် ကျန်သောသူများ

ရင့်ကျက်လာကြသောအခါ၊ ထိုအားနည်းမှုကို ဖြည့်ဆည်းပေးနိုင်မည် ဖြစ်သည်။ သို့သော်လည်း ယခုအချိန်သည်၊ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ အားနည်းနေသော အချိန်ဖြစ်သည်။

သူတို့သည် ထိုအချက်အား သတိပြုမိသဖြင့် ယုမိသားစုနှင့် လေနတ်ဘုရားဂိုဏ်းတို့သည်၊ ထိုအခွင့်အရေးကောင်းကို အချိန်ရှိတုန်း အပိုင်အသုံးချရန် ဆုံးဖြတ်ခဲ့ကြပေတော့သည်။

ဤတိုက်ပွဲတွင် ယုမိသားစုနှင့် လေနတ်ဘုရား ဂိုဏ်းတို့၏ ရည်ရွယ်ချက်မှာ၊ အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ 'လူထူးလူဆန်း'များကို အမြစ်ဖြုတ်ရန် ဖြစ်သည်။

ယုမိသားစု အတွက်မှာမူ သူတို့၏ အဓိက ရည်ရွယ်ချက်မှာ၊ ရှောင်ပုတန်ပင် ဖြစ်၏။ သူသည် ဤမစ်ရှင်၏ အဓိက ပစ်မှတ်ဖြစ်သည်။

ထို့ကြောင့် ဤအင်အားစု နှစ်ခုတို့သည် အခြေတည်ဝိညာဉ် နောက်ဆုံး အဆင့်မှ ကျင့်ကြံသူ သုံးယောက်နှင့်၊ အလယ်အလတ်

အဆင့်မှ ကျင့်ကြံသူ လေးယောက်တို့အား စေလွှတ်ခဲ့သည်။ ထိုစွမ်းအားသည် လင်းဖုန်းမှလွဲ၍၊ ကျန်သော အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသားများ၏ အထက်တွင် ရှိနေပေသည်။

ယုရိလွမ်က တစ်ဘက်မှ ဇူရီနှင့် အခြားသူများသည်၊ ကိုယ့်ကိုယ်ကိုယ်ပင် မကယ်နိုင်ဟု ပြောခြင်းမှာ၊ ချဲ့ကား၍ ပြောနေခြင်း မဟုတ်ပေ။
အဘယ်ကြောင့်ဆိုသော် သူတို့သည် လေနတ်ဘုရားဂိုဏ်း၏ အခြေတည်ဝိညာဉ် နောက်ဆုံး အဆင့်မှ ကျင့်ကြံသူ

နှစ်ယောက်နှင့်၊ အလယ်အလတ် အဆင့်မှ ကျင့်ကြံသူ နှစ်ယောက်တို့အား ရင်ဆိုင်နေရသောကြောင့် ဖြစ်သည်။ သူတို့သည် ရှိထျန်းဟောင်တို့ မြောင်ရှီးဟောင်တို့ထက်ပင်၊ ပို၍ ဖိအားများ များနေကြ၏။

"အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ ခေါင်းဆောင်က ဘာဖြစ်နေကြသလဲ ဆိုတာကို သိနေပြီးလောက်ပြီ" ယုရိလွမ်က သူ၏ခေါင်းကိုမော့လိုက်ကာ၊ ရေရွတ်လိုက်၏။ "ဒါပေမဲ့ သူက သူတပည့်တွေကို လာကူချင်ရင်တောင်၊ လာနိုင်မှာ မဟုတ်ဘူး"

မြောင်ရှီးဟောင်သည် သူ၏ ရှားစောင်းသစ်ခွကို အသုံးပြုကာ၊ ယုရိလွမ်၏ အပြာရောင် အလင်းတန်း တစ်ခုအား ဖျက်ဆီးလိုက်သည်။ သူသည် လွန်စွာ အားအင်ကုန်ခမ်းနေပြီ ဖြစ်သည်။

သူသည် ယုရိလွမ်အား မျက်လုံးထောင့်ကပ်ကာ ကြည့်လိုက်၏။ "သိပ်ပြီးတော့ မာန်တက်မနေပါနဲ့။ ယုဝမ်ဖုန်းက ဘယ်လိုသေသွားသလဲ ဆိုတာကို၊ ခင်ဗျားက မေ့နေပြီနဲ့တူတယ်"

ယုရိလွှမ်၏ အမူအရာသည် မပြောင်းလဲခဲ့ပဲ၊ သူ၏ခေါင်းကို ညိတ်လိုက်သည်။ "ငါမှတ်မိတာပေါ့။ သူက ယုကျင်းတောင်ရဲ့ ခြေမွမှုကို ခံလိုက်ရတာ၊ အလောင်းတောင်မှ မကျန်ခဲ့ဘူး"

သူ၏ အမူအရာသည် မပြောင်းလဲခဲ့သော်လည်း၊ မျက်ခုံးမွေးကို သနေသော မြောင်ရှီးဟောင်အား ကြည့်လိုက်ကာ၊ ရင်ထဲမှနေ၍ အေးစက်လာခဲ့သည်။

"ငါတို့က သူဘယ်လိုသေထားတာကို မမေ့တဲ့အတွက်၊ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်က ယုကျင်းတောင်ကို အသုံးပြုပြီး ဆင်းသက်လာမှာကို ကာကွယ်ဖို့၊ အကာအကွယ်တွေကို မလုပ်လာပဲ ဘယ်နေလိမ့်မလဲ"

ယုရိလွမ်သည် မြောင်ရှီးဟောင်အား တည်ငြိမ်စွာဖြင့် ကြည့်လိုက်သည်။
"ကြယ်တာရာကိုးလုံး ကောင်းကင်ချေမှုန်း ဝက်ပါအပြင်၊ ရွှေ့ပြောင်းလို့ရတဲ့ အခြားစွမ်းအားကြီးတဲ့ ဝက်ပါတွေ ရှိသေးတယ်"

ထိုစကားကို ကြားရသောအခါ၊ မြောင်ရှီးဟောင်၏ အမူအရာသည် ပြောင်းလဲသွားခဲ့၏။ သူသည် တစ်စုံတစ်ခုအား တွေးမိသကဲ့သို့ ဖြစ်သွားခဲ့သည်။ "လေနတ်ဘုရားဂိုဏ်းက သူတို့ရဲ့ကိုယ်ပိုင် ကောင်းကင်ကိုးလွှာ လေပြင်းဝက်ပါကို၊ ဒီကိုရွှေ့လာတယ်လို့တော့ မပြောနဲ့နော်"

ယုရိလွမ်သည် သူ၏အပေါ်မှ ကောင်းကင်အား ကြည့်လိုက်သည်။ "ဟုတ်တာပေါ့၊ ငါ့ကိုယ်ငါ ဖော်ပြခဲ့တဲ့ အချိန်ကစပြီး၊ ဒီနေရာ အပေါ်မှာ ကောင်းကင်ကိုးလွှာ လေပြင်းဝက်ပါကို

ချထားခဲ့ပြီးပြီ။ တကယ်လို့ အံ့ဖွယ်ကောင်းကင်ဘုံဂိုဏ်းခေါင်းဆောင်ကိုယ်တိုင်က၊ ယုကျင်းတောင်ကိုခေါ်ဆောင်လာပြီး ဆင်းသက်ချင်တယ်ဆိုရင်တောင်၊ သူက ချိုးဖောက်နိုင်မှာမဟုတ်ဘူး"

သူသည် ခေါင်းကိုငုံ့လိုက်ကာ၊ ယုရှီးလင်နှင့်တိုက်ခိုက်နေသော ရှောင်ပုတန်အားကြည့်လိုက်သည်။ "တကယ်လို့ သူကချိုးဖောက်နိုင်ခဲ့ရင်တောင်၊ အဲ့ဒီအချိန်မှာမင်းတို့တတွေ တစ်ယောက်မှအသက်ရှင်တော့မှာ မဟုတ်ဘူး"

အခြားတစ်ဘက်တွင်လည်း ဇူရီနှင့် ကျန်သောသူများသည်၊ ဤအကြောင်းကို သိကြပြီး ဖြစ်သည်။ ဇူရီသည် သူ၏အရှေ့မှ၊ လေနတ်ဘုရားဂိုဏ်းက အခြေတည်ဝိညာဥ် အဆင့် ဂရန်းမာစတာအား ကြည့်လိုက်သည်။ "ဝက်ပါကို ရွှေ့ပြောင်းလာတာက၊ ကြီးမားတဲ့ စွန့်စားမှုတစ်ရပ် ဖြစ်တယ်။ တခြားလူတွေက အခွင့်ကောင်းယူပြီး၊ ခင်ဗျားတို့ရဲ့ဂိုဏ်းကို တိုက်ခိုက်မှာ မကြောက်ဘူးလား"

လေနတ်ဘုရားဂိုဏ်းမှ အခြေတည်ဝိညာဥ် အဆင့် ဂရန်းမာစတာက ရယ်လိုက်သည်။

"မင်းတို့က ငါတို့ရဲ့ လှုပ်ရှားမှုကို
ဘယ်လိုလုပ်ပြီး ကြိုတင်ခန့်မှန်းနိုင်ပါမလဲ။
ပြောရမယ်ဆိုရင် ငါတို့ရဲ့ မြင့်မြတ်သော
လေပြင်းတောင်မှာ၊ နောက်ထပ်
ကောင်းကင်ကိုးလွှာ လေပြင်းဝက်ပါ
နောက်တစ်ခု ရှိသေးတယ်"

ဇူရီ၏ မျက်လုံးမှာ လက်ကနဲ ဖြစ်သွားခဲ့သည်။
"ခင်ဗျားတို့ဂိုဏ်းက ဝက်ပါနှစ်ခုကို
ဖန်ဆင်းနိုင်လောက်အောင်
စွမ်းအားကောင်းလို့လား"

"ဒါတွေက မင်းနဲ့မဆိုင်ပါဘူး" အခြေတည်ဝိညာဉ် ဂရန်းမစတာက အေးစက်စွာနှင့် ရယ်လိုက်သည်။ "မင်းသိဖို့ လိုတာက၊ မင်းတို့အားလုံးက ဒီနေရာကနေ တစ်ယောက်မှ အသက်ရှင်လျှက် ထွက်မသွားနိုင်ဘူး ဆိုတာကိုပဲ"

ဤအချိန်တွင် အဝေးမှနေ၍ အသံတစ်ခုက လွင့်ပျံလာခဲ့သည်။ "အိုး၊ ငါကတော့ ဒီလိုမထင်ဘူး"

သူ၏စကား မဆုံးသေးခင်တွင်ပင်၊ နေရာတစ်ခုလုံးသည် ပြောင်းလဲသွားခဲ့သည်။

မရေမတွက်နိုင်သော အလင်းတန်းများသည် ရောမ ဝက်ပါတစ်ခုအား၊ ထူးခြားသော သင်္ကေတ ပုံစံများဖြင့် ဖန်ဆင်းလိုက်သည်။

ထိုဝက်ပါ အတွင်းတွင် သင်္ကေတများ၊ ဝက်ပါမြေပုံများစွာတို့သည် ပေါ်ထွက်လာခဲ့၏။ သူတို့သည် အတူတကွ ပေါင်းစည်းသွားကြကာ၊ ရောမ အနက်ရောင်နှင့် အဖြူရောင် ပုံသဏ္ဍာန် တစ်ခုအား ဖန်ဆင်းခဲ့ကြ၍၊ ဤနေရာ တစ်ခုလုံးအား ဖုံးလွှမ်းထားခဲ့သည်။

လေနတ်ဘုရားဂိုဏ်းနှင့် ယုမိသားစုတို့မှ ကျင့်ကြံသူများသည် ဘာမှ မတုံ့ပြန်နိုင်ခင်တွင်၊ ထိုဝက်ပါသည် ယုရိလွမ် အပါအဝင် အခြေတည်ဝိညာဥ် နောက်ဆုံး အဆင့်မှ ကျင့်ကြံသူ သုံးယောက်တို့အား၊ သူ၏အတွင်းသို့ ဆွဲသွင်းလိုက်သည်။

လင်းဖုန်း၏ သံမဏိသစ်ပင် ကိုယ်ပွားသည် လေဟာနယ် အတွင်းတွင် သူ့ကိုယ်သူ ဖော်ပြလိုက်ကာ၊ ဖြစ်နေသမျှ အရာများအားလုံးကို ကြည့်ရှုနေခဲ့၏။

ဒီရေများသည် ပြောင်းလဲသွားကြပြန်သည်။ ယုရိလွမ်နှင့် အခြေတည်ဝိညာဉ် နောက်ဆုံး အဆင့်မှ ဂရန်းမာစတာများ မရှိကြတော့သည့် အချိန်တွင် ဇူရီ၊ ရှောင်ပုတန်၊ မြောင်ရှီးဟောင်နှင့် ကျန်သောသူများသည်၊ အခြေတည်ဝိညာဉ် အလယ်အလတ် အဆင့်မှ ကျင့်ကြံသူ လေးယောက်တို့အား အသာစီးမှ တိုက်ခိုက်နိုင်ခဲ့ကြသည်။

ထိုအချိန်တွင် ရေစက်လေးတစ်စက် ပေါ်လာကာ၊ လင်းဖုန်း၏ အရှေ့တွင် ဖြည်းညင်းစွာနှင့် လွင့်မျောနေခဲ့၏။

"ခင်ဗျားရဲ့ ဝက်ံပါက တကယ်ကို အင်အားကြီးပါတယ်။ ခင်ဗျားကို ကောင်းကင်ကိုးလွှာ လေပြင်းဝက်ံပါ အတွင်းက၊ လေဟာနယ်အထဲမှာတောင် ပုန်းကွယ်စေနိုင်ခဲ့တယ်။ ကျုပ်တောင်မှပဲ မမြင်နိုင်ခဲ့ဘူး" ထိုရေစက်လေးသည် တဖြည်းဖြည်း ဆယ်ပေခန့် မြင့်လာခဲ့ကာ၊ ဝင်ပေါက်တစ်ခု အသွင်သို့ ပြောင်းသွားခဲ့ကာ အထဲဘက်မှနေ၍ လူတစ်ယောက်က ထွက်လာခဲ့သည်။

ထိုသူသည် လင်းဖုန်းအား ကြည့်လိုက်ကာ ပြောလိုက်သည်။ "ဒါပေမဲ့ မင်းက

ကိုယ်ပွားတစ်ခုသာ ဆိုတော့၊ ဘာမှ အသုံးမကျဘူး။ ဒီကနေ့မှာ ငါက မင်းရဲ့ တပည့်တွေနဲ့အတူ မင်းရဲ့ကိုယ်ပွားကိုပါ ဖျက်ဆီးပစ်မယ်"

လင်းဖုန်းက ထိုသက်လတ်ပိုင်း လူကြီးကို ကြည့်လိုက်သည်။ "ယုမိသားစု ခေါင်းဆောင်၊ ရွှမ်းမင်သူတောင်စင်၊ ယုရှင်းတောက်"

## စာစဥ် ၂၁ : အပိုင်း ၁၄

## အပိုင်း ၃၈၄ : အင်မော်တယ် ဝိညာဥ် အဆင့် သူတော်စင်နှင့် ပြင်းထန်စွာ တိုက်ခိုက်ခြင်း

အခြေတည်ဝိညာဥ် နောက်ဆုံး အဆင့်မှ ကျင့်ကြံသူ သုံးယောက်တို့သည်၊ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းအား ကြီးမားသော ဖိအားများကို ပေးနိုင်ခဲ့သည်။

သို့သော်လည်း လင်းဖုန်းသည် ကြိုတင်ပြင်ဆင်လာခဲ့ပြီးသား ဖြစ်၏။ သူ၏ မူလ ခန္ဓာကိုယ်သည် ဤနေရာတွင် မရှိသော်လည်း၊ သံမဏိသစ်ပင် ကိုယ်ပွားသည် ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါကို ယူဆောင်လာခဲ့သည်။

ရှကျိုးမှ ဂိုဏ်းဖွင့်ပွဲ အခမ်းအနားတွင်
စကြာဝဠာ ပုံသဏ္ဍာန်အား
ကျင့်ကြံပြီးသွားသော၊ အခြေတည်ဝိညာဉ်
နောက်ဆုံး အဆင့်မှ ပန်ကျဲသည်၊ သူနှင့်အတူ
အသွင်သဏ္ဍာန် ခြောက်မျိုးခေးကို
ယူဆောင်လာခဲ့သည်။ သို့သော်လည်း
သူသည်၊ ယင်-ယန် ဖန်ဆင်းခြင်းနှင့်
ယိုယွင်းခြင်း ဝက်ပါ အတွင်းမှ
မလွတ်မြောက်နိုင်ခဲ့ပေ။

ယုရိလွမ် အပါအဝင် အခြေတည်ဝိညာဉ်
နောက်ဆုံး အဆင့်မှ ကျင့်ကြံသူများသည်၊
လင်းဖုန်း၏ ယင်-ယန် ဖန်ဆင်းခြင်းနှင့်

ယိုယွင်းခြင်း ဝက်ပါ အတွင်းတွင်
ပိတ်မိနေကြသဖြင့်၊ ယုမိသားစုနှင့်
လေနတ်ဘုရားဂိုဏ်း၏ စွမ်းအားများသည်
များစွာ ကျဆင်းသွားကြသည်။

အခြေအနေများသည် ရုတ်ချည်းပင်
ပြောင်းလဲသွားကြ၏။ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းက အရေးပြန်သာ
သွားခဲ့သည်။

ယုမိသားစု၏ခေါင်းဆောင်၊
ရွှမ်းမင်သူတော်စင် ယုရှင်းတောက်သည်၊
တစ်ဘက်မှနေ၍ ကြည့်နေခဲ့သည်။

သို့သော်လည်း ယခုအချိန်တွင် သူသည် ဆက်လက်၍ ထိုင်ကြည့်မနေနိုင်တော့ပဲ၊ သူ့ကိုယ်သူ ဖော်ပြခဲ့လိုက်ရသည်။

သူသည် လင်းဖုန်းနှင့် သူ၏ ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါအား ကြည့်လိုက်ကာ၊ စိတ်ထဲတွင် ကြောက်ရွံ့စိတ်များ အနည်းငယ် ပေါ်လာခဲ့သည်။ "ဒီဝက်ပါကို အသက်မသွင်းလိုက်မချင်း၊ သူက ဘာသဲလွန်စမှ မချန်ထားခဲ့ပဲ ကောင်းကင်နဲ့ မြေကြီးတို့နဲ့ ပေါင်းစည်းထားနိုင်ခဲ့တယ်"

လင်းဖုန်းသည် ယုရှင်းတောက်အား ဥပေက္ခာ အပြည့်နှင့် ရင်ဆိုင်ခဲ့သည်။ သူ၏ကိုယ်ပွားသာ ရှိနေသော်လည်း၊ သူသည် ကြောက်ရွံ့မနေခဲ့ပေ။

"ရွှမ်းမင်သူတော်စင်၊ ခင်ဗျားရဲ့ နာမည်ကို ကြားဖူးနေတာ အချိန်အတော်ကြာသွားခဲ့ပြီ" လင်းဖုန်းက ပြောလိုက်သည်။

ယုရှင်းတောင်ကလည်း တည်ငြိမ်စွာဖြင့် ပြန်ဖြေလိုက်သည်။ "မာစတာလင်း၊ ကြည့်ရတာ ခင်ဗျားက ကျုပ်ကို ဒီနေရာမှာ မျှော်လင့်ထားတဲ့ပုံပဲ။ ခင်ဗျားရဲ့ ကိုယ်ပွားနဲ့

ဝက်ပါကို ဒီနေရာကို ယူလာတယ်ဆိုတော့၊ ဒီနေရာမှာ မရှိတဲ့ ခင်ဗျားရဲ့ မူလခန္ဓာကိုယ်နဲ့ တိတ်တိတ်ပုန်း ဘာတွေ ကြံစည်နေတာလဲ"

"ဒါပေမဲ့ ကျုပ်က ခင်ဗျားကို အခွင့်အရေးပေးမှာ မဟုတ်ဘူး။ ကောင်းကင်ကိုးလွှာ လေပြင်းဝက်ပါက အထဲမှ ဘာဖြစ်နေသလဲ ဆိုတာကို ဂရုမစိုက်ပဲ၊ ပြင်ပက တိုက်ခိုက်မှုတွေကိုသာ အကာအကွယ်ပေးမှာ ဖြစ်တယ်။ ဒီနေရာမှာ ကျုပ်က ခင်ဗျားရဲ့ ကိုယ်ပွားနဲ့ တပည့်တွေကို အပြတ်ရှင်းပစ်မယ်"

လင်းဖုန်းသည် ရယ်လိုက်ကာ၊ သူ၏ လက်ချောင်းများဖြင့် ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါအား ညွှန်ပြလိုက်သည်။ "ဒါဆိုရင်လည်း အပိုတွေ ပြောမနေပဲ၊ လိုရင်းကို စလိုက်ကြရအောင်"

"ကောင်းပြီ၊ လိုရင်းကိုပဲ ပြောလိုက်မယ်" ယုရှင်းတောက်က ပြောလိုက်သည်။ "ယုမိသားစုက ရှီထျန်းရီရဲ့ အပေါ်မှာ အကြီးအကျယ် မှီခိုနေပြီး၊ အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက ရှီထျန်းဟောင်ကို အလွန် အရေးပေးတယ်။

ကျုပ်တို့နှစ်ယောက်ရဲ့ တိုက်ပွဲဟာ၊
အနိုင်ရသူကို ဆုံးဖြတ်ပေးလိမ့်မယ်"

လင်းဖုန်းက ပြောလိုက်သည်။
"ခင်ဗျားမှားနေပြီ။ နိုင်တဲ့လူနဲ့ ရှုံးတဲ့လူဆိုတာ
မရှိဘူး။ ရှီထျန်းဟောင်က ကျုပ်ရဲ့
တပည့်ဖြစ်တယ်။ ကျုပ်ရဲ့တာဝန်က သူ့ကို
လမ်းပြဖို့ပဲ။ တခြားသူက သူ့အပေါ်ကို
တင်နေတဲ့ အကြွေးကို ပြန်ဆပ်ရမယ်"

ယုရှင်းတောက်က သူ၏ခေါင်းကို
ညိတ်လိုက်သည်။ "မဆိုးပါဘူး၊ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းက ကျုပ်ရဲ့

အခြေတည်ဝိညာဉ် အဆင့်က
တပည့်နှစ်ယောက်ကို သတ်ထားတယ်။
ဒီကနေ့မှာ အရင်ဆုံး အတိုးကို ပြန်ဆပ်ရမယ်"

သူ၏စကား ဆုံးသည်နှင့် သူ၏လက်ကို
မြှောက်လိုက်ရာ၊ သူ၏လက်ဝါးသည်
ကြီးမားလာခဲ့၍ ကောင်းကင်အား
ဖုံးလွှမ်းသွားခဲ့၏။ သူသည် ရှောင်ပုတန်အား
ဖမ်းဆုပ်လိုက်သည်။

လင်းဖုန်းသည် သူ၏လက်အား
စုစည်းလိုက်ကာ၊ မှော်ကျိန်စာ တစ်ခုအား
ဖန်ဆင်းလိုက်၍ တည်ငြိမ်စွာ

ပြောလိုက်သည်။ "ဒီကနေ့ အပြီးမှာ၊ အခြေတည်ဝိညာဉ်ရဲ့ အဆင့်က ကျင့်ကြံသူ နှစ်ယောက်ကတော့မှာ မဟုတ်ဘူး"

"ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝင်္ကပါ၊ ပွင့်စမ်း!"

"ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း အသွင်သဏ္ဌာန် ခြောက်မျိုး၊ ကောင်းကင်နှင့် မြေကြီးတို့ရဲ့ ပြောင်းလဲခြင်း၊ မြင့်တက်လာစမ်း!"

ဝက်ံပါသည် လင်းလက်သွားခဲ့ပြီး
တစ်ခဏအတွင်းတွင်ပင်၊ ရှောင်ပုတန်၏
အပေါ်ဘက်တွင် ပေါ်လာခဲ့သည်။ သူသည်
ယုရှင်းတောက်၏ ရောမ လက်ဝါးကြီးကို
ကာကွယ်ပေးခဲ့သည်။ ထိုလက်ဝါးကြီးသည်
ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း
ဝက်ံပါနှင့် ထိတွေ့လိုက်သည်နှင့်၊ တပြိုင်နက်
ပျက်စီးသွားခဲ့၏။

အကန့်အသတ် မရှိသော ခရမ်းရောင်
တိမ်တိုက်များနှင့် ဝူတူးဗဟို နတ်ဘုရား
အလင်းတန်းများသည်၊ ဝက်ံပါ၏ အတွင်းမှ
ပေါ်လာခဲ့သည်။ ခရမ်းရောင် တိမ်တိုက်များ၏

အပေါ်တွင်၊ အဆုံးမဲ့ ကောင်းကင်တစ်ခုက ပေါ်လာခဲ့၏။ အဝါရောင် အလင်းတန်းများ၏ အောက်တွင်၊ မြေပြင်သည် အမတန်မှ ထူထဲခိုင်မာနေခဲ့သည်။

ကောင်းကင်နှင့် မြေကြီးတို့သည် အရာဝတ္ထု တစ်ခုတည်းအဖြစ်သို့ ပေါင်းစည်းသွားကြကာ၊ သူ၏ နယ်နိမိတ် အတွင်းမှ လူအားလုံးအား ဝက်ပါအတွင်းသို့ ဆွဲသွင်းသွားခဲ့၏။

ယုရှင်းတောက်သည်ပင်လျှင် သူ့အတွင်းသို့ ရောက်ရှိသွားခဲ့သည်။ သူ၏ အပေါ်မှ ကောင်းကင်သည် ကြီးမားကျယ်ပြန့်၍၊

အောက်မှ မြေကြီးသည်
ထူထဲခိုင်ခံ့လှပေသည်။ ခွန်းလွန်တောင်သည်
ပျောက်ကွယ်သွားခဲ့ကာ၊ ကမ္ဘာ
အသစ်စက်စက် တစ်ခုသာ ကျန်ရှိခဲ့သည်။

"ဒီဝက်ပါဟာ ပြိုကျလုဆဲဆဲ ဖြစ်နေတဲ့
အလယ်ကမ္ဘာ တစ်ခုကိုတောင်၊
တည်ငြိမ်အောင် ထိန်းပေးနိုင်ခဲ့တယ်လို့
ကြားဖူးထားတယ်။ တကယ့်ကို
ထူးခြားပြောင်မြောက်လှပါပေတယ်"

ယုရှင်းတောက်သည် သူ့ရှေ့မှ
အရာအားလုံးအား တည်ငြိမ်စွာနှင့်

ကြည့်နေခဲ့သည်။ ခဏအကြာတွင်
နေရာတစ်ခုလုံးသည် ခလောက်ဆန်
ရှုပ်ထွေးလာခဲ့ကာ၊ ကမ္ဘာကြီး တစ်ခုလုံးက
တွန့်လိမ်သွားသကဲ့သို့ ဖြစ်သွားခဲ့၏။

လင်းဖုန်းသည် ကောင်းကင်နှင့် မြေကြီးတို့၏
ပြောင်းလဲခြင်း စွမ်းအားများကို၊
အသက်သွင်းလိုက်ပြီ ဖြစ်သည်။
ယုရှင်းတောက်၏ ခန္ဓာကိုယ်ပေါ်မှ
အကာအကွယ် မှော်စွမ်းအင်များသည်၊
အစပထမတွင် ရေခဲကဲ့သို့ အေးခဲနေခဲ့၏။
သို့သော်လည်း ယခုအချိန်တွင် အလွန်အမင်း
ပူလောင်လာခဲ့ကာ၊ ခက်ထန်သော

မီးတောက်တစ်ခုအသွင်သို့
ပြောင်းသွားမည့်ကဲ့သို့ ဖြစ်နေခဲ့သည်။

ကမ္ဘာကြီး တစ်ခုလုံးသာ ရုန်းရင်းဆန်ခတ်
ဖြစ်နေခဲ့သည် မဟုတ်ပဲ၊ ဤကမ္ဘာအတွင်းမှ
စိတ်ဝိညာဉ် ပုံစံများသည်လည်း
တွန့်လိမ်ပြောင်းလဲနေခဲ့၏။

ယုရှင်းတောက်သည် မလှုပ်ရှားခဲ့ပဲ၊ သူ၏
မျက်လုံးအစုံသည် ရေခဲပြာရောင်
ဖြစ်သွားခဲ့၏။ ကြည့်ရသည်မှာ အဆုံးမဲ့
ရွှမ်းမင်အကြွင်းမဲ့ရေများကို
ထုတ်လွှတ်နေသကဲ့သို့ ဖြစ်၏။

ရေခဲပြာရောင် ရွှမ်းမင် အကြွင်းမဲ့ရေများသည် လျှင်မြန်စွာနှင့် စုစည်းလာခဲ့ကာ၊ လုံးဝမည်းနက်နေသော ရေခဲဒိုင်းတစ်ခု အသွင်သို့ ပြောင်းသွားခဲ့သည်။ သူမှနေ၍ ရှေးကျသော အော်ရာများကို ထုတ်လွှတ်နေခဲ့၍၊ တည်ရှိနေခဲ့သည်မှာ အချိန်အကြာကြီး ရှိသကဲ့သို့ ဖြစ်နေခဲ့ပြီး ခွဲဖြို၍ မရနိုင်ချေ။

ဒါသည် ယုမိသားစု၏ စွမ်းအားအထက်ဆုံး အကာအကွယ် မှော်ကျိန်စာဖြစ်သည့်၊ ရွှမ်းမင်မှော်ဒိုင်း ဖြစ်၏။

ယခင်က ယုချင်စန်းသည် ထိုမှော်ကျိန်စာအား အသုံးပြု၍၊ လင်းဖုန်း၏ ကောင်းကင်နှင့်မြေကြီး ဖျက်ဆီးခြင်းကို ကာကွယ်ခဲ့သည်။ ဒါသည် အချည်းနှီး ဖြစ်ခဲ့ကာ၊ ချက်ချင်းပင် အဖျက်ဆီး ခံခဲ့ရ၏။

သို့သော်လည်း ယခု ယုရှင်းတောက် အသုံးပြုခဲ့သော ရွှမ်းမင်မှော်ဒိုင်းသည်၊ ကွဲပြားခြားနား နေခဲ့သည်။ ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါသည် သူ့အား မဖျက်ဆီးနိုင်ခဲ့ပဲ၊ ယုရှင်းတောက်အား အောင်မြင်စွာနှင့် ကာကွယ်နိုင်ခဲ့သည်။

သို့သော်လည်း ဒါသည်၊ ခုခံနိုင်ရုံ သက်သက်သာ ဖြစ်၏။ ယုရှင်းတောက်သည် ယခင်က ပန်ကျဲနှင့် အသွင်သဏ္ဍာန် ခြောက်မျိုးခားကဲ့သို့၊ ဝင်္က်ပါအတွင်းတွင် ပိတ်မိနေခဲ့သည်။

ယုရှင်းတောက်က ရယ်လိုက်သည်။ "အခြေတည်ဝိညာဉ် အဆင့်မှာရှိတဲ့ ပန်ကျဲဟာ၊ ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ အစွမ်းထက်တဲ့ တာအိုနည်းစနစ်တွေကို ကျင့်ကြံထားတယ်။ သူ့မှာ အသွင်သဏ္ဍာန် ခြောက်မျိုးခားလည်း ရှိသေးတယ်။

ကျုပ်တို့ခေတ်ရဲ့ အင်မော်တယ် ဝိညာဉ် အဆင့်က ကျင့်ကြံသူတွေတောင်မှ၊ သူ့ကို ဘာမှ မလုပ်နိုင်ဘူး"

"ဒါပေမဲ့ သူက အင်မော်တယ် ဝိညာဉ် အဆင့်ကို မရောက်သေးဘူး။ သူ့ရဲ့ မှော်ရတနာဟာ မူလဝိညာဉ် ရှိပေမဲ့၊ သူက အင်မော်တယ် ဝိညာဉ် အဆင့်က ကျင့်ကြံသူ မဟုတ်ဘူး"

ယုရှင်းတောက်၏ မျက်လုံးအစုံသည်၊ လုံးဝကို မည်းနက်လာခဲ့၏။ "ခင်ဗျားက သူတို့ကို

ချုပ်နှောင်ထားနိုင်ပေမဲ့၊ ကျုပ်ကိုတော့ မရဘူး"

စကားဆုံးသည်နှင့် ယုရှင်းတောက်၏ ခန္ဓာကိုယ် ပုံစံသည် ရုတ်ချည်း ပြောင်းလဲသွားခဲ့၏။ သူ၏ တစ်ကိုယ်လုံးမှနေ၍၊ နတ်ဆိုးအလား အပြာရောင် အလင်းတန်း တစ်ခုက ထွက်ပေါ်လာခဲ့ကာ အပြာရောင် ပင်လယ်ကြီး ဖြစ်သွားခဲ့၍၊ ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါအား ယိုပေါက်များ ပေါ်လာစေခဲ့သည်။

အပြာရောင် အလင်းတန်း၏ အတွင်းမှနေ၍၊
ယုရှင်းတောက်သည့် ပျောက်ကွယ်သွားခဲ့ကာ၊
မည်းမှောင်သော ရေခဲဝိညာဉ် တစ်ခုက
ဖြည်းဖြည်းချင်း ပေါ်ထွက်လာခဲ့သည်။

ထိုရေခဲဝိညာဉ်၏ အရွယ်အစားသည်
တဖြည်းဖြည်း ကြီးမားလာခဲ့၍၊
နောက်ဆုံးတွင် အချင်း ပေတစ်ထောင်ခန့်
ရောက်ရှိလာခဲ့၏။ သူ့အတွင်းမှနေ၍ အဆုံးမဲ့
လေအေးများကို ထုတ်လွှတ်နေခဲ့၏။
ပတ်ဝန်းကျင် တစ်ခုလုံးသည်
အေးခဲသွားမည်ကဲ့သို့ ဖြစ်နေခဲ့၏။

ထိုအနက်ရောင် ရေခဲဝိညာဥ်ကို
ဗဟိုချက်အဖြစ် ထားခဲ့၍၊
ထွင်းဖောက်မြင်နေရသော ရေခဲထုများသည်
အရပ်မျက်နှာ ပေါင်းစုံသို့ လျှင်မြန်စွာနှင့်
ပျံ့နှံ့လာခဲ့သည်။ သူ၏
လမ်းကြောင်းတစ်လျှောက်မှ
အရာမှန်သမျှသည်၊ ဆီးနှင်းများ အကြားတွင်
အေးခဲသွားကြသည်။ ဆယ်မိုင်၊
မိုင်တစ်ရာမှသည်၊ မိုင်တစ်ထောင် အထိပင်
ဆက်လက်၍ ကျယ်ပြန့်သွားကြ၏။

မြက်ပင်၊ ပန်းပင်၊ သစ်ပင်၊ သစ်တော၊ မြစ်ပြင်၊ လေထု၊ စကြဝဠာ.. အားလုံးတို့သည် အေးခဲသွားကြ၏။

ယုရှင်းတောက်သည် သူ၏ စွမ်းအားများကို အသုံးချကာ၊ ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝင်္ကပါအား အေးခဲအောင် ပြုလုပ်ချင်နေခဲ့သည်။

သူသည် ဝင်္ကပါက ဖုံးလွှမ်းထားသည့် နေရာတစ်ခုလုံးအား အေးခဲအောင် ပြုလုပ်ချင်နေခဲ့ခြင်း ဖြစ်သည်။ ဤနည်းလမ်းအားဖြင့် ဝင်္ကပါသည်၊ သူ၏

စွမ်းရည်များကို ထုတ်ဖော်ခြင်း ပြုနိုင်တော့မည် မဟုတ်ချေ။

"ကိုယ်ပွား! ဒါက အင်မော်တယ် ဝိညာဉ် ကိုယ်ပွားပဲ!" လင်းဖုန်းသည် ထိုမြင်ကွင်းအား မြင်လိုက်ရသည်နှင့်၊ သူ၏ခေါင်းအား အဆက်မပြတ် ညိတ်နေခဲ့သည်။ "ဒါက အင်မော်တယ် ဝိညာဉ် အဆင့်က ကျင့်ကြံသူ တစ်ယောက်ရဲ့၊ အစစ်အမှန် စွမ်းအားဖြစ်တယ်"

အင်မော်တယ် ဝိညာဉ် အဆင့်။ ဒါသည် ကျင့်ကြံသူ မြောက်မြားစွာတို့၏ နောက်ဆုံး

ရည်မှန်းချက် ဖြစ်သည်။ သူတို့သည် အမတ မျိုးနွယ်ဝင် ဖြစ်နိုင်မည် ဖြစ်၏။

အခြေတည်ဝိညာဉ် နောက်ဆုံး အဆင့်မှ ကျင့်ကြံသူများသည်၊ စကြာဝဠာ ပုံသဏ္ဌာန်အား ကျင့်ကြံပြီးသွားသောအခါ၊ သူတို့၏ အခြေတည်ဝိညာဉ်သည် အလွန်အမင်းကို သန်မာခဲ့ပြီ ဖြစ်သည်။ ပြီးနောက် သူသည် စကြာဝဠာ ပုံသဏ္ဌာန်နှင့် ပေါင်းစည်းကာ၊ တာအိုဝါဒ စည်းမျဉ်းများနှင့် တစည်းတလုံးတည်း ဖြစ်စေခဲ့မည် ဖြစ်သည်။ အကယ်၍ အောင်မြင်သွားခဲ့လျှင်၊ သူတို့သည်

အင်မော်တယ် ဝိညာဉ် ကိုယ်ပွားအား ကျင့်ကြံနိုင်ခဲ့မည် ဖြစ်၏။

အခြေတည် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ တစ်ယောက်သည်၊ သူ၏ အခြေတည် ဝိညာဉ်အား လွယ်လွယ်ကူကူနှင့် ထုတ်ဖော်လိမ့်မည် မဟုတ်ချေ။ အခြေတည် ဝိညာဉ်၏ အဆီအနှစ်သည် သူ၏ စွမ်းအားများကို တိုးတက်စေနိုင်သော်လည်း၊ အခြေတည် ဝိညာဉ်သည် အမတန်မှ ထိခိုက်ဒဏ်ရာ ရလွယ်၏။ အကယ်၍ တစ်စုံတစ်ခု ဖြစ်သွားခဲ့သော်၊ ပြဿနာ အကြီးအကျယ် တက်ပေလိမ့်မည်။

သို့သော်လည်း အင်မော်တယ် ဝိညာဉ်
ကိုယ်ပွားသည် ကွဲပြားခြားနားသည်။ သူသည်
အင်မော်တယ်ဝိညာဉ် အဆင့်မှ
ကျင့်ကြံသူများ၏၊ စွမ်းအား အခြေခံ
အရင်းအမြစ်တစ်ခု ဖြစ်သည်။

သူ၏ အင်မော်တယ် ဝိညာဉ် ကိုယ်ပွားအား
ဖော်ပြနိုင်သော၊ အင်မော်တယ်ဝိညာဉ်
အဆင့်မှ ကျင့်ကြံသူ
တစ်ယောက်သည်သာလျှင်၊ သူ၏
အစွမ်းအထက်ဆုံး တိုက်ပွဲစွမ်းရည်များကို
ထုတ်ဖော်ပြသနိုင်မည် ဖြစ်၏။

အင်မော်တယ် ဝိညာဥ် ကိုယ်ပွားသည်၊
အင်မော်တယ်ဝိညာဥ် အဆင့်မှ ကျင့်ကြံသူ
တစ်ယောက်၏ ကျင့်ကြံမှုများကို
ပေါင်းစပ်ဖွဲ့စည်းထားခြင်းလည်း ဖြစ်သည်။
သူမှနေ၍ အင်မော်တယ်ဝိညာဥ် အဆင့်
ကျင့်ကြံသူ တစ်ယောက်၏၊ အကောင်းဆုံး
မှုလစွမ်းအင်များကို ဖော်ပြနိုင်ပေသည်။

ကြယ်တာရာကိုးလုံး ကောင်းကင်ချေမှုန်း
ဝက်ပါနှင့် တိုက်ပွဲတွင်၊ လင်းဖုန်းသည်
အင်မော်တယ်ဝိညာဥ် အဆင့် အကြီးအကဲ

များစွာတို့၏၊ အင်မော်တယ် ဝိညာဉ် ကိုယ်ပွားတို့အား ကြည့်ရှုခဲ့ရပြီး ဖြစ်သည်။

အသူရာ သူတော်စင် ဟော်ရှုသည် အသူရာ နည်းစနစ်အား လေ့ကျင့်ကာ၊ အင်မော်တယ် ဝိညာဉ် ကိုယ်ပွားကို ရရှိခဲ့ခြင်း ဖြစ်သည်။ သူသည် သေစေနိုင်သည့် အသူရာ တိုက်ပွဲဝင် လုံတစ်ချောင်း ဖြစ်၏။ သူသည် အစွမ်းထက်လှ၍ ရေးပဝေသဏီမှစကာ၊ မရေမတွက်နိုင်သော ဇီဝိန်ပေါင်းများစွာတို့ကို ခြွေပြီးဖြစ်သည်။

အလင်းခေးမြန် ခေးမာစတာ၏ မူလစွမ်းအင်များသည်၊ အလင်းခေးမြန် ခေးနည်းစနစ်မှနေ၍ ဆင်းသက်လာခြင်း ဖြစ်သည်။ သူ၏ အင်မော်တယ် ဝိညာဉ် ကိုယ်ပွားသည်၊ ရုပ်ဝတ္ထုပုံစံ အတိအကျ မရှိချေ။ အပြင်ပန်းမှ ကြည့်ရလျှင်၊ သူသည် လေဟာနယ်အတွင်းတွင် မှိတ်တုတ်မှိတ်တုတ် လင်းလက်နေသော အလင်းတန်းတစ်ခုနှင့် တူနေ၏။ သူသည် မလင်းလက်သလို၊ မည်းမှောင်နေခြင်းလည်း မရှိပဲ၊ သူ၏ လှုပ်ရှားမှုများကို ခန့်မှန်းရ ခက်ခဲစေသည်။

နေမင်းအလင်းတန်း ခေးမာစတာ၏
မူလစွမ်းအင်များမှာ၊ နေမင်းအလင်းတန်း
ခေးနည်းစနစ်မှ ဆင်းသက်လာခြင်း ဖြစ်သည်။
သူ၏ အင်မော်တယ် ဝိညာဉ် ကိုယ်ပွားမှာ၊
အဆုံးမဲ့ ခေးအလင်းတန်းပေါင်း များစွာတို့အား
စုစည်းထားခြင်း ဖြစ်သည်။ သူသည်
တောက်လောင်နေသော နေမင်းတစ်စင်းနှင့်
တူနေခဲ့၏။

ယခုသူတို့၏ မျက်စိအရှေ့တွင် ရှိနေသော၊
ပေတစ်ထောင် မြင့်မားသည့် အနက်ရောင်
ရေခဲဝိညာဉ်သည်၊ ယုရှင်းတောက်၏
အင်မော်တယ် ဝိညာဉ် ကိုယ်ပွားပင် ဖြစ်သည်။

ရေခဲဝိညာဉ်အား ဗဟိုချက်အနေဖြင့် ထားခဲ့ကာ၊ သူ၏ စွမ်းအားများကို အဆက်မပြတ် ထုတ်လွှတ်နေခြင်းဖြင့်၊ သူသည် လင်းဖုန်း၏ ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝင်္ကပါကို အသုံးပြုကာ ဖန်ဆင်းထားခဲ့သည့် ကမ္ဘာအသစ်ကို ဖျက်ဆီးချင်နေခဲ့ပြီး၊ နောက်ထပ် ရေခဲကမ္ဘာ အသစ်တစ်ခုကို တည်ဆောက်ချင်နေခဲ့၏။

အခြေအနေသည် အရေးကြီးသော အနေအထားသို့ ရောက်နေခဲ့သော်လည်း၊

လင်းဖုန်းသည် ပြာယာမခတ်နေခဲ့ပေ။
သူသည် အနက်ရောင် ရေခဲဝိညာဉ်အား
စိုက်ကြည့်နေခဲ့ကာ၊ အတွေးနက်နေခဲ့သည်။
"တကယ်လို့ ငါက အင်မော်တယ်ဝိညာဉ်
အဆင့်ကို ရောက်သွားတဲ့အခါ၊ ငါ့ရဲ့
အင်မော်တယ် ဝိညာဉ် ကိုယ်ပွားက
ဘယ်လိုပုံများ ပေါက်နေမလဲ"

သူသည် တွေးနေခဲ့သော်လည်း၊
လင်းဖုန်းသည် ပေါ့ပေါ့တန်တန် မနေခဲ့ချေ။
သူ၏ လက်များကို အသုံးပြု၍
အစွမ်းထက်သော မှော်ကျိန်စာများကို

ဖန်ဆင်းနေခဲ့ကာ၊ နောက်ဆုံးတွင် သူ၏
လက်နှစ်ဘက်အား ပူးကပ်လိုက်၏။

"ဖန်ဆင်းခြင်းနဲ့ ယိုယွင်းခြင်း အသွင်သဏ္ဍာန်
ခြောက်မျိုး၊ သေခြင်းနှင့် ရှင်ခြင်းရဲ့
ပြောင်းလဲခြင်း၊ မြင့်တက်လာစမ်း!"

ကောင်းကင်ပေါ်တွင် ရောမ သင်္ကေတတစ်ခု
ပေါ်ပေါက်လာခဲ့၍၊ အဖြူနှင့် အမည်းတို့က
ရောထွေးယှက်တင် ဖြစ်နေကြသည်။
အစွန်းနှစ်ဘက်တို့က ဆုံတွေ့ခဲ့သောအခါတွင်၊
အဖြူနှင့် အနက် သင်္ကေတများသည်
စတင်လည်ပတ်လာကြသည်။

သင်္ကေတများ လှည့်ပတ်နေခြင်းနှင့်အတူ၊ ကမ္ဘာကြီးသည် ပုံစံတစ်မျိုး ထပ်ပြောင်းသွားခဲ့၏။ ဆောင်းတွင်းက ကုန်ဆုံးသွားခဲ့၍ နွေဦးက ရောက်ရှိလာခဲ့သည့်အတိုင်း၊ စိတ်ဝိညာဉ် စွမ်းအင်များသည် ထိုးတက်လာခဲ့၏။ ယုရှင်းတောက်သည် သူ၏ အင်မော်တယ် ဝိညာဉ် ကိုယ်ပွားအား ထုတ်သုံးခဲ့သည့်တိုင်အောင်၊ နွေဦး၏ ရောက်ရှိလာခြင်းအား မတားဆီးနိုင်ခဲ့ပေ။

သက်ရှိအသစ်ပေါင်း များစွာတို့သည် မွေးဖွားလာကြ၍၊ သန်စွမ်းလှသည့် အသက်အော်ရာများသည် ဖိနှိပ်ထား၍ မရနိုင်ပေ။

အနက်ရောင် ရေခဲဝိညာဉ်သည် သူ၏ လွှမ်းမိုးနိုင်မှုများကို ပြသနိုင်ဆဲ ဖြစ်သည်။ သူမှနေ၍ မရေမတွက်နိုင်သော ဆီးနှင်းများကို၊ အရပ်မျက်နှာ ပေါင်းစုံသို့ ထုတ်လွှတ်နေဆဲ ဖြစ်၏။ သူသည် သက်ရှိများကို ဖျက်ဆီးနိုင်ခဲ့သော်လည်း၊ ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝင်္ကပါ၏

အသက်စွမ်းအင် များအား၊ ဖန်ဆင်းနိုင်သည့်
အမြန်နှုန်းကို မယှဉ်နိုင်ခဲ့ချေ။

သူ၏ ကိုယ်ပွားသည် အနက်ရောင်
ရေခဲဝိညာဉ် ဖြစ်သော်လည်း၊
ယုရှင်းတောက်၏ ပြင်ပကမ္ဘာ၏
ခံစားမှုများသည် ပြောင်းလဲခြင်း မရှိခဲ့ချေ။
သူသည် အဖြူနှင့်အနက် သင်္ကေတများ
အတွင်းမှ၊ အဖြူရောင် အပိုင်းအတွင်းတွင်
သုံးပေရှည်၍ တစ်ပေထူသော မီးခိုးရောင်
စိတ်ဝိညာဉ်ကျောက်တုံး တစ်ခု ရှိနေသည်ကို
ပြောနိုင်ခဲ့သည်။

ထိုမီးခိုးရောင် စိတ်ဝိညာဉ် ကျောက်တုံးသည် စကြာဝဠာကြီးအား မွေးဖွားပေးနိုင်သကဲ့သို့ ရှိနေခဲ့၍၊ ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါအား ကြီးမားစွာသော စွမ်းအားများကို အားဖြည့်ပေးနိုင်ခဲ့သည်။

အနက်ရောင် အပိုင်းတွင်မူ၊ ရောမ အနက်ရောင် မီးတောက် ကျောက်တုံးကြီး တစ်ခု ရှိနေခဲ့၏။ သူ၏ အတွင်းမှနေ၍ ပါးလျသော အနက်ရောင် ဓာတ်ငွေ့တစ်တန်းအား ထုတ်လွှတ်နေခဲ့သည်။

ဤဝက်ပါအတွင်းမှ စိတ်ဝိညာဉ်
စွမ်းအားများသည်၊ ပို၍ပို၍
သိပ်သည်းလာခဲ့၏။ ချက်ချင်းဆိုသလိုပင်၊
အစွန်းနှစ်ဘက်တို့သည်
ပြောင်းပြန်လှန်သွားကြသည်။
များပြားလှစွာသော အသက်စွမ်းအင်တို့သည်၊
သေမင်းအော်ရာများ အဖြစ်သို့
ပြောင်းလဲသွားကြ၏။ ကမ္ဘာကြီး
တစ်ခုလုံးသည် အမှောင်တိုက်
ဖုံးလွှမ်းသွားခဲ့သည်။

အဆုံးမဲ့ သေမင်းအော်ရာများသည်၊ ရောမ
ခားပေါင်း တစ်ထောင်အဖြစ်သို့

အသွင်ပြောင်းသွားကြသည်။
ခါးတစ်ချောင်းတိုင်း၏ ထိပ်ဖျားတိုင်းသည်၊
တောင်ကုန်းလေး တစ်ကုန်းစာလောက်
ကြီးမားပေသည်။

သူတို့သည် ရုပ်လုံးပေါ်လာကြသည်နှင့်
တပြိုင်နက်၊ ထိုအနက်ရောင် ခါးများသည်
ယုရှင်းတောက်၏ ရေခဲဝိညာဉ် ထံသို့
ခက်ထန်စွာနှင့် ပြေးဝင်လာခဲ့ကြသည်။

## စာစဥ် ၂၁ : အပိုင်း ၁၅

## အပိုင်း ၃၈၅ : ယုကျင်းတောင်က ဘယ်မှာလဲ

သေမင်းအော်ရာများနှင့် ပြည့်နှက်နေသော
အနက်ရောင် ခါးပေါင်းတို့သည်၊
ရာနှင့်ထောင်နှင့် ချီပြီးမှ ယုရှင်းတောင်၏
ရေခဲဝိညာဥ် ထံသို့ ပျံသန်းလာကြသည်။

ခါးများသည် ရေခဲဝိညာဥ် အနားသို့
ရောက်လာကြသည်နှင့်၊ ပတ်ဝန်းကျင်
ပတ်ပတ်လည်မှ ရေခဲများသည်
ပြိုကွဲကုန်ကြ၏။

ယုရှင်းတောက်၏ အနက်ရောင်
ရေခဲဝိညာဥ်သည် စတင်၍ ပြင်းထန်စွာ

တုန်ခါလာခဲ့၏။ သို့သော်လည်း ခေးများ၏ တိုက်ခိုက်မှုကို ခံခဲ့ရအပြီးတွင်၊ သူသည် အကောင်းပကတိအတိုင်းသာ ရှိနေခဲ့သေးသည်။

အေးစက်သော အော်ရာများသည် ထပ်မံ၍ ပေါ်ပေါက်လာကြပြန်ကာ၊ ခေးများကို အေးခဲစေခဲ့၏။ သူတို့အားလုံးတို့သည် အနက်ရောင် ရေခဲသလင်းကျောက်များ အဖြစ် ပြောင်းလဲသွားခဲ့သည်။ သူတို့သည် တုန်ခါလာခဲ့၍၊ အမှုန့်များအဖြစ်သို့ ကြေမွသွားကြလေသည်။

လင်းဖုန်းက ထိုမြင်ကွင်းအား မြင်လိုက်သောအခါ စဥ်းစားလိုက်သည်။ "ငါ့ရဲ့ မူလ ခန္ဓာကိုယ် မရှိခဲ့တော့၊ ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါရဲ့ စွမ်းအင်ကို အပြည့်အဝ မထုတ်နိုင်ခဲ့ဘူး"

ယုရှင်းတောက်သည်လည်း ထိုအချက်အား သဘောပေါက်မိဟန် ရှိသည်။ အနက်ရောင် ရေခဲဝိညာဥ်ထံမှ အေးစက်သော အော်ရာများသည် ပို၍ပို၍ ပြင်းထန်လာခဲ့ကာ၊ ဝက်ပါအား အဆက်မပြတ် တိုက်ခိုက်လျှက်ရှိသည်။

လင်းဖုန်းသည် ထိုမြင်ကွင်းအား မြင်လိုက်သောအခါ ရယ်လိုက်သည်။ "မင်းကို သတ်ချင်ရင်တော့ အတော်ခက်မယ်။ ဒါပေမဲ့ ချုပ်နှောင်ထားဖို့ ဆိုရင်တော့၊ သိပ်မခက်လှပါဘူး"

သူသည် လက်နှစ်ဘက်ကို ထပ်မံပူးကပ်လိုက်ရာ၊ ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝင်္ကပါသည် နောက်ထပ် ပြောင်းလဲခြင်း တစ်ရပ်အား ထုတ်ဖော်ခဲ့သည်။

ကောင်းကင်နှင့် မြေကြီးတို့၏
ပြောင်းလဲခြင်းနှင့်၊ ရှင်ခြင်းနှင့် သေခြင်းတို့၏
ပြောင်းလဲခြင်းတို့သည်၊ ဤအချိန်တွင်
တပြိုက်နက် ပေါ်လာကြ၏။ သူတို့သည်
ဆုံဆည်းပေါင်းစပ်သွားကြ၍၊ ယင်-ယန်
ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါ၏
စွမ်းအားကို နောက်တစ်ဆင့်
မြှင့်ပေးလိုက်သည်။

ယုရှင်းတောက်သည် ဤအချိန်တွင်
ဖိအားများကို စတင်ခံစားခဲ့ရသည်။ "ဒါက
ဒီဝက်ပါရဲ့ အစစ်အမှန် စွမ်းအားလား"

ရှင်ခြင်းနှင့် သေခြင်းတို့၏ ပြောင်းလဲခြင်းနှင့် ပူးပေါင်းခဲ့ အပြီးတွင်၊ မူလမှ ကောင်းကင်နှင့် မြေကြီးတို့၏ ပြောင်းလဲခြင်းမှာ စွမ်းအားနောက်တစ်ဆင့်သို့ တက်သွားနိုင်ခဲ့သည်။

လင်းဖုန်းပိုင်ဆိုင်ထားသည့် ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝင်ပါသည်၊ ယခုအချိန်တွင် မပြည့်စုံသေးသော အခြေအနေ တစ်ရပ်တွင်သာ ရှိနေသေး၏။ ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ခြောက်မျိုးနှင့်၊ အသွင်သဏ္ဌာန် ပြောင်းလဲခြင်း ခြောက်မျိုးတို့သည် မပြည့်စုံကြသေးချေ။

သူတို့အားလုံး စုစည်းနိုင်၍
ပေါင်းစပ်ဖွဲ့စည်းနိုင်မှသာလျှင်၊ ဝက်ပါ၏
စွမ်းအားကို အပြည့်အဝ ထုတ်သုံးနိုင်မည်
ဖြစ်သည်။

ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း
ဝက်ပါ အပြည့်အစုံကို ဖွဲ့စည်းနိုင်မှသာလျှင်၊
ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း အသွင်သဏ္ဍာန်
ခြောက်မျိုးတို့၏ ပြောင်းလဲမှု
တစ်ခုစီတိုင်းသည်၊ သူ၏ အစစ်အမှန်
စွမ်းအားများကို ထုတ်လွှတ်နိုင်မည် ဖြစ်သည်။

ထိုအချိန်မတိုင်စဥ်တွင်၊ ခရမ်းရောင်
တိမ်တိုက်နှင့် ဂူတူးဗဟို နတ်ဘုရား
အလင်းတန်း တို့၏ ကောင်းကင်နှင့် မြေကြီး
ပြောင်းလဲမှု၊ ဝိညာဥ်ဖန်ဆင်း တံဆိပ်နှင့်
သေမင်းခါတ်ငွေ့ ကျောက်တုံးတို့၏
ရှင်ခြင်းနှင့် သေခြင်း ပြောင်းလဲမှုတို့နှင့်သာ
ဆိုလျှင်၊ သူ၏ စွမ်းအား
အလားအလာများကိုသာ ဖော်ပြနိုင်သေးခြင်း
ဖြစ်သည်။

ထိုကဲ့သို့ ကွဲပြားခြားနားသော ပြောင်းလဲမှု
နှစ်ခုကိုသာ
အသက်သွင်းနိုင်ခဲ့သေးသော်လည်း၊ ဒါသည်

ယခင်က ကောင်းကင်နှင့်မြေကြီး ပြောင်းလဲမှု၊
သေခြင်းနှင့် ရှင်ခြင်း ပြောင်းလဲမှု
သက်သက်စီ၏ စွမ်းအားများထက်
များစွာသာလွန်နိုင်ခဲ့ပြီ ဖြစ်သည်။

ခက်ထန်လာခဲ့သော ယင်-ယန်
ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါကို
ရင်ဆိုင်ခဲ့ရသော်၊ ယုရှင်းတောက်၏
အနက်ရောင် ရေခဲဝိညာဉ်သည်
ပြင်းထန်စွာနှင့် တုန်ခါလာကြသည်။

ရေခဲဝိညာဉ်၏ နှလုံးသားမှနေ၍
ရှေးကျလှသော စာအုပ်တစ်အုပ်
ပေါ်ထွက်လာခဲ့သည်။

ထိုစာအုပ် ပေါ်လာသောအခါ၊ ကမ္ဘာကြီး
တစ်ခုလုံးသည် ရေခဲခေတ်သို့
ပြန်ရောက်သွားသကဲ့သို့ ဖြစ်သွားခဲ့သည်။
အရာအားလုံးသည် ပျက်စီးသွားခဲ့ကာ၊
တစ်စပြင် အဖြစ်သို့ ပြောင်းသွားခဲ့၏။

ဤသေမျိုး ကမ္ဘာကြီး အတွင်းတွင်
အေးစက်မှုများသာ ကျန်တော့သည်။
သက်ရှိအားလုံးနီးပါးတို့သည်

အဖျက်ဆီးခံလိုက်ရ၍၊ အနွေးခေတ်
တစ်စက်ကလေးမျှ ကျန်မနေတော့ချေ။
ဒါသည် စိတ်ခေတ်ကျဖွယ်ရာ မြင်ကွင်းတစ်ခု
ဖြစ်ပေသည်။

"ရွှမ်းမင် သီအိုရမ်!" လင်းဖုန်း၏
မျက်လုံးအစုံမှာ လင်းလက်လာခဲ့၍၊
ထိုအရာမှာ ယုမိသားစု၏ အမွေအနှစ်
ဖြစ်ကြောင်းကို မှတ်မိလိုက်သည်။ ရွှမ်းမင်
သီအိုရမ်သည် ယုမိသားစု၏
ခေါင်းဆောင်ကသာ
ကျင့်ကြံထိန်းချုပ်နိုင်သည့်၊

အင်မော်တယ်ဝိညာဉ် အဆင့်မှ မှော်ရတနာ
တစ်ပါးဖြစ်၏။

ရွှမ်းမင်သီအိုရမ်သည် ယုမိသားစု၏
ရွှမ်းမင်မန္တန်နှင့် ရွှမ်းမင် အကြွင်းမဲ့ရေတို့၏
အစမူလ မြစ်ဖျားခံရာလည်း ဖြစ်၏။

ထိုမှော်ရတနာ ပေါ်လာသည်နှင့်၊ သူသည်
ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း
ဝက်ပါမှ ပြောင်းလဲခြင်းများကို ရပ်တန့်စေရန်
ကူညီနိုင်ခဲ့သည်။ အင်မော်တယ်ဝိညာဉ်
အဆင့်မှ အကြီးအကဲ တစ်ယောက်၏
လက်အတွင်းမှသာ၊ မှော်ရတနာသည် သူ၏

အလားအလာ အစွမ်းကုန်ကို ထုတ်လွှတ်နိုင်ခြင်း ဖြစ်၏။ အဆုံးမဲ့ အေးစက်သော အော်ရာများသည်၊ ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါ အတွင်းမှ ကမ္ဘာကြီးကို၊ ရေခဲခေတ်အဖြစ်သို့ ပြောင်းလဲနိုင်ခဲ့သည်။

လင်းဖုန်းသည် သူ၏ လက်များကို စုစည်းလိုက်ကာ၊ နောက်ထပ် မှော်ကျိန်စာ တစ်ခုအား ဖော်ထုတ်လိုက်သည်။ ဒါသည် ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါ၏၊ စွမ်းအားများကို အစွမ်းကုန် မြှင့်တင်ပေးနိုင်ခဲ့သည်။ ကောင်းကင်နှင့်

မြေကြီး ပြောင်းလဲခြင်း၊ သေခြင်းနှင့်
ရှင်ခြင်းတို့၏ ပြောင်းလဲခြင်းတို့မှနေ၍၊
နောက်ထပ် ကြီးကျယ်သော
ပြောင်းလဲခြင်းများကို မွေးဖွားပေးခဲ့ကာ၊
ရုန်းရင်းဆန်ခတ် ဖြစ်စေခဲ့၍ သေခြင်းနှင့်
ရှင်ခြင်းတို့အား ပြောင်းပြန်လှန်ပစ်ခဲ့သည်။

နှစ်ဦးနှစ်ဘက်တို့သည် ရှေ့မတိုးသာ၊
နောက်မဆုတ်သာ ဖြစ်နေကြသည်။

သို့သော်လည်း ခြုံကြည့်ရလျှင်၊
ယုရှင်းတောက်၏ ရွှမ်းမင်သီအိုရမ်သည်
အနည်းငယ် အသာစီး ရနေပေသည်။

အချိန်ကြာလာသည်နှင့် အမျှ၊ သူသည် ယင်-
ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါမှ
ပြောင်းလဲခြင်းများကို အေးခဲစေနိုင်မည်
ဖြစ်၏။ တစ်ခုရှိသည်မှာ အချိန်အနည်းငယ်
ပိုလိုမည် ဖြစ်သည်။

သို့သော်လည်း ဒါသည်
ယုရှင်းတောက်အတွက် ကျေနပ်ဖွယ်ရာ
မဟုတ်ခဲ့ပေ။ အဘယ်ကြောင့်ဆိုသော်၊ သူ၏
ပြိုင်ဘက်သည် လင်းဖုန်း၏ ကိုယ်ပွားသာ
ဖြစ်နေသောကြောင့် ဖြစ်သည်။

ဤဝက်ပါ၏ စွမ်းအားသည် ယခုအချိန်တွင် အခိုင်အမာ ပြသနိုင်ခဲ့ပြီ ဖြစ်သည်။ ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါကဲ့သို့သော စွမ်းအားကောင်းလှသော ဝက်ပါအား၊ ယူထုတ်လာနိုင်ခြင်းသည် ကြောက်မက်ဖွယ်ရာ မြင်ကွင်းပင် ဖြစ်၏။ အထူးသဖြင့် ဒါသည် ဂိုဏ်းတစ်ဂိုဏ်းအား တည်ငြိမ်မှု ပေးနိုင်စွမ်းရှိသော၊ ဝက်ပါ အမျိုးအစား တစ်ခုဖြစ်သည်။

လင်းဖုန်းသည် သူ၏ ရင်ထဲမှနေ၍ တွေးနေခဲ့သည်။ "တကယ်လို့ ငါ့ရဲ့ မူလခန္ဓာကိုယ်သာ ရှိခဲ့ရင်၊ သူ့ကို

အချိန်ပိုပြီးတော့ ထိန်းထားနိုင်ခဲ့မှာ ဖြစ်တယ်။
ဒါပေမဲ့ အနိုင်ရတဲ့သူ ပေါ်ဖို့ဆိုရင်၊
တစ်သက်လုံးလည်း ကြာသွားနိုင်တယ်"

"ဒါက အင်မော်တယ်ဝိညာဉ် ပထမ အဆင့်က
ကျင့်ကြံသူ တစ်ယောက်ရဲ့ စွမ်းအားဖြစ်မယ်။
ကြည့်ရတာ လူတိုင်းက
ကွဲပြားခြားနားကြပေမဲ့၊
သူ့ရဲ့ကိုယ်ပွားအပေါ်မှာ မူတည်ပြီး
ခန့်မှန်းရတာက မလွယ်ကူဘူး။ တိကျစွာ
ခန့်မှန်းနိုင်ဖို့၊ လူကိုယ်တိုင် ယှဉ်ပြိုင်မှရမယ်"

လင်းဖုန်းသည် ရှီကျုံးယွဲ့အား တွေးမိလိုက်ကာ၊ အနည်းငယ် နှောင်တရသွားခဲ့သည်။ "ငါက လေ့လာရုံပဲ တတ်နိုင်ခဲ့တယ်။ အင်မော်တယ်ဝိညာဉ် ဒုတိယ အဆင့်က ကျင့်ကြံသူ တစ်ယောက်ရဲ့ စွမ်းအား အစစ်အမှန်က၊ ဘယ်လောက်လဲ ဆိုတာကို သေချာမသိရသေးဘူး။ ဒါပေမဲ့ ပထမ အဆင့်က သူတွေထက်တော့၊ အများကြီး ပိုကောင်းမှာ သေချာနေတယ်"

သူ၏ အခြေအနေသည် ပို၍ပို၍ တဖြည်းဖြည်း ဆိုးလာခဲ့သော်လည်း၊ လင်းဖုန်းသည် ပြာယာမခတ် နေခဲ့ချေ။ သူသည်

စိတ်ရှည်လက်ရှည်ဖြင့် ယုရှင်းတောက်နှင့် တိုက်ခိုက်နေခဲ့သည်။ အခြားတစ်ဘက်တွင်မူ ယုရှင်းတောက်သည်၊ ပို၍ပို၍ ယုံမှားသံသယများ ဝင်လာခဲ့သည်။

အင်မော်တယ် ဝိညာဉ်အား ဖော်ဆောင်နိုင်ရန်၊ တစ်ယောက်၏ စိတ်စွမ်းအားသည် အလွန်သန်မာမှ ရနိုင်သည်။ ထို့အပြင် သူ၏ အာရုံခံနိုင်စွမ်းသည်လည်း၊ ပိုမိုတိုးတက်လာခဲ့မည် ဖြစ်သည်။ ယုရှင်းတောက်သည် သူ၏ ရင်ထဲမှနေ၍ မသက်မသာ ခံစားချက်များ ပေါ်လာခဲ့၏။

သူသည် စိတ်ရှည်လက်ရှည်
ဆက်လက်တိုက်ခိုက်နေခဲ့ပါက၊ လင်းဖုန်းအား
အနိုင်ယူနိုင်မည် ဆိုသည်မှာ
သေချာနေခဲ့သော်လည်း၊ ယုရှင်းတောက်သည်
ဆုံးဖြတ်ချက် ပြတ်သားစွာနှင့်
ပြောလိုက်သည်။ "ရဲဘော်၊ အခြေအနေက
ကြည့်ရတာ သိပ်မဟန်ဘူး။ ကျုပ်တို့က
ဒီတိုက်ပွဲကို အမြန်အဆုံးသတ်မှ ရမယ်"

"ကျုပ်ကလည်း ဒီအတိုင်းပဲ တွေးမိပါတယ်"
မကြည်လင်သောလည်း ပြတ်သားသည့်
အသံတစ်ခုသည်၊ ဝက်ပါ၏ ပြင်ပမှနေ၍
ပေါ်လာခဲ့သည်။

ကောင်းကင်သည် မည်သည့်
အရိပ်အယောင်များမှ မပြပဲ၊ ဆွဲဖွင့်ခြင်း
ခံလိုက်ရ၏။ ကွဲကြေသွားသော
ကောင်းကင်အတွင်းမှနေ၍၊
လူရွယ်တစ်ယောက်က ထွက်လာခဲ့သည်။

ဒါသည် သူတို့၏ ပထမဦးဆုံး တွေ့ဆုံခြင်း
ဖြစ်သော်လည်း၊ လင်းဖုန်းသည် ထိုသူက
မည်သူဆိုသည်ကို ချက်ချင်းသိလိုက်သည်။

ဒါသည် မြင့်မြတ်သော
လေပြင်းတောင်ပေါ်တွင် တံခါးပိတ်ကာ

တရားကျင့်နေသည်ဟု ကောလဟာလ
ထွက်နေသော၊ လေနတ်ဘုရားဂိုဏ်း၏
ခေါင်းဆောင် ကောင်းကင်လေပြင်း
သူတော်စင် ဖြစ်သည်။

သူသည် ကောင်းကင်ကိုးလွှာ
လေပြင်းဝက်ပါအတွင်းတွင်၊
မည်သည့်လှုပ်ရှားမှုကိုမှ မပြုလုပ်ခဲ့ပဲ
ပုန်းကွယ်နေခဲ့ခြင်း ဖြစ်သည်။ တစ်ဘက်တွင်
သူသည် ယုရှင်းတောက်အား
လေးစားသောကြောင့် ဖြစ်၏။

အခြားတစ်ဘက်တွင်မူ သူသည် လင်းဖုန်းက
ယုကျင်းတောင်ကို မောင်းနှင်လာခဲ့ကာ၊
ဤနေရာကို လာဖျက်ဆီးမည်ကို
ကြိုတင်ကာကွယ်သောအားဖြင့်၊
ကောင်းကင်ကိုးလွှာ လေပြင်းဝက်ပါကို
အားဖြည့်ပေးနေခဲ့ခြင်း ဖြစ်သည်။

ဤတစ်ခေါက်တွင် ယုမိသားစုနှင့်
လေနတ်ဘုရားဂိုဏ်းတို့သည်၊
အလေးအနက်ထား၍ တိုက်ခိုက်ခဲ့ကြခြင်း
ဖြစ်ကြသည်။ သူတို့၏ အကြီးအကဲများကို
ထုတ်သုံး၍၊ အင်မော်တယ် ဝိညာဉ် အဆင့်မှ
အကြီးအကဲ နှစ်ယောက်တို့ကလည်း

လက်တွဲကာ၊ အစီအစဥ်များ အောင်မြင်အောင် အကောင်အထည် ဖော်ခဲ့ကြခြင်း ဖြစ်သည်။

လင်းဖုန်း၏ ယုကျင်းတောင်နှင့် သူ၏ မြောက်ပိုင်းလေပြင်း ပင်လယ်တွင် ကြယ်တာရာကိုးလုံး ကောင်းကင်ချေမှုန်း ဝင်္ကပါအား ခုခံခဲ့ပုံအား၊ ကောင်းကင်လေပြင်း သူတော်စင်နှင့် ရွှမ်းမင်သူတော်စင်တို့က သတိပြုမိခဲ့ပြီး ဖြစ်သည်။

ယခုအချိန်တွင် ကောင်းကင်လေပြင်း သူတော်စင်၏ စိတ်အတွင်းတွင်၊ နိမိတ်မကောင်းသော ခံစားချက်များကို

ပြင်းထန်စွာ ခံစားလာရသည်။ သူ၏
ခံစားချက်များသည် ယုရှင်းတောက်ထက်ပင်
ပိုပြင်းသေးပေသည်။

ယုရှင်းတောင်၏ အရေးအကြီးဆုံး အချိန်တွင်
သူ၏ မျက်နှာအား အပျက်ခံခဲ့ခြင်းသည်၊
ကောင်းကင်လေပြင်း သူတော်စင်၏
ဆန္ဒများနှင့်လည်း ကိုက်ညီခဲ့ပေသည်။
လင်းဖုန်း၏ မူလခန္ဓာကိုယ်နှင့်
ယုကျင်းတောင်တို့သည်
ပျောက်ကွယ်နေခဲ့သဖြင့်၊ သူတို့၏ အရှေ့မှ
လက်ရှိပြိုင်ဘက်အား
အရင်ရှင်းထားရပေမည်။

ရှောင်ပုတန်၊ ဇူရီ၊ ဝမ်လင်းနှင့် ကျန်သောသူများသည်လည်း၊ သူတို့ မစ်ရှင်၏ ပစ်မှတ် အစိတ်အပိုင်းများပင် ဖြစ်သည်။

ကောင်းကင်လေပြင်း သူတော်စင် ပေါ်လာသောအချိန်တွင်၊ လင်းဖုန်း၏ မျက်နှာပေါ်တွင် အပြုံးတစ်ခု ပေါ်ပေါက်လာခဲ့၏။ "ကောင်းကင်လေပြင်း သူတော်စင်၊ ကျုပ်က ခင်ဗျားရဲ့ နာမည်ကို ကြားဖူးတာ ကြာလှပြီ။ လူချင်းတော့ အခုမှ တွေ့ဖူးတာပဲ"

ကောင်းကင်လေပြင်း သူတော်စင်သည် သူ၏
လက်အား မြှောက်လိုက်ရာ၊ ဝက်ပါ၏
ပြင်ပမှာ ငြိမ်းချမ်းနေခဲ့သော
ကောင်းကင်ယံမှာ စတင်၍
တွန့်လိမ်လာခဲ့သည်။

ပုံသဏ္ဍာန် ကင်းမဲ့ကာ မမြင်နိုင်သည့်
လေပြင်းများသည် စတင်၍
ပေါ်ပေါက်လာခဲ့ကာ၊ လေဟာနယ်ကို ဖရိုဖရဲ
ပြိုကွဲစေခဲ့သည်။ ခက်ထန်ကြမ်းတမ်းလှသည်
ကောင်းကင်ကိုးလွှာ ဒြပ်မဲ့လေပြင်းသည်၊
ကောင်းကင်လေပြင်း သူတော်စင်၏

လက်အတွင်းတွင်၊ လွန်စွာ အမိန့်နာခံတတ်ပုံ ပေါက်နေခဲ့၏။

သို့သော်လည်း သူ့အား ထုတ်လွှတ်လိုက် အပြီးတွင်မူ၊ သူသည် ကောင်းကင်အား ဖြိုခွဲနိုင်သော ကြမ်းကြုတ်သည့် သားရဲတစ်ကောင်အလား ဖြစ်နေခဲ့သည်။

ကောင်းကင်ကြီး တစ်ခုလုံးသည် တုန်ခါလာခဲ့၍၊ ခွန်းလွန်တောင်တန်းမှာ တောင်ထိပ်များသည် လေပြင်းများကြောင့် ပြားပြားဝပ်ကုန်ကြသည်။ ထွင်းကြောင်းများသည် လေပြင်း၏

တိုက်ခတ်မှုများကြောင့်၊ ချောက်ကမ်းပါးများ
အဖြစ်သို့ ပြောင်းကုန်ကြ၏။

အစပထမတွင် သူသည် ပုံသဏ္ဍာန်
ကင်းမဲ့ကာ၊ ယုကျင်းတောင်အား ခုခံရန်
ပြင်ဆင်နေခဲ့သည်။ သို့သော်လည်း
ယခုအချိန်တွင် ကောင်းကင်ကိုးလွှာ
လေပြင်းဝက်ပါသည်၊ သူ၏ ပစ်မှတ်အား
ပြောင်းလိုက်ပြီ ဖြစ်သည်။ သူ၏
ပစ်မှတ်အသစ်မှာ ယင်-ယန် ဖန်ဆင်းခြင်းနှင့်
ယိုယွင်းခြင်း ဝက်ပါ၏ အတွင်းမှ၊
အစိတ်အပိုင်းများပင် ဖြစ်သည်။

ကောင်းကင်လေပြင်း သူတော်စင်သည် တိုးညင်းစွာနှင့် ပြောလိုက်သည်။ "ငါ့ရဲ့ ပိုင်နက်ကို လာကျူးကျော်တဲ့သူကို အလွတ်ပေးလို့ ဘယ်ဖြစ်မလဲ။ ပြီးတော့ မင်းက ငါ့ရဲ့ တပည့်တွေကိုလည်း သတ်ထားသေးတယ်။ ငါက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို ဖျက်ဆီးပစ်မှ ရမယ်"

လင်းဖုန်းကလည်း ရယ်လိုက်သည်။ "ခင်ဗျားပြောတာ မှန်တယ်၊ ကျုပ်ကလည်း ဒီအတိုင်းပဲ စဉ်းစားမိတာပဲ"

"ဟုတ်တယ်" ကောင်းကင်လေပြင်း သူတော်စင်သည် သူ၏ခေါင်းကို ညိတ်လိုက်ကာ၊ အမှန်အတိုင်း ပြောလိုက်သည်။ "ဒါကြောင့်မို့ ဒီကနေ့မှာ၊ ကျုပ်က အသာစီးရမှ ဖြစ်မယ်"

သူ၏လက်ကို ဝှေ့ယမ်းလိုက်ကာ၊ ကောင်းကင်ကိုးလွှာ လေပြင်းဝက်ပါအား တိုက်ခိုက်ရန် အမိန့်ပေးလိုက်သည်။ သို့သော်လည်း သူဘာမှ မလုပ်နိုင်ခင်တွင်၊ ကောင်းကင်လေပြင်း သူတော်စင်သည် မှင်သက်သွားခဲ့သည်။

ပြီးတာနှင့် သူ၏ မျက်နှာတွင်
အံ့သြထိတ်လန့်သော အမူအရာမျိုး
ပေါ်လာခဲ့၏။

ထိုအရာကို သတိပြုမိလိုက်သောအခါ၊
ယုရှင်းတောက်၏ နှလုံးသားသည်
အေးခဲသွားခဲ့သည်။ ကြီးမားသော
မကောင်းသည့် အကြောင်းအရာ
တစ်ခုခုသည်၊ ပေါ်ပေါက်လာခဲ့ကြောင်းကို
သူက ခန့်မှန်းနိုင်ခဲ့သည်။ မဟုတ်လျှင်
ကောင်းကင်လေပြင်း သူတော်စင်သည်၊ ဤမျှ
အမူအရာ ပျက်နေခဲ့မည် မဟုတ်ချေ။

ကောင်းကင်လေပြင်း သူတော်စင်သည်
သူ၏လက်ကို ပွတ်သပ်လိုက်ရာ၊ လေဟာနယ်
အတွင်းတွင် အလင်းတန်း စက်ဝိုင်းတစ်ခု
ပေါ်လာခဲ့၏။ ထိုစက်ဝိုင်းအတွင်းမှ ပုံရိပ်သည်၊
သူ့အား အံ့အားသင့်ခံပြင်း
ဒေါသထွက်စေခဲ့ခြင်း ဖြစ်သည်။

မြင့်မြတ်သော လေပြင်းတောင်သည်၊
ရွှေရောင်မီးတောက် ပင်လယ်ကြီး တစ်ခု၏
တိုက်ခိုက်မှုအား ခံနေခဲ့ရ၏။
ထိုမီးပင်လယ်ကြီး၏ အပေါ်တွင်
မျက်စိကျိန်းစေသည့် နေမင်းကြီး တစ်စင်းကို

တွေ့နိုင်၍၊ မိစ္ဆာအော်ရာများက
ကောင်းကင်ယံတွင် ပြည့်နှက်နေခဲ့သည်။

လင်းဖုန်းသည် ထိုမြင်ကွင်းအား
တွေ့လိုက်သောအခါ၊
အတွေးနက်သွားခဲ့သည်။
"ကောင်းကင်ကိုးလွှာ လေပြင်းဝင်္ကပါက
တစ်ကယ့်ကို နှစ်စုံရှိတာပဲ။ ပြီးတော့
ကြည့်ရတာ၊ သူတို့က အတူတူ
အစွမ်းထက်ကြတယ်။ စိတ်ဝင်စားစရာပဲ၊
လေနတ်ဘုရားဂိုဏ်းက ဘယ်လိုမျိုး
လုပ်ထားတာပါလိမ့်"

ဤကဲ့သို့သော ရောမ ဝက်ပါအား ဖန်တီးရန်၊ လုံ့လဝီရိယနှင့် အရင်းအမြစ်ပေါင်း မြောက်မြားစွာတို့ကို လိုအပ်မည် ဖြစ်သည်။ ဝက်ပါအား ထူးခြားစွာ ဖော်ဆောင်ရမည်ဖြစ်၍၊ သူ့အတွင်းတွင် ထည့်သွင်းရမည့် မှော်ရတနာများမှာ ပို၍ပင် ရှားပါးပေသည်။ သူ့အား ဖန်ဆင်းရန် မဖြစ်နိုင်သည် မဟုတ်သော်လည်း၊ အလွန်အမင်း ခက်ခဲမည်ဖြစ်၏။

"တကယ်လို့ အရင်းအမြစ်တွေက ပိုနေသေးလို့ရှိရင်၊ ဘာဖြစ်လို့ ဝက်ပါ တစ်ခုတည်းကို အားမဖြည့်တာလဲ"

လင်းဖုန်းက တစိမ့်စိမ့်နှင့် တွေးနေခဲ့၏။ "ကြည့်ရတာ ဒါက လေနတ်ဘုရားဂိုဏ်းရဲ့ လျှို့ဝှက်လက်နက်ပဲ ဖြစ်လိမ့်မယ်နဲ့ တူတယ်။ ရှေးကျီး မဟာပဏ္ဍိတက လေနတ်ဘုရားဂိုဏ်းကို အမြဲတမ်း မျက်စိကျနေခဲ့တာ၊ ဒီအကြောင်းကြောင့်ပဲ ဖြစ်လိမ့်မယ်နဲ့ တူတယ်"

"ရှေးကျီးက ဒီလိုအချိန်မျိုးမှာမှ ဘာဖြစ်လို့ ရောက်လာရတာလဲ? ကောင်းကင်လေပြင်း သူတော်စင်သည် သူ၏ခေါင်းကို လှည့်လိုက်ကာ၊ လင်းဖုန်းအား

ဒေါသကြီးစွာဖြင့် ကြည့်လိုက်သည်။
"မင်းလက်ချက်မလား!"

လင်းဖုန်းက ပြုံးလိုက်သည်။
"ဘာတွေလာပြောနေတာလဲ"

ကောင်းကင်လေပြင်း သူတော်စင်သည် လင်းဖုန်းအား စိုက်ကြည့်နေခဲ့ကာ၊ သူ၏ ဘေးမှ သေမင်းအော်ရာများသည် ပို၍ပို၍ အားကောင်းလာခဲ့သည်။ ပတ်ဝန်းကျင် တစ်ခုလုံးသည် ခက်ထန်သော လေပြင်းများနှင့် ပြည့်နှက်သွားခဲ့သည်။

လင်းဖုန်းက တည်ငြိမ်စွာနှင့် ပြောလိုက်သည်။ "မြင့်မြတ်သော လေပြင်းတောင်မှာ ခင်ဗျားက ခံတပ်ထဲမှာ မရှိခဲ့ရင်၊ ကောင်းကင်ကိုးလွှာ လေပြင်းဝက်ပါ ဒုတိယတစ်ခု ရှိခဲ့ရင်တောင်မှ သူတို့ဟာ သာမန်ပြိုင်ဘက်တွေကို ကာကွယ်နိုင်ပေမဲ့၊ ရွှေကျီး မဟာပဏ္ဍိတကိုတော့ ကာကွယ်နိုင်မှာ မဟုတ်ဘူး"

ကောင်းကင်ကိုးလွှာ လေပြင်းဝက်ပါသည် ကောင်းမွန်သော ဝက်ပါတစ်ခုဖြစ်သည်။ သို့သော်လည်း သူသည် ထူးခြားလှစွာ ကောင်းမွန်သည့် ယင်-ယန် ဖန်ဆင်းခြင်းနှင့်

ယိုယွင်းခြင်း ဝက်ပါ၊ ကြယ်တာရာ ကိုးလုံး ကောင်းကင်ချေမှုန်း ဝက်ပါနှင့် ဗီရိုကာနာ ဝက်ပါတို့နှင့် မယှဥ်ပြိုင်နိုင်ပေ။

ကောင်းကင်လေပြင်း သူတော်စင်သည် အသက်ပြင်းပြင်း တစ်ချက်အား ရှူလိုက်ကာ၊ သူ၏ ဒေါသအား ထိန်းချုပ်လိုက်သည်။ သူသည် လင်းဖုန်းအား အေးစက်စွာ စိုက်ကြည့်လိုက်ကာ ပြောလိုက်သည်။ "မြင့်မြတ်သော လေပြင်းတောင်ဟာ လေနတ်ဘုရားဂိုဏ်းရဲ့ အခြေခံအုတ်မြစ် ဖြစ်လာခဲ့တာ၊ နှစ်ပေါင်း သောင်းနဲ့သိန်းနဲ့ချီပြီး ရှိခဲ့ပြီ။ ကျုပ်မရှိရင်တောင် သူက၊ ရွှေကျီးရဲ့

လွယ်လွယ်ကူကူ ဖျက်ဆီးခြင်းကို ခံရမှာ မဟုတ်ဘူး။ ဘယ်သူ့ရဲ့ ဝက်ပါက အရင်ကျိုးပေါက်သွားမယ်ဆိုတာကို၊ ကျုပ်က စိန်ခေါ်ချင်တယ်"

လင်းဖုန်းက ပြုံးလိုက်၏။ "ခင်ဗျားပြန်တာပဲ ဖြစ်ဖြစ်၊ နေတာပဲ ဖြစ်ဖြစ်၊ ခင်ဗျားရဲ့ သဘောပါပဲ"

"ဒါပေမဲ့၊ ကျုပ်ရဲ့ယုကျင်းတောင်က ဘယ်နေရာမှာလဲ ဆိုတာကို၊ ခန့်မှန်းထားရင်တော့ မမှားပါဘူး"

ထိုစကားအား ကြားလိုက်သည်နှင့်၊
ကောင်းကင်လေပြင်း သူတော်စင်နှင့်
ယုရှင်းတောက်တို့၏ အမှုအရာများသည်၊
ပြိုတော့မည့် မိုးကဲ့သို့
မည်းမှောင်သွားခဲ့လေသည်။

## စာစဉ် ၂၁ : အပိုင်း ၁၆

## အပိုင်း ၃၈၆ : ရွှေရောင်ဗဟိုချက်အား အသုံးပြု၍၊ အခြေတည် ဝိညာဉ်အား သတ်ဖြတ်ခြင်း

ယုကျင်းတောင်သည် မည်သည့်နေရာတွင် ရှိမည်နည်း။

လင်းဖုန်းမှလွဲ၍ မည်သူမှ မသိချေ။ သို့သော်လည်း ခန့်မှန်းရန်မှာလည်း မခက်ပေ။ တစ်ယောက်သည် လင်းဖုန်းအား မည်သည့်အရာက အကျိုးအရှိဆုံး ဖြစ်စေမည်ကို စဉ်းစားလိုက်ရုံနှင့်၊ ယုကျင်းတောင်၏ တည်နေရာအား ခန့်မှန်းနိုင်မည် ဖြစ်သည်။

အကယ်၍ လင်းဖုန်းသည် ယုကျင်းတောင်ကို ခေါ်ဆောင်လာခဲ့၍၊ ရွှေကျီး မဟာပဏ္ဍိတနှင့်

အတူ မြင့်မြတ်သော လေပြင်းတောင်အား
ဖျက်ဆီးခဲ့လျှင်၊ လေနတ်ဘုရားဂိုဏ်း၏
အခြေခံ အုတ်မြစ်များသည် သံသယဖြစ်ဖွယ်
မရှိပဲ ပျက်စီးသွားလိမ့်မည် ဖြစ်သည်။
အကယ်၍ ကောင်းကင်လေပြင်း
သူတော်စင်သည် ဤနေရာတွင်သာ နေခဲ့ပြီး၊
ရှောင်ပုတန်နှင့် ကျန်သောသူများအား
ယုရှင်းတောက်နှင့် အတူ သတ်ဖြတ်ခဲ့ပါက၊
အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ အခြေခံ
အုတ်မြစ်များသည်လည်း ပျက်စီးသွားမည်
ဖြစ်၏။

သို့သော်လည်း မေးခွန်းမှာ လင်းဖုန်းသည်
ထိုကဲ့သို့ အလောင်းအစားမျိုးကို
ပြုလုပ်မည်လော။

အကယ်၍ ယုကျင်းတောင်သည်
အနီးတစ်ဝိုက်တွင်သာ ပုန်းအောင်းနေခဲ့ပါက၊
လင်းဖုန်းသည် အသာစီး နေရာတွင် ရှိနေမည်
ဖြစ်သည်။

အကယ်၍ ကောင်းကင်လေပြင်း
သူတော်စင်သည် ထွက်မသွားခဲ့ပါက၊
ယုကျင်းတောင်က ကျရောက်လာသည့်
အချိန်တွင်၊ သူနှင့် ယုရှင်းတောက်တို့အတွက်

အရေးလှမည် မဟုတ်ချေ။ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းမှ တပည့်များသည်
အန္တရာယ်ရှိနိုင်သည့် အခြေအနေမှ
ရှောင်လွှဲနိုင်မည် ဖြစ်ပြီး၊ မြင့်မြတ်သော
လေပြင်းတောင်သည် ရွှေကျီး မဟာပဏ္ဍိတ၏
ဆက်လက်တိုက်ခိုက်ခြင်းကို ခံနေရမည်
ဖြစ်သည်။

ကောင်းကင်လေပြင်း သူတော်စင်က
ခံတပ်အတွင်းတွင် မရှိခဲ့လျှင်၊ ဝက်ပါသည်
ကြာကြာခံနိုင်မည် မဟုတ်ချေ။
လေနတ်ဘုရားဂိုဏ်းသည် အကျပ်အတည်း
အခြေအနေအတွင်းသို့ ကျရောက်နေခဲ့လေပြီ။

အကယ်၍ ကောင်းကင်လေပြင်း
သူတော်စင်သည် မြင့်မြတ်သော
လေပြင်းတောင်သို့ ပြန်သွားခဲ့ပါက၊
လင်းဖုန်းသည် ယုကျင်းတောင်ကိုပင်
ဆင့်ခေါ်စရာလိုမည် မဟုတ်ချေ။ သူ၏
မူလခန္ဓာကိုယ်ကသာ ရောက်လာခဲ့ရုံနှင့်၊
ယုရှင်းတောက်အား အခက်အခဲ ဖြစ်စေမည်
ဖြစ်သည်။ အကယ်၍ ယုကျင်းတောင်ကိုသာ
ဆင့်ခေါ်လိုက်ပါက၊ ယုရှင်းတောက်သည်
ကြွေလွင့်သွားနိုင်ခြေပင် ရှိပေသည်။

ထိုကဲ့သို့သော အခြေအနေမျိုးကို
ကောင်းကင်လေပြင်း သူတော်စင်နှင့်
ယုရှင်းတောက်တို့က နားလည်နေခဲ့သဖြင့်၊
သူတို့သည် မျက်စိပျက် မျက်နှာပျက်
ဖြစ်နေကြလေသည်။

"ရဲဘော်ယု၊ ကျုပ်ကို နားလည်ပေးပါ"
ကောင်းကင်လေပြင်း သူတော်စင်သည်
သက်ပြင်းတစ်ချက် ချလိုက်သည်။ သူသည်
ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း
ဝက်ပါကို နောက်ဆုံးတစ်ခေါက်
ကြည့်လိုက်ကာ၊ လေဟာနယ် အတွင်းမှ

ကွယ်ပျောက်သွားခဲ့၍ ကောင်းကင်လေပြင်း
တောင်ထံသို့ ပြန်သွားခဲ့သည်။

သူသည် ထွက်ခွာတော့မည်ဟု
ဆုံးဖြတ်ခဲ့သဖြင့်၊ ကောင်းကင်လေပြင်း
သူတော်စင်သည် ကောင်းကင်ကိုးလွှာ
လေပြင်း မုန်တိုင်းအား တစ်ပါတည်း
ယူဆောင်သွားခဲ့သည်။ ထိုဝက်ပါကို
ထိန်းချုပ်မည့်သူက ကျန်မနေခဲ့လျှင်၊
ယုကျင်းတောင်က
ကျဆင်းလာသည့်အချိန်တွင် ဝက်ပါက
ခံနိုင်မည် မဟုတ်ချေ။

ယခုအချိန်တွင် ယုရှင်းတောက်၏
စိတ်ဓာတ်သည် အောက်ဆုံးသို့
ပြုတ်ကျသွားခဲ့၏။ ကောင်းကင်လေပြင်း
သူတော်စင်သည် ထွက်ခွာသွားခဲ့သဖြင့်၊
သူသည် အန္တရာယ် အခြေအနေ အတွင်းသို့
ကျရောက်သွားခဲ့ပြီ ဖြစ်သည်။

လေနတ်ဘုရားဂိုဏ်းနှင့် ယုမိသားစုတို့၏
ပူးပေါင်းမှုသည် ပျက်ပြားသွားခဲ့ပြီ ဖြစ်သည်။
ယုရှင်းတောက်သည်
ပြန်လည်ဆုတ်ခွာချင်နေခဲ့သော်လည်း၊
ယုရိယွမ်နှင့် ကျန်သော ယုမိသားစုမှ
ဂရန်းမာစတာတို့သည်၊ ယင်-ယန်

ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း
ဝက်ပါအတွင်းတွင် ပိတ်မိနေကြသေးသည်။
အကယ်၍ သူတစ်ယောက်တည်း
ထွက်သွားခဲ့ပါက၊ ကျန်သောသူများ
အားလုံးကို ချန်ထားခဲ့ရတော့မည် ဖြစ်၏။

ကောင်းကင်လေပြင်း သူတော်စင်သည်လည်း
ထိုအတိုင်းပင် ဖြစ်၏။ သူသည် မြင့်မြတ်သော
လေပြင်းတောင်သို့ ပြန်သွားခဲ့ရသော်လည်း၊
သူ၏ အားထုတ်မှုများ အားလုံးသည်
အချည်းနှီး ဖြစ်သွားခဲ့သဖြင့်၊ နောင်တ
အကြီးအကျယ် ရနေခဲ့သည်။

လင်းဖုန်းသည် ယုရှင်းတောက်အား ကြည့်လိုက်ကာ ပြုံးလိုက်သည်။ "ခင်ဗျားက ကျုပ်ရဲ့ ဝက်ပါကို အရင်ချိုးဖောက်နိုင်မလား၊ ကျုပ်က ယုမိသားစုက အခြေတည် ဝိညာဉ် အဆင့်တွေကို ပိုသတ်နိုင်မလား ဆိုတာကို ကြည့်ရသေးတာပေါ့"

ယုရှင်းတောက်၏ အရှေ့တွင် အလင်းတန်း ပုံရိပ်ယောင် တစ်ခုသည် ရုတ်တရက် ပေါ်လာခဲ့သည်။ နောက်ဆုံးပုံရိပ်က တည်ငြိမ်သွားသောအခါ၊ ယုရှင်းတောက်သည် ပို၍ပင် စိတ်ဓာတ်ကျသွားခဲ့ရလေသည်။

ယုမိသားစုမှ ဂရန်းမာစတာ ယုရှီးလင်သည်၊
ရှောင်ပုတန်နှင့် ယှဉ်ပြိုင်တိုက်ခိုက်နေခဲ့၏။
ရှောင်ပုတန်က အပေါ်စီးမှာနေ၍
တိုက်ခိုက်လျှက်ရှိသည်။

ဒီရေများသည် ပြောင်းလဲသွားခဲ့သည်။
အစပိုင်းတွင် ယုရိလွမ်၏ စကြာဝဠာ
ပုံသဏ္ဍာန်ကြောင့်၊ ရှီထျန်းဟောင်သည်
ဖိအားများစွာ ကျရောက်နေခဲ့၍
အောက်စည်းသို့ ရောက်နေခဲ့၏။
သို့သော်လည်း ယခုအချိန်တွင် သူတို့သည်၊
ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း
ဝက်ပါ အတွင်းသို့ ရောက်နေခဲ့ကြသည် ဖြစ်၍၊

ဖိအားများသို့ ကျရောက်နေခဲ့သူမှာ ယုရှီးလင်ပင် ဖြစ်ပြီး ရှီထျန်းဟောင်၏ တိုက်ခိုက်မှုများကို အလူးအလဲ ခံနေခဲ့ရသည်။

အခြေတည် ဝိညာဉ် အဆင့်မှ မှော်အိုင်တမ် နှစ်ခု၏ အကူအညီဖြင့်၊ ရှီထျန်းဟောင်၏ စွမ်းအားများသည် ယုရှီးလင်အောက်သို့ အနည်းငယ်သာ အောက်ကျနေတော့၏။ ယခုအချိန်တွင် ပထဝီဝင် အနေအထားတို့၏ အားသာချက်ကိုပါ ရရှိခဲ့သဖြင့်၊ ရှောင်ပုတန်သည် အသာစီး ရနေခဲ့ပြီ ဖြစ်သည်။

ယုရှီးလင်သည် အလွန်အမင်း စိတ်ခေတ်ကျနေခဲ့သည်။ ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါ၏ စွမ်းအားများသည်၊ ယုရှင်းတောက်ကို အဓိက ရင်ဆိုင်နေခဲ့သော်လည်း သူ၏စွမ်းအား အနည်းငယ်ကို ခွဲထုတ်လိုက်ရုံနှင့်ပင်၊ သူနှင့် ရှီထျန်းဟောင်တို့၏ အကြားမှ ရလဒ်ကို ပြောင်းပြန်လှန်နိုင်ခဲ့သည်။

ရှီထျန်းဟောင်သည် ယုရှီးလင်အား ကြည့်လိုက်သည်။ "ခင်ဗျားက ဒေါသထွက်မယ်ဆိုလည်း ထွက်သင့်ပါတယ်။ ကျုပ်က ရွှေရောင်ဗဟိုချက် အဆင့်မှာသာ

ရှိသေးပေမဲ့၊ ခင်ဗျားလိုမျိုး အခြေတည်
ဝိညာဉ် အလယ်အလတ် အဆင့်က လူကို
အနိုင်ယူနိုင်ခဲ့တာလေ"

သူ၏စကားဆုံးသည်နှင့် ရှီထျန်းဟောင်သည်
သူ၏လက်ကို ဆန့်တန်းလိုက်သည်။
သူ၏ညာလက် အတွင်းတွင်
ရွှေရောင်တူတစ်ချောင်းက ပေါ်လာခဲ့၏။
သူသည် ထိုတူလေးအား ဆုပ်ကိုင်လိုက်ကာ၊
ဗလာနတ္တိ အစိမ်းရောင် ဆေးမီးဖိုလေးအား
ထုလိုက်သည်။

လေဟာနယ် အတွင်းတွင်
ရေလှိုင်းတွန့်များပမာ
ရွှေရောင်လှိုင်းတွန့်များက ပေါ်လာခဲ့ကာ၊
ယုရှီးလင်၏ ရွှမ်းမင် အကြွင်းမဲ့ရေအား
ဖြိုခွဲလိုက်သည်။

ယုရှီးလင်၏ အမူအရာမှာ ပြောင်းသွားခဲ့သည်။
မည်သူက ထင်ထားမည်နည်း၊
ရှောင်ပုတန်သည့် နောက်ထပ်လက်နက်
တစ်ခုအား ထပ်ထုတ်လိုက်၏။
သူ၏ဘယ်လက်ကို ဆန့်တန်းလိုက်ရာ၊
ရွှေရောင် ပိုးမျှင်စတစ်ခု ပေါ်လာခဲ့သည်။

သူ၏ပြိုင်ဘက် ဘာမှမတုံ့ပြန်နိုင်သေးခင်တွင်၊
ရှောင်ပုတန်သည် ရွှေရောင်ပိုးမျှင်စအား
သူ့ကိုယ်ပေါ်တွင် ရစ်ပတ်လိုက်သည်။
သူ၏တစ်ကိုယ်လုံးမှနေ၍ ရွှေရောင်
အလင်းတန်းများ လင်းလက်လာခဲ့သည်။

သူသည် ကောင်းကင်သို့ ကြည့်လိုက်ကာ၊
ကြောက်မက်ဖွယ်ရာ အော်ရာဖြင့်
ဟိန်းဟောက်လိုက်သည်။

ပုံမှန်အားဖြင့်ဆိုသော် လူအများစုသည်၊
ရှီထျန်းဟောင်အား ရေးပဝေသဏီမှ
သားရဲပေါက်စလေးဟု တင်စားကြသည်။

အဘယ်ကြောင့်ဆိုသော် သူသည်
အသက်ပင်ငယ်သော်လည်း၊
ထူးချွန်ပြောင်မြောက်သည့်
ပင်ကိုစွမ်းရည်များအား
ပိုင်ဆိုင်ထားခြင်းကြောင့် ဖြစ်သည်။

သို့သော်လည်း ရှီထျန်းဟောင်သည်
ထိုရွှေရောင် ပိုးမျှင်စအား သူ၏ကိုယ်တွင်
ကပ်ပြီးနောက်တွင်၊ သူသည် ရေးပဝေသဏီမှ
သားရဲပေါက်စတစ်ကောင်နှင့် မတူတော့ပေ။
သူသည် သေမျိုးကမ္ဘာသို့ ဆင်းသက်လာသော
ရေးပဝေသဏီမှ သက်ရှိသားရဲ
တစ်ကောင်အလား ဖြစ်နေခဲ့သည်။

အနည်းဆုံးတော့ ယုရှီးလင်အတွက်၊ သူ၏အရှေ့တွင် ရပ်နေသောသူသည် ခက်ထန်လှသော မိစ္ဆာတစ်ကောင် အလားဖြစ်နေခဲ့၏။

ဟွမ်ဟိုင် စိတ်ဝိညာဉ် အစည်းအဝေးတွင်၊ ရှီထျန်းဟောင်သည် အားလုံးကို အံ့သြတုန်လှုပ်စေခဲ့သည်။ သို့သော်လည်း အမှန်မှာ သူသည် မှော်အိုင်တမ် တစ်ခုမှ မသုံးပဲ၊ သူ၏ ကိုယ်ပိုင်စွမ်းရည်ကိုသာ အသုံးချခဲ့ခြင်း ဖြစ်၏။ ဒါသည် သူနှင့် ဇူရီတို့၏

စွမ်းအား အထက်ဆုံး
အခြေအနေမဟုတ်သေးပေ။

ထိုရွှေရောင်ပိုးမျှင်စသည် ရှီထျန်းဟောင်၊ ယွဲ့ဟုန်ယန်၊ ကျူးကော်ဖန်းလင်နှင့် အခြားသူများက အဝီစိ ငရဲမုန်တိုင်းအား သွားရောက်ယူဆောင်စဉ်တွင် ရရှိလာခဲ့ခြင်း ဖြစ်သည်။ သူသည် ပိုးမျှင်တစ်စနှင့် တူနေခဲ့သော်လည်း၊ လင်းဖုန်းက ထိုအရာသည် အမှန်တကယ်ဆိုလျှင် မသေဝိညာဉ်အား ဖော်ဆောင်ပြီးခဲ့သည့် မိစ္ဆာကလန်မှ မဟာပဏ္ဍိတ တစ်ဦး၏

အရေပြားဖြစ်ကြောင်းကို
အတည်ပြုပေးခဲ့သည်။

ရှီထျန်းဟောင်၏ ခန္ဓာကိုယ်သည်
ရွှေရောင်အတိပြီးသွားခဲ့၏။
သူ၏တစ်ကိုယ်လုံးတွင် မှော်သင်္ကေတများ
ဆက်တိုက်ရွေ့လျားနေသည့်ပုံ
ပေါက်နေခဲ့သည်။ သူသည် အဝါရောင်
ကောင်းကင် ခေါင်းလောင်းတူအား
ကိုင်ထားခဲ့ကာ၊ ဗလာနတ္တိ အစိမ်းရောင်
ဆေးမီးဖိုလေးက သူ၏ဘေးတွင်
လွင့်မျောနေခဲ့သည်။ သူ၏အပေါ်တွင်
ရေခဲဝိညာဉ်ဖြင့် တည်ဆောက်ထားသော

ရှေးကျလှသည့် ကြေးမုံဝိုင်းလေးက လွင့်မျောနေခဲ့ကာ၊ ကြေးမုံအလင်းတန်းသည် ယုရှီးလင်ထံသို့ ညွှန်ပြနေခဲ့၏။

"ဒီကနေ့မှာ ငါက အခြေတည်ဝိညာဉ် အဆင့်က ကျင့်ကြံသူ တစ်ယောက်ကို သတ်မယ်" ရှောင်ပုတန်က ကြုံးဝါးလိုက်သည်။ သူ၏လေသံမှာ တည်ငြိမ်နေ၍ တွေဝေနေသည့်ပုံ မပေါက်နေချေ။

အခြေတည်ဝိညာဉ် စဦးပိုင်း အဆင့်မှ ကျင့်ကြံသူ တစ်ယောက်အား

သတ်မည်မဟုတ်ပဲ၊ အလယ်အလတ်
အဆင့်က ကျင့်ကြံသူအား
သတ်မည်ဖြစ်သည်!

ယုရှီးလင်သည် အသက်ပြင်းပြင်း
တစ်ချက်အား ရှူရှိုက်လိုက်ကာ၊
အေးစက်စွာနှင့် ပြောလိုက်သည်။ "လဲရမှာ
မတန်ပေမဲ့ ငါက ဒီကနေ့မှာ မင်းနဲ့
အသက်ချင်း လဲလိုက်မယ်ကွ"
သူ၏စကားဆုံးသည်နှင့် ရွှမ်းမင် အကြွင်းမဲ့ရေ
အမြောက်အမြားတို့သည် ထွက်ပေါ်လာခဲ့ကာ၊
ကောင်းစွာကျင့်ကြံထားသော
မရေမတွက်နိုင်သည့် အနက်ရောင်

ရေစက်လေးများအဖြစ် ပြောင်းသွားခဲ့သည်။
သူတို့သည် သူ၏ဘေးတွင်
ပတ်ချာလှည့်နေကြသည်။

သူတို့သည် စကားဆက်မပြောကြတော့ပဲ၊
တိုက်ပွဲသည် အရင်ကထက်ပို၍
ပြင်းထန်လာခဲ့သည်။

ယုရှင်းတောက်သည် ထိုမြင်ကွင်းအား
ကြည့်နေ၍၊ ပြောစရာစကား မရှိခဲ့ပေ။
သို့သော်လည်း သူ၏ အနက်ရောင်
ရေခဲဝိညာဉ်နှင့် ရွှမ်းမင်သီအိုရမ်သည်
စွမ်းအားပို၍ ကြီးလာခဲ့ကာ၊ ယင်-ယန်

ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ံပါအတွင်းမှ
ကမ္ဘာကြီး တစ်ခုလုံးအား
တိုက်ခိုက်နေခဲ့သည်။

ယုမိသားစု အဖွဲ့ဝင်များသည် အသက်စွန့်၍
တိုက်ခိုက်နေရသလို၊ ကောင်းကင်လေပြင်း
သူတော်စင်သည်လည်း အတူတူပင် ဖြစ်၏။
သူ၏နာကျင်မှုမှာ ယခုအချိန်တွင်
လွန်စွာကြီးမားပေသည်။

အခြေတည်ဝိညာဥ် အဆင့်မှ ကျင့်ကြံသူ
၄ယောက် - ၂ယောက်မှာ
အလယ်အလတ်အဆင့်နှင့် ၂ယောက်မှာ

နောက်ဆုံးအဆင့်တို့သည်၊ လင်းဖုန်း၏
ဝက်ပါအတွင်းတွင် ပိတ်မိနေကြ၏။

အကယ်၍ သူတို့အားလုံးသာ
အသတ်ခံလိုက်ကြရလျှင်၊
ကောင်းကင်လေပြင်း သူတော်စင်သည်
မြင့်မြတ်သော လေပြင်းတောင်အား
ကာကွယ်နိုင်ခဲ့လျှင်ပင်၊
လေနတ်ဘုရားဂိုဏ်းသည် လွန်စွာမှ
နစ်နာဆုံးရှုံးသွားခဲ့မည် ဖြစ်သည်။

ထိုကဲ့သို့သော ကြီးမားသည် တိုက်ပွဲမျိုးသည်
ကြီးမားသော ဆုံးရှုံးမှုမျိုးကို ပေးစွမ်းနိုင်သည်။

ဒါသည် ရုပ်ခန္ဓာကိုယ် ထိခိုက်ဒဏ်ရာမှုနှင့် အသက်စွမ်းအင်ကို အန္တရာယ်ပေးမှု၊ စသည့် သာမန်ဖြစ်ရပ်မျိုးကိုသာ ဆိုလိုနေခြင်း မဟုတ်ချေ။

သို့သော်လည်း ကောင်းကင်လေပြင်း သူတော်စင်သည်၊ အခြားရွေးချယ်စရာနည်းလမ်း မရှိခဲ့ပေ။ အကယ်၍သာ ရွှေကျီး မဟာပဏ္ဍိတသည် မြင့်မြတ်သော လေပြင်းတောင်ပေါ်မှ ကောင်းကင်ကိုးလွှာ လေပြင်းဝက်ပါကိုသာ ဖျက်ဆီးနိုင်ခဲ့လျှင်၊ လေနတ်ဘုရားဂိုဏ်း တစ်ခုလုံးသည် အသုတ်သင်ခံရမည် ဖြစ်ပြီး၊

နှစ်ပေါင်းများစွာ စုစည်းလာသော အခြေခံအုတ်မြစ်များသည် ပြိုကွဲသွားမည် ဖြစ်သည်။

"အချိန်နည်းနည်းလေး တောင့်ခံထားနိုင်ရင်၊ အဆင်ပြေပြီ" ကောင်းကင်လေပြင်း သူတော်စင်သည်၊ သူ၏ရင်ထဲမှ အပြုံးကြီးစွာ ကြုံးဝါးနေခဲ့သည်။ "အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း! ဒီကိစ္စကို ဖြေရှင်းပြီးရင်၊ လေနတ်ဘုရားဂိုဏ်းက ကောင်းကောင်းကြီး လက်စားပြန်ချေမယ်ကွ!"

ကောင်းကင်လေပြင်း သူတော်စင်သည်
မြင့်မြတ်သော လေပြင်းတောင်အား
အချိန်အနည်းငယ်မျှသာ
ကာကွယ်ထားနိုင်ပါက၊ နတ်ဘုရားနယ်မြေမှ
အင်မော်တယ် ဝိညာဥ် အဆင့်
အကြီးအကဲများသည်၊ မိစ္ဆာပဏ္ဍိတ
တစ်ကောင်က သူတို့၏ နယ်ပယ်အတွင်းသို့
ကျူးကျော်ဝင်ရောက်မှုကို
လက်ပိုက်ကြည့်နေကြမည် မဟုတ်ပေ။
ဒါသည် အကျိုးအမြတ်နှင့် မသက်ဆိုင်တော့ပဲ၊
ကာလန်နှစ်ခုအကြားမှ ရန်ငြိုးရန်စများနှင့်သာ
သက်ဆိုင်ပေသည်။

"အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်၊ မင်းက မိစ္ဆာကလန်နဲ့ ပူးပေါင်းရဲတယ်။ မင်းက ဒီကိစ္စကို ဘယ်လိုဖြေရှင်းမလဲ ဆိုတာကို ကြည့်ရသေးတာပေါ့။ မင်းရဲ့ ဂိုဏ်းသိက္ခာ ကျဆင်းသွားတာကို ငါက ပျော်ပျော်ကြီး ကြည့်ချင်သေးတယ်!"

တွေးနေရင်းနှင့်ပင် ကောင်းကင်လေပြင်း သူတော်စင်သည်၊ လေဟာနယ်ကို ဖြတ်ကျော်၍ မိုင်ပေါင်း သောင်းနှင့်သိန်းနှင့်ချီကာ ခရီးပေါက်လာခဲ့၏။ နောက်ဆုံးတွင်သူသည် မြင့်မြတ်သော

လေပြင်းတောင်သို့
ပြန်လည်ရောက်ရှိလာခဲ့သည်။

ထိုအချိန်တွင် မြင့်မြတ်သော
လေပြင်းတောင်သည်၊ မီးပင်လယ်ကြီးဖြင့်
ဖုံးလွှမ်းနေခဲ့သည်။ အပူလှိုင်းလုံးကြီးများသည်
မြေပြင်တစ်ခုလုံးအား ပတ်ကြားအက်များ
ဖြစ်စေခဲ့၏။

ကောင်းကင်ကိုးလွှာ ဒြပ်မဲ့မုန်တိုင်း၏
ကာကွယ်မှုကို ခံထားရသော၊ မြင့်မြတ်သော
လေပြင်းတောင်သာ ထိုနေရာတွင်

မီးတောက်များ၏ တိုက်ခိုက်မှုကို ကြံ့ကြံ့ခံနိုင်ခဲ့သည်။

သူ့အပေါ်တွင် အောက်မှအရာမှန်သမျှကို လောင်ကျွမ်းနေခဲ့သော၊ နေမင်းနှစ်စင်းတို့ကို တွေ့နိုင်သည်။

ရွှေကျီး မဟာပဏ္ဍိတသည် သူ့တွင်ရှိသမျှ အစွမ်းတို့ကို အကုန်ထုတ်သုံးနေခဲ့ကာ၊ သူ၏ တစ်ကိုယ်လုံးသည် နေမင်းအသွင်သို့ ပြောင်းသွားခဲ့သည်။ သူ၏ ကောင်းကင်ယံတွင် တောက်လောင်နေပုံမှာ၊ တကယ့်နေမင်းအလား ဖြစ်နေခဲ့၏။

"ငါ့လိုချင်တာကို ထုတ်ပေးရင်ပေး၊ မပေးရင် လေနတ်ဘုရားဂိုဏ်း တစ်ခုလုံးက ဒီကနေ့မှာ ပျောက်ကွယ်သွားမယ်!"

ကောင်းကင်လေပြင်း သူတော်စင်သည် အပြေးအလွှား ပြန်လာခဲ့သည်ကို တွေ့လိုက်ရသော်၊ ရွှေကျီး မဟာပဏ္ဍိတသည် ဂရုမစိုက်ခဲ့ပဲ၊ ကျယ်လောင်စွာနှင့် ရယ်မောလိုက်သည်။

ကောင်းကင်လေပြင်း သူတော်စင်က နှာမှုတ်လိုက်သည်။ "မင်းက

မဟာလွင်တီးခေါင် ကုန်းမြေကို ပြန်နိုင်မလား
ဆိုတာကိုပဲ အရင်စိတ်ပူပါဦး"

သူ၏ ပုံရိပ်သည် လက်ကနဲ ဖြစ်သွားခဲ့က၊
ခံတပ်အား ကာကွယ်ရန် မြင့်မြတ်သော
လေပြင်းတောင် အတွင်းသို့
ပြန်လည်ရောက်ရှိသွားခဲ့ပြီ ဖြစ်သည်။

အင်မော်တယ် ဝိညာဥ် အဆင့်မှ ကျင့်ကြံသူ၏
အားဖြည့်မှုနှင့်အတူ၊ ကောင်းကင်ကိုးလွှာ
လေပြင်းဝင်္ကပါ၏ စွမ်းအားသည်
ဆထက်တံပိုး တိုးတက်လာခဲ့၏။
ခက်ထန်လှသော လေပြင်းများသည်

ထောင်ပေါင်းများစွာသော ထက်မြက်သည့်
လှံများကဲ့သို့ ပြင်ပမှ
မီးတောင်ပင်လယ်ကြီးအား
တိုက်ခိုက်လိုက်ကြသည်။

လေပြင်းနှင့် မီးတောက်များသည်
ထိပ်တိုက်ရင်ဆိုင်ခဲ့ကြကာ၊ အကြီးအကျယ်
ပေါက်ကွဲမှုများ ဖြစ်ပေါ်လာကြ၏။

မီးတောက်များသည် လေပြင်းများ၏
ငြိမ်းသတ်ခြင်းကို ခံခဲ့ကြရကာ၊
လေပြင်းများကလည်း မီးတောက်များ၏
ဖျက်ဆီးခြင်းအား ခံလိုက်ကြရသည်။

ကောင်းကင်လေပြင်း သူတော်စင်သည်၊
မြင့်မြတ်သော လေပြင်းတောင် အတွင်းမှ
ခန်းမတစ်ခုအတွင်းတွင် ထိုင်နေခဲ့သည်။
သူသည် ကောင်းကင်ယံမှ နေမင်းနှစ်စင်းအား
ဟန်ပန် အမူအရာ ကင်းမဲ့စွာဖြင့်
ကြည့်လိုက်ကာ၊ သူ၏လက်များဖြင့်
မှော်ကျိန်စာတစ်ခုအား ဖန်ဆင်းလိုက်သည်။

'ဝုန်း'ကနဲ အသံကျယ်ကြီး တစ်ခုက
မြည်ဟိန်းလာခဲ့ကာ မြင့်မြတ်သော
လေပြင်းတောင်၏ အပေါ်တွင်၊ ရောမ
အပေါက်ကြီးတစ်ခု ပေါ်လာခဲ့ပြီး လေဟာနယ်

ပေါက်ကွဲမှုများ ဖြစ်လာခဲ့သည်။
ထိုနေရာမှနေ၍ အဆုံးမဲ့ လေပြင်းများ
တိုက်ခတ်လာခဲ့၏။

ကောင်းကင်လေပြင်း သူတော်စင်သည်
ကောင်းကင်ကိုးလွှာ လေပြင်းဝင်္ကပါအား
အသုံးချလိုက်၍၊ ကောင်းကင်ကိုးလွှာမှ
ကောင်းကင်လေပြင်း အလွှာနှင့်
ဆက်သွယ်မှုများ ပြုလုပ်လိုက်သည်။
ထိုနေရာတွင် မရေမတွက်နိုင်သော၊
ရှေးအကျဆုံး ကောင်းကင်ကိုးလွှာ
ဒြပ်မဲ့လေပြင်းများဖြင့် ပြည့်နှက်လျှက်ရှိသည်။

ဒါသည် ကျင့်ကြံသူ အများအပြား
ကြောက်ရွံ့ကြသော၊ ဟင်းလင်းပြင်
မုန်တိုင်းနှင့် အဆင့် တစ်ဆင့်တည်းတွင်
ရှိနေ၏။ အင်မော်တယ် ဝိညာဉ် အဆင့်မှ
အကြီးအကဲ တစ်ယောက်သည်ပင်လျှင်၊
လုံခြုံမှု ရှိမည်ဟု အာမမခံနိုင်ပေ။

ကောင်းကင်နှင့် မြေကြီးတို့၏ သဘာဝ
စွမ်းအားများကို ယူသုံးနိုင်သော အခွင့်အရေး
ရှိသဖြင့်၊ ဤ၀က်ပါသည် လွန်စွာ
ကြောက်မက်ဖွယ် ကောင်းနေခြင်း ဖြစ်သည်။

ဤကောင်းကင်ကိုးလွှာ လေပြင်းဝက်ံပါသည်၊ ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ံပါ၊ ကြယ်တာရာကိုးလုံး ကောင်းကင်ချေမှုန်း ဝက်ံပါကဲ့သို့၊ သူ၏ နေရာများကို ရွှေ့ပြောင်းနိုင်သည်။ အဘယ်ကြောင့်ဆိုသော် သူမှီခိုနေသော ပထဝီဝင် အနေအထားသည် မြင့်မြတ်သော လေပြင်းတောင် အပေါ်တွင်မဟုတ်ပဲ၊ ကောင်းကင်လေပြင်း အလွှာတွင် မူတည်နေသောကြောင့် ဖြစ်သည်။

ကောင်းကင်ကိုးလွှာ လေပြင်းဝက်ံပါ၏ ဦးဆောင်မှုအောက်တွင်၊

ကြမ်းတမ်းရေးကျသည့် လေပြင်းများသည် ဆင်းသက်လာကြကာ၊ မြင့်မြတ်သော လေပြင်းတောင်အား ဖုံးလွှမ်းထားသည့် မီးတောင်ပင်လယ်ကြီးကို ချက်ချင်းဆိုသလိုပင် ငြိမ်းသက်နိုင်ခဲ့၏။ ပြီးတာနှင့် သူသည်၊ ကောင်းကင်ယံမှ ရွှေကျီး မဟာပဏ္ဍိတ အသွင်ပြောင်းထားသည့် နေမင်းအား ပစ်မှတ်ထားလိုက်သည်။ ယခုတိုက်ပွဲသည် အလွန်ကြီးကျယ်သော တိုက်ပွဲတစ်ခု ဖြစ်လာပေပြီ။

ဒါသည့် ကောင်းကင်ကိုးလွှာ
လေပြင်းဝင်္က်ပါ၏ ကြောက်စရာကောင်းသော
အပိုင်းဖြစ်သည်။

ရွှေကျီး မဟာပဏ္ဍိတ၏ စွမ်းအားများသည့်
ကောင်းကင်လေပြင်း သူတော်စင်ထက်
တစ်ဆင့်မက ပိုမြင့်သော်လည်း၊
ကောင်းကင်ကိုးလွှာ လေပြင်းဝင်္က်ပါ၏
အစွမ်းဖြင့် ကောင်းကင်လေပြင်း
သူတော်စင်သည် ကောင်းစွာ
ခုခံနိုင်ခဲ့ပေသည်။

ကောင်းကင်လေပြင်း သူတော်စင်သည်၊
စိတ်သက်သာရာ ရစွာဖြင့်
သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်လိုက်သည်။
"တော်သေးတာပေါ့၊ ငါက အချိန်နည်းနည်း
ထပ်ဆွဲထားနိုင်ခဲ့ရင်၊ ဒီမိစ္ဆာက
သူပြန်ဆုတ်ရမည့်အချိန် သူသိမှာပဲ။
တကယ်လို့သူက ဝိုင်းရံပိတ်ဆို့
အတိုက်ခိုက်ခံရပြီး အသတ်မခံချင်ရင်ပေါ့"

ထိုအချိန်တွင် ကောင်းကင်လေပြင်း
သူတော်စင်သည် ခံစားချက်
တစ်မျိုးပေါ်ပေါက်လာခဲ့၍၊ သူ၏ခေါင်းအား

အခြားတစ်ဘက်မှ လေဟာနယ် အတွင်းသို့
လှည့်ကြည့်လိုက်သည်။

ထိုနေရာတွင် လေဟာနယ်သည်
ဆူပွက်နေသော ရေများကဲ့သို့ ပြင်းထန်စွာနှင့်
တုန်ခါလာခဲ့သည်။

ခရမ်းရောင် မြူခိုးငွေ့များသည်
ကောင်းကင်ယံတွင် ပေါ်လာခဲ့ကာ၊
နေရာအနှံ့သို့ ပျံ့နှံ့သွားခဲ့၏။
ချက်ချင်းဆိုသလိုပင်
ကောင်းကင်တစ်ခုလုံးသည် ခရမ်းရောင်
သန်းသွားခဲ့သည်။

ကောင်းကင်လေပြင်း သူတော်စင်သည် ထိတ်လန့်တုန်လှုပ်သွားခဲ့ကာ၊ "ဒါ.. ဒါကဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ!"

## စာစဥ် ၂၁ : အပိုင်း ၁၇

## အပိုင်း ၃၈၇ : ယုကျင်းတောင်နှင့် မြင့်မြတ်သော လေပြင်းတောင်တို့၏ ပြိုင်ဆိုင်မှု!

ခရမ်းရောင် မြူခိုးငွေ့များက ကောင်းကင်ယံတွင် ရုတ်တရက်

ပေါ်လာခဲ့ကာ၊ ခရမ်းရောင် တိမ်တိုက်
ပင်လယ်ကြီး တစ်ခုကို ဖန်ဆင်းလိုက်သည်။

ကောင်းကင်လေပြင်း သူတော်စင်သည်
ထိတ်လန့်တုန်လှုပ်စွာနှင့်၊ ထိုခရမ်းရောင်
တိမ်တိုက် ပင်လယ်ကြီးအား ကြည့်နေခဲ့၏။
သူ၏ အလယ်တွင် အဖြူရောင်
ကျောက်စိမ်းနှင့်တူသော
တောင်ကြီးတစ်လုံးကို တွေ့နေရသည်။

သူ့ထံမှနေ၍ ကောင်းကင်ကဲ့သို့ ကျယ်ပြန့်ကာ
ပင်လယ်ကဲ့သို့ အဆုံးမဲ့သည့်၊

ကြောက်မက်ဖွယ်ရာ မှော်စွမ်းအင်
လှုပ်ရှားမှုများ ထွက်ပေါ်နေခဲ့သည်။

တောင်၏ အပေါ်တွင် သက်တန့်တိမ်တိုက်
တံတားခြောက်ခုတို့ဖြင့် ဆက်သွယ်ထားသော၊
ထူးခြားသည့် ပုံစံမျိုးနှင့်
ဗိမာန်ခြောက်ခုတို့အား တွေ့နိုင်သည်။

အချို့မှာ မီးတောက်များဖြင့်
တောက်လောင်နေကြ၍၊ အချို့မှာ
အေးစက်ကာ အထီးကျန်နေပြီး၊ အချို့မှာမူ
ဆီးနှင်းများ ကျနေခဲ့၏။

ဗိမာန်ခြောက်ခုစလုံးတို့သည် လေပြင်းများ
မိုးကြိုးတိမ်တိုက်များဖြင့် ပြည့်နှက်နေ၍၊
တောင်ကြီးအား ဝိုင်းရံကာကွယ်ထား၍
စောင့်ရှောက်နေကြသည်!

တောင်ထိပ်ဖျားတွင်
ကောင်းကင်ကိုဖုံးလွှမ်းထားသည့်၊ ရောမ
သက်တန့် ရတနာ သစ်ပင်ကြီး တစ်ခုအား
တွေ့နိုင်သည်။ သူ၏ သစ်ကိုင်းများမှာ
ကမ္ဘာပေါင်း များစွာအဖြစ်သို့
ဆန့်တန်းနေကြ၍၊ လေဟာနယ်
တစ်ခုလုံးအား ဖြန့်ကြက်ထားကြသည်။

ထိုသစ်ပင်၏ ထိပ်ဖျားတွင်၊ ခရမ်းရောင်
ဝတ်စုံနှင့် လူတစ်ယောက်က
မတ်တတ်ရပ်နေခဲ့၏။ သူသည် အမူအရာ
ကင်းမဲ့စွာဖြင့် ပြုံးနေခဲ့ကာ၊
ကောင်းကင်လေပြင်း သူတော်စင်အား
ကြည့်နေခဲ့သည်။ သူသည် လင်းဖုန်း၏
မူလခန္ဓာကိုယ် ဖြစ်သည်။

လင်းဖုန်းသည် မြင့်မြတ်သော
လေပြင်းတောင်အား အလည်အပတ်
လာနေသကဲ့သို့၊ တည်ငြိမ်အေးချမ်းနေ၏။
သို့သော်လည်း ကောင်းကင်လေပြင်း

သူတော်စင်သည် သူ့အားတွေ့လိုက်သည်နှင့်၊ အံ့အားသင့်မှင်သက်သွားခဲ့သည်။

"မင်းက အလောင်းအစား လုပ်နေတာလား" ကောင်းကင်လေပြင်း သူတော်စင်သည် ခါးသီးစွာဖြင့် မေးလိုက်သည်။ လင်းဖုန်းက ရယ်လိုက်ကာ သူ၏ခေါင်းကို ခါလိုက်၏။ "ယုကျင်းတောင်နဲ့ ကျုပ်နဲ့က ခွန်းလွန်တောင်ရဲ့ အလယ်ဗဟိုမှာ ရှိနေခဲ့တာ။ ကျုပ်က ခင်ဗျားနဲ့ ရွှမ်းမင်သူတော်စင်ကို တိတ်တိတ်ကလေး စောင့်ကြည့်နေခဲ့တာ"

"အမှန်အတိုင်း ပြောရရင်၊ ကျုပ်က မြင့်မြတ်သော လေပြင်းတောင်တန်းကို ခင်ဗျားနောက်ကနေ လိုက်လာခဲ့တာ"

ကောင်းကင်လေပြင်း သူတော်စင်သည် လင်းဖုန်းအား သံသယဖြစ်စွာနှင့် ကြည့်လိုက်သည်။ ခဏအကြာတွင် သူက နှာမှုတ်လိုက်သည်။ "အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ ခေါင်းဆောင်က၊ ကျုပ်တို့ လေနတ်ဘုရားဂိုဏ်းကို အတော်အလေးထားတာပဲ"

လင်းဖုန်း၏ ရည်ရွယ်ချက်များမှာ
ရှင်းနေပေသည်။ ကောင်းကင်လေပြင်း
သူတော်စင် ဘယ်သွားသွား၊ သူနှင့်
ယုကျင်းတောင်က အနောက်ကနေ
လိုက်မည်ဖြစ်၏။ အကယ်၍ သူသည်
နဂိုနေရာတွင်သာ ဆက်နေခဲ့၍
ယုရှင်းတောက်နှင့်အတူ တိုက်ခိုက်နေခဲ့လျှင်၊
လင်းဖုန်းနှင့် ယုကျင်းတောင်သည်
သူတို့အပေါ်သို့ ကျရောက်လာမည် ဖြစ်သည်။

သို့သော်လည်း ကောင်းကင်လေပြင်း
သူတော်စင်သည်၊ မြင့်မြတ်သော
လေပြင်းတောင်သို့ ပြန်ရန် ဆုံးဖြတ်ခဲ့၏။

သံမဏိသစ်ပင် ကိုယ်ပွားနှင့်
အခြားတပည့်များ အပေါ်သို့ ကျရောက်ခဲ့သော
ဖိအားများသည်လည်း လျော့ကျသွားခဲ့သည်။
ထို့နောက် လင်းဖုန်းသည် သူ့အနောက်ကို
ယုကျင်းတောင်နှင့်၊ မြင့်မြတ်သော
လေပြင်းတောင် အထိ လိုက်လာခဲ့သည်။

"ကျုပ်တို့ နှစ်ဂိုဏ်းဟာ ပထဝီဝင်
အနေအထားအရ ဆက်စပ်နေတယ်။
ကျုပ်တို့က ပဋိပက္ခလေးတွေ ရှိခဲ့ကြပေမဲ့၊
မဟာရန်သူ အဆင့်တော့ မရောက်သေးဘူး"
ကောင်းကင်လေပြင်း သူတော်စင်သည်
လင်းဖုန်းအား နားမလည်နိုင်စွာဖြင့်

ကြည့်လိုက်သည်။ "ဒါပေမဲ့ ရှီထျန်းဟောင်ကြောင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနဲ့ ယုမိသားစုတို့ဟာ၊ ဒွိစုံသူငယ်အိမ်နဲ့ လူကြောင့် မဖြစ်မနေ တိုက်ခိုက်ရလိမ့်မယ်"

"ယုရှင်းတောက်က ခင်ဗျားရဲ့ အဓိကပစ်မှတ် ဖြစ်ရမှာ မဟုတ်ဘူးလား။ ခင်ဗျားက ယုကျင်းတောင်ကို ခေါ်လာပြီး ကျုပ်နဲ့ စာရင်းလာရှင်းတယ်။ ယုရှင်းတောက်က ဟိုက အခြေအနေကို ဘာမှ တတ်နိုင်မှာ မဟုတ်ပေမဲ့၊ ခင်ဗျားက ခင်ဗျားရဲ့

ကိုယ်ပွားနဲ့တင် သူ့ကို ထိန်းထားနိုင်မှာ မဟုတ်ဘူး"

လင်းဖုန်းက ပြုံးလိုက်ကာ ပြောလိုက်သည်။ "ကျုပ်ကလည်း သူ့ကို ထိန်းထားဖို့ မရည်ရွယ်ပါဘူး"

"ခင်ဗျား..." ကောင်းကင်လေပြင်း သူတော်စင်သည် ရုတ်တရက် သဘောပေါက်သွားခဲ့သည်။ "ခင်ဗျားက သူ့ကို မဟာချင် အင်ပါယာအတွက် ထားထားတာပဲ"

လင်းဖုန်းက ရယ်သာရယ်လိုက်သည်။
ဟုတ်သည်ဟုလည်း ဝန်မခံခဲ့သလို၊
မဟုတ်ဘူး ဟူ၍လည်း မငြင်းခဲ့ပေ။

သူသည် ဝူချင်လျှို၏ အကြံအစည်
အသေးစိတ်ကို မသိသော်လည်း၊
အခြေအနေကို ကြည့်ရသည်မှာ ဝူချင်လျှိုက
မည်သည့်ဘက်တွင် ရပ်တည်ရပ်တည်၊
မဟာချင် အင်ပါယာ၏ တော်ဝင်မိသားစုနှင့်
မိသားစုကြီးများ အကြားမှ တင်းမာမှုများသည်
ပိုမိုပြင်းထန်လာတော့မည် ဖြစ်သည်။

ထိုကဲ့သို့သော အခြေအနေမျိုးတွင်
ယုရှင်းတောက်အား ရှင်းပစ်ခြင်းမှာ၊ မဟာချင်
အင်ပါယာအား အကူအညီ ပေးခဲ့သည်နှင့်
တူနေပေမည်။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏
အင်အားကောင်းသော အိမ်နီးချင်း
ဖြစ်သည်နှင့်အညီ၊ လင်းဖုန်းသည် မဟာချင်
အင်ပါယာအား တတ်နိုင်သမျှ ခလောက်ဆန်
ရှုပ်ထွေးစေလိုပေသည်။ သို့မှသာ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းအတွက်
ဖွံ့ဖြိုးတိုးတက်ရန် အချိန်လုံလောက်မည်
ဖြစ်၏။

မဟာချင် အင်ပါယာသည် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းအား ဟွမ်ဟိုင်
စိတ်ဝိညာဥ် အစည်းအဝေးသို့
ဖိတ်ခေါ်ခြင်းသည်၊ သူတို့အား ကောင်းမွန်စွာ
ဆက်ဆံနေသည်ဟု ထင်၍မရချေ။ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းသည်
သန်မာလာသည်နှင့်အမျှ၊ မဟာချင်
အင်ပါယာသည် ပို၍ သတိထားလာမည်
ဖြစ်သည်။ သူတို့သည် သူတို့၏ စိတ်များ
ပြောင်းသွားနိုင်ကာ၊ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းအား
ဖိနှိပ်လာနိုင်ပေမည်။

လင်းဖုန်းသာ နားလည်၍ အခြားသူများ
ပြောပြ၍ မရသော အကြောင်းရင်း
နောက်တစ်ခုမှာ၊ ယုမိသားစုသည်
ရှောင်ပုတန်အား အတွေ့အကြုံ
ရင့်ကျက်လာအောင် ပေးထားသည့်
လင်းဖုန်း၏ လက်ဆောင်တစ်ခုပင် ဖြစ်သည်။

သူ့ရန်သူ၏ ညာလက်ရုံးသည်၊
သူတိုးတက်ရာတွင် အသုံးအပြုခံရမည့်
ခြေနင်းကျောက်တုံး တစ်တုံးဖြစ်သည်။
ရှောင်ပုတန်က အောင်မြင်သွားခဲ့လျှင်၊
ယုမိသားစုသည် ကျရှုံးသွားတော့မည် ဖြစ်၏။
လင်းဖုန်းသည် ဒီလောက်အထိ အပင်ပန်းခံ၍

အားထုတ်နေစရာ မလိုပေ။ သူသည် အေးဆေးသာထိုင်၍ ပြပွဲကို ကြည့်နေရုံသာ ဖြစ်၏။

ရှောင်ပုတန်သည် တစ်ဆင့်ပြီးတစ်ဆင့် တက်ကာ တိုက်ခိုက်သွားမည် ဖြစ်သည်။ နောက်ဆုံးတွင် သူသည် 'ဆရာကြီး' အဆင့်သို့ ရောက်သွားမည်ဖြစ်ကာ၊ အသန်မာဆုံး စိန်ခေါ်သူကို အနိုင်ပိုင်းနိုင်မည် ဖြစ်၏။

လင်းဖုန်းပြုလုပ်ရန် လိုအပ်သည်မှာ ရှောင်ပုတန်က အရည်အချင်း မပြည့်မှီသေးချိန်တွင်၊ 'ဆရာကြီး' အဆင့်မှ

ရန်သူက အချိန်မှား၍ ပေါ်လာကာ၊
ရှောင်ပုတန်အား တိုက်ခိုက်မည်ကို
ကာကွယ်ပေးရန်ပင် ဖြစ်သည်။

ပြီးတော့ ကောင်းကင်လေပြင်း
သူတော်စင်အား ဖယ်ရှားလိုက်လျှင်၊
သူ့အတွက် အကျိုးအမြတ်
များစွာရနိုင်ပေသည်။

ကောင်းကင်လေပြင်း သူတော်စင်သည် သူ၏
လက်နှစ်ဘက်ကို အသုံးပြုလိုက်ကာ၊
နောက်ထပ် မှော်ကျိန်စာ တစ်ခုအား
ဖန်ဆင်းလိုက်၏။ သူသည် ရွှေကျီး

မဟာပဏ္ဍိတအား တိုက်ခိုက်နေသော
လေပြင်းများကို ပြန်ခေါ်လိုက်ကာ၊
လေပြင်းဒိုင်းတစ်ခုအသွင် ပြောင်းလိုက်၍
မြင့်မြတ်သော လေပြင်းတောင်အား
ကာကွယ်လိုက်သည်။

ရှေးကျိုး မဟာပဏ္ဍိတနှင့် လင်းဖုန်းတို့
နှစ်ယောက်စလုံး၏ ဖိအားများအား
ရင်ဆိုင်ခဲ့ရ၍၊ ကောင်းကင်လေပြင်း
သူတော်စင်သည် ခုခံရုံသာ တတ်နိုင်ခဲ့သည်။

သူ၏ တစ်ခုတည်းသော မျှော်လင့်ချက်မှာ
နတ်ဘုရားနယ်မြေသို့

ကျူးကျော်ဝင်ရောက်ခဲ့သော ရွှေကျီး
မဟာပဏ္ဍိတ အကြောင်းကို ကြားသိရ၍၊
လာရောက်ကူညီကြမည့်
လူသားကျင့်ကြံသူများပင် ဖြစ်၏။

"အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်၊
ခင်ဗျားက ခင်ဗျားရဲ့ တောင်ပေါ်မှာ
တောက်တီတစ်ကောင်ကို
လက်ခံထားကတည်းက မှားနေပြီ။
အခုအချိန်မှာ ခင်ဗျားက ရွှေကျီးနဲ့ပါ
ပူးပေါင်းကြံစည်တယ်ဆိုတော့၊
လူသားကျင့်ကြံသူ ကမ္ဘာမှာ ခင်ဗျားအတွက်
နေရာမရှိတော့ဘူး" ကောင်းကင်လေပြင်း

သူတော်စင်သည် လင်းဖုန်းအား အေးစက်စွာ စိုက်ကြည့်နေခဲ့သည်။ "ခင်ဗျားက ဘယ်လို ဖြေရှင်းချက် ပေးမလဲ ကြည့်ရသေးတာပေါ့"

လင်းဖုန်းသည် ကောင်းကင်လေပြင်း သူတော်စင်အား ကြည့်လိုက်ကာ၊ မျက်နှာပေါ်တွင် အပြုံးတစ်ခု ပေါ်လာခဲ့၏။ သူက ပြောလိုက်သည်။ "ခင်ဗျားကို အရင် အပြတ်ရှင်းဖို့က ကျုပ်အစီအစဥ်ရဲ့ ပထမပိုင်း ဖြစ်တယ်။ မဟုတ်လို့ရှိရင်တော့ ကျုပ်က မိစ္ဆာနဲ့ ပူးပေါင်းတယ် ဆိုပြီးတော့ တကယ်ပဲ စွဲချက်အတင်ခံရမှာ"

သူသည် မဟူရာကောင်းကင် ရတနာသစ်ပင်၏ ထိပ်ဖျားတွင် ထိုင်နေခဲ့၍၊ သူ၏ လက်များအား စုစည်းလိုက်ကာ မှော်ကျိန်စာ တစ်ခုအား ဖန်ဆင်းလိုက်သည်။ သူက ပြောလိုက်၏။ ''ကျုပ်က ဘယ်လိုရှင်းပြမယ် ဆိုတာက၊ ခင်ဗျားအပူ တစ်ပြားသားမှ မပါပါဘူး'

လင်းဖုန်းသည် သူ၏ စိတ်အခြေအနေနှင့် ယှဉ်ကျင်းတောင်၊ မဟူရာကောင်းကင် ရတနာသစ်ပင်၊ ခရမ်းရောင် တိမ်တိုက်ပင်လယ်တို့၏ အကြားတွင်

မျှခြေတစ်ခုအား တည်ဆောက်နိုင်ခဲ့ပြီ ဖြစ်သည်။ သူတို့သည် ပေါင်းစည်းသွားကြ၏။

ခရမ်းရောင် တိမ်တိုက်ပင်လယ်ကြီးသည် လှိုင်းထလာခဲ့၍ ယုကျင်းတောင်အား ဖုံးလွှမ်းသွားခဲ့သည်။ ပြီးတာနှင့် ခရမ်းရောင် တိမ်တိုက် ပင်လယ်ကြီး၏ အပြင်ဘက်မှနေ၍၊ ရောင်စုံအလင်းတန်း စက်ဝိုင်းတစ်ခုသည် ပြည့်စုံသော စက်လုံးတစ်ခု ပုံစံသို့ ပြောင်းသွားခဲ့၏။ သူသည် ယုကျင်းတောင်၊ မဟူရာကောင်းကင် ရတနာသစ်ပင်နှင့် ခရမ်းရောင် တိမ်တိုက်ပင်လယ်ကြီးအား လွှမ်းခြုံထားနိုင်ခဲ့၏။

ကောင်းကင်လေပြင်း သူတော်စင်သည် ထိုမြင်ကွင်းအား မြင်ရသောအခါ၊ သူ၏ မျက်နှာတစ်ခုလုံးသည် အမူအရာ ပျက်သွားခဲ့သည်။ သူသည် ထိုအလင်းတန်း စက်လုံးအား စိုက်ကြည့်နေခဲ့၍၊ သူ၏အတွင်းမှာ ထူးခြားဆန်းကြယ် လှို့ဝှက်နက်နဲလှသည့် သဘောတရားများကို ခံစားနေခဲ့ရသည်။

သူသည် စွမ်းအား သဘောတရားများ သိန်းနှင့်ချီ၍ ပေါင်းစပ်ဖွဲ့စည်းထားသည့်၊

ပြည့်စုံသော ကမ္ဘာတစ်ခုအား
ရင်ဆိုင်နေခဲ့ရသည့် အတိုင်းဖြစ်သည်။

"ဘုန်း၊ ဘုန်း၊ ဘုန်း!" အလင်းတန်း စက်လုံး၏
ဘေးပတ်ပတ်လည်မှ လေဟာနယ်များမှနေ၍၊
ပေါက်ကွဲသံများ ထွက်ပေါ်လာကြ၏။
ကြည့်ရသည်မှာ ကမ္ဘာများ အတွင်းမှ
နယ်နိမိတ်များက ပွတ်တိုက်မှု ဖြစ်နေ၍၊
အချင်းချင်း ဖျက်ဆီးနေကြသကဲ့သို့ ဖြစ်၏။

ကောင်းကင်လေပြင်း သူတော်စင်
တစ်ဦးတည်းသာ အံ့ဩတုန်လှုပ်နေခဲ့သည်

မဟုတ်ပဲ၊ ရွှေကျီး မဟာပဏ္ဍိတသည်လည်း ထိတ်လန့်သွားခဲ့သည်။

ယုကျင်းတောင်သည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ နေရာဖြစ်ပြီး၊ သူသည် သူ၏နေရာကို ရွှေ့ပြောင်းနိုင်သည်ကို လူတိုင်းက သိထားကြ၏။ သို့ဖြစ်၍ လင်းဖုန်းသည် ရန်သူတို့၏ နယ်မြေအတွင်းသို့ ကျူးကျော်ဝင်ရောက်ရန်၊ ကြောက်ရွံ့နေမည် မဟုတ်ပေ။ သူသည် ယုကျင်းတောင်ကို အမိန့်ပေး၍၊ ရန်သူ၏ အိမ်ကွင်းအားသာချက်ကို လွယ်ကူစွာနှင့် ဖယ်ရှားနိုင်ခဲ့ပေသည်။

သို့သော်လည်း ယုကျင်းတောင်တွင်
မည်သည့်စွမ်းအားများကို
ပိုင်ဆိုင်ထားသည်ကိုမူ၊ တစ်ယောက်ကမှ
မသိကြချေ။

ယခင်က ရှကျိုးတွင် ယုကျင်းတောင်သည်
ရုတ်တရက် ကျဆင်းလာခဲ့၍၊
အခြေတည်ဝိညာဉ် စဦးပိုင်း အဆင့်မှ
ကျင့်ကြံသူ နှစ်ယောက်အား ခြေမွပစ်ခဲ့သည်။
ဒါသည် ခြင်နှစ်ကောင်ကို သတ်သကဲ့သို့
လွယ်ကူလှသော်လည်း၊ သူ၏ စွမ်းရည်
အစစ်အမှန်များကို ဖော်ပြရခြင်း မရှိသေးပေ။

ယခုအချိန်ထိပင် ယုကျင်းတောင်သည်၊ သူ၏ အစစ်အမှန် စွမ်းဆောင်ရည်၏ အစိတ်အပိုင်း အနည်းငယ်ကိုသာ ဖော်ပြရသေးခြင်း ဖြစ်သည်။

"ငါကလည်း သတိထားမှရမယ်။ မဟုတ်လို့ရှိရင်၊ ငါက လေနတ်ဘုရားဂိုဏ်းနဲ့ အဖော်လုပ်နေရမယ်"

ဒါသည် ရွှေကျီး မဟာပဏ္ဍိတ၏ ခေါင်းထဲတွင် ပေါ်လာခဲ့သော ပထမဆုံး အတွေးဖြစ်၏။

သို့သော်လည်း ရွှေကျီး မဟာပဏ္ဍိတအား အနည်းငယ် စိတ်သက်သာရာ ရစေသည့် အချက်မှာ၊ ယုကျင်းတောင်သည် ကြီးမားလှသည့် စွမ်းအားများကို ဖော်ထုတ်ခဲ့သော်လည်း၊ သူ၏ စွမ်းအားနှင့် ပြင်ပကမ္ဘာ၏ အကြားတွင် ပဋိပက္ခများ သိသိသာသာကြီး ဖြစ်ပေါ်နေခဲ့ခြင်း ဖြစ်သည်။ သူ၏ စွမ်းအားများမှာ လွန်စွာ ကြီးကျယ်လှသောလည်း၊ ချောချောမွေ့မွေ့ ဖြစ်မနေခဲ့ပေ။

သူ့အား အသုံးပြု၍ မြင့်မြတ်သော လေပြင်းတောင်ကို တိုက်ခိုက်ခြင်းမှာ လွန်စွာ

သင့်တော်လှသော်လည်း၊ လျှင်မြန်စွာ
လှုပ်ရှားနိုင်သည့် ကောင်းကင်လေပြင်း
သူတော်စင်အား တိုက်ခိုက်ရန်မှာမူ
လုံးဝမသင့်တော်ပေ။

သူ့အား ရင်ဆိုင်ကျော်လွှားနိုင်ရန်
ခက်ခဲလှသော်လည်း၊ ရှောင်တိမ်းရန်မှာမူ
သိပ်ပြီး မခက်ခဲလှချေ။

သူ့ကိုယ်သူ နှစ်သိမ့်နေခဲ့သော်လည်း ရွှေကျီး
မဟာပဏ္ဍိတသည်၊ မြင့်မြတ်သော
လေပြင်းတောင်အား တိုက်ခိုက်နေသော
ယုကျင်းတောင်အား ကြည့်နေခဲ့ကာ၊

ကြောက်ရွံ့စိတ်များက တစ်ဖွားဖွားနှင့် ပေါ်လာခဲ့သည်။

"ဘုန်း!"

အလင်းတန်း စက်လုံးကြီး ဖုံးလွှမ်းထားသော ယုကျင်းတောင်သည်၊ မြင့်မြတ်သော လေပြင်းတောင်ပေါ်သို့ ပြင်းထန်စွာနှင့် ကျရောက်လာခဲ့၏။ လေဟာနယ်သည် ကွဲကြေသွားကာ၊ ယုကျင်းတောင်သည် ကြေမွသွားသော ကြေးမုံတစ်ခုအား ဖြတ်သန်းသွားသကဲ့သို့ ဝင်ရောက်သွားခဲ့သည်။

လေဟာနယ် အကြားမှ နယ်နိမိတ်များသည်
ယုကျင်းတောင်၏ ဖျက်ဆီးခြင်းအား
ခံခဲ့လိုက်ရ၏။

ကောင်းကင်လေပြင်း သူတော်စင်သည်
ထိတ်လန့်တုန်လှုပ်စွာနှင့်၊ သူ၏လက်များကို
အသုံးပြုကာ မှော်ကျိန်စာများ
တစ်ခုပြီးတစ်ခုအား ထုတ်လွှတ်နေခဲ့သည်။
သူသည် ကောင်းကင်လေပြင်း အလွှာမှ
ခက်ထန်သော ကောင်းကင်ကိုးလွှာ
ဒြပ်မဲ့လေပြင်းများကို ဆင့်ခေါ်ကာ၊
ကောင်းကင်ကိုးလွှာ လေပြင်းဝက်ပါ၏

စွမ်းအားများကို အစွမ်းကုန် မြှင့်တင်၍၊
မြင့်မြတ်သော လေပြင်းတောင်အား
အပြင်းအထန် ခုခံကာကွယ်နေခဲ့သည်။

သူသည် ဟော်ဟာစ်လိုက်၍ လူသားပုံစံမှ
အသွင်သဏ္ဍာန် ကင်းမဲ့သော
စွမ်းအားကြီးသည့် လေပြင်းပုံစံအား
ပြောင်းလိုက်ကာ၊ သူ့ကိုယ်သူ
ကောင်းကင်ကိုးလွှာ လေပြင်းဝက်ပါနှင့်
ပေါင်းစည်းလိုက်၏။

တစ်ချိန်တည်းမှာပင် မြင့်မြတ်သော
လေပြင်းတောင်အပေါ်တွင်၊ ရောမ

ယပ်တောင်ကြီး တစ်ခုက
ပေါ်ပေါက်လာခဲ့သည်။ သူသည်
တောင်ပေါ်မှနေ၍ ယပ်ခတ်နေခဲ့ကာ၊ ရောမ
မုန်တိုင်းကြီး တစ်ခုအား ဖြစ်ပေါ်စေခဲ့၏။

ကောင်းကင်လေပြင်း သူတော်စင်သည်
သူ၏အသက်ကိုစွန့်ကာ တိုက်ခိုက်နေခြင်း
ဖြစ်သည်။ သူသည် သူ၏ အင်မော်တယ်
ဝိညာဉ် ကိုယ်ပွားအား ဖော်ပြလိုက်၍၊
ကောင်းကင်လေပြင်း ရတနာ ယပ်တောင်အား
ထုတ်ယူလိုက်သည်။ သူ့တွင်ရှိသော
စွမ်းအားများအားလုံးအား ယခုအချိန်တွင်
ထုတ်ဖော်လိုက်ပြီ ဖြစ်သည်။

သူသည် ယခုအချိန်တွင် ရှိသမျှ အစွမ်းကို အကုန်ထုတ်မသုံးခဲ့ပါက၊ အနာဂတ်တွင် ထုတ်ဖော်ရန် အခွင့်အရေး ရှိတော့မည် မဟုတ်မှန်း သိနေခဲ့၏။

ဤအချိန်တွင် မြင့်မြတ်သော လေပြင်းတောင်၏ ပြင်ပမှ လေထုနံ့ရုံကြီးသည်၊ လေပြင်း တစ်လွှာပြီး တစ်လွှာဖြင့် ဖွဲ့စည်းပေါ်ပေါက်လာခဲ့၏။ သူတို့သည် တစ်ခုတည်း အဖြစ်သို့ ပေါင်းစည်းသွားကြကာ၊ အသွင်သဏ္ဍာန် ကင်းမဲ့သော အရည်အသွေးအား

စွန့်လွှတ်လိုက်ကြသည်။ အခြားတစ်ဘက်တွင် သူသည် အရောင်မျိုးစုံတို့ဖြင့် တောက်ပလာကြသည်။

ခံစစ်စွမ်းအင်တို့အား အစွမ်းကုန် မြှင့်တင်ခဲ့သဖြင့်၊ ရှေကျီး မဟာပဏ္ဍိတသည် သူ့အား မထိုးဖောက်နိုင်တောပေ။ သို့ဖြစ်၍ သူသည် မြင့်မြတ်သော လေပြင်းတောင်အား ကြည့်သာကြည့်နိုင်ခဲ့၍၊ သူလိုချင်သော အရာအား မရနိုင်တော့ပေ။

သို့သော်လည်း ထိုခံစစ်မှာ ယုကျင်းတောင်၏ အရှေ့တွင် မည်သို့မှ အသုံးမဝင်ခဲ့ပေ။

သူသည် တိုက်ပွဲအားလုံးကို အောင်နိုင်ခဲ့သော
ရှင်ဘုရင် တစ်ပါးအလား၊
ကောင်းကင်ကိုးလွှာမှ နတ်ဘုရား ဧကရာဇ်က
ဆင်းသက်လာသည့်အတိုင်း ဖြစ်နေခဲ့သည်။

တောင်တစ်ခုလုံးသည် အဆက်မပြတ်
တုန်ခါနေခဲ့၍၊ မရေမတွက်နိုင်သော
စိတ်ဝိညာဉ် စွမ်းအင်တို့အား
ထုတ်လွှတ်နေခဲ့သည်။ ယုကျင်းတောင်အား
ဝန်းရံထားသော အလင်းတန်း စက်လုံးသည်၊
ကောင်းကင်ကိုးလွှာ လေပြင်းဝက်ပါအား
ပြင်းထန်စွာနှင့် ဆောင့်ချလိုက်၏။

ယုကျင်းတောင်နှင့် မြင့်မြတ်သော
လေပြင်းတောင်တို့၏ ပြိုင်ဆိုင်မှု!

တစ်ဝုန်းဝုန်း မြည်သံများနှင့်အတူ၊
ပတ်ဝန်းကျင် တစ်ခုလုံး
ရှန်းရင်းဆန်ခတ်ဖြစ်ကာ ဖရိုဖရဲ
ကစဥ့်ကလျား ဖြစ်နေခဲ့၏။ မြင့်မြတ်သော
လေပြင်းတောင် ပတ်ပတ်လည်မှ
တောင်တန်းများသည်၊ ပြိုကျကုန်ကြကာ
ပြားပြားဝပ်ကုန်ကြ၏!

ကျယ်ပြန့်လှသော နယ်မြေကြီးတွင်
မြင့်မြတ်သော လေပြင်းတောင် တစ်ခုသာ
ကျန်နေခဲ့၏။ အထီးကျန် ဆန်လှပေသည်။

လေပြင်းနံရံကြီးမှာ မိုတ်တုတ်မိုတ်တုတ်
ဖြစ်နေခဲ့၍၊ ပျက်ဆီးတော့မည့်ပုံ
ပေါက်နေခဲ့သည်။

ကောင်းကင်လေပြင်း သူတော်စင်အား
စိတ်ခာတ်ကျစေခဲ့သည့် အချက်မှာ၊ ဒါသည်
ယုကျင်းတောင်၏ ပဏာမ တိုက်ခိုက်မှုသာ
ရှိသေးခြင်း ဖြစ်သည်။

အလင်းတန်း စက်လုံးသည် လေပြင်းနံရံနှင့် ထိတွေ့လိုက်သည်နှင့်၊ ကြီးမားလှသည့် ခွန်အားများသည် မြင့်မြတ်သော လေပြင်းတောင်အား ပြင်းထန်စွာနှင့် ရိုက်ချလာခဲ့၏။

မြင့်မြတ်သော လေပြင်းတောင်သည် ကားတစ်စင်းအား ကာချင်နေသည့် နံ့ကောင်တစ်ကောင်အလား၊ အစွမ်းကုန် ကြိုးစားခဲ့သော်လည်း ကျရှုံးနေခဲ့သည်။

ကြောက်မက်ဖွယ်ရာ မှော်စွမ်းအင် တုန်ခါမှုများကြောင့်၊ ဘေးပတ်ပတ်လည်မှ

မြေပြင်များသည် ပြိုကွဲပျက်စီးကုန်ကြ၏။
မာကျောသော ကျောက်တုံးများသည်
ကြေမွကုန်ကြကာ၊ လေထုအတွင်းတွင်
ဖုန်မှုန့်များဖြင့် ပြည့်နှက်နေကြ၏။
ကြည့်ရသည်မှာ မြင့်မြတ်သော
လေပြင်းတောင်၏ ဘေးပတ်ပတ်လည်သည်၊
သဲမုန်တိုင်း အတိုက်ခံရသကဲ့သို့ ဖြစ်နေခဲ့၏။

အလိုလေး၊ ယုကျင်းတောင်အား
ဝန်းရံထားသည် အလင်းတန်း စက်လုံးသည်
နှောက်ဆုတ်သွားခဲ့ကာ၊
ကောင်းကင်အလယ်သို့ ထိုးတက်သွားခဲ့သည်။

သို့သော်လည်း မြင့်မြတ်သော
လေပြင်းတောင်သည် အနားပင် မရသေးခင်၊
အလင်းတန်း စက်လုံးကြီးသည် ထပ်မံ၍
ကျဆင်းလာခဲ့သည်။

ယုကျင်းတောင်သည် အမတန်မှ
ခက်ထန်စွာနှင့် သူ၏ စွမ်းအား အားလုံးတို့ကို
စုစည်းခဲ့ကာ၊ အရာတစ်ခုတည်းကိုသာ
အာရုံစိုက်ထားခဲ့သည်။

ဝုန်း! ဝုန်း! ဝုန်း!

## စာစဥ် ၂၁ : အပိုင်း ၁၈

## အပိုင်း ၃၈၈ : ယနေ့မှစ၍ ခွန်းလွန်တောင်တွင် အသံတစ်သံသာ ရှိတော့မည်!

ရှေးကျိုး မဟာပဏ္ဍိတသည် ထောင့်တစ်ထောင့်တွင် ရပ်နေ၍ ယုကျင်းတောင်က နတ်ဘုရားနယ်မြေ၏ မဟာကမ္ဘာတွင် အပေါက်တစ်ပေါက်ဖြစ်အောင် လုပ်နေခဲ့သည်ကို ကြည့်နေခဲ့သည်။ သူသည် တုန်တုန်ရီရီဖြင့် တွေးနေခဲ့၏။

"အရင်ဆုံး သူက မြင့်မြတ်သော လေပြင်းတောင်ကို ဖြိုခွဲတာကို စောင့်ကြည့်လိုက်ဦးမယ်။ အလေသုံးဆယ် လုပ်လို့ မဖြစ်သေးဘူး။ သူက မြင့်မြတ်သော လေပြင်းတောင်ကို အရင်ဖျက်ဆီးပစ်ပါစေဦး"

ရွှေကျီး မဟာပဏ္ဍိတသည် ရင်ထဲမှ စဉ်းစားနေခဲ့သည်။ "တကယ်လို့ သူက ကောင်းကင်လေပြင်း သူတော်စင်ကို သတ်နိုင်ရင် အကောင်းဆုံးပေါ့။ ဒါပေမဲ့ သူက အဲ့ဒီလို လုပ်လိမ့်မယ်လို့တော့ မထင်ဘူး။ သူက မြင့်မြတ်သော လေပြင်းတောင်ကို ဖျက်ဆီးပစ်ချင်ရုံ သက်သက်ပဲနေမှာ"

"အရာအားလုံးကို ဆောင်ရွက်ပြီးသွားလို့ မဟာလွင်တီးခေါင် ကုန်းမြေကို ပြန်ရောက်သွားပြီးလို့ရှိရင်၊ လင်းဖုန်းကို ဖိနှိပ်နိုင်ဖို့ တစ်ခုခု လုပ်ရမယ်။ မဟုတ်လို့ရှိရင် သူ့ရဲ့ ယုကျင်းတောင်နဲ့ တိုက်ခိုက်ရမယ်ဆိုရင်၊ တော်တော့်ကို လွယ်မှာ မဟုတ်ဘူး"

"တကယ်လို့ ငါက လင်းဖုန်းနဲ့ ဆက်သွယ်မှုတွေကို လူကြားထဲကို ချပြလိုက်လို့ရှိရင်၊ လူသားကလန်တွေရဲ့ အထဲမှာ ရုတ်ရုတ်သဲသဲ ဖြစ်သွားလိမ့်မယ်။

ဒါဆိုရင် သူ့ရဲ့ အခြေအနေက သိပ်လှတော့မှာ မဟုတ်ဘူး"

ရွှေကျီး မဟာပဏ္ဍိတသည် အကြံထုတ်နေဆဲတွင်၊ လင်းဖုန်းသည် ယုကျင်းတောင်အား အမိန့်ပေးလိုက်ကာ၊ မြင့်မြတ်သော လေပြင်းတောင်အား ဒုတိယ အကြိမ်အဖြစ် တိုက်ခိုက်လိုက်သည်။

လင်းဖုန်းသည် သူ၏ ရင်ထဲမှနေ၍ တွက်ချက်နေခဲ့သည်။ "ယုကျင်းတောင်၊ မဟူရာကောင်းကင် ရတနာသစ်ပင်နဲ့ ခရမ်းရောင် တိမ်တိုက်တွေက

လုံလောက်အောင် အစွမ်းထက်ကြတယ်။ ဒါပေမဲ့ ငါ့ရဲ့ ကျင့်ကြံမှု အဆင့်က တိုးတက်ဖို့ လိုနေသေးတယ်"

"တကယ်လို့ ငါက အခြေတည်ဝိညာဉ် နောက်ဆုံး အဆင့်ကို ရောက်သွားပြီး၊ စကြာဝဠာ ပုံသဏ္ဍာန်ကို ဖန်ဆင်းနိုင်ခဲ့မယ် ဆိုရင်၊ ယုကျင်းတောင်ကို အသုံးပြုပြီး ဒီကောင်းကင်ကိုးလွှာ လေပြင်းဝက်ပါကို တစ်ခေါက်တည်းနဲ့ ဖျက်ဆီးနိုင်ခဲ့မှာ ဖြစ်တယ်"

ယုကျင်းတောင်၏ ဒုတိယ တိုက်ခိုက်မှုသည်
ပထမ တိုက်ခိုက်မှုထက် များစွာ
ပြင်းထန်ပေသည်။

အသရေ အဖျက်ခံခဲ့ရသော ဘုရင်သည်၊
သူ့အား ဆန္ဒပြသူများကို ကြည့်နေခဲ့သကဲ့သို့
ဖြစ်၏။

မြင့်မြတ်သော လေပြင်းတောင်သည်
ဒုက္ခကြီးစွာ ရောက်နေပေပြီ။
ယုကျင်းတောင်၏ တိုက်ခိုက်မှုကို
ခံရအပြီးတွင် ကောင်းကင်ကိုးလွှာ
လေပြင်းဝက်ပါဖြင့် ဖန်ဆင်းထားသည့်

လေပြင်းနံ့ရံသည်၊ ပုံသဏ္ဍာန်
ပြောင်းလဲသွားခဲ့ကာ ပြိုကျလုနီးပါး
ဖြစ်နေခဲ့ပြီ ဖြစ်သည်။

ယခုအချိန်တွင် ပို၍ပြင်းထန်သော တိုက်ခိုက်မှု
တစ်ခုနှင့် ရင်ဆိုင်ခဲ့ရသည် ဖြစ်၍၊ နံရံကြီးမှာ
ပြိုကျသွားခဲ့ကာ လေပြင်းအသွင်သို့
ပြန်ပြောင်းသွားခဲ့၏။ ယုကျင်းတောင်၏
ဖိအားများအောက်တွင် သူသည်
ဖြည်းဖြည်းချင်း လွင့်ပြယ်သွားခဲ့သည်။

လေပြင်းများမှ ဖြစ်ပေါ်လာသော တုန်ခါမှု
လှိုင်းလုံးကြီးများသည် မြင့်မြတ်သော

လေပြင်းတောင်အား ဗဟိုပြုကာ၊
သူ၏လမ်းကြောင်းတစ်လျှောက်ရှိ အရာများ
အားလုံးကို ဖျက်ဆီးစေနိုင်သည့်
ထက်မြက်သော လှံတံကဲ့သို့၊
အရပ်မျက်နှာပေါင်းစုံသို့ ရိုက်ခတ်လာခဲ့သည်။

ပထမ တိုက်ခိုက်မှုတွင် မြင့်မြတ်သော
လေပြင်းတောင်အား ဝိုင်းရံနေကြသည့်
တောင်ထိပ်များမှာ လုံးဝပျက်စီးသွားကြသည်။
ယခုအခေါက်တွင် တုန်ခါမှု
လှိုင်းလုံးကြီးများသည်၊ ပို၍ဝေးသည့် နေရာမှ
တောင်များကိုပါ ဖျက်ဆီးပစ်နိုင်ခဲ့သည်။

ကောင်းကင်ကိုးလွှာ
လေပြင်းဝင်္ကပါသည့်လည်း
လုံးဝပျက်စီးသွားခဲ့ပြီ ဖြစ်သည်။
ကောင်းကင်လေပြင်း သူတော်စင်၏
အင်မော်တယ် ဝိညာဉ် ကိုယ်ပွားသည့်လည်း၊
ဝင်္ကပါအတွင်းမှ ထွက်ခွာလာရပြီ ဖြစ်သည်။
သူသည် မြင့်မြတ်သော
လေပြင်းတောင်ထိပ်ပေါ်မှ
ခန်းမဆောင်အပေါ်သို့ ပြင်းထန်စွာနှင့်
ကျရောက်လာခဲ့ကာ၊ လူသားပုံစံအား
ပြန်ပြောင်းသွားပြီ ဖြစ်သည်။ သူသည်
အလွန်အမင်း အရှက်ရနေခဲ့၏။

သူသည် ကောင်းကင်လေပြင်း
ရတနာယပ်တောင်အား ဆုပ်ကိုင်လိုက်ကာ၊
ဘေးပတ်ပတ်လည်ကို လှည့်ကြည့်နေခဲ့သည်။
သူ၏ မျက်လုံးများမှာ နာကျည်းမှုများ
အပြည့်နှင့် ဖြစ်သည်။

အတိတ်တွင် မြင့်မြတ်သော
လေပြင်းတောင်အား လေပြင်းမုန်တိုင်းများနှင့်
ကာကွယ်ထားခြင်း ဖြစ်သည်။ သူသည်
အလွန်ကို လျှို့ဝှက်ဆန်းကြယ်လှကာ၊
ပြင်ပလူများသည် တောင်ထိပ်ကိုပင်
ကောင်းကောင်း မမြင်နိုင်ကြချေ။

သို့သော်လည်း ယခုအချိန်တွင် လေပြင်းများသည် ပျောက်ကွယ်သွားခဲ့ပြီး၊ တောင်ထိပ်သည် ထင်းထင်းကြီး ပေါ်နေခဲ့၏။ မြင့်မြတ်သော လေပြင်းတောင်သည် ယခုအချိန်တွင်၊ အဝတ်အားလုံးကို အချွတ်ခံခဲ့ရသည့် သူတစ်ယောက်အလား ဖြစ်နေခဲ့သည်။

ကောင်းကင်လေပြင်း သူတော်စင်သည် ယုကျင်းတောင်အား စိုက်ကြည့်လိုက်သည်။

"လင်းဖုန်း!"

ယုကျင်းတောင်၏ တောင်ထိပ်မှ ရတနာသစ်ပင်၏ ထိပ်ဖျားတွင်၊ လင်းဖုန်းသည် တည်ငြိမ်စွာနှင့် ပြောလိုက်သည်။ "ခင်ဗျားက ယုမိသားစုနဲ့ ပူးပေါင်းခဲ့ကတည်းက၊ ဒီလိုမျိုး အဆုံးသတ်ကို မျှော်လင့်ထားသင့်တယ်"

"ဒီကနေ့က စပြီးတော့၊ ခွန်းလွန်တောင်ပေါ်မှာ အသံတစ်သံသာ ရှိတော့တယ်"

"ဒါက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ အသံပဲ!"

ကောင်းကင်လေပြင်း သူတော်စင်သည်
ဒေါသပြင်းစွာ ထွက်လာခဲ့၍၊
သူ၏လက်အတွင်းမှ ကောင်းကင်လေပြင်း
ရတနာ ယင်တောင်ကိုပင် ခြေမွမိတော့မလို
ဖြစ်သွားခဲ့၏။

လင်းဖုန်းသည် သူ့အား စကားဆက်၍
မပြောတော့ချေ။ သို့သော်လည်း သူသည်
ယုကျင်းတောင်ကိုလည်း အသုံးပြုကာ
ထပ်မံမတိုက်ခိုက်တော့ပေ။ လေဟာနယ်
အတွင်း၌သာ တည်ငြိမ်စွာ ရပ်နေခဲ့သည်။

ရွှေကျီး မဟာပဏ္ဍိတသည် ကြည့်လိုက်ကာ၊ အားမလို အားမရ ဖြစ်သွားခဲ့သည်။ သူသည် လင်းဖုန်းက ဆက်လက်တိုက်ခိုက်တော့မည် မဟုတ်ဟု သိလိုက်၏။ သို့သော်လည်း ကောင်းကင်လေပြင်း ဝင်္ကပါသည် ပြိုကွဲသွားခဲ့ပြီ ဖြစ်ကာ၊ ကောင်းကင်လေပြင်း သူတော်စင်သည်လည်း ထိုဖြစ်စဥ်တွင် ဒဏ်ရာရရှိသွားခဲ့သည်။ ရွှေကျီး မဟာပဏ္ဍိတအတွက် ဒီလောက်ဆိုလျှင် လုံလောက်ပြီ ဖြစ်သည်။

သူသည် ဒဏ်ရာမရရှိနေခဲ့လျှင်ပင်၊ ကောင်းကင်လေပြင်း ဝင်္ကပါကသာ မရှိခဲ့လျှင်၊

သူသည် ရွှေကျီး မဟာပဏ္ဍိတလောက် အင်အားမကောင်းပေ။ ယခုအချိန်တွင် ပို၍ ဆိုဖွယ်ရာ မရှိတော့ပေ။

ကောင်းကင်လေပြင်း သူတော်စင်သည် ကြံရာမရဖြစ်နေဆဲတွင်၊ ရွှေကျီး မဟာပဏ္ဍိတသည် သူ၏ မဟာသူရိယ အကြွင်းမဲ့ မီးတောက်အား အသုံးပြုလိုက်ကာ၊ မြင့်မြတ်သော လေပြင်းတောင်အား ဝါးမျိုလိုက်၏။

မဟာသူရိယ အကြွင်းမဲ့ မီးတောက်သည် ပြင်းထန်စွာဖြင့် တောက်လောက်လာခဲ့သည်။

ပြင်းထန်လှသော အပူချိန်အောက်တွင်၊
လေပြင်းတောင် တစ်ခုလုံးသည်
ဖြည်းဖြည်းချင်း အရည်ပျော်လာခဲ့သည်။

မီးလျှံများဖြင့် လွှိုင်းထနေသော
ကောင်းကင်တစ်ခုလုံးအား ကြည့်လိုက်ကာ၊
ကောင်းကင်လေပြင်း သူတော်စင်သည်
သွေးအန်တော့မည့်ကဲ့သို့ ဖြစ်နေခဲ့၏။
လေနတ်ဘုရားဂိုဏ်း၏ နှစ်ပေါင်းများစွာ
ကြာမြင့်ခဲ့သော အခြေခံ အုတ်မြစ်များသည်၊
ယခုအချိန်တွင် ပျက်စီးသွားပြီဟု
သိခဲ့လိုက်သည်!

ဒါသည် သူ့အတွက် ကြီးမားလှသော ရိုက်ချက်ဖြစ်သည်။ အဝေးမှ ယုကျင်းတောင်အား လှမ်းကြည့်လိုက်ကာ၊ သူ၏ရင်ထဲတွင် နောင်တများဖြင့် ပြည့်လာခဲ့၏။

နောင်တနှင့် အမုန်းတရား။ ထိုခံစားချက်များကို မခံစားရသည်မှာ နှစ်ပေါင်းများစွာ ရှိပြီဖြစ်သည်။ သို့သော်လည်း ယခုအချိန်တွင်၊ သူတို့သည် ပြန်ပေါ်လာခဲ့ကြ၏။

ကောင်းကင်လေပြင်း သူတော်စင်သည်
သက်ပြင်းတစ်ချက် ချလိုက်သည်။ သူသည်
ထွက်ခွာတော့ရန် ရည်ရွယ်ချက်ဖြင့်
ကောင်းကင်လေပြင်း ရတနာ ယပ်တောင်အား
ခတ်လိုက်ကာ၊ မဟာသူရိယ အကြွင်းမဲ့
မီးတောက် ပင်လယ်တွင်
လမ်းကြောင်းတစ်ခုကို ဖွင့်လိုက်သည်။

အခြေခံများက ပြိုလဲသွားကာ
လေနတ်ဘုရားဂိုဏ်းသည်
အဆုံးသတ်သွားခဲ့ပြီ ဖြစ်သည်။
ကောင်းကင်လေပြင်း သူတော်စင်သည်
ရင်ထဲတွင် နာကျင်ခံစားနေရသော်လည်း၊

အကယ်၍ သူကသာ ဒီအတိုင်း
ဆက်နေခဲ့ပါက သူသည်ပင်လျှင်
ထိုအထဲပါသွားမည် ဖြစ်၏။

ရွှေကျီး မဟာပဏ္ဍိတသည် သူ့အား
အလွတ်မပေးပဲ၊ အနောက်ကနေ
လိုက်လာခဲ့သည်။

သူထွက်ခွာသွားခဲ့သော်လည်း မြင့်မြတ်သော
ကောင်းကင်လေပြင်း တောင်ပေါ်မှ၊
မဟာသူရိယ အကြွင်းမဲ့ မီးတောက်များသည်
ငြိမ်းသတ်သွားခြင်း မရှိခဲ့ပေ။ လင်းဖုန်းသည်
ယုကျင်းတောင်ပေါ်မှ ကြည့်နေခဲ့ရာ၊

မီးပင်လယ်ကြီး အတွင်းတွင် ထူးခြားသော သားရဲတစ်ကောင်က ရုန်းကန်နေသည်ကို တွေ့လိုက်ရ၏။ သူ့တွင် သမင်ကိုယ်လုံး၊ စာကလေးခေါင်း၊ မြွေအမြီးနှင့် ဦးချိုများ ရှိသည်ကို တွေ့လိုက်ရသည်။ သူ၏ တစ်ကိုယ်လုံးတွင် အစိမ်းရောင် အဆီအနှစ်များဖြင့် ပြည့်နေခဲ့သည်။

လေနတ်ဘုရားဂိုဏ်းသည် စိတ်ဝိညာဉ် သားရဲများအား မွေးမြူထားသည်။ နာမည်အကြီးဆုံးမှာ ဖေးလျှန်ဖြစ်၏။ လင်းဖုန်းကြည့်နေခဲ့သော ထူးဆန်းသည့် သားရဲမှာ၊ လေနတ်ဘုရားဂိုဏ်းတွင်

မွေးမြူထားသော ဖေးလျှန် မိစ္ဆာသခင်
ဖြစ်သည်။

ဖေးလျှန်သည် အရည်အသွေးမြင့်
လေအနှယ်ဝင် စိတ်ဝိညာဉ် သားရဲတစ်ကောင်
ဖြစ်၏။ လင်းဖုန်းသည် မိစ္ဆာသခင် အဆင့်ရှိ
ဖေးလျှန်တစ်ကောင်အား လိုချင်နေခဲ့သည်မှာ
ကြာခဲ့ပေပြီ။ ကွေန္နားဘုရင်နှင့် တွဲလိုက်လျှင်၊
သူတို့သည် လေပြင်းမိုးကြိုး မှော်အင်းကွက်
ပြန်လည်မွေးဖွားခြင်း ဝင်္ကပါ၏ အစွမ်းကို၊
အဆုံးစွန် ထုတ်ဖော်နိုင်မည် ဖြစ်သည်။

ဤဖေးလျှန်သည် မိစ္ဆာဝိညာဉ်အား ဖော်ဆောင်နိုင်ပြီ ဖြစ်ကာ မိစ္ဆာသခင် အဆင့်ကို ရောက်ရှိနေခဲ့ပြီ ဖြစ်သော်လည်း၊ သူသည် ရွှေကျီး မဟာပဏ္ဍိတ ဖန်ဆင်းထားခဲ့သော မဟာသူရိယ အကြွင်းမဲ့ မီးတောက်မှ လွတ်မြောက်နိုင်ခြင်း မရှိခဲ့ပေ။

လင်းဖုန်းသည် သူ၏ မှော်စွမ်းအင်အား အသုံးပြုကာ၊ ထိုဖေးလျှန်အား ယူဆောင်လိုက်၍ ယုကျင်းတောင် အပေါ်သို့ ခေါ်လာလိုက်သည်။

သူသည် ယုကျင်းတောင်အား
ထိန်းချုပ်လိုက်၍ လေဟာနယ်ကို
ချိုးဖောက်လိုက်ကာ၊ ရွှေကြိုး မဟာပဏ္ဍိတနှင့်
ကောင်းကင်လေပြင်း သူတော်စင်တို့
ထွက်သွားခဲ့သည့် နေရာအား
ဦးတည်လိုက်သည်။

"အချိန်က သိပ်မကျန်တော့ဘူး။ ရွှေကြိုး
မဟာပဏ္ဍိတကို လာဖမ်းကြတော့မယ့်၊
လူသားကလန်က အင်မော်တယ်ဝိညာဉ်
အဆင့်က ကျင့်ကြံသူတွေက၊ မကြာခင်မှာ
ရောက်လာတော့မယ်" လင်းဖုန်းက
သူ၏ခေါင်းထဲမှ တွက်ချက်နေခဲ့သည်။ ရွှေကြိုး

မဟာပဏ္ဍိတနှင့် ကောင်းကင်လေပြင်း သူတော်စင်တို့သည်၊ အရှေ့ မလှမ်းမကမ်းတွင် တိုက်ခိုက်နေကြ၏။ သူတို့သည် ထွက်ပြေးလိုက် လိုက်ဖမ်းလိုက်နှင့် တိုက်ခိုက်နေကြရာ၊ လင်းဖုန်းက မကြာမီပင် လိုက်မီလာခဲ့၏။

ကောင်းကင်လေပြင်း သူတော်စင်သည် ယခုအချိန်တွင်၊ ရွှေကျီး မဟာပဏ္ဍိတ၏ မဟာသူရိယ အကြွင်းမဲ့ မီးတောက်များဖြင့် ချုပ်နှောင်ထားခြင်းကို ခံနေရသည်။ သူသည် ကောင်းကင်ကိုးလွှာ ဒြပ်မဲ့လေပြင်းကိုသာ အသုံးပြု၍ ခုခံနိုင်ခဲ့သည်။

အကယ်၍ ရွှေကျီး မဟာပဏ္ဍိတသည် သူ၏ အာရုံတစ်ဝက်ကို လင်းဖုန်းအနားသို့ ခွဲမထားခဲ့လျှင်၊ ကောင်းကင်လေပြင်း သူတော်စင်သည် ရှုံးနိမ့်နေခဲ့ပြီ ဖြစ်သည်။

ရွှေကျီး မဟာပဏ္ဍိတသည် ယုကျင်းတောင်အား တစ်ချက်ခိုးကြည့်လိုက်၍၊ ကောင်းကင်လေပြင်း သူတော်စင်အား အေးစက်စွာ ကြည့်လိုက်သည်။
"ကောင်းကင်လေပြင်း၊ မင်းက ငါဘာလိုချင်သလဲ ဆိုတာကို သိပါတယ်။

မင်းက ငါ့ကို ထုတ်ပေးမယ်ဆိုရင်၊ ငါကမင်းကို အခက်အခဲဖြစ်အောင် မလုပ်ပါဘူး"

ကောင်းကင်လေပြင်း သူတော်စင်၏ မျက်လုံးအစုံမှာ လင်းလက်လာခဲ့သည်။ ရွှေကျိုးမဟာပဏ္ဍိတသည် လင်းဖုန်းအား ထိတ်လန့်နေသည်ကို သူက သိနေခဲ့သည်။

သူလိုချင်တာကို သူရသွားမည်ဆိုလျှင်၊ ရွှေကျိုး မဟာပဏ္ဍိတသည် ရှေ့ဆက်တိုက်ခိုက်တော့မည် မဟုတ်ချေ။ သူသည် ကောင်းကင်လေပြင်း သူတော်စင်က အသက်ဆက်ရှင်နေ၍၊ လူသားကျင့်ကြံသူများ

အချင်းချင်း
ဆက်လက်တိုက်ခိုက်နေကြမည်ကို
မြင်ချင်နေသည်။

ကောင်းကင်လေပြင်း သူတော်စင်သည်
ဆုံးဖြတ်ချက် ပြတ်သားစွာဖြင့်၊ အလင်းတန်း
ဖျော့ဖျော့လေး လင်းလက်နေသည့်
လုံးဝိုင်းလှသော ပုလဲလေး တစ်လုံးကို
ထုတ်ယူလိုက်၏။

လင်းဖုန်း၏ အမြင်အရဆိုသော် ထိုပုလဲသည်၊
လူတစ်ယောက်၏ လက်သီးလုံးလောက်သာ
ရှိသည်။  ထိုပုလဲသည် တစ်ဝက်တစ်ပျက်

ထွင်းဖောက်မြင်နေရ၍၊ အတွင်းတွင်
မြူခိုးငွေ့များကို တွေ့နိုင်ပေသည်။

ထိုမြူခိုးငွေ့ အများစုသည်
အဖြူရောင်ဖြစ်ကာ၊ အစိတ်အပိုင်း
အနည်းငယ်ကသာ ရွှေရောင်သန်းနေခဲ့၏။

ကောင်းကင်လေပြင်း သူတော်စင်သည်
ငြိမ်သက်သွားခဲ့ကာ၊ ထိုပုလဲအား ရွှေကြီး
မဟာပဏ္ဍိတကို လှမ်းပေးလိုက်သည်။

ရွှေကြီး မဟာပဏ္ဍိတသည်
ကျယ်လောင်စွာနှင့် ရယ်မောလိုက်၏။

သူသည် အလွန်အမင်းပင်
စိတ်လှုပ်ရှားနေခဲ့ကာ၊ ထိုပုလဲအား
သိမ်းဆည်းလိုက်သည်။ သူသည်
ပျော်ရွှင်စွာနှင့် မဟာသူရိယ အကြွင်းမဲ့
မီးတောက်အား ရုပ်သိမ်းလိုက်ကာ၊
ကောင်းကင်လေပြင်း သူတော်စင်အား
လွှတ်ပေးလိုက်သည်။

ကောင်းကင်လေပြင်း သူတော်စင်သည် လုံးဝ
တွေဝေမနေခဲ့ပဲ၊ ချက်ချင်းပင် သူ၏
အင်မော်တယ် ဝိညာဉ် ကိုယ်ပွားအား
ဖော်ပြလိုက်သည်။ သူသည် အသွင်သဏ္ဍာန်
ကင်းမဲ့သော လေပြင်းအသွင်သို့

ပြောင်းလိုက်ကာ၊ လျှင်မြန်စွာနှင့်
ထွက်ပြေးလွတ်မြောက်ရန် ကြိုးစားလိုက်၏။

သို့သော်လည်း လင်းဖုန်းက သူ့အား
အခွင့်အရေး မပေးခဲ့ပေ။ ယုကျင်းတောင်သည်
အပေါ်မှနေ၍ ကျဆင်းလာခဲ့သည်!

ကောင်းကင်လေပြင်း သူတော်စင်သည်
ရှောင်တိမ်းရန် ကြိုးစားခဲ့သော်လည်း၊
မလွတ်မြောက်နိုင်ခဲ့ပေ။

ယုကျင်းတောင်သည် သီးသန့်ကမ္ဘာ
အသွင်ဖြင့်၊ သူ၏ စွမ်းအား အားလုံးကို

အသုံးချလိုက်၏။ သူနှင့် မဟာကမ္ဘာ အတွင်းမှ လေဟာနယ် နယ်နိမိတ်များ အကြားတွင်၊ ပြင်းထန်လှသော ပွတ်တိုက်မှုများ ဖြစ်ပေါ်လာခဲ့သည်။

ဒါသည် သူ၏ စွမ်းအားများအပေါ်တွင် အကျိုးသက်ရောက်မှု မရှိသော်လည်း၊ သူ၏ လှုပ်ရှားနိုင်စွမ်းများကို အလွန်အမင်း လျှော့ကျသွားစေခဲ့သည်။ လှုပ်ရှားမှု မရှိသည် မြင့်မြတ်သော လေပြင်းတောင်အား ရင်ဆိုင်ရာတွင် အသုံးဝင်သော်လည်း၊ ရှေးကျီး မဟာပဏ္ဍိတတို့၊ ကောင်းကင်လေပြင်း

သူတော်စင်တို့အား ရင်ဆိုင်ရာတွင်
အကျိုးသက်ရောက်မှု အားနည်းပေသည်။

လင်းဖုန်းကလည်း ထိုပြဿနာအား
သိရှိခဲ့ပြီးသား ဖြစ်သည်။ သူသည်
ထိုပြဿနာအား ဖြေရှင်းချင်နေခဲ့သော်လည်း၊
သူ၏ ကျင့်ကြံမှုအဆင့်အား အရင် တိုးမြှင့်ရန်
လိုအပ်ပေသည်။ ပြီးတာနှင့် သူနှင့်
ယုကျင်းတောင်၊ မဟူရာကောင်းကင်
ရတနာသစ်ပင်နှင့် ခရမ်းရောင်
တိမ်တိုက်တို့၏ ဆက်သွယ်မှုများကို
အားဖြည့်ပေးရမည်ဖြစ်ကာ၊ သူ၏ တာအိုဝါဒ

လမ်းစဉ်အား သဘောပေါက်မှုတို့မှာ ပိုမိုနက်ရှိုင်းရမည် ဖြစ်၏။

သို့သော်လည်း ကောင်းကင်လေပြင်း သူတော်စင်မှာ ယခင်တိုက်ပွဲတွင် ဒဏ်ရာ အပြင်းအထန် ရရှိထားခဲ့၍၊ ရွှေကျီး မဟာပဏ္ဍိတကလည်း ပြင်းထန်စွာ တိုက်ခိုက်ထားခဲ့သေးသည်။ သူ၏ လက်ရှိ ဒဏ်ရာ အခြေအနေနှင့်၊ သူသည် ယုကျင်းတောင်အား မရှောင်ရှားနိုင်တော့ပေ။

ကောင်းကင်လေပြင်း သူတော်စင်သည် မလွတ်မြောက်နိုင်တော့မှန်းကို သိရှိခဲ့သဖြင့်၊

သူသည် သူ၏ အင်မော်တယ် ဝိညာဉ် ကိုယ်ပွားကိုသာ အသုံးချခဲ့ကာ၊ ကောင်းကင်လေပြင်း ရတနာ ယပ်တောင်အား ခတ်လိုက်၍ ယုကျင်းတောင်၏ ဖိအားများကို ရင်ဆိုင်ခဲ့ရသည်။

သို့သော်လည်း သူ၏ အကောင်းဆုံး အခြေအနေတွင်ပင်၊ ကောင်းကင်ကိုးလွှာ လေပြင်းဝင်္ကပါနှင့်အတူ ယုကျင်းတောင်အား မယှဉ်ပြိုင်နိုင်ခဲ့ရာ၊ ယခုအချိန်တွင် မည်ကဲ့သို့ ရင်ဆိုင်နိုင်ပါ့မည်နည်း။

ကောင်းကင်လေပြင်း သူတော်စင်၏
တိုက်ခိုက်မှုသည် အကျိုးသက်ရောက်မှု
နည်းပါးစွာဖြင့်၊ ယုကျင်းတောင်၏ အပေါ်သို့
ကျရောက်သွားခဲ့သည်။

အင်မော်တယ်ဝိညာဉ် အဆင့်မှ အကြီးအကဲ
တစ်ယောက် အနေဖြင့်၊ သူသည်
ယုကျင်းတောင်၏ အဖျက်ဆီး ခံခဲ့ရသည်ကို
ကြည့်ရုံသာ ကြည့်နိုင်ခဲ့သည်။

သူ၏ အင်မော်တယ် ဝိညာဉ် ကိုယ်ပွားမှာ
အသွင်သဏ္ဍာန် ကင်းမဲ့သော လေပြင်းပုံစံ
ဖြစ်သည်။ သို့သော်လည်း ဒါသည်လည်း

ယုကျင်းတောင်၏ ခက်ထန်သော ခွန်အားဖြင့် ဖျက်ဆီးခြင်းအား ခံခဲ့ရသည်။

လေပြင်းများသည် လေစီးကြောင်း မြောက်မြားစွာ အဖြစ်သို့ အဖြိုခွဲ ခံလိုက်ရကာ၊ အရပ်မျက်နှာ ပေါင်းစုံသို့ လွင့်မျောသွားကြ၏။ သို့သော်လည်း လေစီးကြောင်း တစ်ခုချင်းစီတိုင်းမှာ ယုကျင်းတောင်၏ ဖိနှိပ်ခြင်းအား ခံခဲ့ကြရ၏။ ထူထဲနေရာမှ ပါးလွှာသော အဖြစ်သို့၊ ပါးလွှာရာမှ ပို၍ ပါးလွှာသော အဖြစ်သို့ ရောက်လာခဲ့ကာ၊ နောက်ဆုံးတွင် ဘာမှ မရှိခြင်း အဖြစ်သို့ ရောက်သွားခဲ့သည်။

ကောင်းကင်လေပြင်း သူတော်စင်သည်
ယုကျင်းတောင်၏ အရှင်လတ်လတ်
ဖိခြေခြင်းအား ခံခဲ့လိုက်ရ၏!

ရှေးကျီး မဟာပဏ္ဍိတသည် ထိုမြင်ကွင်းအား
ကြည့်နေခဲ့ရင်၊ သူ၏ မျက်ခုံးများမှာ
တစ်ဆတ်ဆတ်နှင့် လှုပ်လာခဲ့သည်။ "ဒီလူက
တော်တော် ရက်စက်တာပဲ!
အင်မော်တယ်ဝိညာဉ် အဆင့်က ကျင့်ကြံသူ
တစ်ယောက်က ဒီလိုပဲ
အသက်ခံလိုက်ရတယ်"

ပြီးတာနှင့် ယုကျင်းတောင်က သူ့ဘက်သို့ ဦးတည်၍ လာခဲ့သည်ကို သတိပြုမိလိုက်သည်!

ရွှေကျိုး မဟာပဏ္ဍိတသည် အေးစက်စွာဖြင့် ရယ်မောလိုက်သည်။ "မင်းကငါ့ကိုလည်း ဒီနေရာမှာ ခေါ်ထားချင်နေတာလား။ မင်းက အတော့်ကို လောဘကြီးတဲ့သူပဲ။ မင်းကို ဒီကနေ့မှာ သောင်းကျန်းခွင့် ပေးထားလိုက်ဦးမယ်။ နောက်နေ့တွေကျမှ မင်းကို သင်ခန်းစာ ကောင်းကောင်း ပေးရမယ်"

စကားဆုံးသည်နှင့် ရွှေကျီး မဟာပဏ္ဍိတသည် ရွှေရောင်အလင်းရောင် တစ်ခုအား ထုတ်ဖော်လိုက်ကာ၊ ကောင်းကင်တွင် အပေါက်တစ်ခုအား ဖောက်လိုက်သည်။ သူမှနေ၍ လေဟာနယ် တံခါးတစ်ချပ်အား ဖွင့်ပေးခဲ့၏။ ဒါသည် သူက မဟာလွင်တီးခေါင် ကုန်းမြေတွင် သင်ယူလာခဲ့သည့်၊ မိစ္ဆာနည်းလမ်း တစ်ခု ဖြစ်သည်။ သူ၏စိတ်ကို အသုံးပြုလိုက်ရုံနှင့် သူသည်၊ မဟာလွင်တီးခေါင် ကုန်းမြေသို့ ပြန်ဝင်သွားနိုင်သည်။ ကမ္ဘာနှစ်ခုအကြားမှ လေဟာနယ် ဆက်ကြောင်းများကို အသုံးပြုရန် မလိုပေ။

ထိုနည်းလမ်းကို အသုံးပြုရခြင်းသည် တန်ဖိုးကြီးမားစွာ ပေးဆပ်ရသော်လည်း၊ ရွှေကျီး မဟာပဏ္ဍိတသည် သူ၏ပုလဲ အကြောင်းအား စဉ်းစားမိသည်နှင့် တန်သည်ဟု ခံစားနေခဲ့ရသည်။

## စာစဉ် ၂၁ : အပိုင်း ၁၉

## အပိုင်း ၃၈၉ : မဟာပဏ္ဍိတအား ဖိနှိပ်ခြင်း

လင်းဖုန်း၏ ယုကျင်းတောင်အား အသုံးချ၍ တိုက်ခိုက်ခြင်းကို ခံခဲ့ရသော်၊ ရွှေကျီး

မဟာပဏ္ဍိတသည် လျှင်မြန်စွာနှင့် ထွက်ပြေးရန် ကြိုးစားခဲ့သည်။

သူသည် သူလိုချင်သည့် အရာအား ရရှိခဲ့ပြီး ဖြစ်သည်။ သူ၏ ရည်မှန်းချက် အထမြောက်သွားပြီ ဖြစ်သဖြင့်၊ ရွှေကျီး မဟာပဏ္ဍိတသည် မဟာလွင်တီးခေါင် ကုန်းမြေသို့ ပြန်ရန် အဆင်သင့် ပြင်ထားခဲ့ပြီ ဖြစ်၏။ သူသည်လည်း လူသားကလန်၏ စစ်ကူများက မည်သည့်အချိန်တွင် ရောက်လာနိုင်သည်ကို၊ လျို့ဝှက်စွာနှင့် တွက်ချက်ခဲ့ပြီးသား ဖြစ်သည်။

သူသည် အရေးပေါ် အခြေအနေတွင်
အသုံးပြုရန် အစီအစဉ်များကိုလည်း၊
အစကတည်းက ဆွဲခဲ့ပြီးသား ဖြစ်သည်။
သူသည် မဟာလွင်တီးခေါင် ကုန်းမြေမှ သူ၏
အသိုက်တွင်၊ လက်ခံမည့် မှော်ကျိန်စာ
တစ်ခုအား တည်ဆောက်ခဲ့ပြီးသား ဖြစ်၏။
သူ၏ စိတ်ကို အသုံးချလိုက်ရုံနှင့် သူသည်
သူ၏ လက်ရှိနေရာနှင့် သူ့အသိုက်
အကြားတွင်၊ လေဟာနယ်
လှိုဏ်ခေါင်းတစ်ခုကို ဖန်ဆင်း၍
အိမ်ပြန်နိုင်မည် ဖြစ်သည်။

ထိုမှော်ကျိန်စာအား တည်ဆောက်ရသည့် တန်ဖိုးမှ မနည်းလှချေ။ ထို့အပြင် သူသည် တစ်ဘက်သွားလမ်းသာ ဖြစ်၏။ သူသည် ရွှေကျီး မဟာပဏ္ဍိတအား သူ့အသိုက်သို့သာ ပြန်ပို့ပေးနိုင်၏။ တစ်ခါ အသုံးပြုပြီးသွားလျှင်လည်း၊ နောက်ထပ် အသုံးဝင်တော့မည် မဟုတ်ပေ။

သို့သော်လည်း အကျိုးသက်ရောက်မှုများမှာ ကောင်းမွန်လှ၏။ ရွှေကျီး မဟာပဏ္ဍိတသည် နတ်ဘုရား နယ်မြေမှ၊ သူပြန်ချင်သည့် အချိန်တွင် ပြန်နိုင်ပေသည်။ သူသည် ကမ္ဘာနှစ်ခုအကြားမှ လေဟာနယ်

ဆက်ကြောင်းများကို အသုံးပြုနေစရာ
မလိုတော့ပေ။

သူ၏ စိတ်ကို စေ့စွတ်လိုက်ရုံနှင့်ပင်၊
သူ၏ခေါင်းအပေါ်တွင် ရွှေရောင်အလင်းတန်း
တစ်ခုက ပေါ်လာခဲ့၏။ သူမှနေ၍
လေဟာနယ် လှိုဏ်ခေါင်းအား
ဖွင့်ပေးလိုက်ကာ၊ သူ့အား ရွှေရောင်
အလင်းတန်း၏ အကူအညီဖြင့်
အိမ်ကိုပြန်နိုင်စေခဲ့မည် ဖြစ်သည်။

ရှေ့ကျိုး မဟာပဏ္ဍိတသည် လျှင်မြန်စွာနှင့် စက္ကန့်ပိုင်းလေး အတွင်းမှာပင် ပျောက်ကွယ်သွားခဲ့၏။

လင်းဖုန်းသည် ယုကျင်းတောင်အား အသုံးချကာ သူ၏အနောက်မှ ထပ်ကြပ်မကွာ လိုက်လာခဲ့သည်။

"မင်းက ဘယ်တော့မှ လိုက်မီမှာ မဟုတ်ဘူး!" ရှေ့ကျိုး မဟာပဏ္ဍိတက ရယ်မောလိုက်၏။ "ဒီကနေ့အပြီးမှာ မင်းတို့ လူသားကလန်တွေ လုပ်နေကြအတိုင်း၊ အချင်းချင်း

အငြင်းပွားမှုတွေကို ဘယ်လိုမျိုး
လုပ်ကြမလဲဆိုတာကို နားစွင့်ထားရဦးမယ်"

သူ၏စကား မဆုံးခင်တွင်ပင်၊ ရွှေကျီး
မဟာပဏ္ဍိတ၏ အမူအရာမှာ
ပြောင်းလဲသွားခဲ့သည်။

သူသည် ရွှေရောင် အလင်းတန်းမှ
ဖန်တီးထားသည့် လေဟာနယ် လှိုဏ်ခေါင်း၏
အပေါက်ဝမှနေ၍၊ အခြားတစ်ဘက်မှ
လက်တစ်ချောင်းက ဆန့်တန်း၍
ထွက်ပေါ်လာခဲ့သည်ကို တွေ့လိုက်ရသည်။

ထိုလက်သည် အရောင်အဆင်း သီးသန့်မရှိပဲ၊ လွန်စွာ ဖရိုဖရဲ ဆန်နေခဲ့၏။ သူသည် မည်သူမှ မထင်မှတ်ထားလောက်သည့် အရွယ်အစားမျိုးအထိ၊ လွန်စွာ ကြီးမားလှ၏။ ကြီးမားလွန်းသဖြင့် စကြာဝဠာတို့အား ခြေမွနိုင်သည်ဟုပင် ထင်နေရ၏။

"ကောင်းကင် ကျက်သရေ!"

ရှေးကျိုး မဟာပဏ္ဍိတသည် ဒေါသတကြီးဖြင့် ဟိန်းဟောက်လိုက်၍၊ လုံး၀ တွေဝေနေခြင်း မရှိခဲ့ချေ။ သူသည် သူ၏ မိစ္ဆာစွမ်းအားများ

အားလုံးကို ဆင့်ခေါ်လိုက်ကာ၊ အစွမ်းကုန်
ထုတ်သုံးလိုက်၏။

ကောင်းကင်လေပြင်း သူတော်စင်အား
လိုက်ဖမ်းသည့် အချိန်နှင့် ကောင်းကင်ကိုးလွှာ
လေပြင်းဝက်ပါအား တိုက်ခိုက်နေသည့်
အချိန်တွင်ပင်၊ ယခုကဲ့သို့
အားကောင်းလှသော စွမ်းအားများကို
မထုတ်သုံးခဲ့ပေ။

အဘယ်ကြောင့်ဆိုသော် သူ၏အရှေ့မှ ရောမ
လက်ကြီးမှာ၊ လွန်စွာ အစွမ်းထက်သည့်
ပြိုင်ဘက် ဖြစ်သောကြောင့်ဖြစ်သည်။

သူသည် စိတ်အာရုံ တစ်ချက်
ပျံ့လွင့်သွားသည်နှင့်၊ အသက်ပေးလိုက်ရမည်
ဖြစ်သည်။

သူသည် သူ၏ မဟာသူရိယ အကြွင်းမဲ့
မီးတောက်များကို စုစည်းလိုက်ကာ၊ ရောမ
ရွှေရောင် နေမင်းကြီး တစ်စင်းအား
ဖန်ဆင်းလိုက်သည်။ ထိုနေမင်း၏
ရောင်ခြည်များ အောက်မှနေ၍၊ ခြေသုံးချောင်း
ရွှေကျီးတစ်ကောင်က နိုးထလာခဲ့၏။

ထိုနေမင်းကြီးသည် လွန်စွာ နီးကပ်နေသဖြင့်၊
သူ၏ အလင်းတန်းများမှာ

တကယ့်နေမင်းထက်ပင်
တောက်ပလွန်းလှပေသည်။ သူသည်
တောက်ပင် တောက်လောင်နေခဲ့၏!

သို့သော်လည်း ထိုလက်ကြီးမှာ ဘာကိုမှ
ဂရုမစိုက်ခဲ့ပေ။ သူသည်
ယင်ကောင်တစ်ကောင်အား ရိုက်ချခဲ့သည့်
အတိုင်း၊ ထိုတောက်လောင်နေသော
နေမင်းကြီးအား ရိုက်ချခဲ့သည်။

ထိုလက်ကြီးနှင့် နေမင်းကြီးတို့မှ
ထိပ်တိုက်ရင်ဆိုင်ခဲ့ကြသည်။ ထိုမှနေပြီး
ထွက်လာသော တုန်ခါမှု

လှိုင်းလုံးကြီးများသည်၊ ယုကျင်းတောင်နှင့်
ကောင်းကင်ကိုးလွှာ လေပြင်းဝက်ပါတို့၏
တိုက်ခိုက်မှုမှ ထွက်လာခဲ့သော
လှိုင်းလုံးများနှင့် ယှဥ်နိုင်ပေသည်။ သူမှနေ၍
ဘေးပတ်ဝန်းကျင်မှ စိတ်ဝိညာဥ်
စွမ်းအင်များကို လွှင့်ပြယ်စေခဲ့ကာ၊
လေဟာနယ် တစ်ခုလုံးအား ပြိုကျစေခဲ့သည်။

ကောင်းကင်ယံမှာ မီးပွားများသည်
မီးမိုးရွာသည့်အလား ကျဆင်းလာကြ၏။

ထိုလက်ကြီးမှာ ခေတ္တမျှ တုန်ခါသွားခဲ့ကာ၊
လျှင်မြန်စွာနှင့် ကျုံ့ဝင်သွားခဲ့၏။ သူသည်

မီးတောက်များဖြင့် အလောင်ကျွမ်း ခံလိုက်ရသည့်အတိုင်း၊ လက်ဖဝါး၏ အလယ်တွင် ရွှေရောင် အလင်းတန်း တစ်ခုဖြင့် လင်းလက်နေခဲ့သည်။

ရွှေကျီး မဟာပဏ္ဍိတသည် ဒုက္ခကောင်းကောင်း ရောက်သွားခဲ့သည်။ သူသည် ထိုရောမ လက်ကြီး၏ ရိုက်ပုတ်ခြင်းကြောင့် အနောက်သို့ ပြန်လွင့်လာခဲ့ကာ၊ သူ၏ တစ်ကိုယ်လုံးမှ မဟာသူရိယ အကြွင်းမဲ့ မီးတောက်တို့က ငြိမ်းသတ်သွားခဲ့သည်။ သူ၏ပင်ကို ရွှေကျီးပုံသဏ္ဍာန်သည် ပြန်ပေါ်လာခဲ့၍၊

ရွှေရောင်လင်းလက်နေသော အနက်ရောင် အမွေးအတောင်တို့အား ကျွတ်ကျစေခဲ့သည်။

သို့သော်လည်း ရွှေကျီး မဟာပဏ္ဍိတသည် အသက်ဝအောင် မရှူရသေးခင်တွင်ပင်၊ နောက်ထပ် ကြီးမားလှသော ဖိအားကြီးတစ်ခုက သူ၏ခေါင်းပေါ်သို့ ကျဆင်းလာခဲ့ကာ၊ အမွေးအတောင်များကို ထပ်ကျွတ်စေခဲ့၏။ သူ၏ခေါင်းကို မော့ကြည့်လိုက်ရာ၊ အပေါ်သို့ ရောက်နေပြီ ဖြစ်သော ယုကျင်းတောင်အား တွေ့လိုက်ရ၏။

ရောမ လက်ကြီး၏
ဝင်ရောက်နှောင့်ယှက်မှုကို ခံခဲ့ရသဖြင့်၊
ရှေးကျီး မဟာပဏ္ဍိတသည်
ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ရုံသာ မကပဲ၊ သူ့အား
လက်ခံမည့် မျှော်ကျိန်စာသည်လည်း
ပျက်ပြယ်သွားခဲ့ကာ၊ ယုကျင်းတောင်၏
အမီလိုက်လာမှုကို ခံခဲ့ရသည်။

ရှေးကျီး မဟာပဏ္ဍိတသည် စိတ်ခါတ်
အကြီးအကျယ် ကျသွားခဲ့၏။ သူသည်
အစောက ကောင်းကင်လေပြင်း သူတော်စင်
ခံစားခဲ့ရသကဲ့သို့၊ တစ်ထပ်တည်း
ခံစားနေခဲ့ရသည်။ သူသည်

ရှောင်ချင်နေသော်လည်း၊ စွမ်းအားမရှိခဲ့ပေ။
သူသည် ပုန်းအောင်းချင်နေသော်လည်း၊
ဒဏ်ရာ အပြင်းအထန် ရရှိထားခဲ့၏။

အထူးသဖြင့် ထိုရောမ လက်ကြီးနှင့်
ဝင်ဆောင့်ခဲ့ရခြင်းသည်၊ ယုကျင်းတောင်အား
ခေါင်းနှင့် ဝင်တိုက်ခဲ့ခြင်းနှင့် တူနေခဲ့၏။

လင်းဖုန်းသည် ထိုကဲ့သို့
လက်ဆောင်ကောင်းကို ဝမ်းသာစွာနှင့်
လက်ခံလိုက်သည်။ သူသည် ဘာမှ
အားနာမနေခဲ့ပဲ ယုကျင်းတောင်၏
စွမ်းအားများကို အစွမ်းကုန် အသုံးချလိုက်၍၊

သူ၏ လမ်းကြောင်းတွင် ရှိသမျှ
အရာအားလုံးတို့အား ခြေမွဖျက်ဆီးခဲ့သည်။

ထိပ်တိုက်တွေ့ဆုံခဲ့မှုမှနေ၍
ကြီးမားလှစွာသော တုန်ခါမှုကြီးတစ်ရပ်
ဖြစ်ပေါ်လာခဲ့၏။ ကြွေပစ္စည်း တစ်ခုနှင့်
မာကျောလှသော ကျောက်တုံးကြီးနှင့်
တိုက်မိသကဲ့သို့ ခွမ်းကနဲ ကျယ်လောင်စွာနှင့်
မြည်ဟည်းသွားခဲ့၏။

ကောင်းကင်ကြီးသည် သွေးများဖြင့်
ပြည့်နှက်သွားခဲ့ကာ၊ အတောင်များဖြင့်
ပလူပျံသွားခဲ့သည်။

မသေဝိညာဉ်အား ဖန်ဆင်းထားနိုင်ခဲ့သည့်
မဟာပဏ္ဍိတ တစ်ဦး၏ ရုပ်ခန္ဓာကိုယ်မှာ၊
ယုကျင်းတောင်၏ ခြေမွမှုကို ခံခဲ့ရ၍
အသွေးအသားများမှာ တစ်စစီ ဖြစ်သွားခဲ့၏!

ပြီးတော့ ဒါသည်လည်း အစပိုင်းသာ
ရှိသေး၏။ သူ၏ ရုပ်ခန္ဓာကိုယ်
ကြေမွသွားအပြီးတွင်၊ ရှေးကျိုး မဟာပဏ္ဍိတ၏
မိစ္ဆာဝိညာဉ်သည် ပျက်စီးယိုယွင်းလာခဲ့ကာ
ပြိုကွဲလာခဲ့သည်။

မဟာ မိစ္ဆာပဏ္ဍိတများနှင့် လူသားကာလန်မှ သူတော်စင်များသည် မသေနိုင်ကြတော့သော်လည်း၊ ပြင်ပမှ သန့်မာသော စွမ်းအားများ၏ အသတ်ကိုမူ ခံနိုင်ကြရသေး၏။

ဥပမာ အနေဖြင့် ကောင်းကင်လေပြင်း သူတော်စင် ဖြစ်၏။ ယခုအချိန်တွင် ရွှေကျီး မဟာပဏ္ဍိတ၏ အလှည့်သို့ ရောက်လာခဲ့ပေပြီ!

ယုကျင်းတောင်၏ တိုက်ခိုက်ခြင်းကို ခံခဲ့ရသော ရွှေရောင်အလင်းတန်းသည်

နောက်ဆုံးတွင် လွင့်ပြယ်သွားခဲ့ကာ၊
အလင်းစက်လေး တစ်စက်အဖြစ်သို့
ပြောင်းလဲသွားခဲ့သည်။

ရောမ လက်ကြီးသည်
တစ်ခါတိုက်ခိုက်ပြီးသည်နှင့်၊ နောက်ထပ်
လှုပ်ရှားမှုများကို မပြုလုပ်ခဲ့ပေ။ သူသည်
ရွှေကျီး မဟာပဏ္ဍိတ၏ လွတ်လမ်းကို
ပိတ်ဆို့ပေးခဲ့ရုံ သက်သက်သာ ဖြစ်သည်။
ပြီးတာနှင့် သူသည် ရွှေကျီး မဟာပဏ္ဍိတ၏
မိစ္ဆာဝိညာဏ်၏ အကြွင်းအကျန်
အလင်းစက်များအား ခြေမွလိုက်ကာ၊
နောက်ပြန်ဆုတ်သွားခဲ့သည်။

ဒါသည် ကြိုတင်သဘောတူညီချက်၏
အစိတ်အပိုင်း တစ်ရပ်ဖြစ်၍
လင်းဖုန်းကလည်း မည်သို့မှ
သဘောမထားခဲ့ပေ။

ဘာပဲပြောပြော ရွှေကျီး မဟာပဏ္ဍိတသည်၊
မသေဝိညာဉ် ဒုတိယ အဆင့်မှ မဟာမိစ္ဆာ
တစ်ကောင်ဖြစ်၍၊ သူသည် ပထမအဆင့်မှ
ကောင်းကင်လေပြင်း သူတော်စင်ထက်
များစွာသန်မာကာ၊ အလွယ်တကူ
ဖိခြေသတ်ဖြတ်ရန် မဖြစ်နိုင်ပေ။

သို့သော်လည်း ရွှေကျီး မဟာပဏ္ဍိတသည်
လွန်စွာ စိတ်ခါတ်ကျနေခဲ့၏။
အဘယ်ကြောင့်ဆိုသော် ရောမ
လက်ကြီးသည် နောက်ဆုတ်သွားခြင်းနှင့်
အတူ၊ သူအစောပိုင်းက ဖွင့်လှစ်ထားခဲ့သည်
လေဟာနယ် လှိုဏ်ခေါင်းအား
ဖျက်ဆီးသွားခြင်းကြောင့် ဖြစ်သည်။

သူ့အား လက်ခံမည့် မှော်ကျိန်စာ
ပျက်စီးသွားခြင်းနှင့်အတူ၊ လေဟာနယ်
လှိုဏ်ခေါင်းကလည်း ပြိုကျသွားခဲ့သည်။

ယုကျင်းတောင်သည် ရှေကျီး မဟာပဏ္ဍိတ၏ ကွဲကြေနေသော မိစ္ဆာဝိဉာဏ် အပေါ်သို့ လွင့်မျောလာခဲ့ကာ၊ ဒုတိယအကြိမ် တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

"ကောင်းကင်ကျက်သရေ!" ရှေကျီး မဟာပဏ္ဍိတသည် နာကြည်းမှု အပြည့်ဖြင့် အော်ဟစ်လိုက်သည်။ ပြီးတာနှင့် ယုကျင်းတောင်သည် သူ့အပေါ်သို့ ထပ်မံကျရောက်လာခဲ့၏။

ဝုန်းကနဲ ကျယ်လောင်စွာ မြည်ဟည်းသွား အပြီးတွင်၊ ပတ်ဝန်းကျင် တစ်ခုလုံးသည်

ဖုန်မှုန့်များနှင့် သဲမုန်တိုင်း
တိုက်ခတ်နေသည့်အလား ဖြစ်သွားခဲ့သည်။
ယုကျင်းတောင်သည် မြေပြင်ပေါ်တွင်
ဆင်းသက်လာခဲ့ပြီးနောက်၊ ရွှေကျီး
မဟာပဏ္ဍိတ၏ ကြွေမွနေသော
စိတ်ဝိညာဉ်အား တောင်အောက်တွင်
ဖိနှိပ်ထားခဲ့သည်။

ခဏအကြာတွင် အားလုံးသည်
တည်ငြိမ်သွား၍ ပြန်လည်
ငြိမ်းချမ်းသွားခဲ့သည်။

သို့သော်လည်း အဝေးမှနေ၍ ကြည့်လိုက်လျှင်၊ ခွန်းလွန်တောင်၏ ပတ်ပတ်လည်သည် အပျက်အစီး များစွာနှင့် ဖြစ်သည်။

လင်းဖုန်းသည် မဟူရာကောင်းကင် ရတနာသစ်ပင်၏ ထိပ်ဖျားတွင် ငြိမ်းချမ်းစွာဖြင့် ထိုင်လျှက်ရှိသည်။ သူ၏ အရှေ့တွင် အဖြူရောင် ပုံရိပ်တစ်ခုက ပေါ်လာခဲ့၏။

သူမသည် အဖြူရောင် ဝတ်စုံကို ဝတ်ဆင်ထားသည့် ခြေဗလာဖြင့် အမျိုးသမီးတစ်ယောက် ဖြစ်သည်။ သူမသည်

ဆွဲဆောင်မှု ရှိလှစွာ အပြုံးတစ်ခုအား ပြုံးပြနေခဲ့သည်။

သူမသည် လင်းဖုန်း အရင်က တွေ့ခဲ့ရသည့် အသိပညာ ကျောက်စိမ်းသစ်ပင် မိစ္ဆာမယ် လုံရဲ့ဖြစ်သည်။

လင်းဖုန်းက သူမအား ကြည့်လိုက်ကာ ပြုံးလိုက်သည်။ "အခုအချိန်မှာ ခင်ဗျားကို လုံရဲ့ မဟာပဏ္ဍိတလို့ ခေါ်ရတော့မှာပေါ့"

လုံရဲ့က ခပ်ဖွဖွလေး ရယ်လိုက်သည်။ သူမ၏ အသံသည် ယခင်ကဲ့သို့ ခပ်အက်အက်

ဖြစ်သော်လည်း၊ ဆွဲဆောင်မှုတစ်မျိုး ရှိနေခဲ့၏။ "မာစတာလင်းက မြှောက်နေပြန်ပါပြီ။ ရှင့်ရဲ့အရှေ့မှာ ကျွန်မက မကြွားရဲပါဘူးရှင်"

သူမသည် ယဉ်ကျေးပျူငှာစွာ ပြောနေခဲ့သော်လည်း၊ လင်းဖုန်းသည် သူမအား အထင်လုံးဝ မသေးရဲခဲ့ပေ။ သူမသည် ယန့်မင်းရွှဲ့နှင့် အဆင့်တစ်ဆင့်တည်း ဖြစ်၏။

သူတို့နှစ်ယောက်စလုံးတို့သည် အတိတ်က ဒဏ်ရာ ပြင်းထန်စွာ ရထားခဲ့ကြသော်လည်း၊

အချိန်အနည်းငယ် အတွင်းမှာပင်
ပြန်လည်သက်သာလာနိုင်ကြ၏။ ထို့အပြင်
ယခင်ကထက်ပင် ပို၍
စွမ်းအားကောင်းလာကြ၏။ သူတို့သည်
ယခင်တိုက်ပွဲကတည်းက အစီအစဥ်များ
ဆွဲထားကြသည်ဟု၊ လင်းဖုန်းက သံသယ
ဝင်နေခဲ့သည်။

သူတို့နှစ်ယောက်စလုံးတို့သည် ကြွေလွင့်ခါနီး
ဖြစ်သွားကြသော်လည်း၊ အကျိုးအမြတ်
ကိုယ်စီ ရရှိခဲ့ကြ၏။ သူတို့သည်
အဆင့်နောက်တစ်ဆင့်သို့ပင်
တိုက်နိုင်ခဲ့ကြသည်။

သို့သော်လည်း လုံရဲ့ထက်စာလျှင် လင်းဖုန်းအား စိတ်အနှောင့်အယှက် ဖြစ်စေသည်မှာ၊ သူမ၏ ဆရာဖြစ်သူ ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတ ဖြစ်သည်။

ထိုမိစ္ဆာနှင့် ပတ်သတ်လျှင် လင်းဖုန်းတွင် ပြောစရာ စကားတစ်ခွန်းသာ ရှိ၏။

ကြောက်စရာ ကောင်းလွန်းသည်!

အလွန်အမင်းကို ကြောက်မက်ဖွယ်ကောင်းလှ၏။ ရွှေကျီး မဟာပဏ္ဍိတသည်ပင် သူမ၏ပြိုင်ဘက် မဟုတ်ခဲ့ပေ။ အကယ်၍ ခြံုခိုတိုက်ခိုက်ခြင်း မဟုတ်ခဲ့လျှင်လည်း၊ ရွှေကျီး မဟာပဏ္ဍိတသည် ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတနှင့် ထိပ်တိုက်ရင်ဆိုင်ခဲ့လျှင်၊ အသတ်ခံရမည်သာ ဖြစ်သည်။

ပုံမှန်ဆိုလျှင် ရွှေကျီး မဟာပဏ္ဍိတသည် ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတအား အတွေ့မခံပဲ၊ ကြောက်ရွံ့စွာနှင့် အဝေးက ရှောင်ရှားနေခဲ့သည်။ ဤအချိန်တွင်မူ သူသည်

မှော်ရတနာ တစ်ပါးအား လိုချင်တပ်မက်မှုဖြင့်၊ မြင့်မြတ်သော ကောင်းကင်လေပြင်းတောင်အား လာရောက် တိုက်ခိုက်ခဲ့သည်။ ထိုသတင်း ပေါက်ကြားသွားပြီးနောက်၊ သူသည် ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတ၏ ရုတ်တရက် တိုက်ခိုက်ခြင်းအား ခံခဲ့ရခြင်း ဖြစ်သည်။ နောက်ဆုံးရလဒ်မှာ ကြောက်မက်ဖွယ် ကောင်းလှ၏။

သူမ၏ မိစ္ဆာပဏ္ဍိတ ဆယ်ပါးအတွင်းတွင် နံပါတ်တစ် ဆိုသည့် ဂုဏ်သိက္ခာမှာ၊ အလကား ရထားခြင်း မဟုတ်ပေ။

သူမ၏ မသေဝိညာဥ်သည် တတိယအဆင့်သို့ ရောက်နေခဲ့ပြီဟု လင်းဖုန်းက ခန့်မှန်းနိုင်ခဲ့သည်။ ရွှေကျိုး မဟာပဏ္ဍိတအား တိုက်ခိုက်ခဲ့ရာတွင်၊ သူမသည် ကလေးတစ်ယောက်အား တိုက်ခိုက်ခဲ့သကဲ့သို့ တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။ အတိတ်တွင် အခြား မိစ္ဆာ မဟာပဏ္ဍိတများ၏ တုံ့ပြန်မှုနှင့်၊ မဟာလွင်တီးခေါင် ကုန်းမြေအတွင်းမှ အခြေအနေများကြောင့်သာ မဟုတ်ခဲ့လျှင်၊ သူမသည် ရွှေကျိုးအား အစောကြီးကတည်းက သတ်ပြီး ဖြစ်နေလိမ့်မည်။

ဤအချိန်တွင် ရှေးကျီး မဟာပဏ္ဍိတသည် နတ်ဘုရား နယ်မြေအတွင်းသို့ လာရောက်ခဲ့သဖြင့်၊ သူမအတွက် အခွင့်အရေး ရခဲ့ခြင်း ဖြစ်သည်။ နောက်ဆုံးတွင် စီစဉ်ထားသည့်အတိုင်း၊ သူ့အား အပြတ်ရှင်းနိုင်ခဲ့၏။

လင်းဖုန်းနှင့် ဆက်သွယ်မှု ပြတ်တောက်သွားအပြီးတွင်၊ လုံရဲ့သည် မှင်သက်နေခဲ့သည်။

"အခုယုကျင်းတောင်ရဲ့ ပုံစံကို မြင်ရပြီးနောက်မှာ နောင်တရနေပြီလား" အမျိုးသမီး တစ်ယောက်သည် လုံရဲ့အနားသို့

ဖြည်းညင်းစွာဖြင့် လျှောက်လှမ်းလာခဲ့သည်။ သူမ၏ ခန္ဓာကိုယ် တစ်ခုလုံးသည် မြူခိုးငွေ့ အလွှာတစ်ခုနှင့် ဖုံးလွှမ်းထားသည့်ပုံ ပေါက်နေခဲ့ပြီး၊ အခြားလူများ အနေဖြင့် သူမ၏ ပုံစံကို မမြင်နိုင်ခဲ့ပေ။ သူမသည် လုံရဲ့၏ ဆရာဖြစ်သူ၊ ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတ ဖြစ်သည်။

သူမ၏ ခေါင်းပေါ်တွင် ရွှေရောင်အလင်းတန်း တစ်ခု ရှိနေခဲ့၍၊ လေဟာနယ် အပေါ်တွင် ပိုးစုန်းကြူး တစ်ကောင်က ပျံသန်းနေသကဲ့သို့ ဖြစ်နေခဲ့၏။

လုံရဲ့သည့် သူမ၏ စကားကို ကြားရပြီးနောက်တွင်၊ သူမ၏ သတိ ပြန်ဝင်လာခဲ့သည်။ သူမသည် ပြုံးလိုက်ကာ သူမ၏ ဆရာအနားသို့ ပြေးသွားခဲ့ကာ၊ သူမ၏ လက်မောင်းအား ဆွဲဖက်ကာ လှုပ်ယမ်းလိုက်၏။ "ဆရာ၊ ကျွန်မက နောင်တရနေတာကို သိရက်နဲ့၊ ထပ်ပြီးတော့ မလှောင်ပါနဲ့တော့။ အစက ယုကျင်းတောင်က ဒီလောက်အထိတောင် လျှို့ဝှက်နက်နဲ အစွမ်းထက်မှန်း မသိခဲ့ဘူး"

"ဒါပေမဲ့ ဒီအဖွဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ ခေါင်းဆောင်က၊ နတ်ဘုရား နယ်မြေမှာ

ဘယ်လောက်အထိ မွေဦးမလဲ ဆိုတာကို သိချင်နေသေးတယ်" လို့ရဲ့၏ မျက်ဝန်းအစုံမှာ လင်းလက်လာခဲ့၏။ "ရွှေကျီး မဟာပဏ္ဍိတကို နှိမ်နင်းနိုင်ခဲ့တဲ့အတွက်၊ ကျွန်မတို့ရဲ့ အားထုတ်မှုကလည်း အလဟဿ ဖြစ်မသွားခဲ့ပါဘူး"

ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတက ပြန်ဖြေလိုက်သည်။ "သူ့မိုက်ပြစ်သူ ခံရတာပဲ။ သူက လောဘကြီးပြီး ရည်မှန်းချက်လည်း ကြီးတာကို"

လုံ့ရဲ့သည် စိတ်ဝင်တစားဖြင့် မေးလိုက်သည်။ "ဆရာ၊ ရွှေကျီး မဟာပဏ္ဍိတက မြင့်မြတ်သော လေပြင်းတောင်ကနေ၊ ဘာရတနာကိုများ ရလာခဲ့တာလဲ။ ကျွန်မက ဆရာဟာ ရွှေကျီး မဟာပဏ္ဍိတဆီကနေ နတ်ဘုရား ပုံနှိပ်စာတွေကိုသာ ယူခဲ့ပြီး၊ တခြားဘာကိုမှ မယူခဲ့တာကို တွေ့လိုက်တယ်"

"အဲ့ဒီရတနာက ငါတို့အတွက် ဘာမှ အသုံးမဝင်ဘူး။ ဒါပေမဲ့ တခြားသူတွေကတော့ မတူဘူး" ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတသည် တစ်ချက်ပြုံးလိုက်သည်။

"ငါက အဲ့ဒါလေးကို အံ့ဖွယ်ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်အတွက် ထားပေးလိုက်တယ်။ သူက အဲ့ဒါကို ဘယ်လိုအသုံးချမလဲ ဆိုတာကို စောင့်ကြည့်ရသေးတာပေါ့"

ထိုအချိန်တွင် လင်းဖုန်းသည် ယုကျင်းတောင်ပေါ်တွင်၊ လက်သီးဆုပ်အရွယ်အစားရှိသည့် ရတနာ ပုလဲလေးတစ်လုံးအား ကိုင်ထားကာ သေချာစွာ ကြည့်ရှုနေခဲ့သည်။

ရွှေကျီး မဟာပဏ္ဍိတသည် ဖိနှိပ်ထားခြင်းအား ခံနေခဲ့ရသဖြင့်၊ သူ၏ ရတနာသည် လင်းဖုန်း၏ လက်အတွင်းသို့ ကျရောက်လာခဲ့၏။ သူသည် မြင့်မြတ်သော လေပြင်းတောင်သို့ တကူးတက လာရောက်လုယူခဲ့သော ရတနာ ဖြစ်သဖြင့်၊ လင်းဖုန်းသည် စိတ်ဝင်စားနေခဲ့၏။

"ကြည့်ရတာ နဂိုမူလက အဖြူရောင် မြူခိုးငွေ့တွေက တဖြည်းဖြည်းနဲ့ ရွှေရောင်သန်းနေခဲ့သလိုပဲ"

ထိုပုလဲအား ခဏတာ လေ့လာအပြီးတွင်၊
ညော့်သည်များ ရောက်လာခဲ့သဖြင့်
လင်းဖုန်းသည် သူ့အား ပြန်သိမ်းလိုက်သည်။

ရှေးကျိုး မဟာပဏ္ဍိတ၏
ကျူးကျော်ဝင်ရောက်လာမှုကြောင့်၊
လူသားကလန်မှ အင်မော်တယ်ဝိညာဉ် အဆင့်
ကျင့်ကြံသူများက ရောက်ရှိလာခဲ့ကြခြင်း
ဖြစ်သည်။

## စာစဉ် ၂၁ : အပိုင်း ၂၀

# အပိုင်း ၃၉၀ : ကောင်းကင်ယောက်သွား ရွှေပုလဲ

လင်းဖုန်းသည် ယုကျင်းတောင်ပေါ်တွင် ထိုင်နေခဲ့ရင်း အဝေးမှ မိုးကုတ်စက်ဝိုင်းထံမှ အားကောင်းသော မှော်စွမ်းအင် လှုပ်ရှားမှုများသည်၊ သူ့ထံသို့ ဦးတည်၍ လာနေခဲ့ကြောင်းကို သိခဲ့ရ၏။

သို့သော်လည်း မကြာမီတွင် ထိုမှော်စွမ်းအင် လှုပ်ရှားမှုများသည် ရပ်တန့်သွားခဲ့သည်။ သူတို့သည် ယုကျင်းတောင်၏ အနားသို့ ကပ်မလာခဲ့ချေ။ သူတို့အားလုံးက ရွှေကျီး

မဟာပဏ္ဍိတ၏ မိစ္ဆာအော်ရာတို့မှာ၊ တဖြည်းဖြည်း ပျောက်ကွယ်သွားခဲ့ကြောင်းကို ခံစားမိနေကြသည်။

ဟင်းလင်းပြင်မှနေ၍ အသံတစ်ခုက ပေါ်လာခဲ့၏။ "ခင်ဗျားက အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်လား"

လင်းဖုန်းက တည်ငြိမ်စွာနှင့် ပြန်ဖြေလိုက်သည်။ ဟုတ်ပါတယ်"

"တာအိုရှောင်းရင်းတို့၊ ခင်ဗျားတို့က ဒီနေရာကို ရှေ့ကျီး မဟာပဏ္ဍိတအတွက်

လာခဲ့ကြတာ မဟုတ်လား။ ကျုပ်ကသူ့ကို
နှိမ်နင်းလိုက်ပါပြီ။ သူက နတ်ဘုရား
နယ်မြေကို နောက်ထပ်လာပြီးမှ
လာမသောင်းကျန်းနိုင်တော့ပါဘူး။
ဘာမှထပ်ပြီး စိတ်ပူစရာ မလိုတော့ပါဘူး"

မှော်စွမ်းအင် လှုပ်ရှားမှုများ အားလုံးတို့သည်
ငြိမ်သက်သွားကြ၍၊ ချက်ချင်း
တည်ငြိမ်သွားကြသည်။

အသိစိတ်ပေါင်း များစွာတို့သည်
ယုကျင်းတောင်ပေါ်သို့
စူးစမ်းချင်နေကြသည်ကို လင်းဖုန်းသည်

ခံစားမိလိုက်ရ၏။ သို့သော်လည်း သူတို့သည် ယုကျင်းတောင်၏ ခံစစ်အား မထိုးဖောက်နိုင်ကြပေ။

သူသည် တည်ငြိမ်စွာနှင့်ပင် ရှေးကျိုး မဟာပဏ္ဍိတ၏ ကြေမွနေသော စိတ်ဝိညာဉ် အပေါ်တွင် ထားရှိခဲ့သော အတားအဆီးများကို ဖွင့်ဟလိုက်ရာ၊ ခက်ထန်ကြမ်းတမ်း၍ ဖိနှိပ်နိုင်စွမ်းအားကောင်းသည့် မိစ္ဆာစွမ်းအင်တို့က ဝုန်းကနဲ ထိုးတက်လာခဲ့၏။

ကူညီရန် လာရောက်ခဲ့ကြသည့် အင်မော်တယ် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူများသည်၊ ခေါင်းများကို တစ်ဆတ်ဆတ်နှင့် ညိတ်လိုက်ကြ၏။ သူတို့သည် ရွှေကျီး မဟာပဏ္ဍိတသည် ဒဏ်ရာ ပြင်းထန်စွာ ရရှိထားပြီး၊ လင်းဖုန်းနှင့် ယုကျင်းတောင်တို့၏ ဖိနှိပ်ထားခြင်းကို ခံနေရကြောင်းကို သိလိုက်ကြသည်။

သူတို့သည် ယုကျင်းတောင်အား ပထမဆုံး အကြိမ်အဖြစ် မြင်ခဲ့ရခြင်း ဖြစ်၍၊ သူတို့၏ ခံစားမှုများမှာ အလွန်အမင်း ရှုပ်ထွေးနေကြ၏။ သူတို့သည် သူ့၏

စွမ်းအားများကို ကြားဖူးထားခဲ့ကြသော်လည်း၊ ဒီကနေ့မှပင် ကိုယ်တိုင်မျက်မြင် တွေ့ခဲ့ရခြင်း ဖြစ်၏။

ရွှေကျီး မဟာပဏ္ဍိတသည် မိစ္ဆာ မဟာပဏ္ဍိတ ဆယ်ပါးအတွင်းတွင် နံပါတ် တစ်ဆယ်သာ ချိတ်သော်လည်း၊ သူသည် နတ်ဘုရားနယ်မြေ အတွင်းသို့ မကြာခဏ လာရောက်သောင်းကျန်း နေခဲ့သည်မှာ နှစ်ပေါင်းကြာညောင်းလှပြီ ဖြစ်သည်။

သူသည် မသေဝိညာဉ် ဒုတိယ အဆင့်တွင် ရှိပြီး၊ မဟာသူရိယ အကြွင်းမဲ့ မီးတောက်အား

ထိန်းချုပ်နိုင်၏။ သူ၏ တိုက်ပွဲစွမ်းရည်မှာ
အခြား မိစ္ဆာပဏ္ဍိတ များစွာတို့ထက်
ပိုသာပေသည်။ ယခုတွင်မူ သူသည်
ခွန်းလွန်တောင်တွင် အချုပ်နှောင်ခံခဲ့ရမည်ဟု၊
မည်သူက ကြိုတင်၍ ခန့်မှန်းနိုင်ခဲ့မည်နည်း။

တစ်စုံတစ်ယောက်က ရုတ်တရက်
မေးလိုက်သည်။ "ကျုပ်တို့ လာခဲ့တုံးက
မြင့်မြတ်သော လေပြင်းတောင်ကလည်း
အဖျက်ဆီးခံထားရတာကို တွေ့ခဲ့တယ်။
ကောင်းကင်လေပြင်း သူတော်စင်က
ဘယ်နားမှာလည်း ဆိုတာကို သိပါသလား"

သူတို့သည် တိုက်ပွဲအား ကိုယ်တိုင်ကိုယ်ကျ မမြင်ခဲ့ရသော်လည်း၊ မှော်စွမ်းအင် လက်ကျန်များနှင့် စွမ်းအင်ဝိညာဉ် စီးဆင်းမှုများမှနေ၍ ခန့်မှန်းချက်များကို ပြုလုပ်နိုင်ခဲ့ပေသည်။ မြင့်မြတ်သော လေပြင်းတောင်သည် ရှေးကျီး မဟာပဏ္ဍိတ၏ မဟာသူရိယ အကြွင်းမဲ့ မီးတောက်များဖြင့် ဖျက်ဆီးခြင်းကို ခံခဲ့ရသော်လည်း၊ ကောင်းကင်ကိုးလွှာ လေပြင်းဝက်ပါမှာမူ ယုကျင်းတောင်နှင့် ပြင်းထန်စွာ တိုက်ခိုက်ခဲ့ပြီး၊ အဖျက်ဆီး ခံခဲ့ရခြင်း ဖြစ်သည်။

သူတို့သည် ကောင်းကင်လေပြင်း
သူတော်စင်သည် ရှုံးနိမ့်သွားခဲ့ပြီး၊
သူမရှုံးနိမ့်ခင်တွင် လင်းဖုန်း၏
ယုကျင်းတောင်နှင့် ပြင်းထန်စွာ
တိုက်ခိုက်ခဲ့သည်ဟု သိနေကြ၏။

လင်းဖုန်းက ပြန်ဖြေလိုက်သည်။
"ကောင်းကင်လေပြင်း သူတော်စင်က
ကျုပ်ကို မကောင်းကြံတဲ့အတွက်၊
ကျုပ်ကသူ့ကို သတ်ပစ်ခဲ့တယ်"
အားလုံးတို့သည် ကောင်းကင်လေပြင်း
သူတော်စင်၏ နောက်ဆုံးအော်ရာကို
အာရုံခံနိုင်နေကြသည့် အတွက်၊

လင်းဖုန်းသည် သူ၏လုပ်ရပ်အား
အမှန်အတိုင်း ဝန်ခံလိုက်သည်။

လင်းဖုန်းက ကောင်းကင်လေပြင်း
သူတော်စင်အား သတ်ပစ်လိုက်သည်ကို
ကြားလိုက်ရအပြီးတွင်၊ လင်းဖုန်းသည်
အားလုံးထံမှ သံသယစိတ်များကို
ခံစားခဲ့လိုက်ရသည်။

လင်းဖုန်း၏ အမူအရာများသည်
တည်ငြိမ်နေခဲ့ပြီး၊ ဆက်ပြောလိုက်သည်။
"ရွှေကျီး မဟာပဏ္ဍိတက
နတ်ဘုရားနယ်မြေကို

ကျူးကျော်ဝင်ရောက်လာခဲ့တယ်။ ဒီမိစ္ဆာကို ဖယ်ရှားခြင်းဟာ အပြစ်ကင်းတဲ့ လုပ်ရပ်ဆိုတာကို၊ တာအိုရောင်းရင်းများ အားလုံးကလည်း သဘောတူကြလိမ့်မယ်လို့ ထင်ပါတယ်။ အခုဆိုရင် သူက ယုကျင်းတောင်အောက်မှာ အဖိနှိပ် ခံထားရပါပြီ"

"လေနတ်ဘုရားဂိုဏ်းက ကျုပ်တို့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို ကျူးကျော်ဖို့ ကြိုးစားခဲ့တယ်။ ဒါကြောင့် ကျုပ်က ကောင်းကင်လေပြင်း သူတော်စင်နဲ့ စာရင်းရှင်းခဲ့တယ်။ အဖြစ်ကတော့ ဒါပါပဲ"

အားလုံးတို့သည် ငြိမ်သက်နေကြ၍၊
ရင်ထဲမှနေ တွက်ချက်နေကြ၏။

လင်းဖုန်းသည် သူ၏ ရင်ထဲမှနေ၍
တစ်စုံတစ်ခုအား ခံစားခဲ့ရ၏။ သူသည်
ခရမ်းရောင် တိမ်တိုက်များကို ဆင့်ခေါ်ခဲ့ကာ၊
ယုကျင်းတောင်အောက်မှ ရွှေကျီး
မဟာပဏ္ဍိတ၏ ကြွေမွနေသော
စိတ်ဝိညာဉ်အား ဖုံးလွှမ်းလိုက်ကာ၊
မဟူရာကောင်းကင် ရတနာသစ်ပင်၏
အပေါ်မှ ကောင်းကင်စကြာဝဠာ

အလင်းတန်းကမ္ဘာ အတွင်းသို့ ပို့ဆောင်လိုက်သည်။

ရွှေကျီး မဟာပဏ္ဍိတ၏ စိတ်ဝိညာဉ်သည် မသက်မသာ ခံစားခဲ့လိုက်ရသည်။ "မင်းက ဘာများ လုပ်ချင်နေတာလဲ"

လင်းဖုန်းသည် ပြုံးလိုက်ကာ ကျောပေါ်တွင် ရောမ ဓားကြီးကို လွယ်နေ၍၊ သစ်ပင်အား အဆက်မပြတ် ပတ်၍လျှောက်နေသော ကညာပျိုအား ကြည့်လိုက်သည်။ ပြီးမှသူသည် ရွှေကျီး မဟာပဏ္ဍိတ၏ ကြေမွနေသော စိတ်ဝိညာဉ်အား ကြည့်လိုက်ကာ၊

ခေါးလွယ်ထားသော ကညာပျို၏ အနားသို့
လျှောက်သွားခဲ့၍ သူမအား သူ၏
အသိစိတ်ဖြင့် ဆက်သွယ်လိုက်၏။

ရောမ ခေါးကြီးသည် ခေါးအိမ်အတွင်းမှ
နောက်ဆုံးထွက်လာခဲ့သည့် အချိန်မှစကာ၊
ထိုခေါးလွယ်ထားသော ကညာပျိုသည်
ဟန်ပန်အမူအရာ ကင်းမဲ့နေသေးသော်လည်း၊
ယခင်ကထက်စာလျှင် စိတ်ဝိညာဥ်
စွမ်းအင်များဖြင့် ပြည့်ဝလာသည်ကို
လင်းဖုန်းက သတိထားမိခဲ့သည်။

ဒါသည် ရောမ ခေးကြီး၏ သုံးပုံတစ်ပုံသည် သံချေးကင်းစင်သွားသောကြောင့် ဖြစ်နိုင်သည်။

သူမအား အရင်တစ်ခေါက်က ခေးကိုကူညီ၍ သန့်စင်ထားသော ကောင်းမှုကို အကြောင်းပြု၍၊ လင်းဖုန်းသည် ထိုကညာပျိုနှင့် ဆက်သွယ်ရန် ကြိုးစားနေခဲ့ခြင်း ဖြစ်သည်။

သူမသည် လမ်းလျှောက် မရပ်ခဲ့သော်လည်း သူ၏ ဆက်သွယ်မှုအား တစ်မျိုးတစ်ဖုံ

တုံ့ပြန်ခဲ့သည်ဟု ခံစားခဲ့ရသဖြင့်၊ လင်းဖုန်းက
ပျော်ရွှင်သွားခဲ့သည်။

သူသည် ရွှေကျီး မဟာပဏ္ဍိတ၏
ကြေမွနေသော စိတ်ဝိညာဉ်အား
ယူဆောင်ခဲ့ကာ၊ သူမအား
စိတ်ချင်းဆက်သွယ်၍ သတင်းတစ်ခု
ပို့လိုက်၏။

ထိုခေါးလွယ်ထားသော ကညာပျိုသည်
ရုတ်တရက် ရပ်တန့်သွားခဲ့၏။ သူမသည်
ရွှေကျီး မဟာပဏ္ဍိတအား ငုံ့ကြည့်လိုက်သည်။

ရွှေကျီး မဟာပဏ္ဍိတသည်
အံ့ဩမှင်သက်သွားခဲ့၏။ သူသည်
နောက်ဆုံးအနေဖြင့်၊ ခုခံဖို့ကို
ကြိုးစားခဲ့သေး၏။ ကြေမွနေသော
စိတ်ဝိညာဉ်ဖြင့် သူ၏ စွမ်းအားများမှာ၊
အခြေတည်ဝိညာဉ် အဆင့်က ကျင့်ကြံသူ၏
စွမ်းအားလောက်တော့ ကျန်နေသေးသည်။

သို့သော်လည်း သူမ၏ ကျောပေါ်တွင်
ဓားကြီးနှင့် ချည်နှောင်ထားသည့်
ငွေရောင်ချိန်းကြိုးများမှာ၊ ရုတ်တရက်
ပြေလျော့သွားခဲ့၏။ ရောမ ဓားအိမ်ကြီးသည်

ရွှေကျီး မဟာပဏ္ဍိတ အပေါ်သို့ ကျဆင်းလာခဲ့သည်။

"ဘုန်း!"

ရွှေကျီး မဟာပဏ္ဍိတသည် ဒေါသတကြီးဖြင့် အော်ဟစ်လိုက်သည်။ သူသည် ဓားအိမ်ကြီး၏ အလေးချိန်ဖြင့် အဖိနှိပ်ခံထားရကာ၊ လုံးဝ မလှုပ်ရှားနိုင်တော့ပေ။

ကညာပျို၏ ပုံရိပ်သည်လည်း ဖြည်းဖြည်းချင်း ပျောက်ကွယ်သွားခဲ့သည်။ ကျန်နေခဲ့သည်မှာ ရွှေကျီး မဟာပဏ္ဍိတ၏ အပေါ်တွင်

ဖိနှိပ်ထားသည့်၊ ရောမ ခေါင်းအိမ်ကြီးသာ ဖြစ်၏။

မကြာမီတွင် ရွှေကျီး မဟာပဏ္ဍိတ၏ မျက်နှာအပေါ်တွင် နာကျင်သော ဝေဒနာများ ပေါ်လာခဲ့၏။ စိတ်ရှုပ်ထွေး ကြောက်ရွံ့စွာနှင့် သူက ခေါင်းအိမ်ကြီးအား ကျိန်ဆဲလိုက်၏။ "ဒါကြီးက..."

သူသည် သံချေးတက်နေသော ရောမ ခေါင်းသွားကြီးက၊ သူ၏ မိစ္ဆာ စိတ်ဝိညာဉ်အား ပွတ်တိုက်နေသည်ဟု ခံစားနေရသည်။ တစ်ခေါက်ပွတ်တိုက်လိုက်တိုင်း

သူ၏အတွင်းသို့ နက်ရှိုင်းစွာနှင့် ဝင်ရောက်သွားခဲ့၏။

ရွှေကျီး မဟာပဏ္ဍိတသည် ခေါ်းသွေးကျောက် တစ်တုံးအလား ဖြစ်နေခဲ့၏။ ခေါ်းအိမ်အတွင်းမှ ရောမ ခေါ်းကြီးသည် သူ့အား အဆက်မပြတ် ပွတ်တိုက်နေခဲ့သည်။ သူ၏ မိစ္ဆာဝိညာဉ်အား အသုံးချ၍၊ သူ့ထံမှ သံချေးများနှင့် အပြစ် အနာအဆာများကို စွန့်ဖယ်ချင်နေခဲ့သည်။

မကြာမီတွင် သံချေးများမှာ လျော့နည်းလာခဲ့၍၊ ရောမ ခေါ်းကြီး၏ စွမ်းအားများမှ တိုးလာခဲ့သည်။

အခြားတစ်ဘက်တွင်မူ ရွှေကျီး မဟာပဏ္ဍိတ၏ စိတ်ဝိညာဉ်မှာ အတော်ကြီး အားနည်းသွားခဲ့၏။

ဒါသည် ရှည်ကြာ၍ အချိန်ယူရမည့် ဖြစ်စဉ်တစ်ခု ဖြစ်သည်။

ထိုအရာအား ကြည့်လိုက်ကာ လင်းဖုန်းသည် သူ၏ခေါင်းအား ညိတ်လိုက်သည်။ "'ငါ့ရဲ့ ခန့်မှန်းချက်တွေက မှန်ကန်တယ်။ ဒါက ရွှေကျီး မဟာပဏ္ဍိတကို အသုံးချဖို့ အသင့်တော်ဆုံး နည်းလမ်းပဲ"

ကြွေမွနေသော စိတ်ဝိညာဉ် အဖြစ်သာ ကျန်နေသေးသော်လည်း၊ ရွှေကျီးမဟာပဏ္ဍိတသည် လွန်စွာ အားကောင်းလှသေးသည်။ အကယ်၍ လင်းဖုန်းသည် သူ၏ ကိုယ်ပိုင်စွမ်းအားများကို အသုံးချ၍ ဖိနှိပ်ထားခဲ့ရလျှင်၊ အခြားဘာကိုမှ ပြုလုပ်နိုင်တော့မည် မဟုတ်ပေ။

အကယ်၍ ယုကျင်းတောင်၏ စွမ်းအားများကို အသုံးပြု၍ သူ့အား ဖိနှိပ်ထားခဲ့လျှင်လည်း၊ ဒါသည် ယုကျင်းတောင်၏ လှုပ်ရှားနိုင်စွမ်းနှင့် စွမ်းအားမျှခြေများအား အကျိုးသက်ရောက်မှု ရှိမည်ဖြစ်၏။ ယုကျင်းတောင်သည်

ဟင်းလင်းပြင်အတွင်းသို့ ဝင်ရောက်နိုင်ခြင်း ရှိတော့မည် မဟုတ်ပဲ၊ ဒါသည် လင်းဖုန်း လက်ခံနိုင်သော အရာ မဟုတ်ချေ။

ထို့ကြောင့် လင်းဖုန်းသည် ရောမ ဓားကြီးအား အသုံးပြု၍၊ ရွှေကျီး မဟာပဏ္ဍိတအား ဖိနှိပ်ထားရန် ဆုံးဖြတ်ခဲ့သည်။ တစ်ချိန်တည်းမှာပင် သူသည် ထိုဓားအား သန့်စင်နိုင်ခဲ့ကာ၊ စွမ်းအားများကို နောက်တစ်ဆင့်သို့ တိုးမြှင့်စေနိုင်မည် ဖြစ်သည်။

လင်းဖုန်းသည် သူ၏လက်ဝါးများကို စုစည်းလိုက်ကာ၊ မှော်ကျိန်စာ တစ်ခုအား ဖန်ဆင်းလိုက်သည်။ နားကွဲလုမတတ် အသံကြီးနှင့်၊ ယုကျင်းတောင်သည် မြေပေါ်မှ ကြွတက်လာခဲ့ကာ ကောင်းကင်ပေါ်သို့ ပျံသန်းသွားခဲ့သည်။

ယုကျင်းတောင်ထိပ်မှ မဟူရာကောင်းကင် ရတနာသစ်ပင်ကြီး၏ သစ်ကိုင်းများ၊ သစ်ရွက်များသည် တုန်ခါလာခဲ့၍၊ ရတနာရောင်စဉ် ခုနှစ်သွယ်အား ထုတ်လွှတ်လိုက်သည်။ ထိုရတနာရောင်စဉ် ခုနှစ်သွယ်တို့သည် လေဟာနယ်များကို

ဖြတ်တောက်လိုက်၍၊ ရောမ ကျောက်စိမ်းဖြူ တောင်ကြီးသည့် ဟင်းလင်းပြင်အတွင်းသို့ ဝင်ရောက်သွားခဲ့သည်။

တခဏချင်းအတွင်းတွင် ကြီးကျယ်မြင့်မြတ်လှသော တောင်နှင့်အတူ၊ ခရမ်းရောင် တိမ်တိုက်လွှာများ၊ ရောမ ရတနာသစ်ပင်ကြီးတို့သည် အတူတကွ ပျောက်ကွယ်သွားကြသည်။

ကျန်နေခဲ့သော အရာများမှာ ကောင်းကင်ပြာနှင့် တိမ်ဖြူလွလွများပင် ဖြစ်ကြ၏။ လေပြည်ညင်းများက ညင်သာစွာ

တိုက်ခတ်နေကြကာ၊ လင်းဖုန်း၏ အသံအား လူတိုင်းမှ ကြားနိုင်ခဲ့သည်။ "တကယ်လို့ အနာဂတ်မှာ မိစ္ဆာကလန်က ထပ်ပြီးတော့ ကျူးကျော်ဝင်ရောက်လာလို့ရှိရင်၊ ကျုပ်က သူတို့ကို တိုက်ထုတ်ဖို့ ဝန်လေးနေမှာ မဟုတ်ဘူး"

ပြီးတာနှင့် ယုကျင်းတောင်နှင့်အတူ လင်းဖုန်းသည် ကွယ်ပျောက်သွားခဲ့၏။

ဟင်းလင်းပြင် အတွင်းမှ အင်မော်တယ် ဝိညာဉ် အဆင့် အကြီးအကဲ များစွာတို့သည်၊ ငြိမ်သက်နေကြ၏။ သူတို့၏

ခေါင်းအတွင်းတွင် အတွေးပေါင်းများစွာ ရှိနေခဲ့သော်လည်း၊ တစ်ယောက်မှ အသံမထွက်ခဲ့ကြပေ။

လင်းဖုန်းသည် ဟင်းလင်းပြင်ထဲမှ ကစဉ့်ကလျား လေစီးကြောင်းများ အတွင်းတွင် ယုကျင်းတောင်အား မောင်းနှင်နေဆဲတွင်၊ ယန့်မင်းရှဲ့ထံမှ အသံလွင့်လာသော သတင်းအား ကြားလိုက်ရသည်။ "မာစတာလင်း၊ ဒီတစ်ခေါက်မှာတော့ ရှင်လုပ်တာ နည်းနည်းများသွားပြီ"

"လေနတ်ဘုရားဂိုဏ်းနဲ့ ယုမိသားစုတို့က ပူးပေါင်းပြီး ကျုပ်ကို မကောင်းကြံခဲ့ကြတယ်။ ကျုပ်က သူတို့ကို လက်တုံ့ပြန်ရုံပါပဲ" လင်းဖုန်းက တည်ငြိမ်စွာနှင့် ပြန်ဖြေလိုက်၏။ "ဒါပေမဲ့ ဘာပဲပြောပြော၊ ကျုပ်က ဟင်းလင်းပြင် ဘုရားကျောင်းကိုတော့ ကျေးဇူးတင်ရလိမ့်မယ်"

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းအား ပူးပေါင်းကြံစည်မှုတွင်၊ လာရောက်ပူးပေါင်းမည့်သူ နောက်တစ်ယောက် ရှိသေးသည်။ ဒါသည် စူတောင်ခေးလမ်းစဥ် ခြောက်သွယ်တွင် တစ်ခု

အပါအဝင်ဖြစ်သော၊ လီရှုံခားဓ၏ခေါင်းဆောင် လီရှုံ ခားမာစတာပင် ဖြစ်သည်။

ရှုကျိုးမှ ဂိုဏ်းဖွင့်ပွဲ အခမ်းအနား မတိုင်မီ တိုက်ပွဲတွင်၊ လီရှုံခားမာစတာ၏ တပည့် ခုန်းယန်သည် လင်းဖုန်း၏ အနိုင်ယူခြင်းအား ခံလိုက်ရသည်။ လင်းဖုန်းသည် သူ၏ အသက်ကို ချမ်းသာပေးခဲ့သော်လည်း၊ လီရှုံခားမာစတာမှာ လူပုံအလည်တွင် အရှက်ကွဲခဲ့၏။ သူက ရန်ငြိုးထားခဲ့ခြင်းမှာလည်း အဆန်းတော့ မဟုတ်ပေ။

ဤ၊တစ်ခေါက်တွင် ကောင်းကင်လေပြင်း
သူတော်စင်နှင့် ရှမ်းမင်သူတော်စင်တို့သည်၊
မဟာမိတ်ဖွဲ့၍ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းအား တိုက်ခိုက်ရာတွင်၊
သူတို့သည် လီရှုံခေးမာစတာအားလည်း
ဆက်သွယ်ခဲ့၏။ သူသည်
လာရန်ကြိုးစားခဲ့သော်လည်း၊ ဟင်းလင်းပြင်
ဘုရားကျောင်း၏ ဟန့်တားမှုအား ခံခဲ့ရ၏။

သို့သော်လည်း ဟင်းလင်းပြင်
ဘုရားကျောင်းသည် ထိုသို့ပြုလုပ်ရခြင်းမှာ၊
သူတို့အကြောင်းနှင့် သူတို့ ရှိလေသည်။

လင်းဖုန်းအား ကူညီရန်အတွက် သက်သက်မဟုတ်ချေ။

ယန့်မင်းရွှဲ့သည် ခေတ္တမျှ ပြုံးလိုက်ကာ ပြောလိုက်သည်။ "မာစတာလင်းက အားနာလွန်းနေပါပြီ။ ကျွန်မက နာမည်ကောင်း ဝင်မယူရဲပါဘူး။ ဒီဆုံးဖြတ်ချက်ကိုချတာ၊ ကျွန်မရဲ့ စီနီယာ ဖြစ်ပါတယ်"

"အိုး" လင်းဖုန်းက သူ၏ခေါင်းအား ညိတ်လိုက်သည်။ "လက်စသတ်တော့ သူကိုး"

ယန့်မင်းရွဲ့သည် ရုတ်တရက် မေးလိုက်သည်။ "ရွှေကျိုး မဟာပဏ္ဍိတ လာရှာတဲ့ ရတနာက၊ အခုရှင့်လက်ထဲမှာလား"

"ဟုတ်တယ်" လင်းဖုန်းက ပြန်ဖြေလိုက်သည်။ "ခင်ဗျားက စိတ်ဝင်စားလို့လား"

ယန့်မင်းရွဲ့က ပြန်ပြောလိုက်သည်။ "မဟုတ်ပါဘူး။ ဒါပေမဲ့ မာစတာလင်းကို သတိတော့ ပေးရလိမ့်မယ်။ ဒီကောင်းကင်ယောက်သွား ရွှေပုလဲက ရှင့်ကို

ပြဿနာတွေ အများကြီး
သယ်ဆောင်လာပေးလိမ့်မယ်"

"မဟာလွင်တီးခေါင် ကုန်းမြေက
ကောလဟာလတွေ အရဆိုရင်၊ ဒီအိုင်တမ်ဟာ
မိစ္ဆာကာလန်ရဲ့ ပျောက်ဆုံးနေတာ
ကြာပြီဖြစ်တဲ့ ရတနာတစ်ပါး ဖြစ်တယ်။
သူ့ဆီမှာ လျှို့ဝှက်ချက်ပေါင်း များစွာ ရှိတယ်နဲ့
တူတယ်။ ဒါပေမဲ့ ကောလဟာလတွေက
အမှန်လို့တော့ မသေချာဘူး"

"ဒီလိုမျိုး ကောလဟာလတွေက အများကြီးပဲ။
ဒါပေမဲ့ အတော်များများက

အလိမ်အညာတွေသာ ဖြစ်တယ်။ ဒါပေမဲ့ တချို့ မိစ္ဆာတွေက သူတို့ကို အလေးအနက် တန်ဖိုးထားကြတယ်။ ရှေ့ကျီး မဟာပဏ္ဍိတက သူတို့အထဲက တစ်ယောက်ပေါ့"

လင်းဖုန်း၏ မျက်လုံးအစုံမှာ ကျဥ်းမြောင်းသွားခဲ့ကာ ပြောလိုက်သည်။ "ကောင်းကင်ယောက်သွား ရှေ့ပုလဲ၊ ဟုတ်လား။ ကျုပ်က ဘာလုပ်ရမလဲ ဆိုတာကို အကြံတစ်ခု ရလာခဲ့ပြီ။ ကျုပ်ကို အကြံပေးခဲ့တဲ့အတွက်၊ တာအိုရောင်းရင်းယန့်ကို ကျေးဇူးတင်ပါတယ်"

"ကိစ္စမရှိပါဘူး၊ မာစတာလင်း" ယန့်မင်းရွဲ့က အပြုံးဖြင့် ပြန်ဖြေလိုက်သည်။ ပြီးတာနှင့် ထပ်ပြောလိုက်၏။ "ပြီးတော့ ရွှမ်းမင် သူတော်စင်က၊ ရှင့်ရဲ့ ကောင်းကင်လေပြင်း သူတော်စင်ကို သတ်လိုက်ပြီး ရွှေကျီး မဟာပဏ္ဍိတကို ဖမ်းချုပ်ထားတဲ့ သတင်းကို ရသွားပြီပြီ။ အခုရောက်လာကြတဲ့ အင်မော်တယ် ဝိညာဉ် အကြီးအကဲတွေ အထဲမှာ၊ ရှီမိသားစုရဲ့ ခေါင်းဆောင်လည်းပါတယ်"

"နှမြေခြာစရာပဲ၊ ကျုပ်တို့က
မတွေ့ခဲ့လိုက်ရဘူး" လင်းဖုန်းက
တည်ငြိမ်စွာနှင့် ပြောလိုက်သည်။
"ရွှမ်းမင်သူတော်စင် အနေနဲ့၊ သူ့အတွင်းကနေ
ပြောင်းလဲချက် တစ်ချို့ကို ကျုပ်က
အာရုံခံနေမိတယ်"

သူဆိုလိုချင်သည့် ပြောင်းလဲချက် အချို့မှာ၊
ရွှမ်းမင်သူတော်စင် ယုရှင်းတောက်၏
ချောင်ပိတ်မိနေခြင်းပင် ဖြစ်သည်။

သူသည် လင်းဖုန်း၏ ယင်-ယန်
ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါအား

ဒေါသတကြီးဖြင့် အဆက်မပြတ် တရစပ် ထိုးနှက်နေခြင်းသည်၊ ဝက်ံပါအား ချိုးဖောက်ပြီး လင်းဖုန်းအား သတ်ရန် မဟုတ်ပဲ၊ ထွက်ပြေးလွတ်မြောက်ရန်သာ ဖြစ်သည်။

သူတို့သည် လီပေါင်းသိန်းနှင့်ချီကာ ဝေးကွာနေခဲ့သော်လည်း၊ ယုကျင်းတောင်သည် ဟင်းလင်းပြင်အား ဖြတ်ကျော်၍ လျှင်မြန်စွာ ခရီးသွားနိုင်သဖြင့်၊ ယုရှင်းတောက်သည် ထွက်ပြေးလွတ်မြောက်နိုင်မည် မဟုတ်ပေ။

ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း
ဝက်ပါနှင့် ရင်ဆိုင်ရာတွင်၊
ယုရှင်းတောက်သည် အသာစီးရနေခဲ့သည်။
ယခုအချိန်တွင် သူသည် မည်သူ့ကိုမှ
သတ်ဖြတ်ရန် မကြိုးစားတော့ပဲ
လွတ်မြောက်ရန်သာ အားစိုက်နေခဲ့သဖြင့်၊
သူ၏ ခက်ခဲမှု အဆင့်များမှာ များစွာ
လျော့ကျသွားခဲ့၏။ သို့သော်လည်း အဓိက
မေးခွန်းမှာ ယုကျင်းတောင်က
ရောက်မလာခင်၊ သူသည် ဝက်ပါအား
ချိုးဖောက်နိုင်မည်လော ဟူသည်ပင် ဖြစ်၏။

သူ၏ အင်မော်တယ် ဝိညာဉ်
ကိုယ်ပွားဖြစ်သည့် အနက်ရောင်
ရေခဲဝိညာဉ်နှင့်၊ သူ၏ မှော်ရတနာ ဖြစ်သော
ရွှမ်းမင်သီအိုရမ်အား အသုံးပြုကာ၊
ယုရှင်းတောက်သည် ယင်-ယန်
ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါအား
အောင်မြင်စွာ
ချိုးဖောက်လွတ်မြောက်နိုင်ခဲ့သည်။ ပြီးတာနှင့်
တပြိုင်နက် သူသည် ဘာမှတွေဝေနေခြင်း
မရှိပဲ ထွက်ပြေးသွားခဲ့၏။

သူသည် ဝက်ပါအတွင်းတွင်
ပိတ်မိနေကြသေးသည့် သူ၏

အခြေတည်ဝိညာဉ် အဆင့်မှ
ဂရန်းမာစတာများ ဖြစ်ကြသည့်၊ ယုရိလွမ်နှင့်
ယုရှီးလင်တို့အား ကယ်တင်ရန် ခေါင်းထဲပင်
မထည့်နိုင်တော့ပေ။

ဒါသည် သူက နှလုံးသား ကင်းမဲ့ခြင်းကြောင့်
မဟုတ်ချေ။ မြင့်မြတ်သော လေပြင်းတောင်သို့
အကူအညီပေးရန် အလျှင်အမြန်
ထွက်ခွာသွားခဲ့သော ကောင်းကင်လေပြင်း
သူတော်စင်ကဲ့သို့၊ သူ၏ ရင်ထဲမှလည်း
သူ့ရဲဘော်များအား ဆုံးရှုံးခဲ့ရသဖြင့်
ငိုကြွေးနေခဲ့သည်။ သို့သော်လည်း သူသည်
ဆုံးဖြတ်ချက် ပြတ်သားစွာ ဆောင်ရွက်ခဲ့ရ၏။

သူ၏ ဆုံးဖြတ်ချက်မှာ မှန်ကန်ပေသည်။ သူထွက်သွားပြီး မကြာမီမှာပင်၊ လင်းဖုန်းနှင့် ယုကျင်းတောင်သည် ဤနေရာသို့ ရောက်ရှိလာခဲ့သည်။

လင်းဖုန်းသည် ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါထံသို့ ပြန်ရောက်လာခဲ့သောအခါ၊ ရှီထျန်းဟောင်သည် သူ့ထက် အဆင့်ကြီး တစ်ဆင့် ပိုမြင့်သည့်၊ အခြေတည်ဝိညာဉ် အလယ်အလတ် အဆင့်မှ ဂရန်းမာစတာ

ယုရှီးလင်နှင့် အကြိုက်အနယ်
တိုက်ခိုက်နေသည်ကို မြင်လိုက်ရသည်။

## စာစဥ် ၂၂ : အပိုင်း ၁

## အပိုင်း ၃၉၁ : ကြီးမြတ်သော ခေါင်းဆောင်အသစ်

လင်းဖုန်းသည် ယုကျင်းတောင်ထိပ်မှ မဟူရာကောင်းကင် ရတနာသစ်ပင်၏ အပေါ်တွင်၊ ငြိမ်သက်စွာထိုင်နေခဲ့၏။ သူသည် ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါ အတွင်းမှ၊ ခက်ထန်သော

တိုက်ပွဲများကို အာရုံမစိုက်ထားခဲ့ပေ။ သူ၏ သံမဏိသစ်ပင် ကိုယ်ပွားသည်ပင်လျှင် တောင်ထိပ်ပေါ်သို့ ရောက်လာခဲ့သည်။

ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝင်္ကပါ အတွင်းတွင် ပိတ်ထားသော၊ ယုရိလွမ်နှင့် အခြေတည်ဝိညာဉ် နောက်ဆုံး အဆင့်မှ ကျင့်ကြံသူ သုံးယောက်တို့မှလွဲ၍၊ လင်းဖုန်းသည် ယုရှီးလင် အပါအဝင် ကျန်အခြေတည်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ လေးယောက်တို့အား မည်သို့မှ မပြုလုပ်ခဲ့ပေ။ သူတို့အား ဝင်္ကပါအတွင်း၌သာ ထည့်ထားခဲ့သည်။

ခက်ထန်လှသော တိုက်ပွဲတစ်ခု အပြီးတွင်၊ ဝက်ပါအတွင်းမှ တိုက်ပွဲသည် အဖြေပေါ်လာခဲ့ပြီ ဖြစ်သည်။

မျက်စိများကိုမှိတ်၍ အနားယူနေသော လင်းဖုန်းသည်၊ ရုတ်တရက် သူ၏မျက်လုံးများအား ဖွင့်လိုက်ကာ ပြုံးလိုက်၏။ သူသည် ဝက်ပါအတွင်းသို့ လှမ်းကြည့်လိုက်သည်။

ဝက်ပါအတွင်းမှ အလင်းရောင်များသည် ပြိုးပြိုးပြက်ပြက် တောက်ပလာခဲ့ကာ၊

အတွင်းမှ ပုံရိပ်တစ်ခုက ထွက်လာခဲ့၏။ သူ၏ ခြေလှမ်းများမှာ ဒယီးဒယိုင် ဖြစ်နေခဲ့၍၊ ခန္ဓာကိုယ်မှာ တုန်ခါနေခဲ့၏။ သူသည် လွန်စွာအားနည်းနေသောပုံ ပေါက်နေခဲ့၏။

သို့သော်လည်း သူ၏ မျက်လုံးအစုံမှာ တစ်ခါမှ မမြင်ဖူးသော စွမ်းအားများဖြင့်၊ အလွန်အမင်း တောက်ပနေခဲ့သည်။

"ဆရာ!" ရှီထျန်းဟောင်သည် ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါ အတွင်းမှ ထွက်ပေါ်လာခဲ့သည်။ သူသည် လင်းဖုန်းအား ကြည့်လိုက်ကာ

ပြုံး၍ပြောလိုက်သည်။ "ကျွန်တော်
အနိုင်ရသွားခဲ့ပြီ"

ဤအချိန်တွင် ရှီထျန်းဟောင်၏ ခန္ဓာကိုယ်
တစ်ခုလုံးသည်၊ အပြာရောင်သန်းကာ
အေးခဲနေခဲ့သည်။ သူ၏ တစ်ကိုယ်လုံးတွင်
အက်ကွဲကြောင်းများဖြင့် ပြည့်နေခဲ့၏။
သို့သော်လည်း ထိုအက်ကွဲကြောင်းများတွင်
သွေးများကို မတွေ့ခဲ့ရပေ။
ရေခဲသလင်းကျောက်များသာ ကြမ်းပြင်ပေါ်သို့
အဆက်မပြတ် ပြုတ်ကျနေကြသည်။

မဟာပဏ္ဍိတ၏ အရေပြားကသာ မကာကွယ်ထားခဲ့လျှင်၊ ရှောင်ပုတန်သည် အသက်ပင် ဆုံးရှုံးသွားနိုင်သည်။ သူ၏ ခန္ဓာကိုယ် တစ်ခုလုံးသည် ရေခဲရုပ်ထု ဖြစ်သွားကာ၊ ကြေမွသွားနိုင်သည်။

ယခုအချိန်တွင်ပင် သူ၏ တစ်ကိုယ်လုံးမှာ ကွဲကြေလွယ်သော ရွှံ့ရုပ်ပမာ ဖြစ်နေခဲ့၏။ အခြေတည်ဝိညာဉ် အဆင့် မဆိုထားနှင့်၊ ရွှေရောင်ဗဟိုချက် အဆင့်၊ အခြေခံအုတ်မြစ် အဆင့်၊ ချီသာဝကအဆင့်က ကျင့်ကြံသူ တစ်ယောက်၊ သို့မဟုတ်

သာမန်လူတစ်ယောက်ကပင် သူ့အား တစ်စစီ ခြေမွပစ်နိုင်ပေသည်။

သူ၏ ခန္ဓာကိုယ် အတွင်းမှ ယခင်က စိတ်ဝိညာဉ် စွမ်းအားများဖြင့် ပြည့်ဝနေသော အပေါက်ကိုးပေါက် ရွှေရောင်ဗဟိုချက်သည်၊ ယခုအခါတွင် ဆောင်းခိုနေသကဲ့သို့ အားနည်းသွားကာ ဖုတ်လှိုက်ဖုတ်လှိုက် ဖြစ်၍နေခဲ့သည်။

မိုးသောက်ပန်း ဝင်ရိုးစွန်း ကြေးမုံနှင့် ဗလာနတ္တိ အစိမ်းရောင် ဆေးမီးဖိုတို့သည်၊ ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း

ဝက်ပါ အတွင်းတွင်သာ ကျန်နေခဲ့၏။
ရှီထျန်းဟောင်သည် သူတို့အား ပြန်၍
မယူလာနိုင်ခဲ့ပေ။ ယူလာနိုင်ခဲ့လျှင်လည်း
သူတို့နှစ်ခုစလုံးတို့သည်၊ အပြင်းအထန်
ပျက်စီးသွားခဲ့ကာ အရောင်များ
မှေးမှိန်နေကြပြီ ဖြစ်သည်။

သူသည် ကလေးလေး ဘဝတုံးက သူ၏ အန္တိမ
စိတ်ဝိညာဉ်တာဝါ အခိုးယူ ခံခဲ့ရစဉ်
အချိန်မှလွဲ၍၊ ယခုအချိန်သည်
ရှီထျန်းဟောင်၏ အားအနည်းဆုံး
အချိန်ဖြစ်သည်။ သူသည်

ဒဏ်ရာအပြင်းအထန် ရရှိခဲ့၍၊
အသက်အန္တရာယ်ပင် စိုးရိမ်နေရ၏။

သူ၏ ဒဏ်ရာများသည်
ပြင်းထန်လှသော်လည်း၊ သူ၏ အမူအရာမှာ
ရွှင်လန်းတက်ကြွနေခဲ့၍ သူ၏
မျက်လုံးအစုံမှာ ဝင်းလက်နေခဲ့သည်။

အဘယ်ကြောင့်ဆိုသော် သူ၏
ရွှေရောင်ဗဟိုချက် အလယ်အလတ် အဆင့်
ကျင့်ကြံမှုဖြင့်၊ သူသည် အခြေတည်ဝိညာဉ်
အလယ်အလတ် အဆင့်မှ ကျင့်ကြံသူ
တစ်ယောက်ဖြစ်သော၊ ယုရှီးလင်အား

သတ်နိုင်ခဲ့သောကြောင့် ဖြစ်သည်။ သူသည် သူ၏ ကျင့်ကြံမှုအဆင့် အကန့်အသတ်များကို ချိုးဖောက်ကာ၊ သူ့ထက်များစွာ သန်စွမ်းသည့် ပြိုင်ဘက်တစ်ယောက်အား သတ်နိုင်ခဲ့သည်။

ပြီးတော့ သူ၏ပြိုင်ဘက်သည် အားနည်းသောသူတစ်ယောက် မဟုတ်ချေ။ ယုရှီးလင်သည် ရွှမ်းမင်မန္တန်အား လေ့ကျင့်ထား၍၊ ရွှမ်းမင် အကြွင်းမဲ့ရေအား ကျင့်ကြံထားနိုင်သူ ဖြစ်၏။ သူသည် အစွမ်းထက်သည်မှာ မှန်သော်လည်း၊ အပြင်းအထန် အကြိတ်အနယ်

တိုက်ပွဲအပြီးတွင် ရှောင်ပုတာန်၏
သတ်ဖြတ်ခြင်းကို ခံခဲ့လိုက်ရသည်။

ဤတိုက်ပွဲ၏ ရလဒ်များသည် ပျံ့နှံ့သွားပါက၊ ရှီထျန်းဟောင်၏ နာမည်သည် မူလကောင်းကင် ကမ္ဘာကြီး အတွင်းတွင် ကျော်ကြားသွားမည် ဖြစ်သည်။ ဒါသည် သူ၏ ဟွမ်ဟိုင် စိတ်ဝိညာဥ် အစည်းအဝေးမှ စွမ်းဆောင်ချက်များထက်ပင်၊ ပို၍ အထင်ကြီးဖွယ် ကောင်းပေသည်။

သူနှင့် မကြာမီ တိုက်ခိုက်ရမည့် ရှီထျန်းရီနှင့် တိုက်ပွဲတွင်၊ အားလုံး၏

အလေးပေးချက်များသည်
ရှီထျန်းဟောင်ဘက်သို့
အလေးသာသွားခဲ့သည်။ အရှေ့က
တစ်ယောက်မှာ မည်မျှပင် စွမ်းအားကြီးသည်
ဆိုသော်လည်း၊ သူသည် ထိုကဲ့သို့သော
အရာမျိုးကို တစ်ခါမှ မစွမ်းဆောင်နိုင်ခဲ့ဖူးပေ။

လင်းဖုန်းသည် သူ၏အရှေ့မှ တပည့်လေးအား
ကြည့်လိုက်ကာ၊ သူ၏ခေါင်းကို
ကျေနပ်အားရစွာဖြင့် ညိတ်လိုက်၏။
"ဆရာက အကုန်မြင်ခဲ့ပြီးပြီ! အရမ်းလှတဲ့
အကွက်ပဲ!" သူ၏ လက်ချောင်းများကို
လှုပ်လိုက်ရာ၊ ခရမ်းရောင် တိမ်တိုက်တစ်စနှင့်

မဟာလမင်း အကြွင်းမဲ့ရေ တစ်စက်တို့က ကျဆင်းလာခဲ့ကာ၊ ရှောင်ပုတန်၏ အားနည်းနေသော ခန္ဓာကိုယ်အား လွှမ်းခြုံသွားခဲ့သည်။

လင်းဖုန်းသည် ယန်ချင်အား ခေါ်လိုက်ကာ၊ ရှောင်ပုတန်လေး ရှိနေသော ကောင်းကင်ကမ္ဘာငယ်အား ပေးလိုက်၍ ပြောလိုက်သည်။ "သူ့ကို မင်းရဲ့ ဗိမာန်ကို ခေါ်သွားပြီး၊ လုံလောက်တဲ့ မဟာလမင်း အကြွင်းမဲ့ရေတွေကို ပြင်ဆင်ထား။ သူ့ရဲ့အထဲကို မင်းရဲ့ဂျူနီယာလေးကို

နစ်ထားလိုက်၊ ငါက မှော်ကျိန်စာ ဝက်ပါ တစ်ခုကို ပြင်ဆင်ပေးမယ်"

"ဟုတ်ကဲ့ပါ၊ ဆရာသခင်" ယန်ချင်သည် ကောင်းကင်ကမ္ဘာငယ်လေးအား ဂရုတစိုက် လှမ်းယူလိုက်၏။ သူသည် အတွင်းသို့ ကြည့်လိုက်ကာ၊ ကျိုးပဲ့လွယ်သော ရွှံ့ရုပ်ထုလေးနှင့် တူနေသော ရှောင်ပုတန်အား သတိပြုမိလိုက်သည်။ သူ၏ ဂျူနီယာလေးအား ထိုကဲ့သို့သော အခြေအနေမျိုးဖြင့် တွေ့လိုက်ရသောကြောင့်၊ သူ၏ ရင်ထဲတွင် ဝမ်းနည်းစွာနှင့် ခံစားခဲ့ရသည်။ ပြီးတာနှင့် သူသည် သူ၏

နိဗ္ဗာန်ကမ္ဘာသို့ လျှင်မြန်စွာဖြင့် ပြေးသွားခဲ့သည်။

ရှီထျန်းဟောင်အား ပြုစုအပြီးတွင် လင်းဖုန်းသည်၊ ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါ အတွင်းသို့ အာရုံပြန်စိုက်လိုက်သည်။ ဇူရီသည် အခြေတည်ဝိညာဉ် အလယ်အလတ် အဆင့်မှ ကျင့်ကြံသူ တစ်ယောက်နှင့် အပြင်းအထန် တိုက်ခိုက်နေခဲ့၏။ မည်သူက အသာစီး ရနေသည်မှာ ပြော၍ခက်ပေသည်။

သို့သော်လည်း လေနတ်ဘုရားဂိုဏ်းမှ
ကျင့်ကြံသူသည် စိတ်မသက်မသာ
ဖြစ်နေခဲ့၏။ အဘယ်ကြောင့်ဆိုသော်
ခန်းနန်ဟွာသည် တစ်ဘက်တွင် ငြိမ်သက်စွာ
ရပ်နေခဲ့ကာ၊ အချိန်မရွေး တိုက်ပွဲအတွင်းသို့
ဝင်လာနိုင်သောကြောင့် ဖြစ်သည်။

သူသည် လင်းဖုန်း၏ ယင်-ယန်
ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါ
အတွင်းတွင် ပိတ်မိနေခဲ့ပြီး၊ အသက်ရှင်လျက်
ထွက်သွားနိုင်မည်မှာ မသေချာပေ။
ထိုကဲ့သို့သော ကြီးမားလှသည့်

ဖိအားမျိုးသည်၊ သူ့အား
မသက်မသာဖြစ်အောင် လုပ်နိုင်ပေသည်။

အခြားတစ်ဘက်တွင် ဝမ်လင်းသည်
ငရဲကမ္ဘာ၏ ဖျက်ဆီးခြင်း အဆင့်သို့
ဝင်ရောက်သွားခဲ့ပြီ ဖြစ်သည်။ သူသည်လည်း
လေနတ်ဘုရားဂိုဏ်းမှ အခြေတည်ဝိညာဥ်
အလယ်အလတ် အဆင့်မှ၊ ကျင့်ကြံသူ
တစ်ယောက်နှင့် ယှဥ်ပြိုင်တိုက်ခိုက်နေခဲ့၏။

ဝမ်လင်းသည် ရွှေရောင်ဗဟိုချက် အဆင့်သို့
တက်လှမ်းနိုင်ခဲ့သည်မှာ
မကြာသေးသော်လည်း၊ သူ၏

တိုက်ပွဲစွမ်းရည်များမှာ ကြောက်မက်ဖွယ်ရာ ကောင်းလှ၏။ ဇူရီ၏ ပြိုင်ဘက်ကဲ့သို့ပင် သူ၏ပြိုင်ဘက်သည် ကွေန္တားဘုရင်၏ စိုက်ကြည့်ခြင်းကို ခံနေရသဖြင့်၊ စိတ်ဓာတ်အခြေအနေ ပျက်ပြားနေခဲ့သည်။

ခန်းနန်ဟွာနှင့် ကွေန္တားဘုရင်တို့သည် လင်းဖုန်း၏ အသံလွှင့်မှုကို ရရှိထားခဲ့ကြသဖြင့်၊ သူတို့သည် ဤတိုက်ပွဲတွင် အနိုင်ရရှိခဲ့ပြီကို သိခဲ့ကြ၏။ ထို့ကြောင့် သူတို့သည် ဤတိုက်ပွဲကို ဝင်ရောက်စွက်ဖက်ကြခြင်း မရှိခဲ့ပေ။

ဇူရိနှင့် ဝမ်လင်းတို့သည် သူတို့၏
အခြေတည်ဝိညာဉ် အဆင့်မှ ပြိုင်ဘက်များနှင့်
တိုက်ခိုက်နေကြကာ၊ အတွေ့အကြုံများ
တိုးပွားအောင် ဆောင်ရွက်နေကြသည်ကို၊
သူတို့သည် ဘေးမှသာ ငြိမ်သက်စွာနှင့်
စောင့်ကြည့်ကာ အားပေးနေကြသည်။

အစောပိုင်းက ရှီထျန်းဟောင်နှင့်
ယုရှီးလင်တို့၏ တိုက်ပွဲတွင်လည်း၊
မြောင်ရှီးဟောင်သည် ယုမိသားစုမှ
အခြေတည်ဝိညာဉ် စဦးပိုင်း အဆင့်မှ
ကျင့်ကြံသူ တစ်ယောက်ကို ကျဲယုနှင့်
ထွမ်းထွမ်းတို့၏ လက်အတွင်းသို့

အပ်ထားခဲ့ကာ၊ ရှီထျန်းဟောင်နှင့် ယုရှီးလင်၏ တိုက်ပွဲကို ငြိမ်သက်စွာ စောင့်ကြည့်နေခဲ့သည်။ သူသည် တိုက်ပွဲအတွင်းသို့ ဝင်ရောက်စွက်ဖက်ခြင်း မပြုခဲ့သော်လည်း၊ တစ်ခုခု အမှားအယွင်း ရှိခဲ့လျှင် အချိန်မရွေး ဝင်ရောက်နိုင်ရန် ပြင်ဆင်ထားခဲ့သည်။

သို့သော်လည်း ရှီထျန်းဟောင်သည် ကြောက်မက်ဖွယ် ကောင်းလောက်အောင် ကြမ်းတမ်းလှ၏။ သူသေကိုယ်သေ စိတ်ဓာတ်မျိုးဖြင့် ယုရှီးလင်အား

သုတ်သင်နိုင်ခဲ့ကာ၊ မြောင်ရှီးဟောင်၏ ဝေဝေဆာဆာ ချီးမွမ်းမှုများကို ခံခဲ့ရပေသည်။

"အရှင်၊ ကျွန်တော်က ချီးကျူးရပါလိမ့်မယ်။ ယန်ချင်ကလွဲလို့ အရှင့်ရဲ့ တပည့်တွေ အကုန်လုံးက၊ အရိုးစိမ့်အောင် ကြောက်မက်ဖွယ် ကောင်းလှပါတယ်" မြောင်ရှီးဟောင်သည် သက်ပြင်းတစ်ချက် ချလိုက်ကာ၊ ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝင်္ကပါ အတွင်းမှ ထွက်လာခဲ့၍၊ လင်းဖုန်း၏ အနားသို့ ပြန်ရောက်လာခဲ့သည်။ "ထျန်းဟောင်က အသက်ဒီလောက် ငယ်သေးပေမဲ့ အရမ်းကြမ်းလွန်းတယ်။

ဒီကအစ်ကို ရှီးဟောင်အနေနဲ့ တကယ့်ကို
အံ့ဩတုန်လှုပ်ရပါတယ်"

လင်းဖုန်းက ပြုံးလိုက်ကာ
ပြန်ပြောလိုက်သည်။ "ရှီးဟောင်၊
မင်းကမှားနေပြီ"

"ဘာဖြစ်လို့လဲ၊ အရှင်" မြောင်ရှီးဟောင်သည်
အံ့အားသင့်သွားခဲ့သည်။ လင်းဖုန်းက
ရှင်းပြလိုက်၏။ "ငါ့ရဲ့တပည့်တွေ အားလုံးက
အရိုးစိမ့်အောင် ကြောက်ဖို့ကောင်းတဲ့
သူတွေချည်းပဲ။ တစ်ခုရှိတာက
တချို့သူတွေက ဖုံးကွယ်ထားကြသေးလို့ပါ"

"ပြီးတော့ သူတို့ရဲ့ အခြားအပိုင်းကို မဖော်ပြပဲ တစ်သက်လုံး ဖုံးကွယ်ထားတဲ့ သူတွေက၊ ပိုပြီးတော့ ကြောက်မက်ဖွယ်ရာ ကောင်းလှတယ်"

ထိုစကားကို ကြားလိုက်သည်နှင့်၊ မြောင်ရှီးဟောင်သည် နိဗ္ဗာန်ကမ္ဘာအား အဓိပ္ပာယ်ပါပါနှင့် လှမ်းကြည့်လိုက်၏။

ထိုအချိန်တွင် လင်းဖုန်းသည် ကောင်းကင်ယောက်သွား ရွှေပုလဲအား ထုတ်ယူလိုက်သည်။ သူ့အား အသေးစိတ်

အကဲခတ်လိုက်သောအခါ၊ ပုလဲအတွင်းတွင်
နို့နှစ်ဖြူရောင် အော်ရာများသည်
တစ်ခါတစ်ရံတွင်
ရွှေရောင်ပြောင်းသွားသည်ကို တွေ့ရှိနေရ၏။

"ဒီကောင်းကင်ယောက်သွား ရွှေပုလဲဟာ၊
မိစ္ဆာကာလန်ရဲ့ အမွေအနှစ်
ဖြစ်တာမဖြစ်တာကို မပြောသေးနဲ့။ ဒါက
တကယ့်ရတနာ တစ်ပါး ဖြစ်တာကတော့၊
သံသယဖြစ်ဖွယ်ရာ မရှိဘူး" လင်းဖုန်းက
တွေးလိုက်၏။ "ကောင်းကင်လေပြင်း
သူတော်စင်က ကောင်းကင်ကိုးလွှာ

လေပြင်းဝက်ပါ နှစ်ခုကို ဖန်ဆင်းနိုင်တာ၊ ဒီရတနာကြောင့်များလား"

လင်းဖုန်းသည် ထိုကောင်းကင်ယောက်သွား ရွှေပုလဲသည် ရောင်ပြန်ဟပ်၍ အတုခိုးကာ ပုံတူပွားနိုင်သည့်၊ အရည်အသွေး ရှိလိမ့်မည်ဟု ခန့်မှန်းနေခဲ့သည်။ ထိုပုလဲမှ ထုတ်လုပ်ခဲ့သော ပုံတူသည်၊ မူလရင်းမြစ်နှင့် လုံးဝတူနိုင်ပေမည်။

ကမာယောက်သွားသည် ပုံရိပ်ယောင် ပညာရပ်နှင့် ပတ်သတ်လာလျှင်၊ မိစ္ဆာမျိုးနွယ်စု အတွင်းတွင်

အစွမ်းအထက်ဆုံးသော မျိုးနွယ်စု
တစ်ခုဖြစ်သည်။

လင်းဖုန်းသည် ကောင်းကင်ယောက်သွား
ရွှေပုလဲနှင့် ဆက်သွယ်ရန်
ကြိုးစားခဲ့သော်လည်း၊ သူသည် အနည်းငယ်
တုန်ခါသွားပြီးနောက် လင်းဖုန်းအား တုံ့ပြန်မှု
မလုပ်ခဲ့ပေ။

"သူ့ကို ရွှေပုလဲလို့ နာမည်ပေးထားတော့၊
သူ့က လုံးဝရွှေရောင် ပြောင်းသွားမှသာ သူ့ရဲ့
ပုံစံအမှန်ကို မြင်ရမှာ ဖြစ်တယ်" လင်းဖုန်းက
ပုလဲအတွင်းမှ လှည့်ပတ်နေသော အဖြူရောင်

အော်ရာများကို ကြည့်လိုက်ကာ တွေးလိုက်သည်။ သူသည် ယခုအချိန်တွင် နားလည် သဘောပေါက်လာခဲ့ပြီ ဖြစ်၏။

ကောင်းကင်ယောက်သွား ရွှေပုလဲ၏ ပုံတူပွားနိုင်သော စွမ်းရည်သည်၊ အသုံးပြုပြီးသွားလျှင် အားပြန်ဖြည့်ရန် အချိန်အနည်းငယ် လိုအပ်၏။ ပြီးမှသာ သူ့အား နောက်ထပ်တစ်ခေါက် အသုံးပြုနိုင်ပေမည်။

ကြည့်ရသည်မှာ ကောင်းကင်လေပြင်း သူတော်စင်သည်၊ ထိုပုလဲအား အသုံးပြုကာ

ကောင်းကင်ကိုးလွှာ လေပြင်းဝက်ပါ
နောက်တစ်ခုအား ပုံတူပွားခဲ့ခြင်း
ဖြစ်ပေလိမ့်မည်။

"နှမြောစရာ ကောင်းတာက
ကောင်းကင်လေပြင်း သူတော်စင်ဟာ၊ ဝက်ပါ
တစ်ခုကိုပဲ ထိန်းချုပ်နိုင်စွမ်း ရှိခဲ့တယ်။
တကယ်လို့ သူက ဝက်ပါနှစ်ခုစလုံးကို
တပြိုင်နက်တည်း အသုံးပြုနိုင်ရင်၊ ငါက သူ့ရဲ့
ခံစစ်တွေကို ချိုးဖောက်ဖို့ အချိန်ပိုယူရမှာပဲ"

လင်းဖုန်းသည် ကောင်းကင်ယောက်သွား
ရွှေပုလဲနှင့် ကစားနေရင်း တွေးနေခဲ့သည်။

"သူက ရွှေရောင်ပြန်ပြောင်းပြီးသွားရင်၊ ငါက အသုံးပြုနိုင်လိမ့်မယ်။ သူ့ရဲ့ စွမ်းရည်တွေက အကန့်အသတ် ရှိသလား မသိဘူး"

သူက သက်မဲ့ပစ္စည်းတွေကိုသာ ပုံတူပွားနိုင်တာလား။ ပုံတူပွားထားတဲ့ ပစ္စည်းတွေရဲ့ စွမ်းအားက အကန့်အသတ် ရှိသလား။ ပုံတူပစ္စည်းတွေက အချိန် အကန့်အသတ် ရှိသလား"

လင်းဖုန်းသည် ထိုပုလဲအား အလွန်အမင်း စိတ်ဝင်စားနေခဲ့၏။ ပြီးတော့ ယန့်မင်းရွှဲ့ထံမှ

ရရှိခဲ့သော သတင်းကြောင့်၊ သူသည်ပို၍ သတိထားပေရမည်။

"တော်ဝင်မိစ္ဆာ ဧကရာဇ်ရဲ့ အမွေအနှစ်" လင်းဖုန်းသည် သူ၏မျက်ခုံးအား အနည်းငယ် တွန့်လိုက်သည်။ မိစ္ဆာကလန် အတွင်းတွင် သူတို့၏ မသေဝိညာဉ်အား ဖန်ဆင်းထားနိုင်သော မိစ္ဆာများကို မဟာပဏ္ဍိတဟုခေါ်ကာ၊ လူသား ကျင့်ကြံသူများ၏ အင်မော်တယ် ဝိညာဉ် အဆင့်နှင့် တူပေသည်။

တံခါးပိတ် ကျင့်ကြံနေကြသည် ရှေးကျသည့် မဟာပဏ္ဍိတအချို့မှလွဲ၍၊ ယခုလက်ရှိ လှုပ်ရှားနေကြသော မဟာပဏ္ဍိတ မိစ္ဆာဆယ်ပါးအား၊ မိစ္ဆာပဏ္ဍိတ ဆယ်ပါးဟု ခေါ်ကြသည်။

ထိုဆယ်ပါး အတွင်းတွင် ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတအား အစွမ်းအထက်ဆုံးဟု၊ အားလုံးက သတ်မှတ်ထားကြသည်။ သို့သော်လည်း သူမသည်ပင်လျှင် တော်ဝင်မိစ္ဆာ ကေရာဇ်ဘွဲ့ကို မခံယူနိုင်ပေခဲ

တော်ဝင်မိစ္ဆာ ကေရာဇ် ဆိုသည်မှာ၊
မိစ္ဆာကလန် အတွင်းမှ အခြားအဖွဲ့ဝင်
အားလုံး၏ အပေါ်တွင် ရှိနေသည်။
သူ/သူမသည် မဟာလွင်တီးခေါင် ကုန်းမြေမှ၊
မိစ္ဆာကလန် ကျင့်ကြံသူ အယောက်တိုင်းအား
အမိန့်ပေးနိုင်စွမ်းရှိသည်။

နောက်ဆုံး တော်ဝင်မိစ္ဆာ ကေရာဇ်သည်၊
လူသားနှင့် မိစ္ဆာတို့၏ နောက်ဆုံးတိုက်ပွဲတွင်
ကျဆုံးသွားခဲ့၏။ လူသားမျိုးနွယ်စုတို့သည်
အင်မော်တယ် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ
အပြောက်အမြားတို့အား စတေး၍၊ သူ့အား
သုတ်သင်နိုင်ခဲ့၏။ သူ၏ ကျဆုံးသွားပြီး

နောက်မှသာ လူသားတို့သည်
နောက်ဆုံးနိုင်ပွဲအား ရရှိခဲ့ခြင်း ဖြစ်သည်။
သို့သော်လည်း အောင်ပွဲအတွက်
ပေးဆပ်ခဲ့ရသည့် တန်ဖိုးသည်၊ လူသားတို့၏
နောက်ထပ် စစ်ပွဲဆင်နွှဲနိုင်ခြင်းအား
ကန့်သတ်ခဲ့သည်။ နောက်ဆုံးတွင် ဒါသည်
ပွတ်ကာသီကာ အနိုင်ရခဲ့သည့် နိုင်ပွဲတစ်ခုသာ
ဖြစ်သည်။

ထိုအချိန်မှစ၍ မဟာလွင်တီးခေါင်
ကုန်းမြေသည်၊ စစ်ရှုံးနိုင်ငံ တစ်နိုင်ငံအလား
ဖြစ်သွားခဲ့သည်။ နောက်ထပ် တော်ဝင်မိစ္ဆာ
ကေရာဇ်တစ်ပါးက ပေါ်မလာနိုင်သေးချေ။

ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတသည် အလားအလာရှိသောသူတစ်ယောက် ဖြစ်သည်။ သို့သော်လည်း ရှေ့ဆက်ရမည့်လမ်းမှာ အများကြီး ကျန်သေး၏။

အစွမ်းထက်သော မိစ္ဆာများ အနေဖြင့်၊ သူတို့သည် သူတပါး လက်အောက်ခံ ဖြစ်ရမည်ကို မနှစ်မြို့ချေ။ ကြည့်ရသည်မှာ ရွှေကျီး မဟာပဏ္ဍိတသည်လည်း ထိုရာထူးကို လိုချင်နေပုံရ၏။

ထို့ကြောင့်ပင် သူသည်
ကောင်းကင်ယောက်သွား ရွှေပုလဲ၏
သတင်းအား ရရှိသောအခါ၊ ရယူရန်
စိတ်ပိုင်းဖြတ်ခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

လင်းဖုန်းသည် အတန်ငယ် တွေးလိုက်ကာ၊
ကောင်းကင်ယောက်သွား ရွှေပုလဲအား
ပြန်သိမ်းလိုက်သည်။ "လူသားစွမ်းအားစုတွေ
အထဲမှာ၊ ဟင်းလင်းပြင် ဘုရားကျောင်းက
မိစ္ဆာကမ္ဘာရဲ့ လှုပ်ရှားမှုတွေကို ဂရုအစိုက်ဆုံး
ဖြစ်တယ်။ သူတို့က
ဒီကောင်းကင်ယောက်သွား ရွှေပုလဲ
အကြောင်းကို ကြားထားတာ အကြာကြီး

ရှိပေမဲ့ မလှုပ်ရှားခဲ့ဘူး။ ကြည့်ရတာ သူတို့က ဒါကို လှည့်ကွက်လို့ပဲ ထင်နေကြတာ ဖြစ်မယ်"

"ဒါပေမဲ့လည်း ဒီလိုကိစ္စမျိုးမှာ ဘယ်သူက အတိအကျ ပြောနိုင်မှာလဲ" လင်းဖုန်းသည် ပြုံးလိုက်ကာ သူ၏ခေါင်းကို ခါလိုက်၏။ "ပထမ၊ ကိုယ့်ရဲ့အရှေ့က ကိစ္စကို မြန်မြန်ဖြတ်ရမယ်။ ဒီကိစ္စက အချိန်ဆွဲနေတာ ကြာသွားခဲ့ပြီ"

သူ၏ အမိန့်ပေးမှုအောက်တွင်၊ ဇူရီနှင့် ဝမ်လင်းတို့အား ဘေးမှ

စောင့်ကြည့်နေကြသည့် ခန်းနန်ဟွာနှင့်
ကျန်သောသူများသည် တိုက်ပွဲအတွင်းသို့
ဝင်ပါခဲ့ကြရာ၊ ရန်သူများက ချက်ချင်း
ရှုံးနိမ့်သွားကြလေသည်။

လင်းဖုန်းသည် သူ၏ ဝက်ပါကို ဖြန့်လိုက်ကာ၊
ယခု ဖမ်းဆီးထားသော အခြေတည်ဝိညာဉ်
အဆင့်မှ ကျင့်ကြံသူ သုံးယောက်အား၊
အစောပိုင်းက ဖမ်းဆီးထားသည့် ယုရိလွမ်နှင့်
အခြားသုံးယောက်တို့နှင့်
ပေါင်းစည်းလိုက်သည်။

ဝက်ပါအား ပြန်သိမ်းပြီးနောက်
လင်းဖုန်းသည်၊ အားလုံးကို ကြည့်လိုက်ကာ
ပြုံးလိုက်သည်။ "ကဲ၊ သွားကြစို့!"

ယုကျင်းတောင်သည် ထပ်ဖန်တစ်ခါ
ဟင်းလင်းပြင် အတွင်းသို့
ဝင်ရောက်ပျောက်ကွယ် သွားခဲ့သည်။
ဤအချိန်တွင် လေနတ်ဘုရားဂိုဏ်းနှင့်
ယုမိသားစုတို့မှ ရန်စ၍ ဖြစ်ပွားသော
တိုက်ပွဲသည်၊ သူတို့ဘက်မှ အရှုံးကြီး
ရှုံးသွားခဲ့လေတော့သည်။

ယုမိသားစုမှ ခေါင်းဆောင် ရှမ်းမင်းသူတော်စင်ယုရှင်းတောက်သည်၊ အရှုံးကိုလက်ဝယ်ပိုက်၍ ထွက်ပြေးသွားရသည်။ အခြေတည်ဝိညာဉ် နောက်ဆုံး အဆင့်မှ ကျင့်ကြံသူ တစ်ယောက်နှင့်၊ အလယ်အလတ် အဆင့်မှ ကျင့်ကြံသူ နှစ်ယောက်တို့က အနှိမ်နင်း ခံလိုက်ရ၏။ သေဆုံးခဲ့သော ရွှေရောင်ဗဟိုချက် အဆင့်မှ ကျင့်ကြံသူများမှာ မရေမတွက်နိုင်ပေ။

လေနတ်ဘုရားဂိုဏ်းသည် သူတို့၏ခေါင်းဆောင် ကောင်းကင်လေပြင်း

သူတော်စင် အပါအဝင်၊ တစ်ဂိုဏ်းလုံးအား
ဖျက်ဆီးခံလိုက်ရ၏။

ဤအခွင့်အရေးကို အသုံးချကာ နတ်ဘုရား
နယ်မြေအတွင်းသို့
လာရောက်သောင်းကျန်းသည့်၊ ရှေးကျိုး
မဟာပဏ္ဍိတသည် ခွန်းလွန်တောင်၏
အောက်ခြေတွင် လင်းဖုန်း၏
ဖိနှိပ်ထားခြင်းကို ခံခဲ့ရ၏။

ထိုသတင်းသည် မကြာမီတွင်
ကမ္ဘာတစ်ခုလုံးသို့ ပျံ့နှံ့သွားပေတော့မည်။

မြောက်ပိုင်းရေခဲလွင်ပြင်ရှိ နတ်ရေကန်တွင် နေနေခဲ့သော ရေခဲမီးလျှံ သူတော်စင် ချောင်ဝေသည်၊ အနောက်တောင်ဘက်သို့ ကြည့်လိုက်ကာ အကြာကြီး ငြိမ်သက်သွားခဲ့သည်။

အချိန်အတော်ကြီး ကြာပြီးနောက်တွင်၊ သူ၏ ပုံရိပ်သည် ပျောက်ကွယ်သွားခဲ့သည်။ သူပြန်ပေါ်လာသော အချိန်တွင်၊ သူသည် နတ်ရေကန်ဂိုဏ်း၏ မြင့်မြတ်နယ်မြေ အတွင်းသို့ ရောက်ရှိနေခဲ့ပြီ ဖြစ်သည်။ ထိုနေရာတွင် အစွမ်းထက်သော ပုဂ္ဂိုလ်နှစ်ယောက်တို့ ရှိနေကြ၏။

# စာစဉ် ၂၂ : အပိုင်း ၂

## အပိုင်း ၃၉၂ : အဝေးသို့တိုင်အောင် ရောက်ရှိသွားသော အကျိုးသက်ရောက်မှုများ

နတ်ရေကန်ဂိုဏ်း၏ မြင့်မြတ်နယ်မြေ အတွင်းတွင်၊ ရေခဲနှင့် မီးလျှံတို့နှင့်သာ တည်ဆောက်ထားသည့် ကမ္ဘာတစ်ခု ရှိသည်။ သူ့အနက် တစ်ဝက်မှာ ရေခဲများဖြင့် အေးခဲနေကာ၊ ကျန်တစ်ဝက်မှာ မီးလျှံများဖြင့် တောက်လောင်နေ၏။ နှစ်ဘက်စလုံးတို့ကို နယ်နိမိတ်များ ကွဲပြားစွာ ဘောင်ခတ်ထား၏။

နှစ်ဦးနှစ်ဘက်တို့မှာ ပဋိပက္ခ မရှိသလို၊
ပေါင်းစည်းခြင်းလည်း မရှိခဲ့ပေ။

ချောင်ဝေသည် ထိုမီးလျှံနှင့် ရေခဲတို့ဖြင့်
ဖန်ဆင်းထားသော ကမ္ဘာအတွင်းတွင်၊
ငြိမ်သက်စွာနှင့် ရပ်နေခဲ့သည်။ သူ့၏ဘေးမှ
ပုဂ္ဂိုလ် နှစ်ဦးတို့မှာလည်း ငြိမ်သက်နေကြ၏။

အတော်ကြီး ကြာပြီးမှ မီးလျှံကမ္ဘာ အတွင်းမှ
အသံတစ်ခုက ထွက်ပေါ်လာခဲ့သည်။
"စိတ်မပူနဲ့၊ သူလာပါစေ။ ငါတို့နှစ်ယောက်က
သူ့ကို ညှော့ခံပေးလိုက်မယ်"

ထို့နောက် ရေခဲအတွင်းမှ စူးရှသည့် အသံအိုတစ်ခုက ပေါ်လာခဲ့သည်။ "အခုလောလောဆယ်မှာ တောင်တန်းမြစ်ပြင် ဆေးမီးဖိုနဲ့၊ ဗလာနတ္တိ အစိမ်းရောင် ဆေးမီးဖိုတို့ရဲ့ ကိစ္စကို ခဏ ဘေးဖယ်ထားကြရအောင်"

"ငါတို့နှစ်ယောက် တံခါးပိတ် လေ့ကျင့်တာ ပြီးသွားမှသာ၊ မင်းက စပြီးတိုက်ခိုက်နိုင်မယ်။ ဒီအချိန်မတိုင်ခင်မှာ၊ ဘာကိုမှ အလောတကြီး မလုပ်နဲ့"

ချောင်ဝေ၏ အမူအရာတို့မှာ ငြိမ်သက်နေခဲ့ပြီး၊ ဘာတစ်ခွန်းမှ မပြောပဲ ခေါင်းကိုသာ ညိတ်လိုက်၏။

မီးလျှံကမ္ဘာ အတွင်းမှ အသံတစ်ခုသည် ထပ်ထွက်လာခဲ့သည်။ "ဗလာနတ္တိ အစိမ်းရောင် ဆေးမီးဖိုက ရှီထျန်းဟောင်ဆိုတဲ့ ကောင်လေးအနားမှာ ရှိနေခဲ့တာ။ အချိန်ကျလာလို့ရှိရင်၊ သူက မဟာချင် အင်ပါယာက ဒွိစုံသူငယ်အိမ်နဲ့ ကျင့်ကြံသူကို လက်စားချေလိမ့်မယ်"

"အဲ့ဒီအချိန်မှာ အဲ့ဒီတိုက်ပွဲမှာ အင်အားစု များစွာတို့ကလည်း၊ ပါဝင်ဆင်နွဲကြလိမ့်မယ်။ တိုက်ပွဲအခြေအနေကို အသေအချာ သုံးသပ်ပြီးမှ၊ မင်းက လှုပ်ရှားရလိမ့်မယ်"

ချောင်ဝေက ပြီးမှပြောလိုက်သည်။ "ကျွန်တော်ကလည်း ဒီအတိုင်းပဲ စဉ်းစားထားပါတယ်။ ဂိုဏ်းတူဦးလေးတို့ နှစ်ယောက်စလုံးက၊ တံခါးပိတ် ကျင့်ကြံနေတာ နှစ်ပေါင်းတစ်ထောင် ရှိတော့မယ်။ တကယ်လို့ ကျွန်တော်တို့ဂိုဏ်းက အကျပ်အတည်းနဲ့

မကြုံရဘူးဆိုရင်၊ ကျွန်တော်က ဦးလေးတို့
နှစ်ယောက်ကို ဒုက္ခမပေးချင်ပါဘူး"

ရေခဲမီးလျှံ အကြီးအကဲ နှစ်ယောက်အနက်မှ
တစ်ယောက်က ပြောလိုက်သည်။ "ငါတို့
နှစ်ယောက်ကလည်း၊ ငါတို့ရဲ့
ကြိုးပမ်းအားထုတ်ထားတာတွေကို
အလဟဿ ဖြစ်မသွားစေချင်ဘူး"

အခြားတစ်ယောက် ဝင်ပြောလိုက်၏။
"တောင်တန်းမြစ်ပြင် ဆေးမီးဖိုက ပိုပြီးတော့
အရေးကြီးတယ်။ ဒါပေမဲ့ အချိန်မကျသေးဘူး။
တကယ်လို့ အချိန်ကျလာလို့ရှိရင်၊

ငါတို့နှစ်ယောက်စလုံးက တံခါးပိတ်ကျင့်ကြံနေတာကို ရပ်တန့်လိုက်မယ်"

ချောင်ဝေက သူ၏ခေါင်းအား ညိတ်လိုက်သည်။ "ကျွန်တော်နားလည်ပါတယ်။ ဦးလေးတို့ ကျေးဇူးပြုပြီး စိတ်မပူကြပါနဲ့"

သူ့ဂိုဏ်းမှ မြင့်မြတ်နယ်မြေ အတွင်းမှ ထွက်ခွာခဲ့အပြီးတွင်၊ ချောင်ဝေသည် နှင်းတောင်တန်း အပေါ်သို့ ပြန်ရောက်လာခဲ့သည်။ သူသည် အနောက်တောင်ပိုင်းကို လှမ်းကြည့်လိုက်ကာ၊

အချိန်အတော်ကြီးကြာမှ
သက်ပြင်းတစ်ချက်အား ချလိုက်သည်။
သူ၏ရင်အတွင်းမှ လေးလံစွာဖြင့်
ခံစားခဲ့ရသည်။

"ဟွမ်ဟိုင် စိတ်ဝိညာဉ် အစည်းအဝေးတုံးက၊
ငါကအတော် အလောတကြီး လုပ်ခဲ့မိတယ်"

***************

မဟာချင် အင်ပါယာ၏ အရှေ့တောင်ပိုင်းမှ
အလင်းခေးမြန်ဂိုဏ်း၏ နယ်မြေဖြစ်သော
ရှင်းယွင်တောင်ထိပ်ပေါ်တွင်၊ လူအချို့သည်

ချောက်ကမ်းပါး အစွန်းတွင်
မတ်တတ်ရပ်နေကြ၏။ သူတို့သည်
ခွန်းလွန်တောင်ရှိရာဘက်သို့ မျက်နှာမူ၍
ကြည့်နေကြသည်။

သူတို့အနက်မှ တစ်ယောက်မှာ
စာသင်သားနှင့် တူသည့်၊ သတ်လတ်ပိုင်း
လူကြီးတစ်ယောက် ဖြစ်၏။ သူသည်
အလင်းခားမြန်ဂိုဏ်းမှ အခြေတည် ဝိညာဉ်
အလယ်အလတ် အဆင့်မှ၊
ခရမ်းရောင်တိမ်တိုက် ဂရန်းမာစတာပင်
ဖြစ်သည်။ ထိုအချိန်တွင် သူ၏ အမူအရာသည်
အတန်ငယ် ထူးဆန်းနေခဲ့၏။ သူ့အား

ကြည့်ရသည်မှာ ဒုက္ခရောက်နေသလို၊
ပျော်ရွှင်နေသလို၊ ကြောက်ရွံ့သလို
ဖြစ်နေခဲ့၏။ အထူးသဖြင့် သူသည်၊
ခါးသီးစွာနှင့် ခံစားနေရ၏။

သူ၏အနောက်တွင် အလင်းခေးမြန်ဂိုဏ်းမှ
အခြား အခြေတည် ဝိညာဉ် အဆင့်
ကျင့်ကြံသူများ ဖြစ်ကြသည့်၊
အနီရောင်တိမ်တိုက် ဂရန်းမာစတာနှင့်
မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာတို့
ဖြစ်ကြ၏။

သူတို့တစ်ယောက်မှ ခရမ်းရောင်တိမ်တိုက် ဂရန်းမာစတာ၏ အမူအရာကို ကြည့်၍ ဟာသမလုပ်ရဲကြပေ။ အဘယ်ကြောင့်ဆိုသော်၊ သူတို့သည်လည်း ထိုအတိုင်းပင် ခံစားနေကြရ၍ ဖြစ်သည်။

အနီရောင်တိမ်တိုက် ဂရန်းမာစတာသည် ခါးသီးစွာနှင့် ပြုံးလိုက်၍၊ သူမ၏ခေါင်းကို ခါလိုက်သည်။ "အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက ကျွန်မတို့ဂိုဏ်းကို လာတုံးက၊ သူတို့ရဲ့ စွမ်းအားတွေ အကုန်လုံးကို အသုံးမပြုခဲ့လို့ တော်သေးတယ်။ မဟုတ်လို့ရှိရင်..."

အခြေတည် ဝိညာဉ် အဆင့်မှ အမျိုးသမီး ကျင့်ကြံသူသည် သူမ၏ခေါင်းကို ခါလိုက်ကာ၊ ရှေ့ဆက်မပြောတော့ချေ။ အခြား အခြေတည် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူများသည်၊ သူမ၏ စကားကို သဘောတူသည့် အနေဖြင့် ခေါင်းညိတ်လိုက်ကြ၏။

အစောပိုင်းတွင် ရှောင်ယန်သည် မုယုံယန်ရန်နှင့် သုံးနှစ်အလွန်က အကြွေးကို ဆပ်ရန်အတွက်၊ အလင်းခားမြန်ဂိုဏ်းကို ရောက်လာခဲ့သည်။

ရှကျိုးမှ ရှောင်ယန်၏ အစွမ်းများကို
ကိုယ်တိုင် တွေ့ခဲ့ရအပြီးတွင်၊
ဆရာဘိုးဘိုးတစ်ယောက် အနေဖြင့်၊
မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာသည်
မုယုံယန်ရန်က ရှောင်ယန်၏
ပြိုင်ဘက်မဟုတ်ဟု သိခဲ့လိုက်၏။

ထိုအချိန်တွင် အလင်းခေးမြန်ဂိုဏ်းသည်
အခြားနည်းလမ်းများကို အသုံးပြု၍၊
ထိုပြိုင်ပွဲအား အနိုင်တိုက်နိုင်ရန်
စဉ်းစားခဲ့သေး၏။ သို့သော်လည်း သူတို့သည်
လင်းဖုန်းနှင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့်

ဆက်ဆံရေး မပျက်လိုသဖြင့်၊ သူတို့၏
အကြံအား နောက်ဆုတ်ခဲ့သည်။

အခုအချိန်တွင် သူတို့သည်
ကြောက်ရွံ့နေကြသည့် နည်းတူ၊ ပျော်လည်း
ပျော်ရွှင်နေကြ၏။ သူတို့သည်
စာအုပ်ကြီးအတိုင်း လုပ်ခဲ့ကာ၊ ညစ်ပတ်သော
နည်းလမ်းများကို အသုံးမပြုခဲ့ကြပေ။
နို့မဟုတ်လျှင် ရလဒ်များသည် ကြေကွဲဖွယ်ရာ
ဖြစ်သွားခဲ့ပေမည်။

တစ်ယောက်မှ ကျယ်လောင်စွာ
ဝန်မခံခဲ့ကြသော်လည်း၊ ခရမ်းရောင်တိမ်တိုက်

ဂရန်းမာစတာ အပါအဝင် ကျန်သောသူများ အားလုံးတို့သည်၊ လေနတ်ဘုရားဂိုဏ်း၏ စွမ်းအားနှင့် သူတို့ အလင်းခေးမြန်ဂိုဏ်း၏ စွမ်းအားများသည်၊ အတူတူလောက်ပဲ ဖြစ်သည်ဟု ရင်ထဲမှနေ၍ သိထားကြ၏။

အလင်းခေးမြန်ဂိုဏ်းမှ တပည့်များသည်၊ ခေးကျင့်ကြံသူများသာ ဖြစ်ကြသည်။ သူတို့သည် ခေးသိုင်းများကို ကျွမ်းကျင်ကြ၍၊ သတ်ဖြတ်ခြင်းအား ကျင်လည်ကြသည်။

အခြားတစ်ဘက်တွင် လေနတ်ဘုရားဂိုဏ်းမှ တပည့်များသည် လေနတ်ဘုရား

ဒြုပ်မဲ့နည်းစနစ်အား လေ့ကျင့်ထား၍၊ ကောင်းကင်ကိုးလွှာ ဒြုပ်မဲ့လေပြင်းအား ဆင့်ခေါ်နိုင်ကြသည်။ သူတို့၏ စွမ်းအားများကို လျှော့တွက်၍ မရပေ။

သူတို့ဂိုဏ်းများ ပိုင်ဆိုင်ထားကြသည့် တိမ်တိုက်ကောင်းကင် အလင်းခေါးမြန် ဝက်ပါနှင့် ကောင်းကင်ကိုးလွှာ လေပြင်းဝက်ပါတို့သည်၊ စွမ်းရည် အတူတူလောက်ပင် ရှိကြ၏။

ထို့ကြောင့် ဒါသည် ပြဿနာပင် ဖြစ်၏။ အကယ်၍ လင်းဖုန်းသည် ကောင်းကင်ကိုးလွှာ

လေပြင်းဝင်္ကပါအား အလွယ်တကူ ဖျက်ဆီးနိုင်လျှင်၊ သူသည် တိမ်တိုက်ကောင်းကင် အလင်းခေါးမြန် ဝင်္ကပါအား အလွယ်တကူပင် ဖျက်ဆီးနိုင်မည် ဖြစ်သည်။

ထိုအချိန်တွင် တိုက်ပွဲတစ်ပွဲ ဖြစ်ပွားခဲ့ပါက၊ အလင်းခေါးမြန်ဂိုဏ်းသည်ပင် ရှုံးနိမ့်သွားမည် ဖြစ်သည်။

ထိုကောက်ချက်ကို ချပြီးနောက်တွင်၊ ခရမ်းရောင်တိမ်တိုက် ဂရန်းမာစတာသည်

ရင်ထဲမှနေ၍ မရေမရာမှုများကို
ခံစားခဲ့ရသည်။

ရှင်းယွင်တောင်ထိပ်၏ ကောင်းမွန်သော
နေရာတစ်ခုတွင်၊ အလင်းဓားမြန်
ဓားမာစတာသည် ငြိမ်သက်စွာနှင့်
တင်ပုလ္လင်ခွေ ထိုင်နေခဲ့၏။ သို့သော်လည်း
သူ၏ အကြည့်မှာလည်း
ခွန်းလွန်တောင်ဘက်သို့ စူးစိုက်ထားခဲ့သည်။

သူ၏ မျက်လုံးအစုံမှာ လင်းလက်လာလိုက်၊
မှေးမှိန်သွားလိုက် ဖြစ်နေခဲ့၏။

ထပ်မံလင်းလက်လာပြန်ကာ ဤကဲ့သို့
အဆက်မပြတ် ဆက်တိုက် ဖြစ်နေခဲ့သည်။

***************

မိုးကြိုးတောင်၏ ခရမ်းရောင်တိမ်တိုက်
တောင်ထိပ်ပေါ်တွင်၊ ခရမ်းရောင်
တိမ်တိုက်ဂိုဏ်းက တည်ရှိနေသည်။

တောင်ထိပ်ပေါ်တွင် ပြင်းထန်သည့်
အနက်ရောင် မုန်တိုင်းတစ်ခုက
ဖုံးလွှမ်းထားခဲ့သည်မှာ၊ နှစ်ပေါင်း
သောင်းနှင့်သိန်းနှင့် ချီခဲ့ပြီ ဖြစ်၏။

နေရောင်ကို တစ်ခါမှ မမြင်ရချေ။
တစ်ယောက်သည် လျှပ်စီးလက်နေမှုများနှင့်
မိုးခြိမ်းသံများကိုသာ မြင်နိုင်ကြားနိုင်ကြ၏။
မည်းမှောင်နေသော တိမ်တိုက်များသည်
ပင်လယ်အတွင်းမှ လှိုင်းလုံးများကဲ့သို့
လှည့်ပတ်နေကြ၏

အသစ်ရောက်လာသော တပည့်များမှလွဲ၍၊
ခရမ်းရောင် တိမ်တိုက်ဂိုဏ်းမှ
တပည့်များသည် ထိုမြင်ကွင်းအား
အသားကျနေပြီ ဖြစ်သည်။ တပည့်သစ်များ
အနေနှင့်၊ ထိုမြင်ကွင်းသည် နိမိတ်ဖတ်ပြီး
ဖိနှိပ်ထားသကဲ့သို့ ဖြစ်နေခဲ့၏။ သူတို့သည်

သူတို့၏ ခေါင်းအပေါ်သို့ မိုးကြိုးသွား
တစ်ခုသည် မည်သည့်အချိန် ကျလာမည်ကို
စိုးရိမ်ထိတ်လန့်နေခဲ့ကြသည်။

ခွန်းလွန်တောင်မှ တိုက်ပွဲရလဒ်များသည်
နေရာအနှံ့ ပျံ့နှံ့သွားခဲ့ပြီ ဖြစ်သည်။
ခရမ်းရောင် တိမ်တိုက်ဂိုဏ်းသည်လည်း
ထိုသတင်းကို ရရှိခဲ့၏။

ခရမ်းရောင် တိမ်တိုက်ဂိုဏ်း၏ ဗိမာန်တစ်ခု
အရှေ့တွင်၊ မိန်းကလေး တစ်ယောက်သည်
ခွန်းလွန်တောင်ဘက်သို့ လှမ်းကြည့်နေခဲ့၏။
သူမသည် ပြုံးလိုက်ကာ သူ၏ခေါင်းအား

ခေါ်လိုက်သည်။ "'ရှောင်ပုတန်'လို့ခေါ်တဲ့ ကောင်ကလေးက ဒီလောက်အထိတောင် စွမ်းအားကြီးလိမ့်မယ်လို့၊ မယုံနိုင်ခဲ့ဘူး။ ရွှေရောင်ဗဟိုချက် အလယ်အလတ် အဆင့်က ကျင့်ကြံမှုနဲ့၊ သူက အခြေတည် ဝိညာဉ် အလယ်အလတ် အဆင့်က ကျင့်ကြံသူ တစ်ယောက်ကို သတ်နိုင်ခဲ့တယ်။ ဒါက တစ်ခါမှ မကြားဖူးတဲ့ အဖြစ်အပျက် တစ်ခုပဲ"

အမျိုးသားတစ်ယောက်သည် ပြုံးလိုက်ပြီး၊ သူ၏ ပါးနှစ်ဘက်မှ ပါးချိုင့်များကို ဖော်ပြလိုက်သည်။ သူသည် ဟွမ်ဟိုင် စိတ်ဝိညာဉ် အစည်းအဝေးတွင်

ပါဝင်ယှဉ်ပြိုင်ခဲ့သည့်၊ ခရမ်းရောင် တိမ်တိုက်မှ တပည့်တစ်ယောက်ဖြစ်သူ ဂူလေပင် ဖြစ်သည်။

အမျိုးသမီး တပည့်မှာ သူ၏ ဂိုဏ်းတူ ကျင့်ကြံသူ၊ လီကွေရင်ပင် ဖြစ်၏။ သူမသည် သက်ပြင်းချလိုက်ကာ ခေါင်းကို ခါလိုက်သည်။ "စိတ်ဝိညာဉ် အစည်းအဝေးတုံးက၊ သူ့ရဲ့စီနီယာ ဇူရီနဲ့ ယှဉ်ပြိုင်တိုက်ခိုက်ပုံကို ကျွန်မတို့အားလုံး တွေ့ခဲ့ရတယ်။ သူက ကြောက်မက်ဖွယ် ကောင်းလောက်အောင် သန်မာလှပေမဲ့၊ ဒီလောက်အထိကြီး

စွမ်းအားကောင်းလိမ့်မယ်လို့ ဘယ်သူက ထင်ထားမိမှာလဲ"

ကောင်းကင်မိုးကြိုး ဘုံကျောင်း၏ ခန်းမဆောင် အတွင်းတွင်၊ အပြာရောင်ခန်းမ သူတော်စင်သည် သူ၏ ခေါင်းကို ခါလိုက်ကာ သက်ပြင်းချလိုက်သည်။

"ကောင်းကင်လေပြင်းနဲ့ ရွှမ်းမင်တို့ နှစ်ယောက်စလုံးက ရှုံးနိမ့်သွားကြတယ်။ ဒါက လက်ခံလို့ ရသေးတယ်။ ဒါပေမဲ့ သူက ရွှေကျီး မဟာပဏ္ဍိတကို ဖိနှိပ်ထားနိုင်ခဲ့ပြီး၊ မြင့်မြတ်သော ကောင်းကင်လေပြင်းတောင်ကို

ဖြိုခွဲနိုင်ခဲ့တယ်။ ဒါကတော့ မမျှော်လင့်ထားတဲ့ ဖြစ်ရပ်တွေပဲ"

သူ၏ မျက်နှာချင်းဆိုင်နေရာတွင် သာမန်သူများထက် အရပ်အမောင်း ပိုကောင်းသည့်၊ သက်လတ်ပိုင်း လူကြီးတစ်ယောက် ရပ်နေခဲ့သည်။ သူ့ကို ကြည့်ရသည်မှာ သာမန်ပင် ဖြစ်သော်လည်း၊ သူထုတ်လွှတ်နေခဲ့သည့် အော်ရာများမှာ အပြာရောင်ခန်းမ သူတော်စင်ထက်ပင် ကြောက်မက်ဖွယ်ရာ ကောင်းနေသေးသည်။

သူ၏ပုံစံကို ကြည့်လိုက်လျှင် သူသည်
မိုးရွာချရန် ငြင်းဆန်နေခဲ့သည့်၊ လေးလံသည့်
မိုးကြိုးတိမ်တိုက် တစ်ခုနှင့် တူနေခဲ့၏။
သူသည်
တိတ်ဆိတ်ငြိမ်သက်နေခဲ့သော်လည်း၊
သူ့ထံတွင် ရှုးသွပ်လောက်အောင်
များပြားသော စွမ်းအားများကို
ပိုင်ဆိုင်ထား၏။

သူသည် ခရမ်းရောင်တိမ်တိုက်ဂိုဏ်း၏
လက်ရှိခေါင်းဆောင်၊ မိုးကြိုးတိမ်တိုက်
သူတော်စင်ပင် ဖြစ်ပေသည်။

အပြောရောင်ခန်းမ သူတော်စင်၏ စကားများကို ကြားပြီးနောက်တွင်၊ မိုးကြိုးတိမ်တိုက် သူတော်စင်သည် သူ၏ခေါင်းအား ညိတ်လိုက်ကာ ပြောလိုက်သည်။ "အစ်ကိုကြီးပြောတာ မှန်တယ်"

သူ၏ စကားသံများသည် အလွန်ကို ထူးဆန်းပေသည်။ သူပြောလိုက်သော စကားလုံးတိုင်းသည်၊ မိုးခြိမ်းသံအလား ဖြစ်နေခဲ့၏။

အပြောရောင်ခန်းမ သူတော်စင်
ပြောထားသည့်အတိုင်း ယုရှင်းတောက်
လွတ်မြောက်သွားသည့် သတင်းထက်စာလျှင်၊
ကောင်းကင်လေပြင်း သူတော်စင်၏
ကောင်းကင်ကိုးလွှာ လေပြင်းဝက်ပါဖြင့်
ကာကွယ်ထားသည့်၊ မြင့်မြတ်သော
လေပြင်းတောင်အား လင်းဖုန်းက
အလွယ်တကူ ချေမှုန်းခဲ့သည့် သတင်းက ပို၍
သတိပြုဖွယ် ကောင်းပေသည်။

ရွှေကျီး မဟာပဏ္ဍိတသည် နတ်ဘုရား
နယ်မြေအတွင်းသို့
ကျူးကျော်ဝင်ရောက်လာတိုင်း၊ မဲ့တစ်ပေါက်မှ

မစွန်းပဲနှင့် ပြန်သွားနိုင်ခဲ့သည့် အပြင်၊ မြောက်မြားလှစွာသော မည်းတူးနေသည့် အရိုးစုများကို ချန်ထားခဲ့ခြင်း ဖြစ်သည်။ သို့သော်လည်း ယခုအချိန်တွင် အဟန့်တားခံလိုက်ရမည်ကို၊ မည်သူမျှ ကြိုမမြင်နိုင်ခဲ့ပေ။

အပြာရောင်ခန်းမ သူတော်စင်သည်၊ မိုးကြိုးတိမ်တိုက် သူတော်စင်၏ စီနီယာ ဖြစ်သော်လည်း၊ သူသည် ရိုသေစွာနှင့် မေးလိုက်၏၊ "ဂိုဏ်းချုပ်၊ ကျွန်တော်တို့က ရှေ့ဆက်ပြီး ဘာဆက်လုပ်ကြမလဲ"

မိုးကြိုးတိမ်တိုက် သူတော်စင်က
ဖြည်းညင်းစွာဖြင့် ပြောလိုက်သည်။
"ကြည့်ရတာ မင်းက ခွန်းလွန်တောင်ကို
ခရီးတစ်ခေါက် သွားရမယ်နဲ့ တူတယ်"

အပြာရောင် ခန်းမ သူတော်စင်သည်
စိုးရိမ်တကြီးဖြင့် ပြောလိုက်သည်။ "ဂိုဏ်းချုပ်၊
အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက ရန်သူတွေ
အများကြီး ရှိတယ်။ သူတို့နဲ့
ရန်သူမဖြစ်တာက တစ်ပိုင်း၊ ဒါပေမဲ့ သူတို့နဲ့
ဒီလောက်ကြီး ရင်းနှီးအောင်နေဖို့ လိုလို့လား"

"အခြေအနေပေါင်း များစွာတို့မှာ၊ မိတ်ဆွေနဲ့ ရန်သူအကြားမှာ ခြားထားတဲ့ မျဉ်းကြောင်းက ထင်သလောက် မရိုးရှင်းဘူး" မိုးကြိုးတိမ်တိုက် သူတော်စင်က ပြောလိုက်သည်။ "ငါက သတင်းကြားထားတယ်။ စူတောင်ဓားဂိုဏ်းက လီရှုံဓားမာစတာက ဒီတိုက်ပွဲမှာ ပါဝင်ဆင်နွှဲချင်ခဲ့ပေမဲ့၊ သူ့ကို ဟင်းလင်းပြင် ဘုရားကျောင်းက တားဆီးခဲ့တယ်လို့ သိရတယ်"

အပြာရောင်ခန်းမ သူတော်စင်သည် တွေဝေငေးမောသွားခဲ့ကာ မေးလိုက်သည်။

"ဟင်းလင်းပြင် ဘုရားကျောင်းက သူတို့ရဲ့ အစီအစဥ်ကို အသစ်ပြန်ဆွဲနေတာလား"

မိုးကြိုးတိမ်တိုက် သူတော်စင်သည် နောက်ထပ်ဆက်၍ ရှင်းမပြတော့ပေ။ "မဟာမိုးကြိုး ကျောင်းတော်ကြီးက အဖျက်ဆီးခံရ အပြီးမှာ၊ ဟင်းလင်းပြင် ဘုရားကျောင်းက သူတို့ရဲ့ အစီအစဥ်တွေကို တစ်ချိန်လုံး ပြောင်းလဲနေခဲ့တယ်။ ဒီကနေ့မှာ သူတို့ရဲ့ အကြံအစည်တွေက တဖြည်းဖြည်း အသီးအပွင့်တွေ ပွင့်လာခဲ့ပြီ"

အပြောရောင်ခန်းမ သူတော်စင်က
ပြောလိုက်သည်။ "ဒါဆိုရင်လည်း
ကျွန်တော်က ခွန်းလွန်တောင်ကို
ခရီးတစ်ထောက် သွားလိုက်ပါဦးမယ်"

မိုးကြိုးတိမ်တိုက် သူတော်စင်က
ပြောလိုက်သည်။ "စီနီယာ ဖြည်းဖြည်းသွားပါ"

***************

မဟာချင် အင်ပါယာ၏ ရှီးလင်မြို့တော်
မြောက်ပိုင်းတွင်၊ နန်းရင်းဝန် အိမ်တော်
အတွင်း၌ အသက်သုံးဆယ်ခန့် ရှိသော

စာသင်သား တစ်ယောက်သည်၊ ကြိမ်ထိုင်ခုံ တစ်ခုပေါ်တွင် ထိုင်နေခဲ့၏။

သူသည် အဖြူရောင် ဝတ်စုံကို ဝတ်ဆင်ထားကာ တည်ကြည်ခန့်ညားပေသည်။ သူ၏ မျက်နှာမှာ ကြည်လင်ရှင်းသန့်နေ၍၊ သူ၏ မျက်လုံးအစုံမှာ ပင်လယ်သမုဒ္ဒရာကဲ့သို့ နက်ရှိုင်းကာ၊ သူဘာတွေးနေသနည်း ဆိုသည်ကို ကြည့်ရုံနှင့် သိနိုင်မည် မဟုတ်ချေ။

ထိုသာမန်စာသင်သားနှင့် တူနေသောသူမှာ၊ မဟာချင် အင်ပါယာ အတွင်းမှ

လူတိုင်းကြောက်ရသော နန်းရင်းဝန်
ဝူချင်လျှိုဖြစ်သည်။ ထိုအချိန်တွင် သူသည်
ငြိမ်သက်စွာ ထိုင်နေကာ၊ သူ၏လက်သည်
သူ၏အရှေ့မှ စားပွဲခုံပေါ်သို့ ညင်သာစွာ
ခေါက်နေခဲ့သည်။

သူ၏ဘေးတွင် လူငယ်တစ်ယောက်က
တိုးညင်းစွာဖြင့် ပြောလိုက်သည်။ "အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းက ယုမိသားစုကို
ချမ်းသာပေးလိုက်ပြီး၊
လေနတ်ဘုရားဂိုဏ်းကိုတော့
ဖျက်ဆီးခဲ့တယ်"

"မျှော်လင့်ထားတဲ့ အတိုင်းပါပဲ" ဝူချင်လျှိုက လက်ချောင်းများကို စားပွဲပေါ်တွင် ခေါက်နေရင်း ပြန်ပြောလိုက်သည်။ သူက ဖွဖွလေး ရယ်လိုက်သည်။ "တကယ်လို့ ငါဆိုရင်လည်း၊ ယုရှင်းတောက်ကို မဟာချင် အင်ပါယာ ဖြေရှင်းဖို့ ထားပေးခဲ့မှာပဲ။ လေနတ်ဘုရားဂိုဏ်းကို အရင်စာရင်းရှင်းပြီးမှ၊ သူနဲ့ စာရင်းရှင်းရမှာပေါ့"

"ဘယ်သူက ကိုယ်အိပ်ရာနဲ့ ကပ်ရပ်မှာ ရန်သူကို နေထိုင်ခွင့် ပြုနိုင်မလဲ။ လေနတ်ဘုရားဂိုဏ်းကို ရှင်းလင်းလို့အပြီးမှာ၊ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက

ခွန်းလွန်တောင်ကို အပိုင်စား ရသွားပြီ။ သူ့ရဲ့ လွှမ်းမိုးမှုနဲ့ စွမ်းအားတွေက အများကြီး တိုးတက်သွားပြီ။ နှစ်ဆတောင် မကပဲ၊ သုံးဆ၊ လေးဆ ဒါမှမဟုတ် ဒီထက်တောင် များနိုင်သေးတယ်"

ဝူချင်လျှိုက ပြီးတာနှင့် တိတ်ဆိတ်စွာ ဆက်ပြောလိုက်သည်။ "နယ်မြေတစ်ခုလုံးကို ငြိမ်သက်စေပြီး၊ ပြိုင်ဘက်တွေကို ရှင်းလင်းအပြီးမှာ၊ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက ဒီဖြစ်ရပ်မှာ အကျိုးအရှိဆုံး ဖြစ်သွားခဲ့တယ်"

"ရှုထောင့်တစ်မျိုးကနေ ကြည့်လိုက်ရင်၊ ဒါက မဟာချင် အင်ပါယာရဲ့ မိသားစုကြီးတွေကို ရှင်းလင်းဖို့ အကြံအစည်နဲ့ တူနေတယ်။ တစ်ယောက်ဟာ သူ့ရဲ့ အိမ်တွင်း ပြဿနာတွေကို အရင်ဖြေရှင်းဖို့ လိုအပ်တယ်"

ထိုလူငယ်က ဆက်ပြောလိုက်သည်။ "ဒီဖြစ်ရပ် ပြီးခဲ့တာ ရက်ပေါင်း အနည်းငယ် ရှိသွားခဲ့ပြီ။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက အခုအချိန်အထိ၊ ခွန်းလွန်တောင်က ဂိုဏ်းငယ်လေးတွေကို စုစည်းဖို့ မဖိတ်ခေါ်သေးဘူး။ အထူးသဖြင့်

ခွန်းလွန်တောင်ခြေ တောင်ပိုင်းက ဂိုဏ်းလေးတွေကိုပေါ့"

ဝူချင်လျှိုက ပြုံးလိုက်သည်။ "လုပ်ဖို့ မလိုပါဘူး။ လေနတ်ဘုရားဂိုဏ်း ပျက်စီးသွားပြီးတဲ့ နောက်မှာ၊ ခွန်းလွန်တောင်ကို ထိန်းချုပ်ဖို့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို ဘယ်ဂိုဏ်းကမှ ယှဉ်ပြိုင်ရဲကြတော့မှာ မဟုတ်ဘူး။ ဘယ်သူမှ သူ့တို့နဲ့ ရန်သူဖြစ်ချင်ကြမှာ မဟုတ်ဘူး။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက အခုဆိုရင်၊ ခွန်းလွန်တောင်မှာ ခေါင်းဆောင်ဖြစ်သွားခဲ့ပြီ"

"ဒီလိုမျိုး ဖြစ်ရပ်မှာ အလိုက်သင့်ပဲ လိုက်ပါစီးမျောသွားတာ အကောင်းဆုံးပဲ။ ခွန်းလွန်တောင်က အလယ်အလတ် ဂိုဏ်းတွေနဲ့ ဂိုဏ်းငယ်လေးတွေက၊ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို အလိုအလျှောက် အညွှံခံလာကြမှာပဲ။ တကယ်လို့များ သူတို့ကို ဆင့်ခေါ်ပြီး အသိအမှတ် ပြုခိုင်းမယ်ဆိုရင်၊ မျက်နှာပျက်စရာ ဖြစ်သွားလိမ့်မယ်"

သူက သက်ပြင်းတစ်ချက် ချလိုက်သည်။ "ကြည့်ရတာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ ခေါင်းဆောင်က တော်တော့်ကို မရိုးရှင်းဘူး"

ထိုလူငယ်က မေးလိုက်သည်။ "ဒါဆိုရင် ကျွန်တော်တို့ရဲ့ အကြံအစည် ဒုတိယပိုင်းကို စလို့ရပြီလား"

ဝူချင်လျှိုက သူ၏ခေါင်းကို ညိတ်လိုက်သည်။ "ဟုတ်တယ်၊ အချိန်ကျပြီ"

***************

မဟာကျိုး အင်ပါယာ၏ မြို့တော် ထျန်းကျင်းတွင်၊ ကျိုးကေရာဇ် လျှမ်ပန်းသည် သူ၏ နဂါးပုလ္လင် အပေါ်တွင် ထိုင်နေခဲ့ကာ အတွေးနက်နေခဲ့၏။ အချိန်အတော်ကြာမှပင်

သူ၏ခေါင်းကို မော့လိုက်ကာ၊ သူ၏အရှေ့မှ လူသုံးယောက်အား ကြည့်လိုက်သည်။ ရွှမ်ကျိုအမတ် ဇူဟုန်ဝူ၊ ယန့်မင်းရွဲ့နှင့် မေဝူလန်တို့ ဖြစ်ကြ၏။

"မင်းရဲ့သား ဇူရီက မကြာခင်မှာ စာမေးပွဲလာဖြေဖို့ မဟာကျိုး အင်ပါယာကို ပြန်လာလိမ့်မယ်"

## စာစဥ် ၂၂ : အပိုင်း ၃

## အပိုင်း ၃၉၃ : တိုက်ပွဲ၏ ရလဒ်များကို ပြန်လည်သုံးသပ်ခြင်း

ကျိုးကေရာဇ် လျှမ်ပန်းသည် နဂါးပုလ္လင်ပေါ်တွင် ထိုင်နေခဲ့ကာ၊ သူ၏ အရှေ့မှ လူသုံးယောက်အား ကြည့်နေခဲ့သည်။ ရှုမ်ကျိအမတ် ဇူဟုန်ဝူ၊ ယန့်မင်းရွဲ့နှင့် မေဝူလန်တို့ ဖြစ်ကြ၏။

"ဝူလန်၊ ငါ့ကို ဒီကိစ္စ ဆောင်ရွက်ပေး"

အမိန့်အပေး ခံလိုက်ရသော် မေဝူလန်သည် ဦးညွှတ်လိုက်ကာ ပြောလိုက်သည်။ "မှန်လှပါ၊ အရှင်မင်းမြတ်"

လျှမ်ပန်းသည် ရွှမ်ကျိအမတ် ဇူဟုန်ဝူအား ကြည့်လိုက်ကာ၊ ဖြည်းဖြည်းချင်း ပြောလိုက်သည်။ "မဟာချင် အင်ပါယာက မကြာခင်မှာ ရုန်းရင်းဆန်ခတ် ဖြစ်တော့မယ်။ ငါတို့ကလည်း လက်ပိုက်ကြည့်နေလို့ မဖြစ်ဘူး။ ငါတို့ ဝင်ပါမှာကို လူအများကြီးက မလိုမလား ဖြစ်နေကြတယ်။ အဲ့ဒီလူတွေကို ငါ့အတွက် တာဝန်ယူပေးလိုက်ပါ၊ ဟုန်ဝူ"

ဇူဟုန်ဝူက ဦးညွှတ်လိုက်ကာ ပြောလိုက်သည်။ "စိတ်မပူပါနဲ့၊ အရှင်မင်းမြတ်။ လာရှုပ်တဲ့ သူတွေကို ကျွန်တော်မျိုး တာဝန်ယူလိုက်ပါ့မယ်"

ယန့်မင်းရွှဲ့သည် ဘေးမှနေ၍ ရုတ်တရက် ဝင်ပြောလိုက်၏။ "နံပါတ်လေး မင်းသားက စူတောင်ကို သွားနေတဲ့ လမ်းပေါ်မှာ ရောက်နေတယ်။ မဟာကျိုး အင်ပါယာက အနှောင့်အယှက်တွေများ တွေ့နိုင်မလား"

လျှမ်ပန်းက ဖွဖွလေး ပြုံးလိုက်သည်။ "မင်းက ဒီကိစ္စအတွက် စိတ်ပူစရာ မလိုပါဘူး။ ငါ့မှာ ကိုယ်ပိုင် အစီအစဉ်တွေ ရှိပြီးသားပါ"

ယန့်မင်းရွှဲ့၏ မျက်လုံးအစုံမှာ တောက်ပသွားခဲ့ကာ၊ ငြိမ်သက်စွာဖြင့်

ခေါင်းညိတ်လိုက်သည်။ သို့သော်လည်း
သူမ၏ ရင်ထဲတွင် သံသယများ ဖြစ်လာခဲ့၏။
"တကယ်လို့ နံပါတ်လေး မင်းသား
လျှမ်ခွန်းဟာ စူတောင်မှာ မတော်တဆ
တစ်ခုခု ဖြစ်ခဲ့ရင်၊ မဟာကျိုးနဲ့
စူတောင်တို့နဲ့က ရန်သူတွေ ဖြစ်သွားလိမ့်မယ်။
ဇူဟုန်ဝူနဲ့ လျှမ်ပန်းတို့က ဒါကို
မတွေးမိမှာတော့ မဟုတ်လောက်ဘူး"

သူမ၏ အကြည့်များသည် လျှမ်ပန်းနှင့်
ဇူဟုန်ဝူတို့ အပေါ်သို့ ကျရောက်သွားခဲ့ပြီး၊
ကောရာဇ်နှင့် အမတ် နှစ်ယောက်စလုံးတို့သည်
ဂရုမစိုက်သည့်ပုံ ပေါက်နေကြသောကြောင့်၊

သူမသည် သူမ၏ စိတ်ထဲမှ အတွေးများကို ဖယ်ရှားခဲ့သည်။

ဇူဟုန်ဝူသည် သူ၏အကြည့်အား ယန့်မင်းရွဲ့ထံသို့ ရွှေ့လိုက်ကာ မေးလိုက်သည်။ "ဟင်းလင်းပြင် ဘုရားကျောင်းက သူတို့ရဲ့ အကြံအစည်ကို ပြောင်းလဲဖို့ ရည်ရွယ်ချက် ရှိသလား"

ယန့်မင်းရွဲ့သည် သူမ၏ နားစပ်မှ ဆံနွယ်အား လက်ချောင်းများဖြင့် သိမ်းလိုက်ကာ ပြုံးလိုက်၏။ "မဟာကျိုး အင်ပါယာက အခုအချိန်မှာ အင်အားအများကြီး

ကြီးထွားလာခဲ့တယ်။ မထင်မှတ်ထားပဲ ထောင်တက်လာတဲ့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနဲ့အတူ၊ ကျွန်မတို့ဂိုဏ်းက ရွေးချယ်စရာ တစ်ခု ထပ်တိုးလာခဲ့တယ်"

ဇူဟုန်ဝူသည် သူ၏ခေါင်းအား ညိတ်လိုက်ကာ တည်ငြိမ်စွာဖြင့် ပြောလိုက်သည်။ "သူတို့ရဲ့ အားထုတ်မှုတွေက အချည်းနှီးပါ။ ကျုပ်တို့ရဲ့ အရှင်က ကောင်းကင်အောက်က အရာအားလုံးကို သိမ်းပိုက်ပြီး၊ သက်ဦးဆံပိုင် ဖြစ်လာလိမ့်မယ်။ ကျုပ်တို့ရဲ့ မြင့်တက်လာမှုက ရပ်တန့်လို့ မရနိုင်ဘူး"

ယန်မင်းရွှဲ့သည် ပြုံးသာပြုံးခဲ့လိုက်ကာ၊ ဘာမှ ပြန်မပြောခဲ့ပေ။

သူမသည် ဟင်းလင်းပြင် အတွင်းသို့ ကြည့်လိုက်ကာ၊ အနည်းငယ် တွေဝေစွာဖြင့် တွေးနေခဲ့သည်။ "ဒါက ငါ့ရဲ့ စီနီယာရဲ့ လျှို့ဝှက်ကြံစည်မှုတွေလား မသိဘူး။ ဘယ်လောက်အထိ ကြီးမားလိုက်တဲ့ ရည်ရွယ်ချက်လဲ! ဒါပေမဲ့ ကိုယ့်ရဲ့ ရည်ရွယ်ချက် ပြည့်မြောက်နိုင်မလား ဆိုတာက၊ ကိုယ့်ရဲ့ စွမ်းရည် အပေါ်မှာပဲ မူတည်နေတယ်။ မဟာကျိုး အင်ပါယာမှာ

ဘာဖြစ်နေသလဲ ဆိုတာကို၊ အနည်းနဲ့ အများတော့ ခန့်မှန်းလို့ ရနိုင်တယ်"

"ဒါပေမဲ့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း အနေနဲ့၊ သူတို့က မမျှော်လင့်ထားတဲ့ အံ့သြမှုတွေကို ပေးစွမ်းနိုင်စွမ်း ရှိတယ်။ စီနီယာ၊ စီနီယာက ဂျူနီယာပန်လိုမျိုး အမှားမျိုးကို မလုပ်မိပါစေနဲ့လို့၊ ကျွန်မက ဆုတောင်းလိုက်ပါတယ်"

***************

ဝူချင်လျှို မှန်းဆထားသည့်အတိုင်း
လင်းဖုန်းသည် ခွန်းလွန်တောင်မှ
တိုက်ပွဲအပြီးတွင်၊ သူ၏
ကြီးစိုးလွှမ်းမိုးနိုင်သည့် အင်အားကို
ဖော်ပြရန်အတွက်၊ အခြားဂိုဏ်းများအား
ဆင့်ခေါ်ခြင်း မပြုလုပ်ခဲ့ပေ။

လေနတ်ဘုရားဂိုဏ်းသည် လုံးဝ
ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်၏။ မြင့်မြတ်သော
လေပြင်းတောင်၏ ထိန်းချုပ်ထားသော
နေရာများသည်၊ ဖုန်းဆိုးမြေအဖြစ်သို့
ပြောင်းလဲသွားခဲ့ပြီ ဖြစ်၏။ ဒါသည် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း၏၊ ထိုနေရာတွင်

အုပ်စိုးနိုင်ခြင်းကို ဖော်ပြရန်အတွက်
လုံလောက်နေခဲ့ပြီ ဖြစ်သည်။

ထုံးစံအတိုင်းပင် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းသည်
လျှို့ဝှက်နက်နဲစွာနှင့်၊ ခန့်မှန်းရ ခက်ခဲဆဲ
ဖြစ်၏။ ယုကျင်းတောင်သည် အရိပ်မဲ့စွာဖြင့်
ဟင်းလင်းပြင် အတွင်းတွင်၊ ပုံသဏ္ဍာန်
ကင်းမဲ့စွာဖြင့် ဖုန်းကွယ်ထားနေဆဲ ဖြစ်၏။

ဂိုဏ်းလတ်များနှင့် ဂိုဏ်းငယ်များ
တစ်သုတ်ပြီးမှ တစ်သုတ်တို့သည်၊ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းနှင့် တွေ့နိုင်ရန်အတွက်

ရှကျိုးသို့ ရောက်ရှိလာကြ၏။ ခွန်းလွန်တောင် ပတ်လည်တွင် နေထိုင်ကြသော ဂိုဏ်းပေါင်းများစွာတို့သည်၊ လင်းဖုန်းအား ကိုယ်တိုင် တွေ့လိုနေကြ၏။

ရှကျိုးနှင့် ယုကျင်းတောင်၏ ဆက်သွယ်မှုကို တာဝန်ယူထားကြရသော၊ ခန်းနန်ဟွာနှင့် မြောင်ရှီးဟောင်တို့သည် သူတို့အား လာဖားနေကြသော သူများအကြားတွင် နာမည်ကြီးများ ဖြစ်၍နေပေသည်။

သို့သော်လည်း ခွန်းလွန်တောင်ရှိ အချို့ဂိုဏ်းများသည်၊ အခြား

စွမ်းအားကြီးသော အင်အားစုများကိုသာ
ဆက်သွယ်ရန် ရွေးချယ်ခဲ့ကြ၏။
ထိုဂိုဏ်းများသည် အများအားဖြင့်
ခွန်းလွန်တောင်၏ နယ်စပ်နေရာများတွင်၊
အခြေချထားသော ဂိုဏ်းများဖြစ်ကြသည်။

လင်းဖုန်းကလည်း သူတို့အား ဂရုမစိုက်ခဲ့ပဲ၊
အခက်တွေ့အောင် မလုပ်ခဲ့ပေ။

ခွန်းလွန်တောင်သည် အမှန်ဆိုလျှင်၊
ကျင့်ကြံရန် အထူးသင့်လျှော်သည့်
နေရာတစ်ခု မဟုတ်ပေ။ မဟုတ်လျှင်

အနည်းဆုံးတော့ ဂိုဏ်းကြီးတစ်ဂိုဏ်းသည် ဤနေရာတွင် နေရာယူပြီး ဖြစ်နေလိမ့်မည်။

ဤအချိန်တွင် နောက်ထပ် ပြင်ပအင်အားစုများက ဝင်ရောက်လာလျှင်၊ နယ်မြေနှင့် အရင်းအမြစ်များကို လိုချင်၍ မဟုတ်နိုင်ပေ။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းအား စိန်ခေါ်သည့် အနေနှင့် လာရောက်ခြင်းပင် ဖြစ်ပေလိမ့်မည်။

သို့သော်လည်း ခွန်းလွန်တောင် တစ်ဝိုက်မှ ဂိုဏ်းများ၏ ၉၀% တို့သည်၊ အံ့ဖွယ်

ကောင်းကင်ဘုံဂိုဏ်းအား
သစ္စာခံလာကြသည်။

လင်းဖုန်းသည် ဤဒေသအတွင်းတွင်
လွှမ်းမိုးမှု အရှိဆုံး ပုဂ္ဂိုလ် ဖြစ်လာရုံတင်
မကပဲ၊ သူ၏ ကိုယ်ပိုင် ရေပန်းစားမှုနှင့်
ဂိုဏ်း၏ ရေပန်းစားမှုတို့ကို အကြီးအကျယ်
မြှင့်တင်နိုင်ခဲ့၏။ သူတို့သည် ၈၅မှတ်နှင့်
၈၀မှတ်သို့ အသီးသီး ရောက်ရှိသွားခဲ့ကြသည်။

ဤတိုက်ပွဲ အပြီးတွင် အကျိုးအမြတ်
အရှိဆုံးသော အရာမှာ၊ လင်းဖုန်း၏ ကိုယ်ပိုင်
ရေပန်းစားမှုနှင့် အတူ အံ့ဖွယ်

ကောင်းကင်ဘုံဂိုဏ်း၏ ရေပန်းစားမှုတို့သည်၊ တစ်ကမ္ဘာလုံးတွင် တိုးတက်လာခဲ့ခြင်း ဖြစ်သည်။ ပျှမ်းမျှအမှတ် ၈၀သို့ ရောက်ရှိရန် အတော်လိုသေးသော်လည်း၊ ထိုပြောင်းလဲမှုမှာ လက်ခံကြိုဆိုရမည့် အရာပင် ဖြစ်သည်။

ယခင်ကမူ ရှုကျိုးမှ ဂိုဏ်းဖွင့်ပွဲ အခမ်းအနားတွင်ဖြစ်စေ၊ ရှောင်ယန်အနောက်သို့ လိုက်ပါ၍ ရှင်းယွင်တောင်ထိပ်တွင် သူ၏ ကတိကို ဖြည့်ဆည်းပေးခဲ့သည့် အချိန်တွင် ဖြစ်စေ၊ သူ၏ တပည့်များကို ခေါ်ဆောင်၍ ဟွမ်ဟိုင်

စိတ်ဝိညာဉ် အစည်းအဝေးသို့ တက်ရောက်သည့် အချိန်တွင် ဖြစ်စေ၊ သူ၏ ရေပန်းစားမှု တန်ဖိုး မြင့်တက်လာမှုသည် ဒေသအလိုက်သာ ဖြစ်၏။

သူ၏ တစ်ကမ္ဘာလုံးတွင် ရေပန်းစားမှုမှာ တက်လာခဲ့သော်လည်း၊ မဆိုစလောက်လေးပင် ဖြစ်၏။

သို့သော်လည်း ယခုတိုက်ပွဲကြီး အပြီးတွင် လင်းဖုန်းနှင့် သူ့ဂိုဏ်း၏ ရေပန်းစားမှုတို့သည်၊ မူလကောင်ကင် ကမ္ဘာကြီး တစ်ခုလုံးတွင် တိုးတက်လာခဲ့၏။ အထူးသဖြင့် နတ်ဘုရား

နယ်မြေနှင့် သူ၏ လက်အောက်ခံ နယ်မြေ အသီးသီးတို့တွင် ဖြစ်၏။

"လေနတ်ဘုရားဂိုဏ်းကို ဖျက်ဆီးနိုင်တဲ့အပြင်၊ ရှေးကျီး မဟာပဏ္ဍိတကို အနိုင်ယူနိုင်ခဲ့တာကလည်း အရေးပါတဲ့ အစိတ်အပိုင်း တစ်ခုဖြစ်မယ်"

လင်းဖုန်းသည် သူ၏ ရင်ထဲမှ သဘောပေါက်လာခဲ့ကာ၊ သူ၏ စိတ်သည် အလွန်တရာမှ ဝမ်းသားရွှင်မြူးနေခဲ့သည်။
"ဒီအတိုင်းသာဆိုရင် စနစ်ကြီးရဲ့ အဓိက

မစ်ရှင်ကို ပြီးမြောက်ဖို့က၊ အရမ်းကြီး
မခက်ခဲတော့ဘူး"

သို့သော်လည်း အခက်အခဲများကလည်း
ပိုများလာမည် ဖြစ်သည်။ အဲ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း၏
တိုးတက်လာမှုနှင့်အတူ၊ မပျော်မရွှင်
ဖြစ်လာကြကာ သူတို့အား
သတိထားလာကြမည့် ဂိုဏ်းပေါင်းများစွာ
ရှိလာမည် ဖြစ်သည်။ အချို့ဆိုလျှင်
လေနတ်ဘုရားဂိုဏ်းကဲ့သို့၊ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းအား ရန်သူအဖြစ်
သဘောထားလာကြမည် ဖြစ်၏။

ကိတ်မုန့်သည် နဂိုအရွယ်အစားလောက်သာ ကြီးမားသည်။ အင်အားကြီးသော လူသစ်တစ်ယောက်က ပေါ်လာပြီး ကိတ်မုန့်အား လုစားလျှင်၊ အခြားသူများ၏ ဝေစုသည် နည်းပါးသွားတော့မည် ဖြစ်၏။ အခြားသူများသည် မပျော်မရွှင် ဖြစ်လာကြမည်မှာ သေချာနေ၏။

လင်းဖုန်းနှင့် သူ့ဂိုဏ်းတို့၏ ရေပန်းစားမှု တန်ဖိုးသည်၊ တစ်ရက်ပြီးတစ်ရက် အဆက်မပြတ် တိုးတက်လာခဲ့သည်။

သို့သော်လည်း လင်းဖုန်းသည် သူ၏
ရေပန်းစားမှု တန်ဖိုးသည်၊ အဆုံးမဲ့
တက်နေနိုင်မည် မဟုတ်ကြောင်းကို
သိထားခဲ့သည်။ သူ၏ဂိုဏ်းသည်
အခက်အခဲများ၊ စိန်ခေါ်မှုများနှင့်
ရင်ဆိုင်ရသည့် အချိန်တွင်၊
ကျပင်ကျနိုင်လာ၏။ ဤသို့ဆိုလျှင်
နာကျင်ဖွယ် ဖြစ်သွားခဲ့ပေမည်။

သို့ဖြစ်၍ သူ၏ အောင်ပွဲ အပြီးတွင်
လင်းဖုန်းသည်၊ နိုင်ပွဲကို အကြာကြီး
မသာယာနေခဲ့ပေ။ သူသည် သူ၏ကိုယ်ပိုင်

အလားအလာများကို ထပ်မံ၍
တိုးတက်အောင် ကြံဆနေခဲ့၏။

တိုက်ပွဲ၏ ရလဒ်များကို သုံးသပ်ခြင်းသည်၊
သူ၏ ကိုယ်ပိုင်စွမ်းအားများကို
တိုးတက်စေရန် အကောင်းဆုံး နည်းလမ်းပင်
ဖြစ်ပေလိမ့်မည်။

ရှီထျန်းဟောင်သည် ဒဏ်ရာကုစားနေဆဲ
ဖြစ်သည်။ လင်းဖုန်းသည်
သူဖမ်းဆီးလာခဲ့သော ဖေးလျှန်ဘုရင်အား၊
ကွေန္တားဘုရင်၏ လက်အတွင်းသို့
အပ်ခဲ့လိုက်သည်။ သိပ်မဝေးလှသော

အနာဂတ်တွင် သူတို့နှစ်ယောက်စလုံးအား၊ ရှောင်ပုတန်၏ မြေရိုင်းလျှိုမြောင် အတွင်းသို့ ပို့ဆောင်ရန် ရည်ရွယ်ချက် ရှိပေသည်။ ဤသို့ဆိုလျှင် ထိုနေရာမှ လေပြင်းမိုးကြိုး မှော်အင်းကွက် ပြန်လည်မွေးဖွားခြင်း ဝက်ပါ၏ အလားအလာများကို၊ အစွမ်းကုန် ထုတ်ဖော်နိုင်ပေမည်။

ပြီးတာနှင့် သူသည် ရှီထျန်းဟောင်အား ထိုဝက်ပါ အတွင်းတွင်၊ ကြာမြင့်စွာ လေ့ကျင့်စေမည် ဖြစ်၏။

လင်းဖုန်းထွက်ခွာသွား အပြီးတွင်၊ ယန်ချင်သည် သူ၏ စွမ်းအားအားလုံးတို့အား သူ၏ ဂျူနီယာလေးကို ပြုစုစောင့်ရှောက်ခြင်း အပေါ်တွင် မြှုပ်နှံထားခဲ့သည်။

ရှီထျန်းဟောင်၏ သတ်ဖြတ်ခြင်းကို ခံခဲ့ရသော ယုရှီးလင်မှလွဲ၍၊ ကျန်သော လေနတ်ဘုရားဂိုဏ်းနှင့် ယုမိသားစုတို့မှ ကျင့်ကြံသူများသည် အဖမ်းဆီးခံခဲ့ကြရ၏။ သူတို့၏ မပျက်စီးကြသေးသော အခြေတည်ဝိညာဥ် အဆင့်မှ မှော်အိုင်တမ်များ အားလုံးကို၊ ခန်းနန်ဟွာ၊ မြောင်ရှီးဟောင်၊

ကြွေနွားဘုရင်၊ ကျဲယုနှင့် ထွမ်းထွမ်းတို့အား ဆုလာဘ်အဖြစ် ပေးခဲ့လိုက်သည်။

လေနတ်ဘုရားဂိုဏ်းမှ ဖြစ်စေ၊ ယုမိသားစုမှ ဖြစ်စေ၊ သူတို့၏ မှော်အိုင်တမ်များသည် ပြင်ပမှ သာမန် မှော်အိုင်တမ်များထက် များစွာပို၍ အဖိုးတန်ပေသည်။

လေနတ်ဘုရားဂိုဏ်းမှ မှော်အိုင်တမ်များသည် လေနတ်ဘုရား ဒြပ်မဲ့မန္တန်နှင့် ထုလုပ်ထားပြီး၊ ကောင်းကင်ကိုးလွှာ ဒြပ်မဲ့လေပြင်းနှင့် သန့်စင်ထားခြင်း ဖြစ်သည်။ ယုမိသားစုမှ မှော်အိုင်တမ်များသည် ရွှမ်းမင်မန္တန်နှင့်

ဖန်တီးထားကာ၊ ရွှမ်းမင် အကြွင်းမဲ့ရေဖြင့်
ကျင့်ကြံထားခြင်း ဖြစ်၏။

ခန်းနန်ဟွာ၊ မြောင်ရှီးဟောင်နှင့်
ကျန်သောသူများသည်၊ ထိုအိုင်တမ်များကို
အသုံးပြုကာ ရန်သူတို့အား
တိုက်ခိုက်နိုင်ရုံသာ မကပဲ၊ သူတို့၏
ကိုယ်ပိုင်စွမ်းအားများကိုပါ စမ်းသပ်နိုင်ကြ၏။

သူတို့သည် ကောင်းကင်ကိုးလွှာ
ဒြပ်မဲ့လေပြင်းနှင့် ရွှမ်းမင် အကြွင်းမဲ့ရေတို့ကို
မထိန်းချုပ်နိုင်ကြသော်လည်း၊ သူတို့ကို
အသုံးပြု၍ ကျင့်ကြံမှုများနှင့် တိုက်ခိုက်နိုင်မှု

စွမ်းရည်များကို မြှင့်တင်ပေးရန်
စွမ်းဆောင်နိုင်ခဲ့ကြသည်။

ဗူရီ၊ ဝမ်လင်း၊ ယွဲ့ဟုန်ယန်နှင့်
ယန်ချင်တို့အဖို့မူ၊ သူတို့ရရှိခဲ့သော
အကြီးမားဆုံး အကျိုးအမြတ်တို့မှာ၊
သူတို့ပြိုင်ဘက် အသီးသီးတို့၏
ကွဲပြားခြားနားသော တိုက်ပွဲနည်းစနစ်များကို
လေ့လာခဲ့ရခြင်းပင် ဖြစ်၏။

အခြေတည်ဝိညာဉ် အဆင့်အောက်မှ
မော်အိုင်တမ်များကိုမူ၊ လင်းဖုန်းသည်
သူတို့အားလုံးအား သိမ်းဆည်းထားခဲ့သည်။

သူတို့အား ဆုလာဘ်အဖြစ် အသုံးပြု၍ ဒုတိယ မျိုးဆက်မှ တပည့်များကို၊ ကြိုးစားချင်စိတ်ရှိအောင် ဆွဲဆောင်ရမည် ဖြစ်သည်။

သို့သော်လည်း လင်းဖုန်းသည် ကောင်းကင်လေပြင်း သူတော်စင်အား အပြင်းအထန် တိုက်ခိုက်ခဲ့ချိန်တွင်၊ လေနတ်ဘုရားဂိုဏ်း၏ အဖိုးအတန်ဆုံး ရတနာဖြစ်သည့် အင်မော်တယ် ဝိညာဉ် အဆင့်မှ မှော်ရတနာ၊ ကောင်းကင်လေပြင်း ရတနာ ယပ်တောင်သည် အကြီးအကျယ် ပျက်စီးသွားခဲ့သည်။

ထိုမှော်ရတနာသည် ကောင်းကင်လေပြင်း သူတော်စင်၏ ကိုယ်ပိုင် အင်မော်တယ် ဝိညာဉ် ကိုယ်ပွားနှင့် နီးကပ်စွာ ဆက်စပ်နေခဲ့သည်။ ကောင်းကင်လေပြင်း သူတော်စင်သည် ယုကျင်းတောင်၏ ဖိခြေခြင်းအား ခံခဲ့ရသောအခါ, ကောင်းကင်လေပြင်း ရတနာ ယပ်တောင်သည်လည်း အကြီးအကျယ် ပျက်စီးသွားခဲ့၏။

ကောင်းကင်လေပြင်း ရတနာ ယပ်တောင်သည် ယုကျင်းတောင်၏

ခြေမွခြင်းကို ခံခဲ့ရသဖြင့်၊ လင်းဖုန်းသည် သူ၏
အကျိုးအပဲ့များကိုသာ စုဆောင်းနိုင်ခဲ့၏။
သူတို့အား ပြန်လည်ဆက်စပ်ရန်မှာ
ပြဿနာတစ်ခု မဟုတ်သော်လည်း၊
ထိုမှော်ရတနာ၏ မူလဝိညာဉ်မှာ
ကောင်းကင်လေပြင်း သူတော်စင်နှင့်
တူညီသော ကံကြမ္မာနှင့် ကြုံတွေ့ခဲ့ရသည်။

ထိုကျိုးပဲ့နေသော ရတနာ ယပ်တောင်အား
ပြန်လည်တပ်ဆင်နိုင်သော်လည်း၊ သူ၏
ဝိညာဉ်မှာ ပျက်စီးသွားပြီ ဖြစ်သဖြင့်
နောက်ထပ် အသိစိတ် ဖန်ဆင်းနိုင်ရန်
ဖြစ်နိုင်တော့မည် မဟုတ်ချေ။ လင်းဖုန်း

ယခုအချိန်တွင် တတ်နိုင်သည်မှာ
သူအင်မော်တယ်ဝိညာဉ် အဆင့်သို့
ရောက်ရှိပြီးသွားချိန်တွင်၊
အခြားရတနာများအား ထပ်မံထည့်သွင်း၍
ထပ်မံသန့်စင်ရန် ဖြစ်၏။ ထိုအချိန်မှပင်
ဤမှော်ရတနာ၏ စွမ်းအားများမှာ
ပြန်လည်ရရှိနိုင်မည် ဖြစ်၏။

အကောင်းဘက်မှ တွေးလိုက်လျှင်၊
ကောင်းကင်ကိုးလွှာ လေပြင်းဝက်ပါ၏
ပုံစံကားချပ်မှာ အကောင်းပကတိ
နီးပါးအတိုင်း ရှိနေခြင်း ဖြစ်သည်။ သူသည်
အနည်းငယ် ပျက်စီးသွားခဲ့သော်လည်း၊

ပြန်လည်ပြင်ဆင်ပြီးသွားလျှင်
အသုံးပြုနိုင်တော့မည် ဖြစ်သည်။

သို့သော်လည်း လင်းဖုန်းတွင် အာရုံစိုက်ရမည့်
ပို၍ အရေးကြီးသော အရာများ
ရှိနေသေးသည်။

မဟူရာကောင်းကင် ရတနာသစ်ပင်၏
ထိပ်ဖျားတွင် တင်ပုလ္လင်ခွေ ထိုင်နေခဲ့သော၊
လင်းဖုန်း၏ အရှေ့တွင် ခရမ်းရောင်
တိမ်တိုက်များဖြင့် ဖွဲ့စည်းထားသော၊
ကောင်းကင်ကမ္ဘာငယ် ခြောက်ခုတို့က
လွင့်မျောနေခဲ့သည်။

ကောင်းကင်ကမ္ဘာငယ် တစ်ခုစီ အတွင်းတွင်၊
အကျဉ်းသား တစ်ယောက်စီ ရှိနေခဲ့၏။
အသေအချာ ကြည့်လိုက်လျှင်၊
သုံးယောက်သည် ရောမ ဘီလူးပုံစံမျိုး ဖြစ်၏။

သူတို့အတွင်းမှ တစ်ယောက်သည်
မျက်လုံးတစ်ဘက်နှင့် လက်တစ်ဘက်သာ
ရှိနေ၏။ သူ၏ မျက်လုံးမှာ ရေခဲပြာရောင်
သန်းနေခဲ့၏။ အခြားနှစ်ယောက်တို့မှာ
ငှက်ခေါင်းနှင့် လူကိုယ်ခန္ဓာ ရှိနေကြ၏။
သူတို့နှစ်ယောက်စလုံးတို့တွင် အတောင်ပံများ

ရှိကြပြီး၊ အတောင်များ ခတ်လိုက်လျှင် လေပြင်းများက တိုက်ခတ်လာခဲ့၏။

ဒါသည် ယုရိလွမ်နှင့်၊ လေနတ်ဘုရားဂိုဏ်းမှ အခြေတည် ဝိညာဉ် နောက်ဆုံး အဆင့် ကျင့်ကြံသူ နှစ်ယောက်တို့ ဖြစ်ကြသည်။

အခြား ကောင်းကင်ကမ္ဘာ သုံးခုတို့ အတွင်းတွင်၊ အသက် ၁၂နှစ် ၁၃နှစ် အရွယ် ကလေးတို့၏ ပုံသဏ္ဍာန်များကို တွေ့နိုင်ခဲ့၏။ သူတို့သည် ယုရိလွမ်နှင့် အခြားနှစ်ယောက်တို့၏ အခြေတည် ဝိညာဉ်များ ဖြစ်ကြသည်။

အစောပိုင်းတွင် ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝင်္ကပါအတွင်းတွင် အချုပ်နှောင် ခံလိုက်ကြရသော အချိန်တွင်၊ ထိုအခြေတည် ဝိညာဉ် အဆင့် အကြီးအကဲ သုံးယောက်တို့သည် ပြင်းထန်စွာနှင့် ရုန်းကန်ခဲ့ကြသည်။ လင်းဖုန်းသည် ရှမ်းမင်သူတော်စင်ကိုပါ ဝင်္ကပါအတွင်းတွင် ပိတ်လှောင်ထား အပြီးတွင်၊ ဝင်္ကပါ၏ စွမ်းအားများကို သူ့အပေါ်တွင် အာရုံစိုက်ရမည်သဖြင့်၊ သူတို့သုံးယောက်အား အရင်ဖြေရှင်းခဲ့ရ၏။

ဝက်ပါစွမ်းအားများ၏ တရစပ်
ထိုးနှက်မှုများကြောင့်၊ သူတို့သုံးယောက်တို့၏
ရုပ်ခန္ဓာများသည် ပျက်စီးသွားခဲ့ကြကာ၊
စကြာဝဠာ ပုံသဏ္ဍာန်နှင့် အခြေတည်
ဝိညာဉ်တို့သာ ကျန်နေခဲ့ကြ၏။

ပြီးတာနှင့် ဝက်ပါ၏
ဆက်လက်တိုက်ခိုက်မှုများအောက်တွင်၊
သူတို့သုံးယောက်သား၏ အသိစိတ်များသည်
တဖြည်းဖြည်း ပျောက်ကွယ်သွားခဲ့ကြသည်။
စဦးအသိစိတ်သာ ကျန်ခဲ့၍၊ သူတို့သည်
မွေးကင်းစ ကလေးငယ်များကဲ့သို့
ဖြစ်နေကြ၏။

ယခုအချိန်တွင် သူတို့သည် လင်းဖုန်းအား မည်သည့် ပြဿနာမှ ပေးနိုင်တော့မည် မဟုတ်ချေ။ ထို့ကြောင့် သူသည် သူတို့၏ စကြာဝဠာ ပုံသဏ္ဍာန်နှင့် အခြေတည် ဝိညာဉ်များကို သီးခြား ချုပ်နှောင်ထားခဲ့ခြင်း ဖြစ်သည်။

လင်းဖုန်းသည် ကောင်းကင်ကမ္ဘာငယ် ခြောက်ခုတို့အား စိုက်ကြည့်နေခဲ့၍၊ တွက်ချက်မှုများ ပြုလုပ်နေခဲ့၏။ မကြာမီတွင် သူသည် အကြံတစ်ခုကို ချမှတ်နိုင်ခဲ့သည်။

သူ၏လက်ချောင်းအား ဆန့်တန်းလိုက်၍၊ လင်းဖုန်းသည် ယုရိလွမ်၏ အခြေတည် ဝိညာဉ် အပေါ်သို့ တင်လိုက်ကာ၊ အဖြူရောင် အလင်းတန်း တစ်ခုအဖြစ် ပြောင်းလဲပေးလိုက်သည်။ ပြီးတာနှင့် ထိုအလင်းတန်းသည် ယုရိလွမ်၏ မျက်လုံးတစ်ဘက်၊ လက်တစ်ချောင်း ဘီလူးပုံစံ စကြာဝဠာ ပုံသဏ္ဍာန် ရှိရာ ကောင်းကင်ကမ္ဘာငယ်ထံသို့ ရောက်ရှိလာခဲ့သည်။

အခြေတည် ဝိညာဉ်သည် စကြာဝဠာ ပုံသဏ္ဍာန်နှင့် ပေါင်းစပ်သွားသောအခါ၊

နေစရာနေရာတစ်ခု ရှာတွေ့သွားသည့်ပုံဖြင့်၊ ယုရိလွမ်၏ စကြာဝဠာ ပုံသဏ္ဌာန်သည် ပြင်းထန်စွာဖြင့် တုန်ခါလာခဲ့လေသည်။

## စာစဉ် ၂၂ : အပိုင်း ၄

## အပိုင်း ၃၉၄ : အတုအယောင် အင်မော်တယ် ဖန်ဆင်းခြင်း

လင်းဖုန်း၏ အရှေ့တွင် လွင့်မျောနေသော ကောင်းကင်ကမ္ဘာငယ်သည် လက်သီးဆုပ်ထက် ပိုမကြီးပေ။ သူ၏

အတွင်းမှ မြင်ကွင်းများမှာ
အသေးစိတ်ဆန်လှပေသည်။

သို့သော်လည်း သူ၏ အတွင်းတွင်
ကိုယ်ပိုင်ကမ္ဘာငယ် တစ်ခု ရှိနေခဲ့၏။
ယခုအချိန်တွင် ယုမိသားစုမှ အခြေတည်
ဝိညာဉ် နောက်ဆုံး အဆင့်မှ ကျင့်ကြံသူ
ယုရိလွမ်၏ စကြာဝဠာ ပုံသဏ္ဍာန်သည်၊
ကောင်းကင်နှင့် မြေကြီးအကြားတွင်
ခိုင်မာစွာနှင့် ရပ်နေခဲ့သည်။ သူသည်
မီတာ၃ဂခန့် မြင့်မားပြီး
မျက်စိတစ်လုံးတည်းနှင့် လက်တစ်ဘက်သာ
ရှိသော်လည်း၊ ခြေထောက်အစုံသည်

မြေကြီးပေါ်တွင် မားမားမတ်မတ်
ရပ်တည်နေနိုင်ခဲ့၏။

သူ၏ တစ်လုံးတည်းသော မျက်လုံးမှနေ၍၊
ရေခဲပြာရောင် အလင်းတန်းတစ်ခုက
ထွက်လာခဲ့၏။ ထိုအလင်းတန်းနှင့်
ထိတွေ့ခဲ့သော အရာအားလုံးတို့သည်
အေးခဲကြေမွသွားကြသည်။

ကောင်းကင်ကမ္ဘာငယ်၏ အတွင်းမှ
စွမ်းအင်စီးဆင်းမှုများနှင့်၊ သူ၏
ပြန်လည်ပြုပြင်မှု စွမ်းရည်များကြောင့်သာ

မဟုတ်ခဲ့လျှင်၊ ကောင်းကင်ကမ္ဘာငယ်သည် ရေခဲအဖြစ် အေးခဲကြေမွသွားခဲ့မည် ဖြစ်သည်။

ဒါသည် စကြာဝဠာ ပုံသဏ္ဍာန်၏ ကိုယ်ပိုင် ထုတ်ဖော်နိုင်သော စွမ်းအင်ဖြစ်၏။ အကယ်၍ တစ်စုံတစ်ယောက် သူ၏စွမ်းအားများကို ထိန်းချုပ်နိုင်မည် ဆိုလျှင်၊ အများကြီးပို၍ စွမ်းအားထက်နေမည် ဖြစ်၏။

ယခုအချိန်တွင် လင်းဖုန်းသည် ယုရိလွမ်၏ အခြေတည် ဝိညာဉ်အား၊ သူ၏ စကြာဝဠာ ပုံသဏ္ဍာန်နှင့် ပေါင်းစပ်ပေးခဲ့ချိန်တွင် သူ၏

မျက်စိအောက်မှပင် ပြောင်းလဲမှုများက ဖြစ်ပေါ်လာကြ၏။

ဝိညာဉ်တစ်ခုသည် နေထိုင်စရာ ခန္ဓာကိုယ် အသစ်တစ်ခုအား ရရှိသွားသကဲ့သို့ ဖြစ်၏။

အခြေတည် ဝိညာဉ်သည် ယခုအချိန်တွင် ခိုင်မာသော အထောက်အပံ့ ရရှိခဲ့ပြီ ဖြစ်၍၊ စကြာဝဠာ ပုံသဏ္ဍာန်သည် အခြေတည် ဝိညာဉ်၏ ထိန်းချုပ်မှုအောက်တွင် ရောက်ရှိသွားခဲ့သည်။

အခြေတည် ဝိညာဉ်နှင့် စကြာဝဠာ ပုံသဏ္ဍာန်တို့သည်၊ ယုရိလွမ်၏ ကျင့်ကြံမှု အဆင့်များဖြင့် ဖန်ဆင်းထားကြခြင်း ဖြစ်သည်။ သူတို့တွင် သူ၏ မှတ်ဉာဏ်များ ပါရှိနေခဲ့ကြ၏။

သူတို့နှစ်ခု ပြန်လည် ပေါင်းစပ်နိုင်ခဲ့သော အချိန်တွင်၊ ယုရိလွမ်၏ မှတ်ဉာဏ်များမှာ ပြန်ပေါ်လာကြ၏။ ဤသို့ဖြင့် ယုရိလွမ်သည် အသစ်တစ်ဖန် ပြန်လည်မွေးဖွားလာခဲ့လေသည်။

ထိုအချိန်တွင် လင်းဖုန်းသည် တစ်ဟုန်ထိုး
ပေါ်ပေါက်လာခဲ့သည့် နာကြည်းမှု၊ မုန်းတီးမှု၊
ဒေါသထွက်မှုနှင့်
ကြောက်ရွံ့ထိတ်လန့်မှုတို့အား
ခံစားနိုင်ခဲ့သည်။

လင်းဖုန်းသည် ပြုံးလိုက်ကာ သူ၏ခေါင်းအား
ခါလိုက်၏။ သူသည်
လက်ချောင်းတစ်ချောင်းအား
ဆန့်ထုတ်လိုက်၍ မျက်လုံးတစ်လုံး
ဘီလူးကြီး၏ နဖူးပေါ်သို့ ထိုးလိုက်သည်။
ထိုလက်ချောင်းကြောင့် ယုရိလွမ်၏
အသစ်ဖန်ဆင်းထားသည့် အသိစိတ်သည်

ထပ်မံပျက်စီးသွားခဲ့သည်။ သူသည်
ကြဲပြန့်နေသော တစ်ပိုင်းတစ်စ
မှတ်ဉာဏ်များသည်လည်း
ပျောက်ကွယ်သွားခဲ့၏။

ယခုအချိန်မှစ၍ ယုရိလွမ်ဟူသောသူသည်
ဤကမ္ဘာအတွင်းတွင် ရှိတော့မည် မဟုတ်ချေ။

ယုရိလွမ် ပိုင်ဆိုင်ခဲ့သည့်
အခြေတည်ဝိညာဉ်နှင့် စကြာဝဠာ
ပုံသဏ္ဌာန်တို့သည်၊ ဆက်လက်၍
တုန်ခါနေခဲ့သည်။ နှေးသွားရမည့်အစား
သူတို့သည် ပို၍ပြင်းထန်စွာ တုန်ခါနေကြ၏။

မီတာ၃ဂမြင့်သော မျက်လုံးတစ်လုံး
ဘီလူးသည် သေခြင်းရှင်းခြင်း သံသရာများကို
အကြိမ်ပေါင်းများစွာ
ကျော်ဖြတ်ပြီးသွားခဲ့သည်။ သူ၏ခန္ဓာကိုယ်မှာ
တွန့်လိမ်နေခဲ့၍၊ ရေခဲအလွှာ တစ်လွှာက
ဖုံးအုပ်ထားခဲ့၏။

ဘီလူးကြီး၏ ခန္ဓာကိုယ် အတွင်းမှ
အားကောင်းသော အေးစက်လှသည့်
လေပြင်းများက တိုက်ခတ်လာခဲ့သည်။
ထိုလေပြင်းများ၏ စွမ်းအားသည်
ကမ္ဘာကြီးအား ရေခဲခေတ်သို့

ပြန်ရောက်သွားစေနိုင်ခဲ့သည်။
သူ၏အောင်ရာသည် ရွှမ်းမင်းသူတော်စင်
ယုရှင်းတောက်နှင့် ဆင်တူနေသော်လည်း၊
သူ့လောက်အားမကောင်းပေ။ သူ့တွင်
ယုရှင်းတောက်ကဲ့သို့ ကွယ်ဝှက်ထားသည့်၊
လျှို့ဝှက်နက်နဲသော စွမ်းအားများ
ရှိမနေခဲ့ချေ။

လင်းဖုန်းက တွေးလိုက်သည်။ "ငါက
ကိုယ်တွေ့ မကြုံဖူးပေမဲ့ ရှေးကလူတွေရဲ့
အတွေ့အကြုံတွေအရ၊ အင်မော်တယ်
ဝိညာဉ်ကို ဖန်ဆင်းတဲ့ ဖြစ်စဉ်ကို
သိထားတယ်။ ဒါက တစ်ယောက်ရဲ့

စကြာဝဠာ ပုံသဏ္ဍာန်နဲ့ နောက်ဆုံးအဆင့်က အခြေတည်ဝိညာဉ်ကို ပူးပေါင်းရတာပဲ ဖြစ်တယ်။ တကယ်လို့ တစ်ယောက်က အောင်မြင်သွားခဲ့ရင်၊ အင်မော်တယ် ဝိညာဉ်ကို အောင်မြင်စွာနဲ့ ဖန်ဆင်းနိုင်ခဲ့မယ်"

"ဒီအဆင့်မှာ စကြာဝဠာ ပုံသဏ္ဍာန်ကို ဖန်ဆင်းပြီးသွားတဲ့ ယုရိလွှမ်ဟာ၊ သူ့အခြေတည် ဝိညာဉ်ရဲ့ စွမ်းအားတွေကို မြှင့်တင်ဖို့ လိုသေးတယ်"

အထိတ်အထိပ် အဆင့်သို့ ရောက်နေသည့် အခြေတည်ဝိညာဉ်သည်၊ ကျင့်ကြံသူ၏ ၁၆နှစ် အရွယ်တွင် ရှိနေသော ပုံစံနှင့် တူညီပေသည်။

"လောလောဆယ် ဒီအကြောင်းကို မပြောကြသေးစို့" လင်းဖုန်းသည် သူ၏မျက်ခုံးများကို တွန့်လိုက်သည်။ "ပြဿနာက အခြေတည်ဝိညာဉ်နဲ့ စကြာဝဠာ ပုံသဏ္ဌာန်ကို ပေါင်းစည်းတာက၊ အခြေခံအဆင့်ပဲ ရှိသေးတယ်။ တစ်ယောက်က သူ့ရဲ့ မဟာတာအို လမ်းစဉ်ကို သဘောပေါက်မှုတွေကိုပါ၊ သူ့ရဲ့

အင်မော်တယ် ဝိညာဉ်အတွင်းကို ပူးပေါင်းထားရမယ်"

ဤအဆင့်သည် အနည်းငယ် ပြဿနာရှိသော အဆင့်ဖြစ်သည်။ မဟာတာအို လမ်းစဉ်သည် စကြာဝဠာကြီး၏ အန္တိမ လျှို့ဝှက်ချက် ဖြစ်၏။ မဟာတာအို လမ်းစဉ်ကို နားလည်ရန်အတွက် ဖြတ်လမ်းမရှိချေ။

လင်းဖုန်းသည် အင်မော်တယ် ဝိညာဉ်ကို မဖန်ဆင်းရသည်ကို မပြောနှင့်ဦး၊ သူသည် အင်မော်တယ် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ တစ်ယောက်၏ အဆင့်သို့

ရောက်ရှိနေလျှင်ပင်၊ မဟာတာအို
လမ်းစဥ်အား အပြည့်အဝ နားမလည်ပဲနှင့်၊
အခြေတည်ဝိညာဥ် နောက်ဆုံး အဆင့်မှ
အင်မော်တယ် ဝိညာဥ် အဆင့်သို့ အားသုံး၍
မဝင်ရောက်နိုင်ပေ။

အကယ်၍ ဤမျှသာ လွယ်ကူမည်ဆိုလျှင်၊
မူလကောင်းကင် ကမ္ဘာကြီးတွင်
အင်မော်တယ် ဝိညာဥ် အဆင့်မှ
ကျင့်ကြံသူများနှင့် ပြည့်နေပေမည်။

လင်းဖုန်းက သက်ပြင်းချလိုက်သည်။
"ကြည့်ရတာ ငါက အတုအယောင်

အင်မော်တယ်ကိုသာ ဖန်ဆင်းနိုင်ဦးမယ်နဲ့ တူတယ်။ ဒါပေမဲ့ ဒါကလည်း မဆိုးလှပါဘူး"

သူ၏လက်ချောင်းများကို ဝှေ့ယမ်းလိုက်ရာ၊ မှော်စွမ်းအင် လှိုင်းလုံးများ တစ်လုံးပြီး တစ်လုံးတို့သည် ကောင်းကင်ကမ္ဘာငယ် အတွင်းသို့ ကျရောက်သွားကြသည်။ သူတို့သည် မျက်လုံးတစ်ဘက် ဘီလူးပုံစံနှင့် စကြာဝဠာ ပုံသဏ္ဍာန်အပေါ်သို့ အဆက်မပြတ် ထိုးနှက်ခဲ့ကြ၏။

စကြာဝဠာ ပုံသဏ္ဍာန်အတွင်းမှ အခြေတည်ဝိညာဉ်သည် ပိုးမျှင်စများနှင့်

တူနေခဲ့သည်။ လင်းဖုန်းသည် သူ့အား တစ်စပြီးတစ်စ ထုတ်ယူခဲ့ကာ၊ စကြာဝဠာ ပုံသဏ္ဍာန်၏ ရုပ်ခန္ဓာကိုယ်ပေါ်တွင် ပေါင်းစည်းလိုက်၏။

သူတို့နှစ်ခုသားသည် ခွဲခြား၍မရအောင် ပေါင်းစည်းသွားသည့် အချိန်တွင်၊ ပြောင်းလဲမှုများ စတင်ဖြစ်ပေါ်လာကြ၏။

သူ၏ ပုံစံသည် အဆက်အပြတ် ပြောင်းလဲနေခဲ့၍၊ အေးခဲသွားသကဲ့သို့ ဖြစ်နေခဲ့သည်။ သူ၏ အရောင်သည် ရေခဲပြာရောင်မှ အနက်ရောင်သို့

ပြောင်းသွားခဲ့သည်။ သူမှနေ၍
အနက်ရောင်ရေခဲ အလင်းတန်းများကို
ထုတ်လွှတ်နေခဲ့၏။

ဘီလူကြီး၏ ခြေနှစ်ချောင်းနှင့်
လက်တစ်ချောင်းတို့သည်
စတင်ပျောက်ကွယ်လာခဲ့သည်။

နောက်ဆုံးတွင် ဘီလူးကြီးသည် ၃၀မီတာ
ကျယ်သည့် ရေခဲသလင်းကျောက်အဖြစ်သို့
အသွင်ပြောင်းသွားခဲ့သည်။

ထိုရေခဲသလင်းကျောက်သည်
လုံးဝမည်းနက်နေကာ၊
ပြင်ပအသွင်သဏ္ဍာန်သည် အရွယ်အစား
သေးငယ်နေခြင်းမှအပ၊ ယုရှင်းတောက်၏
အင်မော်တယ် ဝိညာဉ် ကိုယ်ပွားနှင့်
တစ်ထေရာတည်း တူနေခဲ့၏။

သို့သော်လည်း ထိုရေခဲသလင်းကျောက်မှ
ထုတ်လွှတ်နေသော ဖိအားများမှာ၊
ယုရှင်းတောက်အား မယှဉ်နိုင်ခဲ့ပေ။

သို့သော်လည်း သူ၏ စွမ်းအားများမှာ
ယုရိလွှမ်ထက်တော့

များစွာသာလွန်နေခဲ့ပေသည်။ သူသည် အခြေတည်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ တစ်ယောက်၏ စွမ်းအားများထက် အများကြီး များပြားကာ၊ အင်မော်တယ် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ တစ်ယောက်နှင့် အလွန်အမင်းကို နီးကပ်နေခဲ့၏။

သူ၏တိုက်ပွဲစွမ်းရည်များ အနေနှင့် ထိုအနက်ရောင် ရေခဲသလင်းကျောက်သည်၊ ယုရိလွမ်၏ မှော်ကျိန်စာများ နည်းစနစ်များ အားလုံးကို ပိုင်ဆိုင်ထားသည်။ သို့သော်လည်း သူ့တွင် အသိစိတ် မရှိသဖြင့်၊ ရုပ်သေးရုပ်အလားသာ ဖြစ်နေခဲ့သည်။

စွမ်းအားသက်သက်သာဆိုလျှင်၊ သူသည် ယုရိလွမ်ထက် များစွာသာပေသည်။

သူသည် အခြေတည်ဝိညာဉ် နောက်ဆုံး အဆင့်မှ ကျင့်ကြံသူ တစ်ယောက်၏ စွမ်းအားများထက် သာသော်လည်း၊ အင်မော်တယ် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ တစ်ယောက်၏ စွမ်းအားများနှင့်တော့ မယှဉ်နိုင်ပေ။

သို့သော်လည်း ထိုအတုအယောင် အင်မော်တယ်တွင် သူ့အားနည်းချက်နှင့်သူ

ရှိပေသည်။ အဓိက ပြဿနာမှာ သူသည်
ဆက်လက်တိုးတက်နိုင်ရန် မစွမ်းဆောင်နိုင်ပဲ၊
တကယ့် အင်မော်တယ် ဝိညာဉ် အဆင့်သို့
မရောက်ရှိနိုင်ခြင်းပင် ဖြစ်သည်။

ဘာပဲပြောပြော လင်းဖုန်းသည် ဉာဏ်မျှနှင့်ပင်
ကျေနပ်နေပြီ ဖြစ်၏။ သူသည်
စွမ်းအားလွန်စွာ ကြီးမားသည့် အတုအယောင်
အင်မော်တယ်ကို ပိုင်ဆိုင်နိုင်ခဲ့ရုံသာ မကပဲ၊
တစ်ယောက်၏ အခြေတည်ဝိညာဉ်နှင့်
စကြာဝဠာ ပုံသဏ္ဍာန်အား
ပေါင်းစည်းမှုဖြစ်စဉ်အား
များစွာသင်ယူနိုင်ခဲ့သည်။ သူ၏ကိုယ်ပိုင်

အင်မော်တယ် ဝိညာဉ်ကို ဖန်ဆင်းသည့်
ဖြစ်စဉ်တွင်၊ ဒါသည် လုံးဝ
အဖိုးမဖြတ်နိုင်သည့် အတွေ့အကြုံ
တစ်ခုပင်ဖြစ်သည်။

လင်းဖုန်းသည် သူ၏လက်အား
ဝှေ့ယမ်းလိုက်ရာ၊ မဟူရာကောင်းကင်
ရတနာသစ်ပင်မှ သစ်ကိုင်းတစ်ခုက
ကျဆင်းလာခဲ့၏။ သူသည် တဖြည်းဖြည်းနှင့်
ကျုံ့ဝင်လာခဲ့ရာ၊ နောက်ဆုံးတွင်
ခဲတံတစ်ချောင်း၏ လုံးပတ်ရှိသော
တုတ်ချောင်းပုံစံသို့ ရောက်သွားခဲ့သည်။

ဒိုင်မန်းရှင်းများ အတွင်းမှ အလံတိုင် တစ်ခုနှင့် တူနေခဲ့သည်။

လင်းဖုန်းသည် ပြီးတာနှင့် ကောင်းကင်ကို လှည့်ပတ်နေသော ခရမ်းရောင် တိမ်တိုက် အမြောက်အမြားကို စုပ်ယူလိုက်ကာ၊ ခရမ်းရောင် အလံတံခွန် တစ်ခုအဖြစ်သို့ ပြောင်းလိုက်၏။ ပြီးတာနှင့် သူသည် အလံတိုင်နှင့် အလံတံခွန်တို့အား ပေါင်းစည်းလိုက်ကာ၊ အလံတစ်ခုကို ဖန်ဆင်းလိုက်သည်။

မဟူရာကောင်းကင် ရတနာသစ်ပင်မှ သစ်ရွက်များသည်လည်း အလံအတွင်းသို့ ပူးပေါင်းလိုက်ကာ၊ ရောင်စဥ်ခုနှစ်သွယ်အား ဖြာထွက်နေစေခဲ့သည်။

ပြီးတာနှင့် လင်းဖုန်းသည် သူ၏လက်ချောင်းအား ဆန့်တန်းလိုက်ရာ၊ ကောင်းကင်ကမ္ဘာငယ် အတွင်းမှ ဧရာမ အနက်ရောင် ရေခဲသလင်းကျောက်သည် ပျံသန်းထွက်ခွာလာခဲ့၏။ သူ၏နဂို အရွယ်သို့ မပြောင်းနိုင်ခင်မှာပင်၊ သူသည် အလံ၏ ရစ်ပတ်ခြင်းအား ခံလိုက်ရသည်။

ထိုအနက်ရောင် ရေခဲသလင်းကျောက်သည်
ပျောက်ကွယ်သွားခဲ့ကာ၊ ခရမ်းရောင်
အလံပေါ်မှ အနက်ရောင်
သင်္ကေတတစ်ခုအဖြစ်သို့ ပြောင်းသွားခဲ့သည်။

လင်းဖုန်းသည် သူ၏လက်ရာမွန်ကို
ကြည့်လိုက်ကာ၊ လေပေါ်သို့ အသာမြှောက်၍
ဖမ်းယူလိုက်သည်။ ထိုအချိန်တွင်
အနက်ရောင် အလင်းတန်းတစ်ခုသည်
လက်လာခဲ့၍၊ အလံအတွင်းမှ ထွက်လာခဲ့၏။
သူသည် ကောင်းကင်ယံတွင် ရောမ
ရေခဲသလင်းကျောက် အဖြစ်သို့
ပြောင်းသွားခဲ့ကာ၊ အေးခဲသော

အောင်ရာများကို ထုတ်လွှတ်နေ၍
ရေခဲသလင်းကျောက် များစွာတို့သည်
ဘက်ပေါင်းစုံသို့ ပျံသန်းနေခဲ့ကြသည်။

ထိုရေခဲသလင်းကျောက်များနှင့် ထိတွေ့ခဲ့သမျှ
အရာတိုင်းသည် အေးခဲသွားကြ၏။

တစ်ခဏအတွင်းတွင် ကမ္ဘာကြီး
တစ်ခုလုံးသည် ရေခဲခေတ်သို့
ရောက်သွားခဲ့သကဲ့သို့ ဖြစ်နေ၍၊
ဆီးနှင်းရေခဲများနှင့် ဖုံးလွှမ်းနေခဲ့သည်။

လင်းဖုန်းသည် သူ၏ခေါင်းကို ကျေနပ်စွာဖြင့် ညိတ်လိုက်၏။ သူသည် အလံအား ထပ်မံဖော့ယမ်းလိုက်ရာ၊ အနက်ရောင် ရေခဲသလင်းကျောက်သည် အနက်ရောင် အလင်းတန်းအဖြစ် အလံအတွင်းသို့ ပြန်ဝင်သွားခဲ့သည်။

"ထပ်ပြီးတော့ တိုးတက်အောင် လုပ်လို့တော့ ရသေးတယ်" လင်းဖုန်းသည် ရင်ထဲမှ သိနေခဲ့သည်။ သူ၏ ခရမ်းရောင်အလံသည် ပြည့်စုံသော အဆင့်သို့ရောက်အောင်၊ အချိန်အများကြီးယူ၍ သန့်စင်ရပေဦးမည်။

သို့သော်လည်း ကြိုးစားအားထုတ်ရသည်မှာ တန်ပေသည်။ လင်းဖုန်း၏ တွက်ချက်မှုများအရ ထိုအလံသည် ပြီးပြည့်စုံသွားလျှင်၊ သူသည် အခြေတည်ဝိညာဉ် နောက်ဆုံး အဆင့်မှ ကျင့်ကြံသူများကို သူတို့၏ မှတ်ဉာဏ်များကို မဖျောက်ဖျက်လျှင်ပင်၊ ဖမ်းဆီး၍ ချုပ်ကိုင်နိုင်မည် ဖြစ်သည်။

ယခုလက်ရှိအချိန်တွင် ခရမ်းရောင် အလံတံခွန်ကြီးသည်၊ အနက်ရောင် ရေခဲသလင်းကျောက်ကိုသာ ချုပ်ကိုင်နိုင်သေး၏။ သူ၏စွမ်းအား

တိုးတက်လာသည်နှင့်အမျှ၊ သူသည် ပို၍ပို၍များသော စိတ်ဝိညာဉ် ပုံသဏ္ဍာန်များကို စုပ်ယူနိုင်မည် ဖြစ်သည်။

အဆင့်တစ်ဆင့်အထိ စုဆောင်းပြီးသွားသောအခါ၊ ရောမ အလံကြီးကို တစ်ချက်ဝှေ့ယမ်းလိုက်သည်နှင့် အခြေတည်ဝိညာဉ် နောက်ဆုံး အဆင့်မှ စိတ်ဝိညာဉ် ပုံသဏ္ဍာန်များ ဆယ်နှင့်ရာနှင့်ချီ၍ ဆင့်ခေါ်နိုင်မည် ဖြစ်သည်။ သူ၏ ရန်သူများကို တိုက်ခိုက်ရန်အတွက်၊ အတုအယောင် အင်မော်တယ် အချို့ကိုပင် ထုတ်သုံးနိုင်မည် ဖြစ်၏။

ဒါသည်တင် မဟုတ်သေးပေ။ လင်းဖုန်းသည် အင်မော်တယ် ဝိညာဥ် အဆင့်သို့ ရောက်ရှိသွားပါက၊ သူသည် အင်မော်တယ် ဝိညာဥ် ကိုယ်ပွားများကိုပင် ချုပ်နှောင်ထားနိုင်မည် ဖြစ်သည်။

သို့သော်လည်း လင်းဖုန်းသည် ထိုအလံကို သန့်စင်ရန်အတွက် ပစ္စည်းပေါင်း မြောက်မြားစွာအား လိုအပ်မည် ဖြစ်သည်။ တစ်ချိန်တည်းတွင်ပင် သူသည် ဖိနှိပ်ချုပ်နှောင်နိုင်သော မှော်ကျိန်စာပေါင်း များစွာတို့ကို၊ သူ၏အတွင်းသို့

ပေါင်းစည်းထားရမည် ဖြစ်၏။ သူသည်
ဤအိုင်တမ်အား ပြီးပြည့်စုံအောင်
အဆင့်မြှင့်ရန်အတွက် အချိန်များစွာ
ပေးရမည် ဖြစ်သည်။

လင်းဖုန်းက အတွေးနက်နေဆဲတွင်၊
ဝမ်လင်းက သူ့အား
တွေ့ခွင့်တောင်းလာခဲ့သည်။ သူနှင့်
တွေ့ပြီးနောက်တွင် ဝမ်လင်းသည် သူ၏
ရည်ရွယ်ချက်များကို လျှင်မြန်စွာနှင့်
ပြောလိုက်သည်။ သူသည် သူ၏မိဘများထံသို့
ပြန်တွေ့ချင်နေခဲ့၏။

"ကျွန်တော့်ရဲ့ လက်အောက်က တပည့်ဟာ သူမရဲ့ ကျင့်ကြံမှု လမ်းကြောင်းမှန်ပေါ် ရောက်နေပြီ ဖြစ်တဲ့အတွက်၊ ကျွန်တော်က အိမ်ကိုခဏပြန်ချင်ပါတယ်" ဝမ်လင်း၏ မျက်လုံးများမှာ ဆွေးရိပ်သန်းနေကာ ပြောလိုက်သည်။

မဟာကမ္ဘာ၏ အချိန်စီးဆင်းမှုအရ၊ ဝမ်လင်းသည် သူ၏အိမ်မှ ထွက်ခွာလာသည်မှာ နှစ်နှစ်ကျော် ရှိခဲ့ပြီ ဖြစ်သည်။ သို့သော်လည်း ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာ အတွင်းတွင် အချိန်ပေါင်းများစွာ အသုံးပြု၍

ကျင့်ကြံခဲ့သော ဝမ်လင်းအတွက်မူ၊ သူသည်
အိမ်နှင့် ဝေးကွာခဲ့သည်မှာ အချိန်အကြာကြီး
ရှိခဲ့ပြီ ဖြစ်သည်။

အချိန်ကုန်လွန်လာသည်နှင့်အမျှ၊
ဝမ်လင်းသည် သူ၏မိဘများကို
လွမ်းလာခဲ့သည်။

သူသည် ဟန်တောင်ကျောင်းတော်သို့
လာမပူးပေါင်းမီက၊ သူ၏မိဘများ
ပြောထားသော စကားများကို တစ်လုံးမကျန်
မှတ်မိနေသေး၏။

"ငါ့သား၊ တကယ်လို့ အဲ့ဒီမှာ
အရမ်းခက်ခဲလို့ရှိရင်၊ အိမ်ကိုသာ ပြန်လာခဲ့ပါ။
အင်မော်တယ်ဖြစ်ဖို့ မလိုပါဘူး။
ငါတို့လိုချင်တာက ငါတို့မိသားစုက
ပျော်ပျော်ရွှင်ရွှင်၊ အေးအေးချမ်းချမ်း
နေဖို့ပါပဲ..."

"ရှင်ကဘာတွေ လျှောက်ပြောနေတာလဲ။
ကျွန်မတို့သားက သေချာပေါက်
အင်မော်တယ် ဖြစ်မှာရှင့်၊ ကျွန်မသားကို
အထင်မသေးပါနဲ့"

"ငါက သူအင်မော်တယ် ဖြစ်မဖြစ်ကို ဂရုမစိုက်ပါဘူး။ သူလုပ်တဲ့ အရာတွေ အောင်မြင်ပြီး၊ ပျော်ရွှင်နေရင် ပြီးတာပါပဲ။ ဒါက အရေးအကြီးဆုံး ကိစ္စပဲ မဟုတ်လား"

"အိုင်းယား! သူက အင်မော်တယ် ဖြစ်သွားရင်၊ အရမ်းကို ထူးခြားတဲ့သူ ဖြစ်မှာ"

"ငါ့သား၊ မင်းက အရွယ်ရောက်လာပြီ။ မင်းအိမ်ပြန်လာလို့ရှိရင်၊ မင်းအတွက် ဇနီးကောင်းတစ်ယောက် ရှာပေးမယ်"

"ရှင်က လျှောက်ပြောနေပြန်ပြီ။ ကျွန်မတို့သားက အင်မော်တယ် ဖြစ်ပြီးသွားရင်၊ သူ့ဘာသာသူ အင်မော်တယ် ဇနီးတစ်ယောက်ကို ရှာမှာပေါ့ရှင့်!"

"အိုင်းယား! ဒါဆိုရင် သူမက ငါ့ကိုတိုက်တဲ့ လက်ဖက်ရည်ကို ငါဘယ်သောက်ရဲပါ့မလဲ"

ထိုစကားများမှာ လျှောက်ပြောနေသည်ဟု ထင်နေရသော်လည်း၊ သူသည် ထိုအကြောင်းကို တွေးမိလိုက်တိုင်း၊ ဝမ်လင်း၏ နှလုံးသားများသည် နာကျင်လာခဲ့၏။ သူ၏မိဘများကို

သတိရခြင်းသည်၊ သူ၏ အပြင်းထန်ဆုံးသော စိတ်လှုံ့ဆော်မှုများ ဖြစ်ခဲ့၏။

သူသည် သတ်သေရန် ကြံစည်ခဲ့၍ ဟန်တောင်ကျောင်းတော်အား ဝင်နိုင်ခဲ့ပုံကို ပြန်တွေးနေခဲ့၏။ သူ၏ မိဘများသည် မလိုတမာသူများ၏ ရှုတ်ချခြင်းကို ကောင်းကောင်းခံခဲ့ရပေမည်။ ဝမ်လင်းသည် ချက်ချင်း အိမ်ပြန်သွား၍ သူ၏ မိဘများအား၊ သူတို့၏သားသည် သူတို့အား မျက်နှာမပျက်စေခဲ့ဟု ပြန်ပြောချင်နေခဲ့သည်။ သူတို့၏သားသည် အတိုင်းအတာ တစ်ခုအထိ အောင်မြင်ခဲ့ပြီ ဖြစ်သည်။

ရွှေရောင်ဗဟိုချက် အဆင့်မှ ဝမ်လင်းသည်၊
သာမန်လူများအတွက်တော့
အင်မော်တယ်ကဲ့သို့ပင် ဖြစ်၏။

လင်းဖုန်း၏ အရှေ့တွင် ဝမ်လင်းသည်
ဘာမှထိန်းမထားတော့ပဲ၊ သူ့ရင်အတွင်းမှ
ခံစားချက်များကို ထုတ်ဖော်ဖွင့်ဟခဲ့၏။
လင်းဖုန်းသည် ပုံမှန်ဆိုလျှင်
လေးနက်အေးစက်နေသည့် ဝမ်လင်းသည်၊
ယခုအချိန်တွင် မရပ်မနား လေပေါနေသည်ကို
ပြုံး၍ကြည့်လိုက်သည်။ သူသည်လည်း

ယခင်ဘဝ အိမ်တွင်ရှိစဉ်က အဖြစ်များကို ပြန်၍ စားမြုံ့ပြန်နေခဲ့သည်။

## စာစဉ် ၂၂ : အပိုင်း ၅

## အပိုင်း ၃၉၅ : ဆောင်းဦးမှ နွေဦးသို့ ကူးအပြောင်းတွင်၊ ဇူရီသည် စာမေးပွဲသို့ အပြေး သွားဖြေခဲ့သည်

လင်းဖုန်းသည် ဝမ်လင်း လေပေါ်နေသည်ကို စိတ်ရှည်လက်ရှည်ဖြင့် ပြုံး၍ နားထောင်နေခဲ့၏။ ဝမ်လင်းသည် ဘာဖြစ်နေသည်ကို

သတိထားမိလိုက်သောအခါ၊ သူ၏ဆရာအား ရှက်ကိုးရှက်ကန်းဖြင့် ကြည့်လိုက်သည်။

လင်းဖုန်းက ရယ်လိုက်ကာ ပြောလိုက်သည်။
"ကျန်တာတွေကို ထားလိုက်ပါတော့၊
အိမ်ခေါ်ပြန်ဖို့ ချွေးမလေးက မရှိသေးဘူး။
ငါက မင်းရဲ့ မိဘတွေကို စိတ်ပျက်စေခဲ့ပြီ"

ဝမ်လင်းသည် သူ့ဆရာအား ပါးစပ်အဟောင်းသားနှင့် စိုက်ကြည့်နေကာ၊ သူ၏ခေါင်းကို ခါလိုက်၍ ရယ်လိုက်သည်။
"ကြည့်ရတာ ဒီတစ်ခေါက် အိမ်ပြန်ရင် နားငြီးနေအောင်၊ မြည်တွန်တောက်တီး

ခံရဦးမည်နဲ့ တူတယ်" သူ့ကြည့်ရသည်မှ စိတ်ရှုပ်ထွေးနေသည့်ပုံ ပေါက်နေသော်လည်း၊ သူ၏ နှလုံးသားမှာ နွေးထွေးမှုများနှင့် ပြည့်နေခဲ့၏။

လင်းဖုန်းသည် သူ၏လက်အား ဖော့ယမ်းလိုက်ကာ ပြောလိုက်သည်။ "ကောင်းပြီ၊ အိမ်ပြန်နိုင်တယ်။ လမ်းခရီးတစ်လျှောက်မှာ ဂရုစိုက်သွားဦး!"

ဝမ်လင်းသည် ရိုသေစွာနှင့် ဦးညွှတ်လိုက်သည်။ "ဟုတ်ကဲ့ပါ ဆရာသခင်။

ဆရာသခင်လည်း ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ပါ"

ဝမ်လင်းသည် သူ၏ သစ်တောဗိမာန်သို့ ပြန်လာခဲ့၏။ ရိုးရှင်းစွာနှင့် သာမန်သာ ဆောက်ထားသော သစ်သားအိမ်လေး တစ်လုံးဖြစ်၏။ ယခုအချိန်တွင် သူ၏ တပည့် လီရှင်းဖေးအတွက် အခန်းတစ်ခန်းသာ ပိုလာခဲ့၏။ လီရှင်းဖေးသည် တင်ပုလ္လင်ခွေ ထိုင်နေရာမှ သူမ၏ဆရာကို မြင်သောအခါ၊ ချက်ချင်းထလာ၍ ဦးညွတ်လိုက်သည်။ "မင်္ဂလာပါ၊ ဆရာ"

ဝမ်လင်း၏ စိတ်ခံစားချက်များသည်
ယခုအချိန်တွင် ငြိမ်သက်လာပြီ ဖြစ်၍၊ သူ၏
အမူအရာသည်လည်း တည်ငြိမ်နေကာ
အတွင်းတွင် ဘာခံစားနေရသည်ကို ခန့်မှန်း၍
မရနိုင်တော့ချေ။ သို့သော်လည်း ဒါသည်
သူ၏တပည့်ကို အေးစက်စွာ
ဆက်ဆံနေသည်ဟု မပြောနိုင်ပေ။

လီရှင်းဖေးသည် ချီသာဝက အဆင့်တွင်သာ
ရှိသေးသဖြင့်၊ ဇူရီ ပြုစုထားသည်
အရေအတွက်သုံးခု အင်းရှစ်ကွက်
ကျမ်းစာကိုသာ လေ့ကျင့်နေရသေး၏။
သူမသည် အခြေခံအုတ်မြစ် အဆင့်သို့

ရောက်ရှိလာမှသာ၊ ဝမ်လင်း၏ ကောင်းကင်
အဆုံးစွန် လမ်းကြောင်း သုတ္တန်အား
လေ့ကျင့်နိုင်မည် ဖြစ်သည်။

ဝမ်လင်းသည် လီရှင်းဖေးအတွက်
အိမ်စာများကို ထုတ်ပေးလိုက်သည်။
ပြီးတာနှင့် သူသည် သူမအား
ကျောက်စိမ်းစာတစ်စောင် ပေးလိုက်၏။
"ဆရာက တောင်ကနေ အချိန်တစ်ခုလောက်
ထွက်သွားရမယ်။ ဒီအချိန် အတွင်းမှာ
ကြိုးကြိုးစားစား ကျင့်ကြံနေပါ။ သံသယ
ရှိလာတဲ့ အချိန်မှာ ဒီကျောက်စိမ်းစာလေးကို

ဖွင့်ဖတ်လိုက်ရင်၊ မင်းရဲ့ မေးခွန်းတွေရဲ့
အဖြေကို တွေ့လိုက်ရလိမ့်မယ်"

"ငါက မင်းရဲ့ ဒုတိယ ဂိုဏ်းတူဦးလေးကိုလည်း
ပြောထားပြီးပြီ။ တကယ်လို့ မင်းက အဖြေကို
မတွေ့သေးရင်၊ ကောင်းကင်ဘုံကျောင်းကို
သွားပြီးမှ သူ့ကို သွားရှာနိုင်တယ်။
သူကမင်းကို ရှင်းပြပေးလိမ့်မယ်"

လီရှင်းဖေးသည် အချိန်အနည်းငယ်မျှ
ချီတုံချတုံ ဖြစ်သွားကာ၊ တိုးညင်းစွာဖြင့်
မေးလိုက်သည်။ "ဆရာ၊ ကျွန်မရောာ
လိုက်လာလို့ ရမလား" သူမ၏ အသံသည်

ပို၍ပို၍ တိုးလာခဲ့ကာ၊ ဝမ်လင်းအား
စိတ်လှုပ်ရှားစွာဖြင့် ကြည့်နေခဲ့၏။

ဝမ်လင်းသည် သူမအား ခေါ်သွားလျှင်လည်း ဘာမှမဖြစ်ပေ။ သို့သော်လည်း သူသည် သူ၏ခေါင်းကို ခါလိုက်ကာ ပြောလိုက်သည်။
"အခုအချိန်မှာ လိုက်လာစရာ မလိုသေးဘူး။ ဒီမှာပဲနေပြီး ကျင့်ကြံမှုကို အာရုံစိုက်ထား။ ယုကျင်းတောင်ပေါ်က စိတ်ဝိညာဉ် စွမ်းအင်တွေက ပြင်ပမှာထက် အများကြီး အားကောင်းပြီး၊ မင်းရဲ့ ကျင့်ကြံမှု ခရီးကို အများကြီး အထောက်အကူ ဖြစ်စေတယ်"

"ဟုတ်ကဲ့ပါ၊ ဆရာသခင်" လီရှင်းဖေးက
ပြန်ပြောလိုက်သည်။

ဝမ်လင်းသည် သူ၏ စီနီယာများနှင့်
ဂျူနီယာများကို နှုတ်ဆက်ပြီးသွားသောအခါ၊
လင်းဖုန်း၏ အဆောင်လက်ဖွဲ့ကို
အသုံးပြုလိုက်၍  ပါးလွှာသော
လေထုအတွင်းသို့ ပျောက်ကွယ်သွားခဲ့သည်။
ပြီးတာနှင့် သူ၏လက်ကို လှန်လိုက်ကာ၊
အဖြူရောင် ဆင်တစ်ကောင်ပုံပါသော
တိုကင်တစ်ခုအား ထုတ်ယူလိုက်၏။

ထိုတိုကင်မှနေ၍ အဖြူရောင်
အလင်းတန်းများဖြင့် မှိတ်တုတ်မှိတ်တုတ်
အကြိမ်အနည်းငယ်မျှ ဖြစ်လာခဲ့ပြီး၊
တိမ်တိုက်များ အတွင်းမှ
တောင်ကုန်းလေးတစ်ခု အရွယ်အစားရှိသော
ဆင်ဖြူတစ်ကောင်က ထွက်လာခဲ့သည်။

ဝမ်လင်းသည် သူ၏ခေါင်းအပေါ်တွင်
ထိုင်လိုက်သောအခါ၊ ဆင်ဖြူသည်
အော်ဟစ်လိုက်ကာ စတင်ရွေ့လျားလာခဲ့၏။
တောင်တန်းများသည် တုန်ခါသွားကာ
မြေပြင်တို့သည် လှုပ်ခါသွား၍၊ လေဟာနယ်
အတွင်းတွင် အက်ကွဲကြောင်းတစ်ခု

ပေါ်လာခဲ့ပြီး၊ ဆင်ဖြူတော်သည် ဝမ်လင်းအား
သယ်ဆောင်ထား၍
ဝင်ရောက်ပျောက်ကွယ်သွားခဲ့သည်။

ဝမ်လင်းထွက်ခွာသွားသည်ကို
မဟူရာကောင်းကင် ရတနာသစ်ပင်၏
သစ်ကိုင်းများ အပေါ်မှ ကြည့်နေခဲ့၍၊
လင်းဖုန်းသည် သူ၏ ရောမ ခရမ်းရောင်
အလံကို ဆက်လက်သန့်စင်နေခဲ့သည်။
လေနတ်ဘုရားဂိုဏ်းမှာ အခြေတည်ဝိညာဉ်
နောက်ဆုံး အဆင့်မှ ကျင့်ကြံသူ
နှစ်ယောက်၏၊ အခြေတည်ဝိညာဉ်များနှင့်
စကြာဝဠာ ပုံသဏ္ဌာန်တို့အား ပေါင်းစည်းကာ၊

အတုအယောင် အင်မော်တယ်များ အဖြစ်
ဖန်တီးရဦးမည် ဖြစ်၏။

လင်းဖုန်းသည် ခရမ်းရောင် အလံအတွင်းသို့
အတုအယောင် အင်မော်တယ်များ
ထည့်သွင်းနိုင်သည့်အထိ၊
အဆင့်မြှင့်တင်မှုများ ပြုလုပ်ထားနိုင်ပြီ
ဖြစ်သည်။ မှော်ရတနာများ ဖန်ဆင်းခြင်း
ဖြစ်စဉ်သည် လွန်စွာ ရှုပ်ထွေး၍
အချိန်ကုန်လှသည်။

မဟူရာကောင်းကင် ရတနာသစ်ပင်၊
ကောင်းကင်ကို လှည့်ပတ်နေသော

ခရမ်းရောင် တိမ်တိုက်များနှင့်၊ သူ၏
ကျွမ်းကျင်တတ်မြောက်ထားသော
တာအိုနည်းစနစ်များနှင့်ပင်၊ လင်းဖုန်းသည်
လပေါင်းအချို့ ကြာအောင် အချိန်ယူခဲ့ရသည်။

တစ်ဘက်တွင် လင်းဖုန်းသည် သူ့အား
အခြေခံခိုင်မာအောင်
တည်ဆောက်နေလို၍ဖြစ်ပြီး၊
အခြားတစ်ဘက်တွင် လင်းဖုန်းသည်
စျာန်ဝင်စားနေခဲ့ကာ လုံးဝပြီးပြည့်စုံအောင်
ဖန်တီးနေလို၍ ဖြစ်၏။

ထိုမှော်ရတနာ ဖန်ဆင်းခြင်း ဖြစ်စဉ်တွင်၊ လင်းဖုန်းအနေဖြင့်လည်း သူ၏ တာအိုနည်းစနစ်များ အပေါ်တွင် တိုးတက်မှုများ ပြုလုပ်နိုင်ခဲ့သည်။

အိုင်တမ်များ ထုလုပ်ခြင်းနှင့် ပတ်သတ်သော သဘောတရားများစွာ မွေးဖွားလာခဲ့၏။ ဒါတွေသည် လင်းဖုန်း၏ စကြာဝဠာကြီးအား နားလည်မှု၊ နည်းစနစ်များကို ပိုင်နိုင်ကျွမ်းကျင်မှုနှင့် အတွေးအခေါ်များကို လေ့ကျင့်နိုင်မှုတို့၏ အသီးအပွင့်များ ဖြစ်ကြသည်။

ရှီထျန်းဟောင်နှင့် ရှီထျန်းရီတို့သည်
အသက်ငယ်ငယ်လေးနှင့် ကျင့်ကြံမှု
အဆင့်အတန်းများ
အလွန်မြင့်မားလှသောကြောင့်၊
လူပေါင်းများစွာတို့သည် သူတို့၏ အကြားမှ
ရန်ငြိုးရန်စများကို အလွန်အမင်း
စိတ်ဝင်စားကြသည်။

လင်းဖုန်းသည် ဤကမ္ဘာအတွင်းသို့
စရောက်သည့် အချိန်မှ စတွက်လိုက်လျှင်၊
ဆယ်နှစ်ပိုပိုသာ ရှိသေး၏။
ထိုဆယ်စုနှစ်အတွင်းတွင် သူသည်
အခြေတည်ဝိညာဉ် အလယ်အလတ်

အဆင့်သို့ ရောက်ရှိခဲ့ပြီ ဖြစ်ကာ၊ ထိုကျင့်ကြံမှု အမြန်နှုန်းသည် ရှေးက မကြုံဖူးသေးသော အံ့ဖွယ်ဖြစ်ရပ်မျိုး ဖြစ်၏။

သူ၏ လျှင်မြန်စွာ တိုးတက်လာမှုတွင် စနစ်ကြီးသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်နေသော်လည်း၊ သူအခြေတည်ဝိညာဉ် အလယ်အလတ် အဆင့်သို့ရောက်အောင် ယူခဲ့ရသောအချိန်သည် အထင်ကြီးဖွယ်ရာ ကောင်းလှပေသည်။

လင်းဖုန်းသည် ထိုကဲ့သို့ အံ့ဖွယ်ရာ အမြန်နှုန်းဖြင့် ခြေလှမ်းနိုင်ခဲ့သည်မှာ၊ သူ၏

ခိုင်မာလှသော အခြေခံအုတ်မြစ်များကြောင့် ဖြစ်သည်။ သို့သော်လည်း ထိုကဲ့သို့သော အမြန်နှုန်းသည် ဆိုးကျိုးများကိုလည်း ဖြစ်ပေါ်စေခဲ့သည်။ သူအချိန်ယူကာ မလေ့လာနိုင်ခဲ့သည့်၊ အသေးအဖွဲ့ အရာများ များစွာကျန်ရှိခဲ့သည်။

သို့ဖြစ်၍ သူခရမ်းရောင် အလံအား ထုလုပ်ခဲ့သည့် ဖြစ်စဉ်အတွင်းတွင်၊ အခွင့်အရေးအား အပိုင်အသုံးချကာ သူ၏ ဗဟုသုတများအား စုစည်းခိုင်မာစေခဲ့၍၊ သူ၏ကိုယ်ပိုင် နည်းစနစ်များ အတွင်းမှ

ပြေလျှော့နေသော အထုံးများကို
ချည်နှောင်နိုင်ခဲ့သည်။

သူ၏ လေ့လာတွေ့ရှိချက်များသည်
ကျေနပ်ဖွယ်ရာ ကောင်းလှ၏။
ထိုပေါင်းစည်းညီညွတ်ခဲ့သော
ဖြစ်စဉ်အပြီးတွင်၊ လင်းဖုန်း၏ အနာဂါတ်
ကျင့်ကြံမှု လမ်းကြောင်းသည် ပို၍
ချောမွေ့သွားတော့မည် ဖြစ်သည်။

လပေါင်းအချို့က ကုန်လွန်သွားခဲ့ပြီ ဖြစ်၍၊
လင်းဖုန်းသည် ကံစမ်းမဲနှိုက်ခွင့်
အကြိမ်ပေါင်းများစွာ ရရှိခဲ့သော်လည်း၊

သူသည် တစ်ခုမှ အသုံးမပြုခဲ့သေးပဲ စုဆောင်းထားသေး၏။

သူသည် သူ့ကိုယ်သူ ပြင်ဆင်ရန် အချိန်ယူနေခဲ့ခြင်း ဖြစ်သည်။ အချိန်ကောင်း ကျလာသောအခါ၊ သူသည် တစ်ခါတည်းနှင့် လောင်းကစား ပြုလုပ်မည် ဖြစ်၏။

ဤလများ အတွင်းတွင် ခရမ်းရောင် အလံအား လေ့လာခြင်းအပြင်၊ လင်းဖုန်းသည် ကောင်းကင်ယောက်သွား ရှေပုလဲအားလည်း လေ့လာနိုင်ခဲ့၏။

ဤအချိန်တွင် လင်းဖုန်းသည် ကောင်းကင်ယောက်သွား ရွှေပုလဲသည်၊ တော်ဝင်မိစ္ဆာ ဧကရာဇ်နှင့် မည်သို့မှ တိုက်ရိုက် သက်ဆိုင်ခြင်း မရှိသည်ကို သိလာခဲ့ပြီ ဖြစ်သည်။ လင်းဖုန်းသည် သူ၏ စွမ်းဆောင်ရည်များနှင့် ပတ်သတ်၍ အတော်သိရှိလာခဲ့ပြီ ဖြစ်သော်လည်း၊ စမ်းသပ် အတည်ပြုရမည့် အစိတ်အပိုင်း အချို့လည်း ရှိသေးသည်။

"သက်မဲ့ပစ္စည်းတွေတင် မကပဲ၊ သူက သက်ရှိတွေကိုပါ ပုံတူပွားနိုင်တာပဲ" လင်းဖုန်းသည် သူ၏ လက်ချောင်းကြားထဲမှ

ကောင်းကင်ယောက်သွား ရွှေပုလဲအား ပွတ်သပ်နေခဲ့၏။  သူသည် သူ့ကိုယ်သူ ပုံတူပွားခဲ့ပြီး၊ အနည်းနှင့်အများ အောင်မြင်သည်ဟု ပြော၍ရပေသည်။

ပုံတူပွားထားသော လင်းဖုန်းသည် သူ၏ မူလကိုယ်ခန္ဓာနှင့် ချွတ်စွပ်တူညီပေသည်။ သူ့တွင် ကိုယ်ပိုင် စိတ်ဆန္ဒနှင့် အသိစိတ်များလည်း ရှိ၏။ သို့သော်လည်း သူသည် သီးသန့်မဟုတ်ပဲ၊ မူလ လင်းဖုန်းနှင့် အသိစိတ် တစ်ခုတည်း ဖြစ်နေခြင်း ဖြစ်သည်။ သူသည် အေးရီးစ်ကိုယ်ပွားနှင့် သံမဏိသစ်ပင် ကိုယ်ပွားတို့နှင့် အရည်အသွေး အတူတူပင်

ဖြစ်သော်လည်း၊ သူ၏ စွမ်းအားများမှာ သူ၏ မူလ ခန္ဓာကိုယ်နှင့် တူညီပေသည်။

သူ၏ ပြင်ပသွင်ပြင်နှင့် စွမ်းရည်များမှာ လင်းဖုန်း၏ မူလခန္ဓာကိုယ်နှင့် ထပ်တူထပ်မျှပင် ဖြစ်သည်။ လင်းဖုန်းကိုယ်တိုင်မှလွဲ၍ မည်သူမှ ကိုယ်ပွားနှင့် မူလ ခန္ဓာကိုယ်ကို ခွဲခြားနိုင်မည် မဟုတ်ပေ။

လင်းဖုန်းက စဉ်းစားလိုက်သည်။ "အရင်က ကောင်းကင်လေပြင်း သူတော်စင်ဟာ ဒီမော်အိုင်တမ်ကို အသုံးချပြီး၊

ကောင်းကင်ကိုးလွှာ လေပြင်းဝက်ပါကို ပုံတူပွားခဲ့တယ်။ ပြီးတော့ ဒီပုလဲက အသုံးပြုလို့မရတဲ့ အခြေအနေတစ်ခုကို၊ အချိန်ကာလ အတိုင်းအတာ တစ်ခုအထိ ရောက်သွားခဲ့တယ်။ မဟုတ်လို့ရှိရင် သူက သူ့ကိုယ်သူ ပုံတူပွားထားပြီး ဆန့်ကျင်ဘက် အရပ်မျက်နှာတွေကို ပြေးသွားရင်၊ ငါနဲ့ ရွှေကျီး မဟာပဏ္ဍိတတို့က လူခွဲပြီးမှ တစ်ယောက်စီ လိုက်ဖမ်းရမှာ ဖြစ်တယ်"

အတိတ်က ပုံတူပွားခဲ့သည့် အသက်စွမ်းအင်အပေါ်တွင် မူတည်၍၊ ထိုပုလဲတွင် အနားယူရသည့် အချိန်ကာလ

တစ်ခုရှိသည်။ ပုံတူပွားရသော
အသက်စွမ်းအင်က ကြီးမားလေလေ၊
နောက်ထပ် ပုံတူပွားခြင်း ပြုလုပ်နိုင်မည့်
အချိန်ကာလက ကြာလေလေ ဖြစ်သည်။

သူက တစ်စုံတစ်ခုအား
ပုံတူပွားပြီးသည့်နောက်တွင်၊ ထိုပုံတူသည်
တဖြည်းဖြည်းနှင့် ပျောက်ကွယ်သွားကာ
အဖြူရောင် ပြောင်းသွားပေမည်။ ပြီးတာနှင့်
နောက်ခုနှစ်ရက်ကြာမှသာ သူသည်
မူလအတိုင်း ရွှေရောင်ပြန်လည်
တောက်ပလာကာ၊ ပြန်လည်အသုံးပြု၍ရမည်
ဖြစ်၏။

ပြီးတော့လည်း ထိုကောင်းကင်ယောက်သွား ရွှေပုလဲက ပုံတူပွားရုံရသော အရာများသည်၊ အကန့်အသတ် ရှိပေသည်။ ယုကျင်းတောင်၊ မဟူရာကောင်းကင် ရတနာသစ်ပင်နှင့် ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါ အစရှိသည်တို့အား ပုံတူပွား၍ မရပေ။

ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါသည် ပစ္စည်းအမယ်များ မပြည့်စုံသေးပဲ၊ သူ၏ စွမ်းအားသည် အဆုံးစွန်အထိ မရောက်သေးချေ။ သို့သော်လည်း ဤမှော်ကျိန်စာ ဝက်ပါ၏

ရှုပ်ထွေးမှုအဆင့်သည်
လွန်စွာခက်ခဲနက်နဲလှ၍၊
ကောင်းကင်ယောက်သွား ရွှေပုလဲသည် သူ၏
စွမ်းအားနှင့် လျှို့ဝှက်ဆန်းကြယ်မှုများကို
ပုံတူကူးနိုင်စွမ်း မရှိပေ။

မီးတောက်နဂါး ကောင်းကင်ချပ်ဝတ်တန်ဆာ၊
အတုအယောင် အင်မော်တယ်နှင့်
ဝိညာဉ်ဖန်ဆင်း တံဆိပ် အစရှိသည်တို့အား၊
ကောင်းကင်ယောက်သွား ရွှေပုလဲဖြင့်
ပုံတူပွား၍ရသည်။ သို့သော်လည်း
ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာ
အတွင်းမှ ရောမ ဓားကြီးနှင့်၊ ရွှေကျီး

မဟာပဏ္ဍိတ၏ ဒုက္ခိတ စိတ်ဝိညာဉ်တို့အား ပုံတူကူး၍ မရပေ။

သူ၏ နောက်ဆုံး ရှာဖွေတွေ့ရှိမှုသည် အကျိုးရှိခဲ့ကာ၊ လင်းဖုန်းအား ကောင်းကင်ယောက်သွား ရွှေပုလဲ၏ အမြင့်ဆုံး အကန့်အသတ်တို့အား သိရှိစေနိုင်ခဲ့၏။။

ရွှေကျီး မဟာပဏ္ဍိတ၏ စိတ်ဝိညာဉ်သည် ကြေမွနေ၍ မိစ္ဆာသခင် တစ်ယောက်ထက် အစွမ်းထက်သေးသော်လည်း၊ မသေဝိညာဉ်အား ဖန်ဆင်းထားသည့်

မဟာပဏ္ဍိတ တစ်ယောက်ထက်တော့
အားနည်းနေခဲ့သည်။

စွမ်းအားအနေဖြင့် ကြည့်ရသော် သူသည်
အတုအယောင် အင်မော်တယ်နှင့် တူညီ၍၊
မီးတောက်နဂါး
ကောင်းကင်ချပ်ဝတ်တန်ဆာထက်တော့
အားနည်းပေသည်။

သို့သော်လည်း အတုအယောင်
အင်မော်တယ်နှင့် မီးတောက်နဂါး
ကောင်းကင်ချပ်ဝတ်တန်ဆာတို့
နှစ်ခုစလုံးတို့သည် ပုံတူပွား၍ရပြီး၊ ရွှေကျီး

မဟာပဏ္ဍိတ၏ လက်ကျန်စိတ်ဝိညာဉ်အား
ပုံတူပွား၍ မရချေ။

လင်းဖုန်း၏ ခန့်မှန်းချက်မှာ
ကောင်းကင်ယောက်သွား ရွှေပုလဲ၏
အမြင့်ဆုံး ကန့်သတ်ချက်မှာ၊ အင်မော်တယ်
ဝိညာဉ် ပထမ အဆင့်၏
စွမ်းအားများပင်ဖြစ်သည်။ အင်မော်တယ်
ဝိညာဉ် ပထမ အဆင့်ထက် ကျော်လွန်သော
စွမ်းအားများကို ပုံတူကူး၍ မရနိုင်ချေ။

ကောင်းကင်ကိုးလွှာ လေပြင်းဝက်ပါသည်၊
ကောင်းကင်နှင့် မြေကြီးတို့၏ စွမ်းအားများကို

ထုတ်ယူသုံးစွဲသည့် မှော်ကျိန်စာ ဝက်ပါ ဖြစ်ခြင်းကြောင့်၊ သူသည် ခြွင်းချက်တစ်ခု ဖြစ်၏။ ထို့အပြင် ဤဝက်ပါသည် ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါနှင့် ကြယ်တာရာကိုးလုံး ကောင်းကင်ချေမှုန်း ဝက်ပါတို့လောက် ရှုပ်ထွေးစွမ်းအားကြီးခြင်း မရှိပေ။

"အင်၊ ဒါပေမဲ့ ဒါက တကယ့်ကို တန်ဖိုးရှိတဲ့ မှော်အိုင်တမ် တစ်ခုပဲ ဖြစ်တယ်။ သူ့ကို အလားအလာ အပြည့်အစုံနဲ့ အကျိုးရှိရှိ အသုံးချနိုင်ရင်၊ အမတန်မှ အသုံးဝင်နိုင်တဲ့ ပစ္စည်းတစ်မျိုး ဖြစ်တယ်" လင်းဖုန်းက

တွေးလိုက်ကာ၊ သူ၏ အရှေ့မှ ပုလဲလေးအား နောက်ထပ်တစ်ခေါက် လှေ့လာခဲ့သည်။

"ပြီးတော့ သူနဲ့ တော်ဝင်မိစ္ဆာ ကေရာဇ်ရဲ့ အကြားက ဆက်သွယ်မှုကို အတည်ပြုလို့ မရသေးတဲ့ အတွက်ကြောင့်၊ လောလောဆယ်တော့ ဒီအတိုင်း ထားလိုက်ဦးမယ်"

လင်းဖုန်းသည် ကောင်းကင်ယောက်သွား ရွှေပုလဲအား သေချာစွာ သိမ်းဆည်းလိုက်ကာ၊ မဟူရာကောင်းကင် ရတနာသစ်ပင် အပေါ်တွင် တရားထိုင်နေသည့် ပုံစံမှ

ထလိုက်၍၊ အဝေးမှ မိုးကုတ်စက်ဝိုင်းအား မော့ကြည့်လိုက်သည်။

"ဆောင်းရာသီက မကြာမီမှာ ကုန်ဆုံးတော့မယ်။ ဒီတစ်နှစ်ရဲ့ နွေဦးရာသီက ဇူရီရဲ့ စာမေးပွဲ အစပဲ ဖြစ်တယ်"

မြေရိုင်းလျှိုမြောင်သည် ဤခြောက်လ အတွင်းတွင် တိတ်ဆိတ်ငြိမ်သက်နေရာမှ၊ ယခုအချိန်တွင် မူလအတိုင်း အသက်ပြန်ဝင် လှုပ်ရှားဆူညံလာခဲ့ပြီ ဖြစ်သည်။

ရှောင်ပုတန်သည် နိဗ္ဗာန်ကမ္ဘာ အတွင်းမှ မဟာလမင်း ရေအိုင်အတွင်းတွင် ဒဏ်ရာများကု ကုသနေခဲ့ရာမှ၊ မကြာခင်ကမှ ထွက်လာခဲ့သည်။ သူသည် အတန်ငယ် အားနည်းနေသေးသော်လည်း၊ သူ၏ အရေပြားအောက်တွင် အစိမ်းရောင် အလင်းတန်းများ လင်းလက်နေသည်ကို တွေ့နိုင်ပေသည်။

သူ၏ ဂျူနီယာလေး၏ ခန္ဓာကိုယ်သည် မဟာလမင်း ရေအိုင်အတွင်းတွင် ကြာမြင့်စွာ စိမ်ထားခဲ့သည့် အတွက် တန်ဆေးလွန်ဘေး ဖြစ်မည်ကို စိုးရိမ်နေသည့်အတွက်၊

ယန်ချင်သည် သူ့ဂျူနီယာလေး၏ ဘေးတွင် တစ်ချိန်လုံး ရှိနေခဲ့၍၊ သူ့အား ကောင်းကင်ကို လှည့်ပတ်နေသော ခရမ်းရောင် တိမ်တိုက်နှင့် မဟာလမင်း အကြွင်းမဲ့ရေတို့ဖြင့် အဆက်မပြတ် ကုသပေးနေခဲ့သည်။

ဤအချိန်တွင် မဟာလမင်း ရေအိုင်အတွင်းတွင် အချိန်ကြာမြင့်စွာ စိမ်ထားခဲ့သည့် အတွက်၊ သူလုပ်ရန် လိုသည်မှာ သူ၏ ခန္ဓာကိုယ် အတွင်းမှ စိတ်ဝိညာဉ် စွမ်းအင်များအား ချောမွေ့စွာ လည်ပတ်နိုင်ရန် အတွက် လမ်းညွှန်ပေးရန်သာ ဖြစ်၏။ ပြီးတာနှင့် သူ၏

ရုပ်ခန္ဓာကိုယ်နှင့် မှော်စွမ်းအင်တို့မှာ
သူ့ဒဏ်ရာ မရခင်ကထက်ပင်၊
နောက်တစ်ဆင့်တက်ကာ ပို၍
ကြံ့ခိုင်သန်စွမ်းလာမည် ဖြစ်သည်။

သို့သော်လည်း ရှိထျန်းဟောင် အနေဖြင့်
သူ့ဒဏ်ရာများထက်ပို၍ စိတ်ပူသည်မှာ၊
သူမရှိစဉ် အတွင်း သူ၏ လျှိုမြောင်အတွင်းမှ
အပင်များနှင့် တိရစ္ဆာန်များတို့သည်
ထွမ်းထွမ်း၏လက်ချက် မိသွားမည်ကိုပင်
ဖြစ်၏။ ကံကောင်းစွာနှင့်ပင် လင်းဖုန်းသည်
သူ့တပည့်အကြောင်းအား နားလည်နေသဖြင့်၊
ဤကာလ အပိုင်းအခြားအတွင်းတွင်

ထွမ်းထွမ်းအား မြေရိုင်းလျှိုမြောင် အတွင်းမှ ထုတ်ထားပေးခဲ့သည်။ ထွမ်းထွမ်းမှာ လနှင့်ချီ၍ ကျိန်ဆဲနေခဲ့ကာ ခါးသီးနေခဲ့၍၊ ရှိထျန်းဟောင်မှာမူ ဝမ်းသာလွန်း၍ မျက်ရည်များပင် ကျလာခဲ့၏။

လင်းဖုန်းသည် ပြန်လည် အသက်ဝင်လာသော မြေရိုင်းလျှိုမြောင်အား ပြုံး၍ကြည့်လိုက်ကာ၊ ဇူရီ၏ ကောင်းကင်ဘုံကျောင်း အပြင်သို့ ရောက်ရှိလာခဲ့သည်။

လင်းဖုန်းသည် ရှေးကျသော ဘုံကျောင်း အတွင်းသို့ ဝင်လိုက်ရာ အတွင်းမှနေ၍၊

အားနည်းသော်လည်း သန့်စွမ်းသည့် မှော်စွမ်းအင် လှုပ်ရှားမှုများကို အာရုံခံမိခဲ့သည်။ ဒါသည် ဇူရီ၏ တပည့်များ လေ့ကျင့်နေကြခြင်းပင် ဖြစ်၏။

ဇူရီသည်လည်း ကောင်းကင်ဘုံကျောင်း အတွင်းတွင် ရှိနေခဲ့သည်။ သူ၏ အမူအရာမှာ နွေးထွေးကာ ဖော်ရွေသည့်ပုံ ပေါက်နေခဲ့သော်လည်း၊ သူတပည့်များအား လေ့ကျင့်သင်ကြားပေးသည့် အချိန်တွင်၊ စည်းကမ်းအပြည့်နှင့် တင်းကျပ်သေချာစွာ သင်ကြားပေးခြင်း ဖြစ်သည်။

လင်းဖုန်းရောက်လာသည်ကို
တွေ့လိုက်ရသောအခါ၊ ဇူရီသည် ချက်ချင်း
ထွက်လာခဲ့၍ နှုတ်ဆက်လိုက်သည်။
"မင်္ဂလာပါ၊ ဆရာသခင်"

လင်းဖုန်းက ပြုံးလိုက်ကာ ပြောလိုက်သည်။
"ဇူရီ၊ ဆောင်းတွင်းက ပြီးဆုံးပြီး နွေဦးရာသီ
ရောက်လာတော့မယ်။ မင်းရဲ့
စာမေးပွဲအတွက် အဆင်သင့် ဖြစ်ပြီလား"

"ကျွန်တော်က တာအိုနည်းစနစ်တွေကို
အဆက်မပြတ် လေ့ကျင့်နေပြီး ကျင့်ကြံမှုက
အဆုံးမရှိပေမဲ့၊ ကျွန်တော်က စာသင်သား

တစ်ယောက်ရဲ့ စည်းမျဉ်းတွေကို တစ်ခါမှ မမေ့ခဲ့ပဲ၊ ဒီကနေ့ ရောက်လာမှာကို စောင့်နေခဲ့တာပါ" ဇူရီက ဝမ်းသာအားရဖြင့် ပြောလိုက်၏။

## စာစဥ် ၂၂ : အပိုင်း ၆

## အပိုင်း ၃၉၆ : မဟာကျိုး အင်ပါယာသို့

ဇူရီသည် လင်းဖုန်း၏ တရားဝင်တပည့် မဖြစ်ခင်က၊ သူသည် အရပ်သား စာမေးပွဲအား အောင်မြင်ရန် အထူးကြိုးစားနေခဲ့သည်။ ဤအချိန်တွင် သူသည် အရင်အတိုင်းပင်

ဖြစ်၍၊ မဟာကျိုး အင်ပါယာ၏
နွေဦးစာမေးပွဲအား ထူးချွန်စွာဖြင့်
အောင်မြင်ရန် ပြင်ဆင်ထားပြီး ဖြစ်၏။

သူသည် လင်းဖုန်း၏တပည့် မဖြစ်ခင်က
ဇူရီ၏ အစီအစဥ်မှာ၊ လွန်ခဲ့သည့်
သုံးနှစ်ကတည်းက ဘွဲ့ထူးဂုဏ်ထူးများကို
ရရှိရန် စာမေးပွဲ ဝင်ဖြေရန် ဖြစ်၏။ ထိုဘွဲ့ဖြင့်
သူသည် ရွှမ်ကျိအမတ် ဂေဟာမှ ထွက်ခွာကာ၊
ကိုယ်ပိုင်နေရာဖြင့် နေနိုင်မည် ဖြစ်၏။
သို့သော်လည်း လင်းဖုန်းနှင့်
တွေ့ပြီးနောက်တွင်၊ စာမေးပွဲ ဖြေဆိုမှုသည့်
နှောင့်နှေးသွားခဲ့သည်။

အတိတ်မှ အကြောင်းအရာများကို ပြန်တွေးနေစရာ မလိုခဲ့ချေ။ လင်းဖုန်းသည် ကျိုးကေရာဇ်နှင့် စစ်မက်မဖြစ်ပွားခဲ့လျှင်၊ ဇူရီသည် ရွှမ်ကျိအမတ် ဂေဟာအား သူဆန္ဒရှိသကဲ့သို့ ဝင်ထွက်နိုင်ပေသည်။

ယခုအချိန်တွင် သူသည်၊ ရွှေရောင်ဗဟိုချက် အလယ်အလတ် အဆင့်မှ ကျင့်ကြံသူ တစ်ယောက် ဖြစ်နေခဲ့ပြီ ဖြစ်သည်။ သို့သော်လည်း အမှန်အတိုင်း ပြောရလျှင်၊ သူသည် အခြေတည်ဝိညာဥ် အဆင့်မှ အကြီးအကဲ တစ်ယောက်မျှ သန်မာနေပြီ

ဖြစ်၏။ သူ၏ အဆင့်ကို ရွှမ်ကျိအမတ်
ဇူဟုန်ဝူ၏ အခြားသားများမှ
ယှဉ်နိုင်တော့မည် မဟုတ်ချေ။

ထို့အပြင် ရွှမ်ကျိအမတ် ဂေဟာ၏
အစွမ်းထက် တိုက်ခိုက်သူ
တစ်ယောက်ဖြစ်သည့်၊ ဘဏ္ဍာစိုး
ကျန်းဟိုင်သည်ပင်လျှင် သူ၏ပြိုင်ဘက်
မဟုတ်တော့ပေ။ ယခုအချိန်တွင် သူ့အား
ဟန့်တားနိုင်သည့် သူမှာ၊ ရွှမ်ကျိအမတ်
ကိုယ်တိုင်သာ ကျန်တော့သည်။

လွန်ခဲ့သည့်နှစ်က ဟွမ်ဟိုင် စိတ်ဝိညာဉ်
အစည်းအဝေး အပြီးတွင်၊ ကျိုးကေရာဇ်သည်
တစ်စုံတစ်ယောက်အား စေလွှတ်၍
စာမေးပွဲအတွက် လိုအပ်သည့်
စာရွက်စာတမ်းများကို၊ ဇူရီထံသို့ ပေးပို့ခဲ့ပြီး
ဖြစ်သည်။ သူပြုလုပ်ရန် လိုအပ်သည်မှာ၊
အာရုံစိုက်၍ လာမည့် စာမေးပွဲအား
ပြင်ဆင်ထားရန်ပင် ဖြစ်၏။

ဤနေ့ဦးမှ အရပ်သား စာမေးပွဲအား
အောင်မြင်သွားကာ ဘွဲ့ရသွားပြီးလျှင်၊
နောက်တစ်ခေါက် ထပ်ဖြေရမည့် စာမေးပွဲမှာ

နောက်ခြောက်လတွင် ကျင်းပမည့် နန်းတွင်း စာမေးပွဲပင် ဖြစ်ပေသည်။

နန်းတွင်းမှ ဘွဲ့ထူးဂုဏ်ထူးများကို ရရှိလိုခြင်းမှာ၊ ဇူရီ၏ ငယ်စဉ်ကလေး ဘဝကတည်းက မက်ခဲ့ရသော အိမ်မက်ဖြစ်၏။

သို့သော်လည်း သူသည် လင်းဖုန်းအနောက်သို့ လိုက်ခဲ့ကာ၊ သူ့မိခင်၏ အကြောင်း အမှန်တရားများကို သိရှိခဲ့အပြီးတွင်၊ သူ၏ မူလရည်ရွယ်ချက်နှင့် စိတ်ဝင်စားမှုများမှာ ပြောင်းလဲသွားခဲ့၏။ နန်းတွင်းမှ ဘွဲ့များကို

ရယူရန်မှာ သူ့အတွက် ဤမျှ
အရေးမကြီးတော့ပေ။

ဇူရီ၏ ယခုစာမေးပွဲအား
ဝင်ရောက်ဖြေဆိုရခြင်း၏ ရည်ရွယ်ချက်မှာ၊
သူ၏ ကိုယ်ပိုင်ဉာဏ်ပညာများကို စစ်ဆေးရန်
ဖြစ်ပြီး သူ၏ စိတ်အတွင်းတွင် ငြိမ်းချမ်းမှု
ရရှိစေရန် ဖြစ်သည်။

ယခုအဆင့်တွင် ငြိမ်သက်စွာ
တရားကျင့်နေကာ အဆက်မပြတ်
လေ့ကျင့်နေခြင်းသည်၊ မလုံလောက်သကဲ့သို့
အကျိုးသက်ရောက်မှုလည်း မရှိတော့ပေ။

အတွေ့အကြုံ အသစ်များကို ရှာဖွေရမည်
ဖြစ်သည်။

ဇူရီ၏ ကျင့်ကြံမှု ခရီးလမ်းတွင်၊ စာသင်သား
တစ်ယောက်၏ သဘောတရားများနှင့်
ကျင့်ကြံသူ တစ်ယောက်၏
သဘောတရားများသည်၊
ရောထွေးယှက်လိမ်နေခဲ့သည်။
သူဖြေဆိုရမည့် စာမေးပွဲသည် သူ၏
ဗဟုသုတများအား စစ်ဆေးခြင်း ဖြစ်သကဲ့သို့၊
သူ၏ ကိုယ်ပိုင် တာအိုနည်းစနစ်များနှင့်
ကျင့်ကြံမှု များကို ကြေညက်ခြင်း ရှိမရှိ
စစ်ဆေးခြင်းလည်း ဖြစ်၏။

အကယ်၍ ကြိုတင်မျှော်မှန်းထားသည့်
အတိုင်း ဖြစ်လာပါက၊ သူ၏
တာအိုနည်းစနစ်များ အပေါ်တွင်
နားလည်မှုသည် ဆတက်ထမ်းပိုး
တိုးတက်လာမည် ဖြစ်သည်။

လင်းဖုန်းသည် သူ၏ တပည့်များကို
ပြုလွယ်ပြောင်းလွယ် ရှိစေရန်အတွက်
အမြဲတမ်း အားပေးနေခဲ့၏။ လင်းဖုန်းက
သူတို့အား သင်သည်များကို မျက်စိမှိတ်
လေ့ကျင့်နေမည့်အစား၊ သူတို့၏ ကိုယ်ပိုင်
သဘောပေါက် နားလည်မှုများဖြင့်

ပေါင်းစပ်လေ့ကျင့်နိုင်လျှင် ပို၍
အကျိုးရှိနိုင်မည် ဖြစ်၏။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် မဟာကျိုး
အင်ပါယာတို့သည်၊ ဟန်းနီးမွန်း
ကာလတွင်သာ ရှိနေသေး၍
အကျိုးအမြတ်နှင့် ပတ်သတ်၍ ပဋိပက္ခများ
မဖြစ်ကြသေးပေ။

သို့ဖြစ်၍ လင်းဖုန်းသည် မဟာကျိုး
အင်ပါယာ၏ မြို့တော်၊ ထျန်းကျင်းသို့
မသွားသေးရန် ဆုံးဖြတ်ခဲ့သည်။ သူသည်
ကျိုးကေရာဇ် လျှမ်ပန်းနှင့် ဇူရီ၏ ဖခင်ဖြစ်သူ

ဇူဟုန်ဝူတို့အား တွေ့ဆုံရန်
ဆန္ဒပြင်းပြနေခဲ့သော်လည်း၊
အချိန်မကျသေးဟု ခံစားနေရ၏။

ရှီထျန်းဟောင်၊ ထွမ်းထွမ်းနှင့်
ကျူးကော်ဖန်းလင်တို့သည်၊
ဇူရီနောက်သို့လိုက်ကာ ထျန်းကျင်းသို့
သွားလည်မည်ဟု ဆုံးဖြတ်ခဲ့ကြသည်။

ဇူရီက ရယ်၍ ပြောလိုက်သည်။
"မင်းတို့သုံးယောက် လုပ်တာနဲ့၊ ထျန်းကျင်း
တစ်မြို့လုံး ခလောက်ဆန်သွားမှာ ကြိုပြီး
မြင်ယောင်နေပါတယ်"

ရှီထျန်းဟောင်က တစ်ခစ်ခစ် ရယ်လိုက်၏။ "ဒုတိယ စီနီယာ၊ စီနီယာက သူများတွေကို မပူပဲနဲ့၊ ကိုယ့်ကိုယ်ကိုယ်သာ ပိုပြီးတော့ ဂရုစိုက်သင့်တယ်။ ဒီရက်ပိုင်းတွေ အတွင်းမှာ စီနီယာရဲ့ ဘဝဟာ၊ ဇူကျိ အရေအတွက်သုံးခု အင်းရှစ်ကွက်လိုမျိုး ကျမ်းစာတွေရဲ့ အထဲကနေ မထွက်နိုင်ဘူး ဖြစ်နေတယ်။ အရင်ကလိုမျိုး စုတ်တံလေး ကောက်ကိုင်ပြီး၊ ကဗျာလေး စကားပြေလေး ရေးပါဦးဗျ"

ဇူရှီက ပြုံးလိုက်ကာ ပြန်ပြောလိုက်သည်။ "ဒီလောက်လေးက စာမဖွဲ့လောက်ပါဘူးကွ"

ရှီထျန်းဟောင်သည် ဇူရီအား
လက်မထောင်ပြလိုက်ကာ၊
ပြုံး၍ပြောလိုက်သည်။ "အရင်တစ်ခေါက်
တုံးက ထျန်းကျင်းကို ဆရာနဲ့အတူ
ရောက်ခဲ့တုံးက၊ ငယ်ငယ်လေးပဲ ရှိသေးတယ်။
ပြီးတော့ ခဏလေးပဲ နေခဲ့ရပြီး
ပြန်ထွက်ခဲ့ရတယ်။ ဒီတစ်ခေါက်မှာတော့၊
ဒီလိုမျိုး မြို့တော်ကြီးကို
ကောင်းကောင်းသေချာ လည်ပတ်ရမယ်"

"ကျွန်မ စိတ်အဝင်စားဆုံး အရာတွေကတော့၊ စားကောင်းသောက်ဖွယ်တွေပဲ!" ထွမ်းထွမ်းက ကြားမှ ဖြတ်၍ ဝင်ပြောလိုက်၏။

"စားတာအပြင်၊ နင်ကဘာအသုံးဝင်တာမျိုး လုပ်တတ်သေးလို့လဲ" ရှီထျန်းဟောင်က သူ၏ မျက်လုံးအား ထောင့်ကပ်ပြီးမှ ပြန်ပြောလိုက်သည်။

"ငါ့ကို ဒီလိုမျိုး ပြောဖို့ဆိုရင်၊ ဒီကမ္ဘာကြီးမှာ နင်က မထိုက်တန်ဆုံး လူတစ်ယောက်ပဲ" ထွမ်းထွမ်းက နှာပြန်မှုတ်လိုက်၏။

ရှီထျန်းဟောင်သည် ဝမ်းနည်းသွားဟန် ဆောင်လိုက်သည်။ "ဘာဖြစ်လို့လဲ၊ ငါက အရင်တုံးက အစားပုတ်လေး ဖြစ်ခဲ့ပေမဲ့၊ အခုအချိန်မှာ လူကြီးတစ်ယောက် ဖြစ်လာပြီ။ နင့်လိုမျိုး မဟုတ်တော့ဘူး!"

ဘေးတွင် ရှိနေကြသော ဇူရီ၊ ယွဲ့ဟုန်ယန်နှင့် ယန်ချင်တို့မှာ ပြုံးစိစိ ဖြစ်လာကြ၏။ ရှီထျန်းဟောင်သည် နှုတ်ခမ်းစူ၍ ဆက်ပြောလိုက်သည်။ "လာကြည့်စမ်းပါ။ ကျွန်တော့်ကို မယုံရင် မြေရိုင်းလျှို့မြောင်ထဲက စားသောက်ဖွယ်ရာ သိုလှောင်ရုံကို လာစစ်ဆေးကြည့်ပါ။ ကျွန်တော်က

တစ်ခါတစ်လေမှ စိတ်လွတ်ကိုယ်လွတ်နဲ့ ဝင်ပြီးစားတော့တာ"

ရှီထျန်းဟောင်၏ စကားကို ကြားရသောအခါ၊ ဒေါသထွက်နေသော ထွမ်းထွမ်းသည် ပြုံးလိုက်ကာ ရည်ရွယ်ချက် မကောင်းသော အကြည့်တစ်ချက်ဖြင့် ကြည့်လိုက်သည်။ "ဒါဆိုရင် နင့်ရဲ့ ဝေစုတွေကို ငါ့ကိုပေးမယ် မဟုတ်လား"

"ဆုတောင်းလေ! နင့်ကို ပေးမဲ့အစား၊ သားရဲတစ်ကောင်ကိုပဲ မွေးလိုက်မယ်!"

ရှီထျန်းဟောင်က အားမနာစတမ်း ပြန်ပြောလိုက်၏။

ရှီထျန်းဟောင်သည် ထွမ်းထွမ်းအား ဆုပ်ကိုင်လိုက်ကာ လေးနက်စွာနဲ့ ပြောလိုက်သည်။ "နင်က ငါနဲ့ ဒုတိယ စီနီယာတို့နဲ့အတူ၊ ထျန်းကျင်းကို လိုက်လာရမယ်။ မဟုတ်လို့ရှိရင်၊ နင့်ကို စောင့်ကြည့်ဖို့ ဆရာ့ကို အပူထပ်ကပ်နေရဦးမယ်"

"ငါမလိုက်တော့ဘူး! တောင်ပေါ်မှာပဲ နေခဲ့မယ်" ထွမ်းထွမ်းသည် သူမအား

ဆုပ်ကိုင်ထားသည်မှ ရုန်းကန်နေ၍
ပြောလိုက်သည်။

အားလုံးတို့သည် ထွမ်းထွမ်းနှင့်
ရှိထျန်းဟောင်တို့၏ အကြားမှ
အပြုအမူများကိုကြည့်ကာ၊
ပွဲကျနေကြကုန်၏။

အဝေးမှနေ၍ သူတို့အား စိုက်ကြည့်နေခဲ့သော
ကျွင်းကျိနင်သည် ရုတ်တရက် နောက်ကို
လှည့်လိုက်ကာ၊ သက်ပြင်းချ၍
သူမ၏ခေါင်းအား ခါလိုက်သည်။

ရှီထျန်းဟောင်သည် ရုတ်တရက် သူမအား လှမ်းကြည့်လိုက်ကာ မေးလိုက်သည်။
"နင်ရော လိုက်မလား"

ကျွင်းကျိနင်သည် ခေတ္တမျှ တွေးလိုက်၍၊ ချီတုံချတုံ ဖြစ်လှစွာနှင့် ပြန်ဖြေလိုက်၏။
"ထျန်းကျင်းက အရမ်းကို စည်ကားတဲ့မြို့လို့တော့ ကြားဖူးတယ်။ ဒါပေမဲ့..."

ကျွင်းကျိနင်က သူမ၏ စကားပင် ပြော၍မပြီးသေးခင်၊ ရှီထျန်းဟောင်က

ဖြတ်ပြောလိုက်သည်။ "ဟုတ်ပြီ၊ သဘောပေါက်ပြီ၊ နင့်ကို ခေါ်မသွားတော့ဘူး"

ကျွင်းကျိုနင်သည် သူမ၏နားကို မယုံနိုင်ဖြစ်သွားခဲ့ကာ၊ ပါးစပ်အဟောင်းသားနှင့် ရှီထျန်းဟောင်အား တွေတွေကြီး စိုက်ကြည့်နေခဲ့လေသည်။

"ပုံမှန်ဆိုရင် နင်ဘာပြောပြော ငါက ဂရုမစိုက်ပေမဲ့၊ နင်က 'ဒါပေမဲ့'ဆိုတဲ့ စကားလုံးကို ခဏခဏသုံးတယ်။ ဒါက ဘာကိုဆိုလိုနေသလဲဆိုတော့၊ နင်အရှေ့က ပြောထားတဲ့ စကားက ဘာမှမဟုတ်ဘူး

ဆိုတာပဲ" ရှီထျန်းဟောင်က ပြုံးဖြီးဖြီးဖြင့် ပြောလိုက်သည်။

"မင်းက မသွားချင်ဘူး ဆိုရင်လည်း၊ သွားစရာ မလိုပါဘူး"

သူမသည် မိန်းကလေးပုံစံ ဖမ်းချင်နေသော်လည်း ရှီထျန်းဟောင်၏ လှည့်ပတ်ပြောဆိုမှုအား ခံခဲ့ရအပြီးတွင်၊ ကျွင်းကျိနင်သည် ဆွံ့အသွားခဲ့ကာ ဘာမှမပြောနိုင် ဖြစ်သွားခဲ့သည်။

တိတ်တိတ်ကလေး ရယ်နေခဲ့သော ရှီထျန်းဟောင်နှင့် ဘာလုပ်ရမှန်းမသိ ဖြစ်နေခဲ့သော ကျွင်းကျိနင်အား ကြည့်လိုက်ကာ၊ ယန်ချင်သည် သူ၏ခေါင်းအား ခါလိုက်၏။ "ထျန်းဟောင်က သူလူကြီး ဖြစ်လာပြီလို့ ပြောပေမဲ့၊ တကယ်တမ်းတော့…"

ဇူရီက ပြုံးလိုက်ကာ ရှီထျန်းဟောင်ဘက်မှ ကာကွယ်၍ ပြောပေးလိုက်သည်။ "ဂျူနီယာလေးက ငါတို့နဲ့ ရှိနေရင်တော့ ဒီလိုမျိုးပဲ။ ဒါပေမဲ့ အပြင်မှာ သူလုပ်ခဲ့တဲ့

အရာတွေ အထဲမှာ၊ ရင့်ကျက်မှုတွေကို
တွေ့နိုင်ပါတယ်"

"ငါတို့ အချင်းချင်းပဲ ရှိတဲ့အခါမှာ၊ ငါတို့လည်း
ဒီလိုမျိုးပဲ မဟုတ်လား" ဇူရီက တိုးတိုးလေး
ရေရွတ်လိုက်သည်။

ယန်ချင်က လုံးဝမကန့်ကွက်ခဲ့ပဲ ခေါင်းအား
တစ်ဆတ်ဆတ်နှင့် ညိတ်လိုက်သည်။

တစ်ဘက်တွင် ငြိမ်သက်နေခဲ့သော
ယွဲ့ဟုန်ယန်သည် ဇူရီအား

လိုက်ပို့ခဲ့သော်လည်း၊ သူ့အနောက်သို့
လိုက်ရန် စိတ်ကူးမရှိချေ။

လင်းဖုန်းသည် ယွဲ့ဟုန်ယန်အား
ကြည့်လိုက်ရာ၊ သူမက တိတ်ဆိတ်နေခဲ့၏။

"ဆရာ၊ ကျွန်မက စိတ်မထိန်းနိုင်မှာ စိုးတယ်"

ယွဲ့ဟုန်ယန်သည် ယခင်က ထျန်းကျင်းထံ
ရောက်ခဲ့ဖူးသော်လည်း၊ သူမ၏
ရည်ရွယ်ချက်မှာ သတ်ဖြတ်ရန် ဖြစ်၏။
အကယ်၍ သူမသည် ယခုတစ်ခေါက်တွင်
လိုက်သွားခဲ့လျှင်၊ သူမ စိတ်ထင်တိုင်း

လုပ်နိုင်မည့် မဟုတ်ပဲ စိတ်ရှုပ်ထွေးနေရမည် ဖြစ်သည်။

အထူးသဖြင့် မဟာကျိုး အင်ပါယာသည် အချိန်နှင့်အမျှ စည်းလုံးဖွံ့ဖြိုး တိုးတက်လာခဲ့ကာ၊ အဖျက်ဆီး ခံခဲ့ရသော သူမ၏ တိုင်းပြည်နှင့် နှိုင်းယှဉ်ခဲ့သော အချိန်တွင်၊ ယွဲ့ဟုန်ယန်သည် ပို၍ အမျက်ဒေါသများ ထွက်လာခဲ့သည်။

ဒါသည် သူမအတွက် ကောင်းမွန်သော စမ်းသပ်ချက်တစ်မျိုး ဖြစ်နိုင်သော်လည်း၊ ဒါသည် အနည်းငယ် လူသားမဆန်သော

လုပ်ရပ်ဖြစ်နိုင်သည်ဟု လင်းဖုန်းက ခံစားနေရသဖြင့်၊ ယွဲ့ဟုန်ယန်အား သူတို့နောက် လိုက်ရန်အတွက် အတင်းအကြပ် ဖိအားမပေးခဲ့ပေ။

"မင်းလိုက်သွားမသွား ဆိုတာက မင်းရဲ့အပေါ်မှာပဲ မူတည်နေတယ်။ ဒီမှာပဲ ဆက်နေပြီး ကျင့်ကြံနေရင်လည်း မဆိုးပါဘူး။ အမှန်အတိုင်း ပြောရရင် လက်စားချေတယ် ဆိုတာက၊ မင်းရဲ့ စွမ်းရည်တွေ တိုးတက်လာပြီး ကျင့်ကြံမှု အဆင့်အတန်းတွေ မြင့်မားလာမှ ဖြစ်နိုင်မယ်"

လင်းဖုန်းက ဥပေက္ခာအပြည့်ဖြင့် ပြောလိုက်သည်။

"ဟုန်ယန်၊ မင်းက သဘာဝအားဖြင့် ကြံ့ခိုင်သန်မာပြီး၊ သေခြင်းတရားကို မကြောက်ဘူး။ မင်းရဲ့ ရွှေရောင်ဗဟိုချက်ကို ဖော်ဆောင်တဲ့ အခါမှာ၊ သေခြင်းနဲ့ ရှင်ခြင်းတို့ကို ဖြတ်ကျော်ဖို့က မင်းအတွက် ပြဿနာ ဖြစ်လာမှာ မဟုတ်ဘူး။ မင်းက တာအိုနည်းစနစ်တွေနဲ့ မှော်စွမ်းအင်တွေကို အဆက်မပြတ် လေ့ကျင့်နေပြီး၊ မင်းရဲ့ ခန္ဓာကိုယ်နဲ့ စိတ်ဝိညာဉ်တို့ကို ကောင်းကောင်းနားလည်နိုင်တဲ့ အချိန်ကျရင်၊

ရွှေရောင်ဇပဟိုချက် အဆင့်ကို ချိုးဖောက်ဖို့ ကြိုးစားလို့ရပြီ"

ယွဲ့ဟုန်ယန်သည် လင်းဖုန်း၏ ဆိုလိုရင်းကို သဘောပေါက်နေခဲ့ကာ၊ လေးစားစွာဖြင့် ဦးညွှတ်လိုက်သည်။ လင်းဖုန်းသည် သူမ၏ လက်စားချေလိုမှုကို မကန့်ကွက်သဖြင့်၊ စိတ်သက်သာရာ ရသွားခဲ့သည်။

အားလုံးသည် လင်းဖုန်း ပြောထားသည့် အတိုင်း ဖြစ်သည်။ သူမသည် စိတ်ရောကိုယ်ပါ ကြွံခိုင်နေမှသာ၊ သူမ၏

ရည်ရွယ်ချက်များအား အထမြောက်အောင် လုပ်ဆောင်နိုင်ပေမည်။

နောက်ဆုံးတွင် အဖြေထွက်လာသည်မှာ၊ ရှောင်ယန်နှင့် အတူ ယွဲ့ဟုန်ယန်သည် တောင်ပေါ်တွင် နေခဲ့၍ လေ့ကျင့်နေမည် ဖြစ်၏။ ယန်ချင်သည်လည်း စိတ်ဝိညာဉ် ဆေးပင်များအား ပြုစုစောင့်ရှောက်ရန်၊ နေခဲ့မည် ဖြစ်သည်။

ဇူရီသည် သူ၏ တပည့်များနှင့် လီရှင်းဖေးတို့အား ယွဲ့ဟုန်ယန်နှင့် ယန်ချင်တို့လက်ထဲ အပ်ခဲ့ကာ၊

ကျန်သောသူများနှင့် အတူ ထျန်းကျင်းသို့ ဦးတည်သွားခဲ့၏။

ဇူရီသည် သူ၏ အဖော်များကို မည်ကဲ့သို့ ထိန်းရမည်ကို ဦးနှောက်ခြောက်နေဆဲတွင်၊ ရှောင်ပုတန်တို့က တစ်ခစ်ခစ်နှင့် ရယ်မောကာ ပြောလိုက်သည်။ "ဒုတိယ စီနီယာ၊ စိတ်အေးလက်အေးနဲ့သာ ကိုယ့်စာကိုယ်ဖတ်ပါ။ ကျွန်တော်တို့က ထျန်းကျင်းကို ကိုယ့်ဘာသာကိုယ် လျှောက်လည်ပါ့မယ်"

ဇူရီက ပြုံးလိုက်ကာ သူ၏ခေါင်းကို ခါလိုက်သည်။ "ငါ့ကို စိတ်ချပါလို့တော့ မပြောနဲ့။ မင်းတို့ကို လိုက်မကြည့်နေဘူးဆိုရင်၊ ပြဿနာက ခေါင်းပေါ်ကို ရောက်လာလိမ့်မယ်"

ရယ်သံများ အကြားတွင် လင်းဖုန်းသည် ယုကျင်းတောင်အား ထိန်းချုပ်လိုက်ကာ၊ ခွန်းလွန်တောင်မှ ထွက်ခွာလာခဲ့၏။ မဟာကျိုး အင်ပါယာ၏ နယ်စပ်သို့ ရောက်သောအခါ၊ ယုကျင်းတောင်၏ အပြင်မှ ဟင်းလင်းပြင်အား သူတို့အတွက် ဖွင့်ပေးလိုက်သည်။

လင်းဖုန်းသည် သူ၏ တပည့်များနောက်ကို ကိုယ်တိုင် လိုက်မလာခဲ့သော်လည်း၊ သူသည် မိစ္ဆာသခင် အဆင့်တွင်ရှိသော၊ ကွေနွားဘုရင်နှင့် ဖေးလျှန်ဘုရင်တို့အား သူတို့၏ အနောက်သို့ လိုက်စေခဲ့သည်။

ဖေးလျှန်ဘုရင်အား တောင်ပေါ်တွင် ခြောက်လခန့် ထားပြီးနောက်တွင်၊ သူသည် လိမ္မာသွားခဲ့ပြီ ဖြစ်၏။ သူသည် ဇူရီနှင့် ကျန်သောသူများအား သူ၏ကိုယ်ပေါ်တွင် အစီးခံခဲ့သည်။

ကွေ့နွားဘုရင်သည် မိစ္ဆာသခင်
အလယ်အလတ် အဆင့်တွင် ရှိပြီး၊
ဖေးလျှန်ဘုရင်သည် စဦးပိုင်း အဆင့်တွင်
ရှိသည်။ သူတို့၏ ပူးပေါင်းတိုက်ခိုက်မှုသည်၊
နဂိုမူလ စွမ်းအင်ထက် များစွာ
စွမ်းအားပိုကြီးခဲ့ပေသည်။

လင်းဖုန်း၏ အပြုအမူများကို
ကျေးဇူးတင်လှစွာနှင့် ဇူရီသည် သူ့ဆရာအား
နှုတ်ဆက်လိုက်သည်။ သူသည်
နှစ်ပေါင်းများစွာ ကြာပြီးနောက်၊
ထျန်းကျင်းသို့ ပြန်ရောက်လာခဲ့ပေပြီ။
အတိတ်ကို ပြန်စဥ်းစားလိုက်သော်၊ သူ၏

သွေးများ ဆူပွက်လာခဲ့၍ ရည်မှန်းချက်များ ပြင်းထန်လာခဲ့၏။

ဇူရီနှင့် အပေါင်းပါတို့အား နှုတ်ဆက်အပြီးတွင်၊ လင်းဖုန်းသည် ယုကျင်းတောင်ပေါ်တွင် ရပ်နေခဲ့ကာ တွေးလိုက်သည်။ "ငါက ဒီနေရာကို ရောက်လာမှတော့၊ ငါသွားကိုသွားရမယ့် နေရာတစ်ခု ရှိတယ်"

သူသည် ယုကျင်းတောင်အား ထိန်းချုပ်လိုက်ကာ၊ သူ၏ အသိစိတ်ဖြင့်

ပြင်ပကမ္ဘာမှ နယ်နိမိတ်များကို
ခွဲခြားလိုက်သည်။

"ရောက်ပြီ" လင်းဖုန်းသည်
ယုကျင်းတောင်အား ရပ်တန့်စေခဲ့၏။ သူသည်
ဟင်းလင်းပြင်အတွင်းတွင် နေနေခဲ့၍
တောင်ထိပ်တွင်သာ ရပ်နေခဲ့ကာ၊
သံမဏိသစ်ပင် ကိုယ်ပွားကိုသာ
ယုကျင်းတောင်အောက်သို့ စေလွှတ်ခဲ့သည်။

လင်းဖုန်းသည် ဟင်းလင်းပြင် အတွင်းမှ
ထွက်လိုက်ကာ မဟာကမ္ဘာ အတွင်းသို့
ပြန်ဝင်လိုက်သည်နှင့်၊

ရှည်လျားခမ်းနားလှသော
တောင်တန်းကြီးတစ်ခုသည် သူ၏ အရှေ့တွင်
ပေါ်လာခဲ့သည်။ သူ၏ အရှေ့မှ
တောင်တန်းလွင်ပြင်တို့သည် အဆုံးမဲ့လှစွာ
ကြီးကျယ်ခမ်းနားလှပေသည်။

သူသည် ခွန်းလွန်တောင်တန်းလောက်
မကြီးမားသော်လည်း၊ မြေဆီမြေနှစ်တို့
ကောင်းမွန်လှ၍ မြင့်မြတ်ထူးကဲသော
အော်ရာများကို ပိုင်ဆိုင်ထားခဲ့၏။

တောင်တန်းများ အကြားတွင် အတန်ကြာ
လျှောက်ခဲ့ပြီးမှ၊ လင်းဖုန်းသည် ရုတ်တရက်

ရပ်လိုက်ကာ အသက်ပြင်းပြင်း တစ်ချက်
ရှူလိုက်သည်။

"ဒါက မြင့်မြတ်နယ်မြေ တစ်ခုဖြစ်ခဲ့တဲ့၊
မဟာမိုးကြိုး ကျောင်းတော်ကြီးလား"

## စာစဉ် ၂၂ : အပိုင်း ၇

## အပိုင်း ၃၉၇ : မဟာမိုးကြိုး ကျောင်းတော်ကြီး၏ အပျက်အစီးများ

တောင်တန်းကြီး၏ တောင်ထိပ်များ
အကြားတွင်၊ ပြိုကျနေသော နံရံများ၊
ကျောက်ဆင်းရုပ်ထုများ၊ ကြေမွနေသော
အုတ်တိုင်များ စသည်တို့သည် ဘုရားကျောင်း
အတွင်းတွင် ပြန့်ကျဲလျှက် ရှိကြ၏။

အတိတ်မှ ကြီးကျယ်ခမ်းနားလှသော ဧရာမ
သစ်သား တံတားများ၊ ထောက်တိုင်များသည်၊
ယခင်ကအတိုင်း မရှိကြတော့ပေ။ ယခု
ကျန်နေခဲ့သော အရာများသည်၊
ဆွေးမြေ့နေကြသော သစ်သားပျဉ်ချပ်များသာ
ဖြစ်ကြ၏။

တစ်ခါတုံးက ဗုဒ္ဓ ဆင်းတုတော်ပုံစံ
ထွင်းထုထားသော တောင်ထွတ်တစ်ခု ရှိခဲ့၏။
သို့သော်လည်း ထိုရုပ်ပွားတော်၏
အထက်ပိုင်းသည် အဖျက်ဆီး ခံခဲ့ရပြီ ဖြစ်၍၊
ဗုဒ္ဓ၏ ခြေထောက်တော်သာ
ကျန်ရှိနေခဲ့သည်။

အနည်းဆုံး ဆယ်ပေရှိသည့်
ခြေထောက်အားကြည့်ကာ ခန့်မှန်းရလျှင်၊
ထိုဗုဒ္ဓ ဆင်းတုတော်၏ အရွယ်အစားသည်
လွန်စွာ ကြီးမားလှမည်ဟု သိနိုင်၏။

ဒါသည် ကျင့်ကြံသူများ အတွက်ပင်
ကြက်သီးထစရာ မြင်ကွင်းတစ်ခု ဖြစ်သည်။
သာမန်လူများဆိုလျှင် မတ်တတ်ပင်
ရပ်နိုင်တော့မည် မဟုတ်ပေ။

အားလုံးတို့သည် ယခုအချိန်တွင် အပျက်အစီး
အပုံကြီး အဖြစ်သာ ကျန်ခဲ့ပေသည်။

ထိုရောမ ဆင်းတုတော်ကြီးသည် နဂိုအတိုင်း
ရှိသေးသော အချိန်ကာလတွင်၊ သူမှနေ၍
ကြီးကျယ်လှသည့် ဗုဒ္ဓ၏ သဘာဝနှင့်
စွမ်းအားများကို ထုတ်လွှတ်နေမည်ဟု၊
လင်းဖုန်းက ယုံကြည်နေခဲ့သည်။

လင်းဖုန်းသည် မဟာမိုးကြိုး
ကျောင်းတော်ကြီး၏ အပျက်အစီးများ
အကြားတွင် မတ်တတ်ရပ်နေခဲ့ရင်း၊ ကျင့်ကြံမှု
ကမ္ဘာကြီး၏ အဆက်မပြတ်
ပြောင်းလဲတတ်သည့် သဘာဝနှင့်
ရက်စက်မှုများ အကြောင်းကို၊ ဝမ်းနည်းစွာနှင့်
တွေးနေခဲ့သည်။

သူသည် အတိတ်က ဟင်းလင်းပြင်
ဘုရားကျောင်းနှင့် စူတောင်ဓားဂိုဏ်းတို့ကဲ့သို့
ဂိုဏ်းသိက္ခာ ကြီးမားခဲ့သည့်၊

ကျောင်းတော်ကြီး၏ အကြွင်းအကျန်များကို
ကြည့်နေခဲ့ကာ သက်ပြင်းချလိုက်သည်။

မြင့်မြတ်နယ်မြေ သုံးခုအတွင်းတွင်
တစ်ခုအပါအဝင် ဖြစ်သည့်အတွက်၊
ဤကျောင်းတော်ကြီးသည် ဗုဒ္ဓဝါဒကို
သက်ဝင်ယုံကြည်သူများ
ထောင်နှင့်သောင်းနှင့်ချီလျှက်
ရှိခိုးပူဇော်မှုအား ခံခဲ့ရကာ၊
ကြီးကျယ်မြင့်မြတ်သည့် စွမ်းအားကြီး
ကျင့်ကြံသူ အမြောက်အမြားကို
မွေးထုတ်ပေးနိုင်ခဲ့ပေမည်။ နောက်ဆုံးတွင်
ဤကဲ့သို့ အပျက်အစီးများသာ ကျန်ခဲ့ကာ၊

နောက်မျိုးဆက်များသည် သက်ပြင်းချ၍သာ ကြည့်နိုင်ခဲ့၏။

မဟာမိုးကြိုး ကျောင်းတော်ကြီးအား ကြည့်နေဆဲတွင်၊ လင်းဖုန်းသည် တစ်စုံတစ်ခုအား မသိစိတ်ကနေ သတိထားမိလိုက်ကာ စောင့်ကြည့်နေခဲ့သည်။

လင်းဖုန်းသည် မဟာမိုးကြိုး ကျောင်းတော်ကြီး အတွင်းတွင် လျှောက်ကြည့်နေရင်း၊ သူ၏ စိတ်အတွင်းမှ စွမ်းအားများ၏ မြင့်တက်လာခြင်းနှင့် ကျဆုံးသွားခြင်းတို့အား ခံစားမိနေခဲ့သည်။

"ဗဂျရာ ခန်းမ၊ နတ်ဘုရား ကေရာဇ် ခန်းမ၊ ရဟန္တာခန်းမ၊ မဟာပညာ ခန်းမ၊ ဉာဏ်အလင်း ခန်းမ..." လင်းဖုန်းသည် မြေပေါ်တွင် ပြန့်ကျဲနေသည့် ဆိုင်းဘုတ်များပေါ်မှ စကားလုံးများအား ဖတ်နေခဲ့၏။ သူ၏ အကြမ်းဖျင်း တွက်ချက်မှုများအရ၊ ထိုစကားလုံးများသည် အနည်းဆုံး နှစ်ထောင်ပေါင်းများစွာ သက်တမ်းရှိပြီကို သိနေခဲ့၏။

ဟင်းလင်းပြင် ဘုရားကျောင်းသည် မြင့်မြတ်နယ်မြေ သုံးခုအတွင်းတွင်၊

တပည့်အနည်းဆုံး ဂိုဏ်းတစ်ဂိုဏ်းဖြစ်သည်။
သို့သော်လည်း အရည်အတွက်
နည်းပါးခြင်းအား၊ အရည်အချင်း
မြင့်မားခြင်းဖြင့် ကုစားနိုင်ခဲ့သည်။
ဟင်းလင်းပြင် ဘုရားကျောင်း အတွင်းမှ
တပည့်တိုင်းသည် ပါရမီရှင်များ ဖြစ်ကြ၏။

အခြားတစ်ဘက်တွင် စူတောင်ဓားဂိုဏ်းမှာ
တပည့်ပေါင်းများစွာ ရှိပေသည်။ သူတို့၏
ဓားနည်းစနစ်များမှာ အစပိုင်းတွင်
လေ့ကျင့်ရန် လွယ်ကူသော်လည်း၊
နောက်ပိုင်းတွင် ကျင့်ကြံမှုအဆင့်အတန်း

မြင့်မားလာခြင်းနှင့်အတူ လေ့ကျင့်ရန်
ခက်ခဲလာ၏။

တပည့်များ အရေအတွက်မှာ
များပြားလှသော်လည်း၊ အခြေတည် ဝိညာဉ်
အဆင့်သို့ ရောက်ရှိနိုင်သော စွမ်းအားမြင့်
ခားကျင့်ကြံသူ အရေအတွက်မှာ
သိပ်မရှိလှပေ။ ပါရမီရှင်များနှင့်
မယိမ်းယိုင်သော စိတ်စွမ်းအင် ရှိသူများသာ
အောင်မြင်နိုင်ကြ၏။

စူတောင်ခေးဂိုဏ်းမှ ကျင့်ကြံသူများ၏ စွမ်းရည်များကို ခြုံငုံ၍ သုံးသပ်ရလျှင်၊ ပိရမစ် ပုံစံအတိုင်း ဖြစ်နေခဲ့သည်။

မဟာမိုးကြိုး ကျောင်းတော်ကြီးမှာမူ တပည့်များအား လက်ခံရာတွင်၊ လွန်စွာ တင်းကျပ်ခြင်း မရှိပေ။ လိုအပ်သည့် တစ်ခုတည်းသော အချက်မှာ၊ ဗုဒ္ဓဝါဒကို သက်ဝင်ယုံကြည် သစ္စာရှိရန်ပင် ဖြစ်၏။ ထို့ကြောင့် မဟာမိုးကြိုး ကျောင်းတော်ကြီးသည်၊ မြင့်မြတ်နယ်မြေ သုံးခုတွင် တပည့်ဦးရေ အများဆုံး ဖြစ်သည်။

မဟာမိုးကြိုး ကျောင်းတော်ကြီးသည် တပည့်များကို လက်မခံခင်တွင်၊ တောင်းဆိုမှုများ သိပ်မရှိပေ။ သူတို့ အခါက စစ်ဆေးသော အရာများမှာ စိတ်စွမ်းအား၊ စိတ်နေသဘောထားနှင့် သင်ယူမှုများကို လက်ခံနိုင်မှုတို့သာ ဖြစ်သည်။ သို့ဖြစ်၍ တပည့်များ၏ အရေအတွက်နှင့် စာလျှင်၊ အထင်ကြီးဖွယ်ရာ စွမ်းအားရှိသော အဆင့်မြင့် ကျင့်ကြံသူများ၏ အရေအတွက်က နည်းပါးနေခြင်း ဖြစ်သည်။

မဟာမိုးကြိုး ကျောင်းတော်မှ ကျင့်ကြံသူများ ကြုံတွေ့ရသည့် အခါက ပြဿနာမှာ၊

ရွှေရောင်ပုံသဏ္ဍာန်အား မကျင့်ကြံနိုင်ခြင်း ဖြစ်သည်။ သို့သော်လည်း အခြေတည် ဝိညာဉ် အဆင့်နှင့် ရွှေရောင်ဗဟိုချက် အဆင့်မှ ကျင့်ကြံသူများသည် လွန်စွာ အစွမ်းထက်ကြပေသည်။

သူတို့ ဘုန်းမီးနေလ တောက်ခဲ့စဉ်က မဟာမိုးကြိုး ကျောင်းတော်ကြီးအား၊ ပြင်ပကမ္ဘာမှ ရဟန္တာ သုံးထောင်နှင့် ဓမ္မကထိက ငါးရာဟု ခေါ်ဆိုခဲ့ကြပေသည်။

'ရဟန္တာ'နှင့် 'ဓမ္မကထိက' ဆိုသော အသုံးအနှုန်းများမှာ၊ ဗုဒ္ဓရဟန်းတော်များ၏

အဆင့်အတန်းများ ဖြစ်ကြ၏။ မဟာမိုးကြိုး ကျောင်းတော်ကြီးမှ ဘုန်းတော်ကြီးများသည်၊ သူတို့ကိုယ်သူတို့ ထိုကဲ့သို့ သုံးနှုန်းကြခြင်း မဟုတ်ပေ။ ပြင်ပလူများကသာ လေးစားသမှုဖြင့် သုံးနှုန်းကြခြင်း ဖြစ်၏။

'ရဟန္တာ သုံးထောင်နှင့် ဓမ္မကထိက ငါးရာ' ဆိုသည်မှာ၊ ရွှေရောင်ဗဟိုချက် အဆင့်မှ ရဟန်းသုံးထောင်နှင့်၊ အခြေတည် ဝိညာဉ် အဆင့်မှ ရဟန်းငါးရာတို့အား ဆိုလိုခြင်း ဖြစ်သည်။

ကျင့်ကြံသူများ၏ အရေအတွက်တို့အား အနည်းငယ် ချဲ့ကားထားခြင်း ဖြစ်နိုင်သော်လည်း၊ ရွှေရောင်ဗဟိုချက် အဆင့်နှင့် အခြေတည် ဝိညာဉ် အဆင့်တို့မှ ကျင့်ကြံသူများ၏ အရေအတွက်တို့အား ကြည့်လိုက်ခြင်းအားဖြင့်၊ မဟာမိုးကြိုး ကျောင်းတော်ကြီးသည် မည်မျှ ကြီးကျယ်ခမ်းနား စွမ်းအားကြီးခဲ့သည်ကို ပြောနိုင်ပေသည်။

ကောလဟာလများ အရဆိုလျှင်၊ သင်သည် နတ်ဘုရားနယ်မြေမှ အခြားဂိုဏ်းများ၏ ကျင့်ကြံသူများ အားလုံးအား စုပေါင်း၍၊

မဟာမိုးကြိုး ကျောင်းတော်ကြီး၏
ကျင့်ကြံသူများနှင့် နှိုင်းယှဉ်လိုက်လျှင်ပင်၊
မဟာမိုးကြိုး ကျောင်းတော်ကြီး၏ ကျင့်ကြံသူ
အရေအတွက်က ပိုများဦးမည် ဟူ၍ပင်
ဖြစ်သည်။

မြင့်မြတ်နယ်မြေ သုံးခုဟု
ခြုံငုံကာပြောကြသော်လည်း၊ လူများသည်
ထိုမြင့်မြတ်နယ်မြေ သုံးခုတို့အား
စွမ်းဆောင်ရည်နှင့် အင်အားတို့အပေါ်တွင်
မူတည်၍၊ အဆင့်များ ခွဲထားကြသေးသည်။

ရှေးခေတ်ကာလမှစ၍ ဟင်းလင်းပြင်
ဘုရားကျောင်းသည်၊ အမြင့်မြတ်ဆုံး
နယ်မြေဟု ပြော၍ရသည်။
သူ၏အနောက်တွင် ရပ်တည်နေသည်မှာ
အငြင်းပွားဖွယ်ရာ မရှိပဲ၊ မဟာမိုးကြိုး
ကျောင်းတော်ကြီးသာ ဖြစ်၏။ ကျေနပ်မှု
မရှိသော်လည်း စူတောင်ခေါ်ဂိုဏ်းသည်၊
ထိုနေရာကို ရယူနိုင်စွမ်း မရှိခဲ့ပေ။

မဟာမိုးကြိုး ကျောင်းတော်ကြီးသည်
အင်မော်တယ်ဝိညာဉ် အဆင့်မှ
ကျင့်ကြံသူများ၏ အရေအတွက်
နည်းပါးခြင်းကြောင့်သာ မဟုတ်ခဲ့လျှင်၊

နံပါတ်တစ် မြင့်မြတ်နယ်မြေပင်
ဖြစ်နိုင်သည်ဟု အများအပြားက
ယူဆထားကြ၏။

အတိတ်ကာလက မိစ္ဆာကမ္ဘာနှင့် တိုက်ပွဲတွင်၊
မဟာမိုးကြိုး ကျောင်းတော်ကြီး၏
စွမ်းအားတို့သည် အကြီးအကျယ်
လျှော့ကျအားနည်းသွားခဲ့၏။ သို့တိုင်အောင်
သူတို့သည် နတ်ဘုရား နယ်မြေအတွင်းတွင်၊
ကြီးမားသော အင်အားစုတစ်ခုအဖြစ်
သတ်မှတ်ခြင်းကို ခံထားရသေး၏။

ထိုကဲ့သို့သော် စွမ်းအားစုတစ်ခုက မဟာကျိုး အင်ပါယာ၏ နယ်နိမိတ် အတွင်းတွင် ရှိနေခြင်းသည်၊ လျှမ်ပန်းနှင့် ဇူဟုန်ဝူတို့အား အကြီးအကျယ် ဖိအားဖြစ်စေခဲ့သည်။

ကျောင်းတော်ကြီး အတွင်းမှ အပျက်အစီးများ အကြားတွင် လျှောက်နေခဲ့ရင်း၊ လင်းဖုန်းက သက်ပြင်းချလိုက်သည်။ "ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ ရှေ့ဆောင်လမ်းစဥ် ပါတီက ဘာဖြစ်လို့၊ မဟာမိုးကြိုး ကျောင်းတော်ကြီး ရှိနေခြင်းကို မလိုလားရတာလဲ။ ဒါထက်ပိုတဲ့ အကြောင်းရင်းတွေ ရှိလိမ့်မယ်။

ကွန်ဆာဗေးတစ် ပါတီက ဘာဖြစ်လို့
ဗုဒ္ဓဝါဒကို နှိမ်နင်းခြင်းကို လက်ခံခဲ့ရတာလဲ"

အတိတ်မှ မိစ္ဆာကမ္ဘာနှင့် စစ်ပွဲများမှအပ၊
လူသားကလန်သည် နတ်ဘုရား နယ်မြေ
အဖြစ်သို့ ပြောင်းလဲလာအပြီးတွင်၊ စစ်ပွဲကြီး
နှစ်ခုကိုသာ ဆင်နွှဲရသေးသည်။ တစ်ခုမှာ
ကမ္ဘာနှစ်ခု အကြားမှ ကမ္ဘာစစ် ဖြစ်၍၊
ကျန်တစ်ခုမှာ ဗုဒ္ဓဝါဒအား နှိမ်နင်းခြင်း ဖြစ်၏။
ထိုတိုက်ပွဲနှစ်ခုသည် နတ်ဘုရား
နယ်မြေအတွင်းမှ လွှမ်းမိုးမှု ပုံစံအား
ပြောင်းလဲပေးနိုင်ခဲ့သည်။

မိစ္ဆာများသည် လူသားတို့အား
လွှမ်းမိုးနိုင်လောက်အောင် အင်အား တစ်ခါမှ
မကောင်းခဲ့ပေ။ အကယ်၍ လွှမ်းမိုးနိုင်ခဲ့သည်
ဆိုသော်လည်း ယာယီမျှသာ ဖြစ်၏။
လူသားမျိုးနွယ်စုများသည်
ပြန်လည်တိုက်ခိုက် အနိုင်ယူနိုင်ကြသည်ချည်း
ဖြစ်၏။ မိစ္ဆာတို့ အနေဖြင့်
ရေရှည်လွှမ်းမိုးနိုင်လိုလျှင်၊
ကိုယ့်သေတွင်းကိုယ် တူးသကဲ့သို့
ဖြစ်နေလိမ့်မည်။

သို့သော်လည်း ဗုဒ္ဓဝါဒအား နှိမ်နင်းသည့်
တိုက်ပွဲတွင်၊ မဟာမိုးကြိုး

ကျောင်းတော်ကြီးသည် သမိုင်းအတွင်းမှ
လုံးဝပျောက်ကွယ်သွားခဲ့သည်။

ဒါသည် မဟာကျိုး အင်ပါယာ အနေနှင့်၊
တစ်ဦးတည်း တတ်နိုင်သော အရာတစ်ခု
မဟုတ်ချေ။ အခြားအင်အားစုများ၏
အကူအညီနှင့်ပင်၊ အလွန်အမင်း ခက်ခဲမည်
ဖြစ်၏။ ဟင်းလင်းပြင် ဘုရားကျောင်းနှင့်
စူတောင်ဓားဂိုဏ်းတို့ကပါ
ဝင်ရောက်စွက်ဖက်၍၊ မဟာကျိုး
အင်ပါယာအား အကူအညီ ပေးသဖြင့်သာ
မဟာမိုးကြိုး ကျောင်းတော်ကြီးအား
အပြီးတိုင် နှိမ်နင်းနိုင်ခဲ့ခြင်း ဖြစ်သည်။

ကံမကောင်းစွာနှင့်ပင် ဒါသည် ဆုံးရှုံးမှုတန်ဖိုး ကြီးကြီးမားမား ပေးခဲ့ရသော နိုင်ပွဲဖြစ်ခဲ့၏။ ရွှမ်ကျိအမတ် ဇူဟုန်ဝူ လေ့ကျင့်ထားခဲ့သော၊ ရှန်းဝူစစ်တပ်၏ တပ်သားပေါင်း သုံးသောင်းအနက် နှစ်သောင်းသည် အသက်ပေးခဲ့ရ၏။

ထို့အတူ အင်မော်တယ် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ အမြောက်အမြားလည်း ကြွေလွင့်ခဲ့ရပေသည်။

စူတောင်ခေးဂိုဏ်းမှ အင်မော်တယ် ဝိညာဉ်
အဆင့် ခေးကျင့်ကြံသူလေးယောက်
ကျဆုံးခဲ့ရ၏။ သူတို့အနက် တစ်ယောက်မှာ
အင်မော်တယ် ဝိညာဉ် ဒုတိယ အဆင့်ဖြစ်၏။

မဟာကျိုး အင်ပါယာသည်လည်း ဆုံးရှုံးမှု
အတော်ကြီးမားခဲ့၏။ လျှမ်ပန်းနှင့်
ဇူဟုန်ဂူတို့၏ စီမံခန့်ခွဲမှုနှင့်
ရက်စက်မှုတို့ကြောင့်သာ မဟုတ်လျှင်၊
မဟာကျိုး အင်ပါယာသည်လည်း
ပြိုကွဲသွားနိုင်ခြေ ရှိပေသည်။

"စစ်ပွဲရဲ့ အဓိက အကျိုးအမြတ်တွေက ဒီနေရာမှာ ဖြစ်မှာပဲ" လင်းဖုန်းသည် တွေးလိုက်၍ ပြိုကျပျက်စီးနေသော စေတီပုထိုးများအား ကြည့်လိုက်ကာ၊ သက်ပြင်းထပ်ချလိုက်သည်။

မကြာမီတွင် လင်းဖုန်းသည်၊ မဟာမိုးကြိုး ကျောင်းတော်ကြီး၏ စေတီပုထိုးများ ရှိရာနေရာသို့ ရောက်လာခဲ့သည်။ ဤစေတီပုထိုးများသည် သူတို့၏ ကြည်ညိုလေးစားရသည့် ဘုန်းတော်ကြီးများ၏ သင်္ချိုင်းဗိမာန်ဖြစ်ကာ၊ မဟာမိုးကြိုး ကျောင်းတော်ကြီး၏

ခါတ်တော်မွေတော်များကို ဌာပနာ ထားရာ နေရာလည်း ဖြစ်၏။

စေတီပုထိုးများ အဖျက်ဆီး ခံလိုက်ရသောအခါ၊ အတွင်းတွင် ဌာပနာထားသည့် ခါတ်တော်မွေတော်များသည် ခိုးယူခြင်းကို ခံခဲ့ရပေသည်။

အင်မော်တယ် ဝိညာဉ် အဆင့်သို့ ရောက်ခဲ့ပြီးကြသည့် ဘုန်းတော်ကြီးများသည်၊ အင်မော်တယ်များ ဖြစ်သော်ငြားလည်းပဲ ကံမကောင်းစွာနှင့်ပင် တိုက်ပွဲ၏

အကျိုးဆက်များကြောင့်
ပျံတော်မူသွားခဲ့ကြသည်။

သူတို့၏ ခတ်တော်များသည် ဗုဒ္ဓဝါဒ၏
အနှစ်သာရနှင့်၊ စိတ်ဝိညာဉ် စွမ်းအားများဖြင့်
ပြည့်ဝနေကြ၏။ သို့သော်လည်း
မသမာသူများ၏ လက်အတွင်းသို့
ကျရောက်သွားပါက၊ မည်သို့ဖြစ်သွားမည်ကို
မခန့်မှန်းရဲလောက်အောင်ပင် ဖြစ်သည်။

လင်းဖုန်းသည် သူ၏ လက်ဖဝါးများကို
ဖြန့်လိုက်ရာ၊ သူ၏ အရှေ့တွင် ပုတီးလုံးလေး
၂၄လုံးတို့သည် ပေါ်လာခဲ့ကြကာ လေထဲတွင်

လွင့်မျောနေကြလေ၏။
ထိုပုတီးလုံးလေးများသည် ဗုဒ္ဓသာဝက
တစ်ဦးထံမှ လင်းဖုန်း ရရှိထားခဲ့ခြင်း
ဖြစ်သည်။

တိတ်ဆိတ်ငြိမ်သက်နေသော ပတ်ဝန်းကျင်
အတွင်းတွင်၊ မြေကြီးပေါ်တွင် မြေကျင်းတစ်ခု
ပေါ်ပေါက်လာခဲ့၏။ လင်းဖုန်းသည်
ထိုပုတီးလုံးများအား ထိုမြေကျင်းအတွင်းသို့
ထည့်လိုက်ကာ၊ သေချာစွာနှင့်
ပြန်လည်ဖုံးအုပ်လိုက်သည်။

အားလုံးပြီးဆုံးသွားသည်နှင့် လင်းဖုန်းသည် လမ်းထပ်လျှောက်လာခဲ့ရာ၊ စေတီပုထိုးများ၏ အခြားတစ်ဘက်သို့ ရောက်ရှိလာခဲ့သည်။ ထိုနေရာတွင် လင်းဖုန်းသည် ရောမမြေကျင်းကြီး တစ်ခုအား တွေ့ရှိခဲ့ရ၏။

လင်းဖုန်း၏ သံမဏိသစ်ပင် ကိုယ်ပွားသည် ရုတ်တရက် တုန်ခါသွားခဲ့၏။ ထိုရောမ မြေကျင်းကြီးသည်၊ တစ်ချိန်တခါက ဆာရိုသံမဏိသစ်ပင် ရှင်သန်ကြီးထွားခဲ့ရာ နေရာဖြစ်မည်ဟု သူသိလိုက်သည်။

ထိုအချိန်က နာမည်ကြီးလှသည့် ရှန်းဝူ
အင်မော်တယ် သတ်ဖြတ်ခြင်း
ဝင်္ကပါသည်ပင်လျှင်၊ ထိုဆာရို
သံမဏိသစ်ပင်အား
လက်မြှောက်အရှုံးပေးခဲ့ရသည်။
ရှန်းဝူစစ်တပ်သည် ထိုဆာရိုသံမဏိ
သစ်ပင်အား
ဝိုင်းဝန်းတိုက်ခိုက်ခဲ့ကြသော်လည်း၊
ထိုသစ်ပင်သည် အားကောင်းသည့် ဝင်္ကပါ
တိုက်ခိုက်မှုများကို ကြံ့ကြံ့ခံနိုင်ခဲ့သည်။

နောက်ဆုံးတွင် ကံမကောင်းစွာနှင့်ပင်
ထိုသစ်ပင်သည် အဖျက်ဆီး ခံလိုက်ရ၍၊

အမြစ်အလှန်ခံလိုက်ရကာ မြေကြီးပေါ်တွင် ရောမ အပေါက်ကြီးအဖြစ် ကျန်ရစ်ခဲ့သည်။

ဆာရိုသံမဏိ သစ်ပင်သည် သေဆုံးသွားခဲ့သော်လည်း၊ သူ၏ အသက်စွမ်းအားများမှာ အားကောင်းလှ၏။ သို့ဖြစ်၍ နှစ်ပေါင်းနှစ်ဆယ်ကျော် ကြာခဲ့သော်လည်း၊ စွမ်းအင်များက အနည်းငယ် ဖြာထွက်နေခဲ့သေး၏။

စွမ်းရည်မှာ အားနည်းနေသော်လည်း၊ ခံစား၍ ရနေခဲ့၏။

လင်းဖုန်းသည် ထိုင်ချလိုက်ကာ၊ ထိုသစ်ပင်၏ ဖြာထွက်နေသော စွမ်းအားများကို အာရုံခံနေခဲ့သည်။ သူသည် သံမဏိသစ်ပင် ကိုယ်ပွားနှင့် သူ၏ မူလဘူတ စွမ်းအင်တို့အကြားမှာ ဆက်သွယ်မှုများကို အသုံးချလိုက်ကာ၊ အသိမ်မွေ့ဆုံး ပြောင်းလဲခြင်းများကို ခံစားနေခဲ့၏။

လင်းဖုန်းသည် သစ်ပင်အပေါက်ကြီး၏ ဘေးတွင်ထိုင်နေစဥ်တွင်၊ အချိန်များသည် လျှင်မြန်စွာနှင့် ကုန်လွန်သွားခဲ့သည်။ လင်းဖုန်းသည် သူ၏မျက်လုံးများအား ဖွင့်လိုက်ချိန်တွင်၊ ဟင်းလင်းပြင်တွင်

ကြီးမားသော အက်ကွဲကြောင်းကြီး တစ်ခု
ထွက်ပေါ်လာခဲ့၏။ သိပ်သည်းလှသည့်
လျှပ်စီးမိုးကြိုး တစ်ခုသည်
ကောင်းကင်ယံတွင် လက်ကနဲ ဖြစ်သွားကာ၊
သူ့အပေါ်သို့ ကျဆင်းလာခဲ့သည်။

သံမဏိသစ်ပင် ကိုယ်ပွားသည်
မိုးကြိုးကပ်ဘေးများကို ရင်ဆိုင်ကာ၊
အခြေတည် ဝိညာဉ် အဆင့်သို့
တက်လှမ်းနိုင်ပေတော့မည်။

သူသည် အခြေတည် ဝိညာဉ် အဆင့်သို့
ရောက်ရှိသွားပြီးလျှင်၊ သံမဏိသစ်ပင်

ကိုယ်ပွား၏ စွမ်းအားများသည်
ဆတက်ထမ်းပိုး တိုးတက်လာတော့မည်
ဖြစ်သည်။

သူသည် အော်မြည်နေသော မိုးကြိုးများအား
တည်ငြိမ်စွာနှင့် ကြည့်လိုက်ကာ၊
ကြောက်ရွံ့ခြင်း အလျဉ်းမရှိပဲ
ရင်ဆိုင်လိုက်သည်။

ပြီးခဲ့သော ခြောက်လအတွင်းတွင်
လင်းဖုန်းသည် သူ၏ သံမဏိသစ်ပင်
ကိုယ်ပွားအား၊ ကောင်းကင်စကြာဝဠာ
အလင်းတန်း ကမ္ဘာ အတွင်းတွင်

လေ့ကျင်နေစေခဲ့သည်။ ထို့ကြောင့် သူ့တွင် စိတ်ဝိညာဉ် စွမ်းအင်များနှင့် ပြည့်နှက်လျှက် ရှိပေသည်။ ထို့ကြောင့် သူသည် မိုးကြိုးကပ်ဘေးအား မခုခံနိုင်မည်ကို စိုးရိမ်စိတ် တစ်စက်မှ မရှိပဲ၊ ကျရောက်လာသော လျှပ်စီးမိုးကြိုးအား ခံယူလိုက်သည်။

ထို့အပြင် လင်းဖုန်းသည် သူကိုယ်တိုင်ကလည်း၊ မိုးကြိုးကပ်ဘေးအား ရင်ဆိုင်ထားပြီး ဖြစ်သည်။ သူသည် သံမဏိသစ်ပင် ကိုယ်ပွား၏

အားနည်းချက်များကို ဖယ်ရှားကာ၊
ကပ်ဘေးဖြစ်စဉ်အား ကျော်လွှားနိုင်ခဲ့သည်။

သို့သော်လည်း သံမဏိသစ်ပင် ကိုယ်ပွားသည်
မိုးကြိုးကပ်ဘေးအား ရင်ဆိုင်နေဆဲတွင်၊
လင်းဖုန်းသည် လေထဲတွင် မိစ္ဆာ
အငွေ့အသက်များကို ခံစားနေခဲ့ရသည်။

သူ၏ တည်ရှိနေမှုမှနေ၍ လောဘတရားနှင့်
ရက်စက်ယုတ်မာမှုတို့အား ခံစားနေနိုင်၍၊
အခြားလူတို့အား စိတ်မသက်မသာ
ဖြစ်စေနိုင်ခဲ့သည်။

လင်းဖုန်းသည် ထိုအော်ရာအား
လျစ်လျူရှုထားခဲ့ကာ၊ သူ၏ သံမဏိသစ်ပင်
ကိုယ်ပွား၏ ပြောင်းလဲခြင်း ဖြစ်စဉ်ကို
ပြီးဆုံးအောင် အာရုံစိုက်ထားခဲ့သည်။

မိစ္ဆာများကဲ့သို့ပင် သံမဏိသစ်ပင်
ကိုယ်ပွားသည်၊ သူ၏ ရွှေရောင်ဗဟိုချက်အား
ခန္ဓာကိုယ် အတွင်းမှ ထုတ်ယူ၍
မိုးကြိုးကပ်ဘေး၏ တိုက်ရိုက်ပစ်ချမှုကို
ခံယူခဲ့ရ၏။

မိုးကြိုးခြိမ်းသံများ တဖြည်းဖြည်းနှင့်
ငြိမ်သက်လာခဲ့သောအခါတွင်၊ သံမဏိသစ်ပင်

ကိုယ်ပွား၏ ရွှေရောင်ဗဟိုချက်သည်
အက်ကွဲသံများ ပေါ်လာခဲ့ကာ၊
အက်ကြောင်းများဖြင့် ပြည့်လာခဲ့သည်။

ထိုအက်ကွဲကြောင်းများသည်
ထိခိုက်ပျက်စီးခြင်း မဟုတ်ပဲ၊
ပြန်လည်မွေးဖွားခြင်း စွမ်းအင်များဖြင့်
ပြည့်နေခဲ့၏။

အက်ကွဲကြောင်းများ အတွင်းမှ
အလင်းတန်းများ ထွက်လာခဲ့ကာ၊
သန့်စင်သော လေထုရနံ့အား
ရှူရှိုက်ခဲ့ရသကဲ့သို့ ဖြစ်နေခဲ့သည်။

ဤအချိန်တွင် လေထုအတွင်းမှ မိစ္ဆာ
အငွေ့အသက်များသည် ပိုမိုသိသာလာခဲ့ကာ၊
တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

## စာစဥ် ၂၂ : အပိုင်း ၈

## အပိုင်း ၃၉၈ : မဟာချင် အင်ပါယာ၏ သံတမန်အုပ်စု

ဟင်းလင်းပြင် အတွင်းမှ ဝိသမလောဘ
အငွေ့အသက်များသည် လွင့်မျောနေခဲ့သည်။
လင်းဖုန်း၏ သံမဏိသစ်ပင် ကိုယ်ပွားသည်

မိုးကြိုးကပ်ဘေးများအား ရင်ဆိုင်နေရစဉ်တွင်၊ တစ်စုံတစ်ယောက်သည် လင်းဖုန်းအား မကောင်းကြံရန် ချောင်းမြောင်းနေခဲ့၏။

မဟာမိုးကြိုး ကျောင်းတော်ကြီး၏ ဆာရိုသံမဏိ သစ်ပင်မြေကျင်းကြီး အရှေ့တွင်၊ သံမဏိသစ်ပင် ကိုယ်ပွားသည် သူ၏ အခြေခံအုတ်မြစ်များကို စတင်ဖော်ပြလိုက်သည်။

ဆာရိုသံမဏိ သစ်ပင်တစ်ပင်သည် မရင့်ကျက်သေးပဲ မိစ္ဆာအဆင့်သို့

မရောက်သေးသော်လည်း၊ လူတိုင်းအား ဆွဲဆောင်နိုင်ခဲ့မည် ဖြစ်သည်။

သို့သော်လည်း အဝေးမှ အခြေအနေ စောင့်ကြည့်နေခဲ့သူသည်၊ ချက်ချင်း မလှုပ်ရှားခဲ့သေးပဲ ဆက်လက် ကြည့်ရှုနေခဲ့၏။

အဘယ်ကြောင့်ဆိုသော် တစ်ဘက်တွင် သံမဏိသစ်ပင် ကိုယ်ပွားသည် မိုးကြိုးကပ်ဘေး အပြီးတွင် စွမ်းအားများ တိုးတက်လာမည်ဖြစ်ကာ၊ ပိုမို တန်ဖိုးရှိလာမည် ဖြစ်သောကြောင့် ဖြစ်သည်။

အခြားတစ်ဘက်တွင် သူသည် သံမဏိသစ်ပင် ကိုယ်ပွားသည်၊ တစ်စုံတစ်ခု ထူးခြားနေမှန်းကို အာရုံခံမိနေခဲ့သောကြောင့် ဖြစ်၏။ သူသည် မိစ္ဆာတစ်ယောက်အတိုင်း မိုးကြိုးကပ်ဘေးအား ရင်ဆိုင်နေခဲ့သော်လည်း၊ သူ၏ ခန္ဓာကိုယ် အတွင်းမှ ထုတ်လွှတ်နေသော မှော်စွမ်းအင် လှုပ်ရှားမှုများမှာ၊ မိစ္ဆာတစ်ကောင်နှင့် မတူခဲ့ချေ။ သူသည် သံမဏိသစ်ပင် မိစ္ဆာတစ်ယောက် မဟုတ်ပေ။ ဒါသည် လူသားကျင့်ကြံသူ တစ်ယောက်၏ ကျင့်ကြံထားသော ကိုယ်ပွားဖြစ်မှန်းကို မှန်းဆနိုင်ခဲ့၏။

ထို့ကြောင့်သူသည် ထိုကိုယ်ပွား၏
မူလပိုင်ရှင်၏ စွမ်းအားများကို
ထည့်တွက်ရပေဦးမည်။

သူသည် သတိထားကာ
ထိန်းသိမ်းနေခဲ့သော်လည်း၊ လောဘတရားနှင့်
ကြီးစိုးနိုင်သည့် အော်ရာများသည်
မယုံနိုင်လောက်အောင် ပြင်းထန်လာခဲ့၍၊
ကာကွယ်ထားနိုင်စွမ်း မရှိတော့ပေ။

"အခြေတည် ဝိညာဉ် အဆင့်၊ လူသားမျိုးနွယ်၊
အနည်းဆုံး အခြေတည် ဝိညာဉ် နောက်ဆုံး

အဆင့်" လင်းဖုန်းသည် သူ့ကိုယ်သူ
တွေးလိုက်၍ ဆက်လက်ဂရုမထားတော့ပဲ၊
သံမဏိသစ်ပင် ကိုယ်ပွား၏ ကပ်ဘေး
ကျော်ဖြတ်နေမှုပေါ်တွင်သာ
အာရုံစိုက်ထားခဲ့သည်။

ရုတ်တရက်ပင် နောက်ထပ် စွမ်းအားကြီးသော
မှော်စွမ်းအင် လှုပ်ရှားမှုများသည်၊ အဝေးမှ
မိုးကုတ်စက်ဝိုင်း အဆုံးမှ ပေါ်လာခဲ့၏။

အခြေတည် ဝိညာဉ် နောက်ဆုံး အဆင့်မှ
ကျင့်ကြံသူသည် ခေတ္တမျှ မှင်သက်သွားခဲ့ကာ၊
သူ၏ အော်ရာအတွင်းတွင် ဒေါသများနှင့်

ခံပြင်းမှုများ ပေါ်လာခဲ့သည်။ ထိုအော်ရာသည် ခေတ္တမျှ တုန်ခါနေခဲ့၍ တဖြည်းဖြည်း လျော့နည်းလာကာ၊ နောက်ဆုံးတွင် လုံးဝပျောက်ကွယ်သွားခဲ့၏။

လင်းဖုန်းသည် ထိုအင်အားကြီးသော မှော်စွမ်းအင် လှုပ်ရှားမှုများအား အာရုံခံလိုက်ကာ၊ ဘာဖြစ်နေခဲ့မှန်းကို သိလိုက်သည်။ "မိတ်ဆွေဟောင်း တစ်ယောက်ပဲ။ ကြည့်ရတာ ဟိုလူယုတ်မာက ဒီလူကို သိနေပြီး၊ အရင်က အနိုင်ယူတာကို ခံထားရပုံပေါက်တယ်။ ဒါကြောင့်ပဲ ဘာမှ မစဉ်းစားနေပဲ ထွက်ပြေးသွားတာ ဖြစ်ရမယ်"

ထိုစွမ်းအားကြီးသော မှော်စွမ်းအင် လှုပ်ရှားမှုများသည် ရုတ်တရက် လေပေါ်တွင် ရပ်တန့်သွားခဲ့ကာ၊ လင်းဖုန်း၏ မိုးကြိုးကပ်ဘေးအား ရင်ဆိုင်နေသည်ကို ကြည့်လိုက်၏။ လင်းဖုန်းသည် ဘာမှ ဂရုမထားခဲ့ပဲ၊ မိုးကြိုးကပ်ဘေး၏ နောက်ဆုံးတိုက်ခိုက်မှုများကို တည်ငြိမ်စွာ ခံယူနေခဲ့သည်။

သံမဏိသစ်ပင် ကိုယ်ပွား၏ ရွှေရောင်ဗဟိုချက်သည် လုံးဝကွဲကြေသွားခဲ့၍၊ လေထုအတွင်းတွင် အလင်းတန်းများကို

ထုတ်လွှတ်လိုက်ကာ၊ လေထုအတွင်းတွင်
သဘာဝ၏ ရနံ့များဖြင့် ပြည့်သွားခဲ့သည်။
အလင်းတန်းများ အတွင်းမှ၊ အဖူးအငုံများဖြင့်
ပြည့်နေသော အပင်ပေါက်လေး တစ်ပင်သည်
ထွက်ပေါ်လာခဲ့၏။

ထိုအပင်ပေါက်လေးသည် အလွန်အမင်း
အားနည်းသည့်ပုံ ပေါက်နေ၍၊
လေပြင်းတစ်ချက် ဝှေ့လိုက်လျှင်
လွင့်သွားတော့မည့်ပုံ ဖြစ်နေခဲ့သည်။
သို့သော်လည်း သူ့ထံမှနေ၍၊ ထာဝရ
တည်တံ့နိုင်သည့် အသက်စွမ်းအင်
သဘောတရားများကို ထုတ်လွှတ်နေခဲ့၏။

မကြာမီတွင် အလင်းတန်း ပုံရိပ်ယောင်သည် ဖြည်းဖြည်းချင်း၊ သံမဏိသစ်ပင် ကိုယ်ပွား၏ ခေါင်းအတွင်းသို့ ပြန်ဝင်သွားခဲ့သည်။ သူသည် မိုးကြိုးကပ်ဘေးအား အခုကလေးတင် ကျော်လွှားနိုင်ခဲ့သော်လည်း၊ သံမဏိသစ်ပင် ကိုယ်ပွားသည် သက်တောင့်သက်သာပင် မတ်တတ်ထရပ်လိုက်ကာ၊ အင်အားများဖြင့် ပြည့်နေခဲ့ပြီး အားနည်းနေသည့်ပုံ တစ်စက်ကလေးမှ ပေါက်မနေခဲ့ပေ။

ရုတ်တရက် ဟင်းလင်းပြင် အတွင်းတွင် အက်ကွဲကြောင်းတစ်ခု ပေါ်လာခဲ့ကာ၊

လူတစ်ယောက် ထွက်လာခဲ့သည်။ "ကျုပ်က ခင်ဗျားရဲ့ ကိုယ်ပွားကို မြောက်ပိုင်းလေပြင်း ပင်လယ်မှာတုံးက တွေ့ဖူးခဲ့ပေမဲ့၊ သူ့ကို ဆာရိုသံမဏိ သစ်ပင်ကနေ သန့်စင်ထားမှန်းကို လုံးဝထင်မထားမိခဲ့ဘူး"

လင်းဖုန်းက ပြုံးလိုက်ကာ ပြန်ပြောလိုက်သည်။ "ခင်ဗျားကို ပြန်တွေ့ရတာ ဝမ်းသာပါတယ်"

ခပ်ပျော်ပျော် နေတတ်ပုံရသည့်၊ လူဝကြီးတစ်ယောက် ပေါ်လာခဲ့၏။ သူသည် မဟာချင် အင်ပါယာမှ ရွှင်ပျော်ပျော်

သူတော်စင် ဖြစ်ပေသည်။ သူ့ကို
ကြည့်ရသည်မှာ အင်မော်တယ်ဝိညာဉ်
အဆင့်မှ၊ အစွမ်းထက်သည့်
ထိပ်သီးကျင့်ကြံသူနှင့် တစ်စက်မှ
တူမနေခဲ့ပေ။

ဟွမ်ဟိုင်စိတ်ဝိညာဉ် အစည်းအဝေးတွင်၊
သူသည် မဟာချင် အင်ပါယာမှ
အန်းလျှန်မင်းသား ရှီကျုံးယွဲ့နှင့်၊
လောင်းကစား သူတော်စင်
ကျူးကော်ကွမ်းတို့နှင့် အတူတကွ
ရှိနေခဲ့သည်။ သူသည် လင်းဖုန်းနှင့် တစ်ခါသာ
တွေ့ခဲ့ဖူးသော်လည်း ရင်းနှီးဖော်ရွေမှုရှိကာ၊

လူတိုင်းနှင့် ဆက်ဆံရေးကောင်းများ ရှိထားလေသည်။

ရွှင်ပျော်ပျော် သူတော်စင်သည်၊ မဟာမိုးကြိုး ကျောင်းတော်ကြီး၏ အပျက်အဆီးများကို တစ်ချက်ဝေ့ကြည့်လိုက်ကာ သက်ပြင်းတစ်ချက်ချလိုက်သည်။ "ဒီလောက်အထိ ရှေးကျလှတဲ့ ကျောင်းတော်ကြီးက အချိန်တစ်ခဏလေး အတွင်းမှာပဲအဖျက်ဆီး ခံလိုက်ရတယ်။ နမြော်စရာပဲ"

လင်းဖုန်းသည် ရယ်လိုက်ကာ
တိတ်ဆိတ်ငြိမ်သက်နေခဲ့သည်။
တစ်ကမ္ဘာလုံးတွင် ဗုဒ္ဓသာဝကများမှ လွဲလျှင်၊
မဟာမိုးကြိုး ကျောင်းတော်ကြီး
ပျက်စီးသွားမည်ကို အလိုမရှိဆုံးမှာ မဟာချင်
အင်ပါယာပင် ဖြစ်ပေလိမ့်မည်။

သို့သော်လည်း ဒါသည် နောက်ကျမှ
နောင်တရခြင်း ဖြစ်သည်။ လင်းဖုန်း
သိထားသလောက်ဆိုလျှင် ဗုဒ္ဓဝါဒ
နှိမ်နင်းသည့် စစ်ပွဲအတွင်းတွင်၊ မဟာချင်
အင်ပါယာသည် မဟာမိုးကြိုး
ကျောင်းတော်ကြီးအား မျက်နှာလွှဲထားခဲ့၏။

မဟာချင် အင်ပါယာ အနေနှင့်
အကောင်းဆုံးသော ရလဒ်မှာ၊ မဟာမိုးကြိုး
ကျောင်းတော်ကြီးနှင့် မဟာကျိုး
အင်ပါယာတို့က အတူတကွ
ပျက်စီးသွားကြခြင်း ဖြစ်သည်။

သို့သော်လည်း မဟာကျိုး အင်ပါယာမှ
ခေါင်းဆောင်နှစ်ဦးဖြစ်ကြသော လှျမ်ပန်းနှင့်
ဇူဟုန်ဝူတို့သည်၊ အခြေအနေများကို
ပြောင်းပြန်လှန်နိုင်ခဲ့ကြကာ
နိုင်ပွဲရယူနိုင်ခဲ့သည်။ နောက်ဆုံးတွင်
တိုက်ပွဲများ အပြီးတွင် သူတို့၏

စွမ်းအားများနှင့် လွှမ်းမိုးနိုင်မှုတို့မှာ၊ ဆုတ်ယုတ်သွားရမည့်အစား တိုးတက်လာခဲ့၍ မဟာချင် အင်ပါယာအား ကျော်တက်သွားနိုင်ခဲ့သည်။

"ခင်ဗျားက မဟာကျိုး အင်ပါယာကို သံတမန်အနေနဲ့ သွားမလို့လား" လင်းဖုန်းက မေးလိုက်ရာ၊ ရှင်ပျော်ပျော် သူတော်စင်က သူ၏ခေါင်းကို ညိတ်လိုက်၍ ပြန်ဖြေလိုက်သည်။ "ဟုတ်ပါတယ်"

လင်းဖုန်းသည် ဟန်ပန် အမူအရာ ကင်းမဲ့နေခဲ့သော်လည်း၊ စိတ်ထဲမှ တွေးနေခဲ့သည်။ "မုန်တိုင်းကတော့ စနေပြီ"

ရွှင်ပျော်ပျော် သူတော်စင်သည် မဟာချင် အင်ပါယာတွင် မွေးဖွားခဲ့ကာ အင်မော်တယ် ဝိညာဉ် အဆင့်သို့ ရောက်ရှိနေခဲ့ပြီ ဖြစ်သော်လည်း၊ သူသည် ကမ္ဘာပတ်နေ၍ ဘဝကို ပျော်ရွှင်စွာ ဖြတ်သန်းနေခဲ့ပြီး သံတမန်ရေးရာများကို စိတ်ဝင်စားလှသည် မဟုတ်ပေ။

မဟာချင် အင်ပါယာသည်
အရေးကြီးသောကိစ္စမဟုတ်လျှင်၊ သူ့အား
အပူကပ်မည် မဟုတ်ချေ။

မဟာချင် အင်ပါယာသည် တကယ်
အကူအညီ လိုအပ်သည့် အချိန်မှသာ သူ့အား
ခေါ်ခဲ့ခြင်းဖြစ်ကာ၊ ရှင်ပျော်ပျော်
သူတော်စင်ကလည်း သူတို့၏
တောင်းဆိုချက်များကို တစ်ခါမှ
မငြင်းဆန်ခဲ့ပေ။

ဟွမ်ဟိုင် စိတ်ဝိညာဉ် အစည်းအဝေး
အတွင်းတွင်၊ သူသည် အိမ်ရှင်အဖြစ်နှင့်

ဆောင်ရွက်ခဲ့သည်။ ယခုအချိန်တွင် မဟာကျိုး အင်ပါယာသို့ သံတမန် အနေဖြင့် လာခဲ့ခြင်းသည်၊ မဟာချင် အင်ပါယာက သူတို့တွင် ရှိသမျှ အင်အားအကုန်လုံးကို အသုံးချနေခြင်း ဖြစ်ကြောင်းကို ပြသနေခြင်း ဖြစ်၏။

ရှင်ပျော်ပျော် သူတော်စင်၏ အနောက်သို့ လိုက်ခဲ့ရာ လင်းဖုန်းသည်၊ မိုင်ပေါင်း တစ်ထောင်ကျော်က သူတို့၏ စခန်းသို့ ရောက်ရှိလာခဲ့သည်။ ရှင်ပျော်ပျော် သူတော်စင်သည် မဟာချင် အင်ပါယာ၏ သံတမန်အဖွဲ့ ခေါင်းဆောင်ဖြစ်၍၊ သူ၏

လက်အောက်တွင် မဟာချင် အင်ပါယာမှ လက်အောက်ခံ ကျင့်ကြံသူများနှင့် အမတ်များ အများအပြား ပါလာခဲ့၏။

ထို့အပြင် သူဟွမ်ဟိုင် စိတ်ဝိညာဉ် အစည်းအဝေးတွင် တွေ့ဖူးခဲ့သော အရေးကြီးသည့် ပုဂ္ဂိုလ်တစ်ဦးကိုလည်း တွေ့ခဲ့ရသည်။ သူမသည် မဟာချင် အင်ပါယာမှ မင်းသမီးဖြစ်သည့် ရှီရှင်းယွမ်ဖြစ်သည်။

မင်းသမီး အဆောင်အယောင်များကို မဝတ်စားထားပဲ၊ ရှီရှင်းယွမ်သည် ဟွမ်ဟိုင်

စိတ်ဝိညာဥ် အစည်းအဝေးကကဲ့သို့ပင် သာမန်သာ ဝတ်ဆင်ထားခဲ့၏။ သူမသည် လင်းဖုန်းအား တွေ့လိုက်သောအခါ နှုတ်ဆက်လိုက်သည်။ "စီနီယာကို တွေ့ရတာ ဝမ်းသာပါတယ်"

လင်းဖုန်းသည် ရှီရှင်းယွမ်အား စိတ်ဝင်တစားဖြင့် စိုက်ကြည့်လိုက်သည်။ မဟာချင် အင်ပါယာသည် ကျင့်ကြံသူများက အုပ်ချုပ်သော တိုင်းပြည်ဖြစ်၏။ တော်ဝင်မိသားစုသည်လည်း စွမ်းအားကြီး ကျင့်ကြံသူများဖြင့် ဖွဲ့စည်းထား၏။ အမျိုးသမီး တစ်ယောက်အနေနှင့် ဤကဲ့သို့

နေရာရသည်မှာ၊ သူမ၏ အဆင့်သည်
သာမန်အင်ပါယာများထက်စာလျှင် အများကြီး
မြင့်နေသောကြောင့် ဖြစ်သည်။

သို့သော်လည်း ရှီရှင်းယွင်ကဲ့သို့သောသူက
တိုင်းပြည်တစ်ခုအား ကိုယ်စားပြု၍၊
သံတမန်အဖြစ် ဆောင်ရွက်သည်မှာ
ရှားပါးသော မြင်ကွင်းတစ်ခု ဖြစ်သည်။

"သူမက မဟာကျိုး အင်ပါယာကို လက်ထပ်ဖို့
သွားတာများလား" လင်းဖုန်းသည်
မဟုတ်တရုတ် လျှောက်တွေးနေခဲ့၏။
အင်ပါယာတစ်ခုမှ မင်းသမီးက

ချစ်ကြည်ရေးအတွက် လက်ထပ်ရန်
စေလွှတ်ခဲ့ခဲ့ရလျှင်၊ ဤထက်ပို၍
အာရုံစိုက်ခြင်း ခံရမည် ဖြစ်၏။ သူသည်
အရင်က သတင်းများကို
မကြားခဲ့ရသော်လည်း၊ ဒါသည် ဖြစ်နိုင်ခြေ
ရှိမရှိ စုံစမ်းသော ခရီးတစ်ခုလည်း ဖြစ်နိုင်၏။

ဟန်ဆောင်ကောင်းသော လင်းဖုန်းသည်
သူ၏ စိတ်ထဲမှ အတွေးများကို မဖော်ပြခဲ့ပဲ၊
ရွှင်ပျော်ပျော် သူတော်စင်နှင့် ရှီရှင်းယွမ်တို့နှင့်
ပျော်ရွှင်စွာ စကားစမြည်များ ပြောနေခဲ့သည်။

ရှိရှင်းယွမ်နှင့် ရွှင်ပျော်ပျော် သူတော်စင်တို့ကလည်း၊ လင်းဖုန်းက ဒီနေရာကို ဘာလာလုပ်သည်ကို မစပ်စုခဲ့ကြပေ။

ဇူရိ၏ ထျန်းကျင်းသို့ပြန်၍ စာမေးပွဲ ဖြေဆိုခြင်းသည် လျှို့ဝှက်ချက်တစ်ခု မဟုတ်ချေ။ ရှိရှင်းယွမ်နှင့် ရွှင်ပျော်ပျော် သူတော်စင်တို့ အံ့ဩခဲ့သည်မှာ၊ လင်းဖုန်းသည် သူ့တပည့်အနောက်သို့ ကိုယ်တိုင်ကိုယ်ကျ လိုက်ပါသွားခြင်း မရှိခြင်းကိုပင် ဖြစ်သည်။

သူတို့ စကားပြောနေသည်မှာ လင်းဖုန်း၏ ကိုယ်ပွားသာ ဖြစ်ခဲ့ခြင်းကို သိနေခဲ့သော်လည်း၊ သူ၏လေသံအရ သူသည် ထျန်းကျင်းသို့ သွားလိုသော ရည်ရွယ်ချက် မရှိမှန်းကို သိခဲ့ရ၏။

မဟာချင် အင်ပါယာ အတွက်မူ ဒါသည် နူးညံ့သိမ်မွေ့သော ဆက်ဆံမှု ဖြစ်သည်။ လင်းဖုန်းသည် မဟာကျိုး အင်ပါယာအား မျက်နှာသာ ပေးခဲ့ခြင်း ဖြစ်သည်။ ရှကျိုးမြို့ပြင်မှ ဂိုဏ်းဖွင့်ပွဲ အခမ်းအနားတွင်၊ လျှမ်ပန်းသည် မေဝူလန်အား စေလွှတ်ခဲ့ကာ ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ခဲ့သည်။

ထို့ကြောင့် ဇူရီ၏ ထျန်းကျင်းသို့ ပြန်ခြင်းသည်
လင်းဖုန်းအတွက် သိပ်ပြီးစိုးရိမ်စရာ မလိုပေ။
အလင်းဓားမြန်ဂိုဏ်းသို့ ရှောင်ယန်အား
ကိုယ်တိုင်ကိုယ်ကျ
လိုက်ပါစောင့်ရှောက်ရခြင်းနှင့် မတူပေ။

ထိုသို့ပြုလုပ်ခြင်းအားဖြင့် လင်းဖုန်းသည်၊
ကျိုးအင်ပါယာအား လေးစားသမှုနှင့်
ယုံကြည်ချက် ရှိခြင်းကို ပြသလိုက်ခြင်း
ဖြစ်သည်။ သူတို့သည် ဇူရီအား မဟုတ်တာ
လုပ်မည်မဟုတ်ဟု မျှော်လင့်နေခြင်း
ဖြစ်သည်။

ဒါသည့် မဟာချင် အင်ပါယာအတွက်တော့
သတင်းကောင်း မဟုတ်ချေ။

သို့သော်လည်း အခြားရှုထောင့် တစ်ရပ်မှ
ကြည့်လိုက်လျှင်၊ လင်းဖုန်းသည်
ကျိုးကေရာဇ် လျှမ်ပန်းထံသို့ တစ်ခါမှ
သွားမလည်ဖူးချေ။
နှစ်ဦးနှစ်ဘက်စလုံးတို့သည်
ခပ်ခွာခွာနေကြ၍၊ တစ်ဦးနှင့်တစ်ဦး
အကဲခတ်နေကြသည့် အခြေအနေတွင်သာ
ရှိကြသေးသည်။

ရှီရှင်းယွမ်နှင့် ရှွင်ပျော်ပျော် သူတော်စင်တို့နှင့် ခဏတာမျှ စကားစမြည် ပြောရ၍အပြီးတွင်၊ လင်းဖုန်းသည် မဟာမိုးကြိုး ကျောင်းတော်၏ နယ်နိမိတ် အတွင်းတွင် ဆက်နေချင်သေးသော ရည်ရွယ်ချက်အား ထုတ်ဖော်လိုက်ကာ၊ သူတို့အား နှုတ်ဆက်ထွက်ခွာလာခဲ့သည်။

သူမပြန်ခင် လင်းဖုန်းသည် ရှီရှင်းယွမ်အား ကြည့်လိုက်ကာ၊ သူ့ကိုယ်သူ တွေးနေခဲ့သည်။ "ငါထင်တာပဲ မှားနေတာလား။ သူမဆီမှာ ရှေးပဝေသဏီက နတ်နဂါးရဲ့ စိတ်ဝိညာဉ်

အပြင်၊ တစ်ခုခုလည်း
ထူးခြားနေသေးတယ်လို့ ခံစားနေရတယ်"

လင်းဖုန်းထွက်ခွာသွားအပြီးတွင် လေးလံသော ချပ်ဝတ်တန်ဆာများကို ဝတ်ဆင်ထားသည့် သက်လတ်ပိုင်း လူကြီးတစ်ယောက်သည်၊ ရှီရှင်းယွမ်နှင့် ရွှင်ပျော်ပျော် သူတော်စင်တို့၏ အရှေ့သို့ ရောက်လာခဲ့ကာ ပြောလိုက်သည်။

"မင်းသမီး၊ အကြီးအကဲ၊ ကြည့်ရတာ အံ့ဖွယ်ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်က၊ တကယ်ကိုပဲ ထျန်းကျင်းကို သွားမယ့်ပုံ မပေါ်ဘူး"

မိစ္ဆာနဂါး တစ်ကောင်အလား
ထိုသက်လတ်ပိုင်း လူကြီးသည်၊
အားကောင်းသန်စွမ်းသော အော်ရာတစ်ခုအား
ထုတ်လွှတ်နေခဲ့သည်။ ရွှေရောင်ဗဟိုချက်
အထိတ်အထိပ် အဆင့်တွင် ရောက်ရှိနေခဲ့ကာ
သိုင်းပညာအား အထူးပြု
လိုက်စားထားသဖြင့်၊ သူ၏ ရုပ်ခန္ဓာကိုယ်နှင့်
စိတ်ဝိညာဉ်တို့သည် စွမ်းအားများဖြင့်
တုန်ခါနေခဲ့ကာ၊ ဟင်းလင်းပြင်အား
ဆွဲဖြဲနိုင်သည့် ခွန်အားတစ်ခုနှင့်ပင်
တူနေခဲ့သည်။

ရွှင်ပျော်ပျော် သူတော်စင်၏ ပြုံးရွှင်နေသော အမူအရာသည် ချက်ချင်းပြောင်းသွားခဲ့ကာ၊ ခေါင်းကိုခါလိုက်၍ လေသံပြတ်ပြတ်ဖြင့် ပြောလိုက်သည်။ "ဇူရီကို သွားမထိနဲ့၊ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်က အရူးမဟုတ်ဘူး"

"ပြီးတော့၊ အဲ့ဒါက မဟာကျိုး အင်ပါယာရဲ့ မြို့တော်"

ရှီရှင်းယွမ်သည် ပြီးတာနှင့် ဆက်ပြောလိုက်၏။ "ဒါတင်မကသေးဘူး။ ဘယ်သူမှ သူ့ကို မထိရအောင်

စောင့်ကြည့်ရဦးမယ်။ တကယ်လို့ ဇူရီက တစ်ခုခု ဖြစ်သွားခဲ့ရင်၊ တစ်စုံတစ်ယောက်က ငါတို့ကို ချောက်ချဖို့ ကြံစည်လိမ့်မယ်"

ရှင်းယွမ်မင်းသမီး၏ စကားကို ကြားအပြီးတွင်၊ ချပ်ဝတ်တန်ဆာနှင့် သက်လတ်ပိုင်း လူကြီးက ခေတ္တမျှ စဉ်းစားလိုက်ကာ သူ၏ခေါင်းကို ညိတ်လိုက်သည်။ "ကျွန်တော်မျိုး နားလည်ပါပြီ၊ မင်းသမီး"

လင်းဖုန်းသည် မဟာချင် အင်ပါယာ၏ သံတမန်အဖွဲ့ထံမှ ထွက်ခွာခဲ့ အပြီးတွင်၊ မဟာမိုးကြိုး ကျောင်းတော်၏

အပျက်အစီးများ ရှိရာသို့ ပြန်လာခဲ့သည်။ ရုတ်တရက် သူသည် တစ်စုံတစ်ခုအား ခံစားခဲ့ရ၍၊ ရင်ခုန်သံ တစ်ချက်မှားသွားခဲ့သည်။ "အိုး၊ ဒီမှော်စွမ်းအင်က အတော့်ကို ရင်းနှီးတာပဲ"

သံမဏိသစ်ပင် ကိုယ်ပွားသည် အခြေတည်ဝိညာဉ် အဆင့်သို့ ရောက်ရှိနေခဲ့ပြီ ဖြစ်သည်။ သူသည် လေဟာနယ်ကို ဖြတ်ကျော်ခဲ့ကာ သူသွားချင်သော နေရာကို၊ ခဏလေးအတွင်းတွင် ရောက်ရှိလာခဲ့သည်။

သူသည် တိုက်ပွဲတစ်ခုကို အာရုံခံခဲ့မိ၍၊ မှော်စွမ်းအင် လှုပ်ရှားမှု တစ်ခုသည် အလွန်အမင်း ရင်းနှီးနေသည်ကို သတိထားမိခဲ့၏။

လင်းဖုန်းသည် ထိုနေရာသို့ ရောက်လာသောအခါ၊ ထိုသူကို ချက်ချင်း မှတ်မိလိုက်သည်။ "တောက်ဇီချွမ်၊ သူက မဟာချင် အင်ပါယာရဲ့ သံတမန် အဖွဲ့နဲ့ ရှိနေရမှာ မဟုတ်ဘူးလား။ ဒီကို တစ်ယောက်တည်း ဘာလာလုပ်နေတာလဲ"

တောက်ဇီချွမ်သည်၊ သာမန်
အသွင်အပြင်ရှိသော်လည်း
သိပ်သည်းခိုင်မာသည့် အော်ရာကို
ထုတ်လွှတ်နေသော သက်လတ်ပိုင်း
ကျင့်ကြံသူ တစ်ယောက်နှင့် အပြင်းအထန်
တိုက်ခိုက်နေခဲ့သည်။ သူ၏ မျက်လုံးအစုံမှာ
တည်ငြိမ်နေကာ ခိုင်မြဲသည့် ယုံကြည်ချက်ကို
တွေ့နိုင်ခဲ့သည်။

သူသည် အောက်စည်းတွင်
ရောက်နေသော်လည်း၊ တောက်ဇီချွမ်သည်
သူ၏ ရန်သူအား တည်ငြိမ်မှု အပြည့်နှင့်
တိုက်ခိုက်နိုင်ခဲ့သည်။

ပြဿနာမှာ သူ၏ပြိုင်ဘက်သည်
အလွန်အမင်း သန်မာနေခြင်း ဖြစ်၏။
ရွှေရောင်ဗဟိုချက် အဆင့်နှင့်
အခြေခံအုတ်မြစ် အဆင့်တို့
တိုက်ခိုက်ခဲ့ခြင်းသည်၊ အခြေခံအုတ်မြစ်
အဆင့်မှ ကျင့်ကြံသူဖြစ်သူ တောက်ဇီချွမ်အား
ဖိအားများစေခဲ့သည်။ နောက်ဆုံးတွင်
ရွှေရောင်ဗဟိုချက် အဆင့်မှ ကျင့်ကြံသူအား
ခုခံနိုင်သည့် အခြေခံအုတ်မြစ် အဆင့်မှ
ကျင့်ကြံသူမှာ အလွန်ရှားပေသည်။

တောက်ဇီချွမ်သည် အရှုံးနှင့်
မကြုံရသေးသည်မှာ၊ သူ၏
အဆောင်လက်ဖွဲ့နှင့်
မှော်အိုင်တမ်တို့ကြောင့်သာ ဖြစ်သည်။

တောက်ဇီချွမ်နှင့် သူ့ပြိုင်ဘက်တို့အပြင်
အခြားလူနှစ်ယောက်တို့ကလည်း
ထိုနေရာတွင် ရှိနေခဲ့သဖြင့်၊ လင်းဖုန်းသည်
အလောတကြီး ဝင်ရောက်စွက်ဖက်ခြင်း
မပြုခဲ့ပဲ စောင့်ကြည့်နေခဲ့သည်။

သူတို့ နှစ်ယောက်စလုံးတို့သည်
ရွှေရောင်ဗဟိုချက် အဆင့်တွင်ရှိကြပြီး၊

တစ်ယောက်သည်
နောက်တစ်ယောက်ထက်သိသာစွာ ပို၍
သန်မာနေသည်။ သူတို့သည်
အရိပ်အတွင်းတွင် ပုန်းအောင်းနေကြကာ၊
ဖရိုဖရဲ တိုက်ခိုက်နေကြသော တိုက်ပွဲအား
ငြိမ်သက်စွာနှင့် စောင့်ကြည့်နေကြ၏။

လင်းဖုန်းအား ပို၍ စိတ်ဝင်စားစေသည့်
အချက်မှာ ထိုရွှေရောင်ဗဟိုချက် အဆင့်မှ
ကျင့်ကြံသူ နှစ်ယောက်တို့သည်၊ သူတို့၏
စွမ်းအားနှင့် ကျင့်ကြံမှု အဆင့်တို့ကို
မဖော်ပြခဲ့သော်လည်း၊ သူတို့၏

မှော်စွမ်းအင်များမှာ နတ်ရေကန်ဂိုဏ်းမှ ဖြစ်သည်ကို ဖော်ပြနေခဲ့ခြင်း ဖြစ်သည်။

"ပိုပြီးတော့ စိတ်ဝင်စားစရာ ကောင်းလာပြီ" လင်းဖုန်းသည် ရေးရေးလေး ပြုံးလိုက်ကာ၊ နတ်ရေကန်ဂိုဏ်း၏ မနှစ်မြို့ဖွယ် ဓလေ့နှင့် စည်းမျဉ်းစည်းကမ်းများအား တွေးမိလိုက်သည်။

## စာစဥ် ၂၂ : အပိုင်း ၉

## အပိုင်း ၃၉၉ : ငါ့ရဲ့နေရာကို ဖိတ်ခေါ်ပါရစေ

ဒါသည် တောက်ဇီချွမ်နှင့် ရွှေရောင်ဗဟိုချက် အဆင့်မှ ကျင့်ကြံသူ တစ်ယောက်၏၊ သာမန် သူသေကိုယ်သေ တိုက်ပွဲသာဖြစ်၏။ သူတို့၏ စကားအရဆိုလျှင်၊ ဒါသည် ခေးပြတိုက်ပြီး လူသတ်ခြင်းသာ ဖြစ်၏။

သို့သော်လည်း နတ်ရေကန်ဂိုဏ်းမှ ကျင့်ကြံသူ နှစ်ယောက်၏ ပုန်းလျှိုးကွယ်လျှိုး ရှိနေခြင်းသည်၊ အခြေအနေအား ပြောင်းလဲစေခဲ့သည်။

လင်းဖုန်းအား ပို၍ စိတ်ဝင်စားစေခဲ့သည်မှာ နတ်ရေကန်ဂိုဏ်းမှ ကျင့်ကြံသူ

နှစ်ယောက်သည်၊ ကွဲပြားခြားနားသော အကြောင်းရင်းများဖြင့် ရောက်နေကြခြင်း ဖြစ်သည်။ အားနည်းသော ကျင့်ကြံသူသည် တိုက်ပွဲကိုသာ အာရုံစိုက်၍ ကြည့်နေခဲ့ခြင်း ဖြစ်၍၊ အခြားကျင့်ကြံသူ တစ်ယောက်၏ ရောက်ရှိနေခြင်းကို လုံးဝသတိမပြုမိခြင်း ဖြစ်၏။

သို့သော်လည်း ပို၍သန်မာသော ကျင့်ကြံသူသည် သူ၏ ပတ်ဝန်းကျင်အား သေချာလေ့လာထားပြီး၊ အခြားကျင့်ကြံသူ တစ်ယောက် ရှိနေခြင်းအား သိရှိခဲ့ပြီး ဖြစ်သည်။ သူသည် ထိုးသုတ်ရန်

အချိန်ကောင်းကို စောင့်နေခဲ့သည့်
လင်းယုန်တစ်ကောင်ကဲ့သို့၊ ကိစ္စအားလုံးကို
ရှင်းလင်းရန် စောင့်နေခဲ့ခြင်း ဖြစ်သည်မှာ
သိသာနေ၏။

"ဒီမှော်စွမ်းအင်ကလည်း ရင်းနှီးနေတယ်"
လင်းဖုန်းသည် ပို၍သန်မာသော
ရွှေရောင်ဗဟိုချက် အဆင့်က ကျင့်ကြံသူ
တစ်ယောက်အား မှတ်မိနေသည့်အတွက်၊
ပြန်လှည့်ကြည့်လိုက်ကာ သူ့ကိုယ်သူ
တွေးနေခဲ့၏။

"စိတ်ဝင်စားစရာပဲ" လင်းဖုန်းသည် သေချာလေ့လာပြီးလိုက်သောအခါ မဲ့ပြုံးပြုံးလိုက်သည်။

ရွှေရောင်ဗဟိုချက် အဆင့်မှ ပို၍သန်မာသော ကျင့်ကြံသူသည်၊ ဟွမ်ဟိုင် စိတ်ဝိညာဉ် အစည်းအဝေးသို့ တက်ရောက်ခဲ့ဖူးသည့် စုန့်ချင်းယွမ်ပင် ဖြစ်သည်။

ရွှေရောင်ဗဟိုချက် အဆင့်၏ အထွတ်အထိပ်သို့ ရောက်နေပြီး ရေခဲမီးလျှံ ဓားအစုံအား လေ့ကျင့်နိုင်ခဲ့သည့် အတွက်၊ စုန့်ချင်းယွမ်သည် နတ်ရေကန်ဂိုဏ်း၏

လူငယ်မျိုးဆက် အတွင်းမှ ပါရမီရှင်
လူငယ်တစ်ယောက် ဖြစ်သည်မှာ
အငြင်းပွားဖွယ်ရာ မရှိချေ။ သူသည်
သန်မာလွန်းသည့်အတွက် အခြေတည်ဝိညာဉ်
အဆင့်မှ အကြီးအကဲ တစ်ယောက်နှင့်
ရင်ဆိုင်နိုင်စွမ်း ရှိပေသည်။

သူသည် အချိန်အကြာကြီး ကတည်းက၊
မိုးကြိုးကပ်ဘေးအား ရင်ဆိုင်၍
အခြေတည်ဝိညာဉ် အဆင့်သို့
တက်လှမ်းနိုင်စွမ်း ရှိနေခဲ့သည်။

သို့သော်လည်း စုန့်ချင်းယွမ်သည် မွေးကတည်းက ယင်စွမ်းအင်များစွာ ပါလာခဲ့၏။ ထို့ကြောင့်လည်း သူသည် နတ်ရေကန်ဂိုဏ်း၏ တာအိုနည်းစနစ်များကို လျှင်မြန်စွာဖြင့် ကျွမ်းကျင်တတ်မြောက်နိုင်စွမ်း ရှိခြင်းဖြစ်သည်။ သို့သော်လည်း ယင်နှင့်ယန်တို့၏ လိုက်လျောညီထွေ မရှိမှုသည်၊ သူ့အား မိုးကြိုးကပ်ဘေးအား ရင်ဆိုင်ခြင်းမှ နှောင့်နှေးစေခြင်း ဖြစ်သည်။

ထို့ကြောင့် စုန့်ချင်းယွမ်သည် မိုးကြိုးကပ်ဘေးအား မရင်ဆိုင်ဝံ့ပဲ၊

ရွှေရောင်ဗဟိုချက် အဆင့်တွင်သာ
ခံနေခဲ့ရခြင်း ဖြစ်သည်။

သူ့ပြဿနာအတွက် အသင့်တော်ဆုံး
အဖြေမှာ၊ တောက်ယုတင်းနှင့် ကျင့်ကြံသူ
စုံတွဲအဖြစ် တွဲဖက်ခြင်း ဖြစ်သည်။

တောက်ယုတင်းသည် သူမ၏ ခန္ဓာကိုယ်
အတွင်းတွင် ယန်စွမ်းအားများ ပိုလျှံစွာဖြင့်
မွေးဖွားလာခဲ့ခြင်း ဖြစ်၏။ သူမသည်
စုန့်ချင်းယွမ်နှင့် ပြောင်းပြန်ဖြစ်၏။
သူမသည်လည်း သူမ၏ ခန္ဓာကိုယ်

အတွင်းတွင်၊ ယန်နှင့်ယန်တို့၏ ပြည့်စုံသော မျှခြေအား မရနိုင်ခဲ့ပေ။

သူတို့နှစ်ယောက်သည် ပြီးပြည့်စုံသော အတွဲအဖက်ဖြစ်သည်ဟု ဆို၍ရ၏။ တောက်ယုတင်းနှင့် စုန့်ချင်းယွမ်တို့သည် အခြားသာမန် ကျင့်ကြံသူ စုံတွဲများထက်၊ များစွာပို၍ ပြီးပြည့်စုံစွာ လိုက်လျောညီထွေ ဖြစ်ကြခြင်း ဖြစ်သည်။

ဒါကြောင့်မို့ပင် သူ၏ယခု ရှိနေခဲ့ခြင်းသည် ပို၍စိတ်ဝင်စားဖွယ် ကောင်းနေခြင်း ဖြစ်သည်။

သိပ်မကြာခင်တွင် စုန့်ချင်းယွမ်သည် စတင်လှုပ်ရှားလိုက်သည်။ သူသည် သူ၏ဂိုဏ်းမှ ရွှေရောင်ဇဟိုချက် စဦးပိုင်း အဆင့်မှ ကျင့်ကြံသူ တစ်ယောက်၏ အနားကို သွားခဲ့ကာ၊ သူ့ကိုယ်သူ ဖော်ပြလိုက်၏။ ထိုမှသာ အခြားကျင့်ကြံသူက သူရှိနေမှန်း သိခဲ့ခြင်း ဖြစ်သည်။

သက်လတ်ပိုင်း လူကြီးသည် အတော်ပင် အံ့သြသွားခဲ့၏။ သူသည် စုန့်ချင်းယွမ်အား အသံလွှင့်ကာ မေးလိုက်၏။ "ချင်းယွမ်၊ မင်းကဒီကို ဘာလာလုပ်တာလဲ'

စုန့်ချင်းယွမ်သည် အနည်းငယ်ပြုံးကာ ပြန်ဖြေလိုက်သည်။ "ဂိုဏ်းတူဦးလေးကျန်း၊ ဒီတောက်ဇီချွမ်က သေလို့မရသေးဘူး"

ဂိုဏ်းတူဦးလေးကျန်းသည် ထိတ်လန့်တုန်လှုပ်သွားခဲ့သည်။ "ဘာဖြစ်လို့လဲ" သူသည် ယင်မီးတောက်ကပ်ဘေးအား ရင်ဆိုင်ရန် ယုံကြည်ချက်မရှိ၍၊ သူသည် စုန့်ချင်းယွမ်ထက် မျိုးဆက်တစ်ဆက် ပိုမြင့်သော်လည်း ကျင့်ကြံမှုအဆင့် ပိုနိမ့်နေခြင်း ဖြစ်သည်။ သူသည် ရွှေရောင်ဗဟိုချက် အဆင့်သို့

ရောက်ခဲ့သည်မှာ နှစ်ပေါင်း ရာနှင့်ချီကာ ရှိခဲ့ပြီ ဖြစ်သောလည်း၊ စဦးပိုင်းအဆင့်မှ မတက်နိုင်ခဲ့ပေ။

ထို့ကြောင့်ပင် သူသည် ကိုယ်ပိုင် သံသယများ ရှိနေသော်လည်း၊ စုန့်ချင်းယွမ်အား စီနီယာအနေဖြင့် အထက်စီးမှ မဆက်ဆံရဲခဲ့ခြင်း ဖြစ်သည်။

သူ၏ဂိုဏ်းမှ ကျင့်ကြံသူကျန်းအား ပေးအပ်လိုက်သည့် တာဝန်မှာ တောက်ဇီချွမ်အား သတ်ရန် ဖြစ်သော်လည်း၊

အသေးစိတ် အချက်အလက်များမှာ
စိတ်ရှုပ်ထွေးစရာ ကောင်းပေသည်။

သူသည် တောက်ဇီချွမ်၏ နေရာကို
အသိပေးခြင်း ခံခဲ့ရသော်လည်း၊ ကျင့်ကြံသူ
ကျန်းသည် တောက်ဇီချွမ်အား ကိုယ်တိုင်
လုပ်ကြံရမည် မဟုတ်ပဲ၊ သူသည်
နတ်ရေကန်ဂိုဏ်းမှ ဖြစ်သည်ကိုလည်း
ပေါက်ကြားသွား၍ မဖြစ်ချေ။

သူ့ဘာသာသူ စုံစမ်းပြီးသည့်နောက်တွင်
ကျင့်ကြံသူကျန်းသည်၊ တောက်ဇီချွမ်မှာ
မဟာချင် အင်ပါယာမှ နန်းရင်းဝန် ဝူချင်လျို၏

လက်အောက်တွင် တာဝန်ထမ်းဆောင်နေသူ ဖြစ်ကြောင်းကို သိလာခဲ့သည်။ ထို့ကြောင့် သူသည် နတ်ရေကန်ဂိုဏ်းသည်၊ မဟာချင် အင်ပါယာအား ရန်မစလို၍ ဖြစ်မည်ဟု ကောက်ချက်ချလိုက်၏။ ထို့ကြောင့်သူသည် လေလွင့်ကျင့်ကြံသူ တစ်ယောက်အား ငှားရမ်းလိုက်ကာ၊ ဤဓါတ်လမ်းကို ဖန်တီးလိုက်ခြင်း ဖြစ်သည်။

သို့သော်လည်း စုန့်ချင်းယွမ်၏ ပေါ်ပေါက်လာမှုမှာ သူ့အား ကသိကအောက် ဖြစ်စေခဲ့သည်။ "ဒီတာဝန်ကို ဂိုဏ်းက

တာဝန်ရှိတဲ့သူတွေက ပေးတာပါ၊
ငါမမှားနိုင်ပါဘူး"

"ဟုတ်တယ်၊ မမှားဘူး။ ဒါကြောင့်ပဲ
ကျွန်တော်က အမြန်ပြေးလာရတာ ဖြစ်တယ်"
စုန့်ချင်းယွမ်က ပြုံးကာ ပြောလိုက်သည်။
"ဂိုဏ်းတူဦးလေးကျန်း၊ ခင်ဗျားတွေ့ထားတဲ့
သူကလည်း မမှားဘူး။ အဲ့ဒီ အခြေခံအုတ်မြစ်
အဆင့်က ကျင့်ကြံသူက တောက်ဇီချွမ်ပဲ"

"ဒါပေမဲ့ ကျွန်တော်ပြောထားတဲ့ အတိုင်းပဲ၊
တောက်ဇီချွမ်က အခုသေလို့ မရသေးဘူး"

သူ၏စကားအား ကြားပြီးသည့်နောက်တွင်၊ ကျင့်ကြံသူကျန်း၏ အမူအရာမှာ ပြောင်းသွားခဲ့သည်။ "ချင်းယွမ်၊ မင်း…"

"စည်းကမ်းကို ဖောက်ဖျက်တယ်၊ ဟုတ်လား၊ ကျွန်တော်က သတိပြုမိပါတယ်" စုန့်ချင်းယွမ်သည် ခေါင်းကိုညိတ်လိုက်ကာ ပြုံးလိုက်သည်။ "ဒါကြောင့်ပဲ ဂိုဏ်းတူဦးလေးကျန်းက နည်းနည်းလေး အလျှော့အတင်း လုပ်ပေးဖို့၊ ကျွန်တော်က တောင်းဆိုနေတာပါ။ စိတ်မပူပါနဲ့၊ ဂိုဏ်းကို ပြန်ရောက်ရင် ကျွန်တော်က တာဝန်ယူပေးပါ့မယ်"

ကျင့်ကြံသူကျန်းသည် ခေတ္တမျှ တွေဝေသွားခဲ့ကာ တွေးလိုက်သည်။ "သူက ဂိုဏ်းရဲ့ လက်ရင်းတပည့် တစ်ယောက်ဖြစ်တယ်။ ဂိုဏ်းခေါင်းဆောင်ကလည်း သူ့ကို ကာကွယ်ပေးမှာ သေချာတဲ့အတွက်၊ သူနဲ့ ငြင်းခုံနေရင် ဘာအကျိုးမှ မရှိဘူး။ သူလုပ်ချင်တာ လုပ်ပါစေတော့"

သူသည် သူ၏ခေါင်းကို ညိတ်လိုက်ကာ သဘောတူလိုက်သည်။ "ချင်းယွမ်၊

ဒါဆိုရင်လည်း မင်းသဘောပဲ၊
မင်းလုပ်ချင်တာသာ လုပ်တော့"

ကျင့်ကြံသူကျန်းသည် တစ်ဘက်သို့
လှည့်လိုက်ကာ ထွက်သွားတော့မည်
ဟန်ပြင်နေဆဲတွင်၊ သူ၏အနောက်မှ
အားတစ်ခုက ချဉ်းကပ်လာသည်ဟု
ခံစားမိလိုက်သည်။ သူသည်
လှည့်ကြည့်လိုက်ရာ ရေခဲမီးလျှံ ဝဲမုန်တိုင်း
တစ်ခုက သူ့ထံသို့ လာနေသည်ကို၊
ထိတ်လန့်စွာနှင့် တွေ့လိုက်ရသည်။

"စုန့်ချင်းယွမ်၊ မင်း..." သူ၏စကား
မဆုံးသေးခင်တွင်၊ ရေခဲမီးလျှံ
လေစီးကြောင်းသည် သူ၏ ဇီဝိန်အား
နှုတ်ယူသွားခဲ့၏။

ဒါသည် ရွှေရောင်ဗဟိုချက် အဆင့်၏
အထွတ်အထိပ်တွင် ရှိနေသော၊
မြောက်ပိုင်းမျိုးနွယ်စုတို့၏
တော်ဝင်အိမ်တော်မှ တုခွမ်းအား
အပြင်းအထန် ဒဏ်ရာရစေခဲ့သည်
မှော်ကျိန်စာပင် ဖြစ်၏။ ရွှေရောင်ဗဟိုချက်
စဦးပိုင်း အဆင့်မှ ကျင့်ကြံသူအား

အသုံးပြုလိုက်သောအခါ၊ ဘာမှပြောနေဖွယ်
မရှိတော့ပေ။

စုန့်ချင်းယွမ်သည် သူ၏ ဂိုဏ်းတူဦးလေးအား
သွေးအေးအေးဖြင့် သတ်လိုက်အပြီးတွင်၊
ရယ်လိုက်ကာ ပြောလိုက်သည်။
"ဂိုဏ်းတူဦးလေးကျန်း၊
သေချာစဥ်းစားလိုက်ပြီးတော့ ခင်ဗျားပဲ
တာဝန်ယူလိုက်တာ ကောင်းလိမ့်မယ်လို့
ထင်တယ်ဗျ။ ဒါပေမဲ့ ခင်ဗျားက ဂိုဏ်းကို
ပြန်လာတော့မှာ မဟုတ်တဲ့အတွက်၊
အပြစ်ပေးခံရမှာကို စိတ်ပူနေစရာ
မလိုတော့ပါဘူး"

သူ၏ တိုက်ခိုက်မှု ပြီးဆုံးသွားသောအခါ၊
စုန့်ချင်းယွမ်သည် သူ၏အော်ရာအား
ဖုံးကွယ်ထားခြင်း မပြုတော့ပေ။

တိုက်ခိုက်နေကြသော
သူနှစ်ယောက်တို့သည်လည်း ထိုအော်ရာကို
ခံစားမိခဲ့၍ တိုက်ခိုက်မှုများကို ရပ်လိုက်ကာ၊
သူတို့အနားကို ဖြည်းဖြည်းချင်း
လျှောက်လာနေသော စုန့်ချင်းယွမ်အား
ကြည့်လိုက်ကြ၏။

စုန့်ချင်းယွမ်သည် ထိုလေလွင့်ကျင့်ကြံသူအား တူညီသော အပြုံးကို ပြုံးထားပြီး၊ တူညီသော မှော်ကျိန်စာနှင့်ပင် သတ်ခဲ့လိုက်၏။ ပြီးတာနှင့် တောက်ဇီချွမ် တစ်ယောက်သာ ကျန်ခဲ့တော့သည်။

တောက်ဇီချွမ်သည် စုန့်ချင်းယွမ်အား ကြည့်လိုက်ကာ၊ ရိုသေစွာဖြင့် ပြောလိုက်သည်။ "ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ တာအိုဆရာစုန့်"

"ခင်ဗျားက ကျုပ်ကို သိသလား" စုန့်ချင်းယွမ်က ပြုံး၍မေးလိုက်သည်။

"ကျွန်တော်က ခင်ဗျားရဲ့ ဟွမ်ဟိုင်
စိတ်ဝိညာဉ် အစည်းအဝေးက
ပြောင်မြောက်တဲ့ တိုက်ပွဲတွေကို
ကြည့်ရှုခဲ့ရပါတယ်" တောက်ဇီချွမ်က
ခေါင်းညိတ်ကာ ပြန်ဖြေလိုက်၏။

"အသက်ဆယ်နှစ်ကျော်သာ ရှိသေးတဲ့
ကလေးလေးကို ရှုံးသွားတဲ့၊ ပြောင်မြောက်တဲ့
တိုက်ပွဲလား" စုန့်ချင်းယွမ်က တိုးညင်းစွာဖြင့်
မေးလိုက်သည်။ တောက်ဇီချွမ်သည်
တောင့်တင်းသွားခဲ့ကာ ပြန်ဖြေလိုက်၏။
"ခင်ဗျားက ရယ်စရာ

အတော်ပြောတတ်တာပဲ။ ကျွန်တော်က မြောက်ပိုင်းမျိုးနွယ်စုတို့၏ တော်ဝင်အိမ်တော်က တုခွန်းနဲ့ ခရမ်းရောင် တိမ်တိမ်ဂိုဏ်းက ဂူလေတို့နဲ့ တိုက်ပွဲကို ဆိုလိုတာပါ"

စုန့်ချင်းယွမ်သည် ရယ်ရမ်းသွေးလိုက်ကာ၊ တောက်ဇီချွမ်အား ကြည့်လိုက်သည်။ "လူတွေအားလုံးကလည်း ခင်ဗျားသမီးရဲ့ ပြောင်မြောက်တဲ့ တိုက်ပွဲတွေကို ကြည့်ခဲ့ရတယ်"

တောက်ဇီချွမ်သည် နှလုံးခုန်
တစ်ချက်မှားသွားခဲ့၍၊ သူ၏ မည်သူမည်ဝါ
ဆိုသည်မှာ ပေါက်ကြားသွားခဲ့ပြီဟု
သိလိုက်၏။ သူသည် သူ၏
စိတ်ခံစားချက်များကို ကြိုးစား၍
ထိန်းချုပ်လိုက်ကာ၊ စိတ်ရှုပ်ထွေးစွာဖြင့်
မေးလိုက်သည်။ "ကျွန်တော့်ရဲ့သမီး၊
ကျွန်တော့်မှ မိန်းမတောင် မရှိတာ၊
ဘယ်လိုလုပ်ပြီးမှ သမီးရှိပါ့မလဲ"

နတ်ရေကန်ဂိုဏ်းသို့ ဝင်ချင်သူများအနေဖြင့်၊
သူတို့၏ မိသားစုနှင့် သံယောဇဉ်များကို
ဖြတ်တောက်ရမည် ဖြစ်ပြီး သူတို့အား

သတ်ရမည် ဖြစ်သည်။ သူတို့သည် အသက်ငယ်ရွယ်သေးပါက၊ ဂိုဏ်းကနေ၍ သူတို့အစား လျှို့ဝှက်စွာ လုပ်ဆောင်ပေးမည် ဖြစ်သည်။ အသက်ကြီးမှ ဝင်လာသောသူများအား ဂိုဏ်းမှ အခြားနည်းလမ်းများကို အသုံးပြု၍ ဆောင်ရွက်ခဲ့သည်။

သံယောဇဉ် ပြတ်ပြီးသွားသော သူများသည်၊ ထူးခြားသည့် စိတ်အခြေအနေ တစ်မျိုးအား ရရှိသွားခဲ့သည်။ ထိုစိတ်အခြေအနေအား ရရှိပြီးသွားလျှင်၊ သူတို့အနေဖြင့်

ကျင့်ကြံရာတွင် လျှင်မြန်စွာ
တိုးတက်လာနိုင်ပေသည်။

ထိုကဲ့သို့သော သင်ကြားပြသမှုများကို
ခံယူခဲ့ရသဖြင့်၊ သူတို့အများစုသည် သူတို့၏
မိသားစုများ ဘာဖြစ်သွားသည်ကို
သိခဲ့ကြသော်လည်း လျစ်လျူရှုထားနိုင်ကြ၏။

ထို့ကြောင့်ပင် နတ်ရေကန်ဂိုဏ်း၏
လက်ရင်းတပည့် အများစုတို့သည်၊
သွေးအေးအေးနှင့် ရက်စက်နိုင်ကြခြင်း
ဖြစ်သည်။

တဖြည်းဖြည်းနှင့် ဒါသည် ဂိုဏ်းအတွင်းတွင်
သာမန် သဘာဝဖြစ်စဉ် တစ်ခုအလား
ဖြစ်လာခဲ့၍၊ မည်သူကမှ
မေးခွန်းမထုတ်ကြတော့ပေ။

သူတို့၏ ဂိုဏ်းအနေနှင့် များစွာသော
အနှုတ်သဘောဆောင်သည့် မှတ်ချက်များကို
ရရှိခဲ့သော်လည်း၊ သူတို့သည်
လျစ်လျူရှုထားရန်သာ ဆုံးဖြတ်ခဲ့သည်။

သို့သော်လည်း အချို့ခေါင်းမာသော
သူအချို့သည်၊ သူတို့၏ မိသားစုများ
အသတ်ခံရသည်ကို သိလိုက်သောအခါ

လက်ခံဖို့ ငြင်းဆန်သော သူများလည်း ရှိသေးသည်။ ထိုကဲ့သို့သော သူများကို ဂိုဏ်းမှနေ၍ အိပ်မွေ့ချလိုက်ကာ သူတို့၏ အသိစိတ်အား ပြောင်းလဲလိုက်၍၊ သူတို့၏မှတ်ဉာဏ် တစ်စိတ်တစ်ဒေသအား ဖယ်ရှားလိုက်သည်။

စုန့်ချင်းယွမ်က ရယ်လိုက်ကာ ပြောလိုက်သည်။ "သူမက ခင်ဗျားကို မှတ်မိသေးပေမဲ့၊ ခင်ဗျား အသက်ရှင်နေသေးမှန်း မသိခဲ့ဘူး"

"ဘယ်လောက်အထိ ကြီးမားတဲ့
သံယောဇဉ်လဲ!"

စုန့်ချင်းယွမ်က သက်ပြင်းချကာ
ပြောလိုက်သည်။ "သူမက ပထမ
အိပ်မွေ့အချခံရအပြီးမှာ ခင်ဗျားကို
မှတ်မိနေသေးတယ်။ သူမက မမှတ်မိချင်
ယောင်ဆောင်နေရတာ၊ ဘယ်လောက်အထိ
ဝမ်းနည်းစရာ ကောင်းလိမ့်မလဲလို့
မှန်းဆကြည့်ကြည့်ပေါ့။ ဒါကလည်း
နောက်ထပ်တစ်ခေါက် အိပ်မွေ့အချ မခံရပဲ၊
ခင်ဗျားရဲ့ မှတ်ဉာဏ်ကို
ထိန်းသိမ်းထားချင်လို့ပဲ"

ရင်ထဲတွင် နာကျည်းချက် အပြည့်နှင့် တောက်ဇီချွမ်သည်၊ သူ၏ လက်သီးနှစ်ဘက်အား ကျစ်ကျစ်ပါအောင် ဆုပ်ထားခဲ့ကာ ငြိမ်သက်နေခဲ့သည်။

တောက်ဇီချွမ်အား ကြည့်လိုက်ကာ စုန့်ချင်းယွမ်က ရယ်လိုက်သည်။ "ကျုပ်က ခင်ဗျားကို သူ့ဆီကို ခေါ်သွားပေးရင်၊ သူမက ဘယ်လောက်အထိ ပျော်လိုက်မလဲလို့ စဉ်းစားကြည့်ပေါ့"

"ငါကမင်းကို ချောင်ဝေဆီကို ခေါ်သွားပေးရင်လည်း၊ မင်းက ပျော်နိုင်မလား"

အသံတစ်သံသည် ရုတ်တရက် ပေါ်လာခဲ့ကာ၊ ကောင်းကင်သည် ခရမ်းရောင် တိမ်တိုက်များနှင့် ပြည့်သွားခဲ့သည်။

လင်းဖုန်းသည် ဟင်းလင်းပြင် အတွင်းမှ ထွက်လာသည်ကို တွေ့လိုက်ရသော်၊ စုန့်ချင်းယွမ်၏ မျက်နှာအမူအရာသည် ချက်ချင်းပြောင်းသွားခဲ့သည်။

ခွန်းလွန်တောင်မှ တိုက်ပွဲအပြီးတွင်၊ လင်းဖုန်းသည် သံမဏိသစ်ပင် ကိုယ်ပွားအား ပိုင်ဆိုင်ထားသည့်မှာ လျှို့ဝှက်ချက်တစ်ခု မဟုတ်တော့ပေ။ ဒါသည် သံမဏိသစ်ပင် ကိုယ်ပွားနှင့် ပထမဆုံးအကြိမ် တွေ့ခြင်းဖြစ်သော်လည်း၊ သူ၏စကားများကို ကြားသွားခဲ့ပြီး ကောင်းကင်ကလည်း ခရမ်းရောင် တိမ်တိုက်များနှင့် ပြည့်သွားခဲ့သည်ကို တွေ့လိုက်ရသဖြင့်၊ စုန့်ချင်းယွမ်၏ နှလုံးသားသည် အေးခဲသွားခဲ့၏။

သူသည် စိတ်ကိုတည်ငြိမ်အောင်
ထိန်းလိုက်ရင်း၊ ပြုံးလိုက်ကာ
ပြောလိုက်သည်။ "အရှင်က အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်လား။
လေးစားရပါသော အကြီးအကဲလင်းဖုန်းကို
နှုတ်ခွန်းဆက်သပါတယ်"

အကယ်၍ အခြားသာမန် အခြေတည်ဝိညာဉ်
အဆင့်မှ သူတစ်ယောက်ဆိုလျှင်၊
စုန့်ချင်းယွမ်သည် တိုက်ခိုက်ရန်
ကြိုးစားခဲ့ဦးမည် ဖြစ်သည်။ သို့သော်လည်း
ဒါသည် လင်းဖုန်း၏ ကိုယ်ပွားတစ်ခုသာ

ဖြစ်သော်လည်း၊ သူသည် ခုခံရန် အကြံအစည်အားလုံးကို ဖယ်ရှားလိုက်သည်။

လင်းဖုန်းကလည်း ပြောလိုက်သည်။
"တိုက်ဆိုင်လိုက်တာ၊ မင်းကိုငါ့ရဲ့နေရာကို ဖိတ်ခေါ်ပါရစေ"

## စာစဉ် ၂၂ : အပိုင်း ၁၀

## အပိုင်း ၄၀၀ : အမှန်အတိုင်း ပြောရရင်၊ မင်းကို သူလျှိုဖြစ်နေစေချင်တယ်

စုန့်ချင်းယွမ်သည် လင်းဖုန်းအား နက်ရှိုင်းစွာ စိုက်ကြည့်လိုက်သည်။ ခဏမျှကြာသောအခါ သူသည် သက်ပြင်းတစ်ချက် ချလိုက်ကာ၊ ပြုံး၍ပြောလိုက်သည်။ "ကျွန်တော်က အကြီးအကဲ တစ်ယောက်ကို မဆန့်ကျင်ပါဘူး။ အရှင့်သဘော အတိုင်းပါ"

သူသည် လိမ္မာစွာနှင့် လင်းဖုန်းစီစဉ်သမျှကို တည်ငြိမ်စွာနှင့် လက်ခံခဲ့ပေသည်။

"မင်းကလူငယ်ဖြစ်ပြီး သူက အကြီးအကဲ ဖြစ်တယ်။ ဒါကြောင့်မင်းက ထင်သလိုလုပ်လို့ရပြီး၊ အကြီးအကဲက

သဘောထား ကြီးစွာနဲ့ မင်းကို
ခွင့်လွှတ်လိမ့်မယ်" ဤကဲ့သို့
စဉ်းစားပုံမျိုးသည် အတော့်ကို
ရှုးမိုက်လှသည်ဟု ပြောနိုင်မည် ဖြစ်သည်။

အကယ်၍ တစ်ယောက်သည် သဘောထား
ကြီးမားသည် ဆိုပါက၊ ဘာမှမဖြင်သလို
နေခဲ့မည် ဖြစ်သည်။ အကယ်၍ သူသည်
သင့်အား ဒုက္ခပေးချင်ပါက၊ တစ်ချက်မှ
တွေဝေနေမည် မဟုတ်ချေ။ ဒါသည်
စွမ်းအားကြီးသူများ အုပ်စိုးသည့် ကမ္ဘာ၏
ဥပဒေပင် ဖြစ်၏။

လင်းဖုန်းသည် သူ့အား ကောင်းကင်ကမ္ဘာငယ် အတွင်းတွင်သာ ထည့်ထားခဲ့သည်။ ပြီးတာနှင့် သူသည် အံ့ဩမိန်းမော နေသေးသော တောက်ဇီချွမ်အား ကြည့်လိုက်သည်။ ယခုအချိန်အထိ ထိုသက်လတ်ပိုင်း လူကြီးသည်၊ သတိပြန်မဝင်လာခဲ့သေးပေ။

အချိန်အတော် ကြာမှသာ တောက်ဇီချွမ်သည် လင်းဖုန်းအား ဦးညွှတ်လိုက်၏။ "အရှင်လင်း၊ ကျွန်တော့်ကို ကူညီခဲ့တဲ့အတွက် အရမ်းပဲ ကျေးဇူးတင်ပါတယ်"

သူသည် ကျင့်ကြံမှုအဆင့် မမြင့်သော်လည်း၊ ခေါင်းအေးအေးထားနိုင်ကာ စဥ်းစားနိုင်သူဖြစ်၏။ စုန့်ချင်းယွမ်သည် သူ့အား စိတ်ထားကောင်းမွန်စွာနှင့် ကယ်တင်ခဲ့ခြင်း မဟုတ်ကြောင်းကို ပြောနိုင်ခဲ့၏။

စုန့်ချင်းယွမ်၏ လက်အတွင်းသို့ ကျရောက်သွားပါက၊ သူသည် သူ၏သမီး တောက်ယုတင်းနှင့် ပြန်လည်တွေ့ဆုံနိုင်ပေမည်။ သို့သော်လည်း ဒါသည် ဇာတ်သိမ်းလှလိမ့်မည် မဟုတ်ချေ။

"မင်းဘာဆက်လုပ်ဖို့ စီစဉ်ထားလဲ" လင်းဖုန်းက မေးလိုက်သည်။

ဤအချိန်တွင် တောက်ဇီချွမ်သည် လုံးဝကို တည်ငြိမ်လာခဲ့ပြီ ဖြစ်သည်။ စုန့်ချင်းယွမ်၏ စကားများသည် သူ့အား အလွန်အမင်း စိတ်လှုပ်ရှားစေခဲ့သည်။ ယခုအချိန်တွင် သူသည် သူ့သမီးအား အရင်ကထက် ပို၍ လွမ်းဆွတ်လာခဲ့ပြီ ဖြစ်သည်။ သို့သော်လည်း သူ၏ တည်ငြိမ်မှုကို ပြန်လည်ရရှိခဲ့အပြီးတွင်၊ သူက ပြောလိုက်၏။ "ကျွန်တော်က နေရာတစ်ခုကိုသွားပြီးတော့၊ တစ်စုံတစ်ခုကို အတည်ပြုချင်ပါတယ်"

လင်းဖုန်းက သူ့အား ကြည့်လိုက်သည်။
"ဘယ်နေရာများလဲ"

တောက်ဇီချွမ်သည် မဟာမိုးကြိုး
ကျောင်းတော် အပျက်အစီးများ၏
အရှေ့မြောက်ဘက်တွင်ရှိသော၊
တောင်တစ်တောင်၏ နာမည်ကို
ပြောလိုက်သည်။ လင်းဖုန်းသည်
လေဟာနယ်ကို တိုက်ရိုက်ဖြတ်ကျော်၍၊
သူသွားချင်သော နေရာအား ပို့ပေးလိုက်သည်။

ထိုတောင်ပေါ်တွင် ရွှေရောင်ဗဟိုချက်
အဆင့်မှ ကျင့်ကြံသူ တစ်ယောက်သည်၊
တစ်စုံတစ်ယောက်အား
စောင့်မျှော်နေသကဲ့သို့ ကြည့်နေခဲ့၏။
တောက်ဇီချွမ်သည် လင်းဖုန်းနှင့်အတူ
တိမ်များအပေါ်တွင် ရပ်နေခဲ့၍၊
ထိုကျင့်ကြံသူအား အတန်ကြာမျှ
အကဲခတ်လိုက်သည်။ တောက်ဇီချွမ်သည်
လုံးဝငြိမ်သက်သွားခဲ့ကာ၊
သူ၏မျက်နှာပေါ်တွင် ခါးသီးသော
အပြုံးတစ်ခု ပေါ်လာခဲ့၏။

"သူကခင်ဗျားကို စောင့်နေတာလား" လင်းဖုန်းက မေးလိုက်သည်။

ခါးသီးစွာ ပြုံးနေရင်း တောက်ဇီချွမ်က ပြန်ဖြေခဲ့၏။ "ဟုတ်ပါတယ်။ ကျွန်တော်က သံတမန်အဖွဲ့ကနေ ထွက်ခွာလာပြီး၊ သူ့ကို တစ်စုံတစ်ခုပေးဖို့ လာခဲ့တာပါ။ ဒါပေမဲ့ အခြေအနေကို ကြည့်ရတာ ဒီပစ္စည်းပေးပို့တဲ့ လမ်းကြောင်းက၊ တရားမျှတတဲ့ ကြည်ညိုဖွယ်ရာ နန်းရင်းဝန်ကြီးက ကျွန်တော့်အတွက် ပြင်ဆင်ပေးထားတဲ့ သင်္ချိုင်းကိုသွားတဲ့ လမ်းကြောင်းတစ်ခုပါပဲ"

"ကျွန်တော်က နန်းရင်းဝန်ဟာ နတ်ရေကန်ဂိုဏ်းနဲ့ အဆက်အသွယ် ရှိတာကို သိပေမဲ့၊ အခုကြည့်ရတာ နန်းရင်းဝန်ကလည်း ကျွန်တော့်အကြောင်းကို သိသွားပြီနဲ့တူတယ်"

တောက်ဇီချွမ်က သက်ပြင်းတစ်ချက် ချလိုက်သည်။ "ကျွန်တော်က မဟာကျိုးရဲ့ မြောက်ပိုင်းက ဂိုဏ်းငယ်လေး တစ်ခုက ဖြစ်ပါတယ်။ ကျွန်တော်က ကျွန်တော့်ရဲ့ ဂျူနီယာ တစ်ယောက်နဲ့ အလွန်အမင်း ချစ်ကျွမ်းဝင်ခဲ့ကြပြီး၊ ကျွန်တော်တို့ နှစ်ယောက်စလုံး အခြေခံအုတ်မြစ် အဆင့်ကို ရောက်တာနဲ့ လက်ထပ်ခဲ့ကြပါတယ်"

"လက်ထပ်ပြီးနောက်မှာ ကျွန်တော်တို့က၊
တစ်ယောက်နဲ့တစ်ယောက် ချစ်ခင်ပြီး
သစ္စာရှိကြတဲ့ ဇနီးမောင်နှံတွေ ဖြစ်ခဲ့ကြတယ်။
ပြီးတော့ သူမက ကျွန်တော့်ကို
သမီးတစ်ယောက် မွေးပေးခဲ့တယ်။
အဲ့ဒီအချိန်တုံးက ကျွန်တော်တို့ မိသားစု
သုံးယောက်တို့ဟာ ပျော်ရွှင်ချမ်းမြေ့ဖွယ်
နေ့တွေကို ပိုင်ဆိုင်ခဲ့ကြတယ်"

ဤအချိန်တွင် တောက်ဇီချွမ်၏ အကြည့်သည်
လွမ်းဆွတ်တမ်းတမှုများနှင့်
ပြည့်နှက်လာခဲ့သည်။ "အဲ့ဒီအချိန်တုံးက

ကျွန်တော်ဟာ ကျင့်ကြံမှုရဲ့ အဓိက
အဓိပ္ပာယ်ဟာ၊ ဘဝရဲ့ ပျော်ရွှင်မှုတွေကို
အချိန်ကြာမြင့်စွာ ခံစားဖို့လို့တောင်
ထင်နေခဲ့တယ်"

"ကျွန်တော်တို့ရဲ့ သမီးလေးဟာ
ကလေးလေးသာ ရှိသေးပေမဲ့၊ ကြီးကျယ်တဲ့
ကျင့်ကြံမှု ပါရမီတွေကို ပိုင်ဆိုင်ထားခဲ့တယ်"
တောက်ဇီချွမ်၏ အမူအရာများသည်
တဖြည်းဖြည်းနှင့် နာကျင်ပုံ ပေါက်လာခဲ့၏။
"ပထမတုံးက ကျွန်တော်တို့က သိပ်ပြီးမှ
ပျော်ခဲ့ကြတယ်။ ဒါက ကောင်းကင်က
ကျွန်တော်တို့ကိုပေးတဲ့ လက်ဆောင်တစ်ခု

ဆိုပြီးမှပေါ့။ ဒါပေမဲ့ ဘယ်သူက
ထင်ထားခဲ့မှာလဲ၊ ဒါက အိမ်မက်ဆိုးတစ်ခုရဲ့
အစတစ်ခု ဖြစ်လာခဲ့တယ်!"

တောက်ဇီချွမ်၏ သမီးမှာ တောက်ယုတင်းပင်
ဖြစ်ပေသည်။ ငယ်ငယ်ရွယ်ရွယ်နှင့်
ထူးချွန်ပြောင်မြောက်သော ပါရမီအား
တွေ့သွားသောအခါ၊ သူမသည်
နတ်ရေကန်ဂိုဏ်း၏ မျက်စိကျခြင်းကို
ခံခဲ့ရသည်။

နတ်ရေကန်ဂိုဏ်း၏ ဆက်သွယ်မှုအားလုံးကို
ဖြတ်တောက်ရသည့် စည်းမျဉ်းနှင့်

ကြုံတွေ့ရသောအခါ၊ တောက်ဇီချွမ်၏
မိသားစုသည် ကပ်ဆိုးဆိုက်ခဲ့ပေသည်။
သူ၏သမီးမှာ ပြန်ပေးအဆွဲခံလိုက်ရကာ၊ သူ၏
မိန်းမမှာလည်း အသတ်ခံလိုက်ရ၏။

နတ်ရေကန်ဂိုဏ်းကဲ့သို့ ထိပ်သီးဂိုဏ်း၏
အရှေ့တွင်၊ တောက်ဇီချွမ်မပြောနှင့်
သူ၏ဂိုဏ်းသည်ပင်လျှင်
မပြောပလောက်သော ဖုန်မှုန့်လေး
အဆင့်တွင်သာ ရှိပေသည်။

တောက်ဇီချွမ်သည်
ကံကောင်းထောက်မစွာနှင့် အသက်ရှင်လျက်

လွတ်မြောက်နိုင်ခဲ့သည်။ လက်စားချေဖို့
သက်သက်သာဆိုလျှင် ဤကဲ့သို့သော
ရောမဂိုဏ်းကို ရင်ဆိုင်ဖို့ဆိုလျှင်၊
မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်ချေ။

သို့သော်လည်း သူ၏သမီးသည် ထိုနေရာတွင်
ရှိနေခဲ့သည်။

ဖခင်တစ်ယောက်အနေနှင့်
သူ၏လမ်းကြောင်းသည် မျှော်လင့်ချက်
မရှိမှန်းကို သိနေခဲ့သော်လည်း၊
တောက်ဇီချွမ်သည် အားတင်း၍
ရှေ့ဆက်လျှောက်ခဲ့သည်။

သို့ဖြစ်၍ သူသည် ကြိုးစား၍ သူ့အားကူညီနိုင်မည့် အင်အားကြီးသည့် စွမ်းအားစုများကို ရှာဖွေခဲ့သည်။ ပထမ အနေနှင့် သူသည် မဟာကျိုး အင်ပါယာ၏ ရှန်းဝူစစ်တပ်အား ဝင်ခဲ့၏။ ရှေးဟောင်းကမ္ဘာ စိမ့်မြေမှ တိုက်ပွဲအပြီးတွင်၊ သူသည် ရှန်းဝူစစ်တပ်မှ ထွက်ခွာခဲ့၍ မဟာချင် အင်ပါယာသို့ လာခဲ့သည်။ ပြီးတာနှင့် မဟာချင် အင်ပါယာ၏ နန်းရင်းဝန် ဝူချင်လျှို၏ လက်အောက်ခံ ဖြစ်လာခဲ့သည်။

သို့သော်လည်း သူ၏မျှော်လင့်ချက်သည် ရောင်နီဦးပင် မသန်းခဲ့သေးချိန်တွင်၊ သူသည် ဒုက္ခချောက် အတွင်းသို့ ထပ်မံကျရောက်ခဲ့ရပေသည်။

လင်းဖုန်းသည် တောက်ဇီချွမ်အား တိတ်တဆိတ်ဖြင့် ကြည့်နေခဲ့သည်။ သူက ရုတ်တရက် ပြုံးလိုက်၏။ "ကျုပ်ရဲ့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက အရည်အချင်းရှိတဲ့ ပြင်ပမန်နေဂျာ တစ်ယောက်လိုနေတယ်။ ခင်ဗျားက ကျုပ်ရဲ့ဂိုဏ်းထဲကို ဝင်ချင်တဲ့စိတ် ရှိလား"

ထိုစကားများကို ကြားလိုက်သောအခါ တောက်ဇီချွမ်သည် ပါးစပ်အဟောင်းသား ဖြစ်သွားခဲ့၍၊ လင်းဖုန်းအား ဘာမှမပြောနိုင်ပဲ တွေတွေကြီးသာ ကြည့်နေခဲ့သည်။

အချိန်အတော်ကြာသွားမှသည် သူ၏ အပြုအမူသည် မယဉ်ကျေးသွားမှန်းကို သတိပြုမိလိုက်၍၊ အလေးတကြီးနှင့် ပြန်ဖြေလိုက်သည်။ "အရှင်၊ တကယ်လို့ အရှင်က ကျွန်တော့်ကို လက်ခံလို့ရှိရင်၊ ကျွန်တော်က အရမ်းဝမ်းသာမိမှာပဲ။ တစ်ခုရှိတာက..."

တောက်ဇီချွမ်၏ နှလုံးသားသည် စိုးရိမ်မကင်း ဖြစ်နေခဲ့ကာ၊ လင်းဖုန်းအား သတိတကြီးဖြင့် စိုက်ကြည့်လိုက်ကာ တိုးညင်းစွာနှင့် ပြောလိုက်၏။ "အရှင်၊ အရှင်က ကျွန်တော့်ကို ဝူချင်လျှိုရဲ့ အကြံအစည်နဲ့ ထည့်လိုက်တဲ့ သူလျှိုတစ်ယောက်လို့ မထင်ဘူးလား"

သူသည် ရင်ထဲမှ သံသယအား ထုတ်ဖော်သင့်ပေသည်။ သူကဲ့သို့သော လူမျိုး၏ မျက်နှာတွင်၊ သူလျှိုဟူသော စကားလုံးသည် ရေးထားပြီးသား ဖြစ်နေခဲ့သည်။ အထူးသဖြင့် သူ၏ ပျော့ကွက်ဖြစ်သော သူ၏သမီးသည်၊

တစ်ဘက်လူ၏ လက်အောက်တွင်
ကျရောက်နေစဉ်တွင် ဖြစ်သည်။

သူသည် ယခုအချိန်တွင်
သူလျှိုမဟုတ်ခဲ့လျှင်ပင်၊ ဝူချင်လျှို သို့မဟုတ်
ချောင်ဝေသည် တောက်ယုတင်းအား
အသုံးပြု၍ သူ့အား အကျပ်ကိုင်ကာ၊ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းအား
သစ္စာဖောက်ခိုင်းမည် ဆိုပါက၊ သူ့အနေနှင့်
ဆုံးဖြတ်ရ အတော်ပင် ခက်ခဲလိမ့်မည်
ဖြစ်သည်။

သူသည် ပထမတွင် မဟာကျိုး၏
ရှန်းဝူစစ်တပ်သို့ သစ္စာခံခဲ့၏။ နောက်ပိုင်းတွင်
ဝူချင်လျှိုထံသို့ ဘက်ပြောင်းသွားခဲ့သည်။
ယခုအချိန်တွင် သစ္စာခံသူ ထပ်ပြောင်းပါက၊
သူသည် နာမည်သုံးမျိုးနှင့် အစေခံ
ဖြစ်သွားမည် မဟုတ်ပါလော။

အကယ်၍ သူသည် လင်းဖုန်းနေရာတွင်
ရှိခဲ့ပါက၊ သူကဲ့သို့သော လူမျိုးကို ယုံကြည်ရန်
ခက်ခဲပေလိမ့်မည်။

လင်းဖုန်းသည် သူ့အား တည်ငြိမ်စွာဖြင့်
စိုက်ကြည့်လိုက်ကာ ပြောလိုက်သည်။

"မင်းက တခြားလူရဲ့ သူလျှို ဟုတ်မဟုတ်ကို၊ ငါက ဂရုမစိုက်ဘူး။ မင်းက မန်နေဂျာ တစ်ယောက်အနေနဲ့၊ မင်းရဲ့ စွမ်းရည်တွေကို အကောင်းဆုံး လုပ်ဆောင်နိုင်ရင် ရပြီ။ ငါလိုချင်တာ မင်းရဲ့ စွမ်းဆောင်ရည်၊ မင်းရဲ့ သစ္စာရှိမှု မဟုတ်ဘူး"

တောက်ဇီချွမ်အား ကြည့်လိုက်ကာ၊ သူ၏ နှုတ်ခမ်းများသည် ပြုံးယောင်သန်းလာခဲ့သည်။ "အမှန်အတိုင်း ပြောရရင်၊ မင်းက ဝူချင်လျှို ဒါမှမဟုတ် ချောင်ဝေတို့ရဲ့ သူလျှိုဖြစ်ပါစေလို့တောင်၊ ငါက ဆုတောင်းနေသေးတယ်"

တောက်ဇီချွမ်သည် ပါးစပ်အဟောင်းသား ဖြစ်သွားကာ၊ ဘာမှ ဆက်မပြောနိုင်တော့ချေ။ ရုတ်တရက်ပင် သူ၏ ကျောရိုးထဲမှ စိမ့်တက်လာခဲ့၏။ "အရင်က ငါတွေ့ဖူးခဲ့သမျှ လူတွေထဲမှာ၊ ဝူချင်လျှိုက ကြောက်စရာ အကောင်းဆုံးလို့ ထင်ခဲ့တယ်။ ဒါပေမဲ့ အခုက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ ခေါင်းဆောင်ဟာ၊ သူ့ထက်တောင်မှ ကြောက်စရာ ကောင်းနေသေးတယ်"

အချိန်အကြာကြီး ရှိပြီးမှသာ သူသည် သတိများ ပြန်ဝင်လာခဲ့ကာ၊ လင်းဖုန်းအား

လေးစားစွာနှင့် ဦးညွှတ်လိုက်ကာ ပြောလိုက်သည်။ "ကျွန်တော်က အရှင့်ရဲ့ အမိန့်တွေကို လေးစားစွာနဲ့ နာခံပါ့မယ်။ ကျွန်တော့်ရဲ့ တစ်ခုတည်းသော မျှော်လင့်မှုက၊ တစ်နေ့မှာ ကျွန်တော့်ရဲ့သမီး ယုတင်းနဲ့ ပြန်လည်ဆုံစည်းခွင့် ရဖို့ပါပဲ။ သွေးသားရင်းချာတွေဟာ ခွဲခွာပြီး နေရဖို့ မထိုက်တန်ပါဘူး"

"ငါ့ကို ယုံကြည်တဲ့ သူတွေကို၊ ငါက တစ်ခါမှ စိတ်မပျက်စေခဲ့ဖူးဘူး" လင်းဖုန်းက ရက်ရောစွာနှင့် ပြောလိုက်သည်။

"ဒီကနေ့ကစပြီး မင်းက ငါတို့ အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ ပြင်ပမန်နေဂျာ ဖြစ်သွားပြီ။ ယုကျင်းတောင်ပေါ်က ကိစ္စကြီးကြီးသေးသေးတို့ကို၊ မင်းက စီမံခန့်ခွဲရလိမ့်မယ်။ မင်းရဲ့ တာဝန်တွေကို ထူးချွန်စွာ ထမ်းဆောင်နိုင်ခဲ့ရင်၊ နောက်ထပ် ဆုလာဘ်တွေ ထပ်ရဦးမယ်"

သူ၏စကား ဆုံးသည်နှင့် လင်းဖုန်းသည် သူ၏လက်အား ဝှေ့ယမ်းလိုက်ရာ၊ ခရမ်းရောင်တိမ်စ တစ်ခုကျလာပြီး တောက်ဇီချွမ်အား ယုကျင်းတောင်ပေါ်သို့ ပို့ဆောင်ပေးလိုက်သည်။

တောက်ဇီချမ်အား ပို့ဆောင်အပြီးတွင်၊
လင်းဖုန်း၏ အသံလွှင့်
ကျောက်တုံးတစ်ခုသည်
အရောင်တောက်လာခဲ့၏။ ဆက်သွယ်၍
အပြီးတွင် ရှောင်ပုတန်၏ အသံသည်
ထိုကျောက်တုံး အတွင်းမှ ထွက်လာခဲ့၏။
"ဆရာခင်ဗျ၊ ဒုတိယ စီနီယာက အရပ်သား
စာမေးပွဲကို အောင်မြင်သွားပြီ။ ပြီးတော့ သူက
ကျဲယွမ်ဆိုတဲ့ ပထမနေရာကိုတောင်
ရခဲ့သေးတယ်!"

"ငါက သူ့ရဲ့ စာမေးပွဲမှာ ဖြေဆိုခဲ့မှုတွေကို ပိုပြီးတော့ စိတ်ဝင်စားတယ်။ သူ့ရဲ့ မပြီးဆုံးသေးတဲ့ စာစီစာကုံးရဲ့ နိဂုံးပိုင်းက၊ တော်တော်ကြီးကို ရှတ်ရှတ်သဲသဲ ဖြစ်စေခဲ့ရဲ့လား" လင်းဖုန်းက မေးလိုက်သည်။

"မဖြစ်စေခဲ့ဘူး" ရှီထျန်းဟောင်က ပြုံး၍ဖြေလိုက်သည်။

ထိုစကားကို ကြားလိုက်ရသော်၊ လင်းဖုန်းသည် စိတ်မပျက်သွားခဲ့ပဲ ပျော်ရွှင်စွာပင် ရယ်လိုက်သေးသည်။ "ကောင်းတယ်၊ ကောင်းတယ်။

ဖော်ထုတ်ပြသနိုင်သလို
ကွယ်ဝှက်ပြီးတော့လည်း ထားနိုင်ခဲ့ပြီ။ သူ့ရဲ့
တာအိုဝါဒကို နားလည်
သဘောပေါက်မှုတွေက၊ ပိုပြီးတော့
ရင့်ကျက်ပြီး စုစည်းမှု ရှိလာခဲ့ပြီ"

"ကျွန်တော်က ဒုတိယ စီနီယာကို၊
ကျွန်တော်တို့ကို မြို့ထဲမှာ
လျှောက်ပို့ခိုင်းလိုက်ဦးမယ်။
ရက်နည်းနည်းလောက် ကြာပြီးမှ
ပြန်လာခဲ့မယ်" ရှောင်ပုတန်က
တောင်းဆိုလိုက်၏။

လင်းဖုန်းက ခေါင်းညိတ်လိုက်သည်။
အရင်ကတည်းက သူနှင့် ဇူရီတို့သည်
သဘောတူညီမှု ရခဲ့ပြီးသား ဖြစ်သည်။
နွေဦးစာမေးပွဲ ပြီးဆုံးသွားပါက ဇူရီသည်
ထျန်းကျင်းတွင် ဆက်မနေခဲ့ပဲ၊
ယုကျင်းတောင်ကို ပြန်လာ၍ ကျင့်ကြံခဲ့မည်
ဖြစ်သည်။ နောက်ခြောက်လကြာ၍
ဆောင်းဦးရာသီသို့ ရောက်မှသာ၊ သူသည်
ထျန်းကျင်းသို့ ပြန်လာ၍ နန်းတွင်း
စာမေးပွဲကို ပြန်ဖြေမည် ဖြစ်သည်။

ရှောင်ပုတန်နှင့် ဆက်သွယ်မှု
ပြီးဆုံးသွားသောအခါ၊ လင်းဖုန်းသည် သူ၏

လက်ကို ကျောနောက်တွင် ပစ်ထားခဲ့၍၊ ကျေနပ်စွာနှင့် ပြုံးလိုက်သည်။ "အခုဆိုရင် ငါ့ရဲ့ တပည့်တွေတိုင်းဟာ၊ သူ့တို့ရဲ့ ကိုယ်ပိုင်လမ်းကြောင်းတွေရဲ့ အပေါ်ကို ရောက်နေကြပြီ"

ဇူရိက သူ့လမ်းကြောင်းသူ လျှောက်နေသကဲ့သို့၊ ဝမ်လင်းကလည်း သူ့လမ်းကြောင်းနဲ့သူ ဖြစ်၏။

ဤအချိန်တွင် ဝမ်လင်းသည် သူ၏ မိသားစု ရှိရာထံ ဇာတိရွာသို့ ပြန်ခဲ့ရာတွင်၊ လက်မထောင်၍ ပြန်နိုင်ခဲ့ခြင်း ဖြစ်သည်။

သူ၏ ဇာတိရွာသည်၊ မဟာချင် အင်ပါယာ၏
တောင်ပိုင်းနယ်စပ်ရှိ တောင်တန်းများ
အကြားတွင် တည်ရှိခြင်း ဖြစ်သည်။
ရှောင်ယန်၏ ဝူကျိုးမှ ရှောင်မိသားစုကဲ့သို့၊
ဝမ်လင်း၏ ကလန်သည် မဟာချင်
အင်ပါယာ၏ အထူးအခွင့်အရေးများနှင့်
ကာကွယ်စောင့်ရှောက်မှုများကို ရခဲ့ပေသည်။

ထိုအခွင့်အရေးများသည် အတိတ်က
လူပြက်တစ်ယောက် ဖြစ်သော ဝမ်လင်းအား
အကြောင်းပြု၍ ရရှိခဲ့မှန်းကို သိခဲ့ရသောအခါ၊

ဝမ်ကလန်မှ လူများသည် အံ့အားသင့်
မှင်သက်ကုန်ကြ၏။

သူ၏ကလန်မှ ပြောင်းလဲကုန်ကြသော
သဘောထားများနှင့် ကြုံရသောအခါ၊
အပေါ်ယံတွင် ဖော်လန်ဖားး၍ အတွင်းတွင်
ကြောက်စိတ်များနှင့် ပြည့်နေသော
မျက်နှာများကို ကြည့်လိုက်၍၊ ဝမ်လင်းသည်
ပျော်ရွှင်ခြင်း မရှိသလို
မကျေနပ်ခြင်းမျိုးလည်း မရှိခဲ့ပေ။ သူတို့အား
သာမန်သာ တည်ငြိမ်စွာနှင့်ပင် ဆက်ဆံခဲ့၏။

သူ၏ မိဘများနှင့် ပြန်လည်တွေ့ဆုံခဲ့သည့်
အချိန်တွင်သာ၊ ဝမ်လင်းသည် စစ်မှန်သော
ပျော်ရွှင်မှုများကို ခံစားခဲ့ရသည်။

သူသည် သူ၏ ဇာတိရွာတွင်
အခြေပြန်ချလိုက်၍၊ သူ၏မိဘများနှင့်
သာမန်ရိုးစင်းသော ဘဝအတိုင်းကိုသာ
နေထိုင်ခဲ့၏။ သူအိမ်က မထွက်ခွာစဉ်
အချိန်က အတိုင်းပင် ဖြစ်၏။

ဝမ်လင်းသည် တစ်ဘက်တွင် သူ၏
မိဘများကို အဖော်ပြုချင်သကဲ့သို့၊
အခြားတစ်ဘက်တွင် သူ၏

ကိုယ်ပိုင်တာအိုအား
အရောင်တင်ရန်ဖြစ်သည်။

လင်းဖုန်းက ဝမ်လင်းသည်၊ တည်ငြိမ်ခြင်းနှင်
သဘာဝသို့ ပြန်သွားခြင်း ဟူသော
သဘောတရားကို လေ့ကျင့်နေခဲ့ခြင်း
ဖြစ်သည်ဟု သိနေခဲ့သည်။ ငရဲကမ္ဘာ၏
ဖျက်ဆီးခြင်း အဆင့်နှင့် တွဲပြီးလျှင်၊
စွမ်းအားနှင့် တည်ငြိမ်ခြင်း ဟူသော
အစွန်းနှစ်ဘက်၏ သဘောတရားကို
ပြီးပြည့်စုံအောင် တွဲစပ်နိုင်မည် ဖြစ်သည်။

ငရဲကမ္ဘာ၏ ဖျက်ဆီးခြင်း အဆင့်အား၊ ရိုးရှင်းတည်ငြိမ်ခြင်းနှင့် သဘာဝသို့ ပြန်သွားခြင်းဖြင့် အစားထိုးရုံ သက်သက် မဟုတ်ချေ။ နှစ်မျိုးစလုံးအား အဆုံးစွန်အထိ ကျင့်ကြံပြီးမှ၊ သူတို့ နှစ်ခုအား ပေါင်းစည်းခြင်း ဖြစ်သည်။

သူ၏ တောအုပ်ဗိမာန်ကို တည်ထောင်စဉ် အချိန်ကနှင့် စာလိုက်လျှင်၊ သူ၏ မဟာတာအို ဝါဒအား သဘောပေါက်မှုသည် ပို၍တိုးတက်လာပြီ ဖြစ်သည်။ အခုအချိန်တွင် သူ၏ ကောင်းကင် အဆုံးစွန်လမ်းစဉ်

သူတ္တာန်အား၊ ပြီးပြည့်စုံအောင်
လုပ်ဆောင်နိုင်ခဲ့ပြီ ဖြစ်သည်။

ထိုအကြောင်းကို ကြားပြီးသောအခါ၊
လင်းဖုန်းသည် ဝမ်လင်း၏ အတွေးအခေါ်မှာ
လမ်းကြောင်းမှန်ပေါ်ကို ရောက်နေသည်ဟု
အတည်ပြုပေးနိုင်ခဲ့၍၊ သူ့အတွက်လည်း
ဝမ်းသာပေးခဲ့၏။

သို့ဖြစ်၍ ဝမ်လင်း၏ မိသားစုခွင့်အား
နောက်ထပ်ခြောက်လ တိုးပေးလိုက်ကာ၊
အခုအချိန်အထိ သူသည် သူ၏
ဇာတိရွာလေးတွင်သာ နေနေခဲ့သည်။

ဝမ်လင်းနှင့် ဇူရီတို့အပြင် ရှောင်ယန်သည်
သူ့ကိုယ်သူ ဒုက္ခရောက်အောင်
လုပ်မိသော်လည်း၊ သူသည် သူ၏
အနာဂတ်လမ်းကြောင်းအား
တည်ဆောက်ထားနိုင်ခဲ့ပြီး ဖြစ်သည်။

အခြေတည်ဝိညာဉ် အလယ်အလတ် အဆင့်မှ
ယုရှီးလင်အား အနိုင်ယူ
သတ်ဖြတ်ပြီးနောက်တွင်၊ ရှောင်ပုတန်၏
ကျင့်ကြံမှုနှင့် စွမ်းအားများသည် နောက်ထပ်
အဆင့်တစ်ခုသို့ ရောက်ရှိခဲ့ပြီး ဖြစ်သည်။

ယွဲ့ဟုန်ယန်နှင့် ယန်ချင်တို့သည်လည်း
ဖြည်းဖြည်းမှန်မှန်နှင့် တိုးတက်နေကြသည်။
ပုံမှန်အနေနှင့် လင်းဖုန်းသည် တစ်ခုမှလွဲ၍
မကျေနပ်စရာ တစ်ခုမှ မရှိတော့ပေ။

ထိုအကြောင်းအရာသည် ကောင်မလေး
လော်ချင်းဝူပင် ဖြစ်သည်။ သူမသည်
ရှေးဟောင်းယွင်ထန်း ကမ္ဘာသို့
ပြန်သွားသည်မှာ ခြောက်လကျော်ပင်ရှိပြီ
ဖြစ်သော်လည်း၊ စာမလာ
အကြောင်းမကြားခဲ့ပေ။

သူမ၏ ကောင်းကင်ယင် စိတ်ဝိညာဉ် ပုလဲ အတွင်းသို့ ထည့်ပေးထားသော မှော်စွမ်းအင်မှတဆင့်၊ လင်းဖုန်းသည် ထိုပုလဲ၏ အခြေအနေမှာ တိုးတက်လာခြင်း မရှိသေးမှန်းကို သိနေခဲ့သည်။ ယခုအချိန်တွင် လင်းဖုန်း၏ ဝင်ရိုးစွန်းနှစ်ဘက် နတ်ပန်းပွင့်၏ ပွင့်ချပ်များကြောင့်သာ၊ ထိုပုလဲသည် ကွဲကြေသွားမှု မရှိသေးခြင်းသာ ဖြစ်သည်။ သူမသည် ချီကျင့်ကြံရန်သာ ကြိုးစားခဲ့ပါက၊ အခြေအနေများက ဆိုးရွားလာခဲ့မည် ဖြစ်၏။

နောက်ဆုံးတွင် ဤနှစ်ဝက်လုံးလုံး၊ ထိုကောင်မလေးသည် လုံးဝကျောင့်ကြံခြင်း မပြုပဲ တစ်စက်ကလေးမှ မလှုပ်ရှားခဲ့ပေ။

"ငါထင်ထားတာများ မှားနေလို့လား" လင်းဖုန်းသည် အနည်းငယ် ပဟေဠိ ဖြစ်နေခဲ့သည်။ "ဒီကောင်မလေးရဲ့ ကောင်းကင်ယင် စိတ်ဝိညာဉ် ပုလဲက အခုအချိန်မှာ အသုံးမဝင် ဖြစ်သွားပေမဲ့၊ သူတို့ရဲ့ မိသားစုဝင်တွေက သူမကို အရင်အတိုင်းပဲ အမြတ်တနိုး ဆက်ဆံပြီး အခွင့်အရေးတွေကို မရုတ်သိမ်းခဲ့ကြဘူးလား။

တကယ်တမ်းသာ ဒီလိုပဲ ဆိုရင်၊ ဒါကလည်း မဆိုးပါဘူး"

လင်းဖုန်း၏ မျက်ခုံးများသည် ရုတ်တရက် တွန့်သွားခဲ့သည်။ "ဒါပေမဲ့ ဘာဖြစ်လို့ ငါက ဒီအခြေအနေက၊ မထင်မှတ်တဲ့ ပုံစံမျိုးကို ပြောင်းသွားခဲ့တယ်လို့ ခံစားမိနေရတာလဲ"